# A

# ကုသလကာရီအဘိဓမ္မာပုံချုပ်

အရှင်ဂရဓမ္မ ပို့ချသည်

# အဘိဓမ္မာအကြောင်းသိကောင်းစရာ

အဘိဓမ္မာတရားတော်သည် ဝိနည်းတရား သုတ္တန်တရားတို့ထက် လွန်ကဲမြင့်မြတ်သော တရားတော်ဖြစ်ပါသည်။ ဝိနည်းတရားတော်သည် အပြစ်ကျူးလွန်သူ ပေါ်လာမှ အပြစ်အားလျော်စွာ ဆုံးမကြောင်း စည်းကမ်း ဥပဒေတရား ဖြစ်၏။ လူ့ပြည်၌ အပြစ်ကျူးလွန်သော ရဟန်းပေါ်လာတိုင်း အကြိမ်ကြိမ် ဟောကြားပညတ်ထားသော်လည်း ဓမ္မက္ခန္ဓာအားဖြင့် (၂၁၀၀၀)သာ ရှိ၏။ သုတ္တန်တရားတော်လည်း လူနတ်ဗြဟ္မာသတ္တဝါတို့၏ စရိုက်အလိုက်လျော်အောင် ထိုထိုမြို့ရွာ ဇနပုဒ်တိုင်းပြည်ကြီးတို့၌ အကြိမ်ကြိမ် ဟောကြားထားသော်လည်း ဓမ္မက္ခန္ဓာအားဖြင့် (၂၁၀၀၀)သာ ရှိ၏။ ဝိနည်း သုတ္တန် နှစ်ရပ်ပေါင်းမှ ဓမ္မက္ခန္ဓာအားဖြင့် (၄၂၀၀၀) သာ ရှိ၏။

အဘိဓမ္မာတရားတော်ကား ဓမ္မက္ခန္ဓာ (၄၂၀၀၀) ရှိသဖြင့် ဓမ္မက္ခန္ဓာအားဖြင့်လည်း ထူးမြတ်၏။ ဝိနည်းတရား သုတ္တန်တရားတို့လို အကြိမ်ကြိမ်လည်း မဟောကြား၊ လူ့ပြည်မှာလည်း မဟောကြား၊ နှစ်ပေါင်းများစွာလည်း မဟောကြား၊ အပြစ်အားလျော်စွာ စရိုက်အားလျော်စွာ ဟောကြားတော်မမူပဲ သတ္တဝါတို့၏ သန္တာန်၌ ဖြစ်ပေါ်နေသော တရားအားလျော်စွာ မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သားအမှူးရှိသော နတ်ဗြဟ္မာတို့အား တာဝတိံသာ နတ်ပြည်၌ တကြိမ်သာ ဟောကြားတော်မူသည်။ ဤကဲ့သို့ ဟောကြားပုံအားဖြင့်လည်း လွန်ကဲထူးမြတ်၏။ သဘာဝအားဖြင့်လည်း လွန်ကဲ ထူးမြတ်၏။

လွန်ကဲထူးမြတ်လှသော အဘိဓမ္မာတရားတော်မြတ်၏ အနှစ်သာရတို့ကို ချုပ်လိုက်သည်ရှိသော် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်အားဖြင့် မှန်ကန်တိမတ်သော ပရမတ္ထတရား ၄–ပါးရှိ၏။ ထိုလေးပါးတို့တွင် စိတ်သည် အာရုံသိခြင်း လက္ခဏာ ၁–ပါးသာ ရှိသော်လည်း စိတ်ကိုမှီ၍ဖြစ်ကြသော စေတသိက်တို့သည် တွေ့ထိခြင်းဖဿ, ခံစားခြင်းဝေဒနာ, အမှတ်ပြု၍သိခြင်းသညာစသော အသီးသီးသော လက္ခဏာအားဖြင့် ၅၂–ပါး ပြားကြသောကြောင့် စိတ်, စေတသိက် နာမ်တရားကား ၅၃–ပါး၊ ခက်ထန်ခြင်းလက္ခဏာရှိသော ပထဝီဓာတ်၊ ယိုစီးခြင်းလက္ခဏာရှိသော အာပေါဓာတ်အစရှိသော နိပ္ဖန္နရုပ်တို့၏ အသီးသီးသော လက္ခဏာအားဖြင့် ၁၈–ပါး၊ ငြိမ်းအေးခြင်းလက္ခဏာရှိသော နိဗ္ဗာန်အားဖြင့် ပရမတ္ထတရား ၄–ပါးတို့သည် မိမိ,မိမိတို့၏ ကိုယ်ပိုင်လက္ခဏာအားဖြင့် ၇၂–ပါး ရှိ၏။

ထိုတရားသဘောတို့ကို သိရှိနားလည်ရန် ခဲယဉ်းလှ၏။ ဘုရားတဆူပွင့်မှ သိခွင့်ရကြသော်လည်း လူတထောင် တယောက်, တသောင်းတယောက် သိရှိနားလည်ရန် မလွယ်ကူပေ။ မလွယ်ကူပဲ ခက်ခဲနက်နဲလှသော အဘိဓမ္မာသဘာဝ တရားတော်တို့ကို ကုသလကာရီကျောင်းနေ ဆရာတော် ဦးဂရုဓမ္မက အဘိဓမ္မာသင်တန်းဖွင့်ပြီး ပို့ချသင်ကြားပေးနေသဖြင့် သင်တန်းတက်ရောက် သင်ကြားနေကြသော ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတို့သည် ခန္ဓာ ၅–ပါး, အာယတန ၁၂–ပါး, ဓာတ် ၁၈–ပါးတို့၏ မပြတ်ဖြစ်ရာ သံသရာအကြောင်းကိုလည်းကောင်း, စိတ် စေတသိက် ရုပ် တို့၏ လက္ခဏာကိုလည်းကောင်း သိခြင်းလက္ခဏာမျှသာရှိသော စိတ်ကို လောဘ ဒေါသ မောဟ စသော မကောင်းသော စေတသိက်တို့က ပေါင်းဖက်သဖြင့် မကောင်းဖက်ရောက်ပြီး အပါယ်လားရမည်တို့ကိုလည်းကောင်း ကောင်းသော အလောဘ အဒေါသ အမောဟတို့နှင့် သဒ္ဓါစသော စေတသိက်တို့က ပေါင်းဖက်သဖြင့် ကောင်းဘက် ရောက်ကြရပုံတို့ကိုလည်းကောင်း

မိမိတို့၏ သန္တာန်၌ ဖြစ်ပျက်နေသော နာမ်ရုပ်တရားတို့၏ ဖြစ်ပျက်အစဉ်တို့ကို သညာသိမှ တဆင့် ဝိညာဏ်သိ ပညာသိတို့ဖြင့် သိခွင့်ရကြသော အခြေသို့ဆိုက်ရောက်ကြပြီး ရူပါယတန သဒ္ဒါယ တန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန တည်းဟူသော မနောဆဋ္ဌာယတန ၆–ပါးတို့၌ တွယ်တာမှု ဆန္ဒ တဏှာ ပယ်ခွာနိုင်ကြပြီး ဒုက္ခခပ်သိမ်းမှ မုချချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ရောက်အောင် တက်ရောက်သင်ယူ ပွားများနိုင်ကြပါစေ။

ဦးနန္ဒောဘာသ<br>
အုတ်ကန်တောရစာသင်တိုက်<br>
နာယကဆရာတော်<br>
မုံရွာမြို့၊ စစ်ကိုင်းတိုင်း<br>
၃၊ ၇၊ ၂၀၁၄၊ အင်္ဂါနေ့

# အဖိုးတန် အဘိဓမ္မာပညာ

အဘိဓမ္မာပညာသည် ခက်ခဲနက်နဲသော ပညာတရပ်ဖြစ်သည်။ ကြိမ်ဖန်များစွာ လေ့လာမှ အတော်အတန် တတ်မြောက်နိုင်သော ပညာဖြစ်သည်။ တဘက်ကမ်းခတ် တတ်မြောက်ဖို့ အတော်ခဲယဉ်းပေသည်။ ထိုမျှခက်ခဲသော ပညာကို ခက်ခဲသည်ဟု မှတ်ယူကာ မသင်ယူက မတတ်မြောက်ပဲ ရခဲသည့် အခွင့်အရေးများ ဆုံးရှုံးရလိမ့်မည်။

အဘိဓမ္မာသင်တန်းသားများက "ဒီပညာ ဘယ်နေရာမှာ သုံးရမှာလဲ"ဟု အသက်မွေးဝမ်းကျောင်း ပညာရပ်များနှင့် နှိုင်းယှဉ်ကာ မေးလေ့မေးထ ရှိကြသည်။ အသက်မွေးဝမ်းကျောင်း ပညာက သူ့နေရာနှင့်သူသာ အသုံးဝင်သည်။ တခုတတ်ရုံနှင့် နေရာတကာသုံး၍ မဖြစ်။ ဆရာဝန်သည် အိမ်ဆောက်တတ်သူ တယောက် မဟုတ်ပေ။ အဘိဓမ္မာပညာသည် ဆရာဝန်အတွက်ရော လက်သမားဆရာအတွက်ပါ အသုံးချတတ်က အသုံးကျနိုင်ပေသည်။

အဘိဓမ္မာသဘောသိက သူ့စိတ်ကိုယ့်စိတ်ကို အကဲခတ် ထိန်းချုပ်နိုင်၍ လူတို့နှင့်ဆက်ဆံရသော အလုပ်မှန်သမျှတွင် လူမှုဆက်ဆံရေးပညာအဖြစ် အသုံးပြုနိုင်သည်။ ကိုယ့်မိသားစုအတွင်း ဖြစ်ပေါ်လာသမျှ ပြဿနာအားလုံးကိုလည်း အတိုင်းအတာတခုထိ လျော့ကျအောင်သော်လည်းကောင်း လုံးဝပြေလည်သွားအောင်သော် လည်းကောင်း အဘိဓမ္မာပညာနားလည်သူ အိမ်ထောင်ဦးစီးများက ဖြေရှင်းပေးနိုင်ပါသည်။

အဘိဓမ္မာပညာသည် လောကကြီးပွားရေးအပြင် တမလွန် သံသရာကြီးပွားရေးနှင့် သံသရာမှ လွတ်မြောက် အောင် ရုန်းထွက်ဖို့တွင် အရေးကြီးသော သော့ချက်တခု ဖြစ်သည်။ သံသရာကြီးပွားရေးအတွက် ကုသိုလ်ပြုကြရသည်။ အကုသိုလ်ကို ရှောင်ရသည်။ အကုသိုလ်ရှောင်ဖို့ အကုသိုလ်ဖြစ်,မဖြစ် သိရမည်။ အဘိဓမ္မာသဘောအရ ကိုယ့်ထမင်းကို စားနေစဉ် အကုသိုလ်ဖြစ်နိုင်သော်လည်း အဘိဓမ္မာသဘော နားမလည်သူအတွက် လက်ခံနိုင်ဖို့ အတော်ခက်သည်။ အဘိဓမ္မာသိက အကုသိုလ်အကြောင်း ခရေစေ့တွင်းကျ သိ၍ အကုသိုလ်ကို ရှောင်နိုင်လာလိမ့်မည်။ အကုသိုလ်ဟု မသိရက မည့်သည့်အခါမျှ ရှောင်လိမ့်မည်မဟုတ်။ သံသရာကြီးပွားရေးအတွက် ကုသိုလ်လုပ်ရာတွင်လည်း ကုသိုလ် အကုသိုလ် သဘောနှင့် ၎င်းတို့၏ အကျိုးပေးသဘော သိရင်, သိသလောက် ကုသိုလ်တန်ဘိုးကွာ၍ အကျိုးပေးလည်း ကွာရလေသည်။ လူနှစ်ယောက် ဘုရားကို သုံးကြိမ်စီ ဦးချတာခြင်း, ရဟန်းတပါးအား ဆွမ်းတနပ် ကပ်တာခြင်း တူလင့်ကစား ကုသိုလ်အကုသိုလ်သဘော ပိုနားလည်သူက ပိုကြီးမားသည့် ကုသိုလ်ရ၍ သံသရာတွင် ချမ်းသာအကျိုး ပိုရလေသည်။

သံသရာမှလွတ်မြောက်ဖို့ ရုန်းကန်စဉ် ဝိပဿနာရှုမှတ်ပွားများရာတွင် အဘိဓမ္မာသဘောသိသူက ပို၍ ခရီးပေါက်နိုင်သည်။ အဘိဓမ္မာသဘော နက်နဲစွာသိပါက နာမ်ရုပ်ကွဲသည့်ဉာဏ် နှင့် နာမ်ရုပ်၏အကြောင်းတရားကို ပိုင်နိုင်စွာသိသည့်ဉာဏ် ရှိပြီးဖြစ်သဖြင့် အထက်ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်များသို့ လွယ်ကူစွာ တက်ရောက်နိုင်မည်မှာ ဧကန်မလွဲပေ။ သို့ဖြစ်၍ လောကီလောကုတ်အကျိုး ဖြစ်ထွန်းစေနိုင်သော အဘိဓမ္မာပညာကို ရဟန်းရှင်လူအပေါင်း အပတ်တကုတ် ကြိုးစားနိုင်ကြပါစေကြောင်း သမ္မာဆန္ဒ ပြုရလိုက်ရပါသည်။

အရှင်ဂရုဓမ္မ

ဩဂုတ်လ၊ ၁၄-ရက်၊ ၂၀၁၄-ခုနှစ်

# မာတိကာ

## နိဒါန်း

**အကြောင်းအရာ** — **စာမျက်နှာ**

အဘိဓမ္မာနိဒါန်း ၁
အဘိဓမ္မာဆောင်သည်သာ ဓမ္မကထိကအစစ်ဖြစ် ၃
ပညတ်နှင့်ပရမတ် ၄
ပရမတ္ထတရား ၄-ပါး ၅

## (က) စိတ်ပိုင်း

အကုသိုလ်စိတ် ၁၂-ပါး ၈
သောမနဿ, ဥပေက္ခာ, မိစ္ဆာဒိဋ္ဌိ ဖြစ်ကြောင်း ၁၁
အသင်္ခါရိကဖြစ်ကြောင်း ၁၂
မောဟမူစိတ် ဥပေက္ခာဝေဒနာသာ ဖြစ်ရခြင်းအကြောင်း ၁၂
ပါဏာတိပါတအင်္ဂါ, အပြစ် ကြီး ငယ် ၁၃
အဒိန္နာဒါနအင်္ဂါ ၁၃
ကာမေသုမိစ္ဆာစာရအင်္ဂါ ၁၄
ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပအင်္ဂါ ၁၇
အဘိဇ္ဈာအင်္ဂါ ၁၈
ဗျာပါဒအင်္ဂါ, မိစ္ဆာဒိဋ္ဌိအင်္ဂါ ၁၉
ဒုစရိုက်မြောက်ပွားပုံ, ဒုစရိုက်အကြောင်းရင်း ၂၀
အကုသိုလ်ကံ ၁၀-ပါး၌ ဝဏ္ဏဝါဒီ-စသည် ဖြစ်ပုံ ၂၀
ဒုစရိုက်၏အကြောင်းရင်း ၂၁
အကုသိုလ်ကံဆိုင်ရာ အဆုံးအဖြတ်များ ၂၂
သင်္ကန်းစွဲလမ်းမှုသည် ကမ္မပထမြောက် မမြောက် ၂၃
ဒုဿီလကို ဒုဿီလဟု ပြောဆိုက ဖရုသဝါစာဖြစ် ၂၃
ရဟန်းတို့အား စွပ်စွဲပြစ် ၂၄
အလဇ္ဇီအဓိပ္ပါယ် ၂၄
အလဇ္ဇီလူက အကျိုးရ မရ ၂၄
ကမ္မပထ မမြောက်သော အကုသိုလ်ကံအပြစ် ၂၅
သုရာပါနနှင့်စပ်၍ သိမှတ်ဖွယ် ၂၅
ပဋိသန္ဓေကျိုးကိုပေးသောစေတနာ ၂၅
အဟိတ်စိတ် ၁၈-ပါး ၂၆
စက္ခုဝိညာဏ်စသည် ဥပေက္ခာ ဖြစ်ရကြောင်း ၂၈
ကာယဝိညာဏ်စိတ် သုခ ဒုက္ခ ဖြစ်ရကြောင်း ၂၈
သမ္ပဋိစ္ဆိုန်းစသည်အကြောင်း ၂၉
ဟသိတုပ္ပါဒ်စိတ်နှင့်စပ်၍ မှတ်သားဖွယ် ၃၁
ကာမသောဘနစိတ် ၂၄-ပါး ၃၂
သုစရိုက် ၁၀-ပါး ၃၃
ပုညကြိယာဝတ္ထု ၁၀-ပါး ၃၄
ကုသိုလ်အကုသိုလ်၏အကြောင်းရင်း
ဟိတ် ၆-ပါးကို ကြောင်းကျိုးဆက်ပြခြင်း ၃၆
မဟာကုသိုလ်စိတ် ၈-ပါးဖြစ်ပုံ ၃၈
မဟာကုသိုလ်၏ အကျိုးအာနိသင် အစဉ် ၃၈
မဟာကုသိုလ်စိတ်ဖြစ်ပုံ ၃၉
အာရုံ ၆-ပါးနှင့် မဟာကုသိုလ်စိတ်ဖြစ်ပုံ ၃၉
သောမနဿဖြစ်ခြင်း အကြောင်းများ ၄၀
ဉာဏသမ္ပယုတ် ဖြစ်ခြင်းအကြောင်း ၄၁
မဟာကြိယာစိတ် ၈-ပါး ၄၂
မဟာတတ်ပုံ ၄၂
အဟိတ်ကြိယာ မဟာကြိယာ ကွာခြားချက် ၄၃
ရူပါဝစရစိတ် ၄၅
ပထဝီကသိုဏ်းဖြင့် ဈာန်ရအောင်အားထုတ်ပုံ ၄၅
ဒုတိယဈာန်စသည် တက်ပုံ ၄၇
ဈာန်၌ ကျွမ်းကျင်အဆင့် သတ်မှတ်ပုံ ၄၈
အရူပဈာန် တက်ပုံ ၄၉
အရူပစိတ် ၁၂-ပါး ၅၁
အရူပဈာန်သည် ရူပဈာန်လို အာရုံမများ ၅၂
ကသိုဏ်းရှုနည်း ၁၀-မျိုး အကျဉ်းချုပ် ၅၃
လောကုတ္တရာစိတ် ၅၈
ဝိပဿနာရှုရမည့် တရား
ဝိပဿနာ ရှုလိုက်ရင် ကုသိုလ်ဖြစ်
မရှုလိုက်ရင် အကုသိုလ်ဖြစ်
မဂ် ၄-တန် ဖိုလ် ၄-တန် ဖြစ်ပေါ်လာပုံ ၅၉
ဝိပဿနာကုသိုလ်သည် ဘဝသမ္ပတ္တိကို ပေး မပေး ၆၀
လောကုတ္တရာစိတ် အကျဉ်း ၈-ပါး ၆၀
မဂ်ကိစ္စ ၁၆-ချက်ဟူသည် ၆၁
ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်
လောကုတ္တရာစိတ် အကျယ် ၄၀-ပါး ၆၃
သောတာပတ္တိမဂ်စိတ် ၅-ပါး ၆၅
အရဟတ္တဖိုလ်စိတ် ၅-ပါး
မဂ် ၄-ပါး ပယ်သော အကုသိုလ်များ ၆၆

စူဠသောတာပန် ၆၇
သောတာပန်တို့ သဘောသဘာဝများ ၆၈
အကုသိုလ်စိတ္တုပ္ပါဒ်နာမည်များနှင့် မဂ်ပယ်ပုံ ၇၂
စိတ်အကျဉ်း ၈၉၊ စိတ်အကျယ် ၁၂၁ ဇယား ၇၄


## (ခ) စေတသိက်ပိုင်း


စေတသိက် ၅၂-ပါး ၇၅
အညသမာန်းစေတသိက် ၁၃-ပါး
အကုသိုလ်စေတသိက် ၁၄-ပါး ၇၆
သောဘနစေတသိက် ၂၅-ပါး
ဝိရတိစေတသိက် ၃-ပါး ၇၇
အပ္ပမညာစေတသိက်နှင့် ပညိန္ဒြေ
စေတသိက် အဓိပ္ပါယ် ရှင်လင်းချက်များ ၇၈
ဝိစိကိစ္ဆာ၌ ပါသော ဧကဂ္ဂတာသဘော ၇၉
စေတနာ ဝိတက် မနသိကာရ ကွဲပြားစွာ အလုပ်လုပ်ပုံ ၈၁
ဝိစိကိစ္ဆာစိတ်နှင့် ဥဒ္ဓစ္စစိတ် ဖြစ်ပုံ ထူးခြားမှု ၈၄
ဒိဋ္ဌိစပ်၍ သိမှတ်ဖွယ်ရာများ
မိစ္ဆာဒိဋ္ဌိ အဇိတဆရာကြီး၏ ဝါဒ ၈၅
မှားယွင်းစွာ ယုံကြည်မှုသည် သဒ္ဓါမဟုတ် ၈၆
သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ်
သသင်္ခါရိကစိတ် ဖြစ်ပုံ ၈၇
နာမ်ရုပ်ကွဲပြီး အာရုံငါးပါး ခံစားသူ၌
ဒိဋ္ဌိဂတဝိပ္ပယုတ် ဖြစ်ပုံ
သက္ကာယဒိဋ္ဌိ
သေယျမာန် သဒိသမာန် ဟီနမာန်
အတိမာနစသည် ၈၈
မာနအမျိုးမျိုး
ဒေါသ ၉၂
ဒေါသဖြစ်ကြောင်း အာဃာတဝတ္ထု ၁၀-မျိုး
အဋ္ဌာနကောပ=အကြောင်းမဟုတ်သည်၌ အမျက်ထွက်မှု
ဒေါသမူ သသင်္ခါရိကစိတ်ဖြစ်ပုံ ၉၃
မစ္ဆရိယ ၅-မျိုး ၉၄
မစ္ဆရိယ၏ ကြောင်းကျိုးဆက် ၉၅
ကုက္ကုစ္စ ၉၆
ကုက္ကုစ္စနှင့်စပ်၍ သိမှတ်ဖွယ်
ထိန မိဒ္ဓ
ရဟန္တာများအိပ်ခြင်း
ဝိစိကိစ္ဆာ ၉၇
ဝိစိကိစ္ဆာဖြစ်ပုံ ၉၈
မိဒ္ဓ ဣဿာ မစ္ဆရိယတို့ကို ကိလေသာ၌ မသွင်းရကြောင်း
သဒ္ဓါ ၉၉
သဒ္ဓါအတု
သတိ ၁၀၀
သတိအတု
ဟိရီ ဩတ္တပ္ပ
ဟိရီ ဩတ္တပ္ပ အတု ၁၀၁
ကမ္ဘာလောကစောင့်တရား
အလောဘ
အဒေါသ
မေတ္တာ
မေတ္တာအတု
တတြမဇ္ဈတ္တတာ ၁၀၂
ဥပေက္ခာ
ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ၁၀၃
ကာယလဟုတာ စိတ္တလဟုတာ
ပေါ့ပါးလျင်မြန်ပုံ ၁၀၄
ကာယမုဒုတာ စိတ္တမုဒုတာ
ကာယကမ္မညတာ စိတ္တကမ္မညတာ ၁၀၅
ကာယပါဂုညတာ စိတ္တပါဂုညတာ
ကာယုဇုကတာ စိတ္တုဇုကတာ
ဝိရတိ ၁၀၆
ဝိရတိအပြား ၁၀၇
အပ္ပမညာ ၁၀၉
ကရုဏာ
ကရုဏာအတု
မုဒိတာ
မုဒိတာအတု
ပညာ
ပညာအတု
အညသမာန်းစေတသိက် သမ္ပယောဂနည်း ၇-နည်း ၁၁၀
အကုသိုလ်စေတသိက် သမ္ပယောဂနည်း ၅-နည်း ၁၁၁
သောဘနစေတသိက် သမ္ပယောဂနည်း ၄-နည်း
ဝိရတိစေတသိက်သည် လောကုတ္တရာစိတ်၌
အမြဲတပေါင်းတည်း ယှဉ်
လောကုတ္တရာစိတ်၌ အပ္ပမညာမယှဉ် ၁၁၂
မဟဂ္ဂုတ်စိတ်၌ ဝိရတိမယှဉ်
မဟာကုသိုလ်စိတ်၌ အပ္ပမညာဝိရတိတို့မယှဉ်နိုင်ကြ

မဟာကြိယာစိတ်, မဟာဝိပါက်စိတ်၌ ဝိရတိမယှဉ် ၁၁၃
မဟာဝိပါက်စိတ်၌ အပ္ပမညာမယှဉ်
ပဥ္စမဈာန်၌ အပ္ပမညာမယှဉ်
အနိယတယောဂီစေတသိက် ၁၄ ၁၁၄
အကုသိုလ်စိတ် သမ္ပယောဂနည်း သင်္ဂဟနည်း
နှိုင်းယှဉ်ပုံ ၁၁၇
အဟိတ်စိတ် သမ္ပယောဂနည်း သင်္ဂဟနည်း
နှိုင်းယှဉ်ပုံ ၁၁၈
ကာမသောဘနစိတ် သမ္ပယောဂနည်း သင်္ဂဟနည်း
နှိုင်းယှဉ်ပုံ ၁၁၉
မဟဂ္ဂုတ်စိတ် သမ္ပယောဂနည်း သင်္ဂဟနည်း
နှိုင်းယှဉ်ပုံ ၁၂၀
လောကုတ္တရာစိတ် သမ္ပယောဂနည်း သင်္ဂဟနည်း
နှိုင်းယှဉ်ပုံ ၁၂၁

အကုသိုလ်စိတ် သင်္ဂဟနည်း ၁၂၂
အဟိတ်စိတ် သင်္ဂဟနည်း ၁၂၃
ကာမသောဘနစိတ် သင်္ဂဟနည်း ၁၂၄
မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း ၁၂၅
လောကုတ္တရာစိတ် သင်္ဂဟနည်း ၁၂၆
သမ္ပယောဂနည်း သင်္ဂဟနည်း ဇယား ၁၂၇
စေတသိက်ယှဉ်ပုံ ၄–မျိုး ၁၂၈
စိတ် စေတသိက် အထူး
လက္ခဏာဒိစတုက္က ၁၂၉


## (၈) ရုပ်ပိုင်း


ရုပ်များကို ရေတွက်ပြခြင်း ၁၃၀
ရုပ်များ၏ အဓိပ္ပါယ်ကို
အကျယ် ရှင်းလင်းပြခြင်း ၁၃၂
ပထဝီ, အာပေါ, တေဇော, ဝါယော
ခြေလှမ်းရာတွင် မဟာဘုတ်သတ္တိ
ဓာတ်ကြီးလေးပါးတခုကိုတခု အမှီပြုနေကြပုံ ၁၃၃
ဓာတ်လေးပါးသတ္တိလွန်ကဲပုံ ၁၃၅
စက္ခုပသာဒ, သောတ, ဃာန, ဇိဝှါ, ကာယ ၁၃၆
ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ
ဖောဋ္ဌဗ္ဗာရုံ ၁၃၇
အဝိနိဗ္ဘောရုပ်(ခွဲခြား၍မရကောင်းသောရုပ်) ၈–ပါး ၁၃၇
ဘာဝရုပ်, ဟဒယဝတ္ထုရုပ်, ဇီဝိတရုပ် ၁၃၈
အာဟာရရုပ်, ပရိစ္ဆေဒရုပ်
ဝိညတ်ရုပ်, လဟုတာ, မုဒုတာ, ကမ္မညတာ ၁၃၉
ဥပစယ
သန္တတိ, ဇရတာ, အနိစ္စတာ ၁၄၀
ပသာဒခြင်းမရောနှော
ဘာဝရုပ်
နပုံးပဏ္ဍုက်, ဥဘတောဗျည်း, လိင်ပြန်ပုံ ၁၄၁
ပုလ္လိင်မှ ဣတ္ထိလိင်ပြန်ပုံ ၁၄၂
ဣတ္ထိလိင်မှ ပုလ္လိင်ပြန်ပုံ
ကာယဝိညတ် ဝစီဝိညတ် ၁၄၃
စကားပြောရာ၌ ရုပ်ဖြစ်ပုံ ၁၄၅
ဖောဋ္ဌဗ္ဗ၏သဘောကို အကျယ်ပြခြင်း ၁၄၆
ဇီဝိတိန္ဒြေ
ခန္ဓာကိုယ်တည်ဆောက်ပုံ ၁၄၇
ရူပက္ခန္ဓာခေါ် ရုပ်တရားများကို ဝိပဿနာရှုပုံ ၁၄၈
အာပေါဓာတ်ကို ရှုမှတ်နည်း ၁၄၉
ဘာဝရုပ်စသည် ရှုမှတ်နည်း
ရုပ် ၁၈–မျိုးကို နာမည်ပေးခြင်း ၁၅၀
ရုပ်တို့၏ အစုလိုက်နေပုံ (ကလာပ)ကို ပြဆိုခြင်း ၁၅၈
ကလာပ်ခေါ်ပုံ
အမြဲတွဲနေသောရုပ် ၈–ပါး
ကလာပ်တခု၏ ပမာဏ
ရှေးသုံးအတိုင်းအတာ ၁၅၂
ကလာပအင်္ဂါ သုံးပါး
အာကာသဓာတ်နှင့်လက္ခဏရုပ်
ကလာပ်ဖွဲ့ရာ၌မပါဝင်ခြင်း

ဝိကာရရုပ် ကလာပ်၌ ပါဝင် ၁၅၃
စိတ် ဥတု ကြောင့် အသံဖြစ်သည်
အသံ ကောင်း မကောင်း
ရုပ်ဖြစ်ကြောင်း တရား လေးပါး
ကမ္မဇကလာပ် ၉-စည်း ၁၅၄
ကမ္မဇကလာပ် ၉-စည်း ရေတွက်ပုံ
စိတ္တဇကလာပ် ၆-စည်း ၁၅၅
စိတ္တဇကလာပ် ၆-စည်း ရေတွက်ပုံ
ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ၈-စည်းပြ
ဥတုဇကလာပ် ၄-စည်း ၁၅၇
အာဟာရဇကလာပ် ၂-စည်း ၁၅၈
အာဟာရဇကလာပ် ၂-စည်း ရေတွက်ပုံ
အဇ္ဈတ္တ ဗဟိဒ္ဓ၌ ရနိုင်သော ကလာပ်များ
ကောဋ္ဌာသ၌ရှိသော ကလာပ်စည်းများ ၁၅၉
တေဇောလွန်ကဲသော ကောဋ္ဌာသ လေးမျိုး ၁၆၀
ဝါယောလွန်ကဲသော ကောဋ္ဌာသ ခြောက်မျိုး


## (ဃ) ဝီထိပိုင်း


ဝတ္ထု ၆-ပါး ၁၆၁
ဝိညာဏ် ၆-ပါး
စိတ်နှင့်မှီရာ တွဲစပ်ပြပုံ ၁၆၂
ဒွါရ ၆-ပါး
အာရုံ ၆-ပါး
ဝီထိ ၆-ပါး ၁၆၃
ဝိသယပဝတ္တိ ၆-ပါး
စိတ်သက်နှင့် ရုပ်သက်
ပဉ္စဒွါရဝီထိခဏ်း ၁၆၅
စက္ခုဒွါရိက အတိမဟန္တာရုံ ဝီထိဖြစ်ပုံ
အသေးစိတ် ရှင်းလင်းချက်
တဒါရမ္မဏဝါရ စက္ခုဒွါရိက
အတိမဟန္တာရုံဝီထိ ဖြစ်ပုံ ဆိုရိုး ၁၆၇
စက္ခုဒွါရိကအတိမဟန္တာရုံဝီထိ ပုံစံ ၁၆၈
ဝီထိစဉ်နှင့် ပင့်ကူချည် ဥပမာ ၁၆၉
ဝီထိစဉ်နှင့် တံခါးစောင့် ဥပမာ ၁၇၀
ဝီထိစဉ်နှင့် ရွာသားငယ် ဥပမာ ၁၇၁
ဝီထိစဉ်နှင့် သရက် ဥပမာ ၁၇၂
ဝီထိစဉ်နှင့်ကြံညှစ်သူ ဥပမာ ၁၇၃
ဝီထိစဉ်နှင့် သူကြွေး ဥပမာ ၁၇၄
ဝီထိစဉ်ဖြစ်ရန် အကြောင်းတရားများ ၁၇၅
အားကြီးသော မှီရာအကြောင်း ၁၇၆
ဖောဋ္ဌဗ္ဗ ၃-မျိုး ၁၇၇
ထဒ္ဓ ၃-မျိုး ၁၇၈
နုံ့သော ပထဝီစသည်
စက္ခုဒွါရိက ၁၅-ဝီထိ ၁၈၀
ပဉ္စဒွါရဝီထိအပြား ၁၈၁
အတိတဘဝင် သတ်မှတ်ချက်ဖြင့် ဝီထိခွဲပုံ
ဝါရလေးမျိုးနှင့် အာရုံလေးမျိုး တွဲစပ်ပြပုံ ၁၈၂
အာရုံများစွာနှင့် ပသာဒများစွာ ပေါင်းစုမိမှသာ
ပသာဒ၌ အာရုံထင်နိုင် ၁၈၃
ရူပါရုံ သဒ္ဒါရုံ စသော အာရုံ ၅-ပါးလုံး
တပြိုင်နက် မသိနိုင်
ဘဝင်နှစ်ကြိမ်လှုပ်ရပုံ ၁၈၄
ယောနိသောမနသိကာရကြောင့်ကုသိုလ်
အယောနိသောမနသိကာရကြောင့်
အကုသိုလ်ဖြစ်ရပုံ
စိတ်သည် အရှိတရားမဟုတ် အဖြစ်တရားသာ ၁၈၅
တဒါရုံစိတ်သည် နှစ်ကြိမ်သာဖြစ်ရိုး
တကြိမ်တည်း ဖြစ်ရိုးထုံးစံ မရှိ
မြင်ရသလိုလို ကြားရသလိုလို
စိတ္တနိယာမသဘောအရ စိတ်အစဉ်ဖြစ်လျှင်
ဝုဋ္ဌောသို့ရောက်ရမြဲ ၁၈၆
အမိဝမ်းတွင်း ကိန်းအောင်းစဉ် ဖြစ်နိုင်သော
ဝီထိများ
မနောဒွါရဝီထိ ၁၈၇
ဝိဘူတာရုံဝီထိ
ဝိဘူတာရုံဝီထိဆိုရိုး
အတိဝိဘူတာရုံဝီထိပုံ ၁၈၈
အတိဝိဘူတာရုံဝီထိဆိုရိုး
မနောဒွါရ၌ ထင်နိုင်သော အာရုံများ
မနောဒွါရ၌ အတီတဘဝင် ချဖွယ် လို/မလို ၁၉၀
မနောဒွါရဝီထိဖြင့်သာ အိပ်နိုးရ
မနောဒွါရဝီထိ လေးမျိုးခွဲပုံ ၁၉၁
သုဒ္ဓနှင့်အနုဗန္ဓက ၁၉၂
မြင်မှုကြားမှုစသည်၌စိတ်အစဉ်ဆက်တိုက်ဖြစ်ပုံ
ရှင်းပြချက် ၁၉၅
ဝိပဿနာရှုတာ မြင်ကာမျှစသည် ဖြစ်ဖို့ပဲ ၁၉၆
ဒိဋ္ဌေဒိဋ္ဌမတ္တံ

ပစ္စုပ္ပန်သုံးမျိုး ၁၉၇
ပဉ္စဒွါရစိတ်ဖြစ်ပုံနှင့် မနောဒွါရစိတ်ဖြစ်ပုံ နှိုင်းယှဉ်ချက်
ဝိပါက်စိတ်များကို သတ်မှတ်ပြခြင်း ၁၉၈
တဒါရုံသတ်မှတ်ခြင်း ၁၉၉
အာဂန္တုကဘဝင် ၂၀၁
တဒါရုံအကြောင်းသိမှတ်ဖွယ် ၂၀၂
တဒါရုံကျခြင်း အကြောင်းသုံးပါး
တဒါရုံမကျနိုင်ပုံများ ၂၀၃
ရူပဗြဟ္မာအရူပဗြဟ္မာတို့၌ တဒါရုံမကျခြင်း
အပ္ပနာဇော မနောဒွါရဝီထိ ၂၀၅
မန္ဒပညပုဂ္ဂိုလ်၏ အစဆုံးရသော ဈာနဝီထိပုံ ၂၀၆
တိက္ခပညပုဂ္ဂိုလ်၏ အစဆုံးရသော ဈာနဝီထိပုံ
အစဆုံးရသော ပထမရူပါဝစရဈာနဝီထိဖြစ်ပုံ
အစဆုံးရသော ပဉ္စမရူပါဝစရဈာနဝီထိဖြစ်ပုံ ၂၀၇
အစဆုံးရသော ပထမအရူပါဝစရဈာနဝီထိဖြစ်ပုံ
အစဆုံးရသော ဒုတိယအရူပါဝစရဈာနဝီထိဖြစ်ပုံ
အစဆုံးရသော တတိယအရူပါဝစရဈာနဝီထိဖြစ်ပုံ ၂၀၈
အစဆုံးရသော စတုတ္ထအရူပါဝစရဈာနဝီထိဖြစ်ပုံ
ဈာန်ဝင်စားသော ရူပဈာန သမာပတ္တိဝီထိ ၂၀၉
ဈာန်ဝင်စားသော အရူပဈာန သမာပတ္တိဝီထိ
သောတာပတ္တိမဂ္ဂဝီထိ ဖြစ်ပုံ ၂၁၀
သောတာပတ္တိဖလသမာပတ္တိဝီထိ ၂၁၁
အရဟတ္တဖလသမာပတ္တိဝီထိ
အဘယ်ဖိုလ်ကို ဝင်စားသနည်း ၂၁၂
ဈာန်အင်္ဂါကို ဆင်ခြင်သည့် ဈာနပစ္စဝေက္ခဏာဝီထိ
မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်သည့် ပစ္စဝေက္ခဏာဝီထိ ၂၁၃
ပယ်ပြီးကိလေသာ / ကြွင်းကိလေသာကို ဆင်ခြင်သည့်
ပစ္စဝေက္ခဏာဝီထိ ၂၁၄
ဝီထိနှစ်ခုအကြား ဘဝင်များ ၂၁၅
အဘိညာဝီထိ ၂၁၆
အဘိညာဝီထိဖြစ်စဉ်ဆိုရိုး
အဘိညာဝီထိနှင့်စပ်၍ သိမှတ်ဖွယ်ရာများ ၂၁၈
နိရောဓသမာပတ္တိဝီထိ ၂၂၁
ပုဗ္ဗကိစ္စ ၄-ပါး
နိရောဓသို့ရောက်ရန် ဖြစ်သော
စိတ်အစဉ်ဝီထိများ ၂၂၃
မရဏာသန္နဝီထိ သေခါနီးစိတ်အစဉ်များ ၂၂၄
ဇော နောင် စုတိ ဝီထိ
စက္ခုဒွါရဝီထိ ဇောနောင်စုတိ
ဖြစ်သော ဝီထိဆိုရိုး ၂၂၅
ရှေ့ဘဝ နောက်ဘဝ ဆက်စပ်ပုံ ၂၂၇
ကံအကျိုးပေးပုံနှင့် စပ်၍ သိဖွယ် ၂၂၉
မနောဒွါရ မရဏာသန္နဝီထိ ၂၃၀
ပစ္စုပ္ပန်ရူပါရုံဂတိနိမိတ် ထင်လာ၍
မနောဒွါရမရဏာသန္နဝီထိဖြစ်ပုံ ၂၃၁
ရူပဘုံ အရူပဘုံသို့ သွားမည့်သူ၏
မရဏာသန္နဝီထိဖြစ်ပုံ
ရူပပဋိသန္ဓေစိတ်၏အာရုံ
အသညသတ်ဘုံရောက်ရန် သညာဝိရာဂဖြစ်အောင်
ပွားများပုံ ၂၃၂
အသညသတ်ဘုံ၌ စုတေသူ၌ အာရုံနိမိတ်ထင်ပုံ
အရူပပဋိသန္ဓေစိတ်၏အာရုံ ၂၃၃
ရဟန္တာများ၏ ပရိနိဗ္ဗာနဝီထိ ၂၃၄
ကာမဇောမနောဒွါရဝီထိ
အပ္ပနာဇော မနောဒွါရဝီထိ ၂၃၅
စုတိနောက် ပဋိသန္ဓေဖြစ်ပုံ ၂၃၈
သတ္တဝါသဘုံကိုး၀, ဝိညာဏဋ္ဌိတိ ၇-ပါး ၂၄၀
ဈာန်သမာပတ်ပုဂ္ဂိုလ်နှင့်ဖြစ်ရာဘုံ ၂၄၁


## (ဂ) ရုပ်ပိုင်းအဆက်


ရုပ်ဖြစ်ကြောင်းတရား ၄-ပါး ၂၄၃
အာဟာရ ၂၄၄
ကမ္မဇရုပ်
စိတ္တဇရုပ်
ရယ်ရွှင်သည့်စိတ် ၂၄၅
ရုပ်ကို မဖြစ်စေနိုင်ခြင်း၏ အကြောင်းများ ၂၄၆
ပဋိသန္ဓေစိတ်က ရုပ်ကို
မဖြစ်စေနိုင်ခြင်း၏အကြောင်း
ဥတုဇအာဟာရဇဖြစ်ပုံ ၂၄၇
နကတောစိ သမုဋ္ဌာန်ရုပ် ၂၄၈
အာကာသဓာတ်အကြောင်း ၄-ပါး
ဥတုဇရုပ်အဆက်ဆက် ဖြစ်ပုံ
ပဋိသန္ဓေအကြောင်း ၂၄၉
ပဋိသန္ဓေတည်ခြင်း အကြောင်း သုံးပါး ၂၅၀
ကံ မိဘနှင့် သန္ဓေသား ဆက်စပ်ပုံ

ရူပပဝတ္တိက္ကမ(ရုပ်ဖြစ်စဉ်ကို ပြခြင်း) ၂၅၁
စတုဇရုပ်ဖြစ်စဉ် ၂၅၂
ဂဗ္ဘသေယျက သတ္တဝါ၌ ရုပ် စဖြစ်ပုံနှင့်တိုးပွားပုံ ၂၅၃
ရူပဘုံ၌ ရ / မရ ရုပ်ကလာပ်များ ၂၅၄
စတုဇရုပ်ပျက်စဉ် ၂၅၅
တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏
ရုပ်ဝီထိကျမ်း (ရူပကလာပသန္တတိ) ၂၅၇
ရုပ်ဝီထိကို နားလည်ရန် သိရမည့် စည်းမျဉ်းများ

ပဋိသန္ဓေတည်ခါစ စိတ်အစဉ်နှင့်
ရုပ်အစဉ်အဆက်ဖြစ်ပုံ ၂၅၉
ဇီဝိတနဝက ကလာပ် စ၍ဖြစ်သည့်အခါ ဝီထိပုံ ၂၆၃
အာဟာရဇကလာပ် စ၍ဖြစ်သည့်အခါ ဝီထိပုံ ၂၆၆
စက္ခာဒိစတုက္ကကလာပ် စ၍ဖြစ်သည့်အခါ ဝီထိပုံ ၂၆၉
ပဉ္စဝိညာဏဖြစ်သည့်အခါ ဝီထိပုံ ၂၇၀
နိရောဓသမာပတ် ဝင်စားသည့်အခါ ဝီထိပုံ ၂၇၈
နိရောဓသမာပတ်မှ ထသည့်အခါ ဝီထိပုံ ၂၈၂
မရဏာသန္န (သေခါနီးအခါ) ဝီထိပုံ ၂၈၅

## (င) ဝီထိမုတ် (ဘုံ) ပိုင်း

၃၁-ဘုံ အကြောင်း ၂၈၉
ဘုံနာမည် စကားလုံးတို့၏ အဓိပ္ပါယ်နှင့်
သိမှတ်စရာများ ၂၉၁
အပါယ် ၄-ဘုံ
ပြိတ္တာ ၁၂-မျိုး
ငရဲဘုံနှင့် ဆက်စပ်သည့် သိမှတ်စရာများ ၂၉၃
ယမမင်းအား အမျှဝေရကျိုး ၂၉၄
ငရဲထိန်း
သဉ္ဇိုဝ်းငရဲ ၂၉၅
ကာဠသုတ် ငရဲ
သံဃာတ ငရဲ
ဇာလရောရုဝ ၂၉၆
ဓူမရောရုဝ
တာပန
မဟာတာပန
မဟာအဝီစိ ၂၉၇
ဥဿဒငရဲငယ်များ
ဘင်ပုပ်ငရဲ
ပြာပူငရဲ ၂၉၈
လက်ပံတောငရဲ
သန်လျက်တောငရဲ
ကြိမ်ပိုက်ချောင်းငရဲ ၂၉၉
အသုရာ
လူ ၃၀၀
စတုမဟာရာဇ်
စုန်းနတ်စသည်တို့၏ လူထဲပူးဝင်ပုံကို ပြခြင်း ၃၀၁
တာဝတိံသာ ၃၀၂
ဘူမဋ္ဌကစသည်
ယာမာ
တုသိတာ
နိမ္မာနရတိ
ပရနိမ္မိတဝသဝတ္တီ
နတ်စည်းစိမ် ၃၀၃
နတ်သား နတ်သမီး
သားပျို သမီးပျို
ကာမဘုံ ၃၀၄
အနာဂါမ်
ရဟန္တာ
နတ်ပြည်၌ ပါရမီမတိုး ၃၀၅
မြော်လင့်ဘွယ်
သုဓမ္မာဓမ္မာရုံကြီး
ပထမဈာန် ၃-ဘုံ ၃၀၆
ဒုတိယဈာန် ၃-ဘုံ
တတိယဈာန် ၃-ဘုံ ၃၀၇
စတုတ္ထဈာန် ၇-ဘုံ
ဗြဟ္မာ့စည်းစိမ် ၃၀၈
အရူပဗြဟ္မာ့ဘုံ
၃၁-ဘုံရှိ သတ္တဝါတို့သက်တမ်း ၃၀၉
ကာမပုဂ္ဂိုလ်တို့သက်တမ်း
ကမ္ဘာတည်ပုံပျက်ပုံအကျဉ်း ၃၁၁
ဇာတိခေတ် အာဏာခေတ် ဝိသယခေတ် ၃၁၂
စကြာဝဠာမဆုံးနိုင်ပုံ ၃၁၃
ဗြဟ္မာတို့၏သက်တမ်း
အောက်ဗြဟ္မာများ သက်တမ်းလျော့နိုင် ၃၁၄

| | |
|---|---|
| ကံအကြောင်း | ၃၁၅ |
| အလုပ်ကွဲပြားကံလေးပါး | |
| ကိစ္စကံ ၄–မျိုး အကျယ် ဖွင့်ဆိုချက် | ၃၁၆ |
| အကျိုးပေးလှည့်အစဉ် ကံ ၄–ပါး | ၃၂၂ |
| မာတုဃာတက ပိတုဃာတက အဆုံးအဖြတ် | ၃၂၄ |
| လောဟိတုပ္ပါဒက အဆုံးအဖြတ် | |
| သံဃဘေဒက | |
| အာနန္တရိယသဒိသကံ၊ အတိဘာရိယကံ | |
| နိယတမိစ္ဆာဒိဋ္ဌိ | ၃၂၆ |
| အကျိုးပေးရာကာလအပြား ကံ ၄–ပါး | ၃၃၀ |
| စိတ် ၈၉–ပါး၏ လုပ်ငန်းကိစ္စများ | ၃၃၇ |
| စိတ် ၈၉–ပါးနှင့် ကိစ္စတွဲစပ်ပုံ | ၃၃၉ |
| ဘုံ, ပုဂ္ဂိုလ်နှင့် ဖြစ်နိုင်သမျှစိတ် | ၃၄၀ |
| အဘိညာဉ်အကြောင်း ဖွင့်ဆိုချက် | ၃၄၂ |
| ဣဒ္ဓိ ၁၀–မျိုး | ၃၄၆ |
| ဣဒ္ဓိဝိဓအဘိညာဉ် | ၃၄၇ |
| ဝိကုဗ္ဗနတန်ခိုးနှင့် မနောမယတန်ခိုး ခြားနားချက် | ၃၅၂ |
| ဒိဗ္ဗသောတအညီညာဉ် | ၃၅၃ |
| စေတောပရိယအဘိညာဉ် | |
| ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် | ၃၅၄ |
| ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ရအောင် လေ့ကျင့်ပုံ | ၃၅၅ |
| စုတူပပါတဉာဏ်ခေါ် ဒိဗ္ဗစက္ခုအဘိညာဉ် | ၃၅၆ |
| အဘိညာဉ်နှင့် အာရုံတွဲစပ်ပြခြင်း | ၃၅၇ |
| ဝိသုဒ္ဓိ ၇–ပါး | ၃၆၁ |
| ဉာဏ်စဉ် ၁၆–ပါး | ၃၆၂ |
| ဝိပဿနာဘေးရန် ၁၀–ပါး | ၃၆၅ |
| ဝိသုဒ္ဓ ၇–ပါးနှင့် ဉာဏ်စဉ် ၁၀–ပါး တွဲပြချက် | ၃၇၇ |
| ဖလသမာပတ် | ၃၇၈ |
| ရုပ်ဇီဝိတ အဆက်ပြတ်၍ ပါဏာတိပါတဖြစ်ပုံ | ၃၇၉ |
| မသေရာကာလ | |
| အနာရောဂါနှင့်ကံ | ၃၈၁ |
| လဟုတာဒိ ကံကြောင့် ဖြစ် မဖြစ် | ၃၈၂ |
| ဩကာသလောကနှင့်တေဇော | ၃၈၃ |
| ပညတ္တိဇရာ | ၃၈၆ |
| အာနာပါနကထာ | ၃၈၈ |
| နိဗ္ဗာန် | ၃၈၉ |
| မိလိန္ဒပဥှာလာ ကံ၏ သဘာဝများ | ၃၉၁ |
| ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ရွတ်စဉ် ကုသိုလ်ဖြစ်ပုံ | ၃၉၂ |
| ပဋိသန္ဓေကျိုးကိုပေးနိုင်သည့် သင်္ခါရုပေက္ခာဉာဏ်မျိုး | ၃၉၃ |

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အဘိဓမ္မာနိဒါန်း

ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှစ၍ တုသိတာနတ်ပြည်မရောက်မီ ဝေဿန္တရာမင်းဘဝတိုင်အောင် ဖြည့်ကျင့်အပ်သော ပါရမီတော်တို့ကိုသာ အဘိဓမ္မာ၏ ဒူရေနိဒါန်းဟု မှတ်ပါ။ တုသိတာနတ်ပြည်၌ **နတ်စည်းစိမ်ကို ခံစား၍နေစေကာမူ အခြေခံပါရမီစသည်တို့မှာ ရင့်၍ရင့်၍ နေလေ**၏။ ထို့ကြောင့် "တုသိတာနတ်ပြည်တိုင်အောင်"ဟု ဆိုသည်။ တုသိတာနတ်ပြည်မှစ၍ ဗောဓိမဏ္ဍိုင်အတွင်း၌ တော ထွက်ခြင်းစသော ပါရမီများလည်း သာ၍သာ၍ ရင့်လာ၏။ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူရာ၌ **အမှားကိုကျင့်မိစေကာမူ အခြေခံပါရမီတော်များမှာ ရင့်၍ရင့်၍သာနေ**၏။

ဗောဓိမဏ္ဍိုင်သို့မရောက်မီ ဈာန်သမာပတ်များကိုလည်း ရပြီး ဖြစ်တော့၏။ ထို့ကြောင့် တုသိတာနတ်ပြည်မှစ၍ ဗောဓိမဏ္ဍိုင်အတွင်း ဖြည့်ကျင့်အပ်သမျှ အကျင့်များသည် အဘိဓမ္မာပါဠိတော်၏ မနီးမဝေးသော အခြေခံ **အဝိဒူရေနိဒါန်း**ဖြစ်သည်။ (ဋ္ဌနီ ဘာဋီ ပ ၂၆၇)

အဘိဓမ္မာကို သိကြောင်းဖြစ်သော သဗ္ဗညုတဉာဏ်ကို ဖြစ်စေတတ်သော ပါရမီသုံးဆယ် ငါးသွယ်စာဂ စရိယသုံးပါးတို့ကို **အဓိဂမနိဒါန်း**ဟု ခေါ်ပါသည်။ အဘိဓမ္မာကိုဟောကြောင်းဖြစ်သော ဒေသနာဉာဏ်ကို ဖြစ်စေတတ်သော ပါရမီသုံးဆယ် ငါးသွယ်စာဂ စရိယသုံးပါးတို့ကို **ဒေသနာနိဒါန်း**ဟု ခေါ်ပါသည်။
(ဤကား အဓိပ္ပါယ်)

ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်း၌ နိယတဗျာဒိတ် ပန်ဆင်မြန်းသည်မှ စ၍ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ရသည့်တိုင်အောင်သော ကာလသည် အဓိဂမနိဒါန်းမည်၏။ မဟာဗောဓိမဏ္ဍိုင်မှစ၍ ဓမ္မစကြာ တရားဟောသည့်တိုင်အောင်သော ကာလသည် ဒေသနာနိဒါန်းမည်၏။ (ဤကား ကာလပရိစ္ဆေဒ)

ဒီပင်္ကရာဘုရားသခင် ခြေတော်ရင်း၌ နိယတဗျာဒိတ် ပန်ဆင်မြန်းသည်မှစ၍ တုသိတာနတ်ပြည်၌ သန္တုသိတနတ်သားဖြစ်သည့်တိုင်အောင်သော ကာလသည် **ဒူရေနိဒါန်း**၊ သန္တုသိတနတ်သား ဖြစ်သည်မှစ၍ ဗောဓိပင်နှင့် ရွှေပလ္လင်ရသည့်တိုင်အောင်သော ကာလသည် **အဝိဒူရေနိဒါန်း**၊ မဟာဗောဓိမဏ္ဍိုင်မှစ၍ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောသည့်တိုင်အောင်သော ကာလသည် **သန္တိကေနိဒါန်း**မည်၏။
(မာတိကာဓာတုကထာအရကောက် ၇၇၄)

(အဘိဓမ္မာတရားတော်သည်) ပါရမီသုံးဆယ် ငါးသွယ်စာဂ စရိယသုံးပါးဟူသော အဓိဂမနိဒါန်း ဒေသနာနိဒါန်းနှစ်ပါးနှင့် ပြည့်စုံ၏။ ဒုရေနိဒါန်း အဝိဒူရေနိဒါန်း သန္တိကေနိဒါန်းသုံးပါးနှင့် ပြည့်စုံ၏။

နတ်တို့အားဟောသော အဘိဓမ္မာသည် အလွန်ကျယ်၍ ဝိတ္ထာရနယ၊ ရှင်သာရိပုတြာအား ဟောသော အဘိဓမ္မာသည် အလွန်ကျဉ်း၍ သင်္ခေပနယ၊ ရှင်သာရိပုတြာက လင်းနို့သာရဟန်း ငါးရာအားဟောသော တရားသည် မကျဉ်းမကျယ်ဖြစ်သောကြောင့် နာတိဝိတ္ထာရနာတိသင်္ခေပနယ ဖြစ်သည်။

(မာတိကာဓာတုကထာအရကောက် ၁၆)

## အဘိဓမ္မာ ဘုရားဟောမဟုတ်ဟု ပြောဆိုပြစ်

အန္တရာယိကဓမ္မကို အန္တရာယိကဓမ္မဟုလည်းကောင်း, နိယျာနိကဓမ္မကို နိယျာနိကဓမ္မဟုလည်းကောင်း, ဗုဒ္ဓဖြစ်ကြောင်းကိုလည်းကောင်း, အာသဝေါကုန်ကြောင်းကိုလည်းကောင်း, ဤလေးချက်၌ကန့်ကွက်လာသော် ဖြေရှင်းနိုင်သော ဉာဏ်တော်သည် ဝေသာရဇ္ဇဉာဏ်တော် မည်၏။ အဘိဓမ္မာကို ဘုရားဟောမဟုတ်ဟုဆိုရာ၌ သဗ္ဗညုတဉာဏ်(ဘုရားအဖြစ်)ကို တားမြစ်ရကား ဝေသာရဇ္ဇဉာဏ်ကိုလည်း ဆုတ်နစ်ရာရောက်စေသည်။

ဗုဒ္ဓဘာသိတမဟုတ်ဟုဆိုရကား အဘိဓမ္မာနာယူလိုသူများကို မနာယူချင်အောင် ပိတ်ပင်ရာ ရောက်သောကြောင့် နာယူလိုသူများကို လွဲမှားစေ(မနာယူစေ)ရာလည်းရောက်၏။ ထိုသို့ မနာယူရသဖြင့် ရုပ်နာမ်တရားကို ပိုင်းရှား၍ မသိနိုင်ရကား အရိယာဖြစ်ဖို့လမ်းဝယ် စည်းရိုးကြီး တားလိုက်သည်နှင့်တူ၏။ ဘေဒကရဝတ္ထု(သံဃာကွဲပြားခြင်း၏အကြောင်း ၁၈ခု)တွင် ဘာသိတံ လပိတံ တထာဂတေန အဘာသိတံ အလပိတံ တထာဂတေနာတိ ဝဒတိ လည်းပါ၏။ ဗုဒ္ဓဘာသိတအဘိဓမ္မာကို ဗုဒ္ဓဘာသိတမဟုတ်ဟု ငြင်းခုံခြင်းသည် ဝိဝါဒမည်၏။ အဘိဓမ္မာ၏အပြစ်ကို ပြောခြင်းဟူသော ဓမ္မအဝဏ္ဏဘာသနလည်း ဖြစ်၏။ ထိုသို့သောပုဂ္ဂိုလ်ကို ဥက္ခေပနီယကံလည်းပြုထိုက် တဇ္ဇနီယကံလည်း ပြုထိုက်၏။ ထို့ကြောင့် ထိုကံများကို ပြု၍ စားကြွင်းစား သူတောင်းစားလုပ်ကာ အသက်မွေးလော့ဟု ပြောဆိုနှင်ထုတ်ရမည်ဟု ဆိုသည်။

(ဋ္ဌနီဘာ ပ ၁၃၃)

## အဘိဓမ္မာဟောနိုင်ဖို့ ဖြည်းခဲ့ရသည် ပါရမီ

အဘိဓမ္မာတရားကို ဟောနိုင်ဖို့ရာ ဘဝ ၅၅ဝ ဖြည့်ခဲ့ရသည်ဟု ပြောခြင်းသည် အကြောင်းဝတ္ထုပေါ်လာ၍ ဟောရသော ဘဝမျှသာဖြစ်သည်။ အမှန်တော့ လေးသင်္ချေနှင့် ကမ္ဘာတသိန်းဖြည့်ရသည်။ (ဋ္ဌနီပဘာဋီ ၁၄၁)

# အဘိဓမ္မာဆောင်သည်သာ ဓမ္မကထိကအစစ်ဖြစ်

ကမ္မန္တရ၊ ဝိပါကန္တရ၊ ရူပါရူပပရိစ္ဆေဒ၊ ဓမ္မန္တရ တို့၌ မရှုပ်ထွေးပဲ ရှင်းရှင်းလင်းလင်း နားလည်ဟောပြော နိုင်သောကြောင့် အဘိဓမ္မာဆောင်သည်သာ ဟောသည်ဖြစ်စေ, မဟောသော်လည်း မေးသည့်အခါ ဖြေသည် ဖြစ်စေ ဓမ္မကထိက အစစ်ဖြစ်သည်။

**ကမ္မန္တရ**။ ကာမာဝစရကံတရားကို ရူပါဝရကံစသည်ဖြင့် ပြောဆိုလျှင်လည်းကောင်း, ကာမာဝစရကံအချင်းချင်းတွင်လည်း မည်းညစ်သော အကျိုးရှိသော အကုသိုလ်ကံကို ဖြူစင်သောအကျိုးရှိသော ကုသိုလ်ကံဟု ပြောလျှင်လည်းကောင်း ကမ္မန္တရ၌ ရှုပ်ထွေးနေသည်မည်၏။ ယခုခေတ်၌ အဘိဓမ္မာသဘောကို မပိုင်သူတို့သည် တရားအားထုတ်၍ ကာမာဝစရဝိပဿနာဉာဏ် အတော်အတန်ထက်သန်လာသောအခါ လောကုတ္တရာမဂ်ဉာဏ်ဟု ထင်မှား၍ သူတစ်ပါးအားပြောတတ်ကြခြင်း, "ဝိပဿန ပက္ကိလေသ"ဟု ခေါ်သော နိကန္တိတဏှာ (အကုသိုလ်)ကံကိုလည်း မဂ်ကုသိုလ်ကံဟု ထင်မှား၍ သူတစ်ပါးအား ပြောတတ်ကြခြင်း, မိမိ ချစ်သူ၏သေခါနီး၌ ပင်ပန်းနေသည်ကို သနားလှသဖြင့် မြန်မြန်သေအောင်ပြုမှု (အကုသိုလ်) ကိုလည်း ကုသိုလ်ဟု ပြောဆိုခြင်းတို့လည်း ကမ္မန္တရ၌ ရှုပ်ထွေးမှုပင်ဖြစ်သည်။

**ဝိပါကန္တရ**။ ဝိပဿနာဉာဏ်၏ ထက်သန်မှုကြောင့် ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိနှင့် သုခပီတိတို့ဖြစ်၍ လောကကြီးကို မေ့သကဲ့သို့ ပျော်မွေ့မှုဖြစ်ခြင်းကို ဖလသမာပတ်ဟု ထင်မှတ်၍ ပြောဆိုခြင်း, တိရိစ္ဆာန် ပြိတ္တာတို့ ငတ်ပြတ်နေချိန် ဆာလောင်မွတ်သိပ်ချိန်ဝယ် မစင်ချွေးပုတ်စသည်ကို ရရာ၌ အကုသိုလ်ကံ၏ အကျိုးဖြစ်ပါလျက် ကုသိုလ်ကံ၏အကျိုးဟု ထင်မှတ်ပြောဆိုခြင်း, အကုသိုလ်ဖြင့် အသက်မွေးသူ၏ ကောင်းကျိုးရနေခြင်းသည် ရှေးကုသိုလ်ကံ၏ အကျိုးဖြစ်ပါလျက် အကုသိုလ်ကံ၏ အကျိုးဟု ထင်မှားချီးမွမ်းပြောဆိုခြင်း, ကောင်းသောအမှုဖြင့် အသက်မွေးနေပါလျက် ဆင်းရဲဒုက္ခ ရောက်နေသူကို ကုသိုလ်ကံက မကောင်းကျိုးပေးသည်ဟု ထင်မှားပြောဆိုကြခြင်း, ဗြဟ္မာ့ပြည်၌ လှပသောရူပါရုံစသည်ကို မြင်ရ, ကောင်းသော သဒ္ဒါရုံကို ကြားရသောအခါ ကာမာဝစရကံ၏ အကျိုးဖြစ်ပါလျက် ရူပကံ၏အကျိုးဟု ထင်မှတ်ပြောဆိုကြခြင်းသည် ဝိပါကန္တရ၌ ရှုပ်ထွေးမှုဖြစ်၏။

**ရူပါရူပပရိစ္ဆေဒ**။ ရုပ်တရား နာမ်တရားသည် အဘိဓမ္မာ၌ ကျွမ်းကျင်သူများအတွက် ခွဲခြားပြီးဖြစ်၏။ သို့သော် အဘိဓမ္မာ၌ မကျွမ်းကျင်လျှင်ကား အိပ်ပျော်ချိန်၌ ဘဝင်စိတ်အစဉ် ဖြစ်နေခြင်းကို (နာမ်တရားမဟုတ်) ရုပ်တရားဟု ထင်မှားပြောဆိုတတ်ကြခြင်း, အိပ်ချင်၍ မိဒ္ဓဖြစ်ခြင်းကို ရုပ်တရားဟု ထင်မှတ်ပြောဆိုတတ်ကြခြင်းသည် ရူပါရူပ(နာမ်ရုပ်)၌ ရှုပ်ထွေးမှုဖြစ်၏။

**ဓမ္မန္တရ**။ နာမ်တရားအချင်းချင်းလည်း အကုသိုလ်ဝိတက်ကို ဉာဏ်ဟုလည်းကောင်း, မောဟကို သဒ္ဓါဟုလည်းကောင်း, သားမယားချစ် ချစ်ခြင်းဟူသော တဏှာ(လောဘ)ကို မေတ္တာဟုလည်းကောင်း, ချစ်သူဒုက္ခရောက်၍ ဝမ်းနည်းခြင်း သောကကို ကရုဏာဟုလည်းကောင်း, ချစ်သူသုခရောက်၍ ဝမ်းမြောက်မှု သောမနဿနှင့်ယှဉ်သော လောဘကို မုဒိတာဟုလည်းကောင်း ထင်မှားပြောဆိုခြင်းသည် ဓမ္မန္တရ၌ ရှုပ်ထွေးခြင်း ဖြစ်၏။ (အဋ္ဌသာလိနီအဋ္ဌကထာ၊ ၂၉၊ အဋ္ဌသာလိနီ ဘာဋီ, ပ-၁၃၁)

## ပညတ် နှင့် ပရမတ်

လောက၌ သိစရာ ငါးမျိုးသာ ရှိသည်။ ၎င်း ငါးမျိုးမှာ သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်တို့ ဖြစ်သည်။ တနည်းအားဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်တို့ ဖြစ်သည်။ စိတ် ၈၉-ပါး, စေတသိက် ၅၂-ပါး, နိပ္ဖန္နရုပ် ၁၈-ပါးကို သင်္ခါရဟု ခေါ်သည်။ လဟုတာရုပ်, မုဒုတာရုပ်, ကမ္မညတာရုပ်, ကာယဝိညတ်, ဝစီဝိညတ်ကို ဝိကာရဟု ခေါ်သည်။ ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာကို လက္ခဏဟု ခေါ်သည်။ လောကသားများ ပြောဆိုသုံးနှုန်းကြသော ယောကျ်ား မိန်းမ အိမ်စသော အခေါ်အဝေါ် ဝေါဟာရကို ပညတ်ဟု ခေါ်သည်။ ဤသဘောတရားများအရ စိတ် စေတသိက် ရုပ် သုံးမျိုးကို သင်္ခါရ, ဝိကာရ, လက္ခဏဟု ခေါ်သည်ဟု မှတ်ပါ။ သင်္ခါရဝိကာရလက္ခဏကို သို့မဟုတ် စိတ် စေတသိက် ရုပ် ကို နာမ်ရုပ်ဟု ခေါ်သည်။ စိတ် စေတသိက် ဟူသော နာမ်နှင့် ရုပ်, ပညတ်တို့မှ လွတ်မြောက်မှု သဘောကို နိဗ္ဗာန်ဟု ခေါ်သည်။

အဟုတ်ရှိ တကယ်ရှိ အမှန်ရှိသော တရားကို ပရမတ်ဟု ခေါ်သည်။ အဟုတ်မရှိ တကယ်မရှိ အမှန်မရှိသောတရားကို ပညတ်ဟု ခေါ်သည်။ သင်္ခါရ, ဝိကာရ, လက္ခဏ အမည်ရသော စိတ် စေတသိက် ရုပ်နှင့် နိဗ္ဗာန်သည် ပရမတ်ဖြစ်သည်။ အခေါ်အဝေါ်တို့သည် ပညတ်ဖြစ်သည်။ မြေနှင့်လုပ်ထားသော အိုးခွက် စသည်တွင် မြေ၏ နေပုံအနေအထား ပုံရိပ်ကို ကြည့်၍ အိုးခွက်ဟု ခေါ်ရာတွင် အိုးခွက်သည် အမှန်တကယ်မရှိ။ အခေါ်အဝေါ်သာ။ မြေကြီးသာ အမှန်တကယ်ရှိသည်။ ထို့အတူ ယောကျ်ားမိန်းမစသည်တွင် ခန္ဓာကိုယ်၏ ပုံသဏ္ဌာန်ကို ကြည့်၍ ယောကျ်ားမိန်းမဟုခေါ်ရာတွင် ယောကျ်ားမိန်းမသည် တကယ်မရှိ။ အခေါ်အဝေါ်သာ။ ရုပ်နာမ်တရားသာ အမှန်တကယ်ရှိသည်။ ရုပ်တရား ဖွဲ့စည်းပုံ အရိပ်ကို ကြည့်ပြီး ယောကျ်ားမိန်းမဟု ခေါ်ကြသည်။

ပညတ်သည် ပရမတ်နှင့် ကင်း၍ မဖြစ်နိုင်။ မီးတောက်ကြောင့် မီးရောင်ပေါ်လာရသလို ရုပ်နာမ် (ပရမတ်)ကို စွဲ၍ ယောကျ်ားမိန်းမ(ပညတ်)ဟု ခေါ်ရလေသည်။ မီးခိုးသည် မီးတောက်ကို ဖုံးထားသလို ပညတ်သည် ပရမတ်ကို ဖုံးထားသည်။ ပညတ်က ဖုံးထားသည့်အတွက် ပရမတ်ကို သိရန် ခက်လှသည်။

ပရမတ်ကို ဖုံးကွယ်သော ပညတ် နှစ်မျိုးရှိသည်။ ဃနပညတ်နှင့် ဇီဝပညတ်ဖြစ်သည်။ အတုံး အခဲ အလုံး အပြား တခုတည်း တသားတည်း ထင်နေကြခြင်းသည် ဃနပညတ် အဖုံးခံထားရခြင်းကြောင့် ဖြစ်သည်။ အသက်ဟူ၍ အကောင်ဟူ၍ အရှင်ဟူ၍ ထင်နေကြခြင်းသည် ဇီဝပညတ် အဖုံးခံထားရခြင်းကြောင့် ဖြစ်သည်။ ဃနပညတ်တွင်လည်း သမူဟဃနပညတ်, သန္တတိဃနပညတ်, သဏ္ဌာနပညတ်, သုဘပညတ်ဟု လေးမျိုးရှိသည်။ ကား ရထား အိမ် အဝတ် ပုဆိုး စသည်ကို တခုတည်းဟု ခေါ်ဝေါ်တွေးထင်သော သဘောသည် သမူဟဃနပညတ်ဖြစ်သည်။ သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်လာသည်, သိဒ္ဓတ္ထသည် ဘုရားဖြစ်လာသည်, ဝိသာခါ အသက် ၁၂၀ ရှည်သည်, မနေ့က ငါနှင့် ဒီနေ့ငါ အတူတူပင်ဟု ခေါ်ဝေါ်တွေးထင်သော သဘောသည် သန္တတိဃနပညတ်ဖြစ်သည်။ အတို အရှည် အပြားအလုံး အဝန်း အဆူ အကြုံ အနိမ့် အမြင့် အသေး အကြီးဟု ခေါ်ဝေါ်တွေးထင်သော သဘောသည် သဏ္ဌာနပညတ်ဖြစ်သည်။ အလှ အယဉ် အတင့်အတယ် ချစ်စရာ နှစ်သက်စရာ ခင်တွင်စရာ မက်မောစရာဟု ခေါ်ဝေါ်တွေးထင်သော သဘောသည် သုဘပညတ်ဖြစ်သည်။

တခုတည်းထင်မှတ်၊ မျှင်မပြတ်လျှင်၊ ပညတ်ပင်။
အများထင်မှတ်၊ အမျှင်ပြတ်မှ၊ ပရမတ်။ (ပရမတ္ထစက္ခုကျမ်းမှ ကောက်နုတ်ချက်)

## အဘိဓမ္မတ္ထသင်္ဂဟကျမ်း

'အဘိဓမ္မတ္ထသင်္ဂဟ'ကို စကားလုံးခွဲကြည့်လျှင် အဘိဓမ္မ+အတ္ထ+သံ+ဂဟ ဟု စကားလေးလုံးတွေ့ရသည်။ အဘိဓမ္မ–အဘိဓမ္မာဒေသနာတော်၏၊ အတ္ထ–အနက်အဓိပ္ပါယ် အကျယ်များကို ၊ သံ–အကျဉ်းချုံး၍၊ ဂဟ–ယူရာဖြစ်သောကျမ်း။ အဘိဓမ္မာဒေသနာတော်၏ ကျယ်ဝန်းသော အဓိပ္ပါယ်များကို အကျဉ်းချုံး၍ ယူထားသောကြောင့် "အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း"ဟု ခေါ်သည်။ အဘိဓမ္မတ္ထကို ဖြုတ်၍ "သင်္ဂြိုဟ်ကျမ်း" ဟုလည်း ခေါ်ကြသည်။

## ပရမတ္ထတရား လေးပါး

အဘိဓမ္မတ္ထသင်္ဂဟကျမ်းတွင် စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟူသော ပရမတ္ထတရား လေးပါးအကြောင်းကို ရှင်းလင်းသင်ပြပါသည်။ စိတ် စေတသိက် ရုပ် နိဗ္ဗာန်တို့သည် အာရုံကို သိခြင်းစသော မိမိတို့၏သဘောမှ မဖောက်ပြန်ကြကုန်။ ဥပမာ–လောဘသည် လိုချင်ခြင်းသဘောရှိ၏။ ထိုလောဘသည် လူနတ်ဗြဟ္မာ

သတ္တဝါ အမျိုးမျိုး၌ ဖြစ်သော်လည်း လိုချင်ခြင်းသဘောမှ မဖောက်ပြန်။ ခွေးလောဘနှင့် လူလောဘသည် သဘောခြင်း တူမျှ၏။ ထိုသို့ မဖောက်မပြန် မှန်ကန်တည့်မတ်သည်ကိုပင် မြတ်သည်ဟုဆိုထိုက်ရကား ပရမတ္ထ=မြတ်သောသဘောတရားဟု ခေါ်ဝေါ်ရလေသည်။ (ပရမ+အတ္ထ၊ ပရမ–မြတ်သော တနည်း– အချုပ်ပဓာနဖြစ်သော၊ အတ္ထ–အနက်, အထည်ကိုယ်, သဘောတရား)

တနည်း–လူ နတ် ဗြဟ္မာ သတ္တဝါအထွေထွေ, မြေ ရေ တော တောင် စသည်ဖြင့် အထည်ဝတ္ထုပညတ်စုတွေ မည်မျှပင် များနေကြသော်လည်း လိုရင်းအချုပ် အသားတင်ကို စစ်၍ထုတ်လိုက်လျှင် စိတ် စေတသိက် ရုပ် နိဗ္ဗာန်တို့မှတပါး ရှာမရချေ။ ထို့ကြောင့် စိတ်စသောတရားလေးပါးကို "ပရမတ္ထ"ဟု ဆိုထိုက်လေသည်။

## စကားလုံးအဓိပ္ပါယ်

စိတ်=အာရုံကို သိခြင်းသဘော (အာရုံကို ရအောင်ယူနိုင်ခြင်းကို သိခြင်းဟု ခေါ်သည်)
စေတသိက်=စိတ်၌မှီသော သဘောတရား
ရုပ်=အအေးအပူစသော ဆန့်ကျင်ဘက် အကြောင်းများကြောင့် ဖောက်ပြန်တတ်သော သဘောတရား
နိဗ္ဗာန်=ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်သော သဘောတရား

(အခြေပြုသင်္ဂြိုဟ်မှ ကောက်နုတ်ချက်)

## စိတ်အဓိပ္ပါယ် အကျယ်ရှင်းလင်းချက်

၁။ သညာ ပညာတို့၏ သိပုံမှ ထူးသောအားဖြင့် သိတတ်သောကြောင့် စိတ်ဟုခေါ်သည်။
(စိတ်အားလုံးနှင့်ဆိုင်)

၂။ ဇောဝီထိတို့၏အစွမ်းဖြင့် မိမိအစဉ်ကို စီတတ်သောကြောင့် စိတ်ဟုခေါ်သည်။
(ကုသိုလ်,အကုသိုလ်,ကြိယာဇောစိတ်တို့နှင့်ဆိုင်)

၃။ ကံ,ကိလေသာတို့သည် ဝိပါက်ဝိညာဉ်ကို ပွားစေအပ်သောကြောင့် စိတ်ဟုခေါ်သည်။
(ကုသိုလ်စိတ်,အကုသိုလ်စိတ်နှင့်ဆိုင်)

၄။ သမ္ပယုတ်, ဘုံ, အာရုံစသည်ဖြင့် ဆန်းကြယ်သောကြောင့် စိတ်ဟုခေါ်သည်။ (စိတ်အားလုံးနှင့်ဆိုင်)

သမ္ပယုတ်=လောဘစိတ်, ဒေါသစိတ်, သဒ္ဓါစိတ်စသည်၊
ဘုံ = ကာမစိတ်, ရူပစိတ်, အရူပစိတ်
အာရုံ = မြင်သိစိတ်, ကြားသိစိတ်, နံသိစိတ်, စားသိစိတ်, ထိသိစိတ်, တွေးသိကြံသိစိတ်

၅။ လုပဆန်းကြယ်သော ပန်းချီကားချပ်မှ အစ ဆန်းကြယ်သော အမှုကိစ္စ, နည်းပညာတို့ကို တီထွင်နိုင်စွမ်းရှိသောကြောင့် စိတ်ဟုခေါ်သည်။

၆။ ကမ္မ, လိင်္ဂ, သညာ, ဝေါဟာရ စသည်ဖြင့် ကွဲပြားဆန်းကြယ်အောင် ပြုတတ်သောကြောင့် စိတ်ဟုခေါ်သည်။ (ကမ္မ=ကုသိုလ်,အကုသိုလ်။ လိင်္ဂ-ပုံသဏ္ဍာန်။ သညာ=မှတ်သားမှု။ ဝေါဟာရ-အခေါ်အဝေါ်ဘာသာစကား)

အတိတ်ကံကြောင့် ပစ္စုပ္ပန်ဘဝ၌ ယောကျ်ားပုံသဏ္ဍာန် မိန်းမပုံသဏ္ဍာန် ဖြစ်သည်။ ပုံသဏ္ဍာန်ကြောင့် ပုံသဏ္ဍာန်ကို မှတ်သားမှု ဖြစ်သည်။ မှတ်သားမှုကြောင့် မှတ်သားမှုကို ထုတ်ဖော်ပြောဆိုဖို့ ယောကျ်ားမိန်းမဆိုသည့် ဝေါဟာရ ဘာသာစကား ဖြစ်သည်။ ဝေါဟာရကြောင့် "ယောကျ်ားဖြစ်ရပါလို၏၊ မိန်းမ, မင်းမျိုး, သူဌေးမျိုး ဖြစ်ရပါလို၏" စသည်ဖြင့် ဆုတောင်းမှုဖြင့် ကံဖြစ်ပြန်သည်။ ကံအမျိုးမျိုးကြောင့် ဂတိအမျိုးမျိုး၌ လက် ခြေ ဦးခေါင်း ပုံသဏ္ဍာန် အမျိုးမျိုးဖြစ်ပြီး လောကခံအမျိုးမျိုး ဖြစ်ရကြုံရပြန်သည်။

(အဋ္ဌသာလိနီအဋ္ဌကထာ၊ ၁၀၆၊ အဋ္ဌသာလိနီ နိဿ ပ-၄၁၃)

## ရုပ်အဓိပ္ပါယ် အကျယ်ရှင်းလင်းချက်

အအေး, မီးပူ, ဆာလောင်ခြင်း, မွတ်သိပ်ခြင်း, မှက်, ခြင်, လေ, နေပူ, မြွေ, ကင်း စသည်တို့ကြောင့် ဖောက်ပြန် ပျက်စီးတတ်သောကြောင့် ရုပ်ဟုခေါ်သည်။

အအေး။ လောကန္တရိတ်ငရဲသားတို့သည် အလွန်ခါးငန်သော ရေအေးဒဏ်ကြောင့် ကျေမွပျက်စီးကုန်၏။

မီးပူ။ အဝီစိ ငရဲသားတို့သည် အလွန်ပူသော မီးကြောင့် သေကျေပျက်စီးရ၏။

ဆာလောင်ခြင်း။ ပြိတ္တာဘဝ၌ ဆာလောင်၍ ဆင်းရဲခြင်း, လူ့ပြည်၌ အငတ်ဘေးဆိုက်၍ သေရခြင်း ဖြစ်ရ၏။

မွတ်သိပ်ခြင်း။ ကာလကဉ္စိက အသုရာတို့သည် ရေငတ်သည့် ဆင်းရဲဒုက္ခကို နှစ်ပေါင်းများစွာ ခံစားရသည်။

မှက်၊ ခြင်။ ၄င်းတို့ အကိုက်ခံရလျှင် ယားယံခြင်း, နာကျင်ခြင်း, အနာဖြစ်ခြင်းစသည့် ဝေဒနာခံစားရ၏။

လေ။ ကိုယ်တွင်း ဝါယောဓာတ် ဖောက်ပြန်ပျက်စီးလျှင် လေဖြတ်သည့် ရောဂါ ခံစားရ၏။

နေပူ။ သဲကန္တာရတွင်း ခရီးသွားသူများ နေပူဒဏ် အကာအကွယ်မရက သေကျေပျက်စီးကြရသည်။

မြွေ၊ ကင်း။ အဆိပ်ပြင်းသည့် သတ္တဝါများအကိုက်ခံရက သေလောက်သည့် ဝေဒနာ ခံစားကြရသည်။

(သမ္မောဝိနောဒနီအဋ္ဌကထာ၊ ၃ ဘာဠီ၊ ပ-၁၅)

# စိတ်ပိုင်း

## ၁။ အကုသိုလ်စိတ် ၁၂–ပါး

(က) လောဘမူစိတ် ၈–ပါး

(ခ) ဒေါသမူစိတ် ၂–ပါး

(ဂ) မောဟမူစိတ် ၂–ပါး

### (က) လောဘမူစိတ် ၈–ပါး

| | | |
|---|---|---|
| ၁။ သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိကစိတ် |
| ၂။ သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | သသင်္ခါရိကစိတ် |
| ၃။ သောမနဿသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိကစိတ် |
| ၄။ သောမနဿသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | သသင်္ခါရိကစိတ် |
| ၅။ ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိကစိတ် |
| ၆။ ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | သသင်္ခါရိကစိတ် |
| ၇။ ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိကစိတ် |
| ၈။ ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | သသင်္ခါရိကစိတ် |

### စကားလုံးရှင်းလင်းချက်

လိုချင်မှု, တက်မက်မှု, သာယာမှု, ကြိုက်မှု, ကြေနပ်မှု သဘောကို လောဘဟု ခေါ်သည်။ လောဘကို အခြေခံ၍ ဖြစ်သောစိတ်ကို လောဘမူစိတ်ဟု ခေါ်သည်။ ပျော်ရွှင်ဝမ်းမြောက်မှုကို သောမနဿသဟဂုတ်ဟု ဆိုသည်။ အတွေးအမြင် အယူအဆ မှားယွင်းမှုကို ဒိဋ္ဌိဂတသမ္ပယုတ် ဟုဆိုသည်။ အတွေးအမြင် အယူအဆ မမှားယွင်းမှုကို ဒိဋ္ဌိဂတဝိပ္ပယုတ်ဟု ဆိုသည်။ စိတ်အားထက်သန်စွာ ပြုလုပ်မှုကို အသင်္ခါရိကဟု ဆိုသည်။ စိတ်မပါတပါ ပြုလုပ်မှုကို သသင်္ခါရိကဟု ဆိုသည်။ ပျော်လည်းမပျော်, စိတ်လည်းမညစ်သော စိတ်မျိုးကို ဥပေက္ခာသဟဂုတ်စိတ်ဟု ဆိုသည်။

### လောဘမူစိတ် ၈–ပါးဖြစ်ပုံ

၁–၂။ နှစ်သက်ဝမ်းမြောက်စွာ သံသရာပြစ်မရှိဟု ယူ၍ မိစ္ဆာစာရမှု အဒိန္နာဒါနမှုတို့ကို ပြုကျင့်ရာ၌ မတိုက်တွန်းရဘဲ အားတက်သရောရှိလျှင် ပထမလောဘမူစိတ်ဖြစ်၏၊ သူတစ်ပါးတိုက်တွန်း၍ ပြုရသည့်

အတွက် အားတက်သရောမရှိလျှင် ဒုတိယလောဘမူစိတ်ဖြစ်၏။

၃-၄။ သံသရာပြစ်ရှိမှန်းသိ၍ နှစ်သက်ဝမ်းမြောက်စွာ မိစ္ဆာစာရမှု အဒိန္နာဒါနမှုတို့ကို ပြုကျင့်ရာ၌ မတိုက်တွန်းရဘဲအားတက်သရောရှိလျှင် တတိယလောဘမူစိတ်ဖြစ်၏၊ သူတစ်ပါးတိုက်တွန်း၍ ပြုရသည့်အတွက် အားတက်သရောမရှိလျှင် စတုတ္ထလောဘမူစိတ်ဖြစ်၏။

၅-၆-၇-၈။ နှစ်သက်ဝမ်းမြောက်ခြင်းမရှိဘဲ ထိုဆိုခဲ့သည့် အစဉ်အတိုင်းဖြစ်လျှင် ဥပေက္ခာသဟဂုတ် လောဘမူစိတ် ၄-မျိုး ဖြစ်၏။

(နှစ်သက်ဝမ်းမြောက်လျှင် သောမနဿ, ဝမ်းမမြောက်လျှင် ဥပေက္ခာ, သံသရာပြစ်ရှိမှန်းသိလျှင် ဒိဋ္ဌိဂတဝိပ္ပယုတ်, သံသရာပြစ်မရှိဟု ယူလျှင် ဒိဋ္ဌိဂတသမ္ပယုတ်, အားတက်သရောရှိလျှင် အသင်္ခါရိက, မရှိလျှင် သသင်္ခါရိက)

(သင်္ဂြိုဟ်ဘာသာဋီကာ၂၈-၄၀)

♠ မိစ္ဆာဒိဋ္ဌိအယူဝါဒကို ဟောပြောတဲ့အခါ, ညွှန်ကြားတဲ့အခါ, နားထောင်တဲ့အခါ, မိစ္ဆာအယူအတိုင်း လုပ်ကိုင်ဆောင်ရွက်တဲ့အခါ, တက်တက်ကြွကြွ ရွှင်လန်းဝမ်းမြောက်စွာ ဖြစ်လျှင် လောဘမူ သောမနဿ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်ဖြစ်သည်။

♠ မိစ္ဆာအယူတခုကို စွဲလမ်းပြီးတော့ပဲဖြစ်ဖြစ်, အတ္တစွဲ, သဿတစွဲ, ကံ ကံ၏အကျိုးမရှိဆိုတဲ့ အစွဲနဲ့ပဲဖြစ်ဖြစ်, အစွဲအလမ်းတခုကို စွဲလမ်းပြီးတော့ လိုချင်တဲ့စိတ်ဖြစ်ရင် လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ်ဖြစ်သည်။ (မဟာစည်ဆရာတော် အဘိဓမ္မာတရားတော် ၂၈၇-၂၈၈)

**(ခ) ဒေါသမူစိတ် ၂-ပါး**

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်
၂။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်

## စကားလုံးရှင်းလင်းချက်

မကြေနပ်မှု, စိတ်ဆိုးမှု, စိုးရိမ်မှု (သောက), ကြောက်မှု, ပျင်းရိမှုတို့ကို ဒေါသဟုဆိုသည်။ ဒေါသကို အခြေခံ၍ ဖြစ်သောစိတ်ကို ဒေါသမူစိတ်ဟု ဆိုသည်။ စိတ်မချမ်းသာမှုကို ဒေါမနဿဟုဆိုသည်။ ဒေါသနှင့် ပဋိဃသည် အတူတူပင်။ ဒေါသနှင့်အတူဖြစ်သောစိတ်ကို ပဋိဃသမ္ပယုတ်ဟုဆိုသည်။

## ဒေါသမူစိတ် ၂–ပါး ဖြစ်ပုံ

ပါဏာတိပါတ–သတ်ဖြတ်မှုသည် ဒေါသမူစိတ်ဖြင့် ဖြစ်၏။ ထို့ကြောင့် တိုက်တွန်းမှု သင်္ခါရမပါဘဲ အားတက်သရော သတ်ဖြတ်ရာ၌ ပထမ ဒေါသမူစိတ်ဖြစ်၏။ တိုက်တွန်းသည့်အတွက် အားတက်သရောမရှိ, မသတ်ချင့် သတ်ချင် သတ်ရာ၌ ဒုတိယစိတ်ဖြစ်သည်။ အသေမသတ်ဘဲ ညှဥ်းဆဲရုံ ညှဥ်းဆဲရာ၌လည်း ဤနည်းပင်တည်း။

## ဒေါသမူ သသင်္ခါရိကစိတ် ဖြစ်ပုံ

သူတပါးက တိုက်တွန်း၍ စိတ်ဆိုးရာ၌လည်းကောင်း, သူတပါးက စိတ်ဆိုးစရာများ သိအောင် ပြောပြရာ၌လည်းကောင်း, သူတပါးက မတိုက်တွန်းရဘဲ မိမိအပေါ်၌ သူတပါးပြုအပ်သော အပြစ်ကို တွေး၍ စိတ်ဆိုးသောအခါ၌လည်းကောင်း ဒေါသမူသသင်္ခါရိကစိတ်ဖြစ်သည်။

(အဋ္ဌသာလိနီဘာဋီ–တ–၂၆၃)

### (ဂ) မောဟမူစိတ် ၂–ပါး

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်
၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်

## စကားလုံးရှင်းလင်းချက်

ရတနာသုံးပါး, ကံနှင့် ကံ၏အကျိုး, ပဋိစ္စသမုပ္ပါဒ် စသည်တို့၌ သံသယဖြစ်သော စိတ်ကို ဝိစိကိစ္ဆာသမ္ပယုတ်စိတ်ဟု ခေါ်သည်။ သိစရာအာရုံ တခုအပေါ်၌ မတည်တံ့နိုင်ပဲ ပျံ့လွင့်နေသောစိတ်ကို ဥဒ္ဓစ္စသမ္ပယုတ်စိတ်ဟု ခေါ်သည်။

## မောဟမူစိတ် ၂–ပါး ဖြစ်ပုံ

ဘုရားရှင်သည် ကမ္ဘာလောကကို မဖန်ဆင်းနိုင်လျှင် ဘုရားအစစ် ဖြစ်နိုင်ပါ့မလားဟု စဥ်းစားမိသောအခါ, တရားထိုင်လျှင် နိဗ္ဗာန်ရောက်သည်ဆိုတာ ဟုတ်ပါ့မလား, နိဗ္ဗာန်ဆိုတာ ရှိမှရှိပါရဲ့လားဟု စဥ်းစားမိသောအခါတို့၌ ပထမမောဟမူစိတ်ဖြစ်သည်။ စိတ်ပျံ့လွင့်သောအခါ ဒုတိယမောဟမူစိတ်ဖြစ်သည်။

# အကုသိုလ် ၁၂ ပါးနှင့် ဆိုင်ရာ သိမှတ်ဖွယ်ရာများ

## သောမနဿဖြစ်ကြောင်း

၁။ သဘာဝဣဋ္ဌာရုံနှင့်တွေ့ခြင်း(အမှန်တကယ်လှပသည့်အာရုံ)ပရိကပ္ပဣဋ္ဌာရုံနှင့်တွေ့ ခြင်း ("ကိုယ်ထင်လျှင်, ကုဋ္ဌင်ရွှေနန်း"ဆိုသည့်အတိုင်း အနိဋ္ဌာရုံကို ဣဋ္ဌာရုံထင်လျှင် ပရိကပ္ပဣဋ္ဌာရုံ။ ခွေး,လင်းတသည် မစင် ခွေးကောင်ပုတ် တွေ့လျှင် ဝမ်းသာ၏)

၂။ သောမနဿနှင့် ပဋိသန္ဓေနေခဲ့ခြင်း (၎င်းသည် ဥပေက္ခာဖြစ်လောက်သော အာရုံမှာပင် သောမနဿ ဖြစ်တတ်သည်)

၃။ စိတ်နေမလေးနက်ခြင်း(သဘောကျလွယ်၍ အတော်အတန်အာရုံကိုပင် သဘောကျတတ်သည်)

## ဥပေက္ခာဖြစ်ကြောင်း

၁။ ဣဋ္ဌမဇ္ဈတ္တာရုံနှင့်တွေ့ကြုံခြင်း

၂။ ဥပေက္ခာနှင့် ပဋိသန္ဓေနေခဲ့ခြင်း

၃။ စိတ်နေလေးနက်ခြင်း(စဉ်းစားဆင်ခြင်မှု အားကြီး၍ ဣဋ္ဌာရုံနှင့်တွေ့သော်လည်း ဥပေက္ခာဖြစ်နိုင်သည်)

## မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း

၁။ သဿတဒိဋ္ဌိအယူရှိခြင်း(မြဲသည်ဟု အထင်မှားခြင်း)

၂။ ဥစ္ဆေဒဒိဋ္ဌိအယူရှိခြင်း(ပြတ်စဲသည်ဟု အထင်မှားခြင်း)

၃။ ၎င်းနှစ်မျိုးအယူရှိသူ ပြောဟောသူများနှင့် ပေါင်းသင်းဆက်ဆံပြီး ၎င်းတို့၏ တရားကိုသဘောကျ နာယူခြင်း

## သင်္ခါရ

ပြုပြင်စီမံခြင်း, စိတ်ဖြစ်ပေါ်အောင်စီမံခြင်းကို သင်္ခါရဟုဆိုသည်။ ၎င်းသည် မိမိ၏ ကာယပယောဂ, ဝစီပယောဂ, မနောပယောဂနှင့် သူတစ်ပါး၏ ကာယပယောဂ, ဝစီပယောဂဟု ၅–မျိုးရှိ၏။ အမှုကိစ္စ ပြုလုပ်ရန် ပျင်းရိနေချိန်ဝယ် အကျိုးအပြစ်ဆင်ခြင်ပြီး လုပ်ချင်စိတ်ပေါ်အောင် အားယူခြင်းကို (မိမိ–မနော) စိတ်အားတက်စရာ စာရွတ်၍ ပြုလုပ်ခြင်းကို(မိမိ–ဝစီ) ကိုယ်လက်လှုပ်ရှား၍ စိတ်ထက်သန်အောင် ပြုခြင်းကို (မိမိ–ကာယ) အမှုကိစ္စပြုလုပ်ရန် သူတစ်ပါး၏ လက်ဟန်ခြေဟန်ဖြင့် စေခိုင်းခြင်း, နှုတ်ဖြင့်တိုက်တွန်းခြင်း ကို (သူတပါး–ကာယပယောဂ, ဝစီပယောဂ)ဟု ဆိုသည်။

## အသင်္ခါရိကဖြစ်ကြောင်း

၁။ အသင်္ခါရိကဖြင့် ပဋိသန္ဓေနေခဲ့ခြင်း
၂။ ကျန်းမာခြင်း
၃။ အချမ်းအပူခံနိုင်ခြင်း
၄။ ဝီရိယအကျိုး မျှော်ကိုးခြင်း
၅။ လုပ်ငန်းကိစ္စ၌ အလေ့အကျင့်ရနေခြင်း
၆။ ဥတု ဘောဇဉ် မျှတခြင်း

သသင်္ခါရိကဖြစ်ကြောင်း။ ဆန့်ကျင်ဘက်အကြောင်းများ

## မောဟမူစိတ် ဥပေက္ခာဝေဒနာသာဖြစ်ရခြင်း အကြောင်း

ဤမောဟမူစိတ်၌ လောဘဒေါသဟူသော အခြားမူလတို့မယှဉ်, မောဟမူလတစ်ပါးသာ ယှဉ်သည်။ ထိုသို့ တစ်ပါးတည်းယှဉ်ရသော မောဟသည် လောဘမူစိတ်ကဲ့သို့ လောဘသဘောသို့လည်း မလိုက်ရောရ, ဒေါသမူစိတ်ကဲ့သို့ ဒေါသသဘောသို့လည်း မလိုက်ရောရ, မိမိသဘောအတိုင်း လွတ်လွတ်လပ်လပ် တွေဝေခွင့်ရလေသည်။ ထိုသို့ လွန်စွာ တွေဝေခွင့်ရလေသောကြောင့် ထိုမောဟနှင့်ယှဉ်သောစိတ်လည်း ဣဋ္ဌာရုံနှင့်တွေ့ကြုံစေကာမူ ဣဋ္ဌအရသာပေါ်လာအောင် အာရုံကိုမခံစားနိုင်သဖြင့် သောမနဿဝေဒနာနှင့် ယှဉ်ခွင့်မရ၊ အနိဋ္ဌာရုံနှင့်တွေ့ပြန်လျှင်လည်း အနိဋ္ဌအရသာကို ပေါ်လာအောင် မခံစားနိုင်သဖြင့် ဒေါမနဿဝေဒနာနှင့်လည်း ယှဉ်ခွင့်မရချေ၊ ဥပမာ–အရက်သောက်ကြူး၍ အမူးကြီးမူးနေသူသည် ချော့မော့ဖျောင်းဖျ သာယာဘွယ်ပြောပြသည်ကိုလည်း နားမဝင်, ဆဲဆိုငေါက်ငန်းကြမ်းတမ်းစွာ ပြောနေသည်ကိုလည်း အရေးမကြီးသကဲ့သို့တည်း။ ထိုကဲ့သို့ ဣဋ္ဌာရုံ အနိဋ္ဌာရုံကို သာယာခြင်းလည်းမရှိ, မသာယာခြင်းလည်း မရှိရကား သင့်တင့်ရုံခံစားတတ်သော ဥပေက္ခာဝေဒနာသာ ဖြစ်ရသည်။

တကြောင်းမှာလည်း ဤမောဟမူစိတ်သည် အာရုံ၌ကောင်းစွာမတည် အလီလီယုံမှားတတ်သော ဝိစိကိစ္ဆာ, ပြန့်လွင့်တတ်သော ဥဒ္ဓစ္စနှင့်ယှဉ်ရကား အာရုံ၌ တည်တံ့စွာ ယူရသလောက် အရသာပေါ်အောင် မခံစားနိုင်၊ ဥပမာ–ပြေးရင်းလွှားရင်း စားရသောအာဟာရ၌ ငြိမ်သက်စွာစားရသလောက် အရသာ မပေါ်သကဲ့သို့တည်း၊ ဤသို့ အကောင်းအဆိုး အာရုံ၏ အရသာနှစ်မျိုးကို ထင်ရှားအောင် မခံစားနိုင်ရကား သင့်တော်ရုံ ခံစားတတ်သော ဥပေက္ခာဝေဒနာနှင့် ယှဉ်ရလေသည်။

(သင်္ဂြိုဟ်ဘာသာဋီကာ ၄၅)

## အကုသလကမ္မပထ ၁၀ ပါး
## ဒုစရိုက် ၁၀ ပါး
## ၁၊ ပါဏာတိပါတ–သူ့တပါးအသက်သတ်ခြင်း

**ပါဏာတိပါတအင်္ဂါ**

၁–သက်ရှိသတ္တဝါဖြစ်ခြင်း၊ ၂–သက်ရှိသတ္တဝါဟု သိခြင်း၊ ၃–သေစေလိုခြင်း၊ ၄–သတ်မှုလုံ့လပြုခြင်း ၅–သေခြင်း၊ ဤအင်္ဂါ ၅ပါးပြည့်စုံလျှင် ကမ္မပထမြောက်၏။ (ကမ္မ=ကံ၊ ပထ=လမ်းကြောင်း၊ အပါယ်ရောက်ဖို့ရန် လမ်းကြောင်းဖြစ်သောကံ) ကမ္မပထမြောက်လျှင် အပါယ်ဘုံ၌ ပဋိသန္ဓေကျိုးကို ပေးနိုင်သော ဇနကသတ္တိ ဧကန်ရှိ၏။ ကမ္မပထမမြောက်လျှင်ကား ပဋိသန္ဓေကျိုးကို ပေးနိုင်မပေးနိုင် ကိန်းသေမဟုတ်၊ တချို့ပေးနိုင်၏, တချို့မပေးနိုင်၊ ကမ္မပထမြောက်,မမြောက်ဆုံးဖြတ်ရန် ဆိုင်ရာအင်္ဂါ (လက္ခဏာ) စုံ မစုံကို ကြည့်ရမည်၊ ဆိုင်ရာအင်္ဂါစုံလျှင် ကမ္မပထမြောက်သည်၊ မစုံလျှင်မမြောက်။ **ကုသိုလ်အရာဝယ်** အိပ်မက်၌ဖြစ်သော ဇောစေတနာ, ပဉ္စဒွါရဝီထိ၌ဖြစ်သော ဇောစေတနာ, မရဏာသန္နဝီထိ၌ဖြစ်သော ဇောစေတနာ, **ဤစေတနာများမှတပါး** အခြားသော ကုသိုလ်စေတနာတွေမှာ အင်္ဂါညီ–မညီ စိစစ်ဘွယ်မလို **အားလုံးကမ္မပထမြောက်သည်**ဟု ဆိုသည်၊ သို့သော် ပဋိသန္ဓေကျိုးကိုကား အတော်ထက်သန်သော ကုသိုလ်ကံနှင့် အထောက်အပန့် အကူအညီကောင်းကို ရသောကံကလေးများသာ ပေးစွမ်းနိုင်လိမ့်မည်။

♠ ပဋိသန္ဓေကျိုးကို ဧကန္တကပေးနိုင်သော **ကုသိုလ်**ကိုသာ **ကမ္မပထ**ဟု ဟောတော်မူသောကြောင့် ပဉ္စဒွါရိကဇော, အိပ်မက်အတွင်း၌ ဖြစ်သောဇောတို့သည် ကမ္မပထမှ လွတ်ကုန်၏။ (ပရမတ္ထစက္ကူ ၂၂၀)

## အပြစ် အကြီး အငယ်

သတ္တဝါ အကြီးအငယ်ကို လိုက်၍၄င်း, သတ္တဝါ၏ အကျင့်သိက္ခာကို လိုက်၍၄င်း, အပြစ်အကြီးအငယ် ကွဲပြား၏။ သတ္တဝါက အကောင်အထည်ကြီးလျှင် ထိုသတ္တဝါ **ဇီဝိတကလာပ်များစွာကို ဖျက်ဆီးရာကျသောကြောင့်** အပြစ်ကြီး၏၊ သီလသိက္ခာရှိသူကို သတ်လျှင် ထိုသူ၏သီလဂုဏ်ကြောင့် အပြစ်ကြီး၏၊ မိဘရဟန္တာ စသည်ကိုသ တ်မိလျှင် အာနန္တရိယကံပင် ထိုက်၏၊ အကောင်အထည် ဂုဏ်သိက္ခာချင်းတူနေလျှင် သတ်တဲ့အခါ၌ **ပယောဂစိုက်မှု အားကြီးသောကံက** အပြစ်ကြီးသည်။

## ၂၊ အဒိန္နာဒါန–မပေးသော သူတစ်ပါးဥစ္စာကို ယူခြင်း

**အဒိန္နာဒါနအင်္ဂါ**။ ၁–သူတပါးဥစ္စာဖြစ်ခြင်း၊ ၂–သူတပါးဥစ္စာဟုသိခြင်း၊ ၃–ခိုးယူလိုသောစိတ်ရှိခြင်း၊ ၄–ခိုးယူကြောင်း ကိုယ်မှုနှုတ်မှု လုံ့လတခုခုပြုခြင်း၊ ၅–ထိုလုံ့လဖြင့် ခိုးခြင်းကိစ္စ အထမြောက်ခြင်း။ အပြစ်အကြီးအငယ်မှာ ဥစ္စာ၏ တန်ဖိုးလိုက်၍၄င်း, ဥစ္စာရှင်၏ သီလသိက္ခာလိုက်၍၄င်း ဖြစ်၏။

## ၃၊ ကာမေသုမိစ္ဆာစာရ–သူများမယား,ယောကျ်ားနှင့်ပျော်ပါးခြင်း

**ကာမေသုမိစ္ဆာစာရအင်္ဂါ**။ ၁–မသွားလာထိုက်သော ယောကျ်ားမိန်းမဖြစ်ခြင်း၊ ၂–မှီဝဲလိုသောစိတ်ရှိခြင်း၊ ၃–မှီဝဲမှုလုံ့လကို ပြုခြင်း၊ ၄–မဂ်အချင်းချင်း ကျင့်ခြင်း။ အပြစ်အကြီးအငယ်မှာ သီလရှိ, မရှိ လိုက်၍ ကွာခြား၏။

## အဂမနီယဝတ္ထုပေါင်း ယောကျ်ားအတွက် ၂၀၊ မိန်းမအတွက် ၁၂

(ဆောင်) မာ–ပိ–မာပိ, ဘနှင့်–ဘာ–ည, ဂေါ–ဓမ်–သ–သာ၊
ဓ–ဆန်–ကော–ပ, ဩ–ဩ–ဓ, ကမ္မ–ဒါ–မုဟာ။

(မာ) မာတုရက္ခိတာ = မိခင် စောင့်ရှောက်အပ်သော မိန်းမ
(ပိ) ပိတုရက္ခိတာ = အဘ စောင့်ရှောက်အပ်သော မိန်းမ
(မာပိ) မာတာပိတုရက္ခိတာ = မိဘနှစ်ပါးလုံး စောင့်ရှောက်အပ်သော မိန်းမ
(ဘ) ဘဂိနိရက္ခိတာ = မိဘနှစ်ပါးတို့မရှိ၍ အမညီမတို့ စောင့်ရှောက်အပ်သော မိန်းမ
(ဘာ) ဘာတုရက္ခိတာ = မောင်ကြီးမောင်ငယ် စောင့်ရှောက်အပ်သော မိန်းမ
(ည) ဉာတိရက္ခိတာ = ဆွေမျိုး စောင့်ရှောက်အပ်သော မိန်းမ
(ဂေါ) ဂေါတ္တရက္ခိတ = အနွယ်တူလူတို့က စောင့်ရှောက်အပ်သော မိန်းမ
(ဓမ်) ဓမ္မရက္ခိတ = အတူတကွ တရားကျင့်ဖော်တို့က စောင့်ရှောက်အပ်သော မိန်းမ

ဤရှစ်ယောက်သောမိန်းမတို့သည် ကာမပိုင်ယောကျ်ားမရှိသော မိန်းမတို့တည်း။ မိမိတို့၏ ကာမအတွေ့ကို မိမိတို့သဘောရှိ ပေးနိုင်ကြသည်။ မိဘစသည်တို့က စောင့်ရှောက်ပါသည် ဆိုသော်လည်း သူတပါးတို့ မစော်ကားနိုင်ရုံသာ စောင့်ရှောက်ခြင်းဖြစ်သည်။ ကာမကို မိဘတို့မပိုင်ကြ။ သို့ဖြစ်၍ ထိုမိန်းမတို့သည် မိမိ၏ကာမကို သူတပါးအားပေးသည့်အတွက် ကာမေသုမိစ္ဆာစာရမဖြစ်။

(သ) သပရိဒဏ္ဍာ = မင်းပြစ်မင်းဒဏ် မကင်းသော မိန်းမ (ရှင်ဘုရင်တို့က သိမ်းပိုက်မည့် မိန်းမတို့ကို သွားလာသူတို့အား အပြစ်ပေးခံရတတ်လေသည်။ ထိုမိန်းမမျိုးကို ဆိုလိုသည်။)
(သာ) သာရက္ခာ = အစောင့်အရှောက်ရှိသော မိန်းမ (ဝမ်းတွင်း၌နေတုန်းကပင် ဖွားမြင်လာလျှင် မယားပြုရန် တောင်းရန်းသတ်မှတ်ထားအပ်သော မိန်းမ၊ စေ့စပ်ကြောင်းလမ်းပြီးသောမိန်းမ)
(ဓ) ဓနက္ကီတာ = ဥစ္စာဖြင့်ဝယ်အပ်သော မယား
(ဆန်) ဆန္ဒဝါသိနီ = ယောကျ်ားနောက်လိုက်ပြေးသော မယား

(ဘော) ဘောဂဝါသိနီ = ဆင်းရဲသဖြင့် တန်ဘိုးနည်း အသုံးအဆောင်ရရန် ယောကျ်ားနှင့် အတူနေသောမိန်းမ (ဓနက္ကီတာသည် သူတပါးတို့ ရောင်းစားခံရသောမန်းမ၊ ဘောဂဝါသိနီသည် ကိုယ်ကိုတိုင် ဥစ္စာယူ၍ အတူနေသည့်မိန်းမ)

(ပ) ပဋဝါသိနီ = အဝတ် ထမီစသော အဝတ်တန်ဆာအတွက် နေထိုင်သော မယား

(ဩ) ဩဒပတ္တကိနီ = ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားပြီးသော မိန်းမ (ရေခွက်၌ ၂ ယောက်လုံး၏ လက်ကို ချစေပြီးလျှင် "ဤရေခွက်ထဲက ရေသည် တသားတည်းဖြစ်သကဲ့သို့ သင်တို့ဇနီးမောင်နှံ လည်း မကွဲမပြား တည်နေကြပါစေ"ဟု လူကြီးသူမတို့က ပြောဆိုထိမ်းမြားအပ်သော မယားတည်း)

(ဩ) ဩဘဋ္ဋစုမ္ဗဋ္ဋာ = ချအပ်သော ခေါင်းခုရှိသော မယား (ဉးခေါင်းပေါ်၌ ခေါင်းခုထားပြီး ထင်းစသည်ရောင်း ၍ အသက်မွေးရသော ဆင်းရဲသူမကလေးကို တချို့က မယားအဖြစ် အတည်ယူလိုက်သောအခါ ထင်းစသည်ကို မရောင်းရတော့ပြီဖြစ်၍ ခေါင်းပေါ်က ခေါင်းခုကျသွားခြင်းကို ဆိုလိုသည်)

(ဓ) ဓဇာဟဋ္ဌာ = မယားအဖြစ် ပြုလုပ်ခံရသော စစ်သုန့်ပန်းမိန်းမ

(ကမ္မ) ကမ္မကာရီ ဘရိယာ = အစေခံမယား ( အစေခံမကို အိမ်ရှင်က အတည်မယား ပြုထားသည်ကို ဆိုလိုသည်)

(ဒါ) ဒါသီဘရိယာ = ကျွန်မယား (ကျွန်မကို အိမ်ရှင်က အတည်မယား ပြုထားသည်ကို ဆိုလိုသည်)

(မုဟာ) မုဟုတ္တိကာ = ပြည့်တန်ဆာ မိန်းမ

မာတုရက္ခိတစသော ၈–ယောက်သည် မိမိကာမကို သူများအား ပေးသော်လည်း မိစ္ဆာစာရမဖြစ်။ သာရက္ခ စသော ၁၂–ယောက်ကား မိမိယောကျ်ားမှတပါး အခြားယောကျ်ားကို ပေးလျှင် မိစ္ဆာစာရဖြစ်၏။ ယောကျ်ားတို့မှာ ကိုယ်ပိုင်မယားမှတပါး မာတုရက္ခိတစသော (အပျို အအို) ၂၀ လုံးကို ကျူးလွန်ရာ၌ မိစ္ဆာစာရ ဖြစ်ကြသည်။

## အချုပ်မှတ်ရန်

(မသွားလာအပ်သော ဝတ္ထုဆိုသည်မှာ ခေတ္တဖြစ်စေ အမြဲဖြစ်စေ ကာမပိုင်လင်ရှိသော မိန်းမတမျိုး၊ ကာမပိုင်လင် မရှိသော်လည်း မိဘဆွေမျိုး အိမ်နီးချင်းမိတ်ဆွေ စသည့် တစုံတယောက် စောင့်ရှောက်သော သူရှိသော မိန်းမတမျိုး၊ ယင်းနှစ်မျိုးလုံး ယောကျ်ားတို့ မသွားလာအပ်သော ဝတ္ထုမည်၏။

မိမိပိုင်သောမယား၊ ပိုင်သူစောင့်ရှောက်သူတို့က ခွင့်ပေးသောမိန်းမ၊ ပိုင်သူစောင့်ရှောက်သူမရှိ လွှတ်ထားသော အရှူးမ၊ ဤမိန်းမသုံးယောက်တို့ကား မသွားလာအပ်သောဝတ္ထု မဟုတ်ကုန်။ မိန်းမတို့မှာကား ကာမပိုင်လင်ရှိသော မိန်းမတို့မှာသာ **မိမိတို့ကာမကို မိမိတို့ မပိုင်သောကြောင့် မိမိလင်မှတပါး တိရိစ္ဆာန် ယောကျ်ားပင်ဖြစ်စေ ယောကျ်ားတပါးနှင့် သွားလာက ကာမေသုမိစ္ဆာစာရကံ ထိုက်သည်**။ ကာမပိုင်လင် မရှိသောမိန်းမတို့မှာ မိမိတို့ကာမကို စောင့်ရှောက်သောသူမပိုင်, မိမိတို့သာ ပိုင်သောကြောင့် ယောကျ်ားတပါး နှင့် သွားလာသော်လည်း ကာမေသုမိစ္ဆာစာရကံ မထိုက်) ပရမတ္ထစက္ကူကျမ်း–၂၁၀

## အမှတ်များ၍ သွားလာမိရာ၌ မှတ်သားဖွယ်

လယ်ဆယ်သည့်အတွက် ညည့်မိုက်သည့်အတွက် သူ့မယားကို မိမိမယားထင်မှတ်၍ မှီဝဲသော ယောကျ်ား၊ မိမိလင်ထင်မှတ်၍ သည်းခံသာယာသော မိန်းမတို့မှာ ကာမေသုမိစ္ဆာစာရကံ ထိုက်သည်ဟု ယူဆကြသည်။ ပရမတ္ထစက္ခုကျမ်းပြု ဒီပဲရင်းဆရာတော်ကား လွန်ကျူး၍ ကျင့်လိုသော စိတ်ယုတ်စိတ်ညစ် မရှိသောကြောင့်လည်းကောင်း, ဤသို့သောအရာ၌ သောတာပန်ပုဂ္ဂိုလ်တို့သော်လည်း လွတ်နိုင်ဖွယ် မရှိသောကြောင့်လည်းကောင်း **ကမ္မပထအရာ၌ ဧကန်ပဋိသန္ဓေအကျိုးကို ပေးနိုင်လောက်သော အားသန်သော ကံအထူးကိုသာ ရွေးချယ်၍ ဟောတော်မူသောကြောင့်**လည်းကောင်း ကမ္မပထမမြောက်ဟု ယူဆသည်။

(ပရမတ္ထစက္ခုကျမ်း)

## ယောကျ်ားအချင်းချင်း၌မှတ်ဖွယ်

ယောကျ်ားအချင်းချင်းသော်လည်း ဝစ္စမဂ် မုခမဂ်တို့၌ သွားလာကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရ ဖြစ်၏ဟု ဆရာကြီးတို့ အလိုရှိတော်မူကြ၏။ ထုံးစံဓမ္မတာဖြစ်၍ မိန်းမကို ကာမေသုမိစ္ဆာစာရဝတ္ထု အထည် ကိုယ် ဆိုရသည်။ ယောကျ်ားကိုလည်း ကာမေသုမိစ္ဆာစာရ အထည်ကိုကြီးဟူ၍လည်း ဆိုသင့်၏ဟု သဘောကျနှစ်သက်တော်မူကုန်၏။ (ပရမတ္ထသံခိပ်ဋီကာ–၁၀၄)

## ၄၊ မုသာဝါဒ = လိမ်ခြင်း

**မုသာဝါဒအင်္ဂါ၄ပါး**။ ၁–မမှန်သည့်အရာ ဖြစ်ခြင်း၊ ၂–လိမ်လိုသော စိတ်ရှိခြင်း၊ ၃–လိမ်ခြင်း၊ ၄–အလိမ်ခံရသူက လိမ်သည့်အတိုင်းယုံခြင်း။ အင်္ဂါလေးပါးတွင် လိမ်သည့်အတိုင်းယုံကြည်ခြင်းလည်း ပါ၏။ ထို့ကြောင့် လိမ်သော်လည်း သူတစ်ပါးက မယုံလျှင် ကမ္မပထမမြောက်၊ ယုံလည်းယုံ, ယုံ၍ တစ်စုံ တခုသော ကိစ္စအတွက် အကျိုးစီးပွားလည်းပျက်မှ ကမ္မပထမြောက်သည်၊ မင်းလည်းစိတ်ချမ်းသာအောင် လူတဖက်သားလည်း ရာဇဝတ်မှုလွတ်အောင် လိမ်၍ပြောဆိုရာ, မိမိပစ္စည်းကို တောင်းလာရာ၌ ရှိပါ လျက် မရှိဟု ပြောဆိုရာ, သံသုမာရဇာတ်၌ အလောင်းတော်မျောက်၏ မိကျောင်းအား လှည့်ပတ်ရာတို့၌ မုသာဝါဒဖြစ်သော်လည်း သူတပါးအကျိုးမပျက်သောကြောင့် ကမ္မပထမမြောက်။

(ဒုဗ္ဘိက္ခအခါ၌လည်းကောင်း, ရောဂါရောက်၍ ရောဂါပျောက်စေခြင်းငှါလည်းကောင်း ရဟန်းတော်တို့ အား မအပ်သော ခွေးသား,မြင်းသား, ဆင်သားတို့ကို "နွားသား ကျွဲသားပါ ဘုရား, ဆိတ်သား, သမင်သားပါ ဘုရား"ဟု ချမ်းသာစေလို၍ လျှောက်ထားသည်ကို ယုံကြည်၍ ဘုန်းပေးသော ရဟန်းအား အပြစ်မရှိ။ လျှောက်ထားသူ ဒါယကာအား မုသားမဖြစ်၊ ကုသိုလ်သာ ဖြစ်သည်ဟူ၍ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၌ ဆို၏။

သိက္ခာပုဒ်ကို ခံယူသူတို့မှာ ၁၊ မမှန်ချွတ်လွဲသော စကားကို ပြောဆိုလိုသောစိတ် ၂၊ ပြောဆိုမိခြင်း ဤအင်္ဂါနှစ်ပါးနှင့် စုံညီလျှင် မုသာဝါဒဖြစ်၍ သီလပျက်၏) (ပရမတ္ထစက္ခု–၂၁၁)

## ၅၊ ပိသုဏဝါစာ = ရန်တိုက်ပေးခြင်း

**ပိသုဏဝါစာအင်္ဂါ ၄ပါး**။ ၁။ ကွဲပြားမှုကို အလိုရှိခြင်း ၂။ မိမိကို ပို၍ ခင်စေလိုခြင်း ၃။ ကုန်းတိုက်စကားပြောခြင်း၊ ၄။ အပြောခံရသူ နားလည်ခြင်း။ ပိသုဏဝါစာဟူသည် သူတပါးအပြစ်ကို အမှန်အတိုင်းပြော၍ ရန်တိုက်မှုကို ဆိုသည်။ အမှန်မဟုတ်လျှင် မုသာဝါဒလည်း ဖြစ်သည်။ ရန်တိုက်၍ ကွဲပြားမှ ကမ္မပထမြောက်သည်၊ မကွဲပြားလျှင် ကံသာထိုက်သည်။

## ၆၊ ဖရုသဝါစာ = ယုတ်ယုတ်မာမာ ပြောဆိုမှု

**ဖရုသဝါစာအင်္ဂါ၃ပါး**။ ၁။ စိတ်ဆိုးခြင်း ၂။ အဆဲခံရသူ ၃။ ဆဲခြင်း

"အနာပေါ်တုတ်ကျ"သကဲ့သို့ နာဘွယ်ကောင်းသော အချက်တို့ကို ထိခိုက်အောင် ပြောဆိုကြောင်း, ပြုလုပ်၍ ပြကြောင်းဖြစ်သော တကယ်ကြမ်းတမ်းသော စေတနာသာလျှင် ဖရုသဝါစာကမ္မပထမြောက်သည်၊ ထိုကဲ့သို့ စေတနာက ကြမ်းတမ်းနေပါလျှင် စကားသံနူးညံ့သော်လည်း ဖရုသဝါစာပင်ဖြစ်သည်၊ တရားသူကြီးက သတ်ဖို့ရန်အမိန့်ချရာ၌ ပြုံးရွှင်သောမျက်နှာဖြင့်"ဤရာဇဝတ်သားကို ချမ်းသာစွာ သိပ်ထားလိုက်ကြ"ဟူသောစကားသည် သိမ်မွေ့ချိုသာသော်လည်း အတွင်းစေတနာက လွန်စွာ ကြမ်းသောကြောင့် ဖရုသဝါစာကမ္မပထမြောက်ရသည်၊ ဆရာမိဘတို့က တပည့်သားသမီးများကို ကြမ်းကြမ်းတမ်းတမ်း ငေါက်ငန်းဆဲဆိုရာ၌ကား နှုတ်ထွက်ကြမ်းသော်လည်း စိတ်စေတနာမှာ လွန်စွာ အကျိုးလိုလားသောကြောင့် ဖရုသဝါစာမဖြစ်နိုင်၊ တောသို့မသွားစေလိုဘဲ အတင်းထွက်သွားသော သားကို မိခင်က "တောကျွဲမကြီး ခတ်သတ်လို့ သေပါစေဟယ်"ဟု ကြိမ်ဆဲရာ၌ ယုတ်ကြမ်းသောစေတနာဖြင့် ကြိမ်ဆဲခြင်းမဟုတ်သောကြောင့် ဖရုသဝါစာမဖြစ်ကြောင်းကို ကျမ်းဂန်များက ဆိုသည်။ ဆဲဆိုသောခဏ၌ တကယ်စိတ်ဆိုး၍ ဆဲဆိုလိုက်ရိုးမှန်လျှင်ကား အင်္ဂါသုံးပါးညီညွတ်သောကြောင့် အပြစ်မကြီးသော်လည်း ကမ္မပထမြောက်နိုင်သည်။

**♠ ဆဲပြီး၍ မှားမှန်းသိသောခါ ကိုယ်ဆဲထားသူကို အဝေးကဖြစ်စေ မျက်ကွယ်ကဖြစ်စေ သေပြီးမှဖြစ်စေ ကန်တော့လျှင် အပြစ်ပျောက်သကဲ့သို့ မျက်မှောက်၌ ဆဲသော်လည်းကောင်း မျက်ကွယ်၌ ဆဲသော်လည်းကောင်း သေပြီးသူကိုဆဲသော်လည်းကောင်း ကံမြောက်သည်ဟုဆိုသည်။ မွေကိုက်ပါစေ မိုးကြိုးပစ်ပါစေ စသော ကျိန်ဆဲမှုများလည်း ကံမြောက်သည်။** (သံခိပ်ဋီကာ ဒု ၁၁၅)

## ၇၊ သမ္ဖပ္ပလာပ = အကျိုးမဲ့စကားပြောခြင်း

**သမ္ဖပ္ပလာပအင်္ဂါ၂ပါး**။ ၁။ အကျိုးမဲ့စကားဖြစ်ခြင်း ၂။ ပြောခြင်း ။ **အမှန်ပဲဟု ယုံမှ ကမ္မပထမြောက်သည်**။

ပင်ကိုယ်ကလည်း မဟုတ်မမှန်သော အကြောင်းအရာကို စီးပွားချမ်းသာပျက်ရုံ (အမှားမှားအယွင်းယွင်း မှတ်ထင်ရုံ) ပြောမှု သမ္ဖပ္ပလာပဖြစ်သည်၊ ပင်ကိုယ်က မဟုတ်မမှန်သော်လည်း အကျိုးရှိအောင် ဥပမာသဘောမျိုးဖြင့် ကြံဆောင်ရေးသား ပြောဆိုမှုများကား သမ္ဖပ္ပလာပ မဖြစ်၊ အကျိုးပင်မရှိသော်လည်း ဟုတ်မှန်သော အကြောင်းအရာကို အရပ်စကားအနေဖြင့် ပြောဆိုမှုများလည်း သမ္ဖပ္ပလာပ မဟုတ်။

(အကျိုးမရှိ အကြောင်းမရှိသော စကားလေ စကားလွင့်တို့ကို သူတပါးတို့အား သိစေတတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော ယုတ်မာသော စေတနာဖျင်းသည် သမ္ဖပ္ပလာပ မည်၏။ အဓိပ္ပါယ်အားဖြင့်– လက်ရှိဘဝ အကျိုးစီးပွား တမလွန်ဘဝ အကျိုးစီးပွားအတွက် အထောက်အကူမပြုနိုင်သော အပျင်းပြေ အချိန်ကုန်ရုံ ပြောသောစကားများကို သမ္ဖပ္ပလာပ စကားများဟု မှတ်ပါ။

ထိုသမ္ဖပ္ပလာပသည် သီတာဒေဝီကို ဒသဂီရိ ယူဆောင်ခြင်းစသော မဟုတ်မဟတ် ကြံစည်၍ ဆန်းဆန်းကြယ်ကြယ် ပြောဆိုအပ်သော စကားမျိုးတို့၌သာလျှင် သမ္ဖပ္ပလာပ ကမ္မပထ မြောက်သည်။ ဟုတ်မှန်သော ဇာတ် ဝတ္ထုများကို ပြောဆိုရာ၌၄င်း လောက၌ အဟုတ်အမှန်ဖြစ်ပေါ်သော ဆန်းကြယ်သော အရာဌာနများကို ပြောဆိုရာ၌၄င်း ကမ္မပထ မမြောက်။ မဟုတ်မမှန်သော ဝတ္ထုကို ပြောဆိုသော်လည်း နားထောင်သော သူတို့က အဟုတ်အမှန်အားဖြင့် ယုံကြည်ပါမှ ကမ္မပထမြောက်၏။ မယုံကြည်လျှင် ကမ္မပထမမြောက်။ မဟုတ်သော ဝတ္ထုဆန်းများကို အဆန်းတကြယ်ပြောမှုကြောင့် သမ္ဖပ္ပလာပကံမျှသာ ဖြစ်၏။ ထို့ပြင် ရာဇကထာ စောရကထာ စသော သုံးဆယ့်နှစ်ပါးသော တိရစ္ဆာနကထာတို့ကို ပြောကြားရာတို့၌လည်း သမ္ဖပ္ပလာပ ကမ္မပထ မမြောက်။ ကံမျှသာ ဖြစ်၏။ ထိုရာဇကထာ စသည်ကို သာယာသောအားဖြင့် အားပါးတရ ဝမ်းမြောက်ဝမ်းသာ ပြောဆိုမှုသာ သမ္ဖပ္ပလာပ ကံမြောက်သည်။ ထိုသို့မဟုတ်ပဲ အကျိုးနှင့်စပ်၍သော်၄င်း အကြောင်းနှင့် စပ်လျဉ်း၍သော်၄င်း ပြောဆိုရာ၌ သမ္ဖပ္ပလာပကံ မဖြစ်။ အကျိုးရှိသော စကားပင် ဖြစ်၏။ သူတပါးတို့ကို ပြောဆိုဆုံးမရာ၌ ရှေးကဖြစ်ဘူးသော ဝတ္ထုသက်သေကို ပြောပြ၍ အကျိုးသင့် အကြောင်းသင့် ညွှန်ကြားခြင်းမည်သည် သူတော်ကောင်းတို့၏ ထုံးစံဓမ္မတာပေတည်း။

ဤသမ္ဖပ္ပလာပသည် များစွာ အချိန်ကို ဖြုန်းတီး၍ ပစ်တတ်ချေသည်။ အကျိုးစီးပွားကိုလည်း ဖျက်စီးတတ်ချေသည်။ မြတ်စွာဘုရားတို့သည် သမ္ဖပ္ပလာပ၏ အပြစ်ကို များစွာ မြင်တော်မူလေသည်။ ထို့ကြောင့်ပင် " ရဟန်းတို့ သင်တို့သည် နှစ်ဦးနှစ်ယောက် တွေ့ဆုံမိကြသော် တရားစကားကို ပြောဆိုပြီး နေသင့်၏၊ သို့မဟုတ် စကားမပြောဘဲ တိတ်တိတ် နေသင့်၏" ဟု မိန့်တော်မူလေသည်။

(ပရမတ္ထသံခိပ်ဋီကာ–၁၁၆)

## ၈၊ အဘိဇ္ဈာ–သူတပါး၏ စည်းစိမ်ကို ဝယ်ယူငှားရန်းလိုစိတ်နှင့်မဟုတ်ဘဲ ကိုယ့်ဥစ္စာဖြစ်ရင် ကောင်းမှာဘဲဟု မတရားလိုချင်မှု

သူတပါးပစ္စည်းကို လိုချင်ရုံမျှဖြင့် ကမ္မပထမမြောက်သေး၊ ရဟန်းဖြစ်လျှင် သူများသပိတ် သင်္ကန်းကျောင်းစသည်ကို မြင်၍, လူဖြစ်လျှင် သူများအိမ်လယ်ယာရွှေငွေ စသည်ကို မြင်၍ "ထိုသူ့ ဥစ္စာသည် ငါ့ဥစ္စာ ဖြစ်ပါမူ ကောင်းလေစွ"ဟု မိမိသို့ ညွတ်စေသော မတရားလောဘသည်သာ (အဘိဇ္ဈာသည်သာ) ကမ္မပထမြောက်သည်၊ တောင်း၍ ငှား၍ ဝယ်၍ ယူလိုခြင်း, သို့မဟုတ် ထိုစည်းစိမ်နှင့် အလားတူ စည်းစိမ်မျိုးကို လိုချင်ခြင်းမှာ လောဘသာမာန်ဖြစ်၏၊ ကမ္မပထမမြောက်။

**အဘိဇ္ဈာ၏အင်္ဂါနှစ်ပါး** ၁။ သူတပါး၏ ဥစ္စာဖြစ်ခြင်း ၂။ မိမိသို့ ညွတ်စေခြင်း

## ၉၊ ဗျာပါဒ–တိရစ္ဆာန်ကိုဖြစ်စေ လူကိုဖြစ်စေ ဒီကောင် သေရင်ကောင်းမှာဘဲဟု သူတပါးပျက်စီးစေလိုသော အကြမ်းစား ဒေါသဖြစ်ဖြင်း

ဒီအကောင်တော့ သေရင်အေးတာပဲ၊ ဘယ်တော့များသေပါ့မလဲ ဒီအကောင် ပျက်စီးအောင် ဘယ်လိုများ လုပ်ရပါ့မလဲ စသည်ဖြင့် ပိုးမွှားတိရစ္ဆာန်တွေကို ဖြစ်စေ၊ လူကိုဖြစ်စေ သတ္တဝါတစ်ဦးဦးကို သေကြေပျက်စီးလိုသော အကြမ်းစားဒေါသသာလျှင် ကမ္မပထမြောက်သည်၊ သူတပါးအပေါ်မှာ စိတ်ဆိုးရုံ သက်သက်ကား ကမ္မပထ မမြောက်။

**ဗျာပါဒအင်္ဂါ နှစ်ပါး** ၁။ သတ္တဝါ ဖြစ်ခြင်း ၂။ ပျက်စီးစေလိုခြင်း

## ၁၀၊ မိစ္ဆာဒိဋ္ဌိ–သူတော်သူမြတ်တို့ ဟောဖော်ပညတ်အပ်သော တရားမှန်ကို မလိုက်နာဘဲ မှားယွင်း ဖောက်ပြန် မမှန်မကန် သိမြင်မှု

ဤမိစ္ဆာဒိဋ္ဌိသည် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော ခန္ဓာငါးပါးတွင် တပါးပါး၌ အတ္တဟု စွဲလမ်းတတ်သော သက္ကာယဒိဋ္ဌိ၊ သီလက္ခန်ဗြဟ္မဇာလသုတ်စသည်၌လာသော ၆၂ပါးသော မိစ္ဆာဒိဋ္ဌိ၊ သာမညဖလ သုတ်၌ လာသော နတ္ထိကစသော ဒိဋ္ဌိအားဖြင့် အလွန်များ၏၊ ထိုတွင် နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ အကြိယဒိဋ္ဌိ ဤသုံးမျိုးသာ ကမ္မပထမြောက်သည်၊ ကြွင်းဒိဋ္ဌိများမှာ ဒိဋ္ဌိသာမန်သာတည်း။

နတ္ထိကဒိဋ္ဌိ–ပေးလှူခြင်းသည်အကျိုးမရှိ, ကံ၏အကျိုးမရှိစသည်ဖြင့် အကျိုးကိုပယ်သည့်အယူ၊ အဟေတုကဒိဋ္ဌိ–သတ္တဝါတို့သည် အကြောင်းမရှိပဲ ညစ်နွမ်း၏, စင်ကြယ်၏ စသည်ဖြင့် ယူရကား အကြောင်းကို ပယ်သဖြင့် အကျိုးကို ပယ်ပြီးဖြစ်ရကား အကြောင်းအကျိုးကို ပယ်သည့်အယူ၊ အကြိယဒိဋ္ဌိ–ကောင်းမှုမကောင်းမှုကို ပြုသော်လည်း ပြုရာမရောက်ဟု အကြောင်းကို ပယ်သည့်အယူ(အကြောင်းကို ပယ်က အကျိုးကို ပယ်ပြီးသား၊ အကျိုးကိုပယ်က အကြောင်းကို ပယ်ပြီးသာ ဖြစ်သဖြင့် ဤအယူသုံးမျိုးလုံးသည် အကြောင်းအကျိုးကို ပယ်သည့် အယူများဖြစ်ကြသည်)

**မိစ္ဆာဒိဋ္ဌိအင်္ဂါ** ၁။ မမှန်ကန်သော အယူဖြစ်ခြင်း ၂။ ထိုအယူအတိုင်း လက်ခံသဘောကျခြင်း

## ဒုစရိုက်မြောက်ပွားခြင်း

အကုသိုလ်ကံ ၁၀–ပါးကို ပုဗ္ဗစေတနာ မုဉ္စစေတနာ အပရစေတနာ ၃–မျိုးဖြင့်မြောက်လျှင် ၃၀ ဖြစ်၏။ ပါဏာတိပါတပြုရာ၌ မသတ်မီရှေးအဘို့က ဖြစ်နေသော စေတနာတွေသည် ပုဗ္ဗစေတနာမည်၏၊ ပါဏာတိပါတကံ အထမြောက်ကြောင်း ဇောဝီထိ၌ပါသော စေတနာသည် မုဉ္စစေတနာမည်၏၊ ပါဏာတိပါတကံ အထမြောက်ပြီး နောက်၌ အားရကျေနပ်သော အနေအားဖြင့် ဖြစ်သောစေတနာတွေသည် အပရစေတနာမည်၏။ ဒုစရိုက် ၁၀ကိုတည်၊ စေတနာ ၃တန်နှင့်မြောက်၊ ဒုစရိုက်၃၀ ဖြစ်၏။

## တနည်းမြောက်ပွားပုံ

အကုသိုလ်ကံ ၁၀ပါးတွင် ပါဏာတိပါတကို **ကိုယ်တိုင်ပြုလျှင် သာဟတ္ထိက**ဒုစရိုက်ဖြစ်၏၊ **သူတပါးကို** အသတ်**ခိုင်း**လျှင် **အာဏတ္တိက**ဒုစရိုက်ဖြစ်၏၊ သူတပါးကို တိုက်ရိုက်မသတ်ခိုင်းပဲ သတ်သည့် အတွက် **ရနိုင်သော** လောက**အကျိုးကို ပြောပြ**လျှင် **ဝဏ္ဏဘာသန**ဒုစရိုက်ဖြစ်၏၊ သူတပါးတို့ အလိုအလျောက် သတ်ဖြတ်သည်ကို **သဘောတူကျေနပ်**လျှင် **သမနုညာ**ဒုစရိုက်ဖြစ်၏၊ အခြားသောအကုသိုလ်ကံများကို ဤ၄– မျိုးဖြင့် မြောက်ပွားလျှင် ဒုစရိုက်ပေါင်း ၄၀–ဖြစ်၏။။ **ဤမြောက်ပွားခဲ့သော ဒုစရိုက်တို့တွင် အချို့ကမ္မပထမြောက်၏, အချို့မမြောက်**။

## အကုသိုလ်ကံဆယ်ပါး၌ ဝဏ္ဏဝါဒီဖြစ်ပုံ

အတ္တနာ စ ပါဏာတိပါတီ ဟောတိ၊ ပရေ စ တတ္ထ သမာဒပေတိ၊ ပါဏာတိပါတဿ စ ဝဏ္ဏဝါဒီ ဟောတိ၊ တတ္ထ စ သမနုညော ဟောတိ။

အတ္တနာစ–မိမိသည်လည်း၊ ပါဏာတိပါတီ–သူ့အသက်ကို သတ်ခြင်းအမှုရှိသည်၊ ဟောတိ–ဖြစ်၏၊ ပရေစ–သူတပါးတို့ကိုလည်း၊ တတ္ထ–ထိုပါဏာတိပါတမှု၌၊ သမာဒပေတိ–ဆောက်တည်စေ၏၊ ပါဏာတိပါတဿစ–ပါဏာတပါတမှု၏လည်း၊ ဝဏ္ဏဝါဒီ–ကျေးဇူးကိုပြောဆိုခြင်းရှိသည်၊ ဟောတိ–ဖြစ်၏၊ တတ္ထစ–ထိုပါဏာတိပါတမှု၌လည်း၊ သမနုညော– ဆန္ဒသဘောရောနှောကြည်ဖြူ သဘောတူသည်၊ ဟောတိ–ဖြစ်၏၊

## ဝဏ္ဏဝါဒီ ဆိုသည်ကား

ဝက်မွေး၍, တံငါလုပ်၍ ဘယ်သူပစ္စည်းဥစ္စာချမ်းသာသည် စသည်ဖြင့် ချီးမွမ်းလျှင် သိက္ခာပုဒ်ပျက်ခြင်း ညစ်နွမ်းခြင်းနှစ်မျိုးနှင့်ဆိုင်၏။ မိမိချီးမွမ်းသံကို ကြားရသူတို့သည် တံငါအလုပ် ဝက်သည်လုပ်ကို လုပ်ကြလိမ့်မည် ရည်သန်၍ ချီးမွမ်းရာ၌ ထိုသူတို့ လုပ်ဖြစ်ကြလတံ့၊ ဖြစ်ခဲ့လျှင် ချီးမွမ်းသူမှာ ကမ္မပထမြောက်သည်။ သိက္ခာပုဒ်ပျက်၏။ မရည်သန်ပဲ သာမညချီးမွမ်းခဲ့လျှင် ထိုသူတို့လုပ်ဖြစ်ကြသည်ဖြစ်စေ

မလုပ်ဖြစ်ကြသည်ဖြစ်စေ သိက္ခာပုဒ် ညစ်နွမ်းမှုသာ ဖြစ်၏။ ရည်သန်ရာ၌လည်း ထိုသူတို့မလုပ်ဖြစ်ကြလျှင် ချီးမွမ်းသူမှာ သိက္ခာပုဒ် ညစ်နွမ်းရုံသာ။

## တတ္ထ စ သမနုဿော ဆိုသည်ကား

မည့်သည့်သူခိုး မည်သည့်ဒမြ အစိုးရဖမ်း၍ စက်တင်ပြီ ကြားလျှင် အားရနှစ်လိုခြင်း, မည်သည့်တော၌ရှိသော ဆင်ဆိုးကျားဆိုးကို, မည်သည့်လမ်းအနီး၌ရှိသော မြွေဆိုးကင်းဆိုးကို မည်သူ သတ်လေပြီကြားရလျှင် အားရဝမ်းသာရှိခြင်း မိမိရန်သူ မိမိမုန်းသောသူ မည်သည့်အနာရောဂါနှင့် သေရှာပြီဆိုလျှင် နှစ်လိုခြင်း, အယုတ်ဆုံးအားဖြင့် မိမိကိုနှိက်စက်သော မှက်ခြင်သန်းကြမ်းပိုးတို့ သေဆုံးကွယ်ပျောက်မှုကို နှစ်လိုခြင်းစသည် များသည် သမနုညမည်၏။ (ဓမ္မဒီပနီ ၁၀၁-၁၀၂)

## ဒုစရိုက်၏အကြောင်းရင်း

ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒသည် ဒေါသကြောင့်ဖြစ်၏၊ ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိသည် လောဘကြောင့် ဖြစ်သည်။ အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပ တို့သည် ရံခါ လောဘကြောင့်, ရံခါ ဒေါသကြောင့် ဖြစ်ရသည်။ မိမိအတွက်ဖြစ်စေ, သားသမီးဆွေမျိုးတို့ စားသောက်ဖို့အတွက်ဖြစ်စေ, လိုချင်၍ ခိုးယူရာ၌ အဒိန္နာဒါနသည် လောဘကြောင့်ဖြစ်သည်၊ ရန်စလို၍ သို့မဟုတ် ရန်တုံ့ချေခြင်းအကျိုးငှါ လုယူရာ၌ ဒေါသကြောင့် ဖြစ်၏။ မုသာဝါဒလည်း တရားဆိုင်ရာ စသည်တို့၌ တစုံတခု ရလို၍ လိမ်လျှင် လောဘကြောင့်ဖြစ်၏၊ တဖက်သားကို နစ်နာစေလိုသော စိတ်ဖြင့် လိမ်လျှင် ဒေါသကြောင့်ဖြစ်၏။ ပိသုဏဝါစာလည်း မိမိကိုချစ်စေလို၍ ရန်တိုက်လျှင် လောဘကြောင့်ဖြစ်၏၊ ထိုသူနှစ်ယောက်ကွဲစေလို၍ ရန်တိုက်လျှင် ဒေါသကြောင့် ဖြစ်ရ၏၊ သမ္ဖပ္ပလာပလည်း ပစ္စည်းကို ရလို၍ ပြောဆိုရေးသားလျှင် သို့မဟုတ် မမှန်သော အကြောင်းအရာကိုပင် သာယာနှစ်သက်၍ ပြောဆိုရေးသားလျှင် လောဘကြောင့် ဖြစ်၏၊ ကွက်စိပ်ပြောနေရာ၌ တစုံတယောက်က နှောက်ယှက်လာ၍ စိတ်ဆိုးဆိုးနှင့် ပြောရလျှင် ဒေါသကြောင့် ဖြစ်၏။ မောဟကား အကုသိုလ်အားလုံးနှင့်ဆက်ဆံ၍ အကုသိုလ်အားလုံး၏ ရေသောက်မြစ်သဖွယ် ဖြစ်ပေသည်။

(သင်္ဂြိုဟ်ဘာသာဋီကာ-ဝီထိမုတ်ပိုင်းမှ-ကောက်နုတ်ချက်)

♣ အကုသိုလ်ကံဖြစ်ကြောင်းတို့တွင် လောဘကြောင့် ဒေါသကြောင့် လောဘဒေါသကြောင့်ဟု ဆိုသည်မှာ မောဟသည် သဗ္ဗာကုသလသာဓာရဖြစ်၍ အသီးအခြား မဆိုခြင်းကြောင့် ဖြစ်သည်။

(သစ္စသင်္ခေပ ၄ နိဿယ ၆၆)

## အကုသိုလ်ကံဆိုင်ရာ အဆုံးအဖြတ်များ

♠ သူတပါးချေးငှားသည့်အခါ မိမိပစ္စည်းကို မပေးလိုသည့်စိတ်ဖြင့် မရှိဟုပြောလျှင် မုသာဝါဒဖြစ်သော်လည်း အပြစ်နည်းသည်။ ရသေ့ရဟန်းများ ရွာထဲအလှူခံ ကြွပြီး ထောပတ် ဆီ စသည် အနည်းငယ်သာ ရသဖြင့် 'ယနေ့ ရွာထဲ၌ ထောပတ်ဆီတွေ မြစ်ကြီးလိုစီးနေသည်'ဟု စကားပိုစကားချန်(ပူရဏကထာ)ပြောရာ၌ မုသာဝါဒဖြစ်သော်လည်း အပြစ်နည်းသည်။

(**မှတ်ချက်**) အသိမှားစေလိုသော ဝိသံဝါဒနစိတ်ရှိမှသာ မုသာဝါဒဖြစ်သည်။ ပြောရုံမျှဖြင့် မုသားမဖြစ်။ (သီဘာဋီ ပ ၄၅၄)

♠ ယခုခေတ်၌ မုသားပြောသူတွေ အလုပ်အားဖြင့် လှည်းစားနေသူတွေ ထိပ်တန်းပုဂ္ဂိုလ်မှစ၍ အလွန်များနေ၏။ စကားဖြင့်ပြောရုံသာမက အလုပ်အားဖြင့်လှည့်စားခြင်းသည်လည်း လောကကို အထင်မှားစေခြင်းပင်တည်း။ ထို့ကြောင့် အများအထင်ကြီးအောင် ဟန်လုပ်၍နေသော သူတော်ယောင်ကြီးများ တိုင်းသူပြည်သားကိုဖြစ်စေ ဆိုင်ရာလူအများကိုဖြစ်စေ အထင်မှားအောင်ပြောဆိုပြုလုပ်နေသော လူကြီးလူကောင်းများ မိမိမယုံကြည်သောအရာကို သူတပါးယုံကြည်အောင် ဟောပြောနေသော ဘာသာရေးခေါင်းဆောင်များကို 'ဝိသံဝါဒကော လောကဿ–လောကကို လှည့်စားတတ်သူ'ဟူ၍ချည်း မှတ်ပါ။ (သီပဘာဋီ ၄၆၀)

♠ တဦးနှင့်တဦး ဆွေမျိုးတစုနှင့်တစု တနိုင်ငံနှင့်တနိုင်ငံ အစစ,အရာရာ အဆင်ပြေကာ စည်းစည်းလုံးလုံး ရှိနေသည်ကို အထင်အမြင်လွဲအောင် ကွဲပြဲမတည့်ဖြစ်ကာ မုန်းတီးကုန်အောင် အထင်သေးကုန်အောင် ပြောဆိုခြင်းကို ဂုံးတိုက်သည် ဂုံးချောသည်ဟု ခေါ်သည်။ ဂုံးလည်းချောမည် တဖက်ကလည်းယုံမည် ယုံလို့ အကျိုးလည်းပျက်စီးမည်ဆိုလျှင် ကမ္မပထမြောက်သည်။ အပါယ်ကျနိုင်သည်။ ဤဂုံးချောမှုကို အပါယဂမနီယကံဟု ခေါ်သည်။ ထိုကို သောတာပတ္တိမဂ်က ပယ်နိုင်သည်။ ပိသုဏဝါစာကံ အကြွင်းမဲ့ပယ်ရန်ကား အနာဂါမိမဂ်တာဝန်ဟု ဝိသုဒ္ဓိမဂ်(၄၃၃၂၅)၌ ဆိုသည်။

သူတပါး၏ အပြစ်အနာအဆာ အတင်းအဖျင်းကို ပြောခြင်းသည်လည်း ပိသုဏဝါစာပင်ဖြစ်သည်။ ထို့ကြောင့် သူတပါးအပြစ်ကို အတည်ပေါက်ဖြစ်သော ရွတ်နောက်သည့်အနေဖြင့် ဖြစ်စေ မပြောသင့်၊ ရှောင်ရှားရာ၏။ (သုတ္တနိပါတနိသျ သဇ္ဇနော ၂၂၇)

## သက်န်းစွဲလမ်းမှုသည် ကမ္မပထမြောက်မမြောက်

ကာမဝိတက်သည် သတ္တဝါအပေါ်မှာပဲ ဖြစ်ဖြစ် သင်္ခါရအပေါ်မှာပဲ ဖြစ်ဖြစ် ကမ္မပထမြောက်သည်။ ထို့ကြောင့် ရဟန်းတပါးသည် မိမိ၏ သင်္ကန်းအသစ်ဟူသော ကာမ၌ စွဲလမ်းသာယာသွားသောကြောင့် သန်းဖြစ်ရလေသည်။

ဗျာပါဒဝိတက် ဝိဟိံသာဝိတက်ကား သတ္တဝါအပေါ်၌ဖြစ်မှသာ ကမ္မပထမြောက်သည်။ သင်္ခါရအပေါ်၌ဖြစ်မှု မမြောက်။ (သမ္မောဘာဋီ ပ ၂၀၃)

ဓမ္မပဒအဋ္ဌကထာ၌ ဘုရားလက်ထက်တော် ဇေတဝန်ကျောင်းတော် အတွင်းမှာ ရဟန်းတပါး သေလွန်ရာ သင်္ကန်း၌တပ်စွန်းသော တဏှာကြောင့် ထိုသင်္ကန်း၌ပင် သန်းဖြစ်သည်ဟု လာသည်။ ထိုသို့ဆိုလာရာတို့၌ မိမိသန္တကဖြစ်သော ဓမ္မိယလဒ္ဓပစ္စည်း၌ တပ်စွန်းမှုသည် တစုံတခုသော ကမ္မပထတွင်ပါဝင်သော အမှုမဟုတ်၍ ထိုတဏှာကိုမှီ၍ တပါးသောကံတို့က အပါယ်သို့ချသည်ဟု ယူကြသည်။

(လယ်တီဓမ္မဒီပနီ ၁၃၆ ကောဒသမပုစ္ဆာအဖြေ)

## ဒုဿီလကို ဒုဿီလဟု ပြောဆိုဆဲရေးက ဖရုသဝါစာဖြစ်

ဒုဿီလဟူသောစကားလုံးသည် ၁၀ပါးသော အက္ကောသဝတ္ထုတို့တွင် ကြီးစွာသောအပတ်ဖြင့် ဆဲရေးခြင်း ဖြစ်၏။ ထို့ကြောင့် ထိပါးစေလိုသော အက္ကောသာဓိပ္ပါယပဋိဃစိတ်ဖြင့် ဒုဿီလကိုပင် ဒုဿီလမှန်းသိ၍ ဒုဿီလစကားဖြင့် ထိပါးပြောဆိုသော သူတို့အား စကားအခွန်းတိုင်းအခွန်းတိုင်း ဖရုသဝါစာ ကမ္မပထမြောက်သည်။ ပါရာဇိကအမှန်ကျပြီးသောသူ, ပါရာဇိကမကျ အလဇ္ဇီဖြစ်သူ, သီလဝန္တဖြစ်သူ, ဤသုံးမျိုးကို အက္ကောသာဓိပ္ပါယဖြင့် ဒုဿီလဆိုမှုသည် ဖရုသဝါစာကမ္မပထမြောက်သည်။ ဒေါသနှင့်ယှဉ်သော ကမ္မပထမျိုးဖြစ်၍ ငရဲ၌ပဋိသန္ဓေကို ပေး၏။ အက္ကောသာဓိပ္ပါယ်မျှမက သာသနာမှ ရွေ့စေလိုသော စဝနာဓိပ္ပါယ်ဖြင့် ဒုဿီလဆိုမှုသည်ကား ထို့ထက် ဝန်လေးသော အမှုကြီးဖြစ်၏။ အထူးမှာ ဒုဿီလအမှန်ကို ဒုဿီလဆိုမိရာ၌ ဝန်လေးရုံမျှသာဖြစ်၏။ သီလဝန္တကို စွပ်စွဲမိရာ၌ အာနန္တရိယကံနှင့် အလားတူ၏။

(သူတပါးကို ပါရာဇိကကျ ဒုဿီလဆိုမှုသည် နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးကို ထမ်းရွက်မှုကဲ့သို့ အလွန်ဝန်လေးသောအမှုဖြစ်ပေသည်။ သတိထားကြကုန်။)

## ရဟန်းတို့အားစွပ်စွဲပြစ်

ဝိနည်းနှင့်မညီသောရဟန်းကို အပြစ်ဆိုသူသည် ရဟန်းမျက်နှာကိုသာ မြင်တတ်သည်။ ကျူးလွန်မှုကိုသာ မြင်တတ်သည်။ ရဟန်းသန္တာန်၌ ပါရာဇိကကျမှု မရှိခဲ့လျှင် သမာဒါနမှုမပျက်သည်ဖြစ်၍ ကုဋ္ဌေကိုးထောင်ကျော် သိက္ခာပုဒ်တို့ ကိန်းဝပ်တည်နေလျက်ရှိ၏။ ကျူးလွန်သောသိက္ခာပုဒ်မှာပင် သံဝရပျက်မှုသာဖြစ်၏။ သမာဒါနမှုကား မပျက်။ တည်လျက်ပင် ရှိ၏။ ထိုသို့တည်ရှိသော သိက္ခာပုဒ်တော်တို့၏ မျက်နှာကိုကား မမြင်တတ်။ ရဟန်းအတွက်အပြစ်လေးသည် မဟုတ်၊ တည်ရှိသောသိက္ခာပုဒ်တော်တို့၏ အတွက်နှင့် အပြစ်လေးသည်။ (ဓမ္မဒီပနီ ၁၀၈)

## အလဇ္ဇီ

သိက္ခာပုဒ်တော်ကိုတော့ ရှိသေပါရဲ့၊ မသိလို့ လွန်ကျူးမိခြင်း, သိပင်သိသော်လည်း မိမိရဲ့ကိလေသာကို မနိုင်တဲ့အတွက် လွန်ကျူးမိခြင်းကိုတော့ အလဇ္ဇီလို့ မခေါ်ဘူးတဲ့။ ထို့အတူ အာပတ်ကို လျှို့ဝှက်ရာမှာလည်း ဖွင့်ပြောရမှာ ခက်လို့ လျှို့ဝှက်တာမျိုးကို အလဇ္ဇီလို့ မခေါ်ရဘူးတဲ့။ သိက္ခာပုဒ်တော်ကို မရှိသေသောအားဖြင့် လျှို့ဝှက်မှသာ အလဇ္ဇီ ခေါ်တယ်။ (တည်တောမေးဖြေ ၁၊ ၁၁၁)

## အလဇ္ဇီကိုလှူက အကျိုးရ,မရ

တိဿအမတ်သည် ဆွမ်းဦးမလှူပဲ မစားဘူး။ တနေ့ အလုပ်များနေလို့ မွန်းတည့်ချိန်လွန်မှ စားရတော့ ရဟန်းတော်တွေ စားချိန်မဟုတ်တော့၍ ရဟန်းတို့နှင့်အသွင်သာတူ, အကျင့်မကောင်းသော ပဏ္ဍုရင် ပရိဗိုဇ်ကို မင်းချင်းအား လှူခိုင်းလေသည်။ ပဏ္ဍုရင်သည် အရက်မူးမူးနှင့် ငါးမျှားနေစဉ် မင်းချင်းရောက်သွားတော့ ပဏ္ဍုရင်သည် ငါးမျှားတံကို ဝှက်ထားလိုက်သည်။ မင်းချင်းက ဒီဟာကို သိတော့ ဆွမ်းဦးနှင့်မတန်ဟု ယူဆလျက် တိဿအမတ်ထံ ပြန်ယူလာပြီး အကြောင်းစုံ ပြောပြသည်။ တိဿအမတ်က ငါးမျှားတံဝှက်တာသည် ဟိရီတရားရှိခြင်းကြောင့်ဖြစ်၍ ဟိရီတခုသည်ပင် အလှူခံထိုက်ကြောင်း ပြောကာ ပြန်လှူခိုင်းလေသည်။ သေခါနီးတွင် တခြားကြီးမားသည့် အလှူများစွာ သတိမရပဲ ပဏ္ဍုရင်အလှူ သတိရကာ မဟာဝိဟာရကျောင်းအနီး စရည်းပင်၌ ခဲဘွယ်ဘောဇဉ်နှင့် ပြည့်စုံတဲ့ ဘုမ္မစိုရ်းနတ်ကြီး ဖြစ်ပါတယ်။

## ကမ္မပထ မမြောက်သော အကုသိုလ်ကံ၏ အပြစ်ကို ပြဆိုခြင်း

ကမ္မပထမမြောက်လျှင် လုံးဝ ပဋိသန္ဓေကျိုးမပေးဟု မမှတ်သင့်။ အပြစ်မကြီးဟု မမှတ်သင့်။ အရာဌာနအလိုက် ပဋိသန္ဓေကျိုး ပေးသည်လည်းရှိ၏။ မပေးသည်လည်းရှိ၏။ အပြစ်ကြီးသည်လည်း ရှိ၏။ မကြီးသည်လည်းရှိ၏။

ရှင်ဒေဝဒတ်သည် ကျောက်တုံးကိုလိမ့်ချ၍ ဘုရားကို အသေသတ်၏။ ဘုရားကားမသေ။ ကမ္မပထမမြောက်။ နန္ဒဘီလူးသည် ရှင်သာရိပုတြာ၏ ဦးခေါင်းကို သံတူဖြင့် အသေထု၏။ ရှင်သာရိပုတြာကား မသေ။ ကမ္မပထမမြောက်။ သို့သော်လည်း နန္ဒဘီလူးသည် ပထမဇောစေတနာကြောင့် အရှင်လတ်လတ် **မြေမျိုသေဆုံးရပြီး** သတ္တမဇောစေတနာကြောင့် အဝီစိငရဲ၌ **ခန္ဓာသစ်ဖြစ်ပြီး** ငရဲခံရလေသည်။ (ဥဒါန်းအဋ္ဌကထာ)

သတ္တဝါသာမည**,** မိဘ**,** သီလရှိသော ရဟန်း**,** ရဟန္တာတို့ကို ထုထောင်းပုတ်ခတ်ခြင်း လက်ခြေဖြတ်ခြင်း စသည်ပြုက ပဋိသန္ဓေကျိုးမပေး၊ အပြစ်မကြီးဟု မဆိုသင့်။ (ပရမတ္ထစက္ခု)

## သုရာပါနနှင့် စပ်၍ သိမှတ်ဖွယ်

သုရာပါနသည် ပဋိသန္ဓေကျိုးကို ဧကန်မပေးနိုင်၍ ကမ္မပထ၌ မသွင်း။ သို့သော် ဋီကာဆရာတို့ကား ကာမေသုမိစ္ဆာစာရ၌သွင်း၍ ကမ္မပထမြောက်သည်ဟု ဆိုကြသည်။ ရသဟူသော ကာမဂုဏ်၌ မှားယွင်းစွာကျင့်ရာရောက်၍ သုရာပါနကို ကာမေသုမိစ္ဆာစာရ၌ သွင်းသည်။ (ရသသင်္ခါတေသု ကာမေသု မိစ္ဆာစာရဘာဝတော) ။ ထို့ပြင် ဗုဒ္ဓကလည်း "ရဟန်းတို့ ကြိမ်ဖန်များစွာ အရက်သောက်ခြင်းသည် ငရဲဘုံ တိရိစ္ဆာန်ဘုံ ပြိတ္တာဘုံတို့၌ ဖြစ်စေနိုင်သည်။ အနိမ့်ဆုံး အပြစ်အားဖြင့် လူဖြစ်လျှင် အရူးအနှမ်း ဖြစ်စေနိုင်သည်" ဟု ဟောထားသဖြင့် သုရာပါနသည်လည်း ကမ္မပထ ဖြစ်သည်ဟု ဆိုနိုင်သည်။

## ပဋိသန္ဓေကျိုးကို ပေးသော စေတနာ

**ကမ္မပထ**မြောက်သော ကံ၏ ပုဗ္ဗစေတနာ အပရစေတနာတို့သည် ပဋိသန္ဓေကျိုးကို ဖြစ်စေမှု၌ ဧကန္တိက(ကိန်းသေ) မဟုတ်။ အနေကန္တိက(မရေမရာ)သာ ဟူ၍ ပဋိသမ္ဘိဒါမဂ်ဋီကာ၌ ဆို၏။ ထို့ကြောင့် ပုဗ္ဗစေတနာ အပရစေတနာတို့သည် ဖလဝပစ္စည်းကို ရလျှင် ပဋိသန္ဓေအကျိုးကို ပေး၏။ ဖလဝပစ္စည်းကို မရလျှင် ပဋိသန္ဓေအကျိုး မပေးဟု ဆုံးဖြတ်သင့်၏။

## အဟိတ်စိတ် ၁၈–ပါး

(က) အကုသလဝိပါက်စိတ် ၇–ပါး
(ခ) ကုသလဝိပါက်စိတ် ၈–ပါး
(ဂ) ကြိယာစိတ် ၃–ပါး

## (က) အကုသလဝိပါက်စိတ် ၇–ပါး

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် | (မြင်သိစိတ်) |
| ၂။ | ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် | (ကြားသိစိတ်) |
| ၃။ | ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် | (နံသိစိတ်) |
| ၄။ | ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ် | (အရသာသိစိတ်) |
| ၅။ | ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် | (ထိသိစိတ်) |
| ၆။ | ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်း | (အာရုံလက်ခံစိတ်) |
| ၇။ | ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် | (အာရုံစုံစမ်းစိတ်) |

## အကုသလဝိပါက်စိတ် ၇–ပါး ဖြစ်ပုံ

အကျည်းတန်ရုပ်ဆိုးသူ, ကြည့်လို့မကောင်းသော မြင်ကွင်း (အနိဋ္ဌာရုံ)ကို တွေ့မြင်ရသောအခါ စက္ခုဝိညာဏ်စိတ် ဖြစ်သည်။ ဆူညံသောအသံ, မိမိအကြောင်း မကောင်းပြောသံ, ဆဲဆိုသံ, ငေါက်ငန်းသံ ကြားရသောအခါ သောတဝိညာဏ်စိတ် ဖြစ်သည်။ အပုပ်နံ့, ကျင်ကြီးကျင်ငယ်နံ့ ရသောအခါ ဃာန ဝိညဏ်စိတ် ဖြစ်သည်။ ကျင်ကြီးကို စားသောအခါ, အပုပ်ကောင်ကို စားသောအခါ, အသိုးအပုပ်အစာကို စားသောအခါ ဇိဝှါဝိညာဏ်စိတ် ဖြစ်သည်။ သွားကိုက်သောအခါ, ခေါင်းကိုက်သောအခါ, ညောင်းညာကိုက်ခဲ သောအခါ, ဗိုက်နာသောအခါ, အချမ်းအပူဒဏ် ခံရသောအခါ စသည့် ခန္ဓာကိုယ် သက်တောင့်သက်သာ မဖြစ်သောအခါတို့၌ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် ဖြစ်သည်။ မကောင်းသော အနိဋ္ဌာရုံများကို လက်ခံ သောအခါ သမ္ပဋိစ္ဆိုန်းစိတ်, စုံစမ်းသောအခါ သန္တီရဏစိတ် ဖြစ်သည်။

## (က) ကုသလဝိပါက်စိတ် ၈-ပါး

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် (မြင်သိစိတ်)
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် (ကြားသိစိတ်)
၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် (နံသိစိတ်)
၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ် (အရသာသိစိတ်)
၅။ သုခသဟဂုတ် ကာယဝိညာဏ်စိတ် (ထိသိစိတ်)
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်း (အာရုံလက်ခံစိတ်)
၇။ သောမနဿသဟဂုတ် သန္တီရဏစိတ် (အာရုံစုံစမ်းစိတ်)
၈။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (အာရုံစုံစမ်းစိတ်)

## ကုသလဝိပါက်စိတ် ၈-ပါး ဖြစ်ပုံ

လှပသောရှုခင်း, ချောမောလှပသူ, ကြည်ညိုဘွယ်ရာ ဘုရား ရဟန္တာ စသည်တို့ကို မြင်တွေ့ရာ၌ စက္ခုဝိညာဏ်စိတ် ဖြစ်သည်။ တရားနာရသောအခါ, သာယာကြည်နူးစရာ တေးဂီတသံ သီချင်းသံ ကြားရသောအခါ, မိမိကို ချီးကျူးပြောဆိုသော သတင်းသံ ကြားရသောအခါ သောတဝိညာဏ်စိတ် ဖြစ်သည်။ ပန်းရနံ့ ရေမွှေးနံ့ စားကောင်းသောက်ဖွယ်အနံ့ကို ရသောအခါ ဃာနဝိညာဏ်စိတ် ဖြစ်သည်။ စားကောင်းသောက်ဖွယ် ကြက်သားဟင်း ဝက်သားဟင်းစသည်ကို စားရသောအခါ ဇိဝှါဝိညာဏ်စိတ် ဖြစ်သည်။ ကျန်းမာချမ်းသာစွာ နေရသောအခါ, အအေးအပူ မျှတသောအခါ, နူးညံ့သောအဝတ်, နူးညံ့သော ဖိနပ် ဝတ်ဆင်ရသောအခါ သုခသဟဂုတ် ကာယဝိညာဏ်စိတ်ဖြစ်သည်။ အရည်အသွေးကောင်းသော အာရုံ (ဣဋ္ဌာရုံ)ကို လက်ခံ ရသောအခါ သမ္ပဋိစ္ဆိုန်းစိတ်, အရည်အသွေး သာမန်ကောင်းသော အာရုံ (ဣဋ္ဌာရုံ) ကို စုံစမ်းရသောအခါ ဥပေက္ခာသန္တီရဏစိတ်, အရည်အသွေး အလွန်ကောင်းသော အာရုံ (အတိဣဋ္ဌာရုံ)ကို စုံစမ်းရသောအခါ သောမနဿသဟဂုတ် သန္တီရဏစိတ် ဖြစ်သည်။

## (ဂ) ကြိယာစိတ် ၃-ပါး

၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်
၂။ ဥပေက္ခာသဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်
၃။ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်

**ပဉ္စဒွါရာဝဇ္ဇန်း**။ မျက်စိပေါက် နားပေါက် နှာခေါင်းပေါက် လျှာပေါက် ကိုယ်ပေါက် ဟူသော အပေါက်ငါးခု မှ ရောက်လာသောအာရုံ(အဆင်း အသံ အနံ့ အရသာ အတွေ့ အာရုံ)ကို ဆင်ခြင်သော (အစဆုံးသိသော) စိတ်ကို ပဉ္စဒွါရာဝဇ္ဇန်းဟု ခေါ်သည်။

(ပဉ္စ–၅၊ ဒွါရ–အပေါက်၊အာဝဇ္ဇန–ဆင်ခြင်ခြင်း, အစဆုံးသိခြင်း )

**မနောဒွါရာဝဇ္ဇန်း**။ စိတ်၌ ပေါ်လာသော တွေးစရာ ကြံစည်စိတ်ကူးစရာကို ဆင်ခြင်သော (အစဆုံးသိသော) စိတ်ကို မနောဒွါရာဝဇ္ဇန်းစိတ်ဟု ခေါ်သည်။ (ဤစိတ်ကို ပဉ္စဒွါရဝီထိ၌ ဇော၏အာရုံကို သုံးသပ်ဆင်ခြင်သောကြောင့် ဝုဋ္ဌောဟု ခေါ်သည်)

**ဟသိတုပ္ပါဒ**။ ပြုံးရယ်မှုကို ဖြစ်စေသောစိတ်ကို ဟသိတုပ္ပါဒ်ဟုခေါ်သည်။ ဤစိတ်သည် ဘုရားရဟန္တာများ သန္တာန်၌သာ ဖြစ်သည်။ (ဟသိတ–ပြုံးရယ်ခြင်း၊ ဥပ္ပါဒ–ဖြစ်ခြင်း)

## အဟိတ်စိတ် ၁၈–ပါးနှင့် ဆိုင်ရာ သိမှတ်ဖွယ်ရာများ

### စက္ခုဝိညာဏ်စသည် ဥပေက္ခာဖြစ်ရကြောင်း

စက္ခုဝိညာဏ်ဒွေးစသော ဝိညာဏ်ရှစ်ပါး၏ အာရုံသည် ရူပ သဒ္ဒ ဂန္ဓ ရသာရုံများ ဖြစ်ရကား ရုပ် ၂၈–ပါးတွင် မဟာဘုတ်ကြီးများကိုမှီသော ဥပါဒါရုပ်ကလေးများသာတည်း။ မှီရာဝတ္ထုရုပ်ကလည်း စက္ခု သောတ ဃာန ဇိဝှါဟူသော ဥပါဒါရုပ်ကလေးများပင်တည်း။ ရူပါရုံနှင့် စက္ခုပသာဒ ထိခိုက်ရာဝယ် ဥပါဒါရုပ်ခြင်း တိုက်သည်ဖြစ်၍ မပြင်းထန်ပဲ ညင်ညင်သာသာ ရှိ၏။ ဝါဂွမ်းဆိုင်ကလေးနှစ်ခု ထိခိုက်ပုံကဲ့သို့တည်း။ ဤသို့ အာရုံဝတ္ထု ထိခိုက်မှုက ညင်သာသည့်အတွက် ဣဋ္ဌာရုံဖြစ်စေ အနိဋ္ဌာရုံဖြစ်စေ အရသာမထင်ရှားလှချေ။ ထို့ကြောင့် စက္ခုဝိညာဏ်ဒွေးစသော ဝိညာဏ်ရှစ်ပါး၌ အာရုံအရသာကို လွန်စွာခံစားတတ်သော သုခဒုက္ခဝေဒနာမယှဉ်ဘဲ ဥပေက္ခာသာယှဉ်ရသည်။

### ကာယဝိညာဏ်စိတ် သုခ, ဒုက္ခ ဖြစ်ရကြောင်း

ကာယဝိညာဏ်၏ အာရုံဖြစ်သော ဖောဋ္ဌဗ္ဗာရုံကား ပထဝီ, တေဇော, ဝါယောဟူသော မဟာဘုတ်ကြီး သုံးပါးတည်း။ မှီရာဝတ္ထုမှာ ကာယဝတ္ထုဟူသော ဥပါဒါရုပ်ကလေးပင် ဖြစ်သည်။ အင်အားကြီးမားသော ဖောဋ္ဌဗ္ဗာရုံမဟာဘုတ်ကြီးများက ကာယဝတ္ထုကို ထိခိုက်သောအခါ ကာယဝတ္ထုတွင် အချိန်မရပ်ဘဲ ကာယဝတ္ထု၏မှီရာ မဟာဘုတ်ကိုလဲ ထိခိုက်မိပြန်သည်။ သံတုံးပေါ် ဝါဂွမ်းဆိုင်တင်၍ သံတူဖြင့် နှက်သော

အခါ ဝါဂွန်းတွင်မရပ်ဘဲ အောက်ခံသံတုံးကို ထိသကဲ့သို့ မဟာဘုတ်ခြင်း ထိလေရာ ထိခိုက်ချက် အားကြီး၍ အရသာထင်ရှားရကား အနိဋ္ဌာရုံနှင့်တွေ့လျှင်ဒုက္ခ, ဣဋ္ဌာရုံနှင့်တွေ့လျှင်သုခ ဖြစ်ရလေသည်။

## ဒုက္ခသဟဂုတ် ကာယဝိညာဏ်

ဒုက္ခသည် ခန္ဓာကိုယ်၌ဖြစ်သောဒုက္ခ၊ စိတ်၌ဖြစ်သောဒုက္ခဟု နှစ်မျိုးရှိ၏။ ဤနေရာ၌ ခန္ဓာကိုယ်မှာ ထိခိုက်ဒဏ်ရာရသောအခါ ခံစားတတ်သော ကာယိကဒုက္ခကို ဆိုလိုသည်။ ကာယဝိညာဏ်စိတ်သည် ကာယိကဒုက္ခဝေဒနာနှင့် တွဲဖြစ်သည်ကို ဒုက္ခသဟဂုတ် ကာယဝိညာဏ် ဟု ဆိုသည်။ (ဒေါသမူဒွေး၌ဖြစ်သော ဒေါမနဿဝေဒနာသည် စိတ်၌ဖြစ်သောဒုက္ခ (စေတသိကဒုက္ခ) ဖြစ်သည်။

**သမ္ပဋိစ္ဆန်းစသည်အကြောင်း**။ ပဉ္စဝိညာဉ်သည် စက္ခုဝတ္ထုစသည်ကို မှီ၏၊ သမ္ပဋိစ္ဆိုန်းကား ဟဒယဝတ္ထုကို မှီ၏၊ ပဉ္စဝိညာဏ်က သမ္ပဋိစ္ဆိုန်းအား အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏။ ထို့ကြောင့် မှီရာမတူသော ပဉ္စဝိညာဏ်၏ ကျေးဇူးအပြုကိုခံရသော သမ္ပဋိစ္ဆိုန်းသည် မှီရာတူသောစိတ်၏ ကျေးဇူးပြုမှုကို ခံရသလောက် အားမရှိချေ၊ ဥပမာ–သဘောမတူသူ အထံမှ အကူအညီရသူသည် သဘောတူသူ အထံမှ အကူအညီရသလောက် အားမရှိသကဲ့သို့တည်း၊ ထို့ကြောင့် သမ္ပဋိစ္ဆိုန်းသည် ဥပေက္ခာဝေဒနာနှင့် ယှဉ်ရသည်။

**သန္တီရဏသုံးပါး**သည် သမ္ပဋိစ္ဆိုန်းကဲ့သို့ ယဒယဝတ္ထုကို မှီ၍ သမ္ပဋိစ္ဆိုန်း၏ အခြားမဲ့၌ဖြစ်၏၊ သဘောတူသူအထံမှ အကူအညီရသကဲ့သို့ ဟဒယဝတ္ထုကို အမှီချင်းတူသော သမ္ပဋိစ္ဆိုန်းမှ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံရသဖြင့် အားရှိကြပေသည်။ ထို့ကြောင့်**ကုသလဝိပါက်**အရာဝယ် ဣဋ္ဌမဇ္ဈတ္တာရုံနှင့်တွေ့ကြုံရာ၌ ဥပေက္ခာဝေဒနာနှင့်ယှဉ်၍ အတိဣဋ္ဌာရုံနှင့် တွေ့ကြုံရာ၌ သောမနဿဝေဒနာနှင့်ယှဉ်ရသည်။

**အကုသလဝိပါက်**အရာ၌ကား ထင်လာသောအာရုံသည် အနိဋ္ဌာရုံသာ ဖြစ်သည်။ ထိုအနိဋ္ဌာရုံ၌ သောမနဿဝေဒနာကား လုံးဝဖြစ်ခွင့်မရှိ၊ ဒုက္ခဒေါမနဿအတွက်သာ စဉ်းစားဖွယ်ရှိ၏။ ထိုတွင် ဒုက္ခဝေဒနာဟူသည် ကာယိကဒုက္ခတစ်မျိုးသာရှိရကား ကာယဝိညာဉ်နှင့်သာ အမြဲယှဉ်ရိုးတည်း၊ ဒေါမနဿဝေဒနာလည်း ဒေါသနှင့်ကင်း၍ ဖြစ်ခြင်းမရှိ၊ ဒေါသမှန်လျှင်လည်း ဇကန် အကုသိုလ်ဇောတည်း၊ အကုသိုလ်ဇာတ်ဖြစ်သော ဒေါသနှင့် အဗျာကတဇာတ်ဖြစ်သော သန္တီရဏတို့ကား လုံးဝမတွဲစပ်သင့်ချေ၊ ဒေါသနှင့်မစပ်သင့်လျှင် ဒေါသနှင့် မခွဲနိုင်မခွါရက်သော ဒေါမနဿဝေဒနာကလည်း ယှဉ်နိုင်မည်မဟုတ်၊ ဤသို့လျှင် ဒုက္ခဒေါမနဿဝေဒနာတို့နှင့် ယှဉ်ဘို့ရန် အဆင်မသင့်သော ကြောင့် အနိဋ္ဌမဇ္ဈတ္တာရုံ၌ဖြစ်စေ, အတိအနိဋ္ဌာရုံ၌ဖြစ်စေ ဥပေက္ခာဝေဒနာနှင့် ယှဉ်ရတော့သည်။

**ပဋိဃဒွါရာဝဇ္ဇန်းစိတ်**သည် မှီရာတူသော ဘဝင်စိတ်မှ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခံရခြင်းကြောင့် စိုးစဉ်း အနည်းငယ် အားရှိ၏၊ သို့သော်–ထင်လာသောအာရုံသစ်ကို ဘဝင်၏အခြားမဲ့၌ ရှေးဦးစွာ ထွက်၍ယူရခြင်း ထိုသို့ယူရာ၌ တကြိမ်မျှသာ ဖြစ်ခွင့်ရခြင်းတို့ကြောင့် အာရုံ၏အရသာကို ကျနစွာ မခံစားလိုက်ရပေ၊ ဥပမာ–မည်သည့်ကိစ္စမဆို ရှေးဦးစွာ တစ်ကြိမ်မျှ ဆောင်ရွက်ရခြင်းသည် မကျန, မလေးနက် ပေါ့ပျက်ပျက် ရှိသကဲ့သို့တည်း။ ထို့ပြင် မိမိနောက်၌ ဖြစ်လေ့ရှိသော ပဉ္စဝိညာဉ်များက မိမိနှင့်မှီရာမတူချေ၊ ထိုသို့ မှီရာမတူသောစိတ်အား ကျေးဇူးပြုရသလောက် မသက်သာလှပေ၊ ဥပမာ–အတူနေမဟုတ်သူအား ကြီးပွား အောင် စောင့်ရှောက်ရခြင်းသည် အတူနေအား စောင့်ရှောက်ရသလောက် မလွယ်ကူသကဲ့သို့တည်း။ ဤသို့လျှင် (၁) အာရုံသစ်ကို ရှေးဦးစွာယူရခြင်း၊ (၂) ထိုသို့ယူရာ၌ တကြိမ်မျှသာ ဖြစ်ခွင့်ရခြင်း၊ (၃) မှီရာမတူသော နောက်ဝိညာဉ်အား ကျေးဇူးပြုခြင်း ဤသုံးမျိုးကြောင့် အာရုံအရသာကို ကျနစွာ မခံစားနိုင်ရကား ပဉ္စဒွါရာဝဇ္ဇန်း၌ ဥပေက္ခာသာယှဉ်ရသည်။

**မနောဒွါရာဝဇ္ဇန်းစိတ်**လည်း ပဉ္စဒွါရာဝဇ္ဇန်းကဲ့သို့ အာရုံသစ်ကို ရှေးဦးစွာယူရ၏၊ ထို့ပြင် မိမိတို့နှင့် အစဉ်မတူသော ဇောအစဉ်ဖြစ်ဘို့ရန် ကျေးဇူးပြုရသည့်အတွက် တမင်္ဂလာ ဗျာပါရများသကဲ့သို့ ရှိရလေသည်။ ပရိတ္တာရုံဝီထိဝယ် ဝုဋ္ဌောကိစ္စ တပ်ခိုက်မှာလည်း အစဉ်မတူသော ဘဝင်အစဉ်ကို ဖြစ်စေရပြန်သည်။ ထို့ကြောင့် ကိစ္စတစ်ခု၌ ဗျာပါရများနေသောအခါ မည်သည့်အရသာကိုမျှ ကျနစွာမယူနိုင်၊ ဤသို့လျှင် အာရုံသစ်ကို ရှေးဦးစွာယူရခြင်း ဗျာပါရများသကဲ့သို့ ဖြစ်ရခြင်းတို့ကြောင့် ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်ရသည်။

သမ္ပယုတ်အဖြစ်ကိုမှတ်သားသော ဒိဋ္ဌိ ပဋိဃ ဝိစိကိစ္ဆာ ဉာဏ်ဟူသောစေတသိက်တို့နှင့် မယှဉ်ရ ကား အဟိတ်စိတ် **၁၈ပါးလုံးဝိပ္ပယုတ်ချည်း**သာဟု ပြောရိုးရှိသည်။ စိတ်ဖြစ်ဘို့ရန် အကြောင်းများပြည့်စုံလျှင် တိုက်တွန်းဘွယ်မလိုသောကြောင့် **အဟိတ်စိတ် ၁၈ပါးလုံး အသင်္ခါရိက**ဟု ပြောရိုးရှိသည်။

♣ ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်းသည် ပုထုဇဉ်သန္တာန်၌ ဖြစ်သော်လည်း အာသေဝနပစ္စည်း မတတ် သောကြောင့် ပန်းအမြုံသည် အသီးမဖြစ်သကဲ့သို့ အကျိုးမပေး။ (သစ္စသင်္ခေပ ၄ နိဿယ ၆၉)

**ဟသိတုပ္ပါဒ်စိတ်** ။ ပြုံးရွှင်ခြင်းကို ဖြစ်စေတတ်၍ ဟသိတုပ္ပါဒ်စိတ်ဟု ခေါ်၏။ လောဘမူစိတ်တို့သည်လည်း ပြုံးရယ်ခြင်းကို ဖြစ်စေတတ်၏။ သို့သော် **ပြုံးရယ်ခြင်းကိစ္စအပြင် အခြားသော ကိုယ်မှု နှုတ်မှုများ ကိုလည်း ဖြစ်စေတတ်သောကြောင့်** ဟသိတုပ္ပါဒ်အမည်မရ။ ဟသိတုပ္ပါဒ်သည် ဘုရား၊ ရဟန္တာ အရှင်မြတ်တို့၌သာ ဖြစ်သောကြောင့် ဤစိတ်အရ မျက်စိပွင့်ရုံပြုံးခြင်းနှင့် သွားအနည်းငယ် ပေါ်ရုံပြုံးခြင်းကိုသာ ယူပါ။ အသံထွက်အောင် ရယ်ခြင်း၊ ပခုံးဦးခေါင်းလှုပ်အောင်ရယ်ခြင်း၊ မျက်ရည်ထွက်အောင် ရယ်ခြင်း၊ လက်ခြေအင်္ဂါပစ်လွှဲ၍ ရယ်ခြင်းတို့ကို မယူရ။ (သဋ္ဌိပ္ပဘာသာဋီကာ ၅၁–၆၂)

## ဟသိတုပ္ပါဒ်စိတ်နှင့်စပ်၍ မှတ်သားဖွယ်

ဟသိတုပ္ပါဒ်စိတ်သည် ပုထုဇဉ် သေက္ခတို့နှင့် မဆက်ဆံသော ရဟန္တာအရှင်မြတ်တို့၌သာ ဖြစ်သော စိတ်ဖြစ်သည်။ ဤစိတ်သည် ခြောက်ဒွါရလုံး၌ ဖြစ်နိုင်သည်။

**စက္ခုဒွါရ၌ဖြစ်ပုံ**–ကမ္ဘဋ္ဌာန်းအားထုတ်ဖို့ သင့်လျော်သောနေရာကို မြင်ရသောအခါ၌ ဤစိတ်ဖြင့် ပြုံးသည်။

**သောတဒွါရ၌ဖြစ်ပုံ**–သံဃိကပစ္စည်း "ဝေပေးရာ၌ တပည့်တော်အတွက်ပေးပါ၊ ဆရာအတွက်ပေးပါ" စသည်ဖြင့်ကျယ်လောင်စွာပြောသံကို ကြားရသောအခါ "ငါသည် ပစ္စည်း၌တက်မက်သော လောဘကို ပယ်ပြီးပြီ"ဟု သိပြီး ဤစိတ်ဖြင့်ပြုံးသည်။

**ဃာနဒွါရ၌ဖြစ်ပုံ**–အမွှေးနံ့သာတို့ဖြင့်လည်းကောင်း, ပန်းတို့ဖြင့်လည်းကောင်း စေတီကို ပူဇော်ရာ၌ ဤစိတ်ဖြင့် ပြုံးတော်မူသည်။

**ဇိဝှါဒွါရ၌ဖြစ်ပုံ**–ကောင်းမွန်သောဆွမ်းကိုရ၍ အတူနေရဟန်းတို့အား ခွဲဝေလှူဒါန်း၍ ဘုန်းပေးရာအခါ၌ "အသက်ထက်ဆုံးအောင့်မေ့အပ်သော သာရဏီယဝတ်ကို ကျင့်ရပေပြီ"ဟုတွေး၍ ဤစိတ်ဖြင့် ပြုံးသည်။

**ကာယဒွါရ၌ဖြစ်ပုံ**–ဘုရားရှင် ညွှန်ကြားသော ဆရာ့ဝတ်ကို လိုက်နာသည့်အနေဖြင့် မျက်နှာသစ်ရေ သွား တိုက်တံ စသည်ကို ဆက်ကပ်ရသောအခါ " ငါသည် ဆရာ့ဝတ်ကို ကျင့်ရပေပြီ"ဟု သိပြီး ဤ စိတ်ဖြင့် ပြုံးသည်။

**မနောဒွါရ၌ဖြစ်ပုံ**–အလောင်းတော်ဘဝ ဖြည့်ကျင့်ခဲ့သောပါရမီတို့ကို ဆင်ခြင်၍ဘုရားရှင်ပြုံးတော်မူရာ၌ လည်းကောင်း, နောင်အနာဂတ်၌ ပစ္စေကဗုဒ္ဓါဖြစ်မည့်သူကို တွေ့မြင်ရာအခါ၌လည်းကောင်း ဤစိတ်ဖြင့် ပြုံးသည်။

## ဤနေရာ၌ စဉ်းစားဖွယ်

ဖော်ပြပါ သဘောတရားများအရ ဘုရားရှင်သည် ဉာဏသမ္ပယုတ်မဟုတ်သော ဟသိတုပ္ပါဒ်စိတ်ဖြင့် ပြုံးလျှင် ပြုံးမှုကာယကံ ပြုရာ၌ ဉာဏ်မပါဘဲ ပြုလုပ်သည်ဟု ဆိုရာရောက်၏။ ထို့သို့ဖြစ်လျှင် ဘုရားရှင်၏ ကာယကံ ဝစီကံ မနောကံ သုံးပါးသည် ဉာဏ်တော်ရှေ့သွားရှိ၏ ဟူသော စကားသည် မှားရာသည်။ သို့သော် ဤကဲ့သို့ မမှတ်သင့်ပါ။

ရဟန္တာသည် ပဉ္စဒွါရနှင့် အာရုံထိတွေ့ရာ၌ ဟသိတုပ္ပါဒ်စိတ်ဖြင့် ဝမ်းမြောက်ရုံ သောမနဿဖြစ်ရုံမျှသာ ဖြစ်နိုင်သည်။ မပြုံးနိုင်သေး။ **ပြုံးခြင်းဝိညတ်ကို ပဉ္စဒွါရိက ဟသိတုပ္ပါဒ်ဇောစိတ်က မဖြစ်စေ**နိုင်။ **မနောဒွါရိက ဟသိတုပ္ပါဒ်ဇောစိတ်ကသာ ပြုံးရွှင်စေ**သည်။ သို့သော် ဤဟသိတုပ္ပါဒ်ဇောသည် အတိတ်ကို သိသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, အနာဂတ်ကိုသိသော အနာဂတံသဉာဏ် စသည်တို့ဖြစ်ပြီးမှသာ နောက် ကလိုက်၍ ဖြစ်ရသောကြောင့် ဗုဒ္ဓ၏ပြုံးတော်မူခြင်းသည် ဉာဏ်တော်ရှေ့သွားရှိသည်ဟု ယူသင့်ပေသည်။

(နိဗ္ဗာနဂေါမိနီပဋိပဒါကျမ်းမှ ကောက်နုတ်ချက်)

## ကာမသောဘနစိတ် ၂၄–ပါး

(က) မဟာကုသိုလ်စိတ် ၈–ပါး
(ခ) မဟာဝိပါက်စိတ် ၈–ပါး
(ဂ) မဟာကြိယာစိတ် ၈–ပါး

### (က) မဟာကုသိုလ်စိတ် ၈–ပါး

| | | | |
|---|---|---|---|
| ၁။ | သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိကစိတ် |
| ၂။ | သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | သသင်္ခါရိကစိတ် |
| ၃။ | သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | အသင်္ခါရိကစိတ် |
| ၄။ | သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | သသင်္ခါရိကစိတ် |
| ၅။ | ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိကစိတ် |
| ၆။ | ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | သသင်္ခါရိကစိတ် |
| ၇။ | ဥပေက္ခာသဟဂုတ် | ဉာဏဝိပ္ပယုတ် | အသင်္ခါရိကစိတ် |
| ၈။ | ဥပေက္ခာသဟဂုတ် | ဉာဏဝိပ္ပယုတ် | သသင်္ခါရိကစိတ် |

### စကားလုံးရှင်းလင်းချက်

သောမနဿသဟဂုတ်, ဥပေက္ခာသဟဂုတ်, အသင်္ခါရိက, သသင်္ခါရိက တို့၏ အဓိပ္ပါယ်ကို အကုသိုလ်စိတ်က ရှင်းပြချက်အတိုင်းသာ မှတ်ပါ။ ကံ နှင့် ကံ၏အကျိုးကို နားလည်သည့်ဉာဏ် ပါသည့် စိတ်ကို 'ဉာဏသမ္ပယုတ်'ဟု ခေါ်သည်။ ကံ နှင့် ကံ၏အကျိုးကို နားလည်သည့်ဉာဏ် မပါသည့် စိတ် ကို 'ဉာဏဝိပ္ပယုတ်'ဟု ခေါ်သည်။ (ဉာဏ–ဉာဏ်၊ သမ္ပယုတ်–ပါရှိခြင်း၊ ဝိပ္ပယုတ်–မပါရှိခြင်း)

### မဟာကုသိုလ်စိတ် ၈–ပါး ဖြစ်ပုံ

အပါယ်လေးဘုံသား, ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်များ **ဒုစရိုက်မှ ရှောင်ကြဉ်သောအခါ, ပုညကြိယာဝတ္ထု ၁၀–ပါး ပြုကျင့်အားထုတ်သောအခါ** မဟာကုသိုလ်စိတ် ၈–ပါးဖြစ်သည်။ ဥပမာ–ဒါန၏အကျိုးကို နားလည်၍ စိတ်အားထက်ထက်သန်သန် ဝမ်းပန်းတသာ ဘုရားဆင်းတုအား ဆွမ်းတော်တင်ရာတွင် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဖြစ်သည်။ ဒါန၏အကျိုးကို နားလည်၍ ဝမ်းပန်းတသာဖြစ်သော်လည်း စိတ်အားမထက်သန်ပဲ ဘုရားဆင်းတုအား ဆွမ်းတော်တင်ရာတွင်

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ဖြစ်သည်။

## ဩကာသဆိုလျှင် ရနိုင်သည့်ကုသိုလ်စိတ်ပေါင်း

ဩကာသစာပိုဒ်၏ အက္ခရာတစ်လုံးတစ်လုံး ရွတ်ဆိုစဉ်မှာပင် "လျှပ်တစ်ပြက်တွင်၊ စိတ္တက္ခဏော၊ အပေါင်းရေ၊ ကုဋေတစ်သိန်း"ဟူသောအတိုင်း ရွတ်ဆိုဝန်ချ တောင်းပန်သောသူ၌ မဟာကုသိုလ်ဇောတို့ ကုဋေကုဋာ ဖြစ်ရှိလေသည်။ (မင်းကွန်းဆရာတော် ဩကာသအဓိပ္ပာယ်ရှင်းတမ်း နှာ ၄)

## ကုသလကမ္မပထ (သို့မဟုတ်) သုစရိုက် ၁၀–ပါး

ဒုစရိုက် ၁၀ပါးမှ ရှောင်ကြဉ်ခြင်းကို 'သုစရိုက်'ဟုခေါ်သည်။ 'ကုသလကမ္မပထ'ဟုလည်း ခေါ်သည်။

### ကာယကံ ၃–ပါး

၁။ ပါဏာတိပါတဝိရတိ–ပါဏာတိပါမှ ရှောင်ကြဉ်ခြင်း
၂။ အဒိန္နာဒါနဝိရတိ–အဒိန္နာဒါနမှ ရှောင်ကြဉ်ခြင်း
၃။ ကာမေသုမိစ္ဆာစာရဝိရတိ– ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း

### ဝစီကံ ၄–ပါး

၁။ မုသာဝါဒဝိရတိ–မုသာဝါဒမှ ရှောင်ကြဉ်ခြင်း
၂။ ပိသုဏဝါစာဝိရတိ–ပိသုဏဝါစာမှ ရှောင်ကြဉ်ခြင်း
၃။ ဖရုသဝါစာဝိရတိ–ဖရုသဝါစာမှ ရှောင်ကြဉ်ခြင်း
၄။ သမ္ဖပ္ပလာပဝိရတိ–သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ခြင်း

### မနောကံ ၃–ပါး

၁။ အနဘိဇ္ဈာ–အဘိဇ္ဈာမဖြစ်အောင် စောင့်စည်းခြင်း (အလောဘ)
၂။ အဗျာပါဒ–ဗျာပါဒမဖြစ်အောင် စောင့်စည်းခြင်း (အဒေါသ)
၃။ သမ္မာဒိဋ္ဌိ–အယူမှန်ခြင်း (အမောဟ=ပညာ)

## ပုညကြိယဝတ္ထု ၁၀ ပါး
(ကောင်းသောအကျိုး၏တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ်)

**ဒါန**။ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းကို ဒါနဟုခေါ်သည်။ ဒါနက စေတနာဒါန ဝတ္ထုဒါန ဟု နှစ်မျိုးရှိသည်။ ပေးလှူကြောင်း ဖြစ်သော စေတနာကို စေတနာဒါန၊ ပေးလှူစရာပစ္စည်းကို ဝတ္ထုဒါနဟုခေါ်သည်။ ဒါနစေတနာသည် ပုဗ္ဗစေတနာ မုဉ္စစေတနာ အပရစေတနာဟု သုံးမျိုးရှိ၏၊ ထိုတွင် လှူဒါန်းပေးကမ်းမည်ဟု ကြံစည်သည်မှစ၍, လှူဘွယ်ဝတ္ထုမရှိသေးလျှင် လှူဘွယ်ဝတ္ထု ရှာဖွေစုဆောင်းသည်မှစ၍ မစွန့်လွှတ်မလှူဒါန်းမီ ရှေးအဖို့၌ ဒါနနှင့်ဆက်သွယ်၍ သိန်းသန်းကုဋေမက ဖြစ်ဖြစ်သမျှ စေတနာတွေသည် ပုဗ္ဗစေတနာမည်၏။ စွန့်လွှတ်လှူဒါန်းဆဲ (ဒေမိ–လှူပါ၏ ဟု လျှောက်တုန်း, ဆက်ကပ် ပေးကမ်းနေတုန်း) အခိုက်မှာဖြစ်သော စေတနာတွေသည် မုဉ္စစေတနာမည်၏၊ စွန့်ကြဲပေးကမ်းလှူဒါန်းပြီးနောက် ထိုဒါနကို သတိရတိုင်း ဝမ်းသာအားရဖြစ်သော စေတနာသည် အပရစေတနာမည်၏။ (ဘာဋီ)

ပုဗ္ဗစေတနာ အပရစေတနာတို့သည်အားကြီးသော ဗလဝပစ္စည်းကို ရကုန်မှသာလျှင် ပဋိသန္ဓေကျိုးကို ပေးနိုင်ကုန်၏။ ဗလဝပစ္စည်းကို မရကုန်လျှင် ပဋိသန္ဓေကျိုးကို မပေးနိုင်ကုန်။ (သံခိပ်ဋီကာ)

**သီလ**။ သီလစောင့်ထိန်းသည့် ကုသိုလ်စေတနာ။ လူတွေအတွက် ငါးပါးသီလ၊ ကိုရင်တွေအတွက် ကိုရင်သီလ၊ ရဟန်းတော်တွေ အတွက် ရဟန်းသီလ၊ စောင့်ထိန်းနေသည့်အခါ သီလကုသိုလ်စေတနာတွေ ဖြစ်နေတယ်။

**ဘာဝနာ**။ တရားအားထုတ်တဲ့ကုသိုလ်။ သမထဘာဝနာ ဝိပဿနာဘာဝနာ ဆိုပြီး နှစ်မျိုးရှိတယ်။ စိတ်စင်ကြယ်သန့်ရှင်းအောင် စိတ်တည်ငြိမ်အေးချမ်းအောင် သတ္တဝါတွေ ကျန်းမာကြပါစေ ချမ်းသာကြပါစေလို့ မေတ္တာပွားများလျှင် သမထဘာဝနာ၊ ဘုရားရှင်ရဲ့ အရဟံ အစ ဘဂဝါ အဆုံးရှိတဲ့ ဂုဏ်တွေကို အာရုံပြုနေလျှင် သမထဘာဝနာကုသိုလ် ဖြစ်နေသည်။ ဝိပဿနာဘာဝနာဆိုတာက မမြဲခြင်းအနိစ္စသဘော, ဆင်းရဲခြင်းဒုက္ခသဘော, အစိုးမရခြင်း အနတ္တသဘောတွေကို သိမြင်လာအောင် မြင်စိတ်ကြားစိတ်တွေ ပေါ်လာတိုင်းပေါ်လာတိုင်း သိအောင်လုပ်နေခြင်းဖြစ်သည်၊ မြင်တယ်ကြားတယ် ထိုင်တယ်ထိတယ်လို့ မှတ်သိ, သိနေခြင်းဖြစ်သည်။ အဲဒီလို ဘာဝနာတွေ ပွားများနေရင် ပွားများသလောက် ကုသိုလ်စေတနာတွေ ထပ်ခါထပ်ခါ ဖြစ်နေသည်။

**အပစာယန**။ အရိုအသေပေးတဲ့ကုသိုလ်။ ရဟန်းသံဃာ မိဘ ဆရာသမား အသက်သိက္ခာ ဂုဏ်ဝါကြီးမားတဲ့ ပုဂ္ဂိုလ်တွေကို လာဘ်လာဘ မမျှော်ကိုးပဲ ခရီးဦးကြိုဆိုမှုပြုတဲ့အခါ ရှိခိုးဝတ်ချတဲ့အခါ အပစာယနကုသိုလ်ဖြစ်နေသည်။

**ဝေယျာဝစ္စ**။ ရဟန်းသံဃာ မိဘ ဆရာသမား အသက်သိက္ခာ ဂုဏ်ဝါကြီးမားတဲ့ ပုဂ္ဂိုလ်, ဂိလာန သီတင်းသုံးဘော် သူငယ်ချင်းတွေရဲ့ အပြစ်ကင်းတဲ့ကိစ္စတွေကို ကူညီဆောင်ရွက်ပေးတဲ့အခါ ဝေယျာဝစ္စ ကုသိုလ်စေတနာတွေ ဖြစ်နေသည်။

**ပတ္တိဒါန**။ ရဟန်းသံဃာတော်ကို ဆွမ်းကပ်ပြီးတဲ့အခါ ဘုရားရှိခိုးပြီးတဲ့အခါ ဘုရားကို ရေကပ်ပန်းကပ် ဆီးမီးကပ် စသည့် ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပြီးတဲ့အခါ ကိုယ်ရတဲ့ကုသိုလ်ကို တစ်ယောက်ယောက်ကိုပဲဖြစ်ဖြစ် သတ္တဝါအားလုံးကိုပဲ ဖြစ်ဖြစ် ကိုယ်နဲ့ထပ်တူညီမျှ ရပါစေဆိုတဲ့စိတ်နဲ့ အမျှဝေတဲ့အခါ ပတ္တိဒါန ကုသိုလ်ဖြစ်နေသည်။

ဤသို့ မိမိ၏ကုသိုလ်အဘို့ကို အမျှပေးဝေမှုကြောင့် မူလကုသိုလ်ရှင်မှာ ကုသိုလ်ရှော့သွားသည်မဟုတ်၊ ဖယောင်းတိုင်တတိုင်ကို မီးထွန်းထားရာ၌ အခြားဖယောင်းတိုင်များဖြင့် မီးကူးယူသော်လည်း မူလ ဖယောင်းတိုင်မှာ မီးအချိန်မလျော့သည့်ပြင် နောက်ထပ် အရောင်အလင်းအကူအညီရသဖြင့် ပို၍လင်းသကဲ့သို့ ထို့အတူ မူလကုသိုလ်ရှင်မှာလည်း ကုသိုလ်အရှိန် မလျော့သည့်ပြင် ပတ္တိဒါနကုသိုလ်ပင် အပိုရသေး၏။

**ပတ္တာနုမောဒန**။ သူတပါးတွေက ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှဝေတဲ့အခါ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရင် ပတ္တာနုမောဒနကုသိုလ်ရတယ်။ ဤ၌ ဥဒ္ဒိဿကပတ္တိ=ပြိတ္တာဖြစ်နေသူ တစုံတယောက်ကို သီးခြားရည်စူး၍ ပေးအပ်သော အဖို့၊ အနုဒ္ဒိဿကပတ္တိ=တစုံတယောက်အတွက် မဟုတ်ပဲ သတ္တဝါအများကို ပေးအပ်သော အဖို့ဟု နှစ်မျိုးရှိ၏။ ဘုရားရှင် ပွင့်တော်မူခါစ၌ ဗိမ္ဗိသာရမင်း၏ ဆွေမျိုးဟောင်း ပြိတ္တာတို့ သည် ဗိမ္ဗိသာရမင်း၏ ကုသိုလ်ကို သာဓုခေါ်မည်ဟု မျှော်လင့် နေကြရာ ပထမအကြိမ် ဝေဠုဝန်ကျောင်း ရေစက်ချပွဲမှာ အမျှမဝေမိ၍ သာဓု မခေါ်ရသဖြင့် ညဉ့်ကာလ၌ ကိုယ်ထင်ပြကြလေသည်။ နံနက်လင်း၍ ဘုရားရှင်အား လျှောက်ရာ ပြိတ္တာတို့၏ဖြစ်ပုံကို ဟောတော်မူသောကြောင့် ဒုတိယတဖန် ဆွမ်းစသည်ကိုလှူ၍ အမျှပေးဝေမှ သာဓုခေါ်ကြရသတဲ့၊ အနုဒ္ဒိဿကပတ္တိကို သာဓုခေါ်ရာ၌ ဒိဋ္ဌဓမ္မ(လက်ငင်း)အကျိုးပေးသော ဝတ္ထုသာဓကေ မတွေ့ပါ၊ ကုသိုလ်ရှင်က အမျှမပေးအပ်ပဲ သာဓုခေါ်ရသော အနုမောဒနကုသိုလ်များလည်း အနုဒ္ဒိဿကပတ္တိကို သာဓုခေါ်သော ပတ္တာနုမောဒနနှင့် အကျိုးပေး ကွာခြားလှမည် မထင်။ (ဘာဋီ)

သူတပါးတို့ကအမျှမဝေပဲ မိမိကအလိုလို ဝမ်းမြာက်မှုသည် ဥဒ္ဒိဿကပတ္တိ အနုဒ္ဒိဿကပတ္တိ ဟူသော ပတ္တိထဲတွင်မပါဝင်၍ ပတ္တာနုမောဒနမဟုတ်။ (ပေးပို့အပ်, ရောစေအပ်သောကြောင့် ပတ္တိမည်၏။ ဝမ်းမြာက်သော သူတပါးတို့ ရသင့်ရထိုက်သော ကုသိုလ်အဘို့သည် ဤအရာ၌ ပတ္တိမည်၏။) (သံခိပ်ဋီကာ)

**ဓမ္မဿဝန**။ "အင်မတန် တရားနာလေ့ရှိတယ်၊ အလွန်သူတော်ကောင်းတာပဲ"စသည်ဖြင့် သူတပါးတို့ ချီးမွမ်းခြင်းကို မတောင့်တဘဲ အသိအလိမ္မာ တိုးပွားစေလို တဆင့်ဟောပြောလိုသော စိတ်ဖြင့် တရားနာရင် ဓမ္မဿဝနကုသိုလ်ရသည်။

**ဓမ္မဒေသနာ**။ လာဘ သက္ကာရ ယသ သိလောကတို့ကို မတောင့်တဘဲ သတ္တဝါများ၏ စီပွားချမ်းသာအလို့ငှါ တကယ်ဖြူစင်တဲ့စေတနာနဲ့ ဟောပြမှုသည် ဓမ္မဒေသနာကုသိုလ်မည်၏။ လှူဘွယ်ပစ္စည်းကို **လာဘ**၊ ဒကာဒကာမတွေက ရိုသေလေးမြတ်မှုကို **သက္ကာရ**၊ အခြွေအရံကို **ယသ**၊ အကျော်အစော ဂုဏ်သတင်းနာမည်ကြီးခြင်းကို **သိလောက**ဟု ခေါ်သည်။ အဲဒါတွေကို မမျှော်ဘဲ တရားဟောရင် စာသင်ပေးရင် ဓမ္မဒေသနာကုသိုလ်ရ၏။ အပြစ်ကင်းတဲ့ လက်မှုပညာ နှုတ်မှုပညာတွေ သင်ပေးရင်လည်း ကုသိုလ်ဖြစ်နေသည်။

**ဒိဋ္ဌိဇုကမ္မ**။ ကံနှင့် ကံ၏အကျိုးကို ယုံကြည်ခြင်းသည် ဒိဋ္ဌိဇုကမ္မမည်၏။ "ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ၊ ပစ္စည်းဥစ္စာတို့မှာ ကိုယ်ပိုင်ဥစ္စာမဟုတ်၊ ဘဝတပါးပြောင်းသွားရတဲ့အခါ ကိုယ်ပြုထားတဲ့ကံသာ ကိုယ်နောက်အစဉ်အဆက် လိုက်ပါမှာပဲ"လို့ စဉ်းစားမိတိုင်း ဒိဋ္ဌိဇုကမ္မကုသိုလ်ဖြစ်နေ၏။ ဒီ ဒိဋ္ဌိဇုကမ္မနဲ့ ကုသိုလ်ပြုရင် တနည်းပြောရရင် ကံနဲ့ ကံ၏အကျိုးကို ယုံကြည်ပြီး ကုသိုလ်ကောင်းမှုလုပ်ရင် ပိုပြီး ကုသိုလ်ရသည်။ ဉာဏသမ္ပယုတ်ကုသိုလ်ရသည်။

## ကုသိုလ် / အကုသိုလ်၏ အကြောင်းရင်း ဟိတ် ၆–ပါးကို ကြောင်းကျိုးဆက်ပြခြင်း

အလောဘ, အဒေါသ, အမောဟတို့တွင် အလောဘသည် မစ္ဆေရအညစ်အကြေး၏ ဆန့်ကျင်ဘက်ဖြစ်သည်၊ အဒေါသသည် ဒုဿီလ အညစ်အကြေး၏ ဆန့်ကျင်ဘက်ဖြစ်သည်၊ (များစွာသော သီလပျက်မှုများသည် ဒေါသကို အရင်းခံလျက် ရှိတတ်၏၊ လောဘပြင်းထန်သော အဒိန္နာဒါနသော်မှ ဥစ္စာရှင်ကို မုန်းသော ဒေါသအရင်းခံလျက် ရှိတတ်သေး၏) အမောဟသည် ကုသိုလ်ကို ပိတ်ဆို့တတ်သော မောဟ (နီဝရဏ) ၏ ဆန့်ကျင်ဘက်ဖြစ်သည်၊

အလောဘသည် ဒါန၏ အကြောင်းတည်း၊ အဒေါသသည် သီလ၏ အကြောင်းတည်း၊ အမောဟသည် ဘာဝနာ၏ အကြောင်းတည်း။

လောဘကြီးသူသည် အပိုအလွန်ကို ယူတတ်၏၊ အလောဘသည် အပိုအလွန်ကို မယူ၊ (မိမိနှင့်စပ်သော ဂုဏ်မရှိသူအပေါ်၌ ဂုဏ်ရှိသလို ပြောဆိုခြင်းသည် အပိုအလွန်ယူခြင်းမည်၏) ဒေါသကြီးသူသည် လျော့၍ ယူတတ်၏၊ အဒေါသသည် လျော့မယူတတ်၊ (မိမိမုန်းသူ၌ ရှိနေသောဂုဏ်ကို ချေဖျက်၍ ဂုဏ်မရှိဟု ပြောဆိုခြင်းသည် လျော့၍ ယူခြင်းမည်၏) မောဟသည် ဖောက်ဖောက်ပြန်ပြန် ယူတတ်၏၊ အမောဟ(ပညာ)သည် မဖောက်မပြန်ယူတတ်၏။

အလောဘသည် အပြစ်ကို ဝန်ခံတတ်၏၊ လောဘသည် အပြစ်ကိုဖုံး၏။ အဒေါသသည် ဂုဏ်ကျေးဇူးကို အသိအမှတ်ပြု၏၊ ဒေါသသည် ဂုဏ်ကျေးဇူးကို ချေဖျက်တတ်၏၊ အမောဟသည် အမှန်အတိုင်း သိ၏၊ မောဟသည် အမှားကို သိ၏။

လောဘသည် ချစ်ခြင်းသဘောရှိ၍ အလောဘကြောင့် ချစ်သူနှင့် ကွေကွင်းရခြင်း ဒုက္ခမဖြစ်၊ ဒေါသသည် သီးမခံနိုင်ခြင်းသဘောရှိ၍ အဒေါသကြောင့် မုန်းသူနှင့် တွဲနေရခြင်းဒုက္ခ မဖြစ်၊ မောဟသည် တွေဝေခြင်းသဘောရှိ၍ အမောဟကြောင့် လိုချင်တာကို မရခြင်းဒုက္ခ မဖြစ်။ မှန်၏– အိုခြင်းသဘောတရားကို မလွန်ဆန်နိုင်ဟု သိလျှင် မအိုပါစေနဲ့ဟု တောင့်တမှုမဖြစ်၊ ထိုသို့မဖြစ်၍ အလိုမပြည့်သည့် ဒုက္ခလည်း မဖြစ်တော့။

လောဘကြောင့် ဇာတိဒုက္ခဖြစ်၏၊ အလောဘကြောင့် ဇာတိ ဒုက္ခမဖြစ်တော့၊ ဒေါသကြောင့် ဇရာဒုက္ခဖြစ်၏၊ အဒေါသကြောင့် ဇရာဒုက္ခမဖြစ်။ မှန်၏–ဒေါသအားကြီးသူသည် ပို၍ အိုလွယ်၏။ မောဟကြောင့် မရဏဒုက္ခဖြစ်၏၊ အမောဟကြောင့် မရဏဒုက္ခမဖြစ်၊ မှန်၏–တွေတွေဝေဝေ သေရလျှင် ဆင်းရဲ၏။

အလောဘသည် လူတို့အတွက် ချမ်းချမ်းသာသာ ပေါင်းသင်းရကြောင်း ဖြစ်သည်၊ မှန်၏–အလောဘကြောင့် လယ်ယာစသည်အတွက် ငြင်းခုံခြင်း မဖြစ်။ အမောဟသည် ရဟန်းတို့အတွက် ချမ်းချမ်းသာသာ ပေါင်းသင်းရကြောင်း ဖြစ်သည်၊ မှန်၏–အမောဟကြောင့် အယူဝါဒအတွက် ငြင်းခုံခြင်း မဖြစ်။ အဒေါသသည် ရဟန်းရှင်လူတို့၏ ချမ်းချမ်းသာသာ ပေါင်းသင်းရကြောင်း ဖြစ်သည်။

လောဘကြောင့် ဥစ္စာစသည်၌ တက်မက်မှုဖြစ်၍ ပြိတ္တာဖြစ်ရသည်၊ အလောဘကြောင့် ပြိတ္တာမဖြစ်ရ။ ဒေါသကြောင့် ကြမ်းတမ်းသဖြင့် ကြမ်းတမ်းသည့် သဘောရှိသော ငရဲ၌ ဖြစ်ရသည်။ အဒေါသကြောင့် ငရဲ၌ မဖြစ်ရ။ မောဟကြောင့် တွေဝေသဖြင့် တိရိစ္ဆာန်၌ ဖြစ်ရ၏၊ အမောဟကြောင့် တိရိစ္ဆာန်မဖြစ်ရ။

လောဘကြောင့် ရာဂဖြင့် မိတ်ဆွေဖွဲ့၏၊ အလောဘကြောင့် ထိုသို့ မဖြစ်။ ဒေါသကြောင့် မတဲ့သည့်အခါ ကွဲပြန်၏၊ အဒေါသကြောင့် ထိုသို့ မဖြစ်။ မောဟကြောင့် လျစ်လျူ မရှုနိုင်သည့်အတွက် ဒေါသဖြင့် မုန်း၏, လောဘဖြင့် ချစ်၏၊ အမောဟကြောင့် ချစ်ခြင်းမုန်းခြင်း မဖြစ်။

အလောဘကြောင့် ကျန်းမာ၏၊ မှန်၏–လောဘမကြီးသူသည် မသင့်တော်သော ဥတု အိပ်ရာနေရာ အာဟာရ စသည်ကို မမှီဝဲ။ အဒေါသကြောင့် နုပျို၏၊ မှန်၏–ဒေါသသည် အရေတွန့်ခြင်း ဆံဖြူခြင်းကို ဖြစ်စေတတ်သည်။ အမောဟကြောင့် အသက်ရှည်၏၊ မှန်၏–ပညာရှိသူသည် အစီးအပွားမဲ့ကို ရှောင်၍ မိမိ အစီးအပွားကိုသာ မှီဝဲ၏။ (အသက် ဉာဏ်စောင့်–ဟူလို)

အလောဘကြောင့် စီးပွါးချမ်းသာ ရ၏၊ မှန်၏–လောဘမကြီးသူသည် လှူ၏၊ အဒေါသကြောင့် မိတ်ဆွေ ပြည့်စုံ၏၊ မှန်၏–ဒေါသကြီးရင် မိတ်ဆွေမရ, ရပြီးမိတ်ဆွေနှင့်လည်း ကွဲတတ်သည်။ အမောဟကြောင့် မိမိကိုယ်ကို ပြည့်စုံစေသည်၊ မှန်၏–ပညာရှိသူသည် အစီးအပွားမဲ့ကို ရှောင်၍ မိမိ အစီးအပွားကိုသာ

မီဝဲ၏။ (အရာအားလုံးအတွက် လုပ်သင့် မလုပ်သင့် ချင့်ချိန်နိုင်လျှင် အရာရာ အဆင်ပြေနိုင်သည်)
(အဋ္ဌသာလိနီအဋ္ဌကထာ ၁၇၀–၁၇၃ ၁၉၉–၂၀၀၊ ဘာဋီ ဒု ၃၁၆–၃၂၀)

ကုသိုလ်ပြုစဉ် လောဘ ခြံရံလျှင် လောဘကြီးသူဖြစ်တတ်သည်၊ ကုသိုလ်ပြုစဉ် ဒေါသခြံရံလျှင် ဒေါသ ကြီးသူဖြစ်တတ်သည်၊ ကုသိုလ်ပြုစဉ် မောဟခြံရံလျှင် မောဟကြီးသူဖြစ်တတ်သည်။ လောဘဒေါသ ခြံရံလျှင် လောဘဒေါသကြီးသူ၊ လောဘ မောဟ ခြံရံလျှင် လောမောဟကြီးသူ၊ ဒေါသမောဟ ခြံရံလျှင် ဒေါသမောဟကြီးသူ ဖြစ်တတ်သည်။ လောဘကြီးလျှင် အလောဘအားနည်း၏၊ ဒေါသကြီးလျှင် အဒေါသအားနည်း၏၊ မောဟကြီးလျှင် အမောဟ (ပညာ) အားနည်း၏။
(အဋ္ဌသာလိနီအဋ္ဌကထာ ၃၀၈–၃၀၉၊ ဘာဋီ တ ၂၉၁–၂၉၃)

## မဟာကုသိုလ်စိတ် ၈–ပါးဖြစ်ပုံ

ကျောင်းတိုက် အစွန်အဖျားမှာနေသော အချို့ ရဟန်းတို့သည် စေတီရင်ပြင်ကို တံမျက်လှည်းချိန်, ဆရာတော်ကို ဆည်းကပ်ရာအချိန်, တရားနာရန်အချိန် ရောက်သည့်အခါ "သွားရမှာ အဝေးကြီး၊ မသွားတော့ပါဘူး"ဟု စဉ်းစားပြီးမှ "ရဟန်းဆိုတာ စေတီကို တံမျက်လှည်းဖို့ ဆရာတော်ထံသွားဖို့ တရားနာဖို့ မသွားရင် မကောင်းဘူး"ဟု တဖန်စဉ်းစားပြီး ပြုလုပ်ဆောင်ရွက်လျှင် ဒုတိယ မဟာကုသိုလ်စိတ် ဖြစ်သည်။
ကလေးငယ်တို့ ရဟန်းတော်ကို မြင်သည့်အခါ "ဤရဟန်းသည် ငါတို့၏ ရဟန်း"ဟု နှလုံးသွင်း၍ ရှိခိုးသည်အခါ စသည်တို့၌ တတိယ မဟာကုသိုလ်စိတ် ဖြစ်သည်။
မိဘတို့က ကလေးငယ်တို့၏ ဦးခေါင်းကို ကိုင်နှိပ်၍ စေတီတော် ရဟန်းတော်စသည်တို့ကို ဝတ်ချစေရာ အခါတို့၌ ကလေးငယ်တို့သည် ပင်ကိုယ်က ရှိမခိုးလိုသော်လည်း ရှိခိုးသည့်အခါ အားရဝမ်းသာ ရှိခိုးရာ၌ စတုတ္ထ မဟာကုသိုလ်စိတ် ဖြစ်သည်။
(အဋ္ဌသာလိနီအဋ္ဌကထာ ၁၉၉–၂၀၀၊ ဘာဋီ ဒု ၄၂၆–၄၃၂)

## မဟာကုသိုလ်၏ အကျိုးအာနိသင် အစဉ်

ဥပေက္ခာသဟဂုတ်ထက် သောမနဿသဟဂုတ်၊ ဉာဏဝိပ္ပယုတ်ထက် ဉာဏသမ္ပယုတ်၊ သသင်္ခါရိကထက် အသင်္ခါရိကစိတ်ကသာလျှင် မဟပ္ဖလ မဟာနိသံသ ဖြစ်သောကြောင့် ထိုစိတ်ရှစ်ခုတွင် အဋ္ဌမစိတ်ထက် သတ္တမစိတ်၊ ဆဋ္ဌမစိတ်ထက် ပဉ္စမစိတ်၊ စတုတ္ထစိတ်ထက် တတိယစိတ်၊ ဒုတိယ စိတ်ထက် ပထမစိတ်က ပို၍ အကျိုးကြီးမားလေသည်။
(အဘိဓမ္မတ္ထသရူပဒီပက ၁၄၆)

## မဟာကုသိုလ်စိတ်ဖြစ်ပုံ

ပေးလှူအံ့ဟု ကြံစည်ရာအခါ, ပေးလှူဆဲအခါ, ပေးလှူပြီးပြီဟု ကြံစည်ရာအခါတို့၌ မဟာကုသိုလ်စိတ် ရှစ်ပါးတွင် တပါးပါးဖြစ်၏။ သီလကိုဖြည့်ကျင့်အံ့ဟု ကြံစည်ရာအခါ, ဖြည့်ကျင့်ဆဲအခါ, ဖြည့်ကျင့်ပြီးပြီဟု ဆင်ခြင်ရာ အခါတို့၌ လည်းကောင်း၊ တရားအားထုတ်အံ့ဟု ကြံစည်ရာအခါ, အားထုတ်ဆဲအခါ, အားထုတ်ပြီးပြီဟု ကြံစည်ရာအခါတို့၌လည်းကောင်း၊ အရိုအသေပြုအံ့ဟု ကြံစည်ရာအခါ, ပြုဆဲအခါ, ပြုပြီးပြီဟု ကြံစည်ရာအခါတို့၌လည်းကောင်း၊ ဝေယျာဝစ္စပြုအံ့ဟု ကြံစည်ရာအခါ, ပြုဆဲအခါ, ပြုပြီးပြီဟု ကြံစည်ရာအခါတို့၌လည်းကောင်း၊ အမျှဝေအံ့ဟုကြံစည်ရာအခါ, အမျှဝေဆဲအခါ, အမျှဝေပြီးပြီဟု ကြံစည်ရာအခါတို့၌လည်းကောင်း၊ သာဓုခေါ်အံ့ဟုကြံစည်ရာအခါ, သာဓုခေါ်ဆဲအခါ, သာဓုခေါ်ပြီးပြီဟု ကြံစည်ရာ အခါတို့၌လည်းကောင်း တရားကိုဟောအံ့ဟုကြံစည်ရာအခါ, ဟောဆဲအခါ, ဟောပြီးပြီဟု ကြံစည်ရာအခါတို့၌လည်းကောင်း၊ တရားကိုနာအံ့ဟု ကြံစည်ရာအခါ, နာဆဲအခါ, နာပြီးပြီဟု ကြံစည်ရာအခါတို့၌လည်းကောင်း မဟာကုသိုလ်စိတ် ရှစ်ပါးတွင် တပါးပါးဖြစ်၏။ အယူကိုဖြောင့်အောင်ပြုအံ့ဟု ကြံစည်ရာအခါ၌ မဟာကုသိုလ်စိတ် ရှစ်ပါးတွင် တပါးပါးဖြစ်၏။ အယူကို ဖြောင့်အောင်ပြုဆဲအခါ၌ မဟာကုသိုလ်စိတ် ဉာဏသမ္ပယုတ်လေးပါးတွင် တပါးပါးဖြစ်၏။ အယူကို ဖြောင့်အောင် ပြုပြီးပြီဟု ကြံစည်ရာအခါ၌ မဟာကုသိုလ်စိတ် ရှစ်ပါးတွင် တပါးပါးဖြစ်၏။

(အဋ္ဌသာလိနီအဋ္ဌကထာ ၂၀၁–၂၀၄၊ ဘာဋီ ဒု ၄၃၃–၄၄၂၊ သစ္စြဟ်ဘာဋီ ၃၈၈–၃၉၇)

## အာရုံ ၆ ပါးနှင့် မဟာကုသိုလ်စိတ်ဖြစ်ပုံ

ကုသိုလ်စိတ်ဖြစ်တာဟာ အဆင်းကိုလည်း အာရုံပြုပြီးတော့ ဖြစ်တယ်။ မျက်စိနဲ့ စေတီတော်ကို မြင်ရရင် အဆင်းကို ရှေးဦးစွာ မြင်ရတာပဲ၊ မြင်ပြီးတော့ အဲဒီ အဆင်းကို ကြည်ညိုတဲ့ စိတ်ကလေးတွေ ဖြစ်သွားရင် အဲဒါဟာ ကုသိုလ်စိတ် ဖြစ်သွားတာပဲ၊ ရဟန်းသံဃာတော်တွေကို မြင်ရရင်လဲ ပထမတော့ အဆင်းကို မြင်ရတာပဲ မြင်ပြီးတော့မှ ကြည်ညိုစိတ်ဖြစ်တယ်၊ အဲဒါလဲပဲ ကုသိုလ်စိတ်ဖြစ်တာပဲ၊ လှူဒါန်းစရာ အာရုံဝတ္ထုပစ္စည်းကို ယူလာတဲ့အခါ အဲဒီဝတ္ထုပစ္စည်းကို လှလှပပ တင့်တင့်တယ်တယ် သက်န်းဖြစ်ဖြစ် ဘာဖြစ် ဖြစ်ပေါ့ အဆင်းကို အာရုံပြုပြီးတော့ ယူလာလို့ရှိရင် အဲဒါကို အာရုံပြုပြီး ကုသိုလ်စိတ်တွေ ဖြစ်နေတော့တာပဲ။

အသံကို အာရုံပြုပြီးတော့လဲ ကုသိုလ်စိတ်ဖြစ်တာလဲရှိတယ်၊ အဲဒါက အခုလိုတရားနာတဲ့အခါ ကာလမှာ အသံကို အာရုံပြုပြီး ဖြစ်တဲ့ကုသိုလ်စိတ်ပေါ့၊ အသံကို အကြောင်းပြုပြီး ကြေးစည်တို့ ခေါင်းလောင်းတို့စသည် ဒီလိုပစ္စည်းတွေကို လှူတတ်ကြတယ်၊ အခုခေတ်မှာတော့ အသံဖမ်းစက်တွေကို လှူကြတယ်၊ ဒါကတော့ တော်တော်နေရာကျတာပဲ၊ တရားတော်တွေကို အသံဖမ်းထားလိုက်လို့ရှိရင်

သင့်တော်တဲ့ နောင်အချိန်တွေမှာလဲ နားကြားနိုင်တာဖြစ်လို့ နေရာကျပါတယ်၊ အဲဒီ တရားသံတို့ ကြေးစည် ခေါင်းလောင်းသံတို့ အာရုံပြုပြီး ကြည်ညိုလိုက်ရင်လဲပဲ ကုသိုလ်စိတ်ဖြစ်တာပါပဲ။

အနံ့ကို အာရုံပြုပြီး ကုသိုလ်စိတ်ဖြစ်တာလဲ ရှိတာပဲ၊ ပန်းတို့ အမွှေးတိုင်တို့ကို အာရုံပြုပြီး ဖြစ်နိုင်ပါတယ်၊ စားသောက်ဖွယ် အရသာတွေကို စားသောက်ပြီး အဲဒီစားဖွယ်သောက်ဖွယ် အနံ့အရသာတွေကို လှူရတန်းရတဲ့အခါ ဒီလို အနံ့အရသာတွေကို အာရုံပြုပြီးတော့လဲ ကုသိုလ်စိတ်တွေ ဖြစ်နိုင်ကြသေးတယ်တဲ့၊ ဆွမ်းခဲဘွယ်ဘောဇဉ်တွေ ဒါတွေလဲ အနံ့အရသာတွေ ထင်ရှားပါတယ်၊ အနံ့ကို ဒီလို အာရုံပြုပြီး ကုသိုလ် ဖြစ်နိုင်တယ်။

အတွေ့အထိကို အာရုံပြုပြီး ကုသိုလ်စိတ်ဖြစ်နိုင်တယ်၊ ဘယ်လိုဟာလဲဆိုရင် အိပ်ရာခင်းတို့ ခေါင်းအုံးတို့ စသည် လှူတဲ့အခါ အတွေ့အထိနဲ့ စပ်ပြီးတော့ ကုသိုလ်ဖြစ်နိုင်တယ်၊ သဘောအာရုံဆိုတာက အသက်ရှည်ပါစေ အနာကင်းပါစေချမ်းသာပါစေ ဆိုတဲ့စေတနာနဲ့ လှူတဲ့အခါ အဲဒါကို အာရုံပြုပြီး ဓမ္မာရုံကုသိုလ်တွေ ဖြစ်နိုင်တယ်။ အဲဒီလို အာရုံခြောက်ပါး တပါးတပါးကို အာရုံပြုပြီး ကုသိုလ်ဖြစ်နိုင်ကြ တယ်တဲ့။ (အဋ္ဌသာလိနီအဋ္ဌကထာ ၁၉၉–၂၀၀၊ ဘာဋီ ဒု ၁၁၃–၁၁၆)

(မဟာစည်ဆရာတော်၏ အဘိဓမ္မာတရားတော်ကြီး ၆၆–၆၇)

## သောမနဿဖြစ်ခြင်းအကြောင်းများ

၁။ သဒ္ဓါတရားအားကြီးခြင်း ၂။ သမ္မာဒိဋ္ဌိဉာဏ်အမြင်နှင့်ပြည့်စုံခြင်း၊ (သဒ္ဓါမရှိသူ, မိစ္ဆာဒိဋ္ဌိရှိသူတို့သည် မြတ်စွာဘုရား၏ အဆင်းတော်အသံတော်တို့၌လည်း သောမနဿမဖြစ်) ၃။ အဝတ်,သင်္ကန်း,ပန်း,နံ့သာ,ဆွမ်း, အဖျော်စသော အလှူဝတ္ထုတို့ ကောင်းမွန်ခြင်း, တရားသဖြင့်ရသော လှူဘွယ်ဖြစ်ခြင်း ၄။ အလှူခံပုဂ္ဂိုလ် မြင့်မြတ်ခြင်း ၅။ ဆွမ်းခဲဘွယ်စသည် ရှားပါးသော အရပ်ဖြစ်ခြင်း ၆။ ဆွမ်းခဲဘွယ်စသည် ရှားပါးသော ကာလဖြစ်ခြင်း(ဆွမ်းစသည် ရှားပါးသော အရပ်ဒေသ ရှားပါးသော အခါကာလတို့၌ ပေးလှူရခြင်းသည် လှူလိုစိတ်အားကြီးသောကြောင့်အကျိုးကြီး၏၊ ဝမ်းမြောက်ဘွယ်လည်းဖြစ်၏) ၇။ အလှူကိစ္စကျွမ်းကျင်သော အဆွေခင်ပွန်းကောင်းရခြင်း ၈။ အလှူကိစ္စ၌တက်ကြွစွာဆောင်ရွက်ပေးသော အလုပ်အကျွေးရှိခြင်း ၉။ ဣဋ္ဌာရုံ ၁၀။ မနက်နဲသော စိတ်ထားရှိခြင်း ၁၁။ သောမနဿပဋိသန္ဓေ ၁၂။ ကုသိုလ်၏အကျိုးအာနိသင် မြင်ခြင်း ၁၃။ ဗုဒ္ဓါနုဿတိ ၁၄။ ဓမ္မာနုဿတိ ၁၅။ သံဃာနုဿတိ ၁၆။ သီလာနုဿတိ ၁၇။ စာဂါနုဿတိ ၁၈။ ဒေဝတာနုဿတိ ၁၉။ ဥပသမာနုဿတိ ၂၀။ ရှန့်ရင်းကြမ်းတမ်းသော ပုဂ္ဂိုလ်ကို ကြဉ်ရှောင် ခြင်း(ဒေါသများသူ) ၂၁။ နူးညံ့သူနှင့် ပေါင်းသင်းခြင်း(မေတ္တာများသူ) ၂၂။ ကြည်ညိုဘွယ်ဖြစ်စေသည့် တရားကို ဆင်ခြင်ခြင်း ၂၃။ ပီတိသမ္ဗောဇ္ဈင်၌ စွဲမြဲသက်ဝင်ခြင်း (ဥပေက္ခာသဘောကို ပြောင်းပြန်သဘောဖြင့် သိပါ)

(အဋ္ဌသာလိနီအဋ္ဌကထာ၁၁၇၊ ဘာဋီ ဒု ၁၁၄–၁၁၇)

## ဉာဏသမ္ပယုတ်ဖြစ်ခြင်းအကြောင်း

၁။ ပညာကိုဖြစ်စေတတ်သောကံ ၂။ သူတပါးအကျိုးစီးပွါးကို လိုလားတောင့်တသဖြင့် တရားဟောခြင်း ၃။ ဗေဒင် နက္ခတ် သင်္ချာ ဆေး ဘာသာစကား ပန်းချီ ပန်းပုစသည့် အသက်မွေးဝမ်းကြောင်း အတတ်ပညာများကို သင်ပေးခြင်း ၄။ ၄င်းတို့ကို သင်ယူခြင်း ၅။ဓမ္မကထိကကို ရိုသေလေးမြတ်စွာ တောင်းပန်၍ တရားဟောစေခြင်း ၆။ တရားနာခြင်း ၇။ကုသိုလ်ပြု၍ ပညာဆုတောင်းခြင်း ၈။ပညာကြီးမားသော ဘုရားစသောပုဂ္ဂိုလ်၏ ဂုဏ်ကို ချီးမွမ်းခြင်း ၉။ ဒေါသမှ ကင်းသော ဖြဟ္မာ့ပြည်၌ဖြစ်ခြင်း ၁၀။ ပညာဒသကအရွယ်ဖြစ်ခြင်း ၁၁။ ဘာဝနာကြောင့် ကိလေသာအဖြစ်နည်းခြင်း ၁၂။ ရတနာသုံးပါးဂုဏ် ကိုအောက်မေ့ခြင်း ၁၃။ တိဟိတ်ပဋိသန္ဓေဖြစ်ခြင်း ၁၄။ ပစ္စည်းဝတ္ထုသန့်စင်ခြင်း ၁၅။ သဒ္ဓါစသော ဣန္ဒြေတို့ ညီညွတ်ခြင်း ၁၆။ ပညာမဲ့ကို ရှောင်ခွါခြင်း ၁၇။ ပညာရှိကို ပေါင်းသင်းခြင်း ၁၈။ ပညာရှိနှင့် တရားစကား ဆွေးနွေးခြင်း ၁၉။ နက်နဲသောဉာဏ်ဖြင့် သိအပ်သော တရားကို ဆင်ခြင်ခြင်း ၂၀။ ဓမ္မဝိစယသမ္ဗောဇ္ဈင် စွဲမြဲခြင်း (ဉာဏဝိပ္ပယုတ်ဖြစ်ကြောင်းကို ပြောင်းပြန်သဘောဖြင့် သိပါ)

(အဋ္ဌသာလိနီအဋ္ဌကထာ ၁၁၈၊ ဘာဋီ ဒု ၁၁၉–၁၂၁၊မူလဋီကာနိဿယ ၅၆၄–၅၆၅)

### မဟာဝိပါက်စိတ်ဖြစ်ပုံ

| (ကုသလ)<br>**အကြောင်း** | (ဝိပါက)<br>**အကျိုး** |
|---|---|
| မဟာကုသိုလ်–၈ | မဟာဝိပါက်–၈ |
| ၁။ သော–ညသံ–အ | ၁။ သော–ညသံ–အ |
| ၂။ သော–ညသံ–သ | ၂။ သော–ညသံ–သ |
| ၃။ သော–ညဝိ–အ | ၃။ သော–ညဝိ–အ |
| ၄။ သော–ညဝိ–သ | ၄။ သော–ညဝိ–သ |
| ၅။ ဥ–ညသံ–အ | ၅။ ဥ–ညသံ–အ |
| ၆။ ဥ–ညသံ–သ | ၆။ ဥ–ညသံ–သ |
| ၇။ ဥ–ညဝိ–အ | ၇။ ဥ–ညဝိ–အ |
| ၈။ ဥ–ညဝိ–သ | ၈။ ဥ–ညဝိ–သ |

ဘဝ၏အစဆုံးစိတ်, ဘဝ၏နောက်ဆုံးစိတ် နှင့် အိပ်ပျော်နေစဉ်တွင် စဉ်ဆက်မပြတ် ဖြစ်ပေါ်နေသော ဘဝင်စိတ်များသည် ဤမဟာဝိပါက်စိတ်များဖြစ်ကြသည်။ ထို့ပြင် စိတ်အစဉ်တွင်ပါဝင်သော တဒါရုံစိတ်များလည်း ဤမဟာဝိပါက်စိတ်များဖြစ်ကြသည်။ ဤမဟာဝိပါက်စိတ်များသည် အကြောင်းမဲ့ပေါ်လာသည်မဟုတ်။ မဟာကုသိုလ်(ကံ)စိတ်များကြောင့် ပေါ်လာခြင်းဖြစ်သည်။

| မဟာကုသိုလ်စိတ် ၈–ပါး | မဟာဝိပါက်စိတ် ၈–ပါး | မဟာကြိယာစိတ် ၈–ပါး |
|---|---|---|
| ၁။ သော–ဉာသံ–အ | ၁။ သော–ဉာသံ–အ | ၁။ သော–ဉာသံ–အ |
| ၂။ သော–ဉာသံ–သ | ၂။ သော–ဉာသံ–သ | ၂။ သော–ဉာသံ–သ |
| ၃။ သော–ဉာဝိ–အ | ၃။ သော–ဉာဝိ–အ | ၃။ သော–ဉာဝိ–အ |
| ၄။ သော–ဉာဝိ–သ | ၄။ သော–ဉာဝိ–သ | ၄။ သော–ဉာဝိ–သ |
| ၅။ ဉ–ဉာသံ–အ | ၅။ ဉ–ဉာသံ–အ | ၅။ ဉ–ဉာသံ–အ |
| ၆။ ဉ–ဉာသံ–သ | ၆။ ဉ–ဉာသံ–သ | ၆။ ဉ–ဉာသံ–သ |
| ၇။ ဉ–ဉာဝိ–အ | ၇။ ဉ–ဉာဝိ–အ | ၇။ ဉ–ဉာဝိ–အ |
| ၈။ ဉ–ဉာဝိ–သ | ၈။ ဉ–ဉာဝိ–သ | ၈။ ဉ–ဉာဝိ–သ |

## မဟာကြိယာစိတ် ၈–ပါး

ကုသိုလ်စိတ်ကဲ့သို့ အကျိုးမရသဖြင့်, ပြုသော်လည်း ပြုကာမတ္တ ပြုရုံသာဖြစ်သော စိတ်ကို "ကြိယာ" စိတ်ဟု ခေါ်သည်၊ ချဲ့ဦးအံ့–ရဟန္တာအရှင်တို့သည် ပုထုဇဉ် သေက္ခတို့ကဲ့သို့ ဒါနမှု သီလမှု ဘာဝနာမှုတို့ကို ပြုကြသေး၏၊ ထိုအမှုများကို တရားကိုကောက်လျှင် "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက" စသည်များပင်တည်း၊ ထိုစိတ်များသည် အဝိဇ္ဇာ တဏှာတည်းဟူသော အနုသယဓာတ် မကင်းသေးသော ပုထုဇဉ်သေက္ခတို့၏ သန္တာန်၌ ထိုအဝိဇ္ဇာက ဘဝအပြစ်ကို ဖုံး၍ တဏှာအစေးက ဘဝမပြတ်အောင် စေးကပ်ဖွဲ့စည်းမှုကြောင့် နောက်နောက်ဘဝ၌ ဆိုင်ရာအကျိုးများကို ပေးကြရ၏၊ ရဟန္တာအရှင်မြတ်တို့၏ သန္တာန်၌ကား ဖုံးပေးမည့် အဝိဇ္ဇာ ဖွဲ့စည်းပေးမည့် တဏှာ မရှိတော့သဖြင့် ထိုထိုဒါနသီလစသည်တို့ကို ပြုကြောင်းဖြစ်သော ထိုစိတ်များသည် အကျိုးမပေးကြတော့ပဲ ပြုကာမတ္တ ပြုရုံမျှသာဖြစ်ရကား "ကြိယာ" စိတ်ဟု အမည်ရကြပေသည်၊ ထို့ကြောင့်ပင် ကုသိုလ်နှင့် ကြိယာတို့သည် စိတ်သဘောအားဖြင့်လည်းကောင်း, အရေအတွက် သင်္ချာအားဖြင့်လည်းကောင်း အညီအမျှ ရှိကြရသည်။

## မဟာတပ်ပုံ

ဤကာမာဝစရကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့ကို အဘယ့်ကြောင့် မဟာကုသိုလ် မဟာဝိပါက် မဟာကြိယာ ဟု ခေါ်ပါလိမ့်မည်နည်းဟု စဉ်းစားဖွယ်ရှိ၏။ စဉ်းစားမိသည်ကား – မဟဂ္ဂုတ်လောကုတ္တရာ စိတ်တို့နှင့် ကုသိုလ်ချင်းပြိုင်လျှင် ဤကာမကုသိုလ်က အရေအတွက်အားဖြင့် များ၏။ ဝိပါက်ကြိယာချင်း ပြိုင်လျှင်လည်း ဤကာမစိတ်ကများ၏။ ထို့ကြောင့် အများအနက်ကိုဟောသော 'မဟာ'သဒ္ဒါ အထူးပြု၍ ဤမဟာကုသိုလ် မဟာဝိပါက် မဟာကြိယာဟု သုံးစွဲဟန်တူသည်ဟု စဉ်းစားမိပါသည်။ (သင်္ဂြိုဟ်ဘာဋီ)

## အဟိတ်ကြိယာ မဟာကြိယာ ကွာခြားချက်

မဟာကြိယာစိတ်သည် ရဟန္တာသန္တာန်မှာသာ ဖြစ်သည်။ အဟိတ်ကြိယာတွင် ပါရှိသည့် ပဉ္စဒွါရာဝဇ္ဇန်း နှင့် မနောဒွါရာဝဇ္ဇန်းစိတ်သည် ရဟန္တာသန္တာန်မှာရော ပုထုဇဉ်တို့၏ သန္တာန်မှာပါ ဖြစ်သည်။ မဟာကြိယာ စိတ်သည် အညှာမှ ကြွေကျပြီးသော သဘော်အမပွင့်နှင့် တူသည်။ အညှာမှ မကြွေသေးရင် အချိန်ကျက အပွင့်မှ အသီးဖြစ်နိုင်သည်။ အညှာမှ ကြွေပြီးရင်ကား အသီးမဖြစ်နိုင်တော့ပေ။ ရဟန္တာသည် ကောင်းသည့် အမှုပြုရာ၌ ကောင်းသည့်စိတ်ပင်ဖြစ်သည်။ ထိုကောင်းသည့်စိတ်သည် အဝိဇ္ဇာနှင့်တဏှာ၏ အထောက်အပံ့ မရသဖြင့် နောင်ဘဝသံသရာတွင် အကျိုးမပေးနိုင်တော့၍ (မဟာဝိပါက်စိတ်ကို မဖြစ်စေနိုင် တော့၍) ကုသိုလ်အမည်မရဘဲ ကြိယာအမည်ရလေသည်။ ပဉ္စဒွါရာဝဇ္ဇန်း နှင့် မနောဒွါရာဝဇ္ဇန်းစိတ်သည် သဘော်အဖိုပွင့်နှင့် တူသည်။ အဖိုပင်က အပွင့်ဖြစ်၍ သဘာဝအရပင် အသီးမဖြစ်နိုင်တော့ပေ။ ထို့အတူပင် ပဉ္စဒွါရာဝဇ္ဇန်း နှင့် မနောဒွါရာဝဇ္ဇန်းစိတ်သည် စိတ္တနိယာမ သဘောအရပင် ကြိယာဖြစ်နေသည်။ ပဉ္စဒွါရာဝဇ္ဇန်း နှင့် မနောဒွါရာဝဇ္ဇန်းစိတ်သည် အကျိုးစိတ်လည်းမဟုတ်။ စိတ္တနိယာမအရ ပေါ်လာခြင်းဖြစ်သည်။ ၎င်းတို့ကြောင့် နောင်ပေါ်လာမည့် စိတ်မရှိသဖြင့် အကြောင်းစိတ်လည်းမဟုတ်။ ထို့ကြောင့် ကြိယာစိတ်ဟု ခေါ်ရလေသည်။ အချုပ်အားဖြင့် အဟိတ်ကြိယာသည် သဘာဝကြိယာ ဖြစ်ပြီး၊ မဟာကြိယာသည် ပြုပြင်မှ ဖြစ်လာသော ကြိယာဖြစ်သည်ဟု မှတ်ပါ။ (မောဟဝိစ္ဆေဒနီကျမ်းမှ ကောက်နုတ်ချက်)

♣ မဟာကြိယာ ရူပကြိယာ အရူပကြိယာသည် မိမိနှင့်ကုသိုလ်နှင့် တူ၏။ ဖြတ်အပ်ပြီးသော သမုဒယ သစ္စာရှိသော ရဟန္တာသန္တာန်၌ဖြစ်သောကြောင့် ပြတ်သောနွယ်မှ အပွင့်သည် အသီးမသီးသကဲ့သို့ အကျိုးမပေး။ (သစ္စသင်္ခေပ ၄ နိဿယ ၆၉)

## ရူပါဝစရစိတ်

ဈာန်နှစ်မျိုး။ ။ ဤ ရူပဈာန် အရူပဈာန်သည် သမထာနုယောဂပဋ္ဌိလဒ္ဓဈာန်၊ မဂ္ဂသိဒ္ဓဈာန်ဟု နှစ်မျိုးရှိ၏။ ထိုတွင် သမထကမ္မဋ္ဌာန်းကို တမင်္လာအားထုတ်မှ ရအပ်သော ဈာန်သည် သမထာနုယောဂပဋ္ဌိလဒ္ဓဈာန် မည်၏။ ရှေးရှေးက "သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသူဖြစ်ရပါလို၏"ဟု ဆုတောင်းပြည့်သူသည် မဂ်ကို ရလျှင် လောကီဈာန်သမာပတ်များကိုလည်း အပြီးအစီးရနိုင်သည်။ ထိုဈာန်ကို မဂ္ဂသိဒ္ဓဈာန်ဟု ခေါ်သည်။

### ဈာန်အင်္ဂါတို့က နီဝရဏတို့ကို ပယ်သတ်ခြင်း

၁။ ဝိတက်သည် ထိနမိဒ္ဓကို ပယ်သတ်သည်။
၂။ ဝိစာရသည် ဝိစိကိစ္ဆာကို ပယ်သတ်သည်။
၃။ ပီတိသည် ဗျာပါဒကို ပယ်သတ်သည်။
၄။ သုခသည် ဥဒ္ဓစ္စ ကုက္ကုစ္စကို ပယ်သတ်သည်။
၅။ သမာဓိသည် ကာမစ္ဆန္ဒကို ပယ်သတ်သည်။

## ဈာန်ဟူသည်

အာရုံကို စူးစိုက်စွာ ရှုတတ်ခြင်း, ဆန့်ကျင်ဘက်တရား(နီဝရဏ)တို့ကို လောင်မြိုက်တတ်ခြင်းတို့ကြောင့် ဈာန်ဟု ခေါ်သည်၊ ဈာန်စိတ်တွင် စေတသိက်အများအပြား ပါဝင်သော်လည်း စူးစိုက်စွာရှုခြင်း, လောင်မြိုက်ခြင်းကိစ္စကို ဝိတက်စသည့် ၅–ပါးကသာ စွမ်းဆောင်နိုင်၍ ၎င်း ၅–ခုကိုသာ ဈာန်ဟု ခေါ်သည်၊ ထိနမိဒ္ဓသည် ထိုင်းမှိုင်းတွေဝေခြင်း သဘောရှိ၏၊ အကြံမဲ့သူ လူပြိန်းနှင့်တူ၏၊ ဝိတက်သည် အာရုံတခုသို့ရောက်အောင် တင်ပေး၏၊ အကြံသမားနှင့်တူ၏၊ ထိုသို့ ထိနမိဒ္ဓနှင့် ဝိတက်သည် ဆန့်ကျင်ဘက်ဖြစ်၍ ဝိတက်သည် ထိနမိဒ္ဓကို သတ်၏။ ဝိစိကိစ္ဆာသည် အာရုံတစ်ခု၌ ကောင်းစွာမတည် အလီလီ ယုံမှားတတ်သော သဘောရှိ၏၊ ဝိစိကိစ္ဆာနှိပ်စက်လျှင် ကမ္မဋ္ဌာန်းအာရုံ ပျောက်သွားနိုင်၏၊ ဝိစာရကား ရပြီးရောက်ပြီး အာရုံကို ထပ်ကာထပ်ကာ ယူခြင်းသဘောရှိ၏၊ ထိုသို့ ဝိစာရနှင့် ဝိစိကိစ္ဆာသည် ဆန့်ကျင်ဘက်ဖြစ်၍ ဝိစာရ,က ဝိစိကိစ္ဆာကို သတ်၏၊ ဗျာပါဒ(ဒေါသ)သည် အာရုံကို မနှစ်သက်ခြင်း သဘောရှိ၏၊ ဝိစာရက မည်မျှပင် အာရုံကို ထပ်ထပ်ယူသော်လည်း ဗျာပါဒနှောက်ယှက်က အာရုံကို ကြာရှည်စွာ ယူနိုင်မည်မဟုတ်၊ ပီတိကား အာရုံကို နှစ်သက်၏၊ ပီတိနှင့် ဗျာပါဒသည် ဆန့်ကျင်ဘက်ဖြစ်၍ ပီတိက ဗျာပါဒကို ပယ်သတ်၏၊ ဥဒ္ဓစ္စသည် မငြိမ်သက်ခြင်းသဘော, ကုက္ကုစ္စသည် ပူပန်ခြင်းသဘောရှိ၏၊ စိတ်အစဉ်က အာရုံကို နှစ်သက်အားရ ဖြစ်နေသော်လည်း ဥဒ္ဓစ္စ ကုက္ကုစ္စ နှောက်ယှက်လျှင် အာရုံကနေ ထွက်ခွာသွားနိုင်သည်၊ သုခကား အာရုံ၏အရသာကို ခံစားလျက် ငြိမ်သက်အေးမြခြင်း သဘောဖြစ်၍ သုခ,က ဥဒ္ဓစ္စ,ကုက္ကုစ္စကို ပယ်သတ်၏၊

ကာမစ္ဆန္ဒသည် ကာမဂုဏ်အာရုံကို တောင့်တတတ်၏၊ ကာမစ္ဆန္ဒက နှောက်ယှက်လျှင် ဝိတက်, ဝိစာရ, ပီတိ, သုခတို့ ခံနိုင်ကြမည်မဟုတ်၊ ကမ္မဋ္ဌာန်းအာရုံမှ ခွဲခွါပြီး ကာမဂုဏ်အာရုံတို့ကို ကြံစည်လိမ့်မည်၊ သမာဓိကား ကမ္မဋ္ဌာန်းအာရုံ၌ တည်တံ့ခြင်း သဘောရှိရကား ကာမစ္ဆန္ဒကို ပယ်ခွါလေသည်၊ဤသို့ သမာဓိ(ဧကဂ္ဂတာ) သည် ဝိတက် ဝိစာရ ပီတိ သုခတို့က အာရုံသို့ တင်ပေးမှု သုံးသပ်မှု နှစ်သက်မှု သာယာမှုတို့ဖြင့် ဝိုင်းဝန်းကူညီ ထောက်ပံ့ကြ၍ အာရုံ၌ စွဲစွဲမြဲမြဲတည်၍ ဈာန်ကိစ္စကို ပြုလုပ်နိုင်လေသည်။

**ရူပါဝစရစိတ် ၁၅-ပါး**

(က) ရူပါဝစရကုသိုလ်စိတ် ၅-ပါး
(ခ) ရူပါဝစရဝိပါက်စိတ် ၅-ပါး
(ဂ) ရူပါဝစရကြိယာစိတ် ၅-ပါး

## (က) ရူပါဝစရကုသိုလ်စိတ် ၅-ပါး

၁။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးနှင့် တကွဖြစ်သော ပထမဈာန်ကုသိုလ်စိတ်-၁
၂။ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄-ပါးနှင့် တကွဖြစ်သော ဒုတိယဈာန်ကုသိုလ်စိတ်-၁
၃။ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃-ပါးနှင့် တကွဖြစ်သော တတိယဈာန်ကုသိုလ်စိတ်-၁
၄။ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန်ကုသိုလ်စိတ်-၁
၅။ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန်ကုသိုလ်စိတ်-၁

(ဝိပါက်စိတ်နှင့်ကြိယာစိတ်ကို ရေတွက်ရာ၌ ကုသိုလ်စိတ်အစား ဝိပါက်စိတ်/ကြိယာစိတ်ဟု ပြောင်းလဲ ရေတွက်ရုံသာ ထူး၏။ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးနှင့် တကွဖြစ်သော ပထမဈာန်ဝိပါက်စိတ်-၁၊ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးနှင့် တကွဖြစ်သော ပထမဈာန်ကြိယာစိတ်-၁၊ စသည်ဖြင့် ရေတွက်ပါ)

### ပထဝီကသိုဏ်းဖြင့် ဈာန်ရအောင် အားထုတ်ပုံ

အရုဏ်ရောင်အဆင်းကဲ့သို့ မဝင်းလွန်းမဝါလွန်းသော နွံးမြေနုကို ရေဖြင့်ဖျော်ပြီး ပျဉ်ချပ်ပေါ်မှာ ဖြစ်စေ, သားရေပိုင်း, အဝတ်စသည်တို့ပေါ်မှာဖြစ်စေ, တထွာနှင့် လက်လေးသစ် ကျယ်ပြန့်ဝိုင်းစက်စွာ သုတ်လိမ်းပြီး ပတ်ပတ်လည်အနားကို မဲနယ်ဖြင့်ကွပ်၍ စည်မျက်နှာပြင်ကဲ့သို့ ချောမွေ့အောင် ကသိုဏ်းဝန်းကို ပြုလုပ်ပါ။

တရားထိုင်မည့် နေရာတွင် တံမြက်လှည်းပြီး သန့်ရှင်းရေးလုပ်ကာ မိမိထိုင်သည့်နေရာနှင့် နှစ်တောင့်ထွာ အကွာလောက်တွင် ကသိဏ်းဝန်းကို ထား၍ မှန်အပြင်၌ မျက်နှာရိပ်ကို ကြည့်သူပမာ မဖွင့်လွန်း မမှိတ်လွန်းပဲ ကသိဏ်းဝန်းကို ကြည့်ရမည်။ ထိုသို့ကြည့်ရာတွင် မြေ၏အရောင်ကိုလည်း နှလုံးမသွင်းရ၊ ပထဝီဓာတ်၏ မာခြင်းသဘောကိုလည်း နှလုံးမသွင်းရ။ မြေဒြပ်ကိုသာ နှလုံးသွင်း၍ မြန်မာလို "မြေ မြေ" ပါဠိလို "ပထဝီ ပထဝီ" ရံခါ နှုတ်ဖြင့်ရွတ်၍၎င်း, ရံခါ စိတ်ဖြင့်ဆင်ခြင်၍၎င်း, ရံခါ မျက်စိမှိတ်၍၎င်း, ရံခါမျက်စိ ဖွင့်၍၎င်း စိတ်ထဲ၌ ပုံရိပ်ထင်မြင်လာသည်အထိ ပွားများရမည်။ မျက်စိမှိတ်ပြီး ကသိဏ်းဝန်းကို အာရုံယူလိုက်လျှင် မျက်စိဖွင့်ပြီး ကြည့်လို့ မြင်ရသလိုမျိုး အာရုံ၌ ရှင်းရှင်းလင်းလင်း တွေ့ရလျှင် ကသိဏ်းဝန်းအနား နေပြီး ပွားများရန် မလိုတော့ပေ။ တိတ်ဆိတ်သည့် မည်သည့်နေရာမဆို နေပြီး စိတ်ထဲ၌ ပေါ်နေသော ကသိဏ်းဝန်းကို အာရုံပြုပြီး ပထဝီ ပထဝီဟု ဆက်လက် ပွားများရမည်။

ပျဉ်ချပ်, သားရေပြား, အဝတ် စသည်ပေါ်တွင် မြေဖြင့် ပြုလုပ်ထားသော ကသိဏ်းဝန်းကို ပရိကမ္မနိမိတ် ဟု ခေါ်သည်။ အပြင်က ကသိဏ်းဝန်းနှင့်ထပ်တူ စိတ်ထဲတွင်ပေါ်နေသော ကသိဏ်းဝန်းကို ဥဂ္ဂဟနိမိတ် ဟု ခေါ်သည်။ ဥဂ္ဂဟနိမိတ်ကို မှန်း၍ ပထဝီ ပထဝီ ဟု ပွားများဖန် များလသော် စိတ်ထဲ၌ ပေါ်နေသော ပုံရိပ်သည် အဆရာထောင်မက ပို၍ ကြည်လင်တောက်ပသော ပုံရိပ်အဖြစ်သို့ ပြောင်းလဲသွားလိမ့်မည်။ ထိုပုံရိပ်ကို ပဋိဘာဂနိမိတ် ဟု ခေါ်သည်။ ဥဂ္ဂဟနိမိတ်သည် လက်ဖြင့်လုပ်ထားသော ပျဉ်ချပ် ပေါ်ရှိ ကသိဏ်းဝန်းနှင့် ထပ်တူထပ်မျှဖြစ်သည်။ ပျဉ်ချပ်ပေါ်ရှိ ကသိဏ်းဝန်းက အစင်းချောင်း လက်ရာစသည် ပါနေလျှင် စိတ်ထဲရှိ ဥဂ္ဂဟနိမိတ် ပုံရိပ်၌လည်း အစင်းချောင်း လက်ရာပါနေမည်ဖြစ်သည်။ ပဋိဘာဂနိမိတ် အဆင့်သို့ ပြောင်းလဲသွားသည့် ပုံရိပ်၌ ထိုကဲ့သို့ အပြစ်အနာအဆာများ မရှိတော့ဘဲ အလွန်သန့်ရှင်း ချောမွေ့ပြီး တောက်ပနေမည် ဖြစ်ပါသည်။ ဤ ပဋိဘာဂနိမိတ်ပုံရိပ် ပေါ်လာရင် စိတ်အစဉ်၌ နီဝရဏများကင်းစင်လေပြီ။

ပဋိဘာဂနိမိတ် ကသိဏ်းဝန်းအာရုံ စတင်၍ ယူနိုင်အောင် ဝိတက်က လုပ်ပေးသည်။ ဝိတက်တင်ပေးသော ကသိဏ်းဝန်းအာရုံကို ဆက်တိုက်သိနေအောင် ဝိစာရ,က လုပ်ပေးသည်။ ကသိဏ်းဝန်းအာရုံကို သဘောကျနေ၍ ကသိဏ်းဝန်းအာရုံတွင် စိတ်က မြဲနေသည်။ ကသိဏ်းဝန်း အာရုံကို သဘောကျနေအောင် ပီတိ,က လုပ်ပေးသည်။ ကသိဏ်းဝန်းအာရုံကို သိနေရလျှင် စိတ်ချမ်းသာမှု ဖြစ်နေသည်။ စိတ်ချမ်းသာမှုရနေအောင် သုခ,က လုပ်ပေးထားသည်။ ဝိတက် ဝိစာရ ပီတိ သုခတို့၏ ပန့်ပိုးမှုကြောင့် စိတ်သည် ကသိဏ်းဝန်း၌ စွဲမြဲစွာ တည်တံ့ပြီး ဧကဂ္ဂတာ (သမာဓိ) ဖြစ်နေလေတော့သည်။ ဤသို့ဖြင့် နီဝရဏကင်းစင်ပြီး ဈာန်အင်္ဂါများပေါ်လာကာ မကြာမီမှာပင် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ပထမဈာန်စိတ်ပေါ်လာလေသည်။

ထိုပထမဈာန်စိတ်သည် ရဟန္တာမဟုတ်သူ သန္တာန်၌ ပေါ်လျှင် ကုသိုလ်ဈာန်ဖြစ်သည်။ ပထမဈာန် ကုသိုလ်ရှိသူ သေလျှင် ကပ်ရက်နောက်ဘဝ၌ ပထမဈာန်ဗြဟ္မာ့ဘုံ၌ ပထမဈာန်ဗြဟ္မာဖြစ်မည်။ ထိုဘုံ၌ အစဆုံးဖြစ်သော စိတ်သည် ပထမဈာန် ဝိပါက်စိတ်ဖြစ်သည်။ ပထမဈာန် ကုသိုလ်၏ အကျိုးစိတ်ဖြစ်သည်။ ပထမဈာန်စိတ်သည် ရဟန္တာသန္တာန်၌ ပထမဈာန်ရသည့်အနေဖြင့် အစဆုံးပေါ်သည့်အခါ သို့မဟုတ် ဈာန် ဝင်စားသည့်အနေဖြင့် ထပ်ကာထပ်ကာ ပေါ်သည့်အခါ ကြိယာဈာန်ဖြစ်လေသည်။ ဤသို့ဖြင့် ပထမ ဈာန်စိတ်သည် ကုသိုလ်တမျိုး ဝိပါက်တမျိုး ကြိယာတမျိုး အားဖြင့် သုံးမျိုးရှိသည်ဟု မှတ်ပါ။

## ဒုတိယဈာန်စသည်တက်ပုံ

ဒုတိယဈာန်သို့ တက်လိုသော ယောဂီသည် ရအပ်ပြီးသော ပထမဈာန်ကို ကျွမ်းကျင်အဆင့်သို့ ရောက်အောင် အဖန်ဖန် ဝင်စားရမည်။ အဖန်ဖန်ဝင်စားပြီးလတ်သော် ဝိတက်ဈာန်အင်္ဂါအပေါ်မှာ ရန့်ရင်းကြမ်းတမ်းသည်ဟု ထင်လာ၏။ “ဝိတက်သည် အာရုံအမျိုးမျိုးသို့ စိတ်ကို တင်ပေးတတ်၏။ သူ့ အတွက်ကြောင့် လောကီအာရုံ ကာမဂုဏ်ဘက်သို့ စိတ်ရောက်သွားဘို့နီးလှသဖြင့် ကာမစ္ဆန္ဒနီဝရဏ ဘေးရန်နှင့် တွေ့မည်ကို စိုးရိမ်ရ၏။ ဝိတက်မပါမှသာ စိတ်ငြိမ်ဘွယ်ရှိသည်”ဟု ဝိတက်ကို အပြစ်ရှု၍ ဝိတက်မပါသော ဒုတိယဈာန်ကို ရည်သန်ပြီးလျှင် ပဋိဘာဂနိမိတ် ပထဝီကသိုဏ်းပညတ်ကိုပင် အာရုံပြု၍ ရှုမှတ်စီးဖြန်းရမည်။ ထိုသို့စီးဖြန်းလျှင် ဒုတိယဈာန် ပေါ်လာသည်။ ထို့နောက်“ဝိစာရသည် ရန့်ရင်းကြမ်းတမ်း၏။ ဝိစာရသည် ဝိတက်နှင့် တွဲဘက်ဖြစ်ရကား မကြာခင် ဝိတက်နှင့်တွဲ၍ ပထမဈာန်သို့ လျှောကျနိုင်သည်။ ဝိစာရမပါသော တတိယဈာန်သာ ပိုကောင်း၏”ဟု ဝိစာရကို အပြစ်မြင်၍ တတိယဈာန်ကို ရည်မှန်းပြီး အားထုတ်လျှင် ပီတိ သုခ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ သုံးပါးပါသော တတိယဈာန်ပေါ်လာ၏။ ထို့နောက် “ပီတိသည် နှစ်သက်ခြင်းသဘောရှိ၍ စိတ်ကို ကောင်းစွာ မငြိမ်သက်စေနိုင်၊ ပီတိ မပါမှ သာ စိတ်ငြိမ်သက်မည်”ဟု ပီတိကို အပြစ်မြင်၍ ဆက်၍ အားထုတ်လျှင် သုခ,ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးပါသော စတုတ္ထဈာန်ပေါ်လာ၏။ ထို့နောက် “သုခသည် ပီတိနှင့်သဘောတူပင်ဖြစ်၏။ ပီတိဟူသော ရန်သူနှင့် ပေါင်းမိသဖြင့် တတိယဈာန်သို့ လျှောကျမည်ကို စိုးရသည်”ဟု သုခကို အပြစ်ရှု၍ ဆက်လက်အားထုတ်လျှင် ဥပေက္ခာ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးပါသော ပဉ္စမဈာန်ပေါ်လာ၏။

ပထမဈာန်၌ “ဝိတက်က အာရုံသို့ တင်ပေးနေရသည်။ မတင်ပေးပဲနှင့် သူ့အလိုလို အာရုံပေါ်လာရင် ကောင်းမှာပဲ”ဟု အပြစ်မြင်သည်။ ဒုတိယဈာန်၌ ဝိစာရ,က အာရုံကို အဖန်ဖန် သုံးသပ်နေသည်။ မရဘူးတဲ့ ပစ္စည်းရတဲ့အခါ ခဏခဏ ထုတ်ကြည့်မိသည်။ ဒါ စိတ်ထားသေးနုတ်တဲ့ သဘောပဲ။ ရလာတဲ့အာရုံကို ဂရုမစိုက်ပဲ နေနိုင်ရင် ကောင်းမှာပဲဟု ကြံ၍ ဝိစာရအပေါ် အပြစ်မြင်သည်။ (စည်အဘိဓမ္မာ ၁၃၈)

## ဈာန်၌ ကျွမ်းကျင်အဆင့် သတ်မှတ်ပုံ

ဈာန်ဝင်စားပြီးနောက် ဈာန်၌ပါသော ဝိတက် ဝိစာရ စသည့် ဈာန်အင်္ဂါ တခုချင်းစီကို (လေးကြိမ်ငါးကြိမ်သောဇောဖြင့်) အလျှင်အမြန် စတင်ဆင်ခြင်နိုင်ရမည် (အာဝဇ္ဇနဝသီဘော်)။ ဈာန်ဝင်စားလိုသည့် ဆန္ဒ ဖြစ်ပေါ်လာလျှင် အချိန်ကြာကြာ မယူရဘဲ (နှစ်ကြိမ်သုံးကြိမ်သော ဘဝင်ထက် အလွန်မဖြစ်မူ၍) ချက်ချင်းလက်ငင်း အာဝဇ္ဇန်း၏ အခြားမဲ့၌ ဈာန်စိတ် ပေါ်လာအောင် ပြုလုပ်နိုင်ရမည် (သမာပဇ္ဇနဝသီဘော်)။ တနာရီ ဈာန်ဝင်စားမည်ဟု ဆန္ဒရှိလျှင် တနာရီ မလျော့စေဘဲ ဈာန်စိတ် တနာရီတိတိ ဖြစ်စေနိုင်ရမည် (အဓိဋ္ဌာနဝသီဘော်)။ တနာရီ ဈာန်ဝင်စားမည်ဟု ဆန္ဒရှိလျှင် တနာရီ မကျော်စေဘဲ ဈာန်စိတ် တနာရီတိတိ ဖြစ်စေနိုင်ရမည် (ဝုဋ္ဌာနဝသီဘော်)။ ဈာန်၌ပါသော ဝိတက် ဝိစာရ စသည့် ဈာန်အင်္ဂါ တခုချင်းစီကို အလျှင်အမြန် စဉ်းစားနိုင်ရမည်၊ အနုလုံပဋိလုံ ဆင်ခြင်နိုင်ရမည်။ (ပစ္စဝေက္ခဏာဝသီဘော်)။ မနောဒွါရာဝဇ္ဇန်းအစွမ်းကို အာဝဇ္ဇနဝသီဘော် ဟုခေါ်၍ ပစ္စဝေက္ခဏာဇောတို့၏ အစွမ်းကို ပစ္စဝေက္ခဏာ ဝသီဘော် ဟုခေါ်သည်။ သို့ဖြစ်၍ အာဝဇ္ဇနဝသီဘော်ဖြစ်လျှင် ပစ္စဝေက္ခဏာဝသီဘော်လည်း ဖြစ်တော့သည်သာ။ ပထမဈာန်၌ ဤ၀သီဘော်တို့နှင့် ပြည့်စုံလျှင် ပထမဈာန်၌ ကျွမ်းကျင်အဆင့်ရောက်ပြီဟု မှတ်ရမည်။ ပထမဈာန်ကို ကျွမ်းကျင်မှသာ ဒုတိယဈာန်ကို တက်ရမည်။ ထို့အတူ အောက်အောက်ဈာန်ကို ကျွမ်းကျင်မှ အထက်အထက်ဈာန်ကို တက်ရမည်ဟု မှတ်ပါ။ (သင်္ဂြိုဟ်ဘာသာဋီကာ၊ မနောရထပူရဏီ ၁၀၈)

## ပဉ္စကနည်းဖြင့် ရူပဈာန်ရေတွက်ပုံ

| ရူပကုသိုလ် ၅-ပါး | ရူပဝိပါက် ၅-ပါး | ရူပကြိယာ ၅-ပါး |
|---|---|---|
| ၁။ ဝိ၊ ဝိ၊ ပီ၊ သု၊ ဧ+ ပဈာန်၁ | ဝိ၊ ဝိ၊ ပီ၊ သု၊ ဧ+ ပဈာန်၁ | ဝိ၊ ဝိ၊ ပီ၊ သု၊ ဧ+ ပဈာန်-၁ |
| ၂။ -၊ ဝိ၊ ပီ၊ သု၊ ဧ+ ဒုဈာန်၁ | -၊ ဝိ၊ ပီ၊ သု၊ ဧ+ ဒုဈာန်၁ | -၊ ဝိ၊ ပီ၊ သု၊ ဧ+ ဒုဈာန်-၁ |
| ၃။ -၊ -၊ ပီ၊ သု၊ ဧ+ တဈာန်၁ | -၊ -၊ ပီ၊ သု၊ ဧ+ တဈာန်၁ | -၊ -၊ ပီ၊ သု၊ ဧ+ တဈာန်-၁ |
| ၄။ -၊ -၊ -၊ သု၊ ဧ+ စဈာန်၁ | -၊ -၊ -၊ သု၊ ဧ+ စဈာန်၁ | -၊ -၊ -၊ သု၊ ဧ+ စဈာန်-၁ |
| ၅။ -၊ -၊ -၊ ဥ၊ ဧ+ မဈာန်၁ | -၊ -၊ -၊ ဥ ဧ+ မဈာန်၁ | -၊ -၊ -၊ သု၊ ဧ+ မဈာန်-၁ |

♠ ပါဠိတော်များ၌ ဈာန်ကို ပဉ္စကနည်းတမျိုး စတုက္ကနည်းတမျိုးဟု နှစ်မျိုးခွဲ၍ ဟောတော်မူသည်။ လောကီပထမဈာန်ရပြီးနောက် ဒုတိယဈာန်ကို အားထုတ်သော ယောဂီတို့တွင် အချို့က ဉာဏ်နုံ၏။ ထိုပုဂ္ဂိုလ်သည် ဝိတက်ကိုသာအပြစ်မြင်နိုင်၏။ ဝိစာရကို အပြစ်မမြင်နိုင်။ ထို့ကြောင့် ဒုတိယဈာန်ကို ရသောအခါ ဝိတက်တခုကိုသာ ပယ်ခွါ၍ ဈာန်အင်္ဂါလေးပါးရှိသော ဒုတိယဈာန်ကို ရသည်။ ထိုယောဂီအတွက် အထက်သို့ တက်ဘို့ရာ တတိယ စတုတ္ထ ပဉ္စမဟု သုံးတန်ရှိသေး၏။ ထိုဉာဏ်နုံသော မန္ဒပုဂ္ဂိုလ်အတွက် ဈာန်ငါးမျိုးထွက်နေရကား ထိုဈာန်ငါးမျိုးကို ပြရာနည်းကို **"ပဉ္စကဈာန်"ဟု ဆိုသည်။**

အချို့သော ယောဂီကား ဉာဏ်ထက်၏။ ဒုတိယဈာန်ကို အားထုတ်သောအခါ ဝိတက် ဝိစာရ နှစ်ပါးလုံးကိုပင် တဆက်တည်းအပြစ်မြင်နိုင်၏။ ထိုပုဂ္ဂိုလ်သည် ဒုတိယဈာန်ကို ရသောအခါ ဝိတက်ဝိစာရ နှစ်မျိုးလုံးကို ပယ်ခွါ၍ ဈာန်အင်္ဂါသုံးပါးရှိသော ဒုတိယဈာန်ကို ရသည်။ ထိုယောဂီအတွက် အထက်သို့ တက်ဘို့ရာ ပီတိမပါသော တတိယဈာန် သုခမပါသော စတုတ္ထဈာန်ဟု နှစ်တန်သာရှိတော့၏။ ထိုဉာဏ်ထက်သော တိက္ခပုဂ္ဂိုလ်အတွက် ဈာန်လေးမျိုးသာ ထွက်သည်။ (သင်္ဂြိုဟ်ဘာသာဋီကာ–၁၆၈)

## စတုက္ကနည်းဖြင့် ရူပဈာန်ရေတွက်ပုံ

| ရူပကုသိုလ် ၅–ပါး | ရူပိပါက် ၅–ပါး | ရူပကြိယာ ၅–ပါး |
|---|---|---|
| ၁။ ဝိ၊ ဝိ၊ ပီ၊ သု၊ ဧ+ ပဈာန်၁ | ဝိ၊ ဝိ၊ ပီ၊ သု၊ ဧ+ ပဈာန်၁ | ဝိ၊ ဝိ၊ ပီ၊ သု၊ ဧ+ ပဈာန်–၁ |
| ၂။ –၊ –၊ ပီ၊ သု၊ ဧ+ ဒုဈာန်၁ | –၊ –၊ ပီ၊ သု၊ ဧ+ ဒုဈာန်၁ | –၊ –၊ ပီ၊ သု၊ ဧ+ ဒုဈာန်–၁ |
| ၃။ –၊ –၊ –၊ သု၊ ဧ+ တဈာန်၁ | –၊ –၊ –၊ သု၊ ဧ+ တဈာန်၁ | –၊ –၊ –၊ သု၊ ဧ+ တဈာန်–၁ |
| ၄။ –၊ –၊ –၊ ဉ၊ ဧ+ စဈာန်၁ | –၊ –၊ –၊ ဉ၊ ဧ+ စဈာန်၁ | –၊ –၊ –၊ ဉ၊ ဧ+ စဈာန်–၁ |

## အရူပဈာန်တက်ပုံ

ရုပ်ခန္ဓာကိုယ်ရှိခြင်းကြောင့် ရောဂါအမျိုးမျိုး ကိုယ်ဆင်းရဲခြင်းအမျိုးမျိုး ခံစားကြရသည်။ ရုပ်ခန္ဓာမရှိရာအရူပဘုံ၌ကား ထိုအပြစ်မျိုးမှ ကင်းသဖြင့် အေးမြလိမ့်မည်ဟု ရုပ်ကိုအပြစ်မြင်၍ အရူပဈာန်ကို ရလိုသောသူသည် (တစ္ဆေကြောက်တတ်သူသည် ညဥ့်အခါ သစ်ငုတ်တိုကိုပင် တစ္ဆေထင်၍ ကြောက်နေသကဲ့သို့) ရူပဈာန်၏ အာရုံဖြစ်သော ကသိုဏ်းရုပ်ကိုပင် စက်ဆုပ်လေတော့၏။ ထိုသို့ ရူပဈာန်ကို စက်ဆုပ်၍ အရူပဈာန်ကို ရလိုသောသူသည် အာကာသကသိုဏ်းမှ တပါးသော ကသိုဏ်း ၉–ပါးတွင် တစ်ပါးပါးကို မှန်းဆပြီး စိတ်ထဲ၌ ပဋိဘာဂနိမိတ်ထင်နေစေရမည်။ ထိုအခါ ထင်နေသော ကသိုဏ်းဝန်းကို အာရုံမပြုတော့ပဲ ကသိုဏ်းဝန်းပြန့်နှံ့ရာအရပ်ကို "အနန္တော အာကာသော"ဟု ကောင်းကင်ကိုသာ နှလုံးသွင်းဆင်ခြင်နေမှုကို ပရိကမ်ပြုသည်ဟု ခေါ်သည်။ ဤသို့ပြုဖန်များလျှင် ထမင်းအိုးဝတွင် ဖုံးထားအပ်သော အဝတ်ကို ဖွင့်လိုက်သောအခါ အဝတ်ကွယ်ပျောက်၍ မျက်နှာဝ ဟင်းလင်းပေါက် ပေါ်လာသကဲ့သို့ ကသိုဏ်းဝန်း ကွယ်ပျောက်၍ ကသိုဏ်းပြန့်နှံ့ရာ အရပ်အားလုံး၌ ကောင်းကင်ဟင်းလင်းပြင် ဖြစ်၍ ထင်လာ၏။

မူလကသိုဏ်းကို နှလုံးမသွင်းပဲ ခွါ၍ရအပ်သော (စိတ်ထဲ၌ထင်လာသော) ကောင်းကင်ကို အာရုံပြုလျက် 'အာကာသော အနန္တော'ဟု ပွားများဖန်များလျှင် အာကာသာနဉ္စာယတနဈာန်ပေါ်လာ၏။ (အနန္တော–ဥပါဒ် ဟူသော အစအပိုင်းအခြားလည်း မရှိ, ဘင်ဟူသော အဆုံးအပိုင်းအခြားလည်း မရှိသော၊ အာကာသော–ကောင်းကင်ပညတ်)

အာကာသာနဉ္စာယတနစျာန်အသားကျ၍ ဒုတိယအရူပစျာန်တက်လိုသောသူသည် အာကာသာနဉ္စာယတနစျာန်မှ အထတွင် "အာကာသာနဉ္စာယတနစျာန်သည် ရူပစျာန်ဟူသော ရန်သူနှင့် နီး၏၊ ဒုတိယအရူပစျာန်လောက် မငြိမ်သက်"ဟု အပြစ်မြင်၍ ကောင်းကင်ပညတ်ကို အာရုံမပြုတော့ဘဲ ပထမအရူပစျာန်စိတ်ကို အာရုံပြုကာ အနန္တံ ဝိညာဏံ ဟု ပွားများလတ်သော် ဝိညာနဉ္စာယတနစျာန်ပေါ်လာ၏။ (အနန္တဝိညာဏဟူရာ၌ ပထမ အရူပဝိညာဏ်သည် အနန္တဖြစ်သော ကောင်းကင်ပညတ်ကို အာရုံပြု၏။ ထိုအကြောင်းအာရုံ၏ အနန္တအမည်ကို အကျိုးအာရမ္မဏိကဖြစ်သော ဝိညာဏ်အပေါ်၌ တင်စား၍ ကာရဏူပစာရအားဖြင့် ဝိညာဏ်ကို အနန္တဟု ဆိုသည်။ "အနန္တံ-ဥပါဒ်ဘင်အားဖြင့် အပိုင်းအခြားမရှိသော ကောင်းကင်ကို အာရုံပြုသော၊ ဝိညာဏံ-ပထမအရူပစျာန်စိတ်"ဟု ဘာသာပြန်၊ အနန္တ မပါဘဲ ဝိညာဏံ ဝိညာဏံ ဟူ၍လည်း ပွားနိုင်သည်။)

ဝိညာဏနဉ္စာယတနစျာန် အသားကျ၍ အာကိဉ္စညာယတနစျာန် ရလိုသောသူသည် ဝိညာဏနဉ္စာယတနစျာန်၏ အပြစ်ကိုရှုပြီးလျှင် ပထမအရူပစျာန်စိတ်ကို အာရုံမပြုတော့ဘဲ နတ္ထိဘာဝပညတ်ကို အာရုံပြုလျက် "နတ္ထိ ကိဉ္စိ"ဟု ပွားများလျှင် တတိယအရူပစျာန် ပေါ်လာ၏။

**နတ္ထိကိဉ္စိ**။ ။ "ကိဉ္စိ-ဖိုးဇဉ်းအနည်းငယ်မျှ၊ နတ္ထိ-မရှိတော့ပြီ"ဟု ဆိုရာ၌ ပထမအရူပစျာန်စိတ် မရှိခြင်းဟု မှတ်ပါ။ ထင်ရှားစေအံ့-- ဒုတိယအရူပစျာန်သည် ပထမအရူပစျာန်ကို အာရုံပြု၏။ ထိုပထမအရူပဝိညာဏ်ကို လွန်မြောက်နိုင်မှသာ တတိယအရူပစျာန်ကို ရမည်။ လွန်မြောက်ဟူသည် ထိုအာရုံကို အာရုံမပြုဘဲ တခြားအာရုံကို တိုးတက်၍ အာရုံပြုခြင်းပေတည်း။ ထို့ကြောင့်ပထမအရူပဝိညာဏ်ကို အာရုံမပြုတော့ဘဲ "နတ္ထိကိဉ္စိ"ဟု အာရုံပြုလေရာ ပထမအရူပဝိညာဏ်ကွယ်ပြောက်၍ ပထမအရူပဝိညာဏ်မရှိခြင်းသာ ထင်ရှားတော့၏။ ဥပမာ-လူတစ်ယောက်သည် စည်းဝေးထိုင်နေသော သံဃာတော်များကို မဏ္ဍပ်အလယ်မှာ တွေ့ပြီးနောက် အပြင်သို့ ထွက်သွားပြီး အစည်းအဝေးပြီး သံဃာတော်များ ပြန်သွားပြီးမှ ၎င်းနေရာသို့ ပြန်ရောက်လာရာ၌ သံဃာတော်များကို မတွေ့ရတော့ဘဲ ဘာမျှမရှိခြင်းကိုသာ တွေ့ရတော့သကဲ့သို့တည်း။ ထိုမရှိခြင်းသည် ပရမတ်မဟုတ်, ပညတ်မျှသာ ဖြစ်သောကြောင့် "နတ္ထိဘာဝပညတ်"ဟု ခေါ်သည်။

နေဝသညာနာသညာယတစျာန်ကို တက်လိုသော ယောဂီသည် တတိယအရူပစျာန်ကို အပြစ်မြင်လျှက် နတ္ထိဘာဝပညတ်ကို အာရုံမပြုတော့ဘဲ တတိယအရူပစျာန်ကို အာရုံပြုကာ "သန္တမေတံ ပဏီတမေတံ" ဟု အဖန်ဖန်ပွားများလသော် နေဝသညာနာသညာယတနစျာန်ပေါ်လာ၏။

**သန္တမေတံ ပဏီတမေတံ**။ ။ဧတံ–တတိယအရူပစျာန်သည်၊ သန္တံ–မရှိခြင်းကိုပင် အာရုံပြုနိုင်သည့်အတွက် ငြိမ်သက်ပါပေစွ။ ဧတံ–တတိယအရူပစျာန်သည်၊ ပဏီတံ–မွန်မြတ်ပါပေစွ။ များစွာသော စိတ်တို့သည် ဒြပ်တစ်ခုခုကို အာရုံပြုနေရမှ ကြာရှည်စွာ မွေ့လျော်နိုင်ကြ၏။ ဤတတိယ အရူပစျာန်ကား ဘာမျှ မရှိခြင်းပညတ်ကို အာရုံပြုနိုင်သဖြင့် ငြိမ်သက်၏ဟု ချီးမွမ်းခြင်းဖြစ်သည်။ တတိယအရူပစျာန်သည် စတုတ္ထ အရူပစျာန်လောက် မငြိမ်သက်သဖြင့် အပြစ်မြင်ခဲ့ပြီး အဘယ့်ကြောင့် တတိယအရူပစျာန်ကို ချီးမွမ်းရသနည်း ဟု မေးဘွယ်ရှိ၏။ ချီးမွမ်းခြင်းကား မရှိခြင်းကို အာရုံပြုနိုင်သည့်အတွက် ချီးမွမ်းခြင်းပင်တည်း။ အပြစ်ကို အပြစ်ဟု မြင်ကာ ဂုဏ်ကို ဂုဏ်ဟု မြင်သဖြင့် ရှေ့နောက်မဆန့်ကျင်။

**ချီးမွမ်းသော်လည်း မလိုချင်**။ ။ တတိယအရူပစျာန်ကို ချီးမွမ်းသင့်၍ ချီးမွမ်းသော်လည်း ၎င်းစျာန်ကို မဝင်စားလိုတော့၍ ၎င်းစျာန်ကို ကျော်လွန်ကာ စတုတ္ထအရူပစျာန်ကို ရနိုင်သည်။ ဥပမာ– ဘုရင်သည် လက်မှုပညာပြပွဲ၌ လှည့်လည်နေစဉ် လုပသော ဆင်စွယ်ရုပ်ကလေးကို ပြုလုပ်နေသော ဆင်စွယ်ပွတ်သမားကို မြင်တော်မူရာ တော်ပါပေသည်ဟု ချီးမွမ်းသော်လည်း ကိုယ်တိုင်က ဆင်စွယ်ပွတ်သမား မလုပ်လို။ ထိုကဲ့သို့ ချီးမွမ်းသော်လည်း ဆင်စွယ်ပွတ်သမားမလုပ်ဘဲ နန်းတော်သို့ပြန်ပြီး ဘုရင်လုပ်သကဲ့သို့ဖြစ်သည်။

(သင်္ဂြိုဟ်ဘာသာဋီကာ ၆၆၁–၆၇၄)

## အရူပါဝစရစိတ် ၁၂–ပါး

(က) အရူပါဝစရကုသိုလ်စိတ် ၄–ပါး
(ခ) အရူပါဝစရဝိပါက်စိတ် ၄–ပါး
(ဂ) အရူပါဝစရကြိယာစိတ် ၄–ပါး

## (က) အရူပါဝစရကုသိုလ်စိတ် ၄–ပါး

၁။ ဥပေက္ခာ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂–ပါးနှင့် တကွဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်စိတ်–၁
၂။ ဥပေက္ခာ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂–ပါးနှင့် တကွဖြစ်သော ဝိညာနဉ္စာယတနကုသိုလ်စိတ်–၁
၃။ ဥပေက္ခာ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂–ပါးနှင့် တကွဖြစ်သော အာကိဉ္စညာယတနကုသိုလ်စိတ်–၁
၄။ ဥပေက္ခာ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂–ပါးနှင့် တကွဖြစ်သော နေဝသညာနာသညာယတနကုသိုလ်စိတ်–၁

## အရူပစိတ် ၁၂–ပါး

| ကုသိုလ်စိတ် ၄–ပါး | ဝိပါက်စိတ် ၄–ပါး | ကြိယာစိတ် ၄–ပါး |
|---|---|---|
| ဥ + ဧ၊ အာကာသာနဉ္စာယတန | ဥ + ဧ၊ အာကာသာနဉ္စာယတန | ဥ + ဧ၊ အာကာသာနဉ္စာယတန |
| ဥ + ဧ၊ ဝိညာဏဉ္စာယတန | ဥ + ဧ၊ ဝိညာဏဉ္စာယတန | ဥ + ဧ၊ ဝိညာဏဉ္စာယတန |
| ဥ + ဧ၊ အာကိဉ္စညာယတန | ဥ + ဧ၊ အာကိဉ္စညာယတန | ဥ + ဧ၊ အာကိဉ္စညာယတန |
| ဥ+ဧ၊နေဝသညာနာသညာယတန | ဥ+ဧ၊နေဝသညာနာသညာယတန | ဥ+ဧ၊နေဝသညာနာသညာယတန |

## အရူပဈာန်သည် ရူပဈာန်လို အာရုံမများ

ရူပဈာန်တို့က အင်္ဂါတိက္ကမဈာန်ဖြစ်၍ ရူပဈာန်၌ ဈာန်တပါးလျှင် ကသိုဏ်း ၁၀, ကောဋ္ဌာသ ၁၀, စသည်ဖြင့် အာရုံများစွာရှိ၏၊ အရူပဈာန်တို့ကား အာရမ္မဏာတိက္ကမဈာန်ဖြစ်၍ ဈာန်တပါးလျှင် အာရုံတပါးသာ ရှိရလေသည်။ ပထမဈာန်၌ ဈာန်အင်္ဂါ ၅–ပါး, ဒုတိယဈာန်၌ ဈာန်အင်္ဂါ ၄–ပါးစသည်ဖြင့် ဈာန်အင်္ဂါလျော့ခြင်းကို အင်္ဂါတိက္ကမဟု ဆိုသည်၊ ရူပဈာန်၌ ဈာန်အင်္ဂါကို ပယ်ခွါဖို့က အရေးကြီးသောကြောင့် သက်ဆိုင်ရာ အာရုံ အမျိုးမျိုးရှိသော်လည်း အနှောက်အယှက်မရှိနိုင်၊ အရူပဈာန်တို့ကား ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးစီ အညီအမျှ ရှိသောကြောင့် ဈာန်အင်္ဂါကို လွန်ဘွယ်မလို၊ အောက်အောက်ဈာန်၏ အာရုံကို လွန်မြောက်နိုင်မှသာ အထက်အထက်ဈာန်များ ဖြစ်ပေါ်လာကြသည်၊ ရူပပဉ္စမဈာန်၏ အာရုံဖြစ်သော ကသိုဏ်းပညတ်ကို အာရုံမပြုဘဲ လွန်မြောက်နိုင်မှ အာကာသာနဉ္စာယတနဈာန်ကို ရနိုင်သည်၊ အာကာသာနဉ္စာယတနဈာန်၏ အာရုံဖြစ်သော ကောင်းကင်ပညတ်ကို လွန်မြောက်နိုင်မှ ဝိညာဏဉ္စာယတနဈာန်ကို ရနိုင်သည်။

(သင်္ဂြိုဟ်ဘာသာဋီကာ–၈၁)

## ရူပဈာန်ရရှိစေနိုင်သည့်  ကသိုဏ်းရှုနည်း ၁၀–မျိုး  အကျဉ်းချုပ်

### ကသိုဏ်းဝန်းပြုလုပ်ရန်  မလိုခြင်း

ပထဝီကသိုဏ်းနိမိတ်ကို ကြည့်ရှုပွားများရာ၌ ရှေးအတိတ်ကာလ နီးသောဘဝက ပထဝီကသိုဏ်းနိမိတ်ကို ရခဲ့ဘူးခြင်းမရှိ, အထုံ၊ ဝသီ၊ ပါရမီ မရှိခဲ့သော သူများမှာကား မြေကြီးကသိုဏ်းဝန်းကို အသေအခြာ ပြုလုပ်၍ ရှုမှပင် နိမိတ်ရနိုင်သည်။ ရှေးအထုံ၊ ဝသီ၊ ပါရမီ ရှိသော သူများမှာကား မပြုမပြင်ပဲ ပကတိမြေပြင်ကိုလည်းကောင်း ကောက်နယ်တလင်းကိုလည်းကောင်း ထွန်ယက်ထားသော ထွန်ချေးခဲ လယ်ကွက်တို့ကိုလည်းကောင်း "မြေမြေ"ဟု နှစ်လုံးသွင်းပြီး ကြည့်ရှုလိုက်လျှင် ပထဝီကသိုဏ်းနိမိတ် ဖြစ်ပေါ်စေနိုင်၏။ ဈာန်ရသည်အထိ ဖြစ်နိုင်၏။

### အာပေါကသိုဏ်း

ရေကို ပါဠိဘာသာဖြင့် အာပေါဟု ခေါ်၏။ ထို့ကြောင့် ရေကသိုဏ်းဝန်းကို အာပေါကသိုဏ်းဝန်းဟု ခေါ်ရ၏။ ရှေးအတိတ်ကာလ နီးသောဘဝက ရေကသိုဏ်း ရှုခဲ့ဘူးသော အထုံ၊ ဝသီ၊ ပါရမီ ရှိသော သူသည် ရေကသိုဏ်းဝန်းပြုလုပ်ရန် မလိုပဲ ပကတိရှိနေသော မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ သမုဒ္ဒရာ၊ ရေတွင်း၊ ရေကန်ရှိ ရေကို ကြည့်ရှုံမှုဖြင့် အလွယ်တကူ ရေပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်ကို ရယူနိုင်သည်။ ပါရမီမရှိသောသူအတွက် ရေကသိုဏ်းဝန်း ပြုလုပ်ရန် အစီအစဉ်မှာ တစ်တောင် (သို့မဟုတ်) တောင်ဆုပ်ခန့် အဝကျယ်၍ အစောက်နက်သော အိုးခွက်စည်ပိုင်းထဲ၌ ကြည်လင်သောရေကို ထည့်၍ စိတ်ဖြင့် "ရေ ရေ" ဟု ရှုမှတ်ရမည်။ ပထဝီကသိုဏ်း၌ ပြဆိုခဲ့သည့်အတိုင်း ပြင်ပ၌ မျက်မြင်ရေကသိုဏ်းဝန်းနှင့် တစ်ထပ်တည်းတူသော ဥဂ္ဂဟနိမိတ် ထင်လာအောင်ရှုမှတ်ရမည်။ ယင်းဥဂ္ဂဟနိမိတ်သည် လှုပ်ရှားသည့် လှိုင်းငယ်များ ပလုံစီများ ပါနေတတ်သည်။ ဆက်လက်၍ ရှုသောအခါ ပဋိဘာဂနိမိတ်အဆင့်သို့ တက်လှမ်းသွားသည်။ ယင်းပဋိဘာဂနိမိတ်သည် လှုပ်ရှားခြင်းမရှိ၊ ရေပူပေါင်း ပလုံစီမရှိ၊ အလွန်ငြိမ်သက်လျက် ဥဂ္ဂဟနိမိတ်ထက်သာလွန်၍ ကြည်လင်၏။ မှန်ညိုကဲ့သို့ အလွန်ကြည်လင်၏။ ဤရေကသိုဏ်းမှာလည်း ပြဆိုပြီးသည့်အတိုင်း ဈာန်ငါးပါးလုံး ဖြစ်စေနိုင်၏။

## တေဇောကသိုဏ်းရှုနည်း

ရှေးက အားထုတ်ခဲ့ဘူးသော အထုံ၊ ဝသီ၊ ပါရမီ ရှိသူတို့မှာ တေဇောကသိုဏ်းဝန်း သီးခြားစီမံရန်မလို၊ ပကတိရှိနေသော မီးပုံး၊ မီးကြီး၊ မီးတောက်၊ ဆီမီးကိုပင် ကြည့်ရှု၍ အာရုံယူနိုင်သည်။ ရှေးဘဝက ဆုတောင်းမှု မရှိခဲ့လျှင် မီးတောက်၊ မီးလျှံ (သို့မဟုတ်) မီးကျီးစုကို မျက်နှာမပူလောက်သော အကွာအဝေး၌ထား၍ ကြည့်ရှု၍ အာရုံယူနိုင်သည်။ ရှေးဘဝက ဆုပန်မှု အဓိကာရ မရှိခဲ့လျှင် မီးတောက်၊ မီးလျှံ (သို့မဟုတ်) မီးကြီးစုကို မျက်နှာမပူလောက်သော အကွာအဝေး၌ထား၍ ကြည့်ရှုရမည်။ (သို့မဟုတ်) ဖျာ, သင်ဖြူး, ရိုင်စသည်ကို တထွာလောက် အပေါက်ဖောက်၍ ထိုအပေါက်မှတဆင့် မီးတောက်မီးလျှံကို ကြည့်ရှု၍ "မီး မီး" ဟု ပရိကမ်ပြုရမည်။ မီးကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် ပြင်ပတွင် ပကတိရှိသော မီးပုံမီးတောက် မီးလျှံအတိုင်း အခိုးအငွေ့နှင့် ထင်းချောင်းများ၊ မီးခဲများကို မြင်နေရသည်။ ပဋိဘာဂနိမိတ်အဆင့်သို့ ရောက်သောအခါ၌မူ မီးကသိုဏ်းနိမိတ်သည် အခိုးအငွေ့ အရှိန်ကင်းလျက် လှုပ်ရှားမှုမရှိ၊ မီးခဲထင်းစမရှိ ငြိမ်သက်စွာ ထင်မြင်လာ၏။ ဆက်လက်၍ ပထဝီကသိုဏ်းပွားနည်းအတိုင်း ဈာန်ငါးဆင့်လုံးကိုစွပြီးစီးအောင် ပွားများအားထုတ်ရမည်။

## ဝါယောကသိုဏ်းရှုနည်း

ဝါယောကသိုဏ်းကိုလည်း ရှေးအတိတ်ကာလ အထုံ ဝသီ ပါရမီ မရှိခဲ့လျှင် ပကတိကောင်းကင်ပြင်မှာ တိုက်ခတ်သောလေကို ကြည့်၍ နိမိတ်ရအောင် ယူနိုင်ပါသည်။ ပါရမီမရှိသော ပုဂ္ဂိုလ်များမှာ လေတဖြတ်ဖြတ် တိုက်ခတ်၍ လှုပ်ရှားနေသော မြက်ပင်ဖျား၊ ပြောင်းပင်ဖျား၊ ကြံပင်ဖျား၊ ဝါးရုံပင်ဖျား၊ သစ်ကိုင်းဖျား၊ လက်လေးသစ်မျှလောက်ရှည်သော ဆံတိုဆံပင်ဖျား၌ လေတဖြတ်ဖြတ် တိုက်ခတ်လှုပ်ရှားနေသည်ကို ကြည့်ရှုမှတ်သားရမည်။ စိတ်ထဲက "လေ လေ" ဟု နှလုံးသွင်းရမည်။ လေကို သတိသညာဖြင့် မှတ်သားရမည်။ လေတိုက်ထဲ၌ ကိုယ်ကာယကို လေတိုက်ခံ၍ လေထိခံရသောနေရာ၌ လေဟု နှလုံးသွင်း၍ သတိသညာဖြင့် မှတ်သားရမည်။ လေကသိုဏ်း၏ ဥဂ္ဂဟနိမိတ်မှာ ရေများကဲ့သို့လည်းကောင်း၊ မီးခိုးကဲ့သို့လည်းကောင်း စီးသွားပြေးလွင့်သော အခြင်းအရာအားဖြင့် လှုပ်ရှားလျက် ထင်တတ်၏။ ပဋိဘာဂနိမိတ်မူကား မလှုပ်မရှား ငြိမ်သက်စွာထင်၏။

## နီလကသိုဏ်းရှုနည်း

ရှေးဘဝ နီလကသိုဏ်း ပွားများအားထုတ်ဖူးသော ပုဂ္ဂိုလ်များမှာ ကသိုဏ်းဝန်းသီးခြား ပြုလုပ်ရန်မလိုဘဲ ညိုပြာရောင်ရှိသည့် အရာဝတ္ထုတခုခုကို ကြည့်ရှု၍ ပရိကမ္မနိမိတ်ပြုလုပ်နိုင်သည်။ ထိုကဲ့သို့ အထုံ၊ ပါရမီ မရှိသော ပုဂ္ဂိုလ်များမှာ သစ်သားပြားတခုကို သယ်ဆောင်၍ လွယ်ကူစေရန် ယပ်တောင်ကဲ့သို့ လက်ကိုင်ရိုးဖြင့် ပြုလုပ်ရမည်။ ယင်းသစ်သားပြားပေါ်၌ အချင်းတထွာခန့်ရှိသော စက်ဝိုင်းကို ညိုပြာရောင်ဆေး

သုတ်လိမ်းရမည်။ အနားရေးကို အဖြူရောင် (သို့မဟုတ်) အနီရောင်ဖြင့် ပတ်ပတ်လည် သုတ်လိမ်းထားရမည်။ အနားပတ်ဆေးမှာ ၃/၄ လက်မ အကျယ်ရှိက လုံလောက်သည်။ ဆေးသုပ်ရာ၌ အစင်းကြောင်း အစက်ပြောက်၊ အဖုအထစ်မရှိစေရ၊ ချောမွတ်နေအောင် သုတ်လိမ်းရမည်။ ဤကသိုဏ်း၌ ဥဂ္ဂဟနိမိတ်မှာ ပြင်ပရှိ ပရိကမ္မနိမိတ်နှင့် ထူးရှားမှုမရှိ၊ တူညီသည်။ ပဋိဘာဂနိမိတ်မှာ နီလာပတ္တမြားကဲ့သို့ ကြည်လင်တောက်ပ အရည်လည်နေ၍ အလွန်နှစ်လိုဖွယ် ရှိသည်။

## ပီတကသိုဏ်းရှုနည်း

ရှေးဘဝ ပီတကသိုဏ်း ပွားများအားထုတ်ဖူးသော ပုဂ္ဂိုလ်များမှာ ကသိုဏ်းဝန်း သီးခြားပြုလုပ်ရန် မလိုဘဲ ရွှေဝါရောင်ရှိသည့် အရာဝတ္ထုတိုင်းကို ကြည့်၍ ပရိကံပြုလုပ်နိုင်သည်။ ထိုကဲ့သို့ အထုံပါရမီ မရှိသော ပုဂ္ဂိုလ်များမှာ ပျဉ်ချပ်တခုပေါ်တွင် စက်ဝိုင်းပုံ အဝါရောင်ဆေးသုတ်၍ ကသိုဏ်းရှုရမည်။ “အဝါ အဝါ” ဟု စိတ်က မှတ်ရမည်။ ပဋိဘာဂနိမိတ် ထင်လာသောအခါ၌မူ ရွှေအစစ်ကဲ့သို့ အလွန်နှစ်သက်ဖွယ်အဝါရောင် ထင်လာသည်။

## လောဟိတကသိုဏ်းရှုနည်း

ရှေးဘဝ လောဟိတကသိုဏ်း ပွားများအားထုတ်ဖူးသော ပုဂ္ဂိုလ်များမှာ ကသိုဏ်းဝန်း သီးခြားပြုလုပ်ရန် မလိုဘဲ အနီရောင်ရှိသည့် အရာဝတ္ထုတိုင်းကို ကြည့်၍ ပရိကံပြုလုပ်နိုင်သည်။ ထိုကဲ့သို့ အထုံပါရမီ မရှိသော ပုဂ္ဂိုလ်များမှာ ပျဉ်ချပ်တခုပေါ်တွင် စက်ဝိုင်းပုံ အနီရောင်ဆေးသုပ်ကာ “အနီ အနီ”ဟု စိတ်ထဲကမှတ်လျက် ကြည့်ရှုရမည်။ ပဋိဘာဂနိမိတ် ထင်သောအခါ ပတ္တမြားနီကဲ့သို့ ဝင်းလက်တောက်ပြောင်နေသည်ကို တွေ့ရပေမည်။

## ဩဒါတကသိုဏ်း

ရှေးဘဝက ဩဒါတသိုဏ်း ပွားများအားထုတ်ဖူးသောပုဂ္ဂိုလ်မှာ ကသိုဏ်းဝန်းသီးခြားပြုလုပ်ရန် မလိုဘဲ အဖြူရောင်ရှိသည့် အရာဝတ္ထုတစ်ခုခုကို ကြည့်ရှု၍ ပရိကမ်ပြုနိုင်သည်။ ထိုကဲ့သို့ အထုံဝသီ ပါရမီ မရှိသော ပုဂ္ဂိုလ်များမှာ ပျဉ်ချပ်တစ်ခုကို စက်ဝိုင်းပုံ အဖြူရောင်ဆေးသုပ်၍ “အဖြူအဖြူ”ဟု စိတ်ထဲကမှတ်လျက် ကြည့်ရှုရမည့်။ ပဋိဘာဂနိမိတ် ထင်သောအခါ ဖြူဖွေးဝင်းလက် တောက်ပြောင်နေသည်ကို တွေ့နိုင်သည်။

## အာလောကကသိုဏ်းရှုနည်း

အိမ်မိုး၊ သို့မဟုတ် နံရံ၌ အပေါက်ဝိုင်းတစ်ခု ဖောက်ထားရမည်။ ယင်းအပေါက်မှ အလင်းရောင် ဝင်ရောက်လာ၍ ကြမ်းပြင်ပေါ် သို့မဟုတ် နံရံပေါ်၌ အလင်းကွက်ကျရောက်နေသည်ကို ကြည့်ရှု၍ စိတ် ထဲက "အလင်း အလင်း"ဟု မှတ်သားရမည်။ ညအခါတွင် လရောင်အလင်းကွက်ကို သော်လည်းကောင်း သို့မဟုတ် မီးအလင်းရောင်ကိုသော်လည်းကောင်း ကြည့်ရှု၍ "အလင်း အလင်း" ဟု ပရိကမ်ပြုရမည်။ ပဋိဘာဂနိမိတ်ထင်ပုံမှာ ယင်းအလင်းရောင်သည် သာလွန်ထူးကဲစွာ လင်းလာသည့်အပြင် အလင်းရောင်ထူထဲလာသည်။ အရောင်လုံး အရောင်ခဲကြီးကဲ့သို့ ထင်လာသည်။

## အာကာသကသိုဏ်းရှုနည်း

အာကာသဆိုသည်မှာ ကောင်းကင်ဟင်းလင်းပြင်ကို ဆိုလိုသည်။ အမိုး သို့မဟုတ် နံရံကို အချင်းနှစ်ထွာခန့် ဝိုင်းဝိုင်းစက်စက် အပေါက်ဖောက်ထား ရမည်။ ယင်းအပေါက်ကိုကြည့်၍ "ကောင်းကင်ဟင်းလင်း ကောင်းကင်ဟင်းလင်း"ဟု စိတ်ထဲကမှတ်လျက် ကြည့်ရှုရမည်။ စက်ဝိုင်းမဟုတ်သော လေးထောင့်, ခြောက်ထောင့် အပေါက်များကိုလည်း ကြည့်ရှု၍ ပရိကမ်ပြုနိုင်သည်။ ပဋိဘာဂနိမိတ်ထင်ရာ၌ ကောင်းကင်ဟင်းလင်း သက်သက် ထင်မြင်တတ်သည်။

## ကသိုဏ်း ၁၀ ပါး အချုပ်

ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း ဤလေးခုကို မဟာဘူတ (မဟာဘုတ်) ကသိုဏ်းလေးခုဟု ခေါ်သည်။ နီလ, ပီတ, လောဟိတ, ဩဒါတ ဤလေးခုကို ဝဏ္ဏကသိုဏ်းဟု ခေါ်သည်။ ဝဏ္ဏကသိုဏ်းလေးပါးတို့၌ မဲနက်သောအဆင်း အစိမ်းရောင်အဆင်းတို့သည် နီလကသိုဏ်း၌ အကျုံးဝင်ကုန်၏။ ထို့နည်းတူ အဝါနှင့်နီးစပ်သော အရောင်အဆင်းများကို ပီတကသိုဏ်း၌ ထည့် သွင်းအပ်၏။ အလားတူပင် အနီအဖြူနီးစပ်ရာ အရောင်များကို သင့်လျော်သလို အနီရောင်အဖြူရောင် ကသိုဏ်းမှာပင် ထည့်သွင်းရ၏။ လောက၌ မြင်မြင်သမျှ ကသိုဏ်းချည်းပင်တည်း။ နိမိတ်ရအောင် ကြည့်ရှုတတ်ရန်သာလိုသည်။

## အထူးသတိပြုရန်

ကသိုဏ်း ၁၀–ပါးတို့တွင် မိမိနှစ်သက် ထင်မြင်လွယ်သော ကသိုဏ်းတစ်ခုခုကို ရွေးဦးစွာကြည့်ရှု ပွားများ၍ ဈာန်ငါးပါးလုံး ဖြစ်စေအပ်၏။ **ကသိုဏ်းတခုတည်းမှာပင် ဈာန်ငါးပါးလုံးရပြီးမှ** ကျန်သော အခြားကသိုဏ်းများကို ဆက်လက်ပွားများ အားထုတ်ရမည်။

ကသိုဏ်းတစ်ခု၌ ပဋိဘာဂနိမိတ်ထင်ပြီးလျှင် အခြားကသိုဏ်းများ၌လည်း နိမိတ်ထင်ရန်လွယ်သည်။ **ပါရမီမရှိသော ပုဂ္ဂိုလ်များမှာ** ပထဝီကသိုဏ်း ဝါယောကသိုဏ်း အာပေါကသိုဏ်း နိမိတ်ထင်ရန် ခက်သည်။ မီးကသိုဏ်းနှင့် ကောင်းကင်ကသိုဏ်းတို့သည် နိမိတ်ထင်ရန် လွယ်၏။ ဝဏ္ဏကသိုဏ်းလေးပါးမှာ ပို၍ လွယ်၏။

## အဖြူရောင်ကသိုဏ်း

ဝဏ္ဏကသိုဏ်းလေးခုအနက် အဖြူရောင် ဩဒါတ ကသိုဏ်းသည် အစကနဦး အားထုတ်သော ပုဂ္ဂိုလ်အား ထိနမိဒ္ဓကို ကင်းကွာစေနိုင်သည်။ စိတ်ကို ကြည်လင်စေတတ်၏။ ဉာဏ်ကိုထက်မြက်စေ၏။ ပဋိဘာဂနိမိတ်ကို မရမီကြားကာလ၌ပင် အထည်အဝတ္ထုအဆင်းဟူသမျှကို အလိုရှိတိုင်း မြင်စေနိုင်၏။ အလွန်တန်ခိုးအာနုဘော်ကြီးသော ကသိုဏ်းဖြစ်၏။ ကသိုဏ်း ၁၀–ပါးတွင် အမြတ်ဆုံးအသာဆုံးဖြစ်၏ ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။ ထို့ကြောင့် လက်ဖြစ်တတွက်ကာလမျှ အချိန်ရပါလျှင် အဖြူရောင် ဩဒါတကသိုဏ်းကို ပွားများသင့်ကြပေသည်။

(ဤကသိုဏ်းရှုနည်းအကျဉ်းကို ဗုဒ္ဓဘာသာလက်စွဲကျမ်းမှ ကူးယူဖော်ပြပါသည်)
(ကသိုဏ်းရှုနည်း အကျယ်သိလိုမူ မဟာစည်ဆရာတော်၏
ဝိသုဒ္ဓိမဂ်မြန်မာပြန် ပဌမတွဲ (နှာ၃၆၀–၅၄၉)ကို ကြည့်ရှုလေ့လာပါ)

## သာသနာပ၌ ရှိ/မရှိ ကမ္မဋ္ဌာန်း

သာသနာပကာလ၌ ကသိုဏ်းစသည်ကို အားထုတ်ကြသောကြောင့် ကသိဏဈာန် အပ္ပမညာဈာန် စသော ဈာန်တရားများ ရှိကြ၏။ သို့သော် ဤသာသနာတော်၌ကဲ့သို့ အသုဘဈာန် ဗုဒ္ဓါနုဿတိစသော ဈာန်များကား မရှိကြ။ (ဝိဘင်္ဂမူလဋီကာ ဘာဋ္ဌီ နိသျ တ ၁)

# လောကုတ္တရာစိတ်

## ဝိပဿနာဆိုတာ

လောကုတ္တရာစိတ်သည် ဝိပဿနာရှု၍ တရားရသော သူတို့၏ သန္တာန်ဖြစ်ပေါ်သည်။ ဝိပဿနာဆိုတာ နိစ္စ (မြဲသည်ဟုထင်မှတ်ခြင်း) သုခ (ချမ်းသာသည်ဟုထင်မှတ်ခြင်း) အတ္တ (ပြုလုပ်သူ, ခံစားသူအတ္တကောင်ရှိသည်ဟု ထင်မှတ်ခြင်း) ဟု စွဲလမ်းမှုကို ချေဖျက်နိုင်ရန် အနိစ္စ (မမြဲခြင်း) ဒုက္ခ(ဆင်းရဲခြင်း) အနတ္တ (အတ္တကောင်မရှိခြင်း) သဘောတရားကို နားလည်ဖို့ လောကီပရမတ်ရုပ်နာမ်ကို ရှုမှတ်ခြင်းဖြစ်သည်။

## ဝိပဿနာရှုရမည့် တရား

လောကုတ္တရာစိတ်ကိုကား ဝိပဿနာ မရှုအပ်။ အဘယ့်ကြောင့်ဆိုသော် ပုထုဇဉ်အတွက် လောကုတ္တရာကို မရဘူးသောကြောင့် သဘောလက္ခဏာစသည်ကို အမှန်အတိုင်းမသိနိုင်၍ မရှုအပ်။ အရိယာတို့ကား လောကုတ္တရာစိတ် သဘောကို အမှန်အတိုင်းသိနိုင်သော်လည်း အကျိုးမရှိ၍ မရှုအပ်။ အပူအအေးရုပ်သဘော, လိုချင်တပ်မက်ခြင်းစသည့် လောကီတရားတို့ကိုရှုခြင်းသည် နိစ္စ သုခ အတ္တဟု စွဲလမ်းသော ကိလေသာများကို ခွါ၍ နေနိုင်ခြင်း အကျိုးရှိ၏။ လောကုတ္တရာစိတ်ကို နိစ္စ သုခ အတ္တဟု စွဲလမ်းသော ကိလေသာမရှိ၍ လောကုတ္တရာစိတ်ကို ရှုသော်လည်း ကိလေသာပယ်ခြင်းအကျိုးမရှိ။ ညီနေသော မြေကြီးကို ညီအောင်ညှိခြင်းဖြင့် အကျိုးမရှိသကဲ့သို့ဖြစ်သည်။ သို့ဖြစ်၍ ဝိပဿနာရှုရာ၌ လောကီစိတ်+စေတသိက်နှင့် ရုပ်ကိုသာ ရှုရမည်ဟု မှတ်ပါ။

## ဝိပဿနာရှုလိုက်ရင်ကုသိုလ်ဖြစ် / မရှုလိုက်ရင် အကုသိုလ်ဖြစ်

မြင်သည့်အခါ မြင်တယ်ဟု မပြတ်တလစ် မှတ်နေရင် စိတ်သည် မြင်ရုံမျှ၌သာ ရပ်နေသည်။ မြင်ရ၍ ကြိုက်စိတ်မုန်းစိတ် ဆက်လက်ဖြစ်ပေါ်ခြင်း မရှိတော့ပေ။ မြင်သည့်အခါ မြင်တယ်ဟု မမှတ်ရင် မြင်ပြီးနောက် ကြိုက်စိတ်မုန်းစိတ်ပေါ်လာလေသည်။ ကြိုက်စိတ်မုန်းစိတ်သည် ကိလေသာ (အကုသိုလ်) ဖြစ်သည်။ ကြိုက်စိတ်မုန်းစိတ်သည် မြင်ရာ၌ နိစ္စ သုခ အတ္တဟု ထင်မှတ်ခြင်းကြောင့်ဖြစ်သည်။ မြင်ရာ၌ အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သိနေလျှင် ကြိုက်စိတ်မုန်းစိတ်မဖြစ်။ မြင်ရာ၌ အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သိနေအောင် မြင်သမျှ မြင်တယ်ဟုမှတ်ရမည်။ မှတ်ပါများရင် "မျက်စိနှင့် မြင်စရာ တိုက်ဆိုင်၍ မြင်ခြင်းကိစ္စဖြစ်ပေါ်လာသည်၊ မြင်ပြီးလျှင်လည်း ပျောက်ကွယ်သွားသည်"ဟု မမြဲသည့်သဘောကို နားလည်လာသည်။ မမြဲသည့်သဘော အထပ်ထပ် အခါခါ ဖြစ်နေရခြင်းဟူသော ဒုက္ခကို နားလည်လာသည်။ မဖြစ်ပါနဲ့ မပျက်နဲ့ဟု ပြောမရသည့် အနတ္တသဘော, မျက်စိနှင့်မြင်စရာ တိုက်ဆိုင်၍ မြင်မှုကိစ္စဖြစ်လာသည့် အနတ္တသဘော

ကွက်ကွက်ကွင်းကွင်း နားလည်လာသည်။ ဤသို့ နားလည်အောင် နိစ္စ သုခ အတ္တဟု စွဲလမ်းစရာဖြစ်သော လောကီဖြစ်သော နာမ်နှင့်ရုပ်ကို စဉ်ဆက်မပြတ် ရှုမှတ်နေရမည်။

ဘဝကို ဉာဏသမ္ပယုတ်စိတ်ဖြင့် စခဲ့သော တိဟိတ်ပုဂ္ဂိုလ်သည် ဝိပဿနာရှုဖန်များလတ်သော် လောကုတ္တရာစိတ်ပေါ်ရန် လုံလောက်သော ပမာဏဖြင့် အနိစ္စ ဒုက္ခ အနတ္တကို နားလည်လာလိမ့်မည်။ ထိုအခါ ထိုသူ၏သန္တာန်၌ သောတာပတ္တိမဂ်ဉာဏ် (ပထမဦးဆုံး လောကုတ္တရာစိတ်) ပေါ်လာလိမ့်မည်။ ဘဝကို ဉာဏ်မပါသောစိတ်ဖြင့်စသူ အဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်တို့၌ မည့်မျှပင် ဝိပဿနာရှုသော်လည်း သောတာပတ္တိမဂ်ဉာဏ် ပေါ်လာလိမ့်မည်မဟုတ်။ သို့သော် နောင်ဘဝပါရမီအဖြစ် ဝိဿနာကုသိုလ်တော့ ဖြစ်နိုင်ပေသည်။ (မဟာစည်ဆရာတော် ဝိပဿနာရှုနည်းကျမ်းမှ ကောက်နုတ်ချက်၃၀၁–၃၃၃)

## မဂ် ၄–တန် ဖိုလ် ၄–တန် ဖြစ်ပေါ်လာပုံ

ရုပ်နာမ်သင်္ခါရတို့ကို အနိစ္စဒုက္ခအနတ္တ ရှုဖန်များသောသူ၏ သန္တာန်၌ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟူသော ဘဝင်နှစ်ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောက် ရှုမှတ်သောသင်္ခါရကို(မှတ်စရာကို) အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်သည် တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄–ခုတို့တွင် ၁–ခုခုသည် မှတ်စရာကို အာရုံပြု၍ ပရိကမ် ဥပစာ အနုလုံဟု သုံးကြိမ်, နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘုဟု တစ်ကြိမ်, ပေါင်း လေးကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ဒုက္ခသစ္စာကို ပိုင်းရှား၍ သိခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားခြင်း ဤလေးပါးသောကိစ္စကို တပြိုင်နက် ပြီးစေလျက် သောတာပတ္တိမဂ်စိတ် တကြိမ်သာဖြစ်၍ ချုပ်၏။ ထို့နောင် မဂ်စိတ်က ဖြစ်စေအပ်သော ဖိုလ်စိတ်သည် ပညာအားနည်းသူအတွက် နှစ်ကြိမ်, ပညာအားကြီးသူအတွက် သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင်ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

ထို့နောင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟူသော ဘဝင်နှစ်ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောက် ရှုမှတ်သောသင်္ခါရကို(မှတ်စရာကို) အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်သည် တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄–ခုတို့တွင် ၁–ခုခုသည် မှတ်စရာကို အာရုံပြု၍ ပရိကမ် ဥပစာ အနုလုံဟု သုံးကြိမ်, နိဗ္ဗာန်ကို အာရုံပြု၍ ဝေါဒါန်ဟု တစ်ကြိမ်, ပေါင်း လေးကြိမ် ဖြစ်၍ ချုပ်၏။ထို့နောင် ဒုက္ခသစ္စာကို ပိုင်းရှား၍ သိခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားခြင်း, ဤလေးပါးသော ကိစ္စကို တပြိုင်နက် ပြီးစေလျက် သကဒါဂါမိမဂ်စိတ် တကြိမ်သာ ဖြစ်၍ ချုပ်၏။ ထို့နောင် မဂ်စိတ်က ဖြစ်စေအပ်သော ဖိုလ်စိတ်သည် ပညာအားနည်းသူအတွက် နှစ်ကြိမ်, ပညာအားကြီးသူအတွက် သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင်ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။ ထို့အတူ အနာဂါမိမဂ်/ဖိုလ်နှင့် အရဟတ္တမဂ်/ဖိုလ်စိတ်တို့လည်း ပေါ်လာကြကုန်၏။

## ဝိပဿနာကုသိုလ်သည် ဘဝသမ္ပတ္တိကို ပေး / မပေး

ကမ္မဿကတာသမ္မာဒိဋ္ဌိသည် လူနတ်ဘဝ အကျိုးပေးသည်။ ဈာနသမ္မာဒိဋ္ဌိသည် ရူပ အရူပ ဘဝ အကျိုးပေးသည်။ မဂ္ဂသမ္မာဒိဋ္ဌိသည် ဝဋ္ဋတရားကို ဖျက်ဆီးသည်။ ဖလသမ္မာဒိဋ္ဌိသည် ဘဝကိုတားမြစ်သည်။ ဝိပဿနာသမ္မာဒိဋ္ဌိသည် ပဋိသန္ဓေကို မပေး။ (အဋ္ဌကထာဝါဒ) တိပိဋကစူဠာဘယထေရ်က 'ရဟန္တာမဖြစ်သေးက ဝိပဿနာကုသိုလ်သည် ဘဝသမ္ပတ္တိ ပေးသည်ဟု မှတ်ယူသင့်ကြောင်း"ဆိုသည်။

(ပရမတ္ထသရူပအနုဝဏ္ဏနာ-၃၁၂)

ဒုက္ခမှ လွတ်ချင်လို့ လူတဲ့အလူမို့ သဒ္ဓါ,က နောက်လိုက်ဖြစ်ပြီး ဉာဏ်ကရှေ့သွားဖြစ်တယ်။ ဉာဏ်က ဒုက္ခသစ္စာကို သိတဲ့ဉာဏ်ဖြစ်တာကြောင့် မဂ်ဉာဏ်နဲ့လူတဲ့အလူမို့ ဒုက္ခခပ်သိမ်း အေးငြိမ်းတဲ့ နိဗ္ဗာန်မှတပါး အခြား ဘဝမှ အကျိုးမပေးတော့ဘူး။ (မိုးကုတ် ထေရုပ္ပတ္တိနှင့်ကျင့်စဉ် ၂၈၀)

♠ ဉာဏဝိပ္ပယုတ် ဝိပဿနာဇော ရှိနိုင်သည်။ (နိဗ္ဗာနဂါမိနီပဋိပဒါ စ ၂၂၃)

## လောကုတ္တရာစိတ်အကျဉ်း ၈-ပါး

| မဂ် ၄-ပါး(ကုသိုလ်) | ဖိုလ် ၄-ပါး(ဝိပါက်) |
|---|---|
| ၁။ သောတာပတ္တိမဂ် | ၁။ သောတာပတ္တိဖိုလ် |
| ၂။ သကဒါဂါမိမဂ် | ၂။ သကဒါဂါမိဖိုလ် |
| ၃။ အနာဂါမိမဂ် | ၃။ အနာဂါမိဖိုလ် |
| ၄။ အရဟတ္တမဂ် | ၄။ အရဟတ္တဖိုလ် |

ဤသို့လျှင် မဂ် ၄-တန်, ဖိုလ် ၄-တန်, နိဗ္ဗာန်ကို မျက်မှောက်ပြုရသဖြင့် **၁၆-ပါးသော မဂ်ကိစ္စ** ကုန်ပြီး၍ ကိလေသာ အာသဝေါ ကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် **၁၉-ပါးသော ပစ္စဝေက္ခဏာဉာဏ်** တို့ဖြင့် အဖန်တလဲလဲဆင်ခြင်၍ အလွန်လျှင် ဝမ်းမြောက်သဖြင့် အလုံးစုံသော ဝဋ္ဋဆင်းရဲဘေးမှ ကင်းခြင်းသို့ ရောက်လေ၏။ တစ်စုံတစ်ခုသော ရုပ်နာမ်ခန္ဓာ သင်္ခါရသဘောတရားတို့၌ စွဲလမ်းခြင်းမရှိပြီ။

(ဂမ္ဘီရတ္ထဒေသနာမှ ကောက်နုတ်ချက် ၃၃၇-၃၃၈)

## မဂ်ကိစ္စ ၁၆–ချက်ဟူသည်

ဆီမီးသည် မီးစာကိုလောင်ခြင်း၊ အမှောင်ကို ပယ်ရှင်းခြင်း၊ အလင်းရောင်ကို ပြုခြင်း၊ ဆီကိုကုန်ခမ်းစေခြင်း ဟူသောကိစ္စ ၄–ချက်ကို တစ်ပြိုင်နက်ပြီးစေသကဲ့သို့ ထို့အတူ မဂ်စိတ်တပါးစီသည် ဒုက္ခသစ္စာကို ပိုင်းရှား၍ သိခြင်း သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားစေခြင်းဟူသော ကိစ္စ၄–ချက်ကို ဆောင်ရွက်သည်။ ထို့ကြောင့် မဂ်စိတ် ၄–ပါးဖြစ်၍ မဂ်ကိစ္စ (၄ x၄ =) ၁၆–ချက် ဖြစ်ပါသည်။ (အာစရာဘိဝံသ၏လက်စွဲအဘိဓမ္မာ–၂၅၀)

## ပစ္စဝေက္ခဏာဉာဏ် ၁၉–တန်

မဂ်ဖိုလ်ရသော အရိယာပုဂ္ဂိုလ်တို့သည် မိမိရသော မဂ်ဖိုလ်ကို ဆင်ခြင်ကြ၏။ ဆင်ခြင်ပုံမှာ မဂ်ဝီထိ ကျပြီး၍ ဖိုလ်မှထသောအခါ အကြားအမြင်များသူတို့သည် "သောတာပတ္တိမဂ်ကို ရပြီ၊ ဖိုလ်ကိုရပြီ၊ နိဗ္ဗာန်ကိုရပြီ"ဟု ဆင်ခြင်၏။ ထို့ပြင် "ပယ်လိုက်သောကိလေသာ၊ မပယ်ရသေးသော ကိလေသာတို့ကို လည်း" ဆင်ခြင်၏။ အကြားအမြင်နည်းသူတို့သည် "သောတာပတ္တိမဂ်ကို ရပြီ၊ ဖိုလ်ကိုရပြီ၊ နိဗ္ဗာန်ကိုရပြီ" ဟုသာ ဆင်ခြင်၏။ "ပယ်လိုက်သောကိလေသာ၊ မပယ်ရသေးသော ကိလေသာတို့ကိုကား" မဆင်ခြင်ကြပေ။

ထို့ကြောင့် ပစ္စဝေက္ခဏာဇောဝီထိဉာဏ် အစုံကျ၍ အကုန်ရေတွက်ပါလျှင် သောတာပန်ပုဂ္ဂိုလ်၌ မဂ်ကိုဆင်ခြင်ခြင်း, ဖိုလ်ကိုဆင်ခြင်ခြင်း, နိဗ္ဗာန်ကိုဆင်ခြင်ခြင်း, ပယ်ပြီးကိလေသာကိုဆင်ခြင်ခြင်း, ကြွင်းကိလေသာကို ဆင်ခြင်ခြင်း စိတ်အစဉ်(ဝီထိ) ငါးခုဖြစ်၏။ သကဒါဂါမ်ပုဂ္ဂိုလ်၌လည်းကောင်း အနာဂါမ်ပုဂ္ဂိုလ်၌လည်းကောင်း ထို့အတူ ငါးခုစီဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်၌ ကြွင်းကိလေသာ ဆင်ခြင်ဖွယ် မရှိ၍ စိတ်အစဉ် လေးခုသာ ဖြစ်၍ ပစ္စဝေက္ခဏာဝီထိ ၁၉–ကြိမ်ဟူ၍ မှတ်အပ်ပေသည်။

(မင်းကွန်း ဝိပဿနာဋီကာ ဒုတွဲ ၆၇–၆၈)

## ခက်ဆစ်အဓိပ္ပါယ်များ

**ဥပစာရသမာဓိဇော**–မဂ်၏အနီးဥပစာ၌ဖြစ်သော သမာဓိအားကောင်းသော ကာမဇောများ

**ပရိကမ်** ။ အပ္ပနာခေါ် ဈာန်ဇောမဂ်ဇောတို့ကို ဖြစ်ပေါ်လာအောင် ပြုစီမံတတ်သောကြောင့် ပရိကမ်ဟု ခေါ်သည်။

**ဥပစာ** ။ အပ္ပနာအနီး၌ ဖြစ်တတ်သောကြောင့် ဥပစာရဟု ခေါ်သည်။

**အနုလုံ** ။ ရှေးရှေး ပရိကမ်တို့၏ ကိစ္စကိုလည်း ဆက်လက်၍ ဆောင်ရွက်တတ်, ထိုကိစ္စအတွက် အပ္ပနာကိုလည်း ပေါ်လာစေတတ်၍ ရှေးရှေးပရိကမ်နှင့် နောက်အပ္ပနာအား လျော်သောကြောင့် "အနုလုံ"ဟု ခေါ်သည်။ ရှေးရှေးပရိကမ်ဟူရာ၌ အပ္ပနာဝီထိတွင်းက ပရိကမ်ကို ဆိုလိုသည် မဟုတ်ပါ။ အပ္ပနာဝီထိမရောက်မီ ရှေးရှေးဝီထိတွင်းတုန်းက ဖြစ်သမျှဇောတို့ကိုလည်း အပ္ပနာပေါ် လာအောင် စီမံပေးကြသည်ဖြစ်၍ ပရိကမ်ဟုပင် ခေါ်ဆိုရပေသည်။

(ဆိုလိုသည်မှာ – တရားအားထုတ်စဉ်ကအတိုင်း အနိစ္စဒုက္ခအနတ္တကိုလည်း ရှုနေသေးသည်, တရား အားထုတ်ရခြင်း၏ ရည်ရွယ်ရင်းပန်းတိုင်ဖြစ်သော မဂ်စိတ်ကိုလည်း ပေါ်အောင်ပြုလုပ်ပေးသော စိတ်ဖြစ်၍ အနုလုံ ဟု ခေါ်သည်)

**ဂေါတြဘု(ဝေါဒါန်)** ။ ကာမအနွယ်, ပုထုဇဉ်အနွယ်ကို ဖြတ်တောက်တတ်သောကြောင့် ဂေါတြဘု ဟုခေါ်၏။ အထက်မက်ဝီထိများ၌ "ဂေါတြဘု"ကို "ဝေါဒါန်"ဟု ခေါ်သည်။

**သောတာပန္န**=သောတ–အရိယာမဂ်တည်းဟူသော ရေအယဉ်သို့+အာပန္န–ရောက်ပြီးသူ

အရိယာမဂ္ဂင်ရေအယဉ်သို့ရောက်ပြီ၊ ရှေ့သို့တိုးလျှင် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ ဝင်ဘို့ရာ သာရှိသော ပုဂ္ဂိုလ်ကို သောတာပန်ဟု ခေါ်သည်။ သောတာပန်သည် အပါယ်ရောက်ကြောင်း အကုသိုလ်ကို မပြုတော့။ ကာမဘုံ၌ ၇–ကြိမ်ထက်ပို၍ ပဋိသန္ဓေမနေတော့၊ ဗြဟ္မာ့ဘုံ၌ကား ရ–ကြိမ်ထက်ပို၍ နေသေး၏။

**သကဒါဂါမ်**=ကာမဘုံမှ ကာမဘုံသို့ တကြိမ်သာ ပဋိသန္ဓေနေလာ၍ ရဟန္တာဖြစ်သူ

**အနာဂါမ်**=ကာမဘုံ၌ ပဋိသန္ဓေ လာမနေတော့သူ

**ရဟန္တာ**=ကိလေသာအားလုံး ကင်းပြီးသူ

## လောကုတ္တရာစိတ်အကျယ် ၄၀

ဈာန်သည် အာရမ္မဏူပနိဇ္ဈာန် လက္ခဏူပနိဇ္ဈာန်ဟု နှစ်မျိုးရှိ၏။ ရူပဈာန်စိတ် အရူပဈာန်စိတ်တို့၏ အာရုံဖြစ်သော ကသိုဏ်းစသော အာရုံတို့ကို စူးစိုက်စွာ ရှုတတ်သော ဈာန်သည် အာရမ္မဏူပနိဇ္ဈာန်မည်၏။ ဝိပဿနာ၏ အာရုံဖြစ်သော ရုပ်နာမ်တို့၏ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို စူးစိုက်စွာ ရှုတတ်ကြည့်တတ်သော ဈာန်သည် လက္ခဏူပနိဇ္ဈာန်မည်၏။ တရားရှုမှတ်စဉ်ဖြစ်သော ဝိပဿနာကုသိုလ်သည် အနိစ္စ ဒုက္ခ အနတ္တကို စူးစိုက်စွာရှု၏။ မဂ်စိတ်ပေါ်မှ အနိစ္စဒုက္ခအနတ္တ ရှုသည့်ကိစ္စ ပြီးဆုံးသောကြောင့် မဂ်စိတ်လည်း အနိစ္စဒုက္ခအနတ္တ လက္ခဏာတို့ကို ရှု၏၊ သိ၏ ဟု ဆိုအပ်၏။ ဖိုလ်စိတ်သည် နိဗ္ဗာန်၏ တည်ငြိမ်သော ငြိမ်းအေးမှု သဘောလက္ခဏာ (တထလက္ခဏာ) ကို ရှု၏။ သိ၏။

အချုပ်အားဖြင့် **"ရူပစိတ် ၁၅-ပါး၊ အရူပစိတ် ၁၂-ပါးတို့သည်** အာရုံကို စူးစိုက်စွာကြည့်ရှုတတ်သော ကြောင့် **အာရမ္မဏူပနိဇ္ဈာန်မည်**၏။ **မဂ်စိတ်သည်** ရှုမှတ်စရာ ရုပ်နာမ်၏ အနိစ္စဒုက္ခအနတ္တကို ရှုသိသော ကြောင့်လည်းကောင်း**, ဖိုလ်စိတ်သည်** နိဗ္ဗာန်၏ တည်ငြိမ်သော အေးမျှခြင်းလက္ခဏာကို သိသောကြောင့် လည်းကောင်း **လက္ခဏူပနိဇ္ဈာန်မည်၏"** ဟု သိပါ။

သို့ဖြစ်၍ မဂ်စိတ် ဖိုလ်စိတ် ဖြစ်စဉ် ၎င်းစိတ်တို့နှင့် အတူဖြစ်နေကြသော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တို့သည် ဈာန်အမည်ရကြ၏ဟု သိပါ။ မဂ်စိတ်ဖိုလ်စိတ်တွင် ဈာန်အင်္ဂါ ၅-မျိုးလုံးပါက ပဌမဈာန် မဂ်စိတ်/ဖိုလ်စိတ်ဟုလည်းကောင်း, ၄-မျိုးသာပါက ဒုတိယဈာန် မဂ်စိတ်/ဖိုလ်စိတ်ဟုလည်းကောင်း, သုံးမျိုးသာပါက တတိယဈာန် မဂ်စိတ်/ဖိုလ်စိတ်ဟုလည်းကောင်း, သုခ+ဧကဂ္ဂတာဟူသော ၂-မျိုးသာပါက စတုတ္ထဈာန် မဂ်စိတ်/ဖိုလ်စိတ်ဟုလည်းကောင်း ဥပေက္ခာ+ဧကဂ္ဂတာဟူသော ၂-မျိုးသာပါက ပဉ္စမဈာန် မဂ်စိတ်/ဖိုလ်စိတ်ဟုလည်းကောင်း သိပါ။

မဂ်ကိုရအောင် အားထုတ်သူသည် ရူပဈာန် အရူပဈာန် မရသောသူ (သုက္ခဝိပဿက) ရူပဈာန် အရူပဈာန် ရသောသူ (ဈာနလာဘီ)ဟု နှစ်မျိုးရှိ၏။ ဈာန်မရသောသူသည် ဝိပဿနာရှုသောအခါ ဈာန်စိတ်များကို မရှုနိုင်။ ဈာန်စိတ်ကို မရှုနိုင်၍ ဈာန်အင်္ဂါများကိုလည်း စက်ဆုပ်မှုမရှိ။ ထို့ကြောင့် မဂ်စိတ်ပေါ်သောအခါ မဂ်စိတ်၌ ဈာန်အင်္ဂါ ၅-မျိုးလုံးပါသည်။ အကျိုးဖြစ်သော ဖိုလ်စိတ်၌လည်း ဈာန်အင်္ဂါ ၅-မျိုးလုံးပါသည်။ ထိုမဂ်ဖိုလ်စိတ်ကို ပဌမဈာန် မဂ်ဖိုလ်စိတ်ဟု ခေါ်သည်။

ဈာန်ရသူသည်လည်း ဈာန်ကို မရှုပဲ ကာမစိတ်နှင့်ရုပ်ကိုသာ ရှုရင်သော်လည်းကောင်း, သို့မဟုတ် သမာဓိကောင်းအောင် ပဌမဈာန်ကို ဝင်စားပြီး ဈာန်မှအထတွင် ပဌမဈာန်မှတပါးသော အခြားကာမစိတ်နှင့်

ရုပ်တရားကို ရှုရင်သော်လည်းကောင်း, သို့မဟုတ် ပထမဈာန်ကိုသာ ရှုရင်သော်လည်းကောင်း, သို့မဟုတ် ပထမဈာန်ကို ဝင်စား,သုံးသပ်ပြီး ပထမဈာန်မဂ်ဖိုလ်စိတ် ပေါ်လာရင်ကောင်းမှာပဲဟု အလိုဆန္ဒဖြစ်ရင်သော်လည်းကောင်း, မဂ်စိတ်ပေါ်လာရာတွင် ဈာန်အင်္ဂါကို စက်ဆုပ်ခြင်း မရှိ၍ ဈာန်အင်္ဂါ ၅–မျိုးလုံး ပါလိမ့်မည်။ အကျိုးဖြစ်သော ဖိုလ်စိတ်၌လည်း ဈာန်အင်္ဂါ ၅–မျိုးလုံးပါသည်။ ထိုမဂ်ဖိုလ်စိတ်ကို ပထမဈာန် မဂ်ဖိုလ်စိတ်ဟု ခေါ်သည်။

ဈာန်ရသူသည် သမာဓိကောင်းအောင် ဒုတိယဈာန်ကို ဝင်စားပြီး ဈာန်မှ အထတွင် ဒုတိယ ဈာန်မှ တပါးသော အခြားကာမစိတ်နှင့် ရုပ်တရားကို ရှုရင်သော်လည်းကောင်း (ပါဒကဈာနဝါဒ) သို့မဟုတ် ဒုတိယဈာန်ကို ရှုရင်သော်လည်းကောင်း (သမ္မသိတဈာနဝါဒ) သို့မဟုတ် ဒုတိယဈာန်ကို ဝင်စား,သုံးသပ်ပြီး ဒုတိယဈာန် မဂ်ဖိုလ်စိတ် ပေါ်လာရင်ကောင်းမှာပဲဟု အလိုဆန္ဒဖြစ်ရင်သော်လည်းကောင်း, (ပုဂ္ဂလဇ္ဈာသယ) မဂ်စိတ်ပေါ်လာရာတွင် ဝိတက်ကို စက်ဆုပ်သဖြင့် ထိုမဂ်စိတ်၌ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄–ပါးသာ ပါလိမ့်မည်။ အကျိုးဖြစ်သော ဖိုလ်စိတ်၌လည်း ဈာန်အင်္ဂါ ၄–မျိုးသာ ပါသည်။ ထိုမဂ်ဖိုလ်စိတ်ကို ဒုတိယဈာန် မဂ်ဖိုလ်စိတ်ဟု ခေါ်သည်။

ဈာန်ရသူသည် သမာဓိကောင်းအောင် တတိယ/စတုတ္ထ/ပဥ္စမဈာန်ကို ဝင်စားပြီး ဈာန်မှအထတွင် တတိယ/စတုတ္ထ/ပဥ္စမဈာန်မှတပါးသော ကာမစိတ်နှင့်ရုပ်တရားကို ရှုရင်သော်လည်းကောင်း, သို့မဟုတ် တတိယ/စတုတ္ထ/ပဥ္စမဈာန်ကို ရှုရင်သော်လည်းကောင်း, သို့မဟုတ် တတိယ/စတုတ္ထ/ပဥ္စမဈာန်ကို ဝင်စား,သုံးသပ်ပြီး တတိယ/စတုတ္ထ/ပဥ္စမဈာန် မဂ်ဖိုလ်စိတ် ပေါ်လာရင်ကောင်းမှာပဲဟု အလိုဆန္ဒဖြစ်ရင်သော်လည်းကောင်း, မဂ်ဖိုလ်စိတ်ပေါ်လာရာတွင် တတိယ/စတုတ္ထ/ပဥ္စမဈာန် မဂ်ဖိုလ်စိတ်များ ပေါ်လာလိမ့်မည်။

**ခက်ဆစ်အဓိပ္ပါယ်**

ပါဒကဈာန–ဝိပဿနာ၏အခြေခံဈာန်
သမ္မသိတဈာန–ဝိပဿနာရှုစရာဈာန်
ပုဂ္ဂလဇ္ဈာသယ–ယောဂီ၏အလိုဆန္ဒ

ဤသို့အားဖြင့် သောတာပတ္တိမဂ်စိတ် ၅–ပါး၊ သောတာပတ္တိဖိုလ်စိတ် ၅–ပါး၊ သကဒါဂါမိမဂ်စိတ် ၅–ပါး၊ သကဒါဂါမိဖိုလ်စိတ် ၅–ပါး၊ အနာဂါမိမဂ်စိတ် ၅–ပါး၊ အနာဂါမိဖိုလ်စိတ် ၅–ပါး၊ အရဟတ္တမဂ်စိတ် ၅–ပါး၊ အရဟတ္တဖိုလ်စိတ် ၅–ပါး၊ ပေါင်း လောကုတ္တရာစိတ် အကျယ် ၄၀ ဖြစ်သည်။

## သောတာပတ္တိမဂ်စိတ် ၅–ပါး

၁။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅–ပါးနှင့် တကွဖြစ်သော ပထမဈာန်သောတာပတ္တိမဂ်စိတ်–၁
၂။ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄–ပါးနှင့်တကွဖြစ်သော ဒုတိယဈာန်သောတာပတ္တိမဂ်စိတ်–၁
၃။ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃–ပါးနှင့် တကွဖြစ်သော တတိယဈာန်သောတာပတ္တိမဂ်စိတ်–၁
၄။ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန်သောတာပတ္တိမဂ်စိတ်–၁
၅။ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန်သောတာပတ္တိမဂ်စိတ်–၁

သောတာပတ္တိဖိုလ်စိတ် ၅–ပါး၊ သကဒါဂါမိမဂ်စိတ် ၅–ပါး၊ သကဒါဂါမိဖိုလ်စိတ် ၅–ပါး၊ အနာဂါမိမဂ်စိတ် ၅–ပါး၊ အနာဂါမိဖိုလ်စိတ် ၅–ပါး၊ အရဟတ္တမဂ်စိတ် ၅–ပါးကိုလည်း နည်းတူရေတွက်ပါ။

## အရဟတ္တဖိုလ်စိတ် ၅–ပါး

၁။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅–ပါးနှင့် တကွဖြစ်သော ပထမဈာန်အရဟတ္တဖိုလ်စိတ်–၁
၂။ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄–ပါးနှင့် တကွဖြစ်သော ဒုတိယဈာန်အရဟတ္တဖိုလ်စိတ်–၁
၃။ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃–ပါးနှင့် တကွဖြစ်သော တတိယဈာန်အရဟတ္တဖိုလ်စိတ်–၁
၄။ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန်အရဟတ္တဖိုလ်စိတ်–၁
၅။ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန်အရဟတ္တဖိုလ်စိတ်–၁

## မဂ်၄–ပါး ပယ်သော အကုသိုလ်များ

| မဂ်တရား | ပယ်သံယောဇဉ် | ပယ်–ကိလေသာ | ပယ်–မိစ္ဆာ | ပယ်–လောကဓံ | ပယ်–နီဝရဏ | ပယ်–အနုသယ | ပယ်–အကုသလကမ္မပထ |
|---|---|---|---|---|---|---|---|
| သောတာပတ္တိ | သက္ကာယဒိဋ္ဌိ<br>ဝိစိကိစ္ဆာ<br>သီလဗ္ဗတပရာမာသ<br>အပါယ်ရောက်ကြောင်း<br>ကာမရာဂ, ပဋိဃ | ဒိဋ္ဌိ<br>ဝိစိကိစ္ဆာ | မိစ္ဆာဒိဋ္ဌိ<br>မုသာဝါဒ<br>မိစ္ဆာကမ္မန္တ<br>မိစ္ဆာအာဇီဝ | | ဝိစိကိစ္ဆာ | ဒိဋ္ဌာနုသယ<br><br>ဝိစိကိစ္ဆာ<br>နုသယ | ပါဏာတိပါတ<br>အဒိန္နာဒါန<br>ကာမေသုမိစ္ဆာစာရ<br>မုသာဝါဒ<br>မိစ္ဆာဒိဋ္ဌိ |
| သကဒါဂါမိ | ကြမ်းတမ်းသော<br>ကာမရာဂ, ပဋိဃ | | | | | | |
| အနာဂါမိ | သိမ်မွေ့သော<br>ကာမရာဂ, ပဋိဃ | ဒေါသ | မိစ္ဆာသင်္ကပ္ပ၊ ပိသုဏာဝါစာ<br>ဖရုသဝါစာ | လောကဓံကြောင့်<br>ဖြစ်သော ဒေါသ | ကာမစ္ဆန္ဒ<br>ဗျာပါဒ<br>ကုက္ကုစ္စ | ကာမရာဂါနုသယ<br>ပဋိဃာနုသယ | ပိသုဏာဝါစာ<br>ဖရုသဝါစာ<br>ဗျာပါဒ |
| အရဟတ္တ | ရူပရာဂ၊အရူပရာဂ<br>မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ | လောဘ၊မောဟ၊<br>မာန၊ထိန၊ဥဒ္ဓစ္စ၊အဟိရိက၊ အနောတပ္ပ | သမ္မပ္ပလာပ၊ မိစ္ဆာဝါယာမ<br>မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ<br>မိစ္ဆာဝိမုတ္တိ၊ မိစ္ဆာဉာဏ် | လောကဓံကြောင့်<br>ဖြစ်သော<br>လောဘ | ထိန+မိဒ္ဓ<br>ဥဒ္ဓစ္စ<br>အဝိဇ္ဇာ | မာနာနုသယ<br>ဘဝရာဂါနုသယ<br>အဝိဇ္ဇာနုသယ | သမ္မပ္ပလာပ၊ အဘိဇ္ဈာ |

**ခက်ဆစ်** မိစ္ဆတ္တ–မှားသောသဘော။ မိစ္ဆာဝိမုတ္တိ–ကိလေသာမှ မလွတ်ပဲ လွတ်ပြီဟု ဆင်ခြင်မှုဖြစ်ခြင်း။ မိစ္ဆာဉာဏ်–မကောင်းမှု ပြီးမြောက်စေရန် ကြံစည်သော ဉာဏ်နှင့် ထိုကြံစည်ပြုလုပ်သည်ကို ကောင်းသည်ဟု ဆင်ခြင်မှု(တရားကိုယ် မောဟ) မစ္ဆရိယ ငါးပါးနှင့် အဂတိလေးပါးကို သောတာပတ္တိမဂ်က ပယ်သည်။ **မစ္ဆရိယငါးပါး**– နေရာ၊ လာဘ်၊ အမျိုး၊ အတတ်ပညာ၊ ဂုဏ်သတင်းတို့၌ သူတပါးနှင့် ဆက်ဆံသည်ကို သီးမခံနိုင်ခြင်း။ **အဂတိလေးပါး**–ချစ်ခြင်း, မုန်းခြင်း, နားမလည်ခြင်း, ကြောက်ခြင်းတို့ကြောင့် မပြုသင့်သည်ကိုပြုခြင်း၊ ပြုသင့်သည်ကို မပြုခြင်း။ အရိယာတို့မရောက်ထိုက်၍ အဂတိဟု ခေါ်သည်။ (အ+မ၊ဂတိ+ရောက်အပ်)

(မဟာစည်ဆရာတော်ဝိသုဒ္ဓိမဂ်မြန်မာပြန် စတုတ္ထတွဲ ၅၅၄–၅၆၀)

♠ အကုသိုလ်ကံ၏အဖြစ်ကြောင့်၄င်း, ဒုဂ္ဂတိ၏အဖြစ်ကြောင့်၄င်း၊ ပါဏာတိပါတစသော ဤတရား ၁၀–ပါးကို ကမ္မပထဟု ခေါ်ဆိုရလေသည်။ တမဂ်တဖိုလ်မျှ ရရှိပြီးသော အရိယာတို့မှာမူ အကုသိုလ်မကုန်သေး၍ ကိုယ်နှုတ်စိတ်တို့ဖြင့် လွန်ကျူးပြုမိသော်လည်း နောင်အခါ ပဝတ္တိကျိုးကားပေး၏။ ပဋိသန္ဓေကျိုးမှာ ကမ္မပထမမြောက်၍ လွတ်ကင်းလေတော့၏။

(မင်းကွန်း ဝိပဿနာဋီကာ ဒုတွဲ ၁၀၅)

## စူဋသောတာပန်

ကင်္ခါဝိတရဏဝိသုဒ္ဓိ=နာမ်ရုပ်တို့၏အကြောင်းကို သိမ်းဆည်းခြင်းဖြင့် ယုံမှားမှုကို လွန်မြောက်၍
တည်သောဉာဏ်(ယုံမှားမှုလွန်မြောက်၍ စင်ကြယ်သောဉာဏ်)
ဓမ္မဋ္ဌိတိဉာဏ်=နာမ်ရုပ်တို့၏ တည်ကြောင်းတရားကို သိသောဉာဏ်
ယထာဘူတဉာဏ်=ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်
သမ္မာဒဿနဉာဏ်=မဖောက်မပြန်မှန်စွာမြင်သောဉာဏ်
ဤဉာဏ်များသည် နာမည်သာကွဲသည်။ အဓိပ္ပါယ်သဘော အတူတူပင်။

ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့်ပြည့်စုံသော ယောဂီသည် သာသနာ၌ ရအပ်ပြီးသော သက်သာရာရှိသည်ဖြစ်၍, ရအပ်ပြီးသော ထောက်တည်ရာရှိသည်ဖြစ်၍, မြဲသော ဂတိရှိသည်ဖြစ်၍ စူဋသောတာပန်မည်၏။

သာသနာတော်၌ သက်သာရာမည်သည် အရိယာဖိုလ်ပေတည်း။ ထောက်တည်ရာမည်သည် အရိယာမဂ်ပေတည်း။ ဤယောဂီသည်ကား ထိုအရိယာမဂ်သို့ မရောက်သေးပေ။ သို့သော်လည်း အရိယာမဂ်ဖိုလ်ကို ရကြောင်းဖြစ်သော အကျင့်၌တည်သောကြောင့် ရအပ်ပြီးသော သက်သာရာရှိသကဲ့သို့ လည်းကောင်း ရအပ်ပြီးသော ထောက်တည်ရာရှိသကဲ့သို့လည်းကောင်း ဖြစ်ပေသည်။

မဆုတ်ယုတ်သော ကင်္ခါဝိတရဏဝိသုဒ္ဓိရှိသော ဝိပဿနာယောဂီသည် လောကီဖြစ်ကုန်သော သီလ သမာဓိပညာနှင့် ပြည့်စုံနေသောကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိထက် အလွန်မသိသေးသော်လည်း သုဂတိလျှင် လားရာရှိပေသည်။ ထို့ကြောင့် စူဋသောတာပန်မည်ပေသည်။

“မဆုတ်ယုတ်သော ကင်္ခါဝိတရဏဝိသုဒ္ဓိရှိသော”ဟူသော ဝိသေသနပုဒ်ကိုလည်းကောင်း, “သီလ သမာဓိပညာနှင့် ပြည့်စုံနေသောကြောင့်”ဟူသော အကြောင်းပြ ပုဒ်ကိုလည်းကောင်း အထူးသတိပြုအပ်၏။ ထိုသို့သော ယောဂီသည် ကင်္ခါဝိတရဏဝိသုဒ္ဓိမဆုတ်ယုတ်ပါမှ ဂတိမြဲနိုင်သည်။ ဆုတ်ယုတ်သော်ကား မမြဲနိုင် ဟူ၍လည်းကောင်း၊ သီလစသည်ပြည့်စုံနေမှ ဂတိမြဲနိုင်သည်၊ သီလစသည် ပျက်စီးလျှင်ကားမမြဲဟု ထိုပုဒ်များက ပြလျက်ရှိသည်။ (စည် ဝိသုဒ္ဓိပြန် စ ၃၂၈-၃၃၀)

## သောတာပန်တို့၏ သဘောသဘာဝများ

### သောတာပန်ဖြစ်ပြီးနောက်

တစ်ကိုယ်လုံး၌ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဟူသော ပညာက္ခန္ဓမဂ္ဂင်ကြီး ၂-ပါး တည်ရှိသောအခါ အပါယ် သံသရာကြီး၏ ဆိုင်ရာဖြစ်သော ဝဋ်သုံးပါးသည် အကြွင်းမဲ့ချုပ်ငြိမ်း၏။ သဥပါဒိသေသ ပထမနိဗ္ဗာန်သို့ ရောက်လေ၏။ ဒုက္ခလက္ခဏာ ဉာဏ်အမြင် ကျန်ရှိသေးသောကြောင့် လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ ချမ်းသာတို့ကို သာယာသော တဏှာမာနတို့လည်း ကျန်ရှိကုန်သေး၏။ (တီချုပ်ပတွဲ ၂၄၇)

### သောတာပန်ချမ်းသာ

♠ မင်္ဂပိုင်ရှင် ရဟန္တာသည် လောက၌ မည်သည့်သက်ရှိသက်မဲ့ အရာဝတ္ထုနှင့်မျှ ငြိကပ်ခြင်းတွယ်တာခြင်း မရှိတော့ပဲ ကြပ်ပြည့်တင်းပြည့် ချမ်းသာရာကိုရကာ ကောင်းစွာကျင့်၍ နေထိုင်နိုင်တော့၏။ မစ္ဆရိယဟူသော ဝန်တိုမှုကိုကား သောတာပန်ဖြစ်ရုံနှင့် ပယ်ရှားနိုင်သောကြောင့် သောတာပန်သည်လည်း လောက၌ ကောင်း စွာ အသင့်အတင့် နေနိုင်သည်သာတည်း။ (သုတ္တနိပါတ်ပါနိသျ သဇ္ဇနော ၃၃၈)

### သောတာပန်ဂုဏ်ရည်များ

၁။ **ဘဝဖုံးလွှမ်း၍ အရိယာအဖြစ်ကို မသိသော်လည်း** ငါးပါးသီလကို အသက်နှင့်လဲစောင့်ရှောက်
၂။ ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရကို **မနောကံဖြင့်ပင်** မလွန်ကျူးတော့
၃။ မုသားစကား လုံးဝမပြောတော့၊ အရက် လုံးဝ မသောက်တော့
၄။ ပဉ္စာနန္တရိယကံ မကျူးလွန်တော့၊ ဘုရားမှတပါး ဆရာမရှာတော့
၅။ ရဟန်းဖြစ်မှု လောကဝဇ္ဇသိက္ခာပုဒ်တို့ကို မလွန်ကျူးတော့၊ ပါတိမောက်ကို လုံခြုံစွာထိန်း
၆။ ဘုရားရှင်အကြောင်းပြု၍ ဒေါမနဿမဖြစ်၊ လွန်ကျူးမိသောအပြစ်ကို ဖုံးမထား
၇။ သင်္ခါရတရားတို့၌ 'နိစ္စ သုခ အတ္တ'ဟု မယူတော့
၈။ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ဣဿာ, မစ္ဆရိယ,
ကုက္ကုစ္စ, အယာထာဝမာန် တို့ကို ပယ်ပြီး (ပိဋကတ်လမ်းညွှန် ၅၉၃-၅၉၄)

### သောတာပန် ရှင် ရဟန်း လူမထွက်တော့

♠ သာမဏေရော သောတာပတ္တိဖလေ ပတိဋ္ဌိတော၊ အဘဗ္ဗော ဒါနိ သာသနတော နိဝတ္တိတုံ။
(အဘိ ပါ ၁၇၃ ဋ္ဌ ၉၅) အယံ သောတာပန္နော သာသနေ မူလဇာတာယ သဒ္ဓါယ
"သမဏမစလော"တိ ဝုစ္စတိ။ (အံ ၈ ဋ္ဌ ၂၃၅)

♠ **အရိယာပုဂ္ဂိုလ်တို့ မငြင်းခုံ**။ လောကုတ္တရမဂ္ဂ ပတ္တာ ဝိဝါဒေါ နာမ သဗ္ဗသော ဝူပသမ္မတိ(ပဏ်၃၄ ၂၅)

♠ အရိယာရဟန်းတို့သည် ဂရုကအာပတ်တွင် ကုဋ္ဌိကာရသိက္ခာပုဒ်နှင့်တူသော လဟုကအာပတ်တွင် သဟသေယျသိက္ခာပုဒ်နှင့်တူသော အစိတ္တကအာပတ်များကို ကျူးလွန်သည်။ သို့သော် အာပတ်ကို ဖုံးမထား။ စေတနာနှင့်အာပတ်ကို မကျူးလွန်၊ လောကဝဇ္ဇကို အသက်နှင့်လဲစောင့်။ (ပိဋကည္ဆန် ပ ၅၀)

## သောတာပန်၌ ကာမဂုဏ်အာရုံမှီသော ပီတိသောမနဿ မဖြစ်

ဤတရားတော်ကို နာခံကုန်သော မဏ္ဍလမာလ၌ နေကြသော ရဟန်းတို့မှာ အညံ့ဆုံးသောတာပန်သာ ဖြစ်သောကြောင့် ဂေဟဿိတ(ကာမဂုဏ်အာရုံ၌မှီသော)ပီတိသောမနဿမဖြစ်ကြပါ။ သို့သော်နောင်လာ နောက်သားတို့၏ ဤကဲ့သို့ချီးမွမ်းခံရသောအခါ အကုသိုလ်ဖြစ်မည့်အရေးကို ကြိုတင်၍ တားမြစ်တော်မူလို သောကြောင့် ဤဓမ္မနေတ္တိ(တရားဥပဒေသ)ကို ထားတော်မူသည်။ (သီဘာဋီ ပ ၃၄၂)

## သောတာပန်သေလျှင် စိတ်ကြည်လင်

လူ့ဘဝမှသေတဲ့ သောတာပန်လဲ သေခါနီးမှာ ထို့အတူ မတွေမဝေပဲ သေရမြဲပါပဲ။ ရောဂါဝေဒနာ ကြောင့် ဆင်းရဲပင်ပန်းနေပုံ ရနေသော်လည်း အမှတ်သတိကတော့ ကြည်ကြည်လင်လင်နဲ့ ကောင်းနေပြီးသား ပါပဲ။ စကားမပြောနိုင်ပေမဲ့ စိတ်ကတော့ မတွေဝေပဲ ကြည်ကြည်လင်လင်နဲ့ သေရမြဲပါပဲ။

(မဟာစည် သက္ကပဉှသုတ် ၂၉၀)

## သောတာပန် လူ့ပြည်၌ ပြန်ဖြစ် / မဖြစ်

တပည့်တော်သေလွန်သောအခါ လူ့ပြည်တွင် မြတ်သောအမျိုး၌ ပဋိသန္ဓေယူပါမည်။ အရိယာတို့၏ အကျင့်ဖြင့် ပျော်မွေ့စွာ နေပါမည်။ လူ့ဘဝ၌ သကဒါဂါမ်ဖြစ်ပြီးနောက် နတ်ပြည်ပြန်ရောက်သောအခါ လူ့ပြည်ပြန်၍ ပဋိသန္ဓေမနေရတော့ပဲ အထက်တက်ရပါလိမ့်မည်။

(ဒီ ၂ဘာဋီ ပ၅၁၆၊ ဒီ ၂ ၂၂၇၊ ဒီ ၂ ၄ ၃၃၂)

သို့သော် ဤသို့လျှောက်ထားခြင်း သောတာပတ္တိမဂ်၏ အကျိုးအာနိသင်ကို လျှောက်ထားခြင်း ဖြစ်သည်။ တကယ်ပြန်မဖြစ်။ သို့သော် ဖြစ်မည်ဆိုကလည်း သာသနာပ၌ ပစ္စေကဗုဒ္ဓမှတပါး သစ္စာသိသူ အရိယာ မရှိနိုင်၍ သာသနာတွင်း၌ နတ်ပြည်မှ သောတာပန်ဖြစ်ပြီး စုတေလျှင် လူ့ပြည်၌ ဖြစ်နိုင်ရာသည်ဟု မှတ်စရာရှိသည်။ (ဆုံးဖြတ်ချက် အကျယ်သိလိုမူ ပညာဝီမံသနကထာကျမ်း ၁–၄၀ ကို ကြည့်ပါ)

## ဘာသာရေးနှင့်ဆက်စပ်တဲ့မကောင်းမှု=သီလဗ္ဗတပရာမာသဒိဋ္ဌိ

♠သစ္စာလေးပါးသိအောင်, မဂ္ဂင်ရှစ်ပါးဖြစ်အောင် ကျင့်သော အကျင့်မဟုတ်က သီလဗ္ဗတပရာမာသ

နွားသိုးဆိတ်စသည် သတ်၍ ယဇ်ပူဇော်ခြင်း၊ နွားလို အိပ်ခြင်းစားခြင်းနေခြင်း၊ နွားနှင့်တူအောင် အမြီးတပ်ခြင်း, ဘို့တပ်ခြင်း ချိုတပ်ခြင်း လေးဘက်ထောက်သွားခြင်း၊ တယောက်နှင့်တယောက်တွေ့လျှင် စောင်ခြင်း၊ ချိုသွေးခြင်း ခွာယက်ခြင်းစတာတွေဟာ သီလဗ္ဗတပါရာမာသပါပဲ။

ခွေးလိုနေစားအိပ်၊ ခွေးနဲ့တူအောင်အမြီးတပ်၊ မြေကြီးမှာ ခွေးလို ကျင်ကြီးကျင်ငယ်စွန့် ပန်းကန်နှင့် မစားပဲ ခွေးလို မြေကြီးပေါ်မှာ ပုံထားတာစားတွေဟာ သီလဗ္ဗတပါပဲ။ သံသရာဝဋ်က လွတ်မြောက်ကြောင်းဟု ယူဆ၍ ကျင့်ကြသည်။

နွားအကျင့်ခွေးအကျင့် ကျင့်တဲ့ ပုဏ္ဏနှင့်သေနိယတို့ ဘုရားကို သူတို့အကျင့်ရဲ့ အကျိုးတရားကို ဟောဖို့ လျှောက်တော့ ဘုရားက သူတို့မနှစ်သက်တာကို ဖြေရမှာဆိုတော့ ဟောဖို့ ငြင်းတယ်။ သုံးကြိမ်တောင်းဆိုတော့ "ခွေးအကျင့်စွဲမြဲစွာကျင့်ရင် သေပြီးနောက် ခွေးဖြစ်သည်၊ နွားအကျင့် စွဲမြဲစွာကျင့်ရင် သေပြီးနောက် နွားဖြစ်သည်။ နတ်ဘဝ ဖြစ်လိမ့်မည့်လို့ မှန်းပြီး မိစ္ဆာအကျင့် ကျင့်ရင် ငရဲ တိရိစ္ဆာန်ဖြစ်နိုင်သည်"ဟု ဟော၍ ပုဏ္ဏသည် သရဏဂုံ တည်တယ်၊ သေနိယကတော့ ရဟန်းဝတ်ပြီး တရားကျင့်ကာ ရဟန္တာဖြစ်သွားတယ်။

အကုသိုလ်မျှော်ဘို့ ဂင်္ဂါမြစ်ရေ ချိုးတာ၊ နွားဆိတ်တွေသတ်ပြီး ယဇ်ပူဇော်တာတွေ၊ အစာမစားပဲနေတာ၊ နတ်ကိုးကွယ်တာ၊ သိကြားမင်းကိုးကွယ်တာ၊ ကောင်းကင်ဘုံကဘုရားသခင်၊ ဆင်မြင်း သစ်ပင်တေ ၁တောင် နက္ခတ်ကိုးကွယ်တာကိုးကွယ်တာတွေဟာ သီလဗ္ဗတတွေပါ။ **သောတာပန်ဖြစ်ရင် သီလဗ္ဗတ ကင်းပြီ**။

(စည်အဘိဓမ္မာတရားတော် ၂၄၅)

♠ ဗုဒ္ဓဘာသာလူမျိုး၌ ကာမုပါဒါန် အတ္တဝါပါဒါန်သာရှိ၏။ အလယ်နှစ်ပါးမရှိ။ သာသနာမရှိသော လူမျိုးတို့၌ ဂေါသီလ ဂေါဝတကို ယူ၍ ကျင့်သောသူတို့၌သာ သီလဗ္ဗတုပါဒါန်ရှိသည်။ ဒိဋ္ဌုပါဒါန်မှာ ယေရှု ဘရင်ဂျီ ပသီဘုန်းကြီးတို့၌လည်းကောင်း သူတို့၏နောက်လိုက်တို့၌လည်းကောင်း များစွာထွန်းကားသည်။

(ပဋ္ဌိစ္စသမုပ္ပါဒ်ဒီပနီ ၁၁၈)

## သောတာပန်မဖြစ်ရင် သံသရာ၌မိစ္ဆာယူနိုင်

အနောက်နိုင်ငံမှာ လူဝင်စားကလေးတွေက အတိတ်ဘဝအကြောင်း ပြန်ပြောတဲ့အခါ မိဘတွေက "အဲဒီလိုမပြောနဲ့၊ အဲဒါ အယူမှားတွေ၊ ဘဝဆိုတာ တခါပဲ"လို့ ပြောတော့ ကလေးတွေက မိဘအယူလိုက်ပြီးတော့ မိစ္ဆာဖြစ်သွားတယ်။ အမှန်က မိဘတွေက မှားနေတာ။

(စည်အဘိဓမ္မာတရားတော် ၂၅၁)

## သောတာပန်နဲ့ အစွဲ

သောတာပန်မှာ ငါကောင် သတ္တဝါကောင်လို့ မစွဲတော့ဘူး စဉ်းစားလိုက်တာနဲ့ ရှုမှတ်လိုက်တာနဲ့ တပြိုင်နက် ရုပ်နာမ်သဘောတွေ အနိစ္စ ဒုက္ခ အနတ္တ သဘောတွေဆိုတာကို ဉာဏ်ထဲမှာ ထင်ထင်ရှားရှား မြင်သိလာတယ်။ ငါကောင်သူကောင် မရှိဆိုတာသိမြင်ပြီး အတ္တကင်းပါတယ်။ ဒါပေမဲ့ သုခနဲ့ သုဘစွဲဆိုတာတော့ ကျန်သေးတယ်။

အစွဲတွေထဲမှာ အရင်ကျဆုံးကတော့ အတ္တဒိဋ္ဌိဆိုတဲ့ အတ္တစွဲပဲ၊ အတ္တဒိဋ္ဌိကနေ သဿတဒိဋ္ဌိ ဉစ္ဆေဒဒိဋ္ဌိဆိုပြီး နှစ်မျိုးပေါက်ပွားလာတယ်။ ခန္ဓာကပျက်စီးပေမဲ့ အတ္တကလေးက အမြဲတည်ပြီး နောက်ခန္ဓာ အိမ်နောက်ဘဝမှာ ပါသွားတယ်လို ယူတာက သဿတ။

အခုခေတ် ရုပ်ဝါဒဘက်ကနေပြီး သဘောကျနေတဲ့ သိပ္ပံပညာ ဦးစားပေးပုဂ္ဂိုလ်တွေက သဿတစွဲတော့ ရှိခဲပါတယ်။ ဉစ္ဆေဒဒိဋ္ဌိကတော့ သူတို့မှာ ရှိနေတတ်ကြတယ်။ "သေပြီးရင်ပြီးတာပဲ၊ နောက်ဘဝမရှိဘူး၊ အတ္တစွဲလည်း မရှိဘူး"လို့ သူတို့ကပြောပေမဲ့ သူတို့စကားကို ကြည့်ရင် "သေပြီးရင် ပြီးတာပဲ၊ နောက်ဘဝမရှိဘူး"ဆိုတော့ မသေခင်မှာ အတ္တရှိတယ်လို ပြောရာရောက်တယ်။ ဒီလို ဆင့်ပွားဒိဋ္ဌိ မဖြစ်ရအောင် အတ္တဒိဋ္ဌိမရှိဘို့ လိုသည်။ (စည်အဘိဓမ္မာတရားတော် ၂၄၂)

## ကိလေသာအစဉ်အားဖြင့် နီဝရဏတို့ကို ပယ်ပုံ

ကာမစ္ဆန္ဒနှင့် ဗျာပါဒနီဝဏတို့ကို တတိယမဂ်ဖြင့်၊ ထိနမိဒ္ဓနီဝရဏနှင့် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏတို့ကို စတုတ္ထမဂ်ဖြင့်၊ ကုသိုလ်ကောင်းမှုကို မပြုမိလေခြင်း စသည်ဖြင့် ဖြစ်သော ဝိပ္ပဋိသာရကုက္ကုစ္စနှင့် ဝိစိကိစ္ဆာနီဝရဏတို့ကို ပဌမမဂ်ဖြင့် ပယ်၏။

## မဂ်အစဉ်အားဖြင့် နီဝရဏတို့ကို ပယ်ပုံ

ကုက္ကုစ္စနှင့် ဝိစိကိစ္ဆာနီဝရဏတို့ကို ပဌမမဂ်ဖြင့်၊ ကာမစ္ဆန္ဒနှင့် ဗျာပါဒနီဝဏတို့ကို ဒုတိယမဂ်ဖြင့် ခေါင်းပါးအောင်ပြုသည်။ တတိယမဂ်ဖြင့် ကာမဗျာပါဒနှစ်ပါးလုံး အကြွင်းအကျန်မရှိ ပယ်၏။ ထိနမိဒ္ဓနှင့် ဉဒ္ဓစ္စနီဝရဏတို့ကို စတုတ္ထမဂ်ဖြင့် ပယ်၏။ (ဦးသဇ္ဇနာဘိဝံသ သုတ္တနိပါတ် ပါ နိဿယသစ်၁၅ ဥရဂသုတ်)

ဣဒံ ပန ဣဿာမစ္ဆရိယသံယောဇနံ သောတာပတ္တိမဂ္ဂေန ပဟီယတိ။ ယာဝ တံ နပ္ပဟီယတိ, တာဝဒေဝမနုဿာ အဝေရာတာဒီနိပတ္ထယန္တာပိ ဝေရာဒီဟိ န ပရိမုစ္စန္တိယေဝ။ (ဒီဋ္ဌ ၂ ၃၁၁)

သောတာပတ္တိမဂ္ဂေန ကုက္ကုစ္စဝိစိကိစ္ဆာ ပဟီယန္တိ။ (ဘိဋ္ဌ ၁ ၄၁၅)

ဇတ္တေ စ သေယျဿ သေယျောဟမသ္မီတိ စ သဒိသဿ သဒိသောဟမသ္မီတိ စ ဟီနဿ ဟီနောဟမသ္မီတိ စ ဣမေ တယော မာနာ ယာထာဝမာနာ နာမ အရဟတ္တမဂ္ဂဝဇ္ဈာ။ သေသာ ဆ မာနာ အယာထာဝမာနာ နာမ ပဌမမဂ္ဂဝဇ္ဈာ။ (ဒီဋ္ဌ ၃ ၁၇၃)

## မချစ်မမုန်းခြင်းအကျိုး

♠ "ဟိတွာ ပိယဥ္စ အပ္ပိယဥ္စ" ဤစာပိုဒ်ဖြင့် မုန်းစရာကို ပယ်လျှင် ဒုက္ခတဝက်သက်သာမည်။ ချစ်စရာကို ပယ်နိုင်လျှင် ဒုက္ခအားလုံးကင်းမည်။ ဒုက္ခတဝက်သက်သာအောင် အနာဂါမိဂ်ရအောင်အားထုတ်ပါ။ ဒုက္ခ အားလုံးကင်းစေချင်ရင်တော့ ချစ်စရာမုန်သမျှကို အရဟတ္တမဂ်ဖြင့် ပယ်ပစ်ပါ - ဤကား ဗုဒ္ဓ၏အမြင် ဗုဒ္ဓ၏အလိုတည်း။ (သုတ္တနိပါတ်ပါဠိသျှ သဗ္ဗနော ၃၃၉)

## အကုသိုလ်စိတ္တုပါဒ် နာမည်များနှင့် မဂ်ပယ်ပုံ

မက္ခ=ကျေးဇူးရှိဖူးသူကို ကျေးဇူးကန်းလျက် ပြောဆိုသည့်အခါ ကျေးဇူးချေဖျက်သောအားဖြင့်
ဖြစ်သော ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ်
ပဠာသ=မိမိထက်သီလသမာဓိပညာ သာသောသူမုန်းသိလျက် ထိုသူ၏ဂုဏ်ကို သိမ်ဖျဉ်းအောင်
မိမိနှင့်တန်းတူထားလျက် ဖက်ပြိုင်ပြောဆိုလိုသော အခြင်းအရာအားဖြင့်ဖြစ်သော
ဒေါသမူစိတ္တုပ္ပါဒ်
မာယာ=မိမိအဖြစ်ကို ဖုံးလွှမ်းသော အခြင်းအရာအားဖြင့်ဖြစ်သော လောဘမူစိတ္တုပ္ပါဒ်
သာဠေယျ=မိမိ၌ ထင်ရှားမရှိသောဂုဏ်ကို ဖော်ပြဝါကြွားသော အခြင်းအရာအားဖြင့် ဖြစ်သော
လောဘမူစိတ္တုပ္ပါဒ်
ထမ္ဘ=ရှိသေထိုက်သူကို မရှိမသေ ရိုင်းစိုင်းခက်ထန်သောအားဖြင့်ဖြစ်သော မာနသမ္ပယုတ် စိတ္တုပ္ပါဒ်
သာရမ္ဘ=သူများကို အနိုင်ရလို, သူများထက် သာအောင်ပြုလိုသော အခြင်းအရာအားဖြင့် ဖြစ်သော
မာနသမ္ပယုတ်စိတ္တုပ္ပါဒ်
ပမာဒ=ကာမဂုဏ်ဒုစရိုက်၌ စိတ်ဝင်စားပြီး ကုသိုလ်တရား၌ မေ့သောအခြင်းအရာအားဖြင့်ဖြစ်သော
လောဘမူဒေါသမူစိတ္တုပ္ပါဒ်
အဘိဇ္ဈာ=မိမိဥစ္စာ၌ အားကြီးသောရာဂ
ဝိသမလောဘ=သူတပါးဥစ္စာ၌ အားကြီးသော ရာဂ

(တနည်း မိမိဥစ္စာ၌လည်းကောင်း သူတပါးဥစ္စာ၌လည်းကောင်း သင့်လျော်သောအရာ၌ အားကြီးသောရာဂသည် အဘိဇ္ဈာ၊ မသင့်လျော်သောအရာ၌ အားကြီးသောရာဂသည် ဝိသမလောဘ၊ တနည်း အဘိဇ္ဈာနှင့်ဝိသမလောဘ စကားလုံးသာကွဲသည်၊ အရကောက်တူသည်)

ဗျာပါဒ=ကိုးပါးအပြားရှိသော အာဃာတဝတ္ထု အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသ

ကောဓ=ဆယ်ပါးအပြားရှိသော အာဃာတဝတ္ထု အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသ
ဉပနာဟ=အဖန်တလဲလဲ စိတ်ကိုဖွဲ့ယှက်သောအားဖြင့်ဖြစ်သော ဒေါသ
မာန=ဇာတ်ကိုမှီ၍ ငါသည်မြတ်၏ဟု မိမိကိုယ်ကို ချီးမြှင့်သော မာန
အတိမာန=လွတ်စွာတက်သည်၏အစွမ်းဖြင့်ဖြစ်သော မာန
မဒ=မာန်ယစ်မာန်မူခြင်း
(မဒဟူသည် အမျိုးမြတ်ခြင်းစသည်ကို အကြောင်းပြု၍ ယစ်မာန်မူတက်ခြင်းဖြစ်သည်။ တရားကိုယ်မှာ မာန စေတသိက်ပင်ဖြစ်သည်။ တိပိဋကန် မဒ အဖွင့်)

♠ မဂ္ဂ ပဋ္ဌာသ ဣဿာ မစ္ဆရိယ မာယာ သာဌေယျ ခြောက်ပါးကို သောတာပတ္တိမဂ် ပယ်သည်။ ဗျာပါဒ ကောဓ ဉပနာဟ ပမာဒ လေးပါးကို အနာဂါမိမဂ်က ပယ်သည်။ အဘိဇ္ဈာဝိသမလောဘ, ထမ္ဘ, သာရမ္ဘ, မာန, အတိမာန, မဒခြောက်ပါးကို အရဟတ္တမဂ်ကပယ်သည်။ ဤအရာ၌ အနာဂါမိမဂ် အရဟတ္တမဂ်တို့က ပယ်သည်ဟု ဆိုခြင်းမှာ အကြွင်းမဲ့ ပယ်ခြင်းကိုသာ ရည်ရွယ်၍ ဆိုသည်။ သို့ဖြစ်၍ အနဂါမိမဂ် အရဟတ္တမဂ်တို့က ပယ်အပ်သော ကိလေသာ ဆယ်ပါးတို့၏ အပါယဂမနီယအဖို့စသည်တို့ကို အောက်မဂ်များက ပယ်သည်ဟူ၍ မှတ်ယူရာ၏။(မ ၄ ၁ ၁၇၅)

(မဟာစည်ဝိပဿနာရှုကျမ်း ဒု ၂၈၄)

## အနာဂါမ်နှင့် အဘိဇ္ဈာ

ဂန္ထလေးပါးက အဘိဇ္ဈာသည် လောဘဟူသမျှကို ဆိုလိုသည်။ အကုသလကမ္မပထ၌ အဘိဇ္ဈာသည် သူတပါးစည်းစိမ်ကို မတရားလိုချင်သော လောဘကိုသာ ဆိုသည်။ အနာဂါမ်၌ အဘိဇ္ဈာကာယဂန္ထသာရှိသည်ဟု ဆိုသည်။ (အဘိ–ရှေးရှု+ဈာ–ကြံ၊ အာရုံတခုခုကို ရှေးရှုကြံစည်ခြင်း လိုချင်ခြင်းတည်း၊ တရားကိုယ်မှာ လောဘဟူသမျှတည်း)
(ဗျာပါဒဂန္ထသည် ဒေါသမှန်သမျှ၊ အကုသလကမ္မပထ၌ ဒေါသသည် သူတပါးသေစေလိုသော ဒေါသသာ)

(အခြေပြုသင်္ဂြိုဟ် ၄၁၁)

# စိတ်အကျဉ်း ၈၉–ပါး၊ စိတ်အကျယ် ၁၂၁–ပါး

**အကုသိုလ်စိတ် ၁၂ ပါး**

(က) လောဘမူ ၈ ပါး

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁
၂။ ။ ။ သသင်္ခါရိကစိတ် ၁
၃။ ။ ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁
၄။ ။ ။ သသင်္ခါရိကစိတ် ၁
၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁
၆။ ။ ။ သသင်္ခါရိကစိတ် ၁
၇။ ။ ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁
၈။ ။ ။ သသင်္ခါရိကစိတ် ၁

(ခ) ဒေါသမူစိတ် ၂ ပါး

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် ၁
၂။ ။ ။ သသင်္ခါရိကစိတ် ၁

(ဂ) မောဟမူစိတ် ၂ ပါး

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁
၂။ ။ ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁

**အဟိတ်စိတ် ၁၈ ပါး**

(က) အကုသလဝိပါက် ၇ ပါး

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် ၁
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် ၁
၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် ၁
၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ် ၁
၅။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် ၁
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် ၁
၇။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁

(ခ) အဟိတ်ကုသလဝိပါက် ၈ ပါး

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် ၁
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် ၁
၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် ၁
၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ် ၁
၅။ သုခသဟဂုတ် ကာယဝိညာဏ်စိတ် ၁
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် ၁
၇။ သောမနဿသဟဂုတ် သန္တီရဏစိတ် ၁
၈။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁

(ဂ) အဟိတ်ကြိယာ ၃ ပါး

၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁
၂။ ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် ၁
၃။ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် ၁

**ကာမသောဘနစိတ် ၂၄ ပါး**

(က) မဟာကုသိုလ်စိတ် ၈ ပါး
(ခ) မဟာဝိပါက်စိတ် ၈ ပါး
(ဂ) မဟာကြိယာစိတ် ၈ ပါး

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁
၂။ ။ ။ သသင်္ခါရိကစိတ် ၁
၃။ ။ ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁
၄။ ။ ။ သသင်္ခါရိကစိတ် ၁
၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁
၆။ ။ ။ သသင်္ခါရိကစိတ် ၁
၇။ ။ ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁
၈။ ။ ။ သသင်္ခါရိကစိတ် ၁

**ရူပါဝစရစိတ် ၁၅ ပါး**

(က) ကုသိုလ်စိတ် ၅ ပါး
(ခ) ဝိပါက်စိတ် ၅ ပါး
(ဂ) ကြိယာစိတ် ၅ ပါး

၁။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ၅–ပဌမဈာန်စိတ်
၂။ + ။ ။ ။ ။ ၄–ဒုတိယဈာန်စိတ်
၃။ + + ။ ။ ။ ၃–တတိယဈာန်စိတ်
၄။ + + + ။ ။ ၂–စတုတ္ထဈာန်စိတ်
၅။ + + + ဥပေက္ခာ ။ ၂–ပဉ္စမဈာန်စိတ်

**အရူပါဝစရစိတ် ၁၂ ပါး**

(က) ကုသိုလ်စိတ် ၄ ပါး
(ခ) ဝိပါက်စိတ် ၄ ပါး
(ဂ) ကြိယာစိတ် ၄ ပါး

၁။ အာကာသာနဉ္စာယတနဈာန်စိတ်
၂။ ဝိညာဏဉ္စာယတနဈာန်စိတ်
၃။ အာကိဉ္စညာယတနဈာန်စိတ်
၄။ နေဝသညာနာသညာယတနဈာန်စိတ်

**လောကုတ္တရာစိတ် ၈ ပါး**

(က) မဂ် ၄ ပါး (ခ) ဖိုလ် ၄ ပါး

၁။ သောတာပတ္တိမဂ်စိတ်၊ ဖိုလ်စိတ်
၂။ သကဒါဂါမိမဂ်စိတ်၊ ဖိုလ်စိတ်
၃။ အနာဂါမိမဂ်စိတ်၊ ဖိုလ်စိတ်
၄။ အရဟတ္တမဂ်စိတ်၊ ဖိုလ်စိတ်

**လောကုတ္တရာစိတ်အကျယ် ၄၀**

လောကုတ္တရာစိတ် ၈ ပါး X ဈာန် ၅ = ၄၀

# စေတသိက်ပိုင်း

## စေတသိက် ၅၂–ပါး

၁။ အညသမာန်းစေတသိက် ၁၃–ပါး
၂။ အကုသလစေတသိက် ၁၄–ပါး
၃။ သောဘနစေတသိက် ၂၅–ပါး

## ၁။ အညသမာန်းစေတသိက် ၁၃–ပါး

(က) သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါး

၁။ ဖဿ–အာရုံကိုတွေ့ထိခြင်းသဘော
၂။ ဝေဒနာ–ခံစားခြင်းသဘော
၃။ သညာ–အာရုံကို မှတ်သားခြင်းသဘော
၄။ စေတနာ–ယှဉ်ဘက်တရားတို့ကို ဆိုင်ရာကိစ္စ၌ ဆောင်ရွက်ကြဘို့ရာ စေ့ဆော်ခြင်း (တိုက်တွန်းနှိုးဆော်ခြင်း)သဘော
၅။ ဧကဂ္ဂတာ–အာရုံတခု၌ တည်တံ့ခြင်း, တည်ကြည်ခြင်းသဘော
၆။ ဇီဝိတိန္ဒြေ–ယှဉ်ဘက်တရားတို့ကို စောင့်ထိန်းခြင်းသဘော
၇။ မနသိကာရ–စိတ်ထဲ၌ အာရုံပေါ်လာအောင် ပြုပေးသောသဘော

(ခ) ပကိဏ်းစေတသိက် ၆–ပါး

၁။ ဝိတက္က–ယှဉ်ဘက်တရားတို့ကို အာရုံသို့တင်ပေးခြင်း(ကြံစည်ခြင်း)သဘော
၂။ ဝိစာရ–အာရုံကို သုံးသပ်ခြင်း (ထပ်၍ထပ်၍ယူခြင်း)သဘော
၃။ အဓိမောက္ခ–အာရုံကို ဆုံးဖြတ်ချက် ချခြင်းသဘော
၄။ ဝီရိယ–အားထုတ်ခြင်း(အားတက်သရောရှိခြင်း)သဘော
၅။ ပီတိ–နှစ်သက်ခြင်းသဘော
၆။ ဆန္ဒ–လိုလားတောင့်တခြင်းသဘော

## ၂။ အကုသိုလ်စေတသိက် ၁၄–ပါး

၁။ မောဟ–အာရုံ၏အမှန်သဘောကို ဖုံးကွယ်ခြင်းသဘော
၂။ အဟိရိက–ဒုစရိုက်မှ မရှက်ခြင်းသဘော
၃။ အနောတပ္ပ–ဒုစရိုက်မှ မကြောက်လန့်ခြင်းသဘော
၄။ ဥဒ္ဓစ္စ–ပျံ့လွင့်ခြင်းသဘော
၅။ လောဘ–လောကီအာရုံ ကာမဂုဏ်တို့၌ လိုချင်ခြင်းသဘော
၆။ ဒိဋ္ဌိ–မှားမှားယွင်းယွင်း သိမြင်ခြင်း(အယူမှားခြင်း)သဘော
၇။ မာန–ထောင်လွှားတက်ကြွခြင်းသဘော
၈။ ဒေါသ–ခက်ထန်ကြမ်းတမ်းခြင်းသဘော
၉။ ဣဿာ–သူတပါး၏ ဂုဏ်သိရ် စည်းစိမ် ချမ်းသာကို ငြူစူခြင်း စောင်းမြောင်းခြင်းသဘော
၁၀။ မစ္ဆရိယ–ကိုယ့်စည်းစိမ်ကို ဝန်တိုခြင်းသဘော
၁၁။ ကုက္ကုစ္စ–ဒုစရိုက်ကို ပြုမိပြီးမှ၄င်း, သုစရိုက်ကို မပြုမိခဲ့၍၄င်း, နောင်တ တဖန် ပူပန်ခြင်းသဘော
၁၂။ ထိန–စိတ်မလန်းဆန်းပဲ ခပ်ထိုင်းထိုင်း ဖြစ်နေခြင်းသဘော
၁၃။ မိဒ္ဓ–စေတသိက်များ မလန်းဆန်းပဲ မှိုင်းတိုင်းတိုင်း ဖြစ်နေခြင်းသဘော
၁၄။ ဝိစိကိစ္ဆာ–ယုံကြည်ထိုက်သည့် ဘုရား တရား သံဃာ စသည်၌ ယုံမှားခြင်းသဘော

## ၃။ သောဘနစေတသိက် ၂၅–ပါး

(က) သောဘနသာဓာရဏစေတသိက် ၁၉–ပါး

၁။ သဒ္ဓါ–မှန်သော ဘုရား တရား သံဃာနှင့် ကံ,ကံ၏အကျိုးစသည်ကို ကြည်ညိုမှု ယုံကြည်မှု ကျေကျေနပ်နပ် ရှိမှု
၂။ သတိ–ဘုရားတရားစသော ကုသိုလ်နှင့်ဆိုင်ရာကို အောက်မေ့မှု အမှတ်ရမှု
၃။ ဟိရီ–ဒုစရိုက်မှ ရှက်မှု
၄။ ဩတ္တပ္ပ–ဒုစရိုက်မှ ကြောက်လန့်မှု
၅။ အလောဘ–လောကီအာရုံ ကာမဂုဏ်ကို မလိုချင် မစုံမက်မှု
၆။ အဒေါသ–မခက်ထန် မကြမ်းတမ်းမှု
၇။ တတြမဇ္ဈတ္တတာ–စိတ်စေတသိက်တို့ကို မိမိတို့ကိစ္စ၌ အပိုအလွန် မရှိစေရအောင် အလယ်အလတ်၌ တည့်မတ်မှု လျစ်လျူရှုမှု

၈။ ကာယပဿဒ္ဓိ–စေတသိက်အပေါင်း၏ ငြိမ်းအေးမှု
၉။ စိတ္တပဿဒ္ဓိ–စိတ်၏ ငြိမ်းအေးမှု
၁၀။ ကာယလဟုတာ–စေတသိက်အပေါင်း၏ လျင်မြန်ပေါ့ပါးမှု
၁၁။ စိတ္တလဟုတာ–စိတ်၏ လျင်မြန်ပေါ့ပါးမှု
၁၂။ ကာယမုဒုတာ–စေတသိက်အပေါင်း၏ နူးညံ့မှု
၁၃။ စိတ္တမုဒုတာ–စိတ်၏နူးညံ့မှု
၁၄။ ကာယကမ္မညတာ–စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု၌ ခံ့ညားမှု
၁၅။ စိတ္တကမ္မညတာ–စိတ်၏ကုသိုလ်ကောင်းမှု၌ ခံ့ညားမှု
၁၆။ ကာယပါဂုညတာ–စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု၌ ပြွမ်းတီးလေ့လာမှု
၁၇။ စိတ္တပါဂုညတာ– စိတ်၏ ပြွမ်းတီးလေ့လာမှု
၁၈။ ကာယုဇုကတာ–စေတသိက်အပေါင်း၏ ဖြောင့်မတ်မှု
၁၉။ စိတ္တုဇုကတာ–စိတ်၏ဖြောင့်မတ်မှု

## (ခ) ဝိရတိစေတသိက် ၃–ပါး

၁။ သမ္မာဝါစာ–အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်မှု
၂။ သမ္မာကမ္မန္တ–အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်သော ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်မှု
၃။ သမ္မာအာဇီဝ–အသက်မွေးဝမ်းကြောင်းနှင့် စပ်ဆိုင်သော ကာယဒုစရိုက်သုံးပါး, ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်မှု

## (ဂ) အပ္ပမညာစေတသိက် ၂–ပါး နှင့် ပညိန္ဒြေ ၁–ပါး

၁။ ကရုဏာ–ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားမှု
၂။ မုဒိတာ–သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်မှု
၃။ ပညိန္ဒြေ–သိမှုကိစ္စ၌ အစိုးရမှု, အမှားအမှန်ကို ခွဲခြားနားလည်မှု (ပညာ–ဟုလည်း ခေါ်၏)

အခြေပြုသင်္ဂြိုဟ် နှာ ၅၅–၆၃

## စေတသိက် အစိပ္ပါယ် ရှင်းလင်းချက်များ

**ဖဿ**။ တွေ့ထိခြင်းသဘောကို ဖဿဟု ဆိုသည်။ တွေ့ထိခြင်းဟူသည်လည်း ကြိတ်ဆုံသည် နှမ်းကို ဆီထွက်အောင်ကြိတ်သကဲ့သို့ အာရုံ၏ ကောင်းသည့်အရသာ, မကောင်းသည့် အရသာ ပေါ်အောင် ကြိတ်နယ်ပေးသည့် သဘောပင်ဖြစ်သည်။ တွေ့ထိခြင်းဆိုသည်မှာ လက်နှစ်ချောင်း ထိမိ ကပ်မိသည့် အထိမျိုးကို ဆိုလိုသည် မဟုတ်။ အာရုံတခု၌ ဓာတ်သဘာဝအားဖြင့် တွေ့ထိခြင်းမျိုးကို ဆိုလိုသည်။ **စိတ်သည် အာရုံကို ယူနိုင်သော်လည်း ဖဿ၏ ဆက်သွယ်မှုကြောင့်သာ ယူနိုင်**သည်။ ဖဿမပါလျှင် မည့်သည့်စိတ်မှ အာရုံကို ထိအောင်ယူနိုင်မည် မဟုတ်ပါ။

**ဝေဒနာ**။ ဖဿ၏ ကြိတ်နယ်ပေးမှုကြောင့် ပေါ်လာသောအရသာကို ခံစားသည့် သဘောကို ဝေဒနာဟု ဆိုသည်။ အမှန်အားဖြင့် အာရုံ၏အရသာကို ဝေဒနာ,ကသာ ခံစားသည်မဟုတ်။ ဖဿစသည့် အခြားနာမ်တရားများကလည်း ခံစားသည်ဟု ဆိုနိုင်ပါသည်။ သို့သော် ရှင်ဘုရင်ဖို့ ပွဲတော် ထမင်းချက်သည် ပွဲတော်တည်ဖို့ ထမင်းဟင်းကို မြီးရုံသာမြီးရပြီး မြိန်မြိန်ရှက်ရှက် မစားရသလို ဖဿသည် ဝေဒနာလောက် အာရုံအရသာကို မခံစားရပေ။ သို့ဖြစ်၍ ဖဿစသည်ကို အာရုံ၏အရသာကို ခံစားသည့်သဘောဟု မဆိုပဲ ဝေဒနာကိုသာ အာရုံ၏အရသာကို ခံစားသည့်သဘောဟု ဆိုရပါသည်။

**သညာ**။ အညိုရောင် အဝါရောင် အရှည် အတို အချဉ် အချို စသည်ဖြင့် မှတ်သားခြင်းကို သညာဟု ဆိုသည်။ ရှေးကမှတ်ထားသည့် အတိုင်း ပြန်လည်သိခြင်းသည်လည်း သညာပင်ဖြစ်သည်။ 'က' ကြီး မြင်က 'က' ကြီးဟု သိခြင်းသည် သညာပင်တည်း။ မျက်ကန်းခြောက်ယောက် ဆင်ကိုမှတ်သားသလို မှားမှား မှန်မှန် ထင်မြင်ချက်အတိုင်း မှတ်သားခြင်းသည်လည်း သညာပင်ဖြစ်သည်။ ပညာဖြင့် တွဲဖြစ်သော သညာကား ပညာ၏ဆုံးဖြတ်ပေးမှုအတိုင်း အမှန်ကိုသာ မှတ်သားပေသည်။

**စေတနာ**။ နာမ်တရားတို့ လုပ်ရမည့်အလုပ်ကို ညီညာဖြဖြ လုပ်ဆောင်ကြရန် တိုက်တွန်းစေ့ဆော်ပေး သော သဘောကို စေတနာဟုဆိုရသည်။ လယ်ပိုင်ရှင်သည် ကိုယ်တိုင်လည်း စပါးရိတ်ရ, အလုပ်သမားများကိုလည်း အင်နဲ့အားနဲ့ ရိတ်ဖို့ စေခိုင်းရသလို စေတနာသည် မိမိကိုတိုင်လည်း အာရုံ၌ လုပ်ရမည့်အလုပ်ကို လုပ်ရပြီး အခြားနာမ်တရားများကိုလည်း အာရုံ၌လုပ်ရမည့်အလုပ်ကို လုပ်စေ၏။ ဖဿကို အာရုံနှင့် တွေ့ထိအောင်လုပ်ဖို့, ဝေဒနာကို အာရုံ၏ အရသာကို ခံစားဖို့ စသည်ဖြင့် စေခိုင်းလေသည်။ စေတနာကိုယ်တိုင်ကား အာရုံနှင့်စမ်မိအောင် လုပ်ရလေသည်။ ထိုသို့ စေတနာသည် ကိုယ်တိုင်လုပ်ရခြင်း, သူတပါးကို စေခိုင်းရခြင်းဖြင့် အလုပ်များ၍ စေတနာသည်ပင် ကံဖြစ်ရလေသည်။ ခန္ဓာကိုယ်လှုပ်ရှားမှုကို ကာယကံ, စကားပြောမှုကို ဝစီကံ, စဉ်းစားမှုကို မနောကံဟု ဆိုသည်။ ထိုကံတို့ သည် စေတနာကြောင့်သာ ဖြစ်၍ စေတနာကို ကံဟု ခေါ်သည်မှတ်။

**ကောက္ကုစ္စ**။ ဝိစိကိစ္ဆာသည် တခုသောအာရုံ၌ အဖုံဖုံယုံမှားလျက် ငြိမ်သက်စွာ မတည်နိုင်။ ဥဒ္ဓစ္စလည်း အာရုံတခု၌ တုန်လှုပ်လျက် ငြိမ်သက်စွာမတည်နိုင်။ ဤ 'ကောက္ကုစ္စ' ကား ဝိစိကိစ္ဆာနှင့် ဥဒ္ဓစ္စကို ဆန့်ကျင်ဘက်ပြုလျက် ငြိမ်သက်တည်ကြည်သော သဘောဖြစ်သည်။ ရေသည် မုန့်မှုန့် ဆပ်ပြာမှုန့်တို့ကို ဖရိုဖရဲ မကြဲအောင် ပေါင်းစုပေးသကဲ့သို့လည်းကောင်း, စစ်နှစ်ဖက်တိုက်ရာတွင် စစ်အားနိမ့်၍ ဖရိုဖရဲ ကွဲပျက်လုမတတ် ဖြစ်နေသော စစ်တပ်ကို ဘုရင်မင်းမြတ်ကိုယ်တိုင်ထွက်၍ အစည်းအရုံးမပျက်အောင် စည်းကြပ်သကဲ့သို့လည်းကောင်း ယှဉ်ဘက်တရားတို့ကို စည်းစည်းလုံးလုံး ပေါင်းစုနေအောင် ဤ 'ကောက္ကုစ္စ' ပြုလုပ်နေခြင်း ဖြစ်သည်။

အကုသိုလ်စိတ်၌ယှဉ်သည့် ကောက္ကုစ္စထက် ကုသိုလ်စိတ်၌ ယှဉ်သည့်ကောက္ကုစ္စက ပိုအားကောင်းသည်။ မြူမှုန်ထရာအရပ်၌ ရေဖြန်းခြင်း, တံမျက်လှည်းခြင်းလောက်သာ ပြုလုပ်က ခဏသာ မြူမှုန်တိတ်ပြီး ရေခြောက်က ပြန်ထသလို အကုသိုလ် ကောက္ကုစ္စသည် အားမကောင်း။

မြူမှုန်ထရာအရပ်၌ ရေများစွာလောင်းခြင်း မြေတူး၍ မြေခဲကို ခွဲချေခြင်း မြေမှုန့်ကို ရေဖြင့်နယ်ခြင်း ဒင်ဆောင့်ခြင်း အင်္ဂတေလိမ်းခြင်းတို့ဖြင့် ပြုလုပ်က အနှစ်တရာကြာသော်လည်း မြူမှုန်မထသကဲ့သို့ ကုသိုလ် ကောက္ကုစ္စသည် အားကောင်းသည်။ သို့သော် အကုသိုလ် ကောက္ကုစ္စလည်း အဝဋ္ဌိတိ အမည်ရသည်။ အဘယ့်ကြောင့်ဆိုသော် ပါဏာတိပါတစသော မကောင်းမှုပြုရာဝယ် အခိုက်အတန့်ပင်ဖြစ်စေကာမူ ထိုအာရုံ၌ သက်ဝင်တည်မှ ပါဏာတိပါတစသော အမှုတို့ အထမြောက်ကြ၏။ ထိုအထမြောက်လောက်ရုံမျှ သက်ဝင်တည်နေခြင်းကို ရည်ရွယ်တော်မူ၍ "အဝဋ္ဌိတိ"ဟု ဟောတော်မူသည်။

ဥဒ္ဓစ္စ,ဝိစိကိစ္ဆာသည် တခုသောအာရုံ၌ ငြိမ်သက်စွာ မတည်နိုင် မဆုံးဖြတ်နိုင်ရကား စိတ်ကို ထက်ဝန်းကျင်ဆောင်ယူကာ ဖြန့်ကြဲသကဲ့သို့ဖြစ်သည်။ ထိုသို့ဖြစ်ခြင်း၏ ဆန့်ကျင်ဘက်ဟူသည် စိတ်၏ အာရုံတခု၌ ငြိမ်သက်စွာတည်နေခြင်းဟူသော ကောက္ကုစ္စတည်း။ (အဋ္ဌသာလိနီ ဘာဋီ ဒု ၃၈၁–၃၈၂)

## ဝိစိကိစ္ဆာစိတ်၌ပါသော ကောက္ကုစ္စသဘော

အမှန်တရားကို ရှာဖွေသည့်အခါ အဖြေမရပဲ ပင်ပန်းသကဲ့သို့ဖြစ်ခြင်းကြောင့် ဝိစိကိစ္ဆာမည်၏။ ယုံမှားခြင်း တုန်လှုပ်ခြင်း မဆုံးဖြတ်နိုင်ခြင်း သဘောဖြစ်၏။ ဝိစိကိစ္ဆာစိတ်၌ ကောက္ကုစ္စပါဝင်ရာဝယ် ကောက္ကုစ္စသည် အခြားစိတ်များမှာကဲ့သို့ စိတ်အစဉ် (ဝီထိအစဉ်) အတော်ရှည်ကြာအောင် ကျေးဇူးပြုသည်မဟုတ်၊ ဖြစ်နေသောစိတ်၏ ခဏတ္တယမျှ တည်ရုံသာ ကျေးဇူးပြုသည်။ (အဋ္ဌသာလိနီ ဘာဋီ တ ၂၇၀)

**ဇီဝိတိန္ဒြေ**။ နာမ်တရားများကို ဥပါဒ်(ဖြစ်ရာကာလ) ဌီ(တည်ရာကာလ) ဘင်(ပျက်ရာကာလ) ဟု ကာလသုံးပါး (ခဏသုံးပါး) ရှည်ကြာအောင် စောင့်ရှောက်သော တရားကို ဇီဝိတိန္ဒြေဟုဆိုသည်။ စောင့်ရှောက်သည်ဆိုသော်လည်း ကြာပင်ကို စိမ်းရွှင်လန်းဆန်းအောင် စောင့်သော ရေသည် ကြာပင်ရှိခိုက်သာ စောင့်ရှောက်သလို အတူဖြစ်ဘက်နာမ်တရားများ ဖြစ်တည်ပျက်ကာလအတွင်း ထင်ရှားရှိခိုက်မှာသာ စောင့်ရှောက်သည်။ ကံတရား,အာရုံတရားတို့ကဲ့သို့ မဖြစ်သေးသော နာမ်တို့ကိုကား ဖြစ်ပေါ်လာအောင် မလုပ်နိုင်ပေ။

**အဋ္ဌကထာမိန့်ဆိုချက်**။ ဤဇီဝိတိန္ဒြေသည် မိမိနှင့်အတူဖြစ်ဘက် နာမ်တရားတို့ကို စောင့်ရှောက်သည့်အပြင် မိမိချုပ်ပြီးနောက် ဇီဝိတနှင့်တကွ အလားတူ ရုပ်နာမ်များ အစဉ်မပျက်ဆက်လက်ဖြစ်ရန် အနန္တရသတ္တိမျိုးကဲ့သို့ ကျေးဇူးပြုခဲ့ကြပေသည်။ ထိုသို့ အဆက်ဆက် ကျေးဇူးပြုခြင်းကြောင့်သာ ကံအရှိန်ရှိသမျှ စုတိကျအောင် သို့မဟုတ် ပရိနိဗ္ဗာန်စံသည့်တိုင်အောင် အစဉ်မပျက် ဆက်ကာဆက်ကာ ဖြစ်နိုင်ကြပေသည်။ ထို့ကြောင့် ဤဇီဝိတိန္ဒြေကို ခန္ဓာအစဉ်၌ အကြီးအချုပ်တရားဟု မိန့်ဆိုပေသည်။

**မနသိကာရ**။ အတူဖြစ်ဘက် နာမ်တရားတို့ကို အာရုံဆီသို့ ဖြောင့်ဖြောင့်တန်းတန်း ရောက်အောင် ပို့ဆောင်ပေးသော သဘောကို မနသိကာရဟု ခေါ်သည်။ ရထားထိန်းသည် အာဇာနည်မြင်းများကို လိုရာစခန်းသို့ ဖြောင့်တန်းစွာ သွားစေသကဲ့သို့ ဤမနသိကာရလည်း အတူဖြစ်ဘက်တရားတွေကို အာရုံသို့ ဖြောင့်ဖြောင့်မတ်မတ် ရောက်ဘို့ရာ အာရုံဘက်သို့ လှည့်ပြီးလျှင် အတူဖြစ်ဘက်တရားတို့ကို အတင်းမောင်းနှင်သကဲ့သို့ ဖြစ်၏။ ဤ**မနသိကာရ၏ အစွမ်းသတ္တိကြောင့်ပင် စိတ်စေတသိက်တို့၌ ဘယ်အခါမှ အာရုံမကင်းဆိတ်ဘဲ အာရုံတခုခုကို အမြဲရလျက် ရှိကြ**သည်။

ဤစေတသိက် ၇–မျိုးသည် မိမိတို့ဆိုင်ရာ စိတ်အားလုံး၌ တန်းတူညီမျှ ယှဉ်တွဲနိုင်ကြ၍ သာဓာရဏ အမည်ရသည်။ စိတ်အားလုံးနှင့်ယှဉ်တွဲနိုင်၍ **သဗ္ဗစိတ္တသာဓာရဏ** မည်၏။

**မနသိကာရသုံးမျိုး**။ ဝီထိစိတ်အစဉ်ကို ဖြစ်ပေါ်စေသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကို **"ဝီထိမနသိကာရ"** ဟု ခေါ်သည်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်လိုက်လျှင် စက္ခုဝိညာဏ်စသည့် စိတ်အစဉ်များ ဖြစ်တော့၏။ ဇော အစဉ်ကို ဖြစ်စေတတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် **"ဇဝနပဋိပါဒကမနသိကာရ"**မည်၏။ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပြီးလျှင် ဇောစိတ်များ ဖြစ်ကြ၏။ ယောနိသောမနသိကာရ, အယောနိသောမနသိကာရ ဟူသည် ဤပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ်များပင် ဖြစ်သည်။ စိတ်ထဲ၌ သိစရာအာရုံ ပေါ်လာအောင် ပြုလုပ်ပေးတတ်သော ဤမနသိကာရစေတသိက်ကို **"အာရမ္မဏပဋိပါဒကမနသိကာရ"** ဟုခေါ်သည်။

**ဝိတက္က**။ စိတ်ကို အာရုံသို့ ရောက်၍ရောက်၍ သွားအောင် တင်ပေးသော သဘောကို ဝိတက်ဟု ခေါ်သည်။ မြန်မာလို ကြံစည်စိတ်ကူးခြင်း ဟု ပြန်ဆိုနိုင်သည်။ အကြံအစည်များလျက် ဝိတက်အားကြီးနေသောအခါ အိပ်မပျော်နိုင်ခြင်းမှာလည်း ဝိတက်က စိတ်ကို အာရုံသစ်သို့ ရောက်လျက်ရောက်လျက်သွားအောင် တင်ပေးနေခြင်းကြောင့်ဖြစ်၏။ ဝိတက်၏ အာရုံသစ်သို့ တင်ပေးပုံကို မင်းကျွမ်းဝင်သူနှင့် ဥပမာပြ၏။ ဇနပုဒ်ကျေးတောသားသည် တယောက်တည်း မင်းထံသို့ ဝင်ရောက်ခစားလိုသော်လည်း မိမိအလိုအလျောက် အထံတော်သို့ မဝင်ရောက်နိုင်သောကြောင့် မြို့ခံဖြစ်သော မင်းကျွမ်းဝင်သူ ဆွေမျိုးမိတ်ဆွေကို အမှီပြုကာ မင်းကျွမ်းဝင်သူက ပို့ဆောင်ပေးသဖြင့် ခံစားခွင့်ရလေသည်။ (ဘုရင်နှင့် အာရုံ၊ ဇနပုဒ်သားနှင့် သမ္ပယုတ်တရား၊ မင်းကျွမ်းဝင်သူနှင့် ဝိတက် တူကြ၏။) ကမ္မဋ္ဌာန်းအားထုတ်ရာ၌ "ပထဝီ, ပထဝီ (မြေမြေ)" ဟု အာရုံပြုနေခြင်းသည်လည်းကောင်း, ကာမဂုဏ်ကို ထပ်တလဲလဲ ကြံစည်နေခြင်းသည်လည်းကောင်း ဝိတက်၏သဘောပင် ဖြစ်ကြသည်။

## စေတနာ မနသိကာရ ဝိတက် ကွဲပြားစွာ အလုပ်လုပ်ပုံ

**စေတနာ**သည် ယှဉ်ဘက်တရားတို့ကို အာရုံနှင့် ဖွဲ့စပ်ပေး၏။ **မနသိကာရ**သည် ယှဉ်ဘက်တရားတို့ကို အာရုံနှင့် ယှဉ်စပ်ပေး၏၊ **ဝိတက်**သည် ယှဉ်ဘက်တရားတို့ကို အာရုံသို့တင်ပေး၏။ သို့ဖြစ်၍ ၄င်းသုံးမျိုးသည် အဓိပ္ပါယ် ဖွင့်ဆိုချက်အရ သဘောတူသလို ဖြစ်သော်လည်း အလုပ်လုပ်ပုံမှာ မတူကြပေ။ လှေအပြေးပြိုင်ရာ၌ ဦးက ပန်းဆွတ်သူ, ဝမ်းက လှော်သူ, ပဲ့က ပဲ့ပေးသူ, ဤလူသုံးယောက်တို့သည် တပြိုင်နက် လှေကို လှော်ကြသော်လည်း ဝမ်းက လှော်သူမှာ ပန်းတိုင်သို့ အတွင်ရောက်အောင် လှော်ပေးဖို့သာ အရေးကြီး၏။ ပဲ့သူမှာ ပန်းတိုင်သို့ ဖြောင့်သွားစေဘို့သာ အရေးကြီး၏။ ဦးက လှော်သူမှာ ပန်းတိုင်သို့ အရောက်တွင် ပန်းဆွတ်မိဘို့သာ အရေးကြီးသည်။

ဤဥပမာအတိုင်း **ဝိတက်**မှာ ယှဉ်ဘက်တရားတို့ကို အာရုံသို့ရောက်သွားအောင် အတွင်နှင်လျက် တင်ပေးဖို့ တာဝန်ရှိ၏။ လှေဝမ်းက လှော်သူနှင့်တူ၏။ **မနသိကာရ**မှာ အာရုံသို့ ဖြောင့်ဖြောင့်ရောက်အောင် သမ္ပယုတ်တရားတို့ကို ဖြောင့်ပေးဖို့ တာဝန်ရှိ၏။ ပဲ့က လှော်သူနှင့်တူ၏။ **စေတနာ**မှာ အာရုံ၌ ယှဉ်ဘက်တရားတို့ကို စပ်ဖွဲ့ပေးဖို့ ကိစ္စရှိ၏။ ပန်းဆွတ်သူနှင့်တူ၏။

**ဝိစာရ**။ ဝိတက်၏ အာရုံသို့ရောက်အောင် တင်ပေးမှုကြောင့် ရနေသော(သိနေသော) အာရုံ တခုခုကို ထပ်ခါထပ်ခါ သိနေခြင်းသည် ဝိစာရသဘောပင် ဖြစ်သည်။

ဝိတက်ဝိစာရတို့သည် အချို့စိတ်တို့၌ အတူဖြစ်ကြရာတွင် အာရုံကို ပထမအကြိမ်ယူရာ၌ (အရှိန်မရခင် အထပ်ထပ်အာရုံယူရာ၌) ဝိတက်၏သဘောသည် ထင်ရှားပြီး ဝိစာရသဘော မထင်ရှား။ ဝိတက်နောက်သို့ ဝိစာရလိုက်ရသည်။ ယူပြီးသောအာရုံကို အထပ်ထပ်ယူရာအခါ (အကြောင်းအရာတခုကို ဆက်တိုက် စဉ်းစားမိရာအခါ)၌ ဝိစာရသည် ထင်ရှားပြီး ဝိတက်မထင်ရှား။ ဝိတက်သည် ဝိစာရနောက်လိုက်ဖြစ်၏။

ဤတရားနှစ်မျိုးသည် ခေါင်းလောင်းသံနှင့်တူ၏။ ခေါင်းလောင်းတီးသောအခါ ပထမထွက်လာသော အသံသည် ကြမ်းတမ်းသလို ဝိတက်၏အာရုံယူပုံသည် ကြမ်းတမ်း၏။ တဟီဟီ မြည်သော ကြေးဟီးသံသည် သိမ်မွေ့သလို ဝိစာရ၏အာရုံယူပုံသည်လည်း သိမ်မွေ့၏။

## ဝိတက်ဝိစာရ ထူးခြားပုံ

ဝိတက်၏ အာရုံယူပုံသည် ကြမ်းတမ်းရကား (ခေါင်းလောင်းထိုးသောအခါ) ပဌမအသံကဲ့သို့ အာရုံ၌ ပထမကျရောက်ခြင်း (ပဌမဆုံးယူခြင်း)သဘောသည် ဝိတက်၏သဘောတည်း။ ဝိစာရ၏ယူပုံသည် သိမ်မွေ့ရကား ခေါင်းလောင်း၏ နောက်ဆက်မည်နေသော အသံကဲ့သို့ စိတ်၏အာရုံ၌ ဖွဲ့စပ်နေခြင်း ဆက်လက်ယူခြင်းသဘောသည် ဝိစာရသဘောတည်း။ ဤစကားအရ အာရုံတခုအပေါ်၌ **ပထမဆုံးဝီထိ**ကျရာ၌ ဝိစာရပါရှိသော်လည်း ဝိတက်ထင်ရှား၏။ နောက်ထပ် **တဒနုဝတ္တကဝီထိ**များဖြင့် အာရုံကို ဆက်ဆက်၍ ယူရာ၌ ဝိတက်ပါရှိသော်လည်း ဝိစာရသဘောကား ထင်ရှား၏။ (ပါဘာဋီ ၅၇၈)

**အဓိမောက္ခ**။ **မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ မတွန့်မဆုတ်ပဲ သက်ဝင်ဆုံးဖြတ်နိုင်ခြင်း**သည် အဓိမောက္ခ၏ သဘောတည်း။ ဤ**အဓိမောက္ခ၏ ဆုံးဖြတ်မှုကြောင့် ပါဏာတိပါတစသော ဒုစရိုက်မှု, ပါဏာတိပါတဝိရတိစသော သုစရိုက်မှုများ အထမြောက်**ရလေသည်။ ဆုံးဖြတ်သော အဓိမောက္ခနှင့် မဆုံးဖြတ်တတ်သော ဝိစိကိစ္ဆာသည် ဆန့်ကျင်ဘက်ဖြစ်သည်။ ကုသိုလ်ကိစ္စ၌ သဒ္ဓါပညာပါနေ၍ အဓိမောက္ခသည် နောက်လိုက်အဖြစ်ဖြင့် ဆုံးဖြတ်သည်။ အကုသိုလ်၌ အဓိမောက္ခသည်သာ ဆုံးဖြတ်ရလေသည်။ သူတပါးက လိမ်သည်ကို ယုံရာ၌ သဒ္ဓါမဟုတ်၊ ဤအဓိမောက္ခဖြင့် ဆုံးဖြတ်ခြင်းဖြစ်သည်။

**ဝီရိယ**။ တစုံတခုအမှုကိစ္စကို ပြုလုပ်ရာ၌ ရရှိမည့်ဒုက္ခကို မကြောက်မရွံ့သီးခံနိုင်ခြင်းသည် ဝီရိယ၏ သဘောဖြစ်သည်။ လဲပြိုခါနီး အိမ်အိုကြီးကို ထောက်ကျားတိုင်က မလဲမပြိုရအောင် ထောက်ကန်ထားသကဲ့သို့ ယှဉ်ဘက်တရားတို့ကို ထိုထိုကိစ္စ၌ ရှော့ရဲရဲမရှိရအောင် ဝီရိယ,က ထောက်ပန့်ပေးသည်။ ပျင်းရိထိုင်းမှိုင်းသော စိတ်ကို ဝီရိယ,က တွန်းလှန်နိုင်သည်။

**ပီတိ**။ အာရုံ၌နှစ်သက်ကျေနပ်ခြင်းသည် ပီတိ၏သဘောတည်း။ ပီတိဖြစ်သောအခါ ပွင့်လန်းသော ပဒုမ္မာကြာပန်းကဲ့သို့ စိတ်ဓာတ်လည်း ပွင့်လန်းတိုးပွား၏။ ရွှင်လန်းသောစိတ်ကြောင့် ကောင်းမွန်သော စိတ္တဇရုပ်များက တကိုယ်လုံးပြန့်သဖြင့် ခန္ဓာကိုယ်လည်း စည်ပင်တိုးပွားသည်။ ပီတိဖြစ်နေသူ၏ မျက်နှာသည် ပေါ်လွင်စွာ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေလေသည်။

## ပီတိနှင့်သုခ ထူးခြားပုံ

ဣဋ္ဌာရုံရခြင်းကြောင့် နှစ်သက်မှုသည် ပီတိ၊ ထိုအာရုံကို ခံစားခြင်းသည် သုခ။ (ပါဘာဋီ ၅၈၃)

**ဆန္ဒ**။ ကုသိုလ်အရာဖြစ်စေ အကုသိုလ်အရာဖြစ်စေ အဗျာကတအရာဖြစ်စေ အာရုံကို လိုလားခြင်းသည် ဆန္ဒသဘောဖြစ်သည်။ မြင်လိုခြင်း ကြားလိုခြင်း နမ်းလိုခြင်း စားလိုခြင်း ထိလိုခြင်း သိလိုခြင်းသည် ဆန္ဒသဘောတည်း။ ကာမဂုဏ်ကို ရှာမှီးမှုမှတပါး တရားရှာမှု ပညာရှာမှု နိဗ္ဗာန်ကို လိုချင်တောင့်တမှုများသည် ဆန္ဒ၏ သဘောတည်း။ ကာမဂုဏ်ခံစားလိုရာ၌ကား လောဘ,က အဓိက ဖြစ်နေသောကြောင့် လောဘသဘောသို့ ဆန္ဒ,က လိုက်လျောရသည်။ သူတပါးအား လှူဒါန်းလို ချီးမြှောက်လို၍ ပစ္စည်းဥစ္စာကို ရှာဖွေသိမ်းဆည်းရာ၌ ငြိကပ်တွယ်တာသော တဏှာသဘောမပါသူတို့အတွက်မှာ လောဘသဘောမဟုတ်၊ ဆန္ဒသဘောဖြစ်သည်။ ဥပမာ–မြားပုံကြီးကို အနားထား၍ မြားပစ်သော လေးသမားသည် မြားတို့ကို ကောက်၍ ကောက်၍ ယူသော်လည်း ထိုမြားတွေအပေါ်၌ ငြိကပ်တွယ်တာမှုသဘော မပါသကဲ့သို့တည်း။

**မောဟ**။ အာရုံ၌ တွေဝေခြင်းသဘောကို မောဟဟုဆိုသည်။ တွေဝေခြင်းဟူသည် ဝိစိကိစ္ဆာကဲ့သို့ မဆုံးဖြတ်နိုင်ဘဲ ဝေတေတေဖြစ်နေခြင်းမဟုတ်, အာရုံ၏ သဘောမှန်ကို မသိခြင်းပင် ဖြစ်သည်။ ပညာသည် အမှန်ကိုသိပြီး မောဟသည် အမှားကို သိသည်။ အမှန်ကို ဖုံးကွယ်ပြီး အမှားကို အမှန်ထင်အောင် ပြုလုပ်ပေးသော သဘောသည် မောဟဖြစ်သည်။ **မသင်ဘူးသောစာကို မသိခြင်း, မရောက်ဘူးသော အရပ်ကို မသိခြင်း, မလုပ်ဘူးသော အလုပ်ကို မလုပ်တတ်ခြင်းသည် မောဟမဟုတ်**။ သညာမရှိရုံမျှသာ ဖြစ်သည်။ ကုသိုလ်အကုသိုလ် မသိခြင်း, သစ္စာလေးပါးမသိခြင်း စသည်ကိုသာ မောဟဟုဆိုသည်။ သတ်လျှင် အပြစ်ရှိမှန်းသိသော်လည်း စိတ်ဆိုး၍ သတ်မိလျှင် သတ်ခိုက်၌ မောဟဖြစ်ပွားလာပြီး မောဟ,က သတ်လျှင် အပြစ်ရှိသည်ဟု သိသော အမှန်ကို ဖုံးလိုက်၍ သတ်မိသွားသည်ဟု သိပါ။

**အဟိရိက**။ မကောင်းမှု ပြုရမှာ မရှက်ခြင်းသဘောကို အဟိရိကဟု ဆိုသည်။ မကောင်းမှုကို ပြုမိလျှင် သူတော်ကောင်းတို့အလယ်မှာ ရှက်ဖွယ်ကောင်းသော်လည်း ဝက်သည် မစင်ကို မရွံရှာပဲ မစင်ထဲ လူးလိမ့်ကာ ပျော်နေသလို အဟိရိကဖြစ်ပွားလာသူလည်း မကောင်းမှုကို ပြုရန် မရှက်မရွံ့တော့ပေ။

**အနောတ္တပ္ပ**။ မကောင်းမှု ပြုရမှာ မကြောက်ခြင်းကို အနောတ္တပ္ပဟု ဆိုသည်။ မကောင်းမှုကို ပြုမိလျှင် ကိုယ့်ကိုပင် မကြည်ညိုနိုင်ဘဲ စွပ်စွဲခြင်းဟူသော အတ္တာနုဝါဒဘေး, သူတပါးတို့က စွပ်စွဲကဲ့ရဲ့ခြင်းဟူသော ပရာနုဝါဒဘေး, မင်းပြစ်မင်းဒဏ်ခံရခြင်းဟူသော ဒဏ္ဍဘေး, ထိုဘေးတို့မှ အတိမ်းအရှောင် အပုန်းအကွယ် ကောင်းလှ၍ လွတ်ကင်းစေကာမူ တမလွန်၌ ခံရမည့်ဒုဂ္ဂတိဘေးတို့နှင့် ကြုံတွေ့ရတော့မည်ဖြစ်၍ စင်စစ် ကြောက်ရွံ့ထိတ်လန့်ဘွယ် ကောင်းလှ၏။ သို့သော် မီးတောက်မီးလျှံကို ပိုးပရန်ကောင်လေးတွေက အတင်းတိုး ဖေ့ကြသကဲ့သို့ ထို့အတူ အနောတပ္ပဖြစ်ပွားလာကြသူများလည်း မကောင်းမှုကို ပြုရန် မကြောက်တော့ပေ။

**ဥဒ္ဓစ္စ**။ လေအဟုန်တိုက်ခတ်မှုကြောင့် ရေအယဉ် မငြိမ်သကဲ့သို့ အာရုံကို ငြိမ်သက်စွာမယူနိုင်ခြင်းသည် ဥဒ္ဓစ္စသဘောဖြစ်သည်။ ဥဒ္ဓစ္စ၏ ဆွပေးမှုကြောင့် ယှဉ်ဘက်ဟူသမျှတို့ အာရုံကို တည်တံ့စွာ မယူနိုင်ကြချေ။ ဧကဂ္ဂတာခေါ်သော သမာဓိသော်မှလည်း ဥဒ္ဓစ္စနှင့်ယှဉ်ခိုက်မှာ အာရုံကို ယူမိရုံမျှသာ တည်နိုင်သည်။ အခြားသော ယှဉ်ဘက်စိတ်များ၌ ယှဉ်ရသလို ကျကျနန စိတ်အစဉ်တည်တံ့အောင် မယူနိုင်ချေ။

## ဝိစိကိစ္ဆာစိတ်နှင့် ဥဒ္ဓစ္စစိတ်ဖြစ်ပုံ ထူးခြားမှု

ဥဒ္ဓစ္စသည် မိမိယူအပ်သော အာရုံ၏ အခြင်းအရာ၌သာ တည်၍ တုန်လှုပ်၏။ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ထိုအခြင်းအရာကိုသာ မငြိမ်မသက် တုန်လှုပ်လျက် ယူသည်။ ဝိစိကိစ္ဆာလည်း တပြိုင်နက် အာရုံနှစ်ခုကို မယူနိုင်ပါ။ သို့သော် "ဒီလိုလေလား–ဟိုလိုလေလား"ဟု တွေးတောတတ်ရကား "ဒီလို–ဒီဟာ" ဟူသော အခြင်းအရာမှတပါး "ဟိုလို–ဟိုဟာ" ဟူသော အခြင်းအရာကို ငဲ့လျက်ရှိ၏။ ထိုသို့ အာရုံအမျိုးမျိုး၌ တုန်လှုပ်တတ်၍ အဓိမောက္ခနှင့် မယှဉ်သော ဝိစိကိစ္ဆာသည် အာရုံယူရာတွင် ပတ္တမြားလုံးလိမ့်ရာ၌ ရပ်တန့်၍ မနေပဲ တလိမ့်ထဲလိမ့်၍ ကျသွားသလို အာရုံ၌ လိမ့်၏။ အဓိမောက္ခနှင့်ယှဉ်သော ဥဒ္ဓစ္စသည် အာရုံယူရာ၌ လေးထောင့်ပတ္တမြားလိမ့်ရာတွင် တန့်၍တန့်၍ လိမ့်ကျသလို အာရုံ၌ လိမ့်၏။

(အဋ္ဌသာလိနီ ဘာဋီ တ–၂၇၀)

**လောဘ**။ အာရုံခြောက်ပါး ထိခိုက်လာသည့်အခါ တမ်းတမ်းစွဲ ငမ်းငမ်းတက် တပ်မက်ခင်မင် လိုချင်သော သဘောသည် လောဘတည်း။ ဒယ်အိုးခင်း ပူပူပေါ်၌ အမဲသားတစ်ကို ပစ်ချလိုက်ရာ တခါထဲ ငြိကပ်သကဲ့သို့ အာရုံ၌ ငြိပ်နေခြင်းသည် လောဘက ပြုလုပ်ထားခြင်းကြောင့် ဖြစ်သည်။

**လောဘနှင့်ဆန္ဒ**။ တွယ်တာငြိကပ် တပ်မက်မှုပါသော လိုချင်မှုသည် လောဘ သဘောဖြစ်သည်။ အာရုံကိုပြုလိုရုံမျှ ရလိုရုံမျှသည် ဆန္ဒသဘောဖြစ်သည်။ သို့သော် ဆန္ဒသည် လောဘလောက် အားမရှိဟု မမှတ်ရ။ ဆန္ဒာဓိပတိ ဖြစ်သောအခါ ဆန္ဒသည် လောဘထက်ပင် အားရှိပါသည်။

**ဒိဋ္ဌိ**။ အနိစ္စ စသည်ကို နိစ္စဟုလည်းကောင်း ကမ္ဘာလောကရှိ အရာတွေကို ဖန်ဆင်းသူမရှိပဲ ရှိ၏ ဟုလည်းကောင်း စွဲလမ်းမှတ်ထင်မှုသည် ဒိဋ္ဌိ၏ သဘောတည်း။

## ဒိဋ္ဌိနှင့်စပ်၍ သိမှတ်စရာများ

ဒိဋ္ဌိသည် ရုပ်နာမ်ကို "အတ္တ,သတ္တ,ပုဂ္ဂလ,ဇီဝ"ဟု ယူ၏။ ၎င်းအယူသည် အယူအဆ သက်သက်မျှသာ ဖြစ်၏။ တကယ့် အရှိတရားမဟုတ်ပါ။ (အဋ္ဌသာလိနီဘာဋီ–တ–၂၂၄)

မိစ္ဆာဒိဋ္ဌိတို့၏ တရားကို ကြားနာရုံဖြင့် မိစ္ဆာဒိဋ္ဌိမဖြစ်၊ ကြားနာပြီး အယူဝါဒကို ဥပေက္ခာသဘောမျှမက ကျေနပ်အားရ လက်ခံမှသာ မိစ္ဆာဒိဋ္ဌိဖြစ်၏။ (အဋ္ဌသာလိနီဘာဋီ-တ-၂၂၆)

အံ့သြဘွယ် အသစ်အဆန်းကို တွေ့ရ မြင်ရ ကြားရ နမ်းရ စားရလျှင် ကောင်းကျိုးရသည်ဟု ယူဆလျှင် ကံ ဉာဏ် ဝီရိယကို ပယ်ရာရောက်၍ မိစ္ဆာဒိဋ္ဌိ ဖြစ်သည်။ ပြဿဒါး, ရက်ရာဇာ, အခါပေးအချိန် စသည်ကြောင့် ကောင်းကျိုးဆိုကျိုး ဖြစ်သည်ဟု ယူဆလျှင်လည်း ကံ ဉာဏ် ဝီရိယကို ပယ်ရာရောက်၍ မိစ္ဆာဒိဋ္ဌိ ဖြစ်သည်။ သို့သော် အထောက်အကူမျှသာ ဟု ယူဆ၍ ကံ ဉာဏ် ဝီရိယကို မပယ်လျှင် မိစ္ဆာဒိဋ္ဌိ မဖြစ်ပါ။

(အဋ္ဌသာလိနီဘာဋီ-တ-၂၂၇)

## မိစ္ဆာဒိဋ္ဌိ အဇိတ ဆရာကြီး၏ ဝါဒ

နတ္ထိ ဒိန္နံ - ရဟန်းတော်များအား ဆွမ်းလှူခြင်း သင်္ကန်းလှူခြင်းသည် အကျိုးမရှိ
နတ္ထိ ယိဋ္ဌံ - အလှူမဏ္ဍပ်ဆောက်၍ စတုဒိသာ အကြီးအကျယ်ပေးလှူခြင်းသည် အကျိုးမရှိ
နတ္ထိ ဟုတံ - ဧည့်ဝတ်ပြုသောအားဖြင့် ဧည့်သည်အား ကျွေးမွေးခြင်းသည် အကျိုးမရှိ
နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော - ကုသိုလ် အကုသိုလ်၏ အကျိုးရင်း အကျိုးဆက် အကျိုးဝိပါက်သည် မရှိ

♠ မျက်မှောက်ဘဝ လက်ငင်းအကျိုးသည် အကျိုးရင်း၊ ပစ္စေကဗုဒ္ဓါအား ဖိနပ်လှူ၍ သမုဒြာ၌ ထောက်တည်ရာလှေကို ရခြင်းစသည့် အကျိုးသည် အကျိုးဆက်၊ ကုသိုလ် အကုသိုလ်စိတ်ကြောင့် ဝိပါက်စိတ်ဖြစ်ခြင်းသည် ဝိပါက်အကျိုး (တနည်း) အလှူဒါနကြောင့် ရာထူးတိုးခြင်း စီးပွားတက်ခြင်းသည် အကျိုးရင်း၊ ဘေးရန်ကင်းခြင်းသည် အကျိုးဆက်၊ ဘဝတခု၏ အစဆုံး ပဋိသန္ဓေစိတ်သည် ဝိပါကအကျိုး

နတ္ထိ အယံ လောကော - ဤလောကသည် မရှိ
နတ္ထိ ပရော လောကော - နောင်လောကသည် မရှိ

♠ ဤလောကမှ တပါးသော နတ်ဗြဟ္မာလောက တိရစ္ဆာန်လောကတို့ကို "နောင်လောက"ဟု ယူ၍ ထိုနောင်လောက၌ တည်နေသူ စသည်အတွက် ထိုနောင်လောက၌ သေလျှင် ပြတ်သောကြောင့် ပြောင်း၍လာဖို့ရာ "ဤလောကမရှိ"ဟု ဆိုလိုသည်။ လူ့လောကကို မိမိတို့အလိုအားဖြင့် "ဤလောက" ဟု ယူပါ။ ဤလောက၌ တည်နေသူအတွက်လည်း ဤဘဝမှာပင် ပြတ်သောကြောင့် ပြောင်းရွှေ့သွားဖို့ရာ နောင်လောက မရှိတော့။

နတ္ထိ မာတာ – အမေသည်မရှိ။ နတ္ထိ ပိတာ – အဖေသည် မရှိ

♠ မျက်မြင်ဖြစ်သော အမိအဖတို့ကို မရှိဟု မဆိုလို၊ ထိုမိဘတို့၌ ကောင်းစွာပြုခြင်း မကောင်းသဖြင့် ပြုခြင်းသည်လည်း မရှိဟု မဆိုလို၊ နောင်ဘဝဆိုတာ ကိုယ်ကမရှိဟု ယူထားပြီးဖြစ်သောကြောင့် ထိုမိဘတို့၌ ကောင်းစွာပြုခြင်း မကောင်းသဖြင့် ပြုခြင်း၏ အကျိုးမရှိတော့ဟုသာ ဆိုလိုသည်။

နတ္ထိ သတ္တာ ဩပပါတိကာ – ဖြစ်ဆဲဘဝမှ နောက်ဘဝသို့ သွားနိုင်သူမရှိ (တနည်း) မမြင်ရသော ငရဲ နတ်ဗြဟ္မာဆိုတာ မရှိ

♠ ဤသတ္တဝါတို့၏ ဖြစ်ခြင်းမည်သည် သက်သက်ရေပွက်ပမာ တစ်သက်လျှာသာတည်း၊ စုတေပြီးနောက် ရောက်လာဖို့ရန် ရှေးရှုပြုသော ပုဂ္ဂိုလ်မရှိ

နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ, ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။ ဤဘဝကိုလည်းကောင်း အခြားဘဝကိုလည်းကောင်း ကိုယ်တိုင် သိ၍ သူတပါးတို့အား တဆင့်ဟောပြနိုင်လောက်အောင် ကောင်းသောအကျင့်နှင့် ပြည့်စုံသူမရှိ။

♠ ဤစကားဖြင့် ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ရဟန္တာများ မရှိနိုင်ဟု ဆိုလိုသည်။

(သီလက္ခန်ဘာဋီ ဒု ၃၄၅–၃၄၈၊ လယ်တီဒီပနီပေါင်းချုပ် ပ ၁၉၅ – ၂၀၄)

(အရှင်ဇနကာဘိဝံသ၏သာမညဖလသုတ်မြန်မာပြန် ၁၈–၁၉)

## ♠ မှားယွင်းစွာ ယုံကြည်မှုသည် သဒ္ဓါမဟုတ်

မိစ္ဆာအယူရှိသူတို့ ၎င်းတို့၏ ဆရာသမားများကို ယုံကြည်ကိုးကွယ်ခြင်းသည် သဒ္ဓါအစစ်မဟုတ်၊ ဆရာ့စကားကို လက်ခံခြင်းမျှသာဖြစ်သည်။ လိမ်လည်မှုကို ယုံခြင်းသည်လည်း စကားလက်ခံရုံမျှသာဖြစ်သည်။ မဟုတ်မမှန်သောအရာကို ယုံကြည်ခြင်းဟူသည်မှာ စဉ်းစားတတ်သောဉာဏ်မရှိသူ(လုံးလုံးစဉ်းစား လေ့မရှိသူ)တို့၌ ဖြစ်လေ့ရှိသော မောဟသာဖြစ်သည်။ မောဟကို ပဓာနအားဖြင့် ကောက်ခြင်းမှာ ဒိဋ္ဌိဝိပ္ပယုတ်စိတ်အတွက်ဖြစ်၏။ ဒိဋ္ဌိပြဋ္ဌာန်းသော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်တို့ဖြင့် ယုံကြည်ရာ၌ကား တရားကိုယ်မှာ ဒိဋ္ဌိတည်း။ မိစ္ဆာဝါဒကိစ္စဟူသမျှ၌ ဒိဋ္ဌိစေတသိက်က ပဓာနအဖြစ်ဖြင့် စီမံတတ်သောကြောင့် မောဟကိုလည်း ဒိဋ္ဌိ၏နောက်လိုက် အပ္ပဓာနအဖြစ်ဖြင့် ယူပြီးဖြစ်တော့၏။

ဗုဒ္ဓဘာသာဖြစ်စေ အခြားဘာသာဖြစ်စေ မတရားသော ဆရာ, အမှားကို အမှန်ထင်၍ပြောသော ဆရာတို့၏စကားကို ယုံရာ၌ ဒိဋ္ဌိ,မောဟ သာမက နှစ်သက်မှု သဘောကျမှု တဏှာလည်းပါသော ထိုအယူဝါဒကို အမှန်ဟု ဆုံးဖြတ်ချက်ချသော မိစ္ဆာဓိမောက္ခ စေတသိက်လည်းပါသည်။ ထိုသို့ မောဟတဏှာ မိစ္ဆာဓိမောက္ခ ပါနေသောကြောင့် မိစ္ဆာအယူဝါဒကို အားတက်သရော နှစ်နှစ်ကာကာ(မစွန့်နိုင်အောင်) စွဲလမ်းနေကြလေသည်။ (အဋ္ဌသာလိနီဘာဋီ–တ–၂၃၃–၂၃၄)

### သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိစိတ်ဖြစ်ပုံ

အမျိုးကောင်းသားသည် မိစ္ဆာဒိဋ္ဌိအယူရှိသူ သတို့သမီးကို လိုချင်၏။ သမီးရှင်တို့က ဘာသာမတူ၍ သဘောမတူ။ ထိုအခါ အမျိုးသားက သတို့သမီးရှင်တို့ စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်ဆိုပြီး လက်ထပ်ကာ မိစ္ဆာဝါဒကို ကျင့်သုံး၍ သဘောကျ စွဲယူမိလေသောအခါ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်ဖြစ်သည်။

### နာမ်ရုပ်ကွဲပြီး အာရုံ ၅-ပါး ခံစားသူ၌ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်ဖြစ်

ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါးမစွဲပဲ သာယာသောစိတ်ဖြင့် မြင်စရာ ကြားစရာ နမ်းရှူစရာ စားစရာ ထိစရာတို့ကို တွေ့ထိခံစားနေသူ၌ ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်၏။ အောက်ထပ် ခုံ၌ ထိုင်၍ ပွဲကြည့်ရာတွင် အပေါ်ထပ်မှတံတွေး ခြေမှုန့်တို့ ရောင်လွှဲနေရသဖြင့် ပွဲဖြောင့်ဖြောင့် မကြည့်ရရာ၌လည်းကောင်း, မင်းကချေသည်များလာရာတွင် ဝိုင်းဝန်းကြည့်ရှုရာ၌ အစောင့်အရှောက်များ၏ လမ်းဖယ်ခိုင်းခြင်း လမ်းရှင်းခြင်းကြောင့် ဆုတ်လိုက်ဖယ်လိုက်နှင့် ကြည့်ရာ၌ လည်းကောင်း သသင်္ခါရိကစိတ်ဖြစ်၏။

(အဋ္ဌသာလိနီဘာဋီ-တ-၂၅၂)

### သက္ကာယဒိဋ္ဌိ

သက္ကာယဒိဋ္ဌိဆိုသည်ကား-အတ္တဒိဋ္ဌိကို ဆိုသတည်း။ စက္ခုကို ငါ,ငါဟူ၍လည်းကောင်း, ငါ၏ အတ္တဟူ၍လည်းကောင်း ကြောင်ကြောင်ကြီး ထင်မြင်စွဲလမ်း၍နေသော ဒိဋ္ဌိတည်း။ ထိုထို အဆင်းကို မြင်ကြသောအခါ 'ငါမြင်သည် ငါမြင်သည်'ဟု ကြောင်ကြောင်ကြီး ထင်မြင် စွဲလမ်း၍ နေမှုသည် စက္ခုကို 'ငါ, ငါ'ဟု ထင်မြင်စွဲလမ်းခြင်း သက္ကာယဒိဋ္ဌိဖြစ်၏။ သောတစသည်၌ နည်းတူသိ။

(ဒီပနီပေါင်းချုပ်ပထမတွဲ-၂၂၅)

**မာန**။ တစ်ယောက်နှင့်တယောက် တွေ့ဆုံကြရာတွင် နှိုင်းယှဉ် တိုင်းတာပြီး ငါတကားဟု ထောင်လွှားတတ်သော သဘောသည် မာနဖြစ်သည်။

## သေယျမာန် သဒိသမာန် ဟီနမာန်

**သေယျပုဂ္ဂိုလ်**။ ဘုရင်က သူ၏တိုင်းပြည်, စစ်တပ်, စီးပွားရေး အင်းအားကိုကြည့်ပြီး ငါနဲ့တူတဲ့မင်းမရှိဟု ထင်မှတ်ခြင်း၊ ရဟန်းတော်က သူ၏ သီလသမာဓိပညာကို သိပြီး ငါနှင့်တူသူ မရှိဟု ထင်မှတ်ခြင်းသည် သေယျပုဂ္ဂိုလ်၏သေယျမာန် ဖြစ်၏။ အခြားမင်းရဟန်းတွေကို ကြည့်ပြီး အခြားပုဂ္ဂိုလ်တွေမှာလိုပဲ ငါမှာ ရှိသင့်တာရှိတယ်၊ သူတို့နဲ့ ငါက ဘာမှမထူးဘူးဟု ထင်မှတ်လျှင် သဒိသမာန်၊ ဘုရင်လို့သာဆိုရတယ်, ငါ့မှာ မင်းအဆောင်အယောင်နှင့် မပြည့်စုံဘူးဟု မှတ်ထင်လျှင်, နာမည်ကြီး ဓမ္မကထိကလို့သာ ပြောရတယ် ထိုက်တန်တဲ့ အဆောင်အယောင် ငါ့မှာမရှိဟု ထင်မှတ်လျှင် ဟီနမာန်ဖြစ်၏။

**သဒိသပုဂ္ဂိုလ်**။ ငါနှင့်တူတဲ့အမတ် မရှိတော့ဟု မှတ်ထင်လျှင် သေယျမာန်၊ တခြားအမတ်များနှင့် ငါ ဘာမှမထူးဘူးဟုမှတ် ထင်လျှင် သဒိသမာန်၊ အမတ်လို့သာပြောရတယ် ငါ့မှာ စားဖို့ဝတ်ဖို့တောင် မပြည့်စုံဘူးဟု မှတ်ထင်လျှင် ဟီနမာန်။

**ဟီနပုဂ္ဂိုလ်**။ အမေကလည်း ကျွန်၊ အဖေကလည်းကျွန် ဖြစ်လို့ ငါနှင့်တူတဲ့ကျွန် မရှိဘူးလို့ မှတ်ထင်လျှင် သေယျမာန်၊ မိဘနှစ်ပါးက ကျွန်ဖြစ်လို့ တခြားကျွန်တွေနဲ့ ငါ ဘာမှမထူးဘူးလို့ မှတ်ထင်လျှင် သဒိသမာန်၊ မိဘမျိုးရိုးက ကျွန်မဟုတ်, စားစရာမရှိလို့သာ ကျွန်လုပ်ရတယ်, ငါဆိုတဲ့ကောင်ဟာ ဘယ်လိုကျွန်ပါလိမ့်ဟု မှတ်ထင်လျှင် ဟီနမာန်။

သေယျပုဂ္ဂိုလ်ဖြစ်ပါလျက် သူ့ကိုယ်သူ သူများနှင့် တန်းတူသူဟုလည်း ထင်နိုင်သည်။ အစွမ်းသတ္တိမရှိသောကြောင့် သူ့ကိုယ်သူ သူများအောက် ယုတ်ညံ့သူဟုလည်း ထင်နိုင်၏။ ထို့ကြောင့် သေယျပုဂ္ဂိုလ်၌ မာန်သုံးမျိုး ဖြစ်နိုင်သည်။ သဒိသပုဂ္ဂိုလ်မှာလည်း သူ့ကိုယ်သူ အထင်ကြီး၍ ငါမြတ်သည်ဟုလည်း ထင်နိုင်၏။ သူ့ကိုသူ အထင်သေး၍ ငါအောက်တန်းကျသည်ဟုလည်း ထင်နိုင်၏။ ဟီနပုဂ္ဂိုလ်မှာလည်း သူ့ကိုယ်သူ အထင်ကြီး၍ ငါမြတ်သည်ဟုလည်း ထင်နိုင်၏။ သူများနှင့် တန်းတူသူဟုလည်း ထင်နိုင်၏။

မာန်ကိုးပါးတွင် သေယျပုဂ္ဂိုလ်၏ သေယျမာန်, သဒိသပုဂ္ဂိုလ်၏ သဒိသမာန်, ဟီနပုဂ္ဂိုလ်၏ ဟီနမာန်ကို ဟုတ်မှန်သည့်(ယာထာဝ)မာန်ဟု ခေါ်၏။ ထိုမာန်ကို အရဟတ္တမဂ်ကသာ ပယ်နိုင်သည်။ မိမိ နှင့် မတန်သော အခြားမာန်နှစ်မျိုးကို မဟုတ်မှန်သည့်(အယာထာဝ)မာန်ဟုခေါ်သည်။ ထိုမာန်တို့ကို သောတာပတ္တိမဂ်က ပယ်နိုင်သည်။ (သင်္ဂြိုဟ်ဘာဋီ ၁၂၅၊ အဋ္ဌသာလိနီဘာဋီ စ-၁၇၈)

## အတိမာနစသည်

သူများထက် ငါကပိုတော်သည်ဟု ထင်လျှင် အတိမာန၊ ငါက သူများလောက်မတော်ဟု မှတ်ထင်သြမာန (ဟီနမာန်)တရားမရပဲ ရပြီဟုထင်မှတ်လျှင် အဓိမာန၊ ရုပ်ဟာငါပဲဟု မှတ်ထင်လျှင် အသ္မိမာန၊ မကောင်းသော အတတ်ပညာတို့၌ ငါလောက်တော်သူမရှိဟု မှတ်ထင်လျှင် မိစ္ဆာမာန။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ၊၄၄၇-၄၅၀၊ ၄၆၇-၄၇၂)

## မာနအမျိုးမျိုး

၁။ ဇာတိမာန်-ငါက မင်းမျိုး, သူဌေးမျိုး, ကောဏ္ဍညအနွယ်, အာဒိစ္စအနွယ် စသည်ဖြင့် မာန်မူခြင်း
၂။ အာရောဂျမာန်-ငါမှာ ရောဂါမရှိဘူး၊ ကျန်သူတွေမှာ ရောဂါများလိုက်တာဟု မာန်မူခြင်း
၃။ ယောဗ္ဗနမာန်-ငါက နုပျိုနေတုန်း၊ မင်းတို့တော့ မကြာခင် သေရတော့မယ်ဟု မာန်မူခြင်း

၄။ ဇီဝိတမာန်-ငါ နှစ်ပေါင်းများစွာ ကျန်းကျန်းမာမာ နေခဲ့ရပြီ၊ နောင်လည်းနေရဦးမည်ဟု မာန်မူခြင်း
၅။ လာဘမာန်-ငါ စီးပွားချမ်းသာနှင့် ပြည့်စုံတယ်၊ အခြားသူတွေ ငမွဲတွေပဲဟု မာန်မူခြင်း
၆။ သက္ကာရမာန်-ငါကို လူတွေက ပေးရင် ကောင်းတာမှပေးတာ၊ အခြားသူတွေတော့ ထိုက်သင့်သလိုပဲရကြတယ် ဟု မာန်မူခြင်း
၇။ ဂရုကာရမာန်-လူတွေက ငါကိုတွေ့ရင် ရှိခိုးဝတ်ပြုကြတယ်၊ အခြားသူတွေကိုတော့ တွေ့လဲ မျက်နှာ လွှဲသွားကြတာပဲဟု မာန်မူခြင်း
၈။ ပုရေက္ခာရမာန်-ပြဿနာမေးသမျှ ငါဖြေလိုက်ရင်ပြေတာပဲ, ဆွမ်းခံကြွရင် ငါကရှေးဆုံးက, ဟု မာန်မူခြင်း
၉။ ပရိဝါရမာန်-ငါ့မှာ တပည့်တွေ နောက်လိုက်တွေ အများကြီးရှိတယ်ဟု မာန်မူခြင်း
၁၀။ ဘောဂမာန်-ငါ့မှာ ရင်နှီးမြှုပ်နှံထားတဲ့ ဥစ္စာတွေ အများကြီးရှိတယ်၊ တခြားသူတွေ စားဖို့တောင်မရှိဖူးဟု မာန်မူခြင်း
၁၁။ ဝဏ္ဏမာန်-ငါက ရုပ်လှတယ်၊ ဂုဏ်ရှိတယ်၊ သီလရှိတယ် စသည်ဖြင့် မာန်မူခြင်း
၁၂။ သုတမာန်-ငါ အများကြီးသိတယ်၊ တခြားသူတွေ ငါလောက်မသိဘူးဟု မာန်မူခြင်း
၁၃။ ရတ္တညုမာန်-ငါ မင်းထက်ကြီးတယ်၊ ရှေးမှီနောက်မှီဖြစ်လို့ ရှေးဟောင်းနှောင်းဖြစ် အကုန်သိတယ်ဟု မာန်မူခြင်း
၁၄။ ပိဏ္ဍပါတိကမာန်-ငါ ရဟန်းဖြစ်ကတည်းက ဆွမ်းခံဝတ်မပျက်ခဲ့ဘူးဟု မာန်မူခြင်း
၁၅။ အနဝညာတမာန်-ငါ့ကို လူတွေက အထက်တန်းစားဟု သတ်မှတ်ကြသည်ဟု မာန်မူခြင်း
၁၆။ ဣရိယာပထမာန်-ငါ၏ ဣရိယာပုထ်သည် ကြည်လို့ကောင်းသည်ဟု မာန်မူခြင်း
၁၇။ ဣဒ္ဓိမာန်-ငါ့မှာ တန်ခိုးရှိတယ်, တခြားသူတွေမှာ အတောင်မပါတဲ့ကျီးလို သွားလာလို့မရဘူးဟု မာန်မူခြင်း
၁၈။ ဥပဋ္ဌာကမာန်, ယသမာန်-ငါ သူတို့ကို ကြည့်ရှုစောင့်ရှောက် ပေးထားရတာ, သူတို့က ငါ့ရဲ့ ဩဝါဒအောက်မှာ နေကြရတာဟု မာန်မူခြင်း
၁၉။ သီလမာန်-ငါကသီလရှိတယ် တခြားသူတွေက သီလမရှိဘူးဟု မာန်မူခြင်း
၂၀။ ဈာနမာန်-တခြားသူတွေ တမိနစ်လောက်တောင် စိတ်မငြိမ်ဘူး၊ ငါက ဈာန်ရထားတာဟု မာန်မူခြင်း
၂၁။ သိပ္ပမာန်-ငါက အတတ်ပညာရှင်ကြီး၊ မင်းတို့ဘာမှ မသိဘူးဟု မာန်မူခြင်း
၂၂။ အာရောဟမာန်-တခြားသူတွေထက် ငါက အရပ်ရှည်တယ်ဟု မာန်မူခြင်း
၂၃။ ပရိဏာဟမာန်-ငါ့ ခန္ဓာကိုယ်က အလုံးအဝန်းညီမျှတယ်ဟု မာန်မူခြင်း
၂၄။ သဏ္ဌာနမာန်-ငါ့ခန္ဓာက အချိုးအဆစ်လှပတယ်ဟု မာန်မူခြင်း
၂၅။ ပါရိပူရိမာန်-ငါရဲ့ ခန္ဓာကိုယ်က အပြစ်ရှာမတွေ့အောင်လှတယ်ဟု မာန်မူခြင်း

(သမ္မောဝိနောဒနီဘာဋီ တ-၃၀၇-၃၁၃)

## တဏှာ မာန ဒိဋ္ဌိ ဖြစ်ပုံ

မြင်သည်ကို စွဲလမ်းမှုမှာ တဏှာ မာန ဒိဋ္ဌိ သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် ငါမြင်သည်ဟု စွဲလမ်းမှုလည်း မာန၏ ဝိသေသအချက်တည်း။ တဏှာဒိဋ္ဌိနှစ်ပါးလည်း ဆိုင်ပါ၏။ ငါဟူသည် တဘဝတွင် တစ်ငါသာ ဖြစ်ရင်းတည်း။ စက္ခုဝိညာဏ်ဟူသော မြင်မှုကို အာရုံပြု၍ ငါမြင်သည်ဟု စွဲလမ်းချက်မှာ **တစ်ဘဝလုံးမှ စက္ခုဝိညာဏ်တခုတည်းဟု စွဲလမ်းမှု**တည်း။ စက္ခုဝိညာဏ်ကို တဘဝလုံးမြဲသော နိစ္စဟူ၍ စွဲလမ်းမှုတည်း။

ငါ၏ **မြင်ချက်သည် ကောင်း၏**ဟု စွဲလမ်းမှုကား တဏှာ၏ ဝိသေသအချက်တည်း။ **မြင်မှုသည် ငါ၏ အတ္တတည်း**ဟု စွဲလမ်းမှုကား ဒိဋ္ဌိ၏ဝိသေသအချက်တည်း။ (တီချုပ် တ ၂၅၄)

## မြင်ခြင်း ကြားခြင်း၌ တဏှာ မာန ဒိဋ္ဌိ ဖြစ်ပုံ

ငါ့မျက်စိနဲ့ မောင်ဖြူကို ငါမြင်တယ်ဆိုရာမှာ ငါ့မျက်စိဆိုတာ စက္ခုပသာဒကို တဏှာစွဲခြင်း, မောင်ဖြူကိုဆိုတာ ရူပါရုံကို ပုဂ္ဂလဒိဋ္ဌိစွဲခြင်း, ငါ(ကိုယ်တိုင်)မြင်တယ်ဆိုတာက စက္ခုဝိညာဏ်ကို မာနစွဲခြင်း ဖြစ်သည်။

ငါ့နားဖြင့် ငဖြူရဲ့အသံကို ငါကြားတယ်ဆိုရာမှာ ငါ့နားဆိုတာ သောတပသာဒကို တဏှာစွဲခြင်း, ငဖြူဆိုတာ အသံကို ပုဂ္ဂလဒိဋ္ဌိစွဲခြင်း, ငါကိုယ်တိုင် ကြားဆိုတာက သောတဝိညာဏ်ကို မာနစွဲခြင်း ဖြစ်သည်။

အနိစ္စရှုက မာနပယ်သည်။ ဒုက္ခရှုက တဏှာပယ်သည်။ အနတ္တရှုက ဒိဋ္ဌိပယ်သည်။ ငါမဟုတ်ရှုက မာနပယ်သည်။ ငါ့ဥစ္စာမဟုတ်ရှုက တဏှာပယ်သည်။ ငါ့လိပ်ပြာမဟုတ်ဟုရှုက ဒိဋ္ဌိပယ်သည်။

(တိပိဟောစဉ် ပ ၄၂)

## တဏှာ မာန ဒိဋ္ဌိ စွဲလမ်းပုံ

ငါ၏အင်္ဂါ ငါ၏ဦးခေါင်းအင်္ဂါ ငါ၏ခြေအင်္ဂါ လက်အင်္ဂါ ငါ၏မျက်စိအင်္ဂါ နားအင်္ဂါစသည်ဖြင့်လည်းကောင်း ငါ၏အမိ ငါ၏အဖ ငါ၏မယား ငါ၏သား ငါ၏သမီး စသည်ဖြင့်လည်းကောင်း ငါ၏နွား ငါ၏ကျွဲ ငါ၏မြင်းစသည်ဖြင့်လည်းကောင်း ငါ၏အိမ် ငါ၏တိုက် ငါ၏လယ် ငါ၏ယာ ငါ၏ရွှေ ငါ၏ငွေ စသည်ဖြင့်လည်းကောင်း မိမိကိုယ်ကို အပိုင်အရင်ပြု၍ ကိုယ်အင်္ဂါ ဦးခေါင်းအင်္ဂါစသည်တို့ကို ပိုင်နိုင်ရာ ဥစ္စာပြု၍ စွဲလမ်းမှုသည် **တဏှာ၏စွဲလမ်းခြင်း**တည်း။

ကိုယ်အင်္ဂါသည်ပင် ငါဖြစ်၏။ ဦးခေါင်းသည်ပင် ငါဖြစ်၏ စသည်ဖြင့် မိမိကိုယ်အင်္ဂါ၌ ထောင်ထောင်လွှားလွှား ငါတကားဟု စွဲလမ်းမှုသည် **မာန၏စွဲလမ်းခြင်း**တည်း။

ကိုယ်အင်္ဂါသည်ပင်လျှင် ငါ၏အနှစ်သာရ အတ္တဖြစ်၏စသည်ဖြင့် ကိုယ်ခန္ဓာကို အမာခံအနှစ်သာရ အတ္တအနေနှင့် စွဲလမ်းခြင်းသည် **ဒိဋ္ဌိ၏စွဲလမ်းခြင်း**မည်၏။

(တီချုပ် စ ၅၉၃)

## အရကောက်ပုံ

တဏှာဖြင့် ခန္ဓာငါးပါးကို စွဲရာ၌ လောဘမူစိတ် ၈–ပါးတွင် တပါးပါးဖြစ်သည်။ မာနဖြင့် ခန္ဓာငါးပါးကို စွဲရာ၌ လောဘမူစိတ်၈ပါးမှ ဒိဋ္ဌိဂတဝိပ္ပယုတ်လေးပါးတွင် တပါးပါး ဖြစ်သည်။ မာနသည် ဒိဋ္ဌိနှင့် တပြိုင်နက်တည်းမဖြစ်နိုင်၍ ဒိဋ္ဌိဂတမ္ပယုတ်စိတ်၌ မယှဉ်နိုင်သည်ကို သတိပြုပါ။ ဒိဋ္ဌိဖြင့် ခန္ဓာငါးပါးကို စွဲရာ၌ လောလမူစိတ် ၈–ပါးတွင် ဒိဋ္ဌိဂတမ္ပယုတ်စိတ်လေးပါးမှ တပါးပါး ဖြစ်သည်။

**ဒေါသ**။ မြွေပွေးမြွေဟောက်ကို တုတ်ဖြင့် ပုတ်ခတ်သောအခါ ရှူးကနဲထလာတတ်သကဲ့သို့ မနှစ်သက်ဖွယ်အာရုံနှင့် တွေ့ကြုံသောအခါ ရှူးရှူးရှဲရှဲဖြစ်၍ ကိုယ်ရောစိတ်ပါကြမ်းလျက် အမျက်ထွက်ခြင်းသည် ဒေါသ သဘောဖြစ်သည်။ ဒေါသသည် ပူလောင်စေတတ်၍ ဒေါသဖြစ်သောအခါ ဒေါသနှင့်အတူဖြစ်ရသော စိတ်စေတသိက်များလည်း ပူလောင်လာကြပြီး, ထိုစိတ်စေတသိက်ကြောင့် ဖြစ်ရသော ရုပ်တရားများလည်း ပူလောင်လာကြသည်။ ပူလောင်သော စိတ္တဇရုပ်နှင့် ပူးကပ်လျက်ဖြစ်ကြရသော တကိုယ်လုံးရှိ အခြား ကံ, ဥတု, အာဟာရကြောင့် ဖြစ်ရသော ရုပ်တရားများလည်း ပူလာကြပြီး အသားအရေများ နီးမြန်းလျက် တကိုယ်လုံး တဆတ်ဆတ် တုန်နေတတ်သည်။

## ဒေါသဖြစ်ကြောင်းအာဃာတဝတ္ထု ၁၀–မျိုး

၁၀၆၆။ ထို(အကုသိုလ်ဟိတ်သုံးပါးတို့တွင်)ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'ဟူသည် အဘယ်နည်း။ "ငါ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ"ဟု ရန်ငြိုးဖွဲ့မှု အာဃာတသည် ဖြစ်၏။ "ငါ၏ အကျိုးမဲ့ကို ပြုကျင့်နေဆဲဖြစ်သည်"ဟု ရန်ငြိုးဖွဲ့မှု အာဃာတသည် ဖြစ်၏။ "ငါ၏ အကျိုးမဲ့ကို ပြုကျင့်လတ့်"ဟု ရန်ငြိုးဖွဲ့မှု အာဃာတသည် ဖြစ်၏။ "ငါ၏ ချစ်ခင်မြတ်နိုးအပ်သူ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ"ဟု ရန်ငြိုးဖွဲ့မှု အာဃာတသည် ဖြစ်၏။ "ငါ၏ချစ်ခင်မြတ်နိုးအပ်သူ၏ အကျိုးမဲ့ကို ပြုကျင့်နေဆဲ ဖြစ်သည်"ဟု ရန်ငြိုးဖွဲ့မှု အာဃာတသည် ဖြစ်၏။ "ငါ၏ချစ်ခင်မြတ်နိုးအပ်သူ၏ အကျိုးမဲ့ကို ပြုကျင့်လတ့်"ဟု ရန်ငြိုးဖွဲ့မှု အာဃာတသည် ဖြစ်၏။ "ငါ၏မချစ်ခင် မမြတ်နိုးသူ၏အကျိုးကို ပြုကျင့်ခဲ့ပြီ"ဟု ရန်ငြိုးဖွဲ့မှု အာဃာတသည် ဖြစ်၏။ "ငါ၏ မချစ်ခင် မမြတ်နိုးသူ၏အကျိုးကို ပြုကျင့်နေဆဲ"ဟု ရန်ငြိုးဖွဲ့မှု အာဃာတသည် ဖြစ်၏။" ငါ၏မချစ်ခင် မမြတ်နိုးသူ၏အကျိုးကို ပြုကျင့်လတ့်"ဟု ရန်ငြိုးဖွဲ့မှု အာဃာတသည် ဖြစ်၏။(၉) ထို့ပြင် **အကြောင်း မဟုတ်သည်၌ ရန်ငြိုးဖွဲ့မှု အမျက်ထွက်မှု**သည် ဖြစ်၏။(၁၀)(ဓမ္မသင်္ဂဏီပါဠိတော်မြန်မာပြန် ၃၉၃)

## အဋ္ဌာနကောပ=အကြောင်းမဟုတ်သည်၌ အမျက်ထွက်မှု

မိုးသည် ရွာလွန်း၏ဟု တွေး၍ အမျက်ထွက်၏၊ မိုးမရွာဟု တွေး၍ အမျက်ထွက်၏၊ နေသည် ပူလွန်း၏၊ နေသည်မပူ၊ လေသည် တိုက်၏၊ လေသည် မတိုက်၊ ဟုတွေး၍ အမျက်ထွက်၏။ တံမျက်မလှည်းနိုင်၍ ဗောဓိရွက်တို့အား အမျက်ထွက်၏၊ လေတိုက်၍ သင်္ကန်းလွင့်သည့်အခါ လေကို အမျက်ထွက်၏၊သစ်ငုတ်တိုက်မိ၍ ချော်လဲသည့်အခါ သစ်ငုတ်ကို အမျက်ထွက်၏။

ငါ၏အကျိုးမဲ့ပြုခဲ့ပြီစသည်ဖြင့် ရန်ငြိုးဖွဲ့မှု အမျက်ထွက်မှု ၉–မျိုးသည် သတ္တဝါတို့ကို အာရုံပြု၍ ဖြစ်သောကြောင့် ကမ္မပထ မြောက်သည်။ (ကမ္မ=ကံ၊ ပထ–အပါယ်ရောက်ကြောင်း လမ်း) ။အဋ္ဌာနကောပသည် သတ္တဝါကို အာရုံမပြုဘဲ ရုပ်သင်္ခါရတို့၌သာ အာရုံပြု၍ ကမ္မပထမမြောက်။

(အဋ္ဌသာလိနီအဋ္ဌကထာ ၃၉၉၊ ဘာဋီ စ–၁၅၃)

## ဒေါသမူသသင်္ခါရိကစိတ်ဖြစ်ပုံ

သူတပါးက တိုက်တွန်း၍ စိတ်ဆိုးရလျှင်လည်းကောင်း, သူတပါးက စိတ်ဆိုးစရာများ သိအောင် ပြောပြရာ၌လည်းကောင်း, သူတပါးက မတိုက်တွန်းရဘဲ မိမိအပေါ်၌ သူတပါးပြုအပ်သော အပြစ်ကို တွေး၍ စိတ်ဆိုးသောအခါ၌လည်းကောင်း ဒေါသမူ သသင်္ခါရိကစိတ်ဖြစ်သည်။

(အဋ္ဌသာလိနီဘာဋ္ဌီ–တ–၂၆၃)

**ဣဿာ**။ ရှေးဘဝက ကံကောင်းထောက်မလျက် ယခုဘဝ ဉာဏ်,ဝီရိယ တို့အတွက် ဥစ္စာစည်းစိမ် ဂုဏ်သိရ် တက်နေသူကို မြင်ရကြားရသည်ရှိသော် ဝမ်းမမြောက်နိုင်ပါဘဲ မျက်နှာမဲ့ကာ ပါးစပ်ရွဲ့ကာ နှုတ်ခမ်းစူကာ စောင်းကာမြောင်းကာ ချိတ်ကာ ရိပ်ကာ ကြည့်ရှုပြောဆိုမှုနှင့် ထိုသူ၏ဂုဏ်သတင်းကို မကြားလိုမှုသည် ဣဿာ၏ သဘောတည်း။ (သင်္ဂြိုဟ်ဘာဋ္ဌီ ၁၂၈)

ဣဿာသည် သူတပါးစည်းစိမ်ကို ရှုတ်ချ၏၊ မနှစ်သက်။ လူအများ လယ်ထွန်ခြင်း ကုန်သွယ်ခြင်း စသည့် မိမိဆိုင်ရာ အသက်မွေးဝမ်းကြောင်းနည်းဖြင့် အသက်မွေးကြရာတွင် အချို့သူများ ယောကျ်ားတို့၏ လုံ့လ ပယောဂကို အသုံးချ၍ တိုးတက်ကြီးပွားကြ၏။ တိုးတက်ကြီးပွားနေသူကို ကြည့်၍ အချို့ပုဂ္ဂိုလ်များ၌ "ဤလူသည် ဘယ်တော့များ စီးပွားပျက်၍ ဒုက္ခရောက်မလဲ"ဟု တွေး၍ စီးပွားပျက်သွားသည်ကို မြင်တွေ့လို၏၊ အကြောင်းတစ်ခုခုကြောင့် ပျက်သော် ပျော်ရွှင်၏။ ဤသည်မှာ ဣဿာသဘောဖြစ်၏။ ရဟန်းတော်များ၌လည်း ပရိယတ္တိ, ပဋိပတ္တိတရားတို့ကို အကြောင်းပြု၍ ကြီးပွားသော ရဟန်းတော်များကို ကြည့်၍ အချို့ရဟန်းများ၌ "ဤရဟန်းသည် ဘယ်တော့များ လာဘ်နည်း၍ ဒုက္ခရောက်မလဲ"ဟု တွေး၍ ဆုတ်ယုတ်သွားသည်ကို မြင်တွေ့လို၏။ အကြောင်းတစ်ခုခုကြောင့် ဆုတ်ယုတ်သော် ပျော်ရွှင်၏။ ဤသည်မှာ ဣဿာ သဘောဖြစ်၏။ (အဋ္ဌသာလိနီအဋ္ဌကထာ ၄၀၄၊ ဘာဋ္ဌီ စ–၁၇၂)

**မစ္ဆရိယ**။ ရပေါက်ရလမ်းရှိသော ငွေပစ္စည်း, ရပြီးသော ငွေပစ္စည်း, ငွေပစ္စည်းနှင့် အလားတူပစ္စည်းမျိုးတို့ကို သူတပါး မရစေလိုခြင်းသည် မစ္ဆရိယသဘောတည်း။ ဣဿာသည် သူတပါးစည်းစိမ် ဂုဏ်သိရ်ကို ရှုတ်ချလို၏။ မစ္ဆရိယသဘောကား ကိုယ့်ဥစ္စာကိုလည်းမပေးလို, ကိုယ့်ဥစ္စာဂုဏ်သိရ်နှင့်တူသော ဥစ္စာစည်းစိမ် ဂုဏ်သိရ်ကို သူတပါးတို့ ရသွားမည်ကိုလည်း ဝန်တို၏။ (သင်္ဂြိုဟ်ဘာဋ္ဌီ ၁၂၉)

## မစ္ဆရိယ ၅-မျိုး

**အာဝါသမစ္ဆရိယ**။ နေရာအရပ် ကျောင်းဝင်းစသည်တို့၌ ဝန်တိုခြင်းသည် အာဝါသမစ္ဆရိယ ဖြစ်သည်။ အကြင်ကျောင်းနေရာ၌ နေသူတို့သည် ချမ်းသာစွာ နေရကုန်၏၊ ပစ္စည်းလာဘ်လာဘ ရကုန်၏၊ ထိုကျောင်းမျိုး၌ ဝတ်အကျင့်၌ ပြည့်စုံသော ရဟန်းတော်များ မလာစေလိုခြင်း, လာပြီးလျှင် မြန်မြန်ပြန်စေလိုခြင်းသည် အာဝါသမစ္ဆရိယ ဖြစ်သည်။ ခိုက်ရန်ဒေါသနှင့် အငြင်းအခုန်လုပ်မည့် ရဟန်းတော်များကို လက်မခံရာ၌ အာဝါသမစ္ဆရိယမဟုတ်။

**ကုလမစ္ဆရိယ**။ မိမိ၏ လုပ်ကျွေးပြုစုသူနှင့်ဆွေးမျိုးတို့ကို သူတပါးတို့နှင့် မဆက်စပ်စေလိုခြင်းသည် ကုလမစ္ဆရိယ မည်၏။ ရတနာသုံးပါးကြည်ညိုမှုကို ပျက်စီးအောင်လုပ်မည့် ရဟန်းတော်များနှင့် မဆက်စပ်စေလိုခြင်းသည် ကုလမစ္ဆရိယ မဟုတ်။

**လာဘမစ္ဆရိယ**။ မိမိမှတစ်ပါး သီလရှိသော ပုဂ္ဂိုလ်ဖြစ်စေကာမူ ပစ္စည်းလေးပါး မရစေလိုခြင်းသည် လာဘမစ္ဆရိယ ဖြစ်သည်။ သဒ္ဓါတရားဖြင့် ပေးလှူသောပစ္စည်းကို မတရားသဖြင့် သုံးစွဲမည့် သဒ္ဓါဒေယျဝိနိပါတပုဂ္ဂိုလ်အား မရစေလိုခြင်းသည် လာဘမစ္ဆရိယမဟုတ်။

**ဝဏ္ဏမစ္ဆရိယ**။ သရီရဝဏ္ဏ, ဂုဏဝဏ္ဏဟု နှစ်မျိုးရှိ၏။ ရုပ်ချောသူကို ရုပ်လှသည်ဟု အများကပြောဆိုရာ၌ **မပြောစေလိုသော**(မကြိုက်သော)သဘောသည် သရီရဝဏ္ဏမစ္ဆရိယ မည်၏။ အကျင့်ကောင်းသူကို အများက သူတော်ကောင်းဟု ပြောသည့်အခါ မပြောလိုသော(မကြိုက်သော)သဘောသည် ဂုဏဝဏ္ဏမစ္ဆရိယ မည်၏။

**ဓမ္မမစ္ဆရိယ**။ ဤနေရာ၌ ပရိယတ္တိဓမ္မ, ပဋိဝေဓဓမ္မကိုသာ ဓမ္မဟုဆိုလိုသည်။ ပရိယတ္တိဓမ္မ, ပဋိဝေဓဓမ္မတွင် ပရိယတ္တိဓမ္မ၌သာ မစ္ဆရိယဖြစ်နိုင်သည်။ အရိယာပုဂ္ဂိုလ်သည် ပဋိဝေဓဓမ္မ(မဂ်ဖိုလ်နိဗ္ဗာန်)ကို ဝန်မတို။ မိမိသိအပ်သော တရား၌ တလောကလုံးရှိ သတ္တဝါများကို သိစေချင်သည်။ ပရိယတ္တိဓမ္မ၌သာ မစ္ဆရိယဖြစ်သည်။ မိမိသိပြီးသော ပရိယတ္တိကို သူတပါး မသိစေလိုခြင်းသည်သာ မစ္ဆရိယ ဖြစ်သည်။ ဓမ္မကိုချီးမြှောက်လို၍, ပုဂ္ဂိုလ်ကို ချီးမြှောက်လို၍ ပရိယတ္တိကိုမပေးခြင်းသည် ဓမ္မမစ္ဆရိယ မဟုတ်။ ဘာသာအမျိုးမျိုး ပြောင်း၍ ဘာသာဝင်ပုဂ္ဂိုလ် အသွင် အမျိုးမျိုးပြောင်းနေသူအား ပရိယတ္တိကို ရောမွှေရှုပ်ထွေးအောင် ပြုမည်စိုး၍လည်းကောင်း, ပရိယတ္တိကို သင်ပြီး အရဟတ္တဖိုလ်ကို ဖြေကြားမည့်သူအား ၄င်းပုဂ္ဂိုလ် သံသရာနစ်မွန်းမည်စိုး၍လည်းကောင်း, ပရိယတ္တိဖြင့် သာသနာကို ဖျက်ဆီးမည့်သူအားလည်းကောင်း မပေးလျှင် မစ္ဆရိယမဖြစ်။

## မစ္ဆရိယ၏ ကြောင်းကျိုးဆက်

| **အကြောင်း** | **အကျိုး** |
|---|---|
| အာဝါသမစ္ဆရိယ | ဘီလူးပြိတ္တာဖြစ်၍ မစ္ဆရိယဖြစ်ရာနေရာ(ကျောင်း)၏ အမိုက်ကို ခေါင်းရွက်၍ သွားရတတ်ခြင်း၊ သံအိမ်၌ ကျက်ရခြင်း။ |
| ကုလမစ္ဆရိယ | မိမိလှူနေကျသူက အခြားပုဂ္ဂိုလ်လှူသည့်အခါ ဤသူသည်ပျက်စီးပြီး (ငါ့ကိုမလှူပြီ)ဟု တွေး၍ သွေးအံတတ်ခြင်း၊ ဝမ်းလျှောတတ်ခြင်း၊ အူပြတ်တတ်ခြင်း၊ လာဘ်နည်းခြင်း |
| လာဘမစ္ဆရိယ | အခြားသူများမသုံးစွဲစေလိုဘဲ သံဃာပိုင်ပစ္စည်းကို ကိုယ်တစ်ယောက်ထဲ သုံးရင် ဘီလူး၊ ပြိတ္တာ၊ စပါးကြီးမြွေ ဖြစ်တတ်ခြင်း၊ ဘင်ဘုတ်ငရဲ၌ဖြစ်ရခြင်း။ |
| ဝဏ္ဏမစ္ဆရိယ | ဂုဏ်သတင်းပျက်ခြင်း၊ ခံတွင်းမှသွားရည်ယိုခြင်း |
| ဓမ္မမစ္ဆရိယ | ပြာပူငရဲ၌ ဖြစ်ရခြင်း |

မစ္ဆရိယအကြမ်းအနု။ မိမိဥစ္စာကို သူတပါးမပေးလိုခြင်းသည် အလွန်ဆိုးဝါးသော မစ္ဆရိယမဟုတ်သောကြောင့် မုဒုမစ္ဆရိယမည်၏။ သူတပါးပေးနေသည်ကို တားမြစ်ခြင်းသည် ကြမ်းတမ်း၍ ထဒ္ဓမစ္ဆရိယမည်၏။ (အဋ္ဌသာလိနီအဋ္ဌကထာ ၄၀၆၊ ဘာဋီ စ-၁၇၈)

## မစွန့်လွှတ်နိုင်ခြင်းသည် မစ္ဆရိယလော, လောဘလော, ပညာလော

အလွန်ခင်မင်မြတ်နိုးအပ်သော ဝတ္ထုကို မပေးမလှူနိုင်ခြင်းမှာ မစ္ဆရိယကြောင့်မဟုတ်ပဲ လောဘကြောင့်လဲ ဖြစ်နိုင်သေး၏။ မိမိပစ္စည်းကို သူတပါးပိုင်ဆိုင်သုံးစွဲမည်၌ သီးမခံနိုင်ခြင်းသည် မစ္ဆရိယ၏ လက္ခဏာပေတည်း။ မိမိပစ္စည်းကို မစွန့်လွှတ်နိုင်အောင် ခင်မင်တွယ်တာခြင်းသည်ကား လောဘ၏ လက္ခဏာပေတည်း။ ဤအထူးကိုလည်း သိအပ်၏။ ထို့ပြင် မလွဲမရှောင်သာအောင် တကယ်အသုံးကျ နေသော ဝတ္ထုဖြစ်၍ မစွန့်နိုင်ခြင်းမှာ ပဋိသင်္ခါဉာဏ်ကြောင့်လည်း ဖြစ်နိုင်သေး၏။ (မဟာစည်ဝိပဿနာရှုနည်းကျမ်း ဒု ၂၇၄)

**ကုက္ကုစ္စ**။ မကောင်းမှုကို ပြုပြီးနောက် ရရှိမည့်အပြစ်ကို ဆင်ခြင်မိသောအခါ သို့မဟုတ် မကောင်းကျိုးကို ခံစားရသောအခါ "မကောင်းမှုကို ပြုမိလေခြင်း"ဟု နောင်တရမှုသည် ကုက္ကုစ္စ သဘောတည်း။ ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသောအခါ, ငယ်ရွယ်ကျန်းမာသောအခါတုန်းက ကုသိုလ်ကောင်းမှု မပြုခဲ့ဘဲ ပစ္စည်းကုန်ခန်းသောအခါ, ကြီးရင့်သောအခါ, မကျန်းမာသောအခါကျမှ "ကောင်းမှုမပြုလိုက်ရလေခြင်း"ဟု နောင်တရမှုသည် ကုက္ကုစ္စ သဘောတည်း။

## ကုက္ကုစ္စနှင့်ပတ်သက်၍ သိမှတ်ဖွယ်

ပစ္စည်းပေါ်များတုန်းက အလှူပေးပြီးလျှင် တစုံတခုသော အကြောင်းကြောင့် ဆင်းရဲသောအခါ "ဟိုတုန်းက လှူမိတာ မှားလေခြင်း"ဟု နောင်တ တဖန် ပူပန်တတ်၏။ ထိုအခါ ပြုအပ်ပြီးသောသုစရိုက်ကို အာရုံပြု၍ ကုက္ကုစ္စဖြစ်၏ဟု တချို့ဆရာတို့ ဆိုကြ၏။ ထိုပူပန်မှုများသည် ကုက္ကုစ္စမဟုတ်၊ လှူပြီးပစ္စည်းကို ပြန်၍နှမြောခြင်း, နှလုံးမသာယာခြင်း (ဒေါသမူစိတ်) သာ ဖြစ်သည်။ မြွေဆိုးကိုတွေ့တုန်းက မသတ်လိုက်ရဘဲ ထိုမြွေက မိမိဆိုင်ရာလူတယောက်ကို ကိုက်ကာမှ "မသတ်လိုက်မိတာ မှားလေခြင်း"ဟု နောင်တတဖန် ပူပန်တတ်၏။ ထိုအခါ မပြုလိုက်မိသော ဒုစရိုက်ကို အာရုံပြု၍ ကုက္ကုစ္စဖြစ်၏ဟု တချို့ဆရာတို့ ဆိုကြ၏။ ထိုကဲ့သို့ နောင်တရခြင်းမျိုးသည် ကုက္ကုစ္စမဟုတ်၊ အမျက်ထွက်မှု ဒေါသသာတည်း။ အချုပ်အားဖြင့် ကုက္ကစ္စသည် ပြုခဲ့မိသော မကောင်းမှု(ဒုစရိုက်), မပြုလိုက်ရသော ကောင်းမှု(သုစရိုက်)ကိုသာ အာရုံပြုပြီး ပြုခဲ့မိသော သုစရိုက်, မပြုလိုက်ရသော ဒုစရိုက်ကို အာရုံမပြုဟု တထစ်ချမှတ်ပါ။

**ထိန, မိဒ္ဓ**။ စိတ်၏ လေးလံခြင်းသည် ထိနသဘောဖြစ်သည်။ စေတသိက်တို့၏ လေးလံခြင်းသည် မိဒ္ဓသဘော ဖြစ်သည်။ ဝီရိယသည် အားတက်သရောရှိသလောက် ထိနနှင့်မိဒ္ဓသည် ဆုတ်နစ်၏။ ထိနသည် စိတ်ကို လေးလံအောင် မိဒ္ဓသည် စေတသိက်ကို လေးလံအောင် ပြုလုပ်၏။ ထို့ကြောင့် ထိနမိဒ္ဓဖြစ်ပွား နေသူသည် ပျင်းရိထိုင်းမှိုင်းသည်။ ထိနမိဒ္ဓသည် လေးလံသော သဘောရှိ၍ ထက်သန်မှုမရှိသော သသင်္ခါရိကစိတ်နှင့် ယှဉ်တွဲနိုင်ကြလေသည်။

ထိနမိဒ္ဓသည် ပုထုဇဉ် သေက္ခတို့၏ အိပ်ပျော်ခါနီး နိုးခါစတို့၌ များသောအားဖြင့် ဖြစ်တတ်၏။ ခြိုက်ခြိုက်မြိုက်မြိုက် အိပ်ပျော်သည့်အခါ၌ကား ထိနမိဒ္ဓ မဖြစ်တော့ပြီ။ ဘဝင်အစဉ်(ဝိပါက်စိတ်သာ)ဖြစ်တော့သည်။

## ရဟန္တာများအိပ်ခြင်း

ရဟန္တာများအိပ်ရာ၌ကား အိပ်ချိန်တန်သောအခါ ခန္ဓာကိုယ် မရှင်မလန်း ညှိုးနွမ်းအားနည်းသဖြင့် ထိုထိုအာရုံမှ ဆုတ်နစ်ပြီးလျှင် ဘဝင်အစဉ် ဖြစ်ရုံသာတည်း။ ရှေ့အဘို့နောက်အဘို့တို့၌ ထိနမိဒ္ဓ မပါ။

ထိုစကားမှန်၏–အချိန်ကျ၍ ညှိုးနွမ်းမှုဟူသည် ခန္ဓာကိုယ်၌သာ မဟုတ်၊ ဗဟိဒ္ဓသစ်ပင်များ၌လည်း ညနေချမ်းအချိန်ကျက ညှိုးနွမ်းတွန့်ရှုံ့ကာ အိပ်သကဲ့သို့ ဖြစ်ကြသည်။ ထို့ကြောင့် လောက၌ အိပ်ခြင်းဟူသည် သွားလာလုပ်ကိုင် နေထိုင်ပင်ပန်း၍ ခန္ဓာကိုယ် ပင်ပန်းခြင်းကြောင့်လည်း ဖြစ်၏။ ထိနမိဒ္ဓအတွက်ကြောင့်လည်း ဖြစ်၏။ ထိုတွင် ရဟန္တာတို့၌ ရှေ့အကြောင်းကြောင့်သာ ဖြစ်၏။ ပုထုဇဉ်သေက္ခတို့၌ကား နှစ်ပါးလုံးကြောင့် ထိုက်သလိုဖြစ်နိုင်သည်။

**ဝိစိကိစ္ဆာ**။ ဘုရားစသည့် အနိစ္စ စသည်တို့၏သဘောကို စူးစမ်းလတ်သော် ကောင်းစွာမဆုံးဖြတ်နိုင်ပဲ ဆင်းရဲပင်ပန်းကြောင်း သဘောသည် ဝိစိကိစ္ဆာသဘော ဖြစ်သည်။ အာရုံတခု၌ ခိုင်မြဲစွာမတည်ဘဲ "ဟိုဟာလေလား, ဒီဟာလေလား, ဟုတ်ပါ့မလား, မဟုတ်ပဲများ ဖြစ်နေမလား"ဟု အမျိုးမျိုး တွေးတောခြင်းသည် ဝိစိကိစ္ဆာ၏ အလုပ်ဖြစ်သည်။

ဝိစိကိစ္ဆာဖြစ်၍ ဘုရားတရား စသည်၌ သံသယဖြစ်ခြင်းသည် လုံးလုံး မယုံခြင်းလည်းမဟုတ်, စိတ်ချလက်ချမယုံကြည်ဘဲ "မယုံတဝက် ယုံတဝက်"ဆိုသလို ဖြစ်နေခြင်းမျိုးတည်း။ ဤဝိစိကိစ္ဆာ၏ မယုံမှုကား – –

၁။ အလုံစုံကို အကုန်သိသော ဘုရားဆိုတာ ဟုတ်ပါ့မလား

၂။ ထိုတရားအတိုင်း ကျင့်လျှင် နတ်ရွာနိဗ္ဗာန် ရနိုင်သည်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား

၃။ (ကောင်းမွန်စွာ ကျင့်သော သံဃာကို ကြည့်၍) ကောင်းမွန်စွာ ကျင့်သောသံဃာ ဟုတ်မှ ဟုတ်ပါ့မလား

၄။ ငါတို့ ကျင့်ကြံစောင့်ရှောက်အပ်သော သီလသိက္ခာပုဒ်များသည် အကျိုးရှိမှ ရှိပါ့မလား

၅။ ငါတို့ ရှေးရှေးဘဝက ဖြစ်ခဲ့မှ ဖြစ်ခဲ့ဖူးရဲ့လား
(ယခုဘဝမှ ထာဝရဘုရား ဖန်ဆင်းလို့ ဖြစ်ရတာလေလား)

၆။ နောက်၌ ရောက်ဖို့ရာ ဘဝရှိသေးတယ်ဆိုတာ ဟုတ်ပါ့မလား
(ယခုဘဝ သေလျှင် ပြီးချင် ပြီးနေမလား)

၇။ ပြုသမျှ ကောင်းမှု မကောင်းမှုသည် ကုသိုလ်ကံ အကုသိုလ်ကံ အဖြစ်ဖြင့် ခန္ဓာအစဉ်၌ သတ္တိကျန်ရစ်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား (ကံကို မယုံကြည်ပုံ)

၈။ ထိုကံ၏ အကျိုးများ ရလိမ့်မည်ဆိုတာ ဟုတ်ပါ့မလား။ (ကံ၏ အကျိုးကို မယုံကြည်ပုံ)

၉။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ခြင်း အစရှိသော အကြောင်းအကျိုးစပ်ပုံသည် ဟုတ်မှဟုတ်ပါ့မလား
(ပဋိစ္စသမုပ္ပါဒ်ကို မယုံကြည်ပုံ)

ဤသို့ သံသယဖြစ်နေသူစိတ်၌ ဝိစိကိစ္ဆာ ဖြစ်နေသည်။ ထိုထိုကိစ္စ, ထိုထိုစာပေကြံစည်မှု စသည်တို့၌ ပိုင်နိုင်စွာ မဆုံးဖြတ်နိုင်ခြင်း ယုံမှားခြင်းကား ဝိစိကိစ္ဆာအတုသာ ဖြစ်သည်။ တရားကိုယ်အားဖြင့် ပုထုဇဉ်, သေက္ခ, ရဟန္တာအားလျော်စွာ ကုသိုလ် အကုသိုလ် ကြိယာစိတ္တုပ္ပါဒ် တမျိုးမျိုးကို ကောက်ယူရသည်။
(သင်္ဂြိုဟ်ဘာဋီ ၁၃၅၊ ကိုယ်ကျင့်အဘိဓမ္မာ ၅၉)

## ဝိစိကိစ္ဆာဖြစ်ပုံ

အဝိဇ္ဇာနှင့် ဝိစိကိစ္ဆာသည် ရှေ့သွားနောက်လိုက်တည်း။ ဝိစိကိစ္ဆာသည် ဓမ္မအရာ၌ဖြစ်သော ဝိစိကိစ္ဆာ, အတ္တအရာ၌ဖြစ်သော ဝိစိကိစ္ဆာဟု နှစ်ပါးရှိ၏။

ခန္ဓာဓမ္မ အာယတနဓမ္မ ဓာတ်ဓမ္မတို့တွင် အစိတ်အစိတ်သော ဓာတ်, အပေါင်းဖြစ်သော ဓာတ်တို့ကို မိမိကိုယ်မှာ ကြည့်ရှုသောအခါ စိတ်မှောင်ကျ၍ နေသည်ကား အဝိဇ္ဇာတည်း။ တခေါက်တခါမျှ မပေါက်ဖူးမရောက်ဖူးပဲ သူပြောလူပြောလို့မှတ်၍ ခရီးသွားသော ယောကျာ်းသည် မသိမှုအပေါ်မှာ မျက်စိလည်မှု ပိုပြန်၍ မျက်နှာရှေးရှုသော အရပ်သည် အဟုတ်ဖြစ်ပါလျက် ဟုတ်မဟုတ် စိတ်နှစ်ခွရှိနေ၍ အသွားတန့်လေသကဲ့သို့ **စိတ်ကမြေဓာတ်ကို ရှေးရှုမိပါလျက် အဝိဇ္ဇာကြောင့် မြေဓာတ်ပဲဟု အသိမဖြစ်၊ ဝိစိကိစ္ဆာကြောင့် ရှေးရှုမှုအနေပျက်၍** ဟုတ်မဟုတ်နှစ်လမ်းနှင့် ဦးယမ်းလည်ယမ်း ပရမ်းပတာ နောက်၍သွား၏။ ထိုအခါ စိတ်ပျက်၍ ဆုတ်တတ်၏။ ဤကား ဝိစိကိစ္ဆာမှုတည်း။

အတ္တအရာ၌ ဖြစ်ပုံကား – ပဋိစ္စသမုပ္ပါဒ်ကို အကွက်ကျ ဉာဏ်မပေါက်ဖူးကြကုန်သော သတ္တဝါတို့တွင် **မိစ္ဆာဒိဋ္ဌိတို့သည် သေမည်ရှိလျှင် အတ္တကိုတွယ်တာ၍ သည်ငါသေလျင် ငါဖြစ်နိုင်ဦးမည်လောဟု စိတ်ပူပန်ကြကုန်၏။ သမ္မာဒိဋ္ဌိလူမျိုးတို့သည် အတ္တကိုတွယ်တာ၍ ငါ သေရတော့မည်လောဟု ပူပန်မှု, အပါယ်သို့ ကျရောက်မည်လောဟု ပူပန်မှု** ရှိကြကုန်၏။ ထိုပူပန်မှုတို့သည် အပါယ်သို့ တွန်းချမှု သက်သက်တို့ပေတည်း။

(တီချုပ် ၈ ၅၃၆)

## မိဒ္ဓ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ တို့ကို ကိလေသာ၌ မသွင်းရကြောင်း

အကုသိုလ်စေတသိက် ၁၄–ပါးရှိသော်လည်း အကုသိုလ်ကို ကိလေသာနာမည်ဖြင့် ပြောင်းဟောရာ၌ ကိလေသာ ၁၀–ပါးဟုသာ ဟောသည်။ သို့သော် ၁၄–ပါးလုံးကို ကိလေသာဟု ဆိုလိုသည်။ ထိနဆိုလျှင် မိဒ္ဓပါပြီး, ဒေါသကိုဆိုလျှင် ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့ ပါပြီးဖြစ်၍ ကိလေသာ ၁၀–ပါးဟူ၍ ဟောတော်မူသည်။ မိဒ္ဓ ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့ကို ကိလေသာဟူ၍ သီးခြားထုတ်ဖော် မဟော။

(ပရမတ္ထစက္ခု ၁၈၉)

**သဒ္ဓါ**။ ဘုရားစသည်တို့၌ (ဟုတ်လေသလား–မဟုတ်ဘဲများ ရှိလေရော့သလား)ဟု ယုံမှားသံသယမရှိ, အမှန်ဟုတ်၏ဟု ယုံမှုစိတ်ချလက်ချရှိမှုကို သဒ္ဓါဟု ဆိုသည်။

ဝိစိကိစ္ဆာ၌ ဖော်ပြထားသော ရှစ်ဌာနတို့၌ ယုံမှုကြည်မှုသဘောသည် သဒ္ဓါတည်း။ ဤကား ခြုံငုံ၍ ပြောခြင်းဖြစ်သည်။ နေရာဌာနလိုက်၍ နားလည်ရန်လိုသည်။

၁။ ဘုရားဂုဏ်ကို အာရုံယူရာ၌ ဘုရားဂုဏ်၌ ယုံကြည်မှု

၂။ တရားဂုဏ်ကို အာရုံယူရာ၌ တရားဂုဏ်၌ ယုံကြည်မှု

၃။ သံဃာ့ဂုဏ်ကို အာရုံယူရာ၌ သံဃာ့ဂုဏ်၌ ယုံကြည်မှု

၄။ သီလပိုင်း၌ သီလသိက္ခာ သီလကျင့်စဉ်ကို ယုံကြည်မှု, သမာဓိပိုင်း၌ ဈာန်သမာဓိသိက္ခာ ဈာန်သမာဓိကျင့်စဉ်ကို ယုံကြည်မှု, ပညာပိုင်း၌ ရုပ်နာမ်ပရမတ်တို့၏ သဘာဝမှန်ကို ထွင်းဖောက်သိသည့်ပညာသိက္ခာ ပညာကျင့်စဉ်၌ ယုံကြည်မှု, သစ္စာလေးပါးကို ထိုးထွင်းသိအောင် ကျင့်ရသည့် ပညာသိက္ခာ ပညာကျင့်စဉ်၌ ယုံကြည်မှု

၅။ အတိတ်ကိုရှုရာ၌ အတိတ်တရားတို့ကို တကယ်ထင်ရှားရှိသည်ဟု ယုံကြည်မှု

၆။ အနာဂတ်ကိုရှုရာ၌ အနာဂတ်တရားတို့ကို တကယ်ထင်ရှားရှိသည်ဟု ယုံကြည်မှု

၇။ အတိတ် အနာဂတ် နှစ်မျိုးလုံးကိုရှုရာ၌ အတိတ်အနာဂတ် ခန္ဓာနှစ်မျိုးလုံး၌ တကယ်ထင်ရှားရှိသည်ဟု ယုံကြည်မှု

၈။ ကြောင်းကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်တို့ကိုရှုရာ၌ ကြောင်းကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်တို့၌ ယုံကြည်မှု – ဤသို့စသည်ဖြင့် အရှုခံအာရုံသို့လိုက်၍ ယုံကြည်မှု ကွဲပြားလေသည်။

(ကြာပန်းနှင့်ပမာတူသည့်ဘုရားရှင် ၃၄)

**သဒ္ဓါအတု**။ ယခုကာလ၌ကား "ဘုရားတန်ခိုးပြသည်, ရောင်ခြည်တော်လွှတ်သည်, ဘုရားဓာတ်တော် အစစ်"စသည်ဖြင့် လိမ်လည်လှည့်ပတ်၍ ပြောအပ်သည်ကို တကယ်အစစ်ထင်မှတ်၍ "သဒ္ဓါတရား ဖြစ်ကြသည်"ဟု ဆို၏။ ထိုသို့ဖြစ်ရာ၌ သဒ္ဓါအစစ်မဟုတ်နိုင်။ "မှားမှား မှန်မှန် ယုံကြည်တိုင်း သဒ္ဓါတရား"ဟု ဆိုလျှင် မိစ္ဆာအယူရှိသူတို့လည်း မိမိတို့ဘုရားတရားကို လွန်စွာကျေနပ်ကြ၏။ မိမိတို့ဆိုင်ရာ ကိုးကွယ်ရာတွင် လွန်စွာကြည်ညိုကြခြင်းသည် သဒ္ဓါအစစ်မဟုတ်, "မိစ္ဆာဓိမောက္ခ"ခေါ် သဒ္ဓါအတုသာဖြစ်သည်။ တရားကိုယ်အားဖြင့် မောဟဒိဋ္ဌိတပါးပါး ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်များသာ လျော်စွာဖြစ်ရသည်။

ကာဠနဂါးမင်းက ဘုရားရှင်ရုပ်ပုံတော်ဟန် ဖန်ဆင်းပြရာ၌ ဓမ္မသောကမင်း၏ လွန်စွာကြည်ညိုသော သဒ္ဓါမျိုးကဲ့သို့ ဘုရားရှင်ကိုယ်တော်မြတ်၏ ဆင်းတုတော်, ဓာတ်တော်, စွယ်တော်တုများ၌ "အတုသည်ပင် ဤမျှသပ္ပါယ်တင့်တယ်တော်မူသေး၏"ဟု အောက်မေ့ကာ လွန်စွာကြည်ညိုသောအရာ၌ကား သဒ္ဓါအစစ်ပင် ဖြစ်ဘွယ်ရှိသည်။

**သတိ**။ အာရုံကို ပျောက်ကွယ်မသွားအောင် အောက်မေ့ခြင်း အမှတ်ရနေခြင်းသည် သတိတည်း။ သတိ၏ အာရုံကို မပျောက်ပျက်အောင် စောင့်ရှောက်မှု၌ သညာသည် များစွာကူညီ၏။ ကုသိုလ်ကောင်းမှု ကိစ္စစု၌ မပြတ်လေ့လာအထုံပါ၍ **သညာအမှတ်က ကြပ်ကြပ်ခိုင်မြဲပါမူ** ဘဝဆုံးခါနီး လောလောဆယ်မှာပင် ထိုကောင်းမှုများ ပေါ်ထင်၍ လာတတ်ရာ၌ ကံ၏အစွမ်းချည်းသာမဟုတ်, ခိုင်မြဲသော သညာအရင်းခံရှိသော သတိအစွမ်းလည်းပါ၏။

**သတိအတု**။ ဤသတိသည် မှန်ကန်ကောင်းမြတ်သော ဘုရားစသောအာရုံကို အမှတ်ရတတ်သောတရား ဖြစ်ရကား မိစ္ဆာအယူရှိသူတို့၏ မိမိဆိုင်ရာ ဘုရားတရားကို အောက်မေ့မှု, သတ္တဝါတို့၏ လောဘအာရုံ, ဒေါသအာရုံတွေကို အမှတ်ရနေမှုများသည် သတိအစစ် မဟုတ်။ "မိစ္ဆာသတိ"ဟု ခေါ်အပ်သော **သညာပြဋ္ဌာန်း အကုသိုလ်စိတ္တုပ္ပါဒ်သာ** ဖြစ်သည်။

**ဟိရီ, ဩတ္တပ္ပ**။ မကောင်းမှု ပြုရန် ရှက်ခြင်းသဘောသည် ဟိရီ, မကောင်းမှုပြုရန် ကြောက်ခြင်း သဘောသည် ဩတ္တပ္ပ ဖြစ်သည်။ မိမိ၏ ရာထူးဂုဏ်, အရွယ်ဂုဏ်, အမျိုးဂုဏ်ကို ထောက်ထား၍ ငါသည် မကောင်းမှုကို ပြုရန်မသင့်ဟု စဉ်းစားပြီး မကောင်းမှုကို မပြုခြင်းသည် ဟိရီ ဖြစ်သည်။ ငါ မကောင်းမှုပြုလျှင် သာမန်လူမသိတောင်မှ တန်ခိုးရှင် နတ်များ သိကြလိမ့်မည်ဟု တွေးပြီး သူတပါးကို လေးစားသောအားဖြင့် မကောင်းမှုမပြုခြင်းသည် ဩတ္တပ္ပ ဖြစ်သည်။

**ဟိရီ, ဩတ္တပ္ပ အတု** ။ မကောင်းမှုမဟုတ်ပါဘဲလျက် ဘုရားသွား ကျောင်းတက် ဥပုသ်စောင့် တရားနာ ကုသိုလ်ကောင်းမှုနှင့် ဆိုင်သောအရာတို့၌ ရှက်စနိုးကြောက်ရွံ့၍ တွန့်ဆုတ်တွန့်ဆုတ် လုပ်တတ်သောအရာမျိုးလည်း ရှိသေး၏။ ထိုအရာမျိုးကား ဟိရီဩတ္တပ္ပ မဟုတ်, "မာယာ"တည်း။ တရားကိုယ်အားဖြင့် တဏှာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်သည်။ တစုံတခုမကောင်းမှု အကုသိုလ်ကို ပြုပြီးနောက် သူတကာသိ၍ ရှက်ကြောက်မှုမျိုးကား ဒေါမနဿပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သာတည်း။ ဆရာသမား လူကြီးသူမများကို မထီလေးစား မဖြစ်ရလေအောင် အလေးပြုရသည့်အတွက် ရှက်သောအမှုအရာ ကိုယ်လက်အညစ်အကြေး သုတ်သင်ရာ၌ ရှက်သောအမှုအရာတို့ကား ရိုသေလေးစားမှုအတွက် ကုသိုလ်ဖြစ်ထိုက်သော အချက်များဖြစ်၍ ဟိရီဩတ္တပ္ပ အစစ်ဟု ဆိုရန်ရှိသည်။

**ကမ္ဘာလောကစောင့်တရား**။ ဤ ဟိရီ ဩတ္တပ္ပ တရား ၂ ပါးတို့က စောင့်ကြပ်နေကြသောကြောင့်သာ လူ သတ္တဝါတို့သန္တာန်၌ အတော်အတန် စင်ကြယ်နေကြသည်။ ဤတရားတို့ ကင်းမဲ့လျှင် အမိနှင့်သား အဘနှင့်သမီးတို့ ဖောက်ပြား၍ တိရစ္ဆာန်တွေနှင့်မခြားဘဲ ရောရက်ရှုပ်ထွေးကာ မကြားကောင်း မနာသာတွေ ဖြစ်ကုန်ရာ၏။ ထို့ကြောင့် ဤနှစ်ပါးကို "လောကပါလ=လောကစောင့်တရား" ဟု၎င်း, "သုက္ကဓမ္မ=ဖြူစင်ကြောင်းတရား"ဟု ၎င်း ဟောတော်မူသည်။

**အလောဘ**။ လောဘသည် ရူပ သဒ္ဒ စသည်အာရုံ ကာမဂုဏ်ကို သာယာစုံမက် နှစ်သက်ငြိကပ် လိုချင်တတ်၏။ အလောဘကား ထိုကာမဂုဏ်တွေကို မလိုချင်တတ်။ ထို့ကြောင့် အလောဘသည် လောဘ နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဤစကားအရ **တွေ့ရာမြင်ရာ မလိုချင်မှု ဟူသမျှကို အလောဘဟု မမှတ်ရ**။ ကုသိုလ်နှင့်စပ်၍ ကောင်းမြတ်သောအရာကို မလိုချင်မှုမှာ သမ္မာဆန္ဒ ဝီရိယနည်းပါး၍ ကောသဇ္ဇ တရား စိတ်ညံ့ စိတ်ဖျင်း များသောကြောင့်သာ ဖြစ်သည်–ဟု မှတ်ပါ။

**အရမ်းမဲ့ ဖြုန်းတီးပစ်ခြင်းကိုလည်း အလောဘဟု မမှတ်ရ**။ ရှေ့နောက်တိုင်းထွာတတ်သော အလိမ္မာ အဆင်ခြင် သမ္ပဇဉ်မရှိသဖြင့် မောဟအတွက် မိုက်မှားချက် တမျိုးဟု မှတ်ရမည်။ ရှေ့နောက်တိုင်းထွာ အရာရာ သိမ်းဆည်းမှုမှာ သတိသမ္ပဇဉ် ဖြစ်သည်။ မလှူဒါန်း မပေးကမ်း မသုံးစွဲပဲ သိမ်းဆည်းမှုသာ လောဘ ဖြစ်လေသည်။

**အဒေါသ**။ ဒေါသသည် ယုဉ်ဘက်စိတ်စေတ်နှင့် ကိန်းဝပ်ရာ သတ္တဝါကို ဖျက်ဆီးတတ်သကဲ့သို့ အဒေါသသည် မဖျက်ဆီးတတ်။ ထို့ကြောင့် ဒေါသနှင့် ဆန့်ကျင်ကာ မကြမ်းတမ်းသော သဘောသည် အဒေါသ ဖြစ်သည်။

**မေတ္တာ**။ သတ္တဝါတစ်ယောက်ကို အာရုံပြု၍ ဒေါသဖြစ်သောအခါ ထိုဒေါသနှင့်ယှဉ်သော စိတ်စေတသိက်သည် စိုစိုဖပ်ဖပ်မရှိ၊ ခြောက်ကပ်ကပ်ဖြစ်လျက် အာရုံပြု၏။ မေတ္တာကား သတ္တဝါတို့အပေါ်၌ စိုစိုဖပ်ဖပ် စေးကပ်လျက် အာရုံပြုသည်။ ထို့ကြောင့် မေတ္တာစစ်မှန်သမျှ တရားကိုယ်မှာ အဒေါသချည်းတည်း။

ဤအဒေါသကိုပင် သတ္တဝါပညတ်ကို အာရုံပြု၍ ကြည်လင်အေးမြစွာ ဖြစ်နေသောအခါ "မေတ္တာ" ဟုဆိုရသည်။ သို့သော် အဒေါသ ဟူသမျှကိုကား "မေတ္တာမည်၏"ဟု မမှတ်သင့်။ သတ္တဝါပညတ်ကို အာရုံမပြုဘဲ ဘုရားဖူး တရားနာ စသော အခြားကုသိုလ်အရာ၌ မေတ္တာမဟုတ်, အဒေါသ,သာ။

**မေတ္တာ,အတု**။ တဏှာပေမ အချစ်မျိုးလည်း ချစ်ခင်အပ်သူအပေါ်၌ စေးကပ်စိုစွပ်လျက် အာရုံပြု၏။ သို့ဖြစ်၍ ထိုအချစ်မျိုးကို "မေတ္တာ"ဟု ခေါ်ကြ၏။ မေတ္တာစစ်မှာ ကုသိုလ်ကြီယာနှစ်မျိုးတွင် တပါးပါးသာ တည်း။ တဏှာပေမကား လောဘ(အကုသိုလ်)ပင် ဖြစ်သည်။ ထို့ကြောင့် သားမယားချစ် ဆွေမျိုးချစ် စသော **သံယောဇဉ်မကင်းသော ချစ်ခြင်းများ၌ မေတ္တာစစ်မဟုတ်**။ တဏှာပေမသာ များ၏။

သားချစ်မယားချစ် ဆွေမျိုးချစ်စသည်ဖြင့် ချစ်အပ်သောသူအပေါ်၌ **တခါတရံမျှ မေတ္တာစစ် မဖြစ်နိုင် တော့ဘူး–ဟု မမှတ်ရ**။ အခါများစွာ မေတ္တာအစစ်လည်း ဖြစ်ကြပေမည်သာ။ ထို့ကြောင့် မေတ္တာ၏အကျိုးကို ပြရာ၌ သားကို နို့တိုက်နေသော မေတ္တာတန်ခိုးကို ပြသည်။ နို့တိုက်နေသော နွားမကို မုဆိုးက လှံဖြင့်ထိုး

ရာ လုံမစူးဘဲ ထန်းရွက်ကဲ့သို့ လျှောကျသွားလေသည်။ အချုပ်အားဖြင့် မခွဲနိုင် မခွါရက်အောင်ပင် သံယောဇဉ်ဖြစ်ရသော အချစ်သည် တဏှာပေမတည်း၊ ခွဲသာခွါသာ အကျိုးစီးပွါးကို လိုလားသော သဘောကား မေတ္တာ(အဒေါသ)အစစ်တည်း။ (သင်္ဂြိုဟ်ဘာဋီ ၁၄၀–၁၄၁၊ ဗိ၄၈–ဗိ၄၉)

**တတြမဇ္ဈတ္တတာ**။ အတူဖြစ်ဘက် နာမ်တရားတို့ ဆိုင်ရာအလုပ်ကို လုပ်ကြရာတွင် အပိုအလွန် မရှိ, ညီညီမျှမျှ ဖြစ်အောင် ပြုလုပ်ပေးသော သဘောသည် တတြမဇ္ဈတ္တတာ ဖြစ်သည်။ ဝေဒနာသည် ခံစားခြင်းအလုပ်ကို, ဖဿသည် တွေ့ထိခြင်းအလုပ်ကို မျှမျှတတ ဖြစ်အောင်လုပ်နိုင်ခြင်းသည် တတြမဇ္ဈတ္တတာ,က ထိန်းညှိပေးနေ၍ ဖြစ်သည်။ အာဇာနည်မြင်းနှစ်စီးကို ကပ်ယှဉ်၍ ရထားကို မောင်းနေသော ရထားထိန်းသည် တစီးက,တစီးကို မလွန်ဘဲ အညီအမျှ သွားနေသော မြင်းများကို ဆွဲလည်းမဆွဲ နှင်တံနှင့်လည်း မတို့ဘဲ လျစ်လျူရှုနေသော်လည်း ရထားထိန်း၏ အရှိန်ကြောင့်သာ မြင်းနှစ်စီး ညီမျှစွာသွားသကဲ့သို့ တတြမဇ္ဈတ္တတာ အရှိန်ကြောင့် အတူဖြစ်ဘက်တရားများ ဆိုင်ရာအလုပ်ကို မယုတ်မလွန် လုပ်ဆောင်နေကြသည်။

မိမိယှဉ်ဖက်တို့တွင် ဤတရားက နဂိုကိစ္စကို လျှော့၍ပြုစေ, ဤတရားက ပို၍ပြုစေ, ဤသို့စေခိုင်း တိုက်တွန်းခြင်းအမှုသည် နှစ်ဘက်ရှိသည်တွင် တဘက်၌ မိမိက ပါနေသကဲ့သို့ (ဘက်လိုက်သကဲ့သို့) ဖြစ်သည်။ တတြမဇ္ဈတ္တတာသည် ဤသို့ဘက်လိုက်မှုကို ဖြတ်တောက်သကဲ့သို့ဖြစ်ခြင်း ကိစ္စရှိ၏။ ဘက်မလိုက်ပဲ ဆိုင်ရာကိစ္စကို အညီအမျှဆောင်ရွက်စေသည်။ (ဋီကာဘာဋီ ဒု ၃၃၉)

စိတ်တက်ကြွ မြင့်မောက်မှုမာန စိတ်တွန့်ဆုတ်မှု ထိန မိဒ္ဓ ဤတရားနှစ်မျိုးဘက်သို့ စိတ်ကို မရောက်စေဘဲ စိတ်စေတသိက်တို့ကို မိမိတို့ကိစ္စ၌ အပိုအလွန်မရှိစေရအောင် အာရုံ၌ စိတ်ကို အလယ်အလတ်ထားခြင်းသည် တတြမဇ္ဈတ္တတာတည်း။ (ကြာပန်းနှင့်ပမာတူသည့်ဘုရားရှင် ၃၄)

**ဥပေက္ခာ**။ "သဗ္ဗေ သတ္တာ ကမ္မဿကာ – သတ္တဝါမှန်သမျှ ကံစီမံရာ ဖြစ်ကြရသည်"ဟု ဥပေက္ခာ ကမ္မဋ္ဌာန်း စီးဖြန်းသောအခါ သတ္တဝါတို့အပေါ်၌ လစ်လျူရှု၏။ ထိုအခါ တတြမဇ္ဈတ္တတာ ခေါင်းဆောင်ပြီး ကုသိုလ်စိတ်နှင့် ယှဉ်ဘက်စေတသိက်များ ဖြစ်နေသည်။ ထိုကဲ့သို့ သတ္တဝါပညတ်ကို အာရုံပြုသော တတြမဇ္ဈတ္တတာကို ဥပေက္ခာဟု ခေါ်သည်။ တတြမဇ္ဈတ္တတာတိုင်းကိုကား ဥပေက္ခာဟုမမှတ်ရ။ သတ္တဝါပညတ် ကို အာရုံမပြုဘဲ ဘုရားဖူး တရားနာ စသော အခြားကုသိုလ်အရာ၌ ပါဝင်သော တတြမဇ္ဈတ္တတာသည် ဥပေက္ခာမဟုတ်။

**ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ**။ ဥဒ္ဓစ္စသည် မငြိမ်သက်ခြင်း သဘောရှိသည့်အတိုင်း ဥဒ္ဓစ္စခေါင်းဆောင်သော အကုသိုလ်စိတ်တို့သည် ပူပူလောင်လောင် ဖြစ်ကြကုန်၏။ သောဘနတရား (သောဘနစိတ် ၅၉နှင့် ယှဉ်ဘက် စေတသိက်) တို့သည် ဥဒ္ဓစ္စခေါင်းဆောင်သော ကိလေသာအပူဓာတ်တို့မှ ကင်းစင်ကြသဖြင့် အေးမြငြိမ်သက်ကုန်၏။ ထိုသို့ ငြိမ်းအေးရာဝယ် စေတသိက်၏ ငြိမ်းအေးမှုသည် ကာယပဿဒ္ဓိ သဘောဖြစ်၍ စိတ်၏ ငြိမ်းအေးမှုသည် စိတ္တပဿဒ္ဓိသဘောဖြစ်သည်။ ကာယပဿဒ္ဓိ,က စေတသိက်ပူလောင်မှုကို ဖယ်ရှား၍ စိတ္တပဿဒ္ဓိ,က စိတ်၏ ပူလောင်မှုကို ဖယ်ရှားသည်။

ထိုငြိမ်းအေးမှု သဘောသည် စိတ်, စေတသိက်၌သာမက ငြိမ်းအေးသော ထိုစိတ်စေတသိက်ကြောင့် စိတ္တဇရုပ်များလည်း ငြိမ်းအေးရကား စိတ္တဇရုပ်မှာ အငြိမ်းဓာတ်ကူးစက်၍ တကိုယ်လုံး အငြိမ်းတုံး အအေးတုံး ဖြစ်နေကြောင်းကို သိစေတော်မူလိုသောကြောင့် ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိဟု နှစ်မျိုးခွဲ၍ ဘုရားရှင် ဟောတော်မူသည်။

ဘုရားရှိခိုးတဲ့အခါ, ဆွမ်းလှူတဲ့အခါ, တံမြက်စည်း လှည်းတဲ့အခါ စသည့် ကုသိုလ်ပြုတိုင်းမှာ ဤကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ စေတသိက်တွေ ပါဝင်ပါတယ်။ ဒါပေမဲ့ မထင်ရှားဘူး။ တရားအားထုတ်လို့ ကောင်းတဲ့အခါကျမှ, အထူးအားဖြင့် ဖြစ်ပျက်မြင်တဲ့အခါကျမှ ထင်ရှားတယ်။ အဲဒီအခါမှာ စိတ်, စေတသိက်လို့ ခေါ်တဲ့ နာမ်တရားတွေလည်း အေးချမ်းနေတယ်၊ ရုပ်တရားတွေလည်း အေးချမ်းနေတယ်။ ဘာအပူအပင်မှ မတွေ့ရဘူး။ စိတ်ရောကိုယ်ပါ ချမ်းသာနေတယ်။ အဲဒီစိတ်ရောကိုယ်ပါ အေးချမ်းနေတဲ့သဘောဟာ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ သဘောပဲ။

♠ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိနှစ်ပါး ချို့တဲ့**အားနည်းလျှင်** ကောင်းမှုပြုရာ၌လည်း **ငြိမ်းအေးသာယာမှု မရ**နိုင်။ ဤတရားနှစ်ပါး အားရှိမှသာလျှင် ကောင်းမှုပြုရာ၌လည်း ငြိမ်းအေးသာယာမှုကို ရနိုင်သည်။ ထို့ကြောင့် **ပဿဒ္ဓိစေတသိက်နှစ်ပါး**တို့သည် စိတ်စေတသိက်အပေါင်းကို မငြိမ်မသက် ရောက်ရက်ခတ်အောင် ပြုတတ်သည့် **ဥဒ္ဓစ္စ၏ ဆန့်ကျင်ဘက်**ဖြစ်သည်။ (ပရမတ္ထသင်္ဂဟသံပေါက် ၅၈)

**ကာယလဟုတာ, စိတ္တလဟုတာ**။ အကုသိုလ်တရားတို့သည် ထိနမိဒ္ဓတို့၏ ဖိနှိက်ဟန့်တားမှုကြောင့် လေးလံထိုင်းမှိုင်းသကဲ့သို့ ရှိကြကုန်၏။ ဘဝင်တွေ များစွာခြားလျက် ဝီထိစိတ်အဖြစ်မမြန်ပဲ နှေးနှေးကန်ကန်ရှိကြကုန်၏။ ဤသောဘနတရားတို့ကား ထိုထိနမိဒ္ဓပြဋ္ဌာန်းသော ကိလေသာတို့ မယှဉ်သဖြင့် လျင်မြန်ပေါ့ပါးကြကုန်၏။ ကာယလဟုတာသည် စေတသိက်များ၏ လေးလံနှေးကန်မှုကို နှိပ်နင်းပယ်ရှား၍ စိတ္တလဟုတာ,က စိတ်၏လေးလံမှုကို ပယ်ရှားသည်။

**ပေါ့ပါးလျင်မြန်ပုံ**။ ကုသိုလ်ကောင်းမှုလုပ်ငန်း၌လည်းကောင်း, အနိစ္စ စသော ကမ္မဋ္ဌာန်းနှလုံးသွင်းမှု စသည်၌လည်းကောင်း ကုသိုလ်ကြိယာ ဇောဝီထိတို့ အကြားအကြား၀ယ် ဘ၀င်များစွာမခြားပဲ ဘ၀င်အစဉ်မှ ထကာထကာ ဇောဝီထိတို့ကို သွက်သွက်လက်လက် ဖြစ်စေနိုင်ခြင်းကို "လဟုတာ" လျင်မြန် ပေါ့ပါးသော သဘောဟု ဆိုသည်။ "လျင်မြန်ပေါ့ပါး" ဟူသော စကားအရ "သောဘနတရားများသည် အသောဘနထက် အဖြစ်အပျက်မြန်၏"ဟု မမှတ်မှားလင့်၊ ဖြစ်ပျက်ရာကာလမှာ ခဏတ္တယချင်းတူမျှသည်။ ဤလဟုတာ၏ အစွမ်းကြောင့် ရူပကာယလည်း လျင်မြန်ပေါ့ပါး၏။ ကုသိုလ်စိတ် ဖြစ်နေသောအခါ ခန္ဓာကိုယ် ပေါ့ပါးပုံ, ဥဗ္ဗေဂါပီတိ အကူအညီရသောအခါ ကောင်းကင်သို့ပင် ပြန်တက်နိုင်ပုံများကို ထောက်၍ ဤလဟုတာစေတသိက်များ၏ သတ္တိကို သိပါ။

သာမန် ကုသိုလ်ပြုတဲ့အခါ ပါ၀င်တဲ့ လဟုတာသဘောသည် မထင်ရှားသော်လည်း တရားအားထုတ်၍ ကောင်းသည့်အခါမှာ ထင်ရှားသည်။ တရားအားထုတ်၍ အထူးကောင်းသည့်အခါမှာ အထက်ကိုများ ကြွတက်သွားတော့မှာလေလားဟု ထင်ရသည်။ အဲဒီသဘောသည် ကာယလဟုတာ, စိတ္တလဟုတာ ဖြစ်သည်။

**ကာယမုဒုတာ, စိတ္တမုဒုတာ**။ ဒိဋ္ဌိမာန ပြဋ္ဌာန်းသော အကုသိုလ်တရားတို့သည် အတ္တစွဲလမ်းမှု, ငါ ငါ ဟု မှတ်ထင်မှုတို့ဖြင့် မည်သူ့ကိုမျှ ဂရုမစိုက် အမှုမထား၊ ဆောင့်ကြွားကြွားနိုင်သကဲ့သို့ ဖြစ်ကာ လွန်စွာ ခက်ထန် ကြမ်းတမ်းကြကုန်၏။ ဤသောဘနတရားတို့ကား ထို ဒိဋ္ဌိ မာန တို့ မယှဉ်မှုကြောင့် နူးနူးညံ့ညံ့ဖြစ်လျက် ခက်ထန်ကြမ်းတမ်းခြင်း မရှိကြကုန်၊ ကာယမုဒုတာသည် စေတသိက်အပေါင်း၏ ခက်ထန်ခြင်းကို နှိပ်နင်းပယ်ရှား၍ စိတ္တမုဒုတာ,က စိတ်၏ခက်ထန်ခြင်းကို နှိပ်နင်းပယ်ရှားသည်။ ဤမုဒုတာတို့၏အစွမ်းကြောင့် ရူပကာယလည်း နူးညံ့ပျော့ပျောင်း၏။ နိ၀ါတ(နှိမ့်ချခြင်း) နိမာန (မာနမရှိခြင်း) အားကြီးသူတို့၏ ကိုယ်အမူအရာကို ကြည့်ပါ။

နူးညံ့တဲ့ရွှေကို ပန်းတိမ်ဆရာသည် အလိုရှိသလို လက်ကောက်လက်စွပ်ပုံ ပြုလုပ်နိုင်သည်။ ရွှေက ကြမ်းတမ်းနေရင် ထုလိုက်ရိုက်လိုက်ရင် အက်ကွဲသွားသည်။ လိုတဲ့ပုံစံ လုပ်လို့မရပါ။ အဲဒီလိုပဲ စိတ်နူးညံ့နေတဲ့အခါ ကိုယ်အလိုရှိသလို နှလုံးသွင်းလို့ရသည်။ တရားအားထုတ်စမှာ စိတ်က မနူးညံ့သေးတော့ မှတ်လို့ မလွယ်ဖြစ်တတ်သည်။ စိတ်က ဟိုရောက်ဒီရောက် ဖြစ်တတ်သည်။ ဤသို့ဖြစ်ခြင်းသည် ကာယမုဒုတာ, စိတ္တမုဒုတာ မဖြစ်ခြင်းကြောင့် ဖြစ်သည်။ ကာယမုဒုတာ, စိတ္တမုဒုတာ ဖြစ်လျှင် စိတ်က ဟိုရောက်ဒီရောက် မဟုတ်တော့ပဲ ကိုယ်ထားတဲ့ မှတ်စရာမှာ စိတ်က စွဲမြဲနေသည်။ ဤသို့ဖြစ်ခြင်းကို တရားအားထုတ်၍ ကောင်းသည့်အခါ သိနိုင်သည်။

**ကာယကမ္မညတာ, စိတ္တကမ္မညတာ**။ "လျှော့လွန်းတော့ပတ်" ဟူသကဲ့သို့ လောဘ ခေါင်းဆောင်သော အကုသိုလ်တရားတို့သည် အာရုံ၌ ငြိတွယ်စေးကပ် ပျော့ဖတ်ဖတ်နိုင်ကုန်၏။ "တင်းလွန်းတော့ပြတ်" ဟူသကဲ့သို့ မာန စသည်တို့ ပြဋ္ဌာန်းသော အကုသိုလ်တရားတို့သည်လည်း အာရုံကိုယူရာ၌ ခက်ထန်ကြမ်းတမ်းလှကုန်၏။ ထို့ကြောင့် ထိုနှစ်မျိုးလုံးပင် အာရုံယူရာ၌ ကောင်းမွန်ခံ့ညားခြင်း မရှိကြကုန်။ ပျော့လွန်းမာလွန်းသော ရွှေတုံးသည် လက်ကောက်လက်စွပ်လုပ်ရန် မကောင်းသကဲ့သို့ ဖြစ်သည်။ မပျော့လွန်းမမာလွန်းသော ရွှေသည် လက်ကောက်လက်စွပ်လုပ်ရန် ကောင်းသကဲ့သို့ သောဘနတရားတို့လည်း ကုသိုလ်ကောင်းမှု၌ ကောင်းမွန်ခံ့ညားကုန်၏။ ဤကမ္မညတာကြောင့် ရူပကာယလည်း ကုသိုလ်ကောင်းမှု၌ လိုက်လျောဖြစ်ရလေသည်။

တရားအားထုတ်ကောင်းတဲ့အခါ ကိုယ်ရောစိတ်ပါ တရားကို ဖိဖိစီးစီး မတွန့်မဆုတ် အားထုတ်နိုင်တဲ့သဘောသည် ဤ ကာယကမ္မညတာ, စိတ္တကမ္မညတာ သဘောတို့ပင်တည်း။

ကာယကမ္မညတာ စိတ္တကမ္မညတာသည် ကာမစ္ဆန္ဒ ဗျာပါဒ ကုက္ကုစ္စ ဝိစိကိစ္ဆာ ဟူသော နီဝရဏလေးပါးတို့၏ ဆန့်ကျင်ဘက်ဖြစ်သည်။ (ပရမတ္ထသင်္ဂဟသံပေါက် ၅၉)

**ကာယပါဂုညတာ, စိတ္တပါဂုညတာ**။ ကောင်းမှုပြုရန် ယုံကြည်မှုမရှိသူသည် ကောင်းမှုပြုဖို့ တုန့်ဆိုင်းနေတတ်သည်။ ထိုသဘောသည် အကုသိုလ်ဖြစ်သည်။ ထိုသဘောကို ဆန့်ကျင်လျက် ကုသိုလ်ပြုလိုသော သဘောသည် ကာယပါဂုညတာ, စိတ္တပါဂုညတာ သဘောတို့ ဖြစ်သည်။ ဤပါဂုညတာကြောင့် ရူပကာယလည်း ကုသိုလ်ကောင်းမှု၌ အလွယ်တကူ လိုက်လျောဖြစ်ရလေသည်။

တရားအားထုတ်မှု အလေ့အလာ မရခင်မှာ ရှုမှတ်ရတာ ခက်တယ်။ အချိန်ရလာရင် မခက်တော့ဘူး။ ရှုမှတ်စရာအာရုံကို ရှုစိတ်က အလိုအလျောက် ရှုမှတ်သွားနေတယ်လို့ ထင်ရတယ်။ အဲဒီသဘောဟာ ကာယပါဂုညတာ စိတ္တပါဂုညတာ သဘောပဲ။

**ကာယုဇုကတာ, စိတ္တုဇုကတာ**။ **မာယာ**သည် မိမိ၌ရှိသော **အပြစ်ကို ဖုံး**လွှမ်းကွယ်ကာ၍ အပြစ်မရှိဟန်ဖြင့် လိမ်လည် လှည့်ပတ်၏။ **သာဠေယျ**ကား မိမိမှာ**မရှိသော ဂုဏ်ကို ရှိလေယောင် ဟိတ်ဟန်ဆောင်**လျက် စဉ်းလဲကောက်ကျစ်၏။ နှစ်ပါးလုံးပင် အကောက်ဉာဏ် အလိမ်ဉာဏ် ချည်းဖြစ်သည်။ တရားကိုယ်မှာ တဏှာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ဟု ဆိုသည်။ ထိုမာယာနှင့် သာဠေယျကို တွန်းလှန်လျက် ရိုးသားဖြောင့်မတ်သော သဘောသည် ကာယုဇုကတာ, စိတ္တုဇုကတာ ဖြစ်သည်။ ဤကာယုဇုကတာ, စိတ္တုဇုကတာကြောင့် ရူပကာယလည်း ရိုးသားဖြောင့်မတ်ဟန် ပေါ်သည်။

တရားအားထုတ်၍ ဖြစ်ပျက်သဘောကို သိမြင်သောအခါ ယခင်က သူတပါးအပေါ် မတော်မတရား ပြုလုပ်ကြံစည် ပြောဆိုခဲ့သော်လည်း နောင်ဒါမျိုးမဖြစ်စေရဘူးဟု စဉ်းစားမိလေသည်။ ဤသဘောသည် ကာယုဇုကတာ, စိတ္တုဇုကတာ သဘောပင်တည်း။

(မဟာစည်ဆရာတော်၏ အဘိဓမ္မာတရားတော်ကြီး ၉၃-၉၆၊ သင်္ဂြိုဟ်ဘာဋီ ၁၄၃-၁၄၉)

**ဝိရတိ**။ ဒုစရိုက်, ဒုရာဇီဝ တို့ကို ပြုခွင့်ကြုံလျက် မပြုကျင့်မှုကို “ဝိရတိ–ရှောင်ကြဉ်”ဟု ဆိုသည်။ ဒုစရိုက်သည် ကာယဒုစရိုက် ဝစီဒုစရိုက်ဟု နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးလုံးပင် အသက်မွေးဝမ်းကျောင်းနှင့် ဆက်သွယ်နေလျှင် ဒုရာဇီဝ (မကောင်းသောအသက်မွေးမှု) မည်၏။ မုဆိုးတံငါလုပ်၍လည်းကောင်း, သူခိုး ဒါးမြ လုပ်၍လည်းကောင်း, အခြားသူက ငွေပေးသဖြင့် ဝမ်းရေးအတွက် မိစ္ဆာစာရမှုကို ပြု၍လည်းကောင်း အသက်မွေးလျှင် ထိုကာယဒုစရိုက်များသည် ဒုရာဇီဝချည်းတည်း။ မတရားရှေ့နေ မတရားကွက်စိပ်ဆရာလုပ်၍ အသက်မွေးသော်လည်းကောင်း, သူတပါးက ငွေပေး၍ အသက်မွေးဝမ်းကျောင်းအတွက် ရန်တိုက်ပေးမှု ဆဲရေးမှုပြုသော်လည်းကောင်း ထိုဝစီဒုစရိုက်များသည် ဒုရာဇီဝမည်၏။ ရဟန်းများ၏ ပစ္စည်းလေးပါးအတွက် ပြုအပ်သော ကုလဒူသန အနေသန မိစ္ဆာဇီဝတို့လည်း ဒုရာဇီဝပင်တည်း။ ထိုအသက်မွေးမှုနှင့် မဆက်သွယ်ပဲ သတ်ခြင်း သက်သက်လိမ်ခြင်းစသည်တို့ကား ကာယဝစီဒုစရိုက်တို့သာဖြစ်၍ ဒုရာဇီဝ မဖြစ်။

**သမ္မာဝါစာ**။ သမ္မာဝါစာသည် ကထာ, စေတနာ ဝိရတိ အားဖြင့် သုံးမျိုးရှိ၏။ ထိုတွင် အကြောင်းအကျိုးနှင့်စပ်၍ အပြစ်ကင်းလတ် ကောင်းမြတ်သော စကားသံသည် ကထာသမ္မာဝါစာ မည်၏။ ထိုကောင်းသောစကားကို ပြောဆိုကြောင်းဖြစ်သော (ဝုဋ္ဌော အဘိညာ မဟာကုသိုလ် မဟာကြိယနှင့်ယှဉ်သော) စေတနာသည် စေတနာသမ္မာဝါစာမည်၏။ တစုံတခု အမှုအတွက် လိမ်လည်လှည့်ပတ်ဖို့ အချက်ပေါ်ပေါက်နေရာ၌ ထိုလိမ်လည်မှု ဝစီဒုစရိုက်မှ ရှောင်ကြဉ်၍ မှန်သောစကားကို ပြောဆိုလိုက်လျှင် ထိုပြောဆိုကြောင်း စိတ္တုပ္ပါဒ်၌လည်းကောင်း သို့မဟုတ် မလိမ်ဘဲ ဆိတ်ဆိတ်နေလိုက်လျှင် ဆိတ်ဆိတ်နေကြောင်း စိတ္တုပ္ပါဒ်၌လည်းကောင်း ရှောင်ကြဉ်မှု ဝိရတိသဘော ပါ၏။ အသက်မွေးဝမ်းကျောင်းနှင့် မဆက်စပ်သော ထိုရှောင်ကြဉ်မှုကို “သမ္မာဝါစာ”ဟု ဆိုသည်။

**သမ္မာကမ္မန္တ**။ သမ္မာကမ္မန္တလည်း ကိရိယာ, စေတနာ, ဝိရတိ အားဖြင့် သုံးမျိုးရှိ၏။ ထိုတွင် အပြစ်မရှိသော ကိစ္စလုပ်ငန်းကို ပြုလုပ်နေသူ၏ ကိုယ်အမူအရာသည် ကိရိယာသမ္မာကမ္မန္တမည်၏။ ထိုအပြစ်မရှိသော ကိစ္စလုပ်ငန်းကို ပြုလုပ်ကြောင်း စေတနာသည် စေတနာသမ္မာကမ္မန္တမည်၏။ တစုံတခုသော ကာယ ဒုစရိုက်ကို ပြုဖို့ကြုံလာသောအခါ မပြုဘဲ ရှောင်ကြည်လိုက်လျှင် ဝိရတိသမ္မာကမ္မန္တ ဖြစ်၏။

**သမ္မာအာဇီဝ**။ သမ္မာအာဇီဝသည် ဝီရိယ, ဝိရတိအားဖြင့် နှစ်မျိုးရှိ၏။ ထိုတွင် မိရိုးဖလာအတိုင်း လယ်ထွန်မှု ကုန်သွယ်မှုစသည်ကို ပြု၍ဖြစ်စေ, ရဟန်းသံဃာဖြစ်လျှင် ကုလဒူသန အနေသန မိစ္ဆာဇီဝတို့နှင့် မရောရှက်ဘဲ တရားသဖြင့်သာ ပစ္စည်းလေးပါးကို ရှာဖွေ၍ဖြစ်စေ အသက်မွေးသူတို့၏ လယ်ထွန်ခိုက် ကုန်သွယ်ခိုက် ဆွမ်းခံခိုက်စသည်၌ ဖြစ်သော သမ္မာဝါယာမသည် ဝီရိယသမ္မာအာဇီဝ မည်၏။ သမ္မာဝါစာ သမ္မာကမ္မန္တအခဏ်း၌ ပြအပ်သော ဝစီဒုစရိုက် ကာယဒုစရိုက်များသည် အသက်မွေးဝမ်းကျောင်းနှင့် ဆက်

သွယ်၍ ဖြစ်အံ့၊ ဥပမာ မတရားရှေ့နေလိုက်၍ အသက်မွေးအံ့, မုဆိုးတံငါလုပ်၍ အသက်မွေးအံ့, မိစ္ဆာဇီဝ အနေသနဖြင့် ပစ္စည်းလေးပါးကို ရရှိသုံးစွဲအံ့, "ထိုဒုစရိုက်မျိုးကို မပြုတော့ပါဘူး"ဟု ရှောင်ကြည်လိုက်လျှင် သမ္မာအာဇီဝ ဝိရတိ ဖြစ်၏။

♠ ကောင်းသောစကားကို ဆိုလျှင် သို့မဟုတ် မဆိုပဲ ဆိတ်ဆိတ်နေလျှင် **ဝစီဒုစရိုက်ကို ပယ်သည်၏ အစွမ်းဖြင့်** ဝစီဒွါရ၏ စင်ကြယ်သန့်ရှင်းမှု ဖြစ်သောကြောင့် သမ္မာဝါစာဖြစ်သည်သာတည်း။

ကောင်းသောကာယကံမှုကို ပြုလျှင် သို့မဟုတ် မပြုပဲဆိတ်ဆိတ်နေလျှင် ကာယဒုစရိုက်ကို ပယ်သည်၏အစွမ်းဖြင့် **ကာယဒွါရ၏ စင်ကြယ်သန့်ရှင်းမှုဖြစ်သောကြောင့်** သမ္မာကမ္မန္တ ဖြစ်သည်သာတည်း။

အသက်မွေးဝမ်းကြောင်းဖြစ်သော ဝစီဒုစရိုက်လေးပါးနှင့် ကာယဒုစရိုက်သုံးပါးတည်းဟူသော မိစ္ဆာဇီဝမျိုးမှ ရှောင်ကြဉ်၍ ဖြူစင်ကောင်းမြတ်သော အသက်မွေးခြင်း အစွမ်းဖြင့် ကာယဒွါရ ဝစီဒွါရနှစ်ပါး စင်ကြယ်သန့်ရှင်းမှုဖြစ်လျှင် သမ္မာအာဇီဝဖြစ်သည်သာတည်း။ (ပရမတ္ထသင်္ဂဟသံပေါက် ၆၀)

**ဝိရတိ အပြား**။ ဝိရတိသည် သမုစ္ဆေဒဝိရတိ, သမ္ပတ္တဝိရတိ, သမာဒါနဝိရတိဟု ဝိရတိသုံးမျိုး ပြား၏။

ဒုစရိုက် ဒုရာဇီဝ၏ အနုသယကို အကြွင်းမဲ့ဖြတ်သောအားဖြင့် ဖြစ်သောဝိရတိသည် သမုစ္ဆေဒ(လောကုတ္တရာ) ဝိရတိ ဖြစ်၏။ လောကုတ္တရာဝိရတိသည် နိဗ္ဗာန်ကို အာရုံပြု၏။

သိက္ခာပုဒ် ဆောက်တည်မထားဘဲ လွန်ကျူးဘွယ်အာရုံတွေ့မှ ရှောင်ကြဉ်မှုသည် သမ္ပတ္တဝိရတိမည်၏။ ပစ္စုပ္ပန်အာရုံကို အာရုံပြု၏။ သီဟိုဠ်ကျွန်း၌ ဇက္ကနဥပါသကာ ငယ်ရွယ်စဉ်က မကျန်းမမာသော မိခင်အတွက် လတ်ဆတ်သော ယုန်သားဓာတ်စာ ကျွေးသောကြောင့် လယ်တောသို့သွားရာ ကောက်နုစားရန်လာသော ယုန်ငယ်ကို အဆင်သင့်ဖမ်းမိ၍ သတ်တော့မည်ဟု ကြံပြီးမှ ပါဏာတိပါတအပြစ်ကို သတိရသဖြင့် မသတ်ဘဲ ရှောင်ကြဉ်ကာ ချမ်းသာစွာလွှတ်လိုက်၏။ အိမ်သို့ရောက်လျှင် မိခင်ထံမှောက်ဝယ် "အကျွန်ုပ်သည် နားလည်သော အရွယ်ကစ၍ သူ၏အသက်ကို မသတ်ဘူးပါ"ဟု မှန်ကန်သော သစ္စာစကားကို ဆိုခြင်းဖြင့် မိခင်၏ ရောဂါကို ကင်းရှင်းစေခဲ့သည်။ ဤဝတ္ထု၌ တိုက်ရိုက်တွေ့သော ယုန်ကိုမသတ်ဘဲ ရှောင်သော သမ္ပတ္တဝိရတိ ဖြစ်၏။

သိက္ခာပုဒ် ဆောက်တည်တုန်းမှာဖြစ်စေ ဆောက်တည်ပြီးနောက်မှဖြစ်စေ သိက္ခာပုဒ် ဆောက်တည် ထားသည့်အတွက် လွန်ကျူးဖို့အကြောင်းပေါ်သည့်အခါ မလွန်ကျူးဘဲ ရှောင်ကြဉ်ခြင်းသည် သမာဒါနဝိရတိ မည်၏။ ရှေးက ဥပါသကာ တယောက်သည် သီလဆောက်တည်ပြီး၍ လယ်ထွန်ပြီးနောက် ပျောက်သောနွားကို ရှာစဉ် ဥတ္တရဝဍ္ဍမာန တောင်ပေါ်ဝယ် စပါးကြီးမြွေက ရစ်ပတ်လေသော် လက်၌ပါသော ပဲခွပ်ဖြင့် ခုတ်သတ်ရန် ကြံပြီးမှ ဆောက်တည်ခဲ့သော သီလကို သတိရ၍ ပဲခွပ်ကို လွှင့်ပစ်ခဲ့လေသည်။ သီလ၏ တန်ခိုးကြောင့် မြွေကလည်း လွှတ်သွားလေသည်။ ဤဝတ္ထု၌ သီလဆောက်တည်သည်က စ၍ တောင်ပေါ်

ရောက်သည့်တိုင်အောင် ဝိရတိမဖြစ်သေး။ မြွေကိုမသတ်ဘဲ ရှောက်ကြဉ်လိုက်မှ ဝိရတိဖြစ်သည်။ ဤဝတ္ထုသွားကို ထောက်လျှင် သမာဒါနဝိရတိလည်း ပစ္စုပ္ပန်ကိုသာ အာရုံပြု၏။ တချို့ဆရာတို့က သိက္ခာပုဒ်ဆောက်တည်ခိုက်မှာ ရှောင်ကြဉ်စရာ မရှိသေး၊ နောင်အခါ လွန်ကျူးမည့်ကိစ္စကို အာရုံပြု၍ ဆောက်တည်သဖြင့် အနာဂတ်ကို အာရုံပြု၏ ဟု ယူကြသည်။

**ဤနေရာ၌ မှတ်စရာ**။ သတ်ဖို့နွားကြီးကို အနီး၌ထားပြီးမှ စိတ်ကောင်းရသဖြင့် မသတ်တော့ပါဘူးဟု ရှောင်ကာ "ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"ဟု ဆောက်တည်ရာအခါ၌ သမာဒါနဝိရတိဖြစ်သည်။ လွန်ကျူးဖွယ် အာရုံမရှိဘဲ ယခုကာလ ဥပုသ်စောင့်ရာ၌ ဆောက်တည်ပုံမျိုးကား သမာဒါနစေတနာသီလသာဖြစ်၍ ဝိရတိသီလမဖြစ်နိုင်သေး။ ဤသို့လျှင် သမာဒါန ဝိရတိလည်း ဆောက်တည်ခိုက်မှာဖြစ်စေ ဆောက်တည်ပြီးနောက်မှဖြစ်စေ ပစ္စုပ္ပန်ကျူးလွန်ဖွယ်ကိုသာ အာရုံပြုနိုင်သည်ဟု မှတ်ပါ။

ဝိရတိတရားတို့သည် ဝီတိက္ကမိတဗ္ဗဖြစ်သော ပစ္စုပ္ပန်အာရုံတခုခုကို အာရုံပြု၍ ဝိရမိတဗ္ဗဖြစ်သော ဒုစရိုက်မှ ရှောင်ကြဉ်သည်။

ဝီတိက္ကမိတဗ္ဗ = သူ့အသက် သူ့ဥစ္စာစသော ကျူးလွန်ထိုက်သော အာရုံများ
ဝီတိက္ကမ = ကျူးလွန်ကြောင်းဖြစ်သော ကာယဒုစရိုက် ဝစီဒုစရိုက်
ဝိရမိတဗ္ဗ = ရှောင်ကြဉ်ထိုက်သော ထိုဒုစရိုက်များ

ဝိရတိတို့သည် ဗဟိဒ္ဓကိုသာ အာရုံပြု၍ ကိုယ့်ကိုယ်ကို သတ်မည်ဟု ကြံစည်ပြီးမှ ရှောင်ကြဉ်ရာ၌လည်း ဝိရတိမဖြစ်ပါ၊ မကောင်းမှု ဒုစရိုက်၏ ကင်းငြိမ်းခြင်းသာဖြစ်သည်ဟု မှတ်ပါ။

**အပ္ပမညာ**။ ဤ၍ဤမျှလောက် သတ္တဝါတို့ကို အာရုံပြု၍, ဤ၍ဤမျှသော သတ္တဝါတို့ကို အာရုံမပြုဟု သတ္တဝါတို့ကိုလည်း ပိုင်းခြားကန့်သတ်၍မထား, သတ္တဝါတယောက်ကို အာရုံပြုခိုက်၌လည်း အထက်ပိုင်းကိုယ်သာ အာရုံပြု၏, အောက်ပိုင်းကို အာရုံမပြု စသည်ဖြင့် ကိုယ်အင်္ဂါကိုယ်လည်း ပိုင်းခြားကန့်သတ်၍ မထားချေ။ ဤသို့ ကရုဏာ မုဒိတာတို့သည် ပိုင်းခြားကန့်သတ်မထားဘဲ အာရုံယူသောကြောင့် ကရုဏာမုဒိတာတို့ကို အပ္ပမညာဟု ခေါ်သည်။

**ကရုဏာ** ဆင်းရဲဒုက္ခရောက်နေသူကို မြင်လျှင် ကြည့်မနေနိုင်ဘဲ ကူညီရိုင်းပင်းလိုသော သဘောသည် ကရုဏာမည်၏။

**ကရုဏာအတု** မိမိနှင့်နီးစပ်သူ ဆင်းရဲသည်ကို မြင်လျှင် အလွန်အကျွံ သနားမှု ဖြစ်ပေါ်တတ်သည်။ ထိုသဘောကား ကရုဏာအစစ်မဟုတ်။ "သောက"ဟု ခေါ်သော ဒေါမနဿဝေဒနာသာတည်း။ ကရုဏာအစစ်ကား ကုသိုလ်ဖြစ်၍ သနားသော်လည်း စိတ်မညစ်၊ ကြည်လင်၏။ သောကကား စိတ်ကိုညစ်စေသည်။ (စိတ်ပူနေရင် ကရုဏာမဟုတ်ဟု သိပါ)

**မုဒိတာ** ဥစ္စာစည်းစိမ် ဂုဏ်သိရ်တို့နှင့် ပြည့်စုံသော သုခိတသတ္တဝါကိုမြင်လျှင် ဝမ်းမြောက်သော သဘောသည် မုဒိတာ တည်း။

**မုဒိတာအတု** မိမိနှင့်ခင်မင်ရင်းနီးသူများ, သားသမီးများ အဆင်ပြေနေသည်ကို မြင်ရသည့်အခါ ဝမ်းသာမှု ဖြစ်ပေါ်တတ်သည်။ ထိုဝမ်းမြောက်မှုမျိုးကား မုဒိတာအစစ် ဖြစ်နိုင်ခဲ၏။ ပီတိအစွမ်းဖြင့် ရွှင်လမ်းစွာ ဖြစ်ပေါ်လာတတ်သော လောဘမူ သောမနဿသဟဂုတ်များလည်း ဖြစ်တတ်လေသည်။

**ပညာ** လက္ခဏာရေးသုံးပါး, သစ္စာလေးပါး, ကံ,ကံအကျိုးစသည်တို့ကို သိသောသဘောကို ပညာဟု ခေါ်သည်။ အဝိဇ္ဇာ(မောဟ)က အာရုံကို သဘောအတိုင်း အမှန်မပေါ်အောင် အမှောင်ချထားသကဲ့သို့ ဖြစ်သည်။ ပညာက အမှောင်ကိုခွါ၍ အာရုံ၏သဘောမှန်ကို ထင်ရှားအောင် အလင်းရောင် ပြသကဲ့သို့ ဖြစ်သည်။

**ပညာအတု** လှည့်ပတ်တတ်သော ဉာဏ်သည် ပညာမဟုတ်။ တရားကိုယ်မှာ တဏှာလောဘပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်တည်း။ လက်နက်လုပ်သော ပညာလည်း ပညာအစစ်မဟုတ်။ အကုသိုလ်ဝိတက်သာ ဖြစ်သည်။ သို့သော် တိုင်းသူပြည်သားအပေါ် ကရုဏာမေတ္တာထားလျက် တီထွင်ပါမှ ပညာအစစ် ဖြစ်ခွင့်ရှိသည်။

## သမ္ပယောဂနည်း

မည်သည့်စေတသိက်က မည့်မျှလောက်သော စိတ်တို့နှင့် ယှဉ်တွဲဖြစ်နိုင်သည်ဟု ဖော်ပြသောနည်းသည် သမ္ပယောဂနည်းမည်၏။

## အညသမာန်းစေတသိက် သမ္ပယောဂနည်း (၇) နည်း

၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါးသည် စိတ်အကျဉ်း ၈၉–ပါး(စိတ်အကျယ် ၁၂၁–ပါး)၌ ယှဉ်၏။

၂။ ဝိတက်[1] သည် ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော ကာမစိတ် ၄၄–ပါး, ပဌမစျာန်စိတ် ၁၁–ပါး၊ ပေါင်း ၅၅–ပါးသော စိတ်တို့၌ ယှဉ်၏။

၃။ ဝိစာရ[2] သည် ဝိတက်ယှဉ်ရာစိတ် ၅၅–ပါး, ဒုတိယစျာန်စိတ် ၁၁–ပါး၊ ပေါင်း ၆၆–ပါးသော စိတ်တို့၌ ယှဉ်၏။

၄။ အဓိမောက္ခ[3] သည် ဒွေပဉ္စဝိညာဏ် ၁၀, ဝိစိကိစ္ဆာသဟဂုတ်ကို ကြဉ်၍ ၇၈–ပါးသောစိတ်တို့၌ ယှဉ်၏။

၅။ ဝီရိယ[4] သည် ပဉ္စဒွါရာဝဇ္ဇန်း–၁, ဒွေပဉ္စဝိညာဏ် ၁၀, သမ္ပဋိစ္ဆိုန်း–၂, သန္တီရဏ–၃၊ ပေါင်း ၁၆–ပါးသော စိတ်တို့ကို ကြဉ်၍ ကြွင်းသည့် ၇၃–ပါးသောစိတ်တို့၌ ယှဉ်၏။

၆။ ပီတိ[5] သည် ကာမသောမနဿ ၁၈–ပါး, ပဌမစျာန် ၁၁–ပါး, ဒုတိယစျာန် ၁၁–ပါး, တတိယစျာန် ၁၁–ပါး၊ ပေါင်း ၅၁–ပါးသော စိတ်တို့၌ ယှဉ်၏။

---

၁။ ပဉ္စဝိညာဏ်တို့၏မှီရာ ပဉ္စဝတ္ထု၌ ငါးပါးသောအာရုံတို့၏ ထိခိုက်မှုထင်ရှားလှသဖြင့် ထိုအာရုံများသို့ ဝိတက်တင်ပေး နေဘွယ် မလို၍ ဝိတက်သည် ဒွေပဉ္စဝိညာဏ် ၁၀ ၌ မယှဉ်။ ဒုတိယစျာန်စသည်တို့က ဝိတက်ကို ဘာဝနာအစွမ်းဖြင့် ပယ်ပြီးဖြစ်၍ ဝိတက်သည် ဒုတိယစျာန်စသည်၌ မယှဉ်။

၂။ ဝိစာရသည် ဝိတက်နှင့်မကွေမကွာယှဉ်လျက် ဝိတက်၏နောက်လိုက်ဖြစ်၍ ပင်ကိုယ်က ဝိတက်မယှဉ်ရာစိတ်များ၌လည်း ကောင်း, ဘာဝနာက ပယ်ခွါထားသောကြောင့် တတိယစျာန်စသည်၌လည်းကောင်း မယှဉ်။

၃။ အာရုံကို ဆုံးဖြတ်သော အဓိမောက္ခသည် အာရုံကို ယူကာမတ္တဖြစ်၍ မဆုံးဖြတ်နိုင်သော ပဉ္စဝိညာဏ်၌လည်းကောင်း, အာရုံကို မဆုံးဖြတ်နိုင်သည့်အတွက် မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော ဝိစိကိစ္ဆာသဟဂုတ်စိတ်၌လည်းကောင်း မယှဉ်။

၄။ ပဉ္စဒွါရာဝဇ္ဇန်းစသောစိတ်တို့သည် အာရုံကိုယူမှု၌ အားနည်းသောကြောင့် အားရှိသောဝီရိယသည် ပဉ္စဒွါရာဝဇ္ဇန်းစသည်၌ မယှဉ်။

၅။ နှစ်သက်ခြင်း ပီတိသည် နှလုံးမသာယာခြင်း ဒေါမနဿဝေဒနာ၊ လျစ်လျူရှုခြင်း ဥပေက္ခာဝေဒနာတို့နှင့် သဘောချင်း မသင့်၍ ဒေါမနဿသဟဂုတ် ဥပေက္ခာသဟဂုတ်စိတ်တို့၌လည်းကောင်း, ရွှင်လန်းမှု စေတသိကသုခနှင့်သာယှဉ်၍ ကာယိကသုခနှင့် မယှဉ်သင့်သောကြောင့် သုခသဟဂုတ် ကာယဝိညာဏ်စိတ်၌လည်းကောင်း, စတုတ္ထစျာန်က ပီတိကို စက်ဆုပ်ရကား စတုတ္ထစျာန်စိတ်၌လည်းကောင်း မယှဉ်။

၇။ ဆန္ဒ[၁] သည် အဟိတ်စိတ် ၁၈–ပါး မောဟမူစိတ် ၂–ပါးကိုကြဉ်၍ ကြွင်းသည့်စိတ် ၆၉–ပါးတို့၌ ယှဉ်၏။

(သမ္ပယောဂနည်းကို ပြရာ၌ ဝိတက်ဝိစာရပီတိတို့၏ သမ္ပယောဂနည်းတွင် စျာန်စိတ်များနှင့် ပတ်သက်၍ အကျယ်နည်းနှင့်တွက်ပြသည်။ ဆန္ဒ ဝိရိယ အဓိမောက္ခကို ပြရာ၌ အကျဉ်းနည်းနှင့် တွက်ပြသည်)

## အကုသိုလ်စေတသိက် သမ္ပယောဂနည်း (၅) နည်း

၁။ မောဟ[၂] အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ သည် အကုသိုလ်စိတ် ၁၂–ပါးလုံးနှင့် ယှဉ်၏။

၂။ လောဘ[၃] သည် လောဘမူစိတ် ၈–ပါး၌ ယှဉ်၏။ ဒိဋ္ဌိ[၄] သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ပါး၌ ယှဉ်၏။ မာန သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါး၌ ယှဉ်၏။

၃။ ဒေါသ ဣဿာ မစ္ဆရိယ[၅] ကုက္ကုစ္စ သည် ဒေါသမူစိတ် ၂–ပါးတို့၌ ယှဉ်၏။

၄။ ထိန မိဒ္ဓ[၆]သည် အကုသိုလ် သသင်္ခါရိကစိတ် ၅–ပါး၌ ယှဉ်၏။

၅။ ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌သာ ယှဉ်၏။

## သောဘနစေတသိက် သမ္ပယောဂနည်း (၄)နည်း

၁။ သောဘနသာဓာရဏစေတသိက် ၁၉–ပါးတို့သည် သောဘနစိတ်အကျဉ်း ၅၉–ပါး (အကျယ် ၉၁–ပါး) ၌ ယှဉ်၏။

---

၁။ လိုချင်ခြင်း ဆန္ဒသည် လိုချင်ခြင်းသဘောမှ ကင်းသော အဟိတ်စိတ်, မိန်းမောတွေဝေထုံပေနေသော မောဟမူစိတ်၌ မယှဉ်။

၂။ မည်သည့် အကုသိုလ် ဒုစရိုက်မဆို အပြစ်ကို ဖုံးလွှမ်းမှုမောဟ, မရှက်မကြောက်မှု အဟိရိက အနောတ္တပ္ပ, အကုသိုလ် မှန်လျှင် ငြိမ်သက်ခြင်းမရှိရကား မငြိမ်သက်မှု ဥဒ္ဓစ္စတို့နှင့် မကင်းစကောင်းချေ။

၃။ လောဘ ဒိဋ္ဌိ မာန တို့သည် ယှဉ်ပုံမတူသော်လည်း ယှဉ်ရာစိတ်မှာ လောဘမူစိတ်ချဉ်းသာဖြစ်၍ “သမ္ပယောဂနည်း တစ်နည်း တည်း”ဟု မှတ်ပါ။

၄။ သတ္တိချင်းအားဖြင့် သူမနိုင် ငါမနိုင်ဖြစ်နေသော ခြင်္သေ့နှစ်စီးသည် တစီးအောင်းရာ ရွှေဂူ၌ တစီးမအောင်နိုင်သကဲ့သို့ ထို့အတူ ဒိဋ္ဌိ နှင့် မာနသည်လည်း (ခန္ဓာငါးပါးကို ဒိဋ္ဌိက အတ္တဟု စွဲ၏၊ မာနက ငါငါ ဟု စွဲ၏၊ ဤစွဲလမ်းခြင်းအားဖြင့်) ပြိုင်တူဖြစ် နေသောကြောင့် အတူတကွ စိတ္တုပ္ပါဒ်တခုတည်း၌ မယှဉ်နိုင်ကြချေ။

၅။ မစ္ဆရိယသည် လောဘအရင်းခံရှိ၍ လောဘမူ၌ ယှဉ်ထိုက်သော်လည်း ကိုယ့်ပစ္စည်းကို သူတပါးနှင့်မဆက်ဆံလိုခြင်း ဆက်ဆံခြင်းကို သီးမခံနိုင်ခြင်းဟူသော ဒေါသ, ဒေါမနဿသဘောသည် မစ္ဆရိယဖြစ်ခိုက်၌ တွဲယှဉ်လျက် ပါနေ၍ လောဘမူ၌မယှဉ်ဘဲ ဒေါသမူ၌ ယှဉ်ပါသည်။

၆။ ထိုင်းမှိုင်းခြင်းသဘောရှိသော ထိနမိဒ္ဓ နှစ်ပါးသည် ထက်မြက်သော အသင်္ခါရိကစိတ်၌ မယှဉ်။

၂။ ဝိရတိ [၁] စေတသိက်တို့သည် လောကုတ္တရာစိတ်၌ အမြဲ တပေါင်းတည်း ယှဉ်ကုန်၏။ မဟာကုသိုလ်စိတ်၌ တခါတရံ အသီးအခြား ယှဉ်ကုန်၏။
၃။ ကရုဏာ မုဒိတာ တို့သည် မဟာကုသိုလ် ၈–ပါး၊ မဟာကြိယာ ၈–ပါး၊ ပဉ္စမဈာန်စိတ်ကြဉ် မဟဂ္ဂုတ် စိတ် ၁၂–ပါး၊ ပေါင်း ၂၈–ပါးသောစိတ်တို့၌ ရံခါ အသီးသီး ယှဉ်ကြသည်။
၄။ ပညာစေတသိက်သည် ဉာဏသမ္ပယုတ် ကာမာဝစရစိတ် ၁၂–ပါး၊ မဟဂ္ဂုတ်စိတ် ၂၇–ပါး၊ လောကုတ္တရာစိတ် ၈–ပါး၊ ပေါင်း ၄၇–ပါးသော စိတ်တို့၌ ယှဉ်၏။

## လောကုတ္တရာစိတ်၌ အပ္ပမညာမယှဉ်

'ဧကာလမ္ဗနဝတ္ထုကာ'ဟူသော သမ္ပယောဂနည်းလက္ခဏာ၌ 'ဧကာလမ္ဗန'အရ အာရုံတူမှသာ ယှဉ်နိုင်ကြ၏၊ ဤ၌အပ္ပမညာသည် သတ္တဝါပညတ်ကို အာရုံပြု၏၊ လောကုတ္တရာသည် နိဗ္ဗာန်ကို အာရုံပြု၏၊ ဤသို့ အာရုံပြုပုံခြင်း မတူကွဲပြားသောကြောင့် လောကုတ္တရာစိတ်၌ အပ္ပမညာ မယှဉ်။

အခြေပြုသင်္ဂြိုဟ် ၉၁

## မဟဂ္ဂုတ်စိတ်၌ ဝိရတိမယှဉ်

ဒုစရိုက်ဒုရာဇီဝဟူသမျှကို သီလဝိသုဒ္ဓိအစွမ်းဖြင့် ပယ်ရှားပြီးဖြစ်သော ယောဂီသူတော်စင်တို့၏ သန္တာန်၌ သမာဓိ ကောင်းစွာရ၍ စိတ်တည်ကြည်ရုံမျှဖြင့် မဟဂ္ဂုတ်ဈာန်များ ဖြစ်နိုင်သည်၊ ထို့ကြောင့် ထိုမဟဂ္ဂုတ်ဈာန်များ၏ သီးခြားပယ်ဖို့ရာ ဒုစရိုက်ဒုရာဇီဝ မရှိတော့ပြီ၊ လောကုတ္တရာဈာန်များကဲ့သို့လည်း ဒုစရိုက်အနုသယဓာတ်ကို အကြွင်းမဲ့ မပယ်ဖြတ်နိုင်သေး၊ ထို့ကြောင့် မဟဂ္ဂုတ်စိတ်၌ ဝိရတိစေတသိက်များ မယှဉ်နိုင်။

အခြေပြုသင်္ဂြိုဟ် ၉၂

## မဟာကုသိုလ်စိတ်၌ အပ္ပမညာ ဝိရတိတို့ အတူမယှဉ်နိုင်ကြ

အပ္ပမညာသည် သတ္တဝါပညတ်ကို အာရုံပြု၍ ဝိရတိကား ဝီတိက္ကမိတဗ္ဗကို အာရုံပြုသဖြင့် အာရုံခြင်း မတူသောကြောင့် အတူမယှဉ်နိုင်၊ ကရုဏာမုဒိတာ အပ္ပမညာနှစ်ပါးတွင်လည်း ကရုဏာ,က ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ မုဒိတာ,က သုခိတသတ္တဝါပညတ်ကို အာရုံပြုသဖြင့် အာရုံမတူရကား

---

၁။ လောကုတ္တရာ၌ ယှဉ်သောဝိရတိတို့သည် မိမိတို့ရှောင်ကြဉ်ထိုက်သည့် ဒုစရိုက်ဒုရာဇီဝဟူသမျှကို လုံးဝဥဿုံ အကုန်ရှောင်ကြဉ်နိုင်ကြပြီး နိဗ္ဗာန်ကိုအာရုံပြုသဖြင့် ဝိရတိသုံးပါးသည် လောကုတ္တရာစိတ်၌ အမြဲတပေါင်းတည်း ယှဉ်ကြသည်။ ဝိရတိစေတသိက်သည် မဟာကုသိုလ်စိတ်၌ကား တရံတခါ အသီးအသီး တပါးစီယှဉ်၏။ ဒုစရိုက် ဒုရာဇီဝတို့မှ ရှောင်ကြဉ်ရာ တခါတရံ၌သာ ယှဉ်သည်။ ဘုရားဖူးတရားနာစသည်ဖြင့် မဟာကုသိုလ်စိတ်တွေ ဖြစ်နေသော်လည်း ရှောင်ကြဉ်စရာ ဒုစရိုက်မရှိ၍ ဝိရတိ မယှဉ်။ တခါတရံယှဉ်လျှင်လည်း တပါးစီသာ ယှဉ်သည်။ သမ္မာဝါစာယှဉ်ခိုက် အခြားနှစ်ပါး မယှဉ်။ သမ္မာကမ္မန္တယှဉ်ခိုက် အခြားနှစ်ပါး မယှဉ်။ သမ္မာအာဇီဝယှဉ်ခိုက် အခြားနှစ်ပါး မယှဉ်။

ကရုဏာနှင့် မုဒိတာတို့ အတူမယှဉ်နိုင်။ ဝိရတိတို့တွင် သမ္မာဝါစာသည် ဝစီဒုစရိုက်မှ ရှောင်ကြဉ်ခြင်း, သမ္မာကမ္မန္တသည် ကာယဒုစရိုက်မှ ရှောင်ကြဉ်ခြင်း, သမ္မာအာဇီဝသည် မကောင်းသဖြင့် အသက်မွေးမှုမှ ရှောင်ကြဉ်ခြင်း ဖြစ်သဖြင့် အာရုံပြုပုံ မတူရကား ဝိရတိတို့သည် အတူမယှဉ်နိုင်ကြ။

အခြေပြုသင်္ဂြိုဟ် ၉၆

## မဟာကြိယာစိတ်,မဟာဝိပါက်စိတ်တို့၌ ဝိရတိမယှဉ်

လောကီဝိရတိမှန်လျှင် ဧကန်ကုသိုလ်သဘောရှိ၍ အဗျာကတဇာတ်ဖြစ်သော မဟာကြိယာစိတ် မဟာဝိပါက်စိတ်တို့၌ ဝိရတိမယှဉ်။ ဇာတ်မတူ၍ မယှဉ်နိုင်ပါ။ (လောကုတ္တရာဝိရတိကား အဗျာကတဇာတ် ဖိုလ်စိတ်တို့၌ ယှဉ်လေသည်၊ မဟာကြိယာစိတ်က လောကီစိတ်, ဖိုလ်စိတ်က လောကုတ္တရာစိတ်ဖြစ်သည်)

အခြေပြုသင်္ဂြိုဟ် ၉၈

## မဟာဝိပါက်စိတ်၌ အပ္ပမညာမယှဉ်

ကာမဝိပါက်မှန်လျှင် ပရိတ္တခေါ်သော ကာမတရားကို ဧကန်အာရုံပြုသောကြောင့် သတ္တဝါပညတ်ကို အာရုံပြုသော အပ္ပမညာမယှဉ်။ (ကာမစိတ် ၅၄, ယှဉ်ဘက်စေတသိက်နှင့် ရုပ်တရားကို ကာမတရားဟု ခေါ်သည်)

အခြေပြုသင်္ဂြိုဟ် ၉၉ နှင့် ၁၆၀ စာမျက်နှာ

## ပဉ္စမဈာန်၌ အပ္ပမညာ မယှဉ်

ကရုဏာမုဒိတာသည် သူတပါးအပေါ်၌ ကြောင့်ကြအလွန်စိုက်၍ ကြောင့်ကြဗျာပါရကင်းသော ဥပေက္ခာဈာန်စိတ်၌ မယှဉ်။ သို့သော် ဆင်းရဲသူကို မြင်၍ သနားကရုဏာဖြစ်ပြီး မဟာကုသိုလ်စိတ်ဖြစ်ရာ၌ ဥပေက္ခာသဂုတ်စိတ် ၄–ပါးနှင့်လည်းကောင်း, ချမ်းသာသူကို မြင်၍ ဝမ်းမြောက်မှု မုဒိတာဖြစ်ပြီး မဟာကုသိုလ်စိတ်ဖြစ်ရာ၌ ဥပေက္ခာသဟဂုတ်စိတ် ၄–ပါးနှင့် လည်းကောင်း တွဲပြီး ဥပေက္ခာဝေဒနာနှင့် ယှဉ်နိုင်သည်။ မေတ္တာ, ကရုဏာ, မုဒိတာပွားပြီး မေတ္တာ, ကရုဏာ, မုဒိတာဈာန်ဖြစ်ရာ၌ကား သောမနဿ ဝေဒနာသာ ဖြစ်၍ ကရုဏာနှင့် မုဒိတာတို့သည် သောမနဿဝေဒနာနှင့်သာ ဖြစ်ကြလေသည်။ မေတ္တာ, ကုရုဏာ, မုဒိတာ ကမ္မဋ္ဌာန်းဖြင့် ပထမ, ဒုတိယ, တတိယ, စတုတ္ထဈာန် ၄–ပါးကိုသာ ရနိုင်သည်။

(ပရမတ္ထဒီပနီ–၁၄၆ နိသျ–၂၃၀၊ မဏိသာရမဉ္ဇူသာဋီကာ၊ ၁၊ ၃၅၈)

## အနိယတယောဂီစေတသိက် ၁၁

၁။ မာ + ဣဿ + မစ် + ကု + ထိ + မိဒ် စု၊ သုံးခု ဝိရတီ။
၂။ နှစ်ပမညာ၊ ဆယ့်တစ်ဖြာ၊ ရံခါ ယှဉ်ကြဘိ။
၃။ အာရုံမတူ၊ ကွဲကြမှု၊ အတူမဖြစ်သိ။

စေတသိက်တို့၏ စိတ်တို့၌ ယှဉ်ပုံကို ပြဆိုသော သမ္ပယောဂနည်းဝယ် မာနစေတသိက်+ဣဿာစေတသိက် + မစ္ဆရိယစေတသိက် + ကုက္ကုစ္စစေတသိက် + ထိနစေတသိက် + မိဒ္ဓစေတသိက် +ဝိရတိစေတသိက်သုံးပါး၊ အပ္ပမညာစေတသိက်နှစ်ပါး၊ ဤစေတသိက်ပေါင်း ၁၁–ပါးတို့ကို မိမိတို့ယှဉ်ရာစိတ်တို့၌ ရံခါသာ ယှဉ်တတ်သောကြောင့် အနိယတယောဂီ (အမြဲမယှဉ်သော) စေတသိက်တို့ဟူ၍ ခေါ်၏။

မာနစေတသိက်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးပါးတို့၌ ယှဉ်၏ဟု ဆိုသော်လည်း ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် လေးပါးတို့ ဖြစ်တိုင်းဖြစ်တိုင်း မာနစေတသိက် ယှဉ်သည်မဟုတ်။ ငါ–ဟူ၍ ထောင်လွှားသောအခြင်းအရာအားဖြင့် ဒိဋ္ဌိဂတဝိပ္ပယုတ်လေးပါးတို့ ဖြစ်သောအခါ၌သာ ထိုစိတ်တို့၌ မာနစေတသိက်ယှဉ်၏။ ရူပါရုံစသည်ကို အာရုံပြု၍ ဒိဋ္ဌိမပါဘဲ တပ်မက်သော အခြင်းအရာအားဖြင့် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးပါးတို့ ဖြစ်ကြသောအခါ စသည်တို့၌ မာနစေတသိက် မယှဉ်။

ဣဿာ+မစ္ဆရိယ+ကုက္ကုစ္စစေတသိက်တို့သည် ဒေါသမူစိတ်နှစ်ပါးတို့၌ ယှဉ်ကုန်၏ဟု ဆိုသော်လည်း ဒေါသမူစိတ်နှစ်ပါးတို့ ဖြစ်တိုင်းဖြစ်တိုင်း ထိုစေတသိက်သုံးပါးတို့ ယှဉ်ကြသည် မဟုတ်ကုန်။

သူတစ်ပါး စည်းစိမ်ကို မနာလိုသော အခြင်းအရာအားဖြင့် ဒေါသမူစိတ်တို့ဖြစ်သောအခါ ထိုစိတ်တို့၌ ဣဿာယှဉ်၍ တစ်ပါးသော အခြင်းအရာဖြင့် ဒေါသမူစိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ ဣဿာ မယှဉ်။

မိမိစည်းစိမ်ကို ဝန်တိုသော အခြင်းအရာဖြင့် ဒေါသမူစိတ်တို့ဖြစ်သောအခါ မစ္ဆရိယယှဉ်၍ တပါးသော အခြင်းအရာဖြင့် ဒေါသမူစိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ မစ္ဆရိယ မယှဉ်။

နောင်တတစ်ဖန်ပူပန်သော အခြင်းအရာဖြင့် ဒေါသမူစိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ ကုက္ကုစ္စယှဉ်၍ တပါးသောအခြင်းအရာဖြင့် ဒေါသမူစိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ ကုက္ကုစ္စ မယှဉ်။

သူတစ်ပါးစည်းစိမ်ကို မနာလိုသော အခြင်းအရာဖြင့် ဒေါသမူစိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ ဣဿာယှဉ်၍ မစ္ဆရိယနှင့် ကုက္ကုစ္စတို့မယှဉ်ကုန်။ မိမိစည်းစိမ်ကို ဝန်တိုသော အခြင်းအရာဖြင့် ဒေါသမူစိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ မစ္ဆရိယသာယှဉ်၍ ဣဿာနှင့် ကုက္ကုစ္စမယှဉ်။ နောင်တတစ်ဖန် ပူပန်သော အခြင်းအရာအားဖြင့် ဒေါသမူစိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ ကုက္ကုစ္စသာယှဉ်၍ ဣဿာနှင့်မစ္ဆရိယတို့ မယှဉ်ကုန်။

ထိန+မိဒ္ဓစေတသိက် နှစ်ပါးတို့သည် သသင်္ခါရိက အကုသိုလ်စိတ်ငါးပါးတို့၌ ယှဉ်ကုန်၏ဟူ၍ ဆိုခဲ့သော်လည်း သသင်္ခါရိက အကုသိုလ်စိတ်ငါးပါးတို့ ဖြစ်တိုင်းဖြစ်တိုင်း ထိုစိတ်တို့၌ ထိနမိဒ္ဓစေတသိက် နှစ်ပါးတို့ ယှဉ်ကြသည်မဟုတ်။ သသင်္ခါရိကစိတ်ဖြင့် သူ့ဥစ္စာကို ခိုးယူရာ၌ ထိနမိဒ္ဓမပါ၊ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်ရာအခါ၌သာ ပါဝင်သည်၊ ထိုသို့ ပါဝင်ရာ၌ ထိန,က စိတ်ကို မခံ့ညားအောင် ဖိနှိပ်၍ မိဒ္ဓ,က စေတသိက်ကို မခံ့ညားအောင် ဖိနှိပ်သောကြောင့် ခွဲမရသဖြင့် အတူတကွ ဖြစ်ရသည်။

ဝိရတိစေတသိက် သုံးပါးတို့သည် မဟာကုသိုလ်စိတ်ရှစ်ပါးတို့၌ ယှဉ်ကုန်၏ဟု ဆိုသော်လည်း မဟာကုသိုလ်စိတ် ဖြစ်တိုင်း ထိုစိတ်တို့၌ ဝိရတိစေတသိက်တို့ အမြဲယှဉ်ကြကုန်သည် မဟုတ်။ အပျော်တမ်း ဝစီဒုစရိုက်မှ ရှောင်ကြဉ်သော အခြင်းအရာဖြင့် မဟာကုသိုလ်စိတ်ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာဝါစာ ယှဉ်၍ ဘုရားဝတ်ပြုခြင်း ပုတီးစိတ်ခြင်း ဆွမ်းလောင်းခြင်း စသည်ဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သော အခါ ထိုစိတ်တို့၌ သမ္မာဝါစာ မယှဉ်။

အပျော်တမ်းကာယဒုစရိုက်မှ ရှောင်ကြဉ်သော အခြင်းအရာဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သောအခါ သမ္မာကမ္မန္တယှဉ်၍ ဘုရားဝတ်ပြုခြင်း ပုတီးစိတ်ခြင်း ဆွမ်းလောင်းခြင်း စသည်ဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာကမ္မန္တ မယှဉ်။

ဝမ်းကိုထိန်းကျောင်းရေး အသက်မွေးမှုအတွက် ပြုလုပ်ပြောဆိုအပ်သည့် ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက် သုံးပါးတို့မှ ရှောင်ကြဉ်သောအခြင်းအရာဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာအာဇီဝ ယှဉ်၍ ဘုရားဝတ်ပြုခြင်း ပုတီးစိတ်ခြင်း ဆွမ်းလောင်းခြင်းစသည်ဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာအာဇီဝ မယှဉ်။

အပျော်တမ်း ဝစီဒုစရိုက်မှ ရှောင်ကြဉ်သော အခြင်းအရာဖြင့် မဟာကုသိုလ်စိတ်ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာဝါစာသာယှဉ်၍ သမ္မာကမ္မန္တ+သမ္မာအာဇီဝ မယှဉ်။ အပျော်တမ်းကာယဒုစရိုက်မှ ရှောင်ကြဉ်သော အခြင်းအရာဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာကမ္မန္တသာယှဉ်၍ သမ္မာဝါစာ+သမ္မာအာဇီဝ မယှဉ်။ ဝမ်းကိုထိန်းကျောင်းရေး အသက်မွေးမှုအတွက် ပြုလုပ်ပြောဆိုအပ်သည့် ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက် သုံးပါးတို့မှ ရှောင်ကြဉ်သော အခြင်းအရာဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာအာဇီဝ ယှဉ်၍ သမ္မာဝါစာ+သမ္မာကမ္မန္တ မယှဉ်။

အပ္ပမညာ စေတသိက် နှစ်ပါးတို့သည် ၂၈–ပါးသောစိတ်တို့၌ ယှဉ်ကုန်၏ဟု ဆိုသော်လည်း ထို ၂၈–ပါးသော စိတ်တို့ ဖြစ်တိုင်းဖြစ်တိုင်း ထိုစိတ်တို့၌ အပ္ပမညာစေတသိက် နှစ်ပါးတို့ အမြဲယှဉ်နိုင်ကြသည် မဟုတ်။ ဒုက္ခိတသတ္တဝါကိုအာရုံပြု၍ သနားသောအခြင်းအရာဖြင့် ၂၈–ပါးသောစိတ်တို့ ဖြစ်ကြသောအခါ ထိုစိတ်တို့၌ ကရုဏာယှဉ်၍ ဘုရားဝတ်ပြုခြင်း ပုတီးစိတ်ခြင်း ဆွမ်းလောင်းခြင်း စသည်ဖြင့် မဟာကုသိုလ် မဟာကြိယာစိတ်တို့ ဖြစ်ကြသောအခါ ထိုစိတ်တို့၌ ကရုဏာ မယှဉ်။

သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သော အခြင်းအရာဖြင့် ၂၈–ပါးသော စိတ်တို့ ဖြစ်ကြသောအခါ ထိုစိတ်တို့၌ မုဒိတာယှဉ်၍ တပါးသောအခြင်းအရာအာဖြင့် ၂၈–ပါးသော စိတ်တို့ ဖြစ်ကြသောအခါ ထိုစိတ်တို့၌ မုဒိတာ မယှဉ်။

ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားသောအခြင်းအရာဖြင့် ၂၈–ပါးသော စိတ်တို့ ဖြစ်ကြသောအခါ ထိုစိတ်တို့၌ ကရုဏာယှဉ်၍ မုဒိတာမယှဉ်။ သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သော အခြင်းအရာဖြင့် ၂၈–ပါးသော စိတ်တို့ ဖြစ်ကြသောအခါ ထိုစိတ်တို့၌ မုဒိတာယှဉ်၍ ကရုဏာ မယှဉ်။

# **အကုသိုလ်စိတ် သမ္ပယောဂနည်း သင်္ဂဟနည်း နှိုင်းယှဉ်ပုံ**

## **သမ္ပယောဂနည်း**

| အညသမာန်းစေတသိက် | | အကုသိုလ်စေတသိက် | |
|---|---|---|---|
| စေတသိက် | ယှဉ်ရာစိတ် | စေတသိက် | ယှဉ်ရာစိတ် |
| ၁။ သဗ္ဗစိတ္တသာရဏ–၇ | အကုသိုလ်–၁၂ | ၁။ မောဟ,အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ | အကု–၁၂ |
| ၂။ ဝိတက် | ။ | ၂။ လောဘ | လောဘမူ–၈ |
| ၃။ ဝိစာရ | ။ | ၃။ ဒိဋ္ဌိ | ဒိဋ္ဌိဂတသမ္ပယုတ်–၄ |
| ၄။ ဝိရိယ | ။ | ၄။ မာန | ဒိဋ္ဌိဂတဝိပ္ပယုတ်–၄ |
| ၅။ ပီတိ | သောမနဿ–အကုသိုလ်စိတ် | ၅။ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ | ဒေါသမူစိတ်–၂ |
| ၆။ အဓိမောက္ခ | ဝိစိကိစ္ဆာကြဉ်–အကု–၁၁ | ၆။ ထိန,မိဒ္ဓ | သသင်္ခါရိကအကုသိုလ်–၅ |
| ၇။ ဆန္ဒ | မောဟမူဒွေးကြည် အကု–၁၀ | ၇။ ဝိစိကိစ္ဆာ | ဝိစိကိစ္ဆာသဟဂုတ်စိတ် |

## **သင်္ဂဟနည်း**

| လောဘမူ–၈ | အညသမာန်း | အကုသိုလ်စေတသိက် | |
|---|---|---|---|
| ၁။ သော ဒိ–သံ အ | ၁ ၂ ၃ ၄ ၅ ၆ ၇ | ၁။ ၁ ၂ ၃ | = ၁၉ |
| ၂။ သော ဒိ–သံ သ | ၁ ၂ ၃ ၄ ၅ ၆ ၇ | ၂။ ၁ ၂ ၃ ၆ | = ၂၁ |
| ၃။ သော ဒိ–ဝိ အ | ၁ ၂ ၃ ၄ ၅ ၆ ၇ | ၃။ ၁ ၂ ၄ | = ၁၉ |
| ၄။ သော ဒိ–ဝိ သ | ၁ ၂ ၃ ၄ ၅ ၆ ၇ | ၄။ ၁ ၂ ၄ ၆ | = ၂၁ |
| ၅။ ဥ ဒိ–သံ အ | ၁ ၂ ၃ ၄ ၆ ၇ | ၅။ ၁ ၂ ၃ | = ၁၈ |
| ၆။ ဥ ဒိ–သံ သ | ၁ ၂ ၃ ၄ ၆ ၇ | ၆။ ၁ ၂ ၃ ၆ | = ၂၀ |
| ၇။ ဥ ဒိ–ဝိ အ | ၁ ၂ ၃ ၄ ၆ ၇ | ၇။ ၁ ၂ ၄ | = ၁၈ |
| ၈။ ဥ ဒိ–ဝိ သ | ၁ ၂ ၃ ၄ ၆ ၇ | ၈။ ၁ ၂ ၄ ၆ | = ၂၀ |

| ဒေါသမူ–၂ | | | |
|---|---|---|---|
| ၁။ ဒေါ ပဋိဃ–အသင် | ၁ ၂ ၃ ၄ ၆ ၇ | ၁။ ၁ ၅ | = ၂၀ |
| ၂။ ဒေါ ပဋိဃ–သသင် | ၁ ၂ ၃ ၄ ၆ ၇ | ၂။ ၁ ၅ ၆ | = ၂၂ |

| မောဟမူ–၂ | | | |
|---|---|---|---|
| ၁။ ဝိစိ–သံ | ၁ ၂ ၃ ၄ | ၁။ ၁ ၇ | = ၁၅ |
| ၂။ ဥဒ္ဓစ္စ–သံ | ၁ ၂ ၃ ၄ ၆ | ၂။ ၁ | = ၁၅ |

# အဟိတ်စိတ် သမ္ပယောဂနည်း သင်္ဂဟနည်း နိုင်းယှဉ်ပုံ

## သမ္ပယောဂနည်း

အညသမာန်းစေတသိက်

| စေတသိက် | ယှဉ်ရာစိတ် |
|---|---|
| ၁။ သဗ္ဗစိတ္တသာဓာရဏ–၇ | အဟိတ်–၁၈ |
| ၂။ ဝိတက်,ဝိစာရ,အဓိမောက္ခ | ပဉ္စဝိညာဏ်ကြဉ်အဟိတ်–၈ |
| ၃။ ဝီရိယ | မနောဒွါရာဝဇ္ဇန်း,ဟသိတုပ္ပါဒ် |
| ၄။ ပီတိ | သောမနဿသန္တီရဏ, ဟသိတုပ္ပါဒ် |

## သင်္ဂဟနည်း

| အကုသလဝိပါက် ၇ | | | ကုသလဝိပါက်–၈ | | |
|---|---|---|---|---|---|
| ၁။ စက္ခုဝိညာဏ် | ၁ | = ၇ | ၁။ စက္ခုဝိညာဏ် | ၁ | = ၇ |
| ၂။ သောတဝိညာဏ် | ၁ | = ၇ | ၂။ သောတဝိညာဏ် | ၁ | = ၇ |
| ၃။ ဃာနဝိညာဏ် | ၁ | = ၇ | ၃။ ဃာနဝိညာဏ် | ၁ | = ၇ |
| ၄။ ဇိဝှါဝိညာဏ် | ၁ | = ၇ | ၄။ ဇိဝှါဝိညာဏ် | ၁ | = ၇ |
| ၅။ ဒု–ကာယဝိညာဏ် | ၁ | = ၇ | ၅။ သု–ကာယဝိညာဏ် | ၁ | = ၇ |
| ၆။ သမ္ပဋိစ္ဆိုန်း | ၁ ၂ | = ၁၀ | ၆။ သမ္ပဋိစ္ဆိုန်း | ၁ ၂ | = ၁၀ |
| ၇။ သန္တီရဏ | ၁ ၂ | = ၁၀ | ၇။ သော–သန္တီရဏ | ၁ ၂ ၄ | = ၁၁ |
| | | | ၈။ ဥ–သန္တီရဏ | ၁ ၂ | = ၁၀ |

အဟိတ်ကြိယာ–၃

| | |
|---|---|
| ၁။ ပဉ္စဒွါရာဝဇ္ဇန်း | ၁ ၂ |
| ၂။ မနောဒွါရာဝဇ္ဇန်း | ၁ ၂ ၃ |
| ၃။ ဟသိတုပ္ပါဒ် | ၁ ၂ ၃ ၄ |

# ကာမသောဘန သမ္ပယောဂနည်း သင်္ဂဟနည်း နိုင်းယှဉ်ပုံ

## သမ္ပယောဂနည်း

**အညသမာန်းစေတသိက်**

| စေတသိက် | ယှဉ်ရာစိတ် |
|---|---|
| ၁။ ပီတိကြည်အညသမာန်း–၁၂ | ကာမသောန–၂၄ |
| ၂။ ပီတိ | သော–ကာမသောဘန |

**သောဘနစေတသိက်**

| စေတသိက် | ယှဉ်ရာစိတ် |
|---|---|
| ၁။ သောဘနသာဓာရဏ၁၉ | ကာမသောဘန–၂၄ |
| ၂။ ဝိရတီ–၃ | မဟာကုသိုလ်–၈ |
| ၃။ အပ္ပမညာ–၂ | မဟာကု–၈ မဟာကြိ–၈ |
| ၄။ ပညာ | ဉာဏသမ္ပယုတ်စိတ် ၁၂ |

## သင်္ဂဟနည်း

| မဟာကုသိုလ်စိတ် | အည | သောဘန |
|---|---|---|
| ၁။ သော ဉာ–သံ အ<br>သော ဉာ–သံ သ | ၁ ၂ | ၁ ၂ ၃ ၄ = ၃၈ |
| ၂။ သော ဉာ–ဝိ အ<br>သော ဉာ–ဝိ သ | ၁ ၂ | ၁ ၂ ၃ = ၃၇ |
| ၃။ ဉ ဉာ–သံ အ<br>ဉ ဉာ–သံ သ | ၁ | ၁ ၂ ၃ ၄ = ၃၇ |
| ၄။ ဉ ဉာ–ဝိ အ<br>ဉ ဉာ–ဝိ သ | ၁ | ၁ ၂ ၃ = ၃၆ |

| မဟာဝိပါက်စိတ် | အည | သောဘန |
|---|---|---|
| ၁။ သော ဉာ–သံ အ<br>သော ဉာ–သံ သ | ၁ ၂ | ၁ ၄ = ၃၃ |
| ၂။ သော ဉာ–ဝိ အ<br>သော ဉာ–ဝိ သ | ၁ ၂ | ၁ = ၃၂ |
| ၃။ ဉ ဉာ–သံ အ<br>ဉ ဉာ–သံ သ | ၁ | ၁ ၄ = ၃၂ |
| ၄။ ဉ ဉာ–ဝိ အ<br>ဉ ဉာ–ဝိ သ | ၁ | ၁ = ၃၁ |

| မဟာကြိယာစိတ် | အည | သောဘန |
|---|---|---|
| ၁။ သော ဉာ–သံ အ<br>သော ဉာ–သံ သ | ၁ ၂ | ၁ ၃ ၄ = ၃၅ |
| ၂။ သော ဉာ–ဝိ အ<br>သော ဉာ–ဝိ သ | ၁ ၂ | ၁ ၃ = ၃၄ |
| ၃။ ဉ ဉာ–သံ အ<br>ဉ ဉာ–သံ သ | ၁ | ၁ ၃ ၄ = ၃၄ |
| ၄။ ဉ ဉာ–ဝိ အ<br>ဉ ဉာ–ဝိ သ | ၁ | ၁ ၃ = ၃၃ |

## မဟာဂ္ဂုတ်စိတ် သမ္ပယောဂနည်း သင်္ဂဟနည်း နိုင်းယှဉ်ပုံ

### သမ္ပယောဂနည်း

| အညသမာန်းစေတသိက် | | သောဘနစေတသိက် | |
|---|---|---|---|
| စေတသိက် | ယှဉ်ရာစိတ် | စေတသိက် | ယှဉ်ရာစိတ် |
| ၁။ သဗ္ဗစိတ္တသာဓာရဏ–၇ | မဟဂ္ဂုတ်စိတ်–၂၇ | ၁။ သောဘနသာဓာရဏ–၁၉ | မဟဂ္ဂုတ်စိတ်–၂၇ |
| အဓိမောက္ခ | | +ပညာ ( ၂၀ ) | |
| ဝီရိယ | | ၂။ အပ္ပမညာ–၂ | ပ–ဒု–တ–စ,ဈာန် ၁၂ |
| ဆန္ဒ | | | |
| ၂။ ဝိတက် | ပထမဈာန်–၃ | | |
| ၃။ ဝိစာရ | ပ–ဈာန်–၃ ဒု–ဈာန်–၃ | | |
| ၄။ ပီတိ | ပဈာန်၃၊ ဒုဈာန်၃၊ တဈာန်၃ | | |

### သင်္ဂဟနည်း

| | အည | သောဘန | |
|---|---|---|---|
| ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ = ပ–ဈာန်–၃ = | ၁ ၂ ၃ ၄ | ၁ ၂ | = ၃၅ |
| + ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ = ဒု–ဈာန်–၃ = | ၁ ၃ ၄ | ၁ ၂ | = ၃၄ |
| + + ပီတိ သုခ ဧကဂ္ဂတာ = တ–ဈာန်–၃ = | ၁ ၄ | ၁ ၂ | = ၃၃ |
| + + + သုခ ဧကဂ္ဂတာ = စ–ဈာန်–၃ = | ၁ | ၁ ၂ | = ၃၂ |
| + + + ဥပေက္ခာ ဧကဂ္ဂတာ= မ–ဈာန်–၁၅ | ၁ | ၁ | = ၃၀ |

## လောကုတ္တရာစိတ် သမ္ပယောဂနည်း သင်္ဂဟနည်း နှိုင်းယှဉ်ပုံ

### သမ္ပယောဂနည်း

| အညသမာန်းစေတသိက် | | သောဘနစေတသိက် | |
|---|---|---|---|
| စေတသိက် | ယှဉ်ရာစိတ် | စေတသိက် | ယှဉ်ရာစိတ် |
| ၁။ သဗ္ဗစိတ္တသာဓာရဏ–၇ | လောကုတ္တရာစိတ်–၄၀ | ၁။ သောဘနသာဓာရဏ–၁၉ +ပညာ ( ၂၀ ) | လောကုတ္တရာစိတ်–၄၀ |
| အဓိမောက္ခ | | ၂။ ဝိရတိ–၃ | လောကုတ္တရာစိတ်–၄၀ |
| ဝီရိယ | | | |
| ဆန္ဒ | | | |
| ၂။ ဝိတက် | ပဌမဈာန်–၈ | | |
| ၃။ ဝိစာရ | ပ–ဈာန်–၈ ဒု–ဈာန်–၈ | | |
| ၄။ ပီတိ | ပဈာန်၈၊ ဒုဈာန်၈၊ တဈာန်၈ | | |

### သင်္ဂဟနည်း

| | | အည | သောဘန | |
|---|---|---|---|---|
| ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ = | ပ–ဈာန်–၃ = | ၁ ၂ ၃ ၄ | ၁ ၂ | = ၃၆ |
| + ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ = | ဒု–ဈာန်–၃ = | ၁ ၃ ၄ | ၁ ၂ | = ၃၅ |
| + + ပီတိ သုခ ဧကဂ္ဂတာ = | တ–ဈာန်–၃ = | ၁ ၄ | ၁ ၂ | = ၃၄ |
| + + + သုခ ဧကဂ္ဂတာ = | စ–ဈာန်–၃ = | ၁ | ၁ ၂ | = ၃၃ |
| + + + ဥပေက္ခာ ဧကဂ္ဂတာ= | မ–ဈာန်–၁၅ | ၁ | ၁ ၂ | = ၃၃ |

## သင်္ဂဟနည်း

စိတ်တမျိုးတမျိုး၌ ယှဉ်နိုင်သမျှ စေတသိက်ကို ပေါင်းယူရေတွက်ပြသောနည်းကို သင်္ဂဟနည်း ဟုခေါ်သည်။

## အကုသိုလ်စိတ် သင်္ဂဟနည်း

**လောဘမူစိတ်–၈**

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက်
၁၃–ပါး, သဗ္ဗာကုသလသာဓာရဏ ၄–ပါး, လောဘ, ဒိဋ္ဌိ ၂၊ ပေါင်း ၁၉–ပါး ယှဉ်သည်။
၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက်
၁၃–ပါး, သဗ္ဗာကုသလသာဓာရဏ ၄–ပါး, လောဘ, ဒိဋ္ဌိ ၂, ထိန,မိဒ္ဓ ၂၊ ပေါင်း ၂၁–ပါး ယှဉ်သည်။
၃။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက်
၁၃–ပါး, သဗ္ဗာကုသလသာဓာရဏ ၄–ပါး, လောဘ, မာန ၂၊ ပေါင်း ၁၉–ပါး ယှဉ်သည်။
၄။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက်
၁၃–ပါး, သဗ္ဗာကုသလသာဓာရဏ ၄–ပါး, လောဘ, မာန ၂, ထိန,မိဒ္ဓ ၂၊ ပေါင်း ၂၁–ပါး ယှဉ်သည်။
၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်းစေတသိက်
၁၂–ပါး, သဗ္ဗာကုသလသာဓာရဏ ၄–ပါး, လောဘ, ဒိဋ္ဌိ ၂၊ ပေါင်း ၁၈–ပါး ယှဉ်သည်။
၆။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်းစေတသိက်
၁၂–ပါး, သဗ္ဗာကုသလသာဓာရဏ ၄–ပါး, လောဘ, ဒိဋ္ဌိ ၂, ထိန,မိဒ္ဓ ၂၊ ပေါင်း ၂၀–ပါး ယှဉ်သည်။
၇။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်းစေတသိက်
၁၂–ပါး, သဗ္ဗာကုသလသာဓာရဏ ၄–ပါး, လောဘ, မာန ၂၊ ပေါင်း ၁၈–ပါး ယှဉ်သည်။
၈။ ဥပေက္ခာသဟဂုတ ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်းစေတသိက်
၁၂–ပါး, သဗ္ဗာကုသလသာဓာရဏ ၄–ပါး, လောဘ, မာန ၂, ထိန,မိဒ္ဓ ၂၊ ပေါင်း ၂၀–ပါး ယှဉ်သည်။

**ဒေါသမူစိတ်–၂**

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂–ပါး, သဗ္ဗာကုသလသာဓာရဏ ၄–ပါး, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ၊ ပေါင်း ၂၀–ပါး ယှဉ်သည်။

၂။ ဒေါမနဿသဟဂုတ်ပဋိဃသမ္ပယုတ်သသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂–ပါး, သဗ္ဗာကုသလသာဓာရဏ ၄–ပါး, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ၊ ထိန,မိဒ္ဓ၊ ပေါင်း ၂၂–ပါး ယှဉ်သည်။

**မောဟမူစိတ်–၂**

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌ အဓိမောက္ခ, ဆန္ဒ, ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၀–ပါး, သဗ္ဗာကုသလသာဓာရဏ ၄–ပါး, ဝိစိကိစ္ဆာ–၁၊ ပေါင်း ၁၅–ပါး ယှဉ်သည်။

၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်၌ ဆန္ဒ, ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၁–ပါး, သဗ္ဗာကုသလသာဓာရဏ ၄–ပါး၊ ပေါင်း ၁၅–ပါး ယှဉ်သည်။

**အဟိတ်စိတ် သင်္ဂဟနည်း**

၁။ ဒွေပဉ္စဝိညာဏ် ၁၀–ပါး၌ သဗ္ဗစိတ္တသာဓာရဏ–၇ ပါး ယှဉ်ပါသည်။

၂။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်း ၂–ပါး, ဥပေက္ခာသန္တီရဏ ၂–ပါးတို့၌ ဆန္ဒ, ပီတိ, ဝီရိယ ကြဉ်သော အညသမာန်းစေတသိက် ၁၀–ပါး ယှဉ်သည်။

၃။ သောမနဿသန္တီရဏစိတ်၌ ဆန္ဒ, ဝီရိယ ကြဉ်သော အညသမာန်းစေတသိက် ၁၁–ပါး ယှဉ်သည်။

၄။ မနောဒွါရာဝဇ္ဇန်းစိတ်၌ ဆန္ဒ, ပီတိ ကြဉ်သော အညသမာန်းစေတသိက် ၁၁–ပါး ယှဉ်သည်။

၅။ ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ၁၂–ပါး ယှဉ်သည်။

# ကာမသောဘနစိတ် သင်္ဂဟနည်း

## မဟာကုသိုလ်စိတ်–၈

၁။ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိကစိတ် ၂–ပါး၌ အညသမာန်း စေတသိက် ၁၃–ပါး၊ သောဘနစေတသိက် ၂၅–ပါး၊ ပေါင်း ၃၈–ပါး ယှဉ်ပါသည်။

၂။ သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိကစိတ် ၂–ပါး၌ အညသမာန်း စေတသိက် ၁၃–ပါး၊ ပညာကြဉ်သော သောဘနစေတသိက် ၂၄–ပါး၊ ပေါင်း ၃၇–ပါး ယှဉ်ပါသည်။

၃။ ဥပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိကစိတ် ၂–ပါး၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂–ပါး၊ သောဘနစေတသိက် ၂၅–ပါး၊ ပေါင်း ၃၇–ပါး ယှဉ်ပါသည်။

၄။ ဥပေက္ခာသဟဂုတ်ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိကစိတ် ၂–ပါး၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး၊ ပညာကြဉ်သော သောဘနစေတသိက် ၂၄–ပါး၊ ပေါင်း ၃၆–ပါး ယှဉ်ပါသည်။

## မဟာဝိပါက်စိတ်–၈

၁။ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိကစိတ် ၂–ပါး၌ အညသမာန်း စေတသိက် ၁၃–ပါး၊ ဝိရတီ အပ္ပမညာ ကြဉ်သော သောဘနစေတသိက် ၂၀–ပါး၊ ပေါင်း ၃၃–ပါး ယှဉ်ပါသည်။

၂။ သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိကစိတ် ၂–ပါး၌ အညသမာန်း စေတသိက် ၁၃–ပါး၊ ဝိရတီ အပ္ပမညာ ပညာကြဉ်သော သောဘနစေတသိက် ၁၉–ပါး၊ ပေါင်း ၃၂–ပါး ယှဉ်ပါသည်။

၃။ ဥပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိကစိတ် ၂–ပါး၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂–ပါး၊ ဝိရတီ အပ္ပမညာ ကြဉ်သော သောဘနစေတသိက် ၂၀–ပါး၊ ပေါင်း ၃၂–ပါး ယှဉ်ပါသည်။

၄။ ဥပေက္ခာသဟဂုတ်ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် နှင့် သသင်္ခါရိကစိတ် ၂–ပါး၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး၊ ဝိရတီ အပ္ပမညာ ပညာကြဉ်သော သောဘနစေတသိက် ၁၉–ပါး၊ ပေါင်း ၃၁–ပါး ယှဉ်ပါသည်။

## မဟာကြိယာစိတ်–၈

၁။ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိကစိတ် ၂–ပါး၌ အညသမာန်း စေတသိက် ၁၃–ပါး၊ ဝိရတိ ကြဉ်သော သောဘနစေတသိက် ၂၂–ပါး၊ ပေါင်း ၃၅–ပါး ယှဉ်ပါသည်။

၂။ သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိကစိတ် ၂–ပါး၌ အညသမာန်း စေတသိက် ၁၃–ပါး၊ ဝိရတိ ပညာ ကြဉ်သော သောဘနစေတသိက် ၂၁–ပါး၊ ပေါင်း ၃၄–ပါး ယှဉ်ပါသည်။

၃။ ဥပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိကစိတ် ၂–ပါး၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂–ပါး၊ ဝိရတိ ကြဉ်သော သောဘနစေတသိက် ၂၂–ပါး၊ ပေါင်း ၃၄–ပါး ယှဉ်ပါသည်။

၄။ ဥပေက္ခာသဟဂုတ်ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် နှင့် သသင်္ခါရိကစိတ် ၂–ပါး၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး၊ ဝိရတိ ပညာကြဉ်သော သောဘနစေတသိက် ၂၁–ပါး၊ ပေါင်း ၃၃–ပါး ယှဉ်ပါသည်။

## မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း

၁။ မဟဂ္ဂုတ်ပထမဈာန်စိတ် ၃–ပါး၌ အညသမာန်းစေတသိက် ၁၃–ပါး၊, ဝိရတိ ကြဉ်သော သောဘန စေတသိက် ၂၂–ပါး၊ ပေါင်း ၃၄–ပါး ယှဉ်သည်။

၂။ မဟဂ္ဂုတ်ဒုတိယဈာန်စိတ် ၃–ပါး၌ ဝိတက်ကြဉ်သော အညသမာန်းစေတသိက် ၁၂–ပါး၊, ဝိရတိကြဉ်သော သောဘနစေတသိက် ၂၂–ပါး၊ ပေါင်း ၃၄–ပါး ယှဉ်သည်။

၃။ မဟဂ္ဂုတ်တတိယဈာန်စိတ် ၃–ပါး၌ ဝိတက်, ဝိစာရကြဉ်သော အညသမာန်းစေတသိက် ၁၁–ပါး၊, ဝိရတိကြဉ်သော သောဘနစေတသိက် ၂၂–ပါး၊ ပေါင်း ၃၃–ပါး ယှဉ်သည်။

၄။ မဟဂ္ဂုတ် စတုတ္ထဈာန်စိတ် ၃–ပါး၌ ဝိတက်, ဝိစာရ, ပီတိ ကြဉ်သော အညသမာန်းစေတသိက် ၁၀–ပါး၊, ဝိရတိကြဉ်သော သောဘန စေတသိက် ၂၂–ပါး၊၊ ပေါင်း ၃၂–ပါး ယှဉ်သည်။

၅။ မဟဂ္ဂုတ် ပဥ္စမဈာန်စိတ် ၃–ပါး၌ ဝိတက်, ဝိစာရ, ပီတိ ကြဉ်သော အညသမာန်းစေတသိက် ၁၀–ပါး၊, ဝိရတိ, အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၀–ပါး၊ ပေါင်း ၃၀–ပါး ယှဉ်သည်။

## လောကုတ္တရာစိတ် သင်္ဂဟနည်း

၁။ လောကုတ္တရာ ပထမဈာန်စိတ် ၈–ပါး၌ အညသမာန်းစေတသိက် ၁၃–ပါး၊, အပ္ပမညာ ကြဉ်သော သောဘန စေတသိက် ၂၃–ပါး၊ ပေါင်း ၃၆–ပါး ယှဉ်သည်။

၂။ လောကုတ္တရာ ဒုတိယဈာန်စိတ် ၈–ပါး၌ ဝိတက်ကြဉ်သော အညသမာန်းစေတသိက် ၁၂–ပါး၊, အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃–ပါး၊ ပေါင်း ၃၅–ပါး ယှဉ်သည်။

၃။ လောကုတ္တရာ တတိယဈာန်စိတ် ၈–ပါး၌ ဝိတက်, ဝိစာရကြဉ်သော အညသမာန်းစေတသိက် ၁၁–ပါး၊, အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃–ပါး၊ ပေါင်း ၃၄–ပါး ယှဉ်သည်။

၄။ လောကုတ္တရာ စတုတ္ထဈာန်စိတ် ၈–ပါး၌ ဝိတက်, ဝိစာရ, ပီတိ ကြဉ်သော အညသမာန်းစေတသိက် ၁၀–ပါး၊, အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃–ပါး၊ ပေါင်း ၃၃–ပါး ယှဉ်သည်။

၅။ လောကုတ္တရာ ပဉ္စမဈာန်စိတ် ၈–ပါး၌ ဝိတက်, ဝိစာရ, ပီတိ ကြဉ်သော အညသမာန်းစေတသိက် ၁၀–ပါး၊, အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃–ပါး၊ ပေါင်း ၃၃–ပါး ယှဉ်သည်။

# သမ္ပယောဂနည်း–သင်္ဂဟနည်း

| | အဟိတ်စိတ်–၁၈ပါး | | | | | | | အကုသိုလ်စိတ်–၁၂ပါး | | | | ကာမသောဘန–၂၄ပါး | | | | | | မဟဂ္ဂုတ်စိတ်–၂၇ပါး | | | | | လောကုတ္တရာစိတ်–၄၀ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စေတသိက | ဒွေပဉ္စဝိညာဏ်–၁၀ | သမ္ပဋိစ္ဆိုင်း–၂ | ဥပေက္ခာသန္တီရဏ–၂ | သောမနဿသန္တီရဏ–၁ | ပဉ္စဒွါရာဝဇ္ဇန်း–၁ | မနောဒွါရာဝဇ္ဇန်း–၁ | သောမနဿဟသိတုပ္ပါဒ်–၁ | လောဘမူစိတ်–၈ | ဒေါသမူစိတ်–၂ | ဝိစိကိစ္ဆာ–၁ | ဥဒ္ဓစ္စ–၁ | မဟာကုသိုလ်သောမနဿ–၄ | မဟာကုသိုလ်ဥပေက္ခာ–၄ | မဟာဝိပါက်သောမနဿ–၄ | မဟာဝိပါက်ဥပေက္ခာ–၄ | မဟာကြိယာသောမနဿ–၄ | မဟာကြိယာဥပေက္ခာ–၄ | ပဌမဈာန်စိတ်–၃ | ဒုတိယဈာန်စိတ်–၃ | တတိယဈာန်စိတ်–၃ | စတုတ္ထဈာန်စိတ်–၃ | ပဉ္စမဈာန်စိတ်–၁၅ | ပဌမဈာန်စိတ်–၈ | ဒုတိယဈာန်စိတ်–၈ | တတိယဈာန်စိတ်–၈ | စတုတ္ထဈာန်စိတ်–၈ | ပဉ္စမဈာန်စိတ်–၈ |
| သဗ္ဗစိတ္တ–၇ | | | | | | | | | | | | | | | | | | | | | | | | | | | |
| ဝိတက္က | မ | | | | | | | | | | | | | | | | | | မ | မ | မ | မ | | မ | မ | မ | မ |
| ဝိစာရ | မ | | | | | | | | | | | | | | | | | | | မ | မ | မ | | | မ | မ | မ |
| ပီတိ | မ | မ | မ | | မ | မ | | သော၄ | မ | မ | မ | | မ | | မ | | မ | | | | မ | မ | | | | မ | မ |
| အဓိမောက္ခ | မ | | | | | | | | | မ | | | | | | | | | | | | | | | | | |
| ဝီရိယ | မ | မ | မ | မ | မ | | | | | | | | | | | | | | | | | | | | | | |
| ဆန္ဒ | မ | မ | မ | မ | မ | မ | မ | | | မ | မ | | | | | | | | | | | | | | | | |
| မောဟ,အဟိရိက,အနောတပ္ပ,ဥဒ္ဓစ္စ | | | | | | | | | | | | | | | | | | | | | | | | | | | |
| လောဘ | | | | | | | | | မ | မ | မ | | | | | | | | | | | | | | | | |
| ဒိဋ္ဌိ | | | | | | | | ဒိသံ | မ | မ | မ | | | | | | | | | | | | | | | | |
| မာန | | | | | | | | ဒိဝိ(ရုံ) | မ | မ | မ | | | | | | | | | | | | | | | | |
| ဒေါသ | | | | | | | | မ | | မ | မ | | | | | | | | | | | | | | | | |
| ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ | | | | | | | | မ | ရုံသီး | မ | မ | | | | | | | | | | | | | | | | |
| ထိန,မိဒ္ဓ | | | | | | | | သသင်၅(ရုံတူ) | | မ | မ | | | | | | | | | | | | | | | | |
| ဝိစိကိစ္ဆာ | | | | | | | | မ | မ | | မ | | | | | | | | | | | | | | | | |
| သောဘနသာဓာရဏ–၁၉ သဒ္ဓါ,သတိ စသည် | | | | | | | | | | | | | | | | | | | | | | | | | | | |
| သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ | | | | | | | | | | | | ရုံသီး | ရုံသီး | မ | မ | မ | မ | မ | မ | မ | မ | မ | အမြဲတပေါင်းတည်း | | | | |
| ကရုဏာ, မုဒိတာ | | | | | | | | | | | | ရုံသီး | ရုံသီး | မ | မ | ရုံသီး | ရုံသီး | ရုံသီး | ရုံသီး | ရုံသီး | ရုံသီး | မ | မ | မ | မ | မ | မ |

**စေတသိက်**။ စိတ်နှင့်ယှဉ်သော သဘောတရားကို စေတသိက်ဟု ခေါ်သည်။

**ယှဉ်ပုံလေးမျိုး**။ ၁–စိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက် အတူဖြစ်ခြင်း (ဧကုပ္ပါဒ)
၂–စိတ်ချုပ်သည်နှင့် တစ်ပြိုင်နက်အတူချုပ်ခြင်း (ဧကနိရောဓ)
၃–စိတ်ယူအပ်သော အာရုံကိုသာ အတူယူခြင်း (ဧကာလမ္ဗန)
၄–စိတ်၏ မှီရာဝတ္ထုကိုသာ အတူတကွမှီခြင်း (ဧကဝတ္ထုက)

စိတ်နှင့်ပြိုင်တူဖြစ်သော တရားများတွင် စိတ္တဇရုပ် ကမ္မဇရုပ်တို့လည်းပါသည်။ သို့သော် ထိုရုပ်တရားတို့သည် ပြိုင်တူမချုပ်ကြ၍ စိတ်နှင့်ယှဉ်သည်ဟု မပြောနိုင်။ စိတ်နှင့် ဖြစ်ပျက်တူသော တရားတွင် ဝိညတ်ရုပ် ၂–ပါး ပါသည်။ ထိုရုပ်သည် စိတ်လို အာရုံကို မယူနိုင်၍ စိတ်နှင့် ယှဉ်သည်ဟု မပြောနိုင်။ ရုပ်မရှိသော အရူပဘုံဝယ် စိတ်+စေတသိက်သည် ဖြစ်ပျက်တူခြင်း အာရုံတူခြင်းကြောင့် စိတ်+စေတသိက်သည် ယှဉ်သည်ဟု ပြောနိုင်သည်။ ရုပ်နာမ်အပြည့်အစုံရှိသော ဘုံဝယ် စိတ်+စေတသိက်သည် ဖြစ်ပျက်တူခြင်း အာရုံတူခြင်းသာမက မှီရာပါတူရကား ယှဉ်,မယှဉ် သတ်မှတ်ရန် စည်းမျဉ်း (ဥပဒေ) လေးမျိုးဖြစ်ရလေသည်။ ဤလေးမျိုးကိုက်ညီသည့် စိတ်နှင့် စေတသိက်ကိုသာ ယှဉ်သည် (သမ္ပယုတ္တ) ဟု ပြောရလေသည်။ စိတ် စေတသိက်နှင့် ရုပ်သည် ဤလေးမျိုးသော စည်းမျဉ်းနှင့် မကိုက်ညီသည့်အတွက် မယှဉ် (ဝိပ္ပယုတ္တ) ဟု ပြောရလေသည်။

စိတ်, စေတသိက်အထူး။ ။ စိတ်သည် အာရုံကိုသိခြင်းအားဖြင့် တစ်မျိုးသာ ရှိသော်လည်း စေတသိက်တို့၏ ချယ်လှယ်မှုကြောင့် စိတ်အမျိုးမျိုး ကွဲပြားသွားရသည်။ စိတ်သည် အာရုံကိုယူမှုသက်သက် အလုပ်ကိုသာ လုပ်၏။ စိတ်ကိုအမှီပြုပြီး အာရုံကို မှတ်သားမှု(သညာ) တွေ့ထိမှု(ဖဿ)စသည် စေတသိက်တို့ ဖြစ်ကြရလေသည်။ ပန်းချီဆရာသည် ရေမှာ ဆေးရောင်စုံမှုန့်တို့ကို ထည့်ပြီး ပန်းချီကားချပ်၌ လိုရာအရုပ်ကို ရေးဆွဲသည်။ ဤဥပမာ၌ စိတ်သည် ရေကြည်နှင့်တူ၏။ စေတသိက်သည် ဆေးရောင်စုံမှုန့်တို့နှင့် တူ၏။ အာရုံသည် ကားချပ်နှင့် တူ၏။ ရေကြည်၏ အလုပ်က ကားချပ်ပြင်၌ ဆေးပြန့်နှံ့အောင်လုပ်သလို စိတ်က စေတသိက်၏ မှီရာအဖြစ် လုပ်ပေးရသည်။ ဆေးရောင်စုံ၏ အလုပ်က ရေကိုမှီတွယ်၍ အရောင် မျိုးစုံ ထင်အောင် ပြုလုပ်ပေးရသလို စေတသိက်က စိတ်ကိုမှီတွယ်၍ပင် မှတ်သားခြင်း စသည်ကို ပြုလုပ် သည်။ ကားချပ်သည် ရေနှင့်ဆေးရောင်တို့၏ တည်ရာဖြစ်သလို အာရုံသည် စိတ်+စေတသိက်တို့၏ မှီရာဖြစ်ရသည်။

**လက္ခဏာဒိစတုက္က**။ ။ ပရမတ္ထတရားတိုင်းကို လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့် သဘောတရား လေးမျိုးဖြင့် ခွဲခြမ်းစိတ်ဖြာ ပြုလုပ်နိုင်သည်။

လက္ခဏ – ပရမတ္ထတရားတစ်ခု၏ အမှတ်အသား
ရသ – ပြုဘွယ်ကိစ္စ(ကိစ္စရသ) အကြောင်းစုံညီ၍ ဖြစ်ပုံ(သမ္ပတ္တိရသ)
ပစ္စုပဋ္ဌာန်– အကျိုးတရား၊ တရားထိုင်သူ၏ဉာဏ်၌ ထင်လာပုံအခြင်းအရာ
ပဒဋ္ဌာန် – ပရမတ္ထတရား ဖြစ်ပေါ်လာခြင်း၏ အနီးဆုံး အကြောင်းတရား

**(ဥပမာ)** ဣဿာ(ငြူစူစောင်းမြောင်းခြင်း) လက္ခဏာဒိစတုက္က

၁။ သူတစ်ပါးစည်းစိမ်ကို ငြူစူခြင်းလက္ခဏာ ရှိ၏။
၂။ သူတစ်ပါးစည်းစိမ်၌ မမွေ့လျော်နိုင်ခြင်းကိစ္စ ရှိ၏။
၃။ မရှုစိမ့်ဘဲ မျက်နှာလွှဲတတ်သောတရားဟု တရားထိုင်သူဉာဏ်၌ ထင်ရှားလာ၏။
၄။ သူတပါးစည်းစိမ်သည် အနီးဆုံးအကြောင်း ဖြစ်၏။

(အခြားစေတသိက်တို့ကိုလည်း အဘိဓမ္မာအဖွင့်ကျမ်းများ၌ လေ့လာပါ)

# ရုပ်ပိုင်း

## (၁) ရုပ်များကို ရေတွက်ပြခြင်း

### က။ မဟာဘုတ်ရုပ် ၄–ပါး

၁။ ပထဝီ–နူးညံ့ခက်မာခြင်းသဘော
၂။ အာပေါ–ယိုစီးဖွဲ့စည်းခြင်းသဘော
၃။ တေဇော–ပူအေးခြင်းသဘော, အရှိန်အငွေ့သဘော
၄။ ဝါယော–တွန်းကန်လှုပ်ရှား ထောက်မခြင်းသဘော

### ခ။ ပသာဒရုပ် ၅–ပါး

၁။ စက္ခုပသာဒ–မျက်စိအကြည်
၂။ သောတပသာဒ–နားအကြည်
၃။ ဃာနပသာဒ–နှာခေါင်းအကြည်
၄။ ဇိဝှါပသာဒ–လျှာအကြည်
၅။ ကာယပသာဒ–ကိုယ်အကြည်

### ဂ။ ဂေါစရရုပ် ၇–ပါး

၁။ ရူပါရုံ–အဆင်း
၂။ သဒ္ဒါရုံ–အသံ
၃။ ဂန္ဓာရုံ–အနံ့
၄။ ရသာရုံ–အရသာ
၅။ ဖောဋ္ဌဗ္ဗာရုံ–နူးကြမ်း(ပထဝီ) ပူအေး(တေဇော) တွန်းလှုပ်ထောက်ကန် (ဝါယော)သဘော

### ဃ။ ဘာဝရုပ် ၂–ပါး

၁။ ဣတ္ထိဘာဝ–အမပုံစံဖော်ပေးသောရုပ်
၂။ ပုရိသဘာဝ–အထီးပုံစံဖော်ပေးသောရုပ်

### င။ ဟဒယဝတ္ထုရုပ် ၁–ပါး

၁။ ဟဒယဝတ္ထု–စိတ်၏နေရာရုပ်

### စ။ ဇီဝိတရုပ် ၁–ပါး

၁။ ဇီဝိတ–ကံကြောင့်ဖြစ်သောရုပ်ကို စောင့်ရှောက်သောရုပ်

### ဆ။ အာဟာရရုပ် ၁–ပါး

၁။ အာဟာရ–အစားအသောက်၌ပါသော အဆီအနှစ်(သြဇာ)ရုပ်

### ၈။ အာကာသဓာတ်ရုပ် ၁–ပါး

အာကာသ–ရုပ်ကလာပ်နှစ်ခုတွေ့ဆုံက အလိုအလျောက် ပေါ်လာသော အကြားရုပ်

### ၉။ ဝိညတ်ရုပ် ၂–ပါး

၁။ ကာယဝိညတ္တိ–သူတပါးအား မိမိအလိုဆန္ဒကို ကိုယ်ဖြင့်သိစေသော အမူအရာရုပ်
၂။ ဝစီဝိညတ္တိ–သူတပါးအား မိမိအလိုဆန္ဒကို နှုတ်ဖြင့်သိစေသော အမူအရာရုပ်

### ၁၀။ ဝိကာရရုပ် ၃–ပါး

၁။ လဟုတာ–(စိတ္တဇ ဥတုဇ အာဟာရဇ)နိပ္ဖန္နရုပ်တို့၏ ပေါ့ပါးခြင်းသဘော
၂။ မုဒုတာ–(စိတ္တဇ ဥတုဇ အာဟာရဇ)နိပ္ဖန္နရုပ်တို့၏ နူးညံ့ခြင်းသဘော
၃။ ကမ္မညတာ–(စိတ္တဇ ဥတုဇ အာဟာရဇ)နိပ္ဖန္နရုပ်တို့၏ အမှု၌ခံ့ခြင်းသဘော

### လက္ခဏရုပ် ၄–ပါး

၁။ ဥပစယ–(က) ဘဝတခု၌ ရုပ်အစစ်တို့၏ ရှေးဦးစွာ ဖြစ်ခြင်း
(ခ) ဘဝတခု၌ ရထိုက်သမျှရုပ်များ ပြည့်စုံသည့်တိုင်အောင် ရုပ်အစစ်တို့၏ အထက်ထက်၌ တိုးတက်၍ ဖြစ်ခြင်းသဘော
၂။ သန္တတိ[၁]–ဘဝတခု၌ ရထိုက်သမျှရုပ်များ ပြည့်စုံပြီးသည့်နောက် ရုပ်အစစ်တို့၏ အအထက်အထက်၌ တိုးတက်၍ဖြစ်ခြင်းသဘော
၃။ ဇရတာ–ရုပ်၏ ရင့်ရော်မှု
၄။ အနိစ္စတာ–ရုပ်၏ ပျက်စီးမှု

---

၁ ရုပ်အစစ်တို့၏ ဖြစ်မှုကိုပင် ဝေနေယျတို့၏ အလိုအဇ္ဈာသယအားလျော်စွာ အချိန်ကာလပိုင်ခြား၍ နှစ်မျိုးဟောကြားထားသည်။ (ကြာပန်းနှင့်ပမာတူသည့်ဘုရားရှင် ၉)

## ရုပ်များ၏ အဓိပ္ပါယ်ကို အကျယ်ရှင်းလင်းပြခြင်း

**ပထဝီ**။ ။ ပထဝီဓာတ်ဆိုသည်ကား စမ်းသပ်၊ တို့ထိ၊ နှိက်ဖိ၊ ဆုပ်ကိုင်လိုက်သောအခါ တွေ့ထိအပ်သော အကြမ်း၊ အနု၊ အခုအခံ၊ ခက်ထန်မာထပ်သော သဘောဖြစ်သည်။ ယင်းသဘောကိုပင် ပထဝီဓာတ်ဟု ဆိုရသည်။ ပထဝီတခြား သဘောတခြားမဟုတ်။ ပထဝီဓာတ်လွန်လျှင် အတုံး၊ အဖတ်၊ အစိုင်၊ အခဲကဲ့သို့ ဖြစ်ရသည်။ ယင်းအတုံးအဖတ်၊ အစိုင်အခဲတွေကိုလည်း လွန်ဓာတ်ကိုစွဲ၍ ပထဝီဓာတ်ဟုပင်ဆိုရသည်။ အစစ်မဟုတ်။ အစစ်ပထဝီကို မျက်စိနှင့်ကြည့်၍ မမြင်ကောင်း။ ဉာဏ်မျက်စိနှင့် ကြည့်မှ မြင်သည်။ တို့ထိဆုပ်ကိုင်၍လည်း သိကောင်း၏။ ပထဝီဓာတ်သည် တပါးသောရုပ်တို့၏ မှီရာတည်ရာ အခံဓာတ်ဖြစ်သည်။

**အာပေါ**။ ။ အာပေါဓာတ်ဆိုသည်မှာ ရုပ်အများဖရိုဖရဲ မရှိစေရအောင် ပေါင်းစုစည်းကပ် တွယ်စပ်ဖွဲ့စည်းခြင်းသဘော၊ ရိပျော် စိုစွပ်ခြင်း အရည်အစေးသဘောပင် ဖြစ်သည်။ ယင်းသဘောကိုပင် အာပေါဓာတ်ဟု ဆိုရသည်။ အာပေါတခြား သဘောတခြားမဟုတ်။ အာပေါဓာတ်လွန်လျှင် အရည်အစေးဖြစ်ရ၏။ ယင်းအရည်အစေးကိုလည်း ဓာတ်လွန်ကိုစွဲ၍ အာပေါဓာတ်ဟူ၍ပင် ဆိုရသည်။ အစစ်မဟုတ်။ အစစ်အာပေါကို မျက်စိနှင့် ကြည့်၍ မမြင်။ ဉာဏ်နှင့်ကြည့်မှ မြင်သည်။ ဆုပ်ကိုင်တို့ထိ၍လည်း မတွေ့မထိ။

**တေဇော**။ ။ တေဇောဆိုသည်မှာ ရင့်စေ ကျက်စေ ဆွေးမြေ့လောင်းကျွမ်းစေသော အပူ၊ အအေး၊ အနွေး၊ အငွေ့၊ အရှိန်သဘောပင်ဖြစ်သည်။ ယင်းသဘောကို တေဇောဓာတ်ဟူ၍ ဆိုရလေသည်။ တေဇောတခြား သဘောတခြားမဟုတ်။ တေဇောဓာတ်လွန်လျှင် မီးတောက်၊ မီးလျှံ၊ စွဲငြိမီး ဖြစ်ရ၏။ မီးတောက်မီးလျှံကိုလည်း ဓာတ်လွန်ကိုစွဲ၍ တေဇောဓာတ်ဟု ဆိုရသည်။ အစစ်မဟုတ်။ အစစ်တေဇောကို မျက်စိနှင့် ကြည့်မမြင်ကောင်း။ ဉာဏ်နှင့်ကြည့်မှ မြင်သည်။ တို့ထိ၍ သိကောင်းသည်။

**ဝါယော**။ ။ ဝါယောဓာတ်ဆိုသည်မှာ ဖောင်းပွခြင်းသဘော၊ ပင့်ခံခြင်းသဘော၊ တွန်းကန်ခြင်းသဘော၊ တောင့်ခိုင်ခြင်းသဘော၊ ဖိညှပ်နှိပ်ပင့်ခြင်းသဘော၊ မှုတ်လွှင့်တိုးဝှေ့ခြင်းသဘော၊ လှုပ်ရှားခြင်း, လှုပ်ရှားစေခြင်း အဟုန်သဘောပင်ဖြစ်သည်။ ယင်းသဘောကိုပင် ဝါယောဓာတ်ဟု ဆိုသည်။ ဝါယောလွန်လျှင် လေပြေ, လေညှင်း၊ လေပြင်းဖြစ်၏။ လေပြေလေညှင်းလေပြင်းကိုလည်း ဓာတ်လွန်ကိုစွဲ၍ ဝါယောဓာတ်ဟုဆိုသည်။ အစစ်မဟုတ်။ အစစ်ဝါယောကို မျက်စိဖြင့် မမြင်ကောင်း။ ဉာဏ်နှင့်ကြည့်မှ မြင်သည်။ တွေ့ထိ၍သိကောင်း၏။

## ခြေလှမ်းရာတွင် မဟာဘုတ်သတ္တိ

ခြေကြွမှုသည် တေဇောသတ္တိ၊ ရှေ့သို့ တည့်တည့်လှမ်းမှု၊ နံဘေးသို့ ဖဲ့၍ လှမ်းမှုသည် ဝါယောသတ္တိ၊ ကြွလှမ်းသောခြေကို အောက်သို့ချမှုသည် အာပေါသတ္တိ၊ ခြေကို မြေ၌ထားမှု, ဖိနှိပ်၍ နင်းမှုသည် ပထဝီ

သတ္တိဖြစ်သည်။ ထို့ကြောင့် "တေဇောသည် အထက်သို့ မြောက်တက်ခြင်း သတ္တိရှိ၏၊ ဝါယောသည် နံဘေးရှစ်မျက်နှာသို့ လွင့်ခြင်းသတ္တိရှိ၏၊ အာပေါသည် အောက်သို့ ကိုင်းရှိုင်းခြင်း လျောသက်ခြင်း သတ္တိရှိ၏၊ ပထဝီသည် တည်ခြင်း သဘောရှိ၏"ဟု ဆိုသည်။ (သံခိပ်ဋီ ဒု-၁၇၄)

## ဓာတ်ကြီးလေးပါး တခုကိုတခု အမှီပြုနေကြပုံ

လေပြေလေညှင်း အရောင် အနံ့ အသံ ရေတို့၌ ပထဝီဓာတ်ပါသည်။ ပထဝီမရှိလျှင် တည်ရာမရှိ၍ အရောင်အနံ့အသံစသည်တို့မရှိနိုင်။ ရေထုလေထုတွင် အပေါ်က ရေလေကို အောက်ကရေလေတို့က ခုခံထားရသည်မှာ သိသာ၏။ ထိုသို့ ခံပေးထားမှုသည် ပထဝီသဘောတည်း။ နေရောင်လရောင်ခေါင်းလောင်းသံ စသည်တို့၌ ပထဝီဓာတ်ပါသော်လည်း အလွန်သိမ်မွေ့သော ပထဝီဖြစ်နေ၍ ပထဝီပါကြောင်း သဘာဝယုတ္တိ ပြဖို့မလွယ်ပေ။ စိန်၌ပါသော ပထဝီဓာတ်ကို အမာဆုံးထား၍ လရောင်၌ပါသော ပထဝီဓာတ်ကို အပျော့ဆုံး ထားကာ ပထဝီဓာတ် အမာအပျော့ အဆင့်ဆင့်ရှိနိုင်ပုံ သိပါ။ မာတာလည်း ပထဝီ၊ ပျော့တာလည်း ပထဝီပင်။ ပထဝီဟူသည် ခက်မာမှုကြိယာသာဖြစ်သည်။ အဏုမြူတခုကို အစိတ်တသိန်းစိတ်၍ တစိတ်စာမျှ အထည်ဒြပ် မရှိ။ ခက်မာမှုကြိယာ ပထဝီသည် အာပေါရေဓာတ် ဖွဲ့ပေးမှုကြောင့် ကုဋေသိန်းသန်းပေါင်းမိသော် အဏုမြူ တခုဖြစ်၏။ အဏုမြူပေါင်း ကုဋေသိန်းသန်း ပေါင်းမိသော် သန်း ကြမ်းပိုး အစရှိ ဒြပ်ဖြစ်လာ၏။ ဒြပ်တခု၌ ပထဝီသည် အမာခံ အထည်ခံ ဖြစ်၍ အဓိကဖြစ်၏။ ရေ လေ မီးဓာတ်တို့သည် ပထဝီ မြေဓာတ်၌ မှီတွယ်နေကြသည်။ ပထဝီဓာတ်သည် ခက်မာခြင်းကြိယာသဘောမျှသာဖြစ်၍ အကြီးအငယ် အရှည်အတိုကို မြင်က သဏ္ဌာန်ပညတ်ကို မြင်နေသည်ဟု မှတ်ရာ၏။ **မှန်ကအရိပ်သည် မြင်မိုရ်တောင်လောက်ကြီးပါစေ၊ ဒြပ်မဟုတ်သဖြင့် ပျောက်ခွင့်ကြုံက အလွယ်တကူပျောက်နိုင်သလို ပရမတ်မြေ ပထဝီဓာတ်လည်း အစိုင်အခဲ မဟုတ်၍ တစက္ကန့်အတွင်း အကြိမ်တရာမက ပျက်နိုင်**သည်။ ထို့ကြောင့် **ခန္ဓာကိုယ် အစိတ်အပိုင်း တခုက ပထဝီဓာတ် (မာပျော့သည့်သဘော)ကို ပိုင်အောင်ကြည့်က တရားရနိုင်**သည်။

အာပေါဓာတ်ဆိုသည်မှာလည်း ဖွဲ့စည်းပေးမှုကြိယာ သက်သက်သာတည်း။ အဏုမြူတခုကို အစိတ်တသိန်းစိတ်၍ တစိတ်စာမျှ အထည်ဒြပ် မရှိ။ အာပေါရေဓာတ်သည် ပထဝီ တေဇော ဝါယော ဓာတ်သုံးပါးကို တခုတည်းတသားတည်းဖြစ်အောင် ဖွဲ့နှောင်စီးကြပ်ပေးသည်။ အာပေါက ဖွဲ့စည်းပေးထားသဖြင့် ဓာတ်တို့သည် တပါးကိုတပါး ထောက်ပံ့ခွင့်ရကြသည်။ **အာပေါက မဖွဲ့စည်းပေးပါမူ ဓာတ်ကြီးသုံးပါး အစည်းပြေ၍ ခဏချင်း ပျောက်ကွယ်**သွားမည်။ စကြာဝဠာ မြင်မိုရ်တောင်စသည် ဖြစ်နေခြင်းသည် အာပေါက ဖွဲ့စည်းပေးထားမှုကြောင့်ဖြစ်သည်။ ဖွဲ့စည်းမရှိတော့က စကြာဝဠာစသည်လည်း မရှိတော့နိုင်။ လူနတ်ဗြဟ္မာ ငရဲ တိရစ္ဆာန် ပြိတ္တာတို့ **ခန္ဓာကိုယ် ပေါ်ပေါက်နေရသည်မှာလည်း အာပေါ၏ ဖွဲ့စည်းပေးမှုကြောင့်**ပင် ဖြစ်တော့သည်။

တေဇောဓာတ်ဆိုသည်မှာလည်း ပူမှုအေးမှု အမူကြိယာ သက်သက်သာတည်း။ ပူမှုအေးမှု တေဇောဓာတ်သည် မဟာဘုတ်သုံးပါးတို့ကို ရင့်မာသန်စွမ်းအောင် ပေါင်းနွေးပေးသည်။ **တေဇောဓာတ်၏ ပေါင်းနွေးပေးမှုကြောင့် ကျန်ဓာတ်သုံးပါးတို့ ခွန်အားဗလပြည့်စုံ**ကာ မိမိတို့လုပ်ရမည့် အလုပ်ကို လုပ်နိုင်ကြပေသည်။ ကြက်ဥသည် ကြက်မ,မဝတ်ပဲ ကြက်ငယ်မဖြစ်နိုင်။ ကြက်မဝတ်မှသာ ကြက်ငယ်ဖြစ်နိုင်သကဲ့သိုတည်း။ တေဇောဓာတ်သည် အမိကြက်မနှင့်တူ၏။ ကျန်ဓာတ်သုံးပါးသည် ကြက်ဥနှစ်နှင့်တူ၏။ **တေဇောနှင့်တွဲရမှ ပထဝီခက်မာမှုသည် အောင်မြင်**သည်။ အာပေါဖွဲ့စည်းမှု ဝါယောအရှိန်အဟုန် အားဓာတ်တို့လည်း အောင်မြင်သည်။ သမုဒ္ဒရာရေ ကမ္ဘာကိုခံသောရေ မြင့်မိုရ်တောင် စကြာဝဠာတောင်စသည်တို့သည် သီတတေဇော၏ အစီးအပွားတို့သာတည်း။ **တေဇောကို ရှုမှတ်သောအခါ အေးသောဝတ္ထုဌ် အေးမှုသက်သက်ကိုသာ ရှုရသည်**။ **ပူသောဝတ္ထု၌ ပူမှုသက်သက်ကိုသာ ရှုရသည်**။ **အဆင်းသဏ္ဌာန်အထည်ဒြပ် ပညတ်နှင့် မရောနှောစေနှင့်**။

မီးတောက်တလူလူတက်ခြင်း မီးခိုးထွက်ခြင်း၌ ဝါယော၏ အရှိန်အဟုန်ပါ၏။ မီးမတောက်က လေခတ်ပေးရခြင်းမှာ ဝါယောကူပေးခြင်းဖြစ်သည်။ **ဝါယောကြောင့် မီးပွားခြင်း မီးရောင်ပြန့်ပွားခြင်းဖြစ်**သည်။ ပူမှုရှိလျှင် ပူရှိန်ရှိမြဲ၊ အေးမှုရှိလျှင် အေးရှိန်ရှိမြဲ။ ပူမှုအေးမှုကား တေဇော၊ အရှိန်အဟုန်ကား ဝါယောတည်း။ အရှိန်အဟုန်ဟူသော လေဓာတ်သည် ကလာပ်တူ မြေဓာတ် ရေဓာတ်တို့၏ အားခွန်ဗလတည်း။ အရှိန်အဟုန် ပွားရာ ကလာပ်တူမဟာဘုတ်ရုပ်တို့ ဖြစ်ပေါ်၍ လိုက်ရ၏။ အရှိန်အဟုန် အလွန်အားကောင်းသော် လေပြင်း မုန်တိုင်းဖြစ်၏။ **လေမွှေ့ရာ လေခေါင်းအုံးတို့၌ ထောက်ကန်မှု တောင့်တင်းမှု ချီးပင့်ထမ်းဆောင်မှုသည် ဝါယော၏ သဘော**တည်း။ မြင့်မိုရ်တောင် စကြဝဠာစသည်တို့၌ ရှိသော သီတဓာတ်မီးသည် လေဓာတ်အစွမ်း ကြောင့် ခဏတိုင်းခဏတိုင်းပွား၍ ကမ္ဘာပျက်သည့်တိုင်အောင် ရုပ်ကလာပ်အဆက်ဆက် ပွားများစေနိုင်သည်။

ဟဒယဝတ္ထု၌ဖြစ်ပေါ်သော တခုတခုသော စိတ်ကြောင့် ခဏခြင်း ခဏခြင်း တကိုယ်လုံး စိတ္တဇရုပ် ကလာပ်တို့ ပျံ့နှံ့ဖြစ်ပွားမှု၊ ဥတုဇရုပ်ကလပ်တို့ ပျံ့နှံ့ဖြစ်ပွားမှု၊ ဝမ်းထဲသို့ရောက်သော အစာအာဟာရ ဓာတ်တို့၏ တကိုယ်လုံးအနှံ့အပြားဖြစ်မှု၊ ကလလရေကြည်မှ စ၍ သတ္တဝါတို့၏ အစဉ်အတိုင်း တိုးပွားစီကား မှု၊ အညွန့်အညှောက်ပေါ်ပေါက်သည်မှ စ၍ သစ်ပင် ချုံမြက်တို့၏ အစဉ်အတိုင်း **တိုးပွားစည်ကားမှုတို့ သည်လည်း ဝါယောဓာတ် လှုံ့ဆော်မှု**ကြောင့်ဖြစ်သည်။

ဓာတ်လေးပါးသည် အသီးအသီး သဘောလက္ခဏာရှိ၏။ ပထဝီပေါ်၌ တည်ကြရသည်။ ဖြစ်အတူ ပျက်အတူဖြစ်သည်။ မြေဓာတ်ပျက်လျှင် တည်ရာပျက်၍ ကျန်ဓာတ်သုံးပါး ပျက်ရသည်။ ဖွဲ့စည်းမှုမရှိလျှင် အဖွဲ့အစည်းပျက်၍ တပါးနှင့်တပါး ထောက်ပန့်မှုကင်း၍ အကုန်ပျက်ကြသည်။ မီးဓာတ်ပေါင်းနွေးမှုပျက်လျှင် ကျန်ဓာတ်သုံးပါး သဘောအတိုင်း ပြည့်စုံစွာ မတည်နိုင်ကြသဖြင့် ပျက်စီးကြသည်။ တောင့်တင်းမှုဝါယော ပျက်လျှင် ကျန်ဓာတ်သုံးပါး အားပြတ်၍ ပျက်စီးကြသည်။ မီးသည် လေမရှိက တလူလူမဖြစ်နိုင်။ မြေသည် ခက်မာခြင်းကြိယာကို တင်းရင်းအောင် ချီမပေးသော လေမရှိက အားပြတ်ကွယ်လေသည်။ ဖွဲ့စည်းခြင်း ရေဓာတ်သည်လည်း ဖွဲ့ခြင်းကြိယာကို တင်းရင်အောင် ချီမပေးသော လေမရှိက အားပြတ်ကွယ်ဆုံးသည်။ ဓာတ်ကြီးလေးပါး၏ အချုပ်အခြာကား တေဇောဓာတ်ပေတည်း။ (တီချုပ် ပ ၄၃၈–၄၄၈ အနှစ်ချုပ်)

## ဓာတ်လေးပါးသတ္တိလွန်ကဲပုံ

ရုပ်ရှစ်ပါးပေါင်းနေသော အဋ္ဌကလာပ်ရုပ်သည် စိတ်ကြောင့်ဖြစ်ရသောအခါ စိတ်၏အလိုအတိုင်း ပထဝီဓာတ် အာပေါဓာတ်တို့၏ အစွမ်းသတ္တိလွန်ကဲသည်လည်း ရှိ၏။ တေဇောဓာတ် ဝါယောဓာတ်တို့က အစွမ်းသတ္တိလွန်ကဲသည်လည်း ရှိ၏။ **“လွန်ကဲ”**ဟူရာ၌ အထည်ကိုယ်ကြီးမားလာခြင်းမဟုတ်, **သတ္တိ၏သာလွန်ခြင်းသာ** ဖြစ်၏။ တခါတရံ စိတ်၏အလိုအတိုင်း ထိုရုပ်ကလာပ်တွင် ဝိညတ်ဟု ခေါ်အပ်သော အခြင်းအရာတမျိုးလည်းပါဝင်၏။ ထို**ဝိညတ်ကြောင့် စိတ်ကသွားးလိုလျှင် ရုပ်ကလာပ်သည် ရှေ့သို့တိုး၍တိုး၍ ဖြစ်ရ**၏။ ဤဝိညတ်သည် အကောင်းအထည်းထင်ရှားရှိသော အရာမဟုတ်။ စိတ်၏ထူးခြားသော အမူအရာတမျိုးသာဖြစ်၏။

## သွားရာ၌ ရုပ်ဖြစ်ပုံ

သွားရာအခါ၌ ရပ်နေရာမှ ပထမခြေလှမ်းကို လှမ်းသောအခါ လှမ်းလိုသောစိတ်ဖြစ်၏။ ထိုစိတ်ဖြစ်သည်နှင့် တပြိုင်နက် စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်လည်းဖြစ်၏။ စိတ္တဇကလာပ်၌ ရုပ်ပေါင်းကိုးပါး ပါ၏။ ထိုတွင် ကာယဝိညတ်သည် အတူဖြစ်သော ရုပ်တို့ကို စိတ်အလိုအတိုင်းဖြစ်အောင် ပဲ့ကိုင်ပေးသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် စိတ်က ခြေကို ရှေ့တိုးလိုသောအခါ ဖြစ်သမျှရုပ်ကလာပ်တွေသည် ရှေ့တိုးသော အခြင်းအရာအားဖြင့် ဖြစ်ကြရ၏။ မြှောက်လိုသောအခါ မြှောက်သောအခြင်းအရာအားဖြင့် ချလိုသောအခါ ချသောအခြင်းအရာအားဖြင့် ဖြစ်ကြရသည်။

## ဝါယောဓာတ်သတ္တိလွန်ကဲပုံ

ခြေလှမ်းရာ၌ မြှောက်သောအခါ ဖြစ်သောရုပ်တို့၌လည်းကောင်း ရှေးတိုးသောအခါ ဖြစ်သော ရုပ်တို့၌လည်းကောင်း ရှေခြေကို ရောင်သောအခါ ဖြစ်သော ရုပ်တို့၌လည်းကောင်း ကမ္မဇစိတ္တဇ ဥတုဇအာဟာရဇရုပ်တွေ ပါဝင်၏။ ထိုရုပ်တိုတွင် စိတ်ကြောင့်ဖြစ်သောရုပ်တို့၌ စိတ်အလိုအတိုင်း စိတ္တဇဝါယောဓာတ်သည် သတ္တိလွန်ကဲလျက်ရှိ၏။ ထိုဝါယောဓာတ်သတ္တိလွန်ကဲမှုကြောင့် နောက်နောက်ဖြစ်သော ရုပ်တို့သည် နေရာဟောင်း၌ ထပ်မဖြစ်ပဲ ရွှေ့၍ရွှေ့၍ ဖြစ်ရလေသည်။

## ပထဝီဓာတ်သတ္တိလွန်ကဲပုံ

အောက်ချသောအခါ၌ အောက်ချလိုသော စိတ်အစွမ်းကြောင့် ပထဝီဓာတ်သတ္တိလွန်ကဲသော ရုပ်တွေ အောက်ဘက်သို့ ရွှေ့၍ရွှေ့၍ ဖြစ်ကြရသည်။ မသိမသာ ရွှေ့၍ရွှေ့၍ ဖြစ်ကြရာဝယ် အဖြစ်များသောအခါ အောက်ချပုံ အောက်ထိပုံ ဖိ၍နင်းပုံကို မြင်ကြရလေသည်။ **စိတ္တဇရုပ် အထက်မြှောက်လိုက် အောက်ချလိုက်ဖြစ်ကြရာဝယ် ကံဥတုအာဟာရကြောင့်ဖြစ်သောရုပ်တို့လည်း စိတ္တဇရုပ်တို့နှင့် အတူ ဖြစ်ပျက်ကြ**ရလေသည်။

**စက္ခုပသာဒ**။ မျက်စေ့အကြည်။ မျက်လုံးအတွင်း မျက်နက်ဝန်းအလယ် သူငယ်ရိပ်ထင်ရာ၌ စက္ခုပသာဒ ရုပ်ပေါင်းများစွာ ပြန့်နှံ့လျှက်ရှိသည်။

**သောတပသာဒ**။ နားအကြည်။ နားခေါင်းအတွင်း လက်စွပ်ကွင်းသဏ္ဍာန်နှင့်တူသောအရပ်၌ သောတပသာဒ ရုပ်ပေါင်းများစွာ ပြန့်နှံ့လျှက်ရှိသည်။

**ဃာနပသာဒ**။ နှာခေါင်းအကြည်။ နှာခေါင်းအတွင်း ဆိတ်သတ္တဝါ၏ ခွါနှင့် သဏ္ဍာန်တူသောအရပ်၌ ဃာနပသာဒ ရုပ်ပေါင်းများစွာ ပြန့်နှံ့လျက် တည်ရှိသည်။

**ဇိဝှါပသာဒ**။ လျှာအကြည်။ လျှာ၏အလည်၌ ကြာပွင့်အဖတ်ဖျားနှင့် အလားတူသော အရပ်ဝယ် ဇိဝှါပသာဒ ရုပ်ပေါင်းများစွာ ပြန့်နှံ့လျက်ရှိသည်။

**ကာယပသာဒ**။ ကိုယ်အကြည်။ အစာသစ်အိမ်၏ အောက်၌တည်သော ဝမ်းမီးဟု ခေါ်အပ်သော ပါစကတေဇော ကလာပ်, အသားမာ အရေခြောက်နှင့် ခြေသည်းလက်သည်းဖျား ဆံပင်အမွေးဖျားမှတပါး တစ်ကိုယ်လုံး၌ ကာယပသာဒ ရုပ်ပေါင်းများစွာ ပြန့်နှံ့လျက်ရှိသည်။

**ရူပါရုံ**။ မြင်စရာဖြစ်သော သက်ရှိသက်မဲ့ရှိ အဖြူ အနီ အကြောင်အကျား အနက်စသော အရောင်အမျိုးမျိုးကို ရူပါရုံဟု မှတ်ပါ။ အိမ်, ကား, နွား စသည်တို့၏ အထည်ကိုဒြပ်သည် ရူပါရုံမဟုတ်။ ရူပါရုံက ပြ၍သာ အထည်ဒြပ် ထင်ရှားနေခြင်းဖြစ်သည်။

**သဒ္ဒါရုံ**။ သက်ရှိသက်မဲ့အရာအားလုံး၏ အသံကို သဒ္ဒါရုံဟု ခေါ်သည်။

**ဂန္ဓာရုံ**။ ကောင်းကောင်းဆိုဆိုး အမျိုးမျိုးသော အနံ့ကို ဂန္ဓာရုံဟု ခေါ်သည်။

**ရသာရုံ**။ အချို, အချဉ်, အဆိမ့်, အဖန်, အခါး, အငန်, အစပ်စသည့် အရသာတို့ကို ရသာရုံဟု ခေါ်သည်။

**ဖောဋ္ဌဗ္ဗာရုံ**။ တို့ထိစရာမှန်သမျှကို ဖောဋ္ဌဗ္ဗာရုံဟု ခေါ်သည်။ ဖောဋ္ဌဗ္ဗာရုံကား ရုပ်သီးခြားမဟုတ်၊ ပထဝီ တေဇော ဝါယော ဓာတ်ကြီးသုံးပါးကိုပင် တွေ့ထိကောင်းသောကြောင့် "ဖောဋ္ဌဗ္ဗာရုံ"ဟု ခေါ်၏။ အာပေါဓာတ်ကား အလွန်သိမ်မွေ့သည့်အတွက် တို့ထိ၍ မရသဖြင့် ဖောဋ္ဌဗ္ဗာရုံမဟုတ်။

## အဝိနိဗ္ဘောဂရုပ် (ခွဲခြား၍မရကောင်းသောရုပ်) ၈ ပါး

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ။

ဝဏ္ဏ (ရူပါရုံ) ဆိုသည်မှာ ဓာတ်ကြီးလေးပါးကို စွဲမှီ၍ဖြစ်သော အဆင်းရုပ်။ ဂန္ဓ (ဂန္ဓာရုံ) ဆိုသည်မှာ ဓာတ်ကြီးလေးပါးကို စွဲမှီ၍ဖြစ်သော အနံ့ရုပ်။ ရသ (ရသာရုံ) ဆိုသည်မှာ ဓာတ်ကြီးလေးပါးကို စွဲမှီ၍ဖြစ်သော အချို, အချဉ်, အစပ်, အငန်, အဖန်, အခါးဟူသော အရသာရုပ်။ ဩဇာ ဆိုသည်မှာ ဓာတ်ကြီးလေးပါးကို စွဲမှီ၍ဖြစ်သော အဆီ, အစေး, ဩဇာအာဟာရရုပ်။

ဆိုအပ်ပြီးသော ရုပ်ရှစ်ခုတို့သည် တလောကလုံး ဘယ်နေရာမဆို ထိုထိုဝတ္ထု၌ အတူတူ ရမြဲ။ ဖြစ်မြဲ။ ခွဲခြား၍ မရကောင်းသောကြောင့် အဝိနိဗ္ဘောဂရုပ်မည်၏။ ငှက်ပျောသီး ရှောက်သီး၌ တွေ့ထိ၍ရသော အမှုန့် အဖတ် အမာဓာတ်သဘောကို ပထဝီဓာတ်ဟုဆိုသည်။ အမှုန့်အဖတ်တွေကို ဖရိုဖရဲဖြစ်မသွားအောင် ဖွဲ့စည်းတတ်သော အရည်သဘောကို အာပေါဓာတ်ဟု ဆိုသည်။ ရင့်ကျက်စေတတ် မှဲ့စေတတ်သော အပူ အအေး အနွေးအငွေ့သဘောကို တေဇောဓာတ်ဟု ဆိုသည်။ ဖောင်းကြွပွရွစေတတ်သောသဘောကို ဝါယောဓာတ်ဟု ဆိုသည်။ အရင်းခံဓာတ်လေးပါးကို စွဲမှီ၍တည်ကြသော ဝဏ္ဏ–အဆင်းရုပ်၊ ဂန္ဓ–အနံ့ရုပ်၊ ရသ–အချိုရုပ် အချဉ်ရုပ်၊ ဩဇာ–အဆီအစေးအာဟာရရုပ်များ ဖြစ်ကြသည်။

ခဲ၊ သံ၊ ကြေး၊ ကျောက်၊ အရိုးစသောဝတ္ထုတို့၌ အမှုန့် အဖတ် အမာ ပထဝီဓာတ်လွန်ကဲသည်။ အာပေါဓာတ်၏ဖွဲ့စည်းခြင်းသဘော အားကောင်းသည့်အတွက် ပထဝီဓာတ်မှုန့်တွေ အလွန်စေ့စပ် ကြပ်တည်း၍ အာကာသနှင့်တကွ ဝါယောငုတ်သည်။ ပထဝီများ၍ လေးသည်မာသည်။ ရေ၌ ပထဝီ အမှုန့်အဖတ်အမာတွေကို အရည်အပျော် အာပေါအဖွဲ့အစည်းစေ့စပ်သည့်အတွက် အာကာသနှင့်ဝါယောငုတ်သည်။ သို့ဖြစ်၍ ရေသည် လေး၏။ အာပေါဓာတ်လွန်သောကြောင့် အရည်အပျော် ဖြစ်သည်။

**"ပထဝီ အာပေါ အားကြီးလျှင် ဝါယောငုတ်မြဲ။ ဝါယောအားကြီးလျှင် ပထဝီ အာပေါ ငုတ်မြဲ"** မှတ်လေ။

(ပရမတ္ထစက္ခုကျမ်း ၇၅–၈၀မှ ကောက်နုတ်ချက်)

**ဘာဝရုပ် ၂**။ အထီးအမဖြစ်ဖို့ရန် အကြောင်းခံဖြစ်သောရုပ်ကို "ဘာဝရုပ်"ဟု ခေါ်သည်။ ဣတ္ထိဘာဝရုပ်သည် အမသတ္တဝါတို့၏ တကိုယ်လုံး၌ ပြန့်နှံ့၍ တည်၏။ ပုရိသဘာဝရုပ်သည် အထီးသတ္တဝါတို့၏ တကိုယ်လုံး၌ ပြန့်နှံ့၍ တည်၏။ (အထီးအမတို့၏ အင်္ဂါဇာတ်ကို ဘာဝရုပ်ဟု မှတ်မှားတတ်၏။ ထိုအရာဝတ္ထုကား ဘာဝရုပ်မဟုတ်။ ဘာဝရုပ်အတွက် ထင်ရှားသော အကျိုးဆက်သာတည်း။)

**ဟဒယဝတ္ထုရုပ်**။ သားမြတ်နှစ်ခု အလယ် နှလုံးအိမ်၏ အတွင်း၌ ပုန်းညက်စေ့ခန့်ကျယ်သော တွင်းငယ်ရှိ၏။ ထိုတွင်းငယ်၌ သွေးများစွာရှိ၏။ ထိုသွေးများကို ပြန့်နှံ့လျက် ဤဟဒယဝတ္ထုရုပ်ပေါင်းများစွာ ရှိသည်။

**ဇီဝိတရုပ်**။ ဤဇီဝိတကား ကံကြောင့်ဖြစ်သော ရုပ်တို့၏ အသက်ပေတည်း။ ဤရုပ်လည်း တကိုယ်လုံးမှာ ပြန့်နှံ့လျက်ရှိ၏။

(ဆောင်) ဘော-ပသာဒ၊ ဇီဝိတ, သုက္က သွေး သည်းခြေ။
အစိုကာယရှိသမျှ၊ မုချအနှံ့နေ။

**အာဟာရရုပ်**။ အလုပ် အဆုပ် အလွေးပြု၍ ရကောင်းသော အဖတ်ဖြစ်စေ အရည်ဖြစ်စေ အစာဟူသမျှကို "ကဗဠီကာရ"ဟု ခေါ်သည်။ ကဗဠီကာရ၌ပါသော အဆီအနှစ်အစေးကို "ဩဇာ"ဟုလည်းကောင်း "အာဟာရရုပ်"ဟုလည်းကောင်း ခေါ်သည်။ ကဗဠီကာရအာဟာရသည် ပါစကတေဇောဟူသော ဘေးရန်ကို, ဆာလောင်မွတ်သိပ်ခြင်းဟူသော ဘေးရန်ကို ပယ်နိုင်၏၊ ရုပ်ကို မဆောင်နိုင်၊ ကျေးဇူး မပြုနိုင်။ ဩဇာသည် ဆာလောင်မှုကို မပယ်နိုင်၊ ရုပ်ကို ကျေးဇူးပြု၏။ အစာမှ ငါးပုံ တပုံသာ ဩဇာဖြစ်သည်။ တပုံကို ပါစကဓာတ်မီးလောင်၏။ တပုံကို ဝမ်းပိုးစား၏။ တပုံသည် ကျင်ကြီးဖြစ်၏။ တပုံသည် ကျင်ငယ်ဖြစ်၏။

**မှတ်ချက်**။ ။ ရသာရုံနှင့် ဩဇာကို သဘောတူဟု အထင်မှားတတ်၏။ ရသ ဟူသည် "ချို, ချဉ်, စပ်, ဖန်, အငန်, အခါး" ခြောက်ပါးတည်း။ ဩဇာကား ထိုထိုအစာ၌ပါသော အဆီ, အနှစ်, အစေးတည်း။

**ပရိစ္ဆေဒရုပ်**။ ရုပ်ကလာပ်တို့ကို ရုပ်တစ်ခုနှင့်တစ်ခု မရောယှက်အောင် ပိုင်းခြားတတ်သော အာကာသ(အကြား) ကို ပရိစ္ဆေဒရုပ်ဟု ခေါ်သည်။ ဤအာကာသဓာတ်သည် ပရမတ်အစစ်မဟုတ်။ ရုပ်ကလာပ်နှစ်ခု ဖြစ်ပေါ်လာသည်အခါ အလိုလိုပေါ်လာသော ပညတ်မျှသာဖြစ်သည်။ လက်နှစ်ချောင်းကို ပူးကြည့်စမ်းပါ။ အလိုလိုအကြားတစ်ခု ပေါ်လာပါလိမ့်မည်။

**ဝိညတ်ရုပ်**။ မိမိအလိုဆန္ဒကို သူတစ်ပါးအား သိစေနိုင်သော အမူအရာထူးကို "ဝိညတ်ရုပ်" ဟု ခေါ်သည်။ ကာယဝိညတ်ဟူသည် ကိုယ်ဖြင့်သိစေတတ်သော အမူအရာတည်း။ ဝစီဝိညတ်ကား နှုတ်ဖြင့် (စကားသံဖြင့်) သိစေတတ်သော အမူအရာတည်း။ လက်ယပ်၍ ပြရာ၌ "လာစေလိုသည်"ဟု သူတစ်ပါးက သိနိုင်ခြင်းသည် လက်ယပ်လိုက်သည်တွင် ပါဝင်နေသော ကာယဝိညတ်၏ အစွမ်းတည်း။ "လာခဲ့ပါ"ဟု အသံပြုရာ၌ "လာစေလိုသည်"ဟု သူတပါးက သိနိုင်ခြင်းသည် ထိုအသံတွင် ပါဝင်သော ဝစီဝိညတ်ရုပ်၏ အစွမ်းတည်း။ သစ်ပင်လှုပ်ဟန် ရထားခုတ်သံ စသည်တို့၌ ထိုလက်ယပ်မှု စကားပြောမှုနှင့် အလှုပ်ခြင်း အသံခြင်းတူပါလျက် "ဘာဆိုလိုမှန်း"မသိရသည်မှာ ထိုဝိညတ်မျိုးမပါသောကြောင့်တည်း။

**အလွယ်ပြောရရင်** ကိုယ်အမူအရာကြည့်ပြီး ဒီလူဘာဖြစ်နေလဲ သိလို့ရတာ ကာယဝိညတ်ကြောင့်ပဲ။ ပြုံးနေရင် အဲဒီလူ စိတ်ချမ်းသာတယ်၊ မဲ့နေရင် အဲဒီလူစိတ်ညစ်နေတယ်။ စိတ်ချမ်းသာတယ် စိတ်ညစ်နေတယ် စသည်ဖြင့် သိအောင်လုပ်ပေးတဲ့ မျက်နှာအမူအရာဟာ ကာယဝိညတ်ပဲ။ အခြားအမူအရာတွေကိုလည်း ဤသို့ မှတ်ပါ။ စကားသံကြားပြီး စကားပြောသူရဲ့ အလိုဆန္ဒကို သိရတာဟာ ဝစီဝိညတ်ကြောင့်ပဲ။ စကားသံထဲမှာပါတဲ့ အဓိပ္ပါယ်ဖော်ပြနိုင်တဲ့ သဘောဟာ ဝိညတ်ပဲ။

**လဟုတာ**။ စိတ်ချမ်းသာသောအခါ, အာဟာရမျှတသောအခါ, ဥတု သာယာသောအခါတို့၌ ရုပ်ခန္ဓာပေါ့ပါးမှု ရှိသည်။ ရိုးရိုးရာရာမှ ထူးရှားသော အမူအရာတည်း။ ဤအမူအရာကို "လဟုတာရုပ်"ဟု သမုတ်ရသည်။

**မုဒုတာ**။ ထိုဆိုအပ်ခဲ့သောအခါများ၌ ရုပ်ခန္ဓာ၏နူးညံ့မှုသည် ထူးခြားသော အမူအရာတည်း။ ထိုအမူအရာကို မုဒုတာရုပ်ဟု သမုတ်ရသည်။

**ကမ္မညတာ**။ ယခင်အခါ၌ ထိုထိုကိုယ်မှုနှုတ်မှုဝယ် ရုပ်ခန္ဓာ၏ ကောင်းမွန်ခံ့ညားခြင်း ဖြတ်လတ်သွက်လက်ခြင်းသည် ထူးခြားသော အမူအရာတည်း။ ထိုအမူအရာကို "ကမ္မညတာရုပ်"ဟု သမုတ်ရသည်။

## ရူပဗြဟ္မပြည်၌ လဟုတာဒိ အမြဲဖြစ်

ဗြဟ္မာတို့၏ ရုပ်များသည် စိတ်ကလဲချမ်းသာ ဥတုကလည် ညီမျှသဖြင့် အမြဲ လဟုတာဒိ ဖြစ်ကြသည်။ (သဂြိုဟ် ဘာဋီ ၅၄၃)

**ဥပစယ**။ "ဥပ"သည် "အစ"ဟု အဓိပ္ပါယ်ရသည်။ "အထက်၌"ဟုလည်း အဓိပ္ပါယ်ရသည်။ "စယ"သည် ဖြစ်ခြင်း" ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် ပဋိသန္ဓေတည်စ၌ ပဌမဖြစ်ခြင်းနှင့် တဘဝအတွက် ရထိုက်သမျှ ရုပ်များ ပြည့်စုံသည့်တိုင်အောင် အထက်အထက်၌ တိုးတက်၍ ဖြစ်ခြင်းကို "ဥပစယ" ဟူ၍ ဆိုအပ်သည်။

**သန္တတိ**။ တဘာဝအတွက် ရထိုက်သမျှရုပ်များ ပြည့်စုံသည်က စ၍ အစဉ်မပြတ် ထပ်ကာထပ်ကာဖြစ်ခြင်း (ဥပါဒ်)ကို သန္တတိဟု ဆိုသည်။

**ဇရတာ**။ ရုပ်၏ ရင့်ရော်မှု (ရုပ်၏ ဌီခဏကို ဆိုလိုသည်)

**အနိစ္စတာ**။ ရုပ်၏ မမြဲမှု ပျက်စီးမှု(ရုပ်တို့၏ ဘင်ကို ဆိုလိုသည်)

## ရုပ်ပိုင်းဆိုင်ရာ သိစရာများ

### ပသာဒချင်း မရောနှော

ကာယပသာဒသည် တကိုယ်လုံး၌ ပျံ့နှံ့သဖြင့် စက္ခုပသာဒ၌ ဖြစ်ရာတွင် ကာယနှင့် စက္ခု ရောနှောနေသည်ဟု ထင်မှတ်စရာရှိ၏၊ ထိုသို့ မဟုတ်ပေ။ မှီရာမဟာဘုတ်ချင်း လက္ခဏာချင်း ကွဲပြားသည့် အတွက် မရောယှက်။

စက္ခုပသာဒ စသည်တို့သည် မဟာဘုတ်ကိုမှီရသော ဥပါဒါရုပ်များချည်းတည်း၊ ထိုသို့မှီရာ၌ ကိုယ့်မဟာဘုတ်နှင့်ကိုယ် ဖြစ်၏၊ စက္ခုစသည်၏မှီရာ မဟာဘုတ်ကို ကာယပသာဒက မမှီ, ကာယပသာဒ၏ မှီရာမဟာဘုတ်ကိုလည်း စက္ခုစသည်တို့က မမှီ၊ ဤသို့မှီရာ မဟာဘုတ်ချင်းအားဖြင့်လည်း ကွဲပြားကြကုန်၏၊ စက္ခုပသာဒသည် ကြည့်လိုသောတဏှာ အရင်းခံသည့် ကံကြောင့်ဖြစ်သော မဟာဘုတ်ကို ကြည်လင်စေခြင်း လက္ခဏာရှိ၏၊ သောတပသာဒသည် ကြားလိုသောတဏှာ အရင်းခံသည့် ကံကြောင့်ဖြစ်သော မဟာဘုတ်ကို ကြည်လင်စေခြင်း လက္ခဏာရှိ၏၊ ဤသို့ လက္ခဏာလည်းကွဲပြားသဖြင့် ကိုယ့်ကလာပ်ကိုယ်တည်၍ ကိုယ့်မဟာဘုတ်ကိုယ် မှီရကား ပသာဒချင်း မရောယှက်ပါ။

### ဘာဝရုပ်

ပဋိသန္ဓေ,က ပါလာသော ဘာဝရုပ်မျိုးစေ့အားလျော်စွာ **လိင်္ဂ, နိမိတ္တ, ကုတ္တ, အာကပ္ပ**တို့သည် မိန်းမ ယောကျ်ားတို့ ခန္ဓာကိုယ်ပေါ်မှာ ပေါ်ထွက်ထင်ရှားလာကုန်၏၊ သိစေတတ်သောကြောင့် လိင်္ဂမည်၏၊ မိန်းမတို့၏ လက်ခြေ မျက်နှာ ကိုယ်လုံးကိုပေါက်သည် ယောကျ်ားလောက်မကြီးမား၊ ထို့ကြောင့် မကြီးမားသော လက်ခြေစသည်တို့ကို ကြည့်ရှုသူတို့အား မိန်းမဟု သိစေတတ်၍, ကြီးမားသော လက်ခြေစသည်တို့ကား ယောကျ်ားဟု သိစေတတ်သဖြင့် လိင်္ဂမည်၏၊ မိန်းမအင်္ဂါ ယောကျ်ားအင်္ဂါလည်း **လိင်္ဂ**မည်၏။

မိန်းမဟုလည်းကောင်း ယောကျ်ားဟုလည်းကောင်း သိကြောင်းအမှတ်အသားသည် နိမိတ္တမည်၏၊ လိင်္ဂအမှတ်အသားသည် ခန္ဓာကိုယ်၌ မူလအထည်ကိုယ် အဖြစ်ဖြင့် ပါလာသော အမှတ်အသားတည်း၊ နိမိတ္တအမှတ်အသားကား နောက်မှ အပေါ်ယံဖြစ်လာသော အမှတ်အသားတည်း။ မုတ်ဆိတ်ကျင်စွယ် မရှိခြင်းသည် မိန်းမ၏ နိမိတ္တ, မုတ်ဆိတ်ကျင်စွယ်သည် ယောကျ်ား၏ နိမိတ္တ ဖြစ်သည်။

အပြုအမူသည် ကုတ္တမည်၏၊ ငယ်ရွယ်စဉ်က ဇန်းငယ်, စကောငယ်ဖြင့် ဈေးရောင်းတမ်း၊ ယက္ကန်းရက်တန်း စသော ကစားမျိုးသည် မိန်းမတို့ အပြုအမူဖြစ်၏၊ ရထားငယ် ထွန်ငယ်ဖြင့် လယ်ထွန်တန်း, ကုသန်းရောင်းဝယ်တန်းစသည်ဖြင့် ကစားခြင်းသည် ယောကျ်ားတို့ အပြုအမူဖြစ်သည်။

အသွင်အပြင် ဟန်ပန်အမူအရာကို အာကပ္ပဟု ခေါ်သည်။ မိန်းမတို့၏ သွားဟန်လာဟန် စားသောက်ဟန် စကားပြောဟန်စသည်တို့သည် ယောကျ်ားများလောက် သန့်သန့်ရှင်းရှင်းမရှိ, ယောကျ်ားတို့၌ ထိုအမူအရာများ သန့်ရှင်း၏။

## နပုံးပဏ္ဍုက်, ဉဘတောဗျဉ်း, လိန်ပြန်ပုံ

နပုံးပဏ္ဍုက်များ၌ ဘာဝရုပ်နှစ်မျိုးလုံးမရှိ၊ မျိုးစေ့ဖြစ်သော ဘာဝရုပ်မရှိသော်လည်း ကျင်ငယ်လမ်းပေါက်မှာ အထိုက်အလျောက် ပါရှိပေမည်သာ။

မိန်းမဖြစ်စေနိုင်သောကံ, ယောကျ်ားဖြစ်စေနိုင်သောကံ, ဤကံနှစ်မျိုးကြောင့်ဖြစ်သော အင်္ဂါဇာတ်ရှိသူကို "ဉဘတောဗျဉ်း"ဟု ခေါ်သည်။ သို့သော် အင်္ဂါဇာတ်နှစ်မျိုး တပြိုင်နက် ဖြစ်ပေါ်သည်မဟုတ်၊ အကြောင်းအားလျော်စွာ တမျိုးစီသာ ထင်ရှားပေါ်လာသတဲ့။

မိန်းမဉဘတောဗျဉ်း ယောကျ်ားဉဘတောဗျဉ်းဟု နှစ်မျိုးရှိရာ မိန်းမဉဘတောဗျဉ်း၌ ဣတ္ထိဘာဝရုပ် အမြဲပါ၏, ပုံသဏ္ဍာန်နှင့် အဝတ်အစား အသွားအလာတို့မှာ ရိုးရိုးမိန်းမများနှင့်တူ၏၊ ထူးခြားချက်ကား အခြားမိန်းမတစ်ယောက်ကို မြင်ရ၍ ယောကျ်ားစိတ် ပေါက်လာသောအခါ ရှေးကံကို အဖော်သဟဲပြုလျက် ရာဂစိတ်ထကြွမှုကြောင့် မိန်းမအင်္ဂါ မထင်ရှားတော့ပဲ ယောကျ်ားအင်္ဂါ ထင်ရှားရလေသတဲ့၊ ယောကျ်ားဉဘတောဗျဉ်း၌ ပုရိသဘာဝရုပ်အမြဲပါပုံ, ပုံသဏ္ဍာန် အနေအထား အဝတ်အစားတို့ ယောကျ်ားရိုးရိုးနှင့်တူပုံ, အခြားယောကျ်ားတယောက်ကိုမြင်၍ မိန်းမစိတ်ပေါက်လာသော အခါ ရှေးကံကို အဖော်သဟဲပြုလျက် ရာဂစိတ်ထကြွမှုကြောင့် ယောကျ်ားအင်္ဂါ မထင်ရှားတော့ပဲ မိန်းမအင်္ဂါ ဖြစ်ပေါ်လာပုံ ကို စဉ်းစားကြပါ။ မိန်းဉဘတောဗျဉ်းသည် ကိုယ်တိုင် ကိုယ်ဝန်ယူသည့်အပြင် ယောကျ်ားကိစ္စကိုဆောင်ရွက်လျက် အခြား မိန်း မကိုလည်း ကိုယ်ဝန်ပေးနိုင်၏။ ယောကျ်ား ဉဘတောဗျဉ်းကား ကိုယ်ဝန်သာပေးနိုင်၍ ကိုယ်ဝန်မယူနိုင်။

## ပုလ္လိင်မှ ဣတ္ထိလိင်ပြန်ပုံ

ဘာဝရုပ်နှစ်မျိုးတွင် ပုရိသဘာဝသည် မြတ်၏၊ ဣတ္ထိဘာဝသည် ညံ့၏၊ ထိုဘာဝရုပ်အတွက် ပေါ်ထွက်သော လိင်္ဂစသည်များလည်း အယုတ်အမြတ် ခြားနား၏၊ ထို့ကြောင့် ယောကျ်ားဖြစ်အောင် စီမံနိုင်သောကံသည် အားကောင်း၏၊ မိန်းမဖြစ်ရန် စီမံသောကံကား အားသေး၏၊ ထိုတွင် အားကောင်းသော ကုသိုလ်ကံက စီမံလိုက်သည့်အတွက် ပုရိသဘာဝရုပ်ကို ရရှိပြီးသော်လည်း ရှေးရှေးဘဝက ပရဒါရိက (သူ့မယားကို ပြစ်မှားသော) အကုသိုလ်ကံ, သောရေယျသူဌေးသားကဲ့သို့ ယခုဘဝမှာပင် မတော်မလျော်ရာဂဖြစ်မှု အကုသိုလ်ကံကြီးက မူလစီမံလိုက်သော ကုသိုလ်ကံ၏ အစွမ်းသတ္တိကို နှိပ်စက်လျှင် မူလကုသိုလ်ကံသည် သတ္တိစွမ်းပကား နည်းပါးလာသဖြင့် ပုရိသဘာဝရုပ်ကို ဆက်လက်မဖြစ်စေနိုင်တော့ဘဲ ဣတ္ထိဘာဝရုပ်ကိုသာ ဖြစ်စေရတော့သည်။ ထိုအခါ ပုရိသဘာဝရုပ်အတွက် ပေါ်ထွက်ပြီးသော လိင်္ဂစသည်တို့ တဖြေးဖြေးကွယ်ပ၍ ဣတ္ထိဘာဝအတွက် လိင်္ဂစသည်များ တဖြေးဖြေး ပေါ်ထွက်သည်ကို 'လိန်ပြန်သည်'ဟု ပြောဆိုရလေသည်။

## ဣတ္ထိလိင်မှ ပုလ္လိင်ပြန်ပုံ

အချို့သောကုသိုလ်ကံသည် ပရဒါရိကစသော အကုသိုလ်ကံ၏ နှိပ်စက်မှုကြောင့် အစွမ်းသတ္တိ မထက်သဖြင့် ပဋိသန္ဓေကျိုးပေးစဉ်ကပင် ဣတ္ထိဘာဝရုပ်ကိုသာ ဖြစ်စေနိုင်ခဲ့လေသည်။ သို့သော် ထိုသူ့သန္တာန်၌ ဗြဟ္မစရိယကို ကျင့်ခြင်း မိစ္ဆာစာရကို ရှောင်ကြဉ်ခြင်း ယောကျ်ားဘဝကို တောင့်တ၍ ကောင်းမှုပြုခြင်းစသော ကုသိုလ်ကံများလည်း ရှေးရှေးဘဝက ရှိခဲ့သေးလေရာ ထိုကံများသည် ပဝတ္တိအခါ၌ အခွင့်သာသဖြင့် **မူလပဋိသန္ဓေကျိုးကို ပေးခဲ့သော ကုသိုလ်ကံ၏သတ္တိကို ဖြည့်စွက်ကူညီပြန်သောကြောင့် မူလကံသည် သတ္တိအင်အား ကြီးမားလာသဖြင့်** ဣတ္ထိဘာဝရုပ် ဥပါဒ်ဌီဘင်စေ့၍ အချုပ်မှာ ပုရိသဘာဝရုပ်ကို ဆက်လက်ဖြစ်ပေါ်စေသည်။ ထိုအခါ ဣတ္ထိဘာဝရုပ်များအတွက် လိင်္ဂစသော အကျိုးဆက်များ ကွယ်ပလျက် ပုရိသဘာဝအတွက် အကျိုးဆက်များ ထင်ရှားပေါ်ပေါက်၍ ယောကျ်ားပုံဟန် လိန်ပြန်ခြင်းသို့ ရောက်သည်။

(သင်္ဂြိုဟ်ဘာသာဋီကာ ၄၅၇-၄၆၀)

# ကာယဝိညတ်,ဝစီဝိညတ်

လက်ခြေစသည်ကို လှုပ်ပြသူ စကားပြောသူတို့၏ အတွင်းသဘော အလိုဆန္ဒကို သိစေတတ်သော ထူးခြားသော အမူအရာတမျိုးသည် ဝိညတ်မည်၏။ ထိုထူးခြားသော အမူအရာသည် ပရမတ္ထအားဖြင့် အထင်အရှားရှိသော သီးခြားရုပ်တမျိုး မဟုတ်။ အတွင်းသဘော အလိုဆန္ဒကို လှုပ်ရှားသော ကိုယ်ကာယ (လက်စသည်)ဖြင့် သိစေတတ်သော အမူအရာထူးသည် ကာယဝိညတ် မည်၏।

တပည့်တယောက် လာစေလို၍ လက်ယပ်ခေါ်ရာ၌ (၁) ရှေးဦးစွာ လာစေလိုသောစိတ်ဖြစ်၏၊ (၂) စိတ်ဖြစ်သည် နှင့်တပြိုင်နက် စိတ္တဇရုပ်ကလာပ်တွေ ခန္ဓာကိုယ်၏ ထိုထိုအရပ်၌ အမြောက်အများ ဖြစ်၏၊ လှုပ်ရှားမည့် လက်၌ဖြစ်သော စိတ္တဇကလာပ်တွင် ဝါယောဓာတ်သည် အခြားမဟာဘုတ်ထက် သတ္တိလွန်ကဲ၏။ ပကတိရိုးရာအခါကဲ့သို့ အေးအေးဆေးဆေး မဟုတ်ပဲ ထိုဝါယောဓာတ်မှာ ထူးခြားသော အမူအရာတမျိုးလည်းပါ၏၊ ထိုဝါယောဓာတ်၏ ထူးခြားသော အမူအရာသည် ဤကာယဝိညတ်ပင်တည်း။ မျက်စိတမှိတ်ခန့် ကာလအတွင်း၌ ကုဋေတသိန်းခန့်မျှ စိတ်တွေဖြစ်နိုင်သောကြောင့် ထိုစိတ်တို့တွင် ဝိညတ်ကို ဖြစ်စေနိုင်သော စိတ်များလည်း အတော်များများ ပါရှိရကား ထိုစိတ်များဖြစ်တိုင်းဖြစ်တိုင်း ဝါယောဓာတ်လွန်ကဲသော စိတ္တဇကလာပ်တွေ အထပ်ထပ် ဖြစ်သည့်အတွက် လက်အငြိမ်မနေပဲ လှုပ်လျက်ရမ်းလျက်နေ၏၊ ထိုသို့ လှုပ်ရာ၌ သစ်ပင်များ လေတိုက်သကဲ့သို့ အရမ်းမဲ့မလှုပ်ပဲ စိတ်၏အလို ကျအောင် ဝါယောဓာတ်နှင့် ဝိညတ်တို့က ဖြစ်ကြရသည်၊ ထို့ကြောင့် လှေပဲ့ပိုင်းမှနေ၍ တယောက်တည်း လှော်ခတ်သူသည် လှေကို လိုရာအရပ်သို့ရောက်အောင် လှော်ပဲ့, ပဲ့သကဲ့သို့ ဝါယောဓာတ်နှင့် ဝိညတ် ကလည်း တကွဖြစ်ဘက်ရုပ်များကို စိတ်အလိုအတိုင်း လက်ယပ်နေပုံ လှုပ်ရှားအောင် လှော်ပဲ့-ပဲ့ပေးလေသည်။

ဤကဲ့သို့ အစီအစဉ်ဖြင့် လက်ကို လှုပ်ရမ်း၍ ပြလိုက်သောအခါ တပည့်က 'ဆရာသည် ငါ့ ကိုလာစေချင်၏'ဟု ဆရာ၏အတွင်းအလိုဆန္ဒကို သိရလေသည်။ ဤကဲ့သို့ သိရာ၌ 'စိတ်, စိတ္တဇရုပ်, လှုပ်ရှားမှု, အမူအရာထူး'ဟု အချုပ်မှတ်ဖို့ရာ အချက်လေးခု ရှိ၏၊ ထိုတွင် စိတ်သည် အလိုဆန္ဒကို သိနိုင်သလော, စိတ်က သိစေလျှင် မလှုပ်မယှက် စိတ်သက်သက်ဖြစ်ခိုက်မှာ အတွင်းသဘော အလိုဆန္ဒကိုသိရာ၏၊ ထိုသို လည်း မသိစေနိုင်ကြ၊ သို့အတွက် စိတ်သည် အတွင်းသဘော အလိုဆန္ဒကို သူတပါးအား မသိစေနိုင်။

စိတ္တဇရုပ်တွေသည် အလိုဆန္ဒကို သိစေသလော, . . . စိတ္တဇရုပ်က သိစေလျှင် မလှုပ်မယှက် ငြိမ်သက်စွာ နေခိုက်မှာ စိတ္တဇရုပ်ပေါင်းများစွာ ဖြစ်နေသောကြောင့် အလိုဆန္ဒကိုသိရာ၏၊ ထိုသို့လည်း မသိစေနိုင်ကြ၊ သို့အတွက် စိတ္တဇရုပ်ရိုးရိုးကလည်း အတွင်းသဘော အလိုဆန္ဒကို မသိစေနိုင်။

လှုပ်ရှားမှုသည် အလိုဆန္ဒကို သိစေနိုင်သလော, .... လှုပ်ရှားမှု သက်သက်က အလိုဆန္ဒကို သိစေနိုင်လျှင် အိပ်ပျော်စဉ် လက်ခြေလှုပ်ရာ၌ အလိုဆန္ဒကို သိရာ၏၊ ထိုသို့လည်း မသိနိုင်။ လှုပ်ရှားသော လက်၏ အစိတ်အစိတ်ဖြစ်သော စိတ္တဇကလာပ်တွေမှာ ဝါယောဓာတ်ပါ၏၊ ထိုဝါယောဓာတ်များ၏ ထူးခြားသောအမူအရာကြောင့်သာ အတွင်းသဘော အလိုဆန္ဒကို သိရ၏၊ ထိုထူးခြားသော အမူအရာသည် ဝိညတ်ပင်တည်း။

အတွင်းသဘောအလိုဆန္ဒကို သိစေတတ်သော အမူအရာထူးသည် ဝစီဝိညတ်မည်၏၊ တပည့်တယောက်ကို လာစေလို၍ နှုတ်ဖြင့် ခေါ်လိုက်ရာ၌ လာစေလိုသောစိတ် ဖြစ်၏၊ လာစေလိုသည့်အတွက် ခေါ်ဖို့ရန် စကားလုံးကြံစည်၏၊ ထို့နောက် 'လာ' ဟု ပြောဆိုမည့် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်အစုတွင် ပထဝီဓာတ်သည် သတ္တိလွန်ကဲလျက်ရှိ၏၊ ပကတိရိုးရာအခါကဲ့သို့ အေးအေးဆေးဆေးမဟုတ်ဘဲ ထိုပထဝီဓာတ်မှာ ထူးခြားသော အမူအရာပါ၏။ ထိုပထဝီဓာတ်၏ ထူးခြားသော အမူအရာသည် ဤဝစီဝိညတ်ပင်တည်း။ (လည်ချောင်းစသောအရပ်ဝယ် ကမ္မဇ ဥတုဇ အာဟာရဇ ပထဝီဓာတ်တို့လည်း အမြဲ ဖြစ်လျက်ရှိ၏) လည်ချောင်းစသော အရပ်ဝယ် ထိုအမူအရာထူးပါရှိသော စိတ္တဇပထဝီဓာတ် နှင့် ကမ္မဇ ဥတုဇ အာဟာရဇ ပထဝီဓာတ်တို့ ထိခိုက်မိကြလေသည်၊ ထိုအခါ အသံဖြစ်၏၊ သို့သော် အများကြားအောင် မထင်ရှားသေး၊ ထိုကဲ့သို့ စိတ္တဇပထဝီနှင့် ကမ္မဇ ဥတုဇ အာဟာရဇ ပထဝီဓာတ်တို့ အထပ်ထပ် ထိခိုက်မိကြလေရာ လက်ဖျစ်တချက်တီးလောက်ကြာလျှင် 'လ'ဟု မပီတပီ အသံပေါ်လာ၍ နှစ်ချက်တီးလောက်အကြာမှာ ထုံးစံအတိုင်း ပီသအောင် 'လာ'ဟု အသံပေါ်လာသည်၊ ထိုကဲ့သို့ ပထဝီဓာတ်ချင်း ထိခိုက်ရာဝယ် တော်စွာလျော်စွာ မထိခိုက်ဘဲ ဝစီဝိညတ်ပါသည့်အတွက် စိတ်ကူးတိုင်း အသံဖြစ်အောင် ထိခိုက်မိကြလေသည်။ (သင်္ဂြိုဟ်ဘာသာဋီကာ ၄၇၂-၄၇၄)

**ကာယဝိညတ်ရုပ်ဆိုသည်ကား** မိမိစိတ်အလိုကို သူတပါးသိဖို့ရန် ကိုယ်အင်္ဂါလှုပ်ရှားခြင်း အမူအရာအထူးမျိုးပေတည်း။

**ဝစီဝိညတ်ဆိုသည်ကား** မိမိစိတ်အလိုကို သူတပါးသိဖို့ရန်ဖြစ်သော စကားသံ၌ပါရှိသော ထိုထိုအက္ခရာကို လှုပ်ရှား စေသော အမူအရာအထူးပေတည်း။

သူတပါး၏ စိတ်သက်သက်ကို မသိနိုင်ကြ, မမြင်နိုင်ကြသူတို့မှာ ထိုထိုစိတ်အလိုကို လည်းကောင်း ထိုထိုအနက်အဓိပ္ပါယ်ကိုလည်းကောင်း ဤဝိညတ်ရုပ်နှစ်ပါးတို့နှင့် သိအောင်ပြု၍ အချင်းချင်း စိတ်အလိုကို သိကြရကုန်၏။ သူတပါးအား မိမိအလိုကို သိစေမှုမျိုး မဟုတ်ရာတို့၌လည်း **စိတ်အလိုနှင့် ကိုယ်အင်္ဂါလှုပ်ရှားသွားလာမှု စိတ်အလိုနှင့် စာပေကျန်းဂန် ရွတ်အံမှု**တို့၌ ဤဝိညာတ်ရုပ်နှစ်ပါး၏ ကိစ္စမှုတို့ပေတည်း။ (တီချုပ် ပ ၂၅)

## စကားပြောရာ၌ ရုပ်ဖြစ်ပုံ

'က'ဟု အသံပြုသောအခါ ရှေးဦးစွာ အသံပြုလိုစိတ် ပေါ်လာ၏။ ပြုလိုစိတ်ဖြစ်သည်နှင့်တပြိုင်နက် ထိုစိတ်ကြောင့်ဖြစ်သော ရုပ်တို့လည်းဖြစ်၏။ ခန္ဓာကိုယ်၏ လည်ချောင်းစသော အရပ်၌လည်း ကံကြောင့် ဖြစ်သောရုပ်တွေ များစွာဖြစ်နေ၏။ စကားပြောလိုသော စိတ်ကြောင့်ဖြစ်ရသော ရုပ်တွင် ဝစီဝိညတ်ဟု ခေါ်အပ်သော ထူးခြားသော အမူအရာရုပ် တမျိုးပါ၏။ ထို ဝစီဝိညတ်၏ ပဲ့ကိုင်ပေးသကဲ့သို့ ပါဝင်မှုကြောင့် စိတ္တဇရုပ်ကလာပ်နှင့် ကမ္မဇရုပ်ကလာပ်တွင်ပါဝင်သော ပထဝီဓာတ်တို့သည် သတ္တိလွန်ကဲကုန်၏။ သတ္တိလွန်ကဲသောကြောင့် လည်ချောင်းအရပ်၌ ပထဝီဓာတ်ချင်း ပွတ်တိုက်ထိခိုက်မိကြကုန်၏။ လက်ဖျောက် တချက်တီးခတ်ကာလအတွင်း၌ ကုဋေသိန်းပေါင်းများစွာ ဖြစ်ပျက်နေသော ရုပ်ကလာပ်ဝယ် ပထဝီဓာတ် အချင်းချင်း အထပ်ထပ် ထိခိုက်သောအခါ 'က'ဟူသော အသံတခုလည်း ပီပီသသ ထွက်ပေါ်လာ၏။

(ကမ္မဇပထဝီနှင့် စိတ္တဇပထဝီတို့ လည်ချောင်းအရပ် ပွတ်တိုက်ကြရာတွင် တဆက်တည်းရှိသော ဥတုဇအာဟာရဇပထဝီတို့လည်း ထိခိုက်မိကြသည်သာ။ သို့သော် အသံကောင်းခြင်း မကောင်းခြင်းမှာ ကမ္မဇပထဝီသာ လိုရင်းဖြစ်၍ စိတ္တဇနှင့်ကမ္မဇ ထိခိုက်ပုံကိုသာ ပြသည်။)

(စိတ္တဇနှင့်ကမ္မဇ ပထဝီတို့ အစုံအစုံ ထိခိုက်ကြရာဝယ် ပထဝီနှစ်ပါးလုံးသည် သူတို့၏သဘာဝ အတိုင်း ခက်မာခြင်းသဘောကိုသာ ဆောင်နေကြသည်) (နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ ၇၁-၈၀)

♠ က-ခ ဟု ရွတ်ဖတ်ချင်စိတ်ကြောင့် စိတ္တဇသဒ္ဒနဝကရုပ်တို့သည် အဆက်မပြတ် ရှေ့နောက် ဆက်စပ်လျက်ဖြစ်ကြသည်။ က-ခတို့ကား လည်ချောင်းဌာန၌ ဖြစ်ကြသော အက္ခရာတို့ဖြစ်ကြသဖြင့် လည်ချောင်းသို့တိုင်အောင် သဒ္ဒနဝကရုပ်များ ပျံ့နှံ့သွား၏။ လည်ချောင်းဌာနတွင် သန္တတိအစဉ်အားဖြင့် ဖြစ်ပေါ်နေကြသော ကာယဒသက ကလာပ်စသော ရုပ်ကလာပ်တို့ရှိကြ၏။ ယင်းစိတ္တဇသဒ္ဒနဝကရုပ်တို့တွင် ပါဝင်သော ပထဝီဓာတ်သည် လည်ချောင်း၌တည်ရှိသော ကာယဒသက ကလာပ်စသည်၌ ပါဝင်သော ကမ္မဇပထဝီတို့ကို **ဝါယောဓာတ်အကူအညီဖြင့်** လည်ချောင်းဌာန၌ ရိုက်ခတ်မိသောအခါ အသံထွက်ပေါ်လာ၏။ ကျန်သော အက္ခရာတို့အတွက် ရွတ်ဆိုရာ၌လည်း အက္ခရာဖြစ်ရာဌာနသို့တိုင် သဒ္ဒနဝကရုပ်များ ပျံ့နှံ့သွား၏။

(ကြာပန်းနှင့်ပမာတူသည့်ဘုရားရှင်-၂၃)

## ဖောဋ္ဌဗ္ဗ၏သဘောကို အကျယ်ပြခြင်း

တွေ့ထိလို့ရသော ပထဝီ တေဇော ဝါယော ဓာတ်ကြီးသုံးပါးသည် ဖောဋ္ဌဗ္ဗမည်၏၊ ၎င်းဓာတ်ကြီးသုံးပါးသည် ကာယပသာဒ၌ တပြိုင်နက် ထင်နိုင်, ထိခိုက်နိုင်၏၊ သို့သော် သုံးမျိုးလုံးကို ကာယဝိညာဏ်စိတ်က တပြိုင်နက် မသိနိုင်။ (က) နှလုံးသွင်းရာ(စိတ်အာရုံစိုက်ရာ) (ခ)အာရုံအစုအဝေးများရာ, (ဂ)ပသာဒအစုအဝေးများရာတို့၌သာ တပါးပါးကို အာရုံပြုနိုင်သည်။

(က) ထမင်းလုံးကို မာသည်ပျော့သည် စုံစမ်းသောအခါ ထမင်းလုံး၌ တေဇော ဝါယောတို့ ရှိသော်လည်း ပထဝီကိုသာ စိတ်က သိသည်။ ရေနွေးထဲ လက်ချ၍ ပူသည်အေးသည် စုံစမ်းသည့်အခါ ရေနွေးမှာ ပထဝီ ဝါယောတို့ရှိသော်လည်း တေဇောကိုသာ စိတ်က သိသည်။ နွေကာလ လေသာပြတင်း ဖွင့်၍ လေညှင်းခံသည့်အခါ လေတွင် ပထဝီ,တေဇောရှိသော်လည်း ဝါယောကိုသာ စိတ်က သိသည်။ ဤသို့ **နှလုံးသွင်းရာ** တပါးစီကိုသာ သိသည်။

(ခ) သစ်ငုတ်ကို ခလုတ်တိုက်မိသည့်အခါ သစ်ငုတ်ဝယ် တေဇော,ဝါယောရှိသော်လည်း ပထဝီကိုသာ စိတ်က သိသည်။ မီးကို နင်းမိသည့်အခါ မီးမှာ ပထဝီ,ဝါယောရှိသော်လည်း တေဇောကိုသာ စိတ်က သိသည်။ နားရွက်ကို လေပြင်းခတ်သည့်အခါ လေဝယ် ပထဝီ,တေဇောတို့ရှိသော်လည်း ဝါယောကိုသာ စိတ်က သိသည်။ ဤသို့ **အာရုံအစုအဝေးများရာ** တပါးစီကိုသာ စိတ်က သိသည်။

(ဂ) အပ်ဆယ်ချောင်းဖြင့် ခန္ဓာကိုယ်ကို ထိုးစိုက်လျှင် ဆယ်ချောင်းလုံးကို တပြိုင်နက် မသိ။ ကာယပသာဒများရာ, ထိခိုက်မှုများရာ၌သာ စိတ်က ဦးစွာသိသည်။ ကြက်တောင်ဖြင့် အနာကို ဆေးသုတ်ရာတွင် အမွေးတိုင်းက ကာယပသာဒကို ထိသော်လည်း **ကာယပသာဒများရာ** အရပ်၌သာ စိတ်က သိသည်။

## ဇီဝိတိန္ဒြေ

ဇီဝိတိန္ဒြေသည် တကွဖြစ်ဘက် ကမ္မဇရုပ်တို့ကို စောင့်ရှောက်သောကြောင့် ကမ္မဇရုပ်များ၏ အသက်တည်း၊ ထင်ရှားစေအံ့-စိတ္တဇ ဥတုဇ အာဟာရဇရုပ်တို့သည် စိတ် ဥတု အာဟာရတို့ ထင်ရှားရှိနေခိုက်မှာ ဖြစ်ကြရသောကြောင့် (အမိထင်ရှားရှိနေသောသားကို သူတပါးက စောင့်ရှောက်ဘွယ် မလိုတော့ သကဲ့သို့) တပါးသော တရားတို့က စောင့်ရှောက်ဘွယ်မလို၊ စိတ် ဥတု အာဟာရတို့ကပင် ထင်ရှားအောင် စောင့်ရှောက်နိုင်ကြသည်၊ ဤကမ္မဇရုပ်တို့မှာ အကြောင်းကံတရား ချုပ်ပြီးနောက် အတော်ကြာမှ (တချို့ ကမ္မဇရုပ်များသည် ကံနှင့် ဘဝပေါင်းများစွာ ကွာခြားပြီးမှ) ဖြစ်ပေါ်ရကား (အမိမဲ့သားကို နို့ထိန်းက စောင့်ရှောက်ရသကဲ့သို့ ထိုရုပ်တို့ အသက်တမ်းအတိုင်း ဆက်လက်တည်တံ့နိုင်ရန် ဇီဝိတိန္ဒြေက စောင့်ရှောက်ပေးရသည်။ ထို့ကြောင့် စက္ခုဒသက ကလာပ်၌ပါသော ရုပ်ကိုးခုကို ထိုကလာပ်၌ပါသော ဇီဝိတသည် စောင့်ရှောက်၏၊ ဤသို့ ကမ္မဇကလာပ် ကိုးစည်း၌ပါသော ဇီဝိတ,က မိမိ၏ ကလာပ်တူ ရုပ်များကို စောင့်ရှောက်သည်။ (သင်္ဂြိုဟ်ဘာသာဋီကာ-၄၆၅)

## ခန္ဓာကိုယ်တည်ဆောက်ပုံ

ဓာတ်ကြီးလေးပါး သဘောသွားကို ဆင်ခြင်စဉ်းစားပါ၊ ရေးဦးစွာ မြေဖြင့် ပြုလုပ်ထားသော လူရုပ်ကလေးကို စဉ်းစားကြည့်ပါ။ မြေမှုန့်ချည်းသက်သက် လူရုပ်ဖြစ်နိုင်မလား၊ မဖြစ်နိုင်။ မြေမှုန့်ချည်းထားလျှင် လေတိုက်သဖြင့် လွင့်သွားလိမ့်မည်။ သို့ဖြစ်၍ ရေဖြင့် ဆွတ်ဖျန်းပေးရာ၏။ မြေနှင့်ရေ ပေါင်းမိရုံမျှဖြင့် လူရုပ်ဖြစ်နိုင်မလား၊ မဖြစ်နိုင်သေး။ ရေဆွတ်ထားသော မြေမှုန့်များ လုံးထွေးမိအောင် စုပေးရဦးမည်။ ထိုမျှလောက်ဖြင့်လည်း လူရုပ်မဖြစ်သေး, ရေဆွတ်ထားသဖြင့် စိုဖတ်ဖတ်မနေအောင် နေပူလှမ်းရလိမ့်ဦးမည်။ ထိုကဲ့သို့ မြေဓာတ်, ရေဓာတ် (လုံးထွေးမိအောင် ပြုမှုဟူသော) လေဓာတ် နေပူဟူသော မီးဓာတ်တို့ဖြင့် သင့်တင့်ညီမျှနေသော ရွှံ့ကိုမှ အရုပ်လုပ်တတ်သူက ပြုလုပ်ပေးသဖြင့် လူရုပ်ဖြစ်လာရလေသည်။

ထို့အတူ ခန္ဓာကိုယ်၌ မြေဓာတ်ကို လွင့်မသွားရအောင် ရေဓာတ်က စိမ့်စိုလျက် ရှိ၏, စိုဖတ်ဖတ်မရှိရအောင် တေဇောဆိုတဲ့ အငွေ့ဓာတ်က အမြဲ အငွေ့ပေးလျက်ရှိ၏, ဝါယောဟူသော လေဓာတ်က တဖွဲ့စီတဖွဲ့စီ တွဲမိအောင် ဖိညှပ်လျက် တောင့်မာစေသည်။ ထိုသို့ တခုစီ တဖွဲ့စီ တကလာပ်စီ တည်နေသော ဓာတ်ကြီးလေးခုကို ပကတိစက္ခုဖြင့် ကြည့်၍ မမြင်နိုင်၊ အလွန်သေးငယ်လှသေး၏၊ ပရမာဏုမြူခေါ်သော အသေးဆုံး မြူမှုန်ကလေးသာ ဖြစ်၏၊ ထိုဓာတ်ကြီးလေးခု အစုအဖွဲ့များစွာ ပေါင်းမိတဲ့အခါကျမှ အများမျက်မြင် ထင်ရှားအောင် အသားအရိုးစသော ပုံသဏ္ဌာန်များ ပေါ်လာသည်။

ထိုအသားအရိုးစသည်ဖြင့် **ဓာတ်ကြီးလေးခု**[၁] အစုအဝေးဖြစ်အောင် ရေးကံက စီမံလိုက်သဖြင့် 'လူ' ဟု ခေါ်သော ရုပ်ကောင်ကြီး ဖြစ်လာသည်။ ထိုဓာတ်ကြီးလေးခုတို့ တကလာပ်စီနေရာ၌ တကလာပ်နှင့် တကလာပ် မရောမိအောင် အာကာသဓာတ်တခုလည်း ရုပ်ကလာပ်နှစ်ခုအလယ်မှာ အမြဲပါရှိရသည်။

ထိုရုပ်ကောင်ကြီး သွားဟန်လာဟန် ထိုင်ဟန်ရပ်ဟန် အိပ်ဟန်လျောင်းဟန် စသည်ဖြင့် ပုံဟန်အမျိုးမျိုးဖြစ်အောင် ဝါယောဓာတ်က ဆောင်ရွက်၏၊ ဝါယောဓာတ်က အမျိုးမျိုးဆောင်ရွက်နိုင်အောင် 'စိတ်'ဟု ခေါ်သော ဝိညာဏဓာတ်က စီမံဖန်တီးလေသည်။ ထိုဝိညာဏဓာတ်သည်ပင် သိမှတ်ဖွယ်အသွယ်သွယ်ကို သိမှတ်လေသည်။ ထို့ကြောင့် ခန္ဓာကိုယ်၌ အချုပ်အခြာတရားများကို ကြပ်ကြပ်စဉ်းစားပါလျှင် ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသနှင့် ဝိညာဏဟူသော ဓာတ်ခြောက်ပါးသာ ထင်ရှားရှိကြောင်း တွေ့ရလေသည်။ (သင်္ဂြိုဟ်ဘာသာဋီကာ–၄၄၇)

---

၁ ခက်မာခြင်းကြီယာစသော လက္ခဏာအားဖြင့်လည်းကောင်း, သဘောကြီယာမှ ကလာပ်ဒြပ်၊ ဒြပ်များစွာမှ သစ်ပင် တောတောင် မြင်းမိုရ်တောင်စသည်ဖြင့် သမ္ဘာရအားဖြင့်လည်းကောင်း ကြီးကျယ်ထင်ရှားသောကြောင့် **မဟာဘုတ်**ဟုလည်း ခေါ်သည်။ (သံခိပ်ဋီကာ ဒု ၁၇၁)

## ရူပက္ခန္ဓာခေါ် ရုပ်တရားများကို ဝိပဿနာရှုပုံ

ကိုယ်ထဲမှာ စမ်းသပ်ကြည့်သည့်အခါ ခက်မာကြမ်းတမ်းတာကို တွေ့ရမယ်။ ကြမ်းတာကလဲ နည်းနည်း ကြမ်းတာနဲ့ များများကြမ်းတာရှိတယ်။ များများကြမ်းတာကို ခက်မာပထဝီ, နည်းနည်းကြမ်းတာကို နူးညံ့ပထဝီလို့ ခေါ်တယ်။ ဥပမာ – ဝါဂွမ်းဟာ နူးညံ့တယ်၊ ဒါပေမဲ့ ဝါဂွမ်းထက် နူးညံ့တာနဲ့စာရင် ဝါဂွမ်းက ကြမ်းသွားပြန်ရော။ ဝါဂွမ်းကို ကိုယ်ပေါ်မှာ တို့ကြည့်ရင် ဝါဂွမ်းက နုတယ်။ မျက်လုံးမှာ တို့ကြည့်ရင်တော့ ဝါဂွမ်းက ကြမ်းတယ်။ မျက်စိက နုတယ်။ ဒါကြောင့် နုတယ်ကြမ်းတယ်ဆိုတာ အခြေအနေမူတည်ပြီး ပြောတယ် မှတ်ပါ။ သို့သော် နုတယ်ပဲပြောပြော ကြမ်းတယ်ပဲ ပြောပြော, ပထဝီကို ပြောတယ်လို့ သိရမယ်။ ခန္ဓာကိုယ်နဲ့ အခြားအရာတခု တွေ့တဲ့အခါ မာတဲ့ နူးညံ့တဲ့ သဘောတွေ သိရတယ်။ အဲဒါ ပထဝီကို သိတာပဲလို့မှတ်ပါ။

အရည်သဘော အစိုသဘောတွေဟာ အာပေါဓာတ်ပဲ၊ ကိုယ်ထဲမှာလည်း အရည်ဓာတ် အစိုဓာတ်တွေ ရှိတာပဲ။ အဲဒါ ကိုယ်ထဲက အာပေါဓာတ်လို့ သိရမယ်။

အပူအအေးသဘောက တေဇောပဲ။ အပူအအေးဆိုတာ အခိုးအငွေ့ကို အခြေအနေအရ သတ်မှတ်ပြောဆိုတဲ့သဘောပဲ။ ဥပမာ – သောက်ရေအိုးက ရေဟာ အေးတယ်။ သို့သော် ရေခဲရေနှင့် စာရင် သောက်ရေအိုးထဲက ရေဟာ ပူသွားပြန်ရော။ ဒါကြောင့် ပူတာအဆင့်ဆင့် အေးတာအဆင့်ဆင့် မှန်သမျှကို တေဇောဓာတ်လို့မှတ်။ ကိုယ်မှာ စမ်းကြည့်ရင် ပူတာအေးတာတွေ့ရတယ်။ စမ်းမကြည့်လဲ စိတ်က ကိုယ်မှာ ကပ်ကြည့်လိုက်ရင် ပူတာအေးတာ တွေ့ရတယ်။ လည်ချောင်းမှာ အာရုံစိုက်ကြည့်ရင် ပူတာလေး တွေ့ရတယ်။ အဲဒါဟာ တေဇောဓာတ်ပဲ။ အဲဒီတေဇောဓာတ်ကို ဆက်တိုက်သိနေအောင် လုပ်နေရင် တရားမှတ်နေတာပဲ။

ထောက်ကန်တောင့်တင်း လှုပ်ရှားတဲ့သဘောဟာ ဝါယောဓာတ်ပဲ။ ထိုင်တဲ့အခါမှာ ကိုယ်ကို လဲမသွားအောင် ဝါယောက ထောက်ကန်ပေးထားတယ်။ ကိုယ်ကို အာရုံစိုက်ကြည့်လိုက်ရင် တောင့်တင်းတဲ့သဘောကို တွေ့ရမယ်။ အဲဒီတောင့်တင်းတဲ့သဘောကို ဆက်တိုက်သိနေအောင်လုပ်တာဟာ တရားထိုင်တာပဲ။ လှုပ်ရှားတာလဲ ဝါယောပဲ။ စင်္ကြံလျှောက်တရားမှတ်တဲ့အခါ သွားတယ် သွားတယ်လို့ မှတ်ရတယ်။ ဒါမှမဟုတ် ပိုအသေးစိတ်မှတ်ချင်ရင် ကြွတယ် လှမ်းတယ် ချတယ်လို့ မှတ်ရတယ်။ အစတော့ ခြေထောက်ကို သိနေလိမ့်မယ်။ သမာဓိရတဲ့အခါ တောင့်တင်းတဲ့သဘော တွန်းကန်တဲ့သဘော လှုပ်ရှားတဲ့ သဘောကိုပဲ သိလိမ့်မယ်။ အဲဒါ ဝါယောကို သိတာပဲ။ ဒီဝါယောကို ဆက်တိုက်သိအောင်လုပ်နေတာကို တရားရှုတယ်လို့ ပြောကြတယ်။

ယောဂီတယောက်ဟာ အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်ထားပြီး တင်ပလ္လင်ခွေထိုင် တရားမှတ်မယ် ဆိုရင် ခါးမှာ တောင့်တင်းတာ ထင်ထင်ရှားရှားတွေ့ရမယ်။ အဲဒါကို သိပြီး ထိုင်တယ်ထိုင်တယ်လို့ မှတ်။ ထိုင်တယ်ထိုင်တယ် အမည်မပေးရင်လဲ ရတယ်။ ဒါပေမဲ့ တောင့်တင်းတာကို ဆက်တိုက်သိရမယ်။ အဲဒါ ဝါယောဓာတ်ကို မှတ်တာပဲ။ လှုပ်တဲ့အခါမှာ လှုပ်ရှားဝါယောတွေ့ရမယ်။ တရားထိုင်စဉ် ကိုယ်မှာ ပူတာအေးတာ တွေ့နိုင်တယ်။ တင်ပါးနဲ့ကြမ်းပြင် ထိတာကို ထိတယ်ထိတယ်လို့ မှတ်နိုင်တယ်။ အဲဒီကို စိတ်ကအာရုံစိုက်ရင် မာတာပျော့တာ ပူတာအေးတာ တွေ့နိုင်တယ်။ ခန္ဓာကိုယ်ထဲမှာ အစိုအရည်သဘောတွေ တွေ့နိုင်တယ်။

ဒီဓာတ်လေးပါးကို မရှုလိုက်ရင် တဏှာ (လောဘ)နဲ့ သာယာမယ်။ ဒိဋ္ဌိနဲ့ ပုဂ္ဂိုလ် သတ္တဝါလို့ စွဲလမ်းမယ်။ တဏှာဒိဋ္ဌိနဲ့ သာယာစွဲလမ်းစရာတွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်။ ရုပ်တရားမှန်သမျှ သာယာစွဲလမ်းစရာတွေချည်းပဲ။ နာမ်တရားမှာတော့ မဂ်စိတ် ၄–ခု, ဖိုလ်စိတ် ၄–ခု ဟာ သာယာစွဲလမ်းစရာမဟုတ်လို့ လောကီစိတ် ၈၁–ပါး က,သာ သာယာစွဲလမ်းစရာ ဖြစ်တယ်။

မြင်တဲ့အခါ မြင်တယ်ရှု၊ ကြားတဲ့အခါ ကြားတယ်ရှု၊ နံတဲ့အခါ နံတယ်ရှု၊ စားတဲ့အခါ စားတယ်ရှု၊ အရသာနဲ့ လျှာနဲ့ တွေ့တဲ့အခါ ချိုရင် ချိုတယ်ရှု၊ ချဉ်ရင် ချဉ်တယ်ရှု၊ ကိုယ်နဲ့ တခုခု ထိတဲ့အခါ ထိတယ် ရှု၊ ခန္ဓာကိုယ် လှုပ်ရှားသမျှ ကွေးတယ် ဆန့်တယ် ရှု။

## အာပေါဓာတ်ကို ရှုမှတ်နည်း

တရားရှုရာမှာ နာမ်ရုပ်၏ အမှတ်အသား (လက္ခဏ) လုပ်ဆောင်ချက် (ရသ) ယောဂီ၏ ထင်မြင်ချက် (ပစ္စုပဋ္ဌာန) နီးသောအကြောင်း (ပဒဋ္ဌာန) တို့တွင် တခုခုဖြင့် ရှုနိုင်သည်။ အာပေါဓာတ်ရဲ့ နီးသောအကြောင်းက ပထဝီ တေဇော ဝါယောပဲ။ အဲဒီ ဓာတ်သုံးပါးကို မှီပြီးတော့ အာပေါဓာတ်က ဖြစ်ရတယ်။ အာပေါဓာတ်ကို အတွေ့အထိကနေ သိနိုင်တယ်။ တွေ့ထိလိုက်ရင် ပထဝီ တေဇော ဝါယောတို့ကို တွေ့ထိတာပဲ။ အာပေါဓာတ်ကို တွေ့ထိလို့မရဘူး။ သို့သော် သူနဲ့ တွဲပြီးတော့ နေတဲ့ ပထဝီ တေဇော ဝါယောကို သိပြီးတော့ အရည်တွေပဲ အစိုတွေပဲ ဆိုတာ သိရတယ်။ ဒါ ပဒဋ္ဌာန်ကနေပြီး အာပေါဓာတ်ကို သိရတာပဲ။

## ဘာဝရုပ်စသည် ရှုမှတ်နည်း

အမျိုးသမီးနဲ့ အမျိုးသားတို့ရဲ့ စိတ်နေစိတ်ထား ကိုယ်အမူအရာ ပုံသဏ္ဍာန်မတူကြတာတွေကို ကြည့်ပြီး မတူအောင်လုပ်ပေးတဲ့ ဘာဝရုပ်ကို သိရတယ်။ စိတ်ကူးကြံစည်တာကို ရှုမှတ်လိုက်တဲ့အခါ စိတ်ကူးစိတ်ရဲ့ တည်ရာမှီရာ ဟဒယဝတ္ထုရုပ်ကိုပါ သိရတယ်။ အစာစားပြီးတဲ့အခါ ခန္ဓာကိုယ် အင်အားရှိလာမှု

အဆာပြေမှုကို သိရတာ အာဟာရရုပ်ကို သိတာပဲ။ မျက်စိရုပ် နားရုပ် စတဲ့ ကမ္မဇရုပ်တွေကို စဉ်ဆက်မပြတ် ဖြစ်နေတာကို သိခြင်းဟာ ဇီဝိတရုပ်ကို သိတာပဲ။ ဒီရုပ်သဘောတွေက အလွန်သိမ်မွေ့လို့ တိုက်ရိုက်ရှုမရတဲ့အတွက် ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေမှ သိနိုင်မှာ။

မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း ထိသိတိုင်း ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားတိုင်း စိတ်ကူးစဉ်းစား ကြံစည်တိုင်း ရှုမှတ်နေတာဟာ မျက်စိနှင့်အဆင်း နားနဲ့အသံ လျှာနဲ့အရသာ ကိုယ်နဲ့အတွေ့အထိ အဲဒါတွေကို ရှုမှတ်နေတာပဲ။ အဲဒီ ရှုမှတ်နေတာတွေထဲမှာ အာပေါဓာတ်လဲပါသွားတယ်။ စိတ်ကူးစဉ်းစားကြံစည်မှုကို ရှုတော့ နှလုံးရုပ်လည်း ပါသွားတယ်။ မြင်မှုကြားမှုတွေ ထပ်ခါထပ်ခါ ရှုရင်း မျက်စိရုပ် နားရုပ်တွေ ထပ်ခါထပ်ခါ ဖြစ်တာတွေ့တော့ ဇီဝိတရုပ်ကိုလည်း သိပြီးဖြစ်သွားတယ်။ အစာအာဟာရစားမျိုတဲ့အခါ အဆာပြေသွားတာ လန်းဆန်းလာတာတွေ့ရတော့ အာဟာရရုပ်လဲ ရှုတဲ့အထဲ ပါသွားတယ်။

## ရုပ် ၁၈–မျိုးကို နာမည်ပေးခြင်း

အခုပြောခဲ့တဲ့ရုပ်တရားတွေဟာ ပရမတ်သဘာဝ ရုပ်တရားတွေ ဖြစ်တယ်။ ဒီရုပ်တွေကို တရားရှုလို့ရလို့ သမ္မသနရုပ် လို့ ခေါ်တယ်။ အများနှင့်ဆိုင်သော ဖြစ်တည်ပျက် လက္ခဏာရှိ၍ သလက္ခဏရုပ် လို့ ခေါ်တယ်။ ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်းတရားတို့ ဖြစ်စေအပ်သောကြောင့် နိပ္ဖန္နရုပ်ဟု ခေါ်သည်။ ဖောက်ပြန်ပြောင်းလဲတတ်သောကြောင့် ရူပရုပ်ဟုခေါ်သည်။ ကိုယ်ပိုင်သဘော ရှိ၍ သဘာဝရုပ်လို့ ခေါ်တယ်။

အခုပြောခဲ့တဲ့ရုပ် ၁၈–မျိုးမှ အခြားရုပ် ၁၀ မျိုးသည် ပရမတ်သဘာဝရုပ်တွေ မဟုတ်ဘူး။ ပညတ်ရုပ်တရားတွေ ဖြစ်တယ်။ ဒါကြောင့် သူတို့ကိုတော့ အသဘာဝရုပ်, အလက္ခဏရုပ်, အနိပ္ဖန္နရုပ်, အရူပရုပ်, အသမ္မသနရုပ်လို့ ခေါ်တယ်။

(မဟာစည်ဆရာတော် အဘိဓမ္မာတရားတော်ကြီးမှ ကောက်နုတ်ချက်)

♠ လဟုတာဒိရုပ်တို့ကား ဝိပဿနာရှုကောင်းသော ရုပ်မဟုတ်။ ရုပ်နာမ်ကို သိမ်းဆည်းရာ နာမရူပပရစ္ဆေဒဉာဏ်ပိုင်း၌သာ ရောနှော၍ သိမ်းဆည်းရ၏။

(ကြာပန်းနှင့်ပမာတူသည့်ဘုရားရှင်–၂၅)

## (၂) ရုပ်တို့၏ အစုလိုက်နေပုံ(ကလာပ)ကို ပြဆိုခြင်း

### ကလာပ်ခေါ်ပုံ

ယခုအခါ မြို့ကြီးများ၌ လူအများ စုပေါင်းဖွဲ့စည်းထားသော အဖွဲ့တစ်မျိုးကို "ကလာပ်"ဟု ခေါ်၏။ ကလာပ်ဟူသော နာမည်သည် အပေါင်းအစု၏ နာမည်တည်း။ ပြခဲ့သောရုပ်တို့လည်း တခုစီတခုစီ ခွဲ၍ မဖြစ်။ ပေါင်း၍ရစကောင်းသော ရုပ်ကလေးများ အချင်းချင်း စုပေါင်းတွဲစပ်၍ ဖြစ်ရိုးရှိသည်။ ထိုသို့ အတူဖြစ်ဖက် အတူပျက်ဖက် ရုပ်အစုကို "ကလာပ်တစ်စည်း"ဟု မှတ်ပါ။

### အမြဲတွဲနေသောရုပ် ၈ ပါး

ပထဝီ အာပေါ တေဇော ဝါယောဟူသော မဟာဘုတ်လေးပါးတို့နှင့် ဝဏ္ဏ(အဆင်း) ဂန္ဓ(အနံ့) ရသ(အရသာ) ဩဇာ(အဆီအနှစ်) ဤလေးပါးသည် အမြဲတွဲနေသော ရုပ်အပေါင်းတည်း။ ဘယ်နေရာဘယ်ဌာန မှ ထို ၈ ပါးတို့ ကွဲပြားလျက်မရှိ။ မြေထဲ၌ ရှိရှိသမျှ မြေမှုန့်တို့သည် ထိုရုပ်ရှစ်ပါး အပေါင်းချည်းသာတည်း။ မြေကြီး၌ အဆင်း (ဝဏ္ဏ) ရုပ် ပါ၏။ နမ်းကြည့်လျှင် အနံ့တစ်မျိုးရှိ၏။ စားကြည့်လျှင် အရသာတစ်မျိုး ရှိ၏။ ထိတွေ့၍လည်း ရကောင်း၏။ မြေကြီးသာမဟုတ်, ရေ၌လည်း ဤရုပ် ၈-ပါး၊ လေ၌လည်း ဤရုပ် ၈-ပါး၊ မီးပူ နေပူ နေရောင် စသည်တို့၌လည်း ဤရုပ် ၈-ပါးတို့ ပေါင်း၍ ဖြစ်ကြလေသည်။

### ကလာပ်တစ်ခု၏ ပမာဏ

ထိုကလာပ်တစ်ခုသည် အလွန်သေးငယ်၏။ စိတ်နိုင်သမျှစိတ်, မှုန့်နိုင်သမျှ မှုန့်နေသော မြူမှုန့် ကလေး၌ပင် ကလာပ်အမျိုးပေါင်း အလွန်များစွာပါရှိ၏။ ပကတိမျက်စိဖြင့် ကြည့်၍မမြင်ရ။ အလွန်အား ကောင်းသော မှန်ဘီလူးဖြင့် ချဲ့ထွင်၍ကြည့်မှသာ မြင်ရသော ပိုးကောင်ကလေး၌ ကံကြောင့်ဖြစ်သော ရုပ် ကလာပ်များစွာ စိတ်ကြောင့် ဥတုကြောင့် အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ်ကလေးတွေ အလွန်များစွာ ပါရှိလေရကား ကလာပ်တစ်ခု၏ ပမာဏသည် "မည်မျှသေးငယ်သည်"ဟု ပြောပြ၍ မဖြစ်နိုင်အောင်ပင် သေးငယ်လှပေသည်။

(ကိုယ်ကျင့်အဘိဓမ္မာ-၂၇၇-၂၇၈)

## ရှေးသုံးအတိုင်းအတာ

ပရမာဏုမြူတစ်လုံး၌ ကလာပ်စည်း ငါးဆဲ့တစ်စည်း ရသင့်သောကြောင့် အစိတ္တေယျ(မကြဲစီအပ်သော) အရာဟူ၍ ဆိုအပ်၏။ အဌကလာပ်စည်းမျှသာဖြစ်သော ပရမာဏုမြူ သုံးဆယ့်ခြောက်လုံး ပေါင်းစုနေလျှင် အဏုမြူတစ်လုံးဟုခေါ်သည်။

ပရမာဏုမြူ ၃၆လုံး = အဏုမြူတစ်လုံး
အဏုမြူ ၃၆လုံး = တဇ္ဇာရီမြူတစ်လုံး
တဇ္ဇာရီမြူ ၃၆လုံး = ရထရေဏုမြူတစ်လုံး
ရထရေဏုမြူ၃၆လုံး = လိက္ခာမြူတစ်လုံး
လိက္ခာမြူ ၃၆ လုံး = သန်းဦးခေါင်းတစ်လုံး
သန်းဦးခေါင်း ၇ လုံး = စပါးတစ်လုံး
စပါး ၇ လုံး =တသစ်။ ၁၂သစ်=တထွာ
နှစ်ထွာ = တစ်တောင်။ ၇တောင်=တစ်တာ
တာတစ်ထောင်=တစ်တိုင်
ခြောက်တိုင်နှင့်တာလေးရာ = တစ်ယူဇနာ

(ပရမတ္ထစက္ကူကျမ်း–၉၆)

## ကလာပအင်္ဂါသုံးပါး

၁။ ဧကုပ္ပါဒ–တကလာပ်ထဲ၌ ပါဝင်သောရုပ်များတွင် တခုကဖြစ်လျှင် အခြားတွဲဘက်များလည်း တပြိုင်နက် ဖြစ်ကြရသည်။
၂။ ဧကနိရောဓ–ရုပ်တစ်ခုကချုပ်လျှင် အခြားတွဲဘက် ကလာပ်တူရုပ်များလည်း ချုပ်ကြရသည်။
၃။ ဧကနိဿယ–ရုပ်ကလာပ်တစ်ခု၌ ပါဝင်သော ဥပါဒါရုပ်တို့သည် မဟာဘုတ်၄–ပါးကိုချည်း မှီကြရသည်။ မဟာဘုတ်များလည်း အချင်းချင်း အပြန်အလှန်မှီကြရသည်။

## အာကာသဓာတ်နှင့်လက္ခဏရုပ် ကလာပ်ဖွဲ့ရာ၌ မပါဝင်ကြခြင်း

အာကာသဓာတ်သည် ကလာပ်တို့၏ အပိုင်းအခြားသာဖြစ်သည်။ ကလာပ်နှစ်ခုစပ်လျှင် အာကာသဓာတ်(အကြား)သည် အလိုလိုပါလာ၏။ ထို့ကြောင့် အာကာသဓာတ်သည် ကလာပ်ဖွဲ့စည်းရာ၌ ကလာပ်၏ အစိတ်အပိုင်း မဖြစ်နိုင်။ ကလာပ်၏ အပြင်ဘက်က ဖြစ်သည်။ လက္ခဏရုပ်လည်း ကလာပ်တို့၏ ဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်းဟူသော အမှတ်အသားမျှသာ ဖြစ်သည်။လူတစ်ယောက်၏ မွေးဖွားခြင်း ကြီးရင့်ခြင်း စုတေခြင်းဟူရာ၌ မွေးဖွားမှု ကြီးရင့်မှု စုတေမှုသည် လူကောင်မဟုတ်၊ "မွေးလာပြီ, ကြီးရင့်ပြီ, သေရာပြီ"ဟု လူတစ်ယောက်ကို မှတ်သားပြောဆိုဘို့ရာ အမှတ်လက္ခဏာသာ ဖြစ်သကဲ့သို့ ထို့အတူ ဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်းဟူသော ဥပစယ သန္တတိ ဇရတာ အနိစ္စတာလည်း ရုပ်စစ်မဟုတ်၊ ရုပ်ကလာပ်တို့၏ အမှတ်လက္ခဏာမျှသာ ဖြစ်သည်။ ထို့ကြောင့် လက္ခဏရုပ်လေးပါးကိုလည်း ရုပ်ကလာပ်၌ မသွင်းထိုက်။ ရုပ်ကလာပ်အထည်ကိုယ်မှာ အစိတ်အပိုင်းအင်္ဂါအဖြစ်ဖြင့် မပါဝင်နိုင်။

## ဝိကာရရုပ် ကလာပ်၌ပါဝင်

ဝိကာရရုပ် ၅ ခုကိုကား ဝိကာရရုပ်တို့ပါဝင်သောအခါနှင့် မပါဝင်သောအခါ ရုပ်ကလာပ်တို့ဖြစ်ပုံ ထူးခြားသောကြောင့် သဘာဝဓမ္မမဟုတ်ဘဲ ကလာပ်သို့ သွင်းပြရသည်။ ဝိညတ်ပါလျှင် အလိုဆန္ဒကို သိစေသော အမူအရာထူး ရုပ်ကလာပ်၌ပါဝင်၏၊ လဟုတာစသည်ပါလာလျှင် ပေါ့ပါးသော အမူအရာထူး ပါဝင်လာ၏။

## စိတ်,ဥတုကြောင့် အသံဖြစ်သည်

သဒ္ဒရုပ် အသံသည် စိတ်ဥတုနှစ်ပါးကြောင့် ဖြစ်သည်ဟုဆိုသော်လည်း စိတ်ဥတုနှစ်ပါးက တပြိုင်နက်ဖြစ်စေသည်ဟု မမှတ်ရ။ သက်ရှိသတ္တဝါတို့၏ စကားပြောသံ ရယ်မောသံ ငိုကြွေးသံ စသည်တို့မှာ စိတ်ကြောင့်ဖြစ်ပေါ်လာရသော အသံဖြစ်၍ ဝမ်းတွင်း၌ လှုပ်ရှားသံ ဓာတ်စက်သံ အပြင်အပ၌ရှိသမျှ လေသံ မိုးသံ တီးမှုတ်သံ စသည်များကား ဥတုကြောင့်ဖြစ်သည်ဟု မှတ်ပါ။

## အသံကောင်း,မကောင်း

သက်ရှိသတ္တဝါတို့၏အသံသည် စိတ်ကြောင့်ဖြစ်လျှင် ဘာကြောင့် အချို့မှာ အသံကောင်း၍ ဘာကြောင့် အချို့မှာ အသံမကောင်းပါသနည်း။ စိတ်ကြောင့်ဖြစ်ခြင်း တူပါလျှင် အသံလည်းတူသင့်သည် မဟုတ်ပါလော ? ဟု မေးစရာရှိ၏။ အဖြေကား . . "သက်ရှိသတ္တဝါတို့၏ အသံသည် စိတ်ကြောင့်ဖြစ်သည်"ဟုဆိုရာ၌ အသံဖြစ်ဘို့ရာ အနီးကပ်ဆုံးအကြောင်းကို ပြခြင်းဖြစ်သည်။ အသံကောင်းမကောင်းမှာ စိတ်တစ်မျိုးနှင့်သာ သက်ဆိုင်သည်မဟုတ်ပေ။ ကံတရားနှင့်လည်း သက်ဆိုင်ပေသည်။ ကံက အသံဖြစ်ဘို့ရာဌာန၌ ကမ္မဇပထဝီ ကောင်းကောင်းစီမံလျှင် အသံကောင်း၏။ ထိုကမ္မဇပထဝီညံ့လျှင် အသံညံ့သည်။ (သင်္ဂြိုဟ်ဘာသာဋီကာ ရုပ်ပိုင်းမှ ကောက်နှုတ်ချက်)

## ရုပ်ဖြစ်ကြောင်းတရား လေးပါး

| ကံ | စိတ် | ဥတု | အာဟာရ |
|---|---|---|---|
| အဝိနိဗ္ဘောဂ–၈ | အဝိနိဗ္ဘောဂ–၈ | အဝိနိဗ္ဘောဂ–၈ | အဝိနိဗ္ဘောဂ–၈ |
| ပရိစ္ဆေဒ (အာကာသ) ၁ | ပရိစ္ဆေဒ (အာကာသ) ၁ | ပရိစ္ဆေဒ (အာကာသ) ၁ | ပရိစ္ဆေဒ (အာကာသ) ၁ |
| ပသာဒ–၅ | လဟုတာဒိ–၃ | လဟုတာဒိ–၃ | လဟုတာဒိ–၃ |
| ဘာဝ–၂ | သဒ္ဒ–၁ | သဒ္ဒ–၁ | |
| ဇီဝိတ–၁ | ဝိညတ်–၂ | | |
| ဟဒယ–၁ | | | |
| ၁၈ | ၁၅ | ၁၃ | ၁၂ |

## ကမ္မဇကလာပ် ၉–စည်း

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ပထဝီ | ပထဝီ | ပထဝီ | ပထဝီ | ပထဝီ | ပထဝီ | ပထဝီ | ပထဝီ | ပထဝီ |
| အာပေါ | အာပေါ | အာပေါ | အာပေါ | အာပေါ | အာပေါ | အာပေါ | အာပေါ | အာပေါ |
| တေဇော | တေဇော | တေဇော | တေဇော | တေဇော | တေဇော | တေဇော | တေဇော | တေဇော |
| ဝါယော | ဝါယော | ဝါယော | ဝါယော | ဝါယော | ဝါယော | ဝါယော | ဝါယော | ဝါယော |
| ဝဏ္ဏော | ဝဏ္ဏော | ဝဏ္ဏော | ဝဏ္ဏော | ဝဏ္ဏော | ဝဏ္ဏော | ဝဏ္ဏော | ဝဏ္ဏော | ဝဏ္ဏော |
| ဂန္ဓ | ဂန္ဓ | ဂန္ဓ | ဂန္ဓ | ဂန္ဓ | ဂန္ဓ | ဂန္ဓ | ဂန္ဓ | ဂန္ဓ |
| ရသ | ရသ | ရသ | ရသ | ရသ | ရသ | ရသ | ရသ | ရသ |
| ဩဇာ | ဩဇာ | ဩဇာ | ဩဇာ | ဩဇာ | ဩဇာ | ဩဇာ | ဩဇာ | ဩဇာ |
| ဇီဝိတ | ဇီဝိတ | ဇီဝိတ | ဇီဝိတ | ဇီဝိတ | ဇီဝိတ | ဇီဝိတ | ဇီဝိတ | ဇီဝိတ |
| စက္ခုပသာဒ | သောတ– | ဃာန– | ဇိဝှါ– | ကာယ– | ဣတ္ထိဘာဝ | ပုမ္ဘာဝ– | ဟဒယဝတ္ထု– | |

### ကမ္မဇကလာပ် ၉–စည်း ရေတွက်ပုံ

၁။ စက္ခုဒသကကလာပ် ၂။ သောတဒသကကလာပ် ၃။ ဃာနဒသကကလာပ်
၄။ ဇိဝှါဒသကကလာပ် ၅။ ကာယဒသကကလာပ် ၆။ ဣတ္ထိဘာဝဒသကကလာပ်
၇။ ပုမ္ဘာဝဒသကကလာပ် ၈။ ဟဒယဝတ္ထုဒသကကလာပ် ၉။ ဇီဝိတနဝကကလာပ်

♠ အစာကို ကျေစေတတ်သော, အစာကို ချက်ပေးသော ဥဒရဂ္ဂိခေါ်သည့် ကမ္မဇဝမ်းမီးသည် ဇီဝိတနဝကကလာပ်ရုပ်တွင်ပါဝင်သော တေဇောဓာတ်တည်း။ ။ ဇီဝိတနဝက ကလာပ်ရုပ်တို့သည် ခန္ဓာအိမ် တခုလုံး၌ အနှံ့အပြား တည်ရှိနေကြသည်။ ယင်းသို့ တည်ရှိနေသည့်အတွက် – သရီရေ မက္ခိတာဟာရောပိ ရူပံ သမုဋ္ဌာပေတိ။ ခန္ဓာကိုယ်ပေါ်၌ လိမ်းကျံပေးလိုက်သော အာဟာရဆေးဝါးသည်လည်း တနည်းဆိုရသော် ခန္ဓာကိုယ်ပေါ်၌ လိမ်းကျံပေးလိုက်သော အာဟာရဆေးဝါးဟု ခေါ်ဆိုအပ်သော ဥတုဇရုပ်ကလာပ်တွင် ပါဝင်သော ဩဇာသည်လည်း ယင်းလိမ်းကျံသည့်နေရာတွင် အသင့်တည်ရှိနေသည့် ယင်းဇီဝိတနဝက ကလာပ်ရုပ်တို့တွင် ပါဝင်သော ပါစကတေဇောဓာတ်၏ အထောက်အပံ့ကို ရရှိသဖြင့် အာဟာရဇရုပ်ကလာပ် အသစ်အသစ်တို့ကို ဖြစ်စေနိုင်ပေသည်။ ထို့ကြောင့် **မျက်စိအတွင်းသို့ မျက်စဉ်းဆေးကို ခတ်လိုက်လျှင် နားတွင်းသို့ နားဆီဆေးကို ထည့်ပေးလိုက်လျှင် အလားတူပင် အာဟာရဇရုပ်ကလာပ်များသည် မျက်စိအတွင်း နားအတွင်းသို့ ပျံ့နှံ့ဖြစ်ပေါ်**သွားပေသည်။ ထို့ကြောင့် ဇီဝိတနဝက ကလာပ်ရုပ်၏ ဒွါရခြောက်ပါးလုံး၌ အနှံ့အပြားတည်ရှိမှုမှာ ဒွါရခြောက်ပါးလုံးတို့၌ တည်ရှိကြသော စတုသမုဋ္ဌာနိကဩဇာ အသီးအသီး၏ အာဟာရဇရုပ်ကို ဖြစ်စေရာ၌ မရှိမဖြစ်သော လိုအပ်ချက်တခုပင် ဖြစ်သည်။

(ကြာပန်းနှင့်ပမာတူသည့်ဘုရားရှင်–၁၁)

## စိတ္တဇကလာပ် ၆–စည်း

| | | | | | |
|---|---|---|---|---|---|
| ပထဝီ | ပထဝီ | ပထဝီ | ပထဝီ | ပထဝီ | ပထဝီ |
| အာပေါ | အာပေါ | အာပေါ | အာပေါ | အာပေါ | အာပေါ |
| တေဇော | တေဇော | တေဇော | တေဇော | တေဇော | တေဇော |
| ဝါယော | ဝါယော | ဝါယော | ဝါယော | ဝါယော | ဝါယော |
| ဝဏ္ဏ | ဝဏ္ဏ | ဝဏ္ဏ | ဝဏ္ဏ | ဝဏ္ဏ | ဝဏ္ဏ |
| ဂန္ဓ | ဂန္ဓ | ဂန္ဓ | ဂန္ဓ | ဂန္ဓ | ဂန္ဓ |
| ရသ | ရသ | ရသ | ရသ | ရသ | ရသ |
| ဩဇာ | ဩဇာ | ဩဇာ | ဩဇာ | ဩဇာ | ဩဇာ |
| | ကာယဝိညတ် | ဝစီဝိညတ် | | ကာယဝိညတ် | ဝစီဝိညတ် |
| | | သဒ္ဒ | | | သဒ္ဒ |
| | | | လဟုတာဒိ–၃ | လဟုတာဒိ–၃ | လဟုတာဒိ–၃ |

## စိတ္တဇကလာပ် ၆–စည်း ရေတွက်ပုံ

၁။ သုဒ္ဓဋ္ဌကကလာပ် ၂။ ကာယဝိညတ္တိနဝကကလာပ် ၃။ ဝစီဝိညတ္တိသဒ္ဒဒသကကလာပ်
၄။ လဟုတာဒိဧကာဒသကကလာပ် ၅။ ကယာဝိညတ္တိလဟုတာဒိဒွါဒသကကလာပ်
၆။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသကကလာပ်

## ဝိသုဒ္ဓိမဂ်အဋ္ဌကထာ,က ၈ စည်းပြ

သဒ္ဒ+အဝိနိဗ္ဘောဂ ၈ = ၉
သဒ္ဒ+လဟုတာဒိ၃+အဝိနိဗ္ဘောဂ ၈ =၁၂

♠ ထွက်သက်ဝင်သက်လေသည် ဝိညတ်မပါသော စိတ္တဇသဒ္ဒဟု ဆို၏၊ အိပ်ပျော်စဉ်ဖြစ်သော ဘဝင်စိတ်သည် ဝိညတ်ကို မဖြစ်စေနိုင်၊ သို့ဖြစ်၍ ဟောက်သံသည် စိတ္တဇသဒ္ဒနဝကကလာပ်သာ ဖြစ်သည်။ တခါတရံ လဟုတာဒိ ၃–ခုနှင့် တွဲဘက်၍လည်း ဖြစ်ကောင်းသည်သာ။

♠ အသက်ရှုသံဟူသည် ယင်းအသက်ရှုလမ်းကြောင်းတွင် တည်ရှိကြသော ကလာပ်တို့၏ ပထဝီဓာတ်နှင့် စိတ္တဇကလာပ်တွင်ပါဝင်သော ပထဝီဓာတ်တို့ အချင်းချင်း ရိုက်ခတ်၍ ပေါ်လာသော အသံတည်း။
(ကြာပန်းနှင့်ပမာတူသည့်ဘုရားရှင်–၂၄)

♠ ထွက်သက်ရှုသံ, ဝင်သက်ရှိုက်သံ, ချေဆပ်သံ, သမ်းသောအသံ, ချောင်းဟန့်သံ, ကြို့ထိုးသံ, စသည်သည် ဝိညတ်မပါသော စိတ္တဇသဒ္ဒဖြစ်သည်။ **လျက်ဖြစ်တီးသောအသံစသည်များကား** စိတ္တဇသဒ္ဒ မဟုတ်။ စိတ္တပစ္စယဥတုဇသံတို့သာတည်း။ စိတ်လျှင် အကြောင်းရင်းရှိသော ဥတုဇအသံတို့သာတည်း။

(ပရမတ္ထသံခိပ်ဋီကာ–၂၄၃)

♠ ကွေးခြင်း ဆန့်ခြင်း ပြုလုပ်ရာ၌ တခါတရံ ကွေးရ ဆန့်ရ လွယ်၏။ တခါတရံ မလွယ်။ လွယ်သည့်အခါ၌ လဟုတာဒိ ဖြစ်၏။ မလွယ်သည့်အခါ၌ လဟုတာဒိ မပါ။ က,ခ စသည့် စကားသံ ပေါ်လာအောင် ရွတ်ဖတ်သည့်အခါ ပေါ့ပါးသွက်လက်စွာ ရွတ်ဖတ်နိုင်ရင် လဟုတာဒိ ပါဝင်သည်။ သွက်လက်ချောမွေ့စွာ မရွတ်နိုင်သည့်အခါ လဟုတာဒိ မပါဝင်ပေ။ ပေါ့ပါးသွက်လက်စွာ အသက်ရှုနိုင်သည့် အခါ လဟုတာဒိပါသည်။ အသက်ရှုရ ခက်သည့်အခါ လဟုတာဒိမပါဝင်ပေ။

(ကြာပန်းနှင့်ပမာတူသည့်ဘုရားရှင်–၂၃)

♠ ထွက်သက်ဝင်သက်သည် ကာမ ၁၁–ဘုံ၌ ဖြစ်၏။ ရူပအရူပဘုံ၌ မဖြစ်။ ပထမဈာန်ဇော–၂၀၊ ဒုတိယဈာန်ဇော–၁၀၊ တတိယဈာန်ဇော–၁၀တို့၌ ဖြစ်၏။ စတုတ္ထဈာန်ဇော–၁၈စုတို့၌ မဖြစ်။ ဒွေပဉ္စဝိညာဏ် ၁၀–ကြဉ်သော ကာမစိတ် ၄၄–ပါးတို့၌ ဖြစ်၏။ ဒွေပဉ္စဝိညာဏ် ၁၀၊ မဟဂ္ဂိုတ်ဝိပါက် ၉–ခု၊ ပဋိသန္ဓေ, စုတိစိတ်၏ ရှေး ၃၂–ခုမြောက်စိတ်မှစ၍ စုတိစိတ်တိုင်အောင်သောကာလ၌ ဖြစ်သောစိတ်တို့၌ မဖြစ်။ သေသောပုဂ္ဂိုလ်၊ အမိဝမ်း၌ကိန်းသောပုဂ္ဂိုလ်၊ ရေငုတ်သောပုဂ္ဂိုလ်၊ နိရောဓသမာပတ်ကို ဝင်းစားခိုက်သော ပုဂ္ဂိုလ်၊ စတုတ္ထဈာန်ဝင်းစားခိုက်သော ကာမပုဂ္ဂိုလ်၊ ရူပ အရူပပုဂ္ဂိုလ်၊ မိန်းမောတွေဝေသောပုဂ္ဂိုလ်တို့၌ **ထွက်သက်ဝင်သက်မဖြစ်**။ (မနောရထပူရဏီ ၁၁၀–၁၁၁)

# ဥတုဇကလာပ် ၄–စည်း

| | | | |
|---|---|---|---|
| ပထဝီ | ပထဝီ | ပထဝီ | ပထဝီ |
| အာပေါ | အာပေါ | အာပေါ | အာပေါ |
| တေဇော | တေဇော | တေဇော | တေဇော |
| ဝါယော | ဝါယော | ဝါယော | ဝါယော |
| ဝဏ္ဏော | ဝဏ္ဏော | ဝဏ္ဏော | ဝဏ္ဏော |
| ဂန္ဓ | ဂန္ဓ | ဂန္ဓ | ဂန္ဓ |
| ရသ | ရသ | ရသ | ရသ |
| ဩဇာ | ဩဇာ | ဩဇာ | ဩဇာ |
| | သဒ္ဒ | | သဒ္ဒ |
| | | လဟုတာဒိ–၃ | လဟုတာဒိ–၃ |

## ဥတုဇကလာပ် ၄–စည်း ရေတွက်ပုံ

၁။ သုဒ္ဓဋ္ဌကကလာပ် ၂။ သဒ္ဒနဝကကလာပ် ၃။ လဟုတာဒိဧကာဒသကကလာပ်
၄။ သဒ္ဒလဟုတာဒိဒွါဒသကကလာပ်

♠ လဟုတာဒိပါသော ကလာပ်စည်းသည် သက်ရှိသန္တာန်၌သာ ဖြစ်နိုင်သည်။

## အာဟာရဇကလာပ် ၂-စည်း ရေတွက်ပုံ

| | |
|---|---|
| ပထဝီ | ပထဝီ |
| အာပေါ | အာပေါ |
| တေဇော | တေဇော |
| ဝါယော | ဝါယော |
| ဝဏ္ဏ | ဝဏ္ဏ |
| ဂန္ဓ | ဂန္ဓ |
| ရသ | ရသ |
| ဩဇာ | ဩဇာ |
| | လဟုတာဒိ-၃ |

## အာဟာရဇကလာပ် ၂-စည်း ရေတွက်ပုံ

၁။ သုဒ္ဓဋ္ဌကကလာပ် ၂။ လဟုတာဒိဧကာဒသကကလာပ်

## အဇ္ဈတ္တ / ဗဟိဒ္ဓ ၌ ရနိုင်သော ကလာပ်များ

ကလာပ်စည်းပေါင်း ၂၁-စည်းရှိသည်။ သက်ရှိသတ္တဝါ(အဇ္ဈတ္တ)၌ ၂၁-စည်းလုံး ဖြစ်သည်။ အထီးသတ္တဝါ၌ ဣတ္ထိဘာဝဒသက မရ၊ အမသတ္တဝါ၌ ပုမ္ဘာဝဒသက မရ၊ ပဋိသန္ဓေအားဖြင့် မျက်စိကန်းသူ၌ စက္ခုဒသက မရ၊ နားပင်းသူ၌ သောတဒသက မရ။

သစ်ပင် တော တောင် ရေ မြေ စသည့် သက်မဲ့အရာဝတ္ထု(ဗဟိဒ္ဓ)တို့၌ ဥတုဇ ၄-စည်းမှ သုဒ္ဓကကလာပ်, သဒ္ဒနဝကကလာပ်တို့သာ ဖြစ်နိုင်သည်။ သစ်ပင်သစ်ကိုင်း လှုပ်သံ, တုံးခေါက်သံ, မိုးခြိမ်းသံ, ရေဒီယိုသံ စသည်တို့မှာ ဥတုဇသဒ္ဒနဝက ကလာပ်များ ဖြစ်သည်။

အာဟာရဇကလာပ်တို့သည် သက်ရှိသန္တာန်၌သာ ဖြစ်ကြသည်။

# ကောဋ္ဌာသ(ကိုယ်အင်္ဂါအစိတ်အပိုင်း)တို့၌ ရရှိသော ကလာပ်စည်းများ

## ကောဋ္ဌာသ၏အကြောင်းရင်း

ပြည် ကျင်ငယ် အစာဟောင်း အစာသစ်တို့သည် ဥတုကြောင့် ဖြစ်၏။ ပါစကတေဇောသည် ကံကြောင့် ဖြစ်၏။ ထွက်သက်ဝင်သက်လေသည် စိတ်ကြောင့် ဖြစ်၏။

ချွေး နှပ် မျက်ရည် တံတွေးသည် စိတ်,ဥတုနှစ်ပါးကြောင့် ဖြစ်သည်။ ကျန်ကောဋ္ဌာသများသည် အကြောင်းလေးမျိုးကြောင့် ဖြစ်သည်။

ပြည် ကျင်ငယ် အစာဟောင်း အစာသစ်၌ ဥတုဇကလာပ် ဖြစ်၏။ ပါစကတေဇော၌ ဇီဝိတနဝကလာပ် ဖြစ်၏။ ထွက်သက်ဝင်သက်လေသည် စိတ္တဇသုဒ္ဓဋ္ဌက ဖြစ်သည်။

ချွေး နှပ် မျက်ရည် တံတွေး၌ စိတ္တဇကလာပ် ဥတုဇကလာပ် ဖြစ်၏။ ပါစကတေဇောမှကြွင်းသော တေဇောကောဋ္ဌာသသုံးပါး, အဿာသပဿာသမှ ကြွင်းသောဝါယောကောဋ္ဌာသငါးပါးတို့တွင် အာဟာရဇ စိတ္တဇ ဥတုဇ သုဒ္ဓဋ္ဌကကလာပ်နှင့် ကမ္မဇ ဇီဝိတနဝကကလာပ် ဖြစ်သည်။

(သစ္စသင်္ခေပအဋ္ဌကထာ နိသျ ၄၀–၄၂)

ဆံပင်မှ စ၍ ဦးနှောက်အထိ ကောဋ္ဌာသ ၂၀–သည် **ပထဝီလွန်ကဲသော ကောဋ္ဌာသများ**ဖြစ်ကြသည်။ ထိုတွင် ဆံပင် မွေးညင်း လက်သည်း ခြေသည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညို့(ကျောက်ကပ်) နှလုံး အသည်း အမြှေး အဖျင်း(သရက်ရွက်) အဆုတ် အူမ အူသိမ် ဦးနှောက် တို့၌ ကာယဒသကကလာပ် ၁၀, ဘာဝဒသကလာပ် ၁၀, ဇီဝိတနဝကကလာပ် ၉, စိတ္တဇအဋ္ဌကလာပ် ၈, ဥတုဇအဋ္ဌကလာပ် ၈, အာဟာရဇအဋ္ဌကလာပ် ၈, ပေါင်း ၅၃–မျိုး ပါသည်။ အစာသစ် အစာဟောင်း၌ ဥတုဇအဋ္ဌကလာပ်တမျိုးသာ ပါရှိသည်။

သည်းခြေ မှ ကျင်ငယ် အထိ ကောဋ္ဌာသ ၁၂–ခုသည် **အာပေါလွန်ကဲသော ကောဋ္ဌာသများ** ဖြစ်ကြသည်။ ထိုတွင် သည်းခြေ သလိပ် သွေး အဆီခဲ ဆီကြည် အစေးတို့၌ ကာယဒသကကလာပ် ၁၀, ဘာဝဒသကလာပ် ၁၀, ဇီဝိတနဝကကလာပ် ၉, စိတ္တဇအဋ္ဌကလာပ် ၈, ဥတုဇအဋ္ဌကလာပ် ၈, အာဟာရဇအဋ္ဌကလာပ် ၈, ပေါင်း ၅၃–မျိုး ပါသည်။ ချွေး မျက်ရည် နှပ် တံတွေးတို့၌ စိတ္တဇအဋ္ဌကလာပ် ဥတုဇအဋ္ဌကလာပ်တို့ ပါသည်။ ပြည် ကျင်ငယ်တို့၌ ဥတုဇအဋ္ဌကလာပ်သာ ပါသည်။

(ကြာပန်းနှင့်ပမာတူသည့်ဘုရားရှင် ၁၈–၂၀)

## တေဇောလွန်ကဲသော ကောဋ္ဌာသ ၄–မျိုး

၁။ သန္တပ္ပနတေဇော–တစ်ရက်ခြား ဖျားခြင်း စသည်ဖြင့် ဖြစ်သော ပူလောင်သော တေဇော
၂။ ဇီရဏတေဇော–အိုစေ ရင့်ကျက်စေ ဆွေးမြေ့စေသော ပူလောင်သော တေဇော
၃။ ဍာဟတေဇော–ထက်ဝန်းကျင်ပူလောင်သော တေဇော
၄။ ပါစကတေဇော–အစာကိုကြေညက်စေတတ်သော ပူလောင်သော တေဇော

ဤ**တေဇောကောဋ္ဌာသများကား** ပထဝီကောဋ္ဌာသ အာပေါကောဋ္ဌာသများကဲ့သို့ **ကောဋ္ဌာသပုံသဏ္ဌာန်မရှိ**ပေ။ တေဇောဓာတ်၏ သဘာဝစွမ်းအင် လွန်ကဲနေသော ရုပ်မှုန်များသာဖြစ်ကြသည်။ သန္တပ္ပနတေဇော, ဇီရဏတေဇော, ဍာဟတေဇောတို့၌ ဇီဝိတနဝကကလာပ် ၉, စိတ္တဇအဋ္ဌကလာပ် ၈, ဥတုဇအဋ္ဌကလာပ် ၈, အာဟာရဇအဋ္ဌကလာပ် ၈၊ ပေါင်း ၃၃ ခုပါရှိ၏။ ပါစကတေဇောဓာတ်၌ကား ဇီဝိတနဝက ကလာပ်သာ ပါရှိ၏။

## ဝါယောဓာတ်လွန်ကဲသော ကောဋ္ဌာသ ၆–မျိုး

၁။ ဥဒ္ဓင်္ဂမာ ဝါတာ– အထက်သို့ ဆန်တက်သော လေ
၂။ အဓောဂမာ ဝါတာ– အောက်သို့စုန်သောလေ
၃။ ကုစ္ဆိသယာ ဝါတာ– ဝမ်းဗိုက်အတွင်း အူအပြင်ဘက်၌ တည်သောလေ
၄။ ကောဋ္ဌာသယာ ဝါတာ– အူအတွင်း၌ တည်ရှိသောလေ
၅။ အင်္ဂမင်္ဂါနုသာရိနော ဝါတာ– ကိုယ်အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သော အကြောအတွင်း၌ တည်ရှိသောလေ
၆။ အဿာသော ပဿာသော–ထွက်သက်လေ ဝင်သက်လေ

ဥဒ္ဓင်္ဂမာ ဝါတာ–မှ အင်္ဂမင်္ဂါနုသာရိနော ဝါတာ တိုင်အောင် (၅)မျိုးတို့၌ ဇီဝိတနဝကကလာပ် ၉, စိတ္တဇအဋ္ဌကလာပ် ၈, ဥတုဇအဋ္ဌကလာပ် ၈, အာဟာရဇအဋ္ဌကလာပ် ၈၊ ပေါင်း ၃၃ ခုပါရှိ၏။ အဿာသော ပဿာသော၌ကား စိတ္တဇသဒ္ဒနဝက ကလာပ်သာ ပါရှိ၏။ (လဟုတာဒိ ပါသည့်အခါ၌ ၁၂–ရုပ် ဖြစ်၏)

(ကြာပန်းနှင့်ပမာတူသည့်ဘုရားရှင် ၂၀–၂၁)
(ဝိသုဒ္ဓိ၌ ၁၊ ၃၄၅–၃၄၆)

# ဝီထိပိုင်း

“ဝီထိ”သဒ္ဒါသည် “အစဉ်အတန်း”ဟူသော အနက်ကို ဟော၏။ ထို့ကြောင့် ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုန်းစသည်ဖြင့် စိတ်၏ဖြစ်စဉ်ကို ပြသော အပိုင်းအခဏ်းကို “ဝီထိပိုင်း”ဟု ခေါ်သည်။

စိတ်၏ဖြစ်ပုံသည် ပဋိသန္ဓေအခါဖြစ်ပုံ, ပဝတ္တိအခါ ဖြစ်ပုံဟု နှစ်မျိုးရှိ၏။ ထိုတွင် ပဝတ္တိအခါ၌ ဖြစ်ပုံမှာ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ်စသည်ဖြင့် တမျိုးပြီးတမျိုး စီကာစဉ်ကာ ဖြစ်သောကြောင့်၎င်း, စက္ခုဒွါရစသော ၆–ဒွါရ၌ ထိုက်သည်အားလျော်စွာ ဖြစ်သောကြောင့်လည်းကောင်း “ဝီထိ”ဟု ခေါ်၏။ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၏ ဖြစ်ပုံကား စိတ်တမျိုးတည်းဖြစ်သောကြောင့်၎င်း, ထိုထိုဒွါရ၌ မဖြစ်သောကြောင့်၎င်း “ဝီထိမုတ္တ=ဝီထိမှအလွတ်”ဟု ခေါ်၏။ ထိုဝီထိမုတ်စိတ်များကို ပြသောအပိုင်းကို “ဝီထိမုတ်ပိုင်း” ဟု ခေါ်လိမ့်မည်။

စိတ်ဖြစ်စဉ်ကို ပြောပြသော ဝီထိပိုင်းကို နားလည်ရန် ဝတ္ထု ၆–ပါး, ဒွါရ ၆–ပါး, အာရုံ ၆–ပါး, ဝိညာဏ် ၆–ပါး, ဝီထိ ၆–ပါး, ဝိသယပဝတ္တိ ၆–ပါးတို့ကို နားလည်ရမည်။

## ဝတ္ထု ၆ ပါး

စိတ်စေတသိက်တို့၏ မှီရာ(နေရာ)သည် ဝတ္ထုမည်၏။ ၎င်းဝတ္ထုသည် စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု ဟု ၆–မျိုးရှိ၏။

ထိုတွင် စက္ခုပသာဒရုပ်ကို စက္ခုဝတ္ထု ဟု ခေါ်၏။ သောတပသာဒရုပ်ကို သောတဝတ္ထု ဟု ခေါ်၏။ ဃာနပသာဒရုပ်ကို ဃာနဝတ္ထု ဟု ခေါ်၏။ ဇိဝှါပသာဒရုပ်ကို ဇိဝှါဝတ္ထု ဟု ခေါ်၏။ ကာယပသာဒရုပ်ကို ကာယဝတ္ထု ဟု ခေါ်၏။ ဟဒယဝတ္ထုရုပ်ကို ဟဒယဝတ္ထု ဟု ခေါ်၏။

## ဝိညာဏ် ၆ ပါး

စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ်ဟု ဝိညာဏ် ၆ ပါးရှိ၏။ ထို ၆ ပါးတွင် စိတ် ၈၉–ပါးမှ စက္ခုဝိညာဏ်ဒွေး(မြင်စိတ်နှစ်ခု)ကို စက္ခုဝိညာဏ်ဟု ခေါ်၏။ သောတဝိညာဏ်ဒွေးကို သောတဝိညာဏ်ဟု ခေါ်၏။ ဃာနဝိညာဏ်ဒွေးကို ဃာနဝိညာဏ်ဟု ခေါ်၏။ ဇိဝှါဝိညာဏ်ဒွေးကို ဇိဝှါဝိညာဏ်ဟု ခေါ်၏။ ကာယဝိညာဏ်ဒွေးကို ကာယဝိညာဏ်ဟု ခေါ်၏။ ကျန်စိတ် ၇၉–ခုကို မနောဝိညာဏ်ဟု ခေါ်သည်။

## စိတ်နှင့်မှီရာတွဲစပ်ပြပုံ

စက္ခုဝိညာဏ်သည် စက္ခုဝတ္ထုဌ် မှီ၏။ ဖြစ်၏။ မြင်စိတ်သည် မျက်လုံး၌ ဖြစ်၏ဟု ဆိုလိုသည်။ သောတဝိညာဏ်သည် သောတဝတ္ထုဌ် ဖြစ်၏။ ဃာနဝိညာဏ်သည် ဃာနဝတ္ထုဌ် ဖြစ်၏။ ဇိဝှါဝိညာဏ်သည် ဇိဝှါဝတ္ထုဌ် ဖြစ်၏။ ကာယဝိညာဏ်သည် ကာယဝတ္ထုဌ် ဖြစ်၏။ မနောဝိညာဏ်သည် ဟဒယဝတ္ထုဌ် ဖြစ်၏။

## ဒွါရ ၆ ပါး

လူနေအိမ် တံခါးပေါက်ကို ပါဠိလို "ဒွါရ"ဟု ခေါ်၏။ ပကတိ တံခါးပေါက်သည် လူတို့ဝင်ရောက်ကြောင်း ဖြစ်သကဲ့သို့ ခန္ဓာအိမ်မှာရှိသော စက္ခုပသာဒသည်လည်း မြင်စိတ်အစဉ်၏ ဝင်ရောက်ကြောင်းဖြစ်၍ ဒွါရဟုပင် အမည်ရသည်။

ထိုဒွါရသည် စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနောဒွါရဟူ၍ ၆–မျိုးရှိ၏။ ထိုတွင် စက္ခုပသာဒရုပ်ကိုပင် စက္ခုဒွါရဟု ခေါ်၏။ သောတပသာဒရုပ်ကိုပင် သောတဒွါရဟု ခေါ်၏။ ဃာနပသာဒရုပ်ကိုပင် ဃာနဒွါရဟု ခေါ်၏။ ဇိဝှါပသာဒရုပ်ကိုပင် ဇိဝှါဒွါရဟု ခေါ်၏။ ကာယပသာဒရုပ်ကိုပင် ကာယဒွါရဟု ခေါ်သည်။ ဘဝင်စိတ်ကို မနောဒွါရဟု ခေါ်၏။

## အာရုံ ၆ ပါး

ဥယျာဉ်ပန်းမာလ်သည် လူတို့၏ မွေ့လျော်ရာဖြစ်သကဲ့သို့ ရူပါရုံစသည်တို့သည် စိတ်စေတသိက် (နာမ်တရား)တို့၏ မွေ့လျော်ရာဖြစ်၍ အာရမ္မဏ=အာရုံ မည်၏။ ထိုအာရုံသည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဟု ၆–မျိုးရှိ၏။

ထိုတွင် အရောင်အဆင်းကို ရူပါရုံ ဟုခေါ်သည်။ အသံကို သဒ္ဒါရုံဟု ခေါ်သည်။ အနံ့ကို ဂန္ဓာရုံဟု ခေါ်သည်။ အရသာကို ရသာရုံဟု ခေါ်သည်။ မာပျော့ပူအေးထောက်ကန်သဘော အတွေ့ကို ဖောဋ္ဌဗ္ဗာရုံဟု ခေါ်သည်။ အဆင်းရုပ် အသံရုပ် အနံ့ရုပ် အရသာရုပ်, ပထဝီ, တေဇော, ဝါယောဟူသော အတွေ့ရုပ်မှတပါး ကျန်ရုပ်တရားအားလုံးနှင့် စိတ်, စေတသိက်, နိဗ္ဗာန်, အမည်နာမ ပညတ်အမျိုးမျိုးကို ဓမ္မာရုံဟု ခေါ်သည်။

## ဝီထိ ၆–ပါး

စိတ်တို့၏ဖြစ်ပုံ အစဉ်အတန်း (ဝီထိ) သည် စက္ခုဒွါရဝီထိ သို့မဟုတ် စက္ခုဝိညာဏဝီထိဟုငင်း၊ သောတဒွါရဝီထိ/သောတဝိညာဏဝီထိဟုငင်း၊ ဃာနဒွါရဝီထိ/ဃာနဝိညာဏဝီထိဟုငင်း၊ ဇိဝှါဒွါရဝီထိ/ဇိဝှါဝိညာဏဝီထိဟုငင်း၊ ကာယဒွါရဝီထိ/ကာယဝိညာဏဝီထိဟုငင်း၊ မနောဒွါရဝီထိ/မနောဝိညာဏဝီထိဟုငင်း ၆–မျိုးရှိ၏။

မျက်စိ၌ ဖြစ်သောစိတ်အစဉ်ကို စက္ခုဒွါရဝီထိဟု ခေါ်၏။ နား၌ ဖြစ်သောစိတ်အစဉ်ကို သောတဒွါရဝီထိဟု ခေါ်၏။ နှာခေါင်း၌ ဖြစ်သောစိတ်အစဉ်ကို ဃာနဒွါရဝီထိဟု ခေါ်၏။ လျှာ၌ ဖြစ်သောစိတ်အစဉ်ကို ဇိဝှါဒွါရဝီထိဟု ခေါ်၏။ ကိုယ်၌ ဖြစ်သောစိတ်အစဉ်ကို ကာယဒွါရဝီထိဟု ခေါ်၏။ ဘဝင်စိတ်၌ ဖြစ်သောစိတ်အစဉ်ကို မနောဒွါရဝီထိဟု ခေါ်၏။

## ဝိသယပဝတ္တိ ၆–ပါး

အာရုံ၏ ဖြစ်ပုံထင်ပုံကို ဝိသယပဝတ္တိဟု ခေါ်သည်။ ဝိသယပဝတ္တိသည် ရှေ့ဒွါရ ၅–ခု (ပဥ္စဒွါရ) ၌ အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံ ဟု လေးမျိုးရှိ၏။ မနောဒွါရ၌ ဝိဘူတာရုံ, အဝိဘူတာရုံဟု နှစ်မျိုးရှိ၏။ နှစ်ခုပေါင်း ၆–မျိုးရှိ၏။ ထိုတွင် အလွန်ထင်ရှားသော သိစရာအာရုံကို အတိမဟန္တာရုံဟု ခေါ်သည်။ ထင်ရှားသော သိစရာအာရုံကို မဟန္တာရုံဟု ခေါ်သည်။ မထင်ရှားသော သိစရာအာရုံကို ပရိတ္တာရုံဟု ခေါ်သည်။ အလွန်မထင်ရှားသော သိစရာအာရုံကို အတိပရိတ္တာရုံဟု ခေါ်သည်။ စိတ်၌ ထင်ရှားစွာ ပေါ်လာသောအာရုံကို ဝိဘူတာရုံဟုခေါ်သည်။ စိတ်၌ မထင်မရှား ပေါ်လာသောအာရုံကို အဝိဘူတာရုံဟုခေါ်သည်။

## စိတ်သက်နှင့်ရုပ်သက်

ဥပ္ပါဒ=ဥပါဒ်(ဖြစ်ပေါ်လာမှု) ဌိတိ=ဌီ(ဖြစ်ပြီးနောက်တည်နေမှု) ဘင်္ဂ=ဘင်(တည်ပြီးနောက်ပျက်စီးချုပ်ကွယ်မှု) ဤသို့စိတ်တခု၌ ဥပါဒ် ဌီ ဘင် (ဖြစ် တည် ပျက်) ဟု အခိုက်အတန့် သုံးမျိုးရှိ၏။ အတိုဆုံးသော အချိန်ကာလကလေးကို "ခဏ"ဟု ခေါ်၏။ စိတ်၏ ဥပါဒ်ရာ ကာလကလေးသည် ဘာလောက်မျှမကြာ, တခဏသာတည်း။ တည်ရာကာလကလည်း ခဏကလေးမျှသာ၊ ပျက်ရာကာလကလည်း ခဏကလေးမျှသာတည်း။ ဤခဏကလေးမျိုး သုံးချိန်အပေါင်းသည် စိတ္တက္ခဏတခုမည်၏။ ယခင်အစိတ်အစိတ် ခဏကလေးများကို ထောက်၍ ဤစိတ္တက္ခဏကို "ခဏကြီးတစ်ခု"ဟု ခေါ်စမှတ်ပြုကြ၏။

ရုပ်၏အသက်ရှည်ရာ ကာလကား စိတ္တက္ခဏ (စိတ်၏ ဖြစ်ရာ ခဏကြီး)ဖြင့် ရေတွက်လျှင် ၁၇–ချက်ခန့် ကြာ၏။ ရုပ်၏အသက်သည် စိတ်၏အသက် ၁၇–သက်နှင့် ညီမျှသည်။ စိတ်၏ ဥပါဒ်ခဏ ဋ္ဌီခဏ ဘင်ခဏ ဟူသော ခဏငယ်ဖြင့် ရေတွက်လျှင်ကား ရုပ်တသက်သည် ခဏငယ် ၅၁–ချက်ခန့် ကြာ၏။ ထိုတွင် ရုပ်၏ ဥပါဒ်ခဏနှင့် ဘင်ခဏသည် စိတ်၏ဥပါဒ်ခဏ ဘင်ခဏနှင့် ကာလချင်းညီမျှ၏။ ဖြစ်ပြီးနောက်၌ မချုပ်သေးဘဲ တည်နေရာ ဋ္ဌီခဏကသာ ကြာရှည်၏။ ထို့ကြောင့် ရုပ်၏ ဋ္ဌီခဏသည် စိတ်၏ ခဏကြီးပေါင်း ၁၆–ချက်နှင့် ခဏငယ် တချက်ခန့်ကြာ၏။ ခဏငယ်သက်သက်ဖြင့် ရေတွက်လျှင် ၄၉–ချက်ခန့် ကြာသည်ဟု မှတ်ပါ။

ရုပ်တို့သည် ခဏကြီး ၁၇–ချက် (ခဏငယ် ၅၁–ချက်) အသက်ရှည်သည်ဟု ဆိုသော်လည်း ဝိညတ်ဒွေးနှင့် လက္ခဏရုပ် လေးခုသည် ထိုမျှလောက် အသက်မရှည်ကြ။ ဝိညတ်ဒွေးသည် စိတ်နှင့်အတူ တကွ ဖြစ်ရချုပ်ရသည်။ ခဏငယ်သုံးချက် အသက်ရှည်၏။ ဥပစယနှင့် သန္တတိသည် ရုပ်၏ ဥပါဒ်ခဏနှင့် ညီမျှသည်။ ဇရတာသည် ရုပ်၏ ဋ္ဌီခဏနှင့် ညီမျှသည်။ ခဏငယ် ၄၉–ချက် အသက်ရှည်၏။ အနိစ္စတာသည် ရုပ်၏ ဘင်ခဏနှင့် ညီမျှသည်။ ခဏငယ် တချက်သာ အသက်ရှည်၏။ ဤသို့ ဝိညတ်ဒွေးနှင့် လက္ခဏရုပ်လေးပါးသည် စိတ္တက္ခဏ ၁၇–ချက် အသက်မရှည်ကြဟု မှတ်ပါ။

(အခြေပြုသင်္ဂြိုဟ်–၁၁၈၊ သင်္ဂြိုဟ်ဘာသာဋီကာ–၂၁၂)

## ပဥ္စဒွါရဝီထိခဏ်း

ဝီထိသည် ပဥ္စဒွါရဝီထိ, မနောဒွါရဝီထိဟု နှစ်မျိုးရှိ၏။ ထိုတွင် မြင်ရ, ကြားရ, နံရ, စားရ, တွေ့ထိရ၍ ဖြစ်သော စိတ်အစဉ်ကို ပဥ္စဒွါရဝီထိဟု ခေါ်သည်။ စိတ်ကူးကြံစည် စဉ်းစားစဉ် ဖြစ်သော စိတ်အစဉ်ကို မနောဒွါရဝီထိဟု ခေါ်သည်။

ဝီထိကို နားလည်ဖို့ ဝီထိစိတ်အစဉ်တွင် မပါသော ဘဝင်စိတ်ကိုလည်း နားလည်ဖို့လိုသည်။ သတ္တဝါတို့ သန္တာန်၌ ဝီထိစိတ်မဖြစ်သောအခါ ဘဝင်စိတ်အစဉ်သာလျှင် အမြဲဖြစ်နေ၏။ ဘဝင်စိတ်ဖြစ်နေသည့်အခါ ဘာကိုမျှ ထူးထူးထွေထွေ မသိ။ အခြားမဲ့ လွန်ပြီးစ ဘဝဟောင်း၌ စုတေခါနီးက မရဏာသန္နဇောသည် ယူပေးအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် ၃–ပါးတွင် တပါးပါးကို အာရုံပြုနေသည်။ အိပ်ပျော်စဉ်အခါ၌ ဘဝင်ချည်း ဖြစ်နေသည်။ ထိုဘဝင်တို့၏ အကြားအကြား၌ ထင်လာသောအာရုံသစ်ကို စွဲ၍ ထိုက်သင့်သော စိတ်အစဉ် တသုတ်တသုတ် ပေါ်လာလေသည်။ ထိုကဲ့သို့ ပေါ်လာမှုကို ဝီထိကျသည်ဟု ခေါ်၏။ ထိုဝီထိ စိတ်အစဉ်ကုန်သောအခါ ဘဝင်ကျမြဲကျလေတော့၏။

ရူပါရုံစသော အာရုံငါးပါးသည် စက္ခုပသာဒစသော ငါးဒွါရ၌ ထင်လာသောအခါ ဥပါဒ်လျှင် ဥပါဒ်ချင်း မထင်နိုင်သေး။ ရုပ်တို့မည်သည် ဋ္ဌီအခိုက်၌သာ အားရှိ၏။ ထိုကြောင့် အားအကောင်းဆုံး ရူပါရုံသည် အကြည်လင်ဆုံး စက္ခုပသာဒ၌ ထင်ရသော်လည်း အနည်းဆုံး စိတ္တက္ခဏတချက်ခန့် လွန်ပြီးနောက် ဋ္ဌီသို့ရောက်မှ ထင်လာနိုင်သည်။

"စက္ခာလောက, ရူပထင်ပြီ, မနသီ, လေးလီစက္ခုဘို့"နှင့်အညီ စက္ခုဝိညာဏ်ဖြစ်ကြောင်း ၄–ပါးတွင် စက္ခုပသာဒရုပ်က ညံ့ဖျင်းနေသော်၄င်း, အာလောကခေါ်သော အလင်းရောင်က ညံ့ဖျင်းနေသော်၄င်း, ရူပါရုံက အားသေးခဲ့သော်၄င်း, ဤသို့ တပါးပါးက ညံ့ဖျင်းချို့ယွင်းနေလျှင် စိတ္တက္ခဏ ၂–ချက်ခန့်မှစ၍ ၁၅–ချက်တိုင်အောင် လွန်ပြီးနောက် ဋ္ဌီသို့ အတော်ကြာ ရောက်ပြီးမှသာ ထင်လာနိုင်သည်။ သဒ္ဒါရုံ စသည်များလည်း ဤနည်းပင်တည်း။

## စက္ခုဒွါရိကအတိမဟန္တာရုံဝီထိဖြစ်ပုံ အသေးစိတ် ရှင်းလင်းချက်

စက္ခုဒွါရ၌ဖြစ်၍ အတိမဟန္တာရုံကို အာရုံပြုသော စိတ်အစဉ်ကို "စက္ခုဒွါရိကအတိမဟန္တာရုံဝီထိ"ဟု ခေါ်သည်။

ဘဝင်စိတ်သည် ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတွင် တပါးပါးကို အာရုံပြုနေစဉ် စက္ခုပသာဒ၌ ရူပါရုံ ကျရောက်လာသည်။ ရူပါရုံနှင့် စက္ခုပသာဒ ထိမိမှုသည် စိတ္တက္ခဏတခုအချိန်လောက် ကြာသောအခါ

ရူပါရုံသည် စက္ခုပသာဒ၌ ထိခိုက်မှု(အရိပ်ထင်မှု) ပြီးဆုံး၏။ ထိုအရိပ်ထင်မှုကြောင့် ဘဝင်စိတ်သည် ယူနေဆဲ အာရုံကို စွဲမြဲစွာလည်း မယူနိုင်, လွှတ်လည်း မလွှတ်နိုင်သေးဘဲ, ပယ်ကိုယ်သဘောမှ ဖောက်ပြန်လေသည်။ ထိုသို့ ဖြစ်သောအချိန်ကာလသည် ဘဝင်စိတ် နှစ်ခုစာ ကြာသည်။ ပထမဘဝင်ကို ဘဝင်္ဂစလန(ဘဝင်လှုပ်ခြင်း) ဒုတိယဘဝင်ကို ဘဝင်္ဂုပစ္ဆေဒ(ဘဝင်ရပ်ခြင်း)ဟု နာမည်ပေးကြသည်။

ဤနေရာတွင် မေးစရာရှိ၏။ စက္ခုပသာဒသည် မျက်လုံးအိမ်အတွင်းမှာ တည်ရှိ၏။ ဟဒယဝတ္ထုကား ရင်ချိုင့်အတွင်းမှာ တည်ရှိ၏။ စက္ခုပသာဒနှင့် ဟဒယဝတ္ထုသည် သတ္တဝါ အကြီးအငယ် အလိုက် ဌာနအားဖြင့် အပုံကြီး ဝေးသေး၏။ အသုရိန်နတ်ကြီး၏ သန္တာန်၌ကား ခရီးတိုင်တာ များစွာပင် ဝေးသေး၏။ ဘဝင်လှုပ်ရှားမှုမှာလည်း ရူပါရုံထင်လာသည်နှင့် တပြိုင်နက် ဖြစ်ရမည်။ သို့ပါလျက် စက္ခုပသာဒ၌ ရူပါရုံထင်လာချက်ကြောင့် ဟဒယဝတ္ထုကိုမှီသော ဘဝင်စိတ်က လှုပ်ရှားရခြင်းသည် ဖြစ်နိုင်ခဲသောအရာ လွန်စွာခက်ခဲသော အချက်ကြီးပါလော။

အဖြေကား။ ။ စက္ခုပသာဒ၌ ရူပါရုံက ထိခိုက်သောအခါ မနောဒွါရဟူသော ဘဝင်၌လည်း တပြိုင်နက် ထင်လျက်ရှိ၏။ ဥပမာ ငှက်တစ်ကောင်သည် သစ်ပင်ဖျား၌ နားသောအခါ သစ်ပင်ဖျား၌ ထိခိုက်မိသည်နှင့် တပြိုင်နက် အောက်မြေပြင်မှာ ငှက်ရိပ်ထင်လာသကဲ့သို့တည်း။ ထိုကဲ့သို ဘဝင်စိတ်၌ တပြိုင်နက် **ဓာတ်ခိုက်ထင်လာခြင်းကြောင့်** ဘဝင်လှုပ်ရသည်။ ငှက်နှင့်ရူပါရုံ, ငှက်၏ သစ်ခက်၌ ထိခိုက်ခြင်းနှင့် မနောဒွါရတည်းဟူသော ဘဝင်၌ ထင်လာခြင်းသည် တူ၏။

**မှတ်ချက်**။ ။ ဤနည်းဝယ် **ရူပါရုံစသော အာရုံ ၅ပါးသည် ၂ဒွါရ ၂ဒွါရ၌ ထင်လေ့ရှိသော်လည်း** မနောဒွါရမှာ အာရုံအားလုံးနှင့် ဆက်ဆံသောကြောင့် "မနောဒွါရ၌ ထင်လာသည်"ဟု မပြတော့ဘဲ အများနှင့် မဆက်ဆံသော ဒွါရဖြင့် ပိုင်းရှား၍ ရူပါရုံသည် စက္ခုဒွါရ၌ ထင်သည်ဟု အသာဓာရဏနည်းအားဖြင့်ဆိုသည်။

ဘဝင်ရပ်ပြီးအခါတွင် ထင်လာသော အာရုံအသစ်(ရူပါရုံ)ကို ဆင်ခြင်သကဲ့သိုဖြစ်သော(စ၍သိသော) ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်၍ ချုပ်၏။ ထို့နောက် ရူပါရုံကို မြင်တတ်သော စက္ခုဝိညာဏ်စိတ်, ရူပါရုံကို ခံယူသကဲ့သို့ဖြစ်သော သမ္ပဋိစ္ဆိုန်းစိတ်, ရူပါရုံကို စုံစမ်းသကဲ့သို့ဖြစ်သော သန္တီရဏစိတ်, ရူပါရုံကို "ရူပါရုံအမှန်ပင်"ဟု ဆုံးဖြတ်သကဲ့သို့ဖြစ်သော ဝုဋ္ဌောစိတ်တို့ အစဉ်အတိုင်း ဖြစ်ကြချုပ်ကြသည်။

ဝုဋ္ဌောစိတ် ချုပ်ပြီးနောက် ဇောစောချိန်ရောက်လတ်သော် ကာမတရားဖြစ်သော ရူပါရုံကို ကာမဇော,ကသာ အာရုံပြုနိုင်သည်။ ထို့ကြောင့် ကာမဇော တခုယုတ်သုံးဆယ်တွင် တပါးပါးသော ဇောသာ စောနိုင်ခွင့်ရှိသည်။ ထိုသို့စောရာ၌လည်း မိမိဆိုင်ရာ အကြောင်းအားလျော်စွာ စောကြသည်။

"ယောနိသော မနသိကာရ" (အသင့်အတင့်နှလုံးသွင်းမှု) ဟူသော အကြောင်းရှိလျှင် ကုသိုလ်ဇောတပါးပါး စော၏။ "အယောနိသော မနသိကာရ" (အသင့်အတင့်နှလုံးမသွင်းမှု) ဟူသော အကြောင်းရှိလျှင် အကုသိုလ် ဇောတပါးပါး စော၏။ အနုသယကင်းသော ရဟန္တာသန္တာန်ဖြစ်လျှင် ကြိယာဇော တပါးပါးစော၏။ ထိုကဲ့သို့ အခွင့်ရသောဇောသည် စိတ်တမျိုးတည်းက ၇–ကြိမ် ထပ်၍ဖြစ်၏။ ၇–ကြိမ်ဟူသောစကားကိုလည်း ၇–ကြိမ် အဖြစ်များသောကြောင့် ဆိုသည်။ ပကတိရိုးရာအခါပင် ၆–ကြိမ် စောသောအရာလည်း ရှိသေး၏။ စုတေခါနီး အခါ, တွေဝေမိန်းမောရာအခါတို့၌ ၅–ကြိမ်မျှ စောသောအရာလည်း ရှိသေး၏။

ဇောစောပြီးနောက် မဟာဝိပါက်စိတ် ၈–ပါး, သန္တီရဏစိတ် ၃–ပါး, ပေါင်း ၁၁–ပါးသောစိတ်တို့မှ စိတ်တခုခုသည် ဇောသိသော အာရုံကို သိလျက် နှစ်ကြိမ်ဆက်တိုက် ဖြစ်၏။ ထိုစိတ်တို့ကို တဒါရုံဟု ခေါ်၏။ မိမိရှေ့က ဇောတို့ ယူအပ်ပြီးသောအာရုံကို ထပ်၍ယူသောကြောင့် တဒါရမဏ(တဒါရုံ) ဟုခေါ်၏။ ရေညာသို့ဆန်၍ သဘော်ခုတ်သွားရာ၌ အောက်အကြေသို့ စီးဆင်းနေသော ရေအယဉ်သည် သဘော်နောက်သို့ အနည်းငယ်ခန့် ကာလမျှ ဆန်တက်လိုက်သွားသကဲ့သို့ ထို့အတူ ဇောအဆုံးတွင် ဘဝင်စိတ်များ ဖြစ်သင့်သော်လည်း မဖြစ်သေးဘဲ မဟာဝိပါက်စိတ် ၈–ပါး, သန္တီရဏစိတ် ၃–ပါး, ပေါင်း ၁၁–ပါးသောစိတ်မှ စိတ်တခုခုသည် နှစ်ကြိမ်ဆက်တိုက် ဖြစ်ရလေသည်။

တဒါရုံနှစ်ကြိမ်ဖြစ်ပြီးနောက် ဝီထိစိတ်အစဉ်ကုန်သဖြင့် ဘဝင်ဘက်သို့ စိတ်အစဉ်ကျလေ၏။ ဝီထိစိတ်တို့၏ ဖြစ်ခြင်းသည် ထထကြွကြွ ဗျာပါရရှိသဖြင့် မြင့်မောက်ကြွတက်သကဲ့သို့ ထင်ရ၏။ ဘဝင်အစဉ် ဖြစ်ပုံကား ငြိမ်သက်လှသဖြင့် အောက်ကျနိမ့်ရှိုင်းသကဲ့သို့ ထင်ရ၏။ ထို့ကြောင့် ဘဝင်စိတ်အစဉ်၏ ဖြစ်ခြင်းကို "ဘဝင်ကျသည်"ဟု ဆိုသည်။ (အခြေပြုသင်္ဂြိုဟ်၊ သင်္ဂြိုဟ်ဘာသာဋီကာ)

## တဒါရမ္မဏဝါရ စက္ခုဒွါရိက အတိမဟန္တာရုံဝီထိဖြစ်ပုံ ဆိုရိုး
(နုတ်တက်အောင်ဖတ်ရန်)

တဒါရမ္မဏဝါရ စက္ခုဒွါရိက အတိမဟန္တာရုံဝီထိဖြစ်ဟန်ကား ရူပါရုံနှင့်စက္ခုပသာဒတို့ ရေးရှုအတူ ဥပါဒ်ကျသည်မှစ၍ အတီတဘဝင် တချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇–ကြိမ်, တဒါရုံနှစ်ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံနှင့် စက္ခုပသာဒတို့ တဆယ့်ခုနှစ်ချက် ရပ်သက်စေ့ရကား ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် "စက္ခုဒွါရိကအတိမဟန္တာရုံဝီထိ"မည်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

## စက္ခုဒွါရိကအတိမဟန္တာရုံ ဝီထိပုံစံ

ကံ / ကမ္မနိမိတ် / ဂတိနိမိတ် ... ရူပါရုံ

| | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| တီ | န | ဒ | “ပ | စ | သံ | တီ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | တ | တ” | ဘ | ဘ |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

## ဝီထိပုံအတွက် မှာထားချက်

တီ=အတီတဘဝင်၊ န=ဘဝင်္ဂစလန၊ ဒ=ဘဝင်္ဂုပစ္ဆေဒ၊ ပ=ပဉ္စဒွါရာဝဇ္ဇန်း၊ စ=စက္ခုဝိညာဏ်၊ သံ=သမ္ပဋိစ္ဆိုန်း၊ တီ=သန္တီရဏ၊ ဝု=ဝုဋ္ဌော၊ ဇ=ဇော၊ တ=တဒါရုံ၊ ဘ=ဘဝင်ဟု အတိုချုပ်ရေးထားသည်မှတ်။ သုညမည်သည် ကင်းဆိတ်ခြင်း ဘာမျှမရှိခြင်းဟူသော အနက်ကိုပြ၏။ ခဏဟူသော ကာလအတိုကလေးကလည်း အထင်အရှားဘာမျှမရှိ၊ ထို့ကြောင့် “ ၀၀၀ ” ဤသို့ ပြထားသော သုည ၃-လုံးဖြင့် ထိုထိုစိတ်တို့၏ ဥပါဒ်ခဏ ဋ္ဌီခဏ ဘင်ခဏကို အစဉ်အတိုင်းပြသည်။

“ ” ဤအမှတ်အတွင်းရှိ စိတ်များသာ ဝီထိစိတ်ဖြစ်သည်၊ အပြင်ဘက်စိတ်များကား ဘဝင်စိတ်ချည်းတည်း။ ဘဝင်စိတ်များသည် ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတွင် တပါးပါးကို အာရုံပြုသည်ဟုမှတ်။ ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ဝီထိစိတ်အားလုံးတို့သည် ထင်လာသော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုသည်ဟု မှတ်ပါ။ စက္ခုဝိညာဏ်စိတ်သည် အတီတဘဝင်နှင့် တပြိုင်နက်ဖြစ်သော စက္ခုဝတ္ထုရုပ်ကို မှီသည်ဟုမှတ်ပါ။ ဘဝင်နှင့်တကွ ကြွင်းသော စိတ်အားလုံးကား မိမိရှေ့ကစိတ်နှင့် ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုကိုလည်း မှီကြသည်ဟု မှတ်ပါ။ ဤသို့ စိတ်တို့၏ မှီရာ(နေရာ) နှင့် သိစရာ (အာရုံ)တို့ကို သိအောင် ကြိုးစားပါ။

## ဝီထိစဉ်နှင့် ပင့်ကူချည် ဥပမာ

ပိုးကောင်စသော သတ္တဝါကို လမ်း၌စောင့်ဖမ်း၍ စားသောက်သော ပင့်ကူတကောင်သည် တခုသော အရပ်၌ ပင့်ကူချည်ကိုဖြန့်၍ ပင့်ကူအိမ် ကွန်ရက် ပြုလုပ်ပြီးလျှင် ပင့်ကူအိမ်ကွန်ရက်အလယ်၌ အိပ်နေလေ၏။ ထိုအခါ ဖြန့်ထားအပ်သော ပင့်ကူချည်ကို ပိုး, နံ့, ယင်ကောင်တို့ တိုးမိ, ထိမိ, တိုက်မိလေသော် ပင့်ကူသည် အိပ်နေရာမှ လှုပ်လှုပ်ရွရွ ထွက်လာကာ ပင့်ကူချည်သို့ အစဉ်လျှောက်သွားပြီးလျှင် ပိုး, နံ့, ယင်ကောင်တို့ကို ဖမ်းယူစားပြီးနောက် မိမိနေရာ ပင့်ကူအိမ် ကွန်ယက်အလယ်သို့ ပြန်အိပ်လေ၏။

ထိုစကားရပ်၌ –

စက္ခုပသာဒသည် တခုသောအရပ်၌ ဖြန့်ထားအပ်သော ပင့်ကူအိမ်နှင့် တူသည်။ စက္ခုဝိညာဏ်သည် ပင့်ကူအိမ် ကွန်ရက်အလယ်၌ အိပ်သော ပင့်ကူနှင့် တူသည်။ အာရုံနှင့် ပသာဒတို့ ထိခိုက်ခြင်းသည် ပိုး, နံ့, ယင်ကောင်တို့ ပင့်ကူချည်ကို တိုးမိ, ထိမိ, တိုက်မိခြင်းနှင့် တူသည်။ ဘဝင်စိတ်အစဉ်၏ (အတိတ်ဘဝ မရဏာသန္နဇော၏ အာရုံကို ယူနေရာမှ) ပြတ်ခြင်းသည် ပင့်ကူ၏ အိပ်ပျော်ရာမှ နိုးခြင်းနှင့် တူ၏။ ဘဝင်စိတ်အစဉ် ပြတ်ပြီးနောက် ထိုစိတ်အစဉ်ကို ယခုပဝတ္တိဘဝ ပစ္စုပ္ပန်အာရုံသို့ ရှေးရှုလည်စေသော အာဝဇ္ဇန်းစိတ် ဖြစ်ပေါ်လာခြင်းသည် ပင့်ကူအိမ်အလယ်၌ အိပ်နေသော ပင့်ကူ၏ လှုပ်ရှားခြင်းနှင့် တူ၏။ အာဝဇ္ဇန်းစသော ဝီထိစိတ်တို့ ဖြစ်ခြင်းသည် ပင့်ကူ၏ ပင့်ကူချည်သို့ အစဉ်အတိုင်း လျှောက်သွားခြင်းနှင့် တူ၏။ အာရုံ၏အရသာကို ဇောက ခံစားခြင်းသည် ပင့်ကူ၏ ပိုး, နံ့, ယင်ကောင်ကို ဖမ်းယူစားခြင်းနှင့် တူ၏။ တဖန် ဘဝင်စိတ်ဖြစ်ခြင်းသည် ပင့်ကူအိမ် ကွန်ရက်အလယ်သို့ ပင့်ကူပြန်အိပ်ခြင်းနှင့် တူသည်။

ဤဥပမာ၌ ဆိုလိုရင်း အချက်နှစ်ခုမှာ – (၁) အာရုံနှင့် ပသာဒရုပ်တို့ ထိခိုက်သဖြင့် ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်တွင် ပသာဒရုပ်ပေါ်၌ မှီ၍ ဖြစ်ပေါ်လာသည့် ပဉ္စဝိညာဏ်စိတ် မဖြစ်ပေါ်လာမီ ဟဒယဝတ္ထုရုပ်၌ မှီ၍ ဖြစ်ပေါ်လာသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်က ရှေးဦးစွာ ဖြစ်ပေါ်လာကြောင်းကို ပြသည်။

(၂) ထို့ပြင် တခုခုသောအာရုံသည် ပသာဒရုပ်ပေါ်၌ ထင်လာလျှင် ဟဒယဝတ္ထုရုပ်ပေါ်၌လည်း ထင်လာကြောင်း, တခုသော ပဉ္စာရုံသည် နှစ်ခုသောဒွါရ၌ ထင်လာကြောင်းကို ပြဆိုခြင်းဖြစ်သည်။

(အဋ္ဌသာလိနီ အဋ္ဌကထာ၊ စိတ္တုပ္ပါဒကဏ္ဍ၊ နှာ–၃၁၁–၂၊ အဘိဓမ္မာဝတာရ အဋ္ဌကထာနိဿယသစ် နှာ–၆၇၀)

## ဝီထိစဉ်နှင့် တံခါးစောင့် ဥပမာ

မင်းတပါးသည် သလွန်ညောင်စောင်း၌ အိပ်စက်နေ၏။ အလုပ်အကျွေးသည် မင်း၏ ခြေရင်း၌ နေ၏။ နားလေးသော တံခါးစောင့်သည် တံခါးနား၌ ရပ်တည်နေ၏။ မင်း၏ အစောင့်အရှောက် ကိုယ်ရံတော် ၃–ယောက်တို့သည် အစဉ်အတိုင်း ရပ်တည်နေကြသည်။

ထိုအခါ ရွာစွန်ရွာဖျား၌ နေသော လူတယောက်သည် လက်ဆောင်ပဏ္ဏာယူလာပြီးလျှင် နန်းတော်တံခါးကို ခေါက်၏။ တံခါးခေါက်သံကို အလုပ်အကျွေး ငယ်ကျွန်ကြား၍ နားလေးသော တံခါးစောင့်အား အချက်ပြကာ အသိပေး၏။ ထိုအချက်ပြဖြင့် နားလေးသော တံခါးစောင့်သည် တံခါးကို ဖွင့်ကြည့်၏။ ရွာစွန်ရွာဖျား၌ နေသောသူ ပေးသော လက်ဆောင်ပဏ္ဏာကို မင်း၏ ပထမ အစောင့်အရှောက် ကိုယ်ရံတော်က ယူ၍ ဒုတိယ အစောင့်အရှောက် ကိုယ်ရံတော်အား ပေး၏။ ဒုတိယအစောင့်အရှောက် ကိုယ်ရံတော်က တတိယအစောင့်အရှောက် ကိုယ်ရံတော်အား ပေး၏။ တတိယအစောင့်အရှောက် ကိုယ်ရံတော်က မင်းအား လက်ဆောင်ပဏ္ဏာကို ဆက်သ၏။ မင်းသည် ထိုလက်ဆောင်ပဏ္ဏာကို သုံးဆောင်၏။

ထိုစကားရပ်၌ – စက္ခုပသာဒရုပ်၌ ရူပါရုံ၏ထိခိုက်ခြင်းသည် လက်ဆောင်ပဏ္ဏာ ယူလာသော ရွာစွန်ရွာဖျား၌ နေသောသူ၏ တံခါးခေါက်ခြင်းနှင့် တူ၏။ ဘဝင်ပြတ်ပြီးနောက် အာဝဇ္ဇန်းက စိတ်အစဉ်ကို ပဝတ္တိဘဝ ပစ္စုပ္ပန်အာရုံသို့ ဦးလှည့်၍ ဆင်ခြင်စေခြင်းသည် မင်း၏အလုပ်အကျွေး ငယ်ကျွန်က နားလေးသော တံခါးစောင့်အား အချက်ပြ အသိပေးခြင်းနှင့် တူ၏။ စက္ခုဝိညာဏ်၏ ရူပါရုံကို မြင်ခြင်းသည် နားလေးသော တံခါးစောင့်၏ တံခါးဖွင့်ကြည့်ခြင်းနှင့် တူ၏။ သမ္ပဋိစ္ဆိုန်းက အာရုံကို ခံယူခြင်းသည် မင်း၏ ပထမအစောင့်အရှောက် ကိုယ်ရံတော်က ရွာစွန်ရွာဖျား၌ နေသောသူ ပေးသော လက်ဆောင်ပဏ္ဏာကို လှမ်းယူခြင်းနှင့် တူ၏။ သန္တီရဏက အာရုံကို စုံစမ်းစစ်ဆေးခြင်းသည် ပထမအစောင့်အရှောက် ကိုယ်ရံတော်အား လက်ဆောင်ပဏ္ဏာကို တဆင့်ပေးလိုက်သည့်အခါ ဒုတိယကိုယ်ရံတော်က စစ်ဆေးခြင်းနှင့် တူ၏။ ဝုဋ္ဌော,က အာရုံကို ပိုင်းခြားမှတ်သားခြင်းသည် ဒုတိယအစောင့်အရှောက် ကိုယ်ရံတော်က တတိယအစောင့်အရှောက် ကိုယ်ရံတော်အား လက်ဆောင်ပဏ္ဏာကို ထပ်ဆင့်ပေးလိုက်သည့်အခါ တတိယကိုယ်ရံတော်က ပိုင်းခြားမှတ်သားခြင်းနှင့် တူ၏။ အာရုံကို ဇောထံသို့ ဝုဋ္ဌောကပို့ခြင်းသည် တတိယအစောင့်အရှောက် ကိုယ်ရံတော်က မင်းအား လက်ဆောင်ပဏ္ဏာ ဆက်သခြင်းနှင့် တူ၏။ အာရုံ၏ အရသာကို ဇောက ခံစားခြင်းသည် လက်ဆောင်ပဏ္ဏာကို မင်းသုံးဆောင်ခြင်းနှင့် တူ၏။

ဤဥပမာသည် – "ရူပါရုံသည် စက္ခုပသာဒကို ထိခိုက်ခြင်း ကိစ္စသာ ရှိသည်။ ပဉ္စဒွါရာဝဇ္ဇန်းသည် ဘဝင်ကိုလည်စေခြင်း, ပြတ်စေခြင်းကိစ္စသာ ရှိသည်။ စက္ခုဝိညာဏ်သည် ရူပါရုံကို မြင်ခြင်းကိစ္စသာရှိသည်။

သမ္ပဋိစ္ဆိုန်းသည် အာရုံကို ခံယူခြင်းကိစ္စသာ ရှိသည်။ သန္တီရဏသည် အာရုံကို စုံစမ်းစစ်ဆေးခြင်း ကိစ္စသာ ရှိသည်။ ဝုဋ္ဌောသည် အာရုံကို ပိုင်းခြားမှတ်သားခြင်း ကိစ္စသာ ရှိသည်။ ပဉ္စဒွါရာဝဇ္ဇန်းအစ ဝုဋ္ဌောဆုံးသော စိတ်တို့သည် အာရုံ၏အရသာကို မခံစားနိုင်ကြ။ ဇောကသာ အာရုံ၏ အရသာကို ခံစားနိုင်သည်" ဟူသော အဓိပ္ပါယ်ကို ပြသည်။ (အဋ္ဌသာလိနီ အဋ္ဌကထာ–၃၁၉၊ အဘိဓမ္မာဝတာရ အဋ္ဌကထာနိဿယသစ် နှာ–၆၇၂)

## ဝီထိစဉ်နှင့် ရွာသားငယ် ဥပမာ

ကလေးသူငယ်များစွာတို့သည် လမ်းခရီးအကြား၌ မြေမှုန့်ဆုပ်တမ်းကစားကြရာ သူငယ်တဦး၏ လက်ထဲ အသပြာ တခုငြိကပ်ပါလာသည်။ ထိုအခါ ယင်းသူငယ်က ကစားဖော်သူငယ်များကို ငါ့လက်ထဲ ငြိကပ်ပါလာသော ဤအရာဝတ္ထုကား အဘယ်နည်းဟု မေးသော် –

သူငယ်တဦးက ဤအရာဝတ္ထုကား ဖြူသောအရာဝတ္ထုတည်းဟု ပြောသည်။ လက်ထဲ အသပြာ ငြိကပ်ပါလာသောသူငယ်က မြေမှုန့်နှင့်တကွ အသပြာကို မိမိရရ ဆုပ်ကိုင်ထားသည်။ အခြားသူငယ်တဦးက ပြားသောအရာဝတ္ထု, သို့မဟုတ် လေးထောင့်အရာဝတ္ထုဟု ပြောဆိုသည်တွင် –

လက်ထဲ အသပြာ ငြိကပ်ပါလာသော သူငယ်က ဤအရာဝတ္ထုကား အသပြာတည်းဟု ပြောဆိုပြီး မိခင်အား အသပြာကို ပေးလေသည်။ မိခင်သည် ထိုအသပြာကို သုံးစွဲလေသည်။

ထိုစကားရပ်၌ – ကလေးများစွာတို့ လမ်းခရီးအကြား၌ ကစားကြစဉ် ထိုင်နေသောအခါနှင့် ဘဝင်စိတ်ဖြစ်ခြင်း တူသည်။ သူငယ်၏လက်ထဲ အသပြာငြိကပ်ပါလာခြင်းနှင့် အာရုံနှင့် ပသာဒ ထိခိုက်ခြင်း တူသည်။ ဤအရာဝတ္ထုကား အဘယ်ဟာနည်းဟု မေးခြင်းနှင့် ပဉ္စဒွါရာဝဇ္ဇန်း၏ ဘဝင်အစဉ်ကို လည်စေခြင်းနှင့် တူသည်။ ဤအရာဝတ္ထုကား ဖြူသောအရာဝတ္ထုတည်းဟု ပြောဆိုခြင်းနှင့် စက္ခုဝိညာဏ်ဖြင့် မြင်ခြင်းကိစ္စ ပြီးစေခြင်း တူသည်။ မြေမှုန့်နှင့်တကွ အသပြာကို မိမိရရ ဆုပ်ကိုင်ခြင်းနှင့် သမ္ပဋိစ္ဆိုန်း၏ အာရုံကို ခံယူခြင်း တူသည်။ ဤအရာဝတ္ထုကား ပြားသောအရာဝတ္ထုတည်း၊ သို့မဟုတ် လေးဒေါင့်သဏ္ဌာန်ရှိသော အရာဝတ္ထုတည်းဟု ပြောဆိုခြင်းနှင့် သန္တီရဏစိတ်၏ အာရုံကို စစ်ဆေးခြင်း တူသည်။ ဤအရာဝတ္ထုကား အသပြာတည်းဟု ပြောဆိုခြင်းနှင့် ဝုဋ္ဌော၏ အာရုံကို ပိုင်းခြားမှတ်သားခြင်း တူသည်။ မိခင်သည် အသပြာ ကို သုံးစွဲခြင်းနှင့် ဇော၏ အာရုံ၏အရသာကို ခံစားခြင်း တူသည်။

ဤဥပမာ၌ ဆိုလိုရင်းမှာ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, ဇောစိတ်တို့သည် မြင်ခြင်းကိစ္စ မပြီးစေနိုင်, စက္ခုဝိညာဏ်စိတ်ကသာ မြင်ခြင်းကိစ္စ ပြီးစေနိုင်သည် ဟူလို။

(အဋ္ဌသာလိနီ အဋ္ဌကထာ၊ စိတ္တုပ္ပါဒကဏ္ဍ၊ နှာ–၃၂၀၊ အဘိဓမ္မာဝတာရ အဋ္ဌကထာနိဿယသစ် နှာ–၆၇၄)

## ဝီထိစဉ်နှင့် သရက်ဥပမာ

ယောကျ်ားတစ်ယောက်သည် အသီးသီးသော သရက်ပင်ရင်း၌ ဦးခေါင်းခြုံလျှက် အိပ်နေ၏။ ထိုအခါ သရက်သီးမှည့် တလုံးသည် ထိုယောကျ်ားအနီး၌ ကြွေကျလာ၏။ ထိုယောကျ်ားသည် သရက်သီးကြွေကျသော အသံဖြင့် အိပ်ပျော်ရာမှ လန့်နိုး၍ မျက်စိဖွင့်ပြီး ကြည့်ရှုလေရာ သရက်သီးကို မြင်ရသဖြင့် ကောက်ယူပြီးသော် မှည့်မမှည့် လက်ဖြင့်နှိပ်စမ်း ရှုနမ်းပြီးနောက် မှည့်မှန်းသိ၍ ထိုသရက်သီးကို သုံးဆောင်၏။ ထိုသရက်သီး သုံးဆောင်ပြီးနောက် သရက်ပင်ရင်း၌ ပြန်အိပ်လေ၏။

ထိုစကားရပ်၌ –

ဘဝင်ကျနေခြင်းသည် သရက်ပင်ရင်း၌ ထိုယောကျ်ား၏အိပ်ပျော်ခြင်းနှင့် တူသည်။ ပသာဒရုပ်၌ အာရုံ၏ထိခိုက်ခြင်းသည် သရက်သီးကြွေကျခြင်းနှင့် တူသည်။ ဘဝင်လှုပ်ခြင်းသည်[၁] သရက်သီး ကြွေကျသံကြောင့် အိပ်ပျော်ရာမှ လန့်နိုးခြင်းနှင့်တူသည်။ ရူပါရုံကို စက္ခုဝိညာဏ်၏ မြင်ခြင်းသည် မျက်စိဖွင့်၍ ကြည့်ရှုခြင်းနှင့် တူသည်။ အာရုံကို သမ္ပဋိစ္ဆိုန်းက ခံယူခြင်းသည် သရက်သီးကို ကောက်ယူခြင်းနှင့် တူသည်။ အာရုံကို သန္တီရဏစိတ်က စုံစမ်းခြင်းသည် သရက်သီး မှည့်မမှည့် လက်ဖြင့်နှိပ်၍ စုံစမ်းခြင်းနှင့် တူသည်။ အာရုံကို ဝုဋ္ဌော,က ပိုင်းခြားမှတ်သားခြင်းသည် သရက်သီးကို နမ်းရှုခြင်းနှင့် တူသည်။ အာရုံ ဟူသော အရသာကို ဇော၏ ခံစားခြင်းသည် သရက်သီးကို စားနေခြင်းနှင့် တူသည်။ တဒါရုံစိတ်၏ ဇောနောက်လိုက်ကာ ဇောအာရုံကို ယူခြင်းသည် သရက်သီးကို မျိုချလိုက်ခြင်းနှင့် တူသည်။ တဖန် ဘဝင်ကျခြင်းသည် သရက်ပင်ရင်း၌ ပြန်အိပ်ခြင်းနှင့် တူ၏။

ဤဥပမာဖြင့် ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌောတို့သည် အာရုံ၏ အရသာကို မခံစားနိုင်ကြ၊ ဇောကသာ အာရုံ၏အရသာကို ခံစားနိုင်သည်ဟူသော အနက်အဓိပ္ပါယ်ကို သိစေသည်။ (အဋ္ဌသာလိနီ အဋ္ဌကထာ၊ စိတ္တုပ္ပါဒကဏ္ဍ၊ နှာ–၃၁၁–၂)

စက္ခုဝိညာဏ်စသော ဝိပါက်စိတ်တို့သည် ကုသိုလ်အကုသိုလ်တို့၏ (သုခ၊ဒုက္ခ) ကောင်းကျိုးဆိုးကျိုး မျှသာ ဖြစ်၍ ဣဋ္ဌအနိဋ္ဌအာရုံကို (ဣဋ္ဌပဲ အနိဋ္ဌပဲ)ဟု ခွဲခြားမှုမပြုတတ်ကြ။ ဇောသည် ရဇ္ဇန (တပ်မက်စရာ၌ တပ်မက်မှု) ဝိရဇ္ဇန (မတပ်မက်စရာ၌ မတပ်မက်မှု) စသည်ကို ပြုသောအားဖြင့် ဣဋ္ဌအနိဋ္ဌခွဲခြားမှုကို ပြုတတ်၏။ ထို့ကြောင့် ဇောသည်သာ အာရုံ၏အရသာကို ခံစားနိုင်သည်။ (ဌနီဘာဋီ တ ၃၀၂)

---

၁ မူရင်း၌ 'ဘဝင်ကိုလည်စေခြင်း'ဟုဆိုသည်။ထို့ကြောင့် ဘာဋီ၌ 'အာဝဇ္ဇန်း၏ဖြစ်ခြင်း'ဟုဆိုသည်။

## ဝီထိစဉ်နှင့် ကြံညှစ်သူ ဥပမာ

၁၁–ယောက်သော ကြံညှစ်သမားတို့သည် ကြံခင်းပိုင်ရှင်ထံသို့ သွား၍ ငါတို့သည် ကြံညှစ်သမားတို့ပေတည်းဟု ပြောကြလေရာ ကြံခင်းပိုင်ရှင်သည် ကြံညှစ်သမား ၁၁–ယောက်တို့ကို ခေါ်၍ ကြံညှစ်စက်ရုံသို့ သွား၏။ ကြံခင်းပိုင်ရှင်နှင့် ကြံညှစ်သမား ၁၁–ယောက်တို့သည် ကြံညှစ်ခြင်းစသော ပြုဘွယ်ကိစ္စတို့ကို ပြုကြပြီးနောက် ကြံညှစ်သမား ၁၁–ယောက်တို့သည် ကြံညှစ်စက်ရုံကို ကြံခင်းပိုင်ရှင်ထံ ပြန်အပ်၍ ရသင့်ရထိုက်သော အဘိုးအခ အသီးအသီးတို့ကို ယူကြပြီးလျှင် ပြန်သွားကြသည်။

ထိုစကားရပ်၌ –

စက္ခုဒွါရဝီထိတို့တွင် စက္ခုပသာဒသည် ကြံညှစ်စက်ရုံနှင့် တူ၏။ ရူပါရုံသည် ကြံခင်းနှင့် တူသည်။ ကုသလဝိပါက် သမ္ပဋိစ္ဆိုန်း, သန္တီရဏဒွေး, မဟာဝိပါက် ၈–ပါး၊ ပေါင်း ၁၁–ပါးသော ဝိပါက်စိတ်တို့သည် ကြံညှစ်သမား ၁၁–ယောက်တို့နှင့် တူသည်။ စက္ခုဝိညာဏ်သည် ကြံညှစ်စက်ရုံ ပိုင်ရှင်နှင့် တူသည်။ စက္ခုဒွါရမှ တပါးသော ဒွါရသို့ စက္ခုဝိညာဏ်၏ မပြောင်းရွှေ့ခြင်းသည် ကြံညှစ်သမား ၁၁–ယောက်တို့ ပြန်အပ်နှံသော ကြံညှစ်စက်ရုံကို ကြံညှစ်စက်ရုံ ပိုင်ရှင်၏ ပြန်လက်ခံခြင်းနှင့် တူ၏။ ဝိပါက်စိတ် ၁၁–ပါးတို့သည် စက္ခုပသာဒ၌ အတည်အမြဲ မတည်မူ၍ ရံခါ ကြုံကြိုက်သည့်အခါ၌သာ မှီပြီးလျှင် တခြားဒွါရသို့ အခါအားလျော်စွာ ပြောင်းသွားခြင်းသည် ကြံညှစ်သမား ၁၁–ယောက်တို့သည် မိမိတို့အဘိုးအခ အသီးသီးတို့ကို ယူ၍ ပြန်သွားခြင်းနှင့် တူ၏။

ဤဥပမာ၌ ဆိုလိုရင်းမှာ – စက္ခုဝိညာဏ်သည် စက္ခုဒွါရကိုသာ အမြဲဧကန်မှီ၍ ရူပါရုံကိုသာ အမြဲဧကန် အာရုံပြုသည်။ စက္ခုဒွါရမှတပါး တခြားသောဒွါရသို့ ပြောင်းရွှေ့သွားခြင်းမရှိ။

ထိုနည်းတူ သောတဝိညာဏ် စသည်ကိုလည်း သိရာသည်။

သမ္ပဋိစ္ဆိုန်းစသော ဝိပါက်စိတ် ၁၁–ပါးတို့မှာ စက္ခုဒွါရစသည်တို့ကို အမြဲ မမှီမူ၍ အခါအားလျော်စွာသာ ထိုဒွါရတို့ကို မှီပြီးလျှင် သက်ဆိုင်ရာ ပဉ္စာရုံတို့ကို အာရုံပြုကြခြင်း ဖြစ်သည်။ ထိုဝိပါက်စိတ် ၁၁–ပါးတို့မှာ ဒွါရတခုတည်းကိုသာ စွဲမှီ၍ တည်မနေကြောင်း၊ အခါအားလျော်စွာ ဒွါရတခုမှ တခုသို့ ပြောင်းရွှေ့၍ ဖြစ်ပေါ်နေကြောင်းကို ပြလိုခြင်းဖြစ်သည်။

(အဋ္ဌသာလိနီ အဋ္ဌကထာ၊ စိတ္တုပ္ပါဒကဏ္ဍ၊ နှာ–၃၁၄–၅၊ အဘိဓမ္မာဝတာရ အဋ္ဌကထာနိသျသစ် နှာ–၆၇၅)

## ဝီထိစဉ်နှင့် သူကျိုး ဥပမာ

ကေန်းသည် သူ့ချည်းသက်သက် အရပ်လေးမျက်နှာသို့ သွားလာခြင်းငှါ မတတ်နိုင်သကဲ့သို့ ကျိုးသည်လည်း သူတဦးတည်း အရပ်လေးမျက်နှာသို့ သွားလာခြင်းငှါ မတတ်နိုင်။ ၎င်းတို့ နှစ်ဦး အချင်းချင်း တိုင်ပင်ပြောဆိုကြပြီးလျှင် ကေန်းသည် ကျိုးကို မိမိ ပုခုံးပေါ် တက်စေကာ ကျိုး ပြောဆိုလမ်းညွှန်သည့်အတိုင်း သွားလာလှည့်လည်သော် အလိုရှိရာ အရပ်မျက်နှာသို့ ရောက်၍ ချမ်းချမ်းသာသာ အသက်မွေးမြူနိုင်ကြလေသည်။

ထိုစကားရပ်၌ –

ကေန်းသည် ရူပကာယနှင့် တူသည်။

ကျိုးသည် နာမကာယနှင့်တူသည်။

ကေန်းသည် ကျိုးနှင့် ကင်း၍ အရပ်မျက်နှာသို့ မသွားလာနိုင်ခြင်းနှင့် ရုပ်သည်နာမ်နှင့်ကင်း၍ ယူခြင်း, ကိုင်ခြင်း, လှုပ်ရှားခြင်းစသည်ကို မဖြစ်စေနိုင်ခြင်း တူသည်။ ကျိုးသည်လည်း ကေန်းနှင့်ကင်း၍ အရပ်မျက်နှာသို့ မသွားလာနိုင်ခြင်းနှင့် နာမ်တရားသည်လည်း ပဉ္စဝေါကာရဘုံ၌ ရုပ်နှင့်ကင်း၍ မဖြစ်နိုင်ခြင်းသည် တူသည်။ ကေန်းနှင့် ကျိုး နှစ်ဦးပေါင်းစပ်ပြီး အလိုရှိရာ အရပ်မျက်နှာသို့ သွားကာ ချမ်းသာစွာ အသက်မွေးမြူနိုင်ခြင်းနှင့် ရုပ်တရားနှင့် နာမ်တရား အချင်းချင်းယှဉ်ခြင်းဖြင့် ယူခြင်း ကိုင်ခြင်းစသော ကိစ္စအားလုံးကို ပြုနိုင်သည်နှင့် တူသည်။

ဤဥပမာသည် – "ပဉ္စဝေါကာရဘုံ၌ ရုပ်နှင့်နာမ်သည် အချင်းချင်း ပေါင်းစပ်ကျေးဇူးပြုသော အားဖြင့်ဖြစ်သည်"ဟူသော အဓိပ္ပါယ်ကို ဖော်ပြသည်။ ဤ၌"ဝိပါက်စိတ်သည် မှီရာရုပ်နှင့် ကင်း၍မဖြစ်" ဟူသော အဓိပ္ပါယ်ကို ပြသည်။

(အဋ္ဌသာလိနီ အဋ္ဌကထာ၊ စိတ္တုပ္ပါဒကဏ္ဍ၊ နှာ–၃၂၀၀–၁၊ အဘိဓမ္မာဝတာရ အဋ္ဌကထာနိဿယသစ် နှာ–၆၇၆)

## ဝီထိစဉ်ဖြစ်ရန် အကြောင်းတရားများ

**မြင်စိတ်အစဉ်(စက္ခုဒွါရဝီထိ) ဖြစ်ရန် အကြောင်း ၄–ပါး**

၁။ စက္ခုပသာဒ ၂။ ရူပါရုံ ၃။ အာလောက(အလင်းရောင်) ၄။ မနသိကာရ (ပဉ္စဒွါရာဝဇ္ဇန်းစိတ်)

**ကြားစိတ်အစဉ် (သောတဒွါရဝီထိ) ဖြစ်ရန် အကြောင်း ၄–ပါး**

၁။ သောတပသာဒ ၂။ သဒ္ဒါရုံ ၃။ အာကာသ ၄။ မနသိကာရ (ပဉ္စဒွါရာဝဇ္ဇန်းစိတ်)

**နံစိတ်အစဉ် (ဃာနဒွါရဝီထိ) ဖြစ်ရန် အကြောင်း ၄–ပါး**

၁။ ဃာနပသာဒ ၂။ ဂန္ဓာရုံ ၃။ ဝါယောဓာတ်(လေ) ၄။ မနသိကာရ (ပဉ္စဒွါရာဝဇ္ဇန်းစိတ်)

**အရသာသိစိတ်အစဉ် (ဇိဝှါဒွါရဝီထိ) ဖြစ်ရန် အကြောင်း ၄–ပါး**

၁။ ဇိဝှါပသာဒ ၂။ ရသာရုံ ၃။ အာပေါဓာတ်(လျှာရည်,တံတွေး) ၄။ မနသိကာရ (ပဉ္စဒွါရာဝဇ္ဇန်းစိတ်)

**ထိသိစိတ်အစဉ် (ကာယဒွါရဝီထိ) ဖြစ်ရန် အကြောင်း ၄–ပါး**

၁။ ကာယပသာဒ ၂။ ဖောဋ္ဌဗ္ဗာရုံ ၃။ ထဒ္ဓပထဝီ ၄။ မနသိကာရ (ပဉ္စဒွါရာဝဇ္ဇန်းစိတ်)

**ကြံသိစိတ်အစဉ်(မနောဒွါရဝီထိ) ဖြစ်ရန်အကြောင်း ၄–ပါး**

၁။ မနောဒွါရ (ဘဝင်စိတ်) ၂။ ဓမ္မာရုံ ၃။ ဟဒယဝတ္ထု ၄။ မနောဒွါရာဝဇ္ဇန်း

## အားကြီးသော မှီရာအကြောင်း

စက္ခုဝိညာဏ်စိတ်သည် – စက္ခုပသာဒ, ရူပါရုံ, အလင်းရောင်, ပဉ္စဒွါရာဝဇ္ဇန်းဟူသော မနသိကာရ၊ ဤအကြောင်း ၄–ပါးလုံး ပြည့်စုံမှသာ ဖြစ်ပေါ်သည်။ အကြောင်းတခုခု ချို့ယွင်းသော် မဖြစ်ပေါ်နိုင်။ သေသောသူ၌ စက္ခုပသာဒပျက်စီး၍ စက္ခုဝိညာဏ်စိတ် မဖြစ်ပေါ်နိုင်။ အသက်ရှင်သူ၌ သည်းခြေ, သလိပ်, သွေး, တခုခု မြွေးယှက်ဖုန်းကွယ်၍ စက္ခုပသာဒ ပျက်စီးသောအခါ၌ စက္ခုဝိညာဏ်စိတ် မဖြစ်ပေါ်နိုင်။ ထို့ကြောင့် စက္ခုပသာဒစသော ၄–ပါးကို စက္ခုဝိညာဏ်စိတ်၏ အားကြီးသော မှီရာအကြောင်းဟု ဆိုသည်။

သောတဝိညာဏ်စိတ်သည် – သောတပသာဒ, သဒ္ဒါရုံ, အာကာသ, ပဉ္စဒွါရာဝဇ္ဇန်းဟူသော မနသိကာရ၊ ဤအကြောင်း ၄–ပါးလုံး ပြည့်စုံမှသာ ဖြစ်ပေါ်သည်။ အကြောင်းတခုခု ချို့ယွင်းသော် မဖြစ်ပေါ်နိုင်။ ဤ၌ အာကာသဆိုသည်မှာ အပေါက်ဟင်းလင်းကို ဆိုလိုသည်။ နားနှင့်အသံ ဆက်ဆံရန် အပေါက်ဟင်းလင်းရှိပါမှ သောတဝိညာဏ်စိတ် ဖြစ်ပေါ်နိုင်သည်။ နားပိတ်နားပင်းသူမှာ သောတဝိညာဏ်စိတ် မဖြစ်ပေါ်နိုင်။ ထို့ကြောင့် သောတပသာဒစသော ၄–ပါးကို သောတဝိညာဏ်စိတ်၏ အားကြီးသော မှီရာအကြောင်းဟု ဆိုသည်။

ဃာနဝိညာဏ်စိတ်သည် ဃာနပသာဒ, ဂန္ဓာရုံ, ဝါယောဓာတ်(လေ), ပဉ္စဒွါရာဝဇ္ဇန်းဟူသော မနသိကာရ၊ ဤအကြောင်း ၄–ပါးလုံး ပြည့်စုံမှသာ ဖြစ်ပေါ်သည်။ အကြောင်းတခုခု ချွတ်ယွင်းလျှင် မဖြစ်ပေါ်နိုင်။ ဤ၌ ဝါယောဓာတ်ဆိုသည်မှာ အနံ့ကိုဆောင်ယူလာသောလေနှင့် နှာခေါင်းလေ, ရှုလေရှိုက်လေကို ဆိုလိုသည်။ ယင်းလေမရှိခဲ့လျှင်လည်း နံ့သိမှုဟူသော ဃာနဝိညာဏ်စိတ် မဖြစ်ပေါ်နိုင်။ ထို့ကြောင့် ဃာနပသာဒစသောအကြောင်း ၄–ပါးကို ဃာနဝိညာဏ်စိတ်၏ အားကြီးသော မှီရာအကြောင်းဟု ဆိုသည်။

ဇိဝှါပသာဒ, ရသာရုံ, အာပေါဓာတ် (လျှာရည်, တံတွေး) ပဉ္စဒွါရာဝဇ္ဇန်းဟူသော မနသိကာရ၊ ဤ ၄–ပါးသည် ဇိဝှါဝိညာဏ်စိတ်၏ ဖြစ်ကြောင်းများ ဖြစ်သည်။ ဤအကြောင်း ၄–ပါးလုံး ပြည့်စုံမှသာ ဇိဝှါဝိညာဏ်စိတ် ဖြစ်ပေါ်သည်။ အကြောင်းတခုခု ချွတ်ယွင်းလျှင် ဇိဝှါဝိညာဏ်စိတ် မဖြစ်ပေါ်နိုင်။ ဤ၌ အာပေါဓာတ်ဆိုသည်မှာ အစာ၌ပါသော အရည်နှင့် လျှာ၏ စိုစွတ်ခြင်း(လျှာရည်)ကို ဆိုလိုသည်။ လျှာခြောက်သွေ့ခဲ့လျှင် ရသာရုံသည် ဇိဝှါဝတ္ထုရုပ်၌ မထိမခိုက်နိုင်။ မထိခိုက်လျှင်လည်း အရသာကို လျက်သိမှု ဟူသော ဇိဝှါဝိညာဏ်စိတ် မဖြစ်ပေါ်နိုင်။ ထို့ကြောင့် ဇိဝှါပသာဒစသော အကြောင်း ၄–ပါးကို ဇိဝှါဝိညာဏ်စိတ်၏ အားကြီးသော မှီရာအကြောင်းဟု ဆိုသည်။

ကာယပသာဒ, ဖောဋ္ဌဗ္ဗာရုံ, ပထဝီဓာတ်, ပဉ္စဒွါရဒွါရာဝဇ္ဇန်းဟူသော မနသိကာရ၊ ဤ ၄-ပါးသည် ကာယဝိညာဏ်စိတ်၏ ဖြစ်ကြောင်းများဖြစ်သည်။ ဤအကြောင်း ၄-ပါးလုံး ပြည့်စုံမှသာ ကာယဝိညာဏ်စိတ် ဖြစ်ပေါ်သည်။ အကြောင်းတခုခု ချွတ်ယွင်းလျှင် ကာယဝိညာဏ်စိတ် မဖြစ်ပေါ်နိုင်။ ပထဝီဓာတ်ဟူသော အမှီရမှသာ ကာယဝိညာဏ်စိတ် ဖြစ်ပေါ်နိုင်သည်။ ပထဝီဓာတ်ဟူသော အမှီမရလျှင် ကာယဝိညာဏ်စိတ် မဖြစ်ပေါ်နိုင်။ (အဘိဓမ္မာဝတာရ အဋ္ဌကထာနိဿယသစ် နှာ-၆၇၈-၆၈၀)

နောက်ထပ် ရှင်းလင်းပြပါဦးမည်။

ဖောဋ္ဌဗ္ဗာရုံသည် ကာယပသာဒ၌ ထိခိုက်သောအခါ ကာယပသာဒတွင် တန့်ရပ်မနေ, ကာယပသာဒ ၏မှီရာ မဟာဘုတ်ကိုလည်း ထိခိုက်၏။ ထိုမဟာဘုတ်များတွင်ကား ပထဝီဓာတ်သည် အချုပ်အခြာ အမာခံပင်တည်း။ ထို့ကြောင့် ဖောဋ္ဌဗ္ဗာရုံ၏ ကာယဒွါရဝယ် ထင်ရာ၌ ပထဝီဓာတ်သည် အရေးကြီးသော အထောက်အပံ့တခု ဖြစ်သည်။(သင်္ဂြိုဟ်ဘာသာဋီကာ-၂၁၂)

**ဖောဋ္ဌဗ္ဗ ၃-မျိုး။** ။ ဤကာယဒွါရဝီထိဖြစ်ရန် အကြောင်းလေးပါးတို့တွင် ပဓာနဖြစ်သော ပထဝီဓာတ်ကိုသာ အထူးပြု၍ ထဒ္ဓဟု ဆိုခဲ့ပေသည်။ သေချာစွာ စိစစ်လျှင် ဖောဋ္ဌဗ္ဗာရုံ သုံးမျိုးရှိပေသောကြောင့် ထဒ္ဓသုံးမျိုးဟူ၍ စိစစ်ရာ၏။ ဖောဋ္ဌဗ္ဗသည် ခက်မာမှု, နူးညံ့မှုဟု ဆိုအပ်သော ပထဝီဖောဋ္ဌဗ္ဗတပါး၊ ပူမှုအေးမှုဟု ဆိုအပ်သော တေဇောဖောဋ္ဌဗ္ဗတပါး၊ ပွရွလှုပ်ရှားမှု ဟုဆိုအပ်သော ဝါယောဖောဋ္ဌဗ္ဗတပါး ဤသို့အားဖြင့် ဖောဋ္ဌဗ္ဗသုံးမျိုးရှိ၏။ တုံးတိုင် အိုးခွက် အထည်အလိပ် စသည်တို့ကို ခက်မာလေသလော, နူးညံ့ပျော့ပျောင်းလေသလောဟု စမ်းသပ်သောအခါ ဝီထိစိတ်အစဉ်သည် ခက်မာမှု နူးညံ့မှု ပထဝီသို့သာ ညွတ်လေ၏။ (ပထဝီဖောဋ္ဌဗ္ဗကိုသာ အာရုံပြုလေ၏၊ တေဇော, ဝါယောတို့ကို အာရုံမပြုဟူလို)

ထမင်းဟင်း, စားဘွယ်, သောက်ဘွယ်စသည်တို့ကိုငှ်း၊ ကိုယ်ငွေ့ မီးငွေ့စသည်တို့ကိုငှ်း၊ အေးလေ သလော ပူလေသလောဟု စမ်းသပ်သောအခါ စိတ်အစဉ်သည် ပူမှု အေးမှု တေဇောသို့သာ ညွတ်လေ၏။ (တေဇောဖောဋ္ဌဗ္ဗကိုသာ အာရုံပြု၏၊ ပထဝီ, ဝါယောတို့ကို အာရုံမပြုဟူလို)

လေပြည့်သော သရေအိပ် လေခေါင်းအုံး လေမွေ့ရာစသည်တို့ကို တောင့်တင်းခိုင်ခန့်လေသလော ရော့ရဲရဲရှိလေသလောဟု စမ်းသပ်သောအခါ စိတ်အစဉ်သည် ပွရွတောင့်တင်းမှု ဝါယောသို့သာ ညွတ်လေ၏။ (ဝါယောဖောဋ္ဌဗ္ဗကိုသာ အာရုံပြု၏၊ ပထဝီ, တေဇောတို့ကို အာရုံမပြုဟူလို)

**ထဒ္ဓ ၃–မျိုး**။ ။ဤသို့ ဖောဋ္ဌဗ္ဗသုံးမျိုး ရှိလေသောကြောင့် ကာယဒွါရဝီထိသည်လည်း သုံးမျိုးပင် ရှိသင့်ပေသည်။ ထိုသို့ ဖောဋ္ဌဗ္ဗသုံးမျိုး ရှိသောကြောင့်ပင်လျှင် ကာယဒွါရဝီထိဖြစ်ရန် အကြောင်းလေးခုတွင် ပါရှိသော ထဒ္ဓသည်လည်း ၃–မျိုးရှိရာ၏။ ထိခိုက်လောက်အောင် ကြမ်းရင့်ထက်သန်သော ပထဝီထဒ္ဓတမျိုး၊ ထိခိုက်လောက်အောင် ကြမ်းရင့်ထက်သန်သော တေဇောထဒ္ဓတမျိုး၊ ထိခိုက်လောက်အောင် ကြမ်းရင့်ထက်သန်သော ဝါယောထဒ္ဓတမျိုး။ ဤကား ထဒ္ဓသဘော သုံးမျိုးခွဲခြမ်းပုံတည်း။

**နုံ့သောပထဝီစသည်**။ ။ ထဒ္ဓမဟုတ် နုံ့သောပထဝီ, တေဇော, ဝါယောတို့သည်မူကား ကာယဒွါရဝီထိစိတ်ကို ဖြစ်ပေါ်အောင် ကျေးဇူးမပြုနိုင်ကြကုန်။ ဥပမာအားဖြင့် လရောင် ကြယ်ရောင်တို့၌ ပါရှိသော ပထဝီ, တေဇော, ဝါယောတို့သည်၎င်း၊ ပကတိ ဟင်းလင်းပွင့်၍နေသော အနန္တာကာသ တပြင်လုံး၌ အပြည့်အနှံ့ရှိနေသော ပထဝီ, တေဇော, ဝါယောတို့သည်၎င်း, နုံ့လှကုန်သောကြောင့် လူတို့၏ကိုယ်ကာယနှင့် ထိစပ်၍နေသော်လည်း ကာယဒွါရဝီထိကို မဖြစ်စေနိုင်ကုန်။ ဝီထိစိတ် ဖြစ်ပေါ်လာအောင် မထိခိုက်နိုင်ကြလေကုန်။

မိမိကိုယ်တွင်း၌ရှိသော အသားစိုင်ဟူသမျှတို့သည်လည်း ဖောဋ္ဌဗ္ဗအထည်တို့သာတည်း။ အသားဆိုင်အချင်းချင်း ဖိနှိပ်ကြပ်တည်း၍ နေကြသော်လည်း ပကတိအားဖြင့် အချင်းချင်း နေထားတကျ မျှတလျက်ရှိနေကြသောကြောင့် မထက်သန်ဘဲ နုန့်လေရကား ကာယဒွါရဝီထိကို မဖြစ်စေနိုင်ကြကုန်။ တိုက်မိခိုက်မိ၍ ပကတိအခါထက် အခိုက်အတိုက်နစ်နာ၍ ဝိသေသအခါတို့၌သာလျှင် ကာယဒွါရဝီထိကို ဖြစ်စေနိုင်၏။ မိမိအဇ္ဈတ္တသန္တာန်၌ရှိသော သမတေဇောသည် ပကတိအားဖြင့် နေထားတကျ မျှတနေသဖြင့် ကာယဒွါရဝီထိကို မဖြစ်စေနိုင်။ ဖျားသောအခါစသည်တို့၌ကား လွန်ကဲအောင် ကြမ်း၍လာသဖြင့် ကာယဒွါရဝီထိကို ဖြစ်စေ၏။ မိမိ အဇ္ဈတ္တသန္တာန်၌ရှိသော သမဝါယောဓာတ်သည်လည်း နေထားတကျမျှတနေသောကြောင့် ကာယဒွါရဝီထိကို မဖြစ်စေနိုင်။ ထကြွသောင်းကျန်း၍ ဖောက်ဖောက်ပြန်ပြန် ဖြစ်သည်ရှိသော် လေထိုး၍နာခြင်း, ကြွတက်ခြင်း, အကြောတက်ခြင်း, သွက်ချာပါဒဖမ်းခြင်းစသောအားဖြင့် ကြီးကျယ်လှစွာသော ကာယဒွါရဝီထိများကို ဖြစ်စေနိုင်၏။ **အထက်အနုနှံ့ဟူရာမှာ မိမိ၏ကာယပသာဒမှီရာ မဟာဘုတ်စုနှင့် ချင့်ချိန်နှိုင်းဆရာ၏**။ မိမိ၏ ကာယပသာဒသည်လည်း ကိုယ်တခုတည်း၌ အမျိုးမျိုးရှိပြန်၏။ ကျောသား, ခြေသားလုံး ပြင်ဘက်သား, လက်ရုံးပြင်ဘက်သား, ခြေဘဝါးစသည်တို့၌ ရှိသော ကာယပသာဒမှီရာ မဟာဘုတ်စုသည် ကြမ်းတမ်း၏။ ထို့ကြောင့် ကြမ်းတမ်းသော ဖောဋ္ဌဗ္ဗနှင့် တွေ့ထိမှ သိနိုင်၏။ သေးငယ်လှစွာသော ပိုးသတ္တဝါစသည်တို့၏ အတွေ့အထိဖြင့် မသိနိုင်ချေ။ ရင်သား, ဝမ်းသား, ခံတွင်း, နှုတ်ခမ်း, နှာခေါင်းတွင်း စသော ဌာနတို့၌ ရှိသော အသားစုမှာတည်ရှိသည့် မဟာဘုတ်များသည် နူးညံ့လှစွာ၏။ ထို့ကြောင့် သေးငယ်သော သတ္တဝါတို့၏ အတွေ့အထိ ဖြစ်သော်လည်း သိနိုင်၏။

**အခံဖြစ်သော ကာယပသာဒ၏မှီရာ မဟာဘုတ်ထက် ကြမ်းတမ်းသော ဖောဋ္ဌဗ္ဗဖြစ်ပါမှ ကာယဒွါရဝီထိ ဖြစ်စေနိုင်သည်။ ပသာဒ၏မှီရာ မဟာဘုတ်ထက် နူးညံ့သောဖောဋ္ဌဗ္ဗဖြစ်ခဲ့လျှင် ကာယဒွါရဝီထိကို မဖြစ်စေနိုင်။** ကိုယ်တွင်း၌ ရှိရှိသမျှ ဖောဋ္ဌဗ္ဗဓာတ်တို့သည် အချင်းချင်းမျှတ၍ သမဓာတ်ဖြစ်နေသောအခါ ကာယဒွါရဝီထိကို မဖြစ်စေနိုင်ကုန်။ အကယ်၍ တခုခုက ကဲလွန်၍ အဓိကဝိသမ ဖြစ်လာလျှင် တကိုယ်လုံး၌ရှိသော ဖောဋ္ဌဗ္ဗဓာတ်တို့သည် ရန်သူကြီးတွေ ဖြစ်ကြကုန်ပြီးလျှင် ဒုက္ခဝေဒနာနှင့် ယှဉ်သော ကာယဒွါရဝီထိဖြင့် သေသည်တိုင်အောင် နှိပ်စက်ဖိစီးကြကုန်၏။

(ပရမတ္ထသံခိပ်ဋီကာ–၂၄၄–၂၄၆)

မနောဒွါရ, ဓမ္မာရုံ, ဟဒယဝတ္ထု, မနောဒွါရာဝဇ္ဇန်းဟူသော မနသိကာရ၊ ဤအကြောင်း ၄–ပါးသည် မနောဝိညာဏ်၏ ဖြစ်ကြောင်းများ ဖြစ်သည်။ ဤအကြောင်း ၄–ပါး စုံမှသာ မနောဝိညာဏ်စိတ် ဖြစ်ပေါ်နိုင်သည်။ အကြောင်းတခုခု ချွတ်ယွင်းလျှင် မဖြစ်ပေါ်နိုင်။

ဤ၌ မနောဒွါရဟူသည် ဘဝင်စိတ်ကို ဆိုလိုသည်။ ယင်းဘဝင်စိတ်လည်း **အာဝဇ္ဇန်းဖြစ်နိုင်လောက်အောင် ကျေးဇူးပြုနိုင်သော ဘဝင်စိတ်ဖြစ်မှသာ** မနောဝိညာဏ်စိတ် ဖြစ်ပေါ်နိုင်သည်။

ဘဝင်စိတ်ချုပ်ပြီးသောအခါ အာဝဇ္ဇန်းဖြစ်နိုင်လောက်အောင် ကျေးဇူးမပြုနိုင်သော ဘဝင်စိတ်ဖြစ်သောအခါ, ဓမ္မာရုံ မထင်သောအခါ, ဟဒယဝတ္ထုဟူသော အမှီမရသောအခါတို့၌ မနောဝိညာဏ်စိတ် မဖြစ်ပေါ်နိုင်။

ထို့ကြောင့် မနောဒွါရစသော အကြောင်းလေးပါးကို မနောဝိညာဏ်၏ အားကြီးသော မှီရာအကြောင်းဟု ဆိုလိုသည်။

(အဋ္ဌသာလိနီ အဋ္ဌကထာ၊ စိတ္တုပ္ပါဒကဏ္ဍ၊ နှာ–၃၂၁–၃၂၂၊ အဘိဓမ္မာဝတာရ အဋ္ဌကထာနိသျသစ် နှာ–၆၈၀)

## စက္ခုဒွါရိက ၁၅–ဝီထိ

“စက္ခာလောက, ရူပထင်ပြီ, မနသိ, လေးလီစက္ခုဘို့”နှင့်အညီ စက္ခုဝိညာဏ်ဖြစ်ကြောင်း ၄–ပါးတွင် စက္ခုပသာဒရုပ်က ညံ့ဖျင်းနေသော်ငြင်း, အာလောကခေါ်သော အလင်းရောင်က ညံ့ဖျင်းနေသော်ငြင်း, ရူပါရုံက အားသေးခဲ့သော်ငြင်း, ဤသို့ **တပါးပါးက ညံ့ဖျင်းချို့ယွင်းနေလျှင် စိတ္တက္ခဏ ၂–ချက်ခန့်မှစ၍ ၁၅–ချက်တိုင်အောင်** လွန်ပြီးနောက် ဌီသို့အတော်ကြာရောက်ပြီးမှသာ ထင်လာနိုင်သည်။ သဒ္ဒါရုံ စသည်များလည်း ဤနည်းပင်တည်း။

### စက္ခုဒွါရိကအတိမဟန္တာရုံ ၁ ဝီထိ

“တီ န ဒ ပ စ သံ တီ ဝု ဓ ဓ ဓ ဓ ဓ
၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀
ဓ ဓ တ တ” ဘ ဘ ဘ
၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

“တီ န ဒ ပ စ သံ တီ ဝု ဓ ဓ ဓ ဓ ဓ ဓ ဓ ဘ ဘ” ဘ

### စက္ခုဒွါရိကမဟန္တာရုံ ၂ဝီထိ

“တီ တီ န ဒ ပ စ သံ တီ ဝု ဓ ဓ ဓ ဓ ဓ ဓ ဓ ဘ” ဘ ဘ
“တီ တီ တီ န ဒ ပ စ သံ တီ ဝု ဓ ဓ ဓ ဓ ဓ ဓ ဓ” ဘ ဘ

### ပရိတ္တာရုံ ၆ ဝီထိ

“တီ တီ တီ တီ န ဒ ပ စ သံ တီ ဝု ဝု ဝု ဘ ဘ ဘ ဘ” ဘ
“တီ တီ တီ တီ တီ န ဒ ပ စ သံ တီ ဝု ဝု ဝု ဘ ဘ ဘ” ဘ
“တီ တီ တီ တီ တီ တီ န ဒ ပ စ သံ တီ ဝု ဝု ဝု ဘ ဘ” ဘ
“တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ တီ ဝု ဝု ဝု ဘ” ဘ
“တီ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ တီ ဝု ဝု ဝု” ဘ
“တီ တီ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ တီ ဝု ဝု” ဘ

## အတိပရိတ္တာရုံ ၆ ဝီထိ

“တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘ ဘ ဘ” ဘ
“တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘ ဘ” ဘ
“တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘ” ဘ
“တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ” ဘ
“တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ” ဘ
“တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န” ဘ

## ပဉ္စဒွါရဝီထိအပြား

ပဉ္စဒွါရဝီထိတို့တွင် တခုတခု၌ အတိမဟန္တာရုံဝီထိ, မဟန္တာရုံဝီထိ, ပရိတ္တာရုံဝီထိ, အတိပရိတ္တာရုံဝီထိဟု ၄-မျိုးရှိသည်။ အလွန်ထင်ရှားသော သိစရာအာရုံကို အတိမဟန္တာရုံဟု ခေါ်သည်။ ထင်ရှားသော သိစရာအာရုံကို မဟန္တာရုံဟု ခေါ်သည်။ မထင်ရှားသော သိစရာအာရုံကို ပရိတ္တာရုံဟု ခေါ်သည်။ အလွန်မထင်ရှားသော သိစရာအာရုံကို အတိပရိတ္တာရုံဟု ခေါ်သည်။ ဤကား ပဉ္စဒွါရ၌ အာရုံထင်ပုံ(ဝိသယပဝတ္တိ) ၄-မျိုးဖြစ်သည်။ ဝီထိစိတ်အစဉ်ဖြစ်ဖို့ အကြောင်းများတွင် ရုပ်ပိုင်းဆိုင်ရာ အချက်အလက် သုံးမျိုးက အားကောင်းရင် ကောင်းသလောက် အာရုံထင်ရှားပြီး အားနည်းရင် နည်းသလောက် အာရုံမထင်ရှား။

ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံ ၅ပါးကို အတိမဟန္တာရုံ ၅-ပါး၊ မဟန္တာရုံ ၅-ပါး၊ ပရိတ္တာရုံ ၅-ပါး၊ အတိပရိတ္တာရုံ ၅-ပါးဟူ၍ ခွဲနိုင်သည်။ အတိမဟန္တာရုံကို အာရုံပြု၍ ဖြစ်သော စိတ်အစဉ်ကို “အတိမဟန္တာရုံဝီထိ”ခေါ်သည်ဟု စသည်ဖြင့်သိပါ။

## အတီတဘဝင်သတ်မှတ်ချက်ဖြင့် ဝီထိခွဲပုံ

ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၁-ချက်လွန်မှ ဒွါရ၌ ထင်နိုင်ထိခိုက်နိုင်သော ပဉ္စာရုံသည် အတိမဟန္တာရုံမည်၏။ ဤအတိမဟန္တာရုံ၌ တဝီထိစီသာ ရသောကြောင့် အတိမဟန္တာရုံ ၅-ဝီထိ ဖြစ်၏။

ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၂-ချက်လွန်မှ ဒွါရ၌ ထင်နိုင်ထိခိုက်နိုင်သော ပဉ္စာရုံမျိုး၊ ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၃-ချက်လွန်မှ ဒွါရ၌ ထင်နိုင်ထိခိုက်နိုင်သော ပဉ္စာရုံမျိုး၊ ဤ ၂-မျိုးသည် မဟန္တာရုံမည်၏။ ဤမဟန္တာရုံ၌ ၂-ဝီထိစီသာ ရသောကြောင့် မဟန္တာရုံ ၁၀-ဝီထိ ဖြစ်၏။

ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၄-ချက်လွန်မှ ဒွါရ၌ ထင်နိုင်ထိခိုက်နိုင်သော ပဉ္စာရုံမျိုး၊ ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၅, ၆, ၇, ၈, ၉-ချက်လွန်မှ ဒွါရ၌ ထင်နိုင်ထိခိုက်နိုင်သော ပဉ္စာရုံမျိုး၊ ဤ ၆-မျိုးသည် ပရိတ္တာရုံမည်၏။ ဤပရိတ္တာရုံ၌ ၆-ဝီထိစီသာ ရသောကြောင့် ပရိတ္တာရုံ ၃၀-ဝီထိ ဖြစ်၏။

ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၁၀–ချက်လွန်မှ ဒွါရ၌ ထင်နိုင်ထိခိုက်နိုင်သော ပဥ္စာရုံမျိုး၊ ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၁၁, ၁၂, ၁၃, ၁၄, ၁၅–ချက်လွန်မှ ဒွါရ၌ ထင်နိုင်ထိခိုက်နိုင်သော ပဥ္စာရုံမျိုး၊ ဤ ၆–မျိုးသည် အတိပရိတ္တာရုံမည်၏။ ဤအတိပရိတ္တာရုံ၌ ၆–ဝီထိစီ ရသောကြောင့် အတိပရိတ္တာရုံ ၃၀–ဝီထိ ဖြစ်၏။

ဤသို့ဖြင့် ပဥ္စဒွါရဝီထိပေါင်း ၇၅–မျိုး ဖြစ်နိုင်သည်။ ဗြဟ္မာတို့၌ အတိမဟန္တာရုံဝီထိ, ဒေါသမူဇောနှင့် စပ်သော အတိမဟန္တာရုံဝီထိမှာ အတိမဟန္တာရုံဖြစ်သော်လည်း တဒါရုံ မဖြစ်နိုင်။ သို့ဖြစ်၍ အတိမဟန္တာရုံကို တဒါရုံဖြစ်သောဝီထိ, တဒါရုံမဖြစ်သောဝီထိဟု နှစ်မျိုးယူလျှင် ၁–ဒွါရ၌ ၁၆–ဝီထိဖြစ်နိုင်၍ ၅–ဒွါရ၌ ဝီထိပေါင်း ၈၀ ဖြစ်နိုင်သည်။

## ဝါရ ၄–မျိုး နှင့် အာရုံ ၄–မျိုး တွဲစပ်ပြပုံ

တဒါရုံဆုံးသော စိတ်အစဉ်ကို တဒါရမ္မဏဝါရဟု ခေါ်သည်။ ဇောဆုံးသော စိတ်အစဉ်ကို ဇဝနဝါရဟု ခေါ်သည်။ ဝုဋ္ဌောဆုံးသော စိတ်အစဉ်ကို ဝေါဋ္ဌဗ္ဗနဝါရဟု ခေါ်သည်။(ဇောစောခွင့်မရလျှင် ဝုဋ္ဌောစိတ်သည်ပင် ဇောတု ဇောယောင်ဖြင့် နှစ်ကြိမ်သုံးကြိမ် ထပ်လျက် ဖြစ်ခွင့်ရှိသည်) ဝီထိစိတ်မပါသော စိတ်အစဉ်ကို မောဃဝါရဟု ခေါ်သည်။ (မောဃ=ယုတ်လျော့သည်၊ ဝီထိစိတ်မှ ယုတ်လျော့၍ ဘဝင်လှုပ်ရုံမျှဖြစ်သော စိတ်အစဉ်ကို မောဃဝါရဟု ဆိုသည်)

သို့ဖြစ်၍ အတိမဟန္တာရုံဝီထိသည် တဒါရုံဆုံး၍ တဒါရမ္မဏဝါရ မည်၏။ မဟန္တာရုံ ဝီထိသည် ဇောဆုံး၍ ဇဝနဝါရမည်၏။ ပရိတ္တာရုံ ဝီထိသည် ဝုဋ္ဌောဆုံး၍ ဝေါဋ္ဌဗ္ဗနဝါရ မည်၏။ အတိပရိတ္တာရုံ ဝီထိသည် ဝီထိစိတ်မပါ၍ မောဃဝါရ မည်၏။ (ဤအတိပရိတ္တာရုံကို အာရုံပြု၍ ဝီထိစိတ်မဖြစ်သောကြောင့် **ဝီထိ** ဟူ၍ မခေါ်ထိုက်။ သို့သော် **မိန်မမြဲမသား** ဟူသကဲ့သို့ ဥပစာတင်စား၍ အတိပရိတ္တာရုံဝီထိဟု **ဝီထိနာမည်တပ်**ရသည်။

### အကျဉ်းချုပ်မှတ်ရန်

၁။ အတိမဟန်၊ တချက်လွန်၊ မဟန် နှစ်, သုံးသာ။
၂။ လေးကအစ၊ ကိုးတိုင်မျှ၊ လွန်ကပရိတ္တာ။
၃။ တဆယ်အာဒိ၊ ဆယ့်ငါးထိ၊ လွန်တိပရိတ္တာ။
၄။ တဒါ နှင့် ဇော၊ ဝုဋ္ဌော မောဃ လေးဝါရ၊ ယှဉ်ကြစဉ်တိုင်းသာ။
၅။ ပရိတ္တာထုံး၊ ဝုဋ္ဌောဆုံး၊ နှစ်သုံးအကြိမ်သာ။

ပရမတ္ထသံခိပ်ကျမ်း–၈၄

# ပဥ္စဒွါရဝီထိဆိုင်ရာ မှတ်စရာ

## ♠ အာရုံများစွာနှင့် ပသာဒများစွာ ပေါင်းစုမိမှသာ ပသာဒ၌ အာရုံထင်နိုင်

ရုပ်ကလာပ်တခုသည် ပြောပြ၍ မဖြစ်နိုင်လောက်အောင်ပင် သေးငယ်၏။ ပကတိမျက်စိဖြင့် ကြည့်ချင်တိုင်း ကြည့်၍ မမြင်ရ၊ အလွန်ကောင်းသော မှန်ဘီလူးဖြင့်သာ မြင်ရသော ပိုးကောင်ကလေးများ ရှိသေး၏။ ထိုပိုးကောင်ကလေးများ၌ ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇကလာပ် အစုအဝေးကြီးတွေ မရေမတွက်နိုင်အောင် များ၏။ သို့ပါလျက်လည်း ပကတိမျက်စိဖြင့် မမြင်နိုင်။ ထို့ကြောင့် ရူပါရုံသည် စက္ခုပသာဒသို့ ထင်လာရာ၌ ရူပါရုံတခုတည်း မထင်နိုင်၊ ရူပါရုံအများ ပေါင်းစုမိမှ ထင်လာနိုင်သည်။ ရူပါရုံအပေါင်းဟူသည်လည်း ပရမတ်အစုအဝေးသာ ဖြစ်သည်။ သမူဟပညတ်မဟုတ်သေး။ ထို့ကြောင့် စက္ခုဝိညာဏ်သည် ပရမတ်ဖြစ်သော ရူပါရုံအများကိုသာ အာရုံပြုသည်ဟုမှတ်ပါ။ ပညတ်ကို အာရုံပြုသည်ဟု မမှတ်နှင့်။

ရူပါရုံများစွာပေါင်းမိမှ အာရုံထင်နိုင်သကဲ့သို့ စက္ခုပသာဒသည်လည်း များစွာပေါင်းမိမှ ရူပါရုံကို ဖမ်းယူနိုင်သည်။ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့ သောတ ဃာန ဇိဝှါ ကာယတို့နှင့် တိုက်ဆိုင်၍ အာရုံထင်ရာတွင်လည်း နည်းတူမှတ်ပါ။

## ♠ ရူပါရုံ သဒ္ဒါရုံ စသော အာရုံ ၅-ပါးလုံး တပြိုင်နက် မသိနိုင်

မွေးကြိုင်သင်းပျံ့စွာ ပြင်ဆင်ထားသော ပွဲထိုင်အခမ်းအနား၌ စားသောက်ဘွယ်များကို စားသောက်လျက် ပွဲလမ်းသဘင်ကြည့်ရှုနေခိုက်မှာ အာရုံငါးပါးလုံးပင် အနီးဥပစာ၌ ကျရောက်လျက် ရှိကြသော်လည်း စိတ်သည် အာရုံ ၅-ပါးလုံးကို တပြိုင်နက် မသိနိုင်။ အာရုံအများ စုမိရာ၌ စိတ်ကြိုက်ရာ, အာရုံထင်ရှားရာကို ရှေးဦးစွာလည်းသိနိုင်, ကူးပြောင်း၍လည်း သိနိုင်သည်။

ရူပါရုံကို ကြိုက်သူသည် ရူပါရုံကို ရှေးဦးစွာ သိ၏။ ရူပါရုံ အများတွင်လည်း ပို၍နှစ်သက်ရာ အာရုံကို ရှေးဦးစွာသိ၏။ သဒ္ဒါရုံ စသည်တွင်လည်း နည်းတူသိပါ။ စိတ်ကြိုက်အာရုံ မရှိရာ၌ ထင်ရှားသိသာသော အာရုံကို ရှေးဦးစွာ သိလိမ့်မည်။

## ♠ ပဉ္စာရုံသည် ဒွါရ၌ ထင်လာရာတွင် ဖြစ်ရာခဏ(ဥပါဒ်ခဏ) အလွန်တိုတောင်းသဖြင့် ဖြစ်ရာခဏမှာ မထင်နိုင်သေးဘဲ တည်ရာခဏ(ဌီခဏ)ကျမှ ထင်နိုင်ကြသည်။

## ♠ ဘဝင်နှစ်ကြိမ်လှုပ်ရပုံ

အာရုံသစ်မထင်လာခင် ဖြစ်နှင့်သော ဘဝင်အစဉ်သည် အာရုံသစ်ထင်သည်နှင့် တပြိုင်နက် အစဉ်ရပ်၍ မပြတ်နိုင်သောကြောင့် ဘဝင်နှစ်ကြိမ်တိုင်အောင် လှုပ်ပြီးမှ ပြတ်ရလေသည်။ ဥပမာ–ပန်းပြေးပြိုင်ပွဲ၌ အဟုန်ပြင်းစွာ အတင်းပြေးလာသော ယောကျ်ားသည် ပန်းတိုင်အရပ်သို့ ရောက်လျှင် ရပ်ချင်သော်လည်း မရပ်နိုင်သေးဘဲ နှစ်လမ်းလောက် လွန်မိကာမှ ရပ်နိုင်သကဲ့သို့တည်း။

♠ ဘဝင်လှုပ်ဆိုရာ၌ ပရမတ္ထတရားသည် လှုပ်ရှားခြင်းမရှိ။ ရှေးစိတ်နှင့် မတူသောအားဖြင့် ဖြစ်သည်ကိုပင် လှုပ်သည်ဟုဆိုသည်။ တနည်းမှာ ဘဝင်ပြတ်ခါနီးဖြစ်သောကြောင့် ဗျာပါရကိုပင် လှုပ်သည်ဟု ဆိုသည်။
(မာတိကာဓာတုကထာအကောက် ၂၄ကျမ်းတွဲ ရှေးမူ ၂၅၅)

## ♠ ဇောအခိုက်အတန့်တွင် ယောနိသောမနသိကာရကြောင့် ပုထုဇဉ်နှင့် သေက္ခ၌ ကုသိုလ်ဇောဖြစ်ပြီး ရဟန္တာ၌ ကြိယာဇောဖြစ်၊ အယောနိသောမနသိကာရကြောင့် အကုသိုလ်ဇောဖြစ်

ထိုယောနိသောမနသိကာရ ဖြစ်ဘို့ မဖြစ်ဘို့ အကြောင်းအဆက်ဆက်ကား အတ္တသမ္မာပဏိဓိ, သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ, ပဋိရူပဒေသဝါသ, ပုဗ္ဗေ ကတပုညတာ ဟူသော သမ္ပတ္တိစက်တို့၏ ရှိခြင်း မရှိခြင်းများတည်း။ ထပ်၍ ရှင်းပြပါမည်၊ ရှေးရှေးဘဝက ကုသိုလ်ကောင်းမှု ပြုခဲ့ဘူးခြင်းဟူသော ပုဗ္ဗေစ ကတပုညတာ သမ္ပတ္တိစက် ရှိခဲ့သူသည် သင့်တင့်လျောက်ပတ် သူတော်သူမြတ်တို့နေရာ ပဋိရူပဒေသ ခေါ်သောအရပ်၌ ဖြစ်ရ၏။ ထိုပဋိရူပဒေသဝါသ သမ္ပတ္တိစက်ရှိသူသည် မိကောင်း ဘကောင်း ဆွေမျိုးကောင်း ဆရာသမားကောင်းဟူသော သူတော်ကောင်းတို့ကို မှီခို ဆည်းကပ်ရခြင်းဟူသော သပ္ပုရိသူပနိဿယစက်နှင့် ပြည့်စုံ၏။ ထိုသပ္ပုရိသူပနိဿယစက်နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို နာရခြင်းဟူသော သဒ္ဓမ္မဿဝနစက်နှင့် ပြည့်စုံ၏။ ထိုသဒ္ဓမ္မဿဝနစက်နှင့် ပြည့်စုံသူသည် မိမိကိုယ်ကိုငှင်း မိမိစိတ်ကိုငှင်း ထိန်းသိမ်းနိုင်ခြင်းဟူသော အတ္တသမ္မာပဏိဓိစက်နှင့် ပြည့်စုံ၏။ ဤအတ္တသမ္မာပဏိဓိစက်နှင့် အချက်ကျကျ ပြည့်စုံနေသူ၏ သန္တာန်မှာ တွေ့မြင်ရာ အာရုံတိုင်း၌ ယောနိသောမနသိကာရအဖြစ်များ၍ ကုသိုလ်ဇော စောကြတော့မည်သာ။ ဤသို့ အဆင့်ဆင့်စက်များ ချွတ်ယွင်းပျက်ပြားနေသူ၏ သန္တာန်၌ကား အယောနိသောမနသိကာရအဖြစ်များ၍ အကုသိုလ်ဇောများသာ စောခွင့်ရကြတော့လတံ့။

ဤစကားစဉ်အရ ယခုဘဝ ကုသိုလ်စောရာ၌ ယောနိသောမနသိကာရသည် နီးသောအကြောင်း အတ္တသမ္မာပဏိဓိ စသည်ကား ဝေးသောအကြောင်းဟု မှတ်ပါ။

ယောနိသောမနသိကာရ, အယောနိသောမနသိကာရဟူသည်မှာ ပဉ္စဒွါဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်း စိတ်ပင်တည်း။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကို မိမိနောက်၌ စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုန်းစသော ဝီထိအစဉ်ကို ဖြစ်စေ တတ်၍ ဝီထိပဋိပါဒကမနသိကာရ ဟု ခေါ်သည်။ မနောဒွါရာဝဇ္ဇန်းစိတ်ကို မိမိ၏နောက်၌ ဇောအစဉ်ကို ဖြစ်ပေါ်စေတတ်သောကြောင့် ဇဝနပဋိပါဒကမနသိကာရ ဟု ခေါ်သည်။ ဤမနသိကာရ နှစ်မျိုးကို ယောနိသောမနသိကာရ, အယောနိသောမနသိကာရဟု ခေါ်သည်။

## ♠ စိတ်သည် အရှိတရားမဟုတ်, အဖြစ်တရားသာ

စိတ်+စေတသိက်တို့သည် အခွင့်သာလျှင် သင့်ရာမှာဖြစ်ဖို့ ခန္ဓာကိုယ်တွင်း၌ စုဝေးတည်ရှိနေသည်မဟုတ်၊ အပြင်ဘက်မှာ တစုံတခုသော နေရာ၌ စုပေါင်းသိမ်းဆည်းနိုင်သူလည်းမရှိ။ ဝတ္ထု အာရုံ မနသိကာရစသော ဆိုင်ရာအကြောင်းတို့ ပေါင်းဆုံမိကြသောအခါကျမှ ရုတ်ခနဲဖြစ်ပေါ်လာကြပေသည်။ ဥပမာ–နေအရှိန် ကျရောက်က မီးထ၍တောက်သော သူရိယကာန္တ ခေါ်သော ကျောက်တမျိုးရှိ၏။ မီးသည် နေရောင်မှာလည်း မရှိသေး, သူရိယကာန်ကျောက်မှာလည်း မရှိသေးချေ၊ သို့သော် နေရောင်နှင့်သူရိယကာန်ကျောက်တို့ ပေါင်းဆုံမိသောအခါ ဓာတ်သဘာဝအလျောက် မီးထ၍ တောက်သကဲ့သို့တည်း။ သူရိယကာန္တကျောက်နှင့် မှီရာဝတ္ထု, နေရောင်နှင့် အာရုံ, မီးပေါ်လာပုံနှင့် စိတ်ပေါ်လာပုံတို့ တူကြပေသည်။

## ♠ တဒါရုံစိတ်သည် နှစ်ကြိမ်သာဖြစ်ရိုး၊ တကြိမ်တည်း ဖြစ်ရိုးထုံးစံမရှိ

အတီတဘဝင် နှစ်ချက်လွန်တွင် အာရုံထင်လာသောဝီထိ၌ သတ္တမဇောနောင် စိတ္တက္ခဏတချက်ခန့် ရုပ်သက်ကျန်သေး၍ တဒါရုံတကြိမ်ဖြစ်စရာ အချိန်ရသေးသော်လည်း "မစားရအရှင်း စားရဆီထမင်း"ဟူသကဲ့သို့ တဒါရုံတို့မည်သည် မကျသာလျှင် အလျှင်းမကျ၊ ကျသာလျှင် ၂–ကြိမ်သာ ကျရိုးရှိသောကြောင့် ထိုအာရုံကို အာရုံပြု၍ တဒါရုံတကြိမ်မကျတော့။

တဒါရုံသည် နှစ်ကြိမ်ကျရိုးဖြစ်ခဲ့လျှင် ပထမတဒါရုံက ပစ္စုပ္ပန်အာရုံကို သိ၍ ဒုတိယတဒါရုံကား အတိတ်အာရုံကို သိပြီး ဖြစ်နိုင်စရာမရှိဘူးလား တွေးစရာရှိ၏။ ထိုသို့လည်း ဖြစ်ရန်အကြောင်းမရှိ။ မဂ်,ဖိုလ်စိတ်အစဉ်မဟုတ်လျှင် စိတ်အစဉ်တခုအတွင်း ဤသို့ အတိတ်အာရုံတမျိုး ပစ္စုပ္ပန်အာရုံတမျိုးဟု ကွဲပြားရိုးမရှိသောကြောင့် တဒါရုံ နှစ်ကြိမ် မကျထိုက်။

## ♠ မြင်ရသလိုလို ကြားရသလိုလို

ဇောဖြစ်သည့်တိုင်အောင် အာရုံအဖြစ် မရပ်တည်နိုင်ပဲ ပျောက်ကွယ်သွားမည့် အာရုံကို သိသော ဝီထိစိတ်အစဉ်သည် ပရိတ္တာရုံဝီထိများ ဖြစ်သည်။ ဤပရိတ္တာရုံကို အာရုံပြုသော ဝီထိများကား " မြင်လိုက်ရသလိုလို, ကြားလိုက်မိသလိုလို, တွေးမိ ထိမိသလိုလို" ဖြစ်သောအခါမျိုးဝယ် ကျသော ဝီထိများတည်း။

## ♠ စိတ္တနိယာမသဘောအရ စိတ်အစဉ်ဖြစ်လျှင် ဝုဋ္ဌောသို့ ရောက်ရမြဲ

စိတ္တနိယာမသဘောအရ ပဥ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်သွားလျှင် ဝုဋ္ဌောသို့ မရောက်ခင် စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏအခိုက်အတန့်၌ စိတ်အစဉ် ရပ်ရိုးထုံးစံမရှိ။ ဝုဋ္ဌောသို့ ရောက်ပြီးမှသာ ဇောမဖြစ်ပဲ စိတ်အစဉ် ပြတ်နိုင်သည်။ ဝုဋ္ဌောဖြစ်လောက်သည်အထိ စိတ်အစဉ်မဖြစ်နိုင်လျှင် ပဥ္စဒွါရာဝဇ္ဇန်းစိတ်ပင် မဖြစ်တော့။ ထို့ကြောင့် အတိပရိတ္တာရုံ ထင်လာရာ၌ ဘဝင်လှုပ်ရုံသာလှုပ်၍ ဝီထိစိတ်မဖြစ်ပဲ ဘဝင်စိတ် အဆက်ဆက်သာ ဖြစ်ရပြန်လေသည်။

♣ ဝုဋ္ဌောနှစ်ကြိမ် သုံးကြိမ်ကျသော ဝါရကို အဋ္ဌကထာက ဆိုသည်။ ပါဠိတော်၌ မတွေ့။ အာသေဝန ပစ္စည်းပါဠိ၌ ဟောတော်မမူ။ မတွေ့။ (သစ္စသင်္ခေပ ဌ နိဿယ ၇၂)

## ♠ အမိဝမ်းတွင်း ကိန်းအောင်းစဉ် ဖြစ်နိုင်သော ဝီထိများ

အမိဝမ်းတွင်း၌ အလင်းရောင်မရှိ၍ စက္ခုဒွါရဝီထိ မဖြစ်။ အတောင်တရာနှစ်ရာရှိသော သစ်တုံးကြီး ၏အရင်း၌ နားကိုကပ်၍ တစပ်တည်းထားလျှင် သစ်တုံးဖျားက တိုးတိုးသာသာ ခေါက်သည့်အသံကို ကြားနိုင်သောကြောင့် အမိဝမ်းတွင်း၌နေသောသူငယ်၏ သောတပသာဒရုပ်များ ပြည့်စုံလုံလောက်သောအခါ သူငယ်၏နားနှင့် နီးကပ်လျက်ရှိသော အူတွင်းအူမက ဝမ်းရတ်သံ ဝမ်းဗိုက်၌ ထိခိုက်ရိုက်နှက်သံများကို အာရုံပြု၍ သောတဒွါရိကဝီထိကား ဖြစ်သင့်ပေသည်။ အမိဝမ်းတွင်းမှာနေခိုက် အသက်မရှုနိုင်၊ အသက် မရှုက ဂန္ဓာရုံသည် နှာခေါင်းတွင်းသို့ မရောက်နိုင်သောကြောင့် ဃာနဒွါရဝီထိ ဖြစ်ဘွယ်မရှိ။ ဇိဝှါပသာဒ ပြည့်စုံလုံလောက်သည့်အခါ သူငယ်၏ခံတွင်း၌ အဆင်သင့်ရှိကြသော အာရည်လျှာရည်တို့ အတွက်ကြောင့် ဇိဝှါဒွါရိကဝီထိများ ဖြစ်ရန်ရှိသည်။ ကာယဒွါရိကဖြစ်ဘို့ရာ ထိခိုက်ဖွယ် ဖောဋ္ဌဗ္ဗာရုံတွေ အမိဝမ်းတွင်းမှာပင် အပြည့်အစုံ ရှိသောကြောင့် ယုံမှားဘွယ်မရှိပြီ။

ဤသို့လျှင် သောတ ဇိဝှါ ကာယဒွါရဝီထိတို့ အမိဝမ်းတုန်းကပင် ဖြစ်နှင့်ကြသော်လည်း စက္ခုဒွါရိက ဃာနဒွါရိကဝီထိတို့တွင် အမိဝမ်းမှ ထွက်ပြီးနောက် အရည်အမြှေးများ ကင်းစင်၍ မျက်စိပွင့်မှ စက္ခုဒွါရိကဝီထိများ ဖြစ်နိုင်ကြသည်။ ထွက်သက်ဝင်သက် လေမှန်မှန်နှင့် အနံ့ကို ခံယူနိုင်လောက်အောင် နှလုံးသွင်းမှု မနသိကာရရှိသည့် အခါကျမှ ဃာနဒွါရိက ဝီထိတို့ ဖြစ်နိုင်ကြသည်။

(သင်္ဂြိုဟ်ဘာသာဋီကာ ရုပ်ပိုင်းမှ ကောက်နုတ်ချက်)

## မနောဒွါရဝီထိ

မနောဒွါရဟူသည် ဘဝင်စိတ်တည်း။ ထိုမနောဒွါရဘဝင်၌ ထင်လာသော အာရုံကား (ပဉ္စဒွါရကဲ့သို့ ရူပါရုံစသော အာရုံငါးပါးသာမက) စိတ် စေတသိက် ရုပ်အားလုံးနှင့် နိဗ္ဗာန်ပညတ်များပင် ထင်လာနိုင်သည်။ မနောဒွါရ၌ ကာမဇောဝါရဝီထိ, အပ္ပနာဇောဝါရ ဝီထိဟု နှစ်မျိုးရှိ၏။ ထိုသို့ထင်လာ၍ စိတ်အစဉ်ဖြစ်ရာတွင် ဇောနေရာ၌ အကုသိုလ်စိတ်–၁၂ / မဟာကုသိုလ်စိတ်–၈/ မဟာကြိယာစိတ်–၈ / ဟသိတုပ္ပါဒ်စိတ်–၁၊ ပေါင်း ၂၉–ပါးသောစိတ်တို့မှ တပါးပါးက ဖြစ်လျှင် ထိုစိတ်အစဉ်ကို ကာမဇောဝါရ မနောဒွါရဝီထိ စိတ်အစဉ်ဟု ခေါ်သည်။ စိတ်အစဉ်ဖြစ်ရာတွင် ဇောနေရာ၌ ရူပကုသိုလ်/ကြိယာ ၁၀၊ အရူပကုသိုလ်/ကြိယာ ၈၊ မဂ်–၄၊ ဖိုလ်–၄၊ ပေါင်း ၂၆–ပါးသောစိတ်တို့မှ တပါးပါးက ဖြစ်လျှင် ထိုစိတ်အစဉ်ကို အပ္ပနာဇောဝါရမနောဒွါရဝီထိ စိတ်အစဉ်ဟု ခေါ်သည်။

ကာမဇောဝါရ မနောဒွါရဝီထိသည်လည်း ဝိဘူတာရုံဝီထိ, အဝိဘူတာရုံ ဝီထိဟူ၍ နှစ်မျိုးရှိပြန်သည်။ မနောဒွါရ၌ ထင်ရှား ကြည်လင် ပြတ်သားစွာ ထင်လာသောအာရုံကို သိသော စိတ်အစဉ်ကို ဝိဘူတာရုံဝီထိ ဟုခေါ်၏။ မနောဒွါရ၌ မထင်မရှား မကြည်မလင် မပြတ်သားစွာ ထင်လာသောအာရုံကို သိသော စိတ်အစဉ်ကို အဝိဘူတာရုံဝီထိ ဟုခေါ်၏။

### ဝိဘူတာရုံဝီထိပုံ

ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ" ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ

### ဝိဘူတာရုံဝီထိဆိုရိုး

ထင်ရှားသော အာရုံ တစ်ပါးပါးသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဇောခုနစ်ကြိမ် တဒါရုံနှစ်ကြိမ် ဖြစ်ပြီးလျှင် ထို့နောက် ဘဝင် ဖြစ်ထိုက်သမျှဖြစ်၏။

## အဝိဘူတာရုံဝီထိပုံ

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ

## အဝိဘူတာရုံဝီထိဆိုရိုး

မထင်ရှားသော အာရုံတစ်ပါးပါးသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဇောခုနစ်ကြိမ် ဖြစ်ပြီးလျှင် ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

### ♠ မနောဒွါရ၌ထင်နိုင်သောအာရုံများ

မနောဒွါရ၌ လွန်လေပြီးသော အတိတ် ရုပ်နာမ်တရား, မဖြစ်သေးသော အနာဂတ် ရုပ်နာမ်တရား, ဖြစ်တုန်းဆဲဆဲဖြစ်သော ပစ္စုပ္ပန်ရုပ်နာမ်တရား, ထင်ရှားမရှိသော ပညတ်အမျိုးမျိုး အလွန်သိမ်မွေ့နက်နဲသော နိဗ္ဗာန်တရားများလည်း ထင်လာနိုင်ကြသည်။ ထိုသို့ထင်လာခြင်း၏ အကြောင်းများကား

(ဆောင်)တွေ့–အကြား, နှစ်ပါးရယ်နှင့် စပ်၍ကြုံ၊ သဒ္ဒါယုံ–ကိုယ်အကြိုက်ကယ်နှင့်, ခြင်းရာကို ကြံကာနှိုက်,
ကိန်းဆိုက်အာရုံ၊ ဉာဏ်အမှု–ကြံရှု၍နှစ်သက်ပုံ, ကံအဟုန်တန်ခိုး၊ ဓာတ်ခေါ်ဘံ, နတ်များငယ်
ဆော်ဖန်လို့, လျော်ကန်တော်မှန်သိတာကြောင့်, ဘဝင်မှာ ထင်လာငြိရတယ်, ကျမ်းရှိလက်ရိုး။

**တွေ့** ။ ။ ကိုယ်တိုင်ဒိဋ္ဌ တွေ့ခဲ့ရသောကြောင့်လည်း မနောဒွါရ၌ အာရုံထင်လာတတ်၏။ ဒိဋ္ဌ(တွေ့)ဟူသောစကား၌ ကိုယ်တိုင်ဒိဋ္ဌ မြင်ခဲ့ရ, ကိုယ်တိုင်ဒိဋ္ဌကြားခဲ့ရ, နမ်းခဲ့ရ, စားခဲ့ရ, တွေ့ထိခဲ့ရ, သိခဲ့ရသမျှ အာရုံအားလုံးတည်း။ ဒိဋ္ဌတွေ့ကြုံခဲ့ရပြီးနောက် ထိုအာရုံများကို ပြန်၍ ဆင်ခြင်သောအခါ ထိုတွေ့ကြုံခဲ့ဘူးသော အာရုံများသည် ဘဝင်ဟူသော မနောဒွါရ၌ ထင်လာတတ်၏။

**အကြား** ။ ။ သူတပါးတို့ ပြောသံဟောသံကို ကြားဘူးခြင်းဟူသော သုတကြောင့်လည်း ထင်လာတတ်၏။ သုတ(အကြား)ဟူရာ၌ သူတပါးတို့ တဆင့်ဟောပြောအပ်သော ရူပါရုံ၏အကြောင်းအရာ သဒ္ဒါရုံ၏ အကြောင်းအရာ ဂန္ဓာရုံ၏အကြောင်းအရာ, ရသဖောဋ္ဌဗ္ဗဓမ္မာရုံတို့၏ အကြောင်းအရာ အားလုံးတည်း။ ထိုသို့ပြောဟောသံကို ကြားဘူးခြင်းကြောင့်လည်း ထိုပြောဟောရာတွင် ပါဝင်သော အကြောင်းအရာတို့သည် ပြန်၍ဆင်ခြင်သောအခါ မမြင်ဘူးပဲလျက် (ဘဝင်မှာ) ထင်လာကြသည်။

**နှစ်ပါးရယ်နှင့်စပ်၍ကြုံ** ။ ။ ဒိဋ္ဌသုတနှစ်မျိုးနှင့် ဆက်သွယ်နေသော ဥဘယသမ္ဗန္ဓခေါ် အာရုံမျိုးလည်း ထင်လာတတ်၏။ အာရုံတစ်ခုခုကို ကိုယ်တိုင်တွေ့ဘူးသည့်အခါ သို့မဟုတ် တဆင့်စကားကြားဘူးသည့်အခါ ထိုတွေ့ရကြားရသော အာရုံများနှင့်တူသော မတွေ့မကြားအပ်ဘူးသော အာရုံများလည်းထင်လာတတ်၏။ တူသောအာရုံသာမက တွေ့ရမြင်ရသောအာရုံနှင့် ဆန့်ကျင်ဘက်အာရုံများလည်း ဆက်သွယ်ထင်လာတတ်သည်သာ။

**သဒ္ဓါယုံ** ။ ။ သူတပါးက အဆန်းတကြယ်ပြောဟောလျှင် တွေးတောဆင်ခြင်မှုမရှိဘဲ တခါတည်းပုံ၍ ယုံကြည်လိုက်ခြင်းကြောင့် မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ထိုပြောသမျှ ဟောသမျှ အာရုံတွေသည် နောင်အခါ မနောဒွါရမှာ ထင်လာတတ်၏။

**ကိုယ်အကြိုက်** ။ ။ ပါဠိလို "ရုစိ"ဟု ခေါ်ဆိုအပ်သော မိမိကြိုက်နှစ်သက်ရာ အာရုံများလည်း မြင်ဘူး ကြားဘူး မဟုတ်ဘဲလျှက် မိမိနှစ်သက်မှုကြောင့် ဘဝင်မှာ ထင်လာတတ်သည်။

**ခြင်းရာကို ကြံကာနှိုက်** ။ ။ ပရမတ္ထတို့၏ အခြင်းအရာသဘောကို နှိုက်နှိုက်ချွတ်ချွတ် ကြံစည်စားခြင်းသည် ပါဠိလို "အာကာရပရိဝိတက္က" မည်၏။ ထိုအာကာရပရိဝိတက္ကကြောင့် ပရမတ္ထတရားတို့၏ အခြင်းအရာ အာကာရအမျိုးမျိုးသည် ဘဝင်မှာ ထင်လာတတ်၏။

**ဉာဏ်အမှု ကြံရှု၍နှစ်သက်ပုံ** ။ ။ ဘယ်အရာမဆို ဉာဏ်ဖြင့် စူးစမ်းကြံရှုလျက် နှစ်သက်ကျေနပ်မှုကို "ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ"ဟု ခေါ်သည်။ ထိုသို့ဉာဏ်ဖြင့် ကြည့်ရှုလျက် နှစ်သက်ကျေနပ် ဆုံးဖြတ်အပ်သော အာရုံများလည်း ဘဝင်မှာ ထင်လာတတ်သည်။

**ကံအဟုန်တန်ခိုး**။ ။ မရဏာသန္နအခါကဲ့သို့ ကံအဟုန်၏ အစွမ်းကြောင့်လည်းကောင်း, တန်ခိုးရှိသော ပုဂ္ဂိုလ်များ၏ တန်ခိုးဖြင့် ဖန်ဆင်းဆောင်ပြမှုကို "ကြဒ္ဓိဖလ"ဟုခေါ်၏၊ ထိုကြဒ္ဓိဖလခေါ်သော တန်ခိုး၏ အစွမ်းကြောင့်လည်းကောင်း ထင်လာတတ်၏။

**ဓာတ်ခေါ်ဘံ နတ်များငယ်ဆော်ဖန်လို့**။ ။ သလိပ်သည်းခြေ သွေးလေစသော ဓာတ်တို့၏ချောက်ချားမှုကို ပါဠိလို ဓာတုက္ခောဘဟုခေါ်၏၊ ထိုဓာတ်ချောက်ချားမှုကြောင့် ဆောင်းအခါ၌ ကတောက် ကတက် အိပ်မက် မက်ခြင်း ရှုးသွပ်လျက် အမျိုးမျိုးထင်မြင်နေခြင်း စသည်ကြောင့်လည်းကောင်း, ပါဠိလို "ဒေဝတောပသံဟာရတာ" ဟု ခေါ်ဆိုရသော နတ်တို့၏ ဖန်ဆင်းဆောင်ပြမှုကြောင့်လည်းကောင်း အာရုံအမျိုးမျိုး ထင်လာတတ်၏။

**လျော်ကန်တော်မှန်သိတာကြောင့်**။ ။ သစ္စာလေးပါးကို ပိုင်နိုင်စွာ မဟုတ်သေးဘဲ အရိပ်အရောင်မျှ လျော်ကန်အောင် သိမှုကို "အနုဗောဓ"ဟု ခေါ်၏၊ ထိုအနုဗောဓကြောင့်လည်းကောင်း, သစ္စာလေးပါးကို မှန်ကန်ပိုင်နိုင်စွာ သိမှုကို ပဋိဝေဓဟု ခေါ်၏၊ ထိုပဋိဝေဓကြောင့်လည်းကောင်း သစ္စာလေးပါးကို ရှေးက မမြင်မကြားဘူးဘဲလျက် ထင်လာတတ်၏။ ဓမ္မစကြာ၌ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ စသည်ဖြင့် ပြတော်မူသည့်အတိုင်း ဘုရားရှင်၌ သစ္စာလေးပါးတို့ ထင်ထင်ရှားရှား ထင်လာရသည်မှာ ဤပဋိဝေဓအသိပင်တည်း။ ဤသို့ စသည်ဖြင့် မနောဒွါရ၌ ထင်လာခြင်း၏ အကြောင်းများစွာရှိသည်။

**မနောဒွါရ၌ အတီတဘဝင်ချဘွယ်လို/မလို**။ ။ စိတ်စေတသိက်တို့သည် ပင်ကိုယ်က စိတ္တက္ခဏ တစ်ချက်ခန့်မျှသာ အသက်ရှည်၏။ သို့အတွက် စိတ်စေတသိက် အာရုံထင်လာရာ၌ အတီတဘဝင် မချ ထိုက်။ အတိတ်ရုပ် တရားတို့သည် ချုပ်ကွယ်လေပြီ။ အနာဂတ်ရုပ်တရားတို့ကား လုံးဝ မဖြစ်ကြသေး။ ပညတ်တရားတွေမှာ ဥပါဒ်ဌီဘင် အထင်အရှားမရှိ။ နိဗ္ဗာန်တရားသည်လည်း ဥပါဒ်ခြင်းသဘောရှိသော တရားမဟုတ်။ ထို့ကြောင့် အတိတ်အနာဂတ်ရုပ်တရားနှင့် ပညတ်နိဗ္ဗာန်တို့ ထင်လာရာ၌လည်း ဥပါဒ်ပြီးနောက် စိတ္တက္ခဏ မည်မျှလွန်မှ ထင်လာသည်ဟု ဆိုဖွယ်မရှိရကား အတီတဘဝင်ချဘွယ်မလို။

ထို့ပြင် မနောဒွါရ၌ ဖြစ်ဆဲရုပ်တရားများ, ဖြစ်ပြီး၍ ဌီကာလ၌ (သုည တခုစာ နှစ်ခုစာ) တည်လျက်ရှိသော ရုပ်တရားများ, ပျက်ဆဲရုပ်တရားများလည်း ထင်နိုင်သည်။ ထိုသို့ မနောဒွါရ၌ ဖြစ်ဆဲရုပ်တရားများ ထင်ရာတွင် ဥပါဒ်ပြီးနောက် ထိုက်သင့်သမျှ ဌီသို့ ရောက်ပြီးမှ ထင်လာသည်လည်းရှိရကား အတီတဘဝင် ပါထိုက်သော မနောဒွါရလည်းရှိသေး၏ဟု မှတ်ပါ။

(သင်္ဂြိုဟ်ဘာသာဋီကာ-၂၄၄ /ပရမတ္ထသံခိပ်ဋီကာ-၂၇၃)

## မနောဒွါရဝီထိဖြင့်သာ အိပ်နိုးရ

♠ သတ္တဝါများအိပ်လျှင် မနောဒွါရဝီထိနောင် ဘဝင်ကျ၍ အိပ်ပျော်သည်။ ပဉ္စဒွါရဝီထိဖြင့် အိပ်ပျော်ခြင်းသို့ မရောက်။ နိုးပြန်လျှင်လည်း မနောဒွါရဝီထိဖြစ်၍ နိုးရသည်။ မီးရောင် အသံ အနံ့ အရသာ အတွေ့ကြောင့် နိုးရသော်လည်း မနောဒွါရဝီထိသာ ရှေးဦးစွာ ဖြစ်ရသည်။

(ဝီထိပုံ-၂၃၊ ဉာဏဝိင်းအဋ္ဌကထာ)

## မနောဒွါရဝီထိ လေးမျိုးခွဲပုံ

ပထမနည်း၌ မနောဒွါရဝီထိကို ဝိဘူတာရုံဝီထိ အဝိဘူတာရုံဝီထိဟု နှစ်မျိုးသာ ခွဲပြ၏။ ဤနည်း၌ မနောဒွါရဝီထိသည် အတိဝိဘူတာရုံဝီထိ, ဝိဘူတာရုံဝီထိ, အဝိဘူတာရုံဝီထိ, အတိအဝိဘူတာရုံဝီထိဟု ၄-မျိုးရှိ၏။ မနောဒွါရ၌ အလွန်ထင်ရှားစွာ ပေါ်လာသောအာရုံကို သိသောစိတ်အစဉ်ကို အတိဝိဘူတာရုံဝီထိဟု ခေါ်သည်။ အတော်အသင့် ထင်ရှားစွာ ပေါ်လာသောအာရုံကို သိသောစိတ်အစဉ်ကို ဝိဘူတာရုံဝီထိဟု ခေါ်သည်။ မထင်မရှား ပေါ်လာသောအာရုံကို သိသောစိတ်အစဉ်ကို အဝိဘူတာရုံဝီထိ ဟု ခေါ်သည်။ အလွန်မထင်ရှားသော အာရုံကို သိသောစိတ်အစဉ်ကို အတိအဝိဘူတာရုံဝီထိဟု ခေါ်သည်။

အတိဝိဘူတာရုံဝီထိကို စိတ်အစဉ်တွင် တဒါရုံဆုံးသောကြောင့် တဒါရမ္မဏဝါရဟု ခေါ်သည်။ ဝိဘူတာရုံဝီထိကို စိတ်အစဉ်တွင် ဇောဆုံးသောကြောင့် ဇဝနဝါရဟု ခေါ်သည်။ အဝိဘူတာရုံဝီထိကို စိတ်အစဉ်တွင် မနောဒွါရာဝဇ္ဇန်းဆုံးသောကြောင့် ဝေါဋ္ဌဗ္ဗနဝါရဟု ခေါ်သည်။ အတိဝိဘူတာရုံဝီထိကို စိတ်အစဉ်တွင် ဝီထိစိတ် လုံးဝမပါသောကြောင့် မောဃဝါဟု ခေါ်သည်။

အတိဝိဘူတာရုံဝီထိ(တဒါရမ္မဏဝါရ)

ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ" ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ

ဝိဘူတာရုံဝီထိ(ဇဝနဝါရ)

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ

အဝိဘူတာရုံဝီထိ(ဝေါဋ္ဌဗ္ဗနဝါရ)

ဘ ဘ ဘ န ဒ "မ မ မ" ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ

အတိအဝိဘူတာရုံဝီထိ(မောဃဝါရ)

ဘ ဘ ဘ ဘ န န ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ

## သုဒ္ဓ နှင့် အနုဗန္ဓက

ကာမဇောမနောဒွါရဝီထိသည် သုဒ္ဓမနောဒွါရဝီထိ, အနုဗန္ဓကမနောဒွါရဝီထိဟူ၍ နှစ်မျိုးကွဲပြန်သည်။ ပဉ္စဒွါရဝီထိ၏ နောက်လိုက်ဖြစ်သော မနောဒွါရဝီထိစုကို အနုဗန္ဓကမနောဒွါရဝီထိဟု ခေါ်သည်။ ပဉ္စဒွါရဝီထိမှ အလွတ်ဖြစ်သော သက်သက်ဖြစ်သော ဝီထိကို သုဒ္ဓမနောဒွါရမနောဒွါရဝီထိဟု ခေါ်သည်။

အနုဗန္ဓကမနောဒွါရဝီထိသည်လည်း

(က) အတိတ်အာရုံကို အာရုံယူသော အတီတဂ္ဂဟဝီထိ,

(ခ) အတိတ်အာရုံအပေါင်းကို အာရုံယူသော သမူဟဂ္ဂဟဏဝီထိ

(ဂ) အနက်ဒြပ် သဏ္ဍာနပညတ်အာရုံကို အာရုံယူသော အတ္ထဂ္ဂဟဏဝီထိ

(ဃ) နာမပညတ်ကို အာရုံယူသော နာမဂ္ဂဟဏဝီထိ ဟု လေးမျိုး ရှိပြန်သည်။

## အနုဗန္ဓကဝီထိဖြစ်ပုံ

စက္ခုဒွါရိကအတိမဟန္တာရုံဝီထိ

တီ န ဒ ပ စ သံ သန် ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ ဘ ဘ ဘ (၁ ဖြစ်ဆဲသိ စိတ်စဉ်)

အတီတဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ

ဘ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ (၂ ဖြစ်ပြီးသိ စိတ်စဉ်)

သမူဟဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ

ဘ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ (၃ အပေါင်းသိ စိတ်စဉ်)

အတ္ထဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ

ဘ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ (၄ ဒြပ်သိ စိတ်စဉ်)

နာမဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ

ဘ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ (၅ နာမည်သိ စိတ်စဉ်)

**မှတ်ချက်**။ ဖြစ်ဆဲသိစိတ်အစဉ်, ဖြစ်ပြီးသိ စိတ်အစဉ်, အပေါင်းသိ စိတ်အစဉ် တို့သည် ပရမတ်အာရုံကို သိ၏။ ဒြပ်သိ စိတ်အစဉ်, အမည်သိ စိတ်အစဉ်တို့သည် ပညတ်အာရုံကို သိ၏။

(ဝီထိနှင့်သုံးချက်စု ဘာသာဋီကာ–၃၃)

ပရမတ္ထသံခိပ်ကျမ်းက အပေါင်းသိစိတ်အစဉ်သည် အပေါင်းပညတ်ကို သိ၏ဟုဆို၏။

(ပရမတ္ထသံခိပ်စကားပြေ နှာ–၇၃)

လူတယောက်ကို မြင်ရာ၌ ဖြစ်ဆဲသိ စိတ်အစဉ်, ဖြစ်ပြီးသိ စိတ်အစဉ် နှစ်ခုမျှဖြင့် လူတကိုယ်လုံးကို မမြင်နိုင်သေး၊ ဦးခေါင်းပိုင်းကို စ၍မြင်လျှင် ဦးခေါင်းတစိတ်တပိုင်းမှာရှိသည့် ရူပါရုံကို အာရုံပြုပြီးနောက် ဦးခေါင်း၏ အခြားသော အစိတ်အပိုင်းများကို ရွှေ့ကာရွှေ့ကာ အာရုံပြုသော ဖြစ်ဆဲသိ စိတ်အစဉ်, ဖြစ်ပြီးသိ စိတ်အစဉ်, အစုံများစွာ ဖြစ်ပြီးမှ မြင်ရသမျှ ဦးခေါင်းတခုလုံး၏ ရူပါရုံအပေါင်းကို အာရုံပြုသော အပေါင်းသိ စိတ်အစဉ် ဖြစ်၏။ (ဤ အပေါင်းသိ စိတ်အစဉ်သည် ရူပါရုံအပေါင်းဖြစ်သော ကာမတရားကို အာရုံပြုသောကြောင့် ဝိဘူတာရုံဖြစ်က တဒါရုံကျနိုင်သေး၏။ **"ရူပါရုံအပေါင်း"ဆိုသော်လည်း ပညတ်မဟုတ်၊ အစိတ်အစိတ် ရူပါရုံကို ကြဉ်ထားလျှင် အပေါင်းဟူ၍ မရှိ၊ ထို့ကြောင့် ရူပါရုံအပေါင်းဟူသည် ပရမတ်ပင်တည်း**)

အပေါင်းသိ စိတ်အစဉ်သည် ဘဝင်ခြားကာခြားကာ အကြိမ်များစွာ ဖြစ်ပြီးနောက် ရူပါရုံ၏ တည်ရာ ဦးခေါင်း အထည်ကိုယ်ဒြပ်ကို တပ်အပ်သိနိုင်သော ဒြပ်သိစိတ်အစဉ် အကြိမ်များစွာဖြစ်၏၊ ဤဦးခေါင်းအထည်ကိုယ် ဒြပ်ကို အာရုံပြုရာ၌ အထည်ကိုယ်ဒြပ်က ပညတ်ဖြစ်သောကြောင့် စိတ်အစဉ်၌ တဒါရုံမပါ။ထို့နောက် အထည်ကိုယ် ဒြပ်၏ လောကအခေါ်အဝေါ်အတိုင်း "ဦးခေါင်း"ဟူသော နာမည်သိ စိတ်အစဉ် အကြိမ်များစွာ ဖြစ်၏။

ဤသို့လျှင် ဦးခေါင်းအတွက် နာမည်သိ စိတ်အစဉ်တိုင်အောင် စိတ်အစဉ်အကြိမ်ပေါင်းများစွာ ဖြစ်ပြီးမှ ဦးခေါင်း အောက်က လည်ပင်း,လက်,ကိုယ်စသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို မြင်နိုင်သမျှ ရွှေ့ကာရွှေ့ကာ စိတ်အစဉ်ပေါင်း များစွာဖြင့် သိပြီးနောက် လူတကိုယ်လုံးကို မြင်သိသော ဖြစ်ဆဲသိစိတ်အစဉ်မှ နာမည်သိစိတ်အစဉ်အထိ စိတ်အစဉ် ၅မျိုးဖြင့် လူဟူသော နာမည်ပညတ်ကို အတတ်သိရလေသည်။ အထည်ကိုယ် သေးလျှင်သေးသလောက် ကြီးလျှင်ကြီးသလောက် စိတ်အစဉ် အနည်းအများ ကွာနိုင်သည်။ ပင်ကိုယ်က နာမည်သိဘူးမှသာ ဒြပ်သိ စိတ်အစဉ်နောက် နာမည်သိ စိတ်အစဉ် ဖြစ်သည်။ အရာဝတ္ထု၏ နာမည်ကို မသိသေးသူမှာ ဒြပ်သိစိတ်အစဉ်နောက် နာမည်သိစိတ်အစဉ် မဖြစ်နိုင်ပေ။

နံသိစိတ်အစဉ်နောက်သို့ လိုက်သောစိတ်စဉ်ဝယ် အပေါင်းသိစိတ်အစဉ်က အနံ့အပေါင်းကို အာရုံပြု၍ သိ၏။ ဒြပ်သိ စိတ်အစဉ်က အနံ့တည်ရာ ဒြပ်ကိုသိ၏။ နာမည်သိစိတ်အစဉ်က ရေမွှေးနံ့ နံ့သာဆီနံ့စသော အမည်ကိုသိ၏၊ အရသာသိစိတ်အစဉ်များ၌ အပေါင်းသိစိတ်အစဉ်က အရသာအပေါင်းကို, ဒြပ်သိစိတ်အစဉ်က အရသာတည်ရာဒြပ်ကို, အမည်သိစိတ်အစဉ်က ထမင်းဟင်းအမည်ကို သိ၏။ အတွေ့အာရုံသိ စိတ်အစဉ်ဝယ် အပေါင်းသိစိတ်အစဉ်က ထိစရာအပေါင်းကို ဒြပ်သိစိတ်အစဉ်က ထိစရာတည်ရာ ဒြပ်ကို, အမည်သိစိတ် အစဉ်က ဖဲမွေ့ရာအတွေ့ ကမ္ဗလာအတွေ့စသော အမည်ကို သိ၏။

တစ်စုံတစ်ယောက်က 'နွား'ဟု ရွတ်ဆိုလိုက်သည့်အခါ ရွတ်ဆဲတွင် ကြားရသော အသံကို အာရုံပြု၍ ကြားသိစိတ် အစဉ် ဖြစ်၏။ ၎င်းနောက် ဘဝင်စိတ်များ ထိုက်သင့်သလောက်ဖြစ်ပြီး ဖြစ်ပြီးပျောက်သွားသော အသံကို အာရုံပြုလျက် ဖြစ်ပြီးသိ စိတ်အစဉ် ဖြစ်၏။ ဤ ဖြစ်ဆဲသိ စိတ်အစဉ်နှင့် ဖြစ်ပြီးသိ စိတ်အစဉ်တို့ သည် အစုံလိုက် အကြိမ်များစွာ ဖြစ်၏။ စာတလုံး၏ အသံသည် အသံတိုလျှင် လက်ဖျောက်တချက်တီးခန့် ကြာ၏။ အသံရှည်လျှင် လက်ဖျောက်နှစ်ချက်တီးခန့် ကြာ၏။ လက်ဖျောက်တချက်တီးခန့်ကာလ၌ စိတ် ပေါင်း ကုဋေတသိန်းခန့် ဖြစ်နိုင်၏။ ထို့ကြောင့် 'နွား'ဟူသော အသံတခု၌ ထပ်၍ထပ်၍ဖြစ်သော အစိတ် အစိတ် ဖြစ်ဆဲအသံပေါင်းများစွာကို အာရုံပြုသော ဖြစ်ဆဲသိ ကြားသိစိတ်အစဉ် များစွာဖြစ်၏။ ၎င်းနောက် ဘဝင်စိတ် ထိုက်သင့်သလောက်ဖြစ်ပြီးမှ ဖြစ်ပြီး၍ပျက်သွားသော အသံကိုသိသော စိတ်အစဉ်များစွာ ထပ်ကာထပ်ကာ ဖြစ်၏။ စကားလုံးတခုကို ကြားရာ၌ အပေါင်းသိစိတ်အစဉ် ဖြစ်စရာမရှိ။ ဖြစ်ပြီးသိ စိတ် အစဉ်နောက်၌ အပေါင်းသိ စိတ်အစဉ်မဖြစ်တော့ပဲ နာမည်ပညတ်ကိုသိသော အမည်သိ စိတ်အစဉ် များစွာဖြစ်၏။ ဖြစ်ဆဲသိ, ဖြစ်ပြီးသိ အခိုက်အတန့်၌ အသံသာမညကိုသာ သိနိုင်၏။ 'နွား'ဟု ပိုင် ပိုင်နိုင်နိုင်မသိသေး။ နာမည်သိ စိတ်အစဉ်ကျမှ 'နွား'ကို ဆိုလိုကြောင်း နားလည်သည်။ ၎င်းနောက် 'နွား' ဟူသော အသံက ပြောပြသော နွားဒြပ်ကို သိလေသည်။ (ကြားသိစိတ်အစဉ်များ၌ အမည်သိကရှေ့၊ ဒြပ်သိက နောက်မှဖြစ်၏။ အခြားစိတ်အစဉ်များ၌ ဒြပ်သိကရှေ့၊ နာမည်သိက နောက်မှ ဖြစ်၏)

စာလုံး နှစ်လုံးသုံးလုံးပါသော အသံကို ကြားရာတွင် အပေါင်းသိ စိတ်အစဉ် ဖြစ်၏။ ဥပမာ – 'ဗုဒ္ဓ'ဟု တစုံတယောက်က ရွတ်ဆိုရာ၌ 'ဗုဒ်'ဟုရွတ်ခိုက် ဖြစ်ပေါ်ဆဲအသံကိုသိသော ဖြစ်ဆဲသိ စိတ်အစဉ်နှင့် ဖြစ်ပြီး၍ ပျက်သွားပြီးသော အသံကို သိသော ဖြစ်ပြီးသိ စိတ်အစဉ် ဖြစ်၏။ ဤစိတ်အစဉ်နှစ်ခု အကြိမ်များစွာဖြစ်၏။ ထို့နောက် 'ဗုဒ်, ဓ' အသံနှစ်ခုကို သိသော အပေါင်းသိ စိတ်အစဉ် အကြိမ်များစွာဖြစ်၏။ ဤသို့အတူ 'သဗ္ဗညု' ဆိုသည့်အသံ ကြားရာ၌ ဖြစ်ဆဲသိ စိတ်အစဉ် ဖြစ်ပြီးသိ စိတ်အစဉ်တို့ 'သဗ်'အတွက် 'ဗင်' အတွက် 'ညု'အတွက် အစုံများစွာဖြစ်ပြီးမှ 'သဗ် ဗင် ညု' သုံးသံကို ပေါင်း၍သိသော အပေါင်းသိ စိတ်အစဉ် ဖြစ်၏။ ၎င်းနောက်မှ ဗုဒ္ဓဟူသော အမည်, သဗ္ဗညုဟူသောအမည် ပညတ်ကိုသိသော အမည်သိ စိတ်အစဉ် ဖြစ်၏။ ၎င်းနောက်မှ ဗုဒ္ဓ, သဗ္ဗညု, စာလုံးတို့က ရည်ညွှန်းသော ဘုရားဒြပ်ကိုသိသော ဒြပ်သိ စိတ်အစဉ် ဖြစ်၏။

နာမည်သိ စိတ်အစဉ် ဖြစ်ပြီးနောက် နာမည်က ရည်ညွှန်းသော ဒြပ်ကို မသိက နာမည်သိ စိတ်အစဉ် မည်မျှပင် အထပ်ထပ်ဖြစ်သော်လည်း ဒြပ်သိ စိတ်အစဉ် မဖြစ်နိုင်ပါ။ ဥပမာ – ကုလားစကားမတတ်သူသည် ကုလားစကားသံ မည်မျှပင်ကြားသော်လည်း ဘာဆိုလိုမှန်း မသိနိုင်ပါ။

လက်ယပ်ခေါ်သည်ကို မြင်ရာ၌ ၁။ ဖြစ်ဆဲသိစိတ်အစဉ် ၂။ဖြစ်ပြီးသိစိတ်အစဉ် ၃။ အပေါင်းသိစိတ်အစဉ် ၄။ (လာခြင်းကြိယာ) ပညတ်သိစိတ်အစဉ် ၅။ (လာစေလိုခြင်း) အဓိပ္ပါယ်သိစိတ်အစဉ် ဖြစ်၏။ 'လာ, သွားပါ'ဟူသော အသံကိုကြားရာ၌ ၁။ ဖြစ်ဆဲသိစိတ်အစဉ် ၂။ ဖြစ်ပြီးသည့်စိတ်အစဉ် ၃။ အပေါင်းသိစိတ်အစဉ်(အသံတခုတည်းဖြစ်လျှင် အပေါင်းသိဖြစ်စရာမလို)၄။ (လာခြင်း,သွားခြင်းကြိယာ) ပညတ်သိစိတ်အစဉ် ၅။ (လာစေလိုခြင်း,သွားစေလိုခြင်း) အဓိပ္ပါယ်သိ စိတ်အစဉ်များ ဖြစ်၏။

## မြင်မှုကြားမှုစသည်၌ စိတ်အစဉ်ဆက်တိုက်ဖြစ်ပုံ ရှင်းပြချက်

မျက်စိက မြင်တယ်ဆိုလို့ရှိရင် ထင်ဆဲဖြစ်တဲ့ အဆင်းရုပ်ကို အဦးအစဆုံးမြင်လိုက်ရတဲ့ ဝီထိက တဝီထိ၊ နောက် စဉ်းစားဆင်ခြင်တဲ့ ဝီထိက တဝီထိ၊ သဏ္ဍာန်ဒြပ် ပညတ်ပေါ်လာတာက တဝီထိ၊ နောက်ပြီးတော့ အမည်နာမ ပညတ်ပေါ်လာတာက တဝီထိ၊ အဲဒီလို ၄–ဝီထိရောက်အောင် ဖြစ်ပြီးတော့မှ အကောင်အထည်နှင့်တကွ အမည်နာမတွေ ပေါ်လာတယ်။

ရှေးဦးစွာ မျက်စိနဲ့မြင်တဲ့အခါ ထင်ဆဲဖြစ်တဲ့ အဆင်းရုပ်ကို မြင်တာပဲ၊ အဲဒါ စက္ခုဒွါရမှာဖြစ်တဲ့ စက္ခုဝိညာဏ်စိတ်က မြင်လိုက်တယ်။ မြင်ရုံမြင်တာပဲ၊ မြင်ရတဲ့အရာဟာ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ ရယ်လို့လဲ မသိဘူး၊ ကောင်းတယ်၊ ဆိုးတယ်၊ လှတယ်၊ အကြည်းတန်တယ်လို့လဲ မသိဘူး၊ မြင်ရုံ မြင်လိုက်ပြီး အဲဒီစိတ်အစဉ်ဟာ ပြီးသွားတာပဲ။ နောက်ပြီးတော့ မြင်လို့လဲ ပြီးရော ပြန်စဉ်းစားတယ်။ ပြန်စဉ်းစားတဲ့ အခါကျတော့ အဲဒီအဆင်းလေးက မရှိတော့ဘူး၊ မြင်ပြီးကတည်းက သူက ပျောက်သွားပြီ၊ ဒီလိုမရှိပေမဲ့ မြင်ပြီးသားကို ပြန်စဉ်းစားတော့ ထစ်ကနဲ ပြန်ပေါ်လာတယ်။ ဒီလိုပြန်စဉ်းစားတာက မျက်စိနဲ့ မြင်တာ မဟုတ်တော့ဘူး။ မြင်ပြီးသား အတိတ်အဆင်းရုပ်ကို ပြန်ပြီးဆင်ခြင် စဉ်းစားတာပဲ၊ သူက မနောဒွါရာဝဇ္ဇန်းနဲ့ ပြန်ပြီး ဆင်ခြင်စဉ်းစားတာဖြစ်တော့ ပဉ္စဒွါရဝီထိမဟုတ်ဘူး၊ နောက်လိုက် မနောဒွါရဝီထိပဲ။ ဆင်ခြင်တဲ့ဝီထိဖြစ်ပြီးနောက် ဘဝင်စိတ်ခြားပြီး နောက်ထပ် ပြန်ပြီး ဆင်ခြင်တဲ့ ဝီထိကျတော့ ပုံသဏ္ဍာန် ပေါ်လာတယ်။ လူသဏ္ဍာန်, ယောကျ်ားသဏ္ဍာန်, မိန်းမသဏ္ဍာန်, အထည်ဝတ္ထုသဏ္ဍာန် ပေါ်လာတယ်။ သူလဲ မနောဒွါရဝီထိပဲ။ ဘဝင်ခြားပြီးနောက် နောက်ထပ် ပြန်ပြီး ဆင်ခြင်တဲ့ ဝီထိကျတော့ အမည်နာမ ပညတ်တွေ ပေါ်လာတယ်။ ဒါလဲ မနောဒွါရဝီထိပဲ။

မြင်ပြီးပြီးချင်း မြင်တယ် မြင်တယ်လို့ ရှုမှတ်နိုင်ရင် နောက်ထပ် စဉ်းစားတဲ့ဝီထိတွေ မပေါ်တော့ဘူး၊ပုံသဏ္ဍာန်လည်း မပေါ်တော့ဘူး။ အမည်ပညတ်တွေလည်း မပေါ်တော့ဘူး။ အဲဒီလို အသိစိတ် စင်ကြယ်အောင် လေ့ကျင့်နေရတာပဲ။ မြင်ရင် မြင်တယ်၊ ကြားရင် ကြားတယ်၊ နံရင် နံတယ်၊ စသည်ဖြင့်

လေ့ကျင့်နေရတာပဲ။ ချက်ချင်းချက်ချင်း သိပြီး ရှုမှတ်မိအောင် အားထုတ်ရတယ်။ မြင်ပြီးပြီးချင်း မရှုမှတ်နိုင်ရင် မြင်ပြီးတဲ့တရားကို ပြန်စဉ်းစားတဲ့ ဝီထိတွေ ပေါ်လာနိုင်တယ်။ မြင်ပြီးတရားကို စဉ်းစာတဲ့ စိတ် ဆုံးတာနဲ့ တပြိုင်နက် မြင်တယ်မြင်တယ်လို့ ရှုမှတ်နိုင်လို့ရှိရင် ဒါဟာ ပရမတ်ကို ရှုမှတ်မိနေတာပါပဲ။

အဲဒီလို ၂–ဝီထိ ပြီးပြီးချင်း ရှုမှတ်နိုင်ရင်တော့ သဏ္ဌာန်ဒြပ်စသည် မပေါ်လာတော့ဘူး။ ဒီလိုမှ မရှုမှတ်နိုင်ရင်တော့ သဏ္ဌာန်ဒြပ်စသည် ပေါ်လာမှာပဲ။ ယောကျ်ားသဏ္ဌာန်, မိန်းမသဏ္ဌာန်, လှတယ်၊ မလှဘူး စသည်ဖြင့် စိတ်တွေ ဖြစ်လာမယ်။ အဲဒီလို ဖြစ်လာရင် အဲဒီအခါ ကိလေသာတွေ ဖြစ်တော့တာပဲ။ နှစ်သက်စရာအာရုံဆိုရင် နှစ်သက်သာယာတဲ့ တဏှာဖြစ်တယ်။ မုန်းစရာအာရုံဆိုရင် စိတ်ဆိုးတဲ့ ဒေါသတွေ ပေါ်လာတယ်။ မဖြစ်မပေါ်အောင် မလုပ်နိုင်တော့ဘူး။ အဲဒီမရောက်ပဲ စိတ်အစဉ်ပြတ်သွားအောင် ရှုမှတ်နေရတာပဲ။ (မဟာစည်ဆရာတော် အဘိဓမ္မာတရားတော်ကြီး၊ ၃၆၁–၃၆၃)

## ဝိပဿနာရှုတာ မြင်ကာမျှစသည် ဖြစ်ဖို့ပဲ

ဝိပဿနာရှုမှတ်တဲ့အခါ ဝိပဿနာဉာဏ် အင်မတန် ကောင်းနေတဲ့အခါမျိုး ဘင်္ဂဉာဏ်တို့ သင်္ခါရုပေက္ခာဉာဏ်တို့ ရောက်နေတဲ့အခါမျိုးမှာဆိုရင် ဆုံးဖြတ်တဲ့ဝုဋ္ဌောဆိုတာ မဆုံးဖြတ်နိုင်ပဲနဲ့ ဝေ့လယ်ဝေ့လယ် ဖြစ်ပြီး ဒီတင်ပဲရပ်သွားတယ်။ ပုဂ္ဂိုလ်သတ္တဝါ အကောင်ရယ်လို့ ပေါ်မလာတော့ဘူး။ ချစ်စရာ မုန်းစရာရယ်လို့လဲ မပေါ်လာတော့ဘူး။ သဘောတရားလေးမျှပဲ ပေါ်လာတော့တယ်။ မြင်ရင် မြင်ကာမျှ ကြားရင် ကြားကာမျှ နံရင် နံကာမျှ စားသိရင် စားသိကာမျှ တွေ့ထိရင် တွေ့ထိကာမျှပဲ။ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ[၁]" ဆိုတာ အဲဒီမှာ ဖြစ်တာပဲ။ ဒီလိုဖြစ်အောင် မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း,တွေ့ထိတိုင်း အကုန်လိုက်ပြီး ရှုနေရတာ။

အခုစပြီးရှုကာစမှာတော့ မြင်ရင်မြင်တယ်လို့ ရှုပေမဲ့ မြင်ကာမျှတင်မရပ်သေးဘူး၊ အကုန်လုံးလျှောက်ပြီး သိနေသေးတာပဲ၊ ပုဂ္ဂိုလ်ပဲ သတ္တဝါပဲ ယောကျ်ားပဲ မိန်းမပဲ ဒီလိုလျှောက်ပြီး သိနေသေးတာပဲ၊ အဲ– ဘင်္ဂဉာဏ်တို့ သင်္ခါရုပေက္ခာဉာဏ်တို့ ရောက်ပြီဆိုတော့ ဒီလိုလျှောက်ပြီး မသိတော့ဘူး။ မြင်ရင် မြင်ကာမျှ စသည်လောက်သာ သိတော့တယ်။ ဇောစိတ်ထိအောင် မရောက်တော့ဘူး။ အဲဒီလိုဖြစ်အောင်လို့ ဝိပဿနာ ရှုရတာ။ (မဟာစည်ဆရာတော် အဘိဓမ္မာတရားတော်ကြီး၃၅၉–၃၆၀)

**ဒိဋ္ဌေဒိဋ္ဌမတ္တံ**။ သိစရာအာရုံတခုကို သိရာ၌ ဖြစ်ဆဲသိ စိတ်အစဉ်, ဖြစ်ပြီးသိ စိတ်အစဉ်မျှတို့ဖြင့် စိတ်အစဉ်ပြတ်သွားလျှင် ဒိဋ္ဌေ ဒိဋ္ဌမတ္တံနှင့် ညီ၏။ မြင်ရုံ ကြားရုံစသည်ဖြင့် မရပ်ပဲ ဒြပ်ပုံသဏ္ဌာန် အမည် နာမစသည်ကို သိလျှင် ဒိဋ္ဌေ ဒိဋ္ဌမတ္တံ မဟုတ်တော့ပေ။ (အဋ္ဌသာလိနီဘာဋီ–စ ၂၅၇)

---

[၁] ၊ ဒိဋ္ဌေ–မြင်အပ်သောရူပါရုံ၌၊ ဒိဋ္ဌမတ္တံ–မြင်ရုံမျှမြင်ကာမျှသည်၊ ဘဝိဿတိ–ဖြစ်လတံ့။

## မြင်ခိုက် ကြားခိုက် ရှုမှတ်ခြင်းနှင့် အဘိဓမ္မာသဘော နှီးနှောပြဆိုချက်

ဝိပဿနာယောဂီသည် မြင်စိတ်, ကြားစိတ်, နံစိတ်, စားစိတ်, တွေ့ထိစိတ်, ကြံသိသောစိတ်နှင့် ၎င်းတို့၏မှီရာရုပ်, ၎င်းစိတ်တို့ကြောင့်ဖြစ်သောရုပ်, ၎င်းစိတ်တို့၏ အာရုံဖြစ်သော ရုပ်တို့ကို ရှုမှတ်ရမည်။

ထိုတွင် မြင်သောစိတ်ဟူသည်မှာ အာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော စက္ခုဒွါရဝီထိ တခုလုံးကို ဆိုလိုသည်။ ဝိပဿနာအရာ၌ တဝီထိလုံးကို တစိတ်စီ ပိုင်းခြား၍ မရှုနိုင်။ တဝီထိလုံးကိုသာ ပိုင်းရှား၍ ရှုနိုင်သည်။

မြင်ဆဲခဏ၌ မြင်တယ် မြင်တယ် ဟုမှတ်လိုက်လျှင် စက္ခုပသာဒ, ရူပါယတန, စက္ခုဝိညာဏ်, ဖဿ, ဝေဒနာ ဟူသော တရားငါးပါးကို မှတ်သားရာ ရောက်၏။ (ဝိပဿနာ ရှုနည်း–၂၈၀)

## ပစ္စုပ္ပန် သုံးမျိုး

ပစ္စုပ္ပန်သည် ခဏပစ္စုပ္ပန် သန္တတိပစ္စုပ္ပန် အဒ္ဓါပစ္စုပ္ပန်ဟု သုံးမျိုးရှိ၏။ ထိုတွင် ဥပါဒ် ဌီ ဘင် ခဏငယ် သုံးချက် အခိုက်အခါသည် ခဏပစ္စုပ္ပန်မည်၏။ တစုံတခုကို အာရုံပြု၍ ဇောဝီထိ တစဉ်တတန်း ဖြစ်ရာအခါသည် သန္တတိပစ္စုပ္ပန်မည်၏။ ဥပမာ–ရူပါရုံကို အာရုံပြု၍ စက္ခုဒွါရဝီထိ တဒနုဝတ္တကမနောဒွါရ ဝီထိတို့ဖြင့် ထိုရူပါရုံကို ပိုင်နိုင်စွာ သိသည့်တိုင်အောင် စိတ်အစဉ်ဖြစ်၏။ ထိုစိတ်အစဉ်ဖြစ်ရာအခါသည် သန္တတိပစ္စုပ္ပန် တခုသာတည်း။ ပစ္စုပ္ပန်ဘဝ အတိတ်ဘဝစသော တဘဝလုံးကာလသည် အဒ္ဓါပစ္စုပ္ပန်မည်၏။ (သင်္ဂြိုဟ်ဘာသာဋီကာ–၂၄၅)

## ပဉ္စဒွါရ၌ စိတ်ဖြစ်ပုံ နှင့် မနောဒွါရ၌ စိတ်ဖြစ်ပုံ နှိုင်းယှဉ်ချက်

အာရုံနှင့်ပသာဒထိခိုက်မှ ပဉ္စဒွါရဝီထိဖြစ်၏။ အာရုံသည် ပသာဒ၌ထင်ဖို့ ထိခိုက်နေသော အချိန်ကို စိတ်သက်တမ်းနှင့် သတ်မှတ်၍ စိတ်တခုစာကြာလျှင် အတီတဘဝင်တခု, နှစ်ခုစာကြာလျှင် အတီတဘဝင် နှစ်ခု စသည်ဖြင့် ပဉ္စဒွါရဝီထိ၌ သတ်မှတ်လေသည်။

မနောဒွါရ၌ကား စိတ်၌ အာရုံပေါ်လာအောင် တိုက်ဆိုင်ထိခိုက်နေစရာလို။ သိစရာအာရုံက စိတ်၌ ပေါ်လာမှုသက်သက်သာတည်း။ ပဉ္စဒွါရ၌ အာရုံထင်ခြင်းသည် အာရုံကြောင့်ဖြစ်၏။ ထို့ကြောင့် အာရုံ ထင်ရှားရင် ထင်ရှားသလောက် ထိခိုက်ချိန်နည်းပြီး အတီတဘဝင်နည်း၏။ အာရုံမထင်ရှားရင် မထင်ရှား သလောက် ထိခိုက်ချိန်ကြာပြီး အတီတဘဝင်များ၏။ မနောဒွါရ၌ အာရုံထင်လာခြင်းသည် စိတ်အစွမ်းကြောင့် ဖြစ်သည်။ ကံကြောင့်, တန်ခိုးကြောင့်, နတ်တို့ကြောင့်လည်း ဖြစ်သေး၏။ မနောဒွါရ၌ အာရုံပေါ်လာ

ခြင်းသည် စိတ်ကြောင့်ဖြစ်ရကား စိတ်ကြည်လင်လေ သမာဓိကောင်းလေ အာရုံထင်ရှားလေဖြစ်သည်။ မှန်ကို ကြည့်ရာ၌ မှန်ကြည်ရင် ကြည်သလောက် လူရိပ်ထင်ရှားသလို ဖြစ်သည်။

ပဉ္စဒွါရ၌ ပစ္စုပ္ပန်ရုပ်တရားများသည် အားနည်း၍ ဖြစ်ဆဲဥပါဒ်ခဏတွင် ပသာဒ၌မထင်၊ ဌီခဏကျမှ အားရှိ၍ ထင်ကြသည်ဟု ဆို၏။ မနောဒွါရ၌ကား ပျက်ပြီးသော အတိတ်ရုပ်နာမ်တရား, ဖြစ်လတ့်သော အနာဂတ်ရုပ်နာမ်တရား, အချိန်ကာလသတ်မှတ်၍ မရသော (ကာလဝိမုတ္တိ) နိဗ္ဗာန်နှင့် ပညတ်တရားများလည်း ပေါ်လာနိုင်၍ ဖြစ်ဆဲရုပ်တရားများ, ဖြစ်ပြီး, (သုည တခုစာ နှစ်ခုစာတည်လျက်ရှိသော ရုပ်တရားမှအစ) ပျက်ဆဲ,ရုပ်တရားများလည်း ထင်နိုင်သည်။ သာမန်မျက်စိဖြင့် မမြင်ရသော ငရဲမီးကို အာရုံယူသောအခါ ဖြစ်ဆဲတောက်ဆဲ ငရဲမီးက သာ၍ထင်ရှားပြီး ဖြစ်ပြီးပျက်ပြီး အတိတ်ငရဲမီးက မထင်မရှား မှိန်မှိန်သာ ထင်နိုင်သည် ဆိုတာမျိုး မရှိ။ စိတ်ကြည်မကြည်, စိတ်အားရှိမရှိ အပေါ်မူတည်၍ အာရုံထင်းရှားမှု မထင်ရှားမှု ဖြစ်မည်။ (သင်္ဂြိုဟ်ဘာသာဋီကာ–၂၄၄ /ပရမတ္ထသံခိပ်ဋီကာ–၂၇၃)

♠ တိမ်တိုက်မှ ထွက်ပေါ်လာသော လျှပ်ရောင်သည် အရာဝတ္ထုကို မထိခိုက်စေနိုင်, မြင်အောင်သာ ပြနိုင်သလို ပဉ္စဝိညာဏ်ဝီထိဖြင့် မြင်ရုံ ကြားရုံ နံရုံ အရသာသိရုံ အတွေ့အထိ သိရုံမျှသာ ဖြစ်စေနိုင်သည်။ ကိုယ်နှုတ်အင်္ဂါကို လှုပ်ရှားစေအောင်, စိတ်ဖြင့် အာရုံအမျိုးမျိုး ကြံနိုင်အောင် မစွမ်းဆောင်နိုင်။ **မနောဒွါရဝီထိဖြင့်သာ ကိုယ်လက်အင်္ဂါ လှုပ်စေနိုင်, စကားပြောစေနိုင်, စာရွတ်စေနိုင်, တွေးစရာ ဘာသာရပ်တို့ကို တွေးတောစေနိုင်**သည်။ (တီချုပ် ၈ ၄၄၇)

## ဝိပါက်စိတ်များကို သတ်မှတ်ပြခြင်း

ဝီထိစိတ်အစဉ်တွင်ပါသော ပဉ္စဒွါရာဝဇ္ဇန်း, ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းသည် ကြိယာစိတ်တည်း။ ၎င်းစိတ်များသည် တစိတ်တည်းသာရှိကြ၍ ကောင်းသည့်အာရုံ(ဣဋ္ဌာရုံ)ပဲဖြစ်ဖြစ်, မကောင်းသည့်အာရုံ (အနိဋ္ဌာရုံ)ပဲ ဖြစ်ဖြစ် ပဉ္စဒွါရာဝဇ္ဇန်းဖြင့် စသိပြီး, ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းဖြင့် ဆုံးဖြတ်သည်။

စက္ခုဝိညာဏ်စိတ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏနှင့် တဒါရုံတို့သည် ဝိပါက်စိတ်များ ဖြစ်ကြသည်။ စက္ခုဝိညာဏ်စိတ်သည် ကုသိုလ်ကံအကျိုး စက္ခုဝိညာဏ်, အကုသိုလ်ကံအကျိုး စက္ခုဝိညာဏ်ဟု နှစ်မျိုးရှိ၏။ သမ္ပဋိစ္ဆိုန်းလည်း စက္ခုဝိညာဏ်ကဲ့သို့ နှစ်မျိုးရှိ၏။ သန္တီရဏကား အကုသိုလ်အကျိုး ဥပေက္ခာသဟဂုတ် သန္တီရဏ, ကုသိုလ်အကျိုး ဥပေက္ခာသန္တီရဏ, သောမနဿသန္တီရဏဟု သုံးမျိုးရှိ၏။ တဒါရုံကား မဟာဝိပါက် စိတ် ၈–ပါး, သန္တီရဏ ၃–ပါး၊ ပေါင်း ၁၁–မျိုးဖြစ်၏။

ငါးဒွါရ၌ လာတိုက်သော အာရုံသည် အနိဋ္ဌာရုံ(မကောင်းသည့်အာရုံ) ဣဋ္ဌာရုံ(သာမန်ကောင်းသည့်အာရုံ) အတိဣဋ္ဌာရုံ(အလွန်ကောင်းသည့်အာရုံ)ဟု သုံးမျိုးရှိ၏။

စက္ခုဒွါရ၌ အနိဋ္ဌာရုံ အဆင်းထင်လျှင် အကုသဝိပါက် စက္ခုဝိညာဏ်, အကုသလဝိပါက် သမ္ပဋိစ္ဆိုန်း, အကုသလဝိပါက် သန္တီရဏစိတ်နှင့် တဒါရုံတွင်လည်း အကုသလဝိပါက် ဥပေက္ခာသန္တီရဏသာဖြစ်သည်။ ဣဋ္ဌာရုံ နှင့် အတိဣဋ္ဌာရုံ အဆင်းထင်လျှင် ကုသဝိပါက် စက္ခုဝိညာဏ်, ကုသလဝိပါက် သမ္ပဋိစ္ဆိုန်းဖြစ်သည်။ ဣဋ္ဌာရုံအဆင်းထင်လျှင် ကုသလိပါက် ဥပေက္ခာသန္တီရဏနှင့် ဥပေက္ခာတဒါရုံများ ဖြစ်သည်။ အတိဣဋ္ဌာရုံ အဆင်းထင်လျှင် ကုသလိပါက် သောမနဿသန္တီရဏနှင့် သောမနဿတဒါရုံများဖြစ်သည်။

| | ကြိယာ | ဝိပါက် | | | ကြိယာ | ကု/အကု/ကြိယာ | ဝိပါက် | |
|---|---|---|---|---|---|---|---|---|
| တိ“ | ပ | စ | သံ | တီ | ဝု | ဇ–ဂ | တ တ” | ဘ |
| | ပဉ္စဒွါရာဝဇ္ဇန်း | အကုဝိ–စက္ခု | အကုဝိ–သံ | အကုဝိ–ဥတီ | မနောဒွါရဝဇ္ဇန်း | အကု–၁၂ | မဟာဝိ–သောဉာသံအ | |
| | | ကုဝိ–စက္ခု | ကုဝိ–သံ | ကုဝိ–ဥတီ | | မဟာကု–၈ | သောဉာသံသ | |
| | | | | ကုဝိ–သောတီ | | မဟာကြိ–၈ | သောဉာဝိအ | |
| | | | | | | ဟသိတုပ္ပါဒ်–၁ | သောဉာဝိသ | |
| | | | | | | | ဥဉာသံအ | |
| | | | | | | | ဥဉာသံသ | |
| | | | | | | | ဥဉာဝိအ | |
| | | | | | | | ဥဉာဝိသ | |
| | | | | | | | အဟိတ်ကုဝိ ဥ–တီ | |
| | | | | | | | သော–တီ | |
| | | | | | | | အဟတ်အကုဝိ–ဥ–တီ | |

## တဒါရုံသတ်မှတ်ချက်

ဝီထိစိတ်အစဉ်တွင်ပါသော တဒါရုံစိတ်ဖြစ်ရာတွင် ဇောစိတ်များနှင့် တိုက်ဆိုင်ကြည့်၍လည်းကောင်း, စိတ်ဖြစ်ရာ ပုဂ္ဂိုလ်နှင့် တိုက်ဆိုင်ကြည့်၍လည်းကောင်း, ဝီထိအစဉ်၏ သိစရာအာရုံနှင့် တိုက်ဆိုင်ကြည့်၍လည်းကောင်း တဒါရုံ ၁၁–မျိုးမှ မည်သည့် တဒါရုံဖြစ်နိုင်ကြောင်း စဉ်းစားဆုံးဖြတ်ရမည်။

ရှေ့က ဇောနှင့် လိုက်ဖက်သော တဒါရုံများသာ ဖြစ်နိုင်သည်။ လောဘမူ–၈၊ မောဟမူ–၂၊ မဟာကုသိုလ်–၈ ပေါင်း ဇော ၁၈–ပါးနောင် သင့်တော်ရာ မဟာဝိပါက်–၈၊ သန္တီရဏ–၃၊ ပေါင်း တဒါရုံ ၁၁–ပါးမှ တပါးပါး ဖြစ်နိုင်သည်။ ဒေါသမူ–၂၊ မဟာကြိယာဥပေက္ခာ–၄ ပေါင်း ဇော ၆–ပါးနောင် မဟာဝိပါက်ဥပေက္ခာ–၄၊ ဥပေက္ခာ သန္တီရဏ–၂၊ ပေါင်း တဒါရုံ ၆–ပါးမှ တပါးပါးဖြစ်နိုင်သည်။ မဟာကြိယာသောမနဿ–၄၊ ဟသိတုပ္ပါဒ်–၁၊ ပေါင်း ဇော ၅–ပါးနောင် မဟာဝိပါက်သောမနဿ–၄၊ သောမနဿသန္တီရဏ–၁၊ ပေါင်း တဒါရုံ ၅–ပါး ဖြစ်နိုင်သည်။

## ဈာနဖြင့်သတ်မှတ်ပုံ

ဘ ဘ တိ န ဒ ပ စ သံ တိ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ

လောဘမူ–၈၊မောဟမူ–၂၊ မဟာကုသိုလ်–၈ မဟာဝိပါက်–၈၊ သန္တီရဏ–၃

ဒေါသမူ–၂၊ မဟာကြိယာဥပေက္ခာ–၄ မဟာဝိပါက်ဥပေက္ခာ–၄၊ ဥပေက္ခာသန္တီရဏ–၂

မဟာကြိယာသောမနဿ–၄၊ ဟသိတုပ္ပါဒ်–၁ မဟာဝိပါက်သောမနဿ–၄၊ သောမနဿသန္တီရဏ–၁

## ပုဂ္ဂိုလ်ဖြင့်သတ်မှတ်ပုံ

ဘ ဘ တိ န ဒ ပ စ သံ တိ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ

တိဟိတ်
- သောဉာသံအ
- သောဉာသံသ
- ဥဉာသံအ
- ဥဉာသံသ

ဒွိဟိတ်
- သောဉာဝိအ
- သောဉာဝိသ
- ဥဉာဝိအ
- ဥဉာဝိသ

အဟိတ်
- အဟိတ် ကုဝိ–ဉ–တီ (သုဂတိ)
- အဟိတ် အကုဝိ–ဉ–တီ (ဒုဂ္ဂတိ)

၁။ အရိယာ ၄–ယောက်(ဖလဋ္ဌာန်၄–ယောက်)နှင့် တိဟိတ် ပုထုဇဉ်၌ တဒါရုံ ၁၁–မျိုးလုံး ဖြစ်နိုင်သည်။

၂။ ဒွိဟိတ်ပုဂ္ဂိုလ်နှင့် သုဂတိအဟိတ်ပုဂ္ဂိုလ်၌ ဒွိဟတ်တဒါရုံ ၄–မျိုးနှင့်၊ အဟိတ်တဒါရုံ–၃မျိုး ဖြစ်နိုင်သည်။

၃။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ အဟိတ်အကုသလဝိပါက် တဒါရုံ ၁–မျိုးသာ ဖြစ်နိုင်သည်။

တိဟိတ်တဒါရုံ
- သောဉာသံအ
- သောဉာသံသ
- ဥဉာသံအ
- ဥဉာသံသ

ဒွိဟိတ်တဒါရုံ
- သောဉာဝိအ
- သောဉာဝိသ
- ဥဉာဝိအ
- ဥဉာဝိသ

အဟိတ်တဒါရုံ
- အဟိတ်ကုဝိ ဉ–တီ
- သော–တီ
- အဟတ်အကုဝိ–ဉ–တီ

## အာရုံဖြင့်သတ်မှတ်ပုံ

၁။ လိုချင်စရာမကောင်းသော မစင် ခွေးကောင်ပုပ် အစရှိသော အနိဋ္ဌာရုံများနှင့် တွေ့ဆုံရာတွင် တဒါရုံနေရာတွင် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သာ ဖြစ်သည်။

၂။ အလိုရှိအပ်သော ထမင်းအဖျော် အိပ်ယာနေရာ အဝတ်တန်ဆာအစရှိသော ဣဋ္ဌာရုံနှင့် တွေ့ဆုံရာ၌ အဟိတ်ကုသလဝိပါက်သန္တီရဏတဒါရုံ–၂ပါး, မဟာဝိပါက်တဒါရုံ ၈–ပါး၊ ပေါင်း တဒါရုံ ၁၀–ပါးမှ တပါးပါး ဖြစ်နိုင်သည်။

၃။ အလွန်လိုချင်စရာကောင်းသော အတိဣဋ္ဌာရုံနှင့်တွေ့ဆုံရာ၌ သောမနဿတဒါရုံ ၅–ပါး ဖြစ်နိုင်သည်။

## အာဂန္တုကဘဝင်

အာဂန္တုကဘဝင် | ပုံမှန်ဘဝင်

တီ နဒ ပ စ သံ တီ ဝုဇ ဇ ဇ ဇ ဇ ဇ ဇ ~~(တ တ)~~ ဘ | ဘ ဘ

သောညသံအ(စသည်၄) ဒေါသမူစိတ်–၂ ကုဝိဥသန္တီရဏ သောညသံအ

အကုဝိသသန္တီရဏ

ဒေါမနဿဝေဒနာသည် မသာယာသောအားဖြင့် အာရုံကို ခံစားသည်။ သောမနဿဝေဒနာကား သာယာသောအားဖြင့် အာရုံကို ခံစားသည်။ ထို့ကြောင့် ဒေါမနဿဝေဒနာနှင့် သောမနဿဝေဒနာတို့ အချင်းချင်း ရှေ့သွားနောက်လိုက် နီးနှောလို့မရ၊ ဥပေက္ခာဝေဒနာကား အာရုံကို သင့်တော်ရုံ ခံစားသဖြင့် ဒေါမနဿ သောမနဿ နှစ်ပါးလုံးနှင့်ပင် သင့်တင့်လိုက်ရောနိုင်ပေသည်။ သို့အတွက် ဒေါမနဿသဟဂုတ် ဇောနောင် တဒါရုံဖြစ်စေ ဘဝင်ဖြစ်စေ ဥပေက္ခာသဂုတ်စိတ်သာ ဖြစ်ရမည်။

သောမနဿသဟဂုတ် မဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူ၏ သန္တာန်ဝယ် ဒေါသဇော, ဇောရာ၌ **တစုံတခုသော အကြောင်းကြောင့် တဒါရုံလည်းဖြစ်ခွင့်မရလျှင်,** ထုံးစံအရ ဒေါသဇောနောင် ဘဝင်ကျရတော့မည်။ ဘဝင်ကျပြန်လျှင်လည်း တဘဝ၌ ပဋိသန္ဓေ, စုတိ, ဘဝင်တို့သည် တူရသောကြောင့် သောမနဿ ပဋိသန္ဓေနေခဲ့သူဖြစ်၍ သောမနဿဘဝင်သာ ကျရမည်။ ထိုသောမနဿဘဝင်ကား ဒေါသဇောနောက်က ကပ်လိုက်၍ မရ။ ထိုသို့အခက်ကြုံသောအခါ ဒေါသဇောနှင့် သောမနဿဘဝင်တို့အကြားဝယ် ဆက်သွယ်ဘို့ရာ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ဖြစ်ပေါ်လာရပေသည်။ **ဣဋ္ဌာရုံဖြစ်လျှင် ကုသလဝိပါက် ဥပေက္ခာသဂုတ် သန္တီရဏစိတ်ဖြစ်၍ အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက် ဥပေက္ခာသဂုတ် သန္တီရဏစိတ်ဖြစ်**သည်။ ဤဘဝင်စိတ် နှစ်မျိုးကို ပဋိသန္ဓေစိတ်နှင့် မတူပဲ, လတ်တလော အဆင်ပြေအောင် ဖြစ်ပေးရသော ဘဝင်စိတ်ဖြစ်၍ အာဂန္တုကဘဝင်ဟု ခေါ်လေသည်။ ဤအာဂန္တုကဘဝင်စိတ်သည် **ရှေးက အလေ့အလာ များသော ကာမအာရုံ တပါးပါးကို အာရုံပြု**သည်။ တဒါရုံဖြစ်ခွင့်ရက ဒေါသဇောနောင် ဥပေက္ခာတဒါရုံကျပြီး အာဂန္တုကဘဝင် မလိုပဲ သောမနဿဘဝင် ပုံမှန် ဆက်ဖြစ်နိုင်သည်။

## တဒါရုံအကြောင်း သိမှတ်ဖွယ်

သောမနဿပုဂ္ဂိုလ်မှာ အတိဣဋ္ဌာရုံ မဟဂ္ဂုတ်အာရုံ ပညတ်အာရုံတို့၌ ဒေါသဇောကျသော အတိမဟန္တာရုံဝီထိ, အတိဝိဘူတာရုံဝီထိတို့ဖြစ်ကုန်လျှင် ထိုဒေါသဇောနောင် အာဂန္တုကဘဝင်ကျရန် မိန့်ဆိုတော်မူ၏။

အတိဣဋ္ဌာရုံအတွက် ရှေးဦးစွာ ပြဆိုအံ့ – သောမနဿပုဂ္ဂိုလ်မှာ အတိဣဋ္ဌာရုံ၌ ဒေါသဇောကျသော အတိမဟန္တာရုံဝီထိ, အတိဝိဘူတာရုံဝီထိများ ဖြစ်ခဲ့လျှင် တဒါရုံကျခွင့်မရှိ။ ဒေါသဇောနောင် အာဂန္တုက ဘဝင်သာ ကျရ၏။ အကယ်၍ တဒါရုံကျခဲ့ပါလျှင် **အတိဣဋ္ဌာရုံဖြစ်သောကြောင့် သောမနဿတဒါရုံ ကျရလိမ့်မည်။ သို့သော်လည်း ဒေါသဇောနောင်ဖြစ်၍ သောမနဿတဒါရုံမကျနိုင်**။ ဒေါသဇောကိုင်၍ ဥပေက္ခာတဒါရုံကို ချပါတော့လောဟူမူ–အာရုံသည် **အတိဣဋ္ဌာရုံဖြစ်နေသောကြောင့် ထိုဥပေက္ခာတဒါရုံ မချနိုင်ချေ**။ ထိုသို့ဖြစ်လျှင် မိမိမူလဘဝင်ကို ချပါတော့လောဟူမူ – မိမိ မူလဘဝင်ကလည်း သောမနဿ ဖြစ်နေပြန်သောကြောင့် ဒေါသဇောနှင့်ကန့်လန့်ဖြစ်နေ၍ မချနိုင်ပြန်ချေ။ ထို့ကြောင့် မိမိ လေ့ကျက်နေကျဖြစ်သော ကာမအာရုံကို အာရုံပြု၍ အာဂန္တုကဘဝင်ကိုသာ ချရ၏။ ထို့နောက်မှ မိမိမူလ သောမနဿဘဝင်ကို ချရသည်။

မဟဂ္ဂုတ်အာရုံ ပညတ်အာရုံတို့ကို အာရုံပြု၍ ဒေါသဇောကျသော အတိဝိဘူတာရုံ ဝီထိဖြစ်ခဲ့လျှင်လည်း ထိုဒေါသဇောနောင် အာဂန္တုကဘဝင်ကို ချရ၏။ မဟဂ္ဂုတ်အာရုံ ပညတ်အာရုံဖြစ်သောကြောင့် တဒါရုံ၏ အခွင့်မဟုတ်။ ဤတဒါရုံဖြစ်ရန်နှင့် မဆိုင်ပေ။ ဒေါသဇောနောင် ဖြစ်နေသောကြောင့်လည်း မိမိမူလသောမနဿ ဘဝင်လည်း ကျခွင့်မရှိ။ ထို့ကြောင့် အာဂန္တုကဘဝင်ကို ချရပေသည်။

ဥပေက္ခာနှင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်မှာပင်သော်လည်း အတိဣဋ္ဌာရုံ၌ ဒေါသဇောကျသော အတိမဟန္တာရုံဝီထိ, အတိဝိဘူတာရုံဝီထိများဖြစ်ခဲ့လျှင် ဇောနှင့်ကန့်လန့်ဖြစ်နေ၍ တဒါရုံကျခွင့်မရှိ။ မိမိမူလ ဥပေက္ခာဘဝင်သာ ကျလေတော့၏။ ဥပေက္ခာပုဂ္ဂိုလ်ဖြစ်နေသောကြောင့် အာဂန္တုကဘဝင်ကိုမူကား ချရန် မလိုချေ။

## တဒါရုံကျခြင်း အကြောင်းသုံးပါး

ဇောနောင် တဒါရုံဖြစ်ခြင်း အကြောင်းကား (၁) ကာမပုဂ္ဂိုလ်လည်းဖြစ်ပါမှ (၂) ကာမဇောကျသော ဝီထိလည်းဖြစ်ပါမှ (၃) ကာမအာရုံလည်းဖြစ်ပါမှ တဒါရုံကျနိုင်သည်။ ဤအကြောင်း ၃–ပါးတို့တွင် တပါးပါး ချို့တဲ့လျှင် တဒါရုံမကျနိုင်။

## တဒါရုံမကျနိုင်ပုံများ

ရူပဗြဟ္မာ အရူပဗြဟ္မာတို့၌ တဒါရုံမကျနိုင်။ ထို့ကြောင့် ထိုဗြဟ္မာတို့သန္တာန်မှာ အတိမဟန္တာရုံဝီထိ အတိဝိဘူတာရုံ ဝီထိပင်ဖြစ်သော်လည်း တဒါရုံဝါရဟု မဆိုရ။ ဇောဝါရသာ ဆိုရ၏။ မဟဂ္ဂုတ်ဇော လောကုတ္တရာဇော ဝီထိတို့၌လည်း တဒါရုံမကျ။ ကာမအာရုံမဟုတ်သော မဟဂ္ဂုတ်အာရုံ, ပညတ်အာရုံ, နိဗ္ဗာန်အာရုံတို့၌လည်း တဒါရုံမကျ။

## ရူပ, အရူပ ဗြဟ္မာတို့၌ တဒါရုံမကျခြင်း

ရူပပုဂ္ဂိုလ် အရူပပုဂ္ဂိုလ်တို့၌ အဘယ်ကြောင့် တဒါရုံမဖြစ်ပါသနည်း။ ထိုဗြဟ္မာတို့မှာလည်း ကာမအာရုံကို အာရုံပြု၍ ကာမဇောကျသော ဝီထိဖြစ်ပေါ်လျှင် တဒါရုံကျခွင့်ရှိသည် မဟုတ်ပါလောဟူမူ **"ထိုဗြဟ္မာတို့မှာ တဒါရုံဖြစ်နိုင်ရန် ကာမဘဝင်မရှိသောကြောင့် တဒါရုံမကျ"**ဟု ဖြေရာ၏။ မဟဂ္ဂုတ်ဘဝင်များသည်ပင်လျှင် တဒါရုံကိစ္စနှင့် ဖြစ်ပါတော့လောဟူမူ **အလွန်တရာနူးညံ့လှစွာသော နိမိတ်အာရုံကို အာရုံပြုနေကျဖြစ်သော မဟဂ္ဂုတ်ဘဝင်များသည် ကြမ်းတမ်းသော ကာမအာရုံများကို အာရုံမပြုနိုင်သောကြောင့် တဒါရုံကိစ္စနှင့်ဖြစ်ခြင်းငှါ မထိုက်**ကုန်။ ထို့ကြောင့် တဒါရုံမဖြစ်နိုင်ဟု ဖြေရာ၏။ ရူပဗြဟ္မာတို့မှာ တဒါရုံကိစ္စနှင့် ဖြစ်လိုလျှင် ဖြစ်နိုင်သော သန္တီရဏ ၃-ခုကို ရလျက်ရှိနေသောကြောင့် ထိုသန္တီရဏစိတ်များသည်ပင်လျှင် ရူပဗြဟ္မာတို့သန္တာန်မှာ တဒါရုံကိစ္စနှင့် ဖြစ်ပါတော့လောဟူမူ - ထို**သန္တီရဏစိတ်များသည် တဒါရုံကိစ္စနှင့် ဖြစ်ခွင့်မရကုန်။ စက္ခုဒွါရဝီထိ သောတဒွါရဝီထိတို့၌ စိတ်ပြည့်စုံစွာဖြစ်ရန် သန္တီရဏကိစ္စအနေနှင့်သာ ရအပ်**ပေသည်။ တဒါရုံကိစ္စအနေနှင့် ရအပ်သည် မဟုတ်ပေ။ ထို့ကြောင့် တစုံတရာမျှ ဗြဟ္မာတို့သန္တာန်မှာ တဒါရုံကျနိုင်ရန် အကြောင်းမရှိချေ။

**ကာမဇောတို့သာလျှင် ပျံ့နှံ့လှုပ်ရှား၍ ထက်မြက်သောအဟုန်နှင့် ဖြစ်နိုင်**ကုန်၏။ ထို့ကြောင့် ကာမဇောတို့နောင်မှသာလျှင် တဒါရုံကျနိုင်သည်။ မလှုပ်မရှား ငြိမ်သက်သောအဟုန်နှင့် ဖြစ်လေ့ရှိသော အပ္ပနာဇောတို့နောက်မှာမူကား တဒါရုံမကျနိုင်ချေ။ အဘိညာဉ်ကိစ္စမတတ်သော အပ္ပနာဇောတို့သည်မူကား ကာမကို အာရုံပြုလေ့မရှိကုန်သောကြောင့် ထိုဇောတို့နောင် ကာမကိုသာ ဧကန်အာရုံပြုလေ့ရှိသော တဒါရုံ မဖြစ်နိုင်ဟူသော စကားသည် သင့်တန်ပါစေတော့။ ကာမကို အာရုံပြု၍ဖြစ်သော အဘိညာဏ်ဇောနောက်မှာမူကား ကာမအာရုံချင်းတူသော တဒါရုံဖြစ်သင့်သည် မဟုတ်ပါလောဟူမူ - **အဘိညဉ်ဇောသည် အလွန်သိမ်မွေ့သော သဘောရှိ၏။ တဒါရုံသည် အလွန်ကြမ်းတမ်း၏**။ ထိုသို့သဘောကွဲလျက်ရှိနေသောကြောင့် ကာမကိုအာရုံပြုသော အဘိညဉ်ဇောနောက်မှာသော်လည်း တဒါရုံမကျနိုင်ဟူ၍ ဖြေရာ၏။

တဒါရုံစိတ်တို့သည် ကာမအာရုံလျှင် မြဲသောအာရုံရှိကြကုန်သောကြောင့် မဟဂ္ဂုတ်အာရုံ, နိဗ္ဗာန်အာရုံ, လောကုတ္တရာအာရုံ, ပညတ်အာရုံများကို အာရုံမပြုနိုင်ကြကုန်။ ကာမအာရုံကိုသာ အဘယ့်ကြောင့် အာရုံပြုရပါသနည်းဟူမူ – တဒါရုံတို့သည် အထူးကြဲစည်၍ ယူနိုင်သော ဝိကပ္ပသတ္တိ မရှိကြလေကုန်။ ထို့ကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသန္တာန်မှာ ဖြစ်ရသော တဒါရုံတို့ပင် ဖြစ်စေကာမူ ထင်ရှားမရှိသော ပညတ်အာရုံများကိုငှင်း, နူးညံ့သိမ်မွေ့သော မဟဂ္ဂုတ်အာရုံများကိုလည်းကောင်း, နက်နဲလှစွာသော လောကုတ္တရာအာရုံများကိုလည်းကောင်း အာရုံမပြုနိုင်ကြလေကုန်။

(ပရမတ္ထသံခိပ်ဋီကာ ၂၈၄–၂၈၇)

♣ မဟာကြံယာ ဟသိတုပ္ပါဒ်ဇောနောင် တဒါမကျဟု ဆိုသည်။ ပါဠိတော်၌ ကုသလေ/အကုသလေ နိရုဒ္ဓေ တဒါရမ္မဏတာ ဟုဆိုသောကြောင့်တည်း။ (သစ္စသင်္ခေပ ၄ နိဿယ ၉၄)
အဋ္ဌကထာနည်းအရ သောမဿဇောနောင် သောမနဿတဒါရုံ၊ ဥပေက္ခာဇောနောင် ဥပေက္ခာတဒါရုံ ကျသည်။

♣ ပဋိသန္ဓေကိုပေးသော ကံကြောင့် တဒါရုံဖြစ်သော် တဒါရုံကို ဇောဖြင့် သတ်မှတ်သည်။
ပဋိသန္ဓေကိုပေးသော ကံမှ အခြားသော ကံကြောင့် တဒါရုံဖြစ်သော် တဒါရုံကို ကံဖြင့် သတ်မှတ်သည်။

(သစ္စသင်္ခေပ ၄ နိဿယ ၉၄)

♣ (ပဋိသန္ဓေကိုဖြစ်စေတတ်သော ကံမှ တပါးသော ကုသိုလ်ကံကြောင့်) အဟိတ် သတ္တဝါအား သဟိတ်တဒါရုံဖြစ်နိုင်သည်။ (သစ္စသင်္ခေပ ၄ နိဿယ ၆၇)

## အပ္ပနာဇောမနောဒွါရဝီထိ

ရူပကုသိုလ်/ကြိယာ ၁၀၊ အရူပကုသိုလ်/ကြိယာ ၈၊ မဂ်–၄၊ ဖိုလ်–၄၊ ပေါင်း ၂၆–ပါးကို အပ္ပနာဇော ဟု ခေါ်သည်။ ထိုအပ္ပနာဇောများ ပါသော စိတ်အစဉ်ကို အပ္ပနာဇောဝါရဟု ခေါ်သည်။ ဈာန် မဂ် ဖိုလ် ရဖို့ရာ ကသိဏ်းစသော အာရုံကိုမှန်း၍ ကမ္မဋ္ဌာန်းစီးဖြန်းသောအခါ ထိုကသိဏ်းစသော အာရုံများ အလွန် ထင်ရှားစွာ ထင်ပေါ်လာမှသာ ဈာန်စသည်ကို ရနိုင်ကြသည်။ ထို့ကြောင့် ဈာန်ဇော မဂ်ဇော ဖိုလ်ဇော စောရာ အပ္ပနာဇောဝီထိ၏ အာရုံမှန်လျှင် ထင်ရှားသော ဝိဘူတာရုံ တမျိုးသာ ဖြစ်ရမည်။ အဝိဘူတာရုံ ဟူ၍ မရှိစကောင်း။ ကာမဇောနောက်၌သာ တဒါရုံကျနိုင်၍ ဤအပ္ပနာဇော ဝီထိ၌ တဒါရုံဖြစ်ခြင်းလည်း မရှိ။

တရားအားထုတ်နေစဉ် ဈာန်မဂ်ဖိုလ်ဟူသော တရားထူး ရလောက်အောင် သမာဓိ အလွန်ကောင်းသော အခါ စိတ်အကြည်၌ (မနောဒွါရ၌) ကမ္မဋ္ဌာန်းအာရုံထင်၍ ဘဝင်နှစ်ကြိမ်လှုပ်၍ ရပ်ပြီး ထင်လာသောအာရုံကို သိလျက် မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်သည်။ ထို့နောက် မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် ၈–ပါးတွင် တပါးပါးသည် မန္ဒပညာ–ဉာဏ်နုံ့သူ၌ ပရိကမ် ဥပစာ အနုလုံ ဂေါတြဘု ဟူသောနာမည်ဖြင့် ၄–ကြိမ်သော်လည်းကောင်း, တိက္ခပညာ–ဉာဏ်ထက်သူ၌ ဥပစာ အနုလုံ ဂေါတြဘု ဟူသောနာမည်ဖြင့် ၃–ကြိမ်သော်လည်းကောင်း ဖြစ်ကြသည်။ ထို့နောက် ဈာန်ရအောင် ကသိဏ်းစသော အာရုံကိုမှန်း၍ တရားထိုင်သူ၌ ရူပကုသိုလ်/ကြိယာ ၁၀–ပါး, အရူပကုသိုလ်/ကြိယာ ၈–ပါး တို့မှ တပါးပါး ဖြစ်မည်။ သောတာပန်စသည်ဖြစ်အောင် အနိစ္စ ဒုက္ခ အနတ္တသဘောကို အာရုံပြု၍ တရားအားထုတ်သူ၌ မဂ်စိတ် ဖိုလ်စိတ်များ ဖြစ်ပေါ်လာမည်။

### ခက်ဆစ်အဓိပ္ပါယ်များ

♠ ပရိကမ်–ဈာန်စိတ် မဂ်စိတ် ဖိုလ်စိတ်များ ဖြစ်ပေါ်ရန် ပြုပြင်သော ဇောစိတ်

ဥပစာ–ဈာန်စိတ် မဂ်စိတ် ဖိုလ်စိတ်တို့၏ အနီး၌ ဖြစ်သော ဇောစိတ် / မကြာမီ ဈာန်မဂ်ဖိုလ်စိတ်များ ပေါ်လာရန် ဆောင်ရွက်သောစိတ်

အနုလုံ–ဈာန်မဂ်ဖိုလ်စိတ်များ၏ ဘေးရန်ကိုဖျောက်၍ ဈာန်မဂ်ဖိုလ်စိတ်များပေါ်လာရန် ဆောင်ရွက်သောစိတ်

ဂေါတြဘု–ကာမအနွယ် ပုထုဇဉ်အနွယ်ကို ဖြတ်သော ဇောစိတ်(မဟဂ္ဂုတ်ဈာန်အရာ၌ ဤဂေါတြဘု ခဏ၌ ကာမအနွယ်, မဂ်ဖိုလ်အရာ၌ ပုထုဇဉ်အနွယ် ပြတ်လေ၏)

## မန္ဒပညာပုဂ္ဂိုလ်၏ အစဆုံးရသော ဈာနဝီထိပုံ

| ဘ | "န | ဒ | မ | ပ | ဥ | နု | ဂေါ | ဈ" | ဘ |
|---|---|---|---|---|---|---|---|---|---|
| ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo |

မဟာကု/ကြိယာ သောညသံ–၄ ပ,ဒု,တ,စ–ဈာန် ကု/ကြိ–၈
မဟာကု/ကြိယာ ဥညသံ–၄ မ–ဈာန် ကု/ကြိ ၁၀

## တိက္ခပညာပုဂ္ဂိုလ်၏ အစဆုံးရသော ဈာနဝီထိပုံ

| ဘ | "န | ဒ | မ | ဥ | နု | ဂေါ | ဈ" | ဘ |
|---|---|---|---|---|---|---|---|---|
| ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo |

## အစဆုံးရသော ပထမရူပါဝစရဈာနဝီထိ ဖြစ်ပုံ

ပထဝီကသိုဏ်းစသည်ကို စီးဖြန်းဖန်များသဖြင့် ဈာန်ရလုလတ်၍ ပထဝီကသိုဏ်းပညတ်စသော အာရုံတပါးပါးသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထိုကသိုဏ်းနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။ ထို့နောက် မဟာကုသိုလ် သောမနဿဉာဏသမ္ပယုတ်စိတ် နှစ်ပါးတွင် တစ်ပါးပါးသည် (မန္ဒပညာပုဂ္ဂိုလ်၌) ပရိကမ် ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော လေးကြိမ်, (တိက္ခပညာပုဂ္ဂိုလ်၌) ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် **ရူပါဝစရ ပထမဈာန်ကုသိုလ်စိတ်သည်** အပ္ပနာဇောအဖြစ် တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

(ရူပါဝစရဒုတိယဈာန, ရူပါဝစရတတိယဈာန, ရူပါဝစရစတုတ္ထဈာနဝီထိဖြစ်ပုံတူသည်။ ရူပါဝစရပထမဈာန် ကုသိုလ်စိတ်အစား ရူပါဝစရဒုတိယဈာန်စိတ်သည်, ရူပါဝစရတတိယဈာန်စိတ်သည်, ရူပါဝစရစတုတ္ထဈာန် စိတ်သည် စသည်ဖြင့် ပြောင်းလဲဆိုရုံသာထူးသည်)

## အစဆုံးရသော ပဉ္စမရူပါဝစရဈာနဝီထိ ဖြစ်ပုံ

ပထဝီကသိုဏ်းစသည်ကို စီးဖြန်းဖန်များသဖြင့် ဈာန်ရလုလတ်၍ ပထဝီကသိုဏ်းပညတ်စသော အာရုံတပါးပါးသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထိုကသိုဏ်းနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဥပေက္ခာဉာဏသမ္ပယုတ်စိတ် နှစ်ပါးတွင် တစ်ပါးပါးသည် (မန္ဒပညပုဂ္ဂိုလ်၌) ပရိကမ် ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော လေးကြိမ်, (တိက္ခပညပုဂ္ဂိုလ်၌) ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် **ရူပါဝစရ ပဉ္စမဈာန်ကုသိုလ်စိတ်သည်** အပ္ပနာဇောအဖြစ် တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

## အစဆုံးရသော ပထမအရူပါဝစရဈာန (အာကာသာနဉ္စာယတနဈာန) ဝီထိ ဖြစ်ပုံ

အာရုပ္ပ[၁]ကမ္မဋ္ဌာန်းကို စီးဖြန်းဖန်များသဖြင့် ဈာန်ရလုလတ်၍ **ကောင်းကင်ပညတ်အာရုံ**သည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထိုကောင်းကင်ပညတ်အာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဥပေက္ခာဉာဏသမ္ပယုတ်စိတ် နှစ်ပါးတွင် တစ်ပါးပါးသည် (မန္ဒပညပုဂ္ဂိုလ်၌) ပရိကမ် ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော လေးကြိမ်, (တိက္ခပညပုဂ္ဂိုလ်၌) ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် **အာကာသာနဉ္စာယတနဈာန်ကုသိုလ်စိတ်သည်** အပ္ပနာဇောအဖြစ် တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

## အစဆုံးရသော ဒုတိယအရူပါဝစရဈာန (ဝိညာဏဉ္စာယတနဈာန) ဝီထိ ဖြစ်ပုံ

အာရုပ္ပကမ္မဋ္ဌာန်းကို စီးဖြန်းဖန်များသဖြင့် ဈာန်ရလုလတ်၍ **အာကာသာနဉ္စာယတနကုသိုလ်စိတ်အာရုံ**သည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထိုအာကာသာနဉ္စာယတနစိတ်အာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဥပေက္ခာဉာဏသမ္ပယုတ်စိတ် နှစ်ပါးတွင် တစ်ပါးပါးသည် (မန္ဒပညပုဂ္ဂိုလ်၌) ပရိကမ် ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော လေးကြိမ်, (တိက္ခပညပုဂ္ဂိုလ်၌) ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် **ဝိညာဏဉ္စာယတနဈာန်ကုသိုလ်စိတ်သည်** အပ္ပနာဇောအဖြစ် တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

---

၁ အရူပဘုံ၊ အရူပဈာန်၊ အရူပဈာန်ဟူသော အကျိုးရှိသော ကမ္မဋ္ဌာန်း, အာရုပ္ပကမ္မဋ္ဌာန်း(တိပိဋကန် အာရုပ္ပအဖွင့်)

## အစဆုံးရသော တတိယအရူပါဝစရဈာန (အာကိဉ္စညာယတနဈာန) ဝီထိ ဖြစ်ပုံ

အာရုပ္ပကမ္မဋ္ဌာန်းကို စီးဖြန်းဖန်များသဖြင့် ဈာန်ရလုလတ်၍ **အာကာသာနဉ္စာယတနကုသိုလ်စိတ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်အာရုံ**သည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထိုအာကာသာနဉ္စာယတနစိတ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်အာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဉပေက္ခာဉာဏသမ္ပယုတ်စိတ် နှစ်ပါးတွင် တစ်ပါးပါးသည် (မန္ဒပညပုဂ္ဂိုလ်၌) ပရိကမ် ဉပစာ အနုလုံ ဂေါတြဘု ဟု ဉပစာရသမာဓိဇော လေးကြိမ်, (တိက္ခပညပုဂ္ဂိုလ်၌) ဉပစာ အနုလုံ ဂေါတြဘု ဟု ဉပစာရသမာဓိဇော သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် **အာကိဉ္စညာယတနဈာန်ကုသိုလ်စိတ်သည်** အပ္ပနာဇောအဖြစ် တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

## အစဆုံးရသော စတုတ္ထအရူပါဝစရဈာန (နေဝသညာနာသညာယတနဈာန) ဝီထိ ဖြစ်ပုံ

အာရုပ္ပကမ္မဋ္ဌာန်းကို စီးဖြန်းဖန်များသဖြင့် ဈာန်ရလုလတ်၍ **အာကိဉ္စညာယတနကုသိုလ်စိတ်အာရုံ**သည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထို အာကိဉ္စညာယတနကုသိုလ်စိတ်အာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဉပေက္ခာဉာဏသမ္ပယုတ်စိတ်နှစ်ပါးတွင် တစ်ပါးပါးသည် (မန္ဒပညပုဂ္ဂိုလ်၌) ပရိကမ် ဉပစာ အနုလုံ ဂေါတြဘု ဟု ဉပစာရသမာဓိဇော လေးကြိမ်, (တိက္ခပညပုဂ္ဂိုလ်၌) ဉပစာ အနုလုံ ဂေါတြဘု ဟု ဉပစာရသမာဓိဇော သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် **နေဝသညာနာသညာယတနဈာန်ကုသိုလ်စိတ်သည်** အပ္ပနာဇောအဖြစ် တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

♠ (ရဟန္တာများ၏ ဈာနဝီထိများတွင် ပရိကမ် ဉပစာ အနုလုံ ဂေါတြဘု နေရာတွင် မဟာကြိယာ ဉာဏသမ္ပယုတ် လေးပါးတွင် တပါးပါးဖြစ်ပြီး, ဈာန်နေရာတွင် ရူပကြိယာဈာန် ၅-ပါးနှင့် အရူပကြိယာဈာန် ၄-ပါး ဖြစ်သည်သာ ထူး၏။ ကျန်အားလုံး တူသည်)

## စျာန်ဝင်စားသော ရူပစျာနသမာပတ္တိဝီထိ

ကသိဏ်းနိမိတ်အာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထိုကသိဏ်းနိမိတ်အာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် မဟာကုသိုလ် သောမနဿဉာဏသမ္ပယုတ်စိတ် နှစ်ပါးတွင် တစ်ပါးပါးသည် (မန္ဒပညာပုဂ္ဂိုလ်၌) ပရိကမ် ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော လေးကြိမ်, (တိက္ခပညာပုဂ္ဂိုလ်၌) ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် **ရူပါဝစရ ပထမစျာန်ကုသိုလ်စိတ်သည်** အပ္ပနာဇောအဖြစ် အကြိမ်များစွာဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

♠ ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်စသည့် အတွက် အထက်ပါအတိုင်း ဆိုရုံသာ။ ပဉ္စမစျာန်အတွက်မူ သောမနဿဉာဏသမ္ပယုတ်စိတ်အစား ဥပေက္ခာဉာဏသမ္ပယုတ်စိတ်ဟု ပြောင်းလဲဆိုပါ။

## စျာန်ဝင်စားသော အရူပစျာနသမာပတ္တိဝီထိ

ကသိဏ်းနိမိတ်အာရုံကို ခွါ၍ရအပ်သောကောင်းကင်ပညတ်အာရုံသည် မနောဒွါရ၌ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထိုကောင်းကင်ပညတ်အာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဥပေက္ခာဉာဏသမ္ပယုတ်စိတ် နှစ်ပါးတွင် တစ်ပါးပါးသည် (မန္ဒပညာပုဂ္ဂိုလ်၌) ပရိကမ် ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော လေးကြိမ်, (တိက္ခပညာပုဂ္ဂိုလ်၌) ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် **အာကာသာနဉ္စာယတနစျာန်ကုသိုလ်စိတ်သည်** အပ္ပနာဇောအဖြစ် အကြိမ်များစွာ ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

♠ စျာန်ခိုင်မြဲစေဖို့, ဝသီဘော်ရောက် ပါရဂူမြောက်ဖို့, စျာန်ချမ်းသာခံစားဖို့, အဘိညာဉ်အခြေခံ, ဝိပဿနာ အခြေခံဖြစ်ဖို့ စျာန်ဝင်စားသည်။ (နိဗ္ဗာနဂါမိနိပဋိပဒါ ဒု ၉၈)

♠ ကျန်အရူပစျာန်များတွက် ဆိုင်ရာအာရုံနှင့် ဆိုင်ရာစျာန်စိတ်ကို ပြောင်းလဲ တွဲစပ်၍ ဆိုပါ။

## သောတာပတ္တိမဂ္ဂဝီထိဖြစ်ပုံ

သင်္ခါရ(မှတ်စရာ) နိဗ္ဗာန်

ဘ "န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ်" ဘ ဘ

မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ်ဉာဏသံ၄ မဂ်-၄ ဖိုလ်-၄

ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်သော ယောဂီ၏သန္တာန်၌ ရုပ်နာမ်တို့၏ မမြဲခြင်း အနိစ္စသဘော, ဆင်းရဲခြင်းဒုက္ခသဘော, အစိုးမရခြင်းအနတ္တသဘော၊ ဤသဘောလက္ခဏာ သုံးပါးတို့တွင် တပါးပါးသည် အာရုံ၌ ထင်ရှားစွာ ပေါ်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထိုလက္ခဏာအာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးပါးတွင် တစ်ပါးပါးသည် (မန္ဒပညာပုဂ္ဂိုလ်၌) ပရိကမ် ဥပစာ အနုလုံ ဟုသုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘုဟု တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် **သောတာပတ္တိမဂ်စိတ်သည်** နိဗ္ဗာန်ကို အာရုံပြု၍ အပ္ပနာဇောအဖြစ် တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် **သောတာပတ္တိဖိုလ်စိတ်သည်** နိဗ္ဗာန်ကို အာရုံပြု၍ အပ္ပနာဇောအဖြစ် နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

♠ သကဒါဂါမိမဂ္ဂဝီထိ, အနာဂါမိမဂ္ဂဝီထိ, အရဟတ္တမဂ္ဂဝီထိ ဖြစ်ပုံတို့၌ ဂေါတြဘုနေရာ၌ ဝေါဒါန်ဟု ပြောင်းဆိုပါ။ သောတာပတ္တိမဂ်စိတ်/ဖိုလ်စိတ် နေရာ၌ သကဒါဂါမိမဂ်စိတ်/ဖိုလ်စိတ်, အနာဂါမိမဂ်စိတ်/ ဖိုလ်စိတ်, အရဟတ္တမဂ်စိတ်/ဖိုလ်စိတ် ဟု လည်းကောင်း ပြောင်းဆိုပါ။

ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်သော ယောဂီ၏သန္တာန်၌ ရုပ်နာမ်တို့၏ မမြဲခြင်း အနိစ္စသဘော, ဆင်းရဲခြင်း ဒုက္ခသဘော, အစိုးမရခြင်း အနတ္တသဘော၊ ဤသဘောလက္ခဏာသုံးပါးတို့တွင် တပါးပါးသည် အာရုံ၌ ထင်ရှားစွာ ပေါ်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထိုလက္ခဏာအာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးပါးတွင် တစ်ပါးပါးသည် (တိက္ခပညာပုဂ္ဂိုလ်၌) ဥပစာ အနုလုံ ဟု နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် နိဗ္ဗာန်ကိုအာရုံပြု၍ ဝေါဒါန်ဟု တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် **သကဒါဂါမိမဂ်စိတ်သည်** နိဗ္ဗာန်ကို အာရုံပြု၍ အပ္ပနာဇောအဖြစ် တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် **သကဒါဂါမိဖိုလ်စိတ်သည်** နိဗ္ဗာန်ကို အာရုံပြု၍ အပ္ပနာဇောအဖြစ် သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

## သောတာပတ္တိဖလသမာပတ္တိဝီထိ

သင်္ခါရ(မှတ်စရာ) | နိဗ္ဗာန်

ဘ “န ဒ မ | နု နု နု နု | ဖိုလ် ဖိုလ် များစွာ” ဘ ဘ

မနောဒွါရာဝဇ္ဇန်း | မဟာကုညသံ၄ | အောက်ဖိုလ်–၃

ဖိုလ်ဝင်စားလိုသော သောတာပန်သန္တာန်၌ ရုပ်နာမ်တို့၏ မမြဲခြင်း အနိစ္စသဘော, ဆင်းရဲခြင်း ဒုက္ခသဘော, အစိုးမရခြင်း အနတ္တသဘော၊ ဤသဘောလက္ခဏာသုံးပါးတို့တွင် တပါးပါးသည် အာရုံ၌ ထင်ရှားစွာ ပေါ်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထိုလက္ခဏာအာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးပါးတွင် တစ်ပါးပါးသည် (မန္ဒပညပုဂ္ဂိုလ်၌) အနုလုံ အနုလုံ အနုလုံ အနုလုံ ဟု လေးကြိမ်ဖြစ်၍ ချုပ်၏။ (တိက္ခပညပုဂ္ဂိုလ်၌) အနုလုံ အနုလုံ အနုလုံ ဟု သုံးကြိမ်ဖြစ်၍ ချုပ်၏။ထို့နောက် နိဗ္ဗာန်ကိုအာရုံပြု၍ သောတာပတ္တိဖိုလ်ဇောသည် အကြိမ်များစွာဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

♠ သကဒါဂါမိဖလသမာပတ္တိ, အနာဂါမိဖလသမာပတ္တိ ဝီထိတို့ကိုလည်း နည်းတူသိပါ။

## အရဟတ္တဖလသမာပတ္တိဝီထိ

သင်္ခါရ(မှတ်စရာ) | နိဗ္ဗာန်

ဘ “န ဒ မ | နု နု နု နု | ဖိုလ် ဖိုလ် များစွာ” ဘ ဘ

မနောဒွါရာဝဇ္ဇန်း | မဟာကြိယာညသံ၄ | အဖိုလ်–၁

ဖိုလ်ဝင်စားလိုသော ရဟန္တာသန္တာန်၌ ရုပ်နာမ်တို့၏ မမြဲခြင်း အနိစ္စသဘော, ဆင်းရဲခြင်း ဒုက္ခသဘော, အစိုးမရခြင်း အနတ္တသဘော၊ ဤသဘောလက္ခဏာသုံးပါးတို့တွင် တပါးပါးသည် အာရုံ၌ ထင်ရှားစွာ ပေါ်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထိုလက္ခဏာအာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးပါးတွင် တစ်ပါးပါးသည် (မန္ဒပညပုဂ္ဂိုလ်၌) အနုလုံ အနုလုံ အနုလုံ အနုလုံ ဟု လေးကြိမ်ဖြစ်၍ ချုပ်၏။ (တိက္ခပညပုဂ္ဂိုလ်၌) အနုလုံ အနုလုံ အနုလုံ ဟု သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် နိဗ္ဗာန်ကိုအာရုံပြု၍ အရဟတ္တဖိုလ်ဇောသည် အကြိမ်များစွာဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

## အဘယ်ဖိုလ်ကို ဝင်စားသနည်း

အကယ်၍ အရိယာသာဝကသည် ပဌမစျာန်နှင့် ယှဉ်သော မဂ်ကို ရခဲ့သည်ဖြစ်အံ့၊ ပဌမစျာန်နှင့်ယှဉ်သော ဖိုလ်သည်သာလျှင် ဖြစ်၏။ ဒုတိယစျာန်စသည်တို့တွင် တပါးပါးနှင့် ယှဉ်သော မဂ်ကို ရခဲ့ငြားအံ့, ဒုတိယစျာန်စသည်တို့တွင် တပါးပါးနှင့် ယှဉ်သော ဖိုလ်သည်သာလျှင် ဖြစ်၏။

(မဟာစည် ဝိသုဒ္ဓိ ပြန် ၈ ၆၁၂)

## စျာန်အင်္ဂါကို ဆင်ခြင်သည့် စျာနပစ္စဝေက္ခဏာဝီထိ

စျာန်အင်္ဂါများ

ဘ ဘ ဘ " န ဒ မ ၉ ၉ ၉ ၉ ၉ ၉ ၉ " ဘ ဘ ဘ

မဟာကု–၈၊ မဟာကြိ–၈

စျာန်ကို ဆင်ခြင်လိုသော **စျာန်ရပုဂ္ဂိုလ်**၏ သန္တာန်၌ စျာန်၌ပါသော အတိတ်ဖြစ်သော ဝိတက်သည် မနောဒွါရ၌ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထင်လာသော ဝိတက်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် **မဟာကုသိုလ်စိတ် ၈–ပါး**တွင် တပါးပါးသည် ထင်လာသော ဝိတက်ကို အာရုံပြု၍ ပစ္စဝေက္ခဏာဇောအဖြစ် ၇–ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

စျာန်ကို ဆင်ခြင်လိုသော **စျာန်ရ ရဟန္တာပုဂ္ဂိုလ်**၏ သန္တာန်၌ စျာန်၌ပါသော အတိတ်ဖြစ်သော ဝိတက်သည် မနောဒွါရ၌ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထင်လာသော ဝိတက်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် **မဟာကြိယာစိတ် ၈–ပါး**တွင် တပါးပါးသည် ထင်လာသော ဝိတက်ကို အာရုံပြု၍ ပစ္စဝေက္ခဏာဇောအဖြစ် ၇–ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

(ဝိစာရကို ဆင်ခြင်သည့် ဝီထိ၊ ပီတိကို ဆင်ခြင်သည့် ဝီထိ၊ (ဝေဒနာ) သုခ သို့မဟုတ် ဥပေက္ခာကို ဆင်ခြင်သည့် ဝီထိ၊ ဧကဂ္ဂတာကို ဆင်ခြင်သည့် ဝီထိ၊ အပေါင်းဖြစ်သော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာကို ဆင်ခြင်သည့်ဝီထိ တို့၌လည်း နည်းတူ ဆိုပါ)

♠ ဝသီဘော်နိုင်သူ၌ ပစ္စဝေက္ခဏာဇောတို့သည် ၄–ကြိမ် သို့မဟုတ် ၅–ကြိမ်သာ ဖြစ်သည်။ ဝသီဘော် မနိုင်သေးသူ၌ ပစ္စဝေက္ခဏာဇောတို့သည် ၇–ကြိမ်ပင် ကျသည်။

## မဂ်/ဖိုလ်/နိဗ္ဗာန်ကို ဆင်ခြင်သည့် ပစ္စဝေက္ခဏာဝီထိ

မဂ် / ဖိုလ် / နိဗ္ဗာန်

ဘ ဘ ဘ " န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ " ဘ ဘ ဘ

မဟာကုသိုလ်ညဉ်သံ-၄၊ မဟာကြိယာညဉ်သံ-၄

သောတာပတ္တိမဂ်ကို ဆင်ခြင်သော သောတာပန်၏ သန္တာန်၌ အတိတ်ဖြစ်သော သောတာပတ္တိမဂ်စိတ်သည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထင်လာသော သောတာပတ္တိမဂ်စိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် **မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါး**တွင် တပါးပါးသည် ထင်လာသော မဂ်ကို အာရုံပြု၍ ပစ္စဝေက္ခဏာဇောအဖြစ် ၇-ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။
(သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်တို့ အတွက်လည်း နည်းတူ ဆိုပါ)

နိဗ္ဗာန်ကို ဆင်ခြင်သော သောတာပန်၏ သန္တာန်၌ နိဗ္ဗာန်သည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထင်လာသော နိဗ္ဗာန်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် **မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါး**တွင် တပါးပါးသည် ထင်လာသော နိဗ္ဗန်ကို အာရုံပြု၍ ပစ္စဝေက္ခဏာဇောအဖြစ် ၇-ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

♠ ဉာဏသမ္ပယုတ်စိတ်ဖြင့်သာ မဂ် ဖိုလ် နိဗ္ဗာန်ကို သိနိုင်သည်။

အရဟတ္တမဂ်ကို ဆင်ခြင်သော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ အတိတ်ဖြစ်သော အရဟတ္တမဂ်သည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထင်လာသော အရဟတ္တမဂ်စိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် **မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ပါး**တွင် တပါးပါးသည် ထင်လာသော မဂ်ကို အာရုံပြု၍ ပစ္စဝေက္ခဏာဇောအဖြစ် ၇-ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

## ပယ်ပြီးကိလေသာ / ကြွင်းကိလေသာကို ဆင်ခြင်သည့် ပစ္စဝေက္ခဏာဝီထိ

ပယ်ပြီးကိလေသာ / ကြွင်းကိလေသာ

ဘ ဘ ဘ " န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ " ဘ ဘ ဘ

မဟာကု–၈၊ မဟာကြိ–၈

ပယ်ပြီး ကိလေသာကို ဆင်ခြင်သော သောတာပန်/သကဒါဂါမ်/အနာဂါမ်တို့၏သန္တာန်၌ ပယ်ပြီး ကိလေသာသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထင်လာသော **ပယ်ပြီး ကိလေသာ**ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် **မဟာကုသိုလ်စိတ် ၈–ပါး**တွင် တပါးပါးသည် ထင်လာသော **ပယ်ပြီး ကိလေသာ**ကို အာရုံပြု၍ ပစ္စဝေက္ခဏာဇောအဖြစ် ၇–ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

(ကြွင်းကိလေသာအတွက်လည်း နည်းတူဆိုပါ)

ပယ်ပြီး ကိလေသာကို ဆင်ခြင်သော ရဟန္တာ၏သန္တာန်၌ ပယ်ပြီး ကိလေသာသည် **မနောဒွါရ၌ ထင်လာသည်ရှိသော်** ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထင်လာသော **ပယ်ပြီး ကိလေသာ**ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် **မဟာကြိယာစိတ် ၈–ပါး**တွင် တပါးပါးသည် ထင်လာသော **ပယ်ပြီး ကိလေသာ**ကို အာရုံပြု၍ ပစ္စဝေက္ခဏာဇောအဖြစ် ၇–ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

♠ ရဟန္တာ၌ ကြွင်းကိလေသာမရှိတော့၍ ကြွင်းကိလေသာဆင်ခြင်သည့် ဝီထိ မဖြစ်။ သောတာပန်၌ ပစ္စဝေက္ခဏာ ၅ ဝီထိ၊ သကဒါဂါမ်, အနာဂါမ်အတွက်လည်း ၅–ဝီထိစီ။ ရဟန္တာအတွက် ၄–ဝီထိ။ ပေါင်း ပစ္စဝေက္ခဏာဝီထိ ၁၉–မျိုး ဖြစ်၏။ ထို ၁၉–ဝီထိတွင် ဖြစ်သော ပစ္စဝေက္ခဏာဉာဏ်ကို ဝိမုတ္တိဉာဏ် ၁၉–တန်ဟု ခေါ်သည်။ (ဝီထိပုံကျမ်း–၂၀)

♠ မဂ်လေးပါးဖြစ်ရာ၌ မဂ္ဂဝီထိလေးခါဖြစ်ပုံ, မဂ္ဂဝီထိဖြစ်ပြီးတိုင်း ပစ္စဝေက္ခဏာဖြစ်ပုံ, နောက်ထပ်မဂ္ဂဝီထိ ဖြစ်ရန် ဝိပဿနာဉာဏ်ဖြစ်ပုံ အသေးစိတ်ကို မဟာဗုဒ္ဓဝင် ဒုတိယတွဲ ၃၃၃–၃၄၀ တွင် ကြည့်ပါ။

## ဝီထိနှစ်ခုအကြား ဘဝင်များ

♠ ပကတိကာလ၌ မြတ်စွာဘုရားတို့မှာ တဝီထိနှင် တဝီထိအကြား ဘဝင်နှစ်ကြိမ်သာ ခြားသည်။ အရှင်သာရိပုတ္တရာမှာ ၁၆–ကြိမ်သာ ခြားသည်။ ကြွင်းသောသူတို့မှာ အပိုင်းအခြားမရှိ။ အာဝဇ္ဇနဝသီဘော် အရာ၌ အရှင်သာရိပုတ္တရာစသော ပုဂ္ဂိုလ်တို့အားလည်း ပေစ္စဝေက္ခဏာ တဝီထိနှင့် တဝီထိအကြား ဘဝင်နှစ်ကြိမ်သာ ခြားသည်။ (မိုင်းခိုင်းဝီထိပုံ ၂၃)

♠ ပစ္စဝေက္ခဏာဇောတို့သည် မိမိရပြီးသော ဈာန်မဂ်ဖိုလ် စသည်နှင့် ပယ်ပြီးကိလေသာ မပယ်ရသေးသော ကိလေသာတို့ကို ဆင်ခြင်ရာ၌ **လျင်လျင်မြန်မြန် ဖြစ်ဘွယ်မလို၍** ၇ကြိမ်တိုင်အောင် ကျလေသည်။ သို့ရာတွင် ဘုရားရဟန္တာနှင့် တိဟိတ်ပုထုဇဉ် သေက္ခပုဂ္ဂိုလ်များအား ရေမီးအစုံအစုံဟုဆိုအပ်သော **တန်ခိုးပြာဋိဟာကို ပြလိုသောအခါမျိုး၌ လျင်လျင်မြန်မြန် ဖြစ်လိုရကား** ၇–ကြိမ်ဖြစ်ခွင့်မရ။ လေးကြိမ်းငါးကြိမ်သာ ဖြစ်ခွင့်ရသည်။ တိက္ခ၌ လေးကြိမ်၊ မန္ဒ၌ ငါးကြိမ် (သို့မဟုတ်) ဘုရား၌ လေးကြိမ် သာဝကတို့၌ ငါးကြိမ် ကျသည်။ (ပရမတ္ထသင်္ဂဟသံပေါက် ၁၇၀)

♠ အာဒိကမ္မိကဇောအရာ၌ အပ္ပနာဇောတို့သည် တကြိမ်တခါက်မျှ မရောက်ဘူးသေးသော အရပ်ဒေသသို့ ရောက်လာသည့် ဧည့်သည်အာဂန္တုကဲ့သို့ လွန်စွာအားနည်းလှသောကြောင့် အကြိမ်များစွာ မဖြစ်ပဲ တကြိမ်တည်းသာ ဖြစ်ကုန်၏။ အဘိညာဉ်ဇောလည်း ရကာစ၌ဖြစ်စေ ရပြီးနောက် အကြိမ်ကြိမ် ဝင်စားအသုံးပြုရာ၌ ဖြစ်စေ အခါခပ်သိမ်း တကြိမ်သာ အသုံးပြု၏။ အကြောင်းမူကား အဘိညာဉ်ဇောတို့သဘောမှာ ဆိုင်ရာတန်ခိုးအမျိုးမျိုးတို့ကို ဖြစ်စေရခြင်း သိရခြင်းသဘော ရှိကုန်၏။ ထိုကိစ္စတို့ကို တကြိမ်တခါတည်းဖြင့် အလုံးစုံပြီးဆုံးအောင် ဆောင်ရွက်နိုင်သော သတ္တိရှိသဖြင့် နောက်ထပ် ဖြစ်နေဘွယ်မလိုသောကြောင့် တကြိမ်သာ ဖြစ်ရလေသည်။(ပရမတ္ထသင်္ဂဟသံပေါက် ၆၄)

## အဘိညာဝီထိ

ကသိုဏ်း(တပါးပါး)အာရုံ

၁။ ပါဒကဈာနဝီထိ – ဘ "န ဒ မ ပ ဥ နု ဂေါ | ဈ ဈ ဈ (လိုသလောက်)" ဘ

မဟာကု/ကြိ ဉာဉသံ–၄ ရူပကု/ကြိ–မဈာန်–၂

ဖန်ဆင်းအပ်သော ဆင်မြင်းစသော အရုပ်

၂။ ပရိကမ္မဝီထိ – ဘ "န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ

မဟာကု–၈ /မဟာကြိ–၈

ကသိုဏ်း(တပါးပါး)အာရုံ

၃။ ပါဒကဈာနဝီထိ – ဘ "န ဒ မ ပ ဥ နု ဂေါ | ဈ ဈ ဈ (လိုသလောက်)" ဘ

မကု/ကြိ ဉာဉသံ–၄ ရူပကု/ကြိ–မဈာန်–၂

ဖန်ဆင်းအပ်သော ဆင်မြင်းစသော အရုပ်

၄။ အဘိညာဝီထိ – ဘ "န ဒ မ ပ ဥ နု ဂေါ | ဘိ" ဘ

မဟာကု/ကြိ ဉာဉသံ–၄ ရူပကု/ကြိ–မဈာန်–၂

## အဘိညာဝီထိဖြစ်စဉ်ဆိုရိုး

၁။ ကိုယ်ခွဲတထောင် ဖန်ဆင်းရန် ရူပါဝစရ ပဥ္စမဈာန်ကို ဝင်စားလိုသူသန္တာန်၌ (ပထဝီ)ကသိုဏ်း ပဋိဘာဂနိမိတ် အာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟူ၍ ဘဝင်နှစ်ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် ထိုထင်လာသော ကသိုဏ်းပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောင် မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ်စိတ် ၂–ပါး (ရဟန္တာအတွက် မဟာကြိယာ ဥပေက္ခာ ဉာဏသမ္ပယုတ်စိတ် ၂–ပါး) တွင် တပါးပါးသည် မန္ဒပညပုဂ္ဂိုလ်၌ ပရိကမ် ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော ၄–ကြိမ်၊ တိက္ခပညပုဂ္ဂိုလ်၌ ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော ၃–ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောက် ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ရူပါဝစရ ပဥ္စမဈာန် ကုသိုလ် (ရဟန္တာအတွက် ကြိယာ) စိတ်သည် အလိုရှိတိုင်း များစွာဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

♠ ပါဒကဈာန်ကို ဝင်စားသဖြင့် သမာဓိရ၍ "တရာဖြစ်ပါစေ, တထောင်ဖြစ်ပါစေ" စသည်ဖြင့် စိတ်အကြံအဓိဋ္ဌာန်ပြုသည့် (ပရိကမ်ပြုသည့်) အခါ စိတ်ကို တည်ငြိမ်အောင် ထားနိုင်စွမ်းရှိ၏။

♠ ဣဒ္ဓိဝိဓအဘိညာဉ်၏၏ပါဒကဈာနဝီထိမှာ ပထဝီကသိုဏ်းကိုအာရုံပြု၍ ကျန်အဘိညာဉ်၏ ပါဒကဈာနဝီထိမှာ အာလောက ကသိုဏ်းကို အာရုံပြုသည်။ (မနောရထပူရဏီ ၁၀၉)

၂။ ကိုယ်ခွဲတထောင် ဖန်ဆင်းရန် စိတ်အကြံဖြင့် တထောင်ဖြစ်ပါစေဟု အဓိဋ္ဌာန်ပြုသူသန္တာန်၌ ကိုယ်ခွဲတထောင်အရုပ်သည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထင်လာသော ကိုယ်ခွဲတထောင်အရုပ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။ ထို့နောက် မဟာကုသိုလ် ၈–ပါးတွင် (ရဟန္တာအတွက် မဟာကြိယာ ၈–ပါးတွင်) တပါးပါးသည် အဓိဋ္ဌာန်ဇောအဖြစ် ၇–ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

♠ "တရာဖြစ်ပါစေ, တထောင်ဖြစ်ပါစေ" စသည်ဖြင့် စိတ်အကြံ အဓိဋ္ဌာန်ပြုသည့်အခါ (ပရိကမ်ပြုသည့်အခါ) ဖြစ်စေလိုရာကို စိတ်ဖြင့် အာရုံပြု၍ ဆောက်တည်ရသည်။ စိတ်ထဲ၌ စွဲမြဲလာအောင် အဓိဋ္ဌာန်ရမည် ဖြစ်၍ ဤဝီထိမျိုး အတော်များများ ဖြစ်နိုင်သည်။

၃။ ကိုယ်ခွဲတထောင် ဖန်ဆင်းရန် အဘိညာဉ်၏ အခြေခံ ရူပါဝစရပဥ္စမစျာန်ကို ဝင်စားလိုသူသန္တာန်၌ (ပထဝီ)ကသိုဏ်း ပဋိဘာဂနိမိတ် အာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် ထိုထင်လာသော ကသိုဏ်းပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောင် မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ်စိတ် ၂–ပါး (ရဟန္တာအတွက် မဟာကြိယာ ဥပေက္ခာ ဉာဏသမ္ပယုတ်စိတ် ၂–ပါး) တွင် တပါးပါးသည် မန္ဒပညပုဂ္ဂိုလ်၌ ပရိကမ် ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော ၄–ကြိမ်၊ တိက္ခပညပုဂ္ဂိုလ်၌ ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော ၃–ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောက် စျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရ ပဥ္စမစျာန် ကုသိုလ် (ရဟန္တာအတွက် ကြိယာ) စိတ်သည် အလိုရှိတိုင်း များစွာဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

♠ အဘိညာဉ်ဝီထိအားရှိအောင် ပါဒကစျာန်ကို ထပ်မံဝင်စားရသည်။အဘိညာဉ်၌ ကျွမ်းကျင်သူမှာ ပါဒကစျာန်ကို ထပ်မံဝင်စားရန်မလို။ အဘိညာဝီထိ မပေါ်နိုင်သေးသမျှ ပါဒကစျာနဝီထိ ပရိကမ္မဝီထိတို့ကို ထပ်ကာထပ်ကာ ဖြစ်စေရမည်။

၄။ ကိုယ်ခွဲတထောင် ဖန်ဆင်းလိုသူ သန္တာန်၌ ကိုယ်ခွဲတထောင် အာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟူ၍ ဘဝင်နှစ်ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် ထိုထင်လာသော ကိုယ်ခွဲတထောင်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောင် မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ်စိတ် ၂–ပါး (ရဟန္တာအတွက် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၂–ပါး)တွင် တပါးပါးသည် မန္ဒပညပုဂ္ဂိုလ်၌ ပရိကမ် ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော ၄–ကြိမ်၊ တိက္ခပညပုဂ္ဂိုလ်၌ ဥပစာ အနုလုံ ဂေါတြဘု ဟု ဥပစာရသမာဓိဇော ၃–ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောက် စျာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ရူပါဝစရ ပဥ္စမစျာန် ကုသိုလ် (ရဟန္တာအတွက် ကြိယာ) စိတ်သည် အဘိညာဉ်အဖြစ် တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

## အဘိညာဝီထိနှင့်စပ်၍ သိမှတ်ဖွယ်ရာများ

ရူပကုသိုလ်ကြိယာ ပဉ္စမဈာန်နှင့်ယှဉ်သော အလွန်အကျူး အထူးသိတတ်သော ဉာဏ်ကို "အဘိညာ" ဟု ခေါ်သည်။ ဈာန်ကိုးပါးလုံးရပြီး ဝသိဘော်မြောက်အောင် လေ့ကျင့်ထားပြီးသူသည်သာ အဘိညာဉ်ကို ဖြစ်စေနိုင်သည်။ ထူးခြားသူ အချို့တို့၌ ရူပပဉ္စမဈာန်ကို ရရုံဖြင့်လည်းကောင်း မဂ်ကိုရသည်နှင့် တပြိုင်နက်လည်းကောင်း အဘိညာဉ်ကိုလည်း ရနိုင်သည်။

အဘိညာဝီထိသည် ဣဒ္ဓိဝိဓ[၁]အဘိညာဝီထိ, ဒိဗ္ဗသောတ[၂], ပရစိတ္တဝိဇာနန[၃], ပုဗ္ဗေနိဝါသာနုဿတိ[၄], ဒိဗ္ဗစက္ခု[၅], ယထာကမ္မူပဂ[၆], အနာဂတံသ[၇]အဘိညာဝီထိ ဟူ၍ ၇-မျိုး ရှိ၏။ ထိုတွင် ဣဒ္ဓိဝိဓအဘိညာဉ်ဝီထိ၌ လည်း အဓိဋ္ဌာနိဒ္ဓိ[၈], ဝိကုဗ္ဗနိဒ္ဓိ[၉], မနောမယိဒ္ဓိ[၁၀] ဟူ၍ သုံးမျိုး ရှိပြန်သည်။

ဣဒ္ဓိဝိဓ(အဓိဋ္ဌာနိဒ္ဓိ)ဖြင့် တယောက်ကိုအများ, အများကို တယောက်ဖြစ်စေခြင်း၊ ကိုယ်ထင်ပြခြင်း၊ နံရံ တံတိုင်း အဆီးအတားမဲ့ သွားလာနိုင်ခြင်း၊ ရေကို မြေပြင်ပြုခြင်း၊ မြေကို ရေအသွင်ပြုခြင်း၊ ကောင်းကင်သို့သွားခြင်း၊ လနေကိုကိုင်ခြင်း၊ ဗြဟ္မာ့ပြည်ကို သွားခြင်း စသည့်တန်ခိုး အမျိုးမျိုး ဖြစ်စေနိုင်သည်။ လူအများ မြင်နိုင်သော ကိုယ်ဖြင့် ဝါဂွမ်းဆိုင်လို ပေါ့ပါးစွာ ကောင်းကင်မှ လိုရာအရပ်သို့ သွားရာ၌ ရူပါဝစရပဉ္စမဈာန် အဘိညာဉ်စိတ်သည် ပါဒကဖြစ်သော ရူပါဝစရပဉ္စမဈာန်ကို အာရုံပြုသည်။ လူအများမမြင်နိုင်ပဲ ရုတ်တရက် လျင်မြန်စွာ အလိုရှိရာသို့ သွားရာ၌ အဘိညာဏ်စိတ်သည် မိမိရူပကာယ ခန္ဓာကိုယ်ကို အာရုံပြုသည်။ **အဘိညာဉ်စိတ်၏ ဥပါဒ် ဌီ ဘင် ခဏမှာပင်** အလိုရှိရာ နတ်ပြည် ဗြဟ္မာ့ပြည် သို့ ရောက်နိုင်သည်။

ဣဒ္ဓိဝိဓ(ဝိကုဗ္ဗနိဒ္ဓိ)ဖြင့် မိမိအသွင်သဏ္ဌာန်ကို ဖျောက်၍ သူငယ်အသွင် နဂါး ဂဠုန် ကုမ္ဘဏ် ယက္ခ ဂန္ဓဗ္ဗနှင့် ဒေဝဗြဟ္မာ သမုဒြာတောတောင် သားကောင်အမျိုးမျိုး, ဆင်မြင်းရထား ခြေလျင်အားဖြင့် စစ်အင်္ဂါ အမျိုးမျိုးဖြစ်အောင် အယောင်ဆောင်သော တန်ခိုးကို ဖြစ်စေနိုင်သည်။

---

၁ အထူးထူးသော တန်ခိုး

၂ နတ်နား

၃ သူတပါးစိတ်ကို သိခြင်း

၄ ရှေးဘဝ၌ အတွေ့အကြုံကို သတိရခြင်း

၅ နတ်မျက်စိ

၆ ကံအားလျော်စွာ ဘဝသို့ ကပ်ရောက်ရခြင်း

၇ အနာဂတ်အသို့

၈ အဓိဋ္ဌာန်ရသည့် တန်ခိုး

၉ အရုပ်အမျိုးမျိုး ပြုလုပ်ခြင်း

၁၀ စိတ်ကြောင့်ဖြစ်သောတန်ခိုး

**ဒိဗ္ဗသောတ**အဘိညာဉ်ဖြင့် ပကတိနားနှင့် မကြားနိုင်သော ကိုယ်တွင်းအဇ္ဈတ္တအသံ, အပြင်ဗဟိဒ္ဓ ဝေးသောအသံ တိုးသောအသံတို့ကို အားကောင်းသော သမာဓိအစွမ်းကြောင့် ကြားနိုင်သည်။ နတ်ဗြဟ္မာတို့သည်လည်း ၎င်းတို့၏ ထူးမြတ်သော ကံကြောင့်ဖြစ်သော သောတပသာဒသည် သလိပ် သည်းခြေ လေစသော အနှောက်အယှက်ကင်းပြီး အလွန်သန့်ရှင်း၍ ဝေးသောအသံ တိုးသောအသံတို့က ကြားနိုင်သည်။ အဓိဋ္ဌာန်ပြုရာ၌ "ဤသူ၏ အသံကို ကြားလို၏"ဟု အဓိဋ္ဌာန်ပြုရသည်။

**ပရစိတ္တဝိဇာနန**အဘိညာဉ်ဖြင့် လွန်လေပြီးသော ၇-ရက်မှ စ၍ လာလတံ့သော ၇-ရက်တွင်း ဖြစ်သမျှ သူတပါးတို့၏ စိတ်+စေတသိက် အမျိုးမျိုးကို သိနိုင်သည်။ အဓိဋ္ဌာန်ပြုရာ၌ "ဤသူ၏ စိတ်ကို သိလို၏"ဟု အဓိဋ္ဌာန်ပြုရသည်။

**ပုဗ္ဗေနိဝါသာနုဿတိ** အဘိညာဉ်ဖြင့် လွန်ပြီးစ ဒုတိယဘဝမှစ၍ မိမိ၌လည်းကောင် သူတပါး၌လည်းကောင်း ဖြစ်ခဲ့ဘူးသမျှ စိတ်+စေတသိက်အားလုံးနှင့် ၎င်းတို့နှင့်ဆက်နွယ်သော အမျိုးအနွယ်အမည်စသည်ကို သိနိုင်သည်။ ပရိနိဗ္ဗာန်ပြုပြီးသူ၏ နိဗ္ဗာန်ကိုလည်း သိနိုင်သည်။ လွန်လေပြီး ၇-ရက်မှစ၍ ဤဘဝတွင် ဖြစ်ခဲ့သမျှကိုလည်း ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့်ပင် သိသည်ဟု **ရာသီစုကျမ်းက** ဆိုသည်။ **ဝိသုဒ္ဓိမဂ်ကျမ်းက** ဤဘဝအတွက် မိမိနှင့်စပ်သော လွန်ပြီးသော အာရုံဟူသမျှကို ရိုးရိုးပရိကမ္မသမာဓိနှင့်ယှဉ်သော ကာမာဝစရဉာဏ်ကပင် သိနိုင်သည်ဟု ဆိုသည်။ **ပရမတ္ထဒီပနီကျမ်းက** ဤဘဝ၌ လွန်ခဲ့ပြီးသော သူတပါး၏ စိတ်စေတသိက်နှင့် အမျိုးအနွယ်စသော ပညတ်, နိဗ္ဗာန်ကို ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် သိသည်ဟု ဆိုသည်။ အဓိဋ္ဌာန် ပြုရာ၌ "ဤသူ၏ ခန္ဓာ, အမျိုးအနွယ်, နိဗ္ဗာန် စသည်ကို သိလို၏"ဟု အဓိဋ္ဌာန်ပြုရသည်။

**ဒိဗ္ဗစက္ခု**အဘိညာဉ်ဖြင့် ပကတိမျက်စိနှင့် မမြင်နိုင်သော ကိုယ်တွင်းအဇ္ဈတ္တအဆင်း, အပြင်ဗဟိဒ္ဓ ဝေးသောအဆင်း သိမ်မွေ့နူးညံ့သော အဆင်းတို့ကို အားကောင်းသော သမာဓိအစွမ်းကြောင့် မြင်နိုင်သည်။ သစ်ပင်တောတောင်ကွယ်နေသည့် အဆင်းကိုလည်း သစ်ပင်တောတောင်တို့၏ အာကာသမှ ဖောက်ထွင်း၍ မြင်နိုင်သည်။ စုတေခါနီးသူ ပဋိသန္ဓေနေပြီးခါစသူတို့ကိုလည်း မြင်နိုင်သောကြောင့် **"စုတူပပါတဉာဏ်"** ဟုလည်း ခေါ်သည်။ နတ်ဗြဟ္မာတို့သည်လည်း ၎င်းတို့၏ ထူးမြတ်သည့် ကံကြောင့်ဖြစ်သော စက္ခုပသာဒ သည် သလိပ် သည်းခြေ လေစသော အနှောက်အယှက်ကင်းပြီး အလွန်သန့်ရှင်း၍ ဝေးသောအဆင်း သိမ်မွေ့နူးညံ့သော အဆင်းနှင့် တောင်နံရံစသည် ကွယ်နေသည့်အရာကိုလည်း မြင်နိုင်သည်။ အဓိဋ္ဌာန် ပြုရာ၌ "ဤသူ၏ အဆင်းကို မြင်လို၏"ဟု အဓိဋ္ဌာန်ပြုရသည်။ ပါဒကစျာန်ဝင်စားသည့်အခါ အလင်းရောင် ပေါ်ဖို့ရာ တေဇော ဩဒါတ အာလောက ကသိုဏ်းသုံးမျိုးတွင်သာ တမျိုးမျိုးကို အာရုံပြု၍ ဝင်စားရမည်။ အခြားကသိုဏ်းကို အာရုံပြု၍ မရ။

**ယထာကမ္မူပဂ**အဘိညာဉ်ဖြင့် ကံအားလျော်စွာ ထိုထိုဘဝသို့ ရောက်နေသူများ၏ ဘဝသို့ ရောက်ကြောင်း အတိတ်ကံ(စေတနာ)ကို အတိအကျ သိနိုင်သည်။ ကံကိုပဓာနပြု၍ ကံနှင့်ယှဉ်သော စိတ်+စေတသိက် နာမက္ခန္ဓာ ၄–ပါးလုံးကိုပင် သိသည်။ ဒိဗ္ဗစက္ခုဖြင့် ထိုထိုဘဝသို့ ရောက်နေသူကို မြင်၏။ ထို့နောက် ပါဒကဈာန်ကို ဝင်စား၍ ဈာန်မှထပြီးလျှင် "ဘယ်ကံကြောင့် ဤဘုံ၌ ဖြစ်ပါလိမ့်မည်နည်း"ဟု စိတ်အကြံဝီထိဖြစ်သည်။ ထို့နောင် တဖန်ပါဒကဈာန်ဝင်စားပြီး၍ အဘိညာဉ်ဝီထိဖြစ်သောအခါ ထိုဘဝသို့ ရောက်ကြောင်းကံကို အမှန်အတိုင်းသိရသည်။

**အနာဂတံသ**အဘိညာဉ်ဖြင့် ယနေ့အဘို့မှစ၍ အဇ္ဈတ္တ ဗဟိဒ္ဓ မိမိသူတပါး သန္တာန်၌ရှိသော ကာမ မဟဂ္ဂုတ် လောကုတ္တရာ စိတ်+စေတသိက် ရုပ်ဟူသော အနာဂတ်တရားစုနှင့် အနွယ်အမည် အထည်ဒြပ် ပညတ် နိဗ္ဗာန်တို့ကို သိနိုင်သည်။ အဝေး၌ နေသူကို ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှု၍ ထိုသူ၏ အတိတ်ကံကိုလည်းကောင်း ယခုဘဝ၌ ပြုအပ်ခဲ့ပြီးသော ကံကိုလည်းကောင်း ယထာကမ္မူပဂဉာဏ်ဖြင့် သိပြီးလျှင် "ဤကံများကြောင့် အနာဂတ် ဘဝဝယ် ဘာဖြစ်လိမ့်မည်နည်း"ဟု စဉ်းစားသည့် ဝီထိဖြစ်သည်။ ထို့နောက် တဖန်ပါဒကဈာန် ဝင်စားပြီး၍ အဘိညာဉ်ဝီထိဖြစ်သောအခါ ထိုသူ၏ အနာဂတ်အကြောင်းအရာတွေကို သိရလေသည်။

**အထူးမှတ်ရန်** ယနေ့မှစ၍ ၇–ရက်အတွင်း ဖြစ်လတံ့သော စိတ်,စေတသိက်အားလုံးကို ပရစိတ္တဝိဇာနန နှင့် အနာဂတံသအဘိညာဉ် နှစ်မျိုးလုံးက သိနိုင်သည်။ ၇–ရက်အတွင်း၌ စိတ်စေတသိက်မှ ကြွင်းသော အာရုံများကိုလည်းကောင်း, ၇–ရက်မှနောက် စိတ်စေတသိက်နှင့်တကွ အာရုံအားလုံးကိုလည်းကောင်း အနာဂတံသအဘိညာဉ်သာ သိနိုင်သည်။

အဘိညာဉ်အကြောင်း<br>
သင်္ဂြိုဟ်ဘာသာဋီကာ ၆၇၅–၆၈၀<br>
ဝီထိနှင့်သုံးချက်စု ဘာသာဋီကာ ၆၀–၇၀<br>
မိုင်းခိုင်းဆရာတော်ဝီထိပုံ ၂၁–၂၃<br>
ပဋ္ဌာန်းအရကောက် ၃၅၆–၃၅၈

# နိရောဓသမာပတ္တိဝီထိ

ဤနိရောဓသမာပတ်ကို ကာမ+ရူပဘုံသား လောကီသမာပတ် ၈–ပါး ရကြသည့် အနာဂါမ် အရိယာ ရဟန္တာတို့သာ ဝင်စားနိုင်၏။ ဤနိရောဓသမာပတ်ကို ဝင်စားလိုသူသည် ရှေးဦးစွာ ရူပါဝစရပထမဈာန်ကို ဝင်စားရ၏။ ပထမဈာနသမာပတ္တိဝီထိ ဖြစ်သည်။ ထိုဈာန်မှ ထပြီးသောအခါ ထိုဈာန်အတွင်း ဖြစ်ပွားသော **ရုပ်နာမ်**တို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာ **အကြိမ်ကြိမ်** ရှုရ၏။ ကာမဇောမနောဒွါရဝီထိ ဖြစ်သည်။ ဤ၌ ဈာန်ဝင်စားသည်ကား သမထဖြစ်သည်။ လက္ခဏာရေး ၃–ပါးကို ရှုသည်ကား ဝိပဿနာဖြစ်သည်။ ဤသို့ ပထမဈာန်၌ သမထနှင့်ဝိပဿနာ အစုံအလုပ်လုပ်သကဲ့သို့ ဒုတိယဈာန်ကို ဝင်စား, ထိုဈာန်မှထပြီး ဝိပဿနာရှု၊ တတိယဈာန်ကို ဝင်စား, ထိုဈာန်မှထပြီး ဝိပဿနာရှု၊ စတုတ္ထဈာန်ကို ဝင်စား, ထိုဈာန်မှထပြီး ဝိပဿနာရှု၊ ပဉ္စမဈာန်ကို ဝင်စား, ထိုဈာန်မှထပြီး ဝိပဿနာရှု၊ အာကာသာနဉ္စာယတနဈာန်ကို ဝင်စား, ထိုဈာန်မှထပြီး ဝိပဿနာရှု၊ ဝိညာနဉ္စာယတနဈာန်ကို ဝင်စား, ထိုဈာန်မှထပြီး ဝိပဿနာရှုရမည်။ ထို့နောက် အာကိဉ္စညာယတနဈာန်ကို ဝင်စားပြီး ထိုဈာန်မှအထတွင် ဝိပဿနာမရှုတော့ပဲ ပုဗ္ဗကိစ္စ[၁] ၄–ပါးပြုလုပ်ရသည်။

## ပုဗ္ဗကိစ္စ ၄–ပါးကား

၁။ နာနာဗဒ္ဓအဝိကောပန အဓိဋ္ဌာန်[၂]

**မိမိကိုယ်နှင့် ကင်းကွာနေသော** ပရိက္ခရာတို့ကို မိမိ သမာပတ်ဝင်စားနေခိုက် ရန်သူမျိုး ၅–ပါး တို့ မဖျက်ဆီးနိုင်ပါစေသားဟု အဓိဋ္ဌာန်ပြုရသည်။ ကာမဇောမနောဒွါရဝီထိ ဖြစ်သည်။ **မိမိကိုယ်၌ စပ်လျက်ရှိသော** သင်္ကန်းစသည်မှာ သမာပတ်၏ အစွမ်းကြောင့် မပျက်စီးနိုင်၍ အဓိဋ္ဌာန်ပြီး ကာကွယ်ဖို့မလို။

၂။ သတ္ထုပက္ကောသန အဓိဋ္ဌာန်[၃]

မိမိသမာပတ် ဝင်စားနေခိုက် မြတ်စွာဘုရားက မိမိကို အလိုရှိ၍ တမန်ရဟန်းလွှတ်ပြီး အခေါ်ခိုင်းခဲ့သော် ထိုတမန်ရဟန်း မိမိထံမရောက်ခင် ကြိုတင်၍ ငါသည် သမာပတ်မှ ထရပါလို၏ဟု အဓိဋ္ဌာန်ပြုရသည်။ ဘုရားကို ရိုသေလှသောကြောင့် ဤသို့ပြုသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက်၌ကား ဤသို့ အဓိဋ္ဌာန်ဘွယ် မလိုတော့။

---

၁ (နိရောသမာပတ်မဝင်စားမီ) ရှေးဦးပြုဘွယ်

၂ နာနာဗဒ္ဓ–အမျိုးမျိုးသောအရပ်၌ စပ်နေသော မိမိပရိက္ခရာဘဏ္ဍာများကို၊ အဝိကောပန–မပျက်စီးရအောင် အဓိဋ္ဌာန်ပြုခြင်း

၃ သတ္ထု–မြတ်စွာဘုရား၊ ပက္ကောသန–ခေါ်ခြင်း

၃။ သံဃပဋိမာနန အဓိဋ္ဌာန်[၁]

မိမိသမာပတ် ဝင်စားနေခိုက် သံဃာက ကိစ္စရှိ၍ မိမိထံ တမန်ရဟန်းလွှတ်ကာ အခေါ်ခိုင်းလျှင် ထိုတမန်ရဟန်း မိမိထံ မရောက်ခင် ကြိုတင်၍ ငါသည် သမာပတ်မှ ထရပါလို၏ဟု အဓိဋ္ဌာန်ပြုရ၏။ သံဃာကို ရိုသေလှသောကြောင့် ဤသို့ ပြုသည်။ ဤသို့ အဓိဋ္ဌာန်၍ ဝင်စားလျှင် သံဃာတို့က စောင့်ဆိုင်းသည်နှင့် သမာပတ်မှ ထနိုင်၏။ အဓိဋ္ဌာန်မပြုဘဲ ဝင်စားလျှင် သံဃာတို့က အလိုရှိသည့်အခါ သံဃာ့အမိန့်ဖြင့် ကြားလောက်ရာအရပ်က "အရှင့်ကို သံဃာများ မျှော်နေသည်"ဟု ပြောလိုက်လျှင် သမာပတ်မှ ထရသည်။

၄။ အဒ္ဓါနပရိစ္ဆေဒ (အာယုသင်္ခါရ ဩလောကန)[၂]

မိမိက ခုနစ်ရက် သမာပတ် ဝင်စားလိုလျှင် ထိုခုနစ်ရက်တိုင်အောင် "ငါ၏အသက် ရှင်နိုင်မည်လား၊ မရှင်နိုင်မည်လား"ဟု ဆင်ခြင်ရမည်။ ခုနစ်ရက်ထက်ပို၍ အသက်ရှင်နိုင်ပါမှ "ငါသည် ခုနစ်ရက်ပတ်လုံး စိတ်မရှိပဲနေအံ့၊ နိရောဓသမာပတ်ကို ဝင်စားအံ့"ဟု ဆောက်တည်ရသည်။

ဤပုဗ္ဗကိစ္စ ၄-ပါးကို ပြုပြီးမှ နေဝသညာနာသညာယတနစျာန်ကို ဆက်၍ဝင်စား၏။ ထိုအခါ နေဝသညာနာသညာယတန စျာန်ဇောနှစ်ကြိမ် စောပြီးလျှင် (စိတ်+စေတသိက်+စိတ္တဇရုပ်တို့ အဖြစ်ရပ်သွားခြင်း၊ မဖြစ်ပဲ ချုပ်နေခြင်းဟူသော) နိရောဓသို့ ရောက်သွားလေသည်။ ထိုသို့ နိရောဓသို့ ရောက်သွားသည်ကိုပင် နိရောဓသမာပတ် ဝင်စားနေသည်ဟု ဆိုရလေသည်။ မိမိအဓိဋ္ဌာန် ဆောက်တည်ချက်အတိုင်း ခုနစ်ရက်စသည် နိရောဓသို့ ရောက်ပြီး၍ ထိုနိရောဓမှ ထလိုလတ်သော် အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇော တကြိမ် (ရဟန္တာဖြစ်က အရဟတ္တဖိုလ်ဇော တကြိမ်) စောပြီးနောက် ဘဝင်ကျလေတော့သည်။ ထိုသို့ ဖိုလ်ဇော ဖြစ်လာသောအခါ နိရောဓသမာပတ်မှ ထသည်ဟု ဆိုရလေသည်။

(ဝီထိနှင့်သုံးချက်စု ဘာသာဋီကာ ၇၁-၇၆)

---

၁ သံဃ-သံဃာ၊ ပဋိမာနန-မြော်လင့်တော်မူခြင်း

၂ အဒ္ဓါန-(အသက်ရှည်ရာ)ကာလ+ပရိစ္ဆေဒ-ပိုင်းခြားခြင်း၊ အာယုသင်္ခါရ-အသက်ကို ပြုပြင်သောအင်အား+ဩလောကန-ကြည့်ခြင်း

# နိဗ္ဗာန်သို့ ရောက်ရန် ဖြစ်သော စိတ်အစဉ်(ဝီထိ)များ

ဆိုင်ရာ(ကသိုဏ်းစသည်)အာရုံ

၁။ ဈာနသမာပတ္တိဝီထိ ဘ"န ဒ မ ပ ဥ နု ဂေါ ဈာန် ဈာန် ဈာန် (လိုသလောက်)" ဘ

မဟာကု/ကြိသောဉာဏ်-၄ ပထမဈာန်

ပထမဈာန်စိတ်စသည်အာရုံ

၂။ ဝိပဿနာဝီထိ ဘ "န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ ဘ

မဟာကုသိုလ်ကြိယာ-၁၆

ဆိုင်ရာ(ကသိုဏ်းစသည်)အာရုံ

၃-- ဈာနသမာပတ္တိဝီထိ ဘ "န ဒ မ ပ ဥ နု ဂေါ ဈာန် ဈာန် ဈာန် (လိုသလောက်)" ဘ

မဟာကု/ကြိဉာဏ်-၈ ဒု-ဈာန်စသည်

ဒု-ဈာန်စိတ်စသည်အာရုံ

၄-- ဝိပဿနာဝီထိ ဘ "န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ ဘ

မဟာကုသိုလ်ကြိယာ-၁၆

♠ ဤသို့ ရူပ တ, စ, မ၊ အရူပ ပ, ဒု အတွက် ဈာနသမာပတ္တိနှင့် ဝိပဿနာဝီထိ တစုံစီ ဖြစ်ရမည်။ ပ ဒု တ စ, ဈာနသမာပတ္တိ၌ ပ ဥ နု ဂေါ တွင် မဟာကုကြိ သောဉာဏ် ၄-မျိုးတွင် တမျိုးမျိုးဖြစ်နိုင်ပြီး မဈာန်နှင့် အရူပသမာပတ္တိ၌ ပ ဥ နု ဂေါ တွင် မဟာကုကြိ ဥဉာဏ် ၄-မျိုးတွင် တမျိုးမျိုးဖြစ်နိုင်သည်။

နတ္ထိဘောပညတ် အာရုံ

၁၅။ ဈာနသမာပတ္တိဝီထိ ဘ "န ဒ မ ပ ဥ နု ဂေါ ဈာန် ဈာန် (လိုသလောက်)" ဘ

မဟာကု/ကြိဥဉာဏ်၄ အာကိဉ္စညာယတနဈာန်

ပုဗ္ဗကိစ္စ၏အာရုံများ

၁၆။ ပုဗ္ဗကိစ္စ ၄-ပါး ဝီထိများ ဘ" န မ ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ ဘ ဘ (ဤဝီထိ ၄-ကြိမ်)

မဟာကုသိုလ်ကြိယာ-၁၆

အာကိဉ္စညာယတနဈာန်အာရုံ နိဗ္ဗာန်အာရုံ

၁၇။ နိရောဓသမာပတ္တိဝီထိ ဘ "န ဒ မ ပ ဥ နု ဂေါ ဈာန် ဈာန် (နိရောဓ) ဖိုလ် ဘ

မဟာကု/ကြိဥဉာဏ်၄ နေဝသညာ-ဈာန် အနာဖိုလ်/အရဖိုလ်

## မရဏာသန္နဝီထိ(သေခါနီးစိတ်အစဉ်)များ

♠ ဝီထိစိတ်များအဆုံးတွင် ဘဝင်အနည်းငယ်ခြား၍၄င်း, မခြားဘဲ၄င်း စုတိစိတ်ဖြစ်သော ဝီထိကို မရဏာသန္နဝီထိ ဟု ခေါ်သည်။

(က) ပဉ္စဒွါရ မရဏာသန္နဝီထိ
(ခ) မနောဒွါရ မရဏာသန္နဝီထိ

(က) ပဉ္စဒွါရ မရဏာသန္နဝီထိ

၁။ စက္ခုဒွါရဝီထိ ၂။ သောတဒွါရဝီထိ ၃။ ဃာနဒွါရဝီထိ
၄။ ဇိဝှါဒွါရဝီထိ ၅။ ကာယဒွါရဝီထိ

စက္ခုဒွါရဝီထိ၌လည်း ဇောနောင် စုတိ, ဇော ဘဝင် နောင် စုတိ, တဒါရုံနောင် စုတိ, တဒါရုံ ဘဝင် နောင် စုတိ ၄–မျိုး ရှိ၏။ သောတ, ဃာန, ဇိဝှါ, ကာယတို့၌လည်း ၄–မျိုးစီ ဖြစ်သည်။

### ဇော နောင် စုတိ ဝီထိ

ရှေးဘဝသေခါနီးဇော

ကံ/ကမ္မနိမိတ်/ဂတိနိမိတ် ပစ္စုပ္ပန်ရူပါရုံ (ကမ္မနိမိတ်) သိ ကံ/ကမ္မ၊ဂတိ သိသည့်အာရုံကိုသိ

ဘ တီ န ဒ | ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ | စု | ဋ္ဌိ ဘ ၁၄ကြိမ်

၁ ၂x၅ ၂ ၃ ၁ အကု–၁၂၊မဟာကု–၈ သောညသံအ+၃၃

(ဘဝ/တိဟိတ်ပဋိသန္ဓေ) ကာယ,ဘာဝ,ဟဒယ

သောညသံအ+၃ဖကာယ,ဘာဝ,ဟဒယ

ဘ[1] မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ

၁ ဘဝနိကန္တိက[2]လောဘမူစိတ်–၈

♠ ဥပေက္ခာဖြင့် ပဋိသန္ဓေနေခဲ့၍ အတိဣဋ္ဌာရုံ၌ ဒေါသဇောကျလျှင် ဤပုံအတိုင်း စုတေရမည်။ အတိဣဋ္ဌာရုံ ဖြစ်လျှင် သောမနဿတဒါရုံ ဖြစ်ရသည်။ ဒေါသဇောနောက်မှာ သောမနဿတဒါရုံဖြစ်ခွင့်မရှိ၍ တဒါရုံ မကျတော့ပဲ စုတိစိတ် ဖြစ်ရသည်။

---

၁ မနောဒွါရဝဇ္ဇန်း ရှေ့တွင် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ရေးသင့်သော်လည်း အစဉ်အလာအရ ရေးရိုးမရှိ၍ ဘဝင်ဟုသာ ရေးထားသည်။ (ဝီထိပုံ–၃၇)

၂ ဘဝကို နှစ်သက်ခြင်း

## စက္ခုဒွါရဝီထိ (ဇောနောင် စုတိ ဖြစ်သော) ဝီထိဆိုရိုး

ဆွေမျိုးစသည်တို့က ယူဆောင်ပြ၍သော်လည်းကောင်း အလိုအလျောက်သော်လည်းကောင်း ရူပါရုံသည်(ကမ္မနိမိတ်အာရုံသည်) ဥပါဒ်သည်မှစ၍ အတီတဘဝင် တချက်အလွန်တွင် စက္ခုပသာဒ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင်နှစ်ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် ထင်လာသော ရူပါရုံ(ကမ္မနိမိတ်အာရုံ)ကို အာရုံပြု၍ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏ ဝုဋ္ဌော မရဏာသန္နဇော ၅-ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောက် ကံ ကမ္မနိမိတ် ဂတိနိမိတ် ၃-ပါးတွင် ၁-ပါးပါးကို အာရုံပြု၍ စုတိစိတ်သည် ဖြစ်၍ ချုပ်၏။ ထို့နောက် မရဏာသန္နဇော သိသော (ရူပါရုံ ကမ္မနိမိတ်) အာရုံကို အာရုံပြု၍ ပဋိသန္ဓေစိတ်သည် ဖြစ်၍ ချုပ်၏။ ထို့နောက် ပဋိသန္ဓေစိတ်သိသော အာရုံကို သိလျက် ပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ဘဝင်စိတ်အဖြစ်ဖြင့် ၁၅-ကြိမ် သို့မဟုတ် ၁၆-ကြိမ် ဖြစ်၍ချုပ်၏။ ထို့နောက် ဘဝဟူသော ပဋိသန္ဓေစိတ်+စေတသိက်နှင့် ကာယ, ဘာဝ, ဟဒယ ကလာပ်စည်းတို့ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ၁-ကြိမ်၊ ဘဝကို ကြိုက်နှစ်သက်သော ဘဝနိကန္တိက လောဘဇော ၇-ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၏။

♠ ရဟန္တာများသည် ဤကဲ့သို့ ပဉ္စဒွါရဝီထိဖြင့် စုတေတော်မမူ။

♠ မရဏာသန္နဝီထိ၏ အာရုံ၆-ပါးကို ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု တခုခု အမည်ပေးကြသည်။ လောလောဆယ် အကျိုးပေးမည့် လောကီကုသိုလ် အကုသိုလ် စေတနာကို **"ကံ"**ဟုခေါ်သည်။ ထို့ကြောင့် ပဉ္စဒွါရဝီထိဖြင့် သေဆုံးသူ၌ ကံအာရုံ မထင်နိုင်။ မနောဒွါရဖြင့် စုတေသူ၌သာ ကံအာရုံ ထင်နိုင်သည်။ ကံကို အာရုံ ၆-ပါးတွင် ဓမ္မာရုံဖြစ်၍ မနောဒွါရဖြင့်သာ သိနိုင်၏။

ကုသိုလ် အကုသိုလ် ပြုစဉ်တွင် တွေ့ကြုံရသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဟူသော အာရုံ ၆-ပါးကို **"ကမ္မနိမိတ်"**ဟု ခေါ်သည်။ ပန်းလှူလျှင် ပန်းအရောင်သည် ရူပါရုံ, ပန့်အနံ့သည် ဂန္ဓာရုံ၊ တရားနာလျှင် တရားသံသည် သဒ္ဒါရုံ၊ အစားအသောက်လှူလျှင် အရသာသည် ရသာရုံ, အနံ့သည် ဂန္ဓာရုံ၊ ခေါင်အုံးစသည် လှူဒါန်းလျှင် ဖောဋ္ဌဗ္ဗာရုံ၊ အနာကင်းပါစေ အသက်ရှည်ပါစေဟု ရည်မှန်းပြီး ဆေးလှူလျှင် ဓမ္မာရုံ၊ ဤသို့ အာရုံ ၆-ပါးကို အာရုံပြု၍ ကုသိုလ်စိတ်ဖြစ်နိုင်သည်။ အကုသိုလ်စိတ်လည်း အာရုံ ၆-ပါးကို သိ၍ ဖြစ်ရသည်။ ၄င်းအာရုံ ၆-ပါးမှ တပါးပါးကို အာရုံပြု၍ သေရာတွင် သေခါနီးအခါဖြစ်၍ ကုသိုလ် အကုသိုလ်အာရုံ ၆-ပါးကိုပင် ကမ္မနိမိတ်ဟု ခေါ်သည်။ ထိုတွင် ပေါ်နေဆဲအာရုံကို ပစ္စုပ္ပန် ကမ္မနိမိတ်ဟု ခေါ်သည်။ ပေါ်ပြီး၍ ပျောက်သွားပြီးသော အာရုံကို အတိတ်ကမ္မနိမိတ်ဟု ခေါ်သည်။ ပဉ္စဒွါရဝီထိဖြင့် ပေါ်နေဆဲ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ အာရုံများကိုသာ သိနိုင်သည်။ မနောဒွါရဖြင့်ကား ပေါ်ဆဲ(ပစ္စုပ္ပန်) ပေါ်ပြီး(အတိတ်) အာရုံ ၆-ပါးလုံးကို သိနိုင်သည်။ ထို့ကြောင့် ဤပဉ္စဒွါရဝီထိဖြင့် သေဆုံးသူတို့သည် ပေါ်နေဆဲ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ အာရုံများကို သိပြီး သေဆုံးသည်ဟု မှတ်ပါ။

သွားရတော့မည့် ဘဝဂတိ၌ တွေ့ကြုံရမည့် အာရုံမှန်သမျှကို **“ဂတိနိမိတ်”**ဟု ဆိုသည်။ လူ့ဘုံသွားရမည် ဆိုလျှင် နီနီရဲရဲအမိဝမ်းရေ, သို့မဟုတ် အသုံးအဆောင်ပစ္စည်း စိတ်၌ ထင်မည်။ နတ်ပြည်သွားရမည် ဆိုလျှင် နတ်ဘုံ နတ်သား နတ်သမီး ပဒေသာပင် စသည်တို့ ထင်မည်။ ငရဲသွားရမည်ဆိုလျှင် ငရဲပြည်, ငရဲမီး, ငရဲထိန်း, ခွေး, လင်းတ, ကျီး ထင်မည်။ တိရစ္ဆာန်ဖြစ်မည်ဆိုလျှင် တောတောင်အရပ် ချုံပိတ်ပေါင်းစသည် ထင်မည်။ ပြိတ္တာဖြစ်မည်ဆိုလျှင် တောခြေ မြစ်ကမ်းစသည် ထင်လာမည်။ ထိုသို့ ဂတိနိမိတ်ထင်လာလျှင် မိမိနေရာအရပ်၌ တွေ့ကြုံရသလို ထင်ရသည်။ မိမိကိုယ်တိုင် ၄င်းနေရာများသို့ ရောက်နေသလိုမျိုးလည်း ခံစားရနိုင်သည်။

ခရီးသွားမည့်သူသည် ရောက်ရမည့်အရပ်ကို စိတ်ကူးမိနေသလို စုတေခါနီးသူလည်း နောက်ဘဝသို့ စိတ်ညွတ်နေသည်။ ဤသို့ နောက်ဘဝစိတ်ညွတ်မှုသည် ဖြေးဖြေးနှေးနှေး စုတေသူအတွက် ဖြစ်သည်။ ချက်ခြင်း စုတေရသူမှာ ဤသို့ စိတ်ညွတ်မှု မဖြစ်နိုင်။ သေနတ်မှန်၍ စက္ကန့်ပိုင်းအတွင်း စုတေရသူမှာ သေခါနီးစိတ်အစဉ်၏ ကုသိုလ်အကုသိုလ်ဖြစ်ပုံ, ဘဝညွတ်ကိုင်းပုံ မထင်ရှားပေ။ သို့သော် စုတေသူ၏ ထုံးစံအတိုင်း စက္ကန့်ပိုင်းအတွင်း ဖြစ်သွားသော ဝီထိများ၏ နောက်ဆုံးဝီထိတွင် ကံ ကမ္မနိတ် ဂတိနိမိတ် သုံးပါးတွင် တပါးပါးကို အာရုံပြု၍ မရဏာသန္နဇော ၅–ကြိမ်ဖြစ်ကာ စုတေရလေသည်။

**အဋ္ဌကထာကျမ်းအလို ဂတိနိမိတ်သည် ရူပါရုံ တမျိုးသာ** ဖြစ်နိုင်သည်။ ၄င်းရူပါရုံလည်း နောက်ဘဝမှ တွေ့ရမည်ဖြစ်၍ ပကတိမျက်စိဖြင့် မမြင်နိုင်။ မနောဒွါရဖြင့်သာ သိနိုင်သည်ဟု ဆိုသည်။

**ဝိသုဒ္ဓိမဂ်ဋီကာ, သစ္စသံခိပ်, ပရမတ္ထဒီပနီတို့အလို ဂတိနိမိတ်သည် အာရုံ ၆–မျိုးလုံး**ဖြစ်နိုင်၍ ၆–ဒွါရလုံး၌ပင် ထင်နိုင်သည်။ ဓမ္မိကဉပါသကာ သေခါနီးတွင် နတ်ပြည် ခြောက်ထပ်မှ နတ်ရထား ခြောက်စင်းဆိုက်လာပြီး အပြိုင်အဆိုင် လုခေါ်ကြ၏။ ဉပါသကာသည် တုသိတာသို့ လိုက်သွား၏။ ထိုအခါ ဉပါသကာသည် နတ်သား နတ်သမီး နတ်ရထားကို မြင်၍ သေလျှင် စက္ခုဒွါရ၌ ရူပါရုံဂတိနိမိတ် ထင်သည်ဟု ဆိုရမည်။ နတ်သား နတ်သမီးတို့ အသံကြားပြီး သေလျှင် သောတဒွါရ၌ သဒ္ဒါရုံဂတိနိမိတ် ထင်သည်ဟု ဆိုရမည်။ မွှေးကြိုင်သော နတ်ပန်းရနံ့များ နမ်းရှူ၍ သေလျှင် ဃာနဒွါရ၌ ဂန္ဓာရုံဂတိနိမိတ် ထင်သည်ဟု ဆိုရမည်။ မိတ္တဝိန္ဒကသည် မသေခင်မှာပင် ခေါင်းပေါ်၌ သင်ဓုန်းစက် အတင်ခံရလေသည်။ ထိုအခါ မိတ္တဝိန္ဒက၏ ကာယဒွါရ၌ ဖောဋ္ဌဗ္ဗာရုံဂတိနိမိတ် ထင်သည်ဟု ဆိုရမည်။ ထို့အတူ ရသာရုံ ဓမ္မာရုံ တို့လည်း ဂတိနိမိတ်အဖြစ်ဖြင့် ထိုက်သင့်သလို ထင်နိုင်သည်ဟု ဆိုရမည်။

ဤသို့ **သေခါနီး အာရုံထင်ခြင်းသည် များသောအားဖြင့် ကံကြောင့်ဖြစ်**သည်။ ထို့ပြင် **အမြဲလေ့ကျင့် အပ်သော အာရုံ, သေခါနီး ပြုအပ်သော အာရုံ, ဆွေမျိုးစသည်တို့က သတိပေးသော အာရုံ, ကိုယ်တိုင် တွေးတော၍ ပေါ်လာသော အာရုံတို့လည်း** ကံကြောင့်မဟုတ်ပဲ **ထင်လာနိုင်**သည်။

## ရှေ့ဘဝ နောက်ဘဝ ဆက်စပ်ဖြစ်ပုံ

ဆီမီးသည် မီးစာကုန်၍လည်း ငြိမ်းတတ်၏။ ဆီကုန်၍လည်း ငြိမ်းတတ်၏။ မီးစာနှင့်ဆီ နှစ်မျိုးလုံး ကုန်၍လည်း ငြိမ်းတတ်၏။ မီးစာနှင့်ဆီ မကုန်သေးသော်လည်း လေပြင်းတိုက်ခိုက်၍ပဲ ဖြစ်ဖြစ်, တမင် ညှိမ်း၍ပဲ ဖြစ်ဖြစ် ငြိမ်းတတ်၏။ ထို့အတူ လူတို့သည် ခေတ်ကာလသက်တမ်း (ယခုခေတ်အလို ၇၅–နှစ်သက်တမ်း) ကုန်၍လည်း သေရတတ်သည်။ မီးစာကုန်ခြင်းနှင့် တူ၏။ ဘဝကို စီမံလိုက်သော ကံအစွမ်းကုန်၍လည်း သေရတတ်သည်။ ဆီကုန်ခြင်းနှင့် တူ၏။ သက်တမ်းနှင့်ကံစွမ်း ပြိုင်တူကုန်၍လည်း သေရတတ်သည် မီးစာနှင့်ဆီ ပြိုင်တူကုန်ခြင်းနှင့် တူသည်။ သက်တမ်း, ကံစွမ်း မကုန်သေးသော်လည်း ရှေးက ပြုခဲ့သော ကံ, သို့မဟုတ် လတ်တလော ပြုလုပ်လိုက်သောကံ,က အကျိုးပေးဆဲကံ၏ လူဘဝ(စသည်) အကျိုးကို ဖြတ်တောက်လိုက်သဖြင့် အသတ်ခံရခြင်း, ကိုယ်တိုင်သတ်သေခြင်း, အနာရောဂါရခြင်းတို့ကြောင့်လည်း သေရတတ်သည်။ လေတိုက်ခြင်း, တမင်ညှိမ်းသတ်ခြင်းနှင့် တူ၏။

သေခါနီး၌ (ဘဝတခု၏ နောက်ဆုံးဝီထိ ဖြစ်ချိန်၌) ကံ ကမ္မနိတ် ဂတိနိမိတ် သုံးပါးတွင် တပါးပါးသည် အာရုံတရားအဖြစ်ဖြင့် ထင်လာသည်။ ထိုထင်လာသော အာရုံကို သိလျက် ဘဝတခု၏ နောက်ဆုံးဝီထိ ဖြစ်ရလေသည်။ ဤဝီထိတွင် ပါသော ဇောတို့ကို မရဏာသန္နဇောဟု ခေါ်သည်။ လက်ရှိ ဘဝ လျှောကျခြင်းကို "စုတိ"ဟု ခေါ်သည်။ မြန်မာတို့က စုတေသည်, သေသည်ဟု ပြောကြသည်။ ဘဝတခု၏ နောက်ဆုံးစိတ်ကို စုတိစိတ်ဟု ခေါ်သည်။

စုတိစိတ်ပျက်သည်နှင့် တပြိုင်နက် ကြားစိတ်နှင့် ကြားကာလမရှိဘဲ နောက်ဘဝတခု၏ အစဆုံးစိတ် ပေါ်လာသည်။ ၄င်းစိတ်ကို ဘဝဟောင်း အကုန်တွင် ဘဝသစ်ကို စပ်ပေးတတ်၍ "ပဋိသန္ဓေစိတ်"ဟု ခေါ်သည်။ ပဋိသန္ဓေစိတ်သည် ရုပ်ရှိသော ကာမ,ရူပဘုံတွင် ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ ပေါ်သည်။ ရုပ်မရှိသော အရူပဘုံ၌ ဖြစ်လျှင် ရုပ်ကိုအမှီမပြုဘဲ ဖြစ်သည်။

ပဋိသန္ဓေစိတ်သည် အလိုအလျှောက် အကြောင်းမဲ့ ပေါ်လာသည်လည်းမဟုတ်။ ဗြဟ္မာမင်း, ထာဝရဘုရား စသည်တို့က ဖန်ဆင်း၍ ပေါ်လာသည်လည်းမဟုတ်။ ရှေးက မိမိပြုခဲ့ဘူးသော ကုသိုလ်ကံ အကုသိုလ်ကံဟူသော သင်္ခါရ,က ဖော်ပေးလိုက်ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ပဋိသန္ဓေကို ကုသိုလ် အကုသိုလ် ကံ၏ အကျိုးတရားစိတ် (ဝိပါက်စိတ်) ဟု မှတ်ပါ။

သတ္တဝါတဦး၌ ပြုခဲ့ဘူးသည့် ကုသိုလ်ကံ အကုသိုလ်ကံ နှစ်မျိုးရှိသည့်တွင် မရဏာသန္နဇောသည် ကြည်လင်သန့်ရှင်း ဖြူစင်သည့် ကုသိုလ်စိတ်ဖြစ်လျှင် ကုသိုလ်ကံသည် ကုသလဝိပါက် ပဋိသန္ဓေစိတ်ကို ဖော်ပေးသည်။ မရဏာသန္နဇောသည် မကြည်လင် မသန့်ရှင်း မဖြူစင်သည့် အကုသိုလ်စိတ်ဖြစ်လျှင် အကုသိုလ်ကံသည် အကုသလဝိပါက် ပဋိသန္ဓေစိတ်ကို ဖော်ပေးသည်။ ပဋိသန္ဓေစိတ်သည် ကုသလဝိပါက် ဖြစ်က ကောင်းသည့်ဘဝမှာ ဖြစ်ရသည်။ အကုသလဝိပါက်ဖြစ်က မကောင်းသည့်ဘဝမှာ ဖြစ်ရသည်။

(ဘဝအစဆုံးတွင် ရုပ်နာမ် နှစ်ပါးရှိသည့်ဘုံ၌ ရုပ်နာမ်နှစ်ပါး တပြိုင်နက် ပေါ်သည်။ ရုပ်သာရှိသော အသညသတ်ဘုံ၌ ရုပ်သာ ပေါ်သည်။ နာမ်သာရှိသော အရူပဘုံ၌ နာမ်သာပေါ်သည်။ ထိုသို့ ပေါ်လာခြင်းသည်ကံတရားကြောင့် ဖြစ်သည်)

ပဋိသန္ဓေစိတ်ကို ကံ(စေတနာ)က ပြုလုပ်ပေးရာတွင် အဝိဇ္ဇာ(မောဟ)နှင့် တဏှာ(လောဘ) တို့က ပန့်ပိုးပေးကြရသည်။ အဝိဇ္ဇာနှင့် တဏှာမကင်းသေး၍သာ ကုသိုလ် အကုသိုလ် ကံ ဖြစ်ရသည်။ ကံဖြစ်၍သာ ပဋိသန္ဓေ(ဘဝ) ဖြစ်ကြရသည်။ (အဝိဇ္ဇာပစ္စယာ သင်္ခါရာ, သင်္ခါရပစ္စယာ ဝိညာဏံ)

ကုသိုလ် အကုသိုလ် ပြုရာတွင် များသောအားဖြင့် တခုခုကို တောင့်တ၍ ပြုတတ်ကြသည်။ တောင့်တမှုသည် တဏှာလောဘ ဖြစ်သည်။ အဝိဇ္ဇာ,က အမှောင်ချထား၍ မတောင့်တသင့်သည်ကို တောင့်တမိခြင်း ဖြစ်သည်။ ဤသို့ ကံကို အဝိဇ္ဇာနှင့်တဏှာ,က ပန့်ပိုးပေးပုံကိုလည်း သိပါ။

အဝိဇ္ဇာ တဏှာ,က ကုသိုလ်သင်္ခါရကို ပကတူပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြု၏။ အကုသိုလ်သင်္ခါရတွင် လောဘမူကံကို သဟဇာတပစ္စည်းဖြင့်လည်းကောင်း ပကတူပနိဿယပစ္စည်းဖြင့်လည်းကောင်း ကျေးဇူးပြု၏။ ဒေါသမူကံနှင့် မောဟမူကံကို အဝိဇ္ဇာသည် သဟဇာတပစ္စည်း ပကတူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူး ပြုသည်။ တဏှာသည် ပကတူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြုသည်။

သစ္စသံခိပ်ကျမ်းက သေခါနီးအခါ အဝိဇ္ဇာ တဏှာ၏ ပန့်ပိုးမှုနှင့် သင်္ခါရက ဘဝကို ဖော်ပေးပုံကို ဤသို့ဆို၏။ ပြိတ္တာဖြစ်မည့်သူ မြစ်ကမ်းစပ် အာရုံကိုမြင်ရာ၌ အဝိဇ္ဇာက အာရုံ၏အပြစ်ကို ဖုံးပေးထား၏။ တဏှာ,က မြစ်ကမ်းစပ်အာရုံကို ဆွဲယူထားစေ၏။ အကုသိုလ်သင်္ခါရ,က ပြိတ္တာဘဝကို ဖော်ပေးလိုက်၏။ လူဖြစ်မည့်သူ အမိဝမ်းရေမြင်ရာ၌ အဝိဇ္ဇာနုသယ,က အမိဝမ်းရေအာရုံ၏ အပြစ်ကို ဖုံးပေး၏။ တဏှာနုသယ,က အမိဝမ်းရေ အာရုံကို ဆွဲယူစေသည်။ ကုသိုလ်သင်္ခါရ,က လူ့ဘဝကို ဖော်ပေးလိုက်၏

(သစ္စသင်္ခေပဋ္ဌ နိသျ ၇၀-၇၁)

ပဋိသမ္ဘိဒါမဂ်ကျမ်းက ဟိတ် ၈-မျိုး ပေါင်းစု၍ ဘဝကို ဖန်းတီးပေးသည်ဟု ဆိုသည်။ ကုသိုလ်ပြုစဉ်တွင် အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါး, ကုသိုလ်ကို သာယာသည့်အခါ လောဘ, မောဟ ဟိတ်နှစ်ပါး, ကုသိုလ်အကျိုးဖြစ်သော ပဋိသန္ဓေစိတ်ပေါ်ရာတွင် ထိုစိတ်နှင့်အတူ ပေါ်လာသော စေတသိက်၌ ပါသော အလောဘ အဒေါသ အမောဟ ဟိတ်သုံးပါး၊ ဤဟိတ်ရှစ်ပါးကြောင့် ဉာဏသမ္ပယုတ် ပဋိသန္ဓေ ပေါ်လာရလေသည်။ သို့ဖြစ်၍ ကုသိုလ်က အကျိုးပေးနိုင်ဘို့ အကုသိုလ်ကလည်း ပန့်ပိုးပေးရသည်ဟု ဆိုနိုင်လေသည်။ ထို့ပြင် နောက်ဆုံးဇီဝိတမရောက်ခင် စုတေခါနီး မြင်ရသော နတ်သား နတ်သမီးစသည်တို့ကို သာယာသော လောဘစိတ်ကလည်း ကုသိုလ် အကျိုးပေးဖို့ ပန့်ပိုးပေးသည်ဟုမှတ်ပါ။

သို့သော် နောက်ဆုံးဝီထိတွင် မရဏာသန္နဇောသည် လောဘဇော ဖြစ်ခဲ့ပါမူကား ကုသိုလ်က အကျိုးပေးခွင့် မရပဲ အကုသိုလ်က အကျိုးပေးခွင့် ရသွားလိမ့်မည်။

မရဏာသန္နဇောသည် ကံကို အာရုံပြုလျှင် ပဋိသန္ဓေစိတ်သည်လည်း ကံကို အာရုံပြု၏။ မရဏာသန္နဇောသည် ကမ္မနိမိတ်ကို အာရုံပြုလျှင် ပဋိသန္ဓေစိတ်သည်လည်း ကမ္မနိမိတ်ကိုပင် အာရုံပြု၏။ မရဏာသန္နဇောသည် ဂတိနိမိတ်ကို အာရုံပြုလျှင် ပဋိသန္ဓေစိတ်သည်လည်း ဂတိနိမိတ်ကိုပင် အာရုံပြု၏။ ကမ္မနိမိတ် ဂတိနိမိတ်အာရုံတို့သည် ပဋိသန္ဓေစိတ်ဖြစ်သည်အထိ မချုပ်သေးလျှင် ပဋိသန္ဓေစိတ်သည် ပစ္စုပ္ပန် ကမ္မနိမိတ် ဂတိနိမိတ်ကို အာရုံပြုသည်။ ကမ္မနိမိတ် ဂတိနိမိတ်အာရုံတို့သည် ပဋိသန္ဓေစိတ်ဖြစ်ချိန်တွင် ချုပ်ပြီးဖြစ်လျှင် ပဋိသန္ဓေစိတ်သည် အတိတ် ကမ္မနိမိတ် ဂတိနိမိတ်ကို အာရုံပြုသည်။

(သင်္ဂြိုဟ်ဘာသာဋီကာ)

## ကံအကျိုးပေးပုံနှင့်စပ်၍ သိဖွယ်

အသင်္ခါရိကကံကြောင့် အသင်္ခါရိက, သသင်္ခါရိကကံကြောင့် သသင်္ခါရိက ဖြစ်ရသည်။ ထို့ပြင် အကြောင်းအထူးကြောင့်လည်း အသင်္ခါရိက သသင်္ခါရိက ဖြစ်နိုင်သည်။

မိမိကိုယ်တိုင်၏ ကာယ ဝစီ ပယောဂနှင့် သူတပါးတို့၏ ကာယ ဝစီ ပယောဂမပါပဲ ဖြစ်ပေါ်လာသော အာရုံ မနသိကာရ စသော အကြောင်းကို **"ဗလဝပစ္စယ"**ဟု ဆိုသည်။

ဝိပါက်စိတ်တို့သည် ပဋိသန္ဓေ ဘဝင် စုတိ တဒါရုံ ကိစ္စတပ်ရကား သေခါနီး၌ ကံစသော နိမိတ် (အာရုံ) ကောင်း ထင်လာအောင် မည်သူမျှ မစီမံရပဲ အလိုလိုထင်လာလျှင် ထိုအာရုံသည် ဗလဝပစ္စယ ဖြစ်ရကား အသင်္ခါရိက ပဋိသန္ဓေစိတ်ဖြစ်၏။ ထိုသို့အာရုံကောင်းထင်လာအောင် ဆရာသမား, ဆွေမျိုးကောင်းတို့က တရားစာရွတ်ခြင်း, ပန်းပူဇော်၍ သူ့ကို ကြည်ညိုစေခြင်းစသော ပယောဂတို့ဖြင့် ပြုစီမံမှ ထင်လာသော အာရုံသည် ဗလဝမဟုတ်၊ ထိုအာရုံကို အာရုံပြု၍ ပဋိသန္ဓေစိတ်ဖြစ်လျှင် သသင်္ခါရိကစိတ်ဖြစ်သည်။ (သသင်္ခါရိကစိတ်ဖြစ်စေကာမူ အကုသိုလ်နိမိတ်ထင်ခြင်းထက် သာလွန်ကောင်းသောကြောင့် ပယောဂကူထိုက်သည်သာ၊ ပယောဂကူသော်လည်း အာရုံကောင်းက သူ့ဘာသာ ထင်မည်ဖြစ်၍ ဗလဝပင်တည်း) ဘဝင်စုတိတို့မှာ ပဋိသန္ဓေအတိုင်းသာတည်း။ **တဒါရုံမှာ ကုသိုလ် အကုသိုလ်ဇောတို့က အသင်္ခါရိကဖြစ်လျှင် အသင်္ခါရိက၊ သသင်္ခါရိကဖြစ်လျှင် သသင်္ခါရိက** ဖြစ်ရသည်။

(ဠနီဘာဋီ တ ၂၈၆)

## မနောဒွါရမရဏာသန္နဝီထိ

(က) ပုထုဇဉ်, သေက္ခတို့၏ မရဏာသန္နဝီထိ
(ခ) ရဟန္တာတို့၏ မရဏာသန္နဝီထိ

(က) (၁) ကာမဘုံမှစုတေ၍ ကာမဘုံ၌ ပြန်ဖြစ်မည့်သူ၌
၁။ ဇော နောင် စုတိ တဝီထိ
၂။ ဇော ဘဝင် နောင် စုတိ တဝီထိ
၃။ တဒါရုံ နောင် စုတိ
၄။ တဒါရုံ ဘဝင် နောင် စုတိ – ဟု လေးမျိုးရှိနိုင်သည်။

ကာမဇော, ကာမသတ္တဝါ, (ဝိဘူတ)ကာမအာရုံ သုံးပါးစုံလျှင် တဒါရုံ ကျမည်။ အဝိဘူတာရုံ ဖြစ်လျှင်လည်းကောင်း, (ဝိဘူတ)ကာမအာရုံပင်ဖြစ်သော်လည်း အလွန်စုတေခါနီးဖြစ်၍လည်းကောင်း တဒါရုံမကျနိုင်သည့် အခါလည်း ရှိနိုင်သည်။

(၂) ကာမဘုံမှ စုတေ၍ ရူပ,အရူပဘုံသို့ သွားမည့်သူနှင့်
ရူပ,အရူပဘုံမှ ကာမဘုံသို့ လာမည့်သူ၌
၁။ ဇော နောင် စုတိ တဝီထိ
၂။ ဇော ဘဝင် နောင် စုတိ တဝီထိ – ဟု နှစ်မျိုးသာ ရှိနိုင်သည်။

ကာမဘုံမှ ရူပ,အရူပဘုံသို့ သွားမည့်သူ၌ တဒါရုံမကျနိုင်။ ရူပ,အရူပတို့၏ ပဋိသန္ဓေစိတ်သည် ပညတ်, မဟဂ္ဂုတ်ကို အာရုံပြုသည်။ ထိုသို့ဖြစ်လျှင် ၄င်းဘုံသို့ သွားမည့်သူ၏ မရဏာသန္နဇောသည် ပညတ်, မဟဂ္ဂုတ်အာရုံကို ယူရမည်။ သို့မှသာ မရဏာသန္နဇောအာရုံနှင့် ပဋိသန္ဓေစိတ်အာရုံ တူမည်။ အာရုံသည် ပညတ်, မဟဂ္ဂုတ်အာရုံဖြစ်လျှင် တဒါရုံမကျ။

ရူပ,အရူပဘုံမှ ကာမဘုံသို့ လာမည့်သူ၌လည်း ကာမသတ္တဝါမဟုတ်၍ တဒါရုံမကျနိုင်။

## ပစ္စုပ္ပန်ရူပါရုံဂတိနိမိတ် ထင်လာ၍ မနောဒွါရ မရဏာသန္နဝီထိဖြစ်ပုံ

ဘဝဟောင်း | ဘဝသစ်

ကံ/ကမ္မ/ဂတိ | ပစ္စုန်ရူပါရုံ(ဂတိနိမိတ်) | ကံ/ကမ္မ/ဂတိ ပစ္စုန်ရူပါရုံ(ဂတိ) အတိတ်ရူပါရုံ(ဂတိ)

“တီ န ဒ | မ ဇ ဇ ဇ ဇ ဇ တ တ / စု” | “ပ ဘ ဘ ဘ ဘ | ဘ၅-၁၆”

ဖြစ်နိုင်သောစိတ် ၁ အကု ၁၂၊မဟာကု ၈၊ တဒါရုံ၁၁ မဟာဝိ-၈၊ အဟိတ် ၃ သန္တီရဏ-၂

စုတေခါနီး စိတ်အားလုံးပင် ခပ်ရော့ရော့ရှိရကား ဇောလည်း အဟုန်မပြင်း၍ ၇-ကြိမ်မကျ၊ ၅-ကြိမ်သာ စောကြသည်။ ဤအချိန်မျိုး၌ ပစ္စုပ္ပန်ရူပါရုံ(စသည်) ထင်လာလျှင် အာရုံသည် စိတ်သက် ၁၇-ချက် အသက်ရှည်သောကြောင့် အာရုံမချုပ်သေးမီ စုတေဘို့ရာ အကြောင်းရှိ၏။ ဤသို့ စုတေလျှင် အတီတဘဝင်မှစ၍ စုတိတိုင်အောင်ရေတွက်က ရူပါရုံ၏အသက်သည် စိတ်သက် ၁၂-ချက်သာရှိသေးရကား စုတိနောင် ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ် ၄-ကြိမ်တို့သည် ထိုဘဝဟောင်းက မချုပ်သေးသော ပစ္စုပ္ပန်ရူပါရုံပင် ဆက်လက်၍ အာရုံပြုသည်။ နောက်နောက်ဘဝင်စိတ်တို့ကား ချုပ်ပြီး(အတိတ်)ရူပါရုံကို အာရုံပြုသည်။ ၄င်းဘဝ၏ စုတိစိတ်လည်း ဘဝင်နှင့်တူစွာ ချုပ်ပြီးရူပါရုံကို အာရုံပြုလိမ့်မည်။

## ရူပ,အရူပဘုံသို့ သွားမည့်သူ၏ မနောဒွါရ မရဏာသန္နဝီထိဖြစ်ပုံ

ဘဝဟောင်း | ဘဝသစ်

ကံ/ကမ္မ/ဂတိ (ကသိဏ်းနိမိတ်စသည့်)ကမ္မနိမိတ် | (ကသိဏ်းနိမိတ်စသည့်)ကမ္မနိမိတ်

ဘ “န ဒ မ ဇ ဇ ဇ ဇ ဇ စု” | “ပ ဘ ဘ ဘ ဘ ဘ၅-၁၆”

ဖြစ်နိုင်သောစိတ် ၁ မဟာကု ၈၊ တိဟိတ်ဘဝင်-၁၃ | တိဟိတ်ပဋိသန္ဓေ-၉

**ရူပပဋိသန္ဓေစိတ်၏အာရုံ**။ ရူပပဋိသန္ဓေစိတ်၏အာရုံကား ပညတ်ဖြစ်သော ကမ္မနိမိတ်တည်း။ ရူပါဝစရဈာန်သည် ကသိဏ်းစသောပညတ်ကို အာရုံပြုရကား စုတေခါနီး၌ ဈာန်၏အာရုံဖြစ်သော **ကသိဏ်းပညတ်သည် ကမ္မနိမိတ်အဖြစ်ဖြင့် ထင်လာကြရမြဲဖြစ်**သည်။ ထို့ကြောင့် စုတိစိတ်၏ အခြားမဲ့၌ ဗြဟ္မာ့ပြည်မှာဖြစ်သော ပဋိသန္ဓေစိတ်လည်း ထိုကသိဏ်းစသော ပညတ် ကမ္မနိမိတ်ကိုပင် ဆက်၍ အာရုံပြုသည်။**အရူပပဋိသန္ဓေစိတ်**လည်း ထို့အတူ **ပညတ်,မဟဂ္ဂုတ်ဖြစ်သော ကမ္မနိမိတ်ကိုပင် အာရုံပြု**သည်။

♠ ရူပါဝစရပဋိသန္ဓေတို့၏ အာရုံသည် ကသိဏ်းပညတ်စသော အာရုံဖြစ်ရကား ထိုဈာန်တို့ကို ရသောပုဂ္ဂိုလ်အား သေခါနီးဆဲဆဲ၌ ရပြီးဈာန်၏ အာရုံဖြစ်သော ပညတ်ကမ္မနိမိတ်သည် ရှေးရှုထင်လာ၏။ ထို့ကြောင့် ရူပပဋိသန္ဓေစိတ်တို့သည် မရဏာသန္နဇောသည် ယူအပ်သော ကသိဏ်း ပညတ်စသော ပညတ်ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ (ပရမတ္ထသင်္ဂဟသံပေါက် ၂၃၅)

♣ ရူပဝိပါက်၏အာရုံသည် မိမိကိုဖြစ်စေသော ရူပကံ၏ အာရုံသာဖြစ်သည်။

(သစ္စာသခေ်ပ ၄ နိဿယ ၆၄)

## အသညသတ်ဘုံရောက်ရန် သညာဝိရာဂဖြစ်အောင်ပွားပုံ

'ကံ ကံ၏အကျိုး ရှိ၏'ဟု အယူရှိကြသော ကမ္မကြိယဝါဒီ တိတ္ထိတို့သည် မိမိတို့ ရရှိပြီးသော ပဉ္စမဈာန်ကိုပင် စိတ်ရှိသော် တပ်ခြင်း ပြစ်မှားခြင်းစသည် ဖြစ်ရ၏။ စိတ်မရှိလျှင် တပ်ခြင်း ပြစ်မှားခြင်းသဘော ကင်း၍မျက်မှောက်၌ နိဗ္ဗာန်ရောက်ရသည်မည်၏ဟု ကြံစည်ကြပြီးလျှင် သညာဂဏ္ဍော သညာရောဂေါ၊ ဓိ စိတ္တံ၊ ဓိ နာမံ၊ ဟူ၍ စိတ်တရား၌ အပြစ်ကို ရှုမြင်ကြကုန်လျက် သညာကင်းအောင် ဝါယောကသိဏ်းကို စီးဖြန်းပွားများကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ရပြီးဈာန်တို့မှ မယုတ်စေကြဘဲ စုတေသေလွန်ကြသည်ရှိသော် ကာမဘုံ၌ အိပ်ခြင်းလျောင်းခြင်းစသော ဣရိယာပုထ်အတိုင်း သညာအမှုးရှိသော စိတ်စေတသိက်တို့ ချုပ်ငြိမ်းရာ အသညသတ်ဘုံ၌ ဖြစ်ကုန်၏။ (ပရမတ္ထသင်္ဂဟ ၁၉၂)

**အသညသတ်မရဏာန္နဇော အာရုံကား** ဝါယောကသိဏ်းပညတ် ကမ္မနိမိတ်ဖြစ်သည်။

(မိုင်းခိုင်းဝီထိပုံ ၄၀)

**အသညသတ်ဘုံသို့သွားမည့်သူ၏ မရဏာသန္နဇောသည်** ဝါယောကသိဏ်း (သမာနဝါဒ) အာကာသကသိဏ်း(ကေစိဝါဒ) ကို အာရုံပြုသည်။ (ဦးမေဓိယာလင်္ကာရာဘိဝံသ ဝီထိစာအုပ်)

## အသညသတ်ဘုံမှစုတေသူ၌ အာရုံနိမိတ်ထင်ပုံ

အသညသတ်ဘုံ၌မဖြစ်မီ ဘဝများက ပြုခဲ့သော(အပရာပရိယဝေဒနီယ)ကုသိုလ်ကံသည် ထင်စေအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေစိတ်ဖြစ်သည်။

(သစ္စာသခေ်ပအဋ္ဌကထာနိသျ ၇၂)

♦ အသညသတ်ဘုံ၌ စိတ်ဟူသမျှ လုံးဝမရှိရကား စုတေခါနီး၌ အာရုံယူဘို့ရာ မရဏာသန္နဇောမရနိုင်၊ ထို့ကြောင့် အသညသတ်ဘုံမှ စုတေ၍ ကာမဘုံ၌ဖြစ်သော ပဋိသန္ဓေ၏ အာရုံသည် အခြားမဲ့ လွန်ပြီးစဘဝ၌ ဆဒွါရိကမရဏာသန္နဇောသည် ယူအပ်သော အာရုံမဟုတ်၊ အသညသတ်ဘုံသို့ မရောက်မီ ရှေးရှေးဘဝက ပြုခဲ့၍ ယခုပဋိသန္ဓေကျိုးကို ပေးခွင့်ကြုံသော **အပရာပရိယဝေဒနီယကံသည် ထင်စေအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်** သုံးပါးတွင် တပါးပါးဖြစ်သည်။

**အရူပပဋိသန္ဓေစိတ်၏အာရုံ**။ အရူပါဝစရ ပဋိသန္ဓေစိတ်၏ အာရုံလည်း ထို့အတူ ကမ္မနိမိတ်ပင်တည်း။ ထိုကမ္မနိမိတ်သည် ပညတ်မဟဂ္ဂုတ် နှစ်မျိုးတွင် ထိုက်သလို ဖြစ်၏။

| **အာရုံ** | **ဈာန်စိတ်** |
|---|---|
| အာကာသပညတ် | အာကာသာနဉ္စာယတနဝိပါက်စိတ် |
| အာကာသာနဉ္စာယတနစိတ် | ဝိညာနဉ္စာယတနဝိပါက်စိတ် |
| အာကာသာနဉ္စာယတနစိတ်၏မရှိခြင်း (နတ္ထိဘာဝပညတ်) | အာကိဉ္စညာယတနဝိပါက်စိတ် |
| အာကိဉ္စညာယတနစိတ် | နေဝသညာနာသညာယတနဝိပါက်စိတ် |

အာကာသာနဉ္စာယတနဗြဟ္မာ၏ ပဋိသန္ဓေစိတ် (ဘဝ၏အစဆုံးစိတ်) သည် အာကာသပညတ်ကို အာရုံပြုသဖြင့် လူ့ပြည်(ကာမဘုံ)မှ အာကာသာနဉ္စာယတန ဗြဟ္မာပြည်သို့ သွားမည့်သူ၏ မရဏာသန္နဇော သည် အာကာသပညတ်ကို ယူသည်ဟု သိရမည်။ ကျန်အရူပဗြဟ္မာတို့အတွက်လည်း ဤသို့သိပါ။

♦ အရူပဘုံသည် ရုပ်ကို စက်ဆုတ်ရွံမုန်းသည့်ဘုံ ဖြစ်သည်။ ထို့ကြောင့် ထိုဘုံမှ စုတေ၍ ကာမဘုံသို့လာသောအခါ ကာမပဋိသန္ဓေ၏အာရုံသည် ကံအာရုံဖြစ်လျှင် အရူပဘုံက မရဏာသန္နဇောတို့ ယူနိုင်ဘွယ်ရှိ၏။ ဂတိနိမိတ်နှင့် ရုပ်ကမ္မနိမိတ်ဖြစ်လျှင် အရူပဘုံက မရဏာသန္နဇောတို့ မယူနိုင်။ အ**ကျိုး ပေးမည့် ကံ၏အစွမ်းကြောင့် ထင်လာစေအပ်သော အာရုံသာဖြစ်သည်**ဟု ပဋ္ဌာန်းအနုဋီကာကျမ်းက ဆိုသည်။

## ရဟန္တာများ၏ ပရိနိဗ္ဗာနဝီထိ

### (က) ကာမဇောမနောဒွါရဝီထိ

၁။ ဇော နောင် စုတိ တဝီထိ
၂။ ဇော ဘဝင် နောင် စုတိ တဝီထိ
၃။ တဒါရုံ နောင် စုတိ
၄။ တဒါရုံ ဘဝင် နောင် စုတိ – ဟု လေးမျိုးရှိနိုင်သည်။

### ရဟန္တာ၏ ဇော နောင် စုတိဝီထိပုံ

| ကံ/ကမ္မ/ဂတိ | | ရုပ်/နာမ်/ပညတ် | ကံ/ကမ္မ/ဂတိ | |
|---|---|---|---|---|
| “တီ န ဒ | မ | ဇ ဇ ဇ ဇ ဇ | စု” | ~~ပဋိသန္ဓေ~~ |
| တိဟိတ်ဘဝင်–၁၃ | ၁ | မဟာကြိယာ–၈၊ ဟသိတုပ္ပါဒ်–၁ | တိဟိတ်ဘဝင်–၁၃ | |

♠ ပုထုဇဉ်, သေက္ခတို့၏ မနောဒွါရ မရဏာသန္နဝီထိ အတိုင်း ဖြစ်သည်။ ဈာန်မရသည့် ပုဂ္ဂိုလ်ဖြစ်၍ သော်၄င်း, ဈာန်ရသော်လည်း ဈာန်ကို မဝင်စားပဲ ပရိနိဗ္ဗာန်ပြုသော်၄င်း ဤဝီထိပုံစံ လေးမျိုးဖြင့် ပရိနိဗ္ဗာန် ပြုတော်မူသည်။

အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း ဇော တဒါရုံဟူသော ဝီထိစိတ်တို့သည် အခြားမရဏာသန္နဝီထိ များကဲ့သို့ ကံ ကမ္မနိမိတ် ဂတိနိမိတ် အမည်ရသော အာရုံမဟုတ်ပဲ ရိုးရိုးတေဘူမက နာမ်ရုပ်များနှင့် ပညတ်အာရုံများတွင် တပါးပါးကို အာရုံပြုသည်။ ကံက အကျိုးပေးဘွယ် မလိုသောကြောင့် ကံအာရုံ ကမ္မနိမိတ်အာရုံများ မထင်နိုင်။ လားရာဂတိ မရှိသောကြောင့် ဂတိနိမိတ်လည်း မထင်နိုင်။ ရိုးရိုးလောကီ ရုပ်နာမ်နှင့် ပညတ် တပါးပါးသာ ထင်လာလိမ့်မည်ဖြစ်၍ ထိုအာရုံကိုပင် ပရိနိဗ္ဗာနဝီထိစိတ်က အာရုံပြုသည်။ ပရိနိဗ္ဗာန စုတိစိတ်ကား ထုံးစံအတိုင်း မူလပဋိသန္ဓေတည်ခဲ့စဉ်က အာရုံနှင့်တူစွာ ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတွင် တပါးပါးကို အာရုံပြုသည်။

### (ခ) အပ္ပနာဇောမနောဒွါရဝီထိ

၁။ ဈာနသမနန္တရဝီထိ

၂။ ပစ္စဝေက္ခဏာသမနန္တရဝီထိ

၃။ အဘိညာသမနန္တရဝီထိ

၄။ ဇီဝိတသမသီသီ ဝီထိ – ဟု လေးမျိုးရှိ၏။

### ဈာန်ဝင်စားပြီး စုတိကျသည့် ဈာနသမနန္တရ ၂–ဝီထိ

| ကံ/ကမ္မ/ဂတိ | ဈာန်အာရုံများ | ကံ/ကမ္မ/ဂတိ |
| --- | --- | --- |
| ဘ ဘ "န ဒ | မ ပ ဥ နု ဂေါ ဈာန် ဈာန် ဈာန်များစွာ | စုတိ" |
| ဘ ဘ "န ဒ | မ ပ ဥ နု ဂေါ ဈာန် ဈာန် ဈာန်များစွာ | ဘ စုတိ" |
| တိဟိတ်ဘဝင်–၁၃ | ၁ မဟာကြိယာညသံ–၄ ရူပကြိယာ–၅၊ အရူပကြိယာ–၄ | |

♠ ဝီထိနှစ်မျိုးကို ကြိယာဈာန် ၉–ပါးနှင့်မြှောက်=၁၈၊ ၁၈–ကို တိက္ခပုဂ္ဂိုလ်+မန္ဒပုဂ္ဂိုလ်နှစ်မျိုးနှင့် မြှောက်=၃၆ ဝီထိဖြစ်သည်။ ဤဝီထိများ ကာမသုဂတိ ရူပ,အရူပဘုံ၌ ထိုက်သလို ဖြစ်၏။

### ဈာန်ဝင်စားပြီးနောက် ပစ္စဝေက္ခဏာဆင်ခြင်ပြီး စုတိကျသည့် ပစ္စဝေက္ခဏာသမနန္တရဝီထိ

| ကံ/ကမ္မ/ဂတိ | ဈာန်အာရုံများ | ကံ/ကမ္မ/ဂတိ |
| --- | --- | --- |
| ဘ ဘ "န ဒ | မ ပ ဥ နု ဂေါ ဈာန် ဈာန် ဈာန်များစွာ | ဘ ဘ ဘ ဘ" |
| တိဟိတ်ဘဝင်–၁၃ | ၁ မဟာကြိယာညသံ–၄ ရူပကြိယာ–၅၊ အရူပကြိယာ–၄ | |

| ကံ/ကမ္မ/ဂတိ | ဈာန်အင်္ဂါအာရုံများ | ကံ/ကမ္မ/ဂတိ |
| --- | --- | --- |
| ဘ ဘ ဘ "န ဒ မ | ဇ ဇ ဇ ဇ ဇ | စုတိ" |
| ဘ ဘ ဘ "န ဒ မ | ဇ ဇ ဇ ဇ ဇ | ဘ စုတိ" |

♠ ဤ ၂–ဝီထိကို ပထမဈာန်နောင်ဖြစ်က ဈာန်အင်္ဂါ ၅–ပါးဖြင့် မြှောက်= ၁၀၊ ဒုတိယဈာန်နောင်ဖြစ်က ဈာန်အင်္ဂါ ၄–ပါးဖြင့် မြှောက်= ၈၊ တတိယဈာန်နောင်ဖြစ်က ဈာန်အင်္ဂါ ၃–ပါးဖြင့် မြှောက်=၆၊ စတုတ္ထဈာန်နောင်ဖြစ်က ဈာန်အင်္ဂါ ၂–ပါးဖြင့် မြှောက်=၄၊ ပဉ္စမဈာန်နောင်ဖြစ်က ဈာန်အင်္ဂါ ၂–ပါးဖြင့် မြှောက်=၄၊ အားလုံးပေါင်းလျှင် ပစ္စဝေက္ခဏာဝီထိပေါင်း ၃၂–ဝီထိ ဖြစ်သည်။ ဤဝီထိများ ကာမသုဂတိ ရူပ,အရူပဘုံ၌ ထိုက်သလို ဖြစ်၏။

## အဘိညာဉ်စိတ်ဖြစ်ပြီးနောက် စုတိကျသည့် အဘိညာသမနန္တရဝီထိ

၁။ ပါဒကဈာနဝီထိ – ဘ "န ဒ မ ပ ဥ နု ဂေါ ဈ ဈ ဈ (လိုသလောက်)" ဘ
မဟာကြိ ဥညသံ–၂ ရူပကြိ–မဈာန်–၁

၂။ ပရိကမ္မဝီထိ – ဘ "န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ
မဟာကြိ–၈

၃။ ပါဒကဈာနဝီထိ – ဘ "န ဒ မ ပ ဥ နု ဂေါ ဈ ဈ ဈ (လိုသလောက်)" ဘ
မဟာကြိ ဥညသံ–၂ ရူပကြိ–မဈာန်–၁

၄။ (က) အဘိညာဝီထိ – ဘ "န ဒ မ ပ ဥ နု ဂေါ ဘိ" စု
ရူပကြိ–မဈာန်–၁

(ခ) အဘိညာဝီထိ – ဘ "န ဒ မ ပ ဥ နု ဂေါ ဘိ" ဘ စု
ရူပကြိ–မဈာန်–၁

♠ သေခါနီးအခါ၌ အဘိညာဉ်အမျိုးမျိုးတွင် ဣဒ္ဓိဝိဓအဘိညာဉ်သာ ဖြစ်သည်။ ဤစုတိမျိုး ကာမသုဂတိဘုံနှင့် ရူပဘုံ၌သာ ရနိုင်သည်။ အရူပဘုံ၌ အစဉ်အတိုင်းဝင်စားဘို့ သမာပတ် ၈–ပါးမရှိ၍ ဤစုတိမျိုး မဖြစ်။ အဘိညာဉ်နောင် စုတိ, အဘိညာဉ် ဘဝင်နောင် စုတိ–ဟု နှစ်မျိုး ဖြစ်နိုင်သည်။ ဤနှစ်မျိုးကို တိက္ခ မန္ဒပုဂ္ဂိုလ်နှစ်ဦးဖြင့် မြောက် ၄–ဝီထိဖြစ်၏။

## ကိလေသာကုန်သည်နှင့် တပြိုင်နက် အသက်ပါ ကုန်ဆုံးပြီး စုတိကျသည့် ဇီဝိတသမသီသီ ဝီထိ

၁။ ဘ ဘ "န ဒ မ ပ ဥ န ဝေါ မဂ် ဖိုလ် ဖိုလ်" ဘ ဘ

၂။ (က) ဘ ဘ "န ဒ မ ဇ ဇ ဇ ဇ ဇ" စုတိ

(ခ) ဘ ဘ "န ဒ မ ဇ ဇ ဇ ဇ ဇ" ဘ စုတိ

ကိလေသာကုန်ချိန် အသက်ကုန်ချိန်

♠ ပါဠိလို ဦးခေါင်းကို "သီသ"ဟု ခေါ်သည်။ သီသသည် ကိလေသာသီသ, ဝဋ္ဋသီသ ဟု နှစ်မျိုးရှိ၏။ အဝိဇ္ဇာ ကို ကိလေသာသီသ ဟု ခေါ်၍ ဇီဝိတိန္ဒြေ(အသက်)ကို ဝဋ္ဋသီသ ဟု ခေါ်သည်။ တစုံတယောက်သော ယောဂီပုဂ္ဂိုလ်သည် ရောဂါဝေဒနာ လွန်စွာဖိစီးသဖြင့် သံသရာကြီးကို ငြီးငွေ့စက်ဆုပ်လျက် လေးလေးနက်နက် တရားကို အားထုတ်လေ့လာရာ မဂ်အစဉ်အတိုင်းတက်၍ အရဟတ္တမဂ္ဂဝီထိဖြင့် အဝိဇ္ဇာအပြုတ်တွင် ဇီဝိတိန္ဒြေလည်း ချုပ်ရကား ကိလေသာသီသနှင့် ဝဋ္ဋသီသတို့ အပြုတ်အချုပ်ပြိုင်တူညီမျှလျက် ရှိလေသည်။ ထိုကဲ့သို့ ပုဂ္ဂိုလ်မျိုးကို ဇီဝိတသမသီသီ ဟု ခေါ်၏။

(ဇီဝိတ+သမ+သီသ+ီ=ဇီဝိတသမသီသီ၊ ဇီဝိတ–ဇီဝိတိန္ဒြေနှင့်၊ သမ–ချုပ်ရာကာလတူမျှသော၊ သီသ–ကိလေသာသီသဟူသောအဝိဇ္ဇာသည်၊ ီ –ရှိ၏)

ဤနေရာ၌ "ချုပ်ရာကာလတူသည်" ဟူသည် စိတ်တကြိမ် ဖြစ်ရာကာလမျိုးကို မဆိုလို။ စိတ်တွေ အသုတ်လိုက်(အုပ်စုလိုက်)ပေါ်ပြီး ပျောက်သွားမှုကို ဆိုလိုသည်။ အရဟတ္တမဂ် ဖြစ်ချိန်တွင် အဝိဇ္ဇာကိလေသာကုန်ပြီးနောက် အရဟတ္တမဂ္ဂဝီထိအဆုံးတွင် ဘဝင်အနည်းငယ်ခြားလျက် မဂ်နှင့်ဖိုလ်ကို ဆင်ခြင်သည့် နှစ်ဝီထိဖြစ်ပြီး စုတိဖြစ်ကာ ဇီဝိတိန္ဒြေ ပြတ်စဲလေသည်။ ဤသို့ ရှေ့ဆင့်နောက်ဆင့် ကပ်လျက် အဝိဇ္ဇာနှင့်ဇီဝိတိန္ဒြေကုန်သွားခြင်းကို "ဇီဝိတသမသီသီ" ဟု ခေါ်လေသည်။

ဝီထိနှင့် သုံးချက်စု မရဏာသန္နဝီထိခဏ်း ၇၇–၉၄
သင်္ဂြိုဟ်ဘာသာဋီကာ ၄၃၀–၄၃၆

# စုတိနောက် ပဋိသန္ဓေဖြစ်ပုံ

| | ဧ ဧ ဧ ဧ ဧ **စုတိ**<br>၀၀၀ | **ပဋိသန္ဓေ** ဘ ဘ ဘ<br>၀၀၀ | |
|---|---|---|---|
| **အရူပ** တိဟိတ် | ၁။ နေဝသညာနာသညာယတနဝိပါက် | ၁။ နေဝသညာနာသညာယတနဝိပါက် | |
| | ၂။ အာကိဉ္စညာယတနဝိပါက် | ၂။ အာကိဉ္စညာယတနဝိပါက် | |
| | ၃။ ဝိညာဏဉ္စာယတနဝိပါက် | ၃။ ဝိညာဏဉ္စာယတနဝိပါက် | |
| | ၄။ အာကာသာနဉ္စာယတနဝိပါက် | ၄။ အာကာသာနဉ္စာယတနဝိပါက် | |
| **ရူပ** တိဟိတ် | ၅။ ပဉ္စမဈာန်ဝိပါက် | ၅။ ပဉ္စမဈာန်ဝိပါက် | (စတုတ္ထဈာန် ၆-ဘုံ၏ ပဋိသန္ဓေ) |
| | ၆။ စတုတ္ထဈာန်ဝိပါက် | ၆။ စတုတ္ထဈာန်ဝိပါက် | (တတိယဈာန် ၃-ဘုံ၏ ပဋိသန္ဓေ) |
| | ၇။ တတိယဈာန်ဝိပါက် | ၇။ တတိယဈာန်ဝိပါက် | (ဒုတိယဈာန် ၃-ဘုံ ပဋိသန္ဓေ) |
| | ၈။ ဒုတိယဈာန်ဝိပါက် | ၈။ ဒုတိယဈာန်ဝိပါက် | |
| | ၉။ ပထမဈာန်ဝိပါက် | ၉။ ပထမဈာန်ဝိပါက် | (ပထမဈာန် ၃-ဘုံ ပဋိသန္ဓေ) |
| **ကာမ** သုဂတိ တိဟိတ် | ၁၀။ သော ဉာသံ အ ဝိပါက် | ၁၀။ သော ဉာသံ အ ဝိပါက် | နတ် ၆-ဘုံ လူ့ဘုံ ပဋိသန္ဓေ |
| | ၁၁။ သော ဉာသံ သ ဝိပါက် | ၁၁။ သော ဉာသံ သ ဝိပါက် | |
| | ၁၂။ ဥ ဉာသံ အ ဝိပါက် | ၁၂။ ဥ ဉာသံ အ ဝိပါက် | |
| | ၁၃။ ဥ ဉာသံ သ ဝိပါက် | ၁၃။ ဥ ဉာသံ သ ဝိပါက် | |
| ဒွိဟိတ် | ၁၄။ သော ဉာဝိ အ ဝိပါက် | ၁၄။ သော ဉာဝိ အ ဝိပါက် | |
| | ၁၅။ သော ဉာဝိ သ ဝိပါက် | ၁၅။ သော ဉာဝိ သ ဝိပါက် | |
| | ၁၆။ ဥ ဉာဝိ အ ဝိပါက် | ၁၆။ ဥ ဉာဝိ အ ဝိပါက် | |
| | ၁၇။ ဥ ဉာဝိ သ ဝိပါက် | ၁၇။ ဥ ဉာဝိ သ ဝိပါက် | |
| အဟိတ် | ၁၈။ ကု ဝိ ဥ သန္တီရဏ | ၁၈။ ကု ဝိ ဥ သန္တီရဏ | (လူနှင့်စတုမဟာရာဇ်ပဋိသန္ဓေ) |
| ဒုဂ္ဂတိ အဟိတ် | ၁၉။ အကု ဝိ ဥ သန္တီရဏ | ၁၉။ အကု ဝိ ဥ သန္တီရဏ | (အပါယ် ၄-ဘုံ ပဋိသန္ဓေ) |

| | | |
|---|---|---|
| **ရူပ** သုဂတိ အဟိတ် | ၂၀။ အသညသတ်ရုပ်စုတိ | ၂၀။အသညသတ်ရုပ်ပဋိသန္ဓေ<br>(စတုတ္ထဈာန်ဘုံပဋိသန္ဓေ) |

♠ စတုတ္ထဈာန်ဘုံသည် ဝေဟပ္ဖိုလ်-၁၊ အသညသတ်-၁၊ သုဒ္ဓါဝါသ-၅၊ ပေါင်း ၇-ဘုံရှိသည်။ သုဒ္ဓါဝါသဘုံကား ၁၊ အဝိဟာ ၂၊ အတပ္ပါ၊ ၃၊ သုဒဿာ ၄၊ သုဒဿီ ၅၊ အကနိဋ္ဌ အားဖြင့် ၅-ဘုံရှိသည်။

၁။ နေဝသညာနာသညာယတန စုတိနောင် နေဝသညာနာသာယတန ပဋိသန္ဓေနှင့် ကာမတိဟိတ် ပဋိသန္ဓေ (ဉာဏသမ္ပယုတ်ဝိပါက်) ၄–ပါး ပေါင်း ၅–ပါးဖြစ်နိုင်သည်။

၂။ အာကိဉ္စညာယတန စုတိနောင် နေဝသညာနာသာယတန, အာကိဉ္စညာယတန ပဋိသန္ဓေနှင့် ကာမတိဟိတ် ပဋိသန္ဓေ(ဉာဏသမ္ပယုတ်ဝိပါက်) ၄–ပါး ပေါင်း ၆–ပါးဖြစ်နိုင်သည်။

၃။ ဝိညာဏဉ္စာယတန စုတိနောင် နေဝသညာနာသာယတန, အာကိဉ္စညာယတန, ဝိညာနဉ္စာယတန ပဋိသန္ဓေနှင့် ကာမတိဟိတ် ပဋိသန္ဓေ(ဉာဏသမ္ပယုတ်ဝိပါက်) ၄–ပါး ပေါင်း ၇–ပါးဖြစ်နိုင်သည်။

၄။ အာကာသာနဉ္စာယတန စုတိနောင် အရူပပဋိသန္ဓေ ၄–ပါး, ကာမတိဟိတ် ပဋိသန္ဓေ (ဉာဏသမ္ပယုတ်ဝိပါက်) ၄–ပါး ပေါင်း ၈–ပါးဖြစ်နိုင်သည်။

♠ အရူပဘုံသို့ရောက်သူသည် အောက်အောက် အရူပဈာန်နှင့် ရူပဈာန်ကို ဈာန်၏အာရုံမရှိသဖြင့် အားမထုတ်နိုင်ကြ၍ အောက်အောက်အရူပဘုံနှင့် ရူပဘုံတို့၌ မဖြစ်နိုင်။ ရှေးဘဝ ဈာန်မရခင်က ဈာန်ရအောင် အားထုတ်စဉ် တိဟိတ်ကာမာဝစရ ကုသိုလ်ကံတို့ကြောင့် ဒွိဟိတ်, အဟိတ် ပဋိသန္ဓေများမဖြစ်။

၅။ ရူပါဝစရစုတိ ၅–ခုနောင် အဟိတ်ပဋိသန္ဓေစိတ် နှစ်ခုကြဉ်၍ ပဋိသန္ဓေစိတ် ၁၇–ပါး ဖြစ်နိုင်သည်။ ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေ, သုဂတိအဟိတ်ပဋိသန္ဓေနှင့် အသညသတ်ပဋိသန္ဓေ မဖြစ်နိုင်။ ရူပဘုံမှ စုတေလျှင် ရူပ အရူပဘုံ၌လည်း ပဋိသန္ဓေနေနိုင်, ကာမဘုံ၌လည်း ဒွိဟိတ်, တိဟိတ်ပဋိသန္ဓေ နေနိုင်သည်ဟု ဆိုလိုသည်။ သို့သော် အရိယာတို့သည် အထက်ဘုံမှ အောက်ဘုံပြန်ဆင်းသည့် ထုံးစံမရှိပေ။ ရူပဘုံမှစုတေလျှင် ရရှိသော ဈာန်အားလျော်စွာ ရူပအရူပဘုံ၌ ဖြစ်နိုင်သည်။ ရူပဘုံ၌ ကာယကံ ဝစီကံတွေ အမျိုးမျိုးဖြစ်နေသောကြောင့် ဈာန်မရလျှင် ထိုကံအားလျော်စွာ တိဟိတ် ဒွိဟိတ် ပဋိသန္ဓေများ နေနိုင်သည်။ နီဝရဏတို့ကို ပယ်ခွါထားသဖြင့် အဟိတ်ပဋိသန္ဓေကား မဖြစ်နိုင်။

၆။ အသညသတ်ဘုံ၌ ဈာန်မရနိုင်၍ အသညသတ်စုတိနောင် ရူပ အရူပ ပဋိသန္ဓေ မဖြစ်နိုင်။ အသညသတ်မရောက်ခင် ကာမဘုံဝယ် ဈာန်ကိုအားထုတ်တုန်းက နီဝရဏတွေ ပယ်ခွါထားသဖြင့် အဟိတ် ပဋိသန္ဓေလည်း မဖြစ်။ ထို့ကြောင့် တိဟိတ် ဒွိဟိတ် ပဋိသန္ဓေများသာ ဖြစ်နိုင် သည်ဟု မှတ်ပါ။

၇။ ကာမတိဟိတ်စုတိနောင် ပဋိသန္ဓေ ၂၀–လုံးဖြစ်နိုင်သည်။
၈။ ကာမဒွိဟိတ်, အဟိတ် စုတိနောင် ကာမပဋိသန္ဓေ ၁၀–ပါးသာ ဖြစ်နိုင်သည်။ ကာမဒွိဟိတ်, အဟိတ် ပုဂ္ဂိုလ်တို့သည် ဈာန်မရနိုင်၍ ရူပ အရူပဘုံသို့ မရောက်နိုင်။

## **သတ္တဝါသ**(သတ္တဝါတို့နေရာ)**ဘုံကိုး၀**

၁။ နာနတ္တကာယ နာနတ္တသညီ (နတ်ပြည် ၆-ထပ်၊ လူ-၁)
၂။ နာနတ္တကာယ ဧကတ္တသညီ (အပါယ် ၄-ဘုံ၊ ပထမဈာန် ၃-ပုံ)
၃။ ဧကတ္တကာယ နာနတ္တသညီ (ဒုတိယဈာန် ၃-ဘုံ)
၄။ ဧကတ္တကာယ ဧကတ္တသညီ(ဒုတိယဈာန်မှ အထက်ဗြဟ္မာဘုံများ)
၅။ ဧကတ္တကာယ သညာနတ္ထိ (အသညသတ်)
၆။ အာကာသာနဉ္စာယတနဘုံ
၇။ ဝိညာဏဉ္စာယတနဘုံ
၈။ အာကိဉ္စညာယတနဘုံ
၉။ နေ၀သညာနာသညာယတနဘုံ

(နာနတ္တ=ကွဲပြားသည်။ ဧကတ္တ=တူသည်။ ကာယ=ကိုယ်သဏ္ဌာန်။ သညီ=ပဋိသန္ဓေဝိပါက်စိတ်ရှိ)

လူ့ပြည် နတ်ပြည်အားဖြင့် ခုနှစ်ပါးသော သုဂတိဘုံတို့သည် သတ္တဝါတို့၏ ကိုယ်သဏ္ဌာန်လည်း အထူးထူးအပြားပြား, ပဋိသန္ဓေစိတ်လည်း အထူးထူးအပြားပြားဖြစ်၍ နာနတ္တကာယ နာနာတ္တသညီ မည်၏။ အပါယ်လေးဘုံ ပထမဈာန်သုံးဘုံ ဤခုနစ်ပါးသော ဘုံတို့သည် သတ္တဝါတို့၏ သတ္တဝါတို့၏ကိုယ်သဏ္ဌာန် ကား အထူးထူးအပြားပြားရှိ၏။ ပဋိသန္ဓေစိတ်မူကား ပဌမဈာန်သုံးဘုံ၌ ပထမဈာန်ဝိပါက်တခုသာ အပါယ် လေးဘုံ၌လည်း အကုသလဝိပါက် ဥပေက္ခာသန္တီရဏတခုသာ ရှိ၍ နာနာတ္တကာယ ဧကတ္တသညီ မည်၏။ ဒုတိယဈာန်သုံးဘုံသည် သတ္တဝါတို့၏ ကိုယ်သဏ္ဌာန်အရောင်အဝါကား တူ၏။ ပဋိသန္ဓေစိတ်ကား ဒုတိယဈာန်ဝိပါက် တတိယဈာန်ဝိပါက် နှစ်မျိုးဖြစ်၍ ဧကတ္တကာယ နာနတ္တသညီ မည်၏။ တတိယဈာန် ၃-ဘုံ, ဝေဟပ္ဖိုလ် ၁-ဘုံ, သုဒ္ဓါသ ၅-ဘုံ ပေါင်းကိုးဘုံတို့သည် သတ္တဝါတို့၏ ကိုယ်သဏ္ဌာန်လည်းတူ၏။ ပဋိသန္ဓေစိတ်လည်း စတုက္ကနည်းအားဖြင့် စတုတ္ထဈာန်ဝိပါက် တစ်ပါးသာဖြစ်သောကြောင့် ဧကတ္တကာယ ဧကတ္တသညီ မည်၏။ အသညသတ်သည် ကိုယ်သဏ္ဌာန်တူ၏။ စိတ်မရှိသောကြောင့် ဧကတ္တကာယ သညာနတ္ထိ မည်၏။ အရူပလေးဘုံသည် သညာနတ္ထိတိ တစ်ပါးစီဖြစ်၍ လေးပါးယူရမည်။
(မနောရထပူရဏီ ၁၂၈)

(**ဝိညာဏဋ္ဌိတိ**(စိတ်ဝိညာဏ်တည်ပုံ)**၇-ပါး** = ၁မှ ၄-အထိ ကို အောက်အရူပဘုံ သုံးပါးထည့်ပါ)

သင်္ဂြိုဟ်ဘာဋီ ၃၃၂
တိပိဓာန် ဝိညာဏဋ္ဌိတိအဖွင့်

## ♠ ဈာန်သမာပတ်ပုဂ္ဂိုလ်နှင့်ဖြစ်ရာဘုံ

သမာပတ်တို့ကို အလုံးစုံရရှိပြီးသော ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့သည် မိမိတို့ ရရှိပြီးသော သမာပတ်တို့၏ အကျိုးပေးနိုင်ရာဖြစ်သော ဘုံတို့တွင် မိမိတို့အလိုရှိသောဘုံ၌ ဖြစ်နိုင်ကုန်၏။ ပုထုဇဉ်ပုဂ္ဂိုလ်ဖြစ်၍ ကာမဘုံ၌ ဖြစ်လိုကျင်လည်လိုသော နိကန္တိရှိလျှင် ကာမဘုံတို့၌လည်း ဖြစ်နိုင်ကုန်၏။

သောတာပန်, သကဒါဂါမ် တို့သည်မူကား မိမိတို့ရရှိသောဈာန်မှ မဆုတ်မယုတ် မလျှောမသက်ကြ ကုန်လျှင် ကာမဘုံ၌ဖြစ်လိုသော နိကန္တိဟူ၍မရှိလေကုန်။ ကာမဘုံ၌ မဖြစ်ကုန်။ ဈာန်လျှောကျကုန်လျှင်သာ ကာမဘုံ၌ ဖြစ်ကြရကုန်၏။

အနာဂါမ်တို့မည်သည် ကာမဘုံ၌ ဖြစ်ရန်ကိစ္စ မရှိကြကုန်သဖြင့် ဈာန်ကိုမရဘဲ စုတိသည်ဟူ၍ မရှိကြကုန်။ ထိုအနာဂါမ်တို့သည် အိပ်ပျော်၍နေကုန်စဉ် ဓားလက်နက်တို့ဖြင့် လည်ပင်းကိုဖြတ်၍ သတ်အပ်ကုန်သော်လည်း ဈာန်ကိုမရဘဲ စုတိခြင်းသို့ မရောက်ကုန်။ ထိုစကား မှန်၏။ ထိုအနာဂါမ်တို့မှာ လွန်စွာပွားများအပ်သော သမာဓိတရား ရှိကြလေကုန်၏။

အထက်နတ်ဘုံ၌ရှိသော နတ်တို့ အနာဂါမ်ဖြစ်လျှင် နတ်ပြည်မှာ ကာမဂုဏ် အာရုံတွေများသဖြင့် လွပ်လပ်ဆိတ်ငြိမ်ရာအရပ်ကို မရသောကြောင့် ကြာရှည်စွာ မတည်နေကြဘဲ ဗြဟ္မာပြည်သို့ ပြောင်းကြရ, ပြောင်းဘို့ရန်လည်း ဈာန်ကို လွယ်ကူစွာ ရနိုင်ကြသည်။

## ♠ ဗြဟ္မာ့ပြည်မှာ၊ အရိယာ၊ အောက်ရွာဆင်းမရှိ။

ဗြဟ္မာပြည်သို့ရောက်လေကုန်ပြီးသော အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့၏ဖြစ်ရာဘုံမှ အောက်အောက် ဘုံသို့ သက်ဆင်း၍ ပဋိသန္ဓေနေရိုးမရှိကြကုန်။ (သောတာပန်, သကဒါဂါမ် ဗြဟ္မာတို့သည် ကိလေသာဂတိ အားဖြင့် ကာမဘုံသို့ သွားဖွယ်ရှိ၏။ ပုဂ္ဂလဂတိအားဖြင့် ဗြဟ္မာဘုံသို့ရောက်လျှင် ကာမဘုံကို မဆိုထားဘိ ဗြဟ္မာဘုံထဲမှာပင် အောက်အောက်ဘုံသို့ သက်၍ ပဋိသန္ဓေမနေကုန်ပြီ)။

## ♠ သုဒ္ဓါဘုံမှာ၊ အရိယာ၊ နှစ်ခါ ထပ်မရှိ။

သုဒ္ဓါဝါသငါးဘုံ၌ရှိသော အရိယာတို့သည် မိမိတို့၏ ဖြစ်ရာဘုံမှာပင် နှစ်ခါထပ်၍ ပဋိသန္ဓေနေရိုး မရှိကြကုန်။ အနာဂါမ်ဖြစ်လျှင် အထက်ဘုံသို့တက်လေ၏။ ရဟန္တာဖြစ်လျှင် မိမိဖြစ်ရာဘုံမှာပင် ပရိနိဗ္ဗာန် စံလေ၏။

## ♠ ဝေ, နေ, အက၊ သုံးဌာနမှာ၊ အရိယာ၊ သွားရာဘုံမရှိ။

ဝေဟပ္ဖိုလ်ဘုံ၊ နေဝသညာနာသညာယတနဘုံ, အကနိဋ္ဌဘုံ၌ ရှိကြကုန်သော အရိယာပုဂ္ဂိုလ်တို့သည် အောက်ဘုံသို့လည်းသက်ခွင့်မရှိ၊ အထက်ဘုံသို့လည်း တက်ခွင့်မရှိကြ။ ထိုတွင် အကနိဋ္ဌဘုံ၌ရှိသော အနာဂါမ်ပုဂ္ဂိုလ်တို့သည် မိမိဘုံမှာလည်း တဖန်ထပ်မံ၍ ပဋိသန္ဓေနေခွင့် မရှိသဖြင့် ထိုဘုံ၌ တခုသောဘဝဖြင့် သာလျှင် ပရိနိဗ္ဗာန်စံရလေသည်။

ဝေဟပ္ဖိုလ်, နေဝသညာနာသညာယတနတို့၌ ဖြစ်သော သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့သည် တခုသောဘဝနှင့် နိဗ္ဗာန်သို့မရကြကုန်သေးလျှင် မိမိတို့ဖြစ်ရာဘုံ၌ပင်လျှင် ပရိနိဗ္ဗာန်မစံမခြင်း အထပ်ထပ် ဖြစ်ရကုန်၏။

(ပရမတ္ထသံခိပ်ဋီကာ၊ ဒုတိယတွဲ၊ ၁၄၉)

## (ဂ) ရုပ်ပိုင်းအဆက်

ရူပသမုဋ္ဌာန(ရုပ်ကိုဖြစ်စေတတ်သောအကြောင်း)

**ရုပ်ဖြစ်ကြောင်းတရားငပါး**

ကံ၊ စိတ်၊ ဥတု၊ အာဟာရ

**ကံ**။ ကံ၏ အစွမ်းကြောင့် အသွင်သဏ္ဌာန် ပုံပန်အချိုးအစား အမျိုးမျိုးကွဲပြားသည်။ ထိုအသွင်သဏ္ဌာန် ပုံပန်ကွဲပြားမှုကြောင့် အထီးပုံသဏ္ဌာန်ကို တစ်မျိုးမှတ်သား၍ အမပုံသဏ္ဌာန်ကို တစ်မျိုးမှတ်သားလျက် လိင်္ဂသညာ ကွဲပြားရသည်။ ပုံသဏ္ဌာန်ကွဲ၍ အထီးအမဟု အခေါ်အဝေါ် ကွဲပြားရပြန်သည်။ အခေါ်အဝေါ်ကွဲ၍ အမဖြစ်လိုတဲ့ဆန္ဒ, အထီးဖြစ်လိုတဲ့ဆန္ဒဖြင့် အမျိုးမျိုးကံကို စီမံဖန်တီးကြပြန်သည်။ ထိုသို့ ဖန်တီးအပ်သောကံသည် ပင်ကိုဆန္ဒအလိုကျအောင် အထီးသဏ္ဌာန် အမသဏ္ဌာန် စီမံရ၏။ အကုသိုလ်ကံသည် ငရဲတိရိစ္ဆာန် ပြိတ္တာ အသူရကာယ်ရုပ်များကို ဖန်ဆင်း၍ လူနတ်သဏ္ဌာန်၌ ပဝတ္တိအခါ မလှမပအချိုးအစားမကျသော ရုပ်ပုံသဏ္ဌာန်ကို စီမံ၏။ ကုသိုလ်ကံသည် လူနတ်ဗြဟ္မာရုပ်များကို ဖန်ဆင်း၍ ပဝတ္တိအခါ၌ တိရိစ္ဆာန် ပြိတ္တာတို့သဏ္ဌာန်ဝယ် ထိုက်တန်သလောက် လှလှပပ ကျနသော ပုံသဏ္ဌာန်များကို စီမံလေသည်။

**စိတ်**။ စိတ်သည်လည်း ရုပ်ကိုဖြစ်စေနိုင်၏။ စိတ်ချမ်းသာလျှင် ရုပ်ကြည်လင်၏။ ထိုက်တန်သမျှ ကျန်းမာရေးကို အားပေး၏။ ဝဖြိုးစေ၏။ "စိတ်ပျိုတော့ ကိုယ်နု"ဟူသော စကားများလည်း မှန်ပေ၏။ စိတ်မချမ်းသာလျှင် ရုပ်ညှိုးနွမ်း၏။ ကျန်းမာရေးဆုတ်ယုတ်၏။ "စိတ်ထောင်းကိုယ်ကြေ"ဟူသော စကားလည်း မှန်ပေ၏။ တယောက်နှင့်တယောက် စကားပြောတုန်းမှာပင် အတွင်းစိတ်သဘောကို မှန်းဆနိုင်၏။ စိတ်တိုင်းကျလျှင် မျက်နှာကြည်လင်၏။ စိတ်တိုင်းမကျလျှင် မျက်နှာပျက်၏။ ဤအချက်များကို စိတ်ကသာဖြစ်စေသည်။

**ဥတု**။ ဥတုသည်လည်း ရုပ်ကိုဖြစ်စေနိုင်၏။ ဥတုသာယာလျှင် ရုပ်ကြည်လင်၏။ ကျန်းမာ ဝဖြိုး၏။ သန့်ရှင်းသော အိပ်ရာနေရာအဝတ်များကိုသာ သုံးစွဲခြင်းသည် ထိုအိပ်ရာနေရာ အဝတ်တို့မှ တွေ့ထိသော ဥတုငွေ့ကြောင့် သန့်ရှင်းသောရုပ်ကောင်များ တိုးပွား၏။ နည်းအမျိုးမျိုးဖြင့် မိမိ၏ကိုယ်မှာ ကောင်းသော ဥတုငွေ့များထိတွေ့စေလျှင် အသက်ရှည်ကြောင်း နည်းလမ်းကောင်းတစ်ခုပင်တည်း။ ဥတုမသာယာလျှင် ရုပ်ညှိုးနွမ်း၏။ ကျန်းမာရေး ချွတ်ယွင်း၏။ မသန့်ရှင်းသော အိပ်ရာနေရာအဝတ်များကိုသာ သုံးစွဲခြင်းကြောင့် မကောင်းသော ဥတုငွေ့များ ကိုယ်ခန္ဓာ၌ တွေ့ထိသဖြင့် ရုပ်ဆိုးရုပ်ညံ့များ တိုးပွား၏။ နည်းအမျိုးမျိုးဖြင့် မိမိ၏ကိုယ်မှာ မကောင်းသောဥတုငွေ့များ မထိတွေ့အောင် ရှောင်ကြည်တတ်လျှင် အသက်ရှည်ကြောင်း

နည်းလမ်းကောင်းတစ်ခုပင်တည်း။ ဥတုဇသက်သက်ဖြစ်သော တောတောင်သစ်ပင် စသည်တို့၏ ဥတုအလိုက်ပြောင်းလဲပုံကို လေးလေးနက်နက် စဉ်းစားကြည့်ပါ။

**အာဟာရ**။ အစားအစာ၌ပါသော အဆီအနှစ်ဩဇာသည်လည်း ရုပ်ကိုဖြစ်စေနိုင်၏။ မိမိနှင့်သင့်မြတ် သော အစားအစာနှင့်ဆေးဝါးကို သုံးစွဲစားသောက်လျှင် ကောင်းသောရုပ်များတိုးပွား၍ ကျန်းမာဝဖြိုး ကြည်လင်၏။ မသင့်မြတ်သည်ကိုစားလျှင် ရုပ်ညှိုးနွမ်း၍ ရောဂါဖြစ်ရ၏။ သင့်မြတ်သော အစားအသောက်နှင့်ဆေးဝါးကို မှီဝဲသုံးစွဲခြင်းသည် ကျန်းကျန်းမာမာနှင့် အသက်ရှည်ကြောင်း နည်းလမ်းကောင်းပင် ဖြစ်ပေသည်။
(သင်္ဂြိုဟ်ဘာသာဋီကာ)

**ကမ္မဇရုပ်**။ ကံကြောင့်ဖြစ်သောရုပ်ကို ကမ္မဇရုပ်ဟုခေါ်သည်။ ကံဟူသည် အကုသိုလ်စိတ်-၁၂, မဟာကုသိုလ်စိတ်-၈, ရူပကုသိုလ်-၅၊ ပေါင်း ၂၅-ပါးသော စိတ်နှင့်အတူဖြစ်သော စေတနာ ဖြစ်သည်။ ကံဟုခေါ်အပ်သော စေတနာများသည်လည်း တွေ့ရာမြင်ရာ စေတနာမဟုတ်၊ နောင်အကျိုးပေးဘို့ရန် မိမိသန္တာန်၌ ပြုစီမံအပ်ပြီး(ဖြစ်စေအပ်ပြီး)သော အတိတ်စေတနာများတည်း။ ထိုသို့ အကျိုးပေးဘို့ရန် အဆင်သင့် ပြုစီမံအပ်သော စေတနာသည် သူတစ်ပါးသန္တာန်၌ သွား၍ အကျိုးပေးသည်မဟုတ်, မိမိသန္တာန်ဝယ် အကျိုးပေးခွင့်သာလျှင် သင့်ရာဘဝ၌ ပဋိသန္ဓေတည်စ စိတ်၏ ဥပါဒ်ခဏမှစ၍ ရုပ်ကိုဖြစ်စေသည်။ ထိုသို့ဖြစ်စေရာဝယ် တကြိမ်တစ်ခါသာ မဟုတ်။ စိတ်၏ ဥပါဒ်ခဏ ဌီခဏ ဘင်ခဏတိုင်း အသစ်အသစ် ထပ်၍ ထပ်၍ ဖြစ်စေသည်။

**ကျက်မှတ်ရန်**။ ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ကမ္မဇရုပ်တို့သည် စိတ်၏ ခဏတိုင်ခဏတိုင်း (တဆဲ့ခုနှစ်ချက် ရုပ်သက်စေ့က အဟောင်းအဟောင်းချုပ်၍) အသစ်အသစ်ဖြစ်ကြကုန်၏။

**စိတ္တဇရုပ်**။ ။ အရူပဝိပါက် ၄ ခု၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ဤ၁၄-ပါးမှ တပါးသော ၇၅ပါးသောစိတ်သည် ပဋိသန္ဓေစိတ်နောက် ပဌမဘဝင်စိတ်၏ ဥပါဒ်ခဏမှစ၍ ရုပ်ကိုဖြစ်စေနိုင်၏။ ထိုစိတ်ကြောင့်ဖြစ်သောရုပ်ကို စိတ္တဇရုပ်ဟုခေါ်သည်။ စေတသိက်များလည်း စိတ်နှင့်ပူပေါင်း၍ ရုပ်ကိုဖြစ်စေသည်။ ၇၅ပါးသောစိတ်တွင် ပဋိသန္ဓေကိစ္စတပ်သောအခါ ရဟန္တာတို့၏ စုတိကိစ္စတပ်သောအခါတို့၌ အချို့စိတ်များရုပ်ကို မဖြစ်စေနိုင်။ စိတ်တို့သည် အလွန်တရာ အသက်တိုရကား ဥပါဒ်တုန်း၌သာ အားရှိ၏။ ထို့ကြောင့် ဥပါဒ်အခိုက်၌သာ ရုပ်ကိုဖြစ်စေနိုင်သည်။ ထိုသို့ဖြစ်စေရာ၌ ကံတစ်ခုတည်းက ရုပ်ပေါင်းများစွာကို ဖြစ်စေနိုင်သကဲ့သို့ စိတ်တစ်ခုတည်းကလည်း ရုပ်ပေါင်းများစွာကို ဖြစ်စေနိုင်သည်။

**ကျက်မှတ်ရန်**။ အရူပဝိပါက်စိတ် ၄-ခု၊ ဒွေပဉ္စဝိညာဏ်-၁၀မှတစ်ပါး ၇၅ပါးသောစိတ်များသည် ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်မှစ၍ မိမိတို့ ဥပါဒ်ခိုက် ဥပါဒ်ခိုက်၌ ရုပ်ကိုဖြစ်စေသည်။

စိတ္တဇရုပ်တို့ကို သာမညရုပ်, ဣရိယာပုထ်ရုပ်, ဝိညတ်ရုပ်, ပြုံးရယ်ရုပ်, ငိုကြွေးရုပ် ဟု ၅-မျိုး ခွဲခြားနိုင်သည်။ သွားမှု ရပ်မှု ထိုင်မှု လျောင်းမှုကို 'ဣရိယာပုထ်ရုပ်'ဟု ခေါ်သည်။ ဣရိယာပုထ်, ဝိညတ်မပါသောရုပ်ကို သာမညရုပ်ဟု ခေါ်သည်။

ရုပ်ကို ဖြစ်စေနိုင်သောစိတ် ၇၅-ပါးတွင် မနောဓာတ် ၃-ပါး, တဒါရုံ ၁၁-ပါး, ရူပဝိပါက် ၅-ပါး၊ ဤ ၁၉-ပါးသည် ရုပ်သာမညကိုသာ ဖြစ်စေနိုင်သည်။ အပ္ပနာဇော ၂၆-ပါးကား ရုပ်သာမညအပြင် ဣရိယာပုထ်ကိုလည်း ထောက်ပန့်နိုင်သည်။ သို့သော် အပ္ပနာဇောတို့ကား မိမိကစ၍ ဣရိယာပုထ်ကို မဖြစ်စေနိုင်။ ဝုဋ္ဌော-၁, ကာမဇော-၂၉, အဘိညာဉ်-၂, ပေါင်း ၃၂-ပါးကား ရုပ်သာမည ဣရိယာပုထ်တို့အပြင် ဝိညတ်ကိုလည်း ဖြစ်စေနိုင်သည်။ ထို ၃၂-ပါးတွင် သောမနဿ ဇောတို့ကား ရုပ်သာမည, ဣရိယာပုထ်, ဝိညတ်အပြင် ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေနိုင်သည်။ ဒေါမနဿဇောတို့သည် ရုပ်သာမည, ဣရိယာပုထ်, ဝိညတ်အပြင် ငိုခြင်းကိုလည်း ဖြစ်စေနိုင်သည်။ (အခြေပြုသင်္ဂြိုဟ်)

| | သာမညရုပ် | ဣရိယာပုထ်ထောက်ပန့် | ဣရိယာပုထ်ဖြစ်စေ | ဝိညတ် | ပြုံးရယ် | ငိုကြွေး |
|---|---|---|---|---|---|---|
| မနောဓာတ်-၃<br>တဒါရုံ-၁၁<br>ရူပဝိပါက်-၅ | ။ | x | x | x | x | x |
| အပ္ပနာဇော-၂၆ | ။ | ။ | x | x | x | x |
| ဝုဋ္ဌော-၁<br>ကာမဇော-၂၉<br>အဘိညာဉ်ဇော-၂ | ။ | ။ | ။ | ။ | ကာမဇောမှ<br>သောမနဿ<br>ဇော-၁၃ | ကာမဇောမှ<br>ဒေါမနဿ<br>ဇော-၂ |

## ရယ်ရွှင်သည့်စိတ်

ပုထုဇဉ်တို့သည် လောဘမူ, မဟာကုသိုလ် သောမနဿဇော ၈-ပါးတွင် တစ်ပါးပါးဖြင့် ပြုံးရယ်ကြကုန်၏။ သေက္ခ(သောတာပန်,သကဒါဂါမ်,အနာဂါမ်)ပုဂ္ဂိုလ်တို့သည်ကား လောဘမူသောမနဿ ဒိဋ္ဌိဂတဝိပ္ပယုတ် ၂-ပါး၊ မဟာကုသိုလ် သောမနဿဇော ၄-ပါး၊ ပေါင်း ၆-ပါးတွင် တစ်ပါးပါးဖြင့် ပြုံးရယ်ကြကုန်၏။ ဘုရားရဟန္တာတို့ကား ဟသိတုပ္ပါဒ်ဇော-၁၊ မဟာကြိယာသောမနဿဇော-၄၊ ဤ ၅-ပါးတွင် တပါးပါးဖြင့် ပြုံးတော်မူကြကုန်၏။

## ရုပ်ကိုမဖြစ်စေနိုင်ခြင်း၏အကြောင်းများ

အရူပကုသိုလ်ကံသည် အရူပဘုံ၌ အကျိုးပေးရမည်ဖြစ်၍ ထိုဘုံ၌ ရုပ်မရှိသောကြောင့် ကမ္မဇရုပ်ကို မဖြစ်စေနိုင်။ လောကုတ္တရာ မဂ်ကုသိုလ်စေတနာသည် မိမိအခြားမဲ့၌ ဖိုလ်စိတ်ဟူသော အကျိုးကိုပေး၍ ကမ္မဇရုပ်ကိုမဖြစ်စေနိုင်။

အရူပဝိပါက်စိတ် ၄–ပါးသည် အရူပဘုံ၌သာဖြစ်၍ ရုပ်ကိုစက်ဆုတ်သော ဗြဟ္မာတို့နေရာ ဖြစ်ခြင်း ကြောင့် ရုပ်ကိုဖြစ်စေဘွယ်မလိုသဖြင့် စိတ္တဇရုပ်ကိုမဖြစ်စေကြ။ အရူပဝိပါက်မှတပါး အရူပဘုံ၌ ဖြစ်သောစိတ်တို့လည်း ရုပ်ဖြစ်ရာဘုံမဟုတ်၍ စိတ္တဇရုပ်ကိုမဖြစ်စေကြ၊ ဒွေပဉ္စဝိညာဏ် ၁၀–သည် ဈာနင်မဂ္ဂင်ဟိတ် မယှဉ်သည့်အတွက် အားနည်းသည့်စိတ်ဖြစ်၍ စိတ္တဇရုပ်ကိုမဖြစ်စေနိုင်။ ပဋိသန္ဓေစိတ်နှင့် ရဟန္တာတို့၏စုတိစိတ်သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်၊ (သို့သော် ဘဝင်လုပ်ငန်းနှင့် ပုထုဇဉ်သေက္ခတို့ စုတိလုပ်ငန်းကို လုပ်ဆောင်ရာ၌ စိတ္တဇရုပ်ကို ဖြစ်စေသဖြင့် အရေအတွက်မရှော့)။

## ပဋိသန္ဓေစိတ်,က စိတ္တဇရုပ်မဖြစ်စေနိုင်ခြင်းအကြောင်း

ရုပ်တို့မည်သည် ဥပါဒ်ခိုက်၌ အားနည်း၏။ ပဋိသန္ဓေစိတ်ဖြစ်သောအခါ ဟဒယဝတ္ထုလည်း ဥပါဒ်တုန်းမှာပင်ရှိ သေး၏။ ဤသို့ အားနည်းသော ဟဒယဝတ္ထုကို မှီ၍ဖြစ်သော ပဋိသန္ဓေစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်။ (၁) ကံအဟုန်ပစ်ချ၍ ဘဝသစ်၌ ဖြစ်စမို့ ကြာရှည်မတည်တံ့ရသေး၍ ချောက်ကမ်းပါး ကျနေသည့် ယောကျ်ားက သူတပါးအား မကယ်နိုင်သလို စိတ္တဇရုပ်ကိုမဖြစ်စေနိုင်။ (၂) ပဋိသန္ဓေနောင် ပဌမဘဝင်သည် ဝိပါက်စိတ်ဖြစ်၍ အားနည်းလင့်ကစား ပဋိသန္ဓေစိတ်က အနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်း, ပဋိသန္ဓေစိတ်နှင့် အတူဖြစ်သော ဟဒယဝတ္ထုက ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ရသဖြင့် ရုပ်ကိုဖြစ်စေနိုင်၏။ ပဋိသန္ဓေသည် ထိုကဲ့သို့ အထောက်အပန့်မရ၍ စိတ္တဇရုပ်ကိုမဖြစ်စေနိုင်။ (၃) ရောက်သစ်စ ဧည့်သည်သည် နောက်ထပ်ရောက်လာသည့် ဧည့်သည်ကို ကိုယ်ပိုင်သည့်နေရာ မဟုတ်သဖြင့် လောကွတ်ပျူငှာ မလုပ်နိုင်သလို ပဋိသန္ဓေစိတ်လည်း ရောက်စမို့ ရုပ်ကို မဖြစ်စေနိုင်။ (၄) ပဝတ္တိအခါ စိတ်စေတသိက်တို့သည် စိတ္တဇရုပ်အား အာဟာရဣန္ဒြိယစသော သဟဇာတဆိုင်ရာ များစွာသော သတ္တိဖြင့် ကျေးဇူးပြု၏၊ ပဋိသန္ဓေစိတ်ကား ထိုသတ္တိများဖြင့် ကမ္မဇရုပ်တို့အား ကျေးဇူးပြုလိုက်ရသဖြင့် စိတ္တဇရုပ်ကို ကျေးဇူးပြုဖို့ အားကုန်သွားလေပြီ၊ ထို့ကြောင့် ပဋိသန္ဓေစိတ်သည် စိတ္တဇရုပ်ကိုမဖြစ်စေနိုင်။

ရဟန္တာတို့စုတိစိတ်သည် အဝိဇ္ဇာတဏှာ ဝင့်မြစ်ပြတ်ပြီး ရဟန္တာသန္တာန်၌ဖြစ်၍ အားနည်းသောကြောင့်လည်းကောင်း, အာယုသင်္ခါရကုန်ဆုံးမှုကြောင့် သံသရာကြောတွင် အဆုံးစွန်သော ဟဒယဝတ္ထုကို မှီရသဖြင့် အားနည်းသောကြောင့်လည်းကောင်း စိတ္တဇရုပ်ကို မဖြစ်စေနိုင်။ (ဋီကာကျော် ကျမ်းစာအရ–ရဟန္တာစုတိ,ကသာ ရုပ်ကို မဖြစ်စေနိုင်၊ မူလဋီကာနှင့် အဋ္ဌသာလိနီမူလဋီကာကျမ်းစာများအရ– သတ္တဝါအားလုံး၏ စုတိစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်ဟု ဆိုသည်)

## ဥတုဇ အာဟာရဇ ဖြစ်ပုံ

ဓာတ်ကြီးလေးပါးတွင် ပါဝင်သော တေဇောဓာတ်ကို ဥတုဟုခေါ်သည်။ ထို ဥတုကြောင့်ဖြစ်သော ရုပ်ကို ဥတုဇရုပ်ဟုခေါ်သည်။ ရုပ်တို့မည်သည် အချုပ်နှေးသဖြင့် ဌီအခိုက်မှာ ကြာရှည်စွာနေရ၏၊ သို့အတွက် ဌီအခိုက်မှာ ဓမ္မတာအတိုင်း အားပြည့်၏၊ ထို့ကြောင့် ဆိုင်ရာရုပ်ကလာပ်တွင် ပါဝင်သော တေဇောဓာတ်သည် ဥပါဒ်ပြီးနောက် ဌီသို့ အရောက်အရောက်မှာ ဥတုဇရုပ်ကလာပ် အသစ်အသစ်ကို ဖြစ်စေသည်။ ထိုသို့ဖြစ်စေရာ၌ ဥတုတစ်ခုလျှင် ဥတုဇရုပ်ကလပ် တခုကိုသာ ဖြစ်စေသည်။ အဇ္ဈတ္တဥတုသည် အဇ္ဈတ္တ၌ ရထိုက်သမျှ ဥတုဇရုပ်ကို ထိုက်သင့်သလို ဖြစ်စေ၍ ဗဟိဒ္ဓဥတု,ကလည်း ဗဟိဒ္ဓ၌ ရထိုက်သမျှ ဥတုဇရုပ်ကို ဖြစ်စေသည်။ (အဇ္ဈတ္တဥတုသည် သူ့ချည်းသက်သက် ရုပ်ကို မဖြစ်စေနိုင်, ဗဟိဒ္ဓဥတု၏ အကူအညီရမှ ဖြစ်စေနိုင်သည်ဟု ကျန်းဂန်၌ဆို၏။ ဗဟိဒ္ဓဥတုကလည်း ခန္ဓာကိုယ်၌ အမြဲထိတွေ့ စိမ့်ဝင်လျက် ရှိသောကြောင့် အဇ္ဈတ္တဥတုကို အချိန်မရွေး ကူညီထောက်ပန့်ခွင့်ရှိသည်)

သွေးကြောတို့ကို အစဉ်လျှောက်လျက် အထက်အောက်တကိုယ်လုံး အရသာဓာတ် ပျံ့နှံ့ရာ၌ ပါဝင်သော ဩဇဓာတ်သည် ရုပ်ကိုဖြစ်စေ၏။ ဣသိသိင်္ဂရသေ့ သုံးနှစ်လောက်မေ့နေတုန်းက မွှေးညှင်းပေါက်များမှ နတ်ဩဇာကို သွင်းပေးသဖြင့် အာဟာရဇ ရုပ်များဖြစ်ကြ၏။ ယခုကာလ အစာမစားနိုင်သော လူမမာစသည်ကို နှာခေါင်းမှလည်းကောင်း ဒွါရမှလည်းကောင်း အစာသွင်းပေးသဖြင့် အာဟာရဇရုပ်များ ဖြစ်နိုင်ကြသည်။ အမိဝမ်းတွင်းမှာ ကိန်းအောင်းနေသော သူငယ်၏ ကိုယ်ကလေး၌ အမိစားလိုက်သောအစာမှ ဆက်သွယ်ပျံ့နှံ့သဖြင့် အာဟာရဇရုပ်များ ဖြစ်ကြသည်။ လူတို့၏ အစာအာဟာရမှ အရသာဓာတ်သည် ၇–ရက်ခန့်မျှ ပျံ့နှံ့သောကြောင့် ၇–ရက်ခန့်တိုင်အောင် ခန္ဓာကိုယ်၌ ထောက်ပန့်အားပေးလျက် အာဟာရဇရုပ်များ မွေးဖွား၏။ နတ်တို့၏ ဩဇာမှာ တလနှစ်လကြာအောင် ထောက်ပန့်ပေးနိုင်သည်ဟု ကျန်းဂန်တို့၌ ဆို၏။

ဆိုပြီးသည့်အတိုင်း အာဟာရဇရုပ်ကို ဖြစ်စေရာ၌ ရုပ်တို့ဓမ္မတာအတိုင်း ဌီရောက်မှ အားရှိသဖြင့် ဌီရောက်မှ ရုပ်ကိုဖြစ်စေသည်။ ရေခွက်ထဲက ရေတွင် အဟောင်းအဟောင်းရေတွေပျက်၍ အသစ်အသစ်ရေတွေ ဖြစ်နေသကဲ့သို့ အရသာဓာတ်ရည် တကိုယ်လုံးပျံ့နှံ့ရာ၌ အဟောင်းအဟောင်းပျက်၍ အသစ်အသစ်ဖြစ်နေ၏။

ထိုသို့ ဖြစ်ပွားရာ၌ ပါရှိသော ဩဇာသည် အသစ်အသစ်ဥပါဒ်ပြီးနောက် ဌီအခိုက်သို့ အရောက်အရောက်မှာ အာဟာရသမုဋ္ဌာန ရုပ်ကလာပ်တခုကို ဖြစ်စေသည်။ ထိုသို့ဖြစ်စေရာ၌ အစာအာဟာရတွင်ပါရှိသော ထိုဩဇာသည် ခန္ဓာကိုယ်၌ပါရှိသော ကမ္မဇဩဇာ၏ အထောက်အပန့် ရမှသာ အာဟာရသမုဋ္ဌာန်ရုပ်ကို ဖြစ်စေသည်၊

## နကုတောစိသမုဋ္ဌာန်ရုပ်(အကြောင်းမဲ့ရုပ်)

ဥပစယ သန္တတိ ဇရတာ အနိစ္စတာဆိုသည့် လက္ခဏရုပ်လေးပါးသည် မည်သည့်အကြောင်းကြောင့် ဖြစ်သည်ဟု မဆိုနိုင်။ ဖြစ်ခြင်း(ဥပစယ,သန္တတိ)လက္ခဏာသည် ဖြစ်ဆဲရုပ်၏ သဘောတံထွာ ဓမ္မတာတည်း။ ရင့်ခြင်း(ဇရတာ)လက္ခဏာတည် တည်ဆဲရုပ်၏ သဘောတံထွာ ဓမ္မတာတည်း။ ပျက်ခြင်း(အနိစ္စတာ) လက္ခဏာသည် ပျက်ဆဲရုပ်၏ ဓမ္မတာတည်း။ ဥပမာ မုန့်လုံးကို ဝယ်စားသောအခါ အတွင်းမှာပါသော ထန်းလျှက်အတွက် သီခြားအဘိုးပေးဘွယ် မလိုတော့သကဲ့သို့ ဆိုင်ရာအကြောင်းတရားတို့က ဆိုင်ရာ ရုပ်ကို စီမံလိုက်သောအခါ ဤဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်း ဟူသော လက္ခဏာမှာ သဘောတံထွာ ဓမ္မတာအလိုက် ပါလာတော့၏။ တသီးတခြား ပြုစီမံနေဘွယ်မရှိ။ ထို့ကြောင့် လက္ခဏရုပ်လေးပါးကို "မည်သည့်အကြောင်းကြောင့် ဖြစ်သည်"ဟု မဆိုနိုင်။

## အာကာသဓာတ်အကြောင်းလေးပါး

ကလာပ်စည်းမှန်သမျှ အကြောင်း ၄-ပါးကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ်နှင့် မကင်းစကောင်း၊ ကလာပ်စည်းနှစ်ခု ပေါင်းမိမှ ပေါ်လာရသော အာကာသဓာတ်သည် ကလာပ်စည်းများနှင့် ဆက်သွယ်နေ၍ မကင်းရာမကင်းကြောင်း အနေဖြင့် စတုဇရုပ်ဟု အမည်ရသည်။ (ဥပစာစကား)

## ဥတုဇရုပ်အဆက်ဆက်ဖြစ်ပုံ

ကမ္မဇကလာပ်၌ပါသော ဥတုသည် မိမိဌီသို့ရောက်သောအခါ ဥတုဇအဋ္ဌကလာပ်ကို ဆင့်ပွား ဖြစ်စေသည်။ တဖန် ၄င်းဥတုဇအဋ္ဌကလာပ်၌ပါသော ဥတုသည်လည်း နောက်ထပ် ဥတုဇအဋ္ဌကလာပ်ကို ထပ်၍ ဖြစ်စေ၏။ ဤသို့ လေးဆက်ငါးဆက် ဆင့်၍ဖြစ်စေ၏။

စိတ္တဇကလာပ်၌ပါသော ဥတုသည် မိမိဌီသို့ရောက်သောအခါ ဥတုဇအဋ္ဌကလာပ်ကို ဆင့်ပွားဖြစ်စေသည်၏၊ တဖန် ၄င်းဥတုဇအဋ္ဌကလာပ်၌ပါသော ဥတုသည်လည်း နောက်ထပ် ဥတုဇအဋ္ဌကလာပ်ကို ထပ်၍ ဖြစ်စေ၏။ ဤသို့ နှစ်ဆက်သုံးဆက် ဆင့်၍ဖြစ်စေ၏။

အာဟာရဇကလာပ်၌ပါသော ဥတုသည် မိမိဋ္ဌီသို့ရောက်သောအခါ ဥတုဇအဋ္ဌကလာပ်ကို ဆင့်ပွားဖြစ်စေသည်၏၊ တဖန် ၎င်းဥတုဇအဋ္ဌကလာပ်၌ပါသော ဥတုသည်လည်း နောက်ထပ် ဥတုဇအဋ္ဌကလာပ်ကို ထပ်၍ ဖြစ်စေ၏။ ဤသို့ ဆယ်ဆက်ဆယ့်နှစ်ဆက် ဆင့်၍ဖြစ်စေ၏။

သီတဥတု(အအေး) ဥဏှဥတု(အပူ)ဟူသော ဗဟိဒ္ဓဥတုနှင့် ကမ္မဇဥတု စိတ္တဇဥတု အာဟာရဇဥတုဟူသော အဇ္ဈတ္တဥတုတို့ ပေါင်းဆုံမိသောအခါ ဥတုဇအဋ္ဌကလာပ်ကို ဖြစ်စေသည်။ ထိုပထမဥတုဇကလာပ်၌ပါသောဥတုသည် မိမိဋ္ဌီသို့ရောက်သောအခါ ဥတုဇအဋ္ဌကလာပ်ကို ဆင့်ပွားဖြစ်စေသည်၊ တဖန် ၎င်းဥတုဇအဋ္ဌကလာပ်၌ပါသော ဥတုသည်လည်း နောက်ထပ် ဥတုဇအဋ္ဌကလာပ်ကို ထပ်၍ ဖြစ်စေ၏။ ဤသို့ သုံးဆက် ဆင့်၍ဖြစ်စေ၏။ (ရူပဝီထိပကာသနီကျမ်း ၂၁၀၊မဟာစည်ဆရာတော် ဝိသုဒ္ဓိ မြန် မ ၃၆၀/၈)

(**အာဟာရဇရုပ် အဆက်ဆက် ဖြစ်ပုံ**ကို စာမျက်နှာ ၂၆၉–၌ ကြည့်ပါ)

## ပဋိသန္ဓေအကြောင်း

ပဋိသန္ဓေသည် သံသေဒဇ ဩပပါတိက ဂဗ္ဘသေယျက ဟု သုံးမျိုးရှိ၏။ ပဒုမာကြာတိုက် ကိုယ်ဝန်အညစ်အကြေး ပန်းမှိုက်ပုပ် ငါးပုပ် ရေပုပ် မစင်ပုပ် စသော စိုစွပ်သော အရပ်များ၌ဖြစ်သော ပဋိသန္ဓေသည် 'သံသေဒဇ'ပဋိသန္ဓေမည်၏။ ပဒုမာကြာတိုက်၌ သန္ဓေတည်သော ပဒုမာဝတီမိဖုရား, ဝါးလုံးခေါင်း၌ သန္ဓေတည်သော ဝေဠုဝတီမိဖုရား, ပဒုမာဝတီမိဖုရား၏ ၄၉၉သားတော်များနှင့် ပိုးလောက်ချို့တို့သည် သံသေဒဇသတ္တဝါများ ဖြစ်သည်။ (ပဒုမဝတီ၏သား ငါးရာတွင် ပဒုမမင်းသား တစ်ယောက်သာ ကိုယ်ဝန်တည်၍ ကျန်သားတို့မှာ ဖွားမြင်ပြီးမှ ကိုယ်ဝန်အညစ်အကြေးမှ ဖြစ်ကြသည်)

ဘဝဟောင်းမှ ခုန်လွှားကျရောက်လာသကဲ့သို့ ခန္ဓာကိုယ်အထင်အရှား ဘွားကနဲ ဖြစ်ပေါ်လာခြင်းဖြင့် ဖြစ်ရသော ပဋိသန္ဓေသည် ဩပပါတိက ပဋိသန္ဓေမည်၏။ ငရဲသား ပြိတ္တာ တိရိစ္ဆာန်အချို့ ကမ္ဘာဦးက လူနှင့် နတ်ဗြဟ္မာများသည် ဩပပါတိက ပဋိသန္ဓေသတ္တဝါများတည်း။ ဂဗ္ဘသေယျကသည် အဏ္ဍဇသတ္တဝါ ဇလာဗုဇသတ္တဝါ ဟု နှစ်မျိုးရှိ၏။ ဥခွံအတွင်း၌ ဖြစ်ရသော ပဋိသန္ဓေသည် အဏ္ဍဇပဋိသန္ဓေမည်၏။ ၎က်အမျိုးမျိုး မွေ လိပ် ငါးစသော သတ္တဝါများတည်း။ သားအိမ်၌ ဖြစ်ရသောပဋိသန္ဓေသည် ဇလာဗုဇပဋိသန္ဓေမည်၏။ လူ, ဆင်, မြင်း, ခွေးစသော သတ္တဝါများတည်း။

**ဆောင်**။ ဘုမ္မဇိုဝ်းဖြတ်, ကြွင်းနတ်–နိဇ္ဈာ, ငရဲရွာ, တစ်သာ ဥပပါတ်။

အကြွင်းဂတိ, လေးယောနိ, ရဘိပုံသေမှတ်။

**စကားပြေ**။ ဘုမ္မဇိုဝ်းနတ်ကိုပယ်၍ ကြွင်းသောနတ်ဗြဟ္မာများ "နိဇ္ဈာမတဏှိက"ဟု ခေါ်ဝေါ်အပ်သော (မီးသရဲ) ပြိတ္တာမျိုးနှင့် ငရဲဘုံများ၌ ဥပပါတ် ပဋိသန္ဓေ တစ်မျိုးသာ ရ၏။ ကြွင်းသော ဂတိများတွင် လေးမျိုးလုံးရနိုင်၏။

## ပဋိသန္ဓေတည်ခြင်းအကြောင်း ၃ပါး

ဂဗ္ဘသေယျက ပဋိသန္ဓေနေဘို့ရာ အကြောင်းသုံးပါးရှိ၏။ (၁) မိခင်လောင်း၏ ပန်းပွင့်ပြီးစ ဖြစ်ခြင်း၊ (၂) ထိုအခါ မိဘနှစ်ဦးတို့ကူးလူးဆက်ဆံခြင်း (၃) သန္ဓေနေမည့်သတ္တဝါ၏ ဘဝဟောင်းမှ ပဋိသန္ဓေသစ် တည်နေဘို့ရာ ရေးရှုတည်ရှိခြင်း၊ ဤအကြောင်းသုံးပါး ညီညွတ်မှ (များသောအားဖြင့်) ပဋိသန္ဓေတည်နေကြရသည်။ ဤအကြောင်းသုံးပါးတွင် သန္ဓေနေမည့် သတ္တဝါ၏ ဘဝဟောင်းမှစုတေရွေ့ ပြောင်းခဲ့ခြင်းသည် အချုပ်အခြာ ဖြစ်သည်။ ထို့နောက် မိခင်လောင်း၏ သားအိမ် စင်ကြယ်၍ ထိုသားအိမ်၌ ကလလရေကြည် ကပ်ငြိတည်နေဘို့ရာ သုက်သွေးအစအနရှိလျှင် သန္ဓေတည်နိုင်တော့သည်။ ထို့ကြောင့် မိဘလောင်း နှစ်ဦးတို့၏ ထိထိရောက်ရောက် ဆက်ဆံမှ မဟုတ်၊ သွေးများလှုပ်ရှား လောက်အောင် မိခင်လောင်း၌ ရာဂစိတ်ဖြစ်လျှင် သားအိမ်၌ သုက်သွေးအစအန ရရှိနိုင်တော့၏။ သို့သော် ထိုမျှလောက် သုက်သွေးအစအနဖြင့် သန္ဓေရသည်ကား အလွန့်အလွန် ရှားပါးချေသည်။ မိဘနှစ်ဦးတို့ တကြိမ်လောက် ကူးလူးဆက်ဆံ ထားလျှင် ၇-ရက်ကြာအောင်ပင် သန္ဓေတည်ဘို့ရာ ခေတ်အခါ ဖြစ်သည်။ ဝိမတိဋီကာ ဝဇိရဗုဒ္ဓိဋီကာတို့မှာ ၁၅-ရက်ကြာအောင်ပင် ခေတ်အခါဖြစ်သည်ဟု ဆိုကြသည်။ (သင်္ဂြိုဟ်ဘာသာဋီကာ)

## ကံ, မိဘနှင့် သန္ဓေသား ဆက်စပ်ပုံ

သတ္တဝါတို့သည် ကံကို အရင်းခံ၍ လူထံ၌ ဖြစ်ကြရသော်လည်း မိဘတို့၏ သုက်သွေးက အရေးတကြီး ကျေးဇူးပြုသည်။ အပွါယုကသံဝတ္တနကံ[၁]နှင့် တကွဖြစ်သော မိဘတို့၏သန္တာန်ဝယ် ဖြစ်စေအပ်သော သုက်သွေးသည် ကိုယ်ဝန်သူငယ်လေးကို အသက်ရှည်အောင် ကျေးဇူးမပြုနိုင်။ (မိဘတို့၏သုက်သွေးက ကျန်းမာသန့်ရှင်း၍ အားရှိမှသာ ထိုသွေး၌ သန္ဓေတည်ရသော ကလေးတို့ကို အသက်ရှည်အောင် ကျေးဇူးပြု နိုင်ပေသည်)

အပွါယုကသံဝတ္တနကံ အရင်းခံ၍ (ပဝတ္တိအခါ၌မူလည်း မတရားမှုအကုသိုလ် အထုအထည်ကြီးမား သော သတ္တဝါတို့ လက်ထက်ဝယ်) လ-နေတို့နှင့်တကွ နက္ခတ်တာရာတို့လည်း လမ်းရိုးလမ်းမှန် သွား၍မဖြစ် နိုင်လောက်အောင် ဥတုလည်း ဖောက်ပြန်ရကား ထိုလနေစသည်တို့၏ မညီမညွတ်လှည့်လည်မှုကြောင့် ဆောင်း နွေး မိုး ဥတု ရာသီလည်း မမှန်မကန် ဖောက်ပြန်လေတော့သည်။ ဥတုဖောက်ပြန်၍ မိုးလေမမှန်ရကား ကောက်ပဲသီးနှံတို့လည်း အဆန်အဆီ ပြည့်ပြည့်ဝဝ မရှိကြ၊ ထိုဥတု၌နေ၍ ထိုအာဟာရကို စားရသော သတ္တဝါတို့သည် အာဟာရဇရုပ်ညံ့ဖျင်း၍ ရောဂါထူပြောရကား ကံထူးပါသော ဘုရားအလောင်းတို့သော်မှ ကံရှိသလောက် အသက်မရှည်နိုင်ကြပဲ ကာလအားလျော်စွာ အသက်တိုကြရသည်။

(ဋ္ဌနီဘာဋီ တ ၅၁၅)

---

၁ အသက်တိုမည့်ကံပါသူတို့ များရာကာလ

## ရူပပဝတ္တိက္ကမ
(ရုပ်ဖြစ်စဉ်ကိုပြခြင်း)

ပဋိသန္ဓေ စိတ် စေတသိက်နှင့် ကမ္မဇရုပ်တရားတို့၏ တဘဝတဘဝ၌ ပထမဆုံး ဖြစ်ရာအခါကို "ပဋိသန္ဓေအခါ"ဟု ခေါ်သည်။ ထိုပထမဆုံးဖြစ်သော စိတ်စေတသိက် ကမ္မဇရုပ်တို့၏ ဌီမှစ၍ နောက်ကာလကို (စုတိစိတ်မကျမီအတွင်း၌) "ပဝတ္တိအခါ"ဟု ခေါ်သည်။

ကာမဘုံ၌ ပဝတ္တိအခါဝယ် ရုပ် ၂၈–ပါးကို ထိုက်သလို ရကြသည်။ အမဖြစ်လျှင် ပုရိသဘာဝရုပ် မရ၊ အထီးဖြစ်လျှင် ဣတ္ထိဘာဝရုပ် မရ၊ စက္ခု သောတ စသည် ချို့တဲ့သူ၌ ချို့တဲ့ရုပ်များ မရ။

သံသေဒဇသတ္တဝါတို့၌လည်းကောင်း, ဩပပါတိကသတ္တဝါတို့၌လည်းကောင်း စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဟဒယဝတ္ထုဒသကတို့သည် ပဋိသန္ဓေအခါ၌ပင် ကလာပ်စည်း ၇–မျိုး ဖြစ်ကြသည်။ တမျိုးတမျိုးတွင် အရေအတွက်များစွာ ပါနိုင်သည်။ သံသေဒဇသတ္တဝါတို့သည် ငယ်ငယ်နှောင်းနှောင်းကလေးမှ တဖြေးဖြေးကြီးရ၏။ ဩပပါတိကသတ္တဝါတို့သည်ကား တခါတည်း ကြီးကြီးမားမား အထင်အရှားဖြစ်သည်။

သံသေဒဇနှင့် ဩပပါတိကသတ္တဝါတို့၌ ကလာပ် ၇–မျိုး ရသည်ဟု ဆိုခြင်းသည် ရနိုင်သမျှကို ရည်ရွယ်၍ ဆိုထားခြင်း ဖြစ်သည်။ အချို့သတ္တဝါတို့၌ ကံအရ စက္ခု, သောတ, ဃာန, ဘာဝကလာပ်တို့ လျော့သည့်အခါ အရေအတွက် လျော့နိုင်သည်။

သံသေဒဇသတ္တဝါ၌ စက္ခု, သောတ, ဃာန, ဘာဝ, ကလာပ် ၄–မျိုး ချို့တဲ့နိုင်၏။ ဩပပါတိကသတ္တဝါတို့တွင် အပါယ်ဘုံ ဩပပါတိကသတ္တဝါ၌သာ စက္ခု, သောတ, ဘာဝ, ကလာပ် ၃–မျိုး ချို့တဲ့နိုင်သည်။ သုဂတိဘုံ ဩပပါတိကသတ္တဝါတို့တွင် ကမ္ဘာဦး လူသားတို့၌ ဘာဝကလာပ်စည်း ချို့တဲ့၏။ ကမ္ဘာဦးလူသားတို့သည် ယောကျ်ားလည်းမဟုတ်, မိန်းမလည်း မဟုတ်ကြသေးပေ။ အခြားသော ဩပပါတိကသတ္တဝါတို့ကား အားကြီးသည့် ကုသိုလ်ကံကြောင့် ဖြစ်ကြရ၍ မည်သည့် ရုပ်ကလာပ်စည်းမျှ မချို့တဲ့ချေ။

♠ စတုမဟာရာဇ် ဘုံအစစ်၌ နတ်ကျိုးနတ်ကန်းမရှိ။ **စတုမဟာရာဇ်အဝင်**ဖြစ်သော လူ့ပြည်၌နေသော **ဝိနိပါတိကအသုရာ** နတ်ပြိတ္တာမျိုးတို့၌ **အကျိုးအကန်း ရှိနိုင်သည်**ဟု ပရမတ္ထဗိန္ဒုဆိုသည်။

(မနောရထပူရဏီ ၁၄၂)

## မရဏာသန္နဝီထိပုံ

ပထမဘဝင်

ဇ ဇ ဇ ဇ ဇ **စုတိ** **ပဋိသန္ဓေ** **ဘ** **ဘ** **ဘ** **ဘ** **ဘ** **ဘ** **ဘ**

ooo o o o ooo ooo ooo ooo ooo ooo ooo

ပဋိသန္ဓေ ပဝတ္တိ

## စတုဇရုပ်ဖြစ်စဉ်

♠ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ စိတ်၏ ခဏတိုင်ခဏတိုင်း (တဆဲ့ခုနှစ်ချက် ရုပ်သက်စေ့က အဟောင်းအဟောင်းချုပ်၍) အသစ်အသစ်ဖြစ်ကြကုန်၏။

♠ စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်မှစ၍ မိမိတို့ ဥပါဒ်ခိုက် ဥပါဒ်ခိုက်၌ ဖြစ်ကြကုန်၏။

♠ ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ဖြစ်ကြကုန်၏။ (ပဋိသန္ဓေနှင့် အတူဥပါဒ်သော ကမ္မဇကလာပ်စည်းများတွင် (ဥတု) တေဇောဓာတ်ပါ၏။ ထိုဥတုများသည် ပဋိသန္ဓေစိတ်၏ ဌီခဏ ရောက်လျှင် သူတို့လည်း ဌီခဏသို့ ရောက်ကြ၏။ ထိုအခါ ဥတုများမှ (တဥတုလျှင် ကလာပ်တခုကျ) ဥတုဇရုပ်ကလာပ်အသစ်များ ဖြစ်ပေါ်လာကြသည်)

♠ ဩပပါတိကနှင့် သံသေဒဇသတ္တဝါတို့ဝယ် တစုံတခုသော စားဖွယ်ကို (အယုတ်သဖြင့် မိမိတံတွေးကို) စားသောက်သောအခါ၌ ထိုအစာဝယ်ပါသော ဩဇာသည် ကိုယ်၌ ပျံ့နှံ့၏။ ဂဗ္ဘသေယျကသတ္တဝါတို့၌ မိခင်စားသမျှ အစာသည် တသတ္တာဟ နှစ်သတ္တာဟလောက်ကြာလျှင် သူငယ်၏ကိုယ်၌ ပျံ့နှံ့၏။ ထိုပျံ့နှံ့သော ဗဟိဒ္ဓ (အပြင်) ဩဇာနှင့် ပင်ကိုရှိရင်းဖြစ်သော အဇ္ဈတ္တ(အတွင်း)ဩဇာတို့ ပူးပေါင်းမိကြသောအခါ ဩဇာတစုံလျှင် တခုကျ အာဟာရဇရုပ်ကလာပ်ကို ဖြစ်စေသည်။

(အခြေပြုသင်္ဂြိုဟ်–၃၈၉)

♠ သန္ဓိ ဥမှာ၊ ကမ္မဇာ၊ ဌီမှာ ဥတုဇ။
ပဘွင် ဥမှာ၊ စိတ္တဇာ၊ ဟာရာ မျိုစိမ့်မှ။ (လယ်တီပရမတ္ထသံခိပ်)

♠ ပဋိသန္ဓေကာလမှာ ဖြစ်သောကလာပ်စည်းသည် တမျိုးစီလျှင် ၄၉–ကလာပ်ရှိကြောင်းဆိုသည်။ ဒါမှ သန္တတိဆက်နိုင်မည်။ (တိပိဟောစဉ် ပ ၃၃၉)

## ဂဗ္ဘသေယျကသတ္တဝါ၌ ရုပ် စ,ဖြစ်ပုံနှင့် တိုးပွားပုံ

ဂဗ္ဘသေယျကသတ္တဝါ၏ ပဋိသန္ဓေအခါတွင် ယောကျ်ားဖြစ်လျှင် ကာယဒသက, ပုရိသဘာဝဒသက, ဟဒယဝတ္ထု ဒသက, ဟု ကလာပ်စည်း သုံးမျိုးဖြစ်၏။ မိန်းမဖြစ်လျှင် ကာယဒသက, ဣတ္ထိဘာဝဒသက, ဟဒယဝတ္ထု ဒသက, ဟု ကလာပ်စည်း သုံးမျိုးဖြစ်၏။ ဤပဋိသန္ဓေအခါ၌ ဖြစ်သော ကလာပ်သုံးစည်း, ရုပ် ၃၀–တို့ကို ကလလရေကြည်ဟု ခေါ်သည်။ နပုံး(မိန်းမ,ယောကျ်ားမဟုတ်)ဖြစ်လျှင် ဘာဝဒသကမဖြစ်။

ကလလရေကြည်ကို ပကတိမျက်စိနှင့် မမြင်နိုင်။ နေအိမ်အခန်းအတွင်း ကျရောက်သော နေရောင်တွင် မြူမှုံများ တွေ့မြင်နိုင်သည်။ ထိုမြူမှုံများကို အဏုမြူဟုခေါ်သည်။ ထိုအဏုမြူ၏ ၃၆–စိတ်၏ တစိတ်ကို ပရမာဏုမြူဟု ခေါ်သည်။ ထိုပရမာဏုမြူကို နတ်တို့၏ မျက်စိဖြင့်သာ မြင်နိုင်သည်။ ပရမာဏုမြူတွင် ကလာပ်စည်းပေါင်း ၄၉–ခုလောက် ပါဝင်နိုင်သည်ဟု ယူဆကြ၏။ ကလလရေကြည်၏ အရွယ်သည် ပရမာဏုမြူလောက် မကြီးပေ။

♠ ရေ, မြှုပ်, ခဲ, တစ်၊ ခက်မဖြစ်၊ ရင့်လစ် ငါးသတ္တာ။ (ပရမတ္ထသံခိပ်)

ပဋိသန္ဓေအခါက စဖြစ်သော ရုပ်တို့သည် အရေကြည်(ကလလ)အဖြစ်နှင့်က ၇–ရက် ကြာသည်။ ထို့နောက် အမဲသားဆေးရေတူသော အမြှုပ်(အဗ္ဗုဒ) အဖြစ်သို့ ပြောင်းသွားသည်။ အမြှုပ်အဖြစ်နှင့်ကလည်း ၇–ရက် ကြာသည်။ ဤသို့ မုန့်ကျွဲသဲနှင့်တူသော အသားဆိုင်(ပေသိ) အဖြစ်နှင့်က ၇–ရက်, ကြက်ဥပုံနှင့်တူသော အသားတစ်(ဃန) အဖြစ်နှင့်က ၇–ရက်, လက်နှစ်ဖက်, ခြေနှစ်ဖက်, ဦးခေါင်း ပေါက်ရန် အဖုအထွတ် ငါးခုဟူသော ခက်မငါးဖြာ(ပသာခ) အဖြစ်နှင့်က ၇–ရက် ကြာသည်။ ဤသို့ ငါးပတ်အတွင် တဖြေးဖြေး ကြီးထွားလာသည်။

♠ စက်, သော, ဃာ, ဇီ၊ ဤလေးလီ၊ ဖြစ်ပြီဆယ့်တစ်မှာ။ (ပရမတ္ထသံခိပ်)

ငါးပတ်နောက်မှာ ဆံပင် အမွေး လက်သည်းတို့ ဖြစ်ပေါ်လာကြသည်။ ဆဲ့တပတ်မြောက်မှာ, (၇၇–ရက်မှာ) စက္ခု သောတ ဃာန ဇိဝှါတို့ ပေါ်လာကြသည်။ ပထမပတ်မှာ အလွန်နုသေး၍ ခက်မငါးဖြာ မပေါ်နိုင်သလို ခြောက်ပတ်မှ ဆယ်ပတ်အတွင်းမှာလည်း ခက်မငါးဖြာ၏ ဦးခေါင်းနေရာ အဖုသည် နုသေး၍ စက္ခု သောတ ဃာန ဇိဝှါတို့ မပေါ်သေး။ စက္ခု သောတ ဃာန ဇိဝှါတို့ ပေါ်နိုင်ဖို့ အဆင်သင့်ဖြစ်ရန် ဖြစ်ပြီးရုပ်ကလာပ်တို့သာ တဆင့်ထက်တဆင့် ရင့်အောင် အစဉ်အဆက် ဖြစ်နေကြသည်။

(ပရမတ္ထသံခိပ်ဋီကာ ၂၄၆–၂၅၂ မှ ကောက်နုတ်ချက်)

## ရူပဘုံ၌ ရ /မရ ရုပ်ကလာပ်များ

ရူပဘုံ၌ ကမ္မဇကလာပ် ၉–စည်းတွင် ဃာန, ဇိဝှါ, ကာယ, ဘာဝ ကလာပ် ၄–စည်း မဖြစ်။ ဃာနပသာဒ ရှိခြင်းကြောင့် နမ်းရှူချင်စိတ်ဖြစ်၏။ ဇိဝှါပသာဒရှိခြင်းကြောင့် စားချင်သောက်ချင်စိတ် ဖြစ်၏။ ကာယပသာဒရှိခြင်းကြောင့် တို့ချင်ထိချင်စိတ်ဖြစ်၏။ ဘာဝရုပ်ရှိခြင်းကြောင့် မေထုန်အမှုကို ပြုလို၏။ ဤသို့ ဃာနစသော ရုပ်ကလာပ်တို့သည် ကာမစိတ်ဓာတ်ကို တိုးပွါးစေတတ်ကုန်၏။ ရူပဘုံကလည်း ကာမဂုဏ်ကို စက်ဆုပ်သော ဗြဟ္မာတို့၏ နေရာတည်း။ ထို့ကြောင့် ဃာနစသော ရုပ်ကလာပ်တို့ မရထိုက်။

စက္ခု, သောတ ပသာဒတို့အတွက်ကား ဘုရားဖူးတရားနာ ကျေးဇူးများသော ဌာနများလည်း ရှိသေးသောကြောင့် ချွင်းချက်ထားရသည်။ ထို့ကြောင့် ဗြဟ္မာတို့၏ ပဋိသန္ဓေအခါ၌ စက္ခု, သောတ, ဟဒယ ဝတ္ထုနှင့် ဇီဝိတကလာပ်စည်းတို့သာ ဖြစ်ကြသည်။

ပဝတ္တိအခါ၌ စိတ္တဇကလာပ်, ဥတုဇကလာပ်များ အားလုံးပင် ရသည်။ ဗြဟ္မာတို့၌ ခဲဘွယ်ဘောဇဉ်ကို စာမျိုခြင်းမရှိရကား အတွင်းသန္တာန်မှာ ဩဇာရုပ်ရှိသော်လည်း ဗဟိဒ္ဓဩဇာနှင့် ပူပေါင်းရခြင်းမရှိသည့်အတွက် အာဟာရဇရုပ်များမရကြ။ ထို့ကြောင့် ဗြဟ္မာတို့ သန္တာန်၌ ကမ္မဇ, စိတ္တဇ, ဥတုဇရုပ်များသာ ရှိသည်။

**မှတ်ချက်**။ ဗြဟ္မာများသည် မိမိတို့ဈာန်၌ နှစ်သက်ခြင်းပီတိဖြင့် တင်းတိမ်ကာ အစာမစားဘဲ နေနိုင်ကြ၏။ လူတို့သည် တစုံတခု၌ ပီတိဖြစ်နေသောအခါ ဘာကိုမျှမစားပဲ နေနိုင်ကြသကဲ့သို့တည်း။ ဗြဟ္မာတို့၌ ဘာဝရုပ်မရှိသော်လည်း ပုံသဏ္ဍာန်မှာ ယောကျ်ားလိုပင် ဖြစ်သည်။

အသညသတ် ဗြဟ္မာတို့သန္တာန်၌ စက္ခု, သောတ, ဝတ္ထုဒသကနှင့် သဒ္ဒနဝကကလာပ်များ မရထိုက်။ ရေးရူပဗြဟ္မာများ မရထိုက်သော ဃာန, ဇိဝှါ, ကာယ, ဘာဝဒသကနှင့် အာဟာရဇကလာပ်များလည်း မရထိုက်။ စိတ်မရှိသောကြောင့် စိတ္တဇကလာပ်အားလုံး မရထိုက်။ ကမ္မဇကလာပ် ၉–စည်းတွင်လည်း ပဋိသန္ဓေအခါ၌ ဇီဝိတနဝက ကလာပ်သာ ရ၏။ ပဝတ္တိအခါ ဥတုဇကလာပ် ၄–စည်းတွင် သဒ္ဒဆိုင်ရာ မရသောကြောင့် သုဒ္ဓဋ္ဌကနှင့် လဟုတာဒေကာဒသက ကလာပ် ၂–စည်းသာ ရ၏။ ထို့ကြောင့် အသညသတ်ဘုံ၌ အဝိနိဗ္ဘောဂရုပ်–၈၊ ဇီဝိတ–၁၊ လဟုတာစသော ရုပ်–၃, ရုပ်ကလာပ်တိုင်း၌ ပါနိုင်သော လက္ခဏရုပ်–၄, အာကာသဓာတ်–၁၊ ပေါင်း ၁၇–သာ ရသည်။

(အခြေပြုသင်္ဂြိုဟ်–၃၉၄–၃၉၆)

## မရဏာသန္နဝီထိပုံ

ဘ ဘ ဘ "တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ တ တ ဘ စုတိ" ပဋိသန္ဓေ

ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo

(ကမ္မဇရုပ်နောက်ဆုံးဖြစ်) (စိတ္တဇရုပ်နောက်ဆုံးဖြစ်) (အာဟာရဇရုပ်နောက်ဆုံးဖြစ်)

## စတုဇရုပ်ပျက်စဉ်

မြစ်ရေအယဉ်ကို ကြည့်ရှုရာ၌ တခုတည်းထင်ရသော်လည်း ပဌမမြင်ရသော မြစ်ရေသည် စီးလေပြီးနောက် ဒုတိယမြစ်ရေ ရောက်လာသကဲ့သို့ ထို့အတူ ပဌမရုပ်အစဉ် ချုပ်ပြီးနောက် ဒုတိယစသော ရုပ်အစဉ်သည် ပေါ်ပေါက်လာ၏။ ဤသို့လျှင် ၄-ပါးသော အကြောင်းကြောင့် ဖြစ်ရသော ရုပ်များသည် ဆီမီးလျှံ မြစ်ရေအယဉ်တို့ကဲ့သို့ အစဉ်မပျက် ဆက်ကာ ဆက်ကာ အသက်ရှည်သမျှ ဖြစ်ကြပျက်ကြလေသည်။

ရှေ့၌ ပြအပ်ခဲ့သည့်အတိုင်း ကမ္မဇ,စသောရုပ်တို့သည် အစဉ်မပြတ် ဖြစ်ကာချုပ်ကာလာခဲ့ရာ, စုတေခါနီးရောက်လာလေသော် ကမ္မဇရုပ်ဆုံးမှသာ တဘဝတုံးရသောကြောင့် စုတိစိတ်အထက် နောက်ပြန်ရေတွက်လျှင် ၁၇-ချက်မြောက်စိတ်၏ ဌီခဏလောက်မှစ၍ ကမ္မဇရုပ်သစ်များ မဖြစ်ကြတော့ပြီ၊ ထိုဆယ့်ခုနစ်ချက်မြောက် စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ကြသော ကမ္မဇရုပ်များသည် စုတိစိတ်၏ ဘင်ခဏ၌ ၁၇-ချက် ရုပ်သက်စေ့သဖြင့် စုတိစိတ်နှင့် ပြိုင်၍ ချုပ်ကြလေ၏။

**မှတ်ချက်**။ ကမ္မဇရုပ်များတွင် ဇီဝိတရုပ် ပါ၏။ ထို ဇီဝိတကို "ရုပ်သက်"ဟု ခေါ်သည်။ စိတ်နှင့် ယှဉ်သောစေတသိက်များတွင်လည်း ဇီဝိတိန္ဒြေစေတသိက် ပါ၏။ ထို ဇီဝိတိန္ဒြေကို "နာမ်သက်"ဟု လည်း ခေါ်၏။ တဘဝအတွက် ထိုရုပ်သက် နာမ်သက်တို့ တပြိုင်နက် အပြီးသတ် ချုပ်သည်ကိုပင် "အသက်ကုန်သည်=စုတေသည်"ဟု ခေါ်စမှတ် ပြုရသည်။

ကမ္မဇရုပ်ချုပ်ပြီးနောက် မကြာခင် စိတ္တဇရုပ်, အာဟာရဇရုပ်တို့ ပြတ်စဲကြ၏။ "ရဟန္တာတို့၏ စုတိစိတ်မှတပါး အားလုံးသော သတ္တဝါတို့၏ စုတိစိတ်သည် ရုပ်ကို ဖြစ်စေနိုင်၏"ဟု (အဋ္ဌကထာ) ဆို၏။ ထို့ကြောင့် စုတိစိတ်၏ ဥပါဒ်ခဏ၌ အဆုံးသတ်ဖြစ်ကြသော စိတ္တဇရုပ်တို့သည် ကမ္မဇရုပ်ချုပ်ပြီး (စုတေပြီး)နောက် ခဏငယ် ၄၈-ချက်ခန့် ကြာမှ ချုပ်၏။ (ရုပ်သက်သည် ခဏငယ် ၅၁-ချက်ခန့် ရှည်ရာ ၅၁-ချက်တွင် စုတိစိတ်အခိုက်တုန်းက ခဏငယ် ၃-ချက်ခန့် ကြာခဲ့ပြီ၊ ထိုသုံးချက်ကို နုတ်က ၄၈-ချက်သာ ကျန်တော့သည်)

ဗဟိဒ္ဓမှ မျိုအပ်သော အာဟာရလည်းရှိစေ, အဇ္ဈတ္တရှိ အာဟာရနှင့် ပူးပေါင်းမိသည်လည်း ဖြစ်စေ, ဝိညာဏ်အထောက်အပန့်လည်း ရသည်ဖြစ်စေ, ဤသုံးပါးညီညွတ်လျှင် အာဟာရဇရုပ် ဖြစ်နိုင်၏။ ထို့ကြောင့် "စုတိစိတ်၏ ဘင်တိုင်အောင်ပင် ဝိညာဏ်အထောက်အပန့် ရှိသေးသောကြောင့် အာဟာရဇရုပ်များ ဖြစ်ကြသေး၏"ဟု ဆိုကြ၏။ ဤအလို "ခဏငယ် ၅၁–ချက်တွင် စုတိစိတ်၏ ဘင်ခဏအတွက် ၁–ချက် နုတ်၍ စုတေပြီးနောက် ခဏငယ် ၅၀–ခန့်ကြာမှ အာဟာရဇရုပ်များ ချုပ်ကြသည်"ဟု ယူရပေမည်။

ဥတုဇရုပ်များမှာ အလောင်းကောင်တိုင်အောင် ဆက်၍ ဖြစ်ကြ၏။ ဤစကားလည်း တဘဝအတွက် ပုံစံမပျက်သေးခင် ပိုင်းခြား၍ ဆိုအပ်သော စကားမျှသာတည်း။ စင်စစ်မှာ အလောင်းကောင်အဖြစ်မှ အရိုးစု တိုင်အောင် အရိုးဆွေး၍ မြေမှုန့်အဖြစ်တိုင်အောင် ဥတုဇရုပ်ကလာပ်တို့ ဆက်ကာဆက်ကာ ကမ္ဘာပျက်သည့် တိုင်အောင်ပင် ဖြစ်ရစ်နိုင်သည်။ (အခြေပြုသင်္ဂြိုဟ်–၃၉၀–၃၉၂)

# တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၏
# ရုပ်ဝီထိ
# (ရူပကလာပသန္တတိ)

## ရုပ်ဝီထိကိုနားလည်ရန် သိရမည့် စည်းမျဉ်းများ

♠ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ကာယဒသက ဘာဝဒသက ဝတ္ထုဒသက ဟူသော ကမ္မဇကလာပ် ၃–စည်းဖြစ်၏။ ဌီခဏ၌ ထိုသုံးစည်းထပ်ဖြစ်၏။ ဘင်ခဏ၌လည်း ထို ၃–စည်းပင် ထပ်ဖြစ်၏။ ဤသို့စသည်ဖြင့် ခဏတိုင်းခဏတိုင်း၌ ကမ္မဇကလာပ် ၃–စည်း ၃–စည်း ထပ်၍ ထပ်၍ တိုးပွားလာခဲ့လေရာ ပဋိသန္ဓေနောင် ၁၆–ခုမြောက်ဘဝင်၏ ဘင်ခဏသို့ ရောက်သည့်အခါ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ခဲ့ကြသော ကမ္မဇကလာပ် ၃–စည်းသည် ၁၇–ချက်ရုပ်သက်စေ့သဖြင့် ချုပ်လေတော့၏။ ထို့ကြောင့် ၁၆–ခုမြောက် ဘဝင်၏ ဘင်ခဏ၌ ကမ္မဇကလာပ်စည်းပေါင်း ၁၅၃–စည်း ရှိသည်တွင် ဖြစ်ဆဲ ၃–စည်း တည်ဆဲ ၁၄၇–စည်း ချုပ်ဆဲ ၃–စည်း အသီးအသီး မှတ်သားရေတွက်၍ **ဇီဝိတနဝကကလာပ်နှင့် စက္ခုဒသကစသည်တို့ မဖြစ်မှီ**[၁] ဖြစ်ဆဲ တည်ဆဲ ချုပ်ဆဲ ကလာပ်များ အညီအမျှ ရှိကြလေသည်။

♠ ပဋိသန္ဓေစိတ်နောင် ပထမဘဝင်မှစ၍ စိတ်၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း စိတ္တဇကလာပ်များ အထပ်ထပ် တိုးပွားလေရာ ပထမဘဝင်၏ ဥပါဒ်ခဏ၌ ဖြစ်သော စိတ္တဇကလာပ်တို့သည် မနောဒွါရာဝဇ္ဇန်း၏ ဘင်သို့ ရောက်သည့်အခါ ၁၇–ချက် ရုပ်သက်စေ့သဖြင့် ချုပ်လေတော့၏။ ထို့ကြောင့် မနောဒွါရာဝဇ္ဇန်း၏ ဘင်ခဏ၌ စိတ္တဇကလာပ်ပေါင်း ၁၇–စည်း ရှိသည်တွင် (ဥပါဒ်ခဏ၌သာ ဖြစ်ဆဲရှိ၍ ဌီခဏ ဘင်ခဏတို့၌ ဖြစ်ဆဲမရှိ သောကြောင့်) တည်ဆဲ ၁၆–စည်း ပျက်ဆဲ ၁–စည်း ဟု အသီးအသီး မှတ်သား ရေတွက်လေ။ နောက်နောက်ကာလ၌လည်း **ပဉ္စဝိညာဏ် မဖြစ်သမျှ, နိရောဓသမာပတ် ဝင်စားရာအခါ မဟုတ်သမျှ**[၂] ဤနည်းအတိုင်းပင် ရှိကြလေသည်။

---

၁–ဇီဝိတနဝက ကလာပ်သည် မည့်သည့်အခါ စ,ဖြစ်သည်ဟု အဆိုမရှိ။ (လယ်တီသံခိပ်အဖြေ–၁၆၉)
စက္ခုဒသက စသည့် ကလာပ်တို့သည် ၇၇–ရက်မြောက်မှာမှ စ,ဖြစ်သည်။ (လယ်တီသံခိပ်အဖြေ–၁၆၉)

၂–ပဉ္စဝိညာဏ်စိတ်ဖြစ်ရာအခါ, နိရောဓသမာပတ် ဖြစ်ရာအခါ တို့တွင် စိတ္တဇရုပ်ကလာပ်များ မဖြစ်ကြ။

♠ ပဋိသန္ဓေစိတ်နှင့် အတူဥပါဒ်သော ကမ္မဇကလာပ် ၃–စည်းတွင် ဥတုခေါ်သော တေဇောဓာတ် ပါ၏။ ထိုဥတုသည် ပဋိသန္ဓေစိတ်၏ ဌီခဏ၌ မိမိတို့လည်း ဌီသို့ရောက်ကြပြီးဖြစ်၍ ဥတုဇကလာပ် ၃–စည်းကို ဖြစ်စေကြသည်။ ပဋိသန္ဓေ၏ ဌီခဏ၌ဖြစ်သော ကမ္မဇကလာပ် ၃–စည်းတွင် ပါသော ဥတုကြောင့်လည်း ပဋိသန္ဓေ၏ ဘင်ခဏ၌ ဥတုဇကလာပ် ၃–စည်း တိုးပြန်၏။ ဤသို့လျှင် ကမ္မဇကလာပ်နှင့် ဆက်သွယ်၍ ဖြစ်ရသော ကမ္မပစ္စယ ဥတုဇကလာပ်တို့သည် ခဏတိုင်း ခဏတိုင်း၌ တိုးပွားကြလေသည်။

ပထမဘဝင်၏ ဥပါဒ်ခဏ၌ ဖြစ်သော စိတ္တဇကလာပ်တွင် ပါဝင်သောဥတုသည်လည်း ပထမဘဝင်၏ ဌီခဏ၌ ဥတုဇရုပ်ကလာပ်တစည်းကို ဖြစ်စေ၏။ ဒုတိယဘဝင်၏ ဥပါဒ်ခဏ၌ ဖြစ်သော စိတ္တဇကလာပ်တွင် ပါဝင်သောဥတုသည်လည်း ဒုတိယဘဝင်၏ ဌီခဏ၌ ဥတုဇရုပ်ကလာပ်တစည်းကို ဖြစ်စေပြန်၏။ ဤသို့လျှင် စိတ္တဇကလာပ်နှင့် ဆက်သွယ်၍ ဖြစ်ရသော စိတ္တပစ္စယ ဥတုဇကလာပ်တို့သည်လည်း စိတ်၏ ဌီခဏတိုင်း၌ ထပ်၍ထပ်၍ တိုးပွားကြလေသည်။ ထို့ကြောင့် ကမ္မပစ္စယဥတုဇ စိတ္တပစ္စဥတုဇ ကလာပ်ပေါင်းကို ပဋ္ဌမဘဝင်၏ဌီခဏ၌ ၁၃–စည်း, ဘင်ခဏ၌ ၁၆–စည်း, ဒုတိယဘဝင်၏ ဥပါဒ်ခဏ၌ ၁၉–စည်း, ဌီခဏ၌ ၂၃–စည်း စသည်ဖြင့် ဝီထိပုံ ဇယားစဥ်ကို ကြည့်၍ သိရှိကြပါလေ။

(၁၃–စည်း ၁၆–စည်း စသည်ဆိုရာ၌ ကလာပ်အမျိုးပေါင်း ၁၃–စည်း, ၁၆–စည်းဟု ယူပါ။ ထို ၁၃–စည်းပေါင်းမှာ ခန္ဓာကိုယ်၌ များစွာရှိနိုင်သည်။ ဤပဋိသန္ဓေဝီထိခဏ်း၌ ဗဟိဒ္ဓ အာဟာရဇရုပ်များလည်း မရှိသေးသောကြောင့် အာဟာရဇကလာပ်များကို မပြဘဲ ချန်ထားရသည်ကိုလည်း သတိပြု)

## ပဋိသန္ဓေတည်ခါစ စိတ်အစဉ်နှင့် ရုပ်အစဉ်အဆက် ဖြစ်ပုံ

| စိတ် | ခဏ | ကမ္မဇကလာပ် | စိတ္တဇကလာပ် | ဥတုဇကလာပ် | ကလာပ်ပေါင်း |
|---|---|---|---|---|---|
| | ဥပါဒ် | ၃ | + | + | ၃ |
| ပဋိ | ဌီ | ၆ | + | ၃ | ၉ |
| | ဘင် | ၉ | + | ၆ | ၁၅ |
| | ဥပါဒ် | ၁၂ | ၁ | ၉ | ၂၂ |
| ၁–ဘ | ဌီ | ၁၅ | ၁ | ၁၃ | ၂၉ |
| | ဘင် | ၁၈ | ၁ | ၁၆ | ၃၅ |
| | ဥပါဒ် | ၂၁ | ၂ | ၁၉ | ၄၂ |
| ၂–ဘ | ဌီ | ၂၄ | ၂ | ၂၃ | ၄၉ |
| | ဘင် | ၂၇ | ၂ | ၂၆ | ၅၅ |
| | ဥပါဒ် | ၃၀ | ၃ | ၂၉ | ၆၂ |
| ၃–ဘ | ဌီ | ၃၃ | ၃ | ၃၃ | ၆၉ |
| | ဘင် | ၃၆ | ၃ | ၃၆ | ၇၅ |
| | ဥပါဒ် | ၃၉ | ၄ | ၃၉ | ၈၂ |
| ၄–ဘ | ဌီ | ၄၂ | ၄ | ၄၃ | ၈၉ |
| | ဘင် | ၄၅ | ၄ | ၄၆ | ၉၅ |
| | ဥပါဒ် | ၄၈ | ၅ | ၄၉ | ၁၀၂ |
| ၅–ဘ | ဌီ | ၅၁ | ၅ | ၅၃ | ၁၀၉ |
| | ဘင် | ၅၄ | ၅ | ၅၆ | ၁၁၅ |

---

၁။ ကမ္မဇကလာပ်ကော်လံတွင် ကမ္မဇရုပ်များ ခဏတိုင်းဖြစ်၍ ၃–ခု ၃–ခု ထပ်ပေါင်းသည်။

၂။ စိတ္တဇကလာပ်ကော်လံတွင် စိတ္တဇကလာပ်သည် စိတ်၏ ဥပါဒ်၌သာ ဖြစ်၍ ဥပါဒ်ခဏတိုင်း ၁–ခု ထပ်ပေါင်းသည်။

၃။ ဥတုဇကလာပ်ကော်လံတွင် ပဋိသန္ဓေစိတ်၏ ဌီ ဘင် ၌ ၃–ခုစီ ပေါင်းပြီး ပထမဘဝင်မှစ၍ ဥပါဒ်နှင့် ဘင်တွင် ၃–ကလာပ်စီပေါင်း၊ ဌီတွင် ၄–ခုစီ ထပ်ပေါင်းပါ။

| စိတ် | ခဏ | ကမ္မဇကလာပ် | စိတ္တဇကလာပ် | ဥတုဇကလာပ် | ကလာပ်ပေါင်း |
|---|---|---|---|---|---|
| | ဥပါဒ် | ၅၇ | ၆ | ၅၉ | ၁၂၂ |
| ၆–ဘ | ဌီ | ၆၀ | ၆ | ၆၃ | ၁၂၉ |
| | ဘင် | ၆၃ | ၆ | ၆၆ | ၁၃၅ |
| | ဥပါဒ် | ၆၆ | ၇ | ၆၉ | ၁၄၂ |
| ၇–ဘ | ဌီ | ၆၉ | ၇ | ၇၃ | ၁၄၉ |
| | ဘင် | ၇၂ | ၇ | ၇၆ | ၁၅၅ |
| | ဥပါဒ် | ၇၅ | ၈ | ၇၉ | ၁၆၂ |
| ၈–ဘ | ဌီ | ၇၈ | ၈ | ၈၃ | ၁၆၉ |
| | ဘင် | ၈၁ | ၈ | ၈၆ | ၁၇၅ |
| | ဥပါဒ် | ၈၄ | ၉ | ၈၆ | ၁၈၂ |
| ၉–ဘ | ဌီ | ၈၇ | ၉ | ၉၃ | ၁၈၉ |
| | ဘင် | ၉၀ | ၉ | ၉၆ | ၁၉၅ |
| | ဥပါဒ် | ၉၃ | ၁၀ | ၉၉ | ၂၀၂ |
| ၁၀–ဘ | ဌီ | ၉၆ | ၁၀ | ၁၀၃ | ၂၀၉ |
| | ဘင် | ၉၉ | ၁၀ | ၁၀၆ | ၂၁၅ |
| | ဥပါဒ် | ၁၀၂ | ၁၁ | ၁၀၉ | ၂၂၂ |
| ၁၁–ဘ | ဌီ | ၁၀၅ | ၁၁ | ၁၁၃ | ၂၂၉ |
| | ဘင် | ၁၀၈ | ၁၁ | ၁၁၆ | ၂၃၅ |
| | ဥပါဒ် | ၁၁၁ | ၁၂ | ၁၁၉ | ၂၄၂ |
| ၁၂–ဘ | ဌီ | ၁၁၄ | ၁၂ | ၁၂၃ | ၂၄၉ |
| | ဘင် | ၁၁၇ | ၁၂ | ၁၂၆ | ၂၅၅ |

| စိတ် | ခဏ | ကမ္မဇကလာပ် | စိတ္တဇကလာပ် | ဥတုဇကလာပ် | ကလာပ်ပေါင်း |
|---|---|---|---|---|---|
| | ဥပါဒ် | ၁၂၀ | ၁၃ | ၁၂၉ | ၂၆၂ |
| ၁၃–ဘ | ဌီ | ၁၂၃ | ၁၃ | ၁၃၃ | ၂၆၉ |
| | ဘင် | ၁၂၆ | ၁၃ | ၁၃၆ | ၂၇၅ |
| | ဥပါဒ် | ၁၂၉ | ၁၄ | ၁၃၉ | ၂၈၂ |
| ၁၄–ဘ | ဌီ | ၁၃၂ | ၁၄ | ၁၄၃ | ၂၈၉ |
| | ဘင် | ၁၃၅ | ၁၄ | ၁၄၆ | ၂၉၅ |
| | ဥပါဒ် | ၁၃၈ | ၁၅ | ၁၄၉ | ၃၀၂ |
| ၁၅–ဘ | ဌီ | ၁၄၁ | ၁၅ | ၁၅၃ | ၃၀၉ |
| | ဘင် | ၁၄၄ | ၁၅ | ၁၅၆ | ၃၁၅ |
| | ဥပါဒ် | ၁၄၇ | ၁၆ | ၁၅၉ | ၃၂၂ |
| ၁၆–ဘ | ဌီ | ၁၅၀ | ၁၆ | ၁၆၃ | ၃၂၉ |
| | ဘင် | ၁၅၃ | ၁၆ | ၁၆၆ | ၃၃၅ |
| | ဥပါဒ် | ၁၅၃[၁] | ၁၇ | ၁၆၉[၂] | ၃၃၉ |
| ၁၇–မ | ဌီ | ၁၅၃ | ၁၇ | ၁၇၀[၃] | ၃၄၀ |
| | ဘင် | ၁၅၃ | ၁၇[၄] | ၁၇၀ | ၃၄၀ |
| | ဥပါဒ် | ၁၅၃ | ၁၇[၅] | ၁၇၀[၆] | ၃၄၀ |
| ၁၈–ဇ | ဌီ | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |
| | ဘင် | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |

၁ အသစ် ၃ခုပေါင်း, အဟောင်းသုံးခု ပျက်၍ နှုတ်

၂ ပဋိသန္ဓေစိတ် ဌီခဏ၌ဖြစ်သော ပထမဆုံး ဥတုဇကလာပ်သုံးစည်း၏ ဘင်ခဏ

၃ ပဋိသန္ဓေစိတ် ဌီခဏ၌ဖြစ်သော ပထမဆုံး ဥတုဇကလာပ်သုံးစည်းသည် ပျက်ပြီးဖြစ်၍ ၃ခုနှုတ်၊ မနောဒွါရာဝဇ္ဇန်း၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇကလာပ်၌ပါသော ဥတုကဖြစ်သော ဥတုဇကလာပ် သုံးစည်းပေါင်း

၄ တည်ဆဲ စိတ္တဇကလာပ် ၁၆၊ ပျက်ဆဲ စိတ္တဇကလာပ် ၁၊

၅ ပထမဘဝင်က ထုတ်ပေးသော ပထမဆုံး စိတ္တဇကလာပ် ပျက်ပြီး၍ ၁ခုနှုတ်၊ ပထမဇောကထုတ်ပေးသော စိတ္တဇကလာပ် တခုပေါင်း

၆ ပထမဘဝင်က ထုတ်ပေးသော စိတ္တဇကလာပ်၌ပါသော ဥတုကထုတ်ပေးသော ဥတုဇကလာပ်၏ ဘင်ကာလ

♠ **ဇီဝိတနဝကကလာပ်သည်** အဋ္ဌကထာကြီးများအလိုအားဖြင့် ကာမဘုံသားတို့ သန္တာန်၌လည်း ကာယဘာဝဒသကကဲ့သို့ **တကိုယ်လုံးပြန့်နှံ့လျက်** တည်ရှိသောကြောင့် **ပဋိသန္ဓေနေပြီးနောက် မကြာမီပင် တစုံတခုသော စိတ်၏ ဥပါဒ် ဌီ ဘင် သုံးပါးတွင် တပါးပါးနှင့် ပြိုင်၍ ဖြစ်နိုင်**သော်လည်း ရေတွက်၍ လွယ်ကူစေခြင်းငှါ စိတ်၏ဖြစ်ရာ စိတ်၏ဥပါဒ်ခဏ၌ ရေးကဖြစ်မြဲ ကမ္မဇကလာပ် ၁၅၃စည်းတွင် ဤဇီဝိတ နဝကကလာပ်ကိုထည့်၍ ၁၅၄ စည်းရှိ၏။ ဌီခဏ၌ ၁၅၅ စည်း၊ ဘင် ခဏ၌ ၁၅၆ စည်း၊ ဤသို့စသည်ဖြင့် ခဏတိုင်းတိုးသောကြောင့် ဇီဝိတနဝကကလာပ် စ၍ ဖြစ်ပြီးနောက် ခဏငယ် ၅၁ ချက်ခန့်သို့ ရောက်သည့်အခါ ကမ္မဇကလာပ်ပေါင်း ၂၀၄ စည်းရှိ၏။ ထိုတွင် ဖြစ်ဆဲ ၄ စည်း, ပျက်ဆဲ ၄ စည်း, တည်ဆဲ ၁၉၆ စည်းဟု ခွဲခြားပြီးလျှင် စက္ခုစသည်တို့ မဖြစ်ပေါ်သေးသမျှ နောက်ကာလ၌ ဤအတိုင်းပင် မယုတ်မလွန် ရှိကြလေသည်။

♠ စိတ္တဇကလာပ်ကား ၁၇ စည်းသာတည်း။

♠ ဇီဝိတနဝက,ကလာပ် ဥပါဒ်၍ ဌီသို့ရောက်သည့်အခါ ဇီဝိတနဝက,ကလာပ်တွင် ပါဝင်သော ဥတု,က ဥတုဇကလာပ်ကို ဖြစ်စေပြန်သောကြောင့် ရေးကဖြစ်မြဲ ဥတုဇကလာပ် ၁၇၀ နှင့်တကွ ဥတုဇကလာပ်ပေါင်း ၁၇၁ စည်းရှိ၏။ ဤသို့လျှင် ခဏတိုင်းခဏတိုင်း၌ ဇီဝိတနဝက,ကလာပ်က ထပ်၍ ထပ်၍ ဥပါဒ်လေရာ ဌီသို့အရောက်အရောက်မှာ ကမ္မပစ္စယဥတုဇကလာပ်တစည်းလည်း ထပ်၍ထပ်၍ တိုးပွား လေသည်။ ထိုကဲ့သို့ တိုးပွား၍ ခဏငယ် ၅၁ ချက်ခန့်သို့ အသီးအသီး ရောက်သည့်အခါ ပထမဆုံးဖြစ်သော ဇီဝိတနဝက ကလာပ်နှင့် ထိုဇီဝိတနဝကကလာပ်၏ အဆက်အသွယ် ဖြစ်သော ဥတုဇကလာပ်လည်း ချုပ်၏။ ထိုပထမဆုံး ဇီဝိတနဝကကလာပ် ရုပ်သက်စေ့သည့်အခါ ဥတုဇကလာပ် ၂၂၀ ရှိ၏။ ထို့နောက် စိတ်၏ ဥပါဒ်ခဏ၌ ဇီဝိတနဝက၏ အဆက်အသွယ်ဖြစ်သော ကမ္မပစ္စယဥတုဇကလာပ် တစည်းတိုးပြန်သဖြင့် ၂၂၁ စည်းရှိ၏။ ထို့နောက် ဥတုဇကလာပ်များ အတိုးအဆုတ်မရှိသေး။ ထို ၂၂၁ စည်းတွင် ဖြစ်ဆဲ ကမ္မပစ္စယဥတုဇကလာပ် ၄ စည်း, (စိတ္တပစ္စယဥတုဇတို့က စိတ်၏ ဥပါဒ်တိုင်းချုပ်သောကြောင့်) ချုပ်ဆဲ ၅ စည်း, တည်ဆဲ ၂၁၂ စည်း ပါဝင်၏။ စိတ်၏ ဌီခဏ၌ (စိတ္တပစ္စယဥတုဇကလာပ် တစည်း အမြဲ ဖြစ်သောကြောင့်) ဖြစ်ဆဲ ၅ စည်း, ချုပ်ဆဲ ၄ စည်း, တည်ဆဲ ၂၁၂ စည်း ပါဝင်၏။ စိတ်၏ ဘင်ခဏ၌ (စိတ္တပစ္စယဥတုဇတို့က အဖြစ်အပျက်မရှိသောကြောင့်) ဖြစ်ဆဲ ၄ စည်း, ချုပ်ဆဲ ၄ စည်း, တည်ဆဲ ၂၁၃ စည်း ပါဝင်သည်ဟု ခဏတိုင်းမှာ သတိပြု၍ ဝီထိပုံကို ကြည့်ရှုပါလေ။

## ဇီဝိတနဝက ကလာပ် စ၍ ဖြစ်သည့်အခါ ဝီထိပုံ

| | ခဏ | ကမ္မဇကလာပ် | စိတ္တဇကလာပ် | ဥတုဇကလာပ် | ကလာပ်ပေါင်း |
|---|---|---|---|---|---|
| | ဥပါဒ် | ၁၅၄ | ၁၇ | ၁၇၀ | ၃၄၁ |
| စိတ် | ဋ္ဌီ | ၁၅၅ | ၁၇ | ၁၇၁ | ၃၄၃ |
| | ဘင် | ၁၅၆ | ၁၇ | ၁၇၂ | ၃၄၅ |
| | ဥပါဒ် | ၁၅၇ | ၁၇ | ၁၇၃ | ၃၄၇ |
| စိတ် | ဋ္ဌီ | ၁၅၈ | ၁၇ | ၁၇၄ | ၃၄၉ |
| | ဘင် | ၁၅၉ | ၁၇ | ၁၇၅ | ၃၅၁ |
| | ဥပါဒ် | ၁၆၀ | ၁၇ | ၁၇၆ | ၃၅၃ |
| စိတ် | ဋ္ဌီ | ၁၆၁ | ၁၇ | ၁၇၇ | ၃၅၅ |
| | ဘင် | ၁၆၂ | ၁၇ | ၁၇၈ | ၃၅၇ |
| | ဥပါဒ် | ၁၆၃ | ၁၇ | ၁၇၉ | ၃၅၉ |
| စိတ် | ဋ္ဌီ | ၁၆၄ | ၁၇ | ၁၈၀ | ၃၆၁ |
| | ဘင် | ၁၆၅ | ၁၇ | ၁၈၁ | ၃၆၃ |
| | ဥပါဒ် | ၁၆၆ | ၁၇ | ၁၈၂ | ၃၆၅ |
| စိတ် | ဋ္ဌီ | ၁၆၇ | ၁၇ | ၁၈၃ | ၃၆၇ |
| | ဘင် | ၁၆၈ | ၁၇ | ၁၈၄ | ၃၆၉ |
| | ဥပါဒ် | ၁၆၉ | ၁၇ | ၁၈၅ | ၃၇၁ |
| စိတ် | ဋ္ဌီ | ၁၇၀ | ၁၇ | ၁၈၆ | ၃၇၃ |
| | ဘင် | ၁၇၁ | ၁၇ | ၁၈၇ | ၃၇၅ |

---

၁။ ကမ္မဇကလာပ်ကော်လံတွင် ဇီဝိတနဝက ကလာပ်သည် ခဏတိုင်းဖြစ်၍ ၁-ခု ၁-ခု ထပ်ပေါင်းသည်။

၂။ စိတ္တဇကလာပ်ကော်လံတွင် စိတ္တဇကလာပ်သည် ပျက်သည့်ကလာပ်အစား ဥပါဒ်ခဏ၌ အသစ်တိုး၍ အတိုးအလျော့မဖြစ်။

၃။ ဥတုဇကလာပ်ကော်လံတွင် ဇီဝိတနဝက ကလာပ်၌ ပါသော ဥတုက ဋ္ဌီအရောက်တွင် ဥတုဇကလာပ်ဖြစ်စေသဖြင့် ၁-ခု ၁-ခု တိုးပါ။

| | ခဏ | ကမ္မဇကလာပ် | စိတ္တဇကလာပ် | ဥတုဇကလာပ် | ကလာပ်ပေါင်း |
|---|---|---|---|---|---|
| | ဥပါဒ် | ၁၇၂ | ၁၇ | ၁၈၈ | ၃၇၇ |
| စိတ် | ဋ္ဌီ | ၁၇၃ | ၁၇ | ၁၈၉ | ၃၇၉ |
| | ဘင် | ၁၇၄ | ၁၇ | ၁၉၀ | ၃၈၁ |
| | ဥပါဒ် | ၁၇၅ | ၁၇ | ၁၉၁ | ၃၈၃ |
| စိတ် | ဋ္ဌီ | ၁၇၆ | ၁၇ | ၁၉၂ | ၃၈၅ |
| | ဘင် | ၁၇၇ | ၁၇ | ၁၉၃ | ၃၈၇ |
| | ဥပါဒ် | ၁၇၈ | ၁၇ | ၁၉၄ | ၃၈၉ |
| စိတ် | ဋ္ဌီ | ၁၇၉ | ၁၇ | ၁၉၅ | ၃၉၁ |
| | ဘင် | ၁၈၀ | ၁၇ | ၁၉၆ | ၃၉၃ |
| | ဥပါဒ် | ၁၈၁ | ၁၇ | ၁၉၇ | ၃၉၅ |
| စိတ် | ဋ္ဌီ | ၁၈၂ | ၁၇ | ၁၉၈ | ၃၉၇ |
| | ဘင် | ၁၈၃ | ၁၇ | ၁၉၉ | ၃၉၉ |
| | ဥပါဒ် | ၁၈၄ | ၁၇ | ၂၀၀ | ၄၀၁ |
| စိတ် | ဋ္ဌီ | ၁၈၅ | ၁၇ | ၂၀၁ | ၄၀၃ |
| | ဘင် | ၁၈၆ | ၁၇ | ၂၀၂ | ၄၀၅ |
| | ဥပါဒ် | ၁၈၇ | ၁၇ | ၂၀၃ | ၄၀၇ |
| စိတ် | ဋ္ဌီ | ၁၈၈ | ၁၇ | ၂၀၄ | ၄၀၉ |
| | ဘင် | ၁၈၉ | ၁၇ | ၂၀၅ | ၄၁၁ |
| | ဥပါဒ် | ၁၉၀ | ၁၇ | ၂၀၆ | ၄၁၃ |
| စိတ် | ဋ္ဌီ | ၁၉၁ | ၁၇ | ၂၀၇ | ၄၁၅ |
| | ဘင် | ၁၉၂ | ၁၇ | ၂၀၈ | ၄၁၇ |

| | ခဏ | ကမ္မဇကလာပ် | စိတ္တဇကလာပ် | ဥတုဇကလာပ် | ကလာပ်ပေါင်း |
|---|---|---|---|---|---|
| | ဥပါဒ် | ၁၉၃ | ၁၇ | ၂၀၉ | ၄၁၉ |
| စိတ် | ဋ္ဌီ | ၁၉၄ | ၁၇ | ၂၁၀ | ၄၂၀ |
| | ဘင် | ၁၉၅ | ၁၇ | ၂၁၁ | ၄၂၃ |
| | ဥပါဒ် | ၁၉၆ | ၁၇ | ၂၁၂ | ၄၂၅ |
| စိတ် | ဋ္ဌီ | ၁၉၇ | ၁၇ | ၂၁၃ | ၄၂၇ |
| | ဋ္ဌီ | ၁၉၈ | ၁၇ | ၂၁၄ | ၄၂၉ |
| | ဥပါဒ် | ၁၉၉ | ၁၇ | ၂၁၅ | ၄၃၁ |
| စိတ် | ဋ္ဌီ | ၂၀၀ | ၁၇ | ၂၁၆ | ၄၃၃ |
| | ဘင် | ၂၀၁ | ၁၇ | ၂၁၇ | ၄၃၅ |
| | ဥပါဒ် | ၂၀၂ | ၁၇ | ၂၁၈ | ၄၃၇ |
| စိတ် | ဋ္ဌီ | ၂၀၃ | ၁၇ | ၂၁၉ | ၃၃၉ |
| | ဘင် | ၂၀၄[၁] | ၁၇ | ၂၂၀ | ၄၄၁ |
| | ဥပါဒ် | ၂၀၄[၂] | ၁၇ | ၂၂၁[၃] | ၄၄၂ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၂၂၁[၄] | ၄၄၂ |
| | ဘင် | ၂၀၄ | ၁၇ | ၂၂၁ | ၄၄၂ |

၁ အစဦးဆုံး ဇီဝိတနဝကကလာပ်၏ ဘင်ကာလ

၂ ပထမဦးဆုံး ဇီဝိတနဝကကလာပ်ပျက်ပြီးဖြစ်၍ ၁ခုနှုတ်၊ အသစ်ဖြစ်သော ဇီဝိတနဝကကလာပ် တခုပေါင်း

၃ အစဦးဆုံး ဇီဝိတနဝကကလာပ်၌ပါသော ဥတုကထုတ်ပေးသော ဥတုဇကလာပ်၏ ဘင်ကာလ

၄ အစဦးဆုံး ဇီဝိတနဝကကလာပ်၌ပါသော ဥတုကထုတ်ပေးသော ဥတုဇကလာပ်သည် ပျက်ပြီးဖြစ်၍ ၁–ခုနှုတ်၊ ဤစိတ်၏ ဥပါဒ်ကာလ၌ဖြစ်သော ဇီဝိနဝကကလာပ်၌ပါသော ဥတုကထုတ်ပေးသော ဥတုဇကလာပ် အသစ်တိုး၍ ၁–ခုပေါင်း

♠ မိခင်စားအပ်သော အာဟာရသည် သူငယ်၏ကိုယ်၌ ပျံ့နှံ့သည့်အခါ ထိုအစာ၌ပါသော ဩဇာသည် ဥပါဒ်ပြီးနောက် ဋီသို့ရောက်လျှင် အာဟာရဇကလာပ်ကို ဖြစ်စေ၏။ ထိုအာဟာရဇကလာပ်သည် စိတ်၏ ဥပါဒ် ဋီ ဘင် ခဏသုံးပါးတွင် တပါးပါးသော ခဏ၌ပင် ဖြစ်နိုင်သော်လည်း မှတ်သား၍လွယ်ကူစေခြင်းငှါ စိတ်၏ဥပါဒ်ခဏ၌ စ၍ဖြစ်သည်ဟု ယူကြစို့၊ စားမျိုအပ်သော **အာဟာရ၌ ဩဇာအသစ်ဖြစ်လျှက်ရှိသောကြောင့် စိတ်ခဏတိုင်း၌ အာဟာရဇကလာပ်များလည်း အမြဲဥပါဒ်လျက်ရှိသည်**။ ထို့ကြောင့် ပဌမစ၍ဖြစ်ရာ စိတ်၏ဥပါဒ်ခဏ၌ အာဟာရဇကလာပ် ၁ စည်း, ဋီခဏ၌ ၂ စည်း, ဘင်ခဏ၌ ၃ စည်း, ဤသို့စသည်ဖြင့် တိုးပွား၍ ပထမဆုံးဖြစ်သော အာဟာရဇကလာပ်တို့ ခဏငယ် ၅၁ ချက် စေ့သည့်အခါ အာဟာရဇကလာပ်ပေါင်း ၅၁ စည်းရ၏။ ထိုတွင် ဖြစ်ဆဲ ၁ စည်း, ချုပ်ဆဲ ၁ စည်း, တည်ဆဲ ၄၉ စည်း တည်း။ ဤနည်းဖြင့် ခန္ဓာကိုယ်၌ အာဟာရဇကလာပ် အတိုးအဆုတ်မရှိ, ၅၁ စည်းသာ ရနိုင်လေသည်။

ကမ္မဇ စိတ္တဇ ကလာပ်များ အတိုးအဆုတ်မရှိသေး။ ဥတုဇကလာပ်ကား အာဟာရဇကလာပ် ပဌမဖြစ်ပြီးနောက် ဋီခဏသို့ရောက်လျှင် ရှေးကရှိသော ၂၂၁ စည်းတွင် ဥတုဇကလာပ် ၁ စည်း တိုး၏။ ဤနည်းအားဖြင့် အာဟာရနှင့်ဆက်သွယ်၍ဖြစ်သော အာဟာရပစ္စယဥတုဇကလာပ်သည် ခဏတိုင်း တစည်း တစည်းတိုးပွားလျက် ခဏငယ် ၅၁ ချက်ခန့်စေ့အောင်, ၅၁ စည်းတိုးပွားလေသည်။ ထိုအခါ၌ ဥတုဇကလာပ်ပေါင်း ၂၇၂ စည်းရှိ၏။ ထိုကလာပ်တို့၏ ဖြစ်ဆဲ တည်ဆဲ ချုပ်ဆဲ များကိုလည်း ခွဲခြား၍စိစစ်လေ။

ဤမှနောက်၌ စက္ခုစသည် မဖြစ်သမျှ စတုဇကလာပ်များ အတိုးအဆုတ် မရှိကြောင်းကို ဝီထိပုံကြည့်၍ သိပါလေ။

## အာဟာရဇကလာပ် စ၍ ဖြစ်သည့်အခါ ဝီထိပုံ

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| စိတ် | ဥပါဒ် | ၂၀၄ | ၁၇ | ၁ | ၂၂၁ | ၄၄၃ |
| | ဋီ | ၂၀၄ | ၁၇ | ၂ | ၂၂၂ | ၄၄၅ |
| | ဘင် | ၂၀၄ | ၁၇ | ၃ | ၂၂၃ | ၄၄၇ |
| စိတ် | ဥပါဒ် | ၂၀၄ | ၁၇ | ၄ | ၂၂၄ | ၄၄၉ |
| | ဋီ | ၂၀၄ | ၁၇ | ၅ | ၂၂၅ | ၄၅၁ |
| | ဘင် | ၂၀၄ | ၁၇ | ၆ | ၂၂၆ | ၄၅၃ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၂၀၄ | ၁၇ | ၇ | ၂၂၇ | ၄၅၅ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၈ | ၂၂၈ | ၄၅၇ |
| | ဘင် | ၂၀၄ | ၁၇ | ၉ | ၂၂၉ | ၄၅၉ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၁၀ | ၂၃၀ | ၄၆၁ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၁၁ | ၂၃၁ | ၄၆၃ |
| | ဘင် | ၂၀၄ | ၁၇ | ၁၂ | ၂၃၂ | ၄၆၅ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၁၃ | ၂၃၃ | ၄၆၇ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၁၄ | ၂၃၄ | ၄၆၉ |
| | ဘင် | ၂၀၄ | ၁၇ | ၁၅ | ၂၃၅ | ၄၇၁ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၁၆ | ၂၃၆ | ၄၇၃ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၁၇ | ၂၃၇ | ၄၇၅ |
| | ဘင် | ၂၀၄ | ၁၇ | ၁၈ | ၂၃၈ | ၄၇၇ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၁၉ | ၂၃၉ | ၄၇၉ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၂၀ | ၂၄၀ | ၄၈၁ |
| | ဘင် | ၂၀၄ | ၁၇ | ၂၁ | ၂၄၁ | ၄၈၃ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၂၂ | ၂၄၂ | ၄၈၅ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၂၃ | ၂၄၃ | ၄၈၇ |
| | ဘင် | ၂၀၄ | ၁၇ | ၂၄ | ၂၄၄ | ၄၈၉ |

---

၁။ ကမ္မဇ စိတ္တဇ ကလာပ်များ အတိုးအဆုတ်မရှိ၍ အရေအတွက် မတိုး။

၂။ စိတ်၏ခဏတိုင်း၌ အာဟာရဇကလာပ်များလည်း အမြဲဥပါဒ်၍ အာဟာရဇကလာပ်ကော်လံ၌ ၁ ခု ၁ ခု တိုးသည်။

၃။ အာဟာရနှင့်ဆက်သွယ်၍ဖြစ်သော အာဟာရပစ္စယဥတုဇကလာပ်သည် ခဏတိုင်း တစည်း တစည်းတိုးပွား၍ ဥတုဇကလာပ်ကော်လံ၌ ၁ ခု ၁ ခု တိုးသည်။

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၂၀၄ | ၁၇ | ၂၅ | ၂၄၅ | ၄၉၁ |
| စိတ် | ဌီ | ၂၀၄ | ၁၇ | ၂၆ | ၂၄၆ | ၄၉၃ |
| | ဘင် | ၂၀၄ | ၁၇ | ၂၇ | ၂၄၇ | ၄၉၅ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၂၈ | ၂၄၈ | ၄၉၇ |
| စိတ် | ဌီ | ၂၀၄ | ၁၇ | ၂၉ | ၂၄၉ | ၄၉၉ |
| | ဘင် | ၂၀၄ | ၁၇ | ၃၀ | ၂၅၀ | ၅၀၁ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၃၁ | ၂၅၁ | ၅၀၃ |
| စိတ် | ဌီ | ၂၀၄ | ၁၇ | ၃၂ | ၂၅၂ | ၅၀၅ |
| | ဘင် | ၂၀၄ | ၁၇ | ၃၃ | ၂၅၃ | ၅၀၇ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၃၄ | ၂၅၄ | ၅၀၉ |
| စိတ် | ဌီ | ၂၀၄ | ၁၇ | ၃၅ | ၂၅၅ | ၅၁၁ |
| | ဘင် | ၂၀၄ | ၁၇ | ၃၆ | ၂၅၆ | ၅၁၃ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၃၇ | ၂၅၇ | ၅၁၅ |
| စိတ် | ဌီ | ၂၀၄ | ၁၇ | ၃၈ | ၂၅၈ | ၅၁၇ |
| | ဘင် | ၂၀၄ | ၁၇ | ၃၉ | ၂၅၉ | ၅၁၉ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၄၀ | ၂၆၀ | ၅၂၁ |
| စိတ် | ဌီ | ၂၀၄ | ၁၇ | ၄၁ | ၂၆၁ | ၅၂၃ |
| | ဘင် | ၂၀၄ | ၁၇ | ၄၂ | ၂၆၂ | ၅၂၅ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၄၃ | ၂၆၃ | ၅၂၇ |
| စိတ် | ဌီ | ၂၀၄ | ၁၇ | ၄၄ | ၂၆၄ | ၅၂၉ |
| | ဘင် | ၂၀၄ | ၁၇ | ၄၅ | ၂၆၅ | ၅၃၁ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၂၀၄ | ၁၇ | ၄၆ | ၂၆၆ | ၅၃၃ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၄၇ | ၂၆၇ | ၅၃၅ |
| | ဘင် | ၂၀၄ | ၁၇ | ၄၈ | ၂၆၈ | ၅၃၇ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၄၉ | ၂၆၉ | ၅၃၉ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၅၀ | ၂၇၀ | ၅၄၁ |
| | ဘင် | ၂၀၄ | ၁၇ | ၅၁[၁] | ၂၇၁ | ၅၄၃ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၅၁[၂] | ၂၇၂[၃] | ၅၄၄ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၅၁ | ၂၇၂[၄] | ၅၄၄ |
| | ဘင် | ၂၀၄ | ၁၇ | ၅၁ | ၂၇၂ | ၅၄၄ |

## အာဟာရဇကလာပ်အဆက်ဆက်ဖြစ်ပုံ

အဇ္ဈတ္တာဟာရ ဗဟိဒ္ဓါဟာရ နှစ်ပါးတွင် **ကမ္မဇကလာပ်**၌ ပါသော သြဇာဟူသော အဇ္ဈတ္တာဟာရသည် အစားအသောက်မှ ရသော သြဇာဟူသော ဗာဟိရာဟာရ အထောက်အပံ့ကို ရသဖြင့် ဌီသို့ရောက်သောအခါ အာဟာရဇကလာပ်ကို ဖြစ်စေသည်။ ထိုပထမအာဟာရဇကလာပ်၌ ပါသော သြဇာသည်လည်း နောက်ထပ် ကလာပ်ကို ဖြစ်စေပြန်သည်။ ဤသို့ လေး,ငါးဆက် ဖြစ်စေနိုင်သည်။

**ဗဟိဒ္ဓါဟာရ**သည် အဇ္ဈတ္တာဟာရဟူသော အမှီအကြောင်းကို ရသဖြင့် ဌီသို့ရောက်သောအခါ တခုသော အာဟာရဇကလာပ်ကို ဖြစ်စေ၏။ ထိုပထမအာဟာရဇကလာပ်၌ ပါသော သြဇာသည်လည်း နောက်ထပ် ကလာပ်ကို ဖြစ်စေပြန်သည်။ ဤသို့ ဆယ်ဆက်, ဆယ့်နှစ်ဆက် ဖြစ်စေနိုင်သည်။ ထိုမှျမက တကြိမ်စားအပ်သော အစာသည် ၇–ရက်တိုင်အောင်ပင် ထောက်ပံ့ကြောင်း, တကြိမ်စားအပ်သော နတ်တို့၏ အစာသည် တလ နှစ်လတိုင်အောင်ပင် ထောက်ပံ့ကြောင်း အဋ္ဌကထာကျမ်းများ၌ ဆိုသည်။

**စိတ္တဇကလာပ်**၌ ပါသော သြဇာသည် ဤသို့ နှစ်ဆက် သုံးဆက် ဖြစ်စေသည်။

**ဥတုဇကလာက်**၌ ပါသော သြဇာသည် ဤသို့ ဆယ်ဆက်, ဆယ့်နှစ်ဆက် ဖြစ်စေနိုင်သည်။

---

၁ ပထမဆုံးဖြစ်သည့် အာဟာရဇကလာပ်၏ ဘင်ကာလ

၂ ပထမဆုံးဖြစ်သည့် အာဟာရဇကလာပ်သည် ပျက်ပြီးဖြစ်၍ ၁ခုနှုတ်၊ အသစ်ဖြစ်သော ကလာပ် တခုပေါင်း

၃ ပထမဆုံးဖြစ်သည့် အာဟာရဇကလာပ်ရှိ ဥတုကထုတ်ပေးသည် ဥတုဇကလာပ်၏ ဘင်ကာလ

၄ ပထမဆုံးအာဟာရဇကလာပ်ရှိ ဥတုကထုတ်ပေးသည့် ဥတုဇကလာပ်ပျက်ပြီးဖြစ်၍ ၁ခုနှုတ်၊ အသစ် ၁–ခုပေါင်း

♠ အဋ္ဌကထာ, မူလဋီကာတို့ အလိုအားဖြင့် စက္ခု သောတ ဃာန ဇိဝှါ ဟူသော ကမ္မဇကလာပ် ၄ စည်းသည် ကောဒသမသတ္တာဟ(၁၁–ပတ်မြောက်)၌ **မရေးမနှောင်းဖြစ်ကြ၏။ တပြိုင်နက် တခဏတည်း၌ မည်သည့်နည်းနှင့်မျှ ဖြစ်ခွင့်မရှိ**။ သို့ရာတွင် မှတ်သား၍ လွယ်ကူစေခြင်းငှါ စိတ်၏ဥပါဒ်ခဏ၌ တပြိုင်နက် ဖြစ်သည်ဟု ယူကြစို့၊ ကမ္မဇကလာပ်တိုးလျှင် ကမ္မပစ္စယဥတုဇကလာပ်လည်း ဌီခဏ၌ တိုးသည်ဟု အမြဲမှတ်။ ထို့ကြောင့် စ၍ ဖြစ်ရာ စိတ်၏ ဥပါဒ်ခဏ၌ ရေးရှိသော ကမ္မဇကလာပ် ၂၀၄ စည်းတွင် နောက်ထပ် ၄ စည်းတိုး၍ ၂၀၈ စည်း၊ ဥတုဇကလာပ်ကား ၂၇၂ စည်းပင် ရှိသေး၏။ ဌီခဏ၌ ကမ္မဇကလာပ် ၂၁၂ စည်း ဥတုဇကလာပ် ၂၇၆ စည်း၊ ဘင်ခဏ၌ ကမ္မဇကလာပ် ၂၁၆ စည်း ဥတုဇကလာပ် ၂၈၀ စည်း၊ ဤသို့လျှင် ခဏငယ် ၅၁ ချက် စေ့အောင် ၄ စည်းစီ တိုးပွားလေရာ ခဏငယ် ၅၁ ချက် စေ့သည့်အခါ ကမ္မဇကလာပ် ၄၀၈ စည်းရှိ၍ ထို့နောက် ခဏ၌ ဥတုဇကလာပ် ၄၇၆ စည်း ရှိ၏။ ဖြစ်ဆဲ ချုပ်ဆဲ တည်ဆဲ ကလာပ်များကိုလည်း နည်းမှီ၍ သိလောက်ပြီ။ ထိုမှနောက်၌ စတုဇကလာပ်တို့ **ပဋိသန္ဓိဝိညာဏဝီထိနှင့် နိရောဓ သမာပတ် ဝင်စားသည့်အခါ မဟုတ်သမျှ အတိုးအဆုတ်မရှိ**ကြောင်းကို ဝီထိပုံကြည့်၍ သိပါလေ။

## စက္ခာဒိစတုက္ကကလာပ် စ၍ ဖြစ်သည့်အခါ ဝီထိပုံ

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၂၀၈ | ၁၇ | ၅၁ | ၂၇၂ | ၅၄၈ |
| စိတ် | ဌီ | ၂၁၂ | ၁၇ | ၅၁ | ၂၇၆ | ၅၅၆ |
| | ဘင် | ၂၁၆ | ၁၇ | ၅၁ | ၂၈၀ | ၅၆၄ |
| | ဥပါဒ် | ၂၂၀ | ၁၇ | ၅၁ | ၂၈၄ | ၅၇၂ |
| စိတ် | ဌီ | ၂၂၄ | ၁၇ | ၅၁ | ၂၈၈ | ၅၈၀ |
| | ဘင် | ၂၂၈ | ၁၇ | ၅၁ | ၂၉၂ | ၅၈၈ |
| | ဥပါဒ် | ၂၃၂ | ၁၇ | ၅၁ | ၂၉၆ | ၅၉၆ |
| စိတ် | ဌီ | ၂၃၆ | ၁၇ | ၅၁ | ၃၀၀ | ၆၀၄ |
| | ဘင် | ၂၄၀ | ၁၇ | ၅၁ | ၃၀၄ | ၆၁၂ |

---

၁။ ကမ္မဇကလာပ်ကော်လံတွင် စက္ခု သောတ ဃာန ဇိဝှါတို့ ခဏတိုင်း ဖြစ်ကြ၍ ၄ ခု ၄ ခု တိုးသည်။

၂။ ဥတုဇကလာပ်ကော်လံတွင်လည်း စက္ခုစသည်တို့၏ ဌီခဏ၌ ဥတုဇရုပ်တို့ ဖြစ်၍ ၄ ခု ၄ ခု တိုးသည်။

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၂၄၄ | ၁၇ | ၅၁ | ၃၀၈ | ၆၂၀ |
| စိတ် | ဌီ | ၂၄၈ | ၁၇ | ၅၁ | ၃၁၂ | ၆၂၈ |
| | ဘင် | ၂၅၂ | ၁၇ | ၅၁ | ၃၁၆ | ၆၃၆ |
| | ဥပါဒ် | ၂၅၆ | ၁၇ | ၅၁ | ၃၂၀ | ၆၄၄ |
| စိတ် | ဌီ | ၂၆၀ | ၁၇ | ၅၁ | ၃၂၄ | ၆၅၂ |
| | ဘင် | ၂၆၄ | ၁၇ | ၅၁ | ၃၂၈ | ၆၆၀ |
| | ဥပါဒ် | ၂၆၈ | ၁၇ | ၅၁ | ၃၃၂ | ၆၆၈ |
| စိတ် | ဌီ | ၂၇၂ | ၁၇ | ၅၁ | ၃၃၆ | ၆၇၆ |
| | ဘင် | ၂၇၆ | ၁၇ | ၅၁ | ၃၄၀ | ၆၈၄ |
| | ဥပါဒ် | ၂၈၀ | ၁၇ | ၅၁ | ၃၄၄ | ၆၉၂ |
| စိတ် | ဌီ | ၂၈၄ | ၁၇ | ၅၁ | ၃၄၈ | ၇၀၀ |
| | ဘင် | ၂၈၈ | ၁၇ | ၅၁ | ၃၅၂ | ၇၀၈ |
| | ဥပါဒ် | ၂၉၂ | ၁၇ | ၅၁ | ၃၅၆ | ၇၁၆ |
| စိတ် | ဌီ | ၂၉၆ | ၁၇ | ၅၁ | ၃၆၀ | ၇၂၄ |
| | ဘင် | ၃၀၀ | ၁၇ | ၅၁ | ၃၆၄ | ၇၃၂ |
| | ဥပါဒ် | ၃၀၄ | ၁၇ | ၅၁ | ၃၆၈ | ၇၄၀ |
| စိတ် | ဌီ | ၃၀၈ | ၁၇ | ၅၁ | ၃၇၂ | ၇၄၈ |
| | ဘင် | ၃၁၂ | ၁၇ | ၅၁ | ၃၇၆ | ၇၅၆ |
| | ဥပါဒ် | ၃၁၆ | ၁၇ | ၅၁ | ၃၈၀ | ၇၆၄ |
| စိတ် | ဌီ | ၃၂၀ | ၁၇ | ၅၁ | ၃၈၄ | ၇၇၂ |
| | ဘင် | ၃၂၄ | ၁၇ | ၅၁ | ၃၈၈ | ၇၈၀ |

| **စိတ်** | **ခဏ** | **ကမ္မဇ** | **စိတ္တဇ** | **အာဟာရဇ** | **ဥတုဇ** | **ကလာပ်ပေါင်း** |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၃၂၈ | ၁၇ | ၅၁ | ၃၉၂ | ၇၈၈ |
| စိတ် | ဌီ | ၃၃၂ | ၁၇ | ၅၁ | ၃၉၆ | ၇၉၆ |
| | ဘင် | ၃၃၆ | ၁၇ | ၅၁ | ၄၀၀ | ၈၀၄ |
| | ဥပါဒ် | ၃၄၀ | ၁၇ | ၅၁ | ၄၀၄ | ၈၁၂ |
| စိတ် | ဌီ | ၃၄၄ | ၁၇ | ၅၁ | ၄၀၈ | ၈၂၀ |
| | ဘင် | ၃၄၈ | ၁၇ | ၅၁ | ၄၁၂ | ၈၂၈ |
| | ဥပါဒ် | ၃၅၂ | ၁၇ | ၅၁ | ၄၁၆ | ၈၃၆ |
| စိတ် | ဌီ | ၃၅၆ | ၁၇ | ၅၁ | ၄၂၀ | ၈၄၄ |
| | ဘင် | ၃၆၀ | ၁၇ | ၅၁ | ၄၂၄ | ၈၅၂ |
| | ဥပါဒ် | ၃၆၄ | ၁၇ | ၅၁ | ၄၂၈ | ၈၆၀ |
| စိတ် | ဌီ | ၃၆၈ | ၁၇ | ၅၁ | ၄၃၂ | ၈၆၈ |
| | ဘင် | ၃၇၂ | ၁၇ | ၅၁ | ၄၃၆ | ၈၇၆ |
| | ဥပါဒ် | ၃၇၆ | ၁၇ | ၅၁ | ၄၄၀ | ၈၈၄ |
| စိတ် | ဌီ | ၃၈၀ | ၁၇ | ၅၁ | ၄၄၄ | ၈၉၂ |
| | ဘင် | ၃၈၄ | ၁၇ | ၅၁ | ၄၄၈ | ၉၀၀ |
| | ဥပါဒ် | ၃၈၈ | ၁၇ | ၅၁ | ၄၅၂ | ၉၀၈ |
| စိတ် | ဌီ | ၃၉၂ | ၁၇ | ၅၁ | ၄၅၆ | ၉၁၆ |
| | ဘင် | ၃၉၆ | ၁၇ | ၅၁ | ၄၆၀ | ၉၂၄ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၀ | ၁၇ | ၅၁ | ၄၆၄ | ၉၃၂ |
| စိတ် | ဌီ | ၄၀၄ | ၁၇ | ၅၁ | ၄၆၈ | ၉၄၀ |
| | ဘင် | ၄၀၈[၁] | ၁၇ | ၅၁ | ၄၇၂ | ၉၄၈ |
| | ဥပါဒ် | ၄၀၈[၂] | ၁၇ | ၅၁ | ၄၇၆[၃] | ၉၅၂ |
| စိတ် | ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆[၄] | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| စိတ် | ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |

---

၁ ပထမဆုံးဖြစ်သည့် စက္ခု သောတ ဃာန ဇီဝှါကလာပ်တို့၏ ဘင်ကာလ

၂ ပထမဆုံးဖြစ်သည့် စက္ခု သောတ ဃာန ဇီဝှါကလာပ်တို့ ပျက်ပြီးဖြစ်၍ ၄–ခုနှုတ်၊ အသစ် ၄–ခုပေါင်း

၃ ပထမဆုံးဖြစ်သည့် စက္ခု,သောတ,ဃာန,ဇီဝှါကလာပ်တို့ရှိ ဥတုကထုတ်ပေးသည့် ဥတုဇကလာပ် ၄–စည်း၏ ဘင်ကာလ

၄ ပထမဆုံးဖြစ်သည့် စက္ခု,သောတ,ဃာန,ဇီဝှါကလာပ်တို့ရှိ ဥတုကထုတ်ပေးသည့် ဥတုဇကလာပ် ၄–စည်းသည် ပျက်ပြီးဖြစ်၍ ၄–ခုနှုတ်၊ အသစ်၄–ခုပေါင်း

♠ ပဋ္ဌဝိညာဏ်တို့သည် ရုပ်ကို မဖြစ်စေနိုင်သောကြောင့် ပဋ္ဌဝိညာဏ်ဥပါဒ်ခိုက်၌ စိတ္တဇကလာပ် ၁၆ စည်းသာ ရ၏။ ထိုတွင် တည်ဆဲ ၁၅ စည်း, ချုပ်ဆဲ ၁ စည်းသာ ဖြစ်သောကြောင့် ပဋ္ဌဝိညာဏ် ဥပါဒ်မှ စ၍ ၁၇ ချက်မြောက်စိတ်၏ ဘင်တိုင်အောင် စိတ္တဇကလာပ် ၁၆ စည်းသာ ရ၏။ ၁၇ ချက်မြောက် စိတ်၏ ဘင်ခဏ၌ကား ချုပ်ဆဲမရှိ ၁၆ စည်းလုံး တည်ဆဲသာဖြစ်၍ ၁၈ ချက်မြောက်စိတ် ဥပါဒ်သည့်အခါ စိတ္တဇကလာပ် ၁ စည်း တိုးပြန်သောကြောင့် ၁၇ စည်း ဖြစ်မြဲ ဖြစ်ပြန်၏။ ထိုမှ နောက်၌ အတိုးအဆုတ် မရှိသေး။

## ပဋ္ဌဝိညာဏဝီထိ ဖြစ်သည့်အခါ ဝီထိပုံ

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| တီ | ဋ္ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| န | ဋ္ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| ဒ | ဋ္ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| ပ | ဋ္ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဥပါဒ် | ၄၀၈ | ၁၆[၁] | ၅၁ | ၄၇၆ | ၉၅၁ |
| ဝိ | ဋ္ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |

---

၁ ပဋ္ဌဝိညာဏ်သည် စိတ္တဇရုပ် ထုတ်မပေးနိုင်၍ ၁ ခု လျော့သည်။

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| သံ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| တိ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဝု | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဇ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဇ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဇ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဇ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဇ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဇ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဇ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| တ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| တ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဘ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဘ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဘ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဘ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆[၁] | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၇[၂] | ၅၁ | ၄၇၅ | ၉၅၁ |
| ဘ | ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆[၃] | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| ဘ | ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |

တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ ဘ

စ — ၁၆–စည်း ဖြစ်ဆဲမရှိ

ဘ — ၁၆–စည်း ပျက်ဆဲမရှိ

ဘ — ၁၇–စည်း ဖြစ်ဆဲ–၁ ပျက်ဆဲ–၁

---

၁ ဤခဏ၌ ပျက်ဆဲမရှိ။။ ပဉ္စဝိညာဏ် ဥပါဒ်ခိုက်၌ ရုပ်ကလာပ်မဖြစ်၍ ဤခဏ၌ ၁၇–ချက်ပြည့်သော ရုပ်ကလာပ်မရှိသဖြင့် ပျက်ဆဲမရှိ။ သမ္ပဋိစ္ဆိုန်း အခိုက်ဖြစ်သော ရုပ်ကလပ်သည် ၁၆–ချက်သာ ရှိသေး၏။

၂ စိတ္တဇကလာပ် ၁ စည်း ထပ်တိုးသည်။

၃ ဥတုဇကလာပ် ၁ စည်း ထပ်တိုးသည်။

♠ နိရောဓသမာပတ္တိအခါ စိတ်မရှိသောကြောင့် နေဝသညာနာသညာယတနဇော၏ ဘင်ခဏ၌ စိတ္တဇကလာပ် ၁၇ စည်းရှိ၏။ ထို့နောက် ခဏငယ် ၃ ချက်ခန့် အကြာအကြာဝယ် စိတ္တဇကလာပ် တစည်းစီ လျော့သောကြောင့် နေဝသညာနာသညာယတနဇောနောင် စိတ္တက္ခဏ ၁၆ ချက်ခန့် ကြာသည့်အခါ စိတ္တဇကလာပ်အားလုံး ချုပ်ဆုံးလေ၏။ သမာပတ်မှထသည့်အခါ အနာဂါမိဖိုလ် (သို့မဟုတ်) အရဟတ္တဖိုလ် ဇော၏ ဥပါဒ်မှစ၍ တစည်းတစည်း ဖြစ်ပြန်ရာ စိတ္တက္ခဏ ၁၇ ချက်ခန့်ကြာလျှင် စိတ္တဇကလာပ်ပေါင်း ၁၇ စည်း ဖြစ်မြဲဖြစ်ပြန်၏။ ဥတုဇကလာပ်တို့မှာ စိတ္တဇကလာပ်၏ အတိုးအဆုတ်အတိုင်း တိုးကြဆုတ်ကြ လေသည်။ ကမ္မဇကလာပ်တို့ကား မရဏာသန္နအခါသို့ မရောက်သမျှ အတိုးအဆုတ် မရှိကြတော့ပြီ။

## နိရောဓသမာပတ်ဝင်စားသည့်အခါ ဝီထိပုံ

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| ရုပ် | ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| ရုပ် | ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | | ၄၀၈ | ၁၆[1] | ၅၁ | ၄၇၆ | ၉၅၁ |
| --- | | ၄၀၈ | ၁၆ | ၅၁ | ၄၇၅[2] | ၉၅၀ |
| | | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |

၁ စိတ်မရှိက စိတ္တဇကလာပ် အသစ် မဖြစ်၍ တခု တခု လျော့မည်။

၂ စိတ္တဇကလာပ်မဖြစ်၍ စိတ္တဇကလာပ်တွင်ပါသည့် တေဇော,ကလည်း ဥတုဇရုပ်ကလာပ် မထုတ်သဖြင့် တခု လျော့သည်။

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | | ၄၀၈ | ၁၅ | ၅၁ | ၄၇၅ | ၉၄၉ |
| --- | | ၄၀၈ | ၁၅ | ၅၁ | ၄၇၄ | ၉၄၈ |
| | | ၄၀၈ | ၁၅ | ၅၁ | ၄၇၄ | ၉၄၈ |
| | | ၄၀၈ | ၁၄ | ၅၁ | ၄၇၄ | ၉၄၇ |
| --- | | ၄၀၈ | ၁၄ | ၅၁ | ၄၇၃ | ၉၄၆ |
| | | ၄၀၈ | ၁၄ | ၅၁ | ၄၇၃ | ၉၄၆ |
| | | ၄၀၈ | ၁၃ | ၅၁ | ၄၇၃ | ၉၄၅ |
| --- | | ၄၀၈ | ၁၃ | ၅၁ | ၄၇၂ | ၉၄၄ |
| | | ၄၀၈ | ၁၃ | ၅၁ | ၄၇၂ | ၉၄၄ |
| | | ၄၀၈ | ၁၂ | ၅၁ | ၄၇၂ | ၉၄၃ |
| --- | | ၄၀၈ | ၁၂ | ၅၁ | ၄၇၁ | ၉၄၂ |
| | | ၄၀၈ | ၁၂ | ၅၁ | ၄၇၁ | ၉၄၂ |
| | | ၄၀၈ | ၁၁ | ၅၁ | ၄၇၁ | ၉၄၁ |
| --- | | ၄၀၈ | ၁၁ | ၅၁ | ၄၇၀ | ၉၄၀ |
| | | ၄၀၈ | ၁၁ | ၅၁ | ၄၇၀ | ၉၄၀ |
| | | ၄၀၈ | ၁၀ | ၅၁ | ၄၇၀ | ၉၃၉ |
| --- | | ၄၀၈ | ၁၀ | ၅၁ | ၄၆၉ | ၉၃၈ |
| | | ၄၀၈ | ၁၀ | ၅၁ | ၄၆၉ | ၉၃၈ |
| | | ၄၀၈ | ၉ | ၅၁ | ၄၆၉ | ၉၃၇ |
| --- | | ၄၀၈ | ၉ | ၅၁ | ၄၆၈ | ၉၃၆ |
| | | ၄၀၈ | ၉ | ၅၁ | ၄၆၈ | ၉၃၆ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | | ၄၀၈ | ၈ | ၅၁ | ၄၆၈ | ၉၃၅ |
| --- | | ၄၀၈ | ၈ | ၅၁ | ၄၆၇ | ၉၃၄ |
| | | ၄၀၈ | ၈ | ၅၁ | ၄၆၇ | ၉၃၄ |
| | | ၄၀၈ | ၇ | ၅၁ | ၄၆၇ | ၉၃၃ |
| --- | | ၄၀၈ | ၇ | ၅၁ | ၄၆၆ | ၉၃၂ |
| | | ၄၀၈ | ၇ | ၅၁ | ၄၆၆ | ၉၃၂ |
| | | ၄၀၈ | ၆ | ၅၁ | ၄၆၆ | ၉၃၁ |
| --- | | ၄၀၈ | ၆ | ၅၁ | ၄၆၅ | ၉၃၀ |
| | | ၄၀၈ | ၆ | ၅၁ | ၄၆၅ | ၉၃၀ |
| | | ၄၀၈ | ၅ | ၅၁ | ၄၆၅ | ၉၂၉ |
| --- | | ၄၀၈ | ၅ | ၅၁ | ၄၆၄ | ၉၂၈ |
| | | ၄၀၈ | ၅ | ၅၁ | ၄၆၄ | ၉၂၈ |
| | | ၄၀၈ | ၄ | ၅၁ | ၄၆၄ | ၉၂၇ |
| --- | | ၄၀၈ | ၄ | ၅၁ | ၄၆၃ | ၉၂၆ |
| | | ၄၀၈ | ၄ | ၅၁ | ၄၆၃ | ၉၂၆ |
| | | ၄၀၈ | ၃ | ၅၁ | ၄၆၃ | ၉၂၅ |
| --- | | ၄၀၈ | ၃ | ၅၁ | ၄၆၂ | ၉၂၄ |
| | | ၄၀၈ | ၃ | ၅၁ | ၄၆၂ | ၉၂၄ |
| | | ၄၀၈ | ၂ | ၅၁ | ၄၆၂ | ၉၂၃ |
| --- | | ၄၀၈ | ၂ | ၅၁ | ၄၆၁ | ၉၂၂ |
| | | ၄၀၈ | ၂ | ၅၁ | ၄၆၁ | ၉၂၂ |

| | | | | | |
|---|---|---|---|---|---|
| | ၄၀၈ | ၁ | ၅၁ | ၄၆၁ | ၉၂၁ |
| --- | ၄၀၈ | ၁ | ၅၁ | ၄၆၀ | ၉၂၀ |
| | ၄၀၈ | ၁ | ၅၁ | ၄၆၀ | ၉၂၀ |
| | | | | | |
| | ၄၀၈ | ၀ | ၅၁ | ၄၆၀ | ၉၁၉ |
| --- | **၄၀၈**[၁] | **၀** | **၅၁** | **၄၅၉** | **၉၁၈** |
| | ၄၀၈ | ၀ | ၅၁ | ၄၅၉ | ၉၁၈ |
| | | | | | |
| | ၄၀၈ | ၀ | ၅၁ | ၄၅၉ | ၉၁၈ |
| --- | ၄၀၈ | ၀ | ၅၁ | ၄၅၉ | ၉၁၈ |
| | ၄၀၈ | ၀ | ၅၁ | ၄၅၉ | ၉၁၈ |
| | | | | | |
| | ၄၀၈ | ၀ | ၅၁ | ၄၅၉ | ၉၁၈ |
| --- | ၄၀၈ | ၀ | ၅၁ | ၄၅၉ | ၉၁၈ |
| | ၄၀၈ | ၀ | ၅၁ | ၄၅၉ | ၉၁၈ |
| | | | | | |
| | ၄၀၈ | ၀ | ၅၁ | ၄၅၉ | ၉၁၈ |
| --- | ၄၀၈ | ၀ | ၅၁ | ၄၅၉ | ၉၁၈ |
| | ၄၀၈ | ၀ | ၅၁ | ၄၅၉ | ၉၁၈ |
| | | | | | |
| | ၄၀၈ | ၀ | ၅၁ | ၄၅၉ | ၉၁၈ |
| --- | ၄၀၈ | ၀ | ၅၁ | ၄၅၉ | ၉၁၈ |
| | ၄၀၈ | ၀ | ၅၁ | ၄၅၉ | ၉၁၈ |

၁ ဤအချိန်(ခဏ)မှ စ၍ ဤခန္ဓာ၌ စိတ်မပေါ်သမျှ ကမ္မဇကလာပ် ၄၀၈ စည်း, အာဟာရဇကလာပ် ၅၁ စည်း, ဥတုဇကလာပ် ၄၅၉ စည်း, အဖြစ်ကလာပ်စည်းနှင့် အပျက်ကလာပ်စည်း အရေအတွက် တူနေ၍ သင်္ချာအရ အတိုးအဆုတ်မရှိ တပုံစံတည်း ဖြစ်လေသည်။

# နိရောဓသမာပတ်ထသည့်အခါ ဝီထိပုံ

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁[1] | ၅၁ | ၄၅၉ | ၉၁၉ |
| ဖ | ဌီ | ၄၀၈ | ၁ | ၅၁ | ၄၆၀[2] | ၉၂၀ |
| | ဘင် | ၄၀၈ | ၁ | ၅၁ | ၄၆၀ | ၉၂၀ |
| | ဥပါဒ် | ၄၀၈ | ၂ | ၅၁ | ၄၆၀ | ၉၂၁ |
| ဘ | ဌီ | ၄၀၈ | ၂ | ၅၁ | ၄၆၁ | ၉၂၂ |
| | ဘင် | ၄၀၈ | ၂ | ၅၁ | ၄၆၁ | ၉၂၂ |
| | ဥပါဒ် | ၄၀၈ | ၃ | ၅၁ | ၄၆၁ | ၉၂၃ |
| ဘ | ဌီ | ၄၀၈ | ၃ | ၅၁ | ၄၆၂ | ၉၂၄ |
| | ဘင် | ၄၀၈ | ၃ | ၅၁ | ၄၆၂ | ၉၂၄ |
| | ဥပါဒ် | ၄၀၈ | ၄ | ၅၁ | ၄၆၂ | ၉၂၅ |
| ဘ | ဌီ | ၄၀၈ | ၄ | ၅၁ | ၄၆၃ | ၉၂၆ |
| | ဘင် | ၄၀၈ | ၄ | ၅၁ | ၄၆၃ | ၉၂၆ |
| | ဥပါဒ် | ၄၀၈ | ၅ | ၅၁ | ၄၆၃ | ၉၂၇ |
| ဘ | ဌီ | ၄၀၈ | ၅ | ၅၁ | ၄၆၄ | ၉၂၈ |
| | ဘင် | ၄၀၈ | ၅ | ၅၁ | ၄၆၄ | ၉၂၈ |

---

၁ စိတ္တဇရုပ် ပြန်ဖြစ်၍ တခု တိုးသည်။

၂ စိတ္တဇကလာပ်တွင်ပါသော ဥတုက ဥတုဇကလာပ်စည်းကို ထုတ်ပေး၍ တခု တိုးသည်။

| | | | | | | |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၆ | ၅၁ | ၄၆၄ | ၉၂၉ |
| ဘ | ဠီ | ၄၀၈ | ၆ | ၅၁ | ၄၆၅ | ၉၃၀ |
| | ဘင် | ၄၀၈ | ၆ | ၅၁ | ၄၆၅ | ၉၃၀ |
| | ဥပါဒ် | ၄၀၈ | ၇ | ၅၁ | ၄၆၅ | ၉၃၁ |
| ဘ | ဠီ | ၄၀၈ | ၇ | ၅၁ | ၄၆၆ | ၉၃၂ |
| | ဘင် | ၄၀၈ | ၇ | ၅၁ | ၄၆၆ | ၉၃၂ |
| | ဥပါဒ် | ၄၀၈ | ၈ | ၅၁ | ၄၆၆ | ၉၃၃ |
| ဘ | ဠီ | ၄၀၈ | ၈ | ၅၁ | ၄၆၇ | ၉၃၄ |
| | ဘင် | ၄၀၈ | ၈ | ၅၁ | ၄၆၇ | ၉၃၄ |
| | ဥပါဒ် | ၄၀၈ | ၉ | ၅၁ | ၄၆၇ | ၉၃၅ |
| ဘ | ဠီ | ၄၀၈ | ၉ | ၅၁ | ၄၆၈ | ၉၃၆ |
| | ဘင် | ၄၀၈ | ၉ | ၅၁ | ၄၆၈ | ၉၃၆ |
| | ဥပါဒ် | ၄၀၈ | ၁၀ | ၅၁ | ၄၆၈ | ၉၃၇ |
| ဘ | ဠီ | ၄၀၈ | ၁၀ | ၅၁ | ၄၆၉ | ၉၃၈ |
| | ဘင် | ၄၀၈ | ၁၀ | ၅၁ | ၄၆၉ | ၉၃၈ |
| | ဥပါဒ် | ၄၀၈ | ၁၁ | ၅၁ | ၄၆၉ | ၉၃၉ |
| ဘ | ဠီ | ၄၀၈ | ၁၁ | ၅၁ | ၄၇၀ | ၉၄၀ |
| | ဘင် | ၄၀၈ | ၁၁ | ၅၁ | ၄၇၀ | ၉၄၀ |
| | ဥပါဒ် | ၄၀၈ | ၁၂ | ၅၁ | ၄၇၀ | ၉၄၁ |
| ဘ | ဠီ | ၄၀၈ | ၁၂ | ၅၁ | ၄၇၁ | ၉၄၂ |
| | ဘင် | ၄၀၈ | ၁၂ | ၅၁ | ၄၇၁ | ၉၄၂ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁၃ | ၅၁ | ၄၇၁ | ၉၄၃ |
| ဘ | ဌီ | ၄၀၈ | ၁၃ | ၅၁ | ၄၇၂ | ၉၄၄ |
| | ဘင် | ၄၀၈ | ၁၃ | ၅၁ | ၄၇၂ | ၉၄၄ |
| | ဥပါဒ် | ၄၀၈ | ၁၄ | ၅၁ | ၄၇၂ | ၉၄၅ |
| ဘ | ဌီ | ၄၀၈ | ၁၄ | ၅၁ | ၄၇၃ | ၉၄၆ |
| | ဘင် | ၄၀၈ | ၁၄ | ၅၁ | ၄၇၃ | ၉၄၆ |
| | ဥပါဒ် | ၄၀၈ | ၁၅ | ၅၁ | ၄၇၃ | ၉၄၇ |
| ဘ | ဌီ | ၄၀၈ | ၁၅ | ၅၁ | ၄၇၄ | ၉၄၈ |
| | ဘင် | ၄၀၈ | ၁၅ | ၅၁ | ၄၇၄ | ၉၄၈ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၄ | ၉၄၉ |
| ဘ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၅ | ၉၅၁ |
| ဘ | ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| ဘ | ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |

♠ ဤပြခဲ့ပြီးသော ကမ္မဇရုပ်အစဉ် စိတ္တဇရုပ်အစဉ် အာဟာရဇရုပ်အစဉ် ဥတုဇရုပ်အစဉ်ကို ရည်ရွယ်၍ "အကြောင်း လေးပါးကြောင့် ဖြစ်သော ရုပ်တို့သည် အသက်ရှည်သမျှကာလပတ်လုံး မီးလျှံကဲ့သို့လည်းကောင်း, ရေအယဉ်ကဲ့သို့လည်းကောင်း မပြတ်မစဲ ဖြစ်၏"ဟု ဆိုသည်။ ဤအကြောင်းလေးပါးကြောင့်ဖြစ်သော ရုပ်ကလာပ်အစဉ်ကိုပင် **"ကိုယ်"** ဟု ခေါ်၍, ထိုရုပ်ကလာပ်အစဉ်၌ အနုသယဓာတ်တို့ ကိန်းဝပ်လျက်ရှိသော ကြောင့် ဆိုင်ရာအာရုံနှင့် တွေ့ကြုံသည့်အခါ ထိုကိလေသာ အနုသယဓာတ်တို့မှ ထကြွသောင်းကြမ်းလျက် မကောင်းလှသော အကုသိုလ်တွေ စုဆောင်းတည်ထောင်နေစဉ်ပင် ယခင်ရုပ်ကလာပ်တို့ ချုပ်ပြတ်ဘို့ အချိန် ရောက်သည့်အခါ "စုတိစိတ်မှ အထက် ၁၇ ချက်မြောက်၏ ဌီခဏလောက်ကစ၍ ကမ္မဇရုပ်သစ်များ မဖြစ် တော့ရကား ချုပ်လေပြီးသော ၈ စည်းအတွက် လျော့၍ လျော့၍ ရေတွက်ရာစုတိစိတ်၏ ဘင်ခဏ၌ ကမ္မဇရုပ်အားလုံး ပြုတ်ပြုတ်ပြိုးလျက် ချုပ်ဆုံးရလေတော့သည်။

ထို့နောက် စိတ္တဇကလာပ်များလည်း စုတိစိတ်နောက် အသစ်မဖြစ်တော့ရကား ချုပ်လေပြီးအတွက် တစည်းတစည်း လျှော့၍ ရေတွက်ရာ စုတိစိတ်နောက် ခဏငယ် ၄၈ ချက်မြောက်၌ စိတ္တဇကလာပ် ပြတ် လေတော့၏။ အာဟာရဇကလာပ်မှာ စုတိစိတ်၏ ဘင်တိုင်အောင် ဖြစ်နိုင်ကြသေးသဖြင့် စုတိစိတ်နောက် ခဏငယ် ၅၀ ခန့်လောက်ကြာမှ ပြတ်လေသည်။ ဥတုဇကလာပ်တို့ကား အလောင်းကောင်အနေသို့ ရောက်ရုံတွင်မက အရိုးဆွေး၍ မြေသားဖြစ်သည့်တိုင်အောင် ဆက်ကာဆက်ကာ ဖြစ်ကြလေသည်။

## မရဏာသန္န(သေခါနီး)အခါ ဝီထိပုံ

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| တီ | ဌီ | ၄၀၀[1] | ၁၇ | ၅၁ | ၄၇၆ | ၉၄၄ |
| | ဘင် | ၃၉၂ | ၁၇ | ၅၁ | ၄၆၈[2] | ၉၂၈ |
| | ဥပါဒ် | ၃၈၄ | ၁၇ | ၅၁ | ၄၆၀ | ၉၁၂ |
| နှ | ဌီ | ၃၇၆ | ၁၇ | ၅၁ | ၄၅၂ | ၈၉၆ |
| | ဘင် | ၃၆၈ | ၁၇ | ၅၁ | ၄၄၄ | ၈၈၀ |

၁ ကမ္မဇကလာပ် အသစ်မဖြစ်တော့၍ ကမ္မဇကလာပ် ကော်လံတွင် ၈ ခု ၈ ခု လျော့သည်။

၂ ကမ္မဇကလာပ်မဖြစ်တော့၍ ကမ္မဇကလာပ်တွင်ပါသော တေဇောဓာတ်က ဥတုဇရုပ်ထုတ်ပေးစရာ အကြောင်းမရှိ၍ ဥတုဇကလာပ် ကော်လံတွင် ၈ ခု ၈ ခု လျော့သည်။

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၃၆၀ | ၁၇ | ၅၁ | ၄၃၆ | ၈၆၄ |
| ဒ | ဌီ | ၃၅၂ | ၁၇ | ၅၁ | ၄၂၈ | ၈၄၈ |
| | ဘင် | ၃၄၄ | ၁၇ | ၅၁ | ၄၂၀ | ၈၃၂ |
| | ဥပါဒ် | ၃၃၆ | ၁၇ | ၅၁ | ၄၁၂ | ၈၁၆ |
| ပ | ဌီ | ၃၂၈ | ၁၇ | ၅၁ | ၄၀၄ | ၈၀၀ |
| | ဘင် | ၃၂၀ | ၁၇ | ၅၁ | ၃၉၆ | ၇၈၄ |
| | ဥပါဒ် | ၃၁၂ | ၁၆[၁] | ၅၁ | ၃၈၈ | ၇၆၇ |
| စ | ဌီ | ၃၀၄ | ၁၆ | ၅၁ | ၃၇၉[၂] | ၇၅၁ |
| | ဘင် | ၂၉၆ | ၁၆ | ၅၁ | ၃၇၁ | ၇၃၄ |
| | ဥပါဒ် | ၂၈၈ | ၁၆ | ၅၁ | ၃၆၃ | ၇၁၈ |
| သံ | ဌီ | ၂၈၀ | ၁၆ | ၅၁ | ၃၅၅ | ၇၀၂ |
| | ဘင် | ၂၇၂ | ၁၆ | ၅၁ | ၃၄၇ | ၆၈၆ |
| | ဥပါဒ် | ၂၆၄ | ၁၆ | ၅၁ | ၃၃၉ | ၆၇၀ |
| တိ | ဌီ | ၂၅၆ | ၁၆ | ၅၁ | ၃၃၁ | ၆၅၄ |
| | ဘင် | ၂၄၈ | ၁၆ | ၅၁ | ၃၂၃ | ၆၃၈ |
| | ဥပါဒ် | ၂၄၀ | ၁၆ | ၅၁ | ၃၁၅ | ၆၂၂ |
| ဝ | ဌီ | ၂၃၂ | ၁၆ | ၅၁ | ၃၀၇ | ၆၀၆ |
| | ဘင် | ၂၂၄ | ၁၆ | ၅၁ | ၂၉၉ | ၅၉၀ |
| | ဥပါဒ် | ၂၁၆ | ၁၆ | ၅၁ | ၂၉၁ | ၅၇၄ |
| ဇ | ဌီ | ၂၀၈ | ၁၆ | ၅၁ | ၂၈၃ | ၅၅၈ |

---

၁ စက္ခုဝိညာဏ်စိတ်သည် စိတ္တဇရုပ်ကို ထုတ်မပေး၍ ၁ ခု လျော့သည်။

၂ ကမ္မဇကလာပ်မှထုတ်သော ဥတုဇကလာပ် ၈–ခုနှင့် စက္ခုဝိညာဏ်ကစိတ္တဇမထုတ်၍ စိတ္တဇဥတုဇကလာပ် ၁–ခု ပေါင်း ၉–ခု နှုတ်

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၁၉၂ | ၁၆ | ၅၁ | ၂၆၇ | ၅၂၆ |
| ဇ | ဌီ | ၁၈၄ | ၁၆ | ၅၁ | ၂၅၉ | ၅၁၀ |
| | ဘင် | ၁၇၆ | ၁၆ | ၅၁ | ၂၅၁ | ၄၈၄ |
| | ဥပါဒ် | ၁၆၈ | ၁၆ | ၅၁ | ၂၄၃ | ၄၇၈ |
| ဇ | ဌီ | ၁၆၀ | ၁၆ | ၅၁ | ၂၃၅ | ၄၆၂ |
| | ဘင် | ၁၅၂ | ၁၆ | ၅၁ | ၂၂၇ | ၄၄၆ |
| | ဥပါဒ် | ၁၄၄ | ၁၆ | ၅၁ | ၂၁၉ | ၄၃၀ |
| ဇ | ဌီ | ၁၃၆ | ၁၆ | ၅၁ | ၂၁၁ | ၄၁၄ |
| | ဘင် | ၁၂၈ | ၁၆ | ၅၁ | ၂၀၃ | ၃၉၈ |
| | ဥပါဒ် | ၁၂၀ | ၁၆ | ၅၁ | ၁၉၅ | ၃၈၂ |
| ဇ | ဌီ | ၁၁၂ | ၁၆ | ၅၁ | ၁၈၇ | ၃၆၆ |
| | ဘင် | ၁၀၄ | ၁၆ | ၅၁ | ၁၇၉ | ၃၅၀ |
| | ဥပါဒ် | ၉၆ | ၁၆ | ၅၁ | ၁၇၁ | ၃၃၄ |
| တ | ဌီ | ၈၈ | ၁၆ | ၅၁ | ၁၆၃ | ၃၁၈ |
| | ဘင် | ၈၀ | ၁၆ | ၅၁ | ၁၅၅ | ၃၀၂ |
| | ဥပါဒ် | ၇၂ | ၁၆ | ၅၁ | ၁၄၇ | ၂၈၆ |
| တ | ဌီ | ၆၄ | ၁၆ | ၅၁ | ၁၃၉ | ၂၇၀ |
| | ဘင် | ၅၆ | ၁၆ | ၅၁ | ၁၃၁ | ၂၅၄ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၈ | ၁၆ | ၅၁ | ၁၂၃ | ၂၃၈ |
| ဘ | ဌီ | ၄၀ | ၁၆ | ၅၁ | ၁၁၅ | ၂၂၂ |
| | ဘင် | ၃၂ | ၁၆ | ၅၁ | ၁၀၇ | ၂၀၆ |
| | ဥပါဒ် | ၂၄ | ၁၆[၁] | ၅၁ | ၉၉ | ၁၉၀ |
| စုတိ | ဌီ | ၁၆ | ၁၆ | ၅၁ | ၉၁ | ၁၇၄ |
| | ဘင် | ၈[၂] | ၁၆ | ၅၁[၃] | ၈၃ | ၁၅၈ |

ရုပ်ဝီထိခေါ်
ရူပကလာပသန္တတိ
ပြီးပြီ

ဝီထိနှင့်သုံးချက်စု ဘာသာဋီကာ
၉၆–၁၂၃

---

၁ ဤခဏ၌ စိတ္တဇကလာပ်စည်း နောက်ဆုံးဖြစ်သည်။

၂ ဤခဏ၌ လက်ကျန် ကမ္မဇကလာပ် ၈ စည်း ချုပ်ပျက်သည်။

၃ ဤခဏ၌ အာဟာရဇကလာပ်စည်း နောက်ဆုံးဖြစ်သည်။

## (င) ဝီထိမုတ်(ဘုံ)ပိုင်း

### ၃၁ ဘုံ အကြောင်း

| အကြောင်း(ကံ) | အကျိုး(ပဋိသန္ဓေစိတ်) | နေရာဌာန(ဘုံ) | |
|---|---|---|---|
| ဥဒ္ဓစ္စသမ္ပယုတ်စိတ်ကြဉ် အကုသိုလ်စိတ်–၁၁ ရှိ စေတနာ | အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်–၁ | ငရဲ(နိရယ)<br>တိရိစ္ဆာန်<br>ပြိတ္တာ<br>အသူရကာယ် | အပါယ် ၄–ဘုံ |
| မဟာကုသိုလ်စိတ် ၈–ပါးရှိ စေတနာ | မဟာဝိပါက်စိတ်–၈<br>ကုသလဝိပါက်<br>ဥပေက္ခာသန္တီရဏစိတ်–၁ | လူ<br>စာတုမဟာရာဇ်<br>တာဝတိံသာ<br>ယာမာ<br>တုသိတာ<br>နိမ္မာနရတီ<br>ပရနိမ္မိတဝသဝတ္တီ | ကာမ သုဂတိ ၇–ဘုံ |
| ပထမဈာန် ကုသိုလ်စိတ်ရှိ စေတနာ[၁] | ပထမဈာန် ဝိပါက်စိတ်–၁ | ဗြဟ္မပါရိသဇ္ဇာ<br>ဗြဟ္မပုရောဟိတာ<br>မဟာဗြဟ္မာ | ပထမ ဈာန် ၃–ဘုံ |
| ဒုတိယ/တတိယဈာန် ကုသိုလ်စိတ်ရှိ စေတနာ | ဒုတိယ/တတိယဈာန် ဝိပါက်စိတ်–၂ | ပရိတ္တာဘာ<br>အပ္ပမာဏာဘာ<br>အာဘဿရာ | ဒုတိယ ဈာန် ၃–ဘုံ |
| စတုတ္ထဈာန် ကုသိုလ်စိတ်ရှိ စေတနာ | စတုတ္ထဈာန် ဝိပါက်စိတ်–၁ | ပရိတ္တသုဘာ<br>အပ္ပမာဏသုဘာ<br>သုဘကိဏှာ | တတိယ ဈာန် ၃–ဘုံ |

၁ ပထမဈာန်သည် အရည်အသွေးညံ့လျှင် ဗြဟ္မာပါရိသဇ္ဇာ ဖြစ်သည်။ အလယ်အလတ် ဖြစ်လျှင် ဗြဟ္မပုရောဟိတာ ဖြစ်သည်။ အကောင်းစားဖြစ်လျှင် မဟာဗြဟ္မာဖြစ်သည်။ အထက်ဘုံ၌လည်း ဤသို့သိပါ။

| အကြောင်း(ကံ) | အကျိုး(ပဋိသန္ဓေစိတ်) | နေရာဌာန(ဘုံ) | |
|---|---|---|---|
| ပဉ္စမစျာန် ကုသိုလ်စိတ်ရှိ စေတနာ | ပဉ္စမစျာန် ဝိပါက်စိတ်–၁ | ဝေဟပ္ဖိုလ် | စတုတ္ထစျာန် ၇–ဘုံ |
| ပဉ္စမစျာန်ကုသိုလ် စိတ်ရှိစေတနာ + သညာဝိရာဂဘာဝနာ (နာမ်တရားကိုစက်ဆုပ်မှု) | အသညသတ် ပဋိသန္ဓေ (ရုပ်သာရှိ) | အသညသတ် | |
| ပဉ္စမစျာန်ကုသိုလ် စိတ်ရှိစေတနာ + အနာဂါမိမဂ် | ပဉ္စမစျာန် ဝိပါက်စိတ်–၁ | အဝိဟာ<br>အတပ္ပာ<br>သုဒဿာ<br>သုဒဿီ<br>အကနိဋ္ဌ | သုဒ္ဓါဝါသ ၅–ဘုံ |
| အာကာသာနဉ္စာယတန ဈာန်ကုသိုလ်ရှိစေတနာ | အာကာသာနဉ္စာယတန ဝိပါက်စိတ်–၁ | အာကာသာနဉ္စာယတန | အရူပ ၄–ဘုံ |
| ဝိညာဏဉ္စာယတန ဈာန်ကုသိုလ်ရှိစေတနာ | ဝိညာဏဉ္စာယတန ဝိပါက်စိတ်–၁ | ဝိညာဏဉ္စာယတန | |
| အာကိဉ္စညာယတန ဈာန်ကုသိုလ်ရှိစေတနာ | အာကိဉ္စညာယတန ဝိပါက်စိတ်–၁ | အာကိဉ္စညာယတန | |
| နေဝသညာနာသညာယတန ဈာန်ကုသိုလ်ရှိစေတနာ | နေဝသညာနာသညာယတန ဝိပါက်စိတ်–၁ | နေဝသညာနာသညာယတန | |

## ဘုံနာမည် စကားလုံးတို့၏ အဓိပ္ပါယ်နှင့် သိမှတ်စရာများ

## အပါယ် ၄ ဘုံ

ကုသိုလ်ကောင်းမှုကင်းသော (ကုသိုလ်ကောင်းမှု ပြုခွင့် များစွာ မရသော) ဘုံကို အပါယ်ဘုံဟု ခေါ်သည်။ (အပ–ကင်း+အယ–ကောင်းမှု)။ ချမ်းသာသုခ ရခွင့်မရှိ၍ ငရဲ (နိရယ)ဟု ခေါ်သည်။ (နိ–ကင်း+အယ–ချမ်းသာ) လူနတ်တို့ကဲ့သို့ မတ်မတ်မသွား, အထက်မရှည်, အလျားလိုက်သွားသော အလျားရှည်သော အခြေ ၄–ချောင်း သားကောင်အပေါင်း, အခြေ ၂–ချောင်း ငှက်အပေါင်း, အခြေမရှိသော ရေနေကုန်းနေ သတ္တဝါတွေကို တိရိစ္ဆာန်ဟု ခေါ်သည်။ (တိရော–အလျားလိုက်+အစ္ဆာန–သွားသည်)။ တိရိစ္ဆာန်ဘုံဟု သီးခြား နေရာမရှိ၊ တိရိစ္ဆာန် တမျိုးတမျိုး၏ ပေါင်းစုနေရာ အရပ်ကိုပင် "တိရိစ္ဆာန်" ဘုံဟု ခေါ်အပ်လေသည်။

အိမ်ကြိုအိမ်ကြား၌ သလိပ် ချွဲ ထမင်းလုံး ဟင်းပေါက်ကောက်၍ စားသောက်ရ, မြစ်ချောင်းကမ်းနား၌ သားငါးရှာ၍ စားရ, တောကြီးတောင်ကြီးများ၌ မီးလောင်နေပူ ဆူပူသတ်ဖြတ်ခံနေရသော တစ္ဆေ မှင်စာ ဘီးလူး သားရဲ သဘက် အစိမ်းစသော အမျိုးမျိုးသော သတ္တဝါတွေကို "ပြိတ္တာ"ဟု ခေါ်၏။ ဘုံလည်း သီးခြားမရှိ။ ပြိတ္တာတို့ နေရာအရပ်ကို ပြိတ္တာဘုံဟု ခေါ်ရလေတော့သည်။

အသုရကာယ်ဟူသည် ပြိတ္တာအကြီးစားပင် ဖြစ်၏။ (အသုရ–အသုရာ+ကာယ–အပေါင်း)။ သမုဒ္ဒရာ ဂင်္ဂါမြစ်ကမ်းစသော အရပ်တို့၌ နေတတ်ကြ၏။ ရေနား၌ နေသော်လည်း ရေမသောက်ရ, ရေထဲသို့ ဆင်းသွားလျှင် ရေတွေပျောက်၍ သဲပူတွေသာ တွေ့ရသည်။ စားဘွယ်ရာမှာ သာ၍ပင် ဝေးသေး၏။ ထိုအသုရာအပေါင်း၏ နေရာကိုပင် "အသူရကာယ်"ဘုံဟု ခေါ်သည်။ ဘုံသီးခြားမရှိ။
(အခြေပြုသင်္ဂြိုဟ် ၂၆၀–၂၆၁)

## ပြိတ္တာ ၁၂–မျိုး

| | |
|---|---|
| ၁။ ဝန္တာသပြိတ္တာ | ၇။ သုနိဇ္ဈာမကပြိတ္တာ |
| ၂။ ကုဏပါသပြိတ္တာ | ၈။ သတ္ထင်္ဂပြိတ္တာ |
| ၃။ ဂူထခါဒကပြိတ္တာ | ၉။ ပဗ္ဗတင်္ဂပြိတ္တာ |
| ၄။ အဂ္ဂိဇာလမုခပြိတ္တာ | ၁၀။ ဝေမာနိကပြိတ္တာ |
| ၅။ သုစိမုခပြိတ္တာ | ၁၁။ အဇဂရင်္ဂပြိတ္တာ |
| ၆။ တဏှဋ္ဋိကပြိတ္တာ | ၁၂။ မဟိဒ္ဓိကပြိတ္တာ |

အလွန်အစာမွတ်သိပ်ခြင်းရှိသည်ဖြစ်၍ သူတပါးစွန့်အပ်သော တံတွေး နှပ် အံဖတ်တို့ကို စားရသော

မြွေကောင်ပုပ် ခွေးကောင်ပုပ် လူကောင်ပုပ်စသည်ကို စားရသော ပြိတ္တာသည် ကုဏပါသပြိတ္တာမည်၏။

လူတို့စွန့်အပ်သော မစင်ကို စားရသော ပြိတ္တာသည် ဂူထခါဒကပြိတ္တာ မည်၏။

တစုံတခုသော အစာကို မစားရပဲ ခံတွင်းမှ မီးလျှံထွက်သော ပြိတ္တာသည် အဂ္ဂိဇာလမုခ ပြိတ္တာမည်၏။

ကိုယ်ကြီးမားလျက် အပ်နဖားမျှလောက် ခံတွင်းရှိသော ပြိတ္တာသည် သုစိမုခပြိတ္တာမည်၏။ ထိုပြိတ္တာတို့သည် တခါတရံ အစာကို တွေ့လတ်သော် ခံတွင်းပေါက် အလွန်ကျဉ်းသောကြောင့် မသွင်းနိုင်ရကား နားပေါက် နှာခေါင်းပေါက်တို့ဖြင့် သွင်းရကုန်၏။ စိုးစဉ်းမျှ သာယာခြင်းကို မရ။ ကာလရှည်စွာ ငတ်မွတ်ကုန်၏။

ရေသိပ်ခြင်းတဏှာဖြင့် လွန်စွာနှိုက်စက်သော ပြိတ္တာသည် တဏှဋ္ဌိကပြိတ္တာ မည်၏။ ထိုပြိတ္တာတို့သည် တရံတဆစ်မျှ ရေမသောက်ရ ရေငတ်လှသောကြောင့် ထုံးအိုင် မြစ် ချောင်းစသည်တို့၌ ရွှေ့ရွှေ့တွားလျက် သွားသဖြင့် အနီးအပါးသို့ ရောက်သော် ပြည်စု သွေးစု ကျင်ကြီးစုတို့သာ ထင်ကုန်၏။

လွန်စွာလောင်မြိုက်ပြီးသော မီးလောင်သစ်ငုတ်နှင့်တူသော ပြိတ္တာသည် သုနိဇ္ဈာမကပြိတ္တာ မည်၏။ ထိုပြိတ္တာသည် အချည်းစီးသောကိုယ် ကြုံလှီပိန်ကပ်လျက် နံရိုးပြိုင်းရရိုင်းထသော ကိုယ်ရှိ၏။ မကောင်းသော ရနံ့လည်းရှိ၏။ ခွင်သောခြေလက် ပြူးပြူးထွက်သော မျက်စိလည်းရှိ၏။ ထမင်းငတ်ခြင်း ရေသိပ်ခြင်းဖြင့် ပြင်းစွာနှိုက်စက်၏။

ဓားလှံ အသွား ငါးမျှားချိတ်နှင့်တူသော လက်သည်းခြေသည်းရှိလျက် မိမိ၏ကိုယ်အသားကို ခွါ၍ စားကာ နေရသောပြိတ္တာသည် သတ္တင်္ဂပြိတ္တာ မည်၏။

တောင်မျှလောက် ကိုယ်ရှိလျက် ဇီးကွက်မျက်နှာကဲ့သို့ ထိပ်မှာမျက်နှာရှိသော ပြိတ္တာသည် ပဗ္ဗတင်္ဂ ပြိတ္တာမည်၏။ ဤပြိတ္တာ၏ကိုယ်သည် နေ့ညပတ်လုံး အခိုးထွက်၍ လောင်၏။

စပါးကြီးမြွေကဲ့သို့ ကိုယ်ရှိသောပြိတ္တာသည် အဇဂရင်္ဂပြိတ္တာမည်၏။ ထိုပြိတ္တာသည် ပြောင်ပြောင် တောက်သော ကိုယ်ဖြင့် ညဉ့်၌ လှည့်လည်၍ နေ့၌ အထူးထူးသော ဒုက္ခကို ခံရ၏။

နေရာဗိမာန်၌ဖြစ်ရသော ပြိတ္တာသည် ဝေမာနိကပြိတ္တာမည်၏။ ထိုပြိတ္တာသည် မိဿကကံကို ပြုခဲ့သောကြောင့် ရံခါ နတ်ကဲ့သို့ စည်းစိမ်ချမ်းသာကို ခံစားရ၏။ ရံခါ ခွေးစားခြင်း ဓားလှံပြတ်ခြင်းစသော ဆင်းရဲကို ခံစားရ၏။

မဟိဒ္ဓိကပြိတ္တာဟူသည်ကား ထိုဝေမာနိကမျိုးတွင် တန်ခိုးကြီးသော မင်းပြု၍ စီရင်သော ပြိတ္တာတည်း။ ထိုပြိတ္တာကား အဆင်းလှသကဲ့သို့ စည်းစိမ်ကြီးသကဲ့သို့ အကယ်၍ထင်၏။ ယင်းသို့ထင်သော်လည်း ဘောဇဉ်ကို စားလိုတိုင်း မစားရ။ ရံဖန်သာ မှီဝဲရ၍ တောင့်တခြင်း အားကြီးလျက်ပင်ရှိ၏။

ပြိတ္တာမျိုးသည် ဤဆယ့်နှစ်ပါးမျှသာ မကသေး။ အပ်သွားကဲ့သို့ အမွေးရှိသော သူစိလောမပြိတ္တာမျိုး, မိကျောင်းရေကဲ့သို့ ကြမ်းတမ်းသော အရေရှိသော ခရလောမပြိတ္တာမျိုး, ဒီဃနခပြိတ္တာမျိုး, ဧကပါဒပြိတ္တာမျိုး, အနေကပါဒပြိတ္တာမျိုး, ဧကဟတ္ထပြိတ္တာမျိုး, အနေကဟတ္ထပြိတ္တာမျိုး, ဧကနေတ္တပြိတ္တာမျိုး, အနေကနေတ္တ ပြိတ္တာမျိုး စသောအားဖြင့် များစွာရှိသေး၏။ ယင်းသို့ရှိသော်လည်း ပဋ္ဌာနနည်းအားဖြင့် ၁၂–ပါးဟူ၍သာ

ဆိုသည်ဟု ဆဂတိဒီပနီ၌ မိန့်သည်။ အဋ္ဌကထာကြီးတို့၌ကား

၁။ ပရဒတ္တူပဇီဝိတပြိတ္တာ ၃။ နိဇ္ဈာမတဏှိကပြိတ္တာ
၂။ ခုပ္ပိပါသိကပြိတ္တာ ၄။ ကာလကဉ္စိကပြိတ္တာ

ဟူ၍ လေးမျိုးသာ ထင်ရှားစွာလာသည်။

ထိုလေးမျိုးတို့တွင် လူ့ပြည်က ဆွေမျိုးဉာတိစသောသူတို့ အလှူကောင်းမှုပြု၍ အမျှဝေသည်ကိုမှီ၍ အသက်ရှင်သောပြိတ္တာသည် ပရဒတ္တူပဇီဝိတပြိတ္တာ မည်၏။ ထမင်းငတ်မွတ်ခြင်း ရေသိပ်ခြင်းဖြင့် ပြင်းစွာ နှိပ်စက်သော ပြိတ္တာသည် ခုပ္ပိပါသိကပြိတ္တာမည်၏။ ဝမ်းခေါင်းခံတွင်းမှလည်းကောင်း ကိုယ်အလုံးလည်းကောင်း လောင်သည်ဖြစ်၍ ပူပန်ခြင်းရှိသော ပြိတ္တာသည် နိဇ္ဈာမတဏှိကပြိတ္တာ မည်၏။ အသူရကာယ်ဟူ၍ အသီးခေါ်အပ်သော ပြိတ္တာအသုရာသည် ကာလကဉ္စိကပြိတ္တာ မည်၏။ ထိုအသုရာတို့၏ အတ္တဘောသည် ၃-ဂါဝုတ်မျှ ရှိသတတ်၊ နည်းသော အသားအသွေးရှိ၏။ ဖက်ရွက်လျော်ကဲ့သို့ အရိုးအရေမျှသာ တည်လျက် ပုဇွန်မျက်စိကဲ့သို့ ပြူးရူးထွက်သော မျက်စိတို့သည် ဦးခေါင်းထက်၌ တည်ကုန်၏။ ခံတွင်းသည် အပ်နဖားပေါက်မျှသာ ဦးခေါင်းထိပ်မှာ တည်၏။

ထို့ကြောင့် ကာလကဉ္စိကအသုရာတို့သည် အောက်သို့ စောက်ထိုးညွတ်၍သာ အစာကို ယူရကုန်၏။ ဤဝိနိပါတိက အသုရာမျိုးတို့သည် ယောနိအားဖြင့် အချို့ကား အဏ္ဍဇ အချို့ကား ဇလာဗုဇ အချို့ကား သံသေဇ အချို့ကား ဥပပါတ်ဖြစ်ကုန်၍ ယောနိလေးပါးပင် ရအပ်၏။ **သန္ဓေစိတ်အားဖြင့် သုဂတိအဟိတ် အချို့ကား ဒွိဟိတ် အချို့ကား တိဟိတ်ပင်** နေရကုန်သည်။ (မနောရထပူရဏီ ၁၃၉-၁၄၀)

## ငရဲဘုံနှင့် ဆက်စပ်သည့် သိမှတ်စရာများ

**ယမမင်း** စာတုမဟာရာဇ်နတ်တို့တွင် အပါအဝင်ဖြစ်သော ဝေမာနိကပြိတ္တာမင်းကိုပင် "ယမမင်း"ဟု ခေါ်သည်။ တခါတရံ နတ်စည်းစိမ်ခံစား၍ တခါတလေမှာမူ မကောင်းမှုကံ အကျိုးကို (ရိုးရိုးပြိတ္တာများကဲ့သို့) ခံစားရရှာသေး၏။ ထိုယမမင်းကား တယောက်သာမက အများအပြားပင် ရှိလေသည်။ လူ့ဘုံ၌ အစိုးရများ ရုံးထိုင်သလို ယမမင်းများလည်း ငရဲဘုံ၏ တံခါးလေးဘက်၌ ရုံးစိုက်ကြပြီးလျှင် ငရဲသို့ ရောက်လာသူများကို စစ်ဆေးမေးမြန်းကြ၏။ သို့သော် ငရဲသို့ ရောက်လာသူတိုင်း အစစ်အဆေး ခံရသည်မဟုတ်။ အကုသိုလ်ကြီး၍ ပြစ်မှုထင်ရှားသူတို့မှာ တခါတည်း ငရဲကျကုန်၏။ အကုသိုလ်နည်းပါးသူများအတွက် လွတ်လိုလွတ်ငြား အနေအားဖြင့် ယမမင်းထံ အစစ်ဆေးခံခွင့် ရကြပေသည်။ ထို့ကြောင့် ယမမင်း၏ စစ်ဆေးမှုမှာ အပြစ်ရှာလို၍ မဟုတ်, လွတ်သင့်က လွတ်ခွင့်ရစေလိုသောကြောင့်သာ ဖြစ်သည်။ ယခုအခါ အယူခံရုံးမင်းများနှင့် အလားတူပင်တည်း။ သို့အတွက် ယမမင်းဟူသည်မှာ တရားစောင့်သော မင်းကောင်းမင်းမြတ်ပင်တည်း။ (သင်္ဂြိုဟ်ဘာသာဋီကာ-၂၈၃)

**ယမမင်းအား အမျှဝေရကျိုး** ယမမင်းသည် ငရဲရောက်လာသူကို ပြုခဲ့ဘူးသည့် ကုသိုလ်ကို သတိရစေရန် အစဖော်ပေးသည့် အနေဖြင့် မေးမြန်းလေသည်။ မေး၍မျှ ကုသိုလ်ကောင်းမှုကို သတိမရသေးလျှင် "ထိုသူ ကုသိုလ်ကောင်းမှုပြုစဉ်က မိမိအား အမျှဝေဘူးသလား"ဟု စဉ်းစား၏။ (ဤအချက်ကို ထောက်၍ ကုသိုလ်ကောင်းမှု ပြုသည့်အခါ ယမမင်းကို အမျှဝေကြသည်။) စဉ်းစား၍ ရလျှင် ထိုကုသိုလ်ကို ဖော်ပြော၏။ ယမမင်းက ဖော်ပြောခြင်းကြောင့်ဖြစ်စေ, မိမိဘာသာ သတိရ၍ ဖြစ်စေ, ကုသိုလ်ကို သတိရသည်နှင့် တပြိုင်နက် ငရဲမှ လွတ်မြောက်၍ နတ်ပြည်သို့ရောက်သူလည်း အများပင်ရှိ၏။ ထိုနေရာမျိုးကျမှ မိမိကုသိုလ်များ အားထားရကြောင်း ထင်ရှားသည်။ ယမမင်းကိုယ်တိုင် စဉ်းစား၍ မရသောအခါ ဆိတ်ဆိတ်နေရတော့၏။ ထိုအခါ ငရဲကောင်သတ္တဝါကို ငရဲထိန်းတို့ ယူဆောင်လျက် အမျိုးမျိုး နှိပ်စက်ကြလေတော့သည်။

**ငရဲထိန်း** ငရဲထိန်းများသည် စာတုမဟာရာဇ်နတ်မျိုး အပါအဝင် နတ်ဘီလူး နတ်ရက္ခိုသ်များတည်း။ ငရဲထိန်းများ၏ အလုပ်ကား အနည်းငယ်သော အကုသိုလ်ကံဖြင့် ကျရောက်လာသူများကို ယမမင်းထံသို့ ပို့ခြင်း, ငရဲသို့ ရောက်ပြီးသူများကို လက်မရွံ့အာဏာသားကဲ့သို့ ရက်စက်ကြမ်းကြုတ်စွာ သတ်ပုတ်ရိုက်နှက်ခြင်းပင်တည်း။ (ငရဲမီးစသော အန္တရာယ်တို့လည်း ကံကြောင့်ဖြစ်ရသော ကမ္မပစ္စယ ဥတုဇရုပ်များ ဖြစ်ကြရကား ငရဲခံရမည့်သူများ၌သာ ပူလောင်၍ ထိုငရဲထိန်းတို့၌ မပူလောင်ချေ)

(သင်္ဂြိုဟ်ဘာသာဋီကာ–၂၈၄)

♠ သိဉ္ဇိုဝ်း+ကာဠ၊ သင်္ဃာတ၊ ဒွယရောရုဝါ။
တာပန ဒွိ၊ အဝီစိ၊ တည်ရှိ ငရဲရွာ။

မြေအတွင်း၌ (၁) သိဉ္ဇိုဝ်း ငရဲ (၂) ကာဠသုတ် ငရဲ (၃) သင်္ဃာတ ငရဲ (၄) ရောရုဝ ငရဲ (၅) မဟာရောရုဝ ငရဲ (၆) တာပန ငရဲ (၇) မဟာတာပန ငရဲ (၈) အဝီစိ ငရဲ ဟူ၍ ငရဲကြီး ရှစ်ထပ် အထက်အောက် အဆင့်ဆင့် တည်ရှိကြကုန်၏။

♠ ဘင်+ပြာ+လက်+သန်၊ အစဉ်ရုံ၊ လေးတန် ဥဿဒါ။

ငရဲကြီးရှစ်ထပ်တို့တွင် တထပ်တထပ်၌ (၁) ဘင်ပုပ် ငရဲ (၂) ပြာပူ ငရဲ (၃) အဆူးရှိသော လက်ပံတော ငရဲ (၄) သန်လျက်သွား ငရဲဟူ၍ ဥဿဒငရဲငယ် ၄ ထပ်စီ ၄ ထပ်စီ ရံလျက် တည်ကုန်၏။

♠ ဘင်+ပြာ+လက်+သန်၊ မြစ် အရံ၊ ငါးတန် တနည်းမှာ။

တနည်း ထိုငရဲကြီး ရှစ်ထပ်တို့တွင် တထပ်တထပ်၌ (၁) ဘင်ပုပ် ငရဲ (၂) ပြာပူ ငရဲ (၃) အဆူးရှိသော လက်ပံတော ငရဲ (၄) သန်လျက်သွား ငရဲ (၅) အဆူးရှိသော ကြိမ်ပိုက် ရေပူချောင်း ငရဲ ဟူ၍ ဥဿဒငရဲငယ် ၅ ထပ်စီ ၅ ထပ်စီ ရံလျက် တည်ကုန်၏။
(မင်းကွန်း ပရမတ္ထသံခိပ် စကားပြေ-၁၀၃)

## (၁) သဉ္ဇိဝ်းငရဲ

ဤငရဲဘုံ၌ ငရဲသားတို့သည် အဖန်ဖန် အသက်ရှင်ကြကုန်သောကြောင့် သဉ္ဇိဝ်း မည်၏။ (သံ-ထပ်ထပ်ကာ+ဇီဝ-အသက်ရှင်)။ ငရဲထိန်းကြီးတို့သည် လက်နက်ကြီးတို့ဖြင့် သွေးမြေစီးအောင် အသားအရိုးတွေ ကျေမွအောင် ရိုက်နှက် ထိုးခုတ် ပိုင်းဖြတ်ကြကုန်၏။ အသားအသွေး အလုံးစုံသည် သံမြေမြင်မှ မီးဟပ်လျှင် အကြွင်းအကျန်မရှိ လောင်သွား၏။ သို့သော် ကံမကုန်သမျှ ဥပပါတ်ဇာတိဖြင့် ပြန်ဖြစ်ကြရသည်မှာ အနှစ် သိန်း သန်း ကုဋေ ကြာကြသည်။

## (၂)ကာဠသုတ်ငရဲ

မဲနက်သော မျဉ်းချ၍ မျဉ်တိုင်းအတိုင်း အခြေ အခွါ ခံရ၍ ကာဠသုတ်ဟု ခေါ်သည်။ (ကာဠ-မဲနက်သော+သုတ္တ-မျဉ်း)။ ငရဲထိန်းတို့သည် ငရဲသားတို့ကို လက်သမားများ သစ်သားရွှေသကဲ့သို့ တမျဉ်းကြိုးဖြင့် တိုင်းလျက် အသားတွေကို ခုတ်ရွှေကြသည်။ ခြွေထား,ခွါထားသော အသားတို့ကို သံမြေပြင်မှ မီးလောင်လျှင် အလုံးစုံ ပျက်စီးကြကုန်၏။ သို့သော် ကံမကုန်သမျှ ဥပပါတ်ဇာတိဖြင့် ထပ်ကာ ထပ်ကာ ဖြစ်ကြရသည်။

## (၃)သံဃာတငရဲ

ဤဘုံ၌ အလျှံတပြောင်ပြောင် သံတောင်ကြီးတို့က ငရဲသားတို့ကို ကြေမွအောင် ကြိတ်ချေသောကြောင့် ဤငရဲကို "သဃ်ာတ"ဟုခေါ်သည်။ (သဃ်ာတ-ညှဉ်းဆဲသတ်ဖြတ်ခြင်း)။ ငရဲသားတို့သည် သံထုပြင်၌ ခါးအထိ မြုပ်နေသည်။ အရပ်လေးမျက်နှာမှ လာသော အလျှံတောက်ပြောင်သော သံလုံးကြီးတို့၏ အကြိတ်အချေ ခံကြရသည်။ သို့သော် ကံမကုန်သမျှ ဥပပါတ်ဇာတိဖြင့် ထပ်ကာ ထပ်ကာ ဖြစ်ကြရသည်။

## (၄) ဇာလရောရုဝ

ငရဲသားတို့သည် အမြဲငိုကြွေးနေရသောကြောင့် ဤငရဲကို "ရောရုဝ"ဟု ခေါ်သည်။ (ရောရုဝ–လွှန်စွာငိုကြွေး)။ ရောရုဝ သည် ဇာလရောရုဝ, ဓူမရောရုဝ ဟု နှစ်မျိုးရှိ၏။ (ဇာလာ–မီးလျှံ၊ ဓူမ–မီးခိုး)။ ငရဲသားတို့သည် ဒွါရကိုးပေါက်၌ မီးတောက်မီးလျှံများ စွဲလောင်ခြင်းကို ခံရသဖြင့် ကပ်ပါယူပါတစာစာ အော်လျှက် ဝဋ်ကြွေးကုန်အောင် ခံကြရသည်။

## (၅)ဓူမရောရုဝ

ငရဲသားတို့သည် ဒွါရကိုးပေါက်၌ မီးအခိုးအငွေ့များ ဝင်ရောက်ကြခြင်းကို ခံရသဖြင့် ကပ်ပါယူပါတစာစာ အော်လျှက် ဝဋ်ကြွေးကုန်အောင် ခံကြရသည်။ ကံမကုန်သမျှ မလွတ်နိုင်ကြကုန်။

## (၆) တာပန

ငရဲသားတို့ကို ပူပန်စေတတ်သောကြောင့် တာပနဟု ခေါ်သည်။ (တာပန–ပူခြင်း)။ ငရဲသားများ၏ ခြေနှစ်ဖက်သည် သံမြေပြင်၌ စွဲကပ်နေသည်။ ဘယ်ဘက် လက်ရုံးမှ ညာဘက်လက်ရုံးသို့ သံတံကျင် အလျှိုခံရသည်။ သံတကျင်မှ မီးတို့သည် ထတောက်ကုန်၏။ သံပြားပူကြီးများဖြင့် အကပ်ခံကြရသည်။ ကံမကုန်သမျှ မလွတ်နိုင်ကြကုန်။

## (၆) မဟာတာပန

ဤငရဲပြည်ကို သံမြေပြင်, မီးတောင်ကြီးများဖြင့် တည်ဆောက်ထား၏။ မီးတောင်ပေါ်တွင် သံတံကျင်များ ထန်းတောပမာ ရှိ၏။ သံတံကျင်သည် အလွန်စူးရှ၏။ အဖျားမော့လျက် ငရဲသားများကို စောင့်မြှော်နေ၏။ နွားကျောင်းသားသည် မြက်ပေါ်သော နွားစားကျက်သို့ နွားများကို မောင်းနှင်သကဲ့သို့ ငရဲထိန်းတို့သည် ငရဲသားများကို သံတံကျင်တောင်ပေါ်သို့ မီးလက်နက်များဖြင့် ရိုက်နှက်ပြီး မောင်းတင်ကြကုန်၏။ သံတံကျင်တို့သည် ငရဲသားတို့၏ အူ အသဲ မျက်လုံးစသည်တို့သို့ စူးဝင်ကြကုန်၏။ တောင်ထိပ်သို့ ရောက်သည့်အခါ အဆိပ်ခိုးပါသည့် လေမုန်တိုင်းကြောင့် တောင်အောက်သို့ကျကာ တောင်ခြေက သံတံကျင်၌ တွဲလျောင်းချိတ်ဆွဲကျလာပြီး ငရဲထိန်းတို့က သံခက်ရင်းဖြင့်ထိုးချပြီး အောက်သို့ကျစေကာ တောင်ပေါ်သို့ မောင်းတင်ကြပြန်သည်။ ကံမကုန်သမျှ မလွတ်နိုင်ကြကုန်။

## (၈) မဟာအဝီစိ

ဤငရဲဘုံ၌ သတ္တဝါ ကွက်လပ်မရှိခြင်း, မီးလျှံ ကွက်လပ်မရှိခြင်း, ဒုက္ခဝေဒနာ ကွက်လပ်မရှိခြင်း ကြောင့် ဤငရဲကို "အဝီစိ"ဟု ခေါ်သည်။ (အ–မရှိ+ဝီစိ–အကြား,ကွက်လပ်)။ ဤငရဲ၌ ကံကြီးထိုက်၍ နှစ်ကြီးကျသော ငရဲသားတို့ဖြင့် ပြည့်နှက်နေ၏။ သို့သော် ကံအစွမ်း ဥပပါတ်ခန္ဓာ အစွမ်းကြောင့် ကျရောက်လာသမျှ ငရဲသားမှန်သမျှ နေရာမရဟူ၍ မရှိ။ လာသမျှ နေရာရကြသည်။ မီးတောက်မီးလျှံ လွတ်သော နေရာ နှမ်းစေ့လုံးမျှ မရှိ။ ငရဲသား၏ ခန္ဓာကိုယ်တွင်ရှိသမျှ ကာယပသာဒကလာပ်စည်းတိုင်းကို မီးလောင်သဖြင့် ပဋိသန္ဓေမှ စ၍ စုတိအထိ နှစ်ပေါင်း အသင်္ချေတိုင်အောင် ဒုက္ခဝေဒနာ ဒေါမနဿဝေဒနာမှ လွတ်သော အချိန်မရှိ။

## ဥဿဒ ငရဲငယ်များ

အမျိုးမျိုးသော ဆင်းရဲဒုက္ခ ပြန့်ပြော၍ ဥဿဒဟု ခေါ်သည်။ (ဥဿဒ–များပြားခြင်း, ထူထပ်ခြင်း, ပြန်ပြောခြင်း)။ ငရဲကြီးတဘုံတဘုံမှာပင် တမျက်နှာတမျက်နှာတို့၌ ဥဿဒငရဲငယ် လေးထပ် ရံလျက်ရှိ၏။ ထို့ကြောင့် ငရဲကြီး တဘုံတဘုံမှာ ဥဿဒငရဲငယ်ပေါင်း ၃၂–ခု ရှိ၏။ ငရဲကြီး ရှစ်ဘုံလုံးပေါင်း၍ ရေတွက်လျှင် ဥဿဒငရဲငယ်ပေါင်း ၂၅၆–ခုရှိ၏ဟု သိရသည်။

သံကိစ္စဇာတ်၌ကား ငရဲကြီးတခုတခု၌ ဥဿဒငရဲငယ်ပေါင်း ၁၆–ထပ်ရှိ၏ဟု လာ၏။ ရှစ်မျက်နှာဖြင့် မမြှောက်ပဲ လေးမျက်နှာဖြင့် မြှောက်သောကြောင့် ၁၆–ဖြစ်သည်။ ၎င်းအလိုအတိုင်း ငရဲကြီးရှစ်ဘုံ ပေါင်း၍ ရေတွက်လျှင် ငရဲပေါင်း ၁၂၈–ခု ရှိ၏။

## ဘင်ပုပ်ငရဲ

မြို့ကိုဝန်းရံသော ကျုံးကဲ့သို့ ငရဲရှစ်မျက်နှာကို ဝန်းရံ တည်သည်။ မစင်ဘင်ပုပ်တို့ဖြင့် ပြည့်နေ၏။ ပကတိလူသာများ ဤငရဲမှ မစင်နံ့ရလျှင် အူကြွေအောင် ပျို့အန်နိုင်သည်။ မစင်များထဲ၌ ပိုးလောက်ကြီးများ ရှိ၏။ ငရဲကြီးကျရောက်မည့် ကံရှိသူသည် ငရဲကြီး၌ ကျခံရပြီး, ငရဲကြီးမှ လွတ်လျှင် ဘင်ဘုပ်ငရဲငယ်၌ ကျခံရပြန်သည်။ "ကြွက်ငယ်တကောင် ကြောင်တထောင်" ဆိုသကဲ့သို့ ပိုးလောက်တို့သည် ငရဲသား၏ အရေ အသား အူ အသည်း ဦးနှောက် စသည်ကို စားကြ၏။ အရိုးဖောက်၍ ခြင်ဆီကို သောက်ကြ၏။ ကံမကုန်သရွေ့ အပြန်ပြန် ခံရသည်။ ဘင်ပုပ်ငရဲကို ပါဠိလို ဂူထ ငရဲဟု ခေါ်သည်။ (ဂူထ–မစင်)။

## ပြာပူငရဲ

ဤငရဲပြည်သည် ရဲရဲညီသော ပြာပူတို့ဖြင့် ပြည့်နှက်နေသည်။ ဘင်ပုပ်ငရဲမှ လွတ်သော ငရဲသားသည် ပြာပူငရဲ၌ ခံကြရသည်။ မုန့်ညှင်းစေ့သည် ရဲရဲပူသော ပြာပူ၌ ကျရောက်က ဖျစ်ဖျစ်မြည်၍ ပေါက်ကွဲသကဲ့သို့ ငရဲသားတို့၏ ခန္ဓာသည် ဤငရဲပြည်ရှိ ပြာပူနှင့်တွေ့က ပြင်းစွာ မြည်လျက် ပေါက်ကွဲလေသည်။ သို့သော် ကံမကုန်သရွေ့ အပြန်ပြန် ခံရသည်။ ပြာပူငရဲကို ပါဠိလို ကုက္ကုဠ ငရဲဟု ခေါ်သည်။ (ကုက္ကုဠ-ပြာပူ)။

## လက်ပံတောငရဲ

ဤငရဲပြည်မှာ လက်ပံတောကြီး ရှိ၏။ လက်ပံပင်၌ သံဆူးပမာ လက်ပံဆူး, သန်လျက်ပမာ လက်ပံရွက်တို့ ရှိ၏။ လက်ပံပင်အောက် မြေအပြင်သည် သင်ဓုန်းသွားများဖြင့် ပြည့်နှက်နေသည်။ ကြီးမားသော ခွေး လင်းတ ကျီးတို့၏ နေရာလည်း ဖြစ်သည်။ ကံကုန်၍ ပြာပူငရဲမှ လွတ်လာကြသော သူတို့သည် ဤငရဲသို့ ရောက်၏။ ဤငရဲသားများ၏ အပေါ်သို့ သန်လျက်ပမာ လက်ပံရွက်တို့သည် ကြမ္မာလေကြောင့် ကြွေကျကုန်၏။ သံလက်ပံရွက်တို့သည် ငရဲသား၏ ခန္ဓာကိုယ်သို့ စူးဝင်ကုန်၏။ သွေးလိမ်းကျံနေသော ငရဲသားကို ကြီးမားသော ခွေး လင်းတ ကျီးတို့က ကိုက်ဖြတ် စားသောက်ကြကုန်၏။ အချို့ ငရဲသားတို့သည် လက်ပံပင်ပေါ်သို့ ပြေးတက်ကြစဉ် လက်ပံဆူးများနှင့် ထိုးမိကြလေသည်။ သို့သော် အောက်က ငရဲခွေးနှင့်လွတ်အောင် အပေါ်သို့ တက်ကြရသည်။ အပေါ်သို့ ရောက်သော် ကျီး လင်းတ တို့၏ ထိုးဖောက်စားသောက် ခံရလေသည်။ တခါ အောက်သို့ ဆင်းရပြန်သည်။ ဤသို့ ကံမကုန်သရွေ့ အပြန်ပြန် ခံရသည်။ လက်ပံတောငရဲကို ပါဠိလို သိမ္ဗလိဝန ငရဲဟု ခေါ်သည်။
(သိမ္ဗလိ-လက်ပံ+ဝန-တော)။

## သန်လျက်တောငရဲ

ဤငရဲပြည်မှာ သန်လျက်ပမာ အရွက်ရှိသော သစ်တောကြီး ရှိ၏။ ခံရပုံမှာ လက်ပံတော ငရဲနှင့် တူ၏။ အပင်၌ အဆူးမရှိသည်သာ ထူး၏။ လက်ပံတော ငရဲမှ လွတ်လျှင် သန်လျက်တောငရဲသို့ ဝင်ကြရပြန်သည်။ (အသိ-သန်လျက်+ပတ္တ-အရွက်)

(ပရမတ္ထသံခိပ်ဋီကာ ဒုတွဲ ကောက်နုတ်ချက် ၄-၂၇)

## ကြိမ်ပိုက်ချောင်းငရဲ

သန်လျက်တောငရဲ၏ ပတ်လည်တွင် မြို့ရိုးကျုံးပမာ ဝေတ္တရဏီမြစ် ရှိ၏။ မြစ်အထဲတွင် အလွန် ငံစပ်သော ပူသော နီရဲသော ရေသည် အဟုန်နှင့် စီးဆင်းနေသည်။ သံဆူးသံရွက်ရှိသော ထန်းလုံးပမာ ကြိမ်နွယ်သည် မြစ်ရေပြင်ပေါ် ကမ်းနှစ်ဖက်ကို ယှက်၍ ပိုက်ကွန်သဖွယ် ရှိသည်။ သံဆူးသံရွက်ပမာ ကြာရိုးကြာရွက်တို့လည်း ရှိ၏။ ကြိမ်နွယ်အောက်၌ ထန်းလုံးပမာ စူးရှသော သံတံကျင် ရှိ၏။ ဝဲယာ မြစ်ကမ်းပေါ်မှာ သံချွန်သံဆူးပမာ သမန်းမြက်တော ဖောင်းကာမြက်တော ကြိမ်ပင်တောလည်း ရှိ၏။ နွားကျောင်းသားသည် နွားများကို ရိုက်နှက်မောင်းနှင်သလို ငရဲထိန်းတို့သည် ငရဲသားတို့ကို သမန်းတော ဆူးတောထဲသို့ မောင်းနှင်ကြကုန်၏။ ငရဲသား၏ ကိုယ်ထဲ မြက်ညှောက် ကြိမ်ညှောက်တို့သည် ခြေမှခါးအထိ စူးဝင်၏။ သမန်းမြက်သည် ရှ၏။ ဒဏ်ရာဖြင့် လဲနေသော ငရဲသားတို့ကို ငရဲထိန်းတို့က ခက်ရင်း,လှံဖြင့် ကော်၍ မြစ်ထဲ ပြစ်ချ၏။ ကြိမ်ပေါ်သို့ ကျ၍ အစူးအရှ ခံကြရပြီး လူးလွန့်ကာ ခံရပြီးနောက် ရေထဲ သံတံကျင်တွင် ကျ၏။ စို့ထိုးခံရသည် ငါးကဲ့သို့ မှောက်ခုံပက်လက် ခံကြရပြန်သည်။ ရေစီးအဟုန်ကြောင့် သံတံကျင်မှ လွတ်၍ ကြာရွက်တို့ဖြင့် တွေ့ရပြန်သည်။ ဤသို့ အမျိုးမျိုးဖြစ်၍ တကိုယ်လုံး ပေါက်ကွဲစုတ်ပြတ်သည့် ကိုယ်သည် အလွန် ငံခါးစပ်သည့် မြစ်ရေတွင် ပေါ်လောမြောကာ ခံရသည်။ ကံ မကုန်သရွေ့ ခံကြရသည်။ (ဝေတ္တရဏီ–ဝေတ္တရဏီမည်သောငရဲ, ကြိမ်မြစ်)

## အသုရာ

အသုရာသည် (၁) ဝေပစိတ္တိအသုရာ (၂) ဝိနိပါတိကအသုရာ (၃) ဝေမာနိကအသုရာ (၄) လောကန္တရိကအသုရာ (၅) ကာလကဉ္စိကအသုရာဟု ၅–မျိုးရှိ၏။ ဝေပစိတ္တိအသုရာသည် သိကြားမင်းအရင် တာဝတိံသာသို့ ရောက်နှင့်ကြသော နတ်တို့ဖြစ်သည်။ သိကြားမင်းရောက်လာပြီးနောက် နေရာဖယ်ပေး ရပြီး မြင်းမိုရ်တောင် အောက်ခြေ၌ နေကြရသော တာဝတိံသာ နတ်တို့ဖြစ်သည်။ ဘုန်းတန်ခိုးနည်းသော စာတုမဟာရာဇ် နတ်တို့ကို ဝိနိပါတိကအသုရာ[၁]ဟု ခေါ်သည်။ ယမမင်းတို့ကို ဝေမာနိကအသုရာဟု ခေါ်သည်။ **ဝိနိပါတိကအသုရာနှင့် ဝေမာနိကအသုရာတို့သည် အချို့ကား တိဟိတ်ပုဂ္ဂိုလ်များ, အချို့ကား ဒွိဟိတ်ပုဂ္ဂိုလ်များ, အချို့ကား အဟိတ်ပုဂ္ဂိုလ်များ ဖြစ်ကြကုန်၏**။ လောကန္တရိက်[၂] ငရဲသားများကို လောကန္တရိက အသုရာဟု ခေါ်သည်။ ကာလကဉ္စိကပြိတ္တာတို့ကို ကာလကဉ္စိကအသုရာဟု ခေါ်သည်။

---

၁ တခါတခါ နတ်လိုစည်းစိမ် ခံစားရပြီး တခါတခါ ပြိတ္တာလို ဒုက္ခခံရသည်။

၂ စကြာဝဠာသုံးခု အစပ်၌ တည်သည်။ အမှောင်တိုက်ဖြစ်သည်။ အစာမရှိ။ စကြာဝဠာတံတိုင်း လင်းနို့များလို ကုတ်တွယ်၍ နေရသည်။ တကောင်နှင့်တကောင် တွေ့သည်အခါ ဆာလောင်၍ အစာအမှတ်ဖြင့် ဟပ်လိုက်ချိန်တွင် နှစ်ကောင်လုံး မြေကိုခံသော အလွန်အေးသော ရေသို့ ပြုတ်ကျ၍ ကြေမွကြရသည်။

**လူ** မကောင်းမှုပြုရာ၌ မိဘကိုသတ်ခြင်းစသည့် ပဉ္စာနန္တရိယကံတိုင်အောင်, ကုသိုလ်ပြုရာ၌ ဘုရားဖြစ်သည့်တိုင်အောင် ပြုလုပ်နိုင်သော ထက်မြက်သောစိတ်ရှိ၍ လူ (ပါဠိလို မနုဿ) ဟု ခေါ်သည်။ ကုသိုလ်ပွားရန် ကုသလကမ္မပထလမ်း, အကုသိုလ်ပွားရန် အကုသလကမ္မပထလမ်းများသည် လူ့ဘုံ၌သာ အစုံအလင် ရှိသည်။ အခြားဘုံတို့၌ စုံလင်စွာမရှိ။

**စာတုမဟာရာဇ်** ဓတရဋ္ဌ ဝိရူဠှက ဝိရူပက္ခ ကုဝေရ ဟူ၍ နတ်မင်းကြီး လေးပါးရှိသည်။ ထိုနတ်မင်းကြီးလေးပါး အုပ်ချုပ်ရာ နတ်ပြည်ကို စာတုမဟာရာဇ်ဟု ခေါ်သည်။ ဓတရဋ္ဌသည် ဂန္ဓဗ္ဗနတ်တို့ကို အုပ်ချုပ်သည်။ ဝိရူဠှကသည် ကုမ္ဘဏ်နတ်(ရက္ခိုသ်)တို့ကို အုပ်ချုပ်သည်။ ဝိရူပက္ခသည် နတ်နဂါးတို့ကို အုပ်ချုပ်သည်။ ကုဝေရသည် နတ်ဘီလူးတို့ကို အုပ်ချုပ်သည်။

နံ့သာပင်၌ ပဋိသန္ဓေတွယ်၍ နံ့သာပင်၌ နေသာ နတ်တို့ကို **ဂန္ဓဗ္ဗနတ်**ဟု ခေါ်သည်။ အိုးစရည်းတမျှကြီးမားသော ဝမ်းဗိုက်နှင့် ဖုဲးစေ့ရှိကုန်သော ဒါနဝရက္ခိုသ်တို့ကို ကုမ္ဘဏ္ဍ=**ကုမ္ဘဏ်**ဟု ခေါ်သည်။ အဖိုးတန်သစ်ပင်, ရတနာ, ရေကန်စသည်တို့ကို စောင့်ရှောက်သော နတ်များကို ရက္ခသ=**ရက္ခိုသ်**ဟု ခေါ်သည်။ စောင့်ရှောက်အပ်သောအရာ၌ ကျူးလွန်လာသူများကို တန်ခိုးဖြင့် သတ်ဖြတ် စားသောက်ကြကုန်၏။ စားသောက်ခွင့်ကို နတ်မင်းကြီးတို့က ပေးထား၏။ တောင်အတွင်း၌လည်းကောင်း မြေအတွင်း၌လည်းကောင်း နေကြသော ဝသုန္ဒရနတ်မျိုး ဘုမ္မဒေဝနတ်မျိုးတို့ကို **နဂါး**ဟု ခေါ်သည်။ အချို့ နဂါးတို့သည် တန်ခိုးကြီး၏။ လူယောင်ဖန်ဆင်းနိုင်၏။ မကောင်းမှု၌ ပျော်၏။ ရက်စက်ကြမ်းကြုတ်သော နဂါးတို့သည် ကစားလိုစားသောက်လိုသည့်အခါ ငရဲပြည်သို့ သွားကြကုန်၏။ ငရဲသားတို့ကို ညှင်းဆဲ၏။ ပြိတ္တာတို့ကိုလည်း ညှင်းဆဲ၏။ တခါတရံ စားသောက်၏။ ခွေး,လင်းတ ကျား,ခြင်္သေ့ အယောင်ဆောင်၍လည်း သွားကြ၏။ ကိုယ်ရောက်ကိုယ်ဝါ မရှိသော ကျက်သရေမဲ့သော သတ္တဝါကို ယက္ခ=**ဘီလူး**ဟု ခေါ်သည်။

သစ်ပင်၌တည်သော နတ်ကို ရုက္ခဒေဝ=ရုက္ခဇိုဝ်းနတ်ဟု ခေါ်သည်။ သစ်ပင်၏ သစ်ခေါင်းတွင်း၌ တည်သောနတ်ကို ဂန္ဓဗ္ဗနတ်ဟု ခေါ်သည်။ သစ်ဘီလူးဟုလည်း ခေါ်၏။ ရုက္ခဇိုဝ်းနတ်သည် သစ်ပင်သေလျှင် အခြားသစ်ပင် ပြောင်းနေသည်။ သစ်တုံး၌ နေရိုးမရှိ။ သစ်ဘီလူး(သစ်ခြောက်) ခေါ် ဂန္ဓဗ္ဗနတ်သည် သစ်ပင် သေပြီး သစ်တုံးဆွေးသည့်တိုင်အောင် နေသည်။ အိမ်တိုင် ကျောင်းတိုင်တို့၌ သစ်ခြောက်ပါသည်ဟု ဆိုခြင်းသည် ဤဂန္ဓဗ္ဗနတ်မျိုးကို ရည်ညွှန်းသည်။

အချို့ ဂန္ဓဗ္ဗနတ်တို့သည် ရေးအကုသိုလ်ကံကြောင့် မိန်းမတို့ ကိုယ်၌ ဖြစ်ကြရ၏။ ထိုနတ်မျိုးကို "ယောဂိနီ"ဟုလည်းကောင်း "ဇော်ဂိနီ"ဟုလည်းကောင်း ခေါ်သည်။ ညအခါ တန်ခိုးအမျိုးမျိုးဖြင့် ကျက်စားရာ၌ အရောင်အလင်းတောက်ပ၍ "ဇုဏှာ"ဟုလည်း ခေါ်သည်။ မြန်မာလို ဇုဏ်းဟု ခေါ်သည်။ ဇုဏ်းမှ စုန်းဖြစ်လာသည်။

(ပရမတ္ထသံခိပ်ဋီကာ ဒုတွဲ ကောက်နုတ်ချက် ၂၇-၃၆)

♠ တောဓ်၏အတွင်း ရေ,မြေ၏ အတွင်း ကျင်းလှိုဏ်ခေါင်းတို့၌ ကံအားလျော်စွာဗိမာန်ပေါက်၍ ထိုဗိမာန်၌ နေကုန်သော နတ်တို့ကို ဘုမ္မစိုးနတ်ဟူ၍ ဆိုသည်။ ထိုဘုမ္မစိုးနတ်တို့တွင် အချို့ကား အလွန် တန်ခိုးကြီးသည်။ သားမြေး အခြံအရံများသည်။ အသက်လည်းရှည်သည်ဖြစ်၍ ဘုရားနှစ်ဖြစ် သုံးဖြစ်တိုင်အောင် မှီသည်။ အချို့သည် တန်ခိုးအခြံအရံ သင့်ရုံသာရှိသည်။ အသက် နှစ် သုံးလေးငါးရာ မျှသာ ရှည်သည်။ ဟေမဝတနတ် သာတာဂိရိနတ်တို့သည် ဘုမ္မစိုးနတ်ဖြစ်ကုန်၏။ အစာအာဟာရ ကြမ်းတမ်းသောကြောင့် ယက္ခဟူ၍လည်း ဆို၏။ ဘုမ္မစိုးနတ်ကဲ့သို့ မြေ၌မှီ၍နေသော ဘုမ္မစိုးနတ်တို့၏ ကျေး ကျွန် ခြွေရံသာဖြစ်သော နတ်ပြိတ္တာတို့သည် အထူးထူးသော ဆင်းရဲ၏ ကျရောက်ရာဖြစ်သောကြောင့် ဝိနိပါတိကလည်း မည်၏။ နတ်၏အလားရှိလျက် နတ်ကဲ့သို့ စည်းစိမ်တန်ခိုးဖြင့် မထွန်းပသောကြောင့် အသုရာလည်းမည်၏။ ထိုအမည်နှစ်ရပ်ကို စပ်၍ ဝိနိပါတိကအသုရာဟု ခေါ်လေသည်။ ထိုဝိနိပါတိကဖြစ်သော ပြိတ္တာတို့ကား ဟိမဝန္တာ၏အနီးအပါး ဝိဇ္ဈာဋဝီတောအုပ်၌ မြို့ပြဖွဲ့၍ နေလေသည်။ တန်ခိုးကြီးသော ပြိတ္တာ ပင် မင်းပြု၏။ လူတို့၏အနီးဖြစ်သော တောအုပ်၌ကား ဆယ်စု ရာစုမျှသာ နေသည်။(မနောရထပူရဏီ ၁၃၇)

## စုန်းနတ်စသည်တို့၏ လူထဲပူးဝင်ပုံကို ပြခြင်း

လူထဲသို့ ပူးဝင်သော နတ်တို့သည် ရှေးဦးစွာ နှလုံးဘူးကို ပိတ်သဖြင့်လည်းကောင်း နှလုံး သွေးကို ဖောက်ပြန်အောင် လုပ်သဖြင့်လည်းကောင်း တစုံတခုသော အကြောင်းဖြင့် စိတ်နုန့်အောင် လုပ်၍ ဘဝင်ကျစေပြီး သတိမေ့လျော့သောခဏ၌ မိမိရုပ်ကို မသိမ်မွေ့သေးလျှင် သိမ်မွေ့အောင် ဖန်ဆင်း၍ လူတကိုယ်လုံးအတွင်းသို့ စိမ့်ဝင်ပျံ့နှံ့စေ၏။ ယိုစေ၏။ နို့ရည်နှင့်ရေ ရောသကဲ့သို့ လူရုပ်နတ်ရုပ် တခုအကြား တခု စိမ့်ဝင်၍ အကုန်လုံး ပျံ့နှံ့နေကြသည်။ ထိုနတ် မထွက်မခြင်း လူ့စိတ် ဘဝင်မှ မထ။ တကိုယ်လုံး ရုပ်တွေလည်း နတ်ရုပ်တွေ ပမာဏဖြစ်၍ နတ်အလိုရှိတိုင်း လှုပ်ရှားပြောဆို လေတော့၏။ ထိုနတ် ထွက်၍ သွားလျှင် လူတကိုယ်လုံး ရုပ်တွေသည် အတန်ငယ် ချောင်၍ဟာ၍ နေရစ်သဖြင့် လူမောပန်း၍ နေရစ်၏။ ဤကဲ့သို့ ပူးဝင်ရာ၌ ပူးဝင်အပ်သော သူ၏ စိတ်ကို နုန့်စေထိုင်းစေ ဘဝင်ကျစေ၍ မေ့လျော့အောင်လည်း တတ်နိုင်မှ မိမိရုပ်ကလည်း သိမ်မွေ့မှ ပူးဝင်နိုင်သည်။ သို့မဟုတ်လျှင် မပူးဝင်နိုင်။ အစိမ်း, သားရဲ, တစ္ဆေ, မြေဘုတ်, စုန်းပူးရာတို့မှာလည်း ပူးသူနှင့် အပူးခံရသည်တို့၏ရုပ်သည် တခုအကြားတခု စိမ့်ဝင်ပျံ့နှံ့နေ၏။ စုန်းများလည်း လူပင်ဖြစ်သော်လည်း အတတ်ပညာအစွမ်း, နတ်တို့၏ အာနုဘော်အစွမ်းကြောင့် လူစိတ်ကို အားနည်းစေ၍ မေ့အောင်လုပ်နိုင်ကြသည်။ ရုပ်ကိုလည်း သိမ်မွေ့အောင် ဖန်ဆင်းနိုင်ကြသည်။ ထို့ပြင် ကိုယ်ကို ကွယ်ခြင်း, ခွေးယောင်စသည် ဆောင်ခြင်း, မိမိအကြောင်းကို ပြောသော အဝေးစကားကို ကြားနိုင်ခြင်း, စက်ကြိုးဆင်၍ ကောင်းကင်၌ သွားနိုင်ခြင်း စသည်ဖြင့်လည်း တန်ခိုးတွေ များစွာတတ်နိုင်ကြကုန်၏။

(သေက္ခုတောင်ဆရာတော်၏
ပဏ္ဍိတဝေဒနီယဒီပနီကျမ်း–၁၄၅)

**တာဝတိံသာ** မဃလုလင်နှင့် ကုသိုလ်ပြုဘက် ၃၃–ယောက်တို့ ဖြစ်ရာနေရာဖြစ်၍ ဒုတိယနတ်ပြည်ကို "တာဝတိံသာ"ဟု ခေါ်သည်။ ဤတာဝတိံသာဘုံသည် သိကြားမင်းရာထူး၌ တည်ကြကုန်သော ပဇာပတိ, ဝရုဏ ဤသာန စသော သုံးကျိပ်သုံးပါးသော နတ်မင်းကြီးတို့၏ နေရာဋ္ဌာနကြီးဖြစ်၏။ သုံးကျိပ်သုံးပါးတို့တွင် မာဃမည်သော သူသည် အကြီးဆုံးသော သိကြားမင်းကြီးအဖြစ်ကို ရလေသည်။ ထိုမာဃသိကြားသည် ယခုကာလ၌လည်း ထင်ရှားရှိသေး၏။ ထိုကြောင့် ထိုသုံးကျိပ်သုံးယောက်သော သိကြားတို့ကို အစွဲပြု၍ တာဝတိံသာ ဟု ခေါ်ရလေသည်။ (တေတ္တိံသ=၃၃၊ တေ မှ တာဝ ပြောင်း, တ္တမှ တ တလုံးပြောက်သဖြင့် တေတ္တိံသ မှ တာဝတိံသာ ဖြစ်ရဟု ဆိုကြလေသည်)

**ဘူမဋ္ဌကစသည်** ဤစာတုမဟာရာဇ် တာဝတိံသာနတ်ဘုံတို့သည် မြင်းမိုရ်တောင်မြေနှင့် ဆက်သွယ်၍ တည်ကြသော ဘူမဋ္ဌကဗိမာန်များတည်း။ ထိုဘူမဋ္ဌကဗိမာန်၏ ထက်ဝန်းကျင်၌ကား စကြာဝဠာတံတိုင်းရောက်အောင် ပျံ့နှံ့လျက်ရှိသောကြောင့် မြေနှင့်မစပ်သော အာကာသဋ္ဌ (ကောင်းကင်၌တည်သော) ဗိမာန်များလည်း ရှိသေး၏။ ယာမာစသော အထက်နတ်ပြည်များ၌ကား ဘူမဋ္ဌကဗိမာန်မရှိ, အာကာသဋ္ဌချည်းသာတည်း။ ဘူမဋ္ဌကကို "ဘုမ္မဗိုဝ်း"ဟုလည်းကောင်း အာကာသဋ္ဌကို "အာကာသဗိုဝ်း"ဟုလည်းကောင်း သစ်ပင်ဝယ် တည်သောဘုံ၌ နေသူကို "ရုက္ခဋ္ဌက=ရုက္ခဗိုဝ်း"ဟုလည်းကောင်း ခေါ်ရလေသည်။ အားလုံးနတ်ပြည်များသည် စကြာဝဠာတံတိုင်းရောက်အောင် ပြန့်ကျယ်ကြသည် ချည်းတည်း။

**ယာမာ** တာဝတိံသာနတ်ဘုံတို့၏အထက် တတိယနတ်ဘုံကို အစိုးရသော နတ်မင်း နတ်ဘုရင်သည် 'ယာမ' မည်၏။ 'သုယာမ'ဟုလည်း မည်၏။ ထိုယာမမင်းကြီး၏ ဖြစ်ရာဘုံဖြစ်၍ ယာမာဘုံဟု ခေါ်သည်။ တနည်း, ဆင်းရဲဒုက္ခမှ ကင်းသောကြောင့် "ယာမာ" ဟုခေါ်သည်။ ၎င်းတို့၏နေရာကို ယာမာဘုံဟု ခေါ်သည်။

**တုသိတာ** ကြီးကျယ်မြင့်မြတ်သော စည်းစိမ်တို့နှင့် ပြည့်စုံသောကြောင့် ဤဘုံ၌ဖြစ်သော နတ်တို့သည် နှစ်သက်ရွှင်လမ်းခြင်းသို့ ရောက်သဖြင့် 'တုသိတာ'ဟု ခေါ်သည်။ ဤဘုံ၌ သိကြားမင်းရာထူးနှင့်တူသော သန္တုသိတနတ်မင်းရှိသည်။

**နိမ္မာနရတိ** ပင်ကိုယ်ရှိပြီးသော စည်းစိမ်ထက် အလွန်အကဲ ခံစားလိုသောအခါ စိတ်တိုင်းကျ ဖန်ဆင်း၍ မွေ့လျော်နိုင်ကြသောကြောင့် ဤနတ်တို့ကို နိမ္မာနရတီနတ်ဟု ခေါ်သည်။

**ပရနိမ္မိတဝသဝတ္တီ** အမြဲအာရုံထက် အပိုအလွန်ကို ခံစားလိုသောအခါ နိမ္မာနရတီနတ်ကဲ့သို့ ကိုယ်တိုင် မဖန်ဆင်းဘဲ အစေအပါးနတ်များက အလိုက်သိစွာ ဖန်ဆင်းပေးအပ်သော ကာမဂုဏ်အာရုံတို့၌ ခံစားတတ်သောကြောင့် ပရနိမ္မိတဝသဝတ္တီဟုခေါ်သည်။ (သံခိပ်ဋီကာဒုတွဲကောက်နတ်ချက်၃၇)
(သင်္ဂြိုဟ်ဘာသာဋီကာ–၂၉၆–၂၉၇)

**နတ်စည်းစိမ်** မြက်ပေါ်က ဆီးနှင်းပေါက်နှင့် သမုဒ္ဒရာရေများ ကွားခြားသလောက် လူ့စည်းစိမ်နှင့် နတ်စည်းစိမ်များ ကွာခြား၏။ တာဝတိံသာနတ်တို့၏ သုဒဿနမည်သော နေပြည်တော်သည် မြင်းမိုရ်တောင်ထိပ်ဝယ် ယူဇနာတသောင်း ကျယ်ဝန်းသော အရပ်၌ တည်ရှိ၏။ ထိုနေပြည်တော်၏ အရှေ့ဘက်၌ နန္ဒဝန်ဥယျာဉ်ဟု ခေါ်အပ်သော နန္ဒနဥယျာဉ်တော်သည်ကား စုတေခါနီး၍ အလွန်ပူဆွေးနေသော နတ်များကိုပင် စုတေရမည့်အရေးကို မတွေးမိအောင် ပျော်မွေ့ဘွယ်ကို ဆောင်သတဲ့။ မခြောက်မသွေ့ ပြကတေ့ စိုစိမ်း၍ မြရည်လိမ်းထားသလို ပန်းပင်ပျိုတို့၏ အကြားအကြားဝယ် မောင်မယ်စုံနတ်များတို့ လှည့်လည်သွားလာနေသည့်အတွက်ကြောင့် ဥယျာဉ်တော်မှာ တမျိုးကြက်သရေ တက်လေတော့၏။ ထိုဥယျာဉ်တော်နှင့် မြို့တော်၏အလယ်မှာ မဟာနန္ဒ စူဠနန္ဒမည်သော ကန်တော်ကြီး နှစ်သွယ်ကလည်း နဂိုရ်တင့်တယ်သည့်အပြင် ကြည်လင်သောရေများကို ရှုစားဘို့ရာ ကမ်းအစ၌ ဆန်းလှသော ရတနာထိုင်ခုံများကြောင့် တမျိုးသားနားလျက် ရှိပြန်၏။ မြို့တော်၏ တောင်မျက်နှာ အနောက်မျက်နှာ မြောက်မျက်နှာတို့၌လည်း ထိုကဲ့သို့ ကံတော်ကြီးနှင့် ဥယျဉ်တော်များ တည်ရှိကြပေသည်။

**နတ်သား နတ်သမီး** မိမိတို့ ရေးကံကြောင့် ကိုယ်ပိုင်ရရှိပြီးသော ဗိမာန်များကလည်း ဆန်းပြားလှပေသည်။ အားလုံးသော နတ်ယောကျာ်းတို့မှာ အသက် ၂၀ အရွယ်၌သာတည်၍ နတ်မိန်းမတို့ကား ၁၆ နှစ် အရွယ်မှာပင်, သွားကျိုး ဆံဖြူ နားအူ မျက်မွဲ အရေတွန့်ခြင်းမရှိ, ပကတိအလှ မပျက်ဘဲ တသက်လုံးတည်၏။ နတ်သြဇာအဆီအနှစ်ကိုသာ စားသောက်ကြရသဖြင့် ခန္ဓာကိုယ်တွင်း၌ အလေးအပေါ့မှစ၍ မကောင်းသော အနိဋ္ဌာရုံဟူသမျှတို့ လုံးဝမရှိတော့ရကား နတ်သမီးတို့မှာ ဓမ္မတာသွေး အညစ်အကြေးတို့မှ ကင်းစင်ကြ၏။ ကာမချမ်းသာခံစားမှုကား နတ်ပြည်ခြောက်ထပ်လုံး၌ပင် လူများနှင့် မထူးခြားသော်လည်း အညစ်အကြေး မဖြစ်ပေါ်ကြဘဲ သွေးသားလှုပ်ရှားရုံမျှဖြင့် ပြီးစီးကြလေသည်။ နတ်မိန်းမတို့၌ ကိုယ်ဝန်ဆောင်မှုနှင့်ဆိုင်သော ကိစ္စစုလည်း တခုမျှ မရှိချေ၊ သားသမီးဖြစ်ထိုက်သော နတ်သားနတ်သမီးမှာ ရင်ခွင်ပေါ်၌သော်လည်းကောင်း အိပ်ယာပေါ်၌သော်လည်းကောင်း ဖြစ်ပေါ်လာကြကုန်၏။ ဤသို့ သားသမီးအရာ၌ တည်သော နတ်သားနတ်သမီးအပြင် အစေခံနတ်သားနတ်သမီးများလည်း ရှိသေးရကား "အချို့နတ်များ၌ ဗိမာန်ကိုယ်ပိုင်မရှိကြ"ဟု သိသာသည်။ လူ့ပြည်၌ကဲ့သို့ နတ်သမီးပျို နတ်သားပျိုတို့၏ သွားလာလှည့်ပတ်ကြမည့် အရေးမှာလည်း တွေးတောစဉ်းစားဘွယ်ရာပင်တည်း။

**သမီးပျိုသားပျို** နတ်ဇာတ်သမားဖြစ်သော ပဉ္စသိခနတ်သားသည် တိမ္ဗရုနတ်မင်း၏ သမီးပျိုဖြစ်သော သူရိယဝစ္စသာ နတ်သမီးအပေါ်မှာ အတော်စွဲလမ်း၏။ သူရိယဝစ္စသာကား မာတလိနတ်သား၏ သားဖြစ်သော သိခဏ္ဍိနတ်သားကို မှန်းထားလျက်ရှိ၏။ သိကြားမင်းက ပဉ္စသိခနတ်သားအား ကျေးဇူးများသည့်အတွက် သူရိယဝစ္စသာ နတ်သမီးနှင့် ထိမ်းမြားလက်ထပ်ပေးလေသည်။ တချို့နတ်သမီးတွေ ဗိမာန်အဆင်သင့် ရရှိကြသော်လည်း ဗိမာန်နှင့်တကွ မိမိတို့ကိုပိုင်ဆိုင်မည့် နတ်သားမရှိသဖြင့် ပျင်းရိငြီးငွေ့ အလိုမပြေ့သည်လည်းရှိကြသေး၏။ ကုသိုလ်ကံခြင်း ကွာခြားသလောက် ဗိမာန်နှင့်ရုပ်အဆင်းလည်း ကွာခြား၏။ နန္ဒနဥယျာဉ်

စသော ဥယျာဉ်ရေကန်သို့ မိမိတို့ အခြွေအရံများနှင့်အတူ တပျော်တပါး ထွက်သွားလည့်လည်ကြသည်မှာလည်း မြင်ရသူတို့၏ ကြည်နူးစရာပေတည်း။

(သင်္ဂြိုဟ်ဘာသာဋီကာ–၂၉၈–၂၉၉)

**ကာမဘုံ** ရူပ, အရူပ ဘုံမြတ်များသို့ သွားရန် အဓိစိတ္တသမထစျာန်တို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သော ကာမဘုံ၌သာ ပျော်ပါးလေ့ရှိသော တရားသည် ကာမရာဂ မည်၏။ ပညာမျက်စိရှိသော ပုဂ္ဂိုလ်တို့က ယုတ်မာပုတ်သိုး ဆိုးညစ်လှ၏ဟု သမုတ်အပ်သော ဝတ္ထုနှင့် တွေ့ရလေလေ အားကြီးတိုး၍ နှစ်သက်လေလေသာ ဖြစ်၏။ ကာမရာဂ၏ နှစ်သက်အပ်သော အယုတ်တမာ ဝတ္ထုမျိုးတို့သည်လည်း ကာမဘုံထဲ၌သာ ရှိကုန်၏။ ရူပဘုံစသည်တို့၌ မရှိကုန်။ ထို့ကြောင့် ကာမဘုံသည် ကာမတဏှာ၏ ဂေါစရဂါမ်ကြီး ဖြစ်၏။ အစားအသုံးကြူးလှစွာသော ကာမတဏှာသည် အမျိုးမျိုးသော ကာမဂုဏ်ဝတ္ထုတို့ဖြင့်လည်း စား၍မဝ, သောက်၍မဝ၊ တ,လျှ ပိန်ကြုံလျက်သာ ရှိရလေသည်။

ကာမတဏှာသည် မီးနှင့်တူ၏။ ကာမဂုဏ်ဝတ္ထုများသည် ထင်း,ဆီစသော မီးစာနှင့်တူ၏။ မီးသည် လောင်အပ်သောမီးစာတို့ဖြင့် ဘယ်ခါကာလမှ တင်းတိမ်ရောင့်ရဲခြင်း မရှိလေသကဲ့သို့ ကာမတဏှာသည်လည်း ကာမဂုဏ်လောင်စာတို့ဖြင့် တင်းတိမ်သည်ဟူ၍ မရှိ။ ပြိတ္တာတို့ခံတွင်းကို သမုဒ္ဒရာလေးစင်းနှင့်မျှသော ရေကို ကုန်အောင်လောင်းသော်လည်း ဝသည်ဟူ၍မရှိ, ငတ်မြဲငတ်သကဲ့သို့ ကာမတဏှာတည်းဟူသော ပြိတ္တာမကြီးသည်လည်း ကာမဂုဏ်တည်းဟူသော ရေတို့ဖြင့် ကမ္ဘာအနန္တ သံသရာအနန္တ သောက်ပါသော်လည်း မဝနိုင်ချေ၊ အမြဲမပြတ် ငတ်လျက်သာ နေသည်။ ထို့ကြောင့် နေမိဇာတ်၌ ကာမဘုံကို ပြိတ္တာဘုံဟု ဆိုသည်။

ကာမဘုံသားတို့သည် အဖော်အပေါင်း မဖက် သက်သက် တယောက်အထီးထီး နေသဖြင့် ချမ်းသာခွင့် မရနိုင်ကြကုန်။ ရူပါရုံစသော အဖော်အဖက်ကို ရမှသာ ချမ်းသာသုခကို ရနိုင်ကြကုန်၏။ ထို့ကြောင့် ကာမဘုံသားတို့သည် အဖော်အပေါင်း ဦးခေါင်းထောင်ကာ အမြဲမပြတ် မျှော်လင့်လျက်သာ နေကြရကုန်သည်။

(ပရမတ္ထသံခိပ်ဋီကာ ဒုတွဲ ကောက်နုတ်ချက် ၃၉–၄၀)

**အနာဂါမ် ရဟန္တာ** နတ်ပြည်ကာမဂုဏ်စခန်း၌ ပျော်မွေ့ဘွယ် ကောင်းလှသည့်ပြင် ထိုကောင်းသလောက်လည်း ပျော်မွေ့လေ့ရှိသောကြောင့် ကာမဂုဏ်ကို စက်ဆုပ်သော အနာဂါမ်နှင့် ရဟန္တာအဖြစ်သို့ ရောက်သောအခါ နတ်ပြည်မှာ ကြာရှည်စွာမနေနိုင်ကြတော့ဘဲ အနာဂါမ်တို့ ဗြဟ္မာ့ပြည်သို့ စုတေရွှေ့ပြောင်း၍ ရဟန္တာအပေါင်းတို့မှာ ပရိနိဗ္ဗာန်စံကြလေတော့သည်။ သို့ဖြစ်၍ နတ်ပြည်ကျမှ အန္တရာယ်ကင်း ရန်ဘေးရှင်းလျက် တရားအားထုတ်၍ ယောဂီလုပ်မည်ဟု မမြော်လေနှင့်၊ လူ့ပြည်က အသေအလဲ

အားခဲ သွားသူများနှင့် ဘုရားလက်ထက်တော်တုန်းက ဘုရားတရားတော်ကို နားရသူများလောက်သာ နတ်ပြည်၌ တရားအသား တက်ဘွယ်ရှိပါသည်။ မလိုလဲလိုလဲ တရားစွဲသူတို့မှာ နန္ဒနဥယျာဉ်အပေါက်ဝတွင် တရားကလေးများ ပျောက်ကြရစ်လတ့်။

**နတ်ပြည်၌ ပါရမီမတိုး** နတ်ပြည်၌ ကမ္ဘဋ္ဌာန်းထိုင်ဘို့ မဆိုထားနှင့်၊ ဥပုသ်မကျိုးအောင် စောင့်ဘို့ရာပင် အပုံကြီး ခဲယဉ်း၏။ နတ်သမီးတွေ ပွတ်သီးပွတ်သပ် ပြုချက်ကြောင့် သီလပျက်သည်သာများ၏။

စမွေယျနဂါးမင်းတို့ နဂါးပြည်မှာ မကြာမကြာ ဥပုသ်ကျိုးပုံ၊ ဝိဓူရဇာတ်တော်လာ သိကြားမင်းတို့ လူ့ပြည်ဆင်း၍ ဥပုသ်စောင့်ပုံတို့ဖြင့် သိနိုင်ပါသည်။ ထို့ကြောင့်ပင် ဘုရားအလောင်းတော်တို့သည် ပါရမီဖြည့်ခွင့် မရသော နတ်ပြည်မှာ သက်တမ်းစေ့အောင် မနေကြဘဲ (အဓိမုတ္တိကာလံကိရိယာ) ခေါ် စုတေခြင်းတမျိုးဖြင့် မိမိကိုယ်ကို စုတေအောင်ပြုကာ လူ့ပြည်၌သာ ပါရမီ ဖြည့်တော်မူကြသည်။

**မြော်လင့်ဘွယ်** နတ်ပြည်၌ သူတော်ကောင်းစိတ်ဓာတ် စွဲမြဲသူတို့ မြော်လင့်ဘွယ်အချက် အနည်းငယ်ရှိ၏။ ထိုအချက်ကား စူဠာမဏိစေတီတော်နှင့် သုဓမ္မာ ဓမ္မာရုံကြီးပင်တည်း။ စူဠာမဏိစေတီတော်မှာ တယူဇနာမြင့်သော မြသားစေတီတော်ကြီး ဖြစ်သည့်ပြင် ထိုမြသားစေတီတော်၏ အတွင်း၌ ဘုရားလောင်းဘဝက ဆံတော်ဓာတ်နှင့် လကျ်ာစွယ်တော်များ ကိန်းဝပ်တော်မူလျက်ရှိ၏။ သဒ္ဓါတရား ထက်သန်သော နတ်သမီးနတ်သား မောင်မယ်စုံများမှာ အသက်တမ်းလည်းရှည်၊ စိတ်ဓာတ်ကလည်း ကြည်လင်သောကြောင့် (ဥယျာဉ်ထဲ၌ ပျော်ပွဲကျင်းပမည့်အစား) စေတီတော်ကို ပန်းဆီမီးစသော ပူဇော်ဘွယ်များဖြင့် ပူဇော်လျက် ဆုထူးဆုမြတ်ကို ပန်ဆင်ကာ ရသမျှပါရမီ တိုးပွားအောင် ကြိုးစားကြမည်မှာလည်း ယုံမှားစရာ မရှိပါပေ။

**သုဓမ္မာ ဓမ္မာရုံကြီး** သုဓမ္မာ ဓမ္မာရုံကြီး၏ ကြက်သရေမှာ ရေသား၍ ကုန်ဘွယ်မရှိ။ ဓမ္မာရုံ အဆောက်အဉုံ အားလုံး၌ ရတနာအမျိုးမျိုးတို့ကို သူ့နေရာနှင့်သူ သုံးစွဲထား၏။ဓမ္မာရုံအနီး၌ရှိသော ပင်လယ်ကသစ်ပင်မှ ပန်းများလည်း ဓမ္မာရုံအတွင်းသို့ လေညှင်းပို့သဖြင့် နှစ်မြို့စဖွယ် တင့်တယ်စွာ ပျံ့နှံ့လျက်ရှိ၏။ အလယ်ဗဟိုရ် တရားပလ္လင်၌ ထီးဖြူကြီးကို စိုက်ထူထား၏။ တရားပလ္လင်၏ဘေးမှစ၍ သိကြားမင်းနှင့် ပဇာပတိနတ်မင်း ဝရုဏနတ်မင်း ဤသာနနတ်မင်းစသော (မဃလုလင်ဘဝတုန်းက ကောင်းမှုပြုဘက်) ၃၃ ပါးသောနတ်မင်းကြီးများနေရာကို စီစဉ်ထား၏။ ထို့နောက် တန်ခိုးကြီးမားသော နတ်မင်းကြီးများနှင့် မထင်ရှားသော နတ်များအတွက်လည်း သာမန်နေရာတွေ ရှိပေ၏။ (ဤသုဓမ္မာ နတ်သဘင်သည် **အထက်နတ်ပြည် ၄ ထပ်၌လည်း ရှိ**၏)

ဓမ္မာရုံ၌ ဗြဟ္မာပြည်မှ ဆင်းလာသော သနင်္ကုမာရဗြဟ္မာမင်း တရားဟောလေ့ရှိ၏။ တခါတရံ သိကြားမင်းကိုယ်တိုင်ဟော၏။ တခါတရံ တရားဟောကောင်းသော နတ်သားတဦးဦး ဟောတတ်၏။

(သင်္ဂြိုဟ်ဘာသာဋီကာ ၂၉၉–၃၀၀)

**ပထမဈာန် ၃ ဘုံ** မဟာဗြဟ္မာမင်းကြီး၏ အလုပ်အကျွေး လက်အောက်ငယ်သား ဗြဟ္မာတို့ကို "ဗြဟ္မပါရိသဇ္ဇာ" ဟု ခေါ်သည်။ (ပါရိသဇ္ဇာ–ပရိသတ်အရာ၌ဖြစ်ခြင်း)။ မဟာဗြဟ္မာမင်းကြီး၏ မှူးမတ်သဖွယ် ဖြစ်သော ဗြဟ္မာတို့ကို "ဗြဟ္မပုရောဟိတာ"ဟု ခေါ်သည်။ (ပုရောဟိတာ–ရှေ့ကျ၍ မြတ်သော နေရာ၌တည်သူ) ဗြဟ္မာမင်းကြီးကို "မဟာဗြဟ္မာ"ဟု ခေါ်သည်။ မဟာဗြဟ္မာသည် သဟဿဗြဟ္မာ, ဒွိသဟဿဗြဟ္မာ, တိသဟဿဗြဟ္မာ ဟုရှိ၏။ စကြာဝဠာ တထောင်အတွင်း အစိုးရသော ဗြဟ္မာကို "သဟဿဗြဟ္မာ" ဟု ခေါ်သည်။ စကြာဝဠာ နှစ်ထောင်အတွင်း အစိုးရသော ဗြဟ္မာကို "ဒွိသဟဿဗြဟ္မာ" ဟု ခေါ်သည်။ စကြာဝဠာ သုံးထောင်အတွင်း အစိုးရသော ဗြဟ္မာကို "တိသဟဿဗြဟ္မာ" ဟု ခေါ်သည်။

ပထမဈာန်ဗြဟ္မာတို့၏ နေရာဘုံကို "ပထမဈာန်ဘုံ"ဟု ခေါ်သည်။ ပထမဈာန် ၃ ဘုံသည် တပြင်တည်း၌ အညီအညွတ် တည်ကုန်၏။ အဆင့်ဆင့်တည်သည် မဟုတ်ကုန်။ အသက်အရှည်အတိုဘုံဗိမာန်တို့၏ ခန်းနားပုံမှာ ပါရိသဇ္ဇထက် ပုရောဟိတ,က သာလွန်၍ မဟာဗြဟ္မာ,က ပုရောဟိတထက် သာလွန်လေသည်။ မဟာဗြဟ္မာမင်းကြီးမှာ တယောက်တည်း ရှိပုံရသည်။ ဗြဟ္မဇာလသုတ်၌ "ကမ္ဘာတည်သော အခါ မဟာဗြဟ္မာတယောက် ရှေးဦးစွာဖြစ်၍ ထိုမဟာဗြဟ္မာ၏ တောင့်တချက်ဖြင့် အောက်ငယ်သား ဗြဟ္မာများ ရောက်လာကြသည်"ဟု ဆို၏။

ထိုတွင် လူ အိမ်စောင့်နတ် နတ်မင်းကြီး ဤသုံးမျိုးသည် တပြင်တည်း လူပြည်၌ တည်ရှိကြသော်လည်း လူတို့က နတ်တို့ကို မမြင်နိုင်။ အိမ်စောင့်နတ်တို့က နတ်မင်းတို့ကို မမြင်နိုင်ဘဲ နတ်မင်းကြီးတို့ကသာ လူအိမ်စောင့်နတ်တို့ကို မြင်နိုင်၍ အိမ်စောင့်နတ်တို့ကလည်း လူကိုသာ မြင်နိုင်သကဲ့သို့ ထို့အတူ အောက်တန်းဗြဟ္မာတို့ကို အထက်တန်း ဗြဟ္မာတို့ကို မမြင်နိုင်။ မြင်နိုင်လောက်အောင် တမင်္ဂလာရုပ်အကြမ်းကို ဖန်ဆင်း၍ ပြမှသာ မြင်နိုင်သည်။သုမေဓာဗျာဒိတ်ခံသော ဗျာဒိတ်ပွဲကြီး, တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ မြတ်စွာဘုရား ဆင်းကြွတော်မူသော ဒေဝေါရောဟနပွဲကြီး စသည်တို့၌ လူနတ်ဗြဟ္မာတို့ အချင်းချင်း မြင်ကြကုန်သည်မှာ မြတ်စွာဘုရားနှင့် ရဟန္တာတို့၏ တန်ခိုးကြောင့် ဖြစ်သည်။

**ဒုတိယဈာန် ၃ ဘုံ** အထက်ဗြဟ္မာတို့ကဲ့သို့ ကိုယ်ရောင်ကိုယ်ဝါ မကြီးကျယ်၍ သေးငယ်သော ကိုယ်ရောင်ရှိသော ဗြဟ္မာကို "ပရိတ္တာဘာ" ဟု ခေါ်သည်။ (ပရိတ္တ–သေးငယ်၊ အာဘာ–အရောင်)။ အတိုင်းအတာ ပမာဏမရှိအောင် ကိုယ်ရောင်ထွန်းပသော ဗြဟ္မာကို "အပ္ပမာဏာဘာဗြဟ္မာ" ဟု ခေါ်သည်။ (အပ္ပမာဏ–အတိုင်းမရှိ+အာဘာ–အရောင်)။ ရွှန်းရွှန်းစက်စက် အရောင်ထွက်နေသော ဗြဟ္မာကို "အာဘဿရာ"ဟု ခေါ်သည်။ (အာဘာ–အရောင်+သရ–ထွက်)။

ဗြဟ္မာတို့သည် မိမိတို့၏ ဈာနပီတိဖြင့် လွန်စွာပျော်မွေ့ကြ၏။ ထိုပီတိပြည့်လျှမ်းသော ဈာန်အစွမ်းကြောင့်ဖြစ်သော စိတ္တဇရုပ်အပေါင်းဖြင့်လည်း တကိုယ်လုံး၌ ထုံမွမ်းလျက်ရှိသည်။ ထို့ကြောင့် စိတ်ကြည်သလောက် ခန္ဓာကိုယ်မှာလည်း အရောင်တောက်လျက် တလျှပ်လျှပ် ထွက်နေလေသည်။

ဒုတိယစျာန် ၃ ဘုံလည်း ကောင်းကင်တပြင်တည်းမှာပင် တည်၏။ ထိုဗြဟ္မာတို့တွင် အာဘဿရ ဗြဟ္မာသည် ဒုတိယစျာန်ဘုံ၌ (မဟာဗြဟ္မာ) ဗြဟ္မာမင်းတည်း။ အပ္ပမာဏဗြဟ္မာတို့သည် ဗြဟ္မာပုရောဟိတ်တို့ တည်း။ ပရိတ္တာဘာဗြဟ္မာတို့သည် ပါရိသဇ္ဇဗြဟ္မာတို့တည်း။ သို့သော် ပဌမစျာန်ဗြဟ္မာများနှင့် နာမည်ချင်း မရောစေလိုသောကြောင့် ဂုဏ်ထူးအလိုက် ပရိတ္တာဘာ စသော နာမည်ထူးကို ပြထားသည်။

**တတိယစျာန် ၃ ဘုံ** မလှုပ်မယှက် တခဲနက် တောက်ပသည့် အရောင်ကို "သုဘာ"ဟု ခေါ်သည်။ အထက်ဗြဟ္မာများကိုထောက်လျှင် နည်းသော သုဘာရှိသော ဗြဟ္မာကို "ပရိတ္တသုဘာ"ဟု ခေါ်သည်။ (ပရိတ္တ–နည်းသော+သုဘာ–တင့်တယ်သောကိုယ်ရောင်)။ အတိုင်းမသိ တင့်တယ်သော ကိုယ်ရောင်ရှိသောဗြဟ္မာကို "အပ္ပမာဏသုဘာ"ဟု ခေါ်သည်။ တင့်တယ်သော ကိုယ်ရောင်ဖြင့် ရောပြွမ်းသော ဗြဟ္မာကို "သုဘကိဏှာ"ဟု ခေါ်သည်။ (သုဘာ–တင့်တယ်သောကိုယ်ရောင်၊ အာကိဏ္ဏ–ရောပြွမ်း)။

**စတုတ္ထစျာန် ၇ ဘုံ** ပြန့်ပြောကြီးမားသော အကျိုးရှိသောကြောင့် ဝေဟပ္ဖိုလ်ဟု ခေါ်သည်။ (ဝေပုလ–ပြန့်ပြော+ ဖလ–အကျိုး၊ ဝေပုလ မှ ဝေဟပြောင်း)။ သညာနှင့်တကွ စိတ်, စေတသိက် မရှိသော ဗြဟ္မာကို "အသညသတ္တ"ဟု ခေါ်သည်။ (အ–မ၊သညာ–စိတ်စေတသိက်+သတ္တ–သတ္တဝါ)။ အသညသတ်နှင့် ဝေဟပ္ဖိုလ်ဘုံသည် တပြင်တည်း၌ တည်၏။ ထိုသို့တည်ရာ၌ ဝေဟပ္ဖိုလ်ဗြဟ္မာများက နေရာတသန့် အသညသတ် ဗြဟ္မာများက နေရာတသန့်ဟု မဆိုနိုင်။ လူပြည်မှာ အိမ်တွေ ရောနှောသလိုမျိုး ရောနှောနေမည်သာ။

ကိလေသာတို့မှ များစွာ စင်ကြယ်ပြီးသော အနာဂါမ်, ရဟန္တာတို့ နေရာဘုံဗိမာန်ကို "သုဒ္ဓါဝါသ" ဟုခေါ်သည်။ သုဒ္ဓါဝါသဘုံ ၅ ဘုံသည် အထက်အောက် အဆင့်ဆင့်တည်သည်။ (သုဒ္ဓ–စင်ကြယ်+အာဝါသ– နေရာ)။ မိမိနေရာဘုံဌာနကို ခေတ္တခဏ မစွန့်ကြဘဲ ကမ္ဘာပေါင်း အတော်ကြာအောင် တည်နေသဖြင့် "အဝိဟာ" ဟု ခေါ်သည်။ (အ–မ+ဝိဟ–စွန့်)။ မည်သည့်အကြောင်းကြောင့်မျှ မပူပန်ရဘဲ အလွန်အေးမြသော ဗြဟ္မာများကို "အတပ္ပါ"ဟု ခေါ်သည်။ (အ–မ+တပ္ပ–ပူပန်)။ အလွန်လှပတင့်တယ်ကြသဖြင့် ချမ်းသာစွာ ရှုစားအပ်သော (ကြည့်ချင်စရာအလွန်ကောင်းသော) ဗြဟ္မာများကို "သုဒဿာ"ဟု ခေါ်သည်။ (သု– ချမ်းသာ+ဒဿာ–ကြည့်အပ်)။ သူတပါးကို ပကတိစက္ခု ပညာစက္ခုဖြင့် ကောင်းမွန်စွာ ရှုစားတတ်သော ဗြဟ္မာကို "သုဒဿီ"ဟု ခေါ်သည်။ (သု–ကောင်းစွာ+ဒဿီ–ကြည့်တတ်) စည်းစိမ်ချမ်းသာ လွန်စွာကြီးသဖြင့် မည်သည့်ဘက်မဆို သေးငယ်သော သဘောမရှိကြ, အထက်တန်းကျသော ဗြဟ္မာများကို "အကနိဋ္ဌ"ဟု ခေါ်သည်။ (အ–မ၊ကနိဋ္ဌ–သေးငယ်)။

သဒ္ဓိန္ဒြေထက်သူသည် အဓိပတိဘုံ၌ ဖြစ်သည်။ ဝီရိယိန္ဒြေထက်သူသည် အတပ္ပါဘုံ၌, သတိန္ဒြေထက်သူသည် သုဒဿာဘုံ၌, သမာဓိန္ဒြေထက်သူသည် သုဒဿီဘုံ၌, ပညိန္ဒြေထက်သူသည် အကနိဋ္ဌာဘုံ၌ ဖြစ်သည်။

(ပရမတ္ထသံခိပ်ဋီကာ ဒုတွဲ ကောက်နုတ်ချက် ၄၁-၄၇)
(အခြေပြုသင်္ဂြိုဟ်-၃၀၆၊သင်္ဂြိုဟ်ဘာသာဋီကာ-၃၀၁-၃၀၆)

**ဗြဟ္မာ့ စည်းစိမ်** ဤရူပဗြဟ္မာတို့၏ ဥယျာဉ်ဗိမာန် ပဒေသာပင်စသော အသုံးအဆောင်များသည် နတ်ပြည်ထက် ပင် ခန်းနားကြီးကျယ်၏။ ဗြဟ္မာတို့လည်း မိမိတို့ဥယျာဉ် စသည်ကို နှစ်သက်ကြသေး၏။ ဗြဟ္မာပြည်သို့ မရောက်ခင် ဈာန်တရားကို အားထုတ်စဉ်တုန်းကပင် လောကီကာမဂုဏ် စက်ဆုပ်ရွံမုန်းခဲ့ကြသဖြင့် ကာမဘုံသား နတ်အများကဲ့သို့ ကာမချမ်းသာကို မခံစားကြတော့ပေ။ ခံစားဘို့ရာ မိန်းမယောကျ်ား အင်္ဂါများလည်း မပါမရှိချေ။ သို့သော် ပုံသဏ္ဌာန်မှာ ယောကျ်ားပုံဖြစ်သည်။ အားလုံးဗြဟ္မာ တို့၏ နေပုံမှာ တကယ့်ယောဂီပုဂ္ဂိုလ်ကြီးများ နေပုံကဲ့သို့ သန့်ရှင်းစင်ကြယ်လှပေသည်။ တချို့က မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရားများကို ပွားများနေကြ၏။ တချို့ကား ဈာန်သမာပတ် ကို ဝင်စား၍, အရိယာဗြဟ္မာတို့ကမူ ဖလသမာပတ်ကို ဝင်စားလျက် ချမ်းသာအေးမြစွာ နေထိုင်ကြသည်။

**အရူပ ဗြဟ္မာ့ဘုံ** ထိုရူပဗြဟ္မာ့ပြည်၏ အထက်၌ အရူပဗြဟ္မာ့ဘုံများ ၄ ဆင့်ရှိသေး၏။ ဘုံဟု ဆိုရသော်လည်း တကယ့်ဘုံဗိမာန် ရှိတော့သည်မဟုတ်, အာကာသာနဉ္စာယတနဝိပါက် စိတ်စေတသိက်ဖြင့် ပဋိသန္ဓေတည်နေလျက် အဆက်ဆက်ဖြစ်ပွားနေသော နာမ်ခန္ဓာအစဉ်၏ ဖြစ်တည်ရာ ကောင်းကင်ပြင်ကို အာကာသာနဉ္စာယတနဘုံဟု ခေါ်သည်။ ထို့အတူ ဝိညာနဉ္စာယတနဝိပါက် စိတ်စေတသိက်ဖြင့် ပဋိသန္ဓေ စ,တည်နေလျက် အဆက်ဆက်ဖြစ်ပွားနေသော နာမ်ခန္ဓာအစဉ်၏ ဖြစ်တည်ရာ ကောင်းကင်ပြင်ကို ဝိညာနဉ္စာယတနဘုံဟု ခေါ်သည်။ ဤသို့စသည်ဖြင့် အာကိဉ္စညာယတနဘုံ နေဝသညာ နာသညာယတနဘုံတို့ကိုလည်း သိပါ။ (သင်္ဂြိုဟ်ဘာသာဋီကာ-၃၀၆)

## ၃၁ ဘုံရှိ သတ္တဝါတို့၏ သက်တမ်း

## ကာမပုဂ္ဂိုလ်တို့ သက်တမ်း

အပါယ်ဘုံသား, လူ, ဝိနိပါတိကအသုရာ, ဘုမ္မဇိုဝ်းနတ်, ရုက္ခဇိုဝ်းနတ်တို့၏ သက်တမ်းသည် အမြဲမရှိ။ တချို့ တရက် တနံနက် တခဏမျှ အသက်ရှည်၏။ အချို့ နှစ်ပေါင်း အသင်္ချေတိုင်အောင် ကြာ၏။ စာတုမဟာရာဇ် ဘုံကြီးသား နတ်များ၏ အသက်ပမာဏကား ထိုစာတုမဟာရာဇ် နတ်တို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း ငါးရာကြာ၏။ စာတုမဟာရာဇ်နတ်တို့၏ တရက်သည် လူတို့၏ အနှစ် ၅၀ အချိန်ကာလနှင့် ညီမျှ၏။ သို့ဖြစ်၍ လူ့အရေအတွက်အားဖြင့်ကား နှစ်ပေါင်း ကိုးသန်း ကြာ၏။

တာဝတိံသာနတ်သက်ကား စာတုမဟာရာဇ်နတ်သက်ထက် လေးဆတက်မျှ ရှည်၏။ ထို့ကြောင့် တာဝတိံသာနတ်သက်ကို စာတုမဟာရာဇ်တို့ တွက်ကိန်းဖြင့်တွက်လျှင် (၅၀၀–ကို ၄–ဖြင့်မြှောက်) နှစ်ပေါင်းနှစ်ထောင် ကြာ၏။ သို့သော် ပင်ကိုယ်က တာဝတိံသာနတ်တို့ နေတာညည့်တာသည် စာတုမဟာရာဇ်နတ်တို့၏ နေ့တာညည့်တာထက် နှစ်ဆလောက်ရှည်၏။ ဥပမာ စာတုမဟာရာဇ်၌ တနေ့တညည့်သည် ၂၄–နာရီခန့်ကြာလျှင် တာဝတိံသာ၌ တနေ့တညည့်သည် ၄၈–နာရီခန့် ကြာလိမ့်မည်။ ထို့ကြောင့် တာဝတိံသာနတ်တို့၏ တွက်ကိန်းဖြင့် တွက်ရလျှင် နှစ်ပေါင်းတထောင်သာ ကြာသည်။ လူတို့တွက်ကိန်းဖြင့် ယခင် ၉–သန်းကို ၄–ဖြင့် မြှောက်၊ ၃–ကုဋေ ၆–သန်း ကြာသည်။

ယာမာနတ်သက်ကား တာဝတိံသာနတ်သက်ထက် လေးဆတက်မျှ ရှည်၏။ ၁၀၀၀, ၄–ဆတက်, ၄၀၀၀ ဖြစ်သည်။ သို့သော် ယာမာနတ်တို့၏ နေ့တာညည့်တာသည် တာဝတိံသာနတ်တို့၏ နေ့တာညည့်တာထက် ပင်ကိုယ်က နှစ်ဆလောက်ရှည်သောကြောင့် ယာမာနတ်သက်ကို ယာမာတို့၏ တွက်ကိန်းဖြင့် ရေတွက်လျှင် နှစ်ပေါင်း(၂၀၀၀)နှစ်ထောင်သာ ကြာသည်။ လူတို့၏ တွက်ကိန်းဖြင့်ရေတွက်လျှင် နှစ်ပေါင်း ၁၄–ကုဋေ ၄–သန်း ကြာ၏။

တုသိတာနတ်သက်ကား ယာမာနတ်သက်ထက် ၄–ဆတက်မျှ ရှည်၏။ ထို့ကြောင့် တုသိတာ နတ်သက်သည် တုသိတာနတ်တို့၏ တွက်ကိန်းဖြင့် နှစ်ပေါင်း(၄၀၀၀)လေးထောင်, လူတို့ တွက်ကိန်းဖြင့် နှစ်ပေါင်း ၅၇–ကုဋေ ၆–သန်း ကြာသည်။

နိမ္မာနရတိ နတ်သက်သည် တုသိတာနတ်သက်ထက် လေးဆတက်ရှည်ရကား နိမ္မာနရတိနတ်တို့၏ တွက်ကိန်းဖြင့် နှစ်ပေါင်း (၈၀၀၀) ရှစ်ထောင်, လူတို့တွက်ကိန်းဖြင့် နှစ်ပေါင်း ၂၃၀–ကုဋေ ၄–သန်းကြာသည်။

ပရနိမ္မိတဝသဝတ္တီနတ်သက်သည် နိမ္မာနရတိနတ်သက်ထက် လေးဆတက်ရှည်ရကား ပရနိမ္မိတဝသဝတ္တီနတ်တို့၏ တွက်ကိန်းဖြင့် နှစ်ပေါင်း (၁၆၀၀၀) တသောင်းခြောက်ထောင်, လူတို့တွက်ကိန်းဖြင့် နှစ်ပေါင်း ၉၂၁-ကုဋေ ၆-သန်းကြာသည်။

| နတ်ဘုံ | နတ်တွက်ကိန်းအသက် | လူ့တွက်ကိန်းအသက် |
|---|---|---|
| စာတုမဟာရာဇ် | ၅၀၀ | ၉၀၀၀,၀၀၀ |
| တာဝတိံသာ | ၁၀၀၀ | ၃၆,၀၀၀,၀၀၀ |
| ယာမာ | ၂၀၀၀ | ၁၄၄,၀၀၀,၀၀၀ |
| တုသိတာ | ၄၀၀၀ | ၅၇၆,၀၀၀,၀၀၀ |
| နိမ္မာနရတိ | ၈၀၀၀ | ၂၃၀၄,၀၀၀,၀၀၀ |
| ပရနိမ္မိတဝသဝတ္တီ | ၁၆၀၀၀ | ၉၂၁၆,၀၀၀,၀၀၀ |

(အခြေပြုသင်္ဂြိုဟ်-၂၇၂-၂၇၅)

စာတုမဟာရာဇ်နတ် ၁-ရက် = လူအနှစ် ၅၀

၅၀၀ စာတုမဟာရာဇ်နတ်သက်
x ၃၆၀ တနှစ်၏ ရက်ပေါင်း
၁၈၀၀၀၀ (စာတုမဟာရာဇ်နတ်ရက်)
x ၅၀ လူအနှစ်
၉၀၀၀၀၀၀ လူ့တွက်ကိန်း စာတုမဟာရာဇ်နတ်သက်

တာဝတိံသာ ၁-ရက် = စာတုမဟာရာဇ် ၂-ရက်

၁၀၀၀ တာဝတိံသာ နတ်သက်
x ၃၆၀ တနှစ်၏ ရက်ပေါင်း
၃၆၀၀၀၀ (တာဝတိံသာနတ်ရက်)
x ၂ စာတုမဟာရာဇ် နတ်တွက်ကိန်း
၇၂၀၀၀၀ စာတုမဟာရာဇ်တွက်ကိန်း တာဝတိံသာနတ်သက်
x ၅၀ လူအနှစ်
၃၆၀၀၀၀၀၀ လူ့တွက်ကိန်း တာဝတိံသာနတ်သက်

## ကမ္ဘာတည်ပုံပျက်ပုံအကျဉ်း

♠ အာယု, အန္တရာ၊ အသင်္ချာ၊ မဟာ ၄-မျိုးကပ်။

ပျက်စီးခြင်းသို့ ရောက်တတ်သောကြောင့် “ကပ္ပ=ကပ်” မည်၏။ ကပ်သည် အာယုကပ်၊ အန္တရကပ်၊ အသင်္ချေယျကပ်၊ မဟာကပ်ဟူ၍ လေးမျိုးရှိ၏။ သတ္တဝါတို့၏ ကာလအလိုက် ဘုံအလိုက် သက်တမ်းကို အာယုကပ်ဟု ဆိုသည်။ (အာယု=အသက်)။ လူတို့၌ အသက် အသင်္ချေတမ်းမှသည် ဆယ်နှစ်တမ်းတိုင်အောင် ဆုတ်၍ တဖန်တက်ပြန်သဖြင့် အသင်္ချေတမ်းသို့ တပတ်ဆိုက်သည်ကို အန္တရကပ် တခုဟု ဆိုသည်။ (အန္တရ-အကြား,ကြား)။ ထိုအန္တရကပ်ပေါင်း ၆၄-ပြန်သည် အသင်္ချေယျကပ် ဖြစ်သည်။ (အသင်္ချေယျ=မရေမတွက်နိုင်)။

♠ သံ, ဝိဝဋ္ဋ်တွင်၊ ဌာယီယှဉ်၊ သင်္ချေလေးလီမှတ်။

ထိုအသင်္ချေယျကပ်သည် သံဝဋ္ဋကပ်, သံဝဋ္ဋဋ္ဌာယီကပ်, ဝိဝဋ္ဋကပ်, ဝိဝဋ္ဋဋ္ဌာယီကပ် ဟူ၍ လေးမျိုးရှိသည်။

♠ ပျက်, တည်, ဖြစ်, တည်၊ အစဉ်လည်၊ လေးမည် အနက်ဟပ်။

သံဝဋ္ဋကား ပျက်ဆဲတည်း။ သံဝဋ္ဋဋ္ဌာယီကား ပျက်ပြီးအတိုင်း တည်နေခြင်းတည်း။ ဝိဝဋ္ဋကား ဖြစ်ပွားဆဲတည်း။ ဝိဝဋ္ဋဋ္ဌာယီကား ဖြစ်ပွားပြီးသည့်အတိုင်း တည်နေခြင်းတည်း။ ဤသို့ အမည်လေးမျိုးကို အဓိပ္ပါယ်လေးမျိုးနှင့် တွဲစပ် သိပါ။ ပျက်စီးတတ်သောကြောင့် သံဝဋ္ဋ မည်၏။ ထင်ရှားဖြစ်ပေါ်တတ်သော ကြောင့် ဝိဝဋ္ဋ မည်၏။ တည်ရှိနေတတ်သောကြောင့် ဌာယီ မည်၏။

♠ သင်္ချေလေးဖြာ၊ အပေါင်းမှာ၊ မဟာကမ္ဘာမှတ်။

ထိုမဟာကမ္ဘာကြီးတခု၏ အချိန်ကာလ ပမာဏကား အလျား အနံ အစောက် တယူဇနာရှိသော မုန့်ညှင်းစေ့ပုန်းကြီးမှ အနှစ်တရာတွင် တစေ့ယူ၍ ပစ်ခဲ့သော် ထိုမုန့်ညှင်းစေ့ပုန်း ကုန်လေရာ၏။ တခုသော မဟာကမ္ဘာကြီးကား မကုန်လေရာ။ ဤမျှလောက် ကြာမြင့်ရှည်လျား၏ဟု ဟောတော်မူသည်။

တနည်း အလျား အနံ အစောက် တယူဇနာရှိသော ကျောက်တောင်ကြီးကို အနှစ်တရာမှ တခါ ဝါဂွမ်းနှင့်ပွတ်သဖြင့် ထိုကျောက်တောင်ကြီးသည်သာ ကုန်လေရာ၏။ တခုသော မဟာကမ္ဘာကြီးမူကား မကုန်လေရာ ဟူ၍လည်း ဟောတော်မူသည်။

ဤမဟာကမ္ဘာကြီးတခုကို ၄–ဖို့ပြု၊ ပဌမအဖို့ကား သံဝဋ္ဋကပ် တည်း။ ဒုတိယအဖို့ကား သံဝဋ္ဋဌာယီကပ် တည်း။ တတိယအဖို့ကား ဝိဝဋ္ဋကပ် တည်း။ စတုတ္ထအဖို့ကား ဝိဝဋ္ဋဌာယီကပ် တည်း။

♠ မီးခုနှစ်တန်၊ ရေတတန်၊ ရှစ်ပြန်ဆုံးလေဓာတ်။

မီးဖျက်သော မဟာကမ္ဘာကြီးချည်း ၇–ကမ္ဘာတည်း။ ရှစ်ခုမြောက်တွင် ရေဖျက်သော မဟာကမ္ဘာကြီး တခု ညှပ်၏။ တဖန် မီး မဟာကမ္ဘာကြီး ၇၊ ရေ မဟာကမ္ဘာကြီး ၁၊ ဤသို့ ရှစ်ခုပေါင်း ရှစ်ပြန်ရှိလတ်သော် ၆၄–ကမ္ဘာရှိ၏။ ထို ၆၄ ကမ္ဘာတွင် နောက်ဆုံးကမ္ဘာကား လေဓာတ်ဖျက်သော မဟာကမ္ဘာကြီးတည်း။

♠ ပ, ဒု, တ, ထွေ၊ ဈာန်ဘုံဗွေ၊ မီး, ရေ, လေ နယ်မှတ်။

မီးဖျက်သောအခါ အောက်မဟာပထဝီမှစ၍ ပဌမဈာန် ၃–ဘုံ အကုန်ပါလေသည်။ ရေဖျက်သောအခါ ပဌမဈာန် ၃–ဘုံ, ဒုတိယဈာန် ၃–ဘုံ အကုန်ပါလေသည်။ လေဖျက်သောအခါ ပဌမဈာန် ၃–ဘုံ ဒုတိယဈာန် ၃–ဘုံ, တတိယဈာန် ၃–ဘုံ အကုန်ပါလေသည်။

## ဇာတိခေတ် အာဏာခေတ် ဝိသယခေတ်

♠ ဇာတိ, အာဏာ၊ ဝိသယာ၊ သုံးဖြာ လောကဓာတ်
သောင်း, သိန်း–ကုဋေ၊ အသင်္ချေ၊ သုံးထွေ အစဉ်ဟပ်။
ဖြစ်ပျက်နှစ်ဖြာ၊ အတူမှာ၊ အာဏာခေတ်ဟုမှတ်။

ဇာတိခေတ်သည် စကြာဝဠာတသောင်း ကျယ်ပြန့်သည်။ အာဏာခေတ်သည် စကြာဝဠာ ကုဋေတသိန်း ကျယ်ပြန့်သည်။ ဝိသယခေတ်သည် စကြဝဠာအသင်္ချေဖြစ်သည်။ ဘုရားလောင်းတို့ ပဋိသန္ဓေတည်နေသော အခါ စသည်တို့၌ ဇာတိခေတ်တခုလုံး တပြိုင်နက် တချက်တည်း နိမိတ်ပြသည်။ ရတနသုတ်စသော ပရိတ်တော်အာဏာတော်တို့သည် အာဏာခေတ်တခုလုံး ပြန့်နှံ့သည်။ စကြာဝဠာ အသင်္ချေသည် သဗ္ဗညုတ ဉာဏ်တော်၏ ပျံ့နှံ့ကျက်စားရာ အာရုံ(ဝိသယ)ခေတ်ဖြစ်သည်။ (ခေတ္တ–ခေတ်,အပိုင်းအခြား)

သမုဒ္ဒရာကြီးလေးစင်း ကျွန်းကြီးလေးကျွန်း မြင်းမိုရ်တောင် တတောင်ဟု ဆိုအပ်သော လောကဓာတ်ကို တံတိုင်းပမာ ရစ်ဝိုင်းကာရံလျက်ရှိသော တောင်ကို စကြာဝဠာတောင်ဟု ခေါ်သည်။ စကြာဝဠာတောင်ဖြင့် ထက်ဝန်းကျင် ပိုင်းရားအပ်သော သမုဒ္ဒရာကြီးလေးစင်း ကျွန်းကြီးလေးကျွန်း မြင်းမိုရ်တောင် တတောင်

ပါဝင်သော လ, နေ နက္ခတ် တာရာတို့၏ လှည့်လည်သွားလာရာ လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့၏ နေထိုင်ရာအရပ်ဒေသကို စကြာဝဠာတခု, စကြာဝဠာတိုက်တခု, လောကဓာတ်တခုဟု ခေါ်သည်။

(လယ်တီပရမတ္ထသံခိပ်ကျမ်း ၁၂၄–၁၂၇)

(တိပိဋက ပါဠိမြန်မာအဘိဓာန် အတွဲ ၇၊ စာမျက်နှာ ၃၀)

(ကမ္ဘာဖြစ်ပုံပျက်ပုံကို အကျယ်သိလိုမူ သင်္ဂြိုဟ်ဘာသာဋီကာ ၃၁၉–၃၃၁, ပဏ္ဍိတဝေဒနီယကျမ်း ၁၇၈–၂၀၂, ပရမတ္ထသံခိပ်ဋီကာ ဒုတွဲ ၆၇–၇၇ တို့၌ ကြည့်ရှု လေ့လာပါ)

## စကြာဝဠာ မဆုံးနိုင်ပုံ

ရုပ်ခန္ဓာရှိသော သတ္တဝါတို့တွင် အထက်တန်းအကျဆုံး သတ္တဝါသည် အကနိဋ္ဌဗြဟ္မာဖြစ်သည်။ အကနိဋ္ဌ သက်တမ်းသည် မဟာကပ် ၁၆၀၀၀ ဖြစ်သည်။ "ဒဋ္ဌဓမ္မဓနုဂ္ဂဟ"ခေါ်သော လေးတော်သားတယောက်သည် အလွန်ပေ့ါသောမြားဖြင့် ထန်းပင်ရိပ်ကို ကန့်လန့်ဖြတ် လွန်အောင် ပစ်သောအခါ ထန်းပင်ရိပ်တရိပ်ကို မြားလွန်သွားရာ အချိန်အခါသည် ဘာလောက်မျှမကြာ၊ သို့ရာတွင် 'တစက္ကန့်မျှ ကြာသည်' ဟု ဆိုကြစို့။ ထိုမျှလောက် အချိန်ကလေးဖြင့် စကြာဝဠာတသိန်းကို လွန်သွားအောင်ပြေးနိုင်သော အဟုန်ရှိသော အကနိဋ္ဌဗြဟ္မာကြီးတို့သည် စကြာဝဠာအဆုံးကို ကြည့်ကြကုန်အံ့ဟု ကြံ၍ ပြေးသွားလျှင် ဗြဟ္မာအသက်တမ်းစေ့၍ ပရိနိဗ္ဗာန်စံရမည်သာ။ စကြာဝဠာအဆုံးကိုကား မတွေ့နိုင်ပါ။

(ဌနီဘာဋီ ဒု ၄၄၃)

## ဗြဟ္မာတို့၏သက်တမ်း

၁။ ဗြဟ္မပါရိသဇ္ဇာသက်တမ်းသည် အန္တရကပ် ၂၁–ကပ် ကြာသည်။
(ယခုတည်ဆဲကပ်သည် ဝိဝဋ္ဋဋ္ဌာယီကပ် ဖြစ်သည်။ ဝိဝဋ္ဋဋ္ဌာယီကပ်တွင် အန္တရကပ် ၆၄–ကပ် ဖြစ်သည်။ ဗြဟ္မပါရိသဇ္ဇာသည် ဝိဝဋ္ဋဋ္ဌာယီကပ်၏ သုံးပုံ တပုံ အသက်ရှည်သည်။)
၂။ ဗြဟ္မပုရောဟိတာသည် အန္တရကပ် ၃၂–ကပ် အသက်ရှည်သည်။
၃။ မဟာဗြဟ္မာသည် ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် ၁–ကပ် အသက်ရှည်သည်။
၄။ ပရိတ္တာဘာသည် မဟာကပ် ၂–ကပ် အသက်ရှည်သည်။
၅။ အပ္ပမာဏာဘာသည် မဟာကပ် ၄–ကပ် အသက်ရှည်သည်။
၆။ အာဘဿရာသည် မဟာကပ် ၈–ကပ် အသက်ရှည်သည်။
၇။ ပရိတ္တသုဘာသည် မဟာကပ် ၁၆–ကပ် အသက်ရှည်သည်။
၈။ အပ္ပမာဏသုဘာသည် မဟာကပ် ၃၂–ကပ် အသက်ရှည်သည်။
၉။ သုဘကိဏှာသည် မဟာကပ် ၆၄–ကပ် အသက်ရှည်သည်။
၁၀။ ဝေဟပ္ဖိုလ် သက်တမ်းသည် မဟာကပ် ၅၀၀ ဖြစ်သည်။

၁၁။ အသညသတ် သက်တမ်းလည်း မဟာကပ် ၅၀၀ ဖြစ်သည်။
၁၂။ အဝိဟာ သက်တမ်းသည် မဟာကပ် ၁၀၀၀ ဖြစ်သည်။
၁၃။ အတပ္ပါ သက်တမ်းသည် မဟာကပ် ၂၀၀၀ ဖြစ်သည်။
၁၄။ သုဒဿာ သက်တမ်းသည် မဟာကပ် ၄၀၀၀ ဖြစ်သည်။
၁၅။ သုဒဿီ သက်တမ်းသည် မဟာကပ် ၈၀၀၀ ဖြစ်သည်။
၁၆။ အကနိဋ္ဌ သက်တမ်းသည် မဟာကပ် ၁၆၀၀၀ ဖြစ်သည်။
၁၇။ အာကာသာနဉ္စာယတန သက်တမ်းသည် မဟာကပ် ၂၀၀၀၀ ဖြစ်သည်။
၁၈။ ဝိညာနဉ္စာယတန သက်တမ်းသည် မဟာကပ် ၄၀၀၀၀ ဖြစ်သည်။
၁၉။ အာကိဉ္စညာယတန သက်တမ်းသည် မဟာကပ် ၆၀၀၀၀ ဖြစ်သည်။
၂၀။ နေဝသညာနာသညာယတန သက်တမ်းသည် မဟာကပ် ၈၄၀၀၀ ဖြစ်သည်။

## အောက်ဗြဟ္မာများ သက်တမ်းလျော့နိုင်

လူပ်ရှားယိမ်းယိုင်တတ်သော သောမနဿဈာန်တို့ကြောင့်ဖြစ်ကုန်သော ပထမဈာန်ဘုံ ဒုတိယဈာန်ဘုံ တတိယဈာန်ဘုံ အပြင်တို့သည် ကမ္ဘာကို ဖျက်စီးတတ်ကုန်သော မီး ရေ လေတည်းဟူသော အန္တရယ်တို့ကြောင့် မြေကြီးနှင့် အတူတကွပင် ပျက်စီးခြင်းသို့ ရောက်ကြရကုန်၏။ ထို့ကြောင့် ထိုအောက်ဗြဟ္မာဘုံတို့၌ ကောင်းမှု၏အကျိုးသည် ခိုင်မြဲတည်တံ့သည်ဟူ၍ မရှိ။ လှုပ်ရှားသည်မည်ကုန်၏။ ထိုစကားမှန်၏။ အောက်ဗြဟ္မာဘုံတို့တွင် အသက်အရှည်ဆုံးသော သုဘကိဏှာဘုံ ဗြဟ္မာတို့၏ အသက်သည် ၆၄–ကမ္ဘာ ရှိကုန်၏။ ထို ၆၄–ကမ္ဘာဆိုသော စကားကိုလည်း ထိုသုဘကိဏှာဘုံ၌ အစစွာ ဘုံတည်လျှင်တည်ခြင်းဖြစ်သော အာဒိကပ္ပိက ဗြဟ္မာတို့ကိုသာ ရည်ရွယ်၍ ဆိုအပ်လေသည်။ နောက်နောက်၌ ဖြစ်ကုန်သော သုဘကိဏှာဗြဟ္မာတို့၏ အသက်သည်မူကား ၆၃–ကမ္ဘာ၊ ၆၂–ကမ္ဘာ၊ ကမ္ဘာ–၆၀၊ ကမ္ဘာ–၅၀ စသည်ဖြင့် ယုတ်လျော့လေရာ၏။ ထို့ကြောင့် ထိုအောက်ဗြဟ္မာတို့၏ အသက်တမ်းသည် ကံစွမ်းရှိသလောက် မရှည်နိုင်ကြချေ။ လှုပ်ရှားသော ကံအကျိုး ရှိကြသည်မည်၏။

ဥပေက္ခာနှင့်ယှဉ်သော ပဉ္စမဈာန်ကြောင့် ဖြစ်ကြကုန်သော ဝေဟပ္ဖိုလ်စသော ဗြဟ္မာတို့၏ အသက်သည်မူကား လျော့တုံဆုတ်တုံဟူ၍ မရှိပြီ။ ထိုပဉ္စမဈာန်ဗြဟ္မာတို့၏ဖြစ်ရာ ဝေဟပ္ဖိုလ်စသော ဘုံတို့မှာ ကမ္ဘာကို ဖျက်ဆီးတတ်သော မီးစသော အန္တရာယ်တို့လည်း မရှိကြလေကုန်။ ထို့ကြောင့် ထိုဘုံ၌ ဖြစ်ကြသော ဗြဟ္မာတို့သည် ကမ္ဘာငါးရာဆိုလျှင် ယုတ်လျော့သည်ဟူ၍ မရှိ။ ငါးရာတိတိ အသက်ရှည်ကြလေကုန်သည်။ ထို့ကြောင့် ဝေဟပ္ဖိုလ်စသောဘုံတို့၌ ကံအကျိုးသည် လှုပ်ရှားသည် မမည်ချေ။ ကြီးပွားနိုင်သလောက် ကြီးပွားသည်မည်၏။ ခိုင်ခံ့နိုင်သလောက် ခိုင်ခံ့သည် မည်၏။ ထို့ကြောင့် "မတုန်မလှုပ် ကြီးပွားခိုင်ခံ့သော ကုသိုလ်အကျိုးရှိ၍ ဝေဟပ္ဖိုလ်"ဟု ဆိုသည်။ (ပရမတ္ထသံခိပ်ဋီကာ၊ ဒုတိယတွဲ၊ ၄၆)

## ကံအကြောင်း

### အလုပ်ကွဲပြား ကံ ၄-ပါး

♠ ပဋိသန္ဓိ၊ ပဝတ္တိ၊ ဝိပါက် ကဋတ္တာ။
ဖြစ်ပွားစေမှု၊ ကျေးဇူးပြု၊ ကု, ကု ဇနကာ။

အကျိုးသည် ပဋိသန္ဓေအခါ၌ ရှေးဦးစွာ ဖြစ်ပေါ်သော ပဋိသန္ဓေ ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ်, အကျိုးတမျိုး၊ ပဋိသန္ဓေအခါမှ နောက် ပဝတ္တိအခါ၌ ဖြစ်သော ပဝတ္တိ ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ်, အကျိုးတမျိုး ဟူ၍ နှစ်မျိုးရှိ၏။ (ကမ္မဇရုပ်ကို ကဋတ္တာ ရုပ်ဟု ခေါ်သည်၊ ကံက ပြုအပ်-ဖြစ်စေအပ်ကုန်သော ရုပ်များဟု ဆိုလိုသည်။ ကဋတ္တာ=ကံကို ပြုအပ်ပြီးသည်အဖြစ်) ထိုအကျိုး နှစ်မျိုးကို ဖြစ်စေတတ်သော ကုသိုလ်ကံ အကုသိုလ်ကံသည် **ဇနကကံ** မည်၏။

♠ ထောက်ပန့်သမှု၊ ကျေးဇူးပြု၊ ဥပတ္ထမ္ဘကာ။

ကံကိုလည်းကောင်း, ကံ၏ အကျိုးကိုလည်းကောင်း အားရှိလေအောင် ထောက်ပန့်သမှု ကျေးဇူးပြုသော ကုသိုလ်ကံ အကုသိုလ်ကံသည် **ဥပတ္ထမ္ဘကကံ** မည်၏။ (ဥပတ္ထမ္ဘက=ထောက်ပန့်တတ်သောကံ)

♠ နှိက်စက်ညှင်းပန်း၊ ညှိုးနွမ်းစေမှု၊ ဖိစီးပြု၊ ဥပပီဠကာ။

ကံကိုလည်းကောင်း, ကံ၏ အကျိုးကိုလည်းကောင်း ဆုတ်ယုတ်လျော့ပါး ညှိုးနွမ်းလောက်အောင် နှိက်စက်ညှင်းပန်းဖိစီးသော ကုသိုလ်ကံ အကုသိုလ်ကံသည် **ဥပပီဠကကံ** မည်၏။

(ဥပပီဠက=ကပ်၍နှိက်စက်တတ်သော)

♠ ပြတ်ဆုံးစေမှု၊ အတင်းပြု၊ ဥပဃာတကာ။

ကံကိုလည်းကောင်း ကံ၏ အကျိုးကိုလည်းကောင်း အပြီးပြတ်ဆုံးအောင် အတင်းသတ်ဖြတ်သော ကုသိုလ်ကံ အကုသိုလ်ကံသည် **ဥပဃာတကကံ** မည်၏။ (ဥပဃာတက=ကပ်၍ဖျက်ဆီးတတ်)

ယေဘုယျအားဖြင့် သုဂတိဘုံ၌ ထောက်ပန့်မှုမှာ ကုသိုလ်ကံတည်း။ နှိက်စက်မှု သတ်ဖြတ်မှုတို့မှာ အကုသိုလ်ကံတည်း။ ဒုဂ္ဂတိဘုံ၌ကား ထောက်ပန့်မှုမှာ အကုသိုလ်ကံတည်း။ နှိက်စက်မှု သတ်ဖြတ်မှုတို့မှာ ကုသိုလ်ကံတည်း။ နှိက်စက်သတ်ဖြတ်မှု ဆိုသည်မှာလည်း သတ္တဝါတို့ကို နှိက်စက်သတ်ဖြတ်သည် ဆိုလိုရင်းမဟုတ်။ ကုသိုလ်ကံကို အကုသိုလ်ကံက နှိက်စက်သတ်ဖြတ်သည်, အကုသိုလ်ကံကို ကုသိုလ်ကံက နှိက်စက်သတ်ဖြတ်သည်ဟု ဆိုလိုသည်။ (လယ်တီပရမတ္ထသံခိပ်ကျမ်း ၁၂၉-၁၃၁)

## ကိစ္စကံ ၄–မျိုး အကျယ် ဖွင့်ဆိုချက်

ကံသည် ကိစ္စအစွမ်းအားဖြင့် ဇနကကံ, ဥပတ္ထမ္ဘကကံ, ဥပပီဠကကံ, ဥပဃာတကကံ အားဖြင့် လေးမျိုးရှိ၏။

ထိုတွင် ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ဝိပါက်နာမက္ခန္ဓာ, ကမ္မဇရုပ်, ကမ္မပစ္စယဥတုဇရုပ်တို့ကို ဖြစ်စေနိုင်သောကုသိုလ်, အကုသိုလ်ကံသည် ဇနကကံမည်၏။ ယင်းဇနကကံသည် ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ်, စေတသိက်, ကမ္မဇရုပ်ကလာပ်များကိုလည်းကောင်း, နတ်ပြည်၌ နတ်တို့၏ ဘုံဗိမာန်, ငရဲပြည်၌ သင်ခုန်းစက်စသော ကမ္မပစ္စယဥတုဇရုပ်များကိုလည်းကောင်း ဖြစ်စေသည်။ ပဝတ္တိအခါ ဒွေပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ တဒါရုံ၊ မဟာဝိပါက်စသော နာမ်ဝိပါက်များကိုလည်းကောင်း ခဏတိုင်း ခဏတိုင်း ကမ္မဇရုပ်များကို ဖြစ်စေ၏။

အကုသိုလ်ဇနကံကြောင့် တိရိစ္ဆာန်ဘုံ၌ နဂါးဂဠုန်စသည် ဖြစ်ရသော်လည်း ပဝတ္တိအခါ၌ လုပသော အဆင်းနှင့် ဘုံဗိမာန်ရရှိအောင် ပဝတ္တိကုသိုလ်ဇနကကံက ဖြစ်စေနိုင်သည်။ ကုသိုလ်ဇနကကံကြောင့် လူ့ဘုံနတ်ဘုံ၌ ဖြစ်ရသော်လည်း ပဝတ္တိအခါ ရုပ်ဝါအဆင်း လုပခြင်း မရှိအောင်, ဝေမာနိကပြိတ္တာကဲ့သို့ နေ့၌ချမ်းသာသုခ ခံစားရသော်လည်း ညည့်၌ ဆင်းရဲဒုက္ခခံရအောင် ပဝတ္တိအကုသိုလ်ဇနကကံက ဖြစ်စေသည်။

ကမ္မပထမြောက်သောဇနကကံသည် ပဋိသန္ဓေကျိုး ပဝတ္တိကျိုး နှစ်မျိုးလုံးကို ပေးစွမ်းနိုင်သည်။ ကမ္မပထမမြောက်သော ဇနကကံသည် ပဋိသန္ဓေကျိုးကို မပေးနိုင်။ ပဝတ္တိကျိုးကိုသာ ပေးစွမ်းနိုင်သည်။ "ဇနကကံသည် ပဋိသန္ဓေကျိုးကိုသာ ပေးနိုင်သည်။ ပဝတ္တိကျိုးကို မပေးနိုင်"ဟုလည်း ဆိုကြသေး၏။

ဇနကကံသည် ပဋိသန္ဓေကျိုး ပဝတ္တိကျိုးကို ပေးရာ၌ **ကံတခုသည် တကြိမ်တခါသာ ပဋိသန္ဓေကျိုးကို ပေးစွမ်းနိုင်**[၁]သည်။ အကြိမ်များစွာ ပဋိသန္ဓေကျိုးကို မပေးစွမ်းနိုင်။ **ပဝတ္တိကျိုးကိုကား ဘဝအရာ ဘဝအထောင် ပေးနိုင်**သည်။ သူ့အသက်တကြိမ်သတ်မှု, ဆွမ်းတကြိမ်လှူမှုစသော အကုသိုလ် ကုသိုလ်ကံကြောင့် အပါယ်ဘုံ လူ့ဘုံ နတ်ဘုံတို့၌ ထပ်ကာထပ်ကာ အကြိမ်များစွာ ဖြစ်ရခြင်းသည် **ပုဗ္ဗစေတနာ အပရစေတနာတို့၏ အစွမ်းသတ္တိကြောင့်ပင်** ဖြစ်ပေသည်။

---

၁ တဝီထိမှာပါတဲ့ သတ္တမဇောက ပဋိသန္ဓေကျိုးပေးပြီးရင် အလယ်ဇောငါးချက်က ပဋိသန္ဓေကျိုး မပေးတော့။ သတ္တမဇောက ပဋိသန္ဓေကျိုး မပေးလျှင် အလယ်ဇောငါးချက်တွင် တချက်ကသာ ပဋိသန္ဓေကျိုးပေးလေသည်။

ဇနကကံကိုလည်းကောင်း, ဇနကကံသည် ဖြစ်စေအပ်သော အကျိုးကိုလည်းကောင်း ကူညီထောက်ပန့်တတ်သော ကုသိုလ်အကုသိုလ်စေတနာသည် ဥပတ္ထမ္ဘကကံမည်၏။

ထိုဥပတ္ထမ္ဘကကံသည် ဇနကကံကို အကျိုးပေးခွင့် ရအောင်လည်း ထောက်ပန့်သည်။ ဇနကကံ၏ အကျိုးကို ကြာရှည်စွာ တည်တန့်အောင်လည်း ကူညီထောက်ပန့်သည်။ မရဏာသန္န(သေခါနီး)အခါ ကုသိုလ်ဇောစောလျှင် နောက်ဘဝ၌ ကုသိုလ်ဇနကကံ အကျိုးပေးခွင့်ရအောင် ကူညီထောက်ပန့်သည်။ အကုသိုလ်ဇောစောလျှင် နောက်ဘဝ၌ အကုသိုလ်ဇနကကံ အကျိုးပေးခွင့်ရအောင် ထောက်ပန့်သည်။ ပဝတ္တိအခါ၌လည်း ကုသိုလ်တရားတို့ကို များစွာပြုလုပ်နေလျှင် ရှေးရှေးက ပြုလုပ်ခဲ့ဘူးသော ပဝတ္တိကုသိုလ် ဇနကကံများ အကျိုးပေးခွင့်ရအောင် ကူညီထောက်ပန့်ကြသည်။ အကုသိုလ်တရားတို့ကို များစွာပြုလုပ်နေလျှင်လည်း ရှေးရှေးက ပြုလုပ်ခဲ့ဘူးသော ပဝတ္တိအကုသိုလ် ဇနကကံများ အကျိုးပေးခွင့်ရအောင် ကူညီထောက်ပန့်ကြသည်။

ဇနကကံသည် ဖြစ်စေအပ်သော ကောင်းကျိုးမကောင်းကျိုးများကို ကြာရှည်စွာ တည်တန့်ခိုင်မြဲလာအောင် ဥပတ္ထမ္ဘကကံများက ထောက်ပန့်သည်။ ကုသိုလ် ဇနကကံ၏ အစွမ်းကြောင့် လူနတ်ဘဝကို ရရှိလာရာ ယင်းခန္ဓာအစဉ် ကြာရှည်စွာ တည်မြဲအောင် ကြီးသူကို အရိုအသေပေးခြင်း စသော ကုသိုလ်ဥပတ္ထမ္ဘကကံများက အသက်၏ ဘေးအန္တရာယ်ကို ကာကွယ်ပေး၏။ အသက်ရှည်ကြောင်း ဆေးဝါးကောင်းများကို မှီဝဲခွင့်ရှိအောင် ကူညီထောက်ပန့်၏။ အကုသိုလ်ဇနကကံ၏ အစွမ်းကြောင့် ခွေးစသည့် တိရစ္ဆာန် ခန္ဓာအစဉ်ကို ရရှိရာ ထိုခွေးဘဝ၌ ခွေးပိန်ခွေးလွင့် အနေဖြင့် တာရှည်စွာ နေရအောင် အကုသိုလ်ဥပတ္ထမ္ဘကကံက အကျိုးပေးသည်။

ကုသိုလ်ဥပတ္ထမ္ဘကကံများက အကုသိုလ်ဇနကကံကြောင့် ဖြစ်သော ရုပ်နာမ်ခန္ဓာအစဉ်, အကုသိုလ်ဥပတ္ထမ္ဘကကံများက ကုသိုလ်ဇနကကံကြောင့် ဖြစ်သော ရုပ်နာမ်ခန္ဓာအစဉ်ကို ထောက်ပန့်နိုင်သေး၏။ ရှင်းပြပါဦးမည်။ အကုသိုလ်ဇနကကံကြောင့် နဂါးဂဠုန်စသော ခန္ဓာအစဉ်ကို ရရှိလာရာ ပဝတ္တိအခါ၌ ရှေးကပြုခဲ့ဘူးသော ကုသိုလ်ဥပတ္ထမ္ဘကကံ၏ ကူညီထောက်ပန့်မှုကြောင့် တန်ခိုးအာနုဘော်ကြီးခြင်းစသော အကျိုးတရားများကို ရရှိလာလေသည်။ ကုသိုလ်ဇနကကံကြောင့် ဝိနိပါတိကအသုရာ ခန္ဓာအစဉ်ကို ရရှိလာရာ ပဝတ္တိအခါ ရှေးကပြုခဲ့ဘူးသော အကုသိုလ်ဥပတ္ထမ္ဘကကံ၏ ကူညီထောက်ပန့်မှုကြောင့် ကြာမြင့်စွာ ဆင်းရဲခံရခြင်းစသော အနိဋ္ဌအကျိုးများကို ရရှိလာသည်။

(တိပိဋက ပါဠိမြန်မာအဘိဓာန် အတွဲ ၅၊ နှာ ၂၉၈-၂၉၉)

ဆန့်ကျင်ဘက်အားဖြင့် ကုသိုလ်ဇနကံကို အကုသိုလ်ဥပထမ္ဘကကံက ထောက်ပန့်ပုံ, အကုသိုလ်ဇနကကံကို ကုသိုလ်ဥပထမ္ဘကကံက ထောက်ပန့်ပုံလည်း ရှိကောင်းသည်သာ။ ယခုကာလ နိုင်ငံကြီးများ၌ လက်နက်အင်အား အကုသိုလ်စွမ်းပကားကြောင့် ရှေးကုသိုလ်ဇနကကံများ အခွင့်သာလျက် အကျိုးပေးထက်မြက်နေကြခြင်းသည် ကုသိုလ်ဇနကကံနှင့် ထိုကံ၏အကျိုးဝိပါက်ကို အကုသိုလ်ဥပထမ္ဘကကံက ထောက်ပန့်မှုပင်တည်း။ **မကောင်းမှုဖြင့် ကြီးပွားနေသူများကို စဉ်းစားကြည့်ပါ**။ ခွေးကလေးဘဝ၌ အန္တရယ်ကင်းအောင် အစားအသောက် ဝဝစားရအောင် ရှေးကုသိုလ်ကံများက ထောက်ပန့်ထားသဖြင့် အကုသိုလ်ဇနကကံ၏ အကျိုးဝိပါက်ဖြစ်သော ခွေးဘဝသည် ကြာရှည်စွာ တည်တံ့နေလေသည်။ ( ဤ ဥပထမ္ဘကအရာ၌ **ကမ္မပထမြောက်သည်ဖြစ်စေ, မမြောက်သည်ဖြစ်စေ, အိပ်မက်ထဲ၌ ဖြစ်သောစေတနာ, ပဋ္ဌဒွါရိကစေတနာများပင် ဥပတ္ထမ္ဘကသတ္တိရှိကြ**လေသည်။)

(သင်္ဂြိုဟ်ဘာသာဋီကာ–၃၃၆)

ရှေးအခါ မန္တလေးမြို့၌ ဝက်သတ်လိုင်စင် လုပ်ငန်းဖြင့် ချမ်းသာသူ ဒကာမကြီး တဦးရှိခဲ့လေသည်။ သဒ္ဓါ ကောင်း၏။ ဝါတွင်းကာလ ဥပုသ်နေ့တိုင်းတွင် ကြွလာသမျှ စာသင်သား ဆွမ်းခံသံဃာတော်တွေကို ဝက်သားဟင်း အပါးစေ့ လောင်းလှူသည်။ ရဟန်းတော် ဆယ့်ငါးပါး အပါးနှစ်ဆယ်လောက်ရဲ့ ပစ္စည်းလေးပါး ဒကာမကြီးလည်း ဖြစ်သည်။ တချိန်မှာ အသက်အရွယ်ကလည်း ကြီးလာ, ရဟန်းဒါယကာမကြီးလည်း ဖြစ်လာပြီဆိုတော့ ဝက်သတ်လိုင်စင်စွန့်ပြီး ရွှေလုပ်ငန်း လိုင်ကားလုပ်ငန်းကို ပြောင်းလုပ်တယ်။ လုပ်ငန်းပြောင်းပြီး သုံးလေးနှင့်အတွင်းမှာ စီးပွားကျသွားတာ ဝါတွင်းဥပုသ်ဆွမ်းတောင် ပုံမှန်မလောင်းနိုင်တော့တဲ့ အထိ ပါပဲ။ ဒီလိုနဲ့ မိတ်ဆွေတွေ အကြံပြုချက်အရ ဝက်လိုင်စင်ပြန်ယူပြီး ကိုယ်တိုင်မလုပ်ပဲ သူများကို တဆင့် ပြန်ပေးတဲ့အလုပ်ကို လုပ်ခဲ့တယ်။ အဲဒီနောက် စီးပွားက ပြန်တက်လာတယ်။

ဒီအကြောင်းတွေကို ဓမ္မဘေရီ အရှင်ဝီရိယ (တောင်စွန်း) ဆရာတော်က မင်းကွန်းတိပိဋကဆရာတော် ဘုရားကြီးကို လျှောက်ထားပြီး ဘာကြောင့် ဒီလို ဖြစ်ရတာလဲလို့ မေးလျှောက်ထားတော့ ဤသို့ အဖြေပေးခဲ့တယ်။ ကံဆိုတာ သူ့သဘော သူဆောင်တယ်။ ကောင်းတဲ့ကံက ကောင်းကျိုးပေးတယ်၊ မကောင်းတဲ့ကံက မကောင်းကျိုးပေးတယ်။ အဲဒီမှာ ဥပနိဿယ ပဋ္ဌာန်းကျောင်းကျိုးဆက်ကျတော့ ထူးဆန်းပြန်ရော။ သားငါးတွေ သတ်ပြီး အလှူပေးရင် သတ်တာက မကောင်းကျိုး, လှူတာက ကောင်းကျိုးပေးမှာပဲ။ ဒီလို မကောင်းမှုအရင်းခံနဲ့ ရတဲ့ပစ္စည်းလှူလို့ ရတဲ့ကုသိုလ်က ကောင်းရောင်းကောင်းဝယ်နဲ့ ချမ်းသာဖို့ အကျိုးမပေးဘူး။ အကုသိုလ်လုပ်ငန်းနဲ့မှ စီးပွားချမ်းသာ အကျိုးပေးတယ်။ သမ္မာအာဇီဝနဲ့ ရတဲ့ ပစ္စည်းကို လှူလို့ ဖြစ်တဲ့ကုသိုလ်ကျတော့ သမ္မာအာဇီဝကျတဲ့ လုပ်ငန်းနဲ့ စီးပွားချမ်းသာ အကျိုးပေးတယ်။ ဒီလို မင်းကွန်းတိပိဋကဆရာတော် ဘုရားကြီးက ဖြေခဲ့တယ်။ ဒီကြောင်းကျိုးဆက်သဘောကို ပဋ္ဌာန်းမှာတော့ ပကတူပနိဿယလို့ ခေါ်တယ်။ ဒီမှာတော့ ကုသိုလ်ကံနှင့်အကျိုးကို အကုသိုလ်ကံက ထောက်ပန့်တဲ့ ဥပတ္ထမ္ဘက သဘောပါပဲ။

(လူတိုင်းအတွက်ပဋ္ဌာန်း ၁၄၁–၁၄၂)

ကံတပါးကိုလည်းကောင်း, ကံတပါးကြောင့်ဖြစ်သော ခန္ဓာအစဉ်ကိုလည်းကောင်း ဆုတ်ယုတ်လျော့ပါး ညှိုးနွမ်းသိမ်ငယ်သွားအောင် ဖိစီးနှိပ်စက် နှောက်ယှက်တားမြစ်တတ်သော ကုသိုလ်အကုသိုလ် စေတနာသည် ဥပပီဠကကံမည်၏။

ထိုဥပပီဠကကံသည် တပါးသောကုသိုလ်ကံကို တားမြစ်နှိပ်စက်တတ်သော အကုသိုလ်ဥပပီဠကကံ, တပါးသော အကုသိုလ်ကံကို တားမြစ်နှိပ်စက်တတ်သော ကုသိုလ်ဥပပီဠကကံဟူ၍ နှစ်မျိုးရှိ၏။

ထိုတွင် အထက်အထက်ဘုံ၌ အကျိုးပေးနိုင်သော ကုသိုလ်ကံရှိသော်လည်း အကုသိုလ်ဥပပီဠကကံ၏ နှိပ်စက်မှုကြောင့် အောက်အောက်ဘုံ၌သာ အကျိုးပေးရခြင်း၊ တန်ခိုးကြီးသော ဌာန၌ အကျိုးပေးနိုင်သော ကုသိုလ်ကံရှိသော်လည်း အကုသိုလ်ဥပပီဠကကံ၏ နှိပ်စက်မှုကြောင့် ဘုန်းတန်ခိုးငယ်သော ဌာန၌ အကျိုးပေးရခြင်း၊ မြတ်သောအမျိုး၌ အကျိုးပေးနိုင်သော ကုသိုလ်ကံရှိသော်လည်း အကုသိုလ်ဥပပီဠကကံ၏ နှိပ်စက်မှုကြောင့် ယုတ်သောအမျိုး၌ အကျိုးပေးရခြင်း၊ အသက်ရှည်၍ ဥစ္စာခနကြွယ်ဝသော အမျိုး၌ အကျိုးပေးနိုင်သော ကုသိုလ်ကံရှိသော်လည်း အကုသိုလ်ဥပပီဠကကံ၏ နှိပ်စက်မှုကြောင့် အသက်တို၍ ဥစ္စာခနကြွယ်ဝသော အမျိုး၌ ဖြစ်ရခြင်း စသည်တို့ကား အကုသိုလ် ဥပပီဠကကံ,က တပါးသောကုသိုလ်ကံကို တားမြစ်နှိပ်စက်ခြင်း ဖြစ်သည်။

ငရဲကြီးရှစ်ထပ်၌ အကျိုးပေးနိုင်သော အကုသိုလ်ကံရှိသော်လည်း နောက်နောက်က ပြုခဲ့သော အားကြီးသော ကုသိုလ်ဥပပီဠကကံ၏ တားမြစ်နှိပ်စက်မှုကြောင့် ဥဿဒငရဲတို့၌လည်းကောင်း, တိရိစ္ဆာန်ဘုံ, အသူရကာယ်ဘုံ, ပြိတ္တာဘုံတို့၌လည်းကောင်း အကျိုးပေးရခြင်း၊ အနှစ်ငါးဆယ်ပတ်လုံး ခိုးသူတို့ကို သတ်မှု အကုသိုလ်ကံ ကျူးလွန်ခဲ့သော်လည်း အရှင်သာရိပုတြာအား နို့ဆွမ်းကိုလှူဒါန်းခြင်း ကုသိုလ်ဥပပီဠကကံ၏ တားမြစ်နှိပ်စက်မှုကြောင့် ဝါတကာဠကခိုးသူသတ် ယောကျ်ား၏ တာဝတိံသာနတ်ပြည်၌ ဖြစ်ရခြင်းစသည် တို့သည် ကုသိုလ်ဥပပီဠကကံ,က တပါးသောအကုသိုလ်ကံကို တားမြစ်နှိပ်စက်ခြင်းပင် ဖြစ်သည်။

ကံတပါးကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို တားမြစ်ရာ၌ ကုသိုလ်ဇနကကံကြောင့် လူ့ခန္ဓာကိုယ် ရရှိပြီးသော်လည်း ပဝတ္တိအခါ၌ အကုသိုလ်ဥပပီဠကကံ၏ နှိပ်စက်မှုကြောင့် အနာရောဂါထူပြောခြင်း, စည်းစိမ်ဥစ္စာပျက်စီးခြင်း, ရာထူးဌာနန္တရ လျှော့ကျခြင်း စသည်သည် ကံတပါးကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို အကုသိုလ်ဥပပီဠကကံ,က တားမြစ်နှိပ်စက်ခြင်း မည်၏။

ဥပပီဠကကံ,က ကံတပါးကို နှိပ်စက်သည်။ ဥပတ္ထမ္ဘကကံ,က ကံတပါးကို ကူညီထောက်ပန့်သည်။ နှိပ်စက်မှုကို ခံရလျှင် မိမိရှိရင်း အစွမ်းသတ္တိ ဆုတ်ယုတ်၏။ ထောက်ပံ့မှုကို ခံရလျှင် မိမိရှိရင်း အစွမ်းသတ္တိ တိုးတက်၏။

(တိပိဋက ပါဠိမြန်မာအဘိဓာန် အတွဲ ၅၊ နှာ ၂၉၉-၃၀၀)

ကံတပါးကိုလည်းကောင်း, ကံတပါးကြောင့်ဖြစ်သော ခန္ဓာအစဉ်ကိုလည်းကောင်း သတ်ဖြတ်တတ်သော ကုသိုလ် အကုသိုလ်စေတနာသည် ဥပဃာတကကံမည်၏။ ယင်းဥပဃာတကကံကို ဥပစ္ဆေဒကကံဟုလည်း ခေါ်သည်။

ကံတပါးကို တားမြစ်သတ်ဖြတ်တတ်သော ဥပဃာတကကံသည် တပါးသော ကုသိုလ်ကံကို တားမြစ် သတ်ဖြတ်တတ်သော အကုသိုလ်ဥပဃာတကကံ, တပါးသော အကုသိုလ်ကံကို တားမြစ်သတ်ဖြတ် တတ်သော ကုသိုလ်ဥပဃာတကကံဟူ၍ နှစ်မျိုးရှိသည်။

ထိုတွင် အဇာတသတ်၏ ဘုရားသခင်အား တဘဝလုံး ဆည်းကပ်ခြင်းစသော ကုသိုလ်ကံများကို ဖခင်ဗိမ္ဗိသာရမင်းအား သတ်ခြင်းဟူသော အကုသိုလ်ဥပဃာတကကံက တားမြစ်သတ်ဖြတ်သည်။ ထို့ပြင် မရဏာသန္နအခါ၌လည်း ကုသိုလ်ကံ၏အစွမ်းကြောင့် သုဂတိနိမိတ်ထင်လာစဉ် တဖန် အကုသိုလ် ဥပဃာတကကံကြောင့် ထင်လာသော သုဂတိနိမိတ်ကို တားမြစ်သတ်ဖြတ်သည်။ ယင်းသို့ တားမြစ်သတ်ဖြတ် ချက်ကြောင့် ဒုဂ္ဂတိနိမိတ်ထင်လာ၍ အပါယ်ဘုံ၌ ဖြစ်စေ၏။

အင်္ဂုလိမာလမထေရ်၏ ခိုးသားဘဝက ကျူးလွန်ခဲ့သော အကုသိုလ်ကံများကို မဂ်စေတနာဟူသော ကုသိုလ်ဥပဃာတကကံက တားမြစ်သတ်ဖြတ်သည်။ ထို့ပြင်မရဏာသန္နအခါ၌လည်း အကုသိုလ်ကံ၏ အစွမ်းကြောင့် ဒုဂ္ဂတိနိမိတ်ထင်လာစဉ် တဖန် ကုသိုလ်ဥပဃာတကကံကြောင့် ထင်လာသော ဒုဂ္ဂတိနိမိတ်ကို တားမြစ်သတ်ဖြတ်သည်။ ယင်းသို့ တားမြစ်သတ်ဖြတ်ချက်ကြောင့် သုဂတိနိမိတ်ထင်လာ၍ နတ်ပြည်၌ ဖြစ်စေ၏။

ကုသိုလ်ဇနကံ၏အစွမ်းကြောင့် လူနတ်ခန္ဓာအစဉ်ကို ရရှိလာရာ အကုသိုလ်ဥပဃာတကကံ၏ တားမြစ်နှိက်စက်မှုကြောင့် အသက်တမ်းမကုန်မီ လတ်တလောသေရခြင်းသည် ကံတပါးကြောင့်ရလာသော ခန္ဓာအစဉ်ကို အကုသိုလ်ဥပဃာတကကံက တားမြစ်သတ်ဖြတ်သည် မည်၏။

ကံတပါးကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို သတ်ဖြတ်ရာ၌ (၁) သတ်ရုံသာ သတ်သောအရာ (၂) သတ်ပြီးနောက် တပါးသော ဇနကကံကို အကျိုးပြုခွင့် ပေးသောအရာ (၃) သတ်ဖြတ်ပြီးနောက် မိမိကိုယ်တိုင်ပင် ပဋိသန္ဓေကျိုးကို ဆက်လက်ပေးသောအရာဟု သုံးမျိုးရှိ၏။

ထိုတွင် (၁) ရှင်မောဂ္ဂလာန်၏ ရှေးဘဝက အမိကိုသတ်ခဲ့သော အကုသိုလ်ကံကြောင့် ခိုးသားငါးရာ၏ လက်ချက်ဖြင့် ပရိနိဗ္ဗာန်စံတော်မူရခြင်းသည် ကံတပါး၏အကျိုးကို သတ်ရုံသာသတ်၍ နောက်ထပ်အကျိုး မဆက်သော ဥပဃာတကကံ၏ အရာပေတည်း။

(၂) သာမာဝတီအမှူးရှိသော မောင်းမတို့သည် ရှေးဘဝ အကုသိုလ်ဥပဃာတကကံကြောင့် မီးလောင်ခံရ၍ သေဆုံးပြီးနောက် ကုသိုလ်ဇနကကံကြောင့် နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ဖြစ်ရခြင်း၊ ဝဋ္ဋမုဒါ မြစ်ကမ်းနား၌ နေသော ရဟန်းငါးရာတို့သည် ရှေးဘဝ သားမုဆိုးဖြစ်ခဲ့စဉ်က သားငှက်တို့ကို သတ်ဖြတ်ခဲ့သည့် အကုသိုလ်ဥပဃာတကကံကြောင့် ရဟန်းတုရဟန်းယောင် မိဂလဏ္ဍိက၏ အသတ်အဖြတ်ခံရ၍ သေဆုံးပြီးနောက် တပါးသောကုသိုလ် ဇနကကံကြောင့် နတ်ပြည်၌ ဖြစ်ရခြင်းသည် မိမိက သတ်ရုံသာသတ်၍ တပါးသောဇနကကံကို အကျိုးပေးခွင့်ပြုသော ဥပဃာတကကံအရာပေတည်း။

(၃) ဒုဿီမာရ်နတ်သည် ကကုသန်မြတ်စွာဘုရား၏ လက်ရာတော်ရံ အရှင်ဝိဓုရ၏ ဦးခေါင်းတော်ကို ကျောက်ခဲဖြင့် ပေါက်၏။ ကလာဗုသည် အလောင်းတော် ခန္တိဝါဒီရှင်ရသေ့ကို သေကြေအောင် နှိပ်စက်၏။ မာရ်နတ်နှင့် ကလာဗုမင်း၏ ခန္ဓာအစဉ်ကို အကုသိုလ်ကံကသတ်ဖြတ်၍ ထိုအကုသိုလ်ကံကြောင့်ပင် အဝီစိငရဲ၌ ပဋိသန္ဓေနေရခြင်းသည် သတ်ဖြတ်ပြီးနောက် မိမိကိုယ်တိုင်ပင် ပဋိသန္ဓေကျိုးကို ဆက်လက်ပေးသော ဥပဃာတကကံအရာပေတည်း။ (တိပိဋက ပါဠိမြန်မာအဘိဓာန် အတွဲ ၅၊ နှာ ၃၀၀-၃၀၁)

ကုသိုလ်ဇနကကံ၏အကျိုးကို အားရှိသော ကုသိုလ်တမျိုးက သတ်သောအရာလည်းရှိ၏။ ရှေးတုန်းက ဈာန်ရပြီး ရဟန်းတော်သုံးပါးသည် စုတေခါနီး၌ နိကန္တိတဏှာ (ရှေးကဖြစ်ခဲ့ဘူးသော နေရာဌာနကို တက်မက်မှုတဏှာ)၏ အစွမ်းကြောင့် ဈာန်ကွယ်ပသဖြင့် စာတုမဟာရာဇ်နတ်ဘုံ ဂန္ဓဗ္ဗနတ်မျိုး၌ မဟာကုသိုလ်အစွမ်းကြောင့် ဖြစ်ကြ၏။ ထို့နောက် နှစ်ယောက်သော နတ်တို့မှာ ရှေးတုန်းကဈာန်ကို တဖန် ရပြန်သဖြင့် ထိုမဟာကုသိုလ်အစွမ်းကြောင့် ဖြစ်သော ဝိပါက်အစဉ်(နတ်ဘဝ)ကို ထိုဈာန်ကဖြတ်တောက်၍ ဗြဟ္မာ့ပြည်သို့ တက်ရောက်ကြရလေသည်။ အကုသိုလ်ဇနကကံ၏အကျိုးကို အကုသိုလ်တမျိုးက သတ်ဖြတ်သောအရာလည်း ရှိ၏။ ဥပမာ - အကုသိုလ်အတွက် ခွေးဖြစ်ရသော ဝိပါက်အစဉ်ဝယ် ကြီးလေးသော အကုသိုလ်ကံက ထပ်မံ၍ အကျိုးပေးခွင့်ကြုံလာလျှင် ရိုက်နှက်သတ်ပုတ်ချက်ကြောင့် အသက်ဆုံးရပုံမျိုးတည်း။ ခွေးဘဝ၌ လိင်ပြန်သည့်အခါ အကုသိုလ်ဇနကကံကြောင့်ဖြစ်သော ဘာဝရုပ်သည် အကုသိုလ်ဥပဃာတကကံကြောင့်ပင် ကွယ်ပျောက်ရသည်ဟု ဆိုသည်။ (သင်္ဂြိုဟ်ဘာသာဋီကာ-၃၃၉)

**ဥပပီဠကကံက** ကံကိုနှိပ်စက်ရာ၌ ယခုလတ်တလော အကျိုးမပေးရုံသာ နှိပ်စက်၏, နောင်အခါ လုံးလုံးအကျိုးမပေးအောင် မတတ်နိုင်။ **ဥပဃာတကကံကား** နောင်အခါ လုံးလုံးအကျိုးမပေးအောင် တခါတည်း သတ်ဖြတ်လိုက်၏။ ဥပပီဠကကံက ကံတပါး၏အကျိုးကို နှိပ်စက်ရာ၌ ချိန့်ပိန်ချုံး လူလုံးမလှ ရောဂါထူပြောရုံမျှသာ နှိပ်စက်သည်။ တခါတည်း သေအောင်မသတ်နိုင်။ ဥပဃာတကကံကား တခါတည်း သေအောင် သတ်ဖြတ်နိုင်သည်။ (သင်္ဂြိုဟ်ဘာသာဋီကာ-၃၃၇)

## အကျိုးပေးလှည့်အစဉ် ကံ ၄–ပါး

♠ ကံတပါးတို့၊ မတားနိုင်ရာ၊ အားကြီးစွာ၊ သညာဂရုက။

ကံတပါးတို့ မတားနိုင်လောက်အောင် အားကြီးစွာသော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် ဂရုကကံ မည်ကုန်၏။

♠ သေဆုံးလုမှ၊ ပြုသော်၄င်း၊ အဟောင်းပေါ်လာ၊ ကံနှစ်ဖြာ၊ သညာအာသန္န။

သေခါနီးမှပြုသော ကုသိုလ်ကံ အကုသိုလ်ကံတို့သည်လည်းကောင်း (သို့မဟုတ်) ရှေးကပြုခဲ့၍ သေဆုံးခါနီး၌ ဆိုင်ရာဒွါရဝယ် ထင်ပေါ်လာသော ကုသိုလ်ကံ အကုသိုလ်ကံသည်လည်းကောင်း အာသန္နကံ မည်ကုန်၏။

♠ နေ့ရှည်လေ့ကျက်၊ ရက်ရှည်စွဲမြဲ၊ အထုံသဲ၊ ခေါ်မြဲအာစိဏ္ဏ။

နေ့ရက်ရှည်ကြာစွာ စွဲစွဲမြဲမြဲ လေ့ကျက်ပွားထုံအပ်သော ကုသိုလ်ကံ အကုသိုလ်ကံစုသည် အာစိဏ္ဏကံမည်ကုန်၏။

♠ သုံးပါးမှလျှင်၊ အလွတ်ထင်၊ သညာကဋတ္တ။

ဆိုခဲ့ပြီးသော ကံသုံးပါးတို့မှ အလွတ်ဖြစ်သော ပြုအပ်ကာမျှဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံစုသည် ကဋတ္တာကံမည်၏။

ဤသို့အားဖြင့် အကျိုးပေးခွင့် အစဉ်အားဖြင့် ကံ ၄–မျိုးရှိသည်။ ထိုကံလေးမျိုးတွင် ဂရုကကံသည် ရှေးဦးစွာ အကျိုးပေးတတ်၏။ ဂရုကကံ မရှိမှ ကျန်သော ၃–ပါးတို့တွင် အာသန္နကံသည် ရှေးဦးစွာ အကျိုးပေးတတ်၏။ ဂရုကကံ, အာသန္နကံတို့ မရှိမှ အာစိဏ္ဏကံ အကျိုးပေးတတ်သည်။ ရှေးကံ ၃–ပါး မရှိမှ နောက်ဆုံး ကဋတ္တာကံ အကျိုးပေးတတ်သည်။

(ပရမတ္ထသံခိပ်စကားပြေ ၁၁၅–၁၁၆)

ကံသည် အကျိုးပေးစဉ်အားဖြင့် ဂရုကကံ အာသန္နကံ အာစိဏ္ဏကံ ကဋတ္တာကံ အားဖြင့် လေးမျိုးရှိ၏။ ထိုတွင် သေသည်၏ အခြားမဲ့၌ အကျိုးပေးမြဲသောကံသည် ဂရုကကံ မည်၏။ ယင်းဂရုကကံဆိုသည်ကား ကုသိုလ်ဘက်၌ အာနုဘော်ကြီးမားသော မဟဂ္ဂုတ်ကံ(ဈာန်ကုသိုလ်များ) အကုသိုလ်ဘက်၌ အပြစ်ကြီးလေးသော ပဉ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံများတည်း။ (ဒုတိယဘဝ၌ အကျိုးပေးမည့် ကံများကိုသာ ပြသောအရာဖြစ်၍ မဂ်စေတနာများကို ဂရုကကံ၌ မသွင်းထိုက်)

ဂရုကကံဟူသည် ပင်ကိုယ်သဘောအားဖြင့် ကြီးလေးသောကံတည်း။ တပါးသောကံက လွှမ်းမိုးနိုင် မလွှမ်းမိုးနိုင်မှုမှာ ဤဂရုကသဘောနှင့် မဆိုင်။ ထို့ကြောင့် အာနန္တရိယကံ ၂ ပါး ၃ ပါး ပြုမိရာ၌ ကံတခုက လွှမ်းမိုး၍ အကျိုးပေးခြင်း, မဟဂ္ဂုတ်ဈာန် ၂ ပါး ၃ ပါးစသည် ရရာ၌ အထက်ထက်ဈာန်က လွှမ်းမိုး၍ အကျိုးပေးခြင်းတို့ကြောင့် အကျိုးမပေးရသော ကံများ၌ ဂရုကနာမည် မပျက်, ပင်ကိုယ်အားဖြင့် ကြီးလေးသောကံများဖြစ်၍ ဂရုကကံအမည် ရမြဲရသည်သာ။

အာနန္တရိယကံ ၂ပါး၃ပါးစသည် ပြုရာ၌ အားကြီးသော ကံတပါးသာ အခြားမဲ့၌ ပဋိသန္ဓေကျိုး ပေးသော်လည်း မိမိတို့ပြုရမည့်ကိစ္စကို ထိုကံကပြုသွားသဖြင့် ထိုအားကြီးသောကံကိုပင် အားသေးသော ကံတို့က ထောက်ပန့်ကူညီကြရသည်။ ထိုသို့ထောက်ပန့်ရသေးသည့်အတွက် မိမိတို့လည်း အာနန္တရိယသဘော သက်ရောက်ကြရတော့သည်။

ထိုအာနန္တရိယကံသည် မာတုဃာတကကံ, ပိတုဃာတကကံ, အရဟန္တဃာတကကံ, လောဟိတုပ္ပါဒကကံ, သံဃဘေဒကကံ အားဖြင့် ငါးပါးရှိ၏။

အမေသတ်သောကံကို မာတုဃာတကကံ, အဖေသတ်သောကံကို ပိတုဃာတကကံဟု ခေါ်သည်။ မိဘမှန်း သိသည်ဖြစ်စေ မသိသည်ဖြစ်စေ သေစေလို၍ သတ်လျှင် ကံကြီးထိုက်သည်။ မိဘတို့က တိရိစ္ဆာန်ဖြစ်လျှင်, သို့မဟုတ် မိမိက တိရစ္ဆာန်ဖြစ်လျှင် အာနန္တရိယကံမထိုက်သော်လည်း အာနန္တရိယလောက် နီးနီး အပြစ်ကြီးလှ၏။ အခြားသူကို သေစေလို၍ သေနတ်ဖြင့် ပစ်ခတ်ရာ၌ မိဘကို မတော်တဆ ထိမှန်၍ သေလျှင်လည်း ဤကံထိုက်သည်ဟု အဖွင့်ကျမ်းများ၌ ဆိုကြသည်။

ရဟန္တာသတ်သောကံသည် အရဟန္တဃာတကကံ မည်၏။ ရဟန္တာမဖြစ်ခင် သတ်ဦးတော့, ရဟန္တာဖြစ်ပြီးမှ သေရာ၌လည်း ထိုဘဝ ဇီဝိတိန္ဒြေအစဉ်ကို လျင်စွာချသည် မည်သောကြောင့် အရဟန္တဃာကကံ ထိုက်သည်သာတည်း။

## မာတုဃာတက ပိတုဃာတက အဆုံးအဖြတ်

ဇာတ်တူသောသူကို ဖျက်ဆီးခြင်း၌ကဲ့သို့ ဇာတ်မတူသောသူကို ဖျက်ဆီးခြင်း၌ ကံမလေးရကား မာတုဃာတက မဖြစ်။ မိမိကားလူဇာတ်မရှိဘဲ လူဇာတ်ရှိသော အမိရင်းကို သတ်သည်ရှိသော် မာတုဃာတက မဖြစ်။ မိမိလည်း လူဇာတ်ရှိမှ ဖြစ်သည်။ လူအဖြစ်၌ တည်သောသူအား ကုသိုလ်အကုသိုလ်တို့၏ တိက္ခဝိသဒသူရ ဖြစ်သောကြောင့်တည်း။ (ကင်္ခါဂဏ္ဌိနိဿယ-၆၉)

လူဇာတ်ရှိသူတို့မှာ ကုသိုလ်ဖြစ်ရာ၌ လောကုတ္တရာကုသိုလ်တိုင်အောင် ထက်မြက်သန့်ရှင်းသကဲ့သို့ အကုသိုလ်ဖြစ်ရာ၌လည်း ထက်မြက်၏။ ထို့ကြောင့် မိမိကိုယ်တိုင် လူအဖြစ်ဖြင့် သတ်မှ အာနန္တရိယကံထိုက်သည်။ (မဟာဝါဘာဋီ ၂၃၈)

တိရစ္ဆာန်သည် လူရဟန္တာသတ်သော် အာနန္တရိယမဖြစ်သော်လည်း လေးသောကံဖြစ်သည်။ (မဟာဝါဘာဋီ ၂၄၀)

♠ မိဘမှန်းမသိ၍ မိဘကို သတ်မိသော် အာနန္တရိယကံထိုက်သည်။ (ဝိ၃ ဘာဋီ ၂၃၉၊ ဝိမတိ)

ဘုရားရှင်၌ သွေးစိမ်းတည်အောင် ပြုသောကံသည် လောဟိတုပ္ပါဒကကံမည်၏။ ရှင်ဒေဝဒတ်သည် ဘုရားရှင်ကို ကျောက်မောင်းဆင်၍သတ်ရာ ကျောက်တုံးသည် တောင်ထွဋ်နှစ်ခုနှင့် ခံသွား၍ ကျောက်တုံးမှ ပဲထွက်သွားသည့် ကျောက်ခဲသည် ဘုရားရှင် ခြေမ,ထိ၍ သွေးခြည်ဥလေသည်။ သေစေလိုသော စေတနာဖြင့် ပြုသောကြောင့် ပါဏာတိပါတကံ မမြောက်သော်လည်း ဗျာပါဒကံ မြောက်သည်ဟု ဆိုသင့်သည်။

♠ လောဟိတုပ္ပါဒကအရ သွေးခြေဥသည်ကိုသာယူ။ ထွက်သည်ဟုမဟူရ။ ဘုရား၏အရေဖောက်၍ သွေးထွက်အောင် သူတပါးမလုပ်နိုင်။(ကင်္ခါဂဏ္ဌိနိဿယ-၇၀)

သံဃာတွေကို ကွဲပြားအောင် ပြုသည့်ကံကို သံဃဘေဒကကံဟု ခေါ်သည်။ သိမ်တခုအတွင်း၌ ရဟန်းသံဃာအချင်းချင်း အတူတူ ကံမပြုဘဲ, သူ့ဘက်ငါ့ဘက် နှစ်ဘက်ခွဲ၍ တပြိုင်နက် ကံပြုအောင် အားထုတ်စီမံ၍ အထမြောက်လျှင်, ထိုကဲ့သို့ကွဲပြားအောင် ကြံဆောင်စီမံသော ပုဂ္ဂိုလ်မှာ ဤသံဃဘေဒကကံ ထိုက်၏။ သိမ်အတွင်း၌ ကံပြုရန် စုံးဝေးနေသော သံဃာတို့အတွင်းမှာ မိမိအယူဝါဒ ကောင်းကြောင်း အခြားသံဃာများကို စည်းရုံးပြောဆိုပြီး မိမိဘက်သား သံဃာတို့အား ထိုသိမ်အတွင်းမှာပင် တနေရာရွှေ့စေ၍ တသီးတခြား ကံပြုလျှင် သံဃဘေဒကကံထိုက်တော့သည်။

တသိမ်တည်း၌ ကံကြီးကံငယ် ခွဲခြား၍ တပြိုင်နက်ကံပြုမှ သံဃဘေဒကကံ ဖြစ်သောကြောင့် လူသာမဏေတို့မှာ သံဃဘေဒကကံ ထိုက်ဘို့ရန် အချက်မရှိ။ သို့သော် ရပ်ရွာနယ်ပယ်၌ သံဃာတော်အချင်းချင်း ကွဲပြားအောင် ကြံဆောင်အားထုတ်သူတို့မှာ သူတို့အတွက် ဆိုင်ရာဝယ် အကုသိုလ်တိုးပွားရသောကြောင့် သံဃဘေဒကကံလောက်နီးနီး အပြစ်ကြီးမား၏။

အာနန္တရိယကံ ၅ ပါးတွင် တပါးပါးကို ပြုမိလျှင် သေသည့်အခြားမဲ့၌ အဝီစိကျ၏။ အဇာတသတ်မင်းသည် ပိတုဃာတကကံထိုက်သောကြောင့် အဝီစိငရဲ၏ အခြံအရံ ဥဿဒငရဲ၌ ကျရောက်ရသော်လည်း အဝီစိတွင် အပါအဝင်ဖြစ်၏။ ဤကံ ၅ ပါးတွင် သံဃဘေဒကကံသည် အပြစ်အကြီးဆုံးတည်း။ အဝီစိ၌ အာယုကပ်ပတ်လုံး (အဝီစိငရဲဘုံသက်နှင့် အညီအမျှ) ခံရသော ကပ္ပဋ္ဌိတိယကံတည်း။ ကြွင်းကံလေးပါးမှာ ကပ္ပဋ္ဌိတိယဟု အဆိုမရှိ။ ထိုက်သင့်သမျှ ခံကြရမည်။ ထို့ကြောင့် ကံငါးပါးလုံးပြုမိလျှင် အခြားသော လေးပါးကို လွှမ်းမိုး၍ သံဃဘေဒကကံကသာ ပဋိသန္ဓေကျိုးကို ပေး၏။ အခြားကံများအတွက် အဝီစိ၌ ဖြစ်ဖွယ်မလို။ သို့သော် နောင်အခွင့်သင့်ရာဘဝ၌ ပဝတ္တိအကျိုးကိုကား လွတ်ဦးမည်မဟုတ်။ ရှေ့ကံ လေးပါးလုံးပြုမိလျှင် လောဟိတုပ္ပါဒကကံ အကျိုးပေး၏။ ရှေ့ကံ သုံးပါးလုံးပြုမိလျှင် အရဟန္တဃာတကကံ အကျိုးပေး၏။ ရှေ့ကံ နှစ်ပါးကို ပြုမိလျှင် မိဘနှစ်ဦး သီလရှိခြင်း မရှိခြင်း တန်းတူပါမူ အမိကကျေးဇူး သာ၍ များသောကြောင့် မာတုဃာတကကံက အကျိုးပေး၏။ သီလလည်း အမိက သာနေပါမူ ပြောဆိုရန် မရှိပြီ။ အဘက အမိထက် သီလသိက္ခာ သာနေပါမူ ပိတုဃာတကကံက အကျိုးပေး၏။

(သင်္ဂြိုဟ်ဘာသာဋီကာ–၃၃၉–၂၄၁)

♠ ရဟန္တာမှကြွင်းသော အရိယာပုဂ္ဂိုလ်တို့ကို သတ်သောကံ, အလိုမတူသော ဘိက္ခုနီမကို ဖျက်ဆီးသောကံ, အရိယာတို့ကို စွပ်စွဲသော ဥပဝါဒကံ, စေတီ ဗောဓိပင်တို့ကို ဖျက်ဆီးသောကံသည် **အတိဘာရိယကံ** မည်၏။ သေပြီးသည်မှနောက် **ဒုတိယဘဝ၌ စင်စစ်အကျိုးပေးတတ်**သောကြောင့် **အာနန္တရိယသဒိသကံ**လည်းမည်၏။

(မနောရထပူရဏီ–၁၅၈)

## နိယတမိစ္ဆာဒိဋ္ဌိ

ရဟန်းတော်များ ပိဋကတ်စာ ရွတ်အံစဉ်းစားသကဲ့သို့ မိစ္ဆာအယူရှိသူတို့သည် "ပေးလှူခြင်းသည် အကျိုးမရှိ၊ ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးမရှိ၊ မိဘတို့၏ ဂုဏ်ကျေးဇူးမရှိ၊ နောင်ဘဝမရှိ"စသည်ဖြင့် ရွတ်ဆို၏။ စဉ်းစားဆင်ခြင်ကုန်၏။ ထိုသို့ရွတ်ဆို စဉ်းစားကြသဖြင့် မိစ္ဆာအယူရှိသူ၏ သတိသည် "ပေးလှူခြင်းသည် အကျိုးမရှိ"စသော အာရုံ၌ တည်၏။ ဤတွင် မိစ္ဆာအာရုံ၌ သတိဖြစ်သည်ဟု ဆိုသော်လည်း မိစ္ဆာသတိသာတည်း။ တရားကိုယ်အားဖြင့် ထိုအာရုံကို အမှန်ဟု ထင်၍ သာယာတတ်သော ဒိဋ္ဌိနှင့်ယှဉ်လျက် အမှတ်ရသော တဏှာတည်း။ တနည်း – တဏှာပြဋ္ဌာန်းသော ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ဟူသော နာမက္ခန္ဓာ လေးပါးတည်း။ သတိအစစ်မှာ ကုသိုလ်စိတ်နှင့်သာ ယှဉ်သည်။

"မကောင်းမှုကို ပြုရာမရောက် သေလျှင်ပြတ်၏" ဟူသော အာရုံကို မိစ္ဆာသင်္ကပ္ပဟူသော မိစ္ဆာဝိတက်ဖြင့် ကြံဖန်များသောအခါ ထိုအာရုံသည် (သဝိဂ္ဂဟ) အကောင်အထည်အဖြစ်ဖြင့် ထင်လာ၏။ (ကမ္မဋ္ဌာန်းပွားသကဲ့သို့) ဘာဝိတဗဟုလီကတ ပြုသောအားဖြင့် ထပ်၍ထပ်၍ ပွားသောအခါ အာရုံသည် နိဇ္ဈာနက္ခမ (မိစ္ဆာဉာဏ်ဖြင့် အကြည့်ရှုအစစ်အဆေးခံနိုင်လောက်အောင်) ဖြစ်လာ၏။ ထိုနိဇ္ဈာနက္ခန္တိဟူသော မိစ္ဆာဉာဏ်ဖြင့် အာသေဝန္တ(မှီဝဲသော)ပုဂ္ဂိုလ် ဗဟုလီကရောန္တ(ကြိမ်ဖန်များစွာ အလေ့အလာပြုသော) ပုဂ္ဂိုလ်မှာ မိစ္ဆာဝိတက်ကလည်း ထိုအာရုံသို့ဆောင်ပို့ခြင်း, မိစ္ဆာဝါယာမကလည်း စိတ်ကို ထောက်ပန့်ပေးခြင်းကြောင့် ပြအပ်ခဲ့သော မိစ္ဆာသတိသည် ထိုအာရုံ၌ စွဲမြဲစွာတည်တော့၏။ ဥပမာ – ကမ္မဋ္ဌာန်းပေါက်ခါနီးဝယ် စိတ်သည် ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာတည်နေသကဲ့သို့တည်း။

အကုသိုလ်သမာဓိလည်း အပ္ပနာသို့ရောက်နေသလို တည်ကြည်သည်ဟု ဆိုလိုသည်။ စိတ္တံ ဧကဂ္ဂံဟု ခေါင်းတပ်ထားသော်လည်း မိစ္ဆာသမာဓိကိုပင် ဆိုလိုသည်။ ထိုမိစ္ဆာသမာဓိလည်း (သမ္မာသမာဓိကဲ့သို့) မိစ္ဆာဝိတက်စသော (ဈာန်အင်္ဂါအကြောင်း) အထူးတို့ကြောင့် ဘာဝနာအားရှိလာသောအခါ မှားသောအာရုံကို ကြံစည်ရာ၌လည်း တည်ကြည်ခြင်းကိစ္စအတုကို ပြုနိုင်သည်သာ။ ဥပမာ – သားမြီးဖျားကို မှန်အောင်ပစ်သော လေးသမား၏ မြားကိုချိန်နေရာအခါ၌ မိစ္ဆာသမာဓိက တည်အောင်တည့်အောင် ပြုပေးသကဲ့သို့တည်း။

အခြားဘာသာအမျိုးမျိုး၌လည်းကောင်း, ဗုဒ္ဓဘာသာတွင်လည်း မူလကမ္မဋ္ဌာန်းအမှန်ကို ကပ်မြှောင် ထွင်ထားအပ်သော ကမ္မဋ္ဌာန်းနည်းများ၌လည်းကောင်း သက်ဝင်ယုံကြည်သော သူတို့သည် ထိုအာရုံကို အာရုံပြု၍ ဘာဝိတ ဗဟုလီကတ(ပွားများမှု အကြိမ်များစွာလေ့လာမှု)ကို ပြုကြ၏။ ထိုသို့ပြုသောအခါ **သီလမစင်ကြယ်စေကာမူ သမာဓိ**ရကြ၏။ တရားပေါက်သည်ဟု ဆိုရလောက်အောင် **အခိုက်အတန့်မျှ စိတ်တည်ကြည်ကြ**လေသည်။

ထိုသမာဓိကို မိစ္ဆာလော သမ္မာလောဟု မေးလျှင်ကား သာမန်ပုဂ္ဂိုလ်တို့ ဆုံးဖြတ်ဖို့လွယ်မည်မဟုတ်ပါ။ ရွှေအတုကို ရွှေအစစ်ဟု ထင်မြင်သုံးစွဲနေသူသည် သူ၏စိတ်၌ နှစ်ရှိက်ရွှင်ပြအားရနေသော်လည်း ရွှေ၏ အကြောင်း ကောင်းကောင်းနားလည်သူ့အတွက်မှာ ရက်စရာပင် ဖြစ်နေသကဲ့သို့ တရားအတုကို တရားအစစ် ထင်၍ ကြည်လင်ရွှင်ပြနေသူအတွက်လည်း ထိုအတိုင်းပင် ဖြစ်စရာရှိပါသည်။ ထို့ကြောင့် ကမ္မဋ္ဌာန်းတရား ဟူသည် တဏှာကုန်ခန်း၍ ရဟန္တာဖြစ်သည်အထိ အကျိုးရှိနိုင်ရကား "အကြင်တရားကို အားထုတ်၍ တဏှာ လောဘ ဒေါသ မာန က္လေသာ မစ္ဆရိယတို့ တကယ်နည်းလျှင် ထိုတရားကို တရားမှန်ဟု ယူပါ။ တဏှာ လောဘ ဒေါသ မာန က္လေသာ မစ္ဆရိယ မနည်းပဲ အထင်ကြီးနေလျှင်ကား မာန်မာန အပိုဝင်လာ သောကြောင့် "တရားမှား"ဟု မှတ်ကြပါလေ။

မိစ္ဆာအယူရှိသူသည် မိမိအယူအဆကို စဉ်းစားဆင်ခြင်ပြီး မိစ္ဆာအာရုံ၌ တည်ကြည်စွာသိသော ဇောစိတ်အစဉ်တွေ များစွာဖြစ်လေသည်။ တရားအားထုတ်သူ၌ ရှုမှတ်စရာအာရုံကို သိလျက် ဝိပဿနာ ဇောစိတ်အစဉ်တွေ များစွာဖြစ်သကဲ့သို့တည်း။ မိစ္ဆာအာရုံကို ယူလျက် များစွာသော ဇောဝီထိတွေဖြစ်လာရာ နောက်ဆုံး၌ မိစ္ဆာအယူကို အမှန်တရားဟု စွဲမြဲစွာ လက်ခံဆုံးဖြတ်သည့် ဇောဝီထိ ပေါ်လာလေသည်။ ၎င်းဝီထိဖြစ်ပြီးနောက် မိစ္ဆာအယူရှိသူသည် ၎င်း၏အယူကို မြတ်ဗုဒ္ဓပင် တရားဟောပြ မရလောက်အောင် စွဲမြဲစွာယူလေပြီ။ နောက်မဆုတ်တော့။ ဝိပဿနာတရားအားထုတ်သူ၌ မဂ္ဂဝီထိပေါ်လာပြီး နိဗ္ဗာန်ကို ကိုယ်တိုင်မျက်တွေ့မြင်ကာ ရတနာသုံးပါး၌ အသေအလဲ စွဲမြဲစွာ ယုံသွားသကဲ့သို့တည်း။

မိစ္ဆာအယူကို အမှန်တရားဟု စွဲမြဲစွာ လက်ခံဆုံးဖြတ်သည့် ဇောဝီထိ၌ ဇောခုနစ်ကြိမ်တွင် ပထမဇောမှ ဆဋ္ဌဇောတိုင်အောင် မိစ္ဆာအယူမှ ကင်းလွတ်အောင် ကုစားနိုင်သေး၏။ သတ္တမဇောအခိုက်၌ကား မည်သူမျှ မကုစားနိုင်တော့ပါ။ "ပထမဇောမှ ဆဋ္ဌဇောတိုင်အောင် မိစ္ဆာအယူမှ ကင်းလွတ်အောင် ကုစားနိုင်သေး၏" ဟူသော စကားသည် ဓမ္မသဘော(တရားတို့၏ထုံးစံ)ကို ပြသောစကားသာတည်း။ အလုပ်သဘောအားဖြင့်ကား ထိုဇောခြောက်ကြိမ်အခိုက်၌ မည်သူမျှ မကုစားနိုင်တော့ပါ။

မိစ္ဆာအယူတခု၌သာ အာသေဝန(အလေ့အလာ)များသူသည် အယူတခုကိုသာ ယူ၏, နှစ်ခု၌ အလေ့အလာများလျှင် အယူနှစ်ခုကို ယူ၏, သုံးခုလုံး၌ အလေ့အလာများလျှင် သုံးခုလုံးကို ယူ၏။ တခုယူလျှင်လည်း မိစ္ဆာဒိဋ္ဌိက, နှစ်ခုသုံးခုယူလျှင်လည်း မိစ္ဆာဒိဋ္ဌိကပင်။ တခုက အဝီစိ၌ အကျိုးပေးလျှင် ကျန်တခုနှစ်ခုက အနုဗလပ္ပဒါယိကာ[၁] (အားပေးသောအယူ) ဖြစ်ရ၏။ အနန္တရိယကံ အများပြုမိရာ၌ ကံတပါးက အကျိုးကိုပေးလျှင် အခြားကံများက ထောက်ပံ့သကဲ့သို့တည်း။

---

၁ အနုဗလ (န) ထပ်ဆင့်အား အထောက်အပန့်။ အနုဗလပ္ပဒါယက(တိ) အနုဗလ+ပ+ဒါ+ဏ္ဍု၊
အားအဆင့်ဆင့်ပေးတတ်သော၊ အထောက်အပန့်ပေးတပ်သော၊ (ထီ၌ အနုဗလပ္ပဒါယိကာ)

မိစ္ဆာအယူ၌ စွဲမြဲသူအတွက် နတ်ပြည်လမ်း နိဗ္ဗာန်လမ်းသည် ပိတ်သွားပြီဖြစ်သည်။ သို့ဖြစ်၍ မိစ္ဆာအယူစွဲမြဲသူ(နိယတမိစ္ဆာဒိဋ္ဌိက)ကို သံသရာသံသရာဝဋ်၌ ခိုင်မြဲနေသူဖြစ်သောကြောင့် ဝဋ္ဋခါဏု (ဝဋ်သစ်ငုတ်သဖွယ်ဖြစ်သူ)ဟု ခေါ်သည်။ ဝဋ္ဋခါဏု ဟုဆိုသောကြောင့် သံသရာက ဘယ်တော့မှ မလွတ်တော့ဟု မမှတ်ရ။ **အကုသိုလ်သည် ကုသိုလ်ကဲ့သို့ အားမကောင်း, ကုသိုလ်သည် အပြစ်ကင်းသော အနဝဇ္ဇတရားဖြစ်ရကား အာသေဝနအထုံရလေ အားကောင်းလေဖြစ်**သည်။ အကုသိုလ်ကား အပြစ်ရှိသော သာဝဇ္ဇတရားဖြစ်သောကြောင့် သံသရာ၌ တခါတရံ သူတော်ကောင်းနှင့် ပေါင်းမိ၍ သူတော်ကောင်းက အပြစ်ကို ထောက်ပြလျှင် တခဏဖြင့် ထိုအယူကို စွန့်နိုင်၏။ ထိုအခါ ဝဋ်မှ လွတ်နိုင်သေး၏။

နိယတမိစ္ဆာဒိဋ္ဌိကများသည် သံသရာမှ လွတ်နိုင်သေးလျှင် အဘယ့်ကြောင့် 'ဝဋ္ဋခါဏု'ဟု ဆိုရသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား– ဤသို့ **နိယတမိစ္ဆာဒိဋ္ဌိအယူ ရှိမိလျှင် အဝီစိမှ လွတ်လာပြီးသော်လည်း ဤဘဝကရအပ်ခဲ့သော အထုံဝါသနာ (အာသေဝန)ကြောင့် ထိုအယူကို ယူတတ်သေး**၏။ ဤသို့ ဆက်ကာဆက်ကာ ယူတတ်သောကြောင့် များသောအားဖြင့် ဘဝမှမထနိုင်, သံသရာမှ မလွတ်နိုင်၍ "ဝဋ္ဋခါဏု"ဟု ဆိုသည်။ (ဒီ ဋ္ဌ ၁ ဘာဋီ ဒု ၃၅၅–၃၅၉)

နိယတမိစ္ဆာဒိဋ္ဌိအယူရှိသူသည် အဝီစိ၌ အာယုကပ်ပတ်လုံး တည်သည်။ **သံဃဘေဒကထက် အပြစ်ကြီး**သည်။ နိယတမိစ္ဆာဒိဋ္ဌိအယူရှိသူသည် အာယုကပ် မပြည့်သေးလျှင် ကမ္ဘာပျက်သော်လည်း မပျက်သော ကမ္ဘာသို့ဖြစ်စေ, ကောင်းကင်မှာဖြစ်စေ ဆက်လက်ခံရမည်။ သံဃဘေဒကကံထိုက်သူသည် ဆက်လက်မခံရပေ။ (သင်္ဂြိုဟ်ဘာဋီ ၃၈၁)

သေခါနီးကာလ၌ ပြုလုပ်အပ်သော ကံသည်လည်းကောင်း ရှေးကပြုခဲ့ပြီး၍ သေခါနီးမှ အောက်မေ့အပ်သော ကံသည်လည်းကောင်း အာသန္နကံမည်၏။ ဒမိဠဒေါဝါရိကသည် အနှစ်ငါးဆယ်ပတ်လုံး ငါးမျှား၍ သေခါနီးကာလ၌ စူဠပိဏ္ဍပါတိကတိဿမထေရ်ထံ၌ သရဏဂုံဆောက်တည်သော ကုသိုလ်အာသန္နကံကြောင့် စာတုမဟာရာဇ်နတ်ပြည်၌ ဖြစ်ရပါသည်။ မဟာဝါစကာလ ဥပါသကာသည် အနှစ်သုံးဆယ်ပတ်လုံး ကောဋ္ဌာသကမ္မဋ္ဌာန်း ဆီးဖြန်းသော်လည်း သြဘာသနိမိတ်မျှ မရ၍ "ဘုရားသာသနာတော်သည် သံသရာမှ ထွက်မြောက်ကြောင်း ဖြစ်မည်မထင်"ဟု အယူဖောက်ပြန်သော အကုသိုလ်မရဏာသန္နကံ၏ အစွမ်းကြောင့် သေသည်၏ အခြားမဲ့၌ မဟာဂင်္ဂါမြစ်၌ မိကျောင်းပြိတ္တာ ဖြစ်ရသည်။

နေ့ရှည်လများ ကာလလျားအောင် ပွားများပြုလုပ်အပ်သော ဒါန, သီလ စသော ကုသိုလ်ကံမျိုး, ပါဏာတိပါတစသော အကုသိုလ်ကံမျိုးသည် အာစိဏ္ဏကံမည်၏။ တကြိမ်ကုသိုလ်ပြုပြီးနောက် ထိုကုသိုလ်ကို ကြိမ်ဖန်များစွာ ဝမ်းမြောက်မှု, တကြိမ်အကုသိုလ်ပြုပြီးနောက် ထိုအကုသိုလ်ကံကို အဖန်ဖန်စိုးရိမ်ပူပန်မှုသည်လည်း အာစိဏ္ဏကံမည်၏။ သူ့အသက်သတ်၍လည်းကောင်း သူ့ဥစ္စာခိုး၍လည်းကောင်း အမြဲအသက်မွေးမှု, ကုသိုလ်အရာ၌ အမြဲ ဒါနမှု သီလစောင့်မှု ကမ္မဋ္ဌာန်းစီးဖြန်းမှု စာပို့ချမှုစသည်ဖြင့် အမြဲမပြတ် လေ့ကျက်အပ် တိုးပွားစေအပ်သော ကံမျိုးသည် အာစိဏ္ဏကံမည်၏။

ရှေးရှေးဘဝတို့၌ ပြုအပ်ပြီးသော စေတနာ(အပရာပရိယကံ)နှင့် ယခုဘဝတွင် ဂရုက အာသန္န အာစိဏ္ဏ အခြေအနေ သို့ မရောက်တတ်ဘဲ အမှတ်တမဲ့ သာမန်မျှ ပြုအပ်သော ကံများသည် ကဋတ္တာကံမည်၏။

♠ တမလွန်ဘဝ၌ ခံစားဖို့ မရည်ရွယ်ပဲ မိဘဖြစ်၍ လောကဝတ်အနေဖြင့် လုပ်ကျွေးခြင်း, သားမယားဖြစ်၍ ဝတ်စားတန်ဆာပေးခြင်း, အဆွေခင်ပွန်းတို့အား ကျွေးမွေးခြင်းသည် ကဋတ္တာကံမည်၏။ သားမယားတို့၌ တဏှာအားဖြင့် ချစ်ခြင်း မေတ္တာအားဖြင့် ချစ်ခြင်း နှစ်မျိုးရှိ၏။ ခြေဆုပ်လက်နယ်ပြုပေးခြင်း, ဥစ္စာကိုထိမ်းသိမ်းပေးခြင်း, ကုသိုလ်ပြုရာတွင် သဘောတူညီပေးခြင်းစသည်ဖြင့် ဂုဏ်ကျေးဇူးကို အောက်မေ့၍ ချစ်ခြင်းသည် မေတ္တာအားဖြင့် ချစ်ခြင်းမည်၏။ ထိုမေတ္တာသည် မဟာကုသိုလ်ဖြစ်ရကား မြတ်သောအကျိုးကို ပေးနိုင်သည်။ (မနောရထပူရဏီ ၁၅၇)

ထိုကံလေးမျိုးတွင် ဂရုကကံသည် ကျန်ကံသုံးမျိုးတို့၏ ရှေးဦးစွာ အကျိုးပေးသည်။ ဂရုကကံမရှိသော် အာသန္နကံ အကျိုးပေးသည်။ အာသန္နကံမရှိသော် အာစိဏ္ဏကံ အကျိုးပေးသည်။ အာစိဏ္ဏကံမရှိသော် ကဋတ္တာကံ အကျိုးပေးသည်။ ဝိသုဒ္ဓိမဂ်ကျမ်းက အာစိဏ္ဏကံနှင့် အာသန္နကံတို့တွင် အာစိဏ္ဏကံက ဦးစွာအကျိုးပေးသည်ဟု ဆိုသည်။ ဤကံလေးပါးတို့၏ ရှေ့နောက်စီစဉ်ပုံမှာ မြတ်စွာဘုရား၏ မဟာကမ္မဝိဘင်ဉာဏ် အရာသာ ဖြစ်သည်။ သာဝကတို့၏ ဉာဏ်အရာမဟုတ်။

♠ သတ္တဝါတို့မှာ မိမိများစွာ လေ့လာသော အမှုကိုသာလျှင် သေခါနီးကာလ၌ အောက်မေ့မိသည်၊ ကမ္မနိမိတ်ဖြစ်သည်ကား များ၏။ အခြားအာရုံကို ယူနိုင်သည်ကား နည်းသည်ဟု အဋ္ဌကထာကြီးတို့ဆို၏။ (မနောရထပူရဏီ ၁၅၈)

## အကျိုးပေးရာကာလအပြား ကံ ၄–ပါး

♠ ဒိဋ္ဌဓမ္မ၊ ဥပပဇ္ဇာ၊ ပရာပရိ၊ အဟောသိ၊ ရှိသည်ကံလေးဖြာ။

(၁) ဒိဋ္ဌဓမ္မ ဝေဒနီယကံ (၂) ဥပပဇ္ဇ ဝေဒနီယကံ (၃) အပရာပရိယ ဝေဒနီယကံ (၄) အဟောသိကံ ဟူ၍ အကျိုးပေးရာကာလ အားဖြင့် ၄–မျိုးကွဲပြား၏။

♠ မျက်မှောက်ဘဝ၊ အကျိုးရ၊ ဒိဋ္ဌဇောဦးသာ။

မျက်မှောက်ပစ္စက္ခဘဝ၌ အကြောင်းညီညွတ်လျှင် အကျိုးပေးတတ်သော ဇော ၇–ကြိမ်တို့တွင် ပထမဇော၌ ပါရှိသော ကုသိုလ်, အကုသိုလ် စေတနာသည် ဒိဋ္ဌဓမ္မ ဝေဒနီယကံ မည်၏။ မဂ်ကုသိုလ်ကံသည် ကေန်ပင် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။ (ဒိဋ္ဌဓမ္မ–မျက်မှောက်ဘဝ၌၊ ဝေဒနီယ–အကျိုးခံစားရသောကံ)

♠ ခြားမဲ့ ဘဝ၊ အကျိုးရ၊ ဥပဇောဆုံးသာ။

အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ အကျိုးပေးသော သတ္တမဇော ကုသိုလ် အကုသိုလ် စေတနာသည် ဥပပဇ္ဇဝေဒနီယကံ မည်၏။ (မဟဂ္ဂုတ်ကုသိုလ်ကံသည် အကြောင်းညီညွတ်လျှင် ဒုတိယဘဝ၌ အကျိုးပေးတတ်၍ ဥပပဇ္ဇဝေဒနီယကံမည်၏) (ဥပပဇ္ဇ–အနီးဖြစ်သောဒုတိယဘဝ၌၊ ဝေဒနီယ–အကျိုးခံစားရသောကံ)

♠ ပရံပရ၊ အနမတဂ်၊ အဆက်ဆက်ဝယ်၊ အကျိုးကြွယ်၊ အလယ်ဇော ၅–ဖြာ။

တတိယဘဝမှစ၍ (ရဟန္တာဖြစ်သည့်တိုင်အောင်) အဆက်ဆက်သော ဘဝ၌ အကြောင်းညီညွတ်လျှင် အကျိုးပေးတတ်သော အလယ်ဇောငါးချက် ကုသိုလ်အကုသိုလ် စေတနာကံသည် အပရာပရိယဝေဒနီယကံ မည်၏။ (အပရာပရိယ–အဆက်ဆက်သော်ဘဝ၌၊ ဝေဒနီယ–အကျိုးခံစားရသောကံ)

♠ ကံအဟောသိ၊ ကျိုးမရှိ၊ တြိစေတနာ။

မိမိ မိမိတို့၏ အကျိုးပေးရာကာလ၌ အကျိုးမပေးလိုက်ရဘဲ လွန်သွားသော ရှေးကံ ၃–ပါးတို့သည် အဟောသိကံမည်၏။

(ပရမတ္ထသံခိပ်စကားပြေ ၁၁၆–၁၁၇)

ကုသိုလ်အကုသိုလ် ပဌမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။ ဤပဌမဇောစေတနာသည် ဇော ၇-ကြိမ်တွင် ပဌမဆုံးဖြစ်ရသည့်အတွက် မိမိရှေ့က အာသေဝနသတ္တိဖြင့် ထောက်ပန့်ကူညီချက်ကို မရသောကြောင့် ဒုတိယ,တတိယစသော ဇောများလောက် အားမကောင်းချေ၊ ထို့ကြောင့် အခြားသော ဇောစေတနာများကဲ့သို့ ပဋိသန္ဓေကျိုးပေး၍ တစုံတခုသော ဘဝသစ်ကို ထူထောင်ခြင်းငှါ မစွမ်းနိုင်။ မျက်မှောက်ဘဝ၌သာ အဟိတ် ကုသလဝိပါက်, အကုသလဝိပါက် အကျိုးများနှင့် ကမ္မဇရုပ်အကျိုးများ ကမ္မပစ္စယဥတုဇရုပ် အကျိုးတရားဟူသော ပဝတ္တိအဟိတ် အကျိုးတရားများကိုသာ ဖြစ်ထွန်းစေနိုင်သည်။

မောင်ပုဏ္ဏသည် နိရောဓသမာပတ်မှ ထပြီးခါစဖြစ်သော အရှင်သာရိပုတြာမထေရ်ကြီးအား နံနက်စောစောအချိန် မျက်နှာသစ်ရေကို လှူဒါန်း၏။ မယား ဘာရိကာကလည်း ဆွမ်းလှူဒါန်း၏။ ထိုကုသိုလ်များကြောင့်ပင် ထွန်ချေးခဲများက ရွှေတုံးရွှေခဲဖြစ်၍ နေ့ချင်း သူဌေးကြီးရာထူးကို ရလေသည်။ ကာကဝဋ္ဋိယ၏ မယားသည် နိရောဓသမာပတ်မှ ထပြီးခါစ,ဖြစ်သော အရှင်မဟာကဿပ မထေရ်မြတ်ကြီးအား ယာဂုဆွမ်း လှူဒါန်းလေသည်။ ထိုကုသိုလ်ကြောင့်ပင် ခုနစ်ရက်အတွင်း၌ ရွှေအိုးငွေအိုးများကို ရ၍ သူဌေးဖြစ်လေသည်။ ဤကားဒိဋ္ဌဓမ္မဝေဒနီယ ကုသိုလ်ကံကြောင့် မျက်မှောက်ဘဝ၌ ထင်ထင်ရှားရှား အကျိုးပေးသော သာဓကများ ဖြစ်၏။

သူဌေးဖြစ်လျှင် ကောင်းသောအာရုံတွေကို မြင်ရကြားရမှုကြောင့် အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်စသည်နှင့် ခန္ဓာကိုယ်ဝယ် ကုသိုလ်ကမ္မဇရုပ်များ တိုးပွားခွင့်ရလေသည်။ သဌေးဖြစ်အောင် တိုးပွားလာသော ဥစ္စာများကား ကမ္မပစ္စယဥတုဇရုပ်များတည်း။ ဤရုပ်တရားများကိုလည်း အဟေတုက အမည်ရသောကြောင့် အဟိတ်ဟုပင် ခေါ်ရသည်။

ကောင်းသော အမှုကိုပြု၍ သူတော်ကောင်းစသည်တို့၏ ချီးမွမ်းချီးမြှောက် ထောက်ပန့်ခြင်းကို ခံရခြင်း ထိုက်သည့်အလျောက် လောကဝတ်တရားဖြင့် အစိုးရမင်းတို့၏ အချီးအမြှောက် အမအစကို ခံရခြင်းများသည်လည်း ကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံ၏ မထင်ရှားသော အကျိုးတရားများဟု ဆိုသင့်သည်။

နန္ဒလုလင်သည် ဥပ္ပလဝဏ်ထေရီမအား မတရားပြုကျင့်၏။ ထိုအကုသိုလ်ကံကြောင့်ပင် နေ့ချင်းမြေမြို ၍ ဘဝဆုံးရသည်။

နန္ဒနွားသတ်သမားသည် အနှစ် ၅၀-ပတ်လုံး နွားသတ်ခြင်းဖြင့် အသက်မွေးခဲ့၏။ တနေ့သ၌ ထမင်းပွဲတွင် အမဲသားဟင်း မပါသောကြောင့် နွားအရှင်တကောင်၏ လျှာကို လှီးဖြတ်၍ မီးကင်စားစဉ် လျှာပြတ်ကျ၍ သေရသည်။ သေသည်၏ အခြားမဲ့ကာလတွင် ငရဲ၌ ကျ၏။

ဤကဲ့သို့ ဒုက္ခရောက်သည့်အခါ အဟိတ်အကုသလဝိပါက် စက္ခုဝိညာဏ်စသည်နှင့် အကုသိုလ် ကမ္မဇရုပ်များ, ကမ္မပစ္စယဥတုဇရုပ်များ ထိုက်သည်အားလျော်စွာ ဖြစ်ခွင့်ရလေသည်။

နန္ဒဘီလူးသည် အရှင်သာရိပုတြာ၏ ရိတ်ပြီးခါစ ဦးခေါင်းပြောင်ပြောင်ကို လက်ဖြင့် ခေါက်၏။ ထို အကုသိုလ်ကံကြောင့်ပင် "ပူလှချည့် လောင်လှချည့်"ဟု မြည်တမ်းလျက် အဝီစိငရဲ ကျရလေသည်။ ဤကား ဒိဋ္ဌဓမ္မဝေဒနီယကံကြောင့် မျက်မှောက်ဘဝ၌ ထင်ထင်ရှားရှား အကျိုးပေးသော သာဓကများဖြစ်သည်။ မကောင်းမှု ဒုစရိုက် ပြုကျင့်၍ သူတော်ကောင်းတို့၏ ကဲ့ရဲ့မှုကို ခံရခြင်း ထိုက်သည့်အလျောက် အစိုးရပြစ် ဒဏ်ကို ခံရခြင်းများသည် အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံ၏ မထင်ရှားသော အကျိုးတရားများဟု ဆိုသင့်သည်။

ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပဝတ္တိကျိုးကိုပေးနိုင်သည်ဟု ဆိုသော်လည်း အခါခပ်သိမ်းပေးနိုင်သည် မဟုတ်။ အကြောင်းအထောက်အပံ့ များစွာစုံညီမှ အကျိုးပေးနိုင်သည်။ မှန်၏ – ဒိဋ္ဌဓမ္မဝေဒနီယအမည်ရသော ပထမဇော စေတနာသည် အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြုမှုကို မခံရသောကြောင့် အလွန်အားနည်းသည်။ ထို့ကြောင့် ဆန့်ကျင်ဘက်တရားတို့၏ လွှမ်းမိုးနှိက်စက်မှုကို မခံရပါမှ (ကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်လျှင် ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်တရားတို့၏ အနှောက်အယှက်အဖျက်အဆီးကို မခံရပါမှ) မျက်မှောက်ဘဝ၌ အကျိုးပေးနိုင်လေသည်။ အကြောင်းအထောက်အပန့် အထူးဖြင့် ရအပ်သော အကြောင်းထူးလည်း ရှိပါမှ (ကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်မူ ဂတိ, ဥပဓိ, ကာလ, ပယောဂ သမ္ပတ္တိဖြစ်ပါမှ အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်မူ ဂတိ[၁], ဥပဓိ, ကာလ, ပယောဂ ဝိပ္ပတ္တိဖြစ်ပါမှ) အားကောင်းသည်။ ယင်းသို့အားကောင်းလောက်သော နောက်စိတ်ထက်သန်အောင် ရေးအဖို့က **ပြုပြင်မှု၏** အစွမ်းဖြင့် လွန်ကဲသော သတ္တိလည်း ရှိပါမှ မျက်မှောက်ဘဝ၌ အကျိုးပေးနိုင်သည်။ ပြုပြင်မှုဟူသည် ဆန္ဒရှိလျှင် ဒီအမှုမျိုး ဘာကြောင့် မပြီးဘဲ ရှိပါအံ့နည်း, စိတ်ရှိလျှင်, ဉာဏ်ရှိလျှင်, ဝီရိယရှိလျှင် ဒီအမှုမျိုး ဘာကြောင့် မပြီးဘဲ ရှိပါအံ့နည်းဟု စဉ်းစား၍ ထက်သန်စွာ ပြုလုပ်မှုကို ဆိုလိုသည်။ ဂုဏ်ထူးနှင့်ယှဉ်သော ဘုရားရဟန္တာ အနာဂါမ် စသော ပုဂ္ဂိုလ်တို့၌ ကျေးဇူးပြုခြင်း ကျေးဇူးမပြုခြင်း၏ အစွမ်းအားဖြင့်လည်း ဖြစ်ပါမှ မျက်မှောက်ဘဝ၌ အကျိုးပေးသည်။

ဤသို့လျှင် ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပဝတ္တိကျိုးကိုပင်သော်လည်း အကြောင်းအထောက်အပန့် များစွာစုံညီမှ အကျိုးပေးနိုင်လေသည်။

---

၁ အလောင်းတော်များမှတပါး အခြားသတ္တဝါများ ကောင်းမှုပြုရန်အခွင့်မရှိဘဲ အမြဲဆင်းရဲနေသည့် အပါယ်လေးဘုံ၌ ဖြစ်ခြင်းသည် ဂတိဝိပတ္တိ။ ဒုတိယကမ္ဘာစစ်ဖြစ်ချိန်ကဲ့သို့ ကုသိုလ်ပြုခွင့်မသာသောအချိန်သည် ကာလဝိပတ္တိ။ မျက်စိ နား နှာ အင်္ဂါခြေလက် ချို့ယွင်းခြင်းသည် ဥပဓိဝိပတ္တိ။ ကောင်းကျိုးမရနိုင်သော ဆိုကျိုးဖြစ်စေနိုင်သော အကုသိုလ်လုပ်ငန်းကို လုပ်နေခြင်းသည် ပယောဂဝိပတ္တိ။ (မင်းကွန်း ဩကာသရှင်တမ်း ၁၁)

၁။ ဝတ္ထုသမ္ပဒါ=အနာဂါမ် ရဟန္တာဟူသော အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်း ၂။ ပစ္စယသမ္ပဒါ=တရားသဖြင့် ရှာဖွေရသော ပစ္စည်းဟူသော လှူဘွယ်ဝတ္ထုပစ္စည်း၏ ပြည့်စုံခြင်း ၃။ စေတနာသမ္ပဒါ=အလှူ့ရှင်က ပုဗ္ဗ, မုဥ္စ, အပရ စေတနာ သုံးတန်စလုံး ထက်သန်ခြင်း ၄။ ဂုဏာတိရေကတာ=အလှူခံ ပုဂ္ဂိုလ်က နိရောဓ သမာပတ်က ထပြီးခါစဖြစ်၍ လွန်ကဲသော ဂုဏ်းထူးနှင့် ပြည့်စုံခြင်း၊ ဤအကြောင်းလေးပါးနှင့် ပြည့်စုံမှ ဒိဋ္ဌဓမ္မဝေဒနီယကံသည် မျက်မှောက်ဘဝ၌ အကျိုးပေးသည်ဟု လာသည်။ **ထိုအကြောင်းလေးပါးမှာ ဒါနကုသိုလ်စေတနာ၏ ဒိဋ္ဌဓမ္မအကျိုးပေးရာ၌သာ သက်ဆိုင်**သည်ဟု မှတ်ပါ။

ကုသိုလ်အကုသိုလ် သတ္တမဇောစေတနာသည် ဉပပဇ္ဇဝေဒနီယကံမည်၏။ ကုသိုလ်ဘက်၌ သမာပတ် ၈–ပါး၊ အကုသိုလ်ဘက်၌ ပဥ္စာနန္တရိယကံများသည် ဉပပဇ္ဇဝေဒနီယကံမည်၏။ ဤသတ္တမဇောစေတနာသည် ဆဋ္ဌဇော၏ အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြုမှုကို ခံရသောကြောင့် ပထမဇောစေတနာထက် အတော်အတန် အားကောင်းသည်, အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြုမှုကို ခံရသည် ဆိုသော်လည်း ထက်မြက်သော အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြုခံရသည်မဟုတ်။ အရှိအဟုန် ကုန်စဲခါနီးဖြစ်၍ နုံ့သောဆဋ္ဌဇော၏ အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြုမှုကိုသာ ခံရ၍ အလွန်းကြီး အားမကောင်းလှ။ ထို့ကြောင့် အလယ်ဇော စေတနာများကဲ့သို့ ဒုတိယဘဝကို ကျော်လွန်၍ တတိယဘဝစသည်၌ အကျိုးမပေးနိုင်။ ဒုတိယဘဝစသည်၌သာ ပဋိသန္ဓေ,ပဝတ္တိအကျိုးကို ပေးနိုင်သည်။

ဝိဘာဝနီ[၁]ကျမ်းက ဉပပဇ္ဇဝေဒနီယကံသည် ပဋိသန္ဓေကျိုးကို ပေးပြီးမှ ပဝတ္တိကျိုးကို ပေးနိုင်သည်။ ပဋိသန္ဓေအကျိုး မပေးသော် ပဝတ္တိအကျိုးကို မပေးနိုင်ဟု ဆိုသည်။ သို့သော် စမ္မေယျဇာတ်၌ အလောင်းတော် စမ္မေယျနဂါးမင်းသည် ရှေးဘဝက နဂါးမင်းစည်းစိမ်ကိုတောင့်တ၍ ဒါန, သီလစသော ကုသိုလ်အမှုများကို ပြုလုပ်ခဲ့၏။ စုတိ၏အခြားမဲ့၌ အကုသိုလ်ကံကြောင့် အဟိတ်နဂါး ပဋိသန္ဓေနေရသည်။ (ဤ၌ကုသိုလ်ကံသည် ပဋိသန္ဓေကျိုး မပေးလိုက်ရ) ပဝတ္တိအခါ၌ ပြုခဲ့သော ကုသိုလ်ကံများကြောင့် နဂါးမင်းစည်းစိမ်ကို ရရှိလာသည်။ ဤဝတ္ထု၌ ဘုရားလောင်း၏ ဒါနသီလ ကုသိုလ်များသည် ပဋိသန္ဓေကျိုးကို မပေး။ ပဝတ္တိကျိုးမျှကိုသာ ပေးသည်။

ဤဉပပဇ္ဇဝေဒနီယကံလည်း ဆန့်ကျင်ဘက်တရားတို့၏ နှောက်ယှက်မှုကို မခံရပါမှ အကြောင်း အထောက်အပန့် အထူးဖြင့်ရအပ်သော အကြောင်းထူးလည်းရှိပါမှ အကျိုးပေးနိုင်သည်။

ကုသိုလ်အကုသိုလ် အလယ်ဇောငါးချက်စေတနာသည် အပရာပရိယဝေဒနီယကံမည်၏။ ဤအလယ် ဇော ငါးချက်စေတနာသည် အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြုမှုကို ခံရသောကြောင့် အလွန်အားကောင်းသည်။ ထို့ကြောင့် တတိယဘဝမှစ၍ ဘဝမဆုံးမချင်း နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အကြောင်းအခွင့် သင့်သောဘဝ၌ အကျိုးပေးနိုင်သည်။ ဤအပရာပရိယဝေဒနီယကံမှ လွတ်သော သတ္တဝါမရှိ။

---

၁ အဘိဓမ္မာအဖွင့်ကျမ်းတခု၏ နာမည်

ပဌမဇောသည် မျက်မှောက်ဘဝ၌ အကျိုးမပေးသော်, သတ္တမဇောစေတနာသည် ဒုတိယဘဝ၌ အကျိုးမပေးသော်, အလယ်ဇောငါးချက်စေတနာသည် နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် အကျိုးမပေးသော် အဟောသိကံဖြစ်၏။ ပစ္စုပ္ပန်ဘဝ၌ ဒိဋ္ဌဓမ္မအကျိုး ပေးနိုင်လောက်သော ကံအများကို အားထုတ်ထားလျှင် ကံတခုကသာ ဒိဋ္ဌဓမ္မအကျိုးကို ပေးနိုင်သည်[၁]။ ကြွင်းသောကံများသည် အဟောသိကံ ဖြစ်ကြရသည်။ ဥပပဇ္ဇဝေဒနီယကံများကို အားထုတ်ရာ၌လည်း ကံတခုက ပဋိသန္ဓေအကျိုးကိုပေးလျှင် ကြွင်းသောကံများသည် ပဋိသန္ဓေကျိုးကို မပေးနိုင်။ ပဝတ္တိကျိုးကိုကား ပေးနိုင်သေး၏။ ပဝတ္တိကျိုးကိုမျှ မပေးလျှင် အဟောသိကံ ဖြစ်ကြရလေသည်။ ပဉ္စာနန္တရိယကံ ငါးမျိုးလုံး လွန်ကျူးလွန်ထားရာ၌ အစွမ်းသတ္တိ အထက်ဆုံးဖြစ်သော သံဃဘေဒကကံသာ ပဋိသန္ဓေကျိုးကို ပေးသည်။ ကြွင်းသော အာနန္တရိယကံတို့သည် အဟောသိကံ ဖြစ်ကြရသည်။ သမာပတ် ရှစ်ပါးစလုံးရရာ၌ သမာပတ် တပါးကသာ ပဋိသန္ဓေကျိုးပေးသည်။ ကြွင်းသော သမာပတ်များသည် အဟောသိကံ ဖြစ်ကြရသည်။ အပရာပရိယကံသည် နိဗ္ဗာန်ရ၍ သံသရာစက်ပြတ်မှ အဟောသိကံ ဖြစ်သည်။ သံသရာစက်ရဟတ် မပြတ်လည်နေသေးလျှင် အဟောသိကံ မဖြစ်။

♠ ဒါနသီလစသော **ကုသိုလ်အမှု** ပါဏာတိပါတစသော **အကုသိုလ်အမှုများသည်** ဤ**သတ္တမဇောအခိုက် အတန့်ကျမှ အထမြောက်ကြ**၏။ ထိုထိုကုသိုလ်မှု အကုသိုလ်မှုကို ပြုရာ၌ ရှေ့ဇောများဖြင့် အထမမြောက်သေး, ရှေ့ဇောများသည် သတ္တမဇောအားရှိအောင် အထောက်အပန့်တွေသာ ဖြစ်ကြ၏။ သတ္တမဇောကျမှသာ ဆိုင်ရာကိစ္စပြီးမြောက်သည်။ ထို့ကြောင့် သတ္တမဇောစေတနာသည် ပဋိသန္ဓေကျိုးကို ပေးနိုင်သော စေတနာတို့တွင် ဦးစွာထွက်၍ ဒုတိယဘဝ၌ အကျိုးပေးသည်။ ပရမတ္ထဒီပနီ၌ "ဇော ၇-ကြိမ်တွင် ပဌမဇောမှ စ၍ **စတုတ္ထဇောတိုင်အောင် အစွမ်းကုန်တက်ပြီးနောက်** တဖြေးဖြေးကျလေရာ သတ္တမဇောမှာ အဆုံးသတ်လျော့ကျခြင်း ဖြစ်သည်"ဟု အဋ္ဌသာလိနီ လောကုတ္တရ ကုသလပဒ အဖွင့်မှီ၍ ငှက်ပျောပင် သဘော်ပင်တို့သည် ခပ်မြန်မြန်သီးသလို သတ္တမဇောက အားသေး၍ ဒုတိယဘဝမှာ အကျိုးပေးသည်ဟုဆိုသည်။ သတ္တမဇောသည် ပဋိသန္ဓေကျိုးကို မပေးရလျှင် ပဝတ္တိကျိုးပေးနိုင်သည်။

(သင်္ဂြိုဟ်ဘာဋီ ၃၄၉)

**ကောယ စေတနာယ ကမ္မေ အာယူဟိတေ ကော ပဋိသန္ဓိ ဟောတိ**။(ဋ္ဌနိ ဝိပါကုဒ္ဒါရ အဖွင့်)
(စေတနာတခုဖြင့် ကံကိုအားထုတ်လျှင် တခုသော ပဋိသန္ဓေဖြစ်၏။
"စေတနာတခုလျှင် ပဋိသန္ဓေကျိုး တမျိုးပေးသည်"ဟုဆိုလိုသည်)

♠ ကံကို ဇောစေတနာ တခုတည်းဖြင့် ထမြောက်အောင် အားမထုတ်နိုင်။ ဝီထိတခုတွင်ပါသော ဇော

---

၁ အကြောင်းမသင့်၍ အကျိုးပေးခွင့်မရမှု များလှသော ဒိဋ္ဌဓမ္မဝေဒနီယတို့ကို ရည်ရွယ်၍ဆိုသော စကားဖြစ်ဟန်တူသည်။ တခုသော ပစ္စက္ခပစ္စုပ္ပန် ဒိဋ္ဌဓမ္မဘဝသည် တခုသော ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အရာသာတည်ဟု ယူခြင်းငှါ မတတ်သာချေ။ များစွာသော ဒိဋ္ဌဓမ္မဝေဒနီယကံတို့၏ အကျိုးပေးရာဟူ၍ မုချဆိုထိုက်၏။ (သံခိပ်ဋီကာ ဒု ၉၈)

၇-ကြိမ်ဖြင့် အားထုတ်မှ ကံတခုမြောက်သည်။ ထိုဇောစေတနာ ၇-ခုလုံးကိုပင် သဘောတူသောကြောင့် စေတနာတခုဟု ဆိုထားသည်။ ထို့ကြောင့် **တဝီထိပါ ဇောစေတနာအားလုံးအတွက်မှ ပဋိသန္ဓေကျိုး တချက်သာ ရနိုင်**သည်။ သို့ဖြစ်၍ **သတ္တမဇောသည် ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးပေးခဲ့သော် အလယ်ဇော ငါးချက်က နောက်ထပ် ပဋိသန္ဓေကျိုး မပေးနိုင်။ ပဝတ္တိကျိုးကိုသာ ဆိုင်ရာဘဝ၌ ပေးခွင့်ရှိ**တော့သည်။

(သင်္ဂြိုဟ်ဘာဋီ ၃၅၂)

♠ မဟဂ္ဂုတ်ဇောစေတနာတို့သည် အနန္တရဘဝတွင် အကျိုးပေးပါမှ မပေးလျှင် သုဉ်းလေ၏။ အဟောသိကံ ဖြစ်လေ၏။ မဟဂ္ဂုတ်ဇောစေတနာသည် ဆန့်ကျင်ဘက် နီဝရဏတိုနှင့်တွေ့သော် အကျိုးသုဉ်းဖျင်းပြန်ကုန်သည်။ ကာမဇောစေတနာတို့ကား နိဗ္ဗာန်ရောက်သည့်တိုင်အောင် အကျိုးပေး၏။ မဟဂ္ဂုတ်ဇောစေတနာ သလေးထမင်းနှင့်တူ၏။ ကာမဇောစေတနာသည် သလေးဆန်နှင့်တူသည်။ ဆန်သည်ကြာရှည်စွာ မပျက်စီး။ ထမင်းသည် မစားပဲထားသော် သိုးလွယ်ပုပ်လွယ်၏။ မဂ်စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မြဲ၏။ မဂ်သည် ဖိုလ်အား အနန္တရပစ္စည်းတပ်၏။ အာနန္တရိယကံသည်လည်း ဒုတိယဘဝ၌ အကျိုးပေးမြဲပင်။

(သံခိပ်ဋီကာ ဒု ၁၀၀)

**နာနာစေတနာဟိ ကမ္မေ အာယူဟိတေ နာနာ ဟောတိ ပဋိသန္ဓိ**။ (ဋ္ဌနီ)

အမျိုးမျိုးသော စေတနာဖြင့် ကံကိုအားထုတ်သော် ပဋိသန္ဓေအမျိုးမျိုး ဖြစ်၏။

♠ စေတနာအမျိုးမျိုး (နာနာစေတနာ)ဟူသည် တဝီထိ၌ပါသော ဇော၇-ကြိမ်ကို ဆိုလိုသည်မဟုတ်၊ ပုဗ္ဗ မုဉ္စ အပရ စေတနာအမျိုးမျိုးကို ဆိုလိုရင်းဖြစ်သည်။ ထိုစေတနာအမျိုးမျိုးဖြင့် ကံကို အားထုတ်လျှင် **ပုဗ္ဗ အပရ စေတနာတို့အတွက်ကြောင့် ပဋိသန္ဓေကျိုး များစွာရနိုင်**သည်။ နွားသတ်သမား တယောက်သည် နွားသတ်မှုကံကြောင့် နှစ်ပေါင်းများစွာ ငရဲကျက်ရပြီး ကံအကြွင်းကြောင့် ဂိဇ္ဈကုဋ်တောင်မှာ အရိုးစုပြိတ္တာ ဖြစ်လာသည်။ နွားသတ်မှုပြုစဉ်က ပါဏာတိပါတကံ တကြိမ်အထမြောက်ရာ၌ ပုဗ္ဗစေတနာ မုဉ္စစေတနာ အပရစေတနာများ ပါ၏။ မုဉ္စစေတနာသည် ကံအထမြောက်သည့် တဝီထိ၌ပါသော ဇောစေတနာတို့တည်း။ ကံအထမမြောက်ခင် ရှေးအဘို့က ဝီထိပေါင်းများစွာ၌ ပါရှိသော စေတနာများကို ပုဗ္ဗစေတနာဟုလည်းကောင်း နောက်အဘို့၌ စေတနာများစွာကို အပရစေတနာဟုလည်းကောင်း ခေါ်၏။ ထိုတွင် မုဉ္စစေတနာတွင်ပါသော သတ္တမဇောကြောင့် ငရဲကျရပြီး ပုဗ္ဗစေတနာ အပရစေတနာတို့တွင်[၁] ဝီထိတခုခု၌ပါဝင်သော အလယ်ဇော စေတနာတွေကြောင့် ပြိတ္တာ ဖြစ်ရလေသည်။ အလယ်ဇော ၅-ခုတွင် သင့်လျော်သော ဇောတခုခုက အကျိုးပေးသည်ဟု သိပါ။(သင်္ဂြိုဟ်ဘာဋီ ၃၅၄)

---

၁ ပုဗ္ဗစေတနာ အပရစေတနာတို့သည် ဗလဝပစ္စည်းကို ရမှသာ ပဋိသန္ဓေကျိုးပေး၏။ ဗလဝပစ္စည်းကို မရလျှင် ပဋိသန္ဓေကျိုး မပေး။ (သံခိပ်ဋီ ဒု ၁၂၅)

♠ တခုသောစေတနာသည် တခုသောပဋိသန္ဓေကို ဖြစ်စေ၏။ ဘဝတခုကိုသာ ဖြစ်စေ၏။ ပဝတ္တိဝိပါက်ကိုမူကား ဘဝအသချေ်တို့၌ပင် ဖြစ်စေနိုင်သည်။ ဤ၌စောဒနာဖွယ်ရှိသည်ကား–

ဧကေပုပ္ဖံ ယဇိတွာန၊ သဟဿကပ္ပကောဋိယော။
ဒေဝေသု စ မနုဿေသု၊ သေသေန ပရိနိဗ္ဗုတော။

အနက်ကား။ ဧကပုပ္ဖံ–တပွင့်သောပန်းကို၊ ယဇိတွာန–ပူဇော်ခဲ့ဘူးသောကြောင့်၊ သဟဿကပ္ပကောဋိယော–ကပ်ကုဋေတထောင်တို့ပတ်လုံး၊ ဒေဝေသုစ–နတ်ပြည်တို့၌လည်းကောင်း၊ မနုဿေသုစ–လူ့ပြည်တို့၌လည်းကောင်း၊ (သံသရိတွာ–ကျင်လည်ပြီး၍) သေသေန–ဘဝအဆုံး၌၊ ပရိနိဗ္ဗုတော–ပရိနိဗ္ဗာန်စံရလေ၏။

ဤသို့ဟောတော်မူအပ်သောကြောင့် တခုသောစေတနာသည် တခုသောဘဝကိုသာ ဖြစ်စေနိုင်၏ဟူ၍ ဆိုသောစကားသည် သင့်ပါမည်လောဟူမူ – သင့်၏ဟု ဆိုရာ၏။ မှန်၏။ ပုဗ္ဗစေတနာ အပရစေတနာတို့နှင့် တကွ ကပ်ကုဋေပေါင်း တထောင်ပမာဏအကျိုးပေး၏ဟု ဆိုသင့်ပေသောကြောင့် သင့်မြတ်ပေသည်။ စိတ်တို့မည်သည် လက်ဖျစ်တတွက် လျှပ်တပြက်ကာလအတွင်း ကာလကလေးမှာပင် ကုဋေတရာမက ဖြစ်နိုင်၏။ ထို့ထက်ကာလကြာလျှင် ဆိုဖွယ်ရာမရှိ အတိုင်းမသိဖြစ်၏။ "သဟဿကပ္ပကောဋိယော"ဟူသော စကား၌လည်း အာယုကပ်ပေါင်းကုဋေတထောင် ဘဝပေါင်းကုဋေတထောင်ဟူ၍ နေတ္တိအဋ္ဌကထာ၌ ဖွင့်ဆိုလျက်ရှိ၏။ ပုဗ္ဗစေတနာ အပရစေတနာတို့၏ ပဋိသန္ဓေအကျိုးပေးနိုင်ကြောင်းကို ကောသလသံယုတ်ဖြင့် သိရာ၏။ ၎င်းသံယုဂ်အဋ္ဌကထာ၌ "ဧကပိဏ္ဍပါတဒါနသ္မိံ ဟိ ဧကာ စေတနာ ဒွေ ပဋိသန္ဓိယော န ဒေတိ၊ ပုဗ္ဗပစ္ဆိမစေတနာဝသေန သတ္တက္ခတ္တုံ သဂ္ဂေ သတ္တက္ခတ္တုံ သေဋ္ဌိကုလေ နိဗ္ဗတ္တော"ဟူ၍ ဆိုသည်။
(သံခိပ်ဋီကာ ဒု ၁၄၂)

## စိတ် ၈၉–ပါး၏ လုပ်ငန်း ကိစ္စများ

လူတို့၏ အမှုလုပ်ငန်းကို ကိစ္စဟု ခေါ်သလို ထိုထိုစိတ်တည်းဟူသော ပရမတ္ထတရားတို့၏ လုပ်ဆောင်ချက်များကိုလည်း ကိစ္စဟု ခေါ်သည်။ စိတ်တို့၏ လုပ်ဆောင်ချက် ကိစ္စသည် ၁၄–မျိုးရှိ၏။

၁။ ဘဝနှစ်ရပ်ကို တစပ်တည်း ထင်မှတ်ရအောင် စပ်ဆက်၍ ပေးခြင်း – ပဋိသန္ဓေကိစ္စ
၂။ ဘဝအမျှင် မပြတ်အောင် စီစဉ်ပေးသကဲ့သို့ ဖြစ်ခြင်း – ဘဝင်ကိစ္စ
၃။ အာရုံကိုထင်မြင်ခြင်း – အာဝဇ္ဇန်းကိစ္စ
၄။ ရူပါရုံကို ကြည့်ရှုခြင်း မြင်ခြင်း – ဒဿနကိစ္စ
၅။ သဒ္ဒါရုံကို ကြားနာခြင်း – သဝနကိစ္စ
၆။ ဂန္ဓာရုံကို နမ်းရှုခြင်း – ဃာယနကိစ္စ
၇။ ရသာရုံကို လျက်ခြင်း၊ စားခြင်း၊ သာယာခြင်း – သာယနကိစ္စ
၈။ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်း – ဖုသနကိစ္စ
၉။ အာရုံကို လက်ခံသိမ်းပိုက်သကဲ့သို့ ဖြစ်ခြင်း – သမ္ပဋိစ္ဆိုန်းကိစ္စ
၁၀။ အာရုံကို စုံစမ်းစစ်ဆေးသကဲ့သို့ဖြစ်ခြင်း – သန္တီရဏကိစ္စ
၁၁။ အာရုံကို ပိုင်းခြားခြင်း – ဝေါဋ္ဌဗ္ဗနကိစ္စ
၁၂။ အာရုံကို တွင်ကျယ်စွာသိခြင်း – ဇောကိစ္စ
၁၃။ အာရုံကို တွယ်တာလိုက်စား သကဲ့သို့ ထိုဇော၏အာရုံကိုပင် ထပ်၍အာရုံပြုခြင်း – တဒါရုံကိစ္စ
၁၄။ ပစ္စုပ္ပန်ဘဝမှ ရွေ့ရှားပြောင်းခွါခြင်း – စုတိကိစ္စ

♠ စပ်ဆက်+စီစဉ်၊ ဆင်ခြင်+ကြည့်ရှု၊ ကြားနာမှုနှင့်၊ နံမှု+လျက်မှု၊ တွေ့ထိမှုမှန်၊ လက်ခံ+စစ်ဆေး၊ ပိုင်းခြားရေးတည့်၊ သိရေးတွင်ကျယ်၊ တာတွယ်လိုက်စား၊ ရွေ့ရှားပြောင်းခွါ၊ ဆယ့်လေးဖြာ၊ ပြရာ ကိစ္စစဉ်။

(လယ်တီပရမတ္ထသံခိပ်)

## ပဉ္စဒွါရဝီထိ

ဘ ဘ တီ န ဒ ပ ပဉ္စဝိညာဏ် သံ တီ ဝု ဇဇဇဇဇဇဇ တ တ ဘ

မဟာဝိ–၈၊ ပဉ္စဒွါရာ ဒွေပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏ မနောဒွါရာ အကု–၁၂၊ မဟာဝိ–၈

အဟိတ်ကု/အကုဝိ ဝဇ္ဇန်း–၁ ၁၀ ၂ ၃ ဝဇ္ဇန်း–၁ ကု၈,ကြိ၈,ဟသိ၁ သန္တီရဏ–၃

ဥပေက္ခာသန္တီရဏ–၂

## မနောဒွါရဝီထိ

ဘ ဘ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ

မဟာဝိပါက်–၈၊အဟိတ်ကု/အကုဝိ မနောဒွါရာ အကုသိုလ်–၁၂၊မဟာကုသိုလ်–၈ မဟာဝိ–၈

ဥပေက္ခာသန္တီရဏ–၂၊မဟဂ္ဂုတ်ဝိ–၉ ဝဇ္ဇန်း–၁ မဟာကြိ–၈၊ဟသိ–၁ သန္တီရဏ–၃

## ဈာနဝီထိ

ဘ ဘ န ဒ မ ပ ဥ နု ဂေါ ဈာန် ဘ ဘ ဘ

မဟာဝိဉာသံ–၄၊မဟဂ္ဂုတ်ဝိ–၉ မနောဒွါရာဝဇ္ဇန်း–၁ မဟာကု/ကြိဉာသံ–၈ မဟဂ္ဂုတ်ကု/ကြိ–၁၈

## မဂ္ဂဝီထိ

ဘ ဘ န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဘ ဘ ဘ

မဟာဝိဉာသံ–၄၊မဟဂ္ဂုတ်ဝိ–၉ မနောဒွါရာဝဇ္ဇန်း–၁ မဟာကုဉာသံ–၄ မဂ်–၄ ဖိုလ်–၄

## ဖလသမာပတ္တိဝီထိ

ဘ ဘ န ဒ မ နု နု နု နု ဖိုလ် ဖိုလ် ဖိုလ် များစွာ ဘဘဘ

မဟာဝိဉာသံ–၄၊မဟဂ္ဂုတ်ဝိ–၉ မနောဒွါရာဝဇ္ဇန်း–၁ မဟာကု/ကြိဉာသံ–၈ ဖိုလ်–၄

## နိရောဓသမာပတ္တိဝီထိ

ဘ ဘ ဘ န မ ပ ဥ နု ဂေါ ဈာန် ဈာန် (နိရောဓ) ဖိုလ် ဘဘ

မဟာဝိဉာသံ–၄၊ရူပဝိ–၅ မနောဒွါရာဝဇ္ဇန်း–၁ မဟာကု/ကြိဥဉာသံ–၂ နေဝကု/ကြိ–၂ အနာ/အရဟာဖိုလ်–၂

## အဘိညာဝီထိ

ဘ ဘ ဘ န မ ပ ဥ နု ဂေါ အဘိညာဉ် ဘ ဘ ဘ

မဟာဝိဉာသံ–၄၊ရူပဝိ–၅ မနောဒွါရာဝဇ္ဇန်း–၁ မဟာကု/ကြိဉာသံ–၈ ရူပကု/ကြိပဉ္စမဈာန်–၂

## မရဏာသန္နဝီထိ

ဘဘန ဒ မ ဇဇဇဇဇ တတဘ စုတိ ပဋိသန္ဓေ ဘ ဘ ဘ

အဟိတ်ကု/အကုဝိဥတီ–၂ အဟိတ်ကု/အကုဝိဥတီ–၂ အဟိတ်ကု/အကုဝိဥတီ–၂

မဟာဝိ–၈၊မဟဂ္ဂုတ်ဝိ–၉ မဟာဝိ–၈၊မဟဂ္ဂုတ်ဝိ–၉ မဟာဝိ–၈၊မဟဂ္ဂုတ်ဝိ–၉

## စိတ် ၈၉-ပါး နှင့် ကိစ္စတွဲစပ်ပုံ

ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စတပ်သော စိတ်များ = ကု/အကုဝိပါက် ဥပေက္ခာသန္တီရဏ-၂၊ မဟာဝိပါက်-၈၊
မဟဂ္ဂုတ်ဝိပါက်-၉ ပေါင်း (၁၉)
အာဝဇ္ဇန်းကိစ္စတပ်သော စိတ်များ = ပဉ္စဒွါရာဝဇ္ဇန်းစိတ်-၁၊ မနောဒွါရာဝဇ္ဇန်းစိတ်-၁
မြင်ခြင်းကိစ္စတပ်သော စိတ်များ = ကု/အကုဝိပါက် စက္ခုဝိညာဏ်-၂
ကြားခြင်းကိစ္စတပ်သော စိတ်များ = ကု/အကုဝိပါက် သောတဝိညာဏ်-၂
နံခြင်းကိစ္စတပ်သော စိတ်များ = ကု/အကုဝိပါက် ဃာနဝိညာဏ်-၂
အရသာသိခြင်းကိစ္စတပ်သော စိတ်များ = ကု/အကုဝိပါက် ဇိဝှါဝိညာဏ်-၂
တွေ့သိခြင်းကိစ္စတပ်သော စိတ်များ = ကု/အကုဝိပါက် ကာယဝိညာဏ်-၂
လက်ခံခြင်း သမ္ပဋိစ္ဆိုန်းကိစ္စ တပ်သောစိတ်များ =ကုဝိ/အကုဝိ သမ္ပဋိစ္ဆိုင်း-၂
စုံစမ်းစစ်ဆေးခြင်း သန္တီရဏကိစ္စ တပ်သောစိတ်များ = သန္တီရဏစိတ်-၃
ဆုံးဖြတ်ခြင်း(ဝုဋ္ဌော)ကိစ္စတပ်သော စိတ်= မနောဒွါရာဝဇ္ဇန်းစိတ်-၁
ဇောကိစ္စတပ်သော စိတ်များ = အကုသိုလ်-၁၂၊ ဟသိတုပ္ပါဒ်-၁၊ မဟာကုသိုလ်-၈၊ မဟာကြိယာ-၈၊
မဟဂ္ဂုတ်ကုသိုလ်-၉၊ မဟဂ္ဂုတ်ကြိယာ-၉၊ လောကုတ္တရာ-၈၊ ပေါင်း (၅၅)
တဒါရုံကိစ္စတပ်သော စိတ်များ = သန္တီရဏ ၃၊ မဟာဝိပါက်-၈၊

ကုသလဝိပါက် ဥပေက္ခာသန္တီရဏနှင့် အကုသလဝိပါက် ဥပေက္ခာသန္တီရဏတို့သည် ပဋိသန္ဓေ, ဘဝင်, စုတိ, သန္တီရဏ, တဒါရုံ အားဖြင့် **ငါးကိစ္စ**တပ်ကုန်၏။ မဟာဝိပါက်စိတ် ၈-ပါးသည် ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံ အားဖြင့် **လေးကိစ္စ**တပ်ကုန်၏။ မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါးတို့သည် ပဋိသန္ဓေ, ဘဝင်, စုတိ, အားဖြင့် **သုံးကိစ္စ**တပ်ကုန်၏။ အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏ ၁-ပါးသည် သန္တီရဏ, တဒါရုံ အားဖြင့် **နှစ်ကိစ္စ**တပ်ကုန်၏။ အဟိတ်ကြိယာ မနောဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်း, ဝုဋ္ဌော အားဖြင့် **နှစ်ကိစ္စ**တပ်၏။ ဤစိတ်တို့မှတပါး ကြွင်းကျန်သော ဇော-၅၅၊ ပဉ္စဒွါရာဝဇ္ဇန်း-၁၊ သမ္ပဋိစ္ဆိုန်း-၂၊ ဒွေပဉ္စဝိညာဏ်-၁၀၊ ပေါင်း-၆၈ ပါးသော စိတ်တို့သည် ဆိုင်ရာ**ကိစ္စတမျိုးစီ**သာ တပ်ကြကုန်၏။

| | | | |
|---|---|---|---|
| ၅ | ကိစ္စတပ်သောစိတ် | = | ၂ |
| ၄ | ကိစ္စတပ်သောစိတ် | = | ၈ |
| ၃ | ကိစ္စတပ်သောစိတ် | = | ၉ |
| ၂ | ကိစ္စတပ်သောစိတ် | = | ၂ |
| ၁ | ကိစ္စတပ်သောစိတ် | = | ၆၈ |
| | ပေါင်း | | ၈၉ |

## ဘုံ,ပုဂ္ဂိုလ် နှင့် ဖြစ်နိုင်သမျှစိတ်

| ပုဂ္ဂိုလ် | ကာမ ၁၁–ဘုံ | ရူပဗြဟ္မာဘုံ | အရူပဗြဟ္မာဘုံ |
|---|---|---|---|
| ဒုဂ္ဂတိ အဟိတ် | အကုသိုလ်–၁၂<br>ဟသိကြဉ် အဟိတ်–၁၇<br>မဟာကုသိုလ်–၈<br>**ပေါင်း ၃၇** | မရှိ | မရှိ |
| သုဂတိ အဟိတ် နှင့် ဒွိဟိတ် | အကုသိုလ်–၁၂<br>ဟသိကြဉ် အဟိတ်–၁၇<br>မဟာကုသိုလ်–၈<br>မဟာဝိပါက် ဉာဝိ–၄<br>**ပေါင်း ၄၁** | မရှိ | မရှိ |
| တိဟိတ်<br>ပုထုဇဉ် | အကုသိုလ်–၁၂<br>ဟသိကြဉ် အဟိတ်–၁၇<br>မဟာကုသိုလ်–၈<br>မဟာဝိပါက်–၈<br>**ပေါင်း ၄၅**<br>(ဈာန်ရလျှင်ဈာန်စိတ်ပေါင်း) | ဒေါသမူ–၂ ကြဉ် အကုသိုလ်–၁၀<br>ဃာန,ဇိဝှါ,ကာယဝိညာဏ် ၆–ခုနှင့် ဟသိကြဉ် အဟိတ်–၁၁<br>မဟာကုသိုလ်–၈<br>မဟဂ္ဂုတ်ကုသိုလ် –၉<br>ရူပဝိပါက် ၅–ပါးတွင် ၁–ပါးပါး<br>**ပေါင်း ၃၉** | ဒေါသမူ–၂ ကြဉ် အကုသိုလ်–၁၀<br>မနောဒွါရာဝဇ္ဇန်း–၁<br>မဟာကုသိုလ်–၈<br>အရူပကုသိုလ် –၄<br>အရူပဝိပါက် ၄–ပါးတွင် ၁–ပါးပါး<br>**ပေါင်း ၂၄** |
| သောတာပန် | လောဘမူဒိသံ–၄ နှင့် ဝိစိကြဉ် အကု–၇<br>ဟသိကြဉ် အဟိတ်–၁၇<br>မဟာကုသိုလ်–၈<br>မဟာဝိပါက်–၈<br>သောတာပတ္တိဖိုလ်–၁<br>**ပေါင်း ၄၁**<br>(ဈာန်ရလျှင်ဈာန်စိတ်ပေါင်း) | ဒေါ–၂၊ လောဘမူဒိသံ–၄ နှင့် ဝိစိကြဉ် အကု–၅<br>ဃာနစသည် ၆–ခုနှင့် ဟသိကြဉ် အဟိတ်–၁၁<br>မဟာကုသိုလ်–၈<br>မဟဂ္ဂုတ်ကုသိုလ်–၉<br>ရူပဝိ ၅–ပါတွင် ၁–ပါးပါး<br>သောတာပတ္တိဖိုလ်–၁<br>**ပေါင်း ၃၅** | ဒေါ–၂၊ လောဘမူဒိသံ–၄ နှင့် ဝိစိကြဉ် အကု–၅<br>မနောဒွါရာဝဇ္ဇန်း–၁<br>မဟာကုသိုလ်–၈<br>အရူပကုသိုလ် –၄<br>အရူပဝိ ၄–ပါးတွင် ၁–ပါးပါး<br>သောတာပတ္တိဖိုလ်–၁<br>**ပေါင်း ၂၀** |

| ပုဂ္ဂိုလ် | ကာမ ၁၁–ဘုံ | ရူပဗြဟ္မာဘုံ | အရူပဗြဟ္မာဘုံ |
|---|---|---|---|
| သကဒါဂါမ် | လောဘမူဒိသံ–၄ နှင့်<br>ဝိစိကြဉ် အကု–၇<br>ဟသိကြဉ် အဟိတ်–၁၇<br>မဟာကုသိုလ်–၈<br>မဟာဝိပါက်–၈<br>သကဒါဂါမိဖိုလ်–၁<br>**ပေါင်း ၄၁**<br>(ဈာန်ရလျှင်ဈာန်စိတ်ပေါင်း) | လောဘမူဒိသံ–၄၊ ဒေါ–၂၊<br>နှင့် ဝိစိကြဉ် အကု–၅<br>ဃာနစသည် ၆–ခုနှင့်<br>ဟသိကြဉ် အဟိတ်–၁၁<br>မဟာကုသိုလ်–၈<br>မဟဂ္ဂုတ်ကုသိုလ်–၉<br>ရူပဝိ ၅–ပါတွင် ၁–ပါးပါး<br>သကဒါဂါမိဖိုလ်–၁<br>**ပေါင်း ၃၅** | လောဘမူဒိသံ–၄၊ ဒေါ–၂၊ နှင့်<br>ဝိစိကြဉ် အကု–၅<br>မနောဒွါရာဝဇ္ဇန်း–၁<br>မဟာကုသိုလ်–၈<br>အရူပကုသိုလ် –၄<br>အရူပဝိ ၄–ပါးတွင် ၁–ပါးပါး<br>သကဒါဂါမိဖိုလ်–၁<br>**ပေါင်း ၂၀** |
| အနာဂါမ် | လောဘမူဒိသံ–၄၊ ဒေါ–၂၊<br>နှင့် ဝိစိကြဉ် အကု–၅<br>ဟသိကြဉ် အဟိတ်–၁၇<br>မဟာကုသိုလ်–၈<br>မဟာဝိပါက်–၈<br>အနာဂါမိဖိုလ်–၁<br>**ပေါင်း ၃၉**<br>(ဈာန်ရလျှင်ဈာန်စိတ်ပေါင်း) | လောဘမူဒိသံ–၄၊ ဒေါ–၂၊<br>နှင့် ဝိစိကြဉ် အကု–၅<br>ဃာနစသည် ၆–ခုနှင့်<br>ဟသိကြဉ် အဟိတ်–၁၁<br>မဟာကုသိုလ်–၈<br>မဟဂ္ဂုတ်ကုသိုလ်–၉<br>ရူပဝိ ၅–ပါတွင် ၁–ပါးပါး<br>အနာဂါမိဖိုလ်–၁<br>**ပေါင်း ၃၅** | လောဘမူဒိသံ–၄၊ ဒေါ–၂၊ နှင့်<br>ဝိစိကြဉ် အကု–၅<br>မနောဒွါရာဝဇ္ဇန်း–၁<br>မဟာကုသိုလ်–၈<br>အရူပကုသိုလ် –၄<br>အရူပဝိ ၄–ပါးတွင် ၁–ပါးပါး<br>အနာဂါမိဖိုလ်–၁<br>**ပေါင်း ၂၀** |
| ရဟန္တာ | အဟိတ်–၁၈<br>မဟာကြိယာ–၈<br>မဟာဝိပါက်–၈<br>အရဟတ္တဖိုလ်–၁<br>**ပေါင်း ၃၅**<br>(ဈာန်ရလျှင်ဈာန်စိတ်ပေါင်း) | ဃာနစသည် ၆–ခု ကြဉ်<br>အဟိတ်–၁၂<br>မဟာကြိယာ–၈<br>မဟဂ္ဂုတ်ကြိယာ–၉<br>ရူပဝိ ၅–ပါတွင် ၁–ပါးပါး<br>အရဟတ္တဖိုလ်–၁<br>**ပေါင်း ၃၁** | မနောဒွါရာဝဇ္ဇန်း–၁<br>မဟာကြိယာ–၈<br>အရူပကြိယာ –၄<br>အရူပဝိ ၄–ပါးတွင် ၁–ပါးပါး<br>အရဟတ္တဖိုလ်–၁<br>**ပေါင်း ၁၅** |

♠ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄ ဦးတို့၌ ဆိုင်ရာမဂ်စိတ် တပါးစီသာ ဖြစ်နိုင်ကြသည်။ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ သောတာပတ္တိမဂ်စိတ် တပါးသာ ဖြစ်သည်။ သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ သကဒါဂါမိမဂ်စိတ် တပါးသာ ဖြစ်သည်။ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ အနာဂါမိမဂ်စိတ် တပါးသာ ဖြစ်သည်။ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ အရဟတ္တမဂ်စိတ် တပါးသာ ဖြစ်သည်။ (ဒေါက်တာမင်းတင်မွန် အဘိဓမ္မာအနှစ်ချုပ်၁၃၂–၁၃၆)

## အဘိညာဉ်အကြောင်း ဖွင့်ဆိုချက်

| | **ဈာန် ၈-ပါး** | **ကသိုဏ်း ၈-ပါး** |
|---|---|---|
| ရူပ | ၁။ ပထမဈာန် | ၁။ ပထဝီကသိုဏ်း |
| | ၂။ ဒုတိယဈာန် (ဒု+တ)[၁] | ၂။ အာပေါကသိုဏ်း |
| | ၃။ တတိယဈာန် | ၃။ တေဇောကသိုဏ်း |
| | ၄။ စတုတ္ထဈာန် | ၄။ ဝါယောကသိုဏ်း |
| အရူပ | ၅။ အာကာသာနဉ္စာယတနဈာန် | ၅။ နီလကသိုဏ်း |
| | ၆။ ဝိညာဏဉ္စာယတနဈာန် | ၆။ ပီတကသိုဏ်း |
| | ၇။ အာကိဉ္စညာယတနဈာန် | ၇။ လောဟိတကသိုဏ်း |
| | ၈။ နေဝသညာနာသညာယတနဈာန် | ၈။ ဩဒါတကသိုဏ်း |

♠ ဈာန်အကြောင်း အကျယ်ရှင်းလင်းချက် သိလိုက စိတ်ပိုင်းစာမျက်နှာ ၃၈-၄၄ ကို ကြည့်ပါ။
ကသိုဏ်းအကြောင်း အကျယ်ရှင်းလင်းချက် သိလိုက စိတ်ပိုင်းစာမျက်နှာ ၄၅-၄၉ ကို ကြည့်ပါ။

တန်ခိုးအဘိညာဉ်ရလိုသော ယောဂီသည် ကသိုဏ်းရှစ်ပါးကို အာရုံပြုလျက် ဈာန်သမာပတ်ရှစ်ပါး ဖြစ်စေနိုင်ရမည်။

ထိုသို့ဖြစ်စေရာ၌

(၁) ကသိုဏ်း အနုလုံအားဖြင့်လည်းကောင်း

(၂) ကသိုဏ်း ပဋိလုံအားဖြင့်လည်းကောင်း

(၃) ကသိုဏ်း အနုလုံ ပဋိလုံအားဖြင့်လည်းကောင်း

(၄) ဈာန် အနုလုံအားဖြင့်လည်းကောင်း

(၅) ဈာန် ပဋိလုံအားဖြင့်လည်းကောင်း

(၆) ဈာန် အနုလုံ ပဋိလုံအားဖြင့်လည်းကောင်း

---

၁ စတုက္ကနည်းဖြင့်ရေတွက်သဖြင့် ဒုတိယဈာန်နှင့်တတိယဈာန်ကို ပေါင်း၍ ဒုတိယဈာန်ဟု ရေတွက်သည်။

(၇) ဈာန်ကို ခုန်ကျော်ခြင်းအားဖြင့်လည်းကောင်း
(၈) ကသိုဏ်းကို ခုန်ကျော်ခြင်းအားဖြင့်လည်းကောင်း
(၉) ဈာန်နှင့်ကသိုဏ်းတို့ကို ခုန်ကျော်ခြင်းအားဖြင့်လည်းကောင်း
(၁၀) အင်္ဂါ ပြောင်းရွှေ့ခြင်းအားဖြင့်လည်းကောင်း
(၁၁) အာရုံ ပြောင်းရွှေ့ခြင်းအားဖြင့်လည်းကောင်း
(၁၂) အင်္ဂါနှင့်အာရုံ ပြောင်းရွှေ့ခြင်းအားဖြင့်လည်းကောင်း
(၁၃) အင်္ဂါကို မှတ်ခြင်းအားဖြင့်လည်းကောင်း
(၁၄) အာရုံကို မှတ်ခြင်းအားဖြင့်လည်းကောင်း

ဤ ၁၄–မျိုးဖြင့် စိတ်ကို ယဉ်ကျေးအောင် (ဈာန်၌ ကျွမ်းကျင်အောင်) လေ့ကျင့်ရမည်။

(၁) ကသိုဏ်းအနုလုံဖြင့် စိတ်ကို ဆုံးမပုံ

ပထဝီကသိုဏ်းကို အာရုံယူ၍ ဈာန်ကို ဝင်စားသည်။ ထို့နောက် အာပေါကသိုဏ်းမှ ဩဒါတကသိုဏ်း အထိ အစဉ်အတိုင်း တခုစီအာရုံယူ၍ ဈာန်ကို အကြိမ် တရာ တထောင် ဝင်စားသည်။

(၂) ကသိုဏ်းပဋိလုံဖြင့် စိတ်ကို ဆုံးမပုံ

ဩဒါတကသိုဏ်းကို အာရုံယူ၍ ဈာန်ကို ဝင်းစားသည်။ ထို့နောက် လောဟိတကသိုဏ်းမှ ပထဝီကသိုဏ်းအထိ အစဉ်အတိုင်း တခုစီအာရုံယူ၍ ဈာန်ကို အကြိမ် တရာ တထောင် ဝင်စားသည်။

(၃) ကသိုဏ်း အနုလုံ ပဋိလုံဖြင့် စိတ်ကို ဆုံးမပုံ

ပထဝီကသိုဏ်းမှ ဩဒါတကသိုဏ်းတိုင်အောင်, ဩဒါတကသိုဏ်းမှ ပထဝီကသိုဏ်းတိုင်အောင်, ဤသို့ အစုံအဆန် ကသိုဏ်းအာရုံကို ပြောင်း၍ ပြောင်း၍ ဈာန်ကို ဝင်စား၏။

(၄) ဈာန်အနုလုံဖြင့် စိတ်ကို ဆုံးမပုံ

ပထမဈာန်မှစ၍ နေဝသညာနာသညာယတနတိုင်အောင် ဈာန်ကို အစဉ်အတိုင်း ဝင်စား၏။

(၅) စျာန်ပဋိလုံဖြင့် စိတ်ကို ဆုံးမပုံ

နေဝသညာနာသညာယတနစျာန်မှစ၍ ပဌမစျာန်တိုင်အောင် စျာန်ကို ပြောင်းပြန် ဝင်စား၏။

(၆) စျာန်အနုလုံ ပဋိလုံဖြင့် စိတ်ကို ဆုံးမပုံ

ပဌမစျာန်မှစ၍ နေဝသညာနာသညာယတနတိုင်အောင်, နေဝသညာနာသညာယတနစျာန်မှစ၍ ပဌမစျာန်တိုင်အောင် စျာန်ကို ဝင်စား၏။

(၇) စျာန်ကို ခုန်ကျော်ဝင်စား၍ စိတ်ကို ဆုံးမပုံ

ပထဝီကသိုဏ်းကို အာရုံယူ၍ ပဌမစျာန်ဝင်စားပြီး ပထဝီကသိုဏ်းကိုပင် အာရုံယူ၍ တတိယစျာန် ဝင်စား၏။ (ဒုတိယစျာန်ကို ကျော်၏) ထို့နောက် ပထဝီကသိုဏ်းနိမိတ်ခွါ၍ရသော အာကာသပညတ်အာရုံယူ၍ အာကာသာနဥ္စာယတနစျာန် ဝင်စား၏။ ထို့နောက် အာကိဉ္စညာယတစျာန် ဝင်စား၏။

(၈) ကသိုဏ်းကို ခုန်ကျော် စျာန်ဝင်စား၍ စိတ်ကို ဆုံးမပုံ

ပထဝီကသိုဏ်းကို အာရုံယူ၍ ပဌမစျာန် ဝင်စား၏။ ထို့နောက် တေဇောကသိုဏ်းကို အာရုံယူ၍ ပဌမစျာန် ဝင်စား၏။ (အာပေါကသိုဏ်းကို ကျော်၏) ထို့နောင် နီလကသိုဏ်းကို အာရုံယူ၍, ထို့နောက် လောဟိတကသိုဏ်းကို အာရုံယူ၍ ပဌမစျာန်ကို ဝင်စား၏။ (ဒုတိယစျာန်စသည်ကိုလည်း ဤသို့သိပါ)

(၉) ကသိုဏ်းနှင့်စျာန်ကို ခုန်ကျော် ဝင်စား၍ စိတ်ကို ဆုံးမပုံ

ပထဝီကသိုဏ်းကို အာရုံယူ၍ ပဌမစျာန်ကို ဝင်စားသည်။ ထို့နောက် တေဇောကသိုဏ်းကို အာရုံယူ၍ တတိယစျာန်ကို ဝင်စားသည်။ (အာပေါကသိုဏ်းကို ကျော်သည်၊ ဒုတိယစျာန်ကို ကျော်သည်) နီလကသိုဏ်းခွါ၍ ရအပ်သော အာကာသပညတ်ကို အာရုံယူ၍ အာကာသာနဥ္စာယတနစျာန်ကို ဝင်စား၏။ ထို့နောက် လောဟိတကသိုဏ်းကို အခြေခံ၍ ဖြစ်ပေါ်ခဲ့ဘူးသော အာကိဉ္စညာယတနစျာန်[၁]ကို ဝင်စား၏။

---

၁ လောဟိတကသိုဏ်းကိုခွါ၍ ရသော အာကာသပညတ်ကို အာရုံယူ၍ အာကာသာနဥ္စညာယတနစျာန် ဖြစ်၏။ အာကာသာနဥ္စညာယတနစျာန်စိတ်ကို အာရုံယူ၍ ဝိညာဏဥ္စာယတနစျာန် ဖြစ်၏။ အာကာသာနဥ္စာယတနစျာန်စိတ်၏ မရှိခြင်း နတ္ထိဘောပညတ်ကို အာရုံယူ၍ အာကိဉ္စညာယတနစျာန် ဖြစ်သည်။ ထိုစျာန်မျိုးကို ဝင်စားသည်ဟု ဆိုလိုသည်။

(၁၀) အင်္ဂါပြောင်းရွှေ့ ဈာန်ဝင်စား၍ စိတ်ကို ဆုံးမပုံ

ပထဝီကသိုဏ်းကို အာရုံယူ၍ ပထမဈာန်ကို ဝင်စားသည်။ ပထဝီကသိုဏ်းကိုပင် အာရုံယူ၍ ဒုတိယဈာန်စသည့် အခြားဈာန်တို့ကိုလည်း ဝင်စားသည်။

(၁၁) အာရုံပြောင်းရွှေ့ ဈာန်ဝင်စား၍ စိတ်ကို ဆုံးမပုံ

ပထဝီကသိုဏ်းကို အာရုံယူ၍ ပထမဈာန်ဝင်စားသည်။ ထို့နောက် အာပေါကသိုဏ်းကို အာရုံယူ၍ ပထမဈာန် ဝင်းစားသည်။ ဤသို့ ကသိုဏ်းရှစ်ပါးအာရုံကို ပြောင်းလဲ၍ ပထမဈာန် ဝင်စားသည်။

(၁၂) အင်္ဂါနှင့်အာရုံကို ပြောင်းရွှေ့ပြီး ဈာန်ဝင်စား၍ စိတ်ကို ဆုံးမပုံ

ပထဝီကသိုဏ်းကို အာရုံယူ၍ ပထမဈာန်ကို ဝင်စားသည်။ ထို့နောက် အာပေါကသိုဏ်းကို အာရုံယူ၍ ဒုတိယဈာန်ကို, တေဇောကသိုဏ်းကို အာရုံယူ၍ တတိယဈာန်ကို, ဝါယောကသိုဏ်းကို အာရုံယူ၍ စတုတ္ထဈာန်ကို, နီလကသိုဏ်းကို ခွါ၍ ရသော အာကာသပညတ်အာရုံယူ၍ အာကာသာနဉ္စာယတနဈာန်ကို, ပီတကသိုဏ်းကို အခြေခံ၍ ရသော ဝိညာဏဉ္စာယတနဈာန်ကို, လောဟိတကသိုဏ်းကို အခြေခံ၍ ရသော အာကိဉ္စညာယတနဈာန်ကို, ဩဒါတကသိုဏ်းကို အခြေခံ၍ ရသော နေဝသညာနာသညာယတနဈာန်ကို ဝင်စား၏။

(၁၃) အင်္ဂါကိုမှတ်ခြင်း

ပထမဈာန်၌ အင်္ဂါ ၅–ပါးရှိသည်ဟု မှတ်သား၏။ ဒုတိယဈာန် အင်္ဂါ ၃–ပါး[၁], တတိယဈာန်၌ အင်္ဂါ ၂–ပါး, စတုတ္ထဈာန်၌ အင်္ဂါ ၂–ပါး, အာကာသာနဉ္စာယတနစသည့် အရူပဈာန် ၄–ပါး၌ အင်္ဂါ ၂–ပါးစီ ရှိသည်ဟု မှတ်သား၏။

(၁၄) အာရုံကိုမှတ်ခြင်း

ဤသည်ကား ပထဝီကသိုဏ်း, ဤသည်ကား အာပေါကသိုဏ်း, စသည်ဖြင့် ကသိုဏ်းရှစ်ပါးကို မှတ်သား၏။

---

၁ စတုက္ကနည်း (ရူပဈာန် ၅–ပါး မတွက်ဘဲ ဒုတိယဈာန်နှင့် တတိယဈာန်ကို ပေါင်း၍ ဒုတိယဈာန်ဟု တွက်သည့်နည်း)

ဤ ၁၄–မျိုးဖြင့် ဈာန်သမာပတ်ကို ကျွမ်းကျင်အောင် လေ့ကျင့်ထားသူသာ အဘိညာဉ်ကို ရနိုင်သည်။ ရှေးဘဝတို့၌ အလေ့အကျင့်များခဲ့သော ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, အဂ္ဂသာဝကတို့တို့မှာ ဤ ၁၄–မျိုးဖြင့် ဈာန်သမာပတ်ကို ကျွမ်းကျင်အောင် လေ့ကျင့်စရာမလိုပဲ အရဟတ္တဖိုလ်ရရုံဖြင့် အဘိညာဉ်ကို ရကြ၏။ ပဋိသမ္ဘိဒါဉာဏ်စသည် အခြားဂုဏ်ထူးဉာဏ်ထူးတို့ကိုလည်း ရ၏။

## ဣဒ္ဓိ ၁၀–မျိုး

| | | |
|---|---|---|
| ၁။ အဓိဋ္ဌာနိဒ္ဓိ | ၂။ ဝိကုဗ္ဗနိဒ္ဓိ | ၃။ မနောမယိဒ္ဓိ |
| ၄။ ဉာဏဝိပ္ဖါရိဒ္ဓိ | ၅။ သမာဓိဝိပ္ဖါရိဒ္ဓိ | ၆။ အရိယိဒ္ဓိ |
| ၇။ ကမ္မဝိပါကဇိဒ္ဓိ | ၈။ ပုညဝတောဣဒ္ဓိ | ၉။ ဝိဇ္ဇာမယိဒ္ဓိ |
| ၁၀။ (နေ့တရူဝအလုပ်ပြီးမြောက်မှု)ဣဒ္ဓိ | | |

တပါးတည်းက တရာ တထောင်ဖြစ်အောင် ပကတိအသွင် မစွန့်ပဲ ဖန်ဆင်းမှုကို အဓိဋ္ဌာနိဒ္ဓိ–ဟု ခေါ်သည်။ တန်ခိုးရှင်သည် မိမိရုပ်သွင်ဖျောက်၍ နဂါး ဂဠုန် ဘီလူးစသည့် အခြားရုပ်သွင် ဖန်ဆင်းပြမှုကို ဝိကုဗ္ဗနိဒ္ဓိ–ဟု ခေါ်သည်။ တန်ခိုးရှင်၏ ကိုယ်ထဲ၌ အခြားပုံတူတခု ဖန်ဆင်းပြမှုကို မနောမယိဒ္ဓိ–ဟု ခေါ်သည်။

ဉာဏ်၏ ရှေ့၌လည်းကောင်း နောက်၌လည်းကောင်း ထိုခဏ၌လည်းကောင်း ဉာဏ်၏အစွမ်းကြောင့် ဖြစ်သော အထူးသည် ဉာဏဝိပ္ဖါရိဒ္ဓိ မည်၏။ နောက်ဆုံးဘဝ ရှင်ဗာကုလအလောင်း[၁] သူငယ်သည် ငါးကြီးအမျိုခံရသော်လည်း အသက်မသေပဲ လွတ်မြောက်လာခြင်းသည် ရလတ့ံသော အရဟတ္တမဂ်ဉာဏ်အစွမ်းကြောင့်ဖြစ်သည်။

သမာဓိ၏ ရှေ့၌လည်းကောင်း နောက်၌လည်းကောင်း ထိုခဏ၌လည်းကောင်း သမာဓိ၏ အစွမ်းကြောင့် ဖြစ်သော အထူးသည် သမာဓိဝိပ္ဖါရိဒ္ဓိ–မည်၏။ သမာပတ်ဝင်စားနေသည့် ရှင်သာရိပုတ္တရာ၏ လရောင်ဖြင့် တောက်ပနေသော ခေါင်းရိတ်ပြီးစ ဦးခေါင်းကို ဘီလူးဆိုးတယောက်၏ ပုတ်ခတ်သံသည် မိုးခြိမ်းသံကဲ့သို့ မည်သည့်တိုင်အောင် ပြင်းထန်သော်လည်း ရှင်သာရိပုတ္တရာ၌ နာကျင်မှုမဖြစ်ခြင်းသည် သမာဓိဝိပ္ဖါရိဒ္ဓိ မည်၏။

ရဟန္တာတို့သည် စိတ်ကို အစိုးရကြ၍ စက်ဆုပ်ဖွယ်အာရုံကို သာယာစရာအဖြစ်ဖြင့် ကြည့်နိုင်၏။ သာယာစရာအာရုံကို စက်ဆုပ်ဖွယ်အဖြစ်ဖြင့်လည်း ကြည့်နိုင်ကြပေသည်။ ဤသို့ အရိယာတို့၏ အလိုရှိတိုင်း စိတ်ထင်မြင်ချက်ကို ပြီးစေနိုင်မှုသည် အရိယိဒ္ဓိ–မည်၏။

ငှက်, နတ် စသည်တို့၏ ကောင်းကင်သွားနိုင်ခြင်း စသည်တို့သည် ကံ၏အကျိုးကို မှီ၍ဖြစ်သော ပြီးမြောက်ခြင်း ကမ္မဝိပါကဇိဒ္ဓိ မည်၏။

---

၁ ဝတ္ထုအကျဉ်းချုပ်ကို မဟာစည် ဝိသုဒ္ဓိမဂ်မြန်မာပြန် တတိယအုပ် နှာ ၂၂ ကြည့်

စကြာဝတေးမင်းစသည်တို့၏ ကောင်းကင်ဖြင့်သွားခြင်း, ဇောတိကသူဌေးအတွက် မြေကြီးမှ ပတ္တမြားပြသာဒ်ထွက်ပေါ်ခြင်း, ပဒေသာပင် ဖ၄–ပင် ထွက်ပေါ်ခြင်း စသည်တို့သည် ကုသိုလ်ထူးသောပုဂ္ဂိုလ်တို့ ပြီးမြောက်ခြင်း ပုညဝတောဣဒ္ဓိ မည်၏။

မန္တာန်အတတ်ပညာဆောင်သူ ဝိဇ္ဇာဓိုရ်တို့ ကောင်းကင်ဖြင့်သွားခြင်းသည် အတတ်ပညာဖြင့် ပြီးသော ပြီးမြောက်ခြင်း ဝိဇ္ဇာမယိဒ္ဓိ မည်၏။

လောကီလောကုတ်အတွက် ပြုလုပ်လုပ်ရသည့် ကိစ္စများကို နည်းမှန်လမ်းမှန် ပြုလုပ်က ပြီးစီးအောင်မြင် နိုင်သည်။ ထို့သို့ နည်းလမ်းမှန်စွာ ပြုလုပ်အားထုပ်ခြင်းကြောင့် လောကီလောကုတ် ကိစ္စကြီးငယ်တို့၏ ပြီးစီးမှုသည်လည်း ဣဒ္ဓိ တမျိုးပင် ဖြစ်လေသည်။

ဤဣဒ္ဓိ ၁၀–မျိုးတွင် ၁။ အဓိဋ္ဌာနိဒ္ဓိ ၂။ ဝိကုဗ္ဗနိဒ္ဓိ ၃။ မနောမယိဒ္ဓိ တို့သည်သာလျှင် အဘိညာဉ်၏ အကျိုးတရားဖြစ်သည်။

## ဣဒ္ဓိဝိဓအဘိညာဉ်

အဘိညာဉ် ပြုလုပ်လိုသော သူသည် အဘိညာဉ်၏ အခြေခံဖြစ်သော စတုတ္ထဈာန်ကို ပဋိဘာဂနိမိတ် အာရုံပြု၍ ဦးစွာ ဝင်စားရသည်။ ထို့နောက် အခြေခံ စတုတ္ထဈာန်မှထ၍ ကာမာဝစရစိတ်ဖြင့် "တရာ စသည် ဖြစ်လို၏" ဟု ကြံစည်ခြင်း ပရိကမ် ပြုရသည်။ ထို့နောက် ပဋိဘာဂနိမိတ် အာရုံပြု၍ ပါဒကဈာန်ကို ပြန်ဝင်စားသည်။ ထို့နောက် တရာစသည် ဖြစ်စေရန် နှလုံးသွင်းလျက် အာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟူသော ကာမာဝစရစိတ်တို့ဖြစ်ပြီးနောက် စတုတ္ထဈာန်နှင့်ယှဉ်သော အဘိညဉ်စိတ်ဖြင့် တရာဖြစ်စေဟု အဓိဋ္ဌာန်လေသည်။ အဘိညာဉ်စိတ်ဖြစ်သည်နှင့် တပြိုင်နက် တရာစသည် ပေါ်လာလေသည်။ ပရိကမ်ပြုသောစိတ်တို့သည် **တရာတထောင်တို့ကို အဆင်း၏အစွမ်းဖြင့်သာ အာရုံပြု၏။ ပညတ်အစွမ်းဖြင့် အာရုံမပြုကုန်**။

တရာတထောင်စသည့် နိမ္မိတရုပ်ကို ဖန်ဆင်းရာ၌ အထူးမသတ်မှတ်ဘဲ ဖန်ဆင်းလျှင် နိမ္မိတ (ဖန်ဆင်းထားသည့်)ရုပ်တို့သည် ဖန်ဆင်းသူ တန်ခိုးရှင်နှင့် တူကြလေသည်။ တန်ခိုးရှင်က ရပ်လျှင် နိမ္မိတရုပ်လည်း ရပ်သည်။ ထိုင်လျှင် ထိုင်သည်။ စကားပြောလျှင် ပြောသည်။ တန်ခိုးရှင်သည် နိမ္မိတရုပ်တို့ကို ပုံစံကွဲပြားအောင် လုပ်ထားက ပုံစံအမျိုးမျိုး ဖြစ်နိုင်ကြသည်။ အချို့ ပထမအရွယ်ပုံ, ဒုတိယအရွယ်ပုံ စသည်၊ အချို့ ဆံပင်နှင့်ပုံ, ခေါင်းရိတ်ထားသည့်ပုံ စသည်၊ အချို့ စာရွတ်စာအံနေဟန်, အချို့ သင်္ကန်းဖွတ် နေဟန် စသည်ဖြင့် ပုံစံအမျိုးမျိုး ဖြစ်နိုင်ကြသည်။

ဘုရားရှင်လက်ထက်က အရှင်စူဠပန္ထကသည် မိမိကိုယ်ကို (အကြိမ်တထောင်)အပါးတထောင် ဖြစ်အောင် ဖန်ဆင်းဖူးလေသည်။

နိမ္မိတရုပ်တို့သည် တန်ခိုးရှင် စိတ်ပိုင်းဖြတ်ထားသည့် ကာလအထိ တည်နေကြပြီး အချိန်ကုန်သည့်အခါ အလိုလိုပင် ပျောက်ကွယ်သွားကြလေသည်။ နိမ္မိတရုပ်များ မပျောက်ကွယ်သေးချိန် အခြားရဟန်းတော်များ ရောက်လာသည့်အခါ တန်ခိုးရှင်သည် အလိုနည်း၍ သူ၏တန်ခိုးကို ဖုံးကွယ်လိုသည့်အတွက် နိမ္မိတရုပ်များ ပျောက်ကွယ်စေလိုက (၁) ပါဒကစျာန်ဝင်စား၍ (၂) တပါးတည်း ဖြစ်စေဟု ပရိကမ်ပြုကာ (၃) တဖန် ပါဒကစျာန် ဝင်စားပြီး (၄) စျာန်မှထ၍ တပါးတည်း ဖြစ်စေဟု အဓိဋ္ဌာန်ပြုရမည်။ အဓိဋ္ဌာန်(အဘိညာဉ်) စိတ် ဖြစ်သည်နှင့် တပြိုင်နက် တပါးတည်း ဖြစ်သွားသည်။

တန်ခိုးရှင်သည် မိမိကိုယ်ကိုဖြစ်စေ, သူတပါးကိုဖြစ်စေ မြင်အောင်လည်းပြနိုင်သည်, မမြင်အောင်လည်း ကွယ်ထားနိုင်သည်။ မြင်အောင်ပြလိုက အမှောင်ကို အလင်းဖြစ်စေသည်, ဖုံးနေသည်ကို ပေါ်လွင်စေသည်, မထင်ပေါ်သည်ကို ထင်ပေါ်အောင် ပြသည်။

ဖုံးကွယ်နေသည့်အရာကို တွေ့ရအောင်, အဝေး၌တည်သောအရာကို မြင်ရအောင် မိမိအတွက်ဖြစ်စေ သူတပါးအတွက်ဖြစ်စေ ပြုလိုရာ၌ ပါဒကစျာန်မှထ၍ "ဤအမှောင်သည် အလင်းဖြစ်စေဟုလည်းကောင်း, ဤဖုံးကွယ်သော အရာသည် ဟင်းလင်းပွင့်စေဟုလည်းကောင်း, ဤမထင်ပေါ်သော အရာသည် ထင်ပေါ်စေဟု လည်းကောင်း" ပရိကမ်ပြုပြီး အဓိဋ္ဌာန်ရသည်။ အဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့် တပြိုင်နက် အဝေးကသူတို့သည် တန်ခိုးရှင်ကို မြင်ရသည်။ တန်ခိုးရှင်ကလည်း အဝေးကအရာကို မြင်နိုင်သည်။

မြတ်စွာဘုရားသည် အနာထပိဏ်သူဌေး၏သမီး စူဠသုဘဒ္ဒါပင့်၍ ဝိသကြုံဖန်းဆင်းသော ပြာသာဒ် ယာဉ်ပျံကျောင်း ငါးရာဖြင့် သာဝတ္ထိမှ သာကေတသို့ ကြွသောအခါ သာကေတမြို့နေ လုထုက သာဝတ္ထိမြို့နေ လူထုကို မြင်အောင် သာဝတ္ထိမြို့နေ လုထုကလည်း သာကေတမြို့နေ လုထုကို မြင်အောင် အဓိဋ္ဌာန် ပြုတော်မူသည်။ သာကေတမြို့လယ်တွင် သက်ဆင်း၍ မြေအပြင်ကို နှစ်ဖြာခွဲ၍ အဝီစိတိုင်အောင် ကောင်းကင်ကို နှစ်ဖြာရှဲစေ၍ ဗြဟ္မာပြည်တိုင်အောင် မြင်စေတော်မူသည်။

မြတ်စွာဘုရားသည် တာဝတိံသာမှာ အဘိဓမ္မာတရား ဝါတွင်းသုံးလကြာ ဟောပြီး၍ လူ့ပြည်သို့ ပြန်ကြွလာသည့်နေ့တွင် သတ္တလောကနှင့် ဩကာသလောကကို ဟင်းလင်းပွင့်စေသော လောကဝိဝရဏ တန်ခိုး ဖန်ဆင်းခဲ့သည်။ ဘုရားရှင်၏တန်ခိုးတော်ကြောင့် တထောင်မက များသော စကြာဝဠာတို့သည် ဟင်းလင်းပွင့်ကုန်၏။ တပြင်တည်းကဲ့သို့ ထင်ရသည်။ အရပ်လေးမျက်နှာကို ဟင်းလင်းပွင့်လျက် မြင်ရသည်။ အောက်အဝီစိ အထက်အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် မြင်ရသည်။ ထိုအခါ နတ်ဗြဟ္မာလူတို့သည် အချင်းချင်း မော့ကြည့်စရာ ငုံ့ကြည့်စရာမလိုပဲ မိမိတို့၏ ရှေ့မျက်မှောက်၌သာလျှင် မြင်ကြရကုန်၏။

ယခုလူတို့က နတ်ဘုံဗိမာန်တို့ကို မမြင်ကြရသည်မှာ အခြားဗိမာန်များက ကွယ်နေသောကြောင့်မဟုတ်ပေ၊ လူတို့၏မျက်စိဖြင့် မမြင်နိုင်ကောင်းသည့် သိမ်မွေ့သောရုပ်များ ဖြစ်နေ၍ မမြင်ကြရပေ၊ **သိမ်မွေ့သောရုပ်များကို လူတို့မြင်နိုင်လောက်အောင် အဓိဋ္ဌာန်ပြုခြင်းကိုပင် အာကာသကို ခွဲပြသည်ဟု ယူသင့်**ပေသည်။

တန်ခိုးရှင်သည် မိမိကိုယ်ကိုလည်းကောင်း သူတပါးကိုလည်းကောင်း မမြင်ရအောင် ပြုလိုလျှင် ပါဒကစျာန်မှထ၍ "ဤအလင်းရောင်ရှိသော နေရာသည် အမိုက်မှောင်ဖြစ်စေ, ဤအဖုံးအကွယ်မရှိသော နေရာသည် ဖုံးကွယ်စေ, ဤထင်ပေါ်နေသောအရာသည် မထင်ပေါ်စေ"ဟု တမျိုးမျိုးဖြင့် ဆင်ခြင်ပရိကမ်ပြုပြီး အဓိဋ္ဌာန်၏။ အဓိဋ္ဌာန်ပြီးသည်နှင့်တပြိုင်နက် အနီး၌ရှိသောသူတို့သည် တန်ခိုးရှင်ကို မမြင်ရတော့။ တန်ခိုးရှင်က သူတပါးတို့ကို မမြင်လိုကလည်း မမြင်တော့ပေ။

မြတ်စွာဘုရားသည် အနီး၌ထိုင်လျက်ရှိသော ယသကို သူ၏ဖခင် မမြင်အောင် တန်ခိုးနှင့် ကွယ်ခဲ့ဖူးလေသည်။ သီဟိုဠ်ကျွန်းသို့ သာသနာပြုကြွသော အရှင်မဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်းသို့ ရောက်သောနေ့၌ မိမိနှင့်အတူကြွလာသော အခြားပုဂ္ဂိုလ်တို့ကို ဒေဝါနံပိယတိဿမင်း မမြင်အောင် တန်ခိုးနှင့် ကွယ်ထားဖူးလေသည်။

တန်ခိုးရှင် တန်ခိုးပြရာ၌ တန်ခိုးရော တန်ခိုးရှင်ပါ တွေ့ရသည်လည်းရှိ၏။ တန်ခိုးရှင်ကို မတွေ့ရပဲ တန်ခိုးရှင်၏ ဖန်ဆင်းမှုကိုသာ တွေ့ရသည်လည်းရှိ၏။ မြတ်စွာဘုရားရှင် ယမိုက်ပြာဋိဟာပြစဉ် အထက်ပိုင်းကိုယ်မှ ရေအလျှံ, အောက်ပိုင်းကိုယ်တော်မှ မီးအလျှံ စသည်ဖြင့် တန်ခိုးရော တန်ခိုးရှင်ပါ ထင်ရှားတွေ့ရသည်။ မြတ်စွာဘုရားသည် ဗကဗြဟ္မာနှင့် ပရိသတ်ကို အသံကိုသာ ကြားစေပြီး ခန္ဓာကိုယ်တော်ကို မမြင်အောင် ပြုလုပ်ခဲ့ဖူးလေသည်။

တန်ခိုးရှင်သည် ကောင်းကင်၌ သွားလာသကဲ့သို့ နံရံ, တံတိုင်း, သစ်ပင်, တောင် စသည်တို့ကို ဖောက်ထွင်းသွားနိုင်၏။ ထိုသို့ သွားလိုသော တန်ခိုးရှင်သည် အာကာသကသိုဏ်းကို ဝင်စား၍ စျာန်မှထပြီး နံရံ တံတိုင်း စသည်ကို အပေါက်ဖြစ်အောင် ပရိကမ်ပြု အဓိဋ္ဌာန်ပြုရသည်။ ထို့နောက် ထုတ်ချင်းပေါက် အထက်အောက် ဝဲယာ သွားလိုရာသို့ သွားနိုင်တော့သည်။ တန်ခိုးရှင်သွားနေစဉ် လမ်း၌ တောင် သစ်ပင် စသည် ပေါ်လာလျှင်လည်း အပေါက်ဖြစ်နှင့်ပြီးသာ ဖြစ်လေသည်။ ပိတ်ပင်တားဆီးနိုင်ရိုးမရှိ။ အခြားတန်ခိုးရှင်က ဖန်ဆင်းထားသည် တောင် သစ်ပင် စသည်နှင့်တွေ့လျှင်လည်း **ပထမဖန်ဆင်းမှုက အားကြီး၍** အခြားတန်ခိုးရှင်၏ တောင် သစ်ပင်တို့သည် ပထမဖန်ဆင်းထားသော အာကာသ၏ အထက်မှလည်းကောင်း အောက်မှလည်းကောင်း သွားရလေသည်။

အာပေါကသိုဏ်းသမာပတ်ကို နိုင်နင်းသူ တန်ခိုးရှင်သည် မိမိကိုယ်ကို မြေ၌ ငုတ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြုလုပ်နိုင်၏။ တန်ခိုးရှင်သည် (၁) အာပေါကသိုဏ်းကို ဝင်စား၍ (၂) ထိုဈာန်မှထကာ ဤမျှသောအရပ်၌ မြေသည် ရေဖြစ်စေဟု ပရိကမ်ပြုပြီး (၃) ဤမျှသောအရပ်၌ မြေသည် ရေဖြစ်စေဟု အဓိဋ္ဌာန်၏။ ထို့နောက် ရေ၌ကဲ့သို့ မြေ၌ ငုတ်ခြင်း ပေါ်ခြင်းကို ပြုနိုင်ပြီ။

ငုတ်ခြင်းပေါ်ခြင်းကိုသာ ပြုနိုင်သည်မဟုတ်။ ရေချိုးခြင်း သောက်ခြင်း သပိတ်သင်္ကန်း ဆေးကြောခြင်း စသည့် အလိုရှိရာ ပြုလုပ်နိုင်သည်။ ဖန်ဆင်းထားသည့် ရေသည် တန်ခိုးရှင် စိုစွတ်စေလိုက စိုစွတ်သည်။ မစိုစွတ်စေလိုက မစိုစွတ်။ ဖန်ဆင်းထားသည့် ရေသည် ဖန်ဆင်းရှင်အတွက်သာ ရေဖြစ်သည်။ အခြားသူများအတွက် မြေသာဖြစ်သည်။ သို့သော် ဖန်ဆင်းရှင်က အခြားသူများအတွက်ပါ ရေဖြစ်စေလိုက ရေဖြစ်စေနိုင်သည်။ ပိုင်းခြားထားသည့် ကာလလွန်က ဖန်ဆင်းထားသည် ရေသည် မြေပြန်ဖြစ်သွားသည်။ မြေကို ထောပတ် ဆီ ပျား တင်လဲ စသည်ဖြစ်အောင်လည်း ဖန်ဆင်းနိုင်သည်။

ပထဝီကသိုဏ်းသမာပတ်ကို နိုင်နင်းသူ တန်ခိုးရှင်သည် ပထဝီကသိုဏ်းကို ဝင်စားပြီးလျှင် ဤမျှသော ရေသည် မြေဖြစ်စေဟု ပရိကမ်ပြု, အဓိဋ္ဌာန်ပြု၍ ရေကို မြေဖြစ်အောင် ဖန်ဆင်းကာ ရေ၌ သွားရပ်ထိုင်လျောင်း ဣရိယာပုထ် လေးပါးဖြင့် နေနိုင်၏။ ရေသည် ဖန်ဆင်းသူအတွက်သာ မြေဖြစ်သည်။ အခြားသူများအတွက်ပါ မြေဖြစ်လိုမှ မြေဖြစ်သည်။ ငါးလိပ်တို့လည်း ပကတိအတိုင်းပင် သွားလာနိုင်သည်။ မြေသာမဟုတ်, ပတ္တမြား ရွှေတောင် သစ်ပင်စသည်တို့ကိုလည်း ဖြစ်စေနိုင်သည်။ ပိုင်းခြားထားသည့် ကာလလွန်လျှင် ရေပြန်ဖြစ်သွားသည်။

ပထဝီကသိုဏ်းသမာပတ်ကို နိုင်နင်းသူ တန်ခိုးရှင်သည် ပထဝီကသိုဏ်းကို ဝင်စားပြီးလျှင် ကောင်းကင်ကို မြေဖြစ်စေဟု ပရိကမ်ပြု, အဓိဋ္ဌာန်ပြု၍ ကောင်းကင်ကို မြေဖြစ်အောင် ဖန်ဆင်းကာ ကောင်းကင်၌ သွားရပ်ထိုင်လျောင်း ဣရိယာပုထ် လေးပါးဖြင့် နေနိုင်၏။ ကောင်းကင်၌ သွားလိုသော ရဟန်းသည် ဥတုကြောင့်ဖြစ်သော သစ်ပင်တောတောင်, နဂါး ဂဠုန်စသည်တို့ ဖန်ဆင်းသော အတားအဆီးတို့ ရှိနိုင်သောကြောင့် ဒိဗ္ဗစက္ခုအဘိညာဉ်ကိုလည်း ရထားသင့်သည်။ အတားအဆီးတွေ့က အာကာသကသိုဏ်း ဝင်စား၍ အပေါက်ပြု၍ ထွက်သွားနိုင်သည်။ သို့သော် တန်ခိုးရှင်၏ ရှေးအဓိဋ္ဌာန်၏ အစွမ်းကြောင့် ဥတုကြောင့်ဖြစ်သော တောတောင်သည် ပေါ်လာလိမ့်မည်မဟုတ်။ နဂါးဂဠုန်တို့လည်း အန္တရာယ်ပြုနိုင်မည် မဟုတ်။

တနည်းအားဖြင့် ကောင်းကင်မှ ကြွလာသောရဟန်းသည် ကောင်းကင်မှ ကြွလာမှန်း လူသူမသိစေဖို့ လူသူကင်းဆိတ်ရာနေရာကို ဒိဗ္ဗစက္ခုဖြင့် ကြည့်ပြီးဆင်းနိုင်ရန် ဒိဗ္ဗစက္ခုအဘိညာဉ် ရထားသင့်ပေသည်။

(အိပ်နေရာမှ ထမည်ဟု ကြံရာ၌ တကိုယ်လုံးရှိ အကြောများအတွင်း ရုပ်အဟောင်းပျောက်၍ ရုပ်အသစ်ဖြစ်ကာ လေများပြည့်လာသည်။ ထို့နောက် သွားလာလှုပ်ရှားနိုင်သည်။ **ပကတိလူ၏ စိတ်အစွမ်းကြောင့်ဖြစ်သော ကိုယ်အင်္ဂါအတွင်းရှိလေသည် ကောင်းကင်သို့ ပျံတက်အောင် မတတ်နိုင်။ အဘိညာဉ်စေတနာသည် တကိုယ်လုံး လေပြည့်အောင် စွမ်းနိုင်သည့်အပြင် ကောင်းကင်သို့တက်အောင်လည်း စွမ်းနိုင်သည်**။ ဥဗ္ဗေဂပီတိစေတနာကြောင့်ဖြစ်သော လေသည်ပင် ကောင်းကင်သို့ ပျံတက်စေနိုင်သည်။ ခန္ဓာကိုယ်၌ မြေဓာတ်ရေဓာတ်သည် အလေးဓာတ်ဖြစ်သည်။ သုံးဆယ့်ငါးပိဿာခန့် ရှိ၏။ အဘိညာဏ်ဇော ဥဗ္ဗေဂဇောပေါ်လာလျှင် လေးလှုစွားသော မြေရေဓာတ်ပျောက်ကွယ်၍ လေဓာတ်သို့အစဉ်လိုက်သော ပေါ့သော ရေမြေဓာတ်သို့ ပြောင်းလဲပြီး မှိုင်းပြည့်သော မီးပုံးပျံကဲ့သို့ ဖြစ်နေလေသည်။ သို့သော် မီးပုံးပျံကား မျက်မြင်ပျောက်အောင် မပျံနိုင်။ အဘိညာဉ်ဇော ဥဗ္ဗေဂဇော အစွမ်းကား မျက်မြင်ပျောက်အောင် ပျံစေနိုင်သည်။ တီချုပ် စ ၄၅၀)

တန်ခိုးရှင်သည် လနေတို့ကိုလည်း လက်ဖြင့် သုံးသပ်ပွတ်သပ်နိုင်သည်။ ဤတန်ခိုးအရာ၌ မည်သည့် ကသိုဏ်းစျာန်ကို အခြေခံဝင်စားရမည်ဟု ကသိုဏ်းသမာပတ်ကို သီးခြားကန့်သတ်ခြင်းမရှိပေ။ သမာပတ်ရှစ်ပါးကို နိုင်နင်းသူသည် လနေတို့ကို ဆင်ခြင်ပြီး လနေတို့သည် နှစ်ထောင့်ထွာအတွင်း ဖြစ်စေဟု အဓိဋ္ဌာန်၏။ အဓိဋ္ဌာန်ကြောင့် အညှာမှပြုတ်ကြသော ထန်းသီးကဲ့သို့ နှစ်တောင့်ထွာအတွင်းရောက်လာသော နေလတို့ကို ပွတ်သပ်သုံးသပ်နိုင်၏။ လက်ကို နေလတို့ကို မှီသည်အထိရှည်အောင်ပြု၍လည်း သုံးသပ်နိုင်သည်။ ထို့သို့ **လက်ကိုရှည်အောင်ပြုရာ၌ ကိုယ်တွင်းရုပ်ကိုမှီ၍ ကိုယ်ပရုပ်ကသာ ရှည်ပွား**ရလေသည်။ တန်ခိုးရှင်သည် လနေတို့ကို ခြေပွတ်အိုးခြမ်းကွဲပြု၍ ခြေတို့ကို တင်ထားနိုင်သည်။ အင်းပျဉ်ပြု၍ တက်ထိုင်နိုင်သည်။ ညောင်စောင်းပြု၍ တက်လျောင်းနိုင်သည်။ နောက်မှီ ပျဉ်ချပ်ပြု၍ မှီနိုင်သည်။

တဦးသော တန်ခိုးရှင်က ပြုသကဲ့သို့ အခြားတန်ခိုးရှင်ကလည်း ပြုနိုင်သည်။ လနေတို့၏ ရွေ့ရှားခြင်း သွားလာခြင်း အလင်းရောင်ပြုခြင်းတို့သည် ဖန်ဆင်းသည်မှ ရှေးကကဲ့သို့ ဖြစ်သည်။ ရေပြည့်နေသော ခွက်တထောင်လုံး၌ လရိပ်ထင်သကဲ့သို့လည်းကောင်း လ၏ သွားလာခြင်း အလင်းရောင်ပေးခြင်းသည် ပကတိအတိုင်း ဖြစ်သကဲ့သို့လည်းကောင်း မှတ်ပါ။

တန်ခိုးရှင်သည် ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ဖြင့် အလိုကို ဖြစ်စေ၏။ တန်ခိုးရှင်သည် ဗြဟ္မာ့ပြည်သို့သွားလိုက အဝေး၌ရှိသည်ကို အနီး၌ ဖြစ်စေနိုင်၏။ အနီး၌ ဖြစ်သည်ကိုလည်း အဝေး၌ ဖြစ်စေနိုင်၏။ အနည်းကိုအများ အများကိုလည်း အနည်း ဖြစ်စေနိုင်၏။ ဗြဟ္မာ၏အဆင်း, အသံ, စိတ်တို့ ကိုလည်း သိနိုင်၏။ ဗြဟ္မာ၏ရှေ့၌ အင်္ဂါကြီးငယ်အားလုံးပြည့်စုံသော မနောမယရုပ်ကို ဖန်ဆင်းနိုင်၏။ တန်ခိုးရှင်၏ အမူအရာအတိုင်း မနောမယရုပ်သည် ပြုလုပ်နိုင်လေသည်။ သို့သော် **နိမ္မိတရုပ်၌ ပသာဒမရှိ** ပေ။

အဝေးကိုအနီးဖြစ်အောင်ပြုရာ၌ ပါဒကစျာန်မှထ၍ အဝေးကနတ်ပြည်, ဗြဟ္မာပြည်ကို အနီး၌ဖြစ်စေဟု ဆင်ခြင်ပြီး တဖန် ပါဒကစျာန်ပြန်ဝင်စားကာ စျာန်မှထပြီးလျှင် အနီး၌ဖြစ်စေဟု အဓိဋ္ဌာန်လိုက်က အဝေးက နတ်ပြည်ဗြဟ္မာပြည်သည် အနီး၌ ဖြစ်တော့သည်။ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်ကို ကြွရာ၌ နီးအောင်ပြု၍ သုံးဖဝါးတို့ဖြင့် အရောက်ကြွခဲ့ဖူးသည်။ မြတ်စွာဘုရားသည် မိမိနှင့် အင်္ဂုလိမာလအကြား အနီးကိုလည်း အဝေးဖြစ်အောင် ပြုခဲ့ဖူးလေသည်။

ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စားရာမှ ထသော အရှင်မဟာကဿပသည် လူဆင်းရဲ ကာကဝလိယကို ချီးမြှောက်ရန် ၎င်း၏အိမ်ပေါက်၌ ဆွမ်းရပ်လေသည်။ ကာကဝလိယ၏ မယားသည် မထေရ်ကို မြင်လျှင် ခင်ပွန်းအတွက်ချက်ပြုတ်ထားသော ဆားမပါသော ဟင်းစပ်ယာဂုကို သပိတ်၌ လောင်းလှူလိုက်လေသည်။ အရှင်မဟာကဿပသည် ထိုယာဂုကို ဘုရားရှင်လက်တော်၌ ကပ်၏။ မြတ်စွာ ဘုရားသည် များစွာသော ရဟန်းများအား လောက်ငအောင်ပြု၍ ရဟန်းအာလုံး လောက်ငစွာ ဘုန်းပေးရသည်။

တန်ခိုးရှင်သည် **အချိုကို မချိုအောင် မချိုသည်ကိုလည်း ချိုအောင်** ပြုလုပ်နိုင်သည်။ မဟာအနုဠ မထေရ်သည် ရဟန်းတော်များ ဆွမ်းခံပြန်၍ ဂင်္ဂါမြစ်ကမ်း၌ ဟင်းမပါပဲ ဆွမ်းသက်သက်ကို ဘုန်ပေးသည်ကို မြင်ပြီး **မြစ်ရေသည် ထောပတ်ဖြစ်စေ**ဟု အဓိဋ္ဌာန်၏။ ကိုရင်တို့သည် ထောပတ်ကို ယူ၍ ရဟန်းတို့အား ကပ်လှူသဖြင့် ရဟန်းတော်များ ထောပတ်ဆွမ်း ဘုန်းပေးရလေသည်။

## ဝိကုဗ္ဗနတန်ခိုးနှင့် မနောမယတန်ခိုး ခြားနားချက်

ပကတိအသွင်ကို စွန့်၍ သူငယ်အသွင် နဂါး ဂဠုန်အသွင် စစ်တပ်အသွင် ဖန်ဆင်းခြင်းသည် ဝိကုဗ္ဗနိဒ္ဓိ မည်၏။ ပကတိအသွင်ကို မစွန့်ပဲ တပါးသောအသွင်ကို ပြခြင်းသည် အဓိဋ္ဌာနိဒ္ဓိ မည်၏။ ဝိကုဗ္ဗနိဒ္ဓိကို ပြလိုသော တန်ခိုးရှင်သည် ပထဝီကသိုဏ်းစသည်တို့ကို အာရုံယူ၍ ပါဒကစျာန်ကို ဝင်စားပြီး စျာန်မှထကာ သူငယ်ရုပ်သွင်(စသည်)ကို ဆင်ခြင်၏။ ထို့နောက် စျာန်ကို တဖန်ဝင်စား၍ စျာန်မှထကာ "ဤကဲ့သို့သော သူငယ်ဖြစ်စေ"ဟု အဓိဋ္ဌာန်၏။ အဓိဋ္ဌာန်စိတ်နှင့်အတူ သူငယ်ရုပ်သွင်ဖြစ်၏။ အဇာတသတ် မင်းသားထံ သွားခါနီး တန်ခိုးဖန်ဆင်းသော ရှင်ဒေဝဒတ်ကဲ့သို့ မှတ်ပါ။

မနောမယရုပ်ကိုယ်ကို ဖန်ဆင်းလိုသော တန်ခိုးရှင်သည် ပါဒကစျာန်မှထ၍ မိမိ၏ကိုယ်ကို ရှေးဦးစွာ ဆင်ခြင်ပြီးလျှင် ဆိုခဲ့ပြီးသောနည်းဖြင့်ပင် အခေါင်းဖြစ်စေဟု အဓိဋ္ဌာန်၏။ တကိုယ်လုံး အခေါင်းအတိ ဖြစ်၏။ ထိုအခါ ထိုကိုယ်၏အတွင်း အခေါင်းထဲ၌ အခြားကိုယ်ကို ဆင်ခြင်ပြီးလျှင် ပရိကမ်ပြု၍ ဆိုခဲ့သောနည်းဖြင့်ပင် ဓိဋ္ဌာန်၏။ ထိုကိုယ်၏အတွင်း အခေါင်းထဲ၌ အခြားကိုယ်သည် ဖြစ်၏။ ထိုတန်ခိုးရှင်သည် ထိုနိမ္မိတကိုယ်ကို အပြင်ပသို့ထုတ်၏။ သန်လျက်အိမ်မှ သန်လျက်ဓားကို ထုတ်သကဲ့သို့ ဖြစ်သည်။

## ဒိဗ္ဗသောတအဘိညာဉ်

နတ်တို့၏ ပကတိနား(သောတပသာဒ)သည် သည်းခြေ သလိပ်စသော အညစ်အကြေးကင်း၍ အဝေးက အသံကို ကြားရသည်။ တန်ခိုးရှင်၏ အဘိညာဉ်အစွမ်းကြောင့်ရသော သောတသည်လည်း နတ်တို့၏နားနှင့်တူစွာ အဝေးက အသံကို ကြားနိုင်၍ ဒိဗ္ဗသောတမည်၏။ (ဒိဗ္ဗ–နတ်၊သောတ–နား)

ဒိဗ္ဗသောတအဘိညာဉ်ဖြင့် လူ့လောကအသံ, နတ်လောကအသံ, အဝေးက တပါးသော စကြာဝဠာက အသံ, အနီးက ကိုယ်တွင်းရှိ ပိုးကောင်တို့၏ အသံကို ကြားနိုင်သည်။ ထိုသို့ကြားရာ၌ ဗြဟ္မာ့ပြည်တိုင်အောင် ခရုသင်း စည်ကြီး ထက်စည် စသည်တို့၏ အသံတို့ဖြင့် တပေါင်းတည်း အုတ်အုတ်ကျက်ကျက် ဆူပွက်နေစေကာမူ အသီးအသီး ပိုင်းခြားရန် အလိုရှိပါက ဤသည်ကား ခရုသင်းသံ ဤသည်ကား စည်ကြီးသံဟု ပိုင်းခြားနိုင်သည်။

ဒိဗ္ဗသောတအဘိညာဉ်ကို အားကောင်းအောင် ပြုလိုသော ယောဂီသည် "ဤမျှအတွင်း၌ အသံကို ကြားလို၏"ဟု လက်တသစ်မျှအရပ်ကို ပိုင်းခြား၍ ပွားစေအပ်၏။ ထို့နောင် လက်နှစ်သစ်, လေးသစ်, ရှစ်သစ်, တထွာ, တတောင်, တိုက်ခန်းတွင်း, ကျောင်းတိုက်တွင်း, ဆွမ်းခံရွာ, မြို့နယ် စသည်ဖြင့် စကြာဝဠာ အဆုံးတိုင်အောင်ဖြစ်စေ ထို့ထက်အလွန်ဖြစ်စေ ပိုင်းခြား၍ ပွားများရမည်။

## စေတောပရိယအဘိညာဉ်

ဒိဗ္ဗစက္ခုအဘိညာဉ်ရပြီးသူသာ စေတောပရိယအဘိညာဉ်ရနိုင်သည်။ ဒိဗ္ဗစက္ခုအဘိညာဉ်သည် စေတောပရိယ အဘိညာဉ်၏ ပရိကမ်ဖြစ်သည်။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သူတပါး၏ နှလုံးသားရုပ်[၁] ကိုမှီ၍ ဖြစ်နေသော သွေးအရောင်ကို ကြည့်ပြီး စိတ်ကို ရှာဖွေသိနိုင်သည်။ **ဝမ်းမြောက်**သည့်စိတ်ဖြစ်သောအခါ နှလုံးသွေးသည် **နီ**သည်။ **စိတ်ညစ်**သည့်အခါ **မဲ**သည်။ ဝမ်းလည်းမသာ, စိတ်လည်းမညစ်, **ပုံမှန်**ဖြစ်နေသည့်အခါ နှမ်းဆီလို **ကြည်**၏။ ယောဂီသည် သွေးအရောင်ကြည့်၍ သောမနဿစိတ် ဒေါမနဿစိတ် ဥပေက္ခာစိတ် စသည်ဖြင့် သိနိုင်သည်။ ဤနည်းဖြင့် အဘိညာဉ်အားကောင်းလာအောင် လေ့ကျင့်ရမည်။ **အားကောင်းလာသည့်အခါ သွေးကို မကြည့်ပဲ**နှင့် "ဤကား ကာမာဝစရစိတ်, ဤကားရူပါဝစရ, အရူပါဝစရစိတ်, သရာဂစိတ်, ဝီတရာဂစိတ်"စသည်ဖြင့် **သိနိုင်**သည်။ **သွေးအရောင်ကြည့်၍ စိတ်ကို သိခြင်းသည် အဘိညာဉ်၌ မကျွမ်းကျင်သေးသူ အတွက်** ဖြစ်သည်။

---

၁ ဟဒယဝတ္ထုရုပ်ကို မဆိုလို၊ နှလုံးအိမ်ကို ဆိုလိုသည်။

## ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်

ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဖြင့် အတိတ်က မိမိသူတပါးတို့၏ ခန္ဓာနှင့်စပ်သည့် ဖြစ်ရပ်များ အမည်နာမများ နေရာများနှင့် သိခဲ့ဘူးသောတရားများကို သိနိုင်ပေသည်။ ပရိနိဗ္ဗာန်စံလေကုန်ပြီးသော ဘုရားရဟန္တာတို့၏ စိတ်ဝိညာဉ်ဖြင့် သိခဲ့ဘူးသော တရားတို့ကိုမူ ဗုဒ္ဓဘုရားတို့သည် သာလျှင် အောက်မေ့နိုင်ကုန်၏။

**သာသနာပ ရသေ့တို့**သည် နာမ်ရုပ်ကိုပိုင်းခြား သိသော**ဉာဏ် အားနည်း**သဖြင့် ပညာဉာဏ်အားနည်း၍ **ကမ္ဘာလေးဆယ်**သာလျှင် အောက်မေ့နိုင်ကုန်၏။ **ပကတိသာဝက**တို့သည် ပညာ**ဉာဏ်အားကြီး**သောကြောင့် **ကမ္ဘာတရာ**သော်လည်းကောင်း ကမ္ဘာတ**ထောင်**သော်လည်းကောင်း အောက်မေ့နိုင်ကုန်၏။ **မဟာသာဝက**တို့သည် ကမ္ဘာ**တသိန်း, အဂ္ဂသာဝက**တို့သည် **တသင်္ချေနှင့် ကမ္ဘာတသိန်း, ပစ္စေကဗုဒ္ဓ**တို့သည် **နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း** <u>ပါရမီဖြည့်ခဲ့သည် အချိန်ကာလအတိုင်းသာ အောက်မေ့နိုင်ကုန်၏</u>။ သမ္မာသမ္ဗုဒ္ဓတို့သည်ကား ကမ္ဘာအပိုင်းအခြားမရှိ အလိုရှိတိုင်း သိနိုင်ကြပေသည်။

(♠ အဘိညာဉ်သည် ဇောတချက်သာဖြစ်သော်လည်း ထိုအဘိညာဉ်ဇောဖြင့် ထိုထိုဘဝ၌ ဖြစ်ရပ်တို့ကို ဖုံးကွယ်ထားသည့်မောဟကို ပယ်ရှင်းပစ်လိုက်သည်။ ထို့နောင်မှ အဘိညာဉ်ဝီထိ၏နောက်လိုက် ပစ္စဝေက္ခဏာဝီထိ အဆက်ဆက်တို့ဖြင့် ထိုထိုဘဝတို့၌ ဖြစ်ခဲ့သမျှ ရရှိတွေ့ကြုံ ခံစံခဲ့ရသမျှ ဖြစ်ရပ်အာရုံ အမျိုးမျိုးတို့ကို သိခြင်းဖြစ်သည်။ မဟာဗုဒ္ဓဝင် ဒု ၃၂၄)

အတိတ်ကဖြစ်စဉ်ကို ပြန်အောက်မေ့ရာ၌ တိတ္ထိတို့သည် ခန္ဓာအစဉ်အတိုင်းသာ အောက်မေ့နိုင်သည်။ အစဉ်ကျော်၍ မအောက်မေ့နိုင်။ ခန္ဓာအစဉ်ကိုကျော်၍ စုတိပဋိသန္ဓေအစဉ်ဖြင့် မအောက်မေ့နိုင်။ ဆိုလိုသည်မှာ– တခုသောဘဝ၏ စုတိကို အောက်မေ့ပြီးနောက် ထိုဘဝ၏အလယ်ပိုင်းကို မဆင်ခြင်တော့ပဲ ခုန်ကျော်၍ ထိုဘဝ၏ ပဋိသန္ဓေကို အောက်မေ့ခြင်းသည် စုတိပဋိသန္ဓေအစဉ်ဖြင့် အောက်မေ့ခြင်းဖြစ်သည်, တိတ္ထိတို့သည် ဤကဲ့သို့ စုတိပဋိသန္ဓေအစဉ်ဖြင့် မအောက်မေ့နိုင်။ ပကတိသာဝကနှင့် မဟာသာဝကတို့သည် ခန္ဓာအစဉ်, စုတိပဋိသန္ဓေအစဉ်ဖြင့် အောက်မေ့နိုင်သည်။ အဂ္ဂသာဝကနှင့် **ပစ္စေကဗုဒ္ဓ**တို့သည် စုတိပဋိသန္ဓေအစဉ်ဖြင့်သာ အောက်မေ့ကြကုန်၏။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့မှာမူ ခန္ဓာအစဉ်, စုတိပဋိသန္ဓေအစဉ်ဖြင့် ဆင်ခြင်ဖွယ်မလို၊ ကမ္ဘာကုဋေတို့ အထက်၌ဖြစ်စေ အောက်၌ဖြစ်စေ အလိုရှိရာ အချိန်ကို အောက်မေ့လျှင် ထင်ရှားစွာ သိမြင်နိုင်တော့သည်။

တိတ္ထိတို့သည် ရှေးကအဖြစ်အပျက်ကို ပိုးစုံးကြူး အရောင်နှင့် မြင်ရသလို ထင်မြင်သည်။ ပကတိသာဝကတို့သည် ဆီမီးရောင်, မဟာသဝကတို့သည် မီးရှူးရောင်, အဂ္ဂသာဝကတို့သည် သောက်ရှူးကြယ်ရောင်, ပစ္စေကဗုဒ္ဓါတို့သည် လရောင်နှင့် မြင်ရသလို ထင်မြင်သည်။ သမ္မာသမ္ဗုဒ္ဓတို့ကား သရဒဥတုကာလ ရောင်ခြည်တထောင်ဖြင့် တန်ဆာဆင်သော နေဝန်းအရောင်နှင့် မြင်ရသလို ထင်မြင်သည်။

## ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ရအောင် လေ့ကျင့်ပုံ

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ရလိုသော ယောဂီသည် အစဉ်အတိုင်း ဈာန်လေးပါးကို ဝင်စားပြီးလျှင် အဘိညာဉ်၏အခြေခံ စတုတ္ထဈာန်မှထ၍ နောက်ဆုံးဖြစ်သော ထိုင်နေခြင်းကို နှလုံးသွင်း ဆင်ခြင်ရမည်။ ထို့နောက် ထိုင်ဖို့နေရာခင်းခြင်း ကျောင်းခမ်းသို့ ဝင်ခဲ့ခြင်း သပိတ်သင်္ကန်းကို ထားခဲ့ခြင်း ဆွမ်းစားခဲ့ခြင်း စသည်တို့ကို ရှေ့ကရှေ့က ဖြစ်ပျက်ခဲ့သည်များကို အစဉ်အတိုင်း ဆင်ခြင်စဉ်းစားရမည်။ ဤကဲ့သို့ စဉ်းစားမှု၌ သမာဓိနည်းသော ပကတိသူများ၌လည်း ရှေ့ကအဖြစ်အပျက်များ ထင်မြင်နိုင်ပေသည်။ ပရိကမ်သမာဓိရှိသူတို့အား အလွန်ပင် ထင်ရှားစွာ ထင်မြင်နိုင်ပေသည်။ အကယ်၍ မထင်ရှားပါက တဖန် အဘိညာဉ်၏ အခြေခံ စတုတ္ထဈာန် ဝင်စားကာ ဈာန်မှထ၍ ဆင်ခြင်ရမည်။ ဤသို့ပြုလျှင် အမှောင်ထဲ၌ မီးထွန်းပြလိုက်သကဲ့သို့ ထင်ရှားတော့၏။

ထို့နောက် ဆိုခဲ့သည် နောက်ပြန်အစဉ်ဖြင့် ဒုတိယနေ့က အဖြစ်အပျက်ကို ဆင်ခြင်ရမည်။ ထို့နောက် တတိယ, စတုတ္ထ, ပဉ္စမနေ့၊ ဆက်ရက်မြောက်နေ့၊ တလ၊ တနှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်၊ စသည်ဖြင့် ရှေ့က အဖြစ်အပျက်ကို ဆင်ခြင်ရမည်။ ဤသို့စသည်ဖြင့် ဤဘဝ၏ ပဋိသန္ဓေကာလတိုင်အောင် ဆင်ခြင်ပြီး ရှေ့ဘဝက စုတိခဏ၌ ဖြစ်ခဲ့သော နာမ်ရုပ်ကို နှလုံးသွင်းဆင်ခြင်ရမည်။ ပညာထက်သော ရဟန်းသည် ပထမအကြိမ်ဖြင့်ပင် ပဋိသန္ဓေကို ခွါ၍ စုတိခဏ၌ဖြစ်သော နာမ်ရုပ်ကို အာရုံပြုနိုင်ပေသည်။

သို့သော် ရှေးဘဝက နာမ်ရုပ်သည် အကြွင်းမဲ့ ချုပ်ခဲ့ပြီးဖြစ်သည့်ပြင် ယခုဘဝ၌လည်း ကံအသစ်ကြောင့် ဖြစ်သော အခြားနာမ်ရုပ် ဖြစ်ပေါ်နေပြီဖြစ်သောကြောင့် ထိုရှေးဘဝ၏ စုတိနာမ်ရုပ်သည် ထူထဲစွာ ဖုံးကွယ်ထားသည့် အရပ်သဖွယ် မိုက်မှောင်နေ၍ ပညာအားနည်းသူအတွက် မြင်နိုင်ခဲသည်။ သို့သော် ပါဒကဈာန်ကို ဝင်စား၍ ဈာန်မှထကာထကာ ရှေးဘဝစုတိနာမ်ရုပ်ကို ဆင်ခြင်က နောက်ဆုံးတော့ တွေ့မြင်နိုင်သည်သာ ဖြစ်ပေသည်။

ဆိုခဲ့ပြီးစကားများ၌ နောက်ဆုံးထိုင်နေခြင်းမှ ပဋိသန္ဓေတိုင်အောင် အာရုံပြုသော ဉာဏ်သည် ပုဗ္ဗေနိဝါသဉာဏ်မဟုတ်သေး။ ပရိကမ်သမာဓိနှင့်ယှဉ်သော ဉာဏ်သာဖြစ်ပေသည်။

ပဋိသန္ဓေကိုကျော်လွန်၍ စုတိခဏ၌ဖြစ်သော နာမ်ရုပ်ကိုအာရုံပြုလျှက် မနောဒွါရာဝဇ္ဇန်းခေါ် နှလုံးသွင်းဆင်ခြင်သည့်စိတ် ဖြစ်ပေါ်၏။ ထိုစိတ်ချုပ်လတ်သော် ထိုစုတိနာမ်ရုပ်ကိုပင် အာရုံပြု၍ လေးကြိမ် ငါးကြိမ်သော ဇောတို့သည် ဖြစ်ပေါ်ကုန်၏။ ထိုလေးကြိမ်ငါးကြိမ်တို့တွင် ရှေးသုံးကြိမ်လေးကြိမ်တို့သည် ပရိကမ်စသည်မည်သော ကာမာဝစရဇောတို့တည်း။ နောက်ဆုံး စတုတ္ထ ပဉ္စမဇောသည် ရူပါဝစရ စတုတ္ထဈာန်ဟူသော အဘိညာဉ်စိတ်ပေတည်း။ ထိုအဘိညာဉ်စိတ်သည်သာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ဖြစ်ပေသည်။

## စုတူပပါတဉာဏ်ခေါ် ဒိဗ္ဗစက္ခုအဘိညာဉ်

သတ္တဝါတို့၏ ဘဝဟောင်းမှ ရွေ့လျောခြင်း သေခြင်းဟူသော စုတိကိုလည်းကောင်း, ဘဝသစ်တို့ ကပ်ရောက်ခြင်း ဖြစ်ခြင်းဟူသော ပဋိသန္ဓေကိုလည်းကောင်း သိသောဉာဏ်သည် စုတူပပါတဉာဏ် မည်၏။

ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သေဆဲသတ္တဝါတို့ကိုလည်းကောင်း ဘဝသစ်၌ ဖြစ်ဆဲသတ္တဝါတို့ကိုလည်းကောင်း ယုတ်ညံ့သူတို့ကိုလည်းကောင်း မြင့်မြတ်သူတို့ကိုလည်းကောင်း အဆင်းလှသူ,မလှသူတို့ကိုလည်းကောင်း သုဂတိရောက်သူ, ဒုဂ္ဂတိရောက်သူတို့ကိုလည်းကောင်း ပကတိမျက်စိဖြင့် မြင်သကဲ့သို့ မြင်နိုင်၏။

ဒိဗ္ဗစက္ခုဖြင့် စုတိစိတ်(သေဆဲခဏ)ကိုလည်းကောင်း ပဋိသန္ဓေစိတ်(ဘဝစဖြစ်သည့်ခဏအချိန်) ကိုလည်းကောင်း မသိနိုင်ပေ။ သို့သော် စုတေခါနီးသူများ, ဘဝသစ်ရပြီးစသူများကို မြင်နိုင်ပါသည်။

သေခြင်းနှင့် ဘဝသစ်ဖြစ်ခြင်းကို မြင်နိုင်ခြင်းသည် အယူအဆအမြင် မှန်ကန်မှု၏ အကြောင်း ဖြစ်သည်။ သေခြင်းကိုသာ မြင်၍ ဘဝသစ်ဖြစ်ခြင်းကို မမြင်က သေပြီးနောက် ဘဝပြတ်သွားသည်ဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိ ဖြစ်နိုင်သည်။ ဘဝသစ်ရခြင်းကိုသာမြင်၍ ဘဝဟောင်းက သေခဲ့ရခြင်းကို မမြင်က သတ္တဝါအသစ် ဖြစ်ပေါ်လာသည်ဟု ထင်မြင်နိုင်ပေသည်။ သေခြင်းနှင့် ဘဝသစ်ဖြစ်ခြင်း နှစ်မျိုးလုံးကို မြင်နိုင်သူ၌ ဆိုခဲ့သော မိစ္ဆာအယူနှစ်မျိုး ဖြစ်ခွင့် မရှိတော့ပေ။

တန်ခိုးရှင်သည် အလင်းကိုပွား၍ ငရဲသတ္တဝါတို့ကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်၏။ ထို့နောက် "အဘယ်ကံကြောင့် ငရဲ၌ ဖြစ်နေကြရသနည်း"ဟု ငရဲရောက်ခြင်း၏ ကံကို ကြည့်၏။ ထို့အတူ နတ်ပြည် ရောက်နတ်များနှင့် ၎င်းတို့ နတ်ပြည်ရောက်ရခြင်း၏ ကံတို့ကို ကြည့်၏။ ထိုအခါ တန်ခိုးရှင်၏ ဉာဏ်၌ နတ်ပြည်ငရဲပြည် ရောက်ရခြင်း၏ ကံကို ထင်ရှားစွာ တွေ့ရလေသည်။ ဤကံကို မြင်ရသော ဉာဏ်သည် **ယထာကမ္မူပဂဉာဏ်** ဖြစ်သည်။ ငရဲသား နတ်သားတို့ကို မြင်ရခြင်းသည် ဒိဗ္ဗစက္ခုဉာဏ်၏ ကိစ္စသာ ဖြစ်သည်။

ဤယထာကမ္မူပဂဉာဏ် ရရန် သီးခြား အားထုတ်စရာမလိုပေ။ ထို့အတူ အနာဂတံသဉာဏ် (အနာဂတ် မှာဖြစ်မည့် အကြောင်းအရာကို သိသောဉာဏ်) ရရန်အတွက်လည်း သီးခြား အားထုတ်စရာမလိုပေ။ ယထာကမ္မူပဂဉာဏ်နှင့် အနာဂတံသဉာဏ်တို့သည် ဒိဗ္ဗစက္ခုဉာဏ်ကို အမှီပြု၍ ဖြစ်ကြရသည်။

**မေး**။ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ မြင်ခြင်းကား နတ်တို့၏မြင်ခြင်းနှင့် တူအံ့လော မတူအံ့လော အဘယ်နည်း။

**ဖြေ**။ ဣဒ္ဓဥာပိ ဝိရိယဘာဝနာဖလနိဗ္ဗတ္တံ ဉဏစက္ခုတာဒိ သမေဝ။ (ပါရာဇိကဏ်)၌ လာသောကြောင့် ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၌ ဝိရိယဘာဝနာ၏အစွမ်းကြောင့်ဖြစ်သော အဘိညာဉ်သည်လည်း နတ်ပြည်၌ဖြစ်သော ဒိဗ္ဗစက္ခုနတ်တို့၏ မြင်ခြင်းနှင့်အတူ မြင်တော်မူကုန်၏။ ဒိဗ္ဗသောတ၌လည်း

နည်းတူမှတ်ရမည်။ နတ်တို့မှာ မံသစက္ခု မံသသောတဖြင့် မြင်သည် ကြားသည်။ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာမှာ အဘိညာဉ်ဖြင့် မြင်တော်မူကုန်သည်။ ကြားတော်မူကုန်သည်။ ထိုမြင်ခြင်းကြားခြင်း၌ အလားတူသည်သာ မှတ်ရမည်။ (ပဉ္စကထနကျမ်း တတိယပိုင်း ၁၁၉)

## အဘိညာဉ်နှင့် အာရုံတွဲစပ်ပြခြင်း

အဘိညာဉ်ဟူသည် ရူပါဝစရကုသိုလ်ပဥ္စမဈာန်စိတ် (ရဟန္တာမဟုတ်သေးသူအတွက်)နှင့် ရူပဝစရ ကြိယာ ပဥ္စမဈာန်စိတ်(ရဟန္တာအတွက်)ပင် ဖြစ်သည်။ ထိုအဘိညာဉ်သည် စိတ်ဖြစ်၍ သိစရာအာရုံရှိ ရလေသည်။ ထိုအဘိညာဉ်စိတ်ဖြင့် သိနိုင်သော သိစရာများကို အာရုံဟု ခေါ်သည်။ ထိုအာရုံကို ဤနေရာ၌ ၉-မျိုး ခွဲခြားပြထားသည်။

၁။ ကာမအာရုံ (ကာမစိတ်-၅၄၊ စေတသိက်-၅၂နှင့် ရုပ်တရားများ)
၂။ မဟဂ္ဂုတ်အာရုံ (မဟဂ္ဂုတ်စိတ်-၂၇၊ စေတသိက်-၃၅)
၃။ အပ္ပမာဏအာရုံ (လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆၊ နိဗ္ဗာန်)
၄။ မဂ်အာရုံ (မဂ်၄-ပါး)
၅။ အတိတ်အာရုံ (ဖြစ်ပြီး စိတ်, စေတသိက်, ရုပ်)
၆။ အနာဂတ်အာရုံ (ဖြစ်မည့် စိတ်, စေတသိက်, ရုပ်)
၇။ ပစ္စုပ္ပန်အာရုံ (ဖြစ်ဆဲ စိတ်, စေတသိက်, ရုပ်)
၈။ အဇ္ဈတ္တအာရုံ (မိမိကိုယ်ခန္ဓာတွင်း၌ဖြစ်သော စိတ်, စေတသိက်, ရုပ်)
၉။ ဗဟိဒ္ဓအာရုံ (မိမိကိုယ်ခန္ဓာပြင်ပ၌ဖြစ်သော စိတ်, စေတသိက်, ရုပ်)

ဣဒ္ဓိဝိဓအဘိညာဉ်သည် မထင်ရှားသောကိုယ်ဖြင့် သွားလိုသည့်အခါ ရုပ်ကိုယ်ကို အာရုံပြုသည်။ ဤအခါမျိုး၌ ဣဒ္ဓိဝိဓအဘိညာဉ်သည် ကာမအာရုံရှိ၏ ဟု ဆိုရမည်။ ထင်ရှားသောကိုယ်ဖြင့် သွားလိုသောအခါ ပါဒကဈာန်စိတ်ကို အာရုံပြုသည်။ ဤအခါမျိုး၌ မဟဂ္ဂုတ်အာရုံ ရှိ၏ ဟု ဆိုရမည်။ ချုပ်ပြီးသော ပါဒကဈာန်စိတ်ကို အာရုံပြုသောကြောင့် အတိတ်အာရုံ ရှိသည်။

အရှင်မဟာကဿပသည် ဓာတ်တော်တို့ကို အကြီးအကျယ် ဌာပနာစဉ်က "နောင်အခါ ၂၁၈-နှစ် ပတ်လုံး ဤနံ့သာတို့သည် မခြောက်ပါစေကုန်သတည်း၊ ဤပန်းတို့သည် မညှိုးပါစေကုန်သတည်း၊ ဤဆီ မီးတို့သည် မငြိမ်းပါစေကုန်သတည်း"ဟု အဓိဋ္ဌာန်တော်မူသည်။ အဓိဋ္ဌာန်အတိုင်းဖြစ်၏။

အသဃဂုတ္တမထေရ်သည် ဝတ္တနိယကျောင်း၌ ဟင်းမပါဘဲ ဆွမ်းသက်သက် ဘုန်းပေးနေသော ရဟန်းသံဃာကို မြင်၍ “ကျောက်ရေကန်သည် နေ့စဉ် နေ့စဉ် နံနက်ပိုင်း၌ နို့ဓမ်းအရသာ ရှိသည် ဖြစ်စေ”ဟု အဓိဋ္ဌာန်တော်မူ၏။ နံနက်ပိုင်း ခပ်ယူလျှင် နို့ဓမ်းရည်ဖြစ်၏။ ညနေပိုင်းခပ်ယူလျှင် ပကတိရေ ဖြစ်၏။ ဤကဲ့သို့ အနာဂတ်အတွက် အဓိဋ္ဌာန်ပြုရာ၌ အဘိညာဉ်စိတ်သည် အနာဂတ်ကို အာရုံပြုသည်။ မထင်ရှား သောကိုယ်ဖြင့် သွားလို၍ ရုပ်ကို အာရုံပြုရာ၌ ပစ္စုပ္ပန်ပွန်ကို အာရုံပြုသည်။ မထင်ရှားသောကိုယ်ဖြင့် သွားလိုသည့်အခါ ရုပ်ကိုယ်ကို အာရုံပြုရာ၌လည်းကောင်း, ထင်ရှားသောကိုယ်ဖြင့် သွားလိုသောအခါ ပါဒကဈာန်စိတ်ကို အာရုံပြုရာ၌လည်းကောင်း, မိမိကိုယ်ကို သူငယ်အသွင်ဖန်ဆင်းဖို့ အာရုံပြုရာ၌ လည်းကောင်း အဇ္ဈတ္တတရားကို အာရုံပြု၏။

ဒိဗ္ဗသောတဉာဏ်သည် အသံကို အာရုံပြုရာတွင် အသံရုပ်သည် ကာမဖြစ်၍ ကာမအာရုံရှိသည်။ ထင်ရှားရှိဆဲ အသံကိုသာ အာရုံ၍ ပစ္စုပ္ပန်အာရုံရှိသည်။ အသံသည် မိမိဝမ်းထဲမှ အသံဖြစ်က အဇ္ဈတ္တအာရုံ ဖြစ်သည်။ သူတပါးတို့၏ အသံဖြစ်က ဗဟိဒ္ဓအာရုံဖြစ်သည်။

စေတောပရိယဉာဏ်သည် သူတပါး၏ ကာမစိတ်ကို သိရာ၌ ကာမအာရုံ ရှိသည်။ ရူပါဝစရစိတ် အရူပါဝစရစိတ်ကို သိရာ၌ မဟဂ္ဂုတ်အာရုံ ရှိသည်။ မဂ်ဖိုလ်ကို သိရာ၌ အပ္ပမာဏအာရုံရှိသည်။ (ပုထုဇဉ်သည် သောတာပန်၏ သောပတ္တိမဂ်ဖိုလ်စိတ်ကို မသိနိုင်၊ သောတာပန်၏ လောကီစိတ်ကိုကား သိနိုင်သည်။ ထို့အတူ အောက်အရိယာတို့သည် အထက်အရိယာတို့၏ မဂ်ဖိုလ်စိတ်ကို မသိနိုင်။ ရဟန္တာသည်ကား အားလုံးသောသူတို့၏ စိတ်ကို သိနိုင်သည်။ စေတောပရိယဉာဏ်သည် မဂ်စိတ်ကို သိရာ၌ မဂ်အာရုံရှိသည်)

စေတောပရိယဉာဏ်သည် အတိတ်ခုနစ်ရက်အတွင်းက ဖြစ်သွားသော သူတပါးစိတ်သိရာ၌ အတိတ် အာရုံရှိသည်။ အနာဂတ်ခုနစ်ရက်အတွင်းက ဖြစ်ပွားမည့် သူတပါးစိတ်သိရာ၌ အနာဂတ် အာရုံရှိသည်။

ပစ္စုပ္ပန်သည် (၁) ခဏပစ္စုပ္ပန် (၂) သန္တတိပစ္စုပ္ပန် (၃) အဒ္ဓါပစ္စုပ္ပန် ဟူ၍ သုံးပါးရှိသည်။ ဥပါဒ် ဌီဘင်သို့ ရောက်ဆဲတရားသည် ခဏပစ္စုပ္ပန်ဖြစ်သည်။ အဝေးမှ ခေါင်းလောင်းထိုးသည်ကို မြင်မြင်ခြင်း ခေါင်းလောင်းသံ မကြားရသေး၊ ခဏကြာမှ ကြားရသည်။ ခေါင်းလောင်းထိုးသည်ကို မြင်ရာကာလမှ ခေါင်းလောင်းသံ ကြားရသည့်ကာလအတွင်း ဖြစ်ပွားသွားသော တရားသည် သန္တတိပစ္စုပ္ပန်ဖြစ်သည်။ (တနည်း) ဇောဝါရ ဇောဝီထိ နှစ်ဝီထိ သုံးဝီထိအတွင်း ဖြစ်ပျက်သည့် တရားများသည် သန္တတိပစ္စုပ္ပန် ဖြစ်သည်။ တခုသောဘဝ၏ ပဋိသန္ဓေမှစ၍ စုတိအထိ တဘဝအတွင်း ဖြစ်ပွားသမျှ နာမ်ရုပ်တို့သည် အဒ္ဓါ ပစ္စုပ္ပန်ဖြစ်သည်။

စေတောပရိယဉာဏ်သည် သန္တတိပစ္စုပ္ပန် အဒ္ဓါပစ္စုပ္ပန်တရားတို့ကို အာရုံပြုသည်။ စေတောပရိယဉာဏ် တန်ခိုးရှင်သည် သူတပါးစိတ်ကို ဆင်ခြင်သည်။ ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်းသည် သူတပါး၏ ခဏပစ္စုပ္ပန် စိတ်ကိုအာရုံယူ၍ အာရုံဖြစ်သော ထိုသူတပါး၏စိတ်နှင့် တပြိုင်နက်ချုပ်သည်။ ထို့နောင် ပရိကမ် ဥပစာ အနုလုံ ဂေါတြဘူ မည်သော မဟာကုသိုလ် မဟာကြိယာ ဥပေက္ခာဉာဏသမ္ပယုတ် ကာမဇော လေးကြိမ်၊ အဘိညာဉ်မည်သော ရူပါဝစရ ကုသိုလ်ကြိယာ ပဥ္စမစျာန် ဖြစ်သည်။ ပရိကမ် ဥပစာ အနုလုံ ဂေါတြဘူနှင့် အဘိညာဉ်စိတ်သည် မနောဒွါရာဝဇ္ဇန်းစိတ်သိသော ချုပ်ပြီးသွားသောစိတ်ကိုပင် သိကြသည်။ သို့သော် ထို စိတ်တိုကကည် အာရုံကွဲသည်ဟု မဆိုသင့်။ အဒ္ဓါပစ္စုပ္ပန်အားဖြင့် ပစ္စုပ္ပန်သာ ဖြစ်သည်။ မနောဒွါရာဝဇ္ဇန်း ပရိကမ် ဥပစာ အနုလုံ ဂေါတြဘူ အဘိညာဉ်တို့သည် အာရုံတူသည်ဟု ဆိုသော်လည်း အဘိညာဉ်စိတ်က သာ သူတပါးစိတ်ကို သိသည်။ အခြားစိတ်တို့က မသိ။ ဥပမာ – စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဏ်ကသာ ရူပါရုံကို မြင်ပြီး အခြားစိတ်တို့က မမြင်သကဲ့သို့ ဖြစ်သည်။ တနည်းအားဖြင့် သန္တတိပစ္စုပ္ပန်သည်လည်း အဒ္ဓါပစ္စုပ္ပန်အတွင်း ဝင်သည်ဖြစ်၍ အဘိညာဉ်သည် အဒ္ဓါပစ္စုပ္ပန်အားဖြင့် ပစ္စုပ္ပန်အာရုံသာ ရှိသည်။ သူတပါးစိတ်ကို အာရုံပြုသောကြောင့် ဗဟိဒ္ဓအာရုံရှိသည်။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည် အတိတ်က ကာမာဝစရနာမ်ရုပ်ခန္ဓာကို အာရုံပြုရာ၌ ကာမအာရုံ၊ ရူပါဝစရ အရူပါဝစရခန္ဓာကို အာရုံပြုရာ၌ မဟဂ္ဂုတ်အာရုံ၊ အတိတ်ကဖြစ်ပွားခဲ့သော မိမိသူတပါး၏ မဂ်ဖိုလ်ကို သိရာ၌ အပ္ပမာဏအာရုံ၊ မဂ်ကိုသာ သိရာ၌ မဂ်အာရုံ ရှိသည်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည် အတိတ်ကိုသာ အာရုံပြုသည်။ သူတပါးခန္ဓာတို့ကို အောက်မေ့သောကာလ၌ ဗဟိဒ္ဓ, မိမိခန္ဓာတို့ကို အောက်မေ့သောကာလ၌ အဇ္ဈတ္တကို အာရုံပြုသည်။ အတိတ်ကာလကဖြစ်ခဲ့သော ခန္ဓာနှင့်စပ်သော အမည်နာမတို့ကို အောက်မေ့ရာ၌ နဝတ္တဗ္ဗ[၁]အာရုံဖြစ်သည်။

စေတောပရိယဉာဏ်သည် ၇–ရက်အတွင်း အတိတ်ကာလ၌ဖြစ်သော စိတ်ကိုသာလျှင် အာရုံပြုသည်။ စိတ်မှတပါးသော ခန္ဓာကိုလည်းကောင်း ခန္ဓာနှင့်စပ်သော တရားကိုလည်းကောင်း မသိနိုင်။ ယထာကမ္မူပဂဉာဏ်သည် အတိတ် ကုသိုလ်, အကုသိုလ် စေတနာမျှကို (ကုသိုလ်အကုသိုလ်ခန္ဓာတို့ကို) သာလျှင် အာရုံပြုသည်။

ဒိဗ္ဗစက္ခုဉာဏ်သည် အဆင်းရုပ်ကို အာရုံပြု၍ ကာမအာရုံ၊ ဖြစ်ပေါ်ဆဲရုပ်ကိုသာ အာရုံပြု၍ ပစ္စုပ္ပန် အာရုံ၊ မိမိ၏ ဝမ်းစသည် ဖြစ်သော အဆင်းကို မြင်ရာ၌ အဇ္ဈတ္တ၊ သူတပါးအဆင်းကို မြင်ရာ၌ ဗဟိဒ္ဓ ဖြစ်သည်။

---

၁ အဇ္ဈတ္တ ဗဟိဒ္ဓ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု မဆိုအပ်သော တရား (ပညတ်တရား)

အနာဂတံသဉာဏ်သည် "ဤသူသည် ကာမဘုံ၌ ဖြစ်မည်"ဟု သိရာ၌ ကာမအာရုံ၊ ရူပ, အရူပဘုံ၌ ဖြစ်မည်ဟု သိရာ၌ မဟဂ္ဂုတ်အာရုံ၊ မဂ်ကို ရလိမ့်မည်, ဖိုလ်ကိုရလိမ့်မည်ဟု သိရာ၌ အပ္ပမာဏအာရုံ၊ မဂ်ကို ရလိမ့်မည်ဟုသာ သိသောအခါ မဂ်အာရုံ ဖြစ်သည်။ အနာဂတံသဉာဏ်သည် အနာဂတ်မှာ ဖြစ်မည့် အကြောင်းအရာများကိုသာ သိသည်။

စေတောပရိယဉာဏ်သည်လည်း အနာဂတ်ကိုသိနိုင်သည်။ သို့သော် အနာဂတ် ၇-ရက်အတွင်း စိတ်ကိုသာသိနိုင်သည်။ စိတ်မှတပါးသော ခန္ဓာ, ခန္ဓာနှင့်စပ်သော တရားတို့ကို မသိနိုင်။ အနာဂတံသဉာဏ်သည် "ငါသည် ဤမည်သောဘဝ၌ ဖြစ်လိမ့်မည်"ဟု သိရာ၌ အဇ္ဈတ္တ၊ "သူသည် ဤမည်သောဘဝ၌ ဖြစ်လိမ့်မည်"ဟု သိရာ၌ ဗဟိဒ္ဓ၊ "ဤသူသည် အမည်ရှိသူ ဖြစ်မည်"အမည်ကို သိရာ၌ နဝတ္တဗ္ဗအာရုံ ဖြစ်သည်။

ယထာကမ္မူပဂဉာဏ်သည် ကာမာဝစရကံကို သိသောအခါ ကာမအာရုံ၊ ရူပါဝစရ, အရူပါဝစရကံ ကို သိသောအခါ မဟဂ္ဂုတ်အာရုံ၊ အတိတ်ကိုသာ သိတတ်သောကြောင့် အတိတ်အာရုံ၊ မိမိကံကို သိသောအခါ အဇ္ဈတ္တအာရုံ၊ သူတပါးကံကို သိသောအခါ ဗဟိဒ္ဓအာရုံဖြစ်သည်။

မဟာစည် ဆရာတော်
ဝိသုဒ္ဓိမဂ် မြန်မာပြန်
တတိယတွဲ ၁-၁၇၈၊
ကောက်နုတ်ချက်

# ဝိသုဒ္ဓိ ၇-ပါး

၁။ သီလဝိသုဒ္ဓိ
၂။ စိတ္တဝိသုဒ္ဓိ
၃။ ဒိဋ္ဌိဝိသုဒ္ဓိ
၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ
၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ
၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ
၇။ ဉာဏဒဿနဝိသုဒ္ဓိ

လူပုဂ္ဂိုလ်များအတွက် ငါးပါးသီလ စင်ကြယ်ခြင်း, ရဟန်းတော်များအတွက် ရဟန်းသီလစင်ကြယ်ခြင်းသည် သီလဝိသုဒ္ဓိ မည်၏။ သမထကမ္မဋ္ဌာန်း အားထုတ်၍ ဥပစာရသမာဓိ အပ္ပနာသမာဓိသို့ ရောက်သောအခါ စိတ်အစဉ်သည် နီဝရဏကိလေသာ အနောက်အကျုတို့ အနယ်ကျသဖြင့် လွန်စွာကြည်လင်၏။ ထိုသို့ ကြည်လင်နေသောစိတ်သည် စိတ္တဝိသုဒ္ဓိ မည်၏။ လိုချင်တာသည် လောဘ, ပူတာသည် ဒေါသ စသည်ဖြင့် နာမ်ရုပ်တို့၏ သဘောလက္ခဏာကို သိလျှင် ငါလိုချင်သည် ငါပူသည်ဟူသော အတ္တစွဲ ပျောက်လေ၏။ ထိုသို့အတ္တစွဲ ကင်းစင်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ "နာမ်တရားတို့သည် အာရုံ ဒွါရ တိုက်ဆိုင်ခြင်းကြောင့် ပေါ်လာသည်၊ ရုပ်တရားတို့သည် ကံ,စိတ်,ဥတု,အာဟာရ အကြောင်းလေးပါးကြောင့် ပေါ်လာသည်"ဟု သိခြင်းသည် ယုံမှားသံသယ လွန်မြောက်ကြောင်းဖြစ်၍ ကင်္ခါဝိတရဏဝိသုဒ္ဓိ[၁]မည်၏။ ယောဂီ၏ သန္တာန်၌ ရေးက မဖြစ်ဘူးသော ကိုယ်ရောင်ကိုယ်ဝါ လွန်စွာနှစ်သက်မှု ပီတိစသော ဆယ်မျိုးသောတရား ဖြစ်ပေါ်လာတတ်၏။ ထိုအခါ၌ ကိုယ်ရောင်ကိုယ်ဝါစသည်တို့ စွဲလမ်းနှစ်သက်၍ မဂ်ဖိုလ်ရပြီဟု မှတ်ထင်နေလျှင် ဝိပဿနာလမ်းစဉ် လွဲလေတော့၏။ ထိုကိုယ်ရောင်ကိုယ်ဝါ စသည်၌ စွဲလမ်းနှစ်သက်မှုကို ပယ်ရှား၍ ဝိပဿနာကို ဆက်လက်အားထုတ်မှသာ လမ်းမှန်ကျသည်။ ဤသို့ ကိုယ်ရောင် ကိုယ်ဝါ စသည်ကို မစွဲလမ်းဘဲ မနှစ်သက်ဘဲ ဝိပဿနာကို ဆက်လက်ပြီး အားထုတ်မှသည်သာ မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန်တည်း၊ ကိုယ်ရောင်ကိုယ်ဝါစသည်ကို နှစ်သက်နေမှုကား မဂ်ဖိုလ်ရဖို့ရန် လမ်းမှန်မဟုတ်ဟု သိမြင်တတ်သော ဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ[၂] မည်၏။ အရောင်အလင်းစသော ဝိပဿနာဘေးရန် ကင်းရှင်းပြီးနောက် မဂ်စိတ်ပေါ်လာကြောင်း ရှုမှတ်သည့် ဝိပဿနာဉာဏ်များသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ[၃] မည်၏။ ကိလေသာမှ စင်ကြယ်၍ သစ္စာလေးပါးကို တိုက်ရိုက်သိတတ်သော မဂ်လေးပါးသည် ဉာဏဒဿနဝိသုဒ္ဓိ[၄] မည်၏။ (အခြေပြုသင်္ဂြိုဟ် ၅၈၃-၆၀၄)

---

၁ ကင်္ခါ-ယုံမှားသံသယ + ဝိတရဏ-လွန်မြောက်ကြောင်းတရား

၂ မဂ္ဂ-လမ်းမှန် + အမဂ္ဂ-လမ်းမဟုတ်ဟု + ဉာဏ-သိခြင်း + ဒဿန-မျက်စိဖြင့်မြင်ရသကဲ့သို့ဉာဏ်ဖြင့်ထင်ရှားစွာ မြင်ခြင်း + ဝိသုဒ္ဓိ-စင်ကြယ်ခြင်း

၃ ပဋိပဒါ-အရိယာမဂ်သို့ရောက်ကြောင့်အကျင့်ဖြစ်သည့် + ဉာဏဒဿနဝိသုဒ္ဓိ-စင်ကြယ်သောဉာဏ်အမြင်

၄ ဉာဏ-သိသည် + ဒဿန-တိုက်ရိုက်မြင်သည် + ဝိသုဒ္ဓိ-ဆိုင်ရာကိလေသာတို့မှ စင်ကြယ်သည်

## ဉာဏ်စဉ် ၁၆-ပါး

| | |
|---|---|
| ၁။ နာမရူပပရိစ္ဆေဒဉာဏ် | ၉။ မုစ္စိတုကမျတာဉာဏ် |
| ၂။ ပစ္စယပရိဂ္ဂဟဉာဏ် | ၁၀။ ပဋိသင်္ခါဉာဏ် |
| ၃။ သမ္မသနဉာဏ် | ၁၁။ သင်္ခါရုပေက္ခာဉာဏ် |
| ၄။ ဥဒယဗ္ဗယဉာဏ် | ၁၂။ အနုလောမဉာဏ် |
| ၅။ ဘင်ဉာဏ် | ၁၃။ ဂေါတြဘုဉာဏ် |
| ၆။ ဘယဉာဏ် | ၁၄။ မဂ်ဉာဏ် |
| ၇။ အာဒီနဝဉာဏ် | ၁၅။ ဖိုလ်ဉာဏ် |
| ၈။ နိဗ္ဗိဒါဉာဏ် | ၁၆။ ပစ္စဝေက္ခဏာဉာဏ် |

♠ သင်္ဂြိုဟ်ကျမ်း၌ သမ္မသနဉာဏ်မှစ၍ အနုလောမဉာဏ်အထိကို **ဝိပဿနာဉာဏ် ၁၀-ပါး**ဟု ပြသည်။

နာမ်ရုပ်ကို ပိုင်းခြား၍ သိတတ်သော ဉာဏ်သည် **နာမရူပပရိစ္ဆေဒဉာဏ်** မည်၏။ (မှတ်ခိုက်၌ အထူးမစဉ်းစားရပဲ မှတ်ရုံမျှဖြင့် နာမ်ရုပ်တို့ကို ကွဲပြားစွာ သိမြင်၍ "ဤကိုယ်ထဲမှာအာရုံကို သိတတ်တဲ့ နာမ်နှင့် အာရုံကိုမသိတတ်တဲ့ရုပ်ဟူသော ဤနှစ်မျိုးသာရှိသည်။ ဤနှစ်မျိုးမှတပါး သတ္တဝါကောင် ငါကောင် လိပ်ပြာကောင်ကား မရှိပြီ"ဟူ၍ မတွေမဝေ ဆုံးဖြတ်နိုင်ခြင်းသည်သာလျှင် လိုရင်းဖြစ်ပေသည်။ သို့ဖြစ်၍ မှတ်ခိုက်မှတ်ခိုက်မှာပင် မတွေးမဆရပဲ အလိုလိုသဘောကျ၍ ဤသို့ဆုံးဖြတ်သော အသိဉာဏ်သည် ခေါင်ထိပ်ရောက်သော နာမရူပပရိစ္ဆေဒဉာဏ်မည်၏။ ဤဉာဏ်သည်ပင် ငါကောင်လိပ်ပြာကောင် ရှိသည်ဟု ထင်မှားစွဲလမ်းသော အတ္တဒိဋ္ဌိအညစ်အကြေးကို သုတ်သင်ပယ်ခွါတတ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိလည်းမည်၏။ မဟာစည် ဝိပဿနာရှုနည်းကျမ်း ဒု ၆၁)

နာမ်ရုပ်တို့၏ အကြောင်းတရားကို သိမ်းဆည်းတတ်သော ဉာဏ်သည် **ပစ္စယပရိဂ္ဂဟဉာဏ်** မည်၏။ (ဖြစ်ခိုက်နာမ်ရုပ်တို့ကို ရှုမှတ်စဉ်မှာပင် "စားသောအပ်သော အာဟာရကြောင့် ဤခန္ဓာကိုယ်ကြီး တည်တံ့နေသည်၊ ထိုင်ချင်မှု ကွေးချင်မှု စသော စိတ်ကြောင့် ထိုင်ရုပ်ကွေးရုပ်စသည် ဖြစ်ပေါ်ကြ၏၊ အပူဓာတ် အအေးဓာတ်ကြောင့် ပူရုပ်အေးရုပ်ဖြစ်ပေါ်သည် စသည်ဖြင့်လည်းကောင်း, မျက်စိနှင့်အဆင်း ရှိ၍ မြင်သည်၊ နားနှင့်အသံရှိ၍ ကြားသည် စသည်ဖြင့်လည်းကောင်း, နာမ်ရုပ်၏ အကြောင်းတို့ကို ထိုက်သည်အား လျော်စွာ သိမြင်၍ "ကာလသုံးပါး၌ အကြောင်းနာမ်ရုပ်ကြောင့် အကျိုးနာမ်ရုပ်မျှသာ ဖြစ်ပေါ်လျက်ရှိနေသည်"ဟု သဘောကျလျက် မြဲမြံစွာ ဆုံးဖြတ်နိုင်သော အသိဉာဏ်သည် ခေါင်ထိပ်သို့ရောက် သော ပစ္စယပရိဂ္ဂဟဉာဏ်မည်၏။ ဤဉာဏ်သည်ပင် ရှေးဘဝက ငါကောင်ရှိခဲ့သလား မရှိခဲ့ဘူးလား, နောင် ဘဝ ငါကောင်ရှိဦးမှာလား မရှိသတော့ဘူးလား စသည်ဖြင့် ယုံမှားတတ်သော ဝိစိကိစ္ဆာ ပယ်ဖျောက်တတ်သော

ကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။ မဟာစည် ဝိပဿနာရှုနည်းကျမ်း ဒု ၉၀)

နာမ်ရုပ်တရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု သုံးသပ်တတ်သော ဉာဏ်ကို **သမ္မသနဉာဏ်**ဟု ခေါ်သည်။ သုံးသပ်ဟူရာ၌ လက်ဖြင့် ကိုင်တွယ်သုံးသပ်သည်ဟု မမှတ်လင့်။ စိတ်ဖြင့် အာရုံပြုခြင်းကို "သုံးသပ်" ဟု ခေါ်သည်။

(ဤ**သမ္မသနဉာဏ်သည် ကြောင့်ကြစိုက်၍ ရှေးဦးစွာ ဖြစ်စေနိုင်ကောင်းသော ဉာဏ်မဟုတ်**ပေ၊ ရှုမှတ်သော ပစ္စက္ခဉာဏ်ဖြင့် တကြိမ်မျှဖြစ်စေ အကြိမ်များစွာဖြစ်စေ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို ကောင်းစွာသိမြင် သဘောကျပြီးမှသာလျှင် သဘောကျသည်အားလျော်စွာ ဆင်ခြင်ဆုံးဖြတ်လျက် အလိုလို ဖြစ်ပေါ်လာသော အသိဉာဏ်သာ ဖြစ်သည်။ မဟာစည် ဝိပဿနာရှုနည်းကျမ်း ဒု ၉၈)

သမ္မသနဉာဏ်ဖြင့် ဝိပဿနာရှုရာတွင် ၁။ ကလာပသမ္မသနနည်း ၂။ အဒ္ဓါနသမ္မသနနည်း ၃။ သန္တတိသမ္မသနနည်း ၄။ ခဏသမ္မသနနည်းဟု ရှုနည်းလေးမျိုး ရှိ၏။

တေဘူမကသင်္ခါရတို့ကို အတိတ်ဘဝ၌ဖြစ်သော ရုပ်စသည်ဖြင့် မခွဲခြားဘဲ ရူပက္ခန္ဓာအားလုံး ဝေဒနက္ခန္ဓာအားလုံးစသည်ဖြင့် ခန္ဓာတစုတစုကို အပေါင်းပြု၍ သုံးသပ်ခြင်းသည် ကလာပသမ္မသနနည်း မည်၏။ ဝိပဿနာအလုပ်ကို အားထုတ်သူသည် ရှေးဦးစွာ ဤနည်းဖြင့်သာ အားထုတ်ရသည်။ ဤနည်းကား အလွယ်ဆုံးတည်း။ 'အလုံးစုံသော ခန္ဓာငါးပါးသည် ဖြစ်ပေါ်ပြီးလျှင် ကုန်ကုန်သွားသောကြောင့် မမြဲဟူ၍လည်းကောင်း ဖြစ်မှုပျက်မှုက မပြတ်နှိပ်စက်သောကြောင့် ဆင်းရဲဟူ၍လည်းကောင်း အလိုအတိုင်းမဖြစ်သောကြောင့် အတ္တကောင် ငါကောင်မဟုတ်ဟူ၍လည်းကောင်း' ရှုမှတ်မှုသည် ကလာပသမ္မသနဝိပဿနာမည်၏။

(ပစ္စယပရိဂ္ဂဟဉာဏ် ခေါင်ထပ်သို့ရောက်လျှင် ပစ္စုပ္ပန်ကျသော မှတ်ချက်များ၌ မှတ်မိသောရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှုကို ထင်ရှားတွေ့ရ၏။ ဖြစ်ခိုက်ရုပ်နာမ်တို့ကို ပစ္စက္ခဉာဏ်ကဲ့သို့ အသီးအသီး သဘာဝလက္ခဏာအားဖြင့် အကျယ်ရှုမှတ်သလို မဟုတ်မူ၍ ကာလသုံးပါး၌ ဖြစ်သော ခန္ဓာငါးပါးကို အပေါင်းလိုက်ရှုဆင်ခြင်သောနည်းသည် ကလာပသမ္မသနမည်၏။ စည်ဝိပဿနာရှုနည်း-၉၇)

အတိတ်ဘဝ၌ဖြစ်သော ရူပက္ခန္ဓာသည် ထိုအတိတ်ဘဝ၌ပင် ချုပ်လေပြီ၊ ဤပစ္စုပ္ပန်ဘဝသို့ မရောက်နိုင်၊ ဤသို့ ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ, ကြောက်မက်ဖွယ်ဖြစ်သောကြောင့် ဒုက္ခ, အနှစ်သာရမရှိသော ကြောင့် အနတ္တချည်းပါတကားဟု ဘဝခွဲခြား၍ ပွါးများခြင်းသည် အဒ္ဓါနသမ္မသနနည်းမည်၏။

(အဒ္ဓါနသမ္မသနနည်းသည် ကလာပသမ္မသနနည်းထက် သိမ်မွေ့၏။ ထို့ကြောင့် ကလာပသမ္မသနနည်းဖြင့် အတော်အသားကျပြီးမှ ဤနည်းဖြင့် ပွားများဘို့ရန် ဆက်လက်ပြထားသည်)

ရုပ်နာမ်တို့၏ သဘောတူသော အစဉ်အတန်းကို 'သန္တတိ'ဟုခေါ်သည်။ ဥပမာ နေပူမှာနေခိုက် ပူသောရုပ်အစဉ်သည် သန္တတိတခုတည်း။ အရိပ်သို့ရောက်၍ အအေးရုပ် ပေါ်ပေါက်သည့်အခါ သန္တတိတမျိုး ပြောင်းလေပြီ။ 'အပူရုပ်အစဉ်သည် အအေးရုပ်အစဉ်သို့မရောက်၊ ဤသို့ ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ, ကြောက်မက်ဖွယ်ဖြစ်သောကြောင့် ဒုက္ခ, အနှစ်သာရမရှိသောကြောင့် အနတ္တချည်းပါတကားဟု တဘဝတည်း၌ပင် အစဉ်ခွဲခြား၍ ပွါးများခြင်းသည် သန္တတိသမ္မသနနည်းမည်၏။

(သန္တတိသမ္မသနနည်းသည် တဘဝတည်းမှာပင် အစဉ်အမျိုးမျိုးခွဲ၍ ပွါးများရသောကြောင့် အဒ္ဓါနသမ္မသနနည်းထက် သိမ်မွေ့သဖြင့် အဒ္ဓါနသမ္မသနနည်း၏ အခြားမဲ့၌ ဤနည်းဖြင့် ပွားများဘို့ရန် ဆက်လက်ပြထားသည်)

အစဉ်တမျိုးတည်း၌ပင် ရုပ်နာမ်တို့၏ခဏအားဖြင့် သုံးသပ်ပွါးများမှုကို ခဏသမ္မသနနည်းဟု ခေါ်သည်။ ပွါးများဟန်ကား–"အတိတ်ခဏ၌ဖြစ်သော ရူပက္ခန္ဓာသည် အတိတ်ခဏ၌ ချုပ်လေပြီ၊ ပစ္စုပ္ပန်ခဏသို့မရောက်, ကုန်ခမ်းခြင်း အနက်သဘောကြောင့် အနိစ္စ"စသည်ဖြင့်လည်းကောင်း, "အတီတဘဝင်ခဏ၌ဖြစ်သော စိတ်စေတသိက် နာမ်ခန္ဓာလေးပါးသည် အတီတဘဝင်ခဏ၌ ချုပ်လေပြီ, ဘဝင်စလနအခိုက်သို့မရောက်" စသည်ဖြင့်လည်း ကောင်း, ရုပ်ဝီထိ နာမ်ဝီထိ အစဉ်အတိုင်း သုံးသပ်ပွားများရသည်။

(ဤသမ္မသနနည်းကား အစွမ်းကုန်သိမ့်မွေ့သော နည်းတည်း။ ထို့ကြောင့် သန္တတိနည်းဖြင့် အသားကျပြီးမှ ဆက်လက်သုံးသပ်ဖို့ရန် ပြထားသည်)

ရုပ်နာမ်တို့၏ ဥပါဒ်နှင့်ဘင်ကို ထင်မြင်အောင်ရှုတတ်သော ဉာဏ်သည် **ဥဒယဗ္ဗယဉာဏ်** မည်၏။ သမ္မသနဉာဏ် ရင့်သန်ပြီးသော ယောဂီသည် ထိုရုပ်နာမ်တို့ကိုပင် အကြောင်းတရားနှင့်စပ်၍ အထပ်ထပ် သုံးသပ်ရမည်။ ရုပ်တို့၏ အကြောင်းတရားသည် အဝိဇ္ဇာ တဏှာ ကံ အာဟာရတည်း။ စေတသိက်နာမ်တို့၏ အကြောင်းတရားကား အဝိဇ္ဇာ တဏှာ ကံ ဖဿ တို့တည်း။ စိတ်နာမ်တရားတို့၏ အကြောင်းတရားကား အဝိဇ္ဇာ တဏှာ ကံ နာမရူပတို့တည်း။

"အဝိဇ္ဇာရှိခြင်းကြောင့် ရုပ်နာမ်ဖြစ်ရသည်။ အဝိဇ္ဇာကို အကြွင်းမဲ့ပယ်နိုင်လျှင် ဤရုပ်နာမ် ဖြစ်နိုင် တော့မည်မဟုတ်" စသည်ဖြင့် အကြောင်းနှင့်ဆက်သွယ်၍ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို အဖန်ဖန် ဆင်ခြင်သောအခါ ဥပါဒ်ခဏ ဘင်ခဏအားဖြင့် အဖြစ်အပျက်တွေ အလိုလို ထင်လာတတ်သည်။ ထိုအခါ အကြောင်းကို မစဉ်းစားတော့ဘဲ ဥပါဒ်ခဏ ဘင်ခဏကိုသာ သတိထား၍ ပွားများလသော် အဖြစ်အပျက်တွေ အလွန်ထင်ရှားသည့်အတွက် စိတ်အားတက်ကြွ၍ စိတ်အလွန်ကြည်လင်ရကား ဥဒယဗ္ဗယဉာဏ်အဆုံးမသတ် လမ်းခုလတ်မှာပင် ဩဘာသစသော ဥပက္ကိလေသ ဘေးရန်နှင့်ပင် အမှန်တွေ့ရတတ်လေသည်။

## ဝိပဿနာဘေးရန် ၁၀–ပါး

၁–ဩဘာသ=ကိုယ်ရောင်ကိုယ်ဝါ။ ။ စိတ်ဓာတ်၏ ကြည်လင်မှုကြောင့် ကိုယ်မှ အရောင်အဝါတို့သည် စိတ်အစွမ်းအားလျော်စွာ အချို့ မိမိထက်ဝန်းကျင် အနားတွင်လည်းကောင်း အချို့ တခန်းလုံးလင်းအောင်လည်းကောင်း တချို့ တကျောင်းလုံး တတိုက်လုံး တနယ်လုံးမှစ၍ စကြာဝဠာတခုလုံး လင်းအောင်လည်းကောင်း ထွက်ကုန်၏။

၂–ပီတိ။ ဝိပဿနာဉာဏ်နှင့်ယှဉ်သော ပီတိစေတသိက်၊ ဤပီတိအတွက် ယောဂီသည် အလွန်နှစ်သက်မွေ့လျော်၏။

၃–ပဿဒ္ဓိ။ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိစေတသိက်၊ ဤပဿဒ္ဓိတို့အတွက် ယောဂီပုဂ္ဂိုလ်၏ ကိုယ်စိတ်နှစ်ပါးသည် ထူးထူးခြားခြားပင် ငြိမ်းလေတော့၏။ (ပဿဒ္ဓိသာမက လဟုတာ မုဒုတာ ကမ္မညတာ ပါဂုညတာ ဥဇုကတာ စေတသိက်များလည်း ထူးထူးခြားခြား ဖြစ်ပေါ်လာကြသည်။)

၄–အဓိမောက္ခ။ ။ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက်စွာ သက်ဝင်ရုံကြည်သော သဒ္ဓါစေတသိက်လည်း ဖြစ်ပေါ်လာ၏။

၅–ပဂ္ဂဟ။ ။ဝိပဿနာစိတ်ကို နောက်မဆုတ်နိုင်အောင် အားပေးချီမြှောက်တတ်သော ဝီရိယလည်း ဖြစ်ပေါ်လာ၏။

၆–သုခ။ ။မွန်မြတ်သော စိတ္တဇရုပ်တို့ဖြင့် တကိုယ်လုံးထုံမွမ်း၍ ချမ်းမြစေသော သုခဝေဒနာလည်း ဖြစ်ပေါ်လာ၏။

၇–ဉာဏ=ဝိပဿနာဉာဏ် ။ဝရဇိန်လက်နက် မိုးကြိုးစက်သို့ သွက်လက်လျင်မြန် အမြင်သန်သော ဝိပဿနာဉာဏ်လည်း ဖြစ်ပေါ်လာ၏။ ထိုဉာဏ်ကြောင့် သင်္ခါရတို့၌ ရှုလိုက်တိုင်း ရှုလိုက်တိုင်း အဖြစ်အပျက်ကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းစွာ သိမြင်လာ၏။

၈–ဥပဋ္ဌာန။ ။ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာတည်သော သတိတရားလည်း ဖြစ်ပေါ်လာ၏။

၉–ဥပေက္ခာ။ ။(တတြမဇ္ဈတ္တုပေက္ခာ, အာဝဇ္ဇနုပေက္ခာ ၂–မျိုး) ဖြစ်မှုပျက်မှု (ဥဒယဗ္ဗယ) သဘောတွေ အလွန်ထင်နေရကား မထင်ထင်အောင်ရှုဘို့ရာ ဗျာပါရတွေ မများတော့ဘဲ အသင့်အားဖြင့် ရှုစားတတ်သော တတြမဇ္ဈတ္တတာစေတသိက်ကို တတြမဇ္ဈတ္တုပေက္ခာဟု ခေါ်၏။ ဖြစ်မှုပျက်မှုကို ဆင်ခြင်သည့်အခါ အလွန် လျင်မြန်စွာ ဆင်ခြင်နိုင်သော အာဝဇ္ဇန်းနှင့်ယှဉ်သော စေတနာကို 'အာဝဇ္ဇနုပေက္ခာ'ဟု ခေါ်၏။ (ပီတိမှစ၍ ဤဥပေက္ခာတိုင်အောင်သော တရားတို့ကား ဝိပဿနာဉာဏ်၏ယှဉ်ဘက် စေတသိက်များတည်း)

၁၀–နိကန္တိ=သိမ်မွေ့သောတဏှာ။ ။ထိုသြဘာသစသည်ဖြင့် တန်ဆာဆင်အပ်သော ဝိပဿနာဉာဏ်ကို နှစ်သက်နေမှုတဏှာလည်း ဖြစ်ပေါ်လာ၏။ ထိုတဏှာသည် အလွန်သိမ်မွေ့ရကား တဏှာမှန်းပင် မသိသာချေ, ဝိပဿနာ၌မွေ့လျော်မှုဟုသာ ယောဂီကထင်နေသည်။

ဆိုခဲ့ပြီးသော သြဘာသစသည် ၁၀–ပါးကို "ဝိပဿနာဉာဏ်၏ ညစ်နွမ်းကြောင်းဖြစ်သော ဘေးရန်အန္တရာယ်များ"ဟု ဆိုသည်။ ထိုတွင် သြဘာသစသော ၉–ပါးသည် အကုသိုလ်မဟုတ်၍ ဘေးရန်အစစ်မဟုတ်၊ နိကန္တိတခုသာ ဘေးရန်အစစ်တည်း။

သို့သော် သြဘာသစသည်တို့ ဖြစ်ပေါ်သောအခါ ပရိယတ်၌မကျွမ်းကင်သော အချို့ယောဂီ၌ "ငါ့မှာ ရှေးအခါက ဤကိုယ်ရောင်ကိုယ်ဝါမျိုး မထွက်ဘူးချေ, ဤအရောင်အဝါကို ဖြစ်စေနိုင်သော စိတ်သည် မဂ်စိတ် ဖိုလ်စိတ်ပင်ဖြစ်၏။ ငါသည် မဂ်ဖိုလ်ကို ရပြီ"ဟုလည်းကောင်း, "ငါ့မှာ ရှေးက ဤကဲ့သို့ ပီတိပဿဒ္ဓိ စသည်မဖြစ်ဘူးချေ၊ ငါသည် မဂ်ဖိုလ်ကို ရပြီ"ဟုလည်းကောင်း ဤသို့အထင်ကြီးကာ ဝိပဿနာ လမ်းလွဲ၍ သာယာမှု(**တဏှာ**) အထင်ကြီးမှု(**မာန**) ငါဟု စွဲလမ်းမှု (**ဒိဋ္ဌိ**)တို့ ဖြစ်လေကုန်၏။ ထိုတဏှာ, မာန, ဒိဋ္ဌိတို့ကား ဝိပဿနာကို ညစ်နွမ်းစေတတ်သော ဘေးရန်အစစ်တည်း။ ထိုတဏှာမာနဒိဋ္ဌိတို့သည် သြဘာသစသည်တို့ကို စွဲ၍ဖြစ်သောကြောင့် (လူမိုက်အားပေးဆိုသလို) သြဘာသစသည်တို့ကိုလည်း ဝိပဿနာ၏ ညစ်နွမ်းကြောင်းဘေးရန်ဟု ဆိုရလေသည်။

ပရိယတ်၌ ကျွမ်းကျင်သောယောဂီသည်ကား ထိုသြဘာသစသည်တို့သည် တဏှာ မာန ဒိဋ္ဌိတို့၏ တည်ရာဖြစ်၍ ဝိပဿနာဉာဏ်ကို ညစ်နွမ်းစေတတ်သော ဘေးရန်များတည်း။ ထိုသြဘာသစသည်ကို နှစ်သက်စွဲလမ်းနေမှုသည် မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန်မဟုတ်သဖြင့် အမဂ္ဂတည်း၊ အစဉ်အတိုင်း ဆက်လက်၍ တိုးတက်အားထုတ်မှုသည်သာ မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန်ဖြစ်၍ မဂ္ဂအစစ်ဖြစ်သည်ဟု ပိုင်းခြားသတ်မှတ်နိုင်သည်။

ထိုကဲ့သို့ ဝိပဿနာ၏ဘေးရန်ကို အမှန်အတိုင်းသိမ်းဆည်း၍ လမ်းမှန် လမ်းမမှန် လက္ခဏာကို ပိုင်းခြားတတ်သော ဉာဏ်ကို "မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ"ဟု ခေါ်သည်။

ဝိပဿနာ၏ဘေးရန် ၁၀–ပါးမှ ကင်းလွတ်ပြီးသော ယောဂီသည် ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမ ဉာဏ်တိုင်အောင် အစဉ်အတိုင်းတိုးတက်၍ အဆက်ဆက်အားထုတ်သည်ရှိသော် "ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ" ဖြစ်၏။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၏ အစသည် ဥဒယဗ္ဗယဉာဏ်တည်း, အဆုံးကား အနုလောမဉာဏ်တည်း။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိတုန်းက ဥဒယဗ္ဗယဉာဏ်ဖြစ်ခဲ့သောလည်း အပြီးမသတ်လမ်းခုလတ်၌ ဝိပဿနာ ဘေးရန်တို့၏ နှောက်ယှက်ခြင်းကြောင့် မသန့်ရှင်းခဲ့သေးချေ။ ထို့ကြောင့် ယခုအခါ ထိုဘေးရန်မှ လွတ်ကင်းပြီးဖြစ်၍ **ဥဒယဗ္ဗယဉာဏ်ထက်သန်လာအောင် ထပ်မံ၍ အားထုတ်ရပြန်**သေးသည်။

(တကြိမ်တကြိမ်သော ဖောင်းမှု ပိန်မှု ထိုင်မှု ထမှု လှမ်းမှု ကွေးမှု ဆန့်မှု လှုပ်မှု ရွေ့မှု ပြုပြင်မှုတို့ကို အစ–ဖြစ်မှု တကြိမ်စီ အဆုံး–ပျက်မှု တကြိမ်စီဖြင့်သာ ပိုင်ခြားသိမြင်ခြင်းသည် သန္တတိပစ္စုပ္ပန်ရုပ်၏ အဖြစ်အပျက်ကို သိမြင်သော **ဖြစ်ခါစ ဥဒယဗ္ဗယဉာဏ်**ပေတည်း။ ဤမျှလောက်သိလျှင်ပင် "တခုတခုသော ကိုယ်အမူအရာသည် တပါးတခြားသော ကိုယ်အမူအရာနှင့် မရောနှောပဲ ထိုထိုအခိုက်အတန့်၌သာလျှင် ပေါ်၍ပေါ်၍ ကုန်ဆုံးသွားတတ်ကြသည်"ဟု မှတ်ရုံမျှဖြင့်ပင် မတွေးမဆရပဲ ရှင်းလင်းစွာ သိမြင်သဘောကျ၏။

ဥဒယဗ္ဗယဉာဏ် ထက်သန်သောအခါ၌မူကား တကြိမ်တကြိမ်အသက်ရှူရာ၌ ဖောင်းကြွလှုပ်ရှားမှုကလေး ပေါင်း အဆင့်ဆင့်များစွာ ဖြစ်လျက် ထင်ရှား၏။ ထိုင်းမှု လှမ်းမှု ကွေးမှု ဆန်းမှုတို့၌လည်း အပိုင်းပိုင်း ပြတ်လျက်ထင်ရှား၏။ ထိုအခါ အစဖြစ်မှု အဆုံးပျက်မှု ကို မတွေးဆရပဲ မှတ်ရုံဖြင့် ရှင်လင်းစွာသိခြင်းသည် **ခဏပစ္စုပ္ပန်ရုပ်**၏ ဖြစ်ပျက်ကိုသိသော **ဗလဝ ဥဒယဗ္ဗယဉာဏ်**ပေတည်း။ ဤ**ခဏပစ္စုပ္ပန်ရုပ်ကို မှတ်ရာ၌ အမည်တပ်ပြီးမှတ်နေလျှင် ဖြစ်ပျက်တိုင်းသောရုပ်ကို မမှီနိုင်ပဲရှိတတ်၏။ သိရုံမျှသာ အစဉ်လိုက်နေမှ သက်သက်သာသာနှင့် အလုံးစုံကို မှတ်နိုင်**ပေသည်။

ညောင်းစမှ အညောင်းပြေသည်အထိ ညောင်းမှုပေါင်းများစွာဖြစ်သော်လည်း ဥဒယဗ္ဗယဉာဏ်နုစဉ်၌ ညောင်းမှုများကို အသီးသီး ပိုင်းခြား၍ မသိပဲ သဘောတူသောကြောင့် "တညောင်းတည်း"ဟုသာ သိခြင်းသည် သန္တတိပစ္စုပ္ပန်ဝေဒနာမည်၏။ ဉာဏ်နုစဉ်၌ ညောင်းမှုကတခြား အညောင်းပြေမှုကတခြား ယားမှုကတခြား အယားပြေမှုက တခြားဟု ဒုက္ခ သုခ ဝေဒနာတို့ကို အကန့်အကန့် သိ၏။ ထို့ပြင် တမျိုးတည်းသော အဆင်းအသံ မှတ်မှုသည် သန္တတိပစ္စုပ္ပန်သညာမည်၏။ တမျိုးတည်းသော အဆင်းအသံ သိမှုသည် သန္တတိပစ္စုပ္ပန်ဝိညာဏ်မည်၏။ တမျိုးတည်းသော အမူအရာကို ပြုလုပ်အားထုတ်မှုကို သိမှုသည် သန္တတိပစ္စုပ္ပန်သင်္ခါရမည်၏။

ညောင်းမှုတခုမှာပင် ပထမညောင်းတာက တခြား, ဒုတိယ ညောင်းတာကတခြား စသည်ဖြင့် နင့်ကနဲ နင့်ကနဲပေါ်၍ ကွယ်ပျောက်သွားသော ညောင်းမှုပေါင်းများစွာကို ပေါ်တိုင်းပျောက်တိုင်း အသီးသီး ပိုင်းခြား၍ သိ၏။ အဆင်းကို မှတ်ရာ၌လည်း ပထမမှတ်တာက တခြား ဒုတိယမှတ်တာက တခြားစသည်ဖြင့် သိ၏။

မြင်ရာ၌လည်း ပထမမြင်တာက တခြား, ဒုတိယမြင်တာ တခြား၊ ကြံစည်ရာ၌လည်း ပထမကြံစည်တာက တခြား, ဒုတိယကြံစဉ်တာက တခြား စသည်ဖြင့် သိ၏။ ဤသို့သိလျှင် မှတ်သိရတဲ့ ဖြစ်ပျက်ခိုက် ရုပ်နာမ်သည် မပေါ်မီက တနေရာရာမှာ တည်နေသည်မဟုတ်, ပေါ်လာတော့လည်း တနေ့ရာက ရွေ့လာသည်မဟုတ်, ပျောက်သွားတော့လည်း တနေရာမှာ သွားတည်နေမှာမဟုတ်, အမှန်အားဖြင့် အကြောင်းစုံ၍ ပေါ်လာပြီး ပေါ်သည့်နေရာမှာပင် လုံးလုံးလျှာလျှား ပျောက်သွားသည်ဟု သိ၏။

**ဤသို့မသိခင်က** ကွေးသည့်လက်သည် မကွေးခင်ကရှိနေသည်, ရှိနေပြီးသာ လက်က ကွေးသည်, ကွေးတော့လဲ ရှိပြီးသာလက်ကပင် ရွေ့လာသည်ဟု သိသည်။ မြဲတဲ့သဘောအားဖြင့် ထင်မှတ်နေခြင်းဖြစ်သည်။ **ဤဉာဏ်ရောက်က** ဤသို့ မထင်မှတ်တော့ပေ။

ဖြစ်ပျက်တိုင်းသော ရုပ်နာမ်ကို မှတ်ရုံမျှသာမှတ်သိလျက် အစဉ်လိုက်နေသော အသိဉာဏ်သည် အလင်းရောင်စသည်ကို အလေးမပြု မစွဲလမ်းခြင်းကြောင့် ဥပက္ကိလေသတို့မှလည်း လွတ်မြောက်၏။ သိသင့်သော ဖြစ်မှုပျက်မှုတို့ကို သိလျက်ရှိသောကြောင့် လမ်းမှန်ကျသော ဥဒယဗ္ဗယဉာဏ်လည်း မည်၏။ ဤဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်ကိုးပါးသည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်၏။ "အရိယာမဂ်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော စင်ကြယ်သော အသိအမြင်"ဟု ဆိုလိုသည်။ စည်ဝိပဿနာရှုနည်း၁၅၃–၁၈၇)

ဥဒယဗ္ဗယဉာဏ်ဖြင့် ရုပ်နာမ်၏အဖြစ်အပျက် နှစ်မျိုးလုံးကို ထင်ရှားအောင်ရှု၍ အလွန်ထင်နေသော အခါ အဖြစ်အပျက်တို့က အလွန်လျင်မြန်ရကား အဖြစ်ကိုအာရုံမပြုမိ, မရှုမိတော့ပဲ အပျက်ကိုချည်းသာ မြင်လေတော့၏။ ဥပမာ–ရေအိုင်တွင်မိုးသည်းရွာ၍ ရေပွက်ကလေးများကို ကြည့်ရှုရာဝယ် ဖြစ်ပြီးသည်နှင့်တပြိုင်နက် အပျက်ကမြန်လွန်းရကား အဖြစ်ကိုမမြင်လိုက်ရဘဲ အပျက်ကိုသာ မြင်ရတော့သကဲ့သို့တည်း။ ပစ္စုပ္ပန်ရုပ်နာမ် များ၏ အပျက်ဘင်္ဂကို ကျကျနနရှုနိုင်သောအခါ အတိတ်အနာဂတ်ရုပ်နာမ်းများကို မှန်းဆ၍ အာရုံပြုလိုက် သည်ရှိသော် အပျက်ဘင်ကိုသာ အာရုံပြုမိလျက်သား ဖြစ်နေတော့၏။ **သင်္ခါရတခုခု၏ဘင်ကို အာရုံပြုသော ဘင်္ဂဉာဏ်၏ ဘင်ကိုပင် နောက်ထပ်ဆက်၍ ဉာဏ်တခုက အာရုံပြုနိုင်သောအခါ ဘင်္ဂဉာဏ်အထွဋ်အထိပ်သို့ ရောက်ပြီ**ဟု မှတ်ပါ။

(ဖြစ်စ–ဥပါဒ်နှင့် အလယ်ပိုင်း တည်မှု–ဌီတို့ကိုလည်း နှလုံးမသွင်းမိပြီ။ "ရှေးရှေးရုပ်နှင့် နောက်နောက် ရုပ်တို့သည်လည်းကောင်း, ရှေးရှေးစိတ်နှင့် နောက်နောက်စိတ်တို့သည်လည်းကောင်း, မပြတ်မသားပဲ တသားတည်းကဲ့သို့ ဉာဏ်၌မထင်ကြပြီ"ဟု ဆိုလိုသည်။ အကောင်အတည် ပုံသဏ္ဍာန်ဒြပ်ရှိသလိုပင် ထင်ပေါ်သော သင်္ခါရနိမိတ်ကိုလည်း နှလုံးမသွင်းမိပြီ။ ဥပမာ–ကွေးစဉ်ဆန့်စဉ်၌ ရှေးကာလက လက်ခြေပုံသဏ္ဍာန် ထင်ပေါ်သကဲ့သို့ ယခုမူကား မထင်ပေါ်တော့ပြီဟု ဆိုလိုသည်။ မှတ်ခိုက်မှတ်ခိုက်မှာပင် ကုန်ပျက်ကုန်ပျက်သွားသည်သိမှု ဉာဏ်သည်သာလျှင် ဖြစ်ပေါ်၏။ ထိုအခါ၌ ဘင်္ဂဉာဏ်ပေါ်၏။ စည်ဝိပဿနာရှုနည်း၁၈၉–၁၉၀)

အသက်ရှည်ကြာ ချမ်းသာကို လိုလား၍ ဘေးကိုများစွာ ကြောက်တတ်သောသူသည် ခြသေ့ သစ်ကျား သားရဲများသော တောအရပ်ကိုမြင်လျှင် ကြောက်စရာအရပ်ဟု ထင်မှတ်သကဲ့သို့ ဘင်္ဂဉာဏ်ဖြင့် ရုပ်နာမ်၏ အပျက်တွေကို မြင်ပြီးရကား "ဤရုပ်နာမ်တို့သည် ရှေးရှေးဘ၀၌လည်းကောင်း, ယခုဘ၀ ရှေးကာလ၌လည်းကောင်း ပျက်ခဲ့လှပြီ၊ ယခုလည်း နှမ်းအိုးခင်း၌ နှမ်းစေ့တွေ တဖျစ်ဖျစ် ပျက်နေသလို တပျက်ထဲ ပျက်လျှင်ပင် နောက်နောက်ကာလ နောင်ဘ၀၌လည်း (သည်ပုတ်ထဲက သည်ပဲ)ဆိုသလို ဧကန် ပျက်ရဦးမည်။ ဤရုပ်နာမ်တွေသည် ကျောက်စရာတွေပါတကား"ဟု ထင်မြင်သော **ဘယဉာဏ်** ဖြစ်ပေါ်လာလေသည်။

'ဘယဉာဏ်သည် ကြောက်သလောဟု, ထိုဘယဉာဏ်ဖြစ်သော ယောဂီသည် ကြောက်သလော'ဟု မေးဘွယ် ရှိ၏။ အဖြေကား ကြောက်တတ်သော သဘောမှာ ဒေါသဇောသာတည်း။ ထို့ကြောင့် မဟာဋီကာ သိုလ်၌ ယှဉ်လျှက်ဖြစ်သော **ဘယဉာဏ်သည် မကြောက်ပါ,** ယောဂီပုဂ္ဂိုလ်ကလည်း မကြောက်ပါ၊ သို့သော် "တေဘူမက သင်္ခါရတရားတွေကို ကြောက်ဘွယ်ကောင်းသော တရားတွေပါတကား"ဟု ရှုတတ်သောကြောင့် ဘယဉာဏ်ဟု ဆိုပါသည်။ ဥပမာ–ကလေးမိုက်တယောက်သည် ကလေးချင်းအပေါ်မှာ အတော်ရက်စက်၏။ ထိုသူနှင့် ကစားသော ကလေးများမှာ ဒုက္ခရောက်ကြရ၏။ ထိုကလေးမကို လူကြီးတွေက မကြောက်, သို့သော် ကြောက်စရာ့ အကောင်ကလေးဟု ထင်မှတ်သကဲ့သို့တည်း။

'ရုပ်နာမ်သင်္ခါရတို့၌ ကြောက်မက်ဖွယ် ဘေးကြီးပါတကား'ဟု ဘယဉာဏ်ပေါ်သောအခါ ထိုသင်္ခါရတို့၌ ထိုသင်္ခါရတို့၌ အပြစ်မြင်သော အာဒီနဝဉာဏ်လည်း ပေါ်လာတော့မည်။ အပြစ်မြင်မိလျှင် ထိုသင်္ခါရတို့၌ မပျော်ရွှင်နိုင်တော့ပဲ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်လည်း ဆက်လက်ဖြစ်ပေါ်လာတော့မည်သာ။ (**ဤဘယ အာဒီနဝ နိဗ္ဗိဒါဉာဏ်သုံးပါးသည် ဖြစ်ခါစ၌ ရှုမြင်ပုံ ကွဲသော်လည်း အသားကျသောအခါ ဉာဏ်တခုတည်း၌ပင် ဘယ အာဒီနဝ နိဗ္ဗိဒါသဘော ရှိနိုင်ပေသည်**) ထိုကဲ့သို့ ငြီးငွေ့လာလျှင် (ပိုက်ကွန်တွင် မိသောငါးသည် ပိုက်ကွန်မှ လွတ်ထွက်လိုသကဲ့သို့) ထိုသင်္ခါရတို့မှ လွတ်မြောက်လိုသော **မုစ္စိတုကမျတာဉာဏ်**လည်း ဖြစ်ပေါ်လာတော့လတ့်။

(မှတ်တဲ့စိတ်သည် ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ်ဖြစ်စဉ်ကဲ့သို့ ကြည်သာရွှင်ပြ တက်ကြွခြင်း မရှိမူ၍ အားငယ်သလိုပင် ဖြစ်တတ်၏။ သို့သော် ရန်သူများ တစ္ဆေများကို ကြောက်သလို စိတ်နှလုံးမသာဖြစ်လျက် ကြောက်ခြင်းမျိုးကား မဟုတ်ပေ။ ကြောက်စရာကောင်းသည်ကို အမှန်အတိုင်းသိ၍ မရွှင်မပြ ဖြစ်ရုံမျှသာတည်း။

ဘယဉာဏ်ရင့်သန်လာလျှင် **အာဒီနဝဉာဏ်**ဖြစ်ပေါ်လာ၏။ ထိုအခါ မှတ်မိတဲ့ သင်္ခါရတို့၌လည်းကောင်း ဆင်ခြင်မိတဲ့ သင်္ခါရဘုံဘ၀တို့၌လည်းကောင်း သာယာဖွယ် အကောင်းအမွန်အနှစ် အရသာရှိသည်ဟု မထင်ပြီ။ မှတ်မိတိုင်း ဆင်ခြင်မိတိုင်း ရွံမုန်းမွယ်တို့ကိုသာ တွေ့နေရသည်။ အာဒီနဝဉာဏ်ရင့်သန်လျှင် **နိဗ္ဗိဒါဉာဏ်**ဖြစ်ပေါ်လာ၏။ ထိုအခါ၌ အာဒီနဝဉာဏ်ဖြင့် အပြစ်မြင်ပြီးသည်အားလျော်စွာ မှတ်တိုင်း စဉ်းစားဆင်ခြင်တိုင်း ကြံစည်စိတ်ကူးတိုင်း ငြီးငွေ့ဖွယ်ဟုသာ ထင်မြင်၏။ စည်ဝိပဿနာရှုနည်း ၂၀၂–၂၀၇)

(တနေရာရာ၌ အပြစ်မြင်၍ မပျော်မမွေ့ ငြီးငွေ့ပျင်းရိသောသူအား ထိုနေရာမှ ထွက်ခွါသွားလိုခြင်း, ထိုနေရာကို စွန့်လွှတ်လိုခြင်းသည် ဖြစ်မြဲဓမ္မတာပေတည်း။ ထို့ကြောင့် မှတ်ရတဲ့အာရုံသင်္ခါရနှင့် မှတ်မှုဝိပဿနာသင်္ခါရတို့၌ ကြောက်ဖွယ်ထင်လျက် အပြစ်မြင်ပြီး၍ ငြီးငွေ့မှု=နိဗ္ဗိဒါဉာဏ် ထက်သန်စွာဖြစ်လျက်ရှိသော ယောဂီအား မှတ်ရတဲ့အာရုံသင်္ခါရနှင့် မှတ်မှုဝိပဿနာသင်္ခါရတို့မှလည်းကောင်း လွတ်မြောက်လိုခြင်း, ထိုသင်္ခါရတို့ကို စွန့်လွှတ်လိုချင်းသဘောသည် မကြာမီပင် ဖြစ်ပေါ်လာ၏။ ဤလွတ်မြောက်လို စွန့်လွှတ်လိုသော သဘောသည် မုဉ္စိတုကမျတာဉာဏ်ပေတည်း။ ထိုအခါ ယောဂီသည် သွားမှု ထိုင်မှု အိပ်မှု ကွေးမှု ဆန့်မှု စသော ကိုယ်အမူအရာဟူသမျှကိုလည်းကောင်း, မြင်မှုကြားမှု ထိမှုကြံစည်မှု ရှုမှတ်မှုစသော စိတ်အမူအရာဟူသမျှကိုလည်းကောင်း, လူ့အဖြစ် နတ်အဖြစ် ယောကျ်ားမိန်းမအဖြစ် ဗြဟ္မာအဖြစ်စသော ဘဝဟူသမျှကိုလည်းကောင်း လွတ်ရာတခြားသို့ စွန့်သာစွန့်ပြစ်လိုတော့၏။ ၎င်းတို့မှ လွတ်ကင်းရာသို့သာ ရောက်လိုတော့၏။ ထို့ကြောင့်ပင် အချို့သော ပုဂ္ဂိုလ်သည် "နှလုံးမသွင်းပဲ မမှတ်ပဲ နေရတာက ကောင်းမှာလေလား" ဟု ဆင်ခြင်မိတတ်ပေသည်။ ထိုသို့ဆင်ခြင်မိသည့်အတိုင်းလည်း မမှတ်တော့ပဲ ရပ်နားနေမိတတ်ပေသည်။ စည်ဝိပဿနာရှုနည်း ၂၁၂)

သင်္ခါရတို့၌ အနိစ္စ ဒုက္ခ အနတ္တဟု ထပ်မံရှုသော ဉာဏ်သည် **ပဋိသင်္ခါဉာဏ်**မည်၏။ (ပဋိ=တဖန်+သင်္ခါရ=ရှုတတ်သောဉာဏ်) မုစ္စိတုကမျတာဉာဏ်ဖြင့် သင်္ခါရတို့မှ လွတ်မြောက်ရုံသာ ရှိသေး၏, တကယ်မလွတ်နိုင်သေး၊ ဤပဋိသင်္ခါဉာဏ်ဖြင့်ကား သင်္ခါရတို့ကို စွန့်လွှတ်တော့မည်၊ သို့သော် စွန့်လွှတ်ခါနီး၌ ရုတ်ခနဲ မလွှတ်နိုင်သေးပဲ ကြပ်ကြပ်နှံ့နှံ့အောင် (နိစ္စသုခအတ္တဟု နောင်အခါ မစွဲလမ်းနိုင်အောင်)တဖန်ထပ်၍ အနိစ္စဒုက္ခအနတ္တဟု ရှုပြန်သည်။ ဉပမာ–တံငါသည်တယောက်သည် ငါးဖမ်းရာဝယ် ရှည်လျားသော အကောင်ကြီးကို ရေထဲ၌ လည်စေ့ဆုပ်မိရာ "ငါးမွေကြီးကို ဖမ်းမိပြီ" ဟု အင်မတန် ရွှင်လမ်းအားရလျက် ရေမှ ဖော်ထုတ်လေလျှင် မွေးဆိုး၏အမှတ်လက္ခဏာဖြစ်သော လည်ရေးသုံးဆစ်ကိုမြင်လေသော် ကြောက်ရွံ့လျက် စိတ်ပျက်ပျက်နှင့် လွှတ်ပစ်လိုပါသော်လည်း အလွတ်တွင် မိမိလက်တွင် ကိုက်သွားမည်စိုးသောကြောင့် ရုတ်တရက်မလွှတ်သေးပဲ ချာချာလည်အောင်ရစ်ပတ်၍ အတော်နွံ့နာမှ လွှတ်ပစ်လိုက်ရသကဲ့သို့ ထို့အတူ သင်္ခါရရုပ်နာမ်တို့ကို ပင်ကိုယ်က အတော်နှစ်သက်ခဲ့ပြီးနောက် အနိစ္စဒုက္ခအနတ္တလက္ခဏာတွေကို တွေ့မြင်ရသောအခါကျမှ ဘယ, အာဒီနဝ, မုစ္စိတုကမျတာဉာဏ်တို့ အစဉ်အတိုင်းဖြစ်ပြီးလျှင် ယခုအခါ စွန့်လွှတ်ဖို့ရာ အနိစ္စစသော လက္ခဏာများကို ထပ်မံရှုပြန်သည်။

(သင်္ခါရတရားတို့၌ နိစ္စ သုခ အတ္တဟု စွဲလမ်းမှု လုံးဝကင်းလျှင် သင်္ခါရငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် ဆိုက်ရောက်၏။ ထိုသို့သော ပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန် မပြုရသေးမီ၌လည်း ထိုသင်္ခါရတို့နှင့်စပ်၍ စိုးရိမ်ကြောင့်ကြခြင်း စိတ်ဆင်းရဲခြင်း မရှိပြီဖြစ်၍ ထိုသင်္ခါရတို့မှ လွတ်လဲ လွတ်မြောက်၏။ စံပြီးသောအခါ၌ ထိုသင်္ခါရတို့မှ လွတ်မြောက်သည်မှာကား ဆိုဖွယ်ပင်မရှိပြီ။

ထို့ကြောင့် သင်္ခါရတို့မှ လွတ်မြောက်လိုလျှင် တခြားတပါးကို ပြုရန်မလို၊ ထိုသင်္ခါရတို့ကိုပင် အနိစ္စ ဒုက္ခ အနတ္တဟု နိုင်နင်းစွာသိ မြင်၍ လျစ်လျူရှုနိုင်အောင် မှတ်မြဲပင် မပြတ်မှတ်သားဖို့လိုပေသည်။ သို့ဖြစ်၍ မုဉ္စိတုကမျတာဉာဏ်၏ အစွမ်းကြောင့် သင်္ခါရတို့မှ လွတ်လိုသော ယောဂီသည် ဖြစ်ပျက်တိုင်းသော ထိုသင်္ခါရတို့ကိုပင် တဖန်ဆက်၍ မှတ်မြဲမှတ်ရပေသည်။ ဤသို့တဖန်မှတ်သောအခါ၌ မှတ်ချက်တိုင်း၌ လက္ခဏာသုံးပါးတွင် တပါးပါးကို ထိုက်သည်အားလျော်စွာ ထင်ရှားသိလျက်ရှိ၏။ စည်ဝိပဿနာရှုနည်း ၂၁၃)

ပဋိသင်္ခါဉာဏ်ဖြင့် သင်္ခါရတို့ကို စွန့်လွှတ်ပြီးနောက် သင်္ခါရတို့၌ ဘယအာဒီနဝစသည်ဖြင့် မရှုတော့ပဲ လျစ်လျူရှုနိုင်သောဉာဏ်သည် **သင်္ခါရုပေက္ခာဉာဏ်**မည်၏။ ဤဉာဏ်ဖြင့် လျစ်လျူရှုသည်ဟု ဆိုသော်လည်း လုံးလုံးအာရုံမပြုပဲနေလို့မဖြစ်, ဝိပဿနာဉာဏ်ဟူသမျှ သင်္ခါရရုပ်နာမ်ကိုပင် အာရုံပြု၏။ သို့သော်အာရုံပြုသောအခါ သာယာနှစ်သက်ခြင်းလည်းမရှိ, ကြောက်မက်ဘွယ်ဟူ၍လည်း ဂရုမစိုက်ပဲ လျစ်လျူရှုကာ အနိစ္စ ဒုက္ခ အနတ္တဟု ဆင်ခြင်နေခြင်းသာဖြစ်သည်။ ဥပမာ–မယားကို ချစ်သော ယောကျ်ားသည် တပါးသူနှင့် ဖောက်ပြားနေသည်ကို တွေ့မြင်၍ ထိုမယား၌ ကြောက်ရွံ့ခြင်း အပြစ်မြင်ခြင်းတို့နှင့် ရောနှောကာ မကြာခင် ကွာရှင်းလိုက်၏။ ထို့နောက် ထိုမယားကို ချစ်လည်းမချစ် တပါးသူနှင့် ဖောက်ပြားသည်ကို မြင်သော်လည်း ထူးခြား၍ အပြစ်မမြင်, ဘာပဲ ဖြစ်ဖြစ်ဟု လျစ်လျူရှုနိုင်သကဲ့သို့တည်း။

(ပဋိသင်္ခါဉာဏ် အပြည့်အစုံ ရင့်သန်သောအခါ၌ကား ဖြစ်ပျက်ဆဲ သင်္ခါရအာရုံကို မှတ်မိစေရန်လဲ အထူးကြောင့်ကြ မစိုက်ရပြီ၊ မှတ်မိတိုင်းသော သင်္ခါရအာရုံ၏ အပျက်လက္ခဏာနှင့် အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ တပါးပါးကို ထင်ရှားစွာ သိလျက်သိလျက် ရှိ၏။ ရှေးဉာဏ်များ ဖြစ်ခိုက်ကကဲ့သို့ သင်္ခါရတို့၌ အပြစ်မြင်ခြင်း ငြီးငွေ့ခြင်း လွတ်လို၍ ဆင်ခြင်ခြင်း အမှတ်မကောင်းဘူးထင်၍ အားမရခြင်းများ လုံးဝမရှိတော့ပြီ။ သင်္ခါရ ဝတ္ထု ပစ္စည်း တစုံတခု ပျက်စီးမည်ကြောင့် စိုးရိမ်ကြောင့်ကြမှုလည်း မရှိပြီ၊ ဘယဉာဏ်အလို အားဖြင့် ကြောက်ရွံ့မှုလည်း မရှိပြီ။ စိတ်သည် အလွန်ပင် သန့်ရှင်းကြည်လင်၏။ ဘယ်တော့ကမှ မတွေ့ ကြုံဖူးသော ချမ်းသာကို တွေ့ရသည်ထင်၏။ သို့သော် ထိုမျှလောက်ထူးကဲသော စိတ်, ကြည်လင်ချမ်းသာ သောစိတ်ကိုလည်း ဥဒယဗ္ဗယဉာဏ်ဖြစ်ခါစကလို အလွန်အကဲ သာယာခြင်းမရှိပေ။ ထိုအခါကလို အလွန်အကဲ ဝမ်းသာခြင်းလဲမဖြစ်ပေ။ ငြိမ်သက်သိမ်မွေ့သော မှတ်သိမှုသည်သာလျှင် အစဉ် မပြတ် တသမတ်တည်း ကြာမြင့်စွာဖြစ်လျက်ရှိ၏။ ထိုအခါ အထူးကြောင့်ကြမစိုက်ရပဲ သူ့အလိုလိုပင် အစဉ်မပြတ်သိလျက်သိလျက် သိမ်မွေ့စွာဖြစ်နေသော အသိဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်ပေတည်း။ စည်ဝိပဿနာရှုနည်း ၂၂၁)

ဤဉာဏ်မှတဆင့်တက်လျှင် မဂ်ဖိုလ်ရောက်တော့မည်။ သို့အတွက် အထက်မဂ်ခဏ၌ ရလတ္တံ့သော ဗောဓိပက္ခိယတရားအားလည်းကောင်း ဥဒယဗ္ဗယစသော အောက်ဉာဏ်ရှစ်ပါးအားလည်းကောင်း လျော်သော ကြောင့် ဤဉာဏ်ကို 'အနုလောမဉာဏ်'ဟု ခေါ်သည်။ ချဲ့ဦးအံ့–ဤအနုလောမဉာဏ်သည် ရှေးဉာဏ်များ၏

ဆိုင်ရာကိစ္စကို ခွင့်ပြုကျေနပ်သကဲ့သို့ အနိစ္စ ဒုက္ခ အနတ္တဟု ထပ်၍ ရှုတုန်းပင်ဖြစ်၏။ ထို့ကြောင့် ရှေးဉာဏ်ရှစ်ပါးနှင့် မဆန့်ကျင်, အလျော်ပင်ဖြစ်၏။ ပင်ကိုယ်ရည်ရွယ်ရင်းက မဂ်ခဏ၌ ဗောဓိပက္ခိယတရားတို့ကို ရည်ရွယ်ခဲ့၏။ ထိုရည်ရွယ်ချက်အတိုင်း ထိုတရားများကို ဧကန်ရတော့မည်ဖြစ်၍ ထိုဗောဓိပက္ခိယတရားတို့အားလည်း အလျော်ပင်ဖြစ်၏။ ဥပမာ–ဘုရင်၏ရှေ့တော်မှောက်၌ အမတ်ကြီးရှစ်ယောက်တို့ ရာဇသတ်နှင့်အညီ တရားစီရင်လေရာ ဘုရင်မင်းမြတ်ကလည်း "အမတ်ကြီးများ စီရင်သည့်အတိုင်း တည်စေ"ဟု အမိန့်ချမှတ်၏။ ဤ၌ဘုရင်၏အမိန့်သည် အမတ်ကြီးရှစ်ယောက်၏ စီရင်ချက်နှင့်လည်းကောင်း အထက်ရာဇသတ်ကျမ်းနှင့်လည်းကောင်း လျော်သကဲ့သို့တည်း။ ဤအနုလောမဉာဏ်ဟူသည် မဂ္ဂဝီထိ၌ပါသော ပရိကမ် ဥပစာ အနုလုံကိစ္စတပ်သော ဉာဏ်ပင်တည်း။ ဂေါတြဘုကား သင်္ခါရကို အာရုံမပြု, နိဗ္ဗာန်ကိုသာ အာရုံပြုသောကြောင့် ဝိပဿနာဉာဏ်၌ မဝင်။ သို့သော် ဝိပဿနာ ဉာဏ်များ၏ အထွဋ်ဦးခေါင်းနှင့်တူသောကြောင့် "ဝိပဿနာဉာဏ်တွင် သွင်းယူရမည်"ဟု ဆိုသည်။

သင်္ခါရုပေက္ခာဉာဏ်ဖြင့် သင်္ခါရတို့၌ လျစ်လျူရှုကာ အနိစ္စ ဒုက္ခ အနတ္တဟု ရှုဖန်များလသော် သင်္ခါရတို့ကို အာရုံမပြုလိုပဲ သင်္ခါရတို့မှ တွန့်ဆုတ်လျက် သင်္ခါရလွတ်ကင်းရာ နိဗ္ဗာန်ကိုသာ စိတ်ညွတ်နေတော့၏။ သို့သော် နိဗ္ဗာန်ကို တိုက်ရိုက်မမြင်ရသေးသဖြင့် နိဗ္ဗာန်ကို ရှာဖွေရင်းပင် သင်္ခါရတို့ကို အာရုံပြုနေရသေးသည်။ ဥပမာ–ယခုလို စက်သင်္ဘောများ မထွန်းကားမီ ရွက်လှေကြီးများဖြင့် သမုဒ္ဒရာဝယ် ကူးသန်းရသောအခါတုန်းက ကုန်သည်တို့သည် လှေပေါ်၌ ကျီးငှက်ကို ယူဆောင်သွားပြီးလျှင် ကမ်းကိုမမြင်ရသောအခါ ထိုကျီးငှက်ကို လွှတ်ကြရကုန်သတတ်။ ထိုကျီးသည် ကန်းကိုပျံသန်းရှာဖွေစဉ် ကမ်းမမြင်သေးသမျှ လှေသို့ပြန်လာ၍ ရွက်တိုင်၌ နား၏။ ထို့နောက် ရှာပြန်၏။ မမြင်လျှင် ရွက်တိုင်ထိပ်မှာပင် လာ၍နား၏။ ကမ်းမြင်သောအခါ၌ကား လှေသို့ မပြန်လာတော့ပဲ ကန်းရောက်အောင် တဟုန်ထိုး ပျံသန်းလေတော့၏။ ထို့အတူ ယောဂီ၏စိတ်သည်လည်း နိဗ္ဗာန်ကို မမြင်သေးသမျှ သင်္ခါရကိုပင် အာရုံပြုကာ နိဗ္ဗာန်ကိုသာ ရှာဖွေနေ၏။ နိဗ္ဗာန်ကိုမြင်လောက်သော အကြိမ်၌ကား ပရိကမ် ဥပစာ အနုလုံဟု **အနုလောမဉာဏ်** ပေါ်လာပြီးနောက် ဂေါတြဘုဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက် မဂ်ဖိုလ်ရောက်အောင် တိုးတက်လေတော့၏။ ဤသို့လျှင် ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် အဆင့်ဆင့်တိုးတက်လာသော ဝိပဿနာဉာဏ်ကိုးပါးကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်သည်။

မဂ်တရားကို ဝုဋ္ဌာနဟုခေါ်သည်။ ထိုဝုဋ္ဌာနမည်သော မဂ်သို့ရောက်ကြောင်းဖြစ်သော (မဂ်နှင့်နီးကပ်နေသော) ဝိပဿနာသည် ဝုဋ္ဌာနဂါမိနီဝိပဿနာမည်၏။ ချဲ့ဦးအံ့–မဂ်တရားမှန်လျှင် သင်္ခါရကိုအာရုံမပြု, နိဗ္ဗာန်ကိုသာ အာရုံပြု၏။ ထို့ကြောင့် မဂ်သည် သင်္ခါရတည်းဟူသော အာရုံနိမိတ်မှ ထမြောက်၏။ မဂ်ကိုရလျှင် သံသရာဝဋ်၌ ကြာရှည်စွာ ခန္ဓာအစဉ် မဖြစ်တော့ပြီ၊ သောတာပတ္တိမဂ်ရလျှင် ကာမဘုံ၌ ခုနစ်ဘဝမျှသာ ဖြစ်ခွင့်ရှိတော့၏။ ထို့ကြောင့် မဂ်သည် အစဉ်မပြတ်ဖြစ်ဖွယ်ရှိသော ဝဋ်မှ ထမြောက်၏။ ဤသို့ ထမြောက်သောကြောင့် မဂ်ကို ဝုဋ္ဌာနဟု ခေါ်သည်။ ထိုဝုဋ္ဌာနမည်သော မဂ်သို့ရောက်ကြောင်း

ဝိပဿနာကား သင်္ခါရုပေက္ခာ၏ နောက်ဆုံးအပိုင်းနှင့် အနုလောမဉာဏ်ပင်တည်း။

သင်္ခါရုပေက္ခာဉာဏ်ကို **ရှေ့ပိုင်း အလယ်ပိုင်း** မဂ္ဂဝီထိနှင့် ဆက်သွယ်နေသော **နောက်ဆုံးပိုင်း**ဟု သုံးပိုင်းခွဲရာ၏။ ထိုတွင် ရှေ့ပိုင်းအလယ်ပိုင်းတို့သည် ဤဝုဋ္ဌာနဂါမိနီဝိပဿနာနှင့်မသက်ဆိုင်။ မနောဒွါရာဝဇ္ဇန်းနောက် ဇောခုနစ်ကြိမ်ဟူသော သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပြီးလျှင် ဘဝင်အနည်းငယ်ခြား၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်းတို့နောက် ပရိကမ် ဥပစာ အနုလုံဟု အနုလောမဉာဏ်ဖြစ်၏။ (ထို့နောက် ဂေါတြဘုဆက်၍ မဂ်ဖိုလ်ဖြစ်တော့လတ့်) ထိုသို့ အနုလောမဉာဏ်နှင့် ဆက်စပ်ကပ်နေသော **သင်္ခါရုပေက္ခာဉာဏ်နောက်ဆုံးအပိုင်းနှင့် အနုလောမဉာဏ်သည် ဝုဋ္ဌာနဂါမိနီဝိပဿနာ**မည်၏။

(သင်္ခါရုပေက္ခာဉာဏ်ရင့်သန်ပြီး မဂ္ဂဝီထိဖြစ်ခါနီး၌ ဖြစ်ပျက်ဆဲ ရုပ်နာမ်သင်္ခါရတခုခုကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ သုံးမျိုးတွင် တမျိုးတည်းသော အခြင်းအရာအားဖြင့်သာလျှင် ရှုမြင်လျက် အနည်းဆုံးအားဖြင့် သဒိသာနုပဿနာဝီထိ[၁] နှစ်ကြိမ်သုံးကြိမ်ဖြစ်ပေ၏။ ဖြစ်ပုံကား ထိုနှစ်ကြိမ်သုံးကြိမ်တွင် ပထမအကြိမ်၌ အနိစ္စ[၂]ဟု ရှုမြင်လျက်ဖြစ်လျှင် ဒုတိယတတိယအကြိမ်တို့၌လည်း အနိစ္စဟူ၍သာ ရှုမြင်လျက် ဖြစ်၏။ သို့မဟုတ် ပထမအကြိမ်၌ ဒုက္ခဟု ရှုမြင်လျက်ဖြစ်လျှင် ဒုတိယတတိယအကြိမ်တို့၌လည်း ဒုက္ခဟူ၍သာ ရှုမြင်လျက် ဖြစ်၏။ သို့မဟုတ် ပထမအကြိမ်၌ အနတ္တဟု ရှုမြင်လျက်ဖြစ်လျှင် ဒုတိယ, တတိယအကြိမ်တို့၌လည်း အနတ္တဟူ၍သာ ရှုမြင်လျက် ဖြစ်၏။ ဤသဒိသာနုပဿနာဝီထိ နှစ်ကြိမ်သုံးကြိမ်တို့၌ ပါဝင်သော သင်္ခါရုပေက္ခာသည် ခေါင်ထိပ်သို့ရောက်သောကြောင့် **သိခါပတ္တသင်္ခါရုပေက္ခာ**လည်းမည်၏။ မဂ်သည် ဝိပဿနာ၏အာရုံဖြစ်သော သင်္ခါရနိမိတ်ကို အာရုံမပြု။ ထို့ကြောင့် နိမိတ္တမှလည်း ထမြောက်၏။ ဖြစ်ထိုက်သော ဆိုင်ရာဆိုင်ရာကိလေသာ ကံ ဝိပါက်ဟူသော ပဝတ္တကိုလည်း တဖန်မဖြစ်စေပဲ ငြိမ်းစေတတ်၏။ ထို့ကြောင့် ပဝတ္တမှလည်း ထမြောက်၏။ ဤနိမိတ္တပဝတ္တနှစ်မျိုးလုံးမှ ထမြောက်သောကြောင့် မဂ်သည် ဝုဋ္ဌာနမည်၏။ **ခေါင်ထိပ်သင်္ခါရုပေက္ခာ အနုလောမ ဂေါတြဘုဟူသော ဤဉာဏ်သုံးပါးသည်** ဝုဋ္ဌာနမည်သောမဂ်နှင့် တဆက်တစပ်တည်းဖြစ်၍ **ဝုဋ္ဌာနဂါမိနီဝိပဿနာ** မည်၏။
(စည်ဝိပဿနာရှုနည်း ၂၄၂–၂၄၃)

---

၁ ဤဝီထိတို့၌ ဝိပဿနာဉာဏသမ္ပယုတ်ဇောနောင် တဒါရုံမကျ။ ဝိဘင်း႒။ စည်ဝိပဿနာရှုနည်း ဒု ၂၄၅။

၂ ပညိန္ဒြေထက်သူသည် အနတ္တ, သဒ္ဓိန္ဒြေထက်သူသည် အနိစ္စ, သမာဓိန္ဒြေထက်သူသည် ဒုက္ခဟုရှုလျက် ရှိတတ်သည်။ ပညာထက်သူသည် လေးနက်သောအတွေးရှိ၍ အောက်ဉာဏ်များ၌ လက္ခဏာသုံးပါးလုံး ရှုစေကာမူ အနတ္တဟု ရှုခြင်းသာ များ၏။ ထို့ကြောင့် မဂ်ရခါနီး၌ အနတ္တဟုသာ ရှုလျက်ရှိ၏။ သဒ္ဓါတို့သည် အနိစ္စဟု ဟောကြားချက်၌ ယုံကြည်မှု အားကောင်းသည် အနိစ္စဟု အရှုများ၍ မဂ်ရခါနီး၌ အနိစ္စဟု ရှု၏။ သမာဓိထက်သူကား ကာမစ္ဆန္ဒမှဝေးခဲ့ရင်းရှိသဖြင့် သင်္ခါရတို့၌ တောင့်တဘွယ်မထင်၍ သုဘမထင် ဒုက္ခဟုအရှုများကာမဂ်ရခါနီး၌လည်း ဒုက္ခဟု ရှုလျက်ရှိ၏။ သို့သော် လက္ခဏာတမျိုးတည်း ရှုရုံဖြင့် မဂ်မရနိုင်ပါ။ အောက်ဉာဏ်များ၌ အနိစ္စ ဒုက္ခ အနတ္တ တို့ကို ပြောင်းလဲ၍ ရှုရပါသည်။
(သင်္ဂြိုဟ် ဘာဋီ ၇၁၇)

(မဂ္ဂဝီထိ၌ မနောဒွါရာဝဇ္ဇန်းဖြစ်ပြီးနောက် သဒ္ဒိသာနုပဿနာဝီထိ ရှုမြင်ပုံခြင်းတူစွာ ဝိပဿနာဇော သုံးကြိမ်ဖြစ်၏။ ထိုသုံးကြိမ်တွင် ပထမဇောသည် ပရိကမ်မည်၏။ ဒုတိယသည် ဥပစာမည်၏၊ တတိယသည် အနုလုံမည်၏။ ဤသည်တို့ကား ထိုဇောသုံးခု၏ သီးခြားအမည်ပေတည်း။ သီးခြားမခွဲပဲ ခွဲလိုလျှင်ကား ထိုဇောသုံးခုလုံးကို အာသေဝနဇောဟုလည်းကောင်း ပရိကမ်ဇော, ဥပစာဇော, အနုလုံဇောတို့ဟူ၍လည်းကောင်း ခေါ်အပ်၏။ ဤအနုလုံဇောသုံးခု၌ ပါဝင်သော အသိအမြင်သည် အနုလောမဉာဏ်မည်၏။ အာဝဇ္ဇန်းနှင့်တကွ ဤအနုလုံဇော သုံးခုသည် ယောဂီအား မှတ်သိမှုတကြိမ်တည်းကဲ့သို့သာ ဖြစ်လျက်ထင်ရှားပေသည်။ အသီးသီး သုံးကြိမ်ကွဲပြားလျက်ကား မထင်ရှား။ ဥပမာ ရှေ့အဖို့က မြင်တယ် ကြားတယ်စသည်ဖြင့် မှတ်သိရာ၌ တကြိမ်တကြိမ်တွင် အာဝဇ္ဇန်း ဇောခုနစ်ကြိမ်တို့သည် အသီးအသီး မကွဲပြားမူ၍ မှတ်သိမှု တချက်တည်းသာဖြစ်လျက် ထင်ရှားကုန်သကဲ့သို့တည်း။ စည်ဝိပဿနာရှုနည်း ၂၄၆)

ပုထုဇဉ်အနွယ်ကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘု မည်၏။ အရိယာအနွယ်သို့ ရောက်တတ်သောကြောင့်လည်း ဂေါတြဘု မည်၏။ ပုထုဇဉ်အနွယ်ဟူသည် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ မကင်းသော ခန္ဓာအစဉ်တည်း။ အရိယာအနွယ်ဟူသည် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ကင်းပြီးသော ခန္ဓာအစဉ်တည်း။ ဂေါတြဘုစိတ်ဖြစ်သောအခါ ထိုအရိယာအနွယ်သို့ မရောက်သေးသော်လည်း ရောက်တော့မည်ဖြစ်၍ သမီပူပစာရအားဖြင့် ရောက်သည်ဟု ဆိုသည်။

ဤဂေါတြဘုသည် မိမိရှေ့က ဆင်ခြင်ပေးမည့် အာဝဇ္ဇန်းမရှိဘဲလျက်ပင် နိဗ္ဗာန်ကို အာရုံပြုနိုင်ပေသည်။ ထင်ရှားစေအံ့-မြောင်းငယ်တခုကို ခုန်၍ ကူးသောယောကျာ်းသည် အဝေးမှအပြေးလာပြီးလျှင် မြောင်းအထက်က သစ်ကိုင်းမှ ကျနေသော နွယ်ကြိုးကို ကိုင်၍ဖြစ်စေ ဒုတ်နှင့်ထောက်၍ဖြစ်စေ မြောင်းကို ခုန်လိုက်ပြီးနောက် ဟိုဘက်ကမ်းအထက်သို့ရောက်သောအခါ ကြိုး သို့မဟုတ် ဒုတ်ကို လွှတ်လိုက်သည်နှင့် တပြိုင်နက် ဟိုဘက်ကမ်းကမြေ၌ ခြေထောက်မိသကဲ့သို့ ထို့အတူ ဥဒယဗ္ဗယဉာဏ်မှစ၍ ဉာဏ်အဟုန်ဖြင့် ပြေးလာခဲ့ရာ သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပြီးနောက် ဘဝင်ကျ၍ မနောဒွါရာဝဇ္ဇန်းဖြင့် ရုပ်တရားတည်းဟူသော ကြိုး သို့မဟုတ် နာမ်တရားတည်းဟူသော ဒုတ်ကို ကိုင်၍ ပရိကမ်ဇောဖြင့် နိဗ္ဗာန်တည်းဟူသော ဟိုဘက်ကမ်းသို့ ခုန်လိုက်သောအခါ ဥပစာဇောဖြင့် မြောင်းလည်သို့ရောက်, အနုလုံဇောဖြင့် နိဗ္ဗာန်ကမ်းအထက်သို့ရောက်, ထို့နောက် ရုပ်နာမ်တည်းဟူသော ကြိုးဒုတ်ကို လွှတ်လိုက်သည်နှင့် တပြိုင်နက် နိဗ္ဗာန်တည်းဟူသော ကန်းဘက်၌ ဂေါတြဘုခြေ နင်းမိလေသည်။ (သို့ရာဝယ် နင်းမိခါစ၌ မခိုင်မြဲသေး မဂ်ခဏ၌ကျမှ ခိုင်မြဲစွာ ထောက်မိလေသည်) ဤဥပမာအရ မဂ္ဂဝီထိ၌ အကြောင်းအားလျော်စွာ မနောဒွါရာဝဇ္ဇန်းစသော ရှေ့စိတ်များသည် သင်္ခါရကိုအာရုံပြု၍ ဂေါတြဘုမဂ်ဖိုလ်တို့က နိဗ္ဗာန်ကိုအာရုံပြုသဖြင့် တဝီထိအတွင်း၌ အာရုံခြင်း ကွဲပြားလေသည်။

(အနုလောမဉာဏ်၏ အခြားမဲ့၌ မှတ်သိအပ်ဆဲ သင်္ခါရအာရုံကို စွန့်လွှတ်၍ သင်္ခါရချုပ်ငြိမ်းသော နိဗ္ဗာန်ကို အာရုံပြုလျက် ဂေါတြဘူဇောစိတ် ဖြစ်ပေါ်၏။ ဤဇောစိတ်နှင့် ယှဉ်သောသိမှုသည် ဂေါတြဘူဉာဏ် မည်၏။ ဤအရာ၌ အာရုံပြုသည်ဆိုသော်လည်း ရေးအဖို့ကစိတ်များလို အာရုံ၏အပြင်မှာနေ၍ သိခြင်းမျိုး မဟုတ်ပေ။ သင်္ခါရအာရုံမှ လွတ်ကျ၍ သင်္ခါရကင်းဆိတ်ချုပ်ငြိမ်းသော သဘောထဲသို့ ပြေးဝင်သွားသလိုပင် သိခြင်းပေတည်း။ စည်ဝိပဿနာရှုနည်း ၂၅၁)

ပရိကမ်စသော **အနုလောမဉာဏ်သည် မောဟအမှောင်ကိုသာ ပယ်နိုင်**၏။ **နိဗ္ဗာန်ကိုမမြင်နိုင်**။ **ဂေါတြဘုသည် နိဗ္ဗာန်ကိုသာ မြင်နိုင်**၏။ **မောဟကို မပယ်နိုင်**။ ဥပမာ–နက္ခတ်ဆရာသည် ညည့်အခါ၌ လကိုကြည့်ရှုလေသော် တိမ်တိုက်ဖုန်းကွယ်နေသဖြင့် နက္ခတ်ကိုမမြင်ရ၊ ထိုအခါ မကြာခင် လေလာသဖြင့် ခပ်ကြမ်းကြမ်းတိမ်တွေ ကင်းစင်လေ၏။ ဒုတိယလေလာပြန်ရာ အလတ်စားတိမ်လွှာများ လွင့်စဉ်သွားပြီးနောက် တတိယလေပေါ်ပေါက်မှ တိမ်လွှာအားလုံးလွင့်စင်သဖြင့် လကိုမြင်ရလေသည်။ ထို့အတူနိဗ္ဗာန်တည်းဟူသော လမင်းကိုကြည့်ရှုရာဝယ် မောဟအမှောင်ကွယ်ကာသဖြင့် မမြင်ရဘဲ ရှိလေရာ ပရိကမ် ဥပစာ အနုလုံဟူသော လေသုံးကြိမ် အစဉ်အတိုင်းလာမှ မောဟမှောင်ကင်း၍ ဂေါတြဘုဖြင့် နိဗ္ဗာန်တည်းဟူသော လမင်းကို မြင်ရလေသည်။ ဤသို့လျှင် ဂေါတြဘုသည် နိဗ္ဗာန်ကို ပထမမြင်သည်အတွက် "မဂ်ရှေ့က ဆင်ခြင်ပေးသည့် အာဝဇ္ဇန်းအရာ၌ တည်သည်"ဟု ပြောစမှတ် ပြုကြရသည်။

ဂေါတြဘုစိတ် ချုပ်ပြီးနောက် ကိစ္စလေးချက် တပြိုင်နက် ပြီးစေတတ်သော မဂ်စိတ်ဖြစ်ပေါ်လာ၏။ ထင်ရှားစေအံ့ – ဆီမီးသည် မီးစာကိုလောင်ခြင်း, အမှောင်ကိုပယ်ခြင်း, အလင်းကိုပြခြင်း, ဆီကိုကုန်စေခြင်း ဤကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေသကဲ့သို့ မဂ်တရားလည်း ဒုက္ခသစ္စာကို "ဤမျှသာရှိ၏, ဤလောကီစိတ်စေတသိက် ရုပ်ထက် အပိုမရှိ"ဟု ပိုင်းခြား၍ သိခြင်းဟူသော ပရိညာကိစ္စ, သမုဒယသစ္စာ တဏှာလောဘကို ပယ်စွန့်ခြင်းဟူသော ပဟာနကိစ္စ, နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟူသော သစ္ဆိကရိယာကိစ္စ, မဂ္ဂသစ္စာကို မိမိသန္တာန်ဝယ် ဖြစ်ပေါ်၍ လာစေခြင်းဟူသော ဘာဝနာကိစ္စ ဤကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေနိုင်တော့သည်။

ဤအရာဝယ် အာရမ္မဏပဋိဝေဓ အသမ္မောဟပဋိဝေဓဟု ပဋိဝေဓနှစ်မျိုးကို မှတ်သားရာ၏။ မဂ်ခဏ၌ နိဗ္ဗာန်ကို သိရခြင်းမှာ အာရုံပြုလျက်သိရသော **အာရမ္မဏပဋိဝေဓ** အသိတည်း။ ဒုက္ခသစ္စာကိုသိရခြင်းကား ယုံမှားတွေဝေခြင်းမရှိပဲ ရှင်းပြီးလင်းပြီးသားဖြစ်သော **အသမ္မောဟပဋိဝေဓ** အသိတည်း။ ဆိုလိုရင်းကား – မဂ်ခဏ၌ ဒုက္ခသစ္စာကို အာရုံမပြုပါ။ သို့သော် နိဗ္ဗာန်ကို အာရုံပြုရင်းပင် ဒုက္ခသစ္စာအပေါ်၌ တွေဝေခြင်းမရှိပဲ ရှင်လင်းပြီး ဖြစ်သွားသောကြောင့် အသမ္မောဟ ပဋိဝေဓ အသိဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည်ဟု ဆိုသည်။ 'သစ္စာလေးပါးကို တခုတည်းသော ဉာဏ်ဖြင့် တပြိုင်နက် သိအပ်ကုန်၏'ဆိုရာ၌လည်း နိရောဓ သစ္စာကိုသာ အာရုံပြုလျက် တိုက်ရိုက်သိသည်။ ကျန်သစ္စာသုံးပါးကား မတွေမဝေသောအားဖြင့် ရှင်းလင်းပြီး

သိနေသော အသင်္ခတဓာတ် ပဋိဝေဓသောတည်း။ နိရောဓသစ္စာအတွက်မှာ အာရမ္မဏ ပဋိဝေဓ,သာမက နိဗ္ဗာန်၌ ယုံမှားတွေဝေခြင်းမရှိသော အသင်္ခတဓာတ်ပဋိဝေဓလည်း ရနိုင်သည်ပင်။ ဤနှစ်မျိုးလုံးသော အသိဉာဏ်သည် မဂ္ဂသစ္စာတွင်ပါဝင်သော သမ္မာဒိဋ္ဌိဉာဏ်တခုတည်း၏ စွမ်းရည်သတ္တိတည်း။

(မဂ်ဖိုလ်တို့၏ အာရုံသည်လည်း အပြင်မှနေ၍ အာရုံပြုသကဲ့သို့ မဟုတ်ပေ၊ သင်္ခါရကင်းဆိတ် ချုပ်ငြိမ်းသော သဘောထဲ၌ ဝင်ရောက်နေသလိုပင် သိခြင်းပေတည်း။ထို့ကြောင့် မဂ်ဖိုလ်တရားတို့ကို အပွနာ=နိဗ္ဗာန်သို့ရောက်သောတရား နိဗ္ဗာန်အာရုံထဲ၌ ဝင်ရောက်နေသလိုပင် ဖြစ်သောတရားဟု ဆိုပေသည်။ ဖိုလ်နှစ်ကြိမ်သုံးကြိမ်မှနောက်၌ ဘဝင်စိတ်များ ဖြစ်သင့်သမျှ ဖြစ်ပေါ်လေသည်။ ထို့နောင် **ဆင်ခြင်စဉ်စားမှု ပစ္စဝေက္ခဏာစိတ်များ** ဖြစ်ပေါ်ကုန်၏။

မဂ္ဂဝီထိ၌ နိဗ္ဗာန်ကိုချည်း အာရုံပြုလျက်ဖြစ်ပေါ်ကြသော ဤဂေါတြဘူ မဂ်ဖိုလ်တို့၏ ဖြစ်ရာကာလသည် တခဏကလေးမျှသာတည်း။ ထို့ကြောင့် ထိုစိတ်သုံးမျိုးတို့သည် ယောဂီပုဂ္ဂိုလ်အား အပိုင်းအပိုင်း အကန့်အကန့် ပြတ်ခြားလျက်ကား မထင်ရှားတတ်ပေ၊ ဖြစ်ပေါ်ပုံအားဖြင့်သာလျှင် ထင်ရှားတတ် ပေသည်။ ထင်ရှားပုံကား–မှတ်သိအပ်ဆဲ သင်္ခါရအာရုံနှင့် မှတ်သိမှု သင်္ခါရတို့မှ လွတ်၍ သင်္ခါရချုပ်ငြိမ်းသော သဘောသို့ ရှေးဦးစွာ ကျရောက်သွားပုံလည်း ထင်ရှားပေသည်။ ထိုသင်္ခါရချုပ်ငြိမ်းသော သဘောထဲ၌ ဝင်ရောက်နေရသကဲ့သို့ တခဏမျှတည်နေပုံလည်း ထင်ရှားပေ၏။ ထိုသင်္ခါရချုပ်ငြိမ်းသော သဘော၌ ရောက်နေရာမှ ဆင်ခြင်မှု ပစ္စဝေက္ခဏာဉာဏ်ဖြစ်လာပုံလည်း အိပ်ပျော်ရာမှ နိုးသကဲ့သို့လည်းကောင်း ရေထဲမှ ဘွားကနဲ ပေါ်လာသကဲ့သို့ လည်းကောင်း ထင်ရှားပေ၏။ ထို့ကြောင့် သုတရှိသူဖြစ်လျှင် " သင်္ခါရချုပ်ငြိမ်းရာသို့ ရှေးဦးစွာ ကျရောက် သွားသောသဘောကို ဂေါတြဘုဟူ၍လည်းကောင်း သင်္ခါရအာရုံ ချုပ်ငြိမ်းကင်းဆိတ်လျက် တခဏမျှတည် တံ့သော အလယ်ပိုင်းသဘောကို မဂ်ဟူ၍လည်းကောင်း ဆင်ခြင်မှု မဖြစ်မီက သင်္ခါရအာရုံ ချုပ်ငြိမ်းနေသော နောက်ဆုံးပိုင်းသဘောကို ဖိုလ်ဟူ၍လည်းကောင်း" ပိုင်းခြားဆုံးဖြတ်နိုင်ရာ၏။ စည်ဝိပဿနာရှုနည်း ၂၅၂)

ဖိုလ်ဇော နှစ်ကြိမ်သုံးကြိမ်နောက် ဘဝင်ကျ၍ ဘဝင်အစဉ်ပြတ်သည့်အခါ "ငါသည် ဤမဂ်ဖြင့် နိဗ္ဗာန်ကို ရပြီ"ဟု မဂ်ကိုဆင်ခြင်သော ဝီထိ, မဂ်၏အကျိုးကိုလည်း ခံစားရပေပြီးဟု ဖိုလ်ကိုဆင်ခြင်သော ဝီထိ, ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရပေပြီဟု နိဗ္ဗာန်ကိုဆင်ခြင်သော ဝီထိ, ဤမျှလောက်သော ကိလေသာကို ပယ်ပြီးပြီဟု ပယ်ပြီးကိလေသာကို ဆင်ခြင်သော ဝီထိ, ဤမျှလောက်သော ကိလေသာများ ကန်သေးသည်ဟု ကျန်ကိလေသာကို ဆင်ခြင်သော ဝီထိ, ဤသို့ ပစ္စဝေက္ခဏာဝီထိ ငါးမျိုးဖြစ်၏။ ထိုတွင် မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်သည့်ဝီထိ သုံးမျိုးမှာ ဧကန်ဖြစ်ရမည်ဟုလည်းကောင်း ပယ်ပြီးကိလေသာနှင့် ကျန်ကိလေသာကို ဆင်ခြင်သည့်ဝီထိ အချို့ပုဂ္ဂိုလ်၌သာဖြစ်သည် အချို့ပုဂ္ဂိုလ်၌မဖြစ်ဟုလည်းကောင်း သင်္ဂြိုဟ်ကျမ်းက အယူရှိသည်။ ခုနစ်နှစ်အရွယ်ကလေးငယ်များပင် မဂ်ဖိုလ်ရကြသဖြင့် ထိုသူငယ်များသည် ပယ်ပြီးကိလေသာ ကျန်ကိလေသာတို့ကို ခွဲခြား၍ သိဘို့မလွယ်။ ဘုရားရှင်၏နောင်တော်ဖြစ်သော သကဒါဂါမ်တည်ပြီး

ဘုရားရှင်အား လျှောက်ထားဘူးလေသည်။ ထို့ကြောင့် ပယ်ပြီးနှင့်ကျန်ကိလေသာတို့ကို တချို့ဆင်ခြင်ပြီး တချို့မဆင်ခြင်ဟူသော စကား၌ အယူအဆတူမျှပေသည်။

မဂ်ဖိုလ်နိဗ္ဗာန်ကို ဧကန်ဆင်ခြင်ရမည်ဟု တထစ်ချဆိုသောစကား၌ကား အယူအဆမတူကြပေ။ ဇူဋ္ဌဒုက္ခက္ခန္ဓသုတ္တဋ္ဌကထာအလိုမှာ **ပစ္စဝေက္ခဏာဝီထိ ငါးမျိုးတွင် တမျိုးဖြစ်စေ နှစ်မျိုးဖြစ်စေ ဧကန်ရမည်။ သို့သော် မည်သည့်ဝီထိဟု အတိအကျမဟုတ်,** တချို့ပုဂ္ဂိုလ်က ပယ်ပြီးကိလေသာကိုသာ ဆင်ခြင်၍ တချို့က ကန်ကိလေသာ, တချို့က မဂ်ဖိုလ်နိဗ္ဗာန်တွင် သင့်ရာတမျိုးမျိုးကိုဖြစ်စေ ဆင်ခြင်မည်ဟု ဆိုလိုသည်။

(ဆင်ခြင်မှုတို့၌ ပါဝင်သော အသိဉာဏ်သည် ပစ္စဝေက္ခဏာဉာဏ်မည်၏။ စည်ဝိပဿနာရှုနည်း ၂၆၆)

(ပစ္စဝေက္ခဏာတပါးတည်းသာဖြစ်သော အရိယာရှိသည်မရှိသည်ကို မှန်ကန်စွာ ဆုံးဖြတ်ခြင်းသည် သာမန်ပုဂ္ဂိုလ်၏ အရာမဟုတ်ပေ။ တသာသနာလုံးရှိ အရိယာဟူသမျှ၏ စိတ်ဖြစ်ပုံကို အကုန်အစဉ်သိမြင်နိုင်သော ပုဂ္ဂိုလ်မြတ်တို့ အရာသာလျှင် ဖြစ်ပေသည်။ စည်ဝိပဿနာရှုနည်း ၂၇၀)

## ဝိသုဒ္ဓိ ၇–ပါးနှင့် ဉာဏ် ၁၀–ပါး တွဲပြချက်

သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ စခန်းတို့၌ နာမ်ရုပ်တရားကို အနိစ္စ ဒုက္ခ အနတ္တဟု **မသုံးသပ်ရသေးသောကြောင့်** သမ္မသနဉာဏ်မဖြစ်သေး။ မဂ္ဂါမဂ္ဂဉာဒဿနဝိသုဒ္ဓိစခန်း၌ကား သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ရှေ့ပိုင်းတစိတ် ဖြစ်သည်။ ပဋိပဒါဉာဒဿနဝိသုဒ္ဓိစခန်း၌ ဥဒယဗ္ဗယဉာဏ်နောက်ပိုင်းတစိတ်နှင့် ဘင်္ဂဉာဏ် ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ် မုစ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ်တို့ ဖြစ်ကုန်၏။ ဉာဏဒဿနဝိသုဒ္ဓိစခန်း၌ နိဗ္ဗာန်ကို အာရုံပြုရကား သင်္ခါရတရားတို့၌ အနိစ္စဒုက္ခအနတ္တဟု မရှုသောကြောင့် ဝိပဿနာဉာဏ် မလိုတော့ပြီ။

(အခြေပြုသင်္ဂြိုဟ် ၄၀၆)

♠ ဤနေရာ၌ ဂေါတြဘုသည် မည်သည့်ဝိသုဒ္ဓိ၌ ပါဝင်သနည်းဟု မေးစရာရှိသည်။ **ဂေါတြဘုသည်** သင်္ခါရကို အာရုံမပြု, နိဗ္ဗာန်ကိုသိ၍ အာဝဇ္ဇန်းအရာ၌တည်၍ ပဋိပဒါဉာဒဿနဝိသုဒ္ဓိမဟုတ်၊ ကိလေသာကို မပယ်သတ်၍ ဉာဏဒဿနဝိသုဒ္ဓိလည်းမဟုတ်။ သို့ဖြစ်၍ **မည်သည့်ဝိသုဒ္ဓိ၌မျှ မပါဝင်။ တနည်း** – ဂေါတြဘုသည် ဝုဋ္ဌာနဂါမိနီဝိပဿနာ၌ ပါဝင်ရကား **ပဋိပဒါဉာဒဿနဝိသုဒ္ဓိ၌ ပါဝင်သည်**ဟု ဆိုနိုင်ပါသည်။ သဒိသာနုပဿနာဉာဏ် အနုလောမဉာဏ် ဂေါတြဘုဉာဏ် သုံးပါးကို ဝုဋ္ဌာနဂါမိနီဉာဏ်ဟု ခေါ်သည်။ (နိဗ္ဗာနဂါမိနီပဋိပဒါ မ ၄၆၃)

**(ဉာဏ်စဉ်အဓိပ္ပါယ်များကို သင်္ဂြိုဟ်ဘာသာဋီကာ ၆၈၃–၇၁၄ မှ ကောက်နုတ်ဖော်ပြသည်)**

# ဖလသမာပတ်

အရိယာပုဂ္ဂိုလ် ဝိပဿနာရှုလျှင် ဥဒယဗ္ဗယဉာဏ်မှစ၍။ ဖိုလ်ဝင်းစားလိုသူ၌ ဥဒယဗ္ဗယမှစ၍ သင်္ခါရုပေက္ခာဉာဏ်အထိဖြစ်ပြီး သင်္ခါရုပေက္ခာဉာဏ်အားပြည့်က အနုလောမဉာဏ်ပေါ်၍ မှတ်သိအပ်ဆဲ သင်္ခါရအာရုံကို စွန့်လွှတ်ကာ သင်္ခါရချုပ်ငြိမ်းရာ နိဗ္ဗာန်အာရုံထဲ၌ ဝင်ရောက်နေဘိသကဲ့သို့ အရိယာဖိုလ်စိတ်၏ ဖြစ်ခြင်းသည် ဖလသမာပတ်မည်၏။ ဖိုလ်ဝင်းစာခိုက်၌ နိဗ္ဗာန်မှတပါး ဘာမျှမသိပါ။

အထက်မဂ်ရရန် ဝိပဿနာအားထုတ်က သင်္ခါရုပေက္ခာဉာဏ်ရင့်သန်လျှင် အထက်မဂ်ပေါ်၏။ မရင့်သန်သေးက သင်္ခါရုပေက္ခာဉာဏ်သာ အထပ်ထပ်ပေါ်၏။ ထိုသို့ဖြစ်က ရပြီးဖိုလ်၌ အာလယမပြတ်က ဖိုလ်စိတ်ပေါ်လာတတ်၏။ သို့ဖြစ်၍ ဖိုလ်မဝင်းစားဘူးဟု အာလယဖြတ်ထားသင့်၏။

ဖိုလ်ဝင်စားခါနီး၌ ဤမျှကာလပတ်ပုံး ဖိုလ်ဝင်စားအံ့ဟု ပိုင်းဖြတ်ထားရာ၏။ ထို့နောက် ဝိပဿနာရှုရာ၌ ဖလသမာပတ်တည်တံ့ရန် ကြောင့်ကြမစိုက်အပ်။

မိမိတို့၏ ကိုယ်ပိုင်ဖြစ်သော ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ခံစားခြင်းငှာ ဖိုလ်ဝင်စားသည်။ အရိယာဖြစ်လျက် ဖိုလ်မဝင်စားနိုင်လျှင် သမာဓိနှင့်တကွ အခြားဣန္ဒြေများ အပြည့်အစုံ မထက်သန်သေးသော ကြောင့်ဟု ယူဆရန်ရှိသည်။

သင်္ခါရကင်းဆိတ်သော နိဗ္ဗာန်အာရုံကို စွန့်လွှတ်၍ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော သင်္ခါရနိမိတ် ငါးပါးတွင် တပါးပါးကို အာရုံပြုမိသောအခါ၌ သမာပတ်ကထပြီဟု ဆိုရမည်။ ဘဝင်စိတ်ပေါ်လျှင် သမာပတ်မှထပြီဖြစ်သော်လည်း သာမန်အရိယာသည် ဘဝင်စိတ်ကို သိရန်ခက်သည်။ ဘဝင်၏ အခြားမဲ့၌ ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်ခြင်း တခြားတပါးကို နှလုံးသွင်းခြင်း ရှုမှတ်ခြင်း တခုခု ဖြစ်၏။ ထိုအခါ သမာပတ်မှ ထပြီးဟု သိရာ၏။

အရှင်မောဂ္ဂလာန်က အာနေဉ္ဇသမာဓိ ဝင်စားခိုက်မှာ ဆင်သံကို ကြားရသည်ဟု ဆိုသည်။ အမှန်တော့ သမာပတ်အတွင်း မကြားနိုင်။ ရူပ အရူပစျာန်သည်လည်းကောင်း ထိုစျာန်တို့ကို အခြေပါဒကပြု၍ ဝင်းစားအပ်သော အရဟတ္တဖိုလ် သမာဓိသည်လည်းကောင်း အာနေဉ္ဇသမာဓိမည်၏။ အရှင်သည် ရဟန္တာဖြစ်ပြီးစ၌ သမာပတ်ဝင်စားရာတွင် ဝသီဘော်မနိုင်သေးမီ အရဟတ္တဖိုလ်စတုတ္ထစျာန်ကို ဝင်စားရာက အထတွင် ဆင်သံကြားရသည်ကို သမာပတ်အတွင်းကြားရသည်ဟု ထင်မိလေသည်။ သမာပတ်မှ ထသောအခါ ရှေးဦးစွာ ပစ္စဝေက္ခဏာမဖြစ်မူ၍ တပါးသော သိမှုနှလုံးသွင်းမှုများ ဖြစ်တတ်သေးသည်။ အရိယာပုဂ္ဂိုလ်ချင်း အဆင့်တူသော်လည်း အလိုရှိသော ခဏ၌ ဖိုလ်ဝင်စားနိုင်ခြင်း မဝင်းစားနိုင်ခြင်းအားဖြင့် ထူးခြားသေးသည်။

(စည်ဝိပဿနာရှုနည်း ဒု ၃၂၀-၃၃၆)

အရိယာပုဂ္ဂိုလ်သည် ပထမစျာန်နှင့်ယှဉ်သော အရိယာမဂ်ကိုရခဲ့အံ့။ ၎င်း၏ ဖလသမာပတ်အတွင်း ဖြစ်ပေါ်လာသော ဖိုလ်သည်လည်း ပထမစျာန်နှင့် ယှဉ်၏။ ဒုတိယစျာန်စသည်နှင့်ယှဉ်သော အရိယာမဂ်ကို ရခဲ့ကလည်း ဒုတိယစျာန်ဖိုလ် စသည်သာလျှင် ဖြစ်သည်။ (ပဋ္ဌိပဒါ မ ၅၂၇)

## ရုပ်ဇီဝိတ အဆက်ပြတ်၍ ပါဏာတိပါတဖြစ်ပုံ

ပဝေဏိ(ပ)ဝုစ္စတိ။ အစဉ်အဆက်ဖြစ်ပျက်နေသောရုပ်ကလာပ်တို့တွင် ပါဝင်နေသော ဖြစ်တည်ဆဲ ဇီဝိတိန္ဒြေသည် မိမိချုပ်သွားသည့်အခါ နောက်နောက်၌ အလားတူ ကမ္မဇရုပ်ကလာပ်ဖြစ်အောင် ကျေးဇူးပြု၏။ ထိုသို့ ကျေးဇူး ပြုလျက် ဆက်ကာဆက်ကာ ဖြစ်နေရာဝယ် တည်ဆဲမဟာဘုတ်တို့ကို ဒါးဖြင့်ခုတ်လိုက်သောအခါ ထိုမဟာဘုတ်တို့နှင့် တကွ မဟာဘုတ်ကိုမှီသော ဇီဝိတရုပ်လည်း ၁၇ချက် ရုပ်သက်စေ့၍ ထုံစံအတိုင်း ချုပ်ရိုးချုပ်၏။ သို့သော် နောက်နောက် မဟာဘုတ်နှင့် ဇီဝိတရုပ်များ အလားတူ အကြာကြီးဖြစ်အောင်ကား ကျေးဇူးမပြုနိုင်တော့။ ထို့ကြောင့် ထုံးစံအတိုင်း ကြာအောင် မဖြစ်တော့ဘဲ ဒဏ်ရာလိုက်၍ အနေးနှင့်အမြန် အဆက်ပြတ်ရတော့သည်။ (ပါရာဇိက ဘာဋီ တ ၂၈၃)

သတ္တဝါကို သတ်ဖို့ရန် ဓားဖြင့်ခုတ်ခြင်းစသောအမှုကို ပြုသောအခါ ပစ္စုပ္ပန်တည်ဆဲ မဟာဘုတ် ဖောဋ္ဌဗ္ဗရုပ်တို့ကို ဓားသည် ထိမိ၏။ ထိုအခါ ထိုမဟာဘုတ်တို့ကို မှီသော ဇီဝိတရုပ်သည် အင်အားနည်း သွားရကား မိမိနောက်၌ အဆက်ဆက်ဇီဝိတရုပ်များ ဖြစ်သင့်သလောက်ဖြစ်အောင် ကျေးဇူးမပြုနိုင်တော့။ ထို့ကြောင့် ရိုးရာအတိုင်း သေချိန်မရောက်မီ အကြား၌ ဇီဝိတရုပ် အစဉ်ပြတ်ရလေသည်။ ဤသို့ပြတ်အောင် စေတနာကပြုသောကြောင့် စေတနာကို ပါဏာတပါတ(သတ်မှုတရားခံ)ဟု ခေါ်သည်။

ရုပ်ဇီဝိတိန္ဒြေနှင့်တကွ ကမ္မဇရုပ်အစဉ်ချုပ်လျှင် ဟဒယဝတ္ထုကိုမှီ၍တည်နေသော နမ်ဇီဝိတိန္ဒြေ အစဉ်လည်း ချုပ်ရတော့သည်။ ဤစကားအရ ရုပ်နာမ်တို့သည် ဥပါဒ်ဌီဘင်အားဖြင့် ချုပ်၍နေရာဝယ် ဘယ်သူက သတ်နိုင်ပါအံ့နည်းဟူသော ပြဿနာကို ဖြေရှင်းပြီး ဖြစ်တော့၏။(သီဘာဋီပ ၄၃၁-၂)

### မသေရာကာလ

ပဋိသန္ဓေစိတ်၏ ဥပါဒ်နှင့်အတူဖြစ်သော ကမ္မဇရုပ်တို့သည် စိတ္တက္ခဏ ၁၇ချက် ခဏငယ် ၅၁ချက် အသက်ရှိသည်ဖြစ်၍ သောဠသမဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်၏။ ဤစိတ် ၁၇ချက် အတွင်း၌ ဥပပတ္တိကာလဖြစ်၍ သေမင်းမခေါ်။ ခေါ်သော်လည်း မလိုက်။ မရဏမရှိသောအခါ ဟူပေ။

(ကမ္မဇရုပ်သည် စုတိမှပြန်၍ရေတွက်သော် ၁၇ချက်မြောက်စိတ်ဥပါဒ်ကာလ၌ နောက်ဆုံးဖြစ်ရသည်ဖြစ်၍ ဤသောဠသမစိတ်ဖြစ်၍ သေမည့်သူ၌ ကမ္မဇရုပ်သည် ပဋိသန္ဓေ၏ ဥပါဒ်ကာလ၌သာဖြစ်၍ ဌီခဏ ဘင်ခဏနှင့် နောက်ဘဝင်စိတ်ဖြစ်ရာခဏတိုင်း၌ ကမ္မဇရုပ်မဖြစ်တော့။ ကမ္မဇရုပ် တသုတ်တကြိမ်သာ ဖြစ်လိုက်လိုက်ရသည်) (မနောရထပူရဏီ၂၄၃)

♠ န စေဝိမံ သဗ္ဗပဌမံ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေတုံ သက္ကာ။ ပဋိသန္ဓိစိတ္တေန ဟိ သဒ္ဓိံ ကမ္မဇရူပါနိ နိဗ္ဗတ္တန္တိ။ တေသု ပန ဌိတေသုယေဝ သောဠသ ဘဝင်္ဂစိတ္တာနိ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။ ဧတသ္မိံ အန္တရေ ဂဟိတပဋိကဿ ဒါရကဿ ဝါ မာတုယာ ဝါ ပနဿ အန္တရာယော နတ္ထိ။ အယဉှိ မရဏဿ အနောကာသော နာမ။ ကေဝလဉှိ သောဠသစိတ္တက္ခဏေ ကာလေ ဒါရကဿ မရဏံ နတ္ထိ တဒါ စုတိစိတ္တဿ အသမ္ဘဝတော။ မာတုယာပိ တတ္တကံ ကာလံ အနတိက္ကမိတွာ တဒနန္တရေယေဝ စဝနဓမ္မာယ ဂဗ္ဘဂဟဏဿေဝ အသမ္ဘဝတော။ (သာရတ္ထ ၃ ၂၅၂)

♠ တတ္ထ ဒုဝိဓံ ဇီဝိတိန္ဒြိယံ ရူပဇီဝိတိန္ဒြိယဉ္စ, အရူပဇီဝိတိန္ဒြိယဉ္စ။ တေသု အရူပဇီဝိတိန္ဒြိယေသု ဥပက္ကမော နတ္ထိ၊ တံ ဝေါရောပေတုံ န သက္ကာ။ ရူပဇီဝိတိန္ဒြိယေ ပန အတ္ထိ၊ ၊ တံ ဝေါရောပေတုံ  သက္ကာ။ ၊ တံ ပန ဝေါရောပေန္တော အရူပဇီဝိတိန္ဒြိယမ္ပိ ဝေါရောပေတိ။ (ပါရာဇိက ဋ္ဌ ၃ ၃၈)

♠ မာတုကုစ္ဆိယံ ပဋိသန္ဓိံ ဂဟေတွာ မာတာပိတရော အဇာနာပေတွာ စဝနသတ္တာနံ ပရိစ္ဆေဒေါ ကာတုံ န သက္ကာ။ (ဓမ္မပဒ ဋ္ဌ ၁၆၅)

♠ အထက်ပါ မိန့်ဆိုချက်များအရ သတ္တဝါများသည် ဘဝနိကန္တိက လောဘဇော မဖြစ်ရသေးချိန်မှာပင် သေနိုင်သည်ဟု မှတ်ချက်ချနိုင်စရာရှိသည်။

# အနာရောဂါနှင့်ကံ

တေဇောဓာတ်သည် တပါးရုပ်တို့မညီညွှတ်အောင်ပြုတတ်သည်။ လွန်,ငုတ် နုပ်,သန်အောင် ပြုသည်ကို ဆိုသည်။ ပထဝီနှင့်ဝါယော တပါးလွန် တပါးငုတ်၊ တပါးနုပ် တပါးသန်၊ အာပေါနှင့်တေဇောလည်း နည်းတူ။ ဗဟိဒ္ဓသန္တာန် အပင်အသီးမျိုးတို့၌ ဖြစ်သမျှ အနာနှင့် သတ္တဝါသန္တာန်ဖြစ်သမျှ အနာရောဂါမျိုးတို့သည် တေဇောကြောင့် ဖြစ်သည်။

ကမ္မဇနော စိတ္တဇနော အာဟာရဇနော ဆိုသည်မှာ ကံစိတ်ဥတုအာဟာရတို့က တေဇောကို မညီအောင်ပြု၍ တေဇောက တပါးရုပ်ကို မညီအောင်ပြု၍ ဖြစ်ရသည်။ သေနတ်မှန်ခြင်း မိုးကြိုးထိခြင်းကြောင့် ဖြစ်သော ဒဏ်ရာတိုလည်း တေဇောပျက်၍ ဖြစ်သည်။ အနာငန်း မန်းတို့လည်း တေဇောကြောင့်ပင်။ ပါစကတေဇော ဥသ္မာတေဇော ခေါ် ကမ္မဇတေဇော ကောင်းသူ၌ ဓာတ်လေးပါးညီညွှတ်၍ ရောဂါမဖြစ်။ ထိုတေဇောနှစ်မျိုးကို ဉာဏ်ဝီရိယဖြင့် စောင့်ရှောက်နိုင်က အသက်ရှည်နိုင်သည်။

စက္ခာဒိပဋိဗ္ဗိန္ဒြိယာနိ အာယုံ ပဋိစ္စ တိဋ္ဌန္တိ၊ အာယု ဥသ္မံ ပဋိစ္စ တိဋ္ဌတိ။ (ပဏ္ဏာသပါဠိ)

စက္ခာဒိပဋိဗ္ဗိန္ဒြိယာနိ–စက္ခုစသော ဣန္ဒြေငါးပါးတို့သည်၊ အာယုံ–ဇီဝိတရုပ်ကို၊ ပဋိစ္စ–စွဲ၍၊ တိဋ္ဌန္တိ–တည်ကုန်၏၊ အာယု–ဇီဝိတရုပ်သည်၊ ဥသ္မံ–ကမ္မဇတေဇောကိုယ်ငွေ့ကို၊ ပဋိစ္စ–၍၊ တိဋ္ဌတိ။

ဥသ္မာ–ဆိုသည်မှာ ပါစကဓာတ်မီး အစီးအပွားတည်း။ ပါစကဓာတ်မီး ပျက်လျှင် ဥသ္မာ ပျက်၏၊ ဥသ္မာပျက်လျှင် ဇီဝိတပျက်၏၊ ဇီဝိတပျက်လျှင် ပသာဒနှင့်တကွ ကမ္မဇရုပ်ပျက်၏။ ကမ္မဇပျက်လျှင် ဝိညာဏ်လည်း မဖြစ်နိုင်တော့ပြီ။ ထိုအခါ ဥတုဇသက်သက် အလောင်းကောင် ဖြစ်၏။

အာယု ဥသ္မာ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ ပရဘတ္တံ အစေတနံ။

အာယုစ–ဇီဝိတရုပ်လည်းကောင်း၊ ဥသ္မာစ–ကမ္မဇတေဇော ကိုယ်ငွေ့လည်းကောင်း၊ ဝိညာဏဉ္စ–ဝိညာဏ်လည်းကောင်း၊ တယော–သုံးပါးသော တရားတို့သည်၊ ယဒါ–အကြင်အခါ၌၊ ဣမံကာယံ–ဤကိုယ်ကို၊ ဇဟန္တိ–စွန့်ကုန်၏။ တဒါ–ထိုအခါအခါ၌၊ အပဝိဒ္ဓေါ–ဆွေမျိုးတို့ စွန့်ပစ်အပ်သည်ဖြစ်၍၊ အစေတနံ–စိတ်မရှိဘဲ၊ ပရဘတ္တံ–ပိုးလောက်, ယင်မ, ကျီး, ငှင်းဒတို့ အစာဖြစ်၍သာလျှင်၊ သေတိ–စင်းစင်းအိပ်ရလေ၏။

တေဇောနှစ်ပါးကို စောင့်ရှောက်သည်ဆိုသည်မှာ အစားအသောက်အသွားအလာ အနေအထိုင်စသည်တို့ကို ဆင်ခြင်၍ အသပ္ပါယကို ရှောင်ခြင်း, သပ္ပါယကို မှီဝဲခြင်းပင်တည်း။ **ကုသိုလ်ထူး၍ ပါစကတေဇောကောင်းသူတို့မှာ စောင့်ရှောက်စရာမလို**။

တေဇောဓာတ်သည် အနာဂေါကို ပယ်ဖျောက်စေနိုင်သည်။ ဆေးက အနာကို ပယ်ဖျောက်ခြင်းသည် ဆေးအတွင်းရှိ တေဇောက ပယ်ဖျောက်ခြင်း ဖြစ်သည်။ လောကီဆရာတို့က လွန်ဓာတ်ကို နိမ့်အောင်

ငုတ်ခတ်ကိုပေါ်အောင် နုပ်ခတ်ကို သန်အောင် သန်သောခတ်ကို နုပ်အောင် ကုသနိုင်မှ အနာရောဂါ ငြိမ်းသည်။ နိမ့်အောင် ပေါ်အောင် သန်အောင် နုပ်အောင် တေဇောမှ တတ်နိုင်သည်။ ထို့ကြောင့် လောကီဆေးဆရာပြုလုပ်သူတို့သည် အတွင်းတေဇောဆယ်မျိုး အပြင်တေဇောအမျိုးမျိုးကို နားလည်ရသည်။ "တေဇောမပိုင် ဆေးမကိုင်နှင့်"ဟု ဆိုသင့်သည်။

အတွင်းတေဇောဆယ်မျိုးဆိုသည်မှာ ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇ ကလာပ်လေးမျိုးတို့၌ သီတ ဥဏှ နှစ်ပါးဖြစ်၍ ရှစ်မျိုး သင့်မတင့်သော အကြောင်းကြောင့် ယင်းရှစ်မျိုးတို့မှ အဆင့်ဆင့် ဖောက်ပြန် ပွားစီး၍ ရန်ပြုလိုသဖြင့် စွဲမြဲခုခံ၍နေသော ခတ်ပျက်သီတဥဏှ နှစ်မျိုး ပေါင်းဆယ်မျိုးကို ဆိုသည်။ ခုခံစွဲမြဲ၍နေသော ယင်းခတ်ပျက်နှစ်မျိုးကိုပင် ရောဂါခံဆိုသည်။ အထောက်အပံ့ကိုရလျှင် ထကြွတတ်သည်။ အပြင်တေဇောအမျိုးမျိုးဆိုသည်မှာ အမြစ် အဥ အခွံ အပွေး အသီး အရွက် စသည် တခုခု၌ဖြစ်သော သီတ, ဥဏှ၊ နှစ်ခုသုံးခု စသည်ရောစပ်၍ ဖြစ်ပေါ်သောဆေးဝါးတို့၌ သီတ ဥဏှ၊ ဥတု ရာသီအလျောက် ဖြစ်ပေါ်သောသီတဥဏှ၊ ဤသို့စသည်ကို ဆိုလိုသည်။ ဤသို့စသည် ဆိုအပ်ပြီးသော သီတ ဥဏှ တေဇောနှစ်မျိုးဆွသဖြင့် အဇ္ဈတ္တဗဟိဒ္ဓနှစ်မျိုးလုံး၌ ရုပ်တို့ဆန်းပြားထူးထွေ ဖောက်ပြန်ခြင်း ဖြစ်ရလေသည်။ (သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ) (ပရမတ္ထစက္ခု ၁၁၀–၁၁၃)

♠ **ကုသိုလ်သည် ခတ်ညီညွတ်ခြင်းအကြောင်းကို, အကုသိုလ်သည် ခတ်မညီညွတ်ခြင်းအကြောင်းကို ဖြစ်စေ**သည်။ (မနောရထပူရဏီ ၁၅၄)

## လဟုတာဒိ ကံကြောင့် ဖြစ်မဖြစ်

လဟုတာဒိ ၃–ပါးကို အကြောင်းသုံးပါးကြောင့်သာ ဖြစ်သည်ဟု အဘယ်ကြောင့်ဆိုသနည်း။ "အပ္ပါဗာဓေ သံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ၊ ယဒိဒံ အဝိဟိံသာ"သုဘသုတ်၌ ဟောအပ်သည်မဟုတ်ပါလော။ ပါဠိတော်၌ အနာကင်းခြင်းသည် ပါဏာတိပါတဝိရတိကံ မေတ္တာကံ အဝိဟိံသာ ကံတို့ကြောင့် ဖြစ်သည်ဟူ၍ လာ၏။ အနာကင်းမှုဆိုသည်လည်း လေးလံခြင်းစသည်ကို ဖြစ်စေတတ်သော ခတ်ချောက်ချားမှုမှကင်း၍ ညီညွတ်သောသမခတ်ကြောင့်ဖြစ်ကြသော လဟုတာစသော သုံးရုပ်ပေတည်း။ ထိုသုံးရုပ်ရှိမှ ကျန်းမာ၏။ ထို့ကြောင့် လဟုတာစသည်တို့လည်း ကံကြောင့်လည်းဖြစ်ကြသည်ဟု ဆိုသင့်သည်မဟုတ်လောဟူမူ ဤသို့ဖြေရာ၏။

ကမ္မဇရုပ်တို့မည်သည် ရေအပြင်၌ ထည့်အပ်သော အကြိမ်တရာချက်အပ်သော ဆီတို့ကဲ့သို့ ပကတိ သဘောအားဖြင့်ပင်လျှင် ကံအားလျော်စွာ ပေါ့သောတရား နူးညံ့သောတရား အမှု၌ ခံ့သောတရားတို့ ဖြစ်ကုန်၏။ ထို့ကြောင့် ကမ္မဇရုပ်တို့မှာ အသီးအခြားပြုလုပ်၍ လဟုတာစသော အမှုအရာထူးမရှိ။

ထို့ကြောင့် ကမ္မဇရုပ်တို့မှာ အသီးအခြားပြုလုပ်၍ လဟုတာစသော အမူအရာထူးမရှိ။ ထိုသို့ ဖြစ်လေသောကြောင့် **ကမ္မဇရုပ်တို့၏ ကာလပရိစ္ဆေဒကို ဘဝတခုဟုဆိုအပ်သော အဒ္ဓါပစ္စုပ္ပန်ဖြင့် ပိုင်းခြားအပ်**၏။ တဘဝမှာမှ ကမ္မဇရုပ်အစဉ်တခုသာရှိ၏။

စိတ်မည်သည်ကား နီဝရဏစသည်တို့၏ အစွမ်းဖြင့်လည်းကောင်း, သုခ ဒုက္ခ ပီတိ ပဿဒ္ဓိ သဒ္ဓါ ပညာ စသည်တို့၏ အားဖြင့်လည်းကောင်း, အထူးထူးသောခဏတို့၌ အထူးထူးသော အခိုက်အတန့်တို့နှင့် ယှဉ်ကုန်၏။ ဆိုးချည်တခါ သာချည်တလှည့် ဆိုလိုသည်။ ဥတုအာဟာရတို့သည်လည်း ထို့အတူ သပ္ပါယ, အသပ္ပါယ စသောအပြားအားဖြင့် အထူထူးခဏတို့၌ အထူးထူးသော အခိုက်အတန့်တို့နှင့် ယှဉ်ကုန်၏။ ကောင်းချည်တမျိုး ဆိုးချည်တခါ ဆိုလိုသည်။ ထို့ကြောင့် ထိုစိတ်ဥတုအာဟာရတို့ကြောင့် ဖြစ်ကုန်သော ရုပ်တို့သာလျှင် အထူးထူးသော ခဏတို့၌ လေးမှု ပေါ့ပါးမှု ခံ့ညားမှု ကြမ်းတမ်းမှု စသောအားဖြင့် များသောအမူအရာတို့နှင့် ယှဉ်ကြကုန်၏။ ထိုသို့ဖြစ်လေသောကြောင့် **စိတ္တဇရုပ်တို့၏ ကာလကို သန္တတိပစ္စုပ္ပန်အစွမ်းအားဖြင့်လည်းကောင်း ခဏပစ္စုပ္ပန်အစွမ်းအားဖြင့်လည်းကောင်း ပိုင်းခြားသတ်မှတ်**အပ်၏။ ထို့ကြောင့် လဟုတာစသောရုပ်တို့သည် မကြာမကြာဖောက်ပြန်တတ်သော စိတ္တဇရုပ်စသည်တို့၌သာ ရှိသင့်ကုန်၏။ ကမ္မဇရုပ်တို့၌ မရှိသင့်ကို။ ထို့ကြောင့် ကမ္မဇရုပ်မဟုတ်။ (သံခိပ်ဋီကာ ဒု ၂၃၅)

## ဩကာသလောကနှင့်တေဇော

ဗဟိဒ္ဓသန္တာန်ခေါ်သော ဩကာသလောကကြီးအတွင်း တေဇောဆွသည့်အတွက် မြေမိုး ကောင်းကင် တပြင်လုံး တခွင်လုံး အငွေ့တွေ အရှိန်တွေ အခိုးတွေ မှိုမှိုမဲမဲဖြစ်ခြင်း, လျှပ်စစ်လျှပ်ပန်းထခြင်း မိုးခြိမ်းခြင်း ဟိန်းခြင်း ထစ်ချုန်းခြင်း မိုးကြိုးကျခြင်း မိုးရေမိုးပေါက် ကျခြင်း လေညှင်းလေပြေထခြင်း ဘူတဂါမ် ဗီဇဂါမ်တို့၏ ပေါက်ရောက်စီကား ပွားစီးစိမ်းရှင်ခြင်း ငြိုးနွမ်းခြောက်သွေ့ ဆွေးမြေ့ကုန်ခန်းခြင်း စသည် အထူးထူးအထွေထွေ ဖြစ်ကြရလေကုန်သည်။

အငွေ့အရှိန်ဆိုသည်မှာ တေဇောရုပ်ထကြွသောအခါ ဝါယောကိုဖြစ်စေ၍ ဝါယောကိုအားပြု၍ ဝါယောနှင့်တကွ ထ၏။ ထိုသို့ထသော ဝါယောနှင့်တကွသော တေဇောကိုပင် အငွေ့အရှိန်ခေါ်သည်။ တေဇောသတ္တိကြောင့် အငွေ့အရှိန်၌ ဖြူဖြူ ညိုညို ပြာပြာ အဆင်းရုပ် ပေါ်ထင်သိသာခဲ့လျှင် အခိုးဆိုပြန် သည်။ မြေခိုး၌ နေရှိန်တေဇောသတ္တိကြောင့် စိမ်းစိမ်း ဝါဝါ ပြာပြာ နီနီအဆင်းရုပ် ပေါ်ထင်သည်ကို စို့သက်တံ ဆိုသည်။ လျှပ်စစ်လျှပ်ပန်း ဆိုသည်မှာ ရန်ဘက်ဓာတ်ချင်း ပထဝီချင်းချင်း ဝါယောချင်းချင်း တိုးဝှေ့တိုက်ခိုက်ကြသော် အသံရုပ်မီးရုပ်ဖြစ်တတ်သည်။ ယင်းမီးရုပ်သည် ဩဇာပြည့်သော ပထဝီကိုအမှီ မရလျှင် ခဏချင်း ချုပ်ပျက်ကွယ်ပျောက်သည်။ ယင်းမီးရုပ်ကိုပင် လျှပ်စစ်လျှပ်ပန်း ဆိုလေသည်။

ရန်ဘက်ဓာတ်ဆိုသောစကား၌

"ပနင့်ဝါ၊ အာနင့်တော၊ သီတ ဥဏှ ရန်ဘက်ကြ၏။

တခုယုတ်ငြား၊ တခုများ၊ မှတ်သား ကြံဆလေ" ဟု ဆိုသည့်အတိုင်း

ရန်ဘက် ဓာတ်ဘက်မှတ်လေ။

မိုးရေမိုးပေါက်ကျသည်မှာ ဥတုနိယာမအားဖြင့် မိုးဥတုအခါ ကောင်းကင်တပြင်လုံး တခွင်လုံး အာပေါအုပ်ချုံသည်။ အောက်မှ မြေခိုး ရေခိုး တောခိုး တောင်ခိုးစသည့် အငွေ့အရှိန်တွေ ထကြွပျံတက်ကြသဖြင့် အထက်ကောင်းကင်ရှိ အာပေါနှင့် တွေ့ဆုံတိုက်ကြသောအခါ ချွေးပြန်သကဲ့သို့ အာဗန္ဓနသဘော ရှိသော အာပေါတို့သည် ပဂ္ဃရဏသဘော ဒြဝသဘောဖြစ်၍ ယိုစီးကျရောက်လာသည်ကို မိုးရေမိုးပေါက်ကျသည်ဟူ၍ ဆိုသည်။

(ဒေဝေါနာမ အဋ္ဌဟိ ကာရဏေဟိ ဝဿတိ။ သံယုတ်ပါဠိ) နဂါး, ဂဠုန်, နတ်, မာရ်, တန်ခိုးရှိသော လူတို့၏ အာနုဘော်ကြောင့် သစ္စာ၏အာနုဘော်ကြောင့် ရွာခြင်း ခြောက်ပါး၊ ကမ္မာပျက်လို၍ ရွာခြင်း၊ ဥတုကြောင့် ရွာခြင်း၊ ပေါင်း ကျမ်းဂန်လာ ရှစ်ပါးတို့တွင် မိုးအခါရွာသည်ကား ဆိုပြီးသည့်အတိုင်း ဥတုကြောင့် ရွာသည်မှတ်လေ။ ဥတုဆိုသည်လည်း တေဇောဓာတ်ပင်ကြောင့် ရွာသည်မှတ်လေ။ ဝါယောကား တေဇော၏သား တေဇော၏အား ဟူ၍ မှတ်လေ။ တေဇောထလျှင် ဝါယော-ပါတော့သည်သာ။

ခြိမ်းသည်,ဟိန်းသည်ဆိုသည်မှာ အောက်မှတက်သော အငွေ့အရှိန်၊ တေဇော ဝါယော အဟုန်တို့ကို အထက်ကောင်းကင်ရှိ အာပေါတို့သည် ပထဝီကို သဟဲပြု၍ အာဗန္ဓနသဘောဖြင့် ဖွဲ့စည်းဖမ်းချုပ် ဆီးအုပ်ဖိညှပ်ကြသည်ရှိသော် အငွေ့အရှိန်တေဇော ဝါယောတို့ တိုက်ခိုက်တိုးဝှေ့ ပြေးသွားကြသည့်အတွက် အသံရပ်ဖြစ်သည်ကို ခြိမ်းသည်ဟိန်းသည်ဟူ၍ ဆိုလေသည်။

မိုးမရွာခြင်း၏အကြောင်းကား ငါးပါးဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောတော်မူသည်။ အထက်ကောင်းကင်၌ တေဇောပျက်၍ မရွာခြင်းတပါး, ဝါယောဓာတ်ပျက်၍ မရွာခြင်းတပါး, ရာဟုအသုရိန်လက်ခုပ်ဖြင့်ခံ၍ သမုဒ္ဒရာသို့ သွန်ခြင်းကြောင့် မရွာခြင်းတပါး,မိုတိမ်ကိုဆောင်သော နတ်တို့ မေ့လျော့ခြင်းကြောင့် မရွာခြင်းတပါး,လူတို့တရားမစောင့်ခြင်းကြောင့် မရွာခြင်းတပါး၊ ဤငါးပါးတည်း။ အသူရိန်နတ်ကြီး၏ ခြေဘဝါး လက်ဘဝါးတို့ကား ယူဇနာသုံးရာရှိသည်ဟူ၍ ကျမ်းဂန်တို့၌ ဆို၏။

မိုးကြိုးကျ ဆိုသည်မှာ ထက်ဝန်းကျင် ပြန်တက်ပြေးသွားသော အငွေ့ အရှိန်တေဇော ဝါယောတွေကို အထက်ကောင်းကင်ရှိပထဝီနှင့် သီတသဟဲရှိသော အာပေါတို့သည် ဖွဲ့စည်းဖမ်းချုပ် ဆီးအုပ်ကြသော် လုလုဖွဲ့နှောင် ချုပ်အုပ်မိသောအခါ ပထဝီကဖိညှပ် သီတက ရန်ပြုသည့်အတွက် တေဇောဝါယောတို့

အစွမ်းကုန် တဟုန်ထဲ တိုက်ခိုက်ထိုးဘောက် အသံရုပ်နှင့်တကွ အပြင်းအထန် ထွက်ပြေးကျရောက်လာသည်ကို မိုးကြိုးကျသည်ဟု ဆိုလိုသည်။ တေဇောဝါယောအဟုန်သည် ဆန့်ကျင်ဘက် မဟာပထဝီနှင့် တွေ့ဆုံသည့် အခါ ယုတ်လျော့အားသေး၍ ချုပ်ငြိမ်းကွယ်ပျောက်ရလေသည်။ မဟာပထဝီမြေတွင်းသို့ ဘောက်ထွင်းစူးဝင်၍ သွားတော့သည်မဟုတ်။ သံတုံး သံခဲ ကြေးတုံး ကြေးခဲ ကျောက်တုံး ကျောက်ခဲဟူ၍ အဆံမပါ မီးဓာတ် လေဓာတ်မျှသာ မှတ်လေ။ သုတ်မဟာဝါအဋ္ဌကထာ၌ ကျပုံအခြင်းအရာကို အစွဲပြု၍ မိုးကြိုးကိုးပါး လာ၏။ နတ်တို့လက်နက်မဟုတ်။

လေညှင်းလေပြင်းဆိုသည်မှာ သီတဥဏှ တွေ့ဆုံတိုက်ခိုက်သည့်အတွက်လည်းကောင်း တေဇော ဆွ၍ ပထဝီအာပေါ ဖိညှပ်တိုက်ခိုက်၍လည်းကောင်း လေရုပ်ဖြစ်သည်။ ယင်းလေရုပ်သည် မြောက်မှ ပထဝီအာပေါ အားကြီးလျှင် တောင်သို့, တောင်မှ ပထဝီအာပေါအားကြီးလျှင် မြောက်သို့၊ ဤသို့ စသည်ဖြင့် ပြေးလွှားသော လေရုပ်ကို လေညှင်း လေပြင်းဟူ၍ ဆိုလေသည်။ ပထဝီအာပေါ နှစ်ပါးသည် ဝါယောနှင့်မလိုက်လျောကြ။ ဆန့်ကျင်ကြ၏။ ဝါယောသည် အာကာသနှင့်လိုက်လျောစွာ မိတ်ဖြစ်ကြသည်။ မြေပွက်သည် ရေပွက်သည်ဆိုရာတို့၌ မြေရေအတွင်း တေဇောဆွ၍ လေရုပ်ဖြစ်ရာ ပထဝီအာပေါတို့နှင့် မလိုပ်လျော ဆန့်ကျင်သည်အတွက် မိတ်ဖြစ်သောအာကာသရှိရာသို့ ထွက်ပြေးလာသည်ကို ပွက်သည်ဟု ဆိုသည်။ ထမင်းအိုး ဟင်းအိုးစသည်တို့၏ အပွက်၌လည်း နည်းတူပင်မှတ်။ ထွက်ပြေးသော ဝါယောကို အာပေါလိုက်၍ ဘမ်းချုပ်ရာ ဖမ်းမိချုပ်မိအုတ်မိသည်တို့ကို ဥဖောင်းအမြှုပ်ခေါ်လေသည်။ ထိုးဘောက်ထွက် ပြေးလျှင် အသံရုပ်ဖြစ်သည်။ ဗျောက်သံ သေနတ်သံ အမြောက်သံ မိုးကြိုးသံ စသည်တို့ကိုလည်း ဤနည်းတူသိလေ။ (ပရမတ္ထစက္ခု ၁၁၀–၁၂၀)

# ပညတ္တိဇရာ

ပရမတ္ထသဘောအားဖြင့် ရုပ်တို့၏ အသက်သည် စိတ္တက္ခဏ ၁၇–ချက်မျှသာ ရှိ၏။ အတိုးအဆုတ် ဟူ၍ မရှိ။ စိတ္တက္ခဏ ၁၇–ချက်စေ့လျှင် ချုပ်ဆုံးကြလေသည်။ ထို့ကြောင့် ဤရုပ်သည် ထိုရုပ်ထက် အိုသည်ဟူ၍ ပရမတ္ထအားဖြင့် မရှိနိုင်။ ပညတ်အားဖြင့်သာလျှင် သွားကျိုးခြင်း ဆံဖြူခြင်းစသော ဝယောဝုဒ္ဓိဇရာ ဖြစ်ပေါ်ရသည်။ ထို့ကြောင့် "ပညတ္တိဇရာ"ဟူ၍ ဆိုရ၏။ ထိုပညတ္တိဇရာသည် ကြီးရင့်သော သူ၌သာလျှင် ထင်ရှား၍ ငယ်နုပျိုမြစ်သော သူတို့မှာ အဘယ့်ကြောင့် မထင်ရှားပါသနည်းဟူမူ ဤသို့ ဖြေဆိုရာ၏။

အကြင် ဂဗ္ဘသေယျကသတ္တဝါသည် ပထမ ကလလရေကြည်မှစ၍ ရေးရေး၌ဖြစ်သော ရုပ်တို့၏ ရင့်ရော်အိုမင်းသောအခိုက်၌ ဖြစ်ပေါ်ပေါက်ပွါးသော ဥတုဇရုပ် အာဟာရဇရုပ်တို့သည် မိမိတို့၏ အကြောင်း ရင်းဖြစ်သော ဥတုဩဇာတို့ ရင့်ရော်လျှင် ရင့်ရော်သည်အား လျော်စွာ ဖြစ်ကြရကုန်၏။ ယင်းဥတုဩဇာတို့ သည် ဌီအခိုက်တည်းဟူသော ဇရာကာလ၌သာလျှင် ဥတုဇရုပ် အာဟာရဇရုပ်တို့ကို ဖြစ်ပွါးစေနိုင်ကုန်၏။ ဖြစ်ပေါ်ပေါက်ပွါးသော ဥတုဇရုပ် အာဟာရဇရုပ်တို့ သည်လည်း မိမိတို့၏ အကြောင်းရင်းဖြစ်သောရုပ်အောက် တဆင့်တဆင့် အားနည်း၍ ချည့်နဲ့ကုန်၏။ ဤနည်းအတိုင်း သားမြေးအစဉ်အဆက် အဆင့်ဆင့်သိလေ။

တခုသော တေဇောကြောင့်ဖြစ်သော ဥတုဇရုပ်တို့မှာပင်သော်လည်း စောစောစီးစီး သစ်သစ်လတ်လတ် ဌီတုန်းက ဖြစ်နှင့်ရသော ဥတုဇရုပ်သည် အတော်ပင် သစ်လွင်နုပျို၏။ အားအင်ရှိ၏။ နောက်ကျသော ဌီမှဖြစ်ရသော ဥတုဇရုပ်သည် အားနည်း၏။ ချည့်နဲ့၏။ ရုပ်နာရုပ်နုံဖြစ်၏။ ဤသို့စသည်ဖြင့်လည်း အဆင့်ဆင့် သိလေဦး။

ဤသို့ပြဆိုအပ်ပြီးသော သဘောတို့ကြောင့် အသက်ကြီးရင့်သောအခါ အဆင့်ဆင့်ရင့်ရော်ရင့်ရော်၍ လာသော ဥတုနှင့်ဩဇာတို့မှ အဆင့်ဆင့်ဖြစ်ရသောအခါ ဥတုဇရုပ် အာဟာရဇရုပ်တို့သည်လည်း ရင့်ရော်သည်ထက် ရင့်ရော်ခြင်း, ချည့်နဲ့သည်ထက် ချည့်နဲ့ခြင်းသို့ အဆင့်ဆင့် ရောက်ကြလေကုန်သည်။ ထို့ကြောင့် ဟောင်းနွမ်းအိုမင်းသော သူအို၌ အသားအရေနေပုံ, ပုံပန်းသဏ္ဍာန်တည်ပုံ, တမည်တမည် ပြောင်းလဲရလေသည်။ သွားကျိုးဆံဖြူခြင်း, မျက်စိသီမှုန်ခြင်း, အကြောပြိုင်းရရိုင်းထ၍ ကုန်းကွခြင်း တည်းဟူသော ပါကဋဇရာရုပ်တို့သာလျှင် ပေါ်ပေါက်လာကုန်၏။

ကမ္မဇရုပ်အားကြီးသော နတ်တို့မှာကား ထိုကဲ့သို့ အိုခြင်းတည်းဟူသော ပါကဋဇရာမရှိပေ။ ဥတုဇ အာဟာရဇအားကြီးသော သတ္တဝါတို့၌သာလျှင် ပါကဋဇရာ ဖြစ်ပေါ်ရလေသည်။ အဝိညာဏကဖြစ်သော

သစ်ပင်တော်တောင် စသည်တို့၌လည်း ထို့အတူ အိုမင်းရင့်ရော်၍ ပါကဋဇရာပေါက်အောင် အဆင့်ဆင့် ရွက်ဆောင်နေပုံကို သိလေ။ အသက်တမ်း တိုရှည်ဖြစ်၍ နေရမှုသည်လည်း ယခင်ပြဆိုအပ်ပြီးသော ဥတု,အာဟာရ နှစ်ပါးတို့သာလျှင် အကြောင်းရင်း ရှိကုန်၏။ ဥတုသည် မီးဓာတ်ကြီးတစ်ပါး ဖြစ်သည်။ ရုပ်ကလာပ် ဟူသမျှတိုင်းမှာလည်း ထိုမီးဓာတ်နှင့်မကင်း။ ထိုမီးဓာတ်သည် မိမိနှင့်စပ်ဘက်မိသမျှကို မငဲ့မကွက်လောင်တတ်သော သဘောရှိ၏။ ထို့ကြောင့် ဖြစ်ဖြစ်သမျှသော ရုပ်ကလာပ်စုမှာ မီးအသင့်ပါ၍သာ နေ၏။ ပါ၍နေသော မီး၏လောင်မှုကိုသာ ခံကြရကုန်၏။ ထိုမီးဓာတ်၏လောင်မြိုက်မှုကြောင့်လည်း အမျိုးမျိုးသော ရင့်ရော်မှု အိုမင်းမှု ဇရာများ ဖြစ်ရလေသည်။

(ပရမတ္ထသံခိပ်ဋီကာ ၃၈၉-၃၉၁)

## အာနာပါနကထာ

ထွက်သက်ဝင်သက်နှစ်မျိုးတွင် တမျိုးသာ အာရုံအဖြစ်ဖြင့် ထင်ရှားလျှင် တမျိုးကိုသာ တစ်နှစ်စသည်ဖြင့် ရေတွက်ပါ။ အကယ်၍ နှစ်မျိုးပင် ထင်လာလျှင်ကား ရှူလေကို တစ် ဝင်လေကို နှစ်ဟု နှစ်မျိုးလုံးပင်မှတ်ရမည်။ နှာခေါင်းပေါက်နှစ်ဘက်မှ ထွက်သောလေတို့တွင် အကြင်ဘက်မှ ထွက်သောလေသည် ထင်ရှား၏။ ထိုဘက်မှ လေကို ရေတွက်ပါ။ ၅ခု ၆, ၇, ၈, ၉, ၁၀,အထိ တွက်ပါ။ ငါးခုအောက်မလျော့စေရ၊ ဆယ်ခုထက်မများစေရ။ အစ၌ ဝင်လေထွက်လေ နှစ်မျိုးတွင် တမျိုးမျိုးက ထင်ရှားသော်လည်း အသားကျသောအခါ စိတ်မလွင့်တော့ပဲ နှစ်မျိုးလုံး ထင်ရှားလာသည်။ (ပါရာဇိကဏ်ဘာဋ္ဌီ တ ၂၂၅–၆)

အဿာသ ပဿာသလေသည် နာသိကဂ္ဂ၌ ဆုံး၏။ ထိုမှ အပြင်ရောက်သွားသောလေကို အဿာသ ပဿာသ မခေါ်ရတော့ပြီ။ အဿာသ ပဿာသတို့သည် စိတ္တဇရုပ်များတည်း။ **စိတ္တဇရုပ်မှန်လျှင် ခန္ဓာကိုယ်ပြင်ပ၌ မဖြစ်နိုင်။ အပြင်၌ဆက်၍ဖြစ်သော နှာခေါင်းလေတို့ကား စိတ္တပစ္စယ ဥတုဇလေများသာတည်း။ အဿာသ ပဿာသအမည်လည်း မရကြ**။ (ပါရာဇိကဏ်ဘာဋ္ဌီ တ ၂၂၉)

ကာယောပိ စိတ္တမ္ပိ လဟုကံ။ ကိလေသာအပူငြိမ်းလျှင် စိတ်သည် ဖမြ၏။ စိတ်၌ လဟုတာ မုဒုတာ ကမ္မညတာများ ယှဉ်၏။ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များလည်း လဟု မုဒု ကမ္မညဖြစ်ကြ၏။ **စိတ္တဇရုပ်နှင့်တချိန်တည်းဖြစ်ကြရသော ကမ္မဇ စိတ္တဇ ဥတုဇရုပ်အစဉ်လည်း လဟုမုဒုကမ္မညဖြစ်**ကြ၏။ (ပါရာဇိကဏ်ဘာဋ္ဌီ တ ၂၃၉)

သဒ္ဓါစသောဣန္ဒြေတို့၏ အလွန်သန့်ရှင်း ထက်မြက်ခြင်းကြောင့် အဿဒ္ဓိယ ကောသဇ္ဇစသော အကုသိုလ်တရားတို့သည် စိတ်အစဉ်မှ အလွန်ဝေးကွာကုန်၏။ ထို့ကြောင့် သဒ္ဓါဗိုလ်စသော ဗိုလ်ငါးပါးတို့သည် ထောက်ပန့်ကူညီထားအပ်သော ဝိတက်စသော ကာမာဝစရဈာန်အင်္ဂါတို့သည် ထင်ရှားပေါ်လာရကား ဆန့်ကျင်ဘက် နီဝရဏတို့လည်း (ယှဉ်ဘက်ကိလေသာတို့နှင့်အတူ) ဝေးကွာကုန်၏။ ပဋိဘာဂနိမိတ်ဖြစ်သည်နှင့် တပြိုင်နက် ကာမာဝစရ ဥပစာရသမာဓိဈာန် ပေါ်လာ၏။ ဥပစာရအခိုက်အတန့်၌ သမာဓိသည် အားမရှိသေး။ အားမရှိသောကြောင့် မတ်တပ်ရပ်ဖို့ရန် သင်နေဆဲကလေးသည် ထူပေးရင်လဲရင်ဖြစ်သကဲ့သို့) ဥပစာရသမာဓိဇောဟူသော ကုသိုလ်ဇောဝီထိလည်း ဖြစ်ပေါ်လာရင်း ဘဝင်ကျရင်းဖြစ်နေသည်။ ဈာန်ရသော အခိုက်၌ကား သမာဓိအားကောင်းသောကြောင့် အားကောင်းသော ယောကျ်ားသည် နေရာမှထပြီးနောက် တနေ့လုံး မထိုင်ဘဲနေလိုက နေနိုင်သကဲ့သို့ တနေ့လုံးတညဥ့်လုံး ကုသိုလ်ဇောဝီထိ (ဈာနဝီထိ) ဖြစ်စေကာ ဘဝင်မကျစေဘဲနေလိုက ဘဝင်မကျစေဘဲနေနိုင်သည်။ ဈာန်ရသောအခိုက်အတန့်ကို ပဋိလာဘဘူမိ၊ ဥပစာရသမာဓိအခိုက်အတန့်ကို ဥပစာရဘူမိဟု ခေါ်သည်။ (ပါရာဇိကဏ်ဘာဋ္ဌီ တ ၂၅၂–၂၅၃)

# နိဗ္ဗာန်

နိဗ္ဗုတိ, နိဗ္ဗာန် နှစ်ပုဒ်လုံးသည် ငြိမ်းအေးခြင်းအနက်ကို ဟော၏။ ငြိမ်းအေးခြင်းဟူသည် ကိလေသာတို့၏ ဘင်ခဏ၌ ချုပ်ခြင်းမျိုးလည်းမဟုတ်၊ နောက်ထပ်မဖြစ်ရုံမရှိရုံမျှ အဘာဝပညတ်မျိုးလည်းမဟုတ်၊ အကောင်အထည် ထင်ရှားရှိသော စိတ်စေတသိက်ရုပ်များကဲ့သို့ သဝိဂ္ဂဟ(အထည်ကိုယ်ရှိ)လည်းမဟုတ်၊ မီးကျီးခဲအစုကို ရေဖြင့်ငြိမ်းရာ၌ ငြိမ်းအေးခြင်းဟူသော အခေါ်အဝေါ်တမျိုးကဲ့သို့, ကိလေသာတို့သည် မီးနှင့်တူရကား မဂ်ရေစင်ဖြင့် ငြိမ်းသတ်လိုက်သောအခါ ထိုကိလေသာတို့၏ ငြိမ်းအေးခြင်းဟူသော ဓာတ်တမျိုးသည် သဘာဝအတိုင်း အထင်အရှားပေါ်လာ၏။ ထိုဓာတ်ကို အကြောင်းတခုမျှ မပြုအပ်သောကြောင့် 'အသင်္ခတဓာတ်'ဟု ခေါ်ရ၏။ ထိုအသင်္ခတကိလေသပရိနိဗ္ဗာန်သည် ဘုရားရှင်၏စိတ်တော်မှာ အတော်ထင်ရှားပါသည်။

ထိုသို့အထင်အရှား ရှိနေသောကြောင့်ပင် ဘုရားရဟန္တာအရှင်မြတ်တို့သည် ထိုနိဗ္ဗာနဓာတ်ကို အာရုံပြုနိုင်သော ဖလသမာပတ်ကို မကြာမကြာ ဝင်စားတော်မူကာ မျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူကြပါပေသည်။ ထိုအအေးဓာတ်နိဗ္ဗာန်ကြောင့်ပင် ထိုအရှင်မြတ်တို့သည် ရာဂ ဒေါသ မောဟမီးတို့ ဖိစီးတောက်လောင်အောင်လည်းကောင်း သောက ပရိဒေဝမီးစသည် ဖြစ်လောက်အောင်လည်းကောင်း ပူလောင်ဖွယ်အာရုံတို့နှင့် ကြုံရသော်လည်း မပူမပင် ဖြူစင်အေးမြတော်မူနိုင်ကြပါပေသည်။

ပြခဲ့သောနိဗ္ဗာနဓာတ်ကို နိစ္စ(မြဲသည်)ဟုဆိုရာ၌ ဘဝဖန်ခါ သံသရာတလျှောက်လုံး အမြဲဟု ဆိုလိုသည် မဟုတ်ပါ။ ပုဂ္ဂိုလ်တပါး၏ ကိလေသာတို့ ချုပ်ငြိမ်းသည်မှစ၍ ထင်ရှားသော နိဗ္ဗာနဓာတ်သည် ဥပါဒ်ခြင်း သဘောမရှိရကား ပျက်ရခြင်းသဘောလည်း မရှိဘဲ အငြိမ်းဓာတ်မြဲနေသည်ကို နိစ္စဟု ဆိုလိုပါသည်။ ထိုအငြိမ်းဓာတ်သည် အဖြစ်အပျက်ဒဏ်ကို မခံရဘဲ အမြဲငြိမ်းချမ်းနေသောကြောင့် ဒုက္ခနှင့် မရောဘဲ 'သန္တိသုခ–ငြိမ်းအေးခြင်းချမ်းသာ'ဟုလည်း ခေါ်ရပါသည်။ နိဗ္ဗာန်သည် အတ္တမဟုတ်သောကြောင့် 'အတ္တ'ဟုကား မဆိုရ။ 'အနတ္တ'တရားသာဖြစ်ပါသည်။ (သီဒုဘာဋီ ၆၄)

နိဗ္ဗာန်နှင့်ပညတ်သည် အနိစ္စ, ဒုက္ခမဟုတ်၊ နိဗ္ဗာန်သည် နိစ္စ, ဧကန္တသုခတည်း။ ပညတ်ကား အရာဝတ္ထု ထင်ရှားမရှိသောကြောင့် အနိစ္စ, ဒုက္ခဟု တိုက်ရိုက်မဆိုနိုင်။ အနတ္တဟုသာဆိုနိုင်သည်။ ရုပ်နာမ်သည် သင်္ခါရမည်၏။ ရုပ်နာမ်သင်္ခါရသည် အနိစ္စ, ဒုက္ခဖြစ်၍ "သဗ္ဗေသင်္ခါရာ အနိစ္စာ" "သဗ္ဗေသင်္ခါရာ ဒုက္ခာ"ဟု ဟောတော်မူသည်။ ရုပ်နာမ်သင်္ခါရအပြင် နိဗ္ဗာန်ပညတ်အပါအဝင် သိစရာမှန်သမျှ (စိတ် စေတသိက် ရုပ် နိဗ္ဗာန် ပညတ်) အားလုံးတို့သည် အနတ္တချည်းသာဖြစ်၍ "သဗ္ဗေဓမ္မာ အနတ္တာ" ဟု ဟောတော်မူသည်။

စိတ် စေတသိက် ရုပ် = အနိစ္စ ဒုက္ခ အနတ္တ
နိဗ္ဗာန် = နိစ္စ သုခ အနတ္တ
ပညတ် = အနတ္တ (ဓမ္မပဒ ဗာလဝဂ်၊ ပရိဝါပါဠိ)

# နိဗ္ဗာန်ဆိုတာ

နိဗ္ဗာန်ဆိုတာ အပဝတ္တ၊ ပဝတ္တ ပြောင်းပြန်၊ မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်မှန်သမျှက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာဆိုတဲ့ ရုပ်နာမ်သင်္ခါရတွေ လုံးဝဆိတ်သုဉ်းနေတာက နိရောဓသစ္စာ၊ ယောဂီက ရှုနေတော့ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ တွေ့ရသည်၊ မရှုမှတ်သူက ရုပ်နာမ်တွေ ရှိနေပေမဲ့ မတွေ့ဘူး။

ရှုစမှာ ပညတ်တွေကို တွေ့နေဦးမှာပဲ၊ သမာဓိကောင်းလာတော့ ပညတ်မတွေ့တော့ပဲ ဖြစ်ပျက်သဘောတွေကိုပဲ တွေ့တယ်။ ဖြစ်ပျက်အာရုံတွေကျော်ပြီး ဖြစ်ပျက်တွေ လုံးဝဆိတ်သုဉ်းတဲ့ သဘောထဲ ရောက်သွားတယ်။ အသံဆူတဲ့နေရာကနေ တိတ်ဆိတ်တဲ့နေရာ ရောက်သွားသလိုပဲ၊ အဲဒီလို့ပဲ ရုပ်နာမ်ငြိမ်းတဲ့နေရာ ရောက်သွားတယ်။

နိဗ္ဗာန်မြင်တဲ့ယောဂီတွေကို သူများကို မပြောဘို့ ပြောရတယ်။ ဒါပေမဲ့ သူတို့က သိထားတာ ဆိုတော့ သူတပါးသိစေချင်လို့ လိုက်ပြောတယ်။ ပြေတော့ မယုံတဲ့သူတွေက ကဲ့ရဲ့ကြတော့ ကဲ့ရဲ့သူတွေမှာ အကုသိုလ်ဖြစ်တာပေါ့။ (စည်အဘိဓမ္မာ၂၂၈)

ဖြစ်ပျက်ကို ကိလေသာက ဖုံးထားသည်။ ဝိပဿနာဉာဏ်က ကိလေသာအဖုံးကို ဖွင့်လိုက်သည်။ ကိလေသာအဖုံးပွင့်တော့ ဝိပဿနာဉာဏ်က သင်္ခါရတို့၏ ဖြစ်ပြီးပျက်နေတာကို တွေ့တော့သည်။ သို့သော် ဝိပဿနာဉာဏ်သည် နိဗ္ဗာန် အသင်္ခတ ဖြစ်ပျက်ချုပ်ရာ မတွေ့သေးဘူး။ ဘာကြောင့်လဲ။ ဖြစ်ပျက်ချုပ်ရာ နိဗ္ဗာန်(အသင်္ခတဓာတ်)ကို ဖြစ်ပျက်က ဖုံးထား၍ ဖြစ်သည်။ ဖြစ်ပျက်ကိုမြင်သည့် ဝိပဿနာဉာဏ် ရင့်သန်သည့် အခါမှာ မဂ်ဉာဏ်ပေါ်လာသည်။ မဂ်ဉာဏ်က နိဗ္ဗာန်ကိုဖုံးသည့် ဖြစ်ပျက်ကို ဖွင့်လိုက်တော့ မဖြစ်မပျက် အသင်္ခတနိဗ္ဗာနဓာတ်ကို တွေ့ရတော့သည်။ (မိုးကုတ် ဖိုင် ၁၂)

## မိလိန္ဒပဥှာလာ ကံ၏ သဘာဝများ

♠ ကုသိုလ်ကောင်းမှုသည် ပိုမိုများပြား တိုးပွါးလာသော သဘောရှိ၏။ အကုသိုလ်ပြုပြီးသူသည် “ငါသည် မကောင်းမှုကို ပြုမိပြီ”ဟု နှလုံးမရွှင်ခြင်းဖြစ်၏။ ထိုသို့ စိတ်နှလုံးပူပန်မှုကြောင့် အကုသိုလ်သည် မတိုးပွား။ ကုသိုလ်ပြုသူသည် ပူပန်မှုမရှိ, စိတ်အေးမြ၏။ စိတ်အေးမြ၍ ဝမ်းမြောက်မှုဖြစ်၏။ ဝမ်းမြောက်ရ၍ နှစ်သိမ့်မှုဖြစ်၏။ နှစ်သိမ့်သူအား ကိုယ်ငြိမ်းအေးကာ ကိုယ်ချမ်းသာ၏။ ကိုယ်ချမ်းသာ၍ စိတ်တည်ကြည်ကာ တရားသဘောကို အမှန်အတိုင်းသိရှိရ၍ ကုသိုလ်ကောင်းမှု တိုးပွားလေ၏။ ပန်းတပွင့်လှူခွင့်ရပြီး ၉၁–ကမ္ဘာပတ်လုံး အပါယ်မရောက်ရသည်မှာ ကုသိုလ်၏ တိုးပွားခြင်းကြောင့်ဖြစ်သည်။ (မြန်မာပြန် ၉၇)

♠ မီးစွဲနေသော သံတုံးကို ပူမည်မှန်းသိလျက် ကိုင်သူသည် ပူမည်မှန်း မသိပဲ ကိုင်သူထက် အပူသက်သာသကဲ့သို့ အကုသိုလ်မှန်းသိလျက် ကျူးလွန်းသူက အကုသိုလ်မှန်း မသိပဲ ကျူးလွန်သူထက် အကုသိုလ်အပြစ် နည်းပါးလေသည်။ (မြန်မာပြန် ၉၈)

♠ သတ်ခြင်း ခိုးခြင်းစသည်ကို ပြုသူသည် နေ့ညမခြား ချက်ခြင်း အဖမ်းခံရပြီး ထောင်ကျခြင်း စသည့် အပြစ်ခံရသဖြင့်လည်းကောင်း, ကုသိုလ်ပြုပြီး ပထမဇော အကျိုးပေးမှုကြောင့် ချက်ချင်းအကျိုးခံစား ရသူထက် အကုသိုလ်လုပ်ပြီး ချက်ချင်းမကောင်းကျိုးရသူက ပိုများသောကြောင့်လည်းကောင်း အကုသိုလ်သည် ကုသိုလ်ထက် အားကြီးသည်ဟု ထင်မှတ်စရာရှိသည်။ သို့သော် ကုသိုလ်သည် အကုသိုလ်ထက် အားကြီးလေသည်။ သက်တမ်းတိုသည့် စားမကောင်းသည့် စပါးသည် မြန်မြန်မှည့်ရင့်ပြီး စားကောင်းသည့်စပါးမှာ သက်တမ်းရှည်၍ ကြာမှ ရင့်မှည့်သကဲ့သို့ အကုသိုလ်သည် အားနည်းသည့်အတွက် မြန်မြန်အကျိုးပေးပြီး ကုသိုလ်သည် အားကြီးသည့်အတွက် ကြာမှ အကျိုးပေးလေသည်။ (မြန်မာပြန် ၃၀၃)

♠ မိုးရေတစက်ဖြင့် မိုင်ပေါင်းများစွာရှိ သဲကန္တာရမြေကြီးကို စိုအောင်မပြုနိုင်, နာရီများစွာ သဲသဲမဲမဲ ရွာသွန်းသောမိုးသည် ချိုမြောင် ချောက်ကြား အိုင်ကြီး အိုင်ငယ်တို့ကို ပြည့်စေလျက် မိုင်ပေါင်းများစွာ လွှမ်းမိုးနိုင်သလို ကုသိုလ်သည် တိုးပွားများပြားလာသော သဘောရှိ၍ နတ်လူတို့ကို ဝေပေးနိုင်၏။ အကုသိုလ်ကိုကား မတိုးမပွား အားနည်းသောသဘောရှိ၍ ဝေမပေးနိုင်။ (မြန်မာပြန် ၃၀၇)

## ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ရွတ်စဉ် ကုသိုလ်ဖြစ်ပုံ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ရွတ်ရာ၌ နောက်ဆုံး မိ–အက္ခရာ တစ်လုံးတည်းကို ရွတ်မိစဉ်ဝယ် မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥက္ကဋ္ဌတိဟိတ်ဇော ၇–ကြိမ်ဖြစ်သည်။ တကြိမ်တကြိမ်သောဇောမှာ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် နာမ်ခန္ဓာလေးပါးစီ ပါရှိသည်။ ၎င်းဇောခန္ဓာတို့မှ ဖြစ်လာသော စကားလုံးစု, ထိုဇောခန္ဓာတို့၏မှီရာ ဟဒယဝတ္ထုနှင့်တကွ တစ်ကိုယ်လုံးရှိ ရုပ်ခန္ဓာသည် ရူပက္ခန္ဓာမည်၏။ ဤကား ခန္ဓာအမြင်။

မိ–အက္ခရာကို ရွတ်ဆိုဆဲခဏ၌ဖြစ်သော ခန္ဓာငါးပါးသည် မရဏမီးထပ်ကြပ်ပါသောကြောင့် ဒုက္ခသစ္စာတည်း။ မိ–အက္ခရာကို ရွတ်ဆိုဆဲခဏ၌ဖြစ်သော ရူပက္ခန္ဓာကို တည်ထောင်ပေးသော အာဟာရဓာတ်သည် ရူပက္ခန္ဓာ၏ သမုဒယသစ္စာမည်၏။ ဘုရားဂုဏ်ကို အာရုံခိုက်တွေ့၍နေသော ဖဿသည် ဝေဒနာ သညာ သင်္ခါရတို့၏ သမုဒယသစ္စာမည်၏။ ထိုခန္ဓာသုံးပါးနှင့်တကွ ဟဒယရုပ်စုသည် ဝိညာဏ်၏ သမုဒယ သစ္စာမည်၏။ ဗုဒ္ဓသရဏဂုံဇော ဖြစ်ပေါ်၍ နေဆဲအခါ၌ ရာဂ, ဒေါသ, မောဟတို့၏ ခဏချုပ်ငြိမ်းမှုသည် နိရောဓသစ္စာမည်၏။ ဗုဒ္ဓသရဏဂုံဇော ခုနစ်ကြိမ်မှာ ပါရှိသော သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဟူသော ပဉ္စင်္ဂိကမဂ်သည် မဂ္ဂသစ္စာမည်၏။ (ဤကား သစ္စာအမြင်)

ဘုရားအာရုံ မနောဒွါရ (နှလုံး၌ရှိ ဟဒယဝတ္ထုရုပ်၌ပေါ်သော ဘဝင်စိတ်)၌ ပေါ်သောအခါ ဟဒယဝတ္ထု၌ ဗုဒ္ဓသရဏဂုံဇော များစွာပေါ်၏။ တစ်သုပ်တစ်သုပ်၌ ဇော ၇–ကြိမ် ပါ၏။ ထိုဇောများကြောင့် အသံအက္ခရာလုံး ထွက်ပေါ်လာ၏။ တခြားကိုအာရုံပြုသော ဇောစိတ်ပေါ်လာလျှင် ဘုရားကို အာရုံပြုသော ဇောစိတ်ပျောက်သွားလေပြီ။ တိုက်ခန်း၌ မီးထွန်းရာတွင် အမှောင်ပျောက်ပြီး အလင်းပေါ်လာရာ အမှောင်ရုပ်ပျက်ပြီးမှ အလင်းပေါ် လာခြင်းဖြစ်သည်။ သို့သော် မြန်လွန်း၍ အမှောင်ပျက်သည်ကို မသိလိုက်။ ရုပ်ဓာတ်နာမ်ဓာတ်တို့ ပြောင်းလဲချက် မြန်သလောက်ကိုကား သာဝကတို့ဉာဏ်မလိုက်နိုင်။ သဗ္ဗညုဘုရားတို့ဉာဏ်သာ လိုက်နိုင်သည်။ သာဝကတို့မှာ ငါပြု၍ဖြစ်သည်ဟူသော သက္ကာယဒိဋ္ဌိကို နိုင်လောက်အောင် မြင်နိုင်လျှင် ပြီးတော့၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ရွတ်ဆိုသော နာမက္ခန္ဓာလေးပါးနှင့် ထိုနာမ်ခန္ဓာတို့က ထုတ်ပေးသော ရုပ်တရား (အသံ)များ ပျောက်ကွယ်သွားသည်ကို မြင်သောဉာဏ်သည် အနိစ္စလက္ခဏာတည်း။ အနိစ္စကို ပိုင်နိုင်စွာ သိက ဒုက္ခ အနတ္တကိုလည်း သိတော့မည်ပင်။ (ဤကား လက္ခဏာအမြင်)

ဗုဒ္ဓသရဏဂုံဇော၌ပါသော စေတနာသည် သူတော်ကောင်းတို့၏ စာရိတ္တဝံသ သမာဒါနစေတနာ ဖြစ်၍ အဓိသီလသိက္ခာမည်၏။ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိသည် အဓိစိတ္တသိက္ခာမည်၏။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပသည် အဓိပညာသိက္ခာမည်၏။ (ဤကား သိက္ခာသုံးပါးအမြင်)

(တီချုပ် စ ၄၈၀–၄၈၃)

## ပဋ္ဌိသန္ဓေကျိုးကို ပေးနိုင်သည့် သင်္ခါရုပေက္ခာဉာဏ်မျိုး

သင်္ခါရုပေက္ခာကို နှစ်သက်သော ပုထုဇဉ်၏စိတ်သည် ညစ်နွမ်း၏။ ဝိပဿနာ၏ ဘေးရန်ဖြစ်၏။ အရိယာမဂ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ခြင်း၏ အန္တရာယ်ဖြစ်၏။ နောင်အခါ ပဋိသန္ဓေ၏ အကြောင်းဖြစ်၏။ သင်္ခါရုပေက္ခာကို နှစ်သက်သော သေက္ခပုဂ္ဂိုလ်၏လည်း စိတ်သည် ညစ်နွမ်း၏။ ဝိပဿနာ၏ ဘေးရန်ဖြစ်၏။ အထက်အထက်မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ခြင်း၏ အန္တရာယ်ဖြစ်၏။ နောင်အခါ ပဋိသန္ဓေ၏ အကြောင်းဖြစ်၏။ (ပဋိသံ ၆၀၊ နိဗ္ဗာနဂါမိနီပဋိပဒါ မ ၄၂၅)

ပုထုဇဉ်၏ သင်္ခါရုပေက္ခာနှင့်ယှဉ်သော စေတနာဟူသော ကံ၏ အားကောင်းသည်၏အဖြစ်ကြောင့် ထိုကံသည်ပင်လျှင် ကာမသုဂတိ ပဋိသန္ဓေကျိုးကိုပေးလတ်သော် သင်္ခါရုပေက္ခာကို နှစ်သက်ခြင်းဟုဆိုအပ်သော လောဘကိလေသာသည် အနာဂတ် ကာမသုဂတိပဋိသန္ဓေ၏ အကြောင်းတရားဖြစ်၏။ လောဘတည်းဟူသော ကိလေသာအပေါင်းအဖော်ကို ရရှိသော သင်္ခါရုပေက္ခာနှင့်ယှဉ်သော စေတနာကံသည် ကာမသုဂတိပဋိသန္ဓေစသော အကျိုးဝိပါက်ကို ဖြစ်စေသည်။ ထို့ကြောင့် သင်္ခါရုပေက္ခာဉာဏ်နှင့် ယှဉ်သော စေတနာကံသည် အကျိုးဝိပါက်ကို တိုက်ရိုက်ဖြစ်စေတတ်သော ဇနကအကြောင်းတရားဖြစ်၏။ သင်္ခါရုပေက္ခာကို နှစ်သက်တတ်သော လောဘကိလေသာသည် အားပေးထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းတရား ဖြစ်၏။

သေက္ခပုဂ္ဂိုလ်တို့တွင် ဈာန်ကိုမရရှိကြကုန်သော သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တို့၏ သင်္ခါရုပေက္ခာဉာဏ်နှင့်ယှဉ်သော စေတနာဟူသော သင်္ခါရုပေက္ခာကံသည် အကျိုးပေးအပ်သော ကာမသုဂတိပဋိသန္ဓေ၏ သင်္ခါရုပေက္ခာကိုနှစ်သက်သော လောဘကိလေသာသည် အားပေးထောက်ပံ့တတ်သော ဥပတ္ထမ္ဘကအကြောင်းတရားဖြစ်၏။ ဈာန်ရသော သောတာပန် သကဒါဂါမ်တို့နှင့် အနာဂါမ်ပုဂ္ဂိုလ်၏ ဗြဟ္မာ့ပြည်၌သာလျှင် ပဋိသန္ဓေယှဉ်ခြင်းသဘောရှိသောကြောင့် သင်္ခါရုပေက္ခာကို နှစ်သက်တတ်သော လောဘကိလေသာသည် ယင်းဗြဟ္မာပဋိသန္ဓေစသော အကျိုးဝိပါက်၏ အားပေးထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းတရားသည် မဖြစ်နိုင်ပါပေ။

အနုလောမ ဂေါတြဘုဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော စေတနာဟူသောကံတရားတို့က အကျိုးပေးအပ်သော ပဋိသန္ဓေ၏လည်း ဤသင်္ခါရုပေက္ခာကို နှစ်သက်တတ်သော လောဘကိလေသာသည်ပင်လျှင် အားပေးထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းတရားဖြစ်သည်ဟု သိရှိပါလေ။

## သတိပြုရန်

ဤ၌ အနုလောမဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော ကုသိုလ်စေတနာကလည်း ကာမသုဂတိ၌ တခုသော ပဋိသန္ဓေကျိုးကို ပေးနိုင်၏ဟူသော အဆိုကိုလည်းကောင်း ဂေါတြဘုဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော

ကုသိုလ်စေတနာကလည်း ကာမသုဂတိ၌ တခုသော ပဋိသန္ဓေကျိုးကို ပေးနိုင်၏ဟူသော အဆိုကိုလည်းကောင်း အဆိုကိုလည်းကောင်း သတိပြုပါ။ အနုလုံနှင့်ဂေါတြဘုတို့သည် တကြိမ်သာဖြစ်ကြ၏။ တခုသော စေတနာက တခုသောဘဝကို ဖြစ်စေနိုင်သည့် သာဓကဖြစ်သည်။ ထိုကဲ့သို့ သင်္ခါရုပေက္ခာဉာဏ်ကလည်း အကျိုးပေးနိုင်ပုံကို သဘောပေါက်ပါ။

## အရေးအကြီးဆုံး အချိန်

ဧကန်အကျိုးပေးမြဲဖြစ်သော ပဉ္စာနန္တရိယကံ နိယတမိစ္ဆာဒိဋ္ဌိကံ မဟဂ္ဂုတ်ကံ မရှိအံ့။ ပစ္စယပရိဂ္ဂဟ ဉာဏ်သို့ တိုင်အောင်သော ဝိပဿနာဉာဏ် အောက်ထစ်ဆုံးအားဖြင့် မရှိသေးသည်ဖြစ်အံ့၊ သေခါနီး မရဏာသန္န အချိန်ကာလသည် အရေးအကြီးဆုံးကာလ ဖြစ်သည်။ မရဏာသန္နဇောအားလျော်စွာ ဘဝရကြသည်။ သင်္ခါရုပေက္ခာဉာဏ်သည် အလွန်အဆင့်မြင့်သော ကံတခုဖြစ်၍ ဘုရားစသည့်ဆု အထူး မတောင်းသူများ ဒုတိယဘဝမှာ မဂ်ဖိုလ်ရနိုင်ကြောင်း သောတာနုဂတသုတ္တံတွင် ဟောထားသည်။

(နိဗ္ဗာနဂါမိနီပဋိပဒါ မ ၄၂၅–၄၂၆)

# ဆုတောင်း အမျှဝေ

ဤသည့်ပုည ကုသလကြောင့်၊ လောဘ ဒေါသ မောဟ ကင်းကွာ၊ သံသရာဝယ် ကျင်ပါရဘိ၊ ပညာရှိနှင့် ယှဉ်မိပေါင်းသင်း၊ ဉာဏ်မဲ့ကင်း၍၊ ပြည့်လျှင်း လူ့ဘွယ်၊ လူ့စဉ်ဝယ်လည်း သုံးသွယ်စေတနာ ဖြောင့်ညီညာသည်၊ ခေမာအထွဋ် တိုင်လိုသော်။

ဤသို့ပြုရ ပုညကုသိုလ် အဖို့ကိုလျှင်၊ မွေးမိခင်နှင့် ဖခင်ဆရာ ဉာတကာက၊ သတ္တဝါအများ နတ်တို့အားလည်း၊ ရငြားပါစေ ပေးမျှဝေသည်၊ ကောင်းထွေသာဓု ခေါ်စေသော်။

ဝသုန္ဓရေ ဤမြေပံသု ၊ သိလာထုလည်း၊ သက်သေအမှု တည်စေသော်။